# အရှေ့တောင်အာရှရှိ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ အသွင်ပြောင်းလဲရေး

ကာမာရူးလ်ဇာမန် အက်စ်ကန်ဒါ  တည်းဖြတ်သည်။
(Kamarulzaman Askandar)

SHAPE SEA
ASEAN University Network
Human Rights Education (AUN-HRE)
Southeast Asian Conflict Studies Network
SEACSN
UiO : Norwegian Centre for Human Rights
University of Oslo

# အမှာစကား

ယခုစာအုပ် ထုတ်ဝေခြင်းသည် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေး ရေးသားထုတ်ဝေမှုများအတွက် ကြိုဆိုရမည့် ဖြစ်ရပ်တစ်ခု ဖြစ်ပါသည်။ ယခုစာအုပ်တွင် တင်ပြထားသည့် သီအိုရီနှင့် အလေ့အကျင့်များ၏ ဖန်တီးနိုင်စွမ်း၊ လိုက်လျောညီထွေရှိမှုနှင့် ပူးပေါင်းမှုတို့ဖြင့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးနယ်ပယ်ကို ပြန်လည်အားဖြည့်ရန် လိုအပ်နေချိန်လည်း ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်တွင် ကျွန်ုပ်တို့၏ *ခေတ်ပေါ်ပဋိပက္ခဖြေရှင်းရေး (Contemporary Conflict Resolution)* စာအုပ်ထုတ်ဝေသည့်အခါ ကမ္ဘာ့ပဋိပက္ခဇာတ်ခုံ မည်မျှ လျင်မြန်စွာ ထူးထူးခြားခြား ပြောင်းလဲသွားနိုင်သည်ကို ထောက်ပြခဲ့သည်။ ငါးနှစ်အကြာ ယခုစာအုပ်တွင် ကျွန်ုပ်တို့ အမှာစကားရေးသားရသည့်အခါ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ သုတေသနအတွက် စိန်ခေါ်မှုများ ပို၍ပြင်းထန်လာပြီး အမြင်သစ်များ၊ ရှုပ်ထွေးမှုနှင့် အပြောင်းအလဲများ အတွက် စဉ်ဆက်မပြတ် ပြောင်းလဲမှုများက ယခင်ကထက် ပို၍ အရေးပါလာသည်။ နိဂုံးချုပ်တွင် ကျွန်ုပ်တို့က ငြိမ်းချမ်းရေးနှင့် ပဋိပက္ခနယ်ပယ်အတွက် အဓိကတာဝန်မှာ "ပဋိပက္ခ ဖြေရှင်းရေးသည် ကမ္ဘာ့အနှံ့ ယဉ်ကျေးမှုပေါင်းစုံမှ ဆင်းသက်လာပြီး ယဉ်ကျေးမှုပေါင်းစုံ ရှိသူများ ပိုင်ဆိုင်ထားသော စုံလင်ကွဲပြားသည့် လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည် ဟူသည့်အချက်ကို တွန်းအားပေးရန် ဖြစ်သည်" ဟု ဆိုခဲ့သည်။

၂၁ ရာစု၏ တတိယဆယ်စုနှစ်အတွင်း ဝင်ရောက်လာချိန်တွင် နယ်ပယ်စုံနှင့် ယဉ်ကျေးမှုစုံ ဗဟုသုတများ ဝေမျှခြင်းမှ သိမှုအသစ်များက ပဋိပက္ခဖြေရှင်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး သီအိုရီနှင့် အလေ့အကျင့်များအား ကြွယ်ဝစေရန် လိုအပ်သည့် ဖန်တီးမှုနှင့် အသစ်မွေးဖွားမှုများ ယူဆောင်ပေးလိမ့်မည်ဟု မျှော်လင့်ကြောင်းလည်း ဖော်ပြထားသည်။

ယခုစာအုပ်တွင် ပါဝင်ရေးသားသူများက အဆိုပါစိန်ခေါ်မှုကို လက်ခံလိုက်သည်မှာ လွန်စွာ စိတ်ကျေနပ်ဖွယ် ကောင်းလှသည်။ အရှေ့တောင်အာရှရှိ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေး စာအုပ်က ဖျက်အား အပြင်းဆုံးနှင့် အပြင်းထန်ဆုံး ပဋိပက္ခအချို့ကို ရင်ဆိုင်ခဲ့ရသော်လည်း ယင်းပဋိပက္ခအများအပြားကို ကျော်လွှားအသွင်ပြောင်းခဲ့သည့် သုတေသနပညာရှင်များ၊ ပညာပေးသူများနှင့် လက်တွေ့ကျင်သုံးသူများ၏ လုပ်ငန်းများနှင့် အတွေ့အကြုံများကို ဖော်ပြထားသည်။ ငြိမ်းချမ်းရေး ယဉ်ကျေးမှုများ ပေါက်ဖွားစေရန် ကွဲပြားခြားနားစွာ လုပ်ဆောင်သည့် နည်းလမ်းများနှင့် နားလည်ပုံများကိုလည်း ဖော်ပြထားသည်။ အခန်း ရှစ်ခန်းတွင် အရှေ့တောင်အာရှမှ အတွေ့အကြုံများနှင့် ဗဟုသုတများ ထည့်သွင်းထားသည့် ယခုစာအုပ်၌ ပါဝင်ရေးသားသူများက စိတ်အားတက်ဖွယ်ရာ ပြောဆိုရေးသားပုံများ၊ ကျယ်ပြန့်သော ဖြစ်ရပ်လေ့လာမှုများနှင့် နက်ရှိုင်းသော သီအိုရီများကို တင်ပြနိုင်ခဲ့သည်။ ယခုစာအုပ်က ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ အသွင်ပြောင်းလဲရေး၏ အခြေခံဖြစ်သည့် မျှဝေခံစားနိုင်သောလူသားဖြစ်မှုဆိုင်ရာ အသိပညာပေးမှု ကိုလည်း တင်ပြထားသည်။ ယခုစာအုပ်မှာ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ လေ့လာရေးတွင် မှတ်တမ်းတင်ရမည့် အောင်မြင်မှု မှတ်တိုင်တစ်ရပ်ပင် ဖြစ်လေသည်။

ပါမောက္ခ တွမ်ဝုဒ်ဟောက်စ်
(Professor Tom Woodhouse)
အငြိမ်းစားပါမောက္ခ
University of Bradford, UK

ပါမောက္ခ အိုလီဗာ ရမ်စ်ဘော့သမ်
(Professor Oliver Ramsbotham)
အငြိမ်းစားပါမောက္ခ
University of Bradford, UK

ဟျူးမီရယ်လ် (Hugh Miall) နှင့် *Contemporary Conflict Resolution*, Fourth Edition, London: Polity Press, 2016 ကို ပူးတွဲရေးသားခဲ့သူများဖြစ်သည်။

# အမှာစကား

အရှေ့တောင်အာရှ လူ့အခွင့်အရေး လေ့လာရေးကွန်ရက် (Southeast Asian Human Rights Studies Network (SEAHRN)) က ၂၀၁၅ ခုနှစ်တွင် ထုတ်ဝေခဲ့သော ပထမလူ့အခွင့်အရေးပြဋ္ဌာန်းစာအုပ်မှစ၍ အရှေ့တောင်အာရှအတွက် လူ့အခွင့်အရေးပြဋ္ဌာန်းစာအုပ်အပါအဝင် သင်ကြားရေး စာအုပ်စာတမ်းများအား ရေးသားထုတ်ဝေရန် စိတ်ကူးက အရှိန်ရလာခဲ့သည်။ ဖတ်ရှုလေ့လာစရာများက ကျောင်းသားများ သင်ယူရေးတွင် အရေးပါသော အကျိုးသက်ရောက်မှု ရှိနိုင်သည်ဟု ခိုင်မာစွာ ယုံကြည်သည်နှင့်အညီ ကျွန်ုပ်တို့က လက်စွဲစာအုပ်များ တိုးတက်ရန် အာရုံစိုက်ရုံသာမက ထိုကဲ့သို့သော ပြဋ္ဌာန်းစာအုပ်များကို ဒေသတွင်း လူ့အခွင့်အရေး ပညာရေးအတွက် ပြုပြင်ပြောင်းလဲရေးအရှိန်တစ်ခု ဖြစ်လာရန်ကိုပါ အာရုံစိုက်လာခဲ့သည်။

လူ့အခွင့်အရေးပညာရေးနယ်ပယ်က အရှေ့တောင်အာရှဒေသတွင် တဖြည်းဖြည်း ကျယ်ပြန့်လာသည်နှင့်အမျှ ကျောင်းသားများအကြား ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ ပညာရေးကို မြှင့်တင်ရန်လည်း အရေးပါလာခဲ့သည်။ *အရှေ့တောင်အာရှရှိ လူ့အခွင့်အရေးမိတ်ဆက်၊ ဘွဲ့ကြိုကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်* စာအုပ်တွဲ သုံးအုပ် ထုတ်ဝေပြီးနောက် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ လေ့လာရေး ပြဋ္ဌာန်းစာအုပ်တစ်အုပ် ရေးသားရန် အမှန်တကယ် လိုအပ်နေကြောင်း ကျွန်ုပ်တို့ သတိပြုမိလာခဲ့သည်။ အာဆီယံတက္ကသိုလ်များကွန်ရက် လူ့အခွင့်အရေး ပညာရေး (ASEAN University Network-Human Rights Education (AUN-HRE)) ၏ ဦးစီးသူတစ်ယောက် အနေဖြင့် ကျွန်ုပ်က လုပ်ဖော်ကိုင်ဖက်အချို့ အထူးသဖြင့် (အရှေ့တောင်အာရှ ပဋိပက္ခလေ့လာရေး ကွန်ရက် (Southeast Asian Conflict Studies Network (SEACSN)) စတင်တည်ထောင်သူ နှင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေး ကျွမ်းကျင်သူ အနည်းငယ်အနက်မှ တစ်ဦးဖြစ်သူ) ပါမောက္ခဒေါက်တာ ကာမာရူးလ်ဇာမန်နှင့် အရှေ့တောင်အာရှ အခြေစိုက် တက္ကသိုလ်ဆရာများအတွက် သင်ကြားရေးစာအုပ်စာတမ်းအဖြစ် အသုံးပြုနိုင်မည့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခပညာရေးကို အဓိကထားသော ပြဋ္ဌာန်စာအုပ်တစ်အုပ် ရေးသားနိုင်ရေးကို တိုင်ပင်ဆွေးနွေးဖြစ်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ဟန္တိုင်းမြို့တွင် ကျင်းပခဲ့သည့် အစည်းအဝေး၌ ပါမောက္ခ အက်စ်ကန်ဒါက ဂျပန်နိုင်ငံ ဒိုရှီရှာ တက္ကသိုလ် ကမ္ဘာ့ရေးရာ ဘွဲ့လွန်ကျောင်းမှ ပါမောက္ခဒေါက်တာ ယူကီကို နီရှီကာဝါ၏ ပါဝင်မှုဖြင့် အရှေ့တောင်အာရှတွင် အဓိက အခြေစိုက်သော ကျွမ်းကျင်သူများအုပ်စုကို ဖွဲ့စည်းမည်ဟု သဘောတူညီခဲ့သည့်အခါ အကြံအစည်စတင် အထမြောက်ခဲ့သည်။

စာအုပ်ရေးသားခြင်းက အရေးကြီးသော လုပ်ငန်းဖြစ်သော်လည်း ယင်းမှာ၊ အထူးသဖြင့် နယ်ပယ်ကို နားလည်သဘောပေါက်သည့် ကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ရုံသာမက သင်ကြားရေး စာအုပ်စာတမ်း တစ်ခု ဖြစ်လာရန် ပြင်ဆင်ရခြင်းမှာ လွယ်ကူသည့် လုပ်ဆောင်ချက်တော့ မဟုတ်ခဲ့ပေ။ ထို့ပြင် ကျွန်ုပ်တို့က ပြဋ္ဌာန်းစာအုပ်ကို ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအခြေအနေများကိုလည်း ထင်ဟပ်စေလိုသည်။ ထို့ကြောင့် နယ်ပယ်တွင်းမှ ပညာပေးသူများ၊ လက်တွေ့လုပ်ဆောင်သူများနှင့် ပညာရှင်များကို စုစည်းရခြင်းက စိန်ခေါ်မှု တစ်ခုဖြစ်သလို လုပ်ဆောင်ရန်လည်း လိုအပ်သည်။

သို့ဖြစ်လေရာ အခန်းများကို စုစည်းပြီး တည်းဖြတ်ခဲ့သော ပါမောက္ခ အက်စ်ကန်ဒါ၏ ကြိုးပမ်းမှုဖြင့် လေးအုပ်မြောက် ပြဋ္ဌာန်းစာအုပ် *အရှေ့တောင်အာရှ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေး* စာအုပ် နောက်ဆုံးတွင် ထုတ်ဝေနိုင်ခဲ့ပြီဖြစ်သည်။ ယခုပြဋ္ဌာန်းစာအုပ်ကို ပြင်ဆင်ရန် ကြိုးပမ်းခဲ့သည့် တည်းဖြတ်သူနှင့် ပါဝင်ရေးသားသူများအားလုံး၏ ပါဝင်ကူညီမှုများအတွက် များစွာ ကျေးဇူးတင်ရှိအပ်ပါသည်။ အော်စလိုတက္ကသိုလ် လူ့အခွင့်အရေးဆိုင်ရာ နော်ဝေးဂျီးယန်းစင်တာကိုလည်း ၎င်းတို့၏ ပံ့ပိုးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။ နောက်ဆုံးအနေဖြင့် ယခုစာအုပ်၏ အရည်အသွေးအတွက် တာဝန်ယူခဲ့သော ကော်ပီအယ်ဒီတာ မက်ဒါလန် စပွန်းနာ (Magdalen Spooner) နှင့် ပညာရေးစီမံကိန်းမန်နေဂျာ ဆူဆန်း ဆူသီဆူဆန်းနီး (Sunsanee Sutthisunsanee) တို့ကိုလည်း ကျေးဇူးတင်ရှိအပ်ပါသည်။

ဆရီပရာဖာ ပတ်ချာရာမီဆရီ (Sriprapha Petcharamesree)
Convener, the AUN-HRE

Bangkok, October 2021

# စကားဦး

ယခုစာအုပ်ထွက်လာဖို့ ကျွန်ုပ်တို့ အချိန်အတော်ယူခဲ့ရသည်။ အကြံအစည်မှာ ကျွန်ုပ်တို့ ကာလရှည်ကြာ စဉ်းစားထားခဲ့သည့်အတိုင်း ကျောင်းသားများ ကိုးကားစရာစာအုပ်အဖြစ် အသုံးပြုနိုင်မည့် ဒေသဆိုင်ရာ အချက်အလက်များနှင့် ဖြစ်ရပ်များ ပါဝင်သည့် စာအုပ်တစ်အုပ် ရေးသားရန်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့က နယ်ပယ်အတွင်း အခြားသော စာရေးသူများ၏ ရေးသားမှုများကို အသုံးပြုထားသည်။ ထိုရေးသားမှုများမှာ အထူးသဖြင့် အနောက်နိုင်ငံများမှ ရေးသားမှု အများအပြား ရှိသည်။ အဆိုပါ ကောင်းမွန်လှသည့် ရေးသားမှုများက ကျွန်ုပ်တို့၏ အကြံအစည်ကို ပြန်လည်စဉ်းစားမိစေသည်။ နယ်ပယ်အတွင်း အခြားသော ကျွမ်းကျင်သူများ မထုတ်ဝေရသေးသည့် မည်သည့်အကြောင်းအရာကို ကျွန်ုပ်တို့ ရေးသားနိုင်မည်နည်း။ အခြားသော ရေးသားသူများ ရေးသားထားပြီးသားကို အသုံးပြုခြင်းက ပို၍ လွယ်ကူပြီး ကောင်းမွန်လိမ့်မည်ဟု အချို့က ပြောနိုင်သည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ အကြံဉာဏ်များ၊ သဘောတရားများ၊ သီအိုရီများနှင့် မူဘောင်များမှာ လွန်စွာကောင်းမွန်ပြီး ပြီးပြည့်စုံပြီးဖြစ်သည်။ သို့ရာတွင် အဆိုပါနယ်ပယ်တွင် အလုပ်လုပ်ရင်း၊ သင်ကြားရင်း ရရှိခဲ့သည့် ကျွန်ုပ်တို့၏ တစ်ကိုယ်ရည် အတွေ့အကြုံများ အရ ကျွန်ုပ်တို့၏ ကျောင်းသားများသည် ၎င်းတို့ သဘောကျ၊ နားလည်၊ ဆက်စပ်နိုင်သော ဒေသတွင်းမှ ဥပမာများ ပေးသည့်အခါ ပို၍ ကောင်းကောင်းနားလည်ကြသည်ကို တွေ့ရှိရသည်။ သို့ဖြစ်လေရာ ကျွန်ုပ်တို့အတန်းများတွင် တင်ပြသော ဥပမာအားလုံးနီးပါးသည် ဒေသတွင်းမှ ဖြစ်သည်။

နှစ်ပေါင်းများစွာအတွင်း ထိုနယ်ပယ်တွင် လက်တွေ့လုပ်ဆောင်သူပညာရှင်တစ်ဦးအနေဖြင့် ကျွန်ုပ်သည် အတွေ့အကြုံများစွာ ရရှိခဲ့သည်။ စာသင်ခန်းပြင်ပ ကျွန်ုပ်၏ အလုပ်က စာသင်ခန်းတွင် ကျွန်ုပ်သင်ကြားခဲ့သည့် သီအိုရီများ၊ သဘောတရားများနှင့် ချဉ်းကပ်ပုံများကို မြေပြင်မှ လက်တွေ့ပဋိပက္ခအခြေအနေများ၌ အသုံးချခြင်း ပါဝင်သည်။ အချို့က အလုပ်ဖြစ်သော်လည်း အချို့က အလုပ်မဖြစ်ပေ။ ထိုခရီးလမ်းတလျှောက် ကျွန်ုပ်သည် သီအိုရီများနှင့် သဘောတရားများကို အခြေအနေကိုလိုက်၍ ပြောင်းလဲရန် (သို့) လက်တွေ့ဘဝအခြေအနေများနှင့် သင့်လျော်သည့် အကြံစဉ်အသစ်များ (သို့) ချဉ်းကပ်ပုံများကို ဖော်ထုတ်ရန် သင်ယူခဲ့ရသည်။ အဆိုပါ အတွေ့အကြုံများကို စာသင်ခန်းသို့ ပြန်လည်ယူဆောင်သွားပြီး ကျောင်းသားများထံ သင်ယူရရှိသော သင်ခန်းစာများနှင့် ဆွေးနွေးရန် ပြန်လည်သုံးသပ်ချက်များအဖြစ် တင်ပြနိုင်ခဲ့သည်။ ကျွန်ုပ်သင်ကြားသော ဘာသာရပ်များအားလုံးသည် အဆိုပါ ချဉ်းကပ်ပုံ၊ အထူးသဖြင့် ပဋိပက္ခဖြေရှင်းရေးသီအိုရီများနှင့် အလေ့အကျင့်များနှင့် ပဋိပက္ခဖြေရှင်းရေး မဟာဗျူဟာများနှင့် စွမ်းဆောင်ရည်များမှ အကျိုးကျေးဇူး ရရှိခဲ့သည်။ ကျွန်ုပ်၏ ကျောင်းသားများနှင့် ကျွန်ုပ်က သီအိုရီများကို နားလည်ရန် အတူတကွကြိုးပမ်းခဲ့ပြီး ဒေသတွင်း လက်တွေ့အခြေအနေများတွင် ၎င်းတို့ကို အသုံးချရန် ဆွေးနွေးခဲ့သည်။ ၎င်းတို့၏ သင့်တော်မှုနှင့် လက်တွေ့တွင် စိန်ခေါ်မှုများကိုလည်း ပြန်လည်သုံးသပ်ခဲ့သည်။ ဤသည်က စာသင်ခန်းများတွင် သင်ကြားရသမျှနှင့် ပြဋ္ဌာန်းစာအုပ်ထဲတွင် ဖတ်ရသမျှသည် မှန်ကန်သည်၊ အသုံးပြုနိုင်သည် မဟုတ်ကြောင်းကို ပြသနေသည်။ ဒေသတွင်း အခြေအနေကို လေ့လာခြင်းမှ သင်ယူစရာ အများအပြားရှိပြီး ၎င်းတို့ကို ကျွန်ုပ်တို့ အတန်းများတွင် လက်ရှိအသုံးပြုနေသော ပြဋ္ဌာန်းစာအုပ်များ၌ ထင်ဟပ်နေခြင်း မရှိသေးပေ။ ဤသည်က ဒေသတွင်း အခြားသော

တက္ကသိုလ်များတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေး သင်ကြားနေသည့် ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဘက် အများအပြား၏ အမြင်လည်းဖြစ်သည်။ သို့ဖြစ်လေရာ မဟီဒေါတက္ကသိုလ်မှ ဒေါက်တာ ဆရီပရာဖာ ပက်ချာရာမီဆရီက ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေရှင်းရေးနယ်ပယ်အပေါ် ကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုနှင့် ဒေသတွင်း အတွေ့အကြုံများ၊ အခြေအနေများအပေါ် မူတည်ပြီး ကျွန်ုပ်တို့အတန်းများမှ ကျောင်းသားများ အသုံးပြုရန် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေရှင်းရေး ပြဋ္ဌာန်းစာအုပ်/အရင်းအမြစ်စာအုပ် တစ်အုပ်ရေးသားရန် အကြံပြုလာသောအခါ ယင်းအကြံကို မငြင်းပယ်နိုင်ခဲ့ပေ။ ဤသို့ဖြင့် ယခုစာအုပ်ရေးသားသည့် စွန့်စားခန်း စတင်ခဲ့သည်။

ကိစ္စရပ်အများအပြားကြောင့် ယခုစာအုပ်၏ ပထမမူကြမ်းတွင် အခန်းပေါင်း (၅၀) ပါရှိခဲ့ပြီး အပိုင်း အများအပြား ခွဲထားခဲ့သည်။ အဆိုပါအခန်းများကို ရေးသားရန် စာရေးသူများကိုပင် ရွေးချယ်ထားပြီးဖြစ်သည်။ အဆုံးတွင် ကျွန်ုပ်၏ လုပ်ဖော်ကိုင်ဖက်များက လက်တွေ့ကျကျ အကြောင်းပြချက်များကြောင့် ကျွန်ုပ်တို့ ကျောင်းသားများ နားလည်ရန် အရေးအပါဆုံးခေါင်းစဉ်များကို အခန်း (၈) ခန်းဖြင့် ဖော်ပြခဲ့သည်။ ရေးသားသူ အဖွဲ့များကို စုစည်းပြီး အခန်းများတွင် မည်သည်ကို မည်သို့ရေးသားရမည်ကို ဆွေးနွေးခဲ့သည်။ ဒေသတွင်း ပဋိပက္ခ အသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ဆောင်ရာတွင် ဖြစ်ရပ်ဥပမာများနှင့် ၎င်းတို့ ကိုယ်ပိုင် အတွေ့အကြုံများအပေါ် ပြန်လည်သုံးသပ်ခြင်း ရေးသားခြင်းဖြင့် ပါဝင်သည့် အကြောင်းအရာများ ပို၍ ပြည့်စုံစေရန် အခြားသော လုပ်ဖော်ကိုင်ဖက်များကိုလည်း ဖိတ်ခေါ် ခဲ့သည်။ ရလဒ်များမှာ ထူးချွန်ပြောင်မြောက်လှပြီး ယခုစာအုပ်အား ပို၍ ကောင်းမွန်ရန်နှင့် ပို၍ အသုံးတည့်ရန် လုပ်ဆောင်ပေးသည့်အတွက် အဆိုပါ ပါဝင်ရေးသားသူများကို ကျွန်ုပ်တို့ များစွာ ကျေးဇူးတင်ရှိရပါသည်။

အဖွဲ့က စာအုပ်ကို သင်ကြားရေးတွင် မည်သို့ အသုံးပြုနိုင်မည်ကိုလည်း ငြင်းခုံခဲ့ရသည်။ အကျိုးဆက်အနေဖြင့် ဆွေးနွေးမှုများပြုလုပ်နိုင်စေရန်အတွက် အခန်းတစ်ခန်းစီ၏ အဆုံးတွင် မေးခွန်းများကို ထည့်သွင်းရန် ဆုံးဖြတ်ခဲ့သည်။ ခေါင်းစဉ်တစ်ခုချင်းစီအတွက် အခြားသောမေးခွန်းများလည်း မေးနိုင်လေရာ ယင်းမေးခွန်းများမှာ အကုန်မဟုတ်သေးပေ။ ယခုစာအုပ်သည် ပြီးပြည့်စုံဖို့လိုသေးပြီး တိုးတက်အောင် လုပ်ဆောင်နိုင်သေးသည်ကိုလည်း သတိပြုမိပါသည်။ ထိုသို့ ပြီးပြည့်စုံမှု မရှိခြင်းများအား ဖတ်ရှုသူများ ကိုယ်တိုင်ရှာဖွေ အကဲဖြတ်ရန် ထားထားပါမည်။ ဥပမာ ဖြစ်ရပ်လေ့လာခြင်းများ ပို၍လိုအပ်ကြောင်း ကျွန်ုပ်တို့ သတိထားမိပါသည်။ အထူးသဖြင့် မြန်မာ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများမှ ဖြစ်ရပ်ဥပမာများဖြစ်သည်။ ကာကွယ်ပြောဆိုရလျှင် အဆိုပါနိုင်ငံအချို့မှ ပါဝင်ရေးသားနိုင်ခြေရှိသူများကို ကျွန်ုပ်တို့ ဖိတ်ကြားခဲ့ပါသည်။ သို့ရာတွင် ၎င်းတို့အများအပြားမှာ အခြားသော လုပ်ဆောင်စရာများ ရှိနေသောကြောင့် ပါဝင်ရေးသားနိုင်ခြင်း မရှိပေ။ ယင်းကို နောင်လာမည့် ထုတ်ဝေမှုများတွင် ပြင်ဆင်နိုင်မည်ဟု မျှော်လင့်ရပါသည်။

ယခုစာအုပ်တွင် ပဋိပက္ခအခြေအနေများကို မူလအခြေချနေထိုင်သူများနည်းလမ်းဖြင့် ရင်ဆိုင်ရန် (သို့) ပဋိပက္ခ ဖြေရှင်းရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးဆိုင်ရာ ပြည်တွင်းဗဟုသုတများ မပါသေးကြောင်းလည်း သတိထားမိသည်။ ကျွန်ုပ်တို့ ပြန်လည်သုံးသပ်ရာတွင် ပဋိပက္ခစီမံခန့်ခွဲရေးနှင့် စပ်လျဉ်းပြီး ပြည်တွင်းနှင့် အနောက်တိုင်း အလေ့အကျင့်များအကြား ခွဲခြားရန် ခက်ခဲကြောင်းကို တွေ့ရှိခဲ့ရသည်။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ

လေ့လာရေးသည် ဒေသတွင်း အတန်အသင့် အသစ်ဖြစ်နေသေးသော နယ်ပယ်တစ်ရပ်ဖြစ်ပြီး အသုံးအနှုန်းများနှင့် သဘောတရားများကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အရှေ့တောင်အာရှ၏ ကွာခြားမှု အသေးစိတ်များနှင့် ဒေသတွင်း တွေ့နိုင်သည့် သီးသန့်ဖြစ်သော ချဉ်းကပ်ပုံများကို လေ့လာဖော်ထုတ်နိုင်ရန် ဒေသဆိုင်ရာ ပညာရှင်များ၏ လေ့လာမှုနှင့် သုံးသပ်မှုများ လိုအပ်နေဆဲဖြစ်သည်။ ယခုထုတ်ဝေမှုတွင် စာအုပ်က ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေး အလေ့အကျင့်များတွင် အဓိကတွေ့ရသည့် သဘောထားအမြင်များကိုသာ အသုံးပြုထားသည်။ သီအိုရီများကို ဆွေးနွေးခြင်းနှင့် အရှေ့တောင်အာရှအမြင်များနှင့် အရသာများပေးထားသည့် ဖြစ်ရပ်လေ့လာမှုများက အဓိကထူးခြားမှုတစ်ခု ဖြစ်သည်။ တစ်နည်းဆိုရသော် ယင်းက သီအိုရီများသည် ယေဘုယျဖြစ်သည်၊ သို့ရာတွင် ချဉ်းကပ်ပုံကို နောက်ခံအခြေအနေကိုလိုက်၍ ပြောင်းလဲရသည်ဟု ဆိုထားခြင်း ဖြစ်သည်။ သို့ရာတွင် ဆုံးဖြတ်ချက် ချမှတ်ခြင်းဖြစ်စဉ်နှင့် အငြင်းပွားမှု ဖြေရှင်းရေးအတွက် အာဆီယံပုံစံ ကဲ့သို့သော ပဋိပက္ခစီမံခန့်ခွဲရေးတွင် သိသာသည့် အရှေ့တောင်အာရှ ချဉ်းကပ်ပုံရှိပါက ယင်းဥပမာများကို အဓိကထား တင်ပြထားသည်။ နောက်ဆုံးအနေဖြင့် ပဋိပက္ခ အသွင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေး ဖန်တီးခြင်းနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေး ဖြစ်စဉ်များကို ထည့်သွင်းထားပြီး ဥပမာ ကုလသမဂ္ဂ ကြားဝင်ညှိနှိုင်းရေး လမ်းညွှန်ကဲ့သို့ အခြားသော ထုတ်ဝေမှုများကို တင်ဆက်ထားသည်။ အချို့သော လမ်းညွှန်ချက် အမျိုးအစားများက စာဖတ်သူများကို ဖြစ်စဉ်အပေါ် ပို၍ ပြီးပြည့်စုံသော အမြင်များ ပေးနိုင်သည်ဟု ယူဆသည့်အခါ ယင်းသို့ တင်ဆက်မှုမျိုးကို ပြုလုပ်ထားသည်။ ထိုသို့သော လမ်းညွှန်ချက်များကို ဖြတ်တောက်တင်ပြခြင်း (သို့) ကောက်နှုတ်ချက် အတိုများ ထည့်သွင်းခြင်းက ပါဝင်သည့် အချက်အလက်များကို အပြည့်အစုံ ဖော်ပြနိုင်မည်မဟုတ်ဘဲ ရှုပ်ထွေးမှုပင် ဖြစ်ပေါ်စေနိုင်သည်။ ထို့နောက် ပို၍ ကောင်းမွန်စွာ နားလည်စေနိုင်ရန် ကျွန်ုပ်တို့က အဆိုပါ အချက်အလက်များနှင့် ဖြစ်ရပ်လေ့လာခြင်းများအကြား ဆက်စပ်မှုများ ပြုလုပ်ထားသည်။

ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျွန်ုပ်တို့ အစည်းအဝေးများအားလုံးကို အွန်လိုင်းမှတစ်ဆင့် ကျင်းပခဲ့ရသည်။ ယင်းမှာ လက်တွေ့တွင် ကောင်းသည်ဟုဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် မတူညီသော နေရာများတွင် ရှိသော်လည်း ပို၍ မကြာခဏ တွေ့နိုင်ကြသည်။ သို့ရာတွင် ထိုအခြေအနေက ကျွန်ုပ်တို့၏ ရေးသားမှုများအပေါ် သက်ရောက်မှု ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ အများအပြားမှာ သွားရောက်မှု အကန့်အသတ်များ မကြာခဏ ကြုံကြရပြီး စိတ်ဖိစီးမှုများနှင့် အွန်လိုင်းမှ အလုပ်လုပ်ရသည့် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ဤသည်က စာအုပ်ထုတ်ဝေရန်လည်း အချိန်နှောင့်နှေးစေခဲ့သည်။ သို့ရာတွင် တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့က ယခုစာအုပ်ကို ကျွန်ုပ်တို့ ကျောင်းသားများသာမက ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေး နယ်ပယ်တွင် စိတ်ပါဝင်စားကြသူများလည်း အသုံးချကြမည်ဟု ယုံကြည် (မျှော်လင့်) သောကြောင့် အဆင့်အတန်းမမီသည့် စာအုပ်ကို ထုတ်ဝေလိုခြင်း မရှိပေ။ အဆုံးတွင် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များအတွက် ဂုဏ်ယူပြီး အခြားသူများအတွက်လည်း အသုံးဝင်မည်ဟု မျှော်လင့်ရပါသည်။

ယခုစီမံကိန်းကို အော်စလိုတက္ကသိုလ် လူ့အခွင့်အရေးဆိုင်ရာ နော်ဝေးဂျီးယန်းစင်တာမှ ထောက်ပံ့ပေးထားပြီး အာဆီယံ တက္ကသိုလ်များကွန်ရက် - လူ့အခွင့်အရေး ပညာရေး (SEAN University Network–Human Rights

Education (AUN-HRE)) က SHAPE-SEA အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ညှိနှိုင်းဆောင်ရွက်ထားသည်။ ထို့ပြင် မဟီဒေါတက္ကသိုလ်၊ ထိုင်းနိုင်ငံနှင့် SHAPE-SEA မှ လုပ်ဖော်ကိုင်ဖက်များ၊ အထူးသဖြင့် ဆရီပရာဖာ ပက်ချာရာမီဆရီနှင့် ဆူဆန်း ဆူသီဆူဆန်းနီး (Sriprapha Petcharamesree and Sunsanee Sutthisunsanee) တို့အား ၎င်းတို့၏ အကူအညီနှင့် စိတ်ရှည်မှုများအတွက် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။

အချိန်ပေးပြီး မှတ်ချက်များနှင့် ဖြစ်ရပ်လေ့လာခြင်းများ ရေးသားပေးခဲ့ကာ စာအုပ်ကို ပိုမိုကောင်းမွန်စေရန် ကူညီပေးခဲ့သည့် ပါဝင်ရေးသားသူများအားလုံး၊ Suwit Laohasiriwong, Joel Mark Barrado, Fuad Mardhatillah, Abhoud Syed Lingga, Sachiko Ishikawa, Suadi Zainal, Josephine Rosa Marieta Soeprapto, Abdul Rahman Alavi, Cynthia Petrigh, Afrizal Tjoetra, Ismail G Kulat, Marc Batac, Yoko Fujimura, Carolyn O Arguillas, Guiamel Alim, Grace Jimeno-Rebollos, Mary Ann M Arnado, Eleonora Emkic, Tamara Nair, and Juanda Djamal ကိုလည်း ကျေးဇူးတင်ရှိအပ်ပါသည်။

ယခုစာအုပ်တွင် အမှာစကား ရေးသားပေးသည့် မဟီဒေါတက္ကသိုလ်မှ ဒေသတွင်း လူသိများသော လူ့အခွင့်အရေး ပညာရှင်နှင့် AICHR ၏ ထိုင်းနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဟောင်း ဒေါက်တာ ဆရီပရာဖာ ပက်ချာရာမီဆရီနှင့် ဗြိတိန်နိုင်ငံ၊ ဘရက်ဒ်ဖို့ဒ်တက္ကသိုလ်မှ အငြိမ်းစားပါမောက္ခများဖြစ်သော ပါမောက္ခ တွမ်ဝုဒ်ဟောက်စ်နှင့် အိုလီဗာ ရမ်စ်ဘော့သမ်တို့ကိုလည်း ကျေးဇူးတင်ရှိအပ်ပါသည်။ ပါမောက္ခ ဝုဒ်ဟောက်စ်နှင့် ရမ်စ်ဘော့သမ်တို့သည် (ဟျူးမီရယ်လ်နှင့်အတူ) ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးနယ်ပယ်တွင် အပြည့်စုံဆုံးနှင့် အားကျဖွယ်ရာ အကောင်းဆုံးပြဋ္ဌာန်းစာအုပ်ဖြစ်သည့် ခေတ်ပေါ် ပဋိပက္ခဖြေရှင်းရေး၊ စတုတ္ထထုတ်ဝေမှု (London: Polity, 2016) ကို ရေးသားခဲ့ပြီး ၎င်းတို့က ကျွန်ုပ်တို့စာအုပ်တွင် အမှာစကားရေးသားခြင်းသည် ကျွန်ုပ်တို့ အားလုံးအတွက် ဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် ကျွန်ုပ်တို့စာအုပ်တွင် အဓိကရေးသားသူများဖြစ်သည့် Eakpant Pindavanija, Yukiko Nishikawa, Ayesah Uy Abubakar, Norbert Ropers, Ichsan Malik, နှင့် Abubakar Eby Hara တို့ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ ဤသည်မှာ ရှည်လျားသော ခရီးတစ်ခု ဖြစ်သော်လည်း အဖော်များကြောင့် စိတ်ပျော်ရွှင်စရာ စွန့်စားခန်းတစ်ခု ဖြစ်ခဲ့ပါသည်။

ကျေးဇူးပါ၊ လုံခြုံပါစေ၊ ဂရုစိုက်ကြပါ။

ကာမာရူးလ်ဇာမန် ဇမ် အက်စ်ကန်ဒါ (Kamarulzaman ‘Zam’ Askandar)
ငြိမ်းချမ်းရေးအတွက် သုတေသနနှင့် ပညာရေး
လူမှုရေးသိပ္ပံကျောင်း
Universiti Sains Malaysia
With Eakpant Pindavanija, Yukiko Nishikawa, Ayesah Uy Abubakar, Norbert Ropers, Ichsan Malik, and Abubakar Eby Hara

# ပုံများ၊ သရုပ်ပြပုံများနှင့် ဇယားများ စာရင်း


| | |
|---|---|
| ပုံ ၁ | ပဋိပက္ခ အဆင့်များနှင့် ပဋိပက္ခ ဖြေရှင်းရေး တုံ့ပြန်မှုများဆိုင်ရာ သဲနာရီပုံစံ |
| ဇယား ၁ | ပဋိပက္ခ ဖြေရှင်းရေး နည်းလမ်းများ၊ တစ်ခုနှင့်တစ်ခု လိုက်ဖက်ညီမှုများနှင့် သဲနာရီပုံစံ |
| သရုပ်ပြပုံ ၂.၁ | ပဋိပက္ခ အရှိန်တက်ခြင်းနှင့် အရှိန်လျော့သွားခြင်း |
| သရုပ်ပြပုံ ၂.၂ | အာဖဂန်နစ္စတန်နိုင်ငံ၏ ပဋိပက္ခသမိုင်း |
| သရုပ်ပြပုံ ၂.၃ | အာဖဂန်နစ္စတန်နိုင်ငံမှ ပဋိပက္ခ၏ အရင်းအမြစ်များနှင့် အချက်အလက်များ |
| သရုပ်ပြပုံ ၂.၄ | အာဖဂန်နစ္စတန်နိုင်ငံ၏ ပဋိပက္ခမြေပုံ |
| သရုပ်ပြပုံ ၂.၅ | ထိုင်းနိုင်ငံတောင်ပိုင်း ကာလရှည်ကြာ လူမှုပဋိပက္ခတွင် ပဋိပက္ခမောင်းနှင်သူများ |
| သရုပ်ပြပုံ ၂.၆ | ပဋိပက္ခတားဆီးရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ပုံသေမဟုတ်သော မူဘောင် |
| ဇယား ၂.၁ | ပဋိပက္ခအပေါ် မတူညီသော အမြင်များ |
| ဇယား ၂.၂ | ပဋိပက္ခရှောင်ရှားခြင်း၊ ပဋိပက္ခဆိုင်ရာ လုပ်ဆောင်နိုင်စွမ်းနှင့် ရန်လိုသော အပြုအမူရှိသူများနှင့် ပတ်သက်သည့် အခြေခံ ယူဆချက်များ |
| ဇယား ၂.၃ | ကာလရှည်ကြာ လူမှုပဋိပက္ခများအတွက် အဇာ၏ ကြိုတင်လိုအပ်ချက်များ |
| ဇယား ၂.၄ | အကြမ်းမဖက်နည်းလမ်းများ၊ မဟာဗျူဟာများနှင့် ရည်မှန်းချက်များ |
| သရုပ်ပြဇယား ၃.၁ | အရှေ့တောင်အာရှတွင် ပဋိပက္ခအမျိုးအစားအလိုက် သေဆုံးမှု အရေအတွက် |
| ဇယား ၃.၁ | ပြည်တွင်း ပဋိပက္ခများ |
| ဇယား ၃.၂ | အရှေ့တောင်အာရှမှ နယ်မြေဆိုင်ရာ ပဋိပက္ခများ |
| ဇယား ၃.၃ | ဒေသတွင်းနှင့် ဒေသပြင်ပ နိုင်ငံများ ပါဝင်သော ပူးပေါင်းဆောင်ရွက်မှုများ |
| ပုံ ၄.၁ | ပဋိပက္ခလေ့လာဆန်းစစ်ရေး ပုံဖော်ရေးဆွဲမှု |
| ပုံ ၄.၂ | ပိရမစ်တြိဂံ သုံးဆင့် |
| ပုံ ၄.၃ | ရှုထောင့်ပေါင်းစုံ ငြိမ်းချမ်းရေး ပညာရေးမူဘောင် |
| ပုံ ၄.၄ | WPS အစီအစဉ်၏ မဏ္ဍိုင်များ |
| ဇယားပုံ ၅.၁ | IMT အဖွဲ့အစည်း ဖွဲ့စည်းပုံ |
| သရုပ်ပြဇယား ၅.၂ | ၂၀၀၂-၂၀၁၇ ခုနှစ်အတွင်း အပစ်အခတ်ရပ်စဲမှု ချိုးဖောက်သည့် ဖြစ်ရပ်များ |
| ပုံ ၅.၁ | IMT, MTF နှင့် J-BIRD တို့အကြား အပြန်အလှန် ဆက်စပ်နေသည့် ဆက်ဆံရေးများ |
| ပုံ ၅.၂ | COP3 အပြီး၌ ဆွေးနွေးအကြံယူပုံ |
| ဇယား ၅.၁ | ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အသေးစိတ်ကျ ပြည့်စုံသော ချဉ်းကပ်ပုံ၊ ဇာတ်ကောင်စုံ၊ အဆင့်စုံ၊ ခေါင်းစဉ်စုံ |
| ဇယား ၅.၂ | ကဏ္ဍစုံလင် ငြိမ်းချမ်းရေး ထိန်းသိမ်းရေး စစ်ဆင်ရေးများ၏ တာဝန်များ |
| ပုံ ၆.၁ | ပြန်လည်ရင်ကြားစေ့ရေး စက်ဝန်း |
| ပုံ ၆.၂ | ငြိမ်းချမ်းရေး တည်ဆောက်ခြင်းတွင် ကျား၊ မ ရေးရာ စိမ့်ဝင်ပျံ့နှံ့ရေးအတွက် အဓိက အဆင့် သုံးဆင့် |

သရုပ်ပြပုံ ၈.၁ ငြိမ်းချမ်းရေးဖြစ်စဉ် အဆင့်ဆင့်ဇယားပုံ

ဇယား ၈.၁ အရှေ့တောင်အာရှ အတွေ့အကြုံများကို အခြေခံထားသည့် အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေး တည်ဆောက်ခြင်း

# စာသေတ္တာများစာရင်း


| | |
|---|---|
| စာသေတ္တာ ၁ | ၁၉၅၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ထူထောင်ခဲ့သော ငြိမ်းချမ်းရေး အင်စတီကျူးရှင်းများစာရင်း |
| စာသေတ္တာ ၂.၁ | လိုအပ်ချက်များ-အကြောက်တရားများ ပုံဖော်ခြင်းနှင့် ထိုင်းနိုင်ငံ တောင်ပိုင်းမှ ပဋိပက္ခမောင်းနှင်သူများ |
| စာသေတ္တာ ၃.၁ | မြန်မာနိုင်ငံတွင် နိုင်ငံရေး ပြောင်းလဲမှုများ နောက်ခံအခြေအနေ၌ ဗုဒ္ဓဘာသာနှင့် မူဆလင် အစွန်းရောက်မှု |
| စာသေတ္တာ ၃.၂ | တောင်တရုတ်ပင်လယ်တွင် အကြမ်းဖက်သော ပဋိပက္ခများကို ကာကွယ်တားဆီးရန်နှင့် စီမံခန့်ခွဲရန် ကြိုးပမ်းမှုများ (၁၉၉၂-၂၀၀၂) |
| စာသေတ္တာ ၃.၃ | အရှေ့တောင်အာရှ အဓိက စာချုပ်စာတမ်းများမှ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး စည်းမျဉ်းများ |
| စာသေတ္တာ ၃.၄ | အရှေ့တောင်အာရှတွင် အကြမ်းဖက်သော ဖြစ်ရပ်များကို စောင့်ကြည့်လေ့လာသည့် စနစ်များ |
| စာသေတ္တာ ၃.၅ | (ဖိလစ်ပိုင်နှင့် မလေးရှားတို့ပါဝင်သော) ဆာဘားအငြင်းပွားမှုနှင့် ပဋိပက္ခ စီမံခန့်ခွဲခြင်း |
| စာသေတ္တာ ၃.၆ | ပီရာဗီဟီရာ ဘုရားကျောင်းနှင့် ပတ်သက်ပြီး ကမ္ဘောဒီးယား-ထိုင်းနိုင်ငံကြား ပဋိပက္ခ |
| စာသေတ္တာ ၄.၁ | မင်ဒါနောင်တွင် ရပ်ရွာအခြေပြု ဘန်တေအပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေး |
| စာသေတ္တာ ၄.၂ | ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း၏ အဓိပ္ပာယ် ဖွင့်ဆိုချက် |
| စာသေတ္တာ ၄.၃ | မင်ဒါနောင် ငြိမ်းချမ်းရေး ရက်လုပ်သူများ |
| စာသေတ္တာ ၄.၄ | SDG (၄) ပစ်မှတ်နှင့် ညွှန်းကိန်းများ |
| စာသေတ္တာ ၄.၅ | မင်ဒါသတင်းဌာနသည် ၂၀၀၀ ပြည့်နှစ် စစ်ပွဲများ ဖြစ်ပွားခြင်း၏ ရလဒ်ဖြစ်သည် |
| စာသေတ္တာ ၄.၆ | ပဋိပက္ခ ထိရှလွယ်မှုနှင့် "အန္တရာယ်မပြုရေး" |
| စာသေတ္တာ ၄.၇ | GPPAC ၏ ဂျန်ဒါ အသွင်ပြောင်းလဲရေး လုပ်ဆောင်ချက် (GTA) |
| စာသေတ္တာ ၄.၈ | အာဆီယံ အမျိုးသမီး ငြိမ်းချမ်းရေး မှတ်တမ်းအဖွဲ့ (ASEAN Women Peace Registry (AWPR)) |
| စာသေတ္တာ ၅.၁ | 'ထိရောက်သော ကြားဝင်ညှိနှိုင်းရေးအတွက် ကုလသမဂ္ဂ လမ်းညွှန်ချက်' ပါ ကြားဝင်ညှိနှိုင်းရေး အခြေခံများ |
| စာသေတ္တာ ၇.၁ | အာဆီယံပဋိညာဉ် |
| စာသေတ္တာ ၇.၂ | လူ့အခွင့်အရေးဆိုင်ရာ အာဆီယံ အစိုးရများ ကော်မရှင် (AICHR) |
| စာသေတ္တာ ၇.၃ | ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ အာဆီယံ အင်စတီကျူ (ASEAN-AIPR) |
| စာသေတ္တာ ၇.၄ | အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီ ပေးအပ်ရေး စင်တာ (AHA Centre) |

# အတိုကောက်စာလုံးများစာရင်း

| | |
|---|---|
| AB | Advisory Board |
| ACCT | ASEAN Convention on Counter Terrorism |
| ACSC | ASEAN Civil Society Conference |
| ACSTF | Aceh Civil Society Task Force |
| ACTIP | ASEAN Convention Against Trafficking in Persons |
| ACWC | ASEAN Commission on the Promotion and Protection of the Rights of Women and Children |
| AHA Centre | ASEAN Coordinating Centre for Humanitarian Assistance |
| AHJAG | Ad Hoc Joint Action Group |
| AHRD | ASEAN Human Rights Declaration |
| AI | Aceh Institute |
| AICHR | ASEAN Intergovernmental Commission on Human Rights |
| AICOHR | ASEAN Institutes of Strategic and International Studies Colloquium on Human Rights |
| AFMM | ASEAN Finance Ministers Meeting |
| AFP | Armed Forces of the Philippines |
| AMAN | Asian Muslim Action Network |
| AMM | Aceh Monitoring Mission |
| AMMTC | ASEAN Ministerial Meeting on Transnational Crime |
| AMS | ASEAN Member States |
| ASEAN | Association of Southeast Asian Nations |
| ASEANAPOL | ASEAN Chiefs of National Police |
| ASEAN-IPR | ASEAN Institute for Peace and Reconciliation |
| ASOD | ASEAN Senior Officials on Drugs Matters |
| APA | ASEAN People's Assembly |
| APF | ASEAN People's Forum |
| ARF | ASEAN Regional Forum |
| ARMM | Autonomous Region in Muslim Mindanao |
| ASEM | ASIA-Europe Meeting |
| AUN | ASEAN University Network |
| AUN-HRE | ASEAN University Network – Human Rights Education |
| AWP | ASEAN Women's Program |
| AWPR | ASEAN Women for Peace Registry |
| BARMM | Bangsamoro Autonomous Region of Muslim Mindanao |
| BBL | Bangsamoro Basic Law |

| | |
|---|---|
| BC | Bantay Ceasefire |
| BDA | Bangsamoro Development Agency |
| BDP | Bangsamoro Development Plan |
| BIAF | Bangsamoro Islamic Armed Forces |
| BIPP | *Barisan Islam Pembebasan Patani* (Patani Islamic Liberation Front) |
| BPA | Business for Peace Alliance (Sri Lanka) |
| BP2A | *Badan Penguatan Perdamaian Aceh* (Aceh Peace Strengthening Agency) |
| BRA | *Badan Reintegrasi Aceh* (Aceh Reintegration of Agency) |
| BRN | *Barisan Revolusi Nasional* (National Revolutionary Front) |
| BTA | Bangsamoro Transition Authority |
| BTC | Bangsamoro Transition Commission |
| BUF | Bishop Ulama Forum |
| CAB | Comprehensive Agreement for the Bangsamoro |
| CBCS | Consortium for Bangsamoro Civil Society |
| CBMs | Confidence Building Measures |
| CC | Cybercrime |
| CHD | Center for Humanitarian Dialogue |
| CLMV | Cambodia, Laos, Myanmar, Vietnam |
| CMI | Crisis Management Initiative |
| CoHA | Cessation of Hostilities Agreement |
| COP | Consolidation for Peace |
| CSCAP | Council for Security and Cooperation in Asia Pacific |
| CSO | Civil Society Organization |
| CSR | Corporate Social Responsibility |
| CPI | Consumer Price Index |
| CT | Counter terrorism |
| DOC | Declaration on Conduct |
| DOM | Daerah Operasi Militer (Military Operations Zone) |
| DSW | Deep South Watch |
| EU | European Union |
| EEZ | Exclusive Economic Zone |
| EPG | Eminent Persons Group |
| FAB | Framework Agreement on the Bangsamoro |
| FORUM-ASIA | Asia Forum for Human Rights and Development |
| GAM | Gerakan Aceh Merdeka (Free Aceh Movement) |
| GAD | Gender and Development |
| GBC | General Border Committee |

| | |
|---|---|
| GC | Governing Council |
| GDP | Gross Domestic Product |
| GPH | Government of the Philippines |
| GPPAC | Global Partnership for the Prevention of Armed Conflict |
| GRIT | Graduated Reciprocation in Tension Reduction |
| GTA | Gender Transformative Action |
| HDC | Henri Dunant Center |
| HDR | Human Development Report (HDR) |
| HLTF | High Level Task Force |
| HoM | Head of Mission |
| HRD | Humanitarian, Rehabilitation, Development |
| HRWG | Human Rights Working Group |
| IAG | Institute of Autonomy and Governance |
| IDB | Independent Decommissioning Body |
| ICG | International Contact Group |
| ICJ | International Court of Justice |
| ICRC | International Commission of the Red Cross |
| IHL | International Humanitarian Law |
| IHRP | Institute of Human Rights and Peace Studies (Mahidol University) |
| IID | Initiatives for International Dialogue |
| IDPs | Internally Displaced Persons |
| IMT | International Monitoring Team |
| INGOs | International Non-Governmental Organisations |
| IOM | International Organization for Migration |
| IPP | Insider Peacebuilders Platform |
| IPRA | International Peace Research Association |
| ISIS | Islamic State of Iraq and Syria |
| ISIL | Islamic State of Iraq and the Levant |
| J-BIRD | Japan Bangsamoro Initiative for Reconstruction and Development |
| JCC | Joint Ceasefire Commitee |
| JCHA | Joint Committee on Humanitarian Action (JCHA) |
| JCSM | Joint Committee on Security Modalities (JCSM) |
| JICA | Japan International Cooperation Agency |
| JNC | Joint Normalization Committee |
| JPSC | Joint Peace and Security Committee |
| JPST | Joint Peace and Security Team |
| KKR | *Komisi Kebenaran dan Rekonsiliasi Aceh* (Aceh Commission for Truth and Reconciliation) |

| | |
|---|---|
| KOMPAS | *Kongres Mahasiswa dan Pemuda Aceh Serantau* (All Aceh Students and Youths Congress) |
| KPA | *Komite Peralihan Aceh* (Aceh Transition Committee) |
| LoGA | Law on Governing Aceh |
| LMT | Local Monitoring Teams |
| MARA | *Majlis Syura* (Council) |
| MASCUF | Mindanao Association for State Colleges and Universities Federation |
| MBC | Mindanao Business Council |
| MDG | Millenium Development Goals |
| MILF | Moro Islamic Liberation Front |
| MinHRAC | Mindanao Human Rights Action Center |
| MNLF | Moro National Liberation Front |
| MOA-AD | Memorandum of Agreement for Ancestral Domain |
| MOFA | Ministry of Foreign Affairs |
| MOGOP | Muslim Organisation of Government and Other Professionals |
| MoU | Memorandum of Understanding (for Aceh) |
| MPC | Mindanao People's Caucus |
| MPR | Ministry for Peace and Reconstruction (Nepal) |
| MPW | Mindanao Peace Weavers |
| MSN | Mediation Support Network |
| MSU | Mindanao State University |
| MTF | Mindanao Task Force |
| NAP | National Action Plan |
| NCHR | Norwegian Center for Human Rights |
| NDU | Notre Dame University |
| NP | Nonviolent Peaceforce |
| NPA | New People's Army |
| NTJRCB | National Transitional Justice and Reconciliation Commission for the Bangsamoro (NTJRCB) |
| OIC | Organisation of Islamic Cooperation |
| ODA | Overseas Development Assistance |
| OPAPP | Office of the Presidential Adviser on the Peace Process |
| OXFAM | Oxford Committee of Famine Relief |
| PASUC | Philippines Association of State Universities and Colleges |
| PHDR | Philippine Human Development Report |
| PMC | Post Ministerial Conference |
| PNP | Philippine National Police |
| POC | Peace and Order Council |
| PRIO | Peace Research Institute of Oslo |

| | |
|---|---|
| PULO | Patani United Liberation Organization |
| PRC | Peace Resource Centre |
| PSA | Peace Studies Association |
| PSU | Prince of Songkhla University |
| REPUSM | Research and Education for Peace, Universiti Sains Malaysia |
| SABT | South African Business Trust |
| SAPA | Solidarity for Asian's People Advocacy |
| SDG | Sustainable Development Goals |
| SEACSN | Southeast Asian Conflict Studies Network |
| SEAHRN | Southeast Asia Human Rights and Peace Network |
| SEANWFZ | Southeast Asian Nuclear Weapon Free Zone |
| SCHRA | Support Committee for Human Rights for Aceh (SCHRA) |
| SHAPE-SEA | Strengthening Human Rights and Peace Education and Research in Southeast Asia |
| SIDA | Swedish International Development Agency |
| SME | Small and Medium Enterprise |
| SMUR | Student Solidarity for People (SMUR) |
| SOM | Senior Officials Meeting |
| STUfPeace | Southern Thailand Universities for Peace |
| SWS | Social Weather Stations |
| TAC | Treaty of Amity and Cooperation |
| TFDCC | Task Force Decommissioning of Combatants Center |
| TJRC | Transitional Justice Reconciliation Commission |
| UN | United Nations |
| UNESCO | United Nations Economics Social Cultural Organization |
| UNDP | United Nations Development Programme |
| UNHCR | United Nations High Commission for Refugees |
| UNICEF | United Nations International Children's Emergency Fund |
| UNSCR | United Nations Security Council Resolution |
| UP | University of the Philippines |
| UPEACE | United Nations University of Peace |
| UNSCR | United Nations Security Council Resolution |
| USIP | United States Institute for Peace |
| USM | Universiti Sains Malaysia |
| VSE | Very Small Enterprise |
| VTT | Values Transformation Training |
| WDR | World Development Report |
| WG | Working group |

| | |
|---|---|
| WG-AHRM | Working Group on the ASEAN Human Rights Mechanism |
| WID | Women in development |
| WPS | Women, Peace and Security Agenda |
| YMPN | Young Moro Professionals Network |
| ZOPFAN | Zone of Peace Freedom and Neutrality |

## မာတိကာ


အမှာစကား.....................................................................

စကားဦး..................................................................... iv

ပုံများ၊ သရုပ်ပြပုံများနှင့် ဇယားများ စာရင်း..................................................................... viii

စာသေတ္တာများစာရင်း..................................................................... x

အတိုကောက်စာလုံးများစာရင်း..................................................................... xi

**အခန်း (၁) ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ အသွင်ပြောင်းလဲရေး မိတ်ဆက်**

၁.၁ မိတ်ဆက်..................................................................... 2

၁.၂ ငြိမ်းချမ်းရေးသီအိုရီများ၏ သမိုင်းကြောင်းနှင့် အဆင့်ဆင့် ပြောင်းလဲလာပုံ..................................................................... 4

၁.၂.၁ ပထမအဆင့်၊ ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေးနှင့် စစ်ပွဲကို သိပ္ပံနည်းကျ လေ့လာခြင်း..................................................................... 5

၁.၂.၂ ဒုတိယအဆင့်၊ တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသောငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း..................................................................... 7

၁.၂.၃ တတိယအဆင့်၊ လက်နက်ဖြုတ်သိမ်းခြင်း၊ အငတ်ဘေးနှင့် ဒုက္ခသည်များ..................................................................... 9

၁.၂.၄ အနာဂတ်ကို တည်ဆောက်ခြင်း၊ ယဉ်ကျေးမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် နည်းလမ်းများ..................................................................... 10

၁.၃ သဘောတရားများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ဝေါဟာရများ၊ ချဉ်းကပ်ပုံများနှင့် မူဘောင်များ..................................................................... 12

၁.၃.၁ ငြိမ်းချမ်းရေး..................................................................... 12

၁.၃.၂ ပဋိပက္ခနှင့် အကြမ်းဖက်ခြင်း..................................................................... 14

၁.၃.၃ ပဋိပက္ခစီမံခန့်ခွဲခြင်း..................................................................... 17

၁.၃.၄ ပဋိပက္ခ ကာကွယ်တားဆီးရေး..................................................................... 20

၁.၃.၅ အကြမ်းဖက်မှုတားဆီးရေး..................................................................... 20

၁.၃.၆ ပဋိပက္ခကို ထွက်ပေါ်မလာစေရန် ဖိနှိပ်ထားခြင်း..................................................................... 21

၁.၃.၇ ပဋိပက္ခရှောင်ရှားခြင်း..................................................................... 21

၁.၃.၈ ပဋိပက္ခကို ထိန်းသိမ်းခြင်း..................................................................... 23

၁.၃.၉ ပဋိပက္ခကျေအေးခြင်း..................................................................... 24

၁.၃.၁၀ ပဋိပက္ခဖြေရှင်းရေး..................................................................... 25

၁.၃.၁၁ ပဋိပက္ခကို အခြေအနေကိုလိုက်၍ လိုက်ဖက်ညီအကျိုးပြုသော တုံ့ပြန်မှုများ....27
၁.၃.၁၂ ပဋိပက္ခအသွင်ပြောင်းလဲခြင်း....32
၁.၄ အရှေ့တောင်အာရှတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးအတွက် အခြေခံများ....35
၁.၄.၁ အရှေ့တောင်အာရှ ပဋိပက္ခလေ့လာရေးကွန်ရက် (SEACSN)....38
၁.၄.၂ ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်းပရိုဂရမ်....40
၁.၄.၃ အာဆီယံ/အရှေ့တောင်အာရှတွင် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ သင်ကြားပို့ချမှုများနှင့် သုတေသနများ မြှင့်တင်ရေးဆိုင်ရာ အစီအစဉ် (Strengthening Human Rights and Peace Education and Research in ASEAN/Southeast Asia (SHAPE SEA))....49
၁.၄.၄ အာချေးအင်စတီကျု (The Aceh Institute (AI))....52
၁.၅ နိဂုံးနှင့် စာအုပ်အကျဉ်းချုပ်....54
ဆွေးနွေးရန် မေးခွန်းများ....59
ဖတ်ရှုရန် အကြံပြုချက်များ....60

## အခန်း (၂) ပဋိပက္ခကို နားလည်သဘောပေါက်ခြင်း

၂.၁ မိတ်ဆက်....62
၂.၂ ပဋိပက္ခများ၏ သဘောသဘာဝ....64
၂.၂.၁ ပဋိပက္ခ၏ လက္ခဏာရပ်များ....65
၂.၂.၂ လူတို့၏ သိမှုနှင့် ပဋိပက္ခ....67
၂.၂.၃ လူတို့၏ အချက်အလက်များ ရယူအသုံးပြုခြင်းနှင့် ပဋိပက္ခအပေါ် အမြင်....69
၂.၃ ပဋိပက္ခသီအိုရီများနှင့် မူဘောင်များ....71
၂.၃.၁ ပဋိပက္ခ တြိဂံ....72
၂.၃.၂ အရှေ့တောင်အာရှမှ ကာလရှည်ကြာ လူမှုပဋိပက္ခ....76
၂.၄ အကြမ်းဖက်သောပဋိပက္ခနှင့် အကြမ်းမဖက်သောပဋိပက္ခ....83
၂.၄.၁ အကြမ်းဖက်မှုကို နားလည်ခြင်း....84
၂.၄.၂ အကြမ်းမဖက်ခြင်းကို နားလည်ခြင်း....88
၂.၄.၃ အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ ပဋိပက္ခ အရှိန်မြင့်လာခြင်းနှင့် အရှိန်လျော့သွားခြင်း....96
၂.၅ ပဋိပက္ခ ပုံဖော်ရေးဆွဲခြင်းနှင့် လေ့လာဆန်းစစ်ခြင်း....99

၂.၅.၁ ပဋိပက္ခပုံဖော်ရေးဆွဲရန် နည်းလမ်းများ ........ 101
၂.၅.၂ ပဋိပက္ခ တားဆီးရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ပုံသေမဟုတ်သော မူဘောင် ........ 112
၂.၅.၃ စောစီးစွာသတိပြုမိပြီး စောစီးစွာတုံ့ပြန်ခြင်းကို အကောင်အထည်ဖော်ခြင်း ........ 116
၂.၆ နိဂုံး ........ 117
ဆွေးနွေးရန် မေးခွန်းများ ........ 120
ဖတ်ရှုရန် အကြံပြုချက်များ ........ 120

## အခန်း (၃) အကြမ်းဖက်သော ပဋိပက္ခများကို ကာကွယ်တားဆီး ခြင်းနှင့် စီမံခန့်ခွဲခြင်း

၃.၁ မိတ်ဆက် ........ 122
၃.၂ အရှေ့တောင်အာရှမှ အကြမ်းဖက်သော ပဋိပက္ခပုံစံများ ........ 123
၃.၂.၁ ပြည်တွင်းပဋိပက္ခများ ........ 123
၃.၂.၂ နိုင်ငံများအကြားပဋိပက္ခများ ........ 126
၃.၂.၃ အကြမ်းဖက် အစွန်းရောက်မှု၊ အရှေ့တောင်အာရှမှ ပဋိပက္ခများ ဒေသအသွင်ဆောင်ခြင်းနှင့် နိုင်ငံတကာအသွင်ဆောင်ခြင်း ........ 129
၃.၃ အရှေ့တောင်အာရှတွင် အကြမ်းဖက်သော ပဋိပက္ခများကို တားဆီးခြင်း ........ 133
၃.၃.၁ ကာကွယ်တားဆီးရေး ကြိုးပမ်းမှုများ ........ 134
၃.၃.၂ အရှေ့တောင်အာရှတွင် ပဋိပက္ခကာကွယ်တားဆီးသည့် အချက်များ ........ 138
၃.၃.၃ အကြမ်းဖက်မှုကို စောင့်ကြည့်ခြင်းနှင့် စောစီးစွာ သတိပေးခြင်း ........ 146
၃.၄ အကြမ်းဖက်သောပဋိပက္ခများကို စီမံခန့်ခွဲခြင်း ........ 148
၃.၄.၁ နိုင်ငံများအကြား ပဋိပက္ခများကို စီမံခန့်ခွဲရာတွင် အရှေ့တောင်အာရှပုံစံ ........ 148
၃.၄.၂ ပြည်တွင်းပဋိပက္ခများ စီမံခန့်ခွဲခြင်း ........ 154
၃.၄.၃ ပဋိပက္ခစီမံခန့်ခွဲရေးဆိုင်ရာ အာဆီယံနည်းလမ်းပေါ် တိုးပွားလာသည့် စိန်ခေါ်မှုများ ........ 156
၃.၅ နိဂုံး ........ 156
ဆွေးနွေးရန် မေးခွန်းများ ........ 158
ဖတ်ရှုရန် အကြံပြုချက်များ ........ 159

## အခန်း (၄) ပဋိပက္ခ အသွင်ပြောင်းလဲခြင်း

၄.၁ မိတ်ဆက် ........ 161

၄.၂ ခြုံငုံလေ့လာခြင်းနှင့် ခက်ခဲနက်နဲသော တွေးခေါ် ပုံ သမိုင်းကြောင်း အကျဉ်းချုပ်နှင့် ပဋိပက္ခ
လေ့လာဆန်းစစ်ရေးအတွက် ကိရိယာအချို့ ........ 162
၄.၃ ပဋိပက္ခ အသွင်ပြောင်းလဲရေး ........ 166
၄.၃.၁ ထိုင်းနိုင်ငံတောင်ပိုင်း/ပတ်ထာနီတွင် ပဋိပက္ခအသွင်ပြောင်းလဲခြင်း ........ 167
၄.၃.၂ မင်ဒါနောင်တွင် ပဋိပက္ခ အသွင်ပြောင်းလဲရေး/ ဘန်ဆာမိုရိုဖြစ်စဉ် ........ 173
၄.၃.၃ ပဋိပက္ခများ အသွင်ပြောင်းလဲရာတွင် အမျိုးမျိုးသော လမ်းကြောင်းများ ........ 178
၄.၃.၄ စွမ်းရည်မြှင့်တင်ရန်နှင့် ပြဿနာဖြေရှင်းရန် စွမ်းဆောင်ရည်တည်ဆောက်ခြင်း ........ 180
၄.၄ ငြိမ်းချမ်းရေးတည်ဆောက်ရေးမှတစ်ဆင့် ငြိမ်းချမ်းရေး ........ 186
၄.၄.၁ ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက်လုပ်ဆောင်ခြင်း ........ 189
၄.၅ ငြိမ်းချမ်းရေး ပညာရေး ........ 196
၄.၆ ငြိမ်းချမ်းရေး သတင်းထောက်ပညာ အသုံးချခြင်း ........ 203
၄.၇ ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် စီးပွားရေးလုပ်ငန်းများ/ ပုဂ္ဂလိက ကဏ္ဍကို
ပတ်သက်ဆက်နွှယ်သူတစ်ဦး အဖြစ်ပါဝင်စေခြင်း ........ 208
၄.၇.၁ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးတွင် စီးပွားရေးလုပ်ငန်းများ ပါဝင်စေခြင်း ........ 210
၄.၇.၂ ကုလသမဂ္ဂ ကမ္ဘာ့သဘောတူညီချက် ........ 212
၄.၈ ငြိမ်းချမ်းရေးတွင် ဂျန်ဒါသဘောတရားများ ထည့်သွင်းခြင်း ........ 215
၄.၈.၁ နိုင်ငံတကာ မူဘောင်များ ........ 218
၄.၉ နိဂုံး ........ 222
ဆွေးနွေးရန် မေးခွန်းများ ........ 224
ဖတ်ရှုရန် အကြံပြုချက်များ ........ 225

## အခန်း (၅) ပဋိပက္ခအဆုံးသတ်ခြင်း

၅.၁ မိတ်ဆက် ........ 227
၅.၂ ငြိမ်းချမ်းရေးဖန်တီးခြင်းနှင့် တတိယအုပ်စု၏ ပါဝင်မှု ........ 228
၅.၂.၁ ကြားဝင်ညှိနှိုင်းပေးသော တတိယအုပ်စု၏ အခန်းကဏ္ဍများ ........ 228
၅.၂.၂ ကြားဝင်ညှိနှိုင်းပေးသူ အတွင်းလူများနှင့် ငြိမ်းချမ်းရေး တည်ဆောက်သူများ ........ 232
၅.၃ ငြိမ်းချမ်းရေးအတွက် ပြင်ဆင်ခြင်း၊ “ရင့်မှည့်မှု” နှင့် အသွင်ပြောင်းလဲရေးဖြစ်စဉ် ........ 235

၅.၄ ငြိမ်းချမ်းရေးဖြစ်စဉ် ............ 240
၅.၄.၁ ကြားဝင်ညှိနှိုင်းရေး ဖြစ်စဉ် ............ 242
၅.၅ ဖြစ်ရပ်လေ့လာခြင်းများ ............ 257
၅.၅.၁ ဖြစ်ရပ်လေ့လာခြင်း (၁)၊ မင်ဒါနောင်/ဘန်ဆာမိုရို ငြိမ်းချမ်းရေး ဖြစ်စဉ် ............ 257
၅.၅.၂ ဖြစ်ရပ်လေ့လာခြင်း (၂)၊ မင်ဒါနောင်/ဘန်ဆာမိုရို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပဋိပက္ခအသွင်ပြောင်းလဲရေးအတွက် ဂျပန်နိုင်ငံ၏ ပါဝင်လုပ်ဆောင်မှု ............ 265
၅.၅.၃ ဖြစ်ရပ်လေ့လာခြင်း (၃)၊ အာချေးဒေသ ငြိမ်းချမ်းရေးဖြစ်စဉ် ............ 268
၅.၅.၄ ဖြစ်ရပ်လေ့လာခြင်း (၄)၊ ဘာကူဘဲလှုပ်ရှားမှု ............ 273
၅.၆ ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း၊ ငြိမ်းချမ်းရေးစောင့်ကြည့်လေ့လာခြင်းနှင့် ငြိမ်းချမ်းရေးစစ်ဆင်ရေးများ..... 277
၅.၆.၁ ဖြစ်ရပ်လေ့လာရေး ၅၊ မင်ဒါနောင်မှ နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့ ............ 281
၅.၆.၂ ဖြစ်ရပ်လေ့လာခြင်း (၆)၊ မင်ဒါနောင်/ဘန်ဆာမိုရို ငြိမ်းချမ်းရေးဖြစ်စဉ်မှ နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့ (IMT) တွင် EU ၏ ပါဝင်မှု ............ 286
၅.၇ ကျေအေးမှု/ပဋိပက္ခ နှောင်းပိုင်း ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း............ 289
၅.၇.၁ ဖြစ်ရပ်လေ့လာခြင်း (၇)၊ အာချေးဒေသတွင် လက်နက်ဖြုတ်သိမ်းခြင်း၊ တပ်ဖျက်သိမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း ဖြစ်စဉ် ............ 293
၅.၇.၂ ဖြစ်ရပ်လေ့လာခြင်း (၈)၊ “မူလအခြေအနေ ပြန်လည်ရောက်ရှိရေး” နှင့် GPH-MILF ငြိမ်းချမ်းရေးဖြစ်စဉ် ............ 297
၅.၈ နိဂုံး............ 303
ဆွေးနွေးရန် မေးခွန်းများ ............ 306
ဖတ်ရှုရန် အကြံပြုချက်များ............ 307

အခန်း (၆) ငြိမ်းချမ်းရေး ရေရှည်တည်တံ့စေခြင်း

၆.၁ မိတ်ဆက် ............ 309
၆.၂ ပြန်လည်ရင်ကြားစေ့ရေး............ 310
၆.၂.၁ ပြန်လည်ရင်ကြားစေ့ရေးနယ်ပယ်............ 311
၆.၂.၂ ပြန်လည်ရင်ကြားစေ့ရေး လုပ်ဆောင်ချက်များ............ 317
၆.၂.၃ ပြန်လည်ရင်ကြားစေ့ရေးတွင် ထိခိုက်နစ်နာသူဖြစ်သည်ဟု အပြိုင်ခံစားရခြင်း............ 319

၆.၃ တရားမျှတမှုနှင့် ငြိမ်းချမ်းရေး ..... 321
၆.၃.၁ တရားမျှတမှု ဒွိဟ ..... 323
၆.၄ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ..... 327
၆.၄.၁ ဖွံ့ဖြိုးရေးရှုထောင့် ..... 328
၆.၄.၂ လမ်းညွှန်မြေပုံ ..... 329
၆.၄.၃ ဘန်ဆာမိုရို ဖွံ့ဖြိုးရေးအေဂျင်စီ (Bangsamoro Development Agency (BDA)) ..... 332
၆.၅ ဂျန်ဒါနှင့် ငြိမ်းချမ်းရေး ..... 334
၆.၅.၁ ကျား၊ မ ရေးရာကို စိမ့်ဝင်ပျံ့နှံ့အောင်လုပ်ဆောင်ခြင်း ..... 336
၆.၅.၂ အမျိုးသမီးအုပ်စု ကွန်ရက်များ ..... 338
၆.၅.၃ ကုလသမဂ္ဂ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အတွက် ချဉ်းကပ်အရေးဆိုခြင်း ..... 340
၆.၆ နိဂုံး ..... 341
ဆွေးနွေးရန် မေးခွန်းများ ..... 342
ဖတ်ရှုရန် အကြံပြုချက်များ ..... 343

အခန်း (၇) ငြိမ်းချမ်းရေးအတွက် ဒေသဆိုင်ရာမူဘောင်

၇.၁ မိတ်ဆက် ..... 345
၇.၂ အာဆီယံတွင် ငြိမ်းချမ်းရေးဆိုင်ရာ သီအိုရီမူဘောင် ..... 348
၇.၂.၁ လက်တွေ့ဝါဒရှုထောင့် ..... 349
၇.၂.၂ လစ်ဘရယ်ဝါဒရှုထောင့် ..... 351
၇.၂.၃ တည်ဆောက်ရေးဝါဒ ရှုထောင့် ..... 353
၇.၃ ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးမှ တည်ဆောက်ခြင်းဖြင့် ဖန်တီးသောငြိမ်းချမ်းရေးဆီသို့ ..... 356
၇.၄ အာဆီယံနည်းလမ်းကို ကျော်လွန်ခြင်း၊ တရားဝင်အဖွဲ့ခွဲများတွင် အာဆီယံ၏ အခန်းကဏ္ဍ ..... 366
၇.၄.၁ အာဆီယံ ပဋိညာဉ် ..... 367
၇.၄.၂ လူ့အခွင့်အရေးဆိုင်ရာ အာဆီယံအစိုးရများကော်မရှင် (ASEAN Intergovernmental Commission on Human Rights (AICHR)) ..... 369
၇.၄.၃ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ အာဆီယံအင်စတီကျု (ASEAN Institute for Peace and Reconciliation (ASEAN-IPR)) ..... 372

၇.၄.၄ အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးအပ်ရေးစင်တာ (ASEAN Centre for Humanitarian Assistance (AHA Centre)) ..... 374

၇.၅ ပဋိပက္ခဖြေရှင်းရေးတွင် နိုင်ငံတစ်နိုင်ငံချင်းစီ၏ အခန်းကဏ္ဍများ ..... 377

၇.၆ အာဆီယံတွင် ငြိမ်းချမ်းရေးမြှင့်တင်ရေးအတွက် နိုင်ငံတော်မဟုတ်သည့် ဇာတ်ကောင်များ၏ အခန်းကဏ္ဍများ ..... 379

၇.၇ နိဂုံး ..... 383

ဆွေးနွေးရန် မေးခွန်းများ ..... 384

ဖတ်ရှုရန် အကြံပြုချက်များ ..... 385

အခန်း (၈) အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေး တည်ဆောက်ရေး - အရှေ့တောင်အာရှတွင် ငြိမ်းချမ်းသော ယဉ်ကျေးမှုဆီသို့

၈.၁ မိတ်ဆက် ..... 387

၈.၂ ငြိမ်းချမ်းရေးလေ့လာရေးကို အဓိကထားခြင်း ..... 388

၈.၃ ပဋိပက္ခကို နားလည်သဘောပေါက်ခြင်း ..... 390

၈.၄ ပဋိပက္ခအသွင်ပြောင်းလဲခြင်းနှင့် အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ..... 394

၈.၅ ငြိမ်းချမ်းရေးအတွက် အခြေခံသတ်မှတ်ချက်များ၊ ဒေသဆိုင်ရာ ငြိမ်းချမ်းရေးဖြစ်စဉ်များ (အထူးသဖြင့် အာချေး၊ မင်ဒါနောင်နှင့် ထိုင်းနိုင်ငံတောင်ပိုင်း အတွေ့အကြုံများ) မှ သင်ခန်းစာများ ..... 398

၈.၆ နိဂုံး ..... 410

ဆွေးနွေးရန် မေးခွန်းများ ..... 411

ဖတ်ရှုရန် အကြံပြုချက်များ ..... 411

ကျမ်းကိုးစာရင်း ..... 413

စာရေးသူများနှင့် ပါဝင်ကူညီသူများ စာရင်း ..... 443

# အခန်း 1

## ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ အသွင်ပြောင်းလဲရေး မိတ်ဆက်

# အခန်း (၁) ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ အသွင်ပြောင်းလဲရေး မိတ်ဆက်

ကမ်မာရူဇာမန် အက်စ်ကန်ဒါ (Kamarulzaman Askandar)[1]

## ၁.၁ မိတ်ဆက်

ငြိမ်းချမ်းရေးဟူသည့် ဝေါဟာရသည် အများသဘောတူ လက်ခံထားသည့် အဓိပ္ပာယ်ရှိသလို သီးသန့်ဖြစ်သော အဓိပ္ပာယ်လည်း ရှိသည်။ ယေဘုယျအားဖြင့် ငြိမ်းချမ်းရေးကို သဟဇာတဖြစ်သော ဆက်ဆံရေးများနှင့် အပြုသဘောဆောင်သည့် တန်ဖိုးများရှိသော၊ လူ့အဖွဲ့အစည်း၏ ကျန်းမာပျော်ရွှင်မှုတို့ကို အလေးထားသော လိုလားအပ်သည့် အခြေအနေတစ်ရပ်အဖြစ် မှတ်ယူကြသည်။ သို့ရာတွင် လက်တွေ့၌ မတူညီသော လူပုဂ္ဂိုလ်များအတွက် ၎င်းတို့၏ ရည်မှန်းချက်များ၊ အကျိုးစီးပွားများ၊ တန်ဖိုးများ၊ ထိုသူများက မိမိတို့၏ စွမ်းဆောင်ရည်အပေါ် ရှုမြင်ပုံ၊ ၎င်းတို့၏ရည်မှန်းချက်များ အောင်မြင်နိုင်ခြေတို့အပေါ် မူတည်ပြီး ငြိမ်းချမ်းရေးမှာ အဓိပ္ပာယ်အမျိုးမျိုး ရှိသည်။

ငြိမ်းချမ်းရေးကို နားလည်ပုံနှင့် ရှုမြင်ပုံတို့က ငြိမ်းချမ်းရေးနှင့် 'ဆန့်ကျင်ဘက်' ဖြစ်သော ပဋိပက္ခအပေါ် ကျွန်ုပ်တို့ တုံ့ပြန်ပုံကိုလည်း လွှမ်းမိုးပြီး သက်ရောက်မှုရှိသည်။ ပဋိပက္ခ၏ အဓိပ္ပာယ်နှင့် သဘောသဘာဝနှင့် သက်ဆိုင်သည့် လေ့လာမှုများစွာ ရှိပါသည်။ လက်တွေ့တွင် ပဋိပက္ခကိုလေ့လာခြင်းက ၎င်း၏ ဆန့်ကျင်ဘက်ဖြစ်သော ငြိမ်းချမ်းရေးကို လေ့လာခြင်းထက် ပို၍အခိုင်အမာရှိပြီး ဖြစ်သည်။ ပဋိပက္ခ၏ အစဉ်အလာများ၊ အလားအလာများနှင့် ရှုထောင့်များကို ပုံဖော်ရေးဆွဲလေ့လာခြင်းနှင့် လေ့လာသုံးသပ်ခြင်းများ အပါအဝင် ပဋိပက္ခ၏ သဘောသဘာဝ၊ အမျိုးအစားများ၊ အဆင့်များနှင့် အကျိုးသက်ရောက်မှုများကို နားလည်ရန် ကြိုးပမ်းအားထုတ်မှုများ ပိုမိုပြုလုပ်ခဲ့ကြသည်။ နာမည်ကျော်အဆိုတစ်ခုအရဆိုရလျှင် ငြိမ်းချမ်းရေးရရှိရန် စစ်ပွဲ (ပဋိပက္ခ) ကို (နားလည်ပြီး) ပြင်ဆင်ရမည်ဖြစ်သည်။ ယင်းမှာ ပစ္စုပ္ပန်နှင့် အနာဂတ်မှ ပဋိပက္ခ အခြေအနေများကို ထိရောက်စွာ ဖြေရှင်းနိုင်ရန်နှင့် ငြိမ်းချမ်းရေးရည်မှန်းချက်ကို အောင်မြင်စေရန် မျှော်လင့်ချက်ဖြစ်သည်။ အရှေ့တောင်အာရှသည်လည်း အဆိုပါအယူအဆနှင့် မလွတ်ကင်းနိုင်ပေ။ ထိုအခြေအနေများကို ရှုမြင်ပုံပေါ် မူတည်ပြီး ဒေသတွင်းမှ ဇာတ်ကောင်များက ပဋိပက္ခများကို ချဉ်းကပ်ပုံမှာ အနည်းငယ်သာ ကွာခြားသည်။

ယခုအခန်းက ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ပဋိပက္ခများအပေါ် နားလည်မှုအား လေ့လာရန် ရည်ရွယ်ပါသည်။ ထိုသို့လေ့လာနိုင်ရန် ပို၍ ယေဘုယျကျသော သဘောတရားများကို ကနဦးဆွေးနွေးသွားမည်ဖြစ်ပြီး ထို့နောက်မှ ပဋိပက္ခအသွင်ပြောင်းလဲပုံ၊ အထူးသဖြင့် ပို၍ငြိမ်းချမ်းပြီး သဟဇာတဖြစ်သော ဒေသအဖြစ် ပြောင်းလဲသွားနိုင်ရန် ယင်းကို မည်ကဲ့သို့အသုံးချနိုင်မည်ကို ဆွေးနွေးသွားပါမည်။

ယခုအခန်း အစပိုင်းတွင် ငြိမ်းချမ်းရေးသီအိုရီများ၏ သမိုင်းနှင့် ပြောင်းလဲလာပုံများကို ဆွေးနွေးသွားပါမည်။ ထို့နောက် ထိုနယ်ပယ်မှ အဓိက သဘောတရားများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ အသုံးအနှုန်းများနှင့် မူဘောင်များကို လေ့လာပြီး ငြိမ်းချမ်းရေး၊ ပဋိပက္ခ၊ အကြမ်းဖက်မှု၊ စစ်ပွဲတို့၏ သဘောတရားများနှင့် ယင်းတို့ကို

[1] Pindavanija, Suwit Laohasiriwong, Fuad Mardhatillah, and Joel Mark Barrado တို့၏ ကူညီမှုများဖြင့် ရေးသားသည်။

ဖြေရှင်းရန် အသုံးများသည့် မဟာဗျူဟာများနှင့် ချဉ်းကပ်ပုံများကို ဆွေးနွေးသွားပါမည်။ တစ်ချိန်တည်းမှာပင် ယခုအကြောင်းအရာကို ရေးသားရာ၌ နယ်ပယ်တွင်း ရှိနှင့်ပြီးသား ဖြစ်သည့် များပြားလှသော ပြဋ္ဌာန်းစာအုပ်များ၊ ထုတ်ဝေရေးသားမှုများကြောင့် ဆင်တူမှုများ၊ ထပ်တူကျမှုများအား ရှောင်လွှဲမရဖြစ်မည်မှာ အဓိက စိန်ခေါ်မှုတစ်ခုဖြစ်သည်ကို စာရေးသူက နားလည်ထားပါသည်။ ဆင်တူမှုများကို တစ်စိတ်တစ်ပိုင်း ရှောင်ရှား၍မရသော်လည်း ယခုစာအုပ်၏ ထူးခြားချက်မှာ အဆိုပါကိစ္စရပ်များအပေါ် မတူညီသော (သို့) ဖန်တီးတီထွင်မှု ရှိသော အရှေ့တောင်အာရှနည်းဟန်ဖြင့် ရှုမြင်ပုံများအား လေ့လာထားခြင်း ဖြစ်ပေလိမ့်မည်။ ထိုသို့သော သဘောတရားများ၊ ချဉ်းကပ်ပုံများနှင့် မူဘောင်များ၊ အထူးသဖြင့် ယင်းတို့ကို ဒေသတွင်းမည်ကဲ့သို့ အသုံးပြုခဲ့သည်ကို နောင်လာမည့် အခန်းများတွင် ပို၍ အသေးစိတ် ဆွေးနွေးသွားမည်ဖြစ်သည်။ ထို့နောက်တွင် ပဋိပက္ခ အသွင်ပြောင်းလဲခြင်းအား ယေဘုယျ ဆန်းစစ်မှုများကို တင်ပြသွားပါမည်။ ယခုစာအုပ်၏ အဓိကအကြောင်းအရာအဖြစ် ပဋိပက္ခအသွင်ပြောင်းလဲခြင်းသည် ၎င်း၏ ပြီးပြည့်စုံ သဘောသဘာဝကြောင့်သာ သိသာထင်ရှားခြင်း မဟုတ်ဘဲ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းများ ပြောင်းလဲလာပုံတို့ကို ဖော်ပြထားခြင်းကြောင့်လည်း အရေးပါသည်။ တစ်ချိန်တည်းမှာပင် ယခုစာအုပ်က အဆိုပါအားထုတ်မှုများ၏ ဖြစ်ပွားနေဆဲ သဘောသဘာဝကိုလည်း မီးမောင်းထိုးပြထားသည်။ ထို့နောက် ယခုအခန်းက ပဋိပက္ခအသွင်ပြောင်းလဲခြင်းကို အသုံးချခဲ့သည့် ဖြစ်ရပ်အချို့ကို လေ့လာသွားပါမည်။ သို့ရာတွင် ပဋိပက္ခအသွင်ပြောင်းလဲခြင်း၊ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ၎င်းတို့၏ အသုံးပြုပုံများကို အခန်း (၄) နှင့် (၅) တွင် ပို၍ အသေးစိတ် ဖော်ပြသွားပါမည်။

ထို့နောက် ယခုအခန်းက အရှေ့တောင်အာရှတွင် အဆိုပါသဘောတရားများကို လေ့လာခြင်း၏ ဆီလျော်မှုအကြောင်းကို ဆွေးနွေးသွားပါမည်။ ဒေသတွင်း အတိတ်ကာလများတွင် ပဋိပက္ခများ ရှိခဲ့သော်လည်း ဤဒေသတွင် ငြိမ်းချမ်းရေးဆိုင်ရာ လေ့လာမှုများမှာ ၁၉၉၀ ပြည့်လွန်နှစ်များတွင်မှ ရေပန်းစားလာသည့် လေ့လာရေးနယ်ပယ်တစ်ခုဖြစ်သည်။ ငြိမ်းချမ်းရေး၊ ပဋိပက္ခ၊ လူ့အခွင့်အရေးနှင့် အခြားသက်ဆိုင်သော ခေါင်းစဉ်များကို အဓိက အာရုံစိုက်သည့် သုတေသနစင်တာများနှင့် ပညာရေး အစီအစဉ်များကို ထိုကာလမှစ၍ ဖန်တီးခဲ့ကြသည်။ ယခင်က နိုင်ငံရေးသိပ္ပံ၊ နိုင်ငံတကာဆက်ဆံရေး၊ စိတ်ပညာ၊ လူမှုဗေဒ၊ ဥပဒေနှင့် လုံခြုံရေးဆိုင်ရာ လေ့လာမှုများအပါအဝင် အခြားသော သုတေသနနှင့် ပညာရေးဆိုင်ရာ အစီအစဉ်များတွင်သာ ယင်းခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့ကြောင့် ယင်းနယ်ပယ်တွင် ပညာရပ်ဆိုင်ရာ လေ့လာမှုများ ကျယ်ပြန့်လာသည့် လုပ်ငန်းစဉ်များအပြင် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ဖော်ပြခဲ့သော ဖြစ်ပေါ်တိုးတက်မှုများကို လေ့လာသွားမည်ဖြစ်သည်။ ယင်းအချက်များအားလုံးက ဒေသတွင်း ငြိမ်းချမ်းရေးတည်ဆောက်မှုအပေါ် အထောက်အကူဖြစ်စေခဲ့သည်။ ယင်းတို့ကို ဒေသဆိုင်ရာ ကိစ္စရပ်များအား ယေဘုယျ ဆွေးနွေးခြင်း၊ ၎င်းတို့ကို တည်ထောင်ခဲ့သည့် နောက်ခံအခြေအနေများနှင့် ၎င်းတို့ ပြုလုပ်မည်ဟု မျှော်လင့်ထားသည့် အကျိုးသက်ရောက်မှုများနှင့် ဆက်စပ်ဆွေးနွေးသွားပါမည်။ နောက်ဆုံးအနေဖြင့် ယခုအခန်းကို စာအုပ်ပါ အခန်းများအား ခြုံငုံလေ့လာခြင်းဖြင့် အဆုံးသတ်သွားပါမည်။

## ၁.၂ ငြိမ်းချမ်းရေးသီအိုရီများ၏ သမိုင်းကြောင်းနှင့် အဆင့်ဆင့် ပြောင်းလဲလာပုံ[2]

မကြာသေးမီအချိန်အထိ ငြိမ်းချမ်းရေးသီအိုရီများ၏ သဘောတရားပိုင်းဆိုင်ရာ ရှုထောင့်သည် လွန်စွာကျယ်ပြန့်ပြီး အသုံးအနှုန်းအမျိုးမျိုးလည်း သုံးစွဲခဲ့ကြသည်။ အကျိုးဆက်အနေဖြင့် ယခုအပိုင်းက အဆိုပါရှုထောင့်များအားလုံးကို လေ့လာသွားမည်မဟုတ်ဘဲ ငြိမ်းချမ်းရေး လေ့လာခြင်းက ပညာရပ်ဆိုင်ရာ နယ်ပယ်တစ်ခုဖြစ်လာသည့် ကမ္ဘာစစ်များအပြီးကာလ သိသာထင်ရှားသည့် တိုးတက်ပြောင်းလဲမှုများကိုသာ လေ့လာသွားမည်ဖြစ်သည်။ ငြိမ်းချမ်းရေး သီအိုရီများ အဆင့်ဆင့်ပြောင်းလဲလာပုံကို လေ့လာရာတွင် သီအိုရီများ၏ ဒဿနိကပိုင်းဆိုင်ရာ အခြေခံများ၊ စစ်ပွဲနှင့် ငြိမ်းချမ်းရေးကို လေ့လာခြင်း၊ ပဋိပက္ခများကို လေ့လာခြင်းနှင့် ရှုထောင့်ပြောင်း ငြိမ်းချမ်းရေးသီအိုရီများအပါအဝင် အမျိုးအစားအမျိုးမျိုး ခွဲခြားနိုင်သည်။

ငြိမ်းချမ်းရေးကို သမိုင်းတလျှောက် အစောပိုင်း လေ့လာခဲ့သော ဂျာမန်လူမျိုး ဒဿနိကပညာရှင် ကန့် (Kant) ကဲ့သို့သော ဒဿနိကဗေဒပညာရှင်များနှင့် အတွေးအခေါ် ပညာရှင်များ၏ လေ့လာမှုများကို ကိုးကားခြင်းက အသုံးဝင်ပေလိမ့်မည်။ *ထာဝရငြိမ်းချမ်းရေး၊ ဒဿနပိုင်းဆိုင်ရာ ပုံကြမ်း (Perpetual Peace: A Philosophical Sketch)* (1795) ဟုအမည်ရသော အီမန်နျူရယ်ကန့် (Immanuel Kant) ၏ စာအုပ်က လူသားများနှင့် နိုင်ငံများအကြား ဆက်ဆံရေးများကို ဒဿနပိုင်းမှ ပြန်လည်တွေးတောဖန်တီးထားပြီး လူသားတို့သည် ကိုးကြောင်းဆီလျော်စွာဖြင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းများ တည်ဆောက်နိုင်သည့် စွမ်းဆောင်ရည်ပင် ရှိပါရဲ့လားဟု မေးခွန်းထုတ်ထားသည်။ သို့ရာတွင် သူ့စာတမ်း၏ အဓိကတန်ဖိုးမှာ အနောက်တိုင်း အင်အားစုများက နယ်မြေသိမ်းပိုက်ခြင်းဖြင့် ၎င်းတို့၏ နယ်မြေများကို ချဲ့ထွင်ရန် ပြိုင်ဆိုင်သည့် ကိုလိုနီပြုခြင်း၏ အကျိုးဆက်များနှင့် ထိုသို့လုပ်ဆောင်ခြင်းဖြင့် ၎င်းတို့ ကိုလိုနီပြုထားသည့် နိုင်ငံမှ ပြည်သူများ၏ လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ချိုးဖောက်ခြင်းအပေါ် သူ၏ မှတ်ချက်များမှ ဆင်းသက်လာသည်။ ကန့်က ကိုလိုနီပြုခြင်းကို “အပြည်ပြည်ဆိုင်ရာ ဧည့်ဝတ်ပျူငှာမှု” ဟူသည့် သဘောတရားအား အသုံးပြု၍ ရှင်းပြခဲ့ပြီး လူသားတို့သည့် ၎င်းတို့၏ ကွာခြားချက်များကို အသိအမှတ်ပြုပြီး လေ့လာသင်ယူရမည်၊ လွှမ်းမိုးမှုရှိသော အင်အားစုကို မိမိဆန္ဒမပါဘဲ လက်ခံရခြင်းသည် လက်ခံနိုင်ဖွယ်ရာမရှိဟု ဆိုခဲ့သည်။ ထို့ပြင် ကမ္ဘာ့မြေမျက်နှာပြင်ကို ဝေမျှသုံးစွဲခွင့်သည် အားလုံးအတွက် တန်းတူအခွင့်အရေးတစ်ခု ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့မြေမျက်နှာပြင်၏ မည်သည့်အစိတ်အပိုင်းအတွက်မဆို မည်သူတစ်ဦးတစ်ယောက်ထံတွင်မှ အခြားသူတစ်ဦးထက် ပို၍ရပိုင်ခွင့်မရှိပေ။

ကနဦးအနေဖြင့် ငြိမ်းချမ်းရေးသီအိုရီများ၏ အဆင့်ဆင့်ပြောင်းလဲပုံသည် အများအားဖြင့် စစ်ပွဲများကို လေ့လာမှုများအပေါ်တွင် အခြေခံသည်။ အဘယ်ကြောင့်ဆိုသော် စစ်ပွဲ၏ အကျိုးဆက်က မတည်ငြိမ်သည့် နေထိုင်မှု အခြေအနေများ ဖြစ်ပေါ်စေသောကြောင့် ဖြစ်သည်။ ဤသည်က (အကြမ်းဖက်မှုနှင့် ဆက်စပ်ပြီး) လူသားတို့၏ သဘောသဘာဝ၊ အကြမ်းဖက်မှု အကြောင်းရင်းများ၊ ပဋိပက္ခ၏ သဘောသဘာဝ၊

[2] ယခုအပိုင်းကို ထိုင်းနိုင်ငံ၊ မဟီဒေါတက္ကသိုလ်၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး လေ့လာရေးအင်စတီကျု၏ ဒါရိုက်တာဟောင်းတစ်ဦးဖြစ်သော Eakpant Pindavanija မှလည်း ပါဝင်ရေးသားပေးထားသည်။

ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်နိုင်စွမ်း၊ လူသားချင်းစာနာမှုဆိုင်ရာ ချဉ်းကပ်ပုံများတို့ကို လေ့လာခြင်းများလည်း ပါဝင်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသီအိုရီများသည် စစ်ပွဲ၊ အကြမ်းဖက်မှု၊ လူသားဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီတို့ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့နှင့် ရောပြွန်းနေသည်။ ငြိမ်းချမ်းရေးသီအိုရီများ၏ အဆင့်ဆင့်ပြောင်းလဲပုံကို အောက်ပါအတိုင်း အဆင့်ဆင့် ခွဲခြားနိုင်ပါသည်။

## ၁.၂.၁ ပထမအဆင့်၊ ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေး* နှင့် စစ်ပွဲကို သိပ္ပံနည်းကျ လေ့လာခြင်း

ငြိမ်းချမ်းရေးနှင့် ပဋိပက္ခကို စနစ်တကျလေ့လာခြင်းသည် ၁၉၃၀ ပြည့်လွန်နှစ်များတွင် ကွင်စီရိုက်နှင့် လူးဝစ်(စ်) ရစ်ချက်ဆန် (Quincy Wright and Lewis Richardson) တို့၏ လေ့လာမှုဖြစ်သော "စစ်ပွဲများကို ကိန်းဂဏန်းအခြေပြု လေ့လာခြင်း" (quantitative analysis of war) မှ အစပြုခဲ့သည်။ ထို့နောက် ၁၉၄၀ ပြည့်လွန်နှစ်များတွင် အက်တမ်ဆိုင်ရာ သိပ္ပံပညာရှင်များ၏ ရေးသားထုတ်ဝေမှုများ အပါအဝင် *(Bulletin of the Atomic Scientists)* ပြင်သစ်၊ နယ်သာလန်နှင့် အမေရိကန်နိုင်ငံတို့တွင် စင်တာများ ဖန်တီးခြင်း၊ ထုတ်ဝေရေးသားမှုများပြုခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ငြိမ်းချမ်းရေး လေ့လာခြင်း အစီအစဉ်ကို အမေရိကန်နိုင်ငံ၊ အင်ဒီယန်နားပြည်နယ်ရှိ မန်ချက်စတာကောလိပ်တွင် ပထမဆုံးစတင် မိတ်ဆက်ခဲ့သည်။ အလားတူပင် ၁၉၅၀ ပြည့်လွန်နှစ်များတွင် စစ်ပွဲများတားဆီးရေးဆိုင်ရာ သုတေသနများအပါအဝင် ငြိမ်းချမ်းရေးလေ့လာမှုနှင့်ဆိုင်သည့် ရေးသားမှုများ ပို၍ ပျံ့နှံ့လာခဲ့ပြီး မစ်ရှီဂန်တက္ကသိုလ်မှ ကန်းနက်ဘိုလ်ဒင်း (Kenneth Boulding) ၏ လွှမ်းမိုးမှုဖြင့် ပဋိပက္ခအဖြေရှာရေးဂျာနယ် *(Journal of Conflict Resolution)* ကို စတင်ထုတ်ဝေခဲ့သည်။ ဟားဘတ်ကယ်လ်မန်နှင့် အန်နက်တိုလ် ရက်ပိုပေါ့တ် (Herbert Kelman and Anatol Rapoport) တို့က ကစားပွဲသီအိုရီများကို လေ့လာခဲ့ကြပြီး ပဋိပက္ခဖြေရှင်းရေး သုတေသနစင်တာတွင် ကစားပွဲသီအိုရီနှင့် သင်္ချာဆိုင်ရာ နည်းလမ်းများ အသုံးပြုခြင်း၊ ၁၉၆၃ ခုနှစ်တွင် ဂျေဒေးဗစ်ဆင်းဂါး (J David Singer) က စစ်ပွဲများနှင့် ဆက်စပ်ပြောင်းလဲမှုများ စီမံကိန်းကို စတင်ခဲ့ခြင်းများကို ဖြစ်ပေါ်စေခဲ့သည် (Guzman, 2001: 63)။ ၁၉၅၀ ပြည့်လွန်နှစ်များတွင် ဗြိတိန်နိုင်ငံ၊ လန်ကတ်စတာမြို့မှ ရစ်ချက်ဆင်ငြိမ်းချမ်းရေးသုတေသနစင်တာနှင့် ဒန်းဒက်စ်မှ အယ်လန်နှင့် ဟန်နာနယူးကုမ်းဘ် (Alan and Hanna Newcombe) ၏ ငြိမ်းချမ်းရေးသုတေသန အင်စတီကျုကဲ့သို့သော အချို့သော အင်စတီကျူးရှင်းများက ငြိမ်းချမ်းရေး၏ ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေး (negative peace) အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အလေးစိုက်လာကြသည် (Guzmán, 2001: 61-62; 2005a: 49-50)။

စစ်ပွဲနှင့် ငြိမ်းချမ်းရေးသီအိုရီများ ပေါ်ထွက်လာသည့်အလျောက် ကိုလိုနီခေတ်တွင် ခရစ်ယာန် ကုသိုလ်ဖြစ်အဖွဲ့များ၏ လုပ်ဆောင်ချက်များဖြစ်သည့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်ချက်များလည်း ပြန်လည်ထွက်ပေါ်လာသည်။ နိုင်ငံတကာ ဆက်ဆံရေး သီအိုရီများ ထွက်ပေါ်လာမှုနှင့်အတူ ၁၉ ရာစုတွင် ထွက်ပေါ်လာခဲ့သည့် လူသားချင်းစာနာမှုဆိုင်ရာ ချဉ်းကပ်ပုံ သဘောတရားက ၁၈၆၄ ခုနှစ်တွင် ဂျနီဗာ သဘောတူစာချုပ်နှင့် ၁၈၆၃

---

* negative peace ကို "အနှုတ်လက္ခဏာဆောင်သောငြိမ်းချမ်းရေး" ဟုလည်း သုံးနှုန်းကြပါသည်။

ခုနှစ်တွင် ကမ္ဘာ့ကြက်ခြေနီအဖွဲ့ကဲ့သို့သော နိုင်ငံတကာ ပဋိညာဉ်များနှင့် အဖွဲ့အစည်းများ ပေါ်ပေါက်မှုတွင် သိသာထင်ရှားသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည် (Guzmán, 2001: 62)။ အထူးသဖြင့် ကြက်ခြေနီအဖွဲ့သည် ပထမကမ္ဘာစစ်အတွင်း သိသာထင်ရှားသော လူသားချင်းစာနာမှုဆိုင်ရာ အခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး နောက်ပိုင်းတွင် အငတ်ဘေး သက်သာရေးဆိုင်ရာ အောက်စဖို့ဒ်ကော်မတီ (Oxford Committee for Famine Relief (OXFAM)) ကဲ့သို့သော ပုဂ္ဂလိက လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့သည်။

ကမ္ဘာစစ်ကြီးများ၏ ဖျက်ဆီးမှုများနှင့် ကြီးမားသော ထိခိုက်သေဆုံးမှုများက နိုင်ငံတကာ အသိုင်းအဝိုင်းကို ထိုသို့သော ဖြစ်ရပ်များ ထပ်မံဖြစ်ပွားခြင်းအား တားဆီးရန် နည်းလမ်းများကို ရှာဖွေစေခဲ့သည်။ ထို့ကြောင့် စစ်ပွဲများကို ပို၍ သိပ္ပံနည်းကျ လေ့လာရန် ကြိုးပမ်းမှုများ ပြုခဲ့ကြသည်။ ဤသည်မှာ ယဉ်ကျေးမှု ထွန်းကားပြီး နိုင်ငံများသည် လူသားတို့၏ အသက်များကို နောက်ထပ်မည်သည့်အခါမျှ ယခုကဲ့သို့ ကြီးမားစွာ ဖျက်ဆီးခြင်း ထပ်မံမဖြစ်ပွားသင့်ဟူသည့် သဘောတရားအပေါ် အခြေခံသည်။ ငြိမ်းချမ်းရေးကို ပထမဆုံး သိပ္ပံနည်းကျ လေ့လာရာတွင် ပဋိပက္ခနှင့် စစ်ပွဲများကို ဆန်းစစ်လေ့လာခြင်း (polemology) ဟုခေါ်သည့် စစ်ပွဲဆိုင်ရာ သီအိုရီများ လေ့လာခြင်း ပါဝင်ခဲ့သည်။ 'polemology' ဆိုသည်မှာ (နိုင်ငံခြားသားများ (သို့) သူစိမ်းများအပေါ်) စစ်ပွဲဆင်နွှဲခြင်းဟု အဓိပ္ပာယ်ရသော ဂရိစကားလုံး *polemos* မှ ဆင်းသက်လာခြင်းဖြစ်သည်။ ထိုလေ့လာမှုများက စစ်ပွဲနှင့် ငြိမ်းချမ်းရေးကို လေ့လာရာတွင် ကိန်းဂဏန်းအခြေပြု ဆန်းစစ်လေ့လာခြင်း၊ စမ်းသပ်ချက်များ ပြုလုပ်ခြင်းတို့ကို အခြေခံသည့် သိပ္ပံနည်းလမ်းများကို အသုံးပြုခဲ့ကြသည် (Guzmán, 2001: 63)။

နိုင်ငံများ၏ အချုပ်အခြာအာဏာကို ကာကွယ်ရန် စစ်တပ်များ ထားရှိသင့်သည်ဟူသည့် ကျိုးကြောင်းဆင်ခြင် အကြောင်းပြချက်ပေးသော လုံခြုံရေးဆိုင်ရာ သုတေသနများ၏ ချဉ်းကပ်ပုံကလည်း နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်ကို လွှမ်းမိုးခဲ့သည် (Collins, 2019: 283-286)။ ဂတ်ဇ်မန်း (Guzmán, 2001) က နိုင်ငံတကာစစ်ပွဲများသည် ရန်သူများကို တားဆီးခြင်းဖြစ်သောကြောင့် ဒဿနိကဗေဒအရ ကျိုးကြောင်းဆီလျော် သည်ဟု ယင်းသဘောတရားကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ ယင်းကို လက်တင်အဆိုအရ "*Si vis pacem, para bellum*" ဟုဆိုပြီး အဓိပ္ပာယ်မှာ "သင်ငြိမ်းချမ်းရေး လိုချင်ပါက စစ်ပွဲအတွက် ပြင်ဆင်ရမည်" ဟု အဓိပ္ပာယ်ရသည်။ သို့ရာတွင် ဘရောင်းနှင့် ပူးတွဲပညာရှင်များ (Brown et al (1998: 10)) က *"စစ်တိုက်ခြင်း၏ ဆိုးကျိုးများနှင့် အန္တရာယ်များက ကြီးမားပြီး စစ်တိုက်ရခြင်း၏ အကျိုးကျေးဇူးများက နည်းပါးကြောင်း သိသာထင်ရှားသည့်အခါ ဤအပြိုင်အဆိုင်များသော ကမ္ဘာကြီးက ငြိမ်းချမ်းသည်"* ဟု ဆိုခဲ့ကြသည်။

ပို၍အရေးကြီးသည်မှာ စစ်ပွဲများအကြောင်းသိပ္ပံနည်းကျ လေ့လာမှုများမှ စည်းမျဉ်းများကို ညွှန်းဆိုပြီး သဘောတရားပိုင်းအရ "ငြိမ်းချမ်းရေး" ဖြစ်ပေါ်နေချိန်တွင် ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်ရန် လိုအပ်ချက် တစ်ခုမှာ "စစ်ပွဲများ ကင်းစင်ခြင်း" ဖြစ်သည်။ သင်္ချာနှင့် သိပ္ပံစည်းမျဉ်းများက "ပဋိပက္ခ" တွင် ဖြေရှင်းနိုင်သော အပျက်သဘောဆောင်သည့် အချက်များ ပါရှိပြီး ယင်းမှတဆင့် *ပဋိပက္ခဖြေရှင်းရေး* ဆင်းသက်လာသည် (Guzmán, 2001)။ နောက်ပိုင်းတွင် ယင်းသဘောတရားကို ဂျိုဟန်ဂယ်လ်တန် (Johan Galtung) က *ရပ်ဆိုင်းခြင်းဖြင့် ဖန်တီးသော ငြိမ်းချမ်းရေး* (negative peace) ဟူ၍ အဓိပ္ပာယ်ဖွင့်ဆို အကျယ်ချဲ့ခဲ့သည်။

ထို့ကြောင့် တည်ဆောက်ခြင်းအားဖြင့် ဖန်တီးသော ငြိမ်းချမ်းရေး (positive peace) နှင့် ရုပ်ဆိုင်းခြင်းဖြင့် ဖန်တီးသော ငြိမ်းချမ်းရေး သီအိုရီက ငြိမ်းချမ်းရေးနှင့် စစ်ပွဲဆိုင်ရာ ဒဿနိကအမြင်များ၏ ပါရာဒိုင်းကို ပြောင်းလဲပစ်နိုင်ခဲ့သည်။ ဂယ်လ်တန်၏ ငြိမ်းချမ်းရေးသီအိုရီကို နောက်ပိုင်းတွင် တိုက်ရိုက်အကြမ်းဖက်မှု၊ ဖွဲ့စည်းလည်ပတ်မှုဆိုင်ရာ အကြမ်းဖက်မှု၊ ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုဟူသည့် အကြမ်းဖက်မှုပုံစံအားလုံး ပါဝင်အောင် ချဲ့ထွင်ခဲ့သည်။

## ၁.၂.၂ ဒုတိယအဆင့်၊ တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသောငြိမ်းချမ်းရေး*နှင့် ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ခြင်း

ငြိမ်းချမ်းရေး သုတေသနအတွက် သိပ္ပံနည်းကျ လေ့လာမှု (ဉာဏဗေဒ (Epistemology)) ကိုစတင်ပြီးနောက် ၁၉၅၆ ခုနှစ်တွင် အော်စလိုမြို့၏ ငြိမ်းချမ်းရေးသုတေသန အင်စတီကျူကို ဂယ်လ်တန်က တည်ထောင်ခဲ့သောအခါ ယင်းမှာ သူ၏ ငြိမ်းချမ်းရေးသီအိုရီအများအပြားအတွက် အခြေခံ ဖြစ်လာခဲ့သည်။ သူက *တည်ဆောက်ခြင်းအားဖြင့် ဖန်တီးသော ငြိမ်းချမ်းရေး (positive peace)* နှင့် *ဖွဲ့စည်းလည်ပတ်မှုဆိုင်ရာ အကြမ်းဖက်မှု (structural violence)* သဘောတရားများကိုပါ ဖော်ထုတ်ခဲ့သည် (Galtung, 1969)။ ထိုကာလမတိုင်မီက သီအိုရီများက စစ်ပွဲကြောင့် အသက်သေဆုံး၊ ဒဏ်ရာရမှုများကို ဖြစ်ပွားစေသည့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကိုသာ အာရုံစိုက်ခဲ့သည်။ သူ့ကာလများတွင် ဖွဲ့စည်းလည်ပတ်မှုဆိုင်ရာ အကြမ်းဖက်မှုက အဓိပ္ပာယ် ဖွင့်ဆိုချက် အတိုင်းအတာကို အခြားသော နယ်ပယ်များသို့ပါ ကျယ်ပြန့်စေခဲ့သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးကို ရှာဖွေခြင်းသည် စစ်ပွဲများကင်းစင်ခြင်းဟုသာ ကန့်သတ်မထားတော့ဘဲ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး အခြေအနေများပါ ပါဝင်လာသည်။

ဂယ်လ်တန် (Galtung (1996)) က ငြိမ်းချမ်းရေးသုတေသနများသည် သိပ္ပံနည်းစနစ်များကို အခြေခံနိုင်ပြီး လူမှုရေးနှင့် နိုင်ငံရေး သိပ္ပံနယ်ပယ်များကို ကိုးကားပြီး အကောင်အထည်ဖော်၊ ရှင်းလင်းပြနိုင်သည်ဟု ယုံကြည်သည်။ ငြိမ်းချမ်းရေးသည် အကြမ်းဖက်မှုပုံစံအားလုံး ကင်းစင်ခြင်းနှင့်သာ ညီမျှပါက ငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းခြင်းက အကြမ်းဖက်မှုပုံစံအားလုံးကို လျှော့ချရန် ကြိုးပမ်းခြင်းနှင့် ညီမျှမည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသုတေသနသည် အကြမ်းဖက်မှုကို လျှော့ချရန် ငြိမ်းချမ်းသော အခြေအနေများကို သိပ္ပံနည်းကျ လေ့လာဆန်းစစ်ခြင်းနှင့် သက်ဆိုင်သည်။

၁၉၅၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များအထိ တည်ဆောက်ခြင်းအားဖြင့် ဖန်တီးသော ငြိမ်းချမ်းရေးနှင့် လူမှုတရားမျှတမှု တည်ထောင်ရေးက အခြေခံလိုအပ်ချက်ဖြစ်ခြင်းနှင့် သက်ဆိုင်သည့် ဖွဲ့စည်းလည်ပတ်မှုဆိုင်ရာ အကြမ်းဖက်မှုများ လျှော့ချရေးတို့ကို အဓိကထားသည့် ငြိမ်းချမ်းရေးသုတေသန အင်စတီကျူးရှင်း အများအပြားကို တည်ထောင်ခဲ့သည်။ ထိုအချိန်တွင် ယင်းသဘောတရားက လူတို့နှင့် အခြားသော သက်ရှိသတ္တဝါများသည် "တိုးတက်ပြောင်းလဲခြင်း" ဖြင့် ၎င်းတို့၏ အလားအလာများကို အောင်မြင်နိုင်လိမ့်မည်

---

* positive peace ကို "အပေါင်းလက္ခဏာဆောင်သောငြိမ်းချမ်းရေး" ဟုလည်း သုံးနှုန်းကြပါသည်။

ဟူသည့် သဘောတရားပေါ်တွင် အခြေခံသည်။ ထို့နောက် ထိုသဘောတရားကို (နောက်တွင် တတိယကမ္ဘာ (third-world) ဟူသည့် အသုံးအနှုန်းကို ဖန်တီးခဲ့သော) ပြင်သစ်ဘောဂဗေဒ ပညာရှင် အယ်လ်ဖရက်ဆာဗီ (Alfred Sauvy) က "ဖွံ့ဖြိုးပြီး" နှင့် "ဖွံ့ဖြိုးမှုနောက်ကျသော" ဟူသည့် ခွဲခြားသည့်ပုံစံများ ပါဝင်လာအောင် အကျယ်ချဲ့ခဲ့သည် (Sauvy, 1952)။ ထို့ကြောင့် တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးတွင် လူတစ်ဦး၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည့် လူတို့၏ အလားအလာကိုဖော်ထုတ်သည့် သဘောတရားပါဝင်လာသည်။ ထိုအချိန်မှာပင် လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများက ထိုသို့သော လုပ်ဆောင်ချက်များသည် ပဋိပက္ခများအတွက် နိုင်ငံရေးအဖြေရှာခြင်းများကို အထောက်အကူပြုသည်ဟု ယုံကြည်ပြီး ၎င်းတို့၏ လုပ်ငန်းများတွင် ကာလရှည် ဖွံ့ဖြိုးတိုးတက်မှုကိုပါ ပူးပေါင်းထည့်သွင်းရန် နယ်ပယ်ချဲ့ထွင်လာကြသည်။ ထို့ကြောင့် ၁၉၇၁ ခုနှစ်တွင် တည်ထောင်သည့် နယ်စည်းမခြား ဆရာဝန်များအဖွဲ့ (Medico sin Fronteras) ကဲ့သို့ များစွာသော နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (INGOs) ကို ထိုကာလတွင် တည်ထောင်ခဲ့ကြသည်။ သို့ရာတွင် ထိုအုပ်စုများမှာ နိုင်ငံရေးတွင် လုံလုံလောက်လောက် ပါဝင်ခြင်း မရှိဘဲ ပဋိပက္ခများကို ဖြေရှင်းပေးနိုင်သည့် စွမ်းဆောင်ရည် မရှိရုံသာမက အချို့သော တန်ဖိုးများကိုပင် လိုက်နာခြင်းမရှိသည့်အတွက် ဖွံ့ဖြိုးရေး အခြေပြု ငြိမ်းချမ်းရေးကြိုးပမ်းမှုများ၏ လွှမ်းမိုးမှုက ပညာရပ်ပိုင်းအရ ဖြစ်နိုင်ခြေ ရှိ၊ မရှိကို မေးခွန်းထုတ်လာကြသည် (Guzmán, 2001: 64-65)။

**စာသေတ္တာ ၁။ ၁၉၅၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ထူထောင်ခဲ့သော ငြိမ်းချမ်းရေး အင်စတီကျူးရှင်းများ စာရင်း**

- ၁၉၅၉၊ ဂျိုဟန်ဂယ်လ်တန်က နော်ဝေနိုင်ငံ၊ အော်စလိုမြို့၏ ငြိမ်းချမ်းရေး သုတေသန အင်စတီကျူ (Peace Research Institute of Oslo, Norway (PRIO)) ကို တည်ထောင်ခဲ့ပြီး "တည်ဆောက်ခြင်းအားဖြင့် ဖန်တီးသော ငြိမ်းချမ်းရေး" နှင့် "ဖွဲ့စည်းလည်ပတ်မှုဆိုင်ရာ အကြမ်းဖက်မှု" အဓိပ္ပာယ်များကို ဖွင့်ဆိုခဲ့သည်။
- ၁၉၆၀၊ စတော့ဟုမ်းနိုင်ငံတကာ ငြိမ်းချမ်းရေး သုတေသန အင်စတီကျူ (Stockholm International Peace Research Institute (SIPRI)) ကို တည်ထောင်ခဲ့သည်။
- ၁၉၆၃၊ ဝေါ်လ်တာအိုင်ဇက် (Walter Izard) က ငြိမ်းချမ်းရေး သုတေသန အသိုင်းအဝန်း (Peace Research Society) (ယခုအခါ ဆွီဒင်နိုင်ငံ၏ ငြိမ်းချမ်းရေးသိပ္ပံ နိုင်ငံတကာ အသိုင်းအဝန်း (Peace Science International Society of Sweden)) ကိုတည်ထောင်ခဲ့သည်။
- ၁၉၆၃၊ ဆွစ်ဇာလန်နိုင်ငံ၊ ကွက်ကာညီလာခံ (Quaker congress) မှ နိုင်ငံတကာ ငြိမ်းချမ်းရေး သုတေသနအဖွဲ့ (The International Peace Research Association (IPRA)) ပေါ်ပေါက်လာခဲ့သည်။ ဂျပန်နိုင်ငံတွင်လည်း ငြိမ်းချမ်းရေးဆိုင်ရာ ပြည်တွင်း အဖွဲ့အစည်းများ တည်ထောင်ခဲ့သည်။ ကနေဒီ လုပ်ကြံသတ်ဖြတ်ခံရခြင်းနှင့် ဗီယက်နမ်စစ်ပွဲတို့ကို တုံ့ပြန်သောအားဖြင့် ကနေဒါနိုင်ငံတွင်လည်း သမိုင်းဆိုင်ရာ ငြိမ်းချမ်းရေး သုတေသနကောင်စီ (the Council on Peace Research in History) ကို တည်ထောင်ခဲ့သည်။

- ၁၉၆၄၊ *ငြိမ်းချမ်းရေး သုတေသန ဂျာနယ် (Journal of Peace Research)* (နောင်တွင် *ငြိမ်းချမ်းရေးအဆိုများအတွက် စာစဉ်* ဟု သိရှိကြပြီး ယခုအခါ *လုံခြုံရေး စကားဝိုင်း* ဟုခေါ်ဆိုသည်) ကို စတင်ခဲ့သည်။
- ၁၉၆၇၊ နိုင်ငံရေးသိပ္ပံအသစ်အတွက် စုစည်းမှု (Caucus for a New Political Science) ကို တည်ထောင်ခဲ့သည်။ ၁၉၉၂ ခုနှစ်မှ စ၍ ယင်းအဖွဲ့အစည်းက *အမေရိကန်နိုင်ငံရေးသိပ္ပံအဖွဲ့အစည်း* ၏ ကိစ္စရပ်များတွင်လည်း တက်ကြွစွာ ပါဝင်နေသည်။
- ၁၉၇၂၊ (နောင်တွင် ငြိမ်းချမ်းရေး သုတေသန၊ ပညာရေးနှင့် ဖွံ့ဖြိုးရေး အစုအဖွဲ့ (Consortium of Peace Research, Education, and Development) မှ ထုတ်ဝေသည့်) *ငြိမ်းချမ်းရေးနှင့် ဖလှယ်ခြင်း (Peace and Exchange)* ကို စတင်ခဲ့သည်။ COPRED ကို ၁၉၇၀ ပြည့်နှစ်တွင် အဲလစ်နှင့် ကန်းနက်ဘိုးလ်ဒင်း (Elise and Kenneth Boulding) တို့က တည်ထောင်ခဲ့သည်။
- ၁၉၇၀ ပြည့်လွန်နှစ်များ၊ ကမ္ဘာ့အစီအစဉ်အင်စတီကျု (Institute for World Order) (ယခုအခါ နယူးယော့ခ်မှ ကမ္ဘာ့မူဝါဒအင်စတီကျု) ကို ရစ်ချက်ဖဲ့လ်ခ်နှင့် ဆောလ်မန်လိုဗစ် (Richard Falk and Saul Mendlovitz) တို့က တည်ထောင်ခဲ့သည်။ သူတို့က *အခြားရွေးချယ်စရာများ (Alternatives)* မဂ္ဂဇင်းကိုလည်း ထုတ်ဝေခဲ့သည်။
- ၁၉၇၃၊ ဘရက်ဒ်ဖို့ဒ် တက္ကသိုလ် (Bradford University) တွင် ငြိမ်းချမ်းရေးသုတေသနအတွက် ဥက္ကဋ္ဌနှင့် အစီအစဉ်များကို အစပြုခဲ့သည်။ နယ်ပယ်အတွင်း သင်ယူရေးနှင့် ဒီမိုကရေစီနည်းလမ်းကျ သင်ကြားရေး အတွေ့အကြုံများကို မြှင့်တင်ရန် သုတေသနများကို ပို၍ လွယ်လင့်တကူ လက်လှမ်းမီစေရန် ငြိမ်းချမ်းရေး ပညာရေးကော်မရှင်ကို IPRA ၏ အစိတ်အပိုင်းအဖြစ် စတင်မိတ်ဆက်ခဲ့သည်။
- ၁၉၇၃၊ ငြိမ်းချမ်းရေး လေ့လာမှုအဖွဲ့အစည်း (Association of Peace Studies) ကို ဂျပန်နိုင်ငံတွင် တည်ထောင်ခဲ့သည်။
- ၁၉၇၄၊ ငြိမ်းချမ်းရေးဆိုင်ရာ လက်တင်အမေရိက ကောင်စီ (Latin American Council of Peace Reach) နှင့် အာရှငြိမ်းချမ်းရေးသုတေသနအဖွဲ့ (Asian Peace Research Association) တို့ကို တည်ထောင်ခဲ့သည်။

**မူရင်း၊** Guzmán, 2001: 63-64

## ၁.၂.၃ တတိယအဆင့်၊ လက်နက်ဖြုတ်သိမ်းခြင်း၊ အင်တ်ဘေးနှင့် ဒုက္ခသည်များ

၁၉၈၀ ပြည့်လွန်နှစ်များတွင် ဖြစ်ပေါ်တိုးတက်မှုအသစ်များ ရှိလာခဲ့သည်။ ဂတ်ဇ်မန်း (Guzman (2001: 66)) က ထိုကာလအတွင်း ငြိမ်းချမ်းရေးလေ့လာမှုသည် လူမှုလှုပ်ရှားမှုများ၊ အထူးသဖြင့် နျူကလီးယား လက်နက်ဖြုတ်သိမ်းရေး လှုပ်ရှားမှုများ နှင့် ဆက်စပ်လာခဲ့သည်ဟု မှတ်ချက်ပြုခဲ့သည်။ အကျိုးဆက်အနေဖြင့် လေ့လာမှုအများစုကို နျူကလီးယားစစ်ပွဲ ခြိမ်းခြောက်မှုများက လွှမ်းမိုးခဲ့သည်။ ထို့ပြင် ဆွေးနွေးမှုများကို စစ်ရေးအရ ဝင်ရောက်စွက်ဖက်ခြင်းနှင့် အခြားသော တိုက်ရိုက်အကြမ်းဖက်မှု ပုံစံများ၊ ဖိနှိပ်မှုများနှင့် မတရားမှုများကိုပါ ပါဝင်လာအောင် အကျယ်ချဲ့ခဲ့သည်။ ဥပမာ အကြမ်းမဖက် လှုပ်ရှားမှုနှင့် လူထုခုခံရေး အသုံးပြုရန် အဓိကထားပြီး ယူနက်စကို (UNESCO) က *ပထမအကြိမ် လက်နက်ဖြုတ်သိမ်းရေးဆိုင်ရာ ပညာပေး*

*စည်းဝေးပွဲ*ကို ကျင်းပခဲ့သည်။ *နျူကလီးယားကာလ (Nuclear Time)* ကဲ့သို့သော ထုတ်ဝေရေးသားမှုများကို ၁၉၈၄ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် *ငြိမ်းချမ်းရေးလေ့လာမှု (Peace Review)* ကို ထုတ်ဝေခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ငြိမ်းချမ်းရေး လေ့လာမှု အဖွဲ့ (Peace Studies Association (PSA)) ကို တည်ထောင်ခဲ့သည်။ ၁၉၈၆ နှင့် ၁၉၈၇ ခုနှစ်များကြားတွင် ဂျန်ဒါ (ကျား၊မရေးရာ) အမြင်များ၊ သမာရိုးကျ လုံခြုံရေး သဘောတရားမဟုတ်သည့် အမြင်များ တင်ပြထားသည့် ငြိမ်းချမ်းရေးကို အမျိုးသမီးများ၏ ရှုထောင့်မှ လေ့လာခြင်း ပေါ်ထွက်လာခဲ့သည် (Collins, 2019)။ အကျိုးဆက်အနေဖြင့် တည်ဆောက်ခြင်းအားဖြင့် ဖန်တီးသော ငြိမ်းချမ်းရေးနှင့် ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေးဆိုင်ရာ ပြောဆိုရေးသားချက်များက အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် အကြမ်းဖက်မှုများကို လေ့လာသုံးသပ်ခြင်းအား မိတ်ဆက်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် အထူးသဖြင့် ဗီယက်နမ်စစ်ပွဲပြီးကာလတွင် လူသားချင်း စာနာမှုဆိုင်ရာ လုပ်ငန်းများလည်း အရှိန်ရလာပြီး ကမ္ဘောဒီးယားနှင့် အာဖဂန်နစ္စတန်တို့တွင် အလားတူ လုပ်ငန်းများ ပေါ်ပေါက်လာသည်။ ထိုသို့သော အပြောင်းအလဲများက ကမ္ဘာတစ်ဝန်း ဒုက္ခသည်နှင့် နေရပ်စွန့်ခွာထွက်ပြေးရသူ အရေအတွက် တိုးမြင့်လာစေသည်။ ၁၉၈၀ ပြည့်လွန်နှစ်များမှ ၂၀ ရာစု အဆုံးပိုင်းကာလများအထိ လူထုပါဝင်မှု အားကောင်းလာခြင်း၊ သတင်းမီဒီယာနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) ၏ အခန်းကဏ္ဍ မြင့်မားလာခြင်းတို့နှင့်အညီ ဖွံ့ဖြိုးရေး၊ ဒီမိုကရေစီ ကူးပြောင်းရေး၊ အမျိုးသမီးနှင့် ကလေးသူငယ် အရေးကိစ္စရပ်များအပေါ် စိုးရိမ်ပူပန်မှုများလည်း ဆက်လက်မြင့်တက်လာသည်။

## ၁.၂.၄ အနာဂတ်ကို တည်ဆောက်ခြင်း၊ ယဉ်ကျေးမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် နည်းလမ်းများ

၁၉၉၀ ပြည့်လွန်နှစ်များတွင် ဘာလင်တံတိုင်းပြိုကျမှုနှင့် စစ်အေးတိုက်ပွဲ ပြီးဆုံးခြင်းများနောက် ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သီအိုရီများ ဖော်ထုတ်ရန် ဆွေးနွေးမှုများက ပို၍ ရှုပ်ထွေးလာသည်။ ပညာရှင်များနှင့် လက်တွေ့လုပ်ဆောင်သူများက ငြိမ်းချမ်းရေးကို ချဉ်းကပ်ရန် ပို၍ အပြုသဘောဆောင်သည့် အခြားသော နည်းလမ်းများကို ဆက်လက်ရှာဖွေကြသည်။ ယင်းတို့တွင် ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးမှုများကို မြှင့်တင်ခြင်း၊ အကြမ်းဖက်မှုများ၊ စစ်ပွဲနှင့် ဖယ်ထုတ်ထားမှုများကို အခြေခံ၍ လူသားတို့အကြား ဆက်စပ်မှုများ၏ ယဉ်ကျေးမှုနှင့် လူမှုအရင်းအမြစ်များကို လေ့လာသုံးသပ်ခြင်းတို့ ပါဝင်သည် (Guzmán, 2001)။ သို့ရာတွင် ငြိမ်းချမ်းရေးသီအိုရီများ ဖော်ထုတ်ခြင်းနှင့် ငြိမ်းချမ်းရေး ယဉ်ကျေးမှု တည်ထောင်ခြင်းတို့သည် လူသားများက ရက်စက်ကြမ်းကြုတ်ကြသလားဟု ရိုးရိုးရှင်းရှင်း မေးခြင်းထက် ပိုသည်။ လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများကလည်း ထိုစိန်ခေါ်မှုနှင့် ရင်ဆိုင်ကြရသည်။ လူသားချင်းစာနာမှုဆိုင်ရာ လေ့လာရေး အဖွဲ့ (Unit of Humanitarian Studies (1999)) ၏ အဆိုအရ စိန်ခေါ်မှု အများအပြား ပေါ်ပေါက်လာခဲ့သည်။ ယင်းတို့မှာ အမှီအခိုကင်းလွတ်ခြင်းနှင့် ဘက်မလိုက်ခြင်းအပေါ် နားလည်သဘောပေါက်မှု၊ ကျိုးကြောင်းဆင်ခြင်မှုများနှင့် ဝင်ရောက်စွက်ဖက်ရန် အရေးတကြီးလိုအပ်နေမှုတို့အကြား ဆုံးဖြတ်ရခြင်း၊ ကာလရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ကတိကဝတ်ကို အကဲဖြတ်ခြင်း၊ အားနည်းသူတို့အတွက် လုပ်ဆောင်ပေးရန် ကတိကဝတ်များကို ပြန်အားကောင်းစေခြင်းနှင့် ဖယ်ထုတ်ခံစားရသူများနှင့် ဘေးအန္တရာယ် ကြုံတွေ့ခံစားခဲ့ရသူများ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်းတို့ ဖြစ်ကြသည် (Guzmán, 2001)။

နောင်တွင် UNDP က ပြည်တွင်းစုစုပေါင်းထုတ်ကုန် (gross domestic products (GDP)) နှင့် ကုန်စျေးနှုန်းညွှန်းကိန်း (Consumer Price Index (CPI)) ကဲ့သို့သော စီးပွားရေးဆိုင်ရာ ညွှန်းကိန်းများကိုသာ အာရုံစိုက်ခြင်းမှ အခြားသော ဖွံ့ဖြိုးရေးညွှန်းကိန်းများကို အာရုံစိုက်လာသည့်အခါ အဖွဲ့အစည်းက နိုင်ငံများနှင့် ဒေသများအကြား ယဉ်ကျေးမှုကွာခြားမှုများကို စတင်သတိထားမိလာသည် (Gimeno and Monreal, 1999; cited in Guzman, 2001: 69)။ ထို့ကြောင့် ဖွံ့ဖြိုးမှု နိမ့်ကျနေသေးသည့် နိုင်ငံများကို ကူညီရန် ဆယ်စုနှစ်ပေါင်းများစွာ လမ်းညွှန်အဖြစ် တစ်ကမ္ဘာလုံး အသုံးပြုခဲ့သော သဘောတရားများမှာ မလုံလောက်သေးပေ။ ထိုအစား UNDP က လူတို့၏ ဘဝအရည်အသွေးကို နယ်ပယ်အသီးသီးမှ တိုင်းတာသည့် လူသားဖွံ့ဖြိုးမှု ညွှန်းကိန်းများကို မိတ်ဆက်ခဲ့သည်။ ပညာရေး အရည်အသွေး၊ သက်တမ်း၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ဝင်ငွေပျံ့နှံ့မှုပုံစံ အစရှိသည့် အခြားသော အချက်များကိုလည်း ထည့်သွင်းစဉ်းစားပြီး လူတို့၏ အရည်သွေးရှိသော အခြေခံလိုအပ်ချက်များနှင့် နေထိုင်ရေးလိုအပ်ချက်များကို လက်လှမ်းမီမှုကိုလည်း အဓိကအာရုံစိုက် လာခဲ့သည်။ လူသားတို့၏ နေထိုင်မှုအခြေအနေများကို မြှင့်တင်နိုင်ရန်နှင့် ဖွဲ့စည်းလည်ပတ်မှုအရ၊ ယဉ်ကျေးမှုအရ အကြမ်းဖက်မှုများကို လျှော့ချနိုင်ရန် လူ့အခွင့်ရေးများကို ကာကွယ်ပေးမှုနှင့် ဒီမိုကရေစီ နည်းလမ်းကျသော ဝန်းကျင်တွင် နိုင်ငံရေးအရ ပါဝင်နိုင်မှုကဲ့သို့သော အဆင့်မြင့်သည့် အချက်များကိုပါ ထည့်သွင်းစဉ်းစားလာခဲ့သည်။

အချုပ်ဆိုရသော် ငြိမ်းချမ်းရေးလေ့လာမှုသည် အကြမ်းဖက်မှု၏ အကျိုးဆက်ကြောင့် လူသားများ ထိခိုက်ခံစားမှုများကို လေ့လာခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ အစောပိုင်းတွင် စစ်ပွဲကို လူသားတို့၏ ဘဝများကို ထိခိုက်စေသော၊ လူ့အဖွဲ့အစည်းများကိုပင် ဖျက်ဆီးပစ်နိုင်သော အဆိုးရွားဆုံး အကြမ်းဖက်မှု ဖြစ်ပွားစေသည့် အဓိက အကြောင်းအရင်းဟု မှတ်ယူထားသည်။ ထို့ကြောင့် နိုင်ငံများအတွင်း ပဋိပက္ခများကို ဖြစ်ပွားစေသည့် အခြေအနေများကို တားဆီးနိုင်ရန် သုတေသနပညာရှင်များက စစ်ပွဲကို လေ့လာခဲ့ကြသည်။ ယင်းသို့လုပ်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းရေးကို ဦးတည်မည့် အခြေအနေများကို ဖော်ဆောင်လာနိုင်လိမ့်မည်ဟု သူတို့က မျှော်လင့်ခဲ့သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးလေ့လာခြင်းက လူ့အဖွဲ့အစည်းတွင် စစ်ပွဲများ မရှိခြင်း (ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေး) ကို ဖန်တီးရန် ကြိုးပမ်းခဲ့ကြသည်။ ယင်းတို့က လူသားတို့၏ လိုအပ်ချက်များနှင့် နေထိုင်မှု အခြေအနေများကို အန္တရာယ်ပေးသည့် အချက်များဖြစ်လာသည့်နောက်မှသာ သုတေသနပညာရှင်များအား ဖွဲ့စည်းလည်ပတ်မှုဆိုင်ရာအကြမ်းဖက်မှုသဘောတရားနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ ခေါင်းပုံဖြတ်မှုများ၊ ဘေးဖယ်ထုတ်ထားခြင်းနှင့် နိုင်ငံရေးအရ ဖယ်ထုတ်ထားခြင်းများ အပါအဝင် လူသားတို့ထိခိုက်မှုကို ဖြစ်စေသည့် အခြားသော အကြောင်းအရာများကို ရှာဖွေဖော်ထုတ်စေခဲ့သည်။ နောင်တွင် ယင်းကို ယဉ်ကျေးမှုအရ အကြမ်းဖက်ခြင်းနှင့် ငြိမ်းချမ်းရေးအတွက် ယဉ်ကျေးမှု ရှုထောင့်များမှ လေ့လာခြင်းများအထိပါ ကျယ်ပြန့်လာစေခဲ့သည်။ ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်ခြင်းကို အဓိကထားခြင်းမှာ လူတို့သည် အခြားသူများနှင့် လူအုပ်စုများအပေါ် အကြမ်းဖက်သည့် လုပ်ရပ်များ လုပ်ဆောင်ခြင်းအား ကျိုးသင့် ကြောင်းသင့် ဖြစ်သည်ဟု ဆင်ခြေပေးခြင်းနှင့် သဘောထားခြင်းများကို နားလည်သဘောပေါက်ရန် ရည်ရွယ်သည်။ ဖွဲ့စည်းလည်ပတ်မှုအရနှင့် ယဉ်ကျေးမှုအရ အကြမ်းဖက်ခြင်းများကို အဓိကထားခြင်းက တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသောငြိမ်းချမ်းရေး ရှာဖွေမှုကို အာရုံစိုက်သည့် ငြိမ်းချမ်းရေးလေ့လာမှုများ ပေါ်ပေါက်လာ စေခဲ့သည်။

အကျိုးဆက်အနေဖြင့် ယခုအခါ ငြိမ်းချမ်းရေးလေ့လာမှုများသည် ဆက်စပ်မှုရှိသည့် နယ်ပယ်အများအပြားတွင် ပေါ်ပေါက်လာခဲ့သည်။ စာရင်းမှာ အဆုံးမရှိဖြစ်နိုင်သော်လည်း ယင်းတို့က ငြိမ်းချမ်းရေးရအောင် လုပ်ဆောင်ခြင်း၊ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊ ငြိမ်းချမ်းရေး တည်တံ့အောင် လုပ်ဆောင်ခြင်း ကဲ့သို့သော ငြိမ်းချမ်းရေးကို ချဉ်းကပ်ပုံ အမျိုးမျိုးအား ကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုများကို ပို၍နက်ရှိုင်းစွာ သိနားလည်လာစေသည်။ ယင်းတို့က ပဋိပက္ခစီမံခန့်ခွဲရေး၊ တားဆီးရေး၊ ဖြေရှင်းရေး၊ ညှိနှိုင်းရေးနှင့် အသွင်ပြောင်းလဲရေး မူဘောင်များနှင့်လည်း ဆက်စပ်နိုင်သည်။ ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းအဖြေရှာရေးဖြစ်စဉ်များအပါအဝင် ငြိမ်းချမ်းရေးဖြစ်စဉ်များအတွက် အလေ့အကျင့်များကို ပိုမိုနားလည်စေပြီး တိုးတက်လာစေသည်။ အရပ်ဘက်အဖွဲ့အစည်းများ၊ အထူးသဖြင့် အမျိုးသမီးနှင့် လူငယ်အုပ်စုများ လုပ်ဆောင်သည့် အခန်းကဏ္ဍများ အပါအဝင် နယ်ပယ်အသီးသီးမှ လုပ်ဆောင်ချက်များအားလုံးပါဝင်အောင် မြှင့်တင်ပေးနိုင်သည်။ အဆင့်အားလုံး၌ ငြိမ်းချမ်းရေးပညာရပ်များ မြှင့်တင်ခြင်းအပါအဝင် ပိုမိုကောင်းမွန်သည့် စွမ်းဆောင်ရည်မြှင့် ပလက်ဖောင်းများ တိုးတက်ရေးနှင့် ဖန်တီးရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ စာနယ်ဇင်းအတတ်ပညာ၊ ဒေသဆိုင်ရာ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများ၊ အသိပညာဗဟုသတများအပေါ် နားလည်မှုများကို မြှင့်တင်ပေးပြီး လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးဆိုင်ရာ ပလက်ဖောင်းများတွင် ထည့်သွင်းရေး စသည်တို့ကို လုပ်ဆောင်ပေးနိုင်သည်။ ယခုစာအုပ်က ထိုကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးမှုများ ပို၍ ထွက်ပေါ်လာစေရန်နှင့် ပိုမိုနားလည် သဘောပေါက်လာစေရန် မျှော်လင့်ပြီး အဆိုပါခေါင်းစဉ်များကို လေ့လာသွားပါမည်။ သို့ရာတွင် ရှေးဦးစွာ ထိုနယ်ပယ်အတွင်းအသုံးပြုသည့် အခြေခံသဘောတရားများနှင့် အသုံးအနှုန်းများ၏ အဓိပ္ပာယ်ကို ဦးစွာလေ့လာသွားပါမည်။

## ၁.၃ သဘောတရားများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ဝေါဟာရများ၊ ချဉ်းကပ်ပုံများနှင့် မူဘောင်များ

ယခုအပိုင်းက ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေး နယ်ပယ်တွင် အသုံးများသည့် သဘောတရားများ၊ ချဉ်းကပ်ပုံများနှင့် မူဘောင်များ၏ ယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုချက်များနှင့် အဓိပ္ပာယ်များကို လေ့လာသွားပါမည်။ ယင်းတို့ကို အကျယ်ချဲ့ဆွေးနွေးခြင်းနှင့် အသုံးချပုံများကို အခြားသော အခန်းများတွင် တင်ပြသွားပါမည်။ ထို့ကြောင့် ဤအပိုင်းနှင့် အခြားသောအခန်းများ၊ အထူးသဖြင့် အခန်း (၂) နှင့် (၃) တို့အကြား တူညီသော အကြောင်းအရာများ ပါရှိပါလိမ့်မည်။ ယင်းအချက်ကို ရှောင်လွှဲ၍ မရပါ။ သို့သော် ဖော်ပြချက်များ ရှေ့နောက်ညီဖို့ အလေးထားလုပ်ဆောင်သွားပါမည်။ ဤစာအုပ်တစ်အုပ်လုံးကို နားလည်သဘောပေါက်စေရန် ထိုသဘောတရားများကို ဦးစွာ ဆွေးနွေးရန် လိုအပ်သည်။

### ၁.၃.၁ ငြိမ်းချမ်းရေး

မကြာခဏဆိုသလို ငြိမ်းချမ်းရေးကို ယေဘုယျအားဖြင့် အုပ်စုများ၊ ဒေသများ၊ လူတန်းစားများနှင့် နိုင်ငံများအကြား စုစည်းလုပ်ဆောင်သော အကြမ်းဖက်မှုဟု ခေါ်ဆိုနိုင်သည့် *စစ်ပွဲများ မရှိခြင်း* ဟု ကျဉ်းမြောင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ *ပြင်ပငြိမ်းချမ်းရေး (External peace)* ဆိုသည်မှာ ပြင်ပ (သို့) နိုင်ငံများအကြား စစ်ပွဲများ မရှိခြင်းကို ညွှန်းဆိုခြင်းဖြစ်ပြီး *ပြည်တွင်း ငြိမ်းချမ်းရေး (internal peace)* ဆိုသည်မှာ နိုင်ငံတွင်း (သို့)

ဒေသတစ်ခုတွင်း စစ်ပွဲများ မရှိခြင်းကို ညွှန်းဆိုသည်။ ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေးကို ဖော်ပြရန် အထူးသဖြင့် အာဏာရှိသူများ၏ အမြင်တွင် လူ့အဖွဲ့အစည်းက ငြိမ်းချမ်းပြီး နိုင်ငံရေးအရ တည်ငြိမ်သော၊ ပုန်ကန်မှုများ မရှိသော စစ်ပွဲများ မရှိခြင်းကို အသုံးပြုခဲ့သည်။ တစ်ဖက်တွင်လည်း အုပ်စုများ၏ ရည်ရွယ်ချက်များ၊ အကျိုးစီးပွားများ၊ ဆန္ဒများနှင့် လိုအပ်ချက်များကို ၎င်းတို့က ဖိနှိပ်သည်ဟု ရှုမြင်သည့် စနစ်က ဖြည့်ဆည်းမပေးနိုင်ပါက ထိုလူ့အဖွဲ့အစည်းအတွင်းရှိ အုပ်စုများက ငြိမ်းချမ်းရေးအပေါ် တစ်မျိုးတစ်မည် အမြင်ရှိကြမည် ဖြစ်သည်။ ငြိမ်းချမ်းရေး ပေါ်ပေါက်လာရန် အဆိုပါရည်မှန်းချက်များနှင့် လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် လိုအပ်သည်။ ထို့ကြောင့် ပိုနေမြဲ၊ ကျားနေမြဲ အခြေအနေကို ထိန်းသိမ်းထားပြီး တည်ငြိမ်နေသယောင် အခြေအနေကို ဆက်လက် ထားရှိလိုသော အာဏာရှိသူများနှင့် ထိပ်တိုက်တွေ့ရသည့်တိုင် အချို့သော အုပ်စုများက အဆိုပါ ရည်မှန်းချက်များ အောင်မြင်ဖို့ ရုန်းကန်လိုကြသည်။ ၎င်းတို့လိုလားသည့် ငြိမ်းချမ်းရေးပုံစံကို အောင်မြင်စေရန် အန္တရာယ်ကို မမှုဘဲ စွန့်စွန့်စားစား လုပ်ဆောင်မည်ဆိုပါက ထိုအုပ်စုများ လုပ်ဆောင်သည့် ကြိုးပမ်းမှုများသည် အာဏာရှိသူများနှင့် ပဋိပက္ခ ဖြစ်လာနိုင်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသည် အုပ်စုတစ်စုနှင့် တစ်စုအကြား အမြဲတူညီမနေသောကြောင့် ငြိမ်းချမ်းရေး၏ အဓိပ္ပာယ်ကို အသေးစိတ်ခွဲခြားကြည့်ရန် အရေးပါသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အချို့သော ရည်မှန်းချက်များနှင့် လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ခြင်းသည် ငြိမ်းချမ်းရေး ရရှိရန်အတွက် အရေးပါသည်။ ဤသည်ကို ရရှိမှသာ ကျွန်ုပ်တို့အတွက် *တည်ဆောက်ခြင်းအားဖြင့် ဖန်တီးသော ငြိမ်းချမ်းရေး*ကို ရရှိနိုင်မည်ဖြစ်သည်။ ထိုသို့သော ငြိမ်းချမ်းရေးတွင် ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးကို အုပ်စုများအကြား သဟဇာတဖြစ်သော ဆက်ဆံရေးများ ရရှိစေရန် ကြိုးပမ်းမှုများနှင့် ပေါင်းစည်းထားခြင်း၊ လူ့အဖွဲ့အစည်းတစ်ခုတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် လိုအပ်သည့် ဥပဒေနှင့် အစီအစဉ်တကျ ဖြစ်မှုတို့ကို တရားမျှတမှုနှင့် ပေါင်းစည်းခြင်း၊ ဖြစ်ပေါ်လာသည့် ပဋိပက္ခဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ရန်နှင့် ဖြေရှင်းရန် နည်းလမ်းများ (သို့) မူဘောင်များ (သို့) စနစ်များ တည်ဆောက်ထားခြင်းတို့ကို လူ့အဖွဲ့အစည်းတွင် အင်စတီကျူးရှင်းအရ အခိုင်အမာ ရှိနေစေသည်။ အဆိုပါကိစ္စရပ်များအားလုံးကို ပေါင်းစပ်ထားခြင်းက အပြုသဘောဆောင်ပြီး ရေရှည်တည်တံ့နိုင်စွမ်းရှိသော ငြိမ်းချမ်းရေးဖြစ်သည့် *ရေရှည်တည်တံ့သော တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသော ငြိမ်းချမ်းရေး*ကို ရရှိစေမည်ဖြစ်သည်။

ယခင်က ဖော်ပြခဲ့သည့်အတိုင်း ယခုနယ်ပယ်တွင် သုတေသနများ ပြောင်းလဲလာခြင်းသည် အဆိုပါ တွေးခေါ်မှုများနှင့် ဆက်စပ်ပြောင်းလဲလာခြင်းဖြစ်သည်။ ထင်ရှားသော ငြိမ်းချမ်းရေးပညာရှင် ဂျိုဟန်ဂယ်လ်တန်က အဆိုပါအသုံးအနှုန်းများကို စတင်ဖန်တီးခဲ့ပြီး ယင်းတို့၏ လွှမ်းမိုးမှုများကို လေ့လာမှုများနှင့် သုတေသနများတွင် တွေ့နိုင်သည်။

> *ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးဆိုင်ရာ လေ့လာမှုများက အပျက်သဘောဆောင်သည့် ဆက်ဆံရေးများကို မည်ကဲ့သို့ လျှော့ချရမည်နှင့်/သို့မဟုတ် အဆုံးသတ်ရမည်ကို အဓိကထားပြီး တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးက အပြုသဘော*

*ဆောင်သော၊ သဟဇာတဖြစ်သော ဆက်ဆံရေးများကို မည်ကဲ့သို့ တည်ဆောက်ရမည်ကို အဓိကထားသည် (Galtung, 2010)။*

သူက ငြိမ်းချမ်းရေးကို အောက်ပါအတိုင်းလည်း ရှုမြင်သည်။

*ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေးမှ တည်ဆောက်ခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေးအထိ ဆက်စပ်ဖြစ်တည်နေသော သဏ္ဍာန်ရှိပြီး ပဋိပက္ခများကို ဖြေရှင်းရုံသာမက အပြုသဘောဆောင်ပြီး သဟဇာတဖြစ်သော ဆက်ဆံရေးများကို တည်ဆောက်ခြင်းဖြင့်ပါ တိုက်ရိုက်နှင့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အကြမ်းဖက်မှုများကို လျှော့ချခြင်းနှင့်/သို့မဟုတ် အဆုံးသတ်ခြင်း ဖြစ်သည်။*

ယခုစာအုပ်ကလည်း ဆင်တူသော အမြင်ရှိသည်။ ပြည့်စုံပြီး ထိရောက်သော ငြိမ်းချမ်းရေး ရှာဖွေရာတွင် အကြမ်းဖက်မှု ပုံစံများအားလုံးကို လျှော့ချရန် နည်းလမ်းများကို ရှာဖွေပြီး အုပ်စုများအကြား ကောင်းမွန်သော ဆက်ဆံရေးများကို တည်ဆောက်ပေးနိုင်ရမည်ဖြစ်သည်။

ဂယ်လ်တန် (Galtung (2010)) က *ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ ငြိမ်းချမ်းရေး (structural peace)* ကိုလည်း ဆွေးနွေးခဲ့သည်။ ယင်းငြိမ်းချမ်းရေးတွင် ပါဝင်သူအုပ်စုများအားလုံးက ဖွဲ့စည်းလည်ပတ်ပုံတစ်ခု၏ တည်ဆောက်ထားပုံ၊ အထူးသဖြင့် ဖွဲ့စည်းပုံတစ်ခုအတွင်း တည်ဆောက်ထားသော ဆက်ဆံရေးများကြောင့် အကျိုးကျေးဇူးများ ခံစားကြရသည်။ ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ ငြိမ်းချမ်းရေး ရရှိခြင်းက ရေရှည်တည်တံ့ပြီး တည်ဆောက်ခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေး ရရှိရန် ဖြစ်စဉ်နှင့် အတူရှိနေသည်။ ထိုငြိမ်းချမ်းရေးအား မည်ကဲ့သို့ အသုံးချရမည်ကို ပဋိပက္ခစီမံခန့်ခွဲရေး၊ ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေး အခန်းများတွင် ဆက်လက်ဆွေးနွေးသွားပါမည်။

## ၁.၃.၂ ပဋိပက္ခနှင့် အကြမ်းဖက်ခြင်း

ပဋိပက္ခကို များသောအားဖြင့် အုပ်စုနှစ်စု (သို့) နှစ်စုထက်ပိုသော အုပ်စုများအကြား သဟဇာတမဖြစ်ခြင်း၊ တစ်ချိန်တည်းမှာပင် တန်ဖိုးရှိသော ရည်မှန်းချက်များကို ရယူခြင်းနှင့်/သို့မဟုတ် ကာကွယ်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ သဟဇာတမဖြစ်မှုတွင် အမှန်တကယ် ကွာခြားမှုများ ရှိခြင်းရော၊ ထင်မြင်ယူဆထားသော ကွာခြားချက်များ ရှိခြင်းတို့ပါ ပါဝင်သည်။ အဖွဲ့များဆိုသည်မှာ နှစ်ဖွဲ့ (သို့) နှစ်ဖွဲ့ထက်ပိုသော အုပ်စုများ ဖြစ်ကြပြီး ပဋိပက္ခဒေသများအတွင်းမှရော၊ အပြင်မှပါ ထောက်ပံ့သူများ ပါဝင်သည်။ ရည်မှန်းချက်များကို ရယူခြင်း ဆိုသည်မှာ ရည်မှန်းချက်တစ်ခု အောင်မြင်ရန် လုပ်ဆောင်သည့် လုပ်ရပ်များဖြစ်သည်။ သို့ရာတွင် စာရေးသူများ၊ အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ ရှုထောင့်မှ လေ့လာသူများက လူတို့၏ စိတ်ထဲတွင် ပဋိပက္ခ ဖြစ်နေခြင်းကလည်း ပဋိပက္ခပင် ဖြစ်သည်ဟု ဆိုကြသည်။ ဥပမာ ယူနက်စကို (UNESCO) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ စကားဦးတွင်

စစ်ပွဲ (ပဋိပက္ခ) က လူတို့၏ စိတ်ထဲတွင် စတင်လေရာ စစ်ပွဲကို တားဆီးခြင်းကိုလည်း လူတို့၏ စိတ်ထဲတွင် တည်ဆောက်ရမည်ဟု ဆိုထားသည်။[3]

တစ်ဖက်တွင်လည်း အပြုအမူပိုင်းဆိုင်ရာ ရှုထောင့်မှ ကြည့်လျှင် ရည်မှန်းချက်တစ်ခုကို ရယူရန် လုပ်ရပ်တစ်ခု လုပ်ဆောင်လိုက်သောအခါမှ ပဋိပက္ခ စတင်သည်။ ထို့ကြောင့် အဆိုပါအပြုအမူကို ဖြေရှင်းရန်နှင့် ထိုအပြုအမူက အကြမ်းဖက်မှုတစ်ခု ဖြစ်သွားခြင်းကို တားဆီးရန် အာရုံစိုက်သင့်သည်။ လုပ်ရပ် (သို့) အပြုအမူသည် ရည်မှန်းချက်ကို အောင်မြင်အောင် လုပ်ဆောင်သည့် ပုံစံ (သို့) ရည်မှန်းချက်တစ်ခု (သို့) အနေအထားတစ်ခုကို တားဆီးရန် လုပ်ဆောင်သည့်ပုံစံ ဖြစ်နိုင်သည်။ ရည်မှန်းချက်များကို အပြုသဘော (သို့) အပျက်သဘော ရှုထောင့်နှစ်မျိုးမှ ကြည့်ရှုနိုင်သည်။ အပြုသဘောဆောင်သော ရည်မှန်းချက်များမှာ အုပ်စုများ အောင်မြင်အောင် လုပ်ဆောင်သည့် အခြေအနေများ (သို့) ပစ်မှတ်များဖြစ်ပြီး အပျက်သဘောဆောင်သော ရည်မှန်းချက်များဆိုသည်မှာ ၎င်းတို့ တားဆီးရန် (သို့) ရှောင်ရှားရန် လုပ်ဆောင်သည့် အခြေအနေများ ဖြစ်သည်။ သို့ရာတွင် အခြေအနေအများအပြား၌ ရည်မှန်းချက် နှစ်ခုလုံး ရှိကြသည်။ ထိုသို့သော ရည်မှန်းချက်များက အခြားသူများနှင့် တူညီသည့် ရည်မှန်းချက်များနှင့် ဖီလာနေသည့်တိုင် (သို့) ပဋိပက္ခဖြစ်နေသည့်တိုင် အဖွဲ့ဝင်များအတွက် ရယူရန် တန်ဖိုးရှိသည့် ရည်မှန်းချက်များ ဖြစ်နေသည်။ ရည်မှန်းချက်များအပေါ် ၎င်းတို့ ထားရှိသော အရေးပါမှု အတိုင်းအတာက အဆိုပါရည်မှန်းချက်များကို ၎င်းတို့ ရယူရန် သံန္နိဋ္ဌာန်ချမှတ်မှုနှင့် ပဋိပက္ခအခြေအနေများတွင် ၎င်းတို့ လုပ်ဆောင်ရန် အသင့်ဖြစ်နေသည့် အပြုအမူပုံစံများကို ဆုံးဖြတ်ပေးသည်။ ထို့ပြင် ပဋိပက္ခ အမျိုးအစားနှင့် ပြင်းထန်မှုက ပဋိပက္ခတွင် ပါဝင်သူများ၏ လုပ်ရပ်များကို ဆုံးဖြတ်ပေးမည် ဖြစ်သည်။ ပဋိပက္ခများအားလုံးတွင် မကိုက်ညီသော အကျိုးစီးပွားများ ပါရှိသည်။ သို့သော် ယင်းတို့ကို မည်ကဲ့သို့ ရှုမြင်သည် (သို့) ယင်းတို့အပေါ် မည်ကဲ့သို့ တန်ဖိုးထားသည်ကို မူတည်ပြီး ယင်းတို့မှာ ဆွေးနွေးညှိနှိုင်းနိုင်သည် (သို့) ညှိနှိုင်း၍မရ ဖြစ်နိုင်သည်။ တန်ဖိုးများပါဝင်ပြီး (ကိုယ်ပိုင်သရုပ်လက္ခဏာ (identity) ကဲ့သို့သော) ထိတွေ့၍ မရသော ရည်မှန်းချက်များသည် များသောအားဖြင့် ဆွေးနွေးညှိနှိုင်းနိုင်ခြင်းမရှိဘဲ ဖြေရှင်းရန် ပိုမိုခက်ခဲသည်။

တစ်ခါတရံ ပဋိပက္ခကို အကြမ်းဖက်မှုနှင့် ဖလှယ်အသုံးပြုလေ့ရှိသော်လည်း ယင်းအသုံးအနှုန်းနှစ်ခုအကြား အရေးပါသည့် ကွာခြားချက် ရှိသည်။ ပဋိပက္ခသည် အကြမ်းဖက်သော သဏ္ဍာန်ရှိနိုင်သည်။ သို့ရာတွင် အကြမ်းဖက်ခြင်းသည် စတင်မွေးဖွားလာခြင်း၊ မြင်သာထင်သာမရှိဘဲ ငုပ်လျှိုးတည်ရှိနေခြင်း၊ ထင်ရှားစွာဖော်ပြခြင်းမှ ကြမ်းကြမ်းတမ်းတမ်း ဖော်ပြခြင်း (သို့မဟုတ် အမှန်တကယ် အကြမ်းဖက်ခြင်း) ဟူသည့် ပဋိပက္ခဆိုင်ရာ အပြုအမူ ပုံစံအဆင့်များတွင် အမြင့်ဆုံးဖြစ်သည်။[4] ပဋိပက္ခ၏ ပထမအဆင့် သုံးဆင့်မှာ အကြမ်းမဖက်ပေ။ စတုတ္ထအဆင့်သာ အကြမ်းဖက်ခြင်း ပါဝင်သည်။ ဆန့်ကျင်ဘက်အားဖြင့် အကြမ်းဖက်ခြင်းသည် ပဋိပက္ခ ပုံစံတစ်မျိုး ဖြစ်သည်။ ပဋိပက္ခနှင့် အကြမ်းဖက်မှုတို့အကြား အဆိုပါ ဆက်စပ်မှုကို ပဋိပက္ခအကြောင်း နားလည်စေခြင်းဆိုင်ရာ နောင်လာမည့်အခန်းတွင် အသေးစိတ် ဆွေးနွေးသွားပါမည်။

[3] 'UNESCO Constitution' UNESCO, available at http://portal.unesco.org/en/ev.php-URL_ID=15244&URL_DO=%C3%A7&URL_SECTION=201.html, accessed on 25 September 2021.

[4] အခန်း (၂) တွင် ရှုပါ။

အကြမ်းဖက်ခြင်းသည် ပုံစံအမျိုးမျိုးရှိနိုင်သည်။ *တိုက်ရိုက်အကြမ်းဖက်ခြင်း*သည် အခြားသူများကို ထိခိုက်စေရန် ရည်ရွယ်သည့် ကြမ်းကြုတ်သော လုပ်ရပ်ဖြစ်သည်။ *သွယ်ဝိုက်အကြမ်းဖက်ခြင်း* ဆိုသည်မှာ အကြမ်းဖက်ခြင်းက ရည်ရွယ်မထားသည့်အခါနှင့်/သို့မဟုတ် တိုက်ရိုက်မဟုတ်သော်လည်း ဖြစ်ပွားသွားပြီး ပတ်ဝန်းကျင်ကို ပစ်မှတ်ထားသည့်အခါတွင် ဖြစ်သည်။ သွယ်ဝိုက်အကြမ်းဖက်ခြင်းတွင် ဖွဲ့စည်းလည်ပတ်ပုံအရ အကြမ်းဖက်ခြင်းလည်း ပါဝင်သည်။ ဖွဲ့စည်းလည်ပတ်ပုံအရ အကြမ်းဖက်ခြင်းက ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်းလည်း ဖြစ်နိုင်သည်။ *ဖွဲ့စည်းလည်ပတ်ပုံအရ အကြမ်းဖက်ခြင်း* ဆိုသည်မှာ ညီမျှမှုမရှိသော စနစ်များက အချို့သော အဖွဲ့များ (သို့) လူ့အဖွဲ့အစည်းထဲမှ အချို့သော အစိတ်အပိုင်းများကို အန္တရာယ် ဖြစ်စေခြင်း၊ ဒုက္ခရောက်စေခြင်း၊ ဖိနှိပ်ခြင်းနှင့်/သို့မဟုတ် ဖယ်ထုတ်ထားခြင်းမျိုးဖြစ်သည်။ ယင်းကို လူ့အဖွဲ့အစည်းများ မူလတည်ဆောက်ကတည်းက ထည့်သွင်းထားခြင်း ဖြစ်နိုင်သည်။ ဥပမာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ဥပဒေများ (သို့) မူဝါဒများကို ချမှတ်၊ ရေးဆွဲ အကောင်အထည်ပြုရာတွင် ဖြစ်သည်။

ရေးဆွဲအကောင်အထည်ဖော်သော မူဝါဒများက လူတစ်ဦးတစ်ယောက်နှင့် အုပ်စုများအတွက် မတူညီစွာ ဆက်ဆံခံရပြီး အခြေအနေကို ပြန်လည်သုံးသပ်ရန် (သို့) ပြင်ဆင်ရန်ဖြစ်စဉ်များကို လက်လှမ်းမမီသည့် အတိုင်းအတာအထိ ခွဲခြားဆက်ဆံမှုရှိပြီး သီးသန့်ဖြစ်သည့်အခါ ဖွဲ့စည်းလည်ပတ်ပုံအရ အကြမ်းဖက်ခြင်း ဖြစ်ပွားသည်။ စနစ်အတွင်း မသမာမှုနှင့် လူ့အဖွဲ့အစည်းအတွင်းမှ ပြဿနာများနှင့် အရေးပေါ်အခြေအနေများကို ကိုင်တွယ်ရန် ပျက်ကွက်သောကြောင့် လူသားတို့ထိခိုက်နစ်နာရသည့် ပတ်ဝန်းကျင် အခြေအနေမျိုးတွင်လည်း ဖွဲ့စည်းလည်ပတ်ပုံအရ အကြမ်းဖက်ခြင်း ဖြစ်ပွားသည်။ ဥပမာ အာဏာရှိသူ အီလစ်များ၏ အကျင့်ပျက်ချစားခြင်းနှင့် စီးပွားရေးကို တလွဲစီမံခန့်ခွဲခြင်းတို့ကြောင့် ဖြစ်ပွားရသည့် အငတ်ဘေးနှင့် ထိခိုက်နစ်နာမှုများ (သို့) စဉ်ဆက်မပြတ် အရေးပေါ်အခြေအနေ ကျရောက်ခြင်းများနှင့် ပြည်တွင်းစစ်များတို့ ဖြစ်ကြသည်။ အကြမ်းဖက်မှုကို နားလည်ခြင်းက ငြိမ်းချမ်းရေးရှာဖွေရာတွင် အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့မှာ ဆက်စပ်နေပြီး တူညီသော ဒင်္ဂါးပြားတစ်ပြား၏ ခေါင်းနှင့်ပန်းသဖွယ် ရှိနေသောကြောင့် ဖြစ်သည်။ ရှင်းရှင်းဆိုရလျှင် တိုက်ရိုက် (သို့) လူတို့အကြား အကြမ်းဖက်မှု မရှိခြင်းက ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးကို ရရှိစေမည်ဖြစ်သော်လည်း ဖွဲ့စည်းလည်ပတ်ပုံအရ အကြမ်းဖက်မှု (သို့) သွယ်ဝိုက်အကြမ်းဖက်မှု မရှိခြင်းက တည်ဆောက်ခြင်းဖြင့်ဖန်းတီးသော ငြိမ်းချမ်းရေးကို ရရှိစေမည်ဖြစ်သည်။

အခြားဆက်စပ်သည့် သဘောတရားတစ်ခုဖြစ်သည့် *ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်ခြင်း* ဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်း အထူးသဖြင့် အရေးပေါ်အခြေအနေများတွင် အင်အားသုံးခြင်းသည် တရားဝင်ဖြစ်သော အပြုအမူတစ်ခုဖြစ်သည်ဟု လက်ခံထားခြင်းဖြစ်သည်။ ဤသည်က တိုက်ရိုက်နှင့် ဖွဲ့စည်းလည်ပတ်ပုံအရ အကြမ်းဖက်မှုများကို တရားဝင်ဖြစ်စေသည်။ အကျိုးဆက်အနေဖြင့် ဤအချက်ကို ဆွေးနွေးခြင်းက ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသည့်ငြိမ်းချမ်းရေး ရရှိရန်အတွက် အရေးပါသည်။ ပဋိပက္ခနှင့် အကြမ်းဖက်မှုများကို အခန်း (၂) တွင် ပို၍ အသေးစိတ် ဆွေးနွေးသွားပါမည်။

ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းရင်းခံမှာ အဖွဲ့များအကြား ဆန့်ကျင်ဘက်ဖြစ်နေခြင်း (သို့) သဟဇာတမဖြစ်ခြင်း (သို့) ရည်မှန်းချက်များ ပွတ်တိုက်မှု ရှိနေခြင်းတို့ကြောင့် ဖြစ်သည်။ အဆိုပါ သဟဇာတမဖြစ်ခြင်းက

အခြေအနေအပေါ် အဖွဲ့များက မည်မျှအလေးအနက်ထား ရှုမြင်သည်အပေါ် မူတည်၍ အကြမ်းဖက်သော အပြုအမူများကို ဖြစ်ပွားစေနိုင်သည်။ ပဋိပက္ခဖြစ်စဉ်၏ မည်သည့်အဆင့်၌မဆို အပျက်သဘောဆောင်သည့် သဘောထားများနှင့် အပြုအမူများ ပေါ်ထွက်လာစေနိုင်ပြီး ယင်းအချက်များ ပေါင်းစည်းကာ သဟဇာတမဖြစ်မှု၏ အတိုင်းအတာနှင့် ပမာဏကို တိုးပွားစေနိုင်သည်။ လက်တွေ့တွင် ယင်းတို့က ပဋိပက္ခ စက်ဝန်းတစ်ခုတွင် အချင်းချင်း စဉ်ဆက်မပြတ် သက်ရောက်မှု ရှိနေကြသည်။ ထိုအခြေအနေကို သင့်တော်သော ပုံစံဖြင့် တုံ့ပြန်ရန် အရေးပါသည်။ ပါဝင်ပတ်သက်နေသူများက မည်သူဖြစ်သည်၊ ရည်မှန်းချက်များကို ၎င်းတို့ မည်မျှ တန်ဖိုးထားသည်အပေါ် မူတည်၍ အဖွဲ့များက ၎င်းတို့၏ လိုအပ်ချက်များ၊ အကျိုးစီးပွားများနှင့် တန်ဖိုးများနှင့် အသင့်တော်ဆုံး ချဉ်းကပ်ပုံများနှင့် မူဘောင်များကို အသုံးပြုကြသည်။ ယင်းတို့မှာ နောင်လာမည့် အပိုင်းများတွင် ဆက်လက်ဆွေးနွေးသွားမည့် စီမံခန့်ခွဲခြင်း၊ ဖြေရှင်းခြင်း၊ ကျေအေးခြင်း (သို့) အသွင်ပြောင်းခြင်းတို့ ဖြစ်ကြသည်။

## ၁.၃.၃ ပဋိပက္ခစီမံခန့်ခွဲခြင်း

ပဋိပက္ခအခြေအနေများကို မည်ကဲ့သို့ကိုင်တွယ်သည်ကို နားလည်ရန် အဓိကချဉ်းကပ်ပုံများကို မည်သို့ပုံဖော်သည်ကို လေ့လာကြည့်ခြင်းက အသုံးဝင်သည်။ *ပဋိပက္ခစီမံခန့်ခွဲခြင်း* ဆိုသည်မှာ ပဋိပက္ခအပေါ် ချဉ်းကပ်ပုံအမျိုးမျိုးကို စုစည်းထားသည့် အသုံးအနှုန်းဖြစ်သည်။ ဆင်တူသော အချက်များနှင့် ဖြစ်စဉ်များကြောင့် ယင်းချဉ်းကပ်ပုံများကို တစ်ခါတရံ လဲလှယ်သုံးစွဲလေ့ရှိသည်ကို သတိပြုပါ (ဥပမာ တတိယအုပ်စုက ဝင်ရောက်စွက်ဖက်သည့် ပုံစံအမျိုးမျိုးအား ကြားဝင်စေ့စပ်ရေးဟု သုံးလေ့ရှိခြင်းမျိုးဖြစ်သည်)။ နယ်ပယ်ထဲမှ လေ့လာရေးသားမှုများသည် စာပေပညာရှင်များသာမက လက်တွေ့ကျင့်သုံးသူများထံမှပါ ဆွဲယူထားခြင်း ဖြစ်လေရာ ထိုသူများ၏ ချဉ်းကပ်ပုံများနှင့် လုပ်ရပ်များက ခေါင်းစဉ်အမျိုးအစားတစ်ခု (သို့) ချဉ်းကပ်ပုံတစ်ခုအောက်တွင် ကျရောက်မည် မဟုတ်ပေ။

ပဋိပက္ခစီမံခန့်ခွဲရေးနယ်ပယ်သည် ရှုပ်ထွေးပြီး ပညာရပ်နယ်ပယ်စုံပါဝင်သည်။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေး၊ နိုင်ငံတကာဆက်ဆံရေး၊ နိုင်ငံရေးသိပ္ပံ၊ စီးပွားရေး၊ လူမှုဗေဒ၊ ဒဿနိကဗေဒ၊ စိတ်ပညာနှင့် နိုင်ငံတကာဥပဒေ အပါအဝင် ကျယ်ပြန့်သောနယ်ပယ်စုံမှ ရေးသားဆွေးနွေးချက်များ ပါဝင်သည်။ ကိစ္စရပ်များ အပေါ် ကျွန်ုပ်တို့၏ နားလည်မှုများ တိုးတက်လာစေရန်နှင့် ၎င်းတို့ကို မည်သို့ကိုင်တွယ်ရမည် ဟူသည့်အပေါ် ကျွန်ုပ်တို့၏ ဗဟုသုတများ တိုးတက်လာစေရန် အဆိုပါပညာရပ်နယ်ပယ်များမှ အချက်အလက်များကို လူပုဂ္ဂိုလ်များအကြားအဆင့်မှ နိုင်ငံတကာအဆင့်အထိ ပေါင်းစပ်လေ့လာရသည်။

ပဋိပက္ခစီမံခန့်ခွဲခြင်းတွင် များသောအားဖြင့် စိုးရိမ်ပူပန်မှုများကို ကိုင်တွယ်သည့် စနစ်များနှင့် နည်းလမ်းများ ဖန်တီးခြင်းပါဝင်သည်။ ဤသည်က ဆက်ဆံရေးတိုးတက်လာစေရန်၊ ပြဿနာဖြေရှင်းရန်နှင့် မတူကွဲပြားမှုများကို သဘောတူထားသော လုပ်ထုံးလုပ်နည်းများမှတစ်ဆင့် တင်ပြရန် ရှိပြီးသား (သို့) ယင်းရည်ရွယ်ချက်ဖြင့် ဖန်တီးထားသော ပလက်ဖောင်းတစ်ခု ဖန်တီးပေးခြင်းဖြင့် အဖွဲ့များကို အထောက်အကူ ဖြစ်စေသည်။ ပဋိပက္ခစီမံခန့်ခွဲရေး၏ ရည်မှန်းချက်မှာ ယေဘုယျအားဖြင့် ငြိမ်းချမ်းသော ပိုနေမြဲ၊ ကျားနေမြဲ အခြေအနေကို

ထိန်းသိမ်းထားရန်၊ တည်ငြိမ်မှုကို ထိန်းထားရန်နှင့် ပဋိပက္ခ တင်းမာမှုမြင့်တက်လာခြင်းအား တားဆီးရန် ဖြစ်သည်။ ဖြစ်ရပ်အများအပြားတွင် ပဋိပက္ခကိစ္စရပ်များက ရှိမြဲ ရှိနေဆဲဖြစ်သည်။ သို့သော် ယင်းတို့ကို ထိန်းထားနိုင်သည် (အခြေအနေ ထိန်းသိမ်းထားခြင်း)၊ နောင်တွင် ပေါက်ကွဲလာမည့် ဆက်ဆံရေးများ ဖြစ်မလာအောင် တားဆီးထားနိုင်သည် (တားဆီးခြင်း)။ ထို့ကြောင့် ပဋိပက္ခစီမံခန့်ခွဲရေးကို အခြားသော ပဋိပက္ခ ဖြေရှင်းသည့်နည်းလမ်းများ ပါဝင်သည့် ထီးသဖွယ်ချဉ်းကပ်ပုံဟု ရှုမြင်ကြသည်။

ပဋိပက္ခစီမံခန့်ခွဲရေးတွင် အကြမ်းဖက်သောပဋိပက္ခများသည် လူအုပ်စုများအတွင်းနှင့် လူအုပ်စုများကြား တန်ဖိုးများနှင့် အကျိုးစီးပွားများ ကွာခြားခြင်း၊ အထူးသဖြင့် ယင်းကွာခြားမှုကို ကောင်းစွာ မကိုင်တွယ်ခြင်း၏ အကျိုးဆက်ဖြစ်သည် (Miall, 2004)။ အကျိုးဆက်အနေဖြင့် မီအောလ် (Miall) က ပဋိပက္ခဖြေရှင်းရေးသည် လက်တွေ့မကျပေ။ အကောင်းဆုံးလုပ်နိုင်သည်မှာ ကိုင်တွယ်ပြီး ထိန်းသိမ်းရန် ဖြစ်သည်ဟု ဆိုခဲ့သည်။ ရံဖန်ရံခါ အခြေအနေတွင် အကြမ်းဖက်မှုကို ဖယ်ရှားပြီး ဆက်ဆံရေး ဆက်လက်ရှိနေနိုင်ပါက ပဋိပက္ခကို အပေးအယူပြု ညှိနှိုင်းခြင်းဖြင့် ကျေအေးနိုင်သည်။ ထိုသို့သော အခြေအနေမျိုးတွင် ပဋိပက္ခစီမံခန့်ခွဲရေး ဆိုသည်မှာ ကျေအေးမှု ရရှိစေရန် သင့်တော်သော ပုံစံဖြင့် ဝင်ရောက်စွက်ဖက်ခြင်း ဖြစ်သည်။ ဝင်ရောက်စွက်ဖက်ခြင်းတွင် ပဋိပက္ခကို အပြုသဘောဆောင်သော ပုံစံဖြစ်သွားစေရန် လမ်းညွှန်ပြီး စီမံခန့်ခွဲမည့် သင့်တော်သော အင်စတီကျူးရှင်းများ ဖန်တီးခြင်းလည်း ပါဝင်သည်။ ဘလွန်းဖီးလ်ဒ်နှင့် ရိုင်လီ (Bloomfield and Reilly (1998)) တို့က အောက်ပါအတိုင်း ဆိုခဲ့သည်။

> *ပဋိပက္ခစီမံခန့်ခွဲရေးသည် မတူကွဲပြားမှုများနှင့် ခြားနားမှုများကို အပြုသဘောဆောင်စွာ ကိုင်တွယ်ခြင်းဖြစ်သည်။ ပဋိပက္ခ စီမံခန့်ခွဲရေးက ပဋိပက္ခကို ဖယ်ရှားပစ်မည့် နည်းလမ်းများကို တင်ပြစည်းရုံးမည့်အစား ပဋိပက္ခကို ကိုင်တွယ်ရန် ပို၍ လက်တွေ့ကျသော မေးခွန်းကို မေးသည်။ ပဋိပက္ခကို မည်ကဲ့သို့ အပြုသဘောဆောင်စွာ ကိုင်တွယ်ရမည်နည်း၊ အပြိုင်ဖြစ်နေသည့် အဖွဲ့များကို ပူးပေါင်းသည့် ဖြစ်စဉ်တစ်ခုထဲသို့ မည်သို့သွတ်သွင်းရမည်နည်း၊ မတူညီမှုများကို အပြုသဘောဆောင်စွာ ကိုင်တွယ်ရန် လက်တွေ့ကျသော၊ အောင်မြင်နိုင်သော၊ ပူးပေါင်းနိုင်မည့် စနစ်တစ်ခုကို မည်သို့ဒီဇိုင်းရေးဆွဲရမည်နည်းဟူ၍ ဖြစ်သည်။*

ဤနယ်ပယ်တွင် သုတေသနများက လူပုဂ္ဂိုလ်များအကြား၊ အုပ်စုများအကြားနှင့် နိုင်ငံများအကြား ပဋိပက္ခများနှင့် စပ်လျဉ်းပြီး ပဋိပက္ခ၏ အရင်းအမြစ်များနှင့် သဘောတရား ကဲ့သို့သော အခြေအနေနှင့် ဖြစ်စဉ်ဆိုင်ရာ ကိန်းရှင်များ လေ့လာသုံးသပ်ခြင်းကို အဓိက အာရုံစိုက်သည်။ ပိုမိုကောင်းမွန်သော ပဋိပက္ခ စီမံခန့်ခွဲရေးအတွက် တတိယအုပ်စုများ၏ လက္ခဏာရပ်များနှင့် မဟာဗျူဟာများကိုလည်း လေ့လာသည်။ လေ့လာမှုကို ပုဂ္ဂလဓိဋ္ဌာန် ရှုထောင့်မှလည်းကောင်း၊ ဓမ္မဓိဋ္ဌာန် ရှုထောင့်မှလည်းကောင်း လေ့လာလေ့ရှိသည်။ သို့ရာတွင် အခြေအနေ အများအပြား၌ ယင်းသို့ခွဲခြားမှုများ မရှိကြပေ (Reimann, 2004)။ ပဋိပက္ခအား ပုဂ္ဂလဓိဋ္ဌာန် ချဉ်းကပ်ပုံက *ရည်မှန်းချက်များ လိုက်လျောညီထွေမရှိဟု ထင်မြင်နေကြခြင်း*ကို အဓိကအာရုံစိုက်သည်။ သတင်းအချက် အလက်အမှားများ၊ ယဉ်ကျေးမှုအရ နားလည်မှုလွဲခြင်း၊ အထင်အမြင်လွဲခြင်း၊ ယုံကြည်မှုမရှိခြင်းနှင့်

စိတ်ပိုင်းဆိုင်ရာဖိအားများကြောင့် ရည်မှန်းချက်များကို ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် လိုက်လျောညီထွေမှု မရှိဟု ရှုမြင်ကြသည် (Reimann, 2004: 3)။ ဤသည်ကို ဓမ္မဓိဋ္ဌာန်ချဉ်းကပ်ပုံနှင့် နှိုင်းယှဉ်နိုင်သည်။ ယင်းချဉ်းကပ်ပုံက ရည်မှန်းချက်များသည် အမှန်တကယ်အားဖြင့် လိုက်လျောညီထွေ ရှိကြသည်။ ထို့ကြောင့် ဆက်စပ်နေသော အကျိုးစီးပွားများကို ဆွေးနွေးရန်အတွက် ဘုံအချက်များအဖြစ် အသုံးပြုနိုင်သည်ဟူ၍ ဖြစ်သည်။ သို့ရာတွင် ပါဝင်သည့် ဇာတ်ကောင်များ၏ ရည်ရွယ်ချက်များ၊ ရည်မှန်းချက်များအပေါ် မူတည်ပြီး အဆိုပါအကျိုးစီးပွားများကို ပုဂ္ဂလဓိဋ္ဌာန်ရှုထောင့်မှလည်း ကြည့်နိုင်သည်။

လက်တွေ့ပဋိပက္ခအခြေအနေများကို လေ့လာသုံးသပ်သည့်အခါ ယင်းတို့မှာ ကိုယ်ပိုင်ခံယူထားသော သရုပ်သဏ္ဌာန်၊ လိုအပ်ချက်များ၊ အကျိုးစီးပွားများကဲ့သို့သော ပုဂ္ဂလ အချက်အလက်များနှင့် အရင်းအမြစ်များကို မညီမမျှ ခွဲဝေပေးခြင်းကဲ့သို့သော ဓမ္မဓိဋ္ဌာန် အချက်များ ပေါင်းစပ်ထားသော ပြောင်းလဲနေသည့် ဖြစ်စဉ်များဟု ယူဆထားခြင်းက အကောင်းဆုံးဖြစ်သည်။ ချဉ်းကပ်ပုံတစ်ခုတည်းကို အာရုံစိုက်ခြင်းက အခြေအနေတစ်ခုလုံးကို ခြုံငုံမိမည်မဟုတ်ပေ။ ပဋိပက္ခစီမံခန့်ခွဲခြင်း ထိရောက်ရန် ပုဂ္ဂလဓိဋ္ဌာန်နှင့် ဓမ္မဓိဋ္ဌာန်အကြား ခွဲခြားထားမှုကို ပေါင်းစပ်ရန် လိုအပ်သည်။ အာဏာရှိသူများမှ ညှိနှိုင်းပေးခြင်းဖြင့် ပဋိပက္ခ ကျေလည်ခြင်းနှင့် ထောက်ပံ့ပေးသော (သို့) ညှိနှိုင်းဆွေးနွေး အဖြေရှာသော အလုပ်ရုံဆွေးနွေးပွဲများမှ ပဋိပက္ခ ဖြေရှင်းရေး မဟာဗျူဟာများကို ပေါင်းစပ်ခြင်းကဲ့သို့သော မတူညီသော ပဋိပက္ခ စီမံခန့်ခွဲရေး မဟာဗျူဟာများနှင့် ပေါင်းစပ်ခြင်းမျိုးဖြစ်သည်။ ပဋိပက္ခက မည်သည့်အဆင့်ရောက်နေသည်အပေါ် မူတည်ပြီး ထိရောက်မှုများလည်း ကွာခြားလိမ့်မည် ဖြစ်သည်။ ပဋိပက္ခစီမံခန့်ခွဲရေးအတွက် အဆင့်များ ဖော်ထုတ်သတ်မှတ်ခြင်းသည် တင်းကြပ်သောပုံစံမရှိသင့် (သို့) တသမတ်တည်းဖြစ်မနေသင့်ပါ။ ယင်းတို့မှာ မတူညီသော ဇာတ်ကောင်များနှင့် ၎င်းတို့၏ မဟာဗျူဟာများ၏ အခန်းကဏ္ဍများကို ထည့်သွင်းစဉ်းစား၍ ပြောင်းလဲလွယ်သည့် ပုံစံရှိရမည်၊ ပဋိပက္ခအခြေအနေ အပြောင်းအလဲကို လိုက်ပြီး လိုသလို ပြောင်းလဲရမည်။ ဇာတ်ကောင်အမျိုးမျိုးကို လာမည့်အခန်းတွင် ဆွေးနွေးသွားပါမည်။ ယခုလောလောဆယ်တွင် ပဋိပက္ခစီမံခန့်ခွဲမှု၏ ချဉ်းကပ်ပုံနှင့် နည်းလမ်းအမျိုးမျိုးကို အကဲဖြတ်သွားပါမည်။

ထိုချဉ်းကပ်ပုံများကို နားလည်စေရန် ကျွန်ုပ်တို့က အဆိုပါချဉ်းကပ်ပုံများ၏ အောက်ပါတို့အပေါ် ရှုမြင်ပုံကို လေ့လာရန်လိုအပ်သည်။ ယင်းတို့မှာ အခြေခံသီအိုရီ၊ ပဋိပက္ခများ၏အရင်းမြစ်များ၊ ကြာမြင့်ရသည့် အကြောင်းရင်းများ၊ ပါဝင်သည့်ဇာတ်ကောင်များ၊ မဟာဗျူဟာများ၊ အောင်မြင်သည့် ရလဒ်ထွက်ပေါ်ဖို့ လိုအပ်ချက်များ၊ ရရှိရန်ကြိုးပမ်းနေသည့် ငြိမ်းချမ်းရေး၏ သဘောသဘာဝတို့ ဖြစ်ကြသည်။ ရိန်းမန်း (Reimann (2004)) က ပဋိပက္ခများကို အောက်ပါနည်း တစ်နည်းမဟုတ်တစ်နည်းဖြင့် နားလည်ခြင်းက အသုံးဝင်ကြောင်း တင်ပြခဲ့သည်။ ပဋိပက္ခများသည် နိုင်ငံရေး အစီအမံ/ပိုနေမြဲ ကျားနေမြဲ အခြေအနေ၏ ပြဿနာတစ်ခု၊ လူမှုအပြောင်းအလဲအတွက် လောင်စာတစ်ခု (သို့) လူမှုတရားမျှတမှုအတွက် အကြမ်းမဖက်သော ကြိုးပမ်းမှု တစ်ခုဖြစ်သည်။ ပဋိပက္ခကို နိုင်ငံရေးအစီအမံတစ်ခု၏ ပြဿနာဟု နားလည်သဘောပေါက်ခြင်းက ပိုနေမြဲ၊ ကျားနေမြဲအခြေအနေကို ထိန်းသိမ်းထားရန် ရည်ရွယ်ချက်ရှိသော ရှေးရိုးစွဲချဉ်းကပ်ပုံတစ်ခုဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် ပဋိပက္ခကို လူမှုအပြောင်းအလဲအတွက် လောင်စာတစ်ခုဟု ရှုမြင်ခြင်းက ပဋိပက္ခက ယူဆောင်လာနိုင်သည့် အပြောင်းအလဲကဏ္ဍကို အဓိကထားသည်။ အထူးသဖြင့် လူမှုတရားမျှတမှုအတွက်

အကြမ်းမဖက်လှုပ်ရှားမှုနှင့် ပေါင်းစပ်လိုက်သည့်အခါ ဖြစ်သည်။ ဤသည်မှာ ပဋိပက္ခ၏ ပြောင်းလဲခြင်းဆိုင်ရာ ချဉ်းကပ်ပုံဖြစ်သည်။ သို့ရာတွင် ချဉ်းကပ်ပုံတစ်ခုက အခြားတစ်ခုထက် ပိုကောင်းသည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ မတူညီသော နောက်ခံအခြေအနေများနှင့် အပြောင်းအလဲများကို လေ့လာဆန်းစစ်ရန် လိုအပ်သည်။ တည်ငြိမ်မှုနှင့် ပိုနေမြဲ၊ ကြားနေမြဲ အခြေအနေကို တည်ရှိနေရန် တွန်းအားပေးခြင်းက ဖိနှိပ်မှုနှင့် မညီမျှသော လူမှုအခြေအနေများ (ဖွဲ့စည်းလည်ပတ်မှုဆိုင်ရာ အကြမ်းဖက်မှု) ထွက်ပေါ်လာစေပြီး အပြောင်းအလဲအတွက် မစဉ်းစားမဆင်ခြင်ဘဲ တွန်းအားပေးခြင်းက လူမှုအကွဲအပြဲနှင့် မင်းမဲ့စနစ် (အကြမ်းဖက်မှု) ကို ထွက်ပေါ်လာစေနိုင်သည့်အတွက် ဘက်မျှအောင် လုပ်ဆောင်ဖို့ လိုအပ်သည်။

ပဋိပက္ခစီမံခန့်ခွဲရေးနည်းလမ်းများ အများအပြားနှင့် ပုံစံမျိုးစုံရှိပြီး ပဋိပက္ခနှင့် အကြမ်းဖက်မှုတားဆီးရေး၊ ပဋိပက္ခဖိနှိပ်ရေးနှင့် ရှောင်ရှားရေး အစရှိသည့် နည်းလမ်းများ ပါဝင်နိုင်သည်။ ယင်းတို့ကို နောက်လာမည့် အပိုင်းတွင် ဆွေးနွေးသွားပါမည်။

## ၁.၃.၄ ပဋိပက္ခ ကာကွယ်တားဆီးရေး

ပဋိပက္ခ ကာကွယ်တားဆီးရေးသည် တစ်စုံတစ်ခု (သို့) ဖြစ်ရပ်တစ်ခု ဖြစ်ပွားခြင်းအား တားဆီးသည့်လုပ်ရပ်နှင့် ဆက်စပ်နေသည်။ ပဋိပက္ခကို ဖြစ်ပွားခြင်းမရှိအောင် တားဆီးနိုင်သည် (သို့) ပဋိပက္ခအခြေအနေတစ်ခုကို ပိုမဆိုးလာအောင် တားဆီးနိုင်သည်။ အဆိုပါအကြောင်းပြချက်ကြောင့် ကာကွယ်တားဆီးရေး မဟာဗျူဟာများ ကို စတင်ဖြစ်ပွားသည့်အဆင့်မှ အကြမ်းဖက်ရန် ပြသလာသည့်အဆင့်အထိ ပဋိပက္ခအခြေအနေ တစ်ခုလုံးတွင် အသုံးပြုသည်။ သို့ရာတွင် ဖြစ်ရပ်အများအပြား၌ ယင်းကို အခြေအနေ ပို၍မဆိုးလာအောင်၊ အဖျက်အဆီး ပိုကြီးမလာအောင် (သို့) နောက်ထပ်တစ်ကြိမ် ပြန်မဖြစ်ပွားအောင် တားဆီးရာ၌ အသုံးပြုသည်။ ဤသည်မှာ ဖြစ်ရပ်တစ်ခုကို တုံ့ပြန်ခြင်းဟု ဖော်ပြနိုင်သည်။ တစ်ဖက်တွင်လည်း ငုပ်လျှိုးနေသော ကိစ္စရပ်များကို ပေါ်ထွက်မလာမီ ကိုင်တွယ်ခြင်းအားဖြင့်၊ လူ့အဖွဲ့အစည်းအတွင်း ကွာခြားမှုများကို အပြုသဘောဆန်ဆန် စီမံခန့်ခွဲနိုင်သော အခြေခံအဆောက်အဦတစ်ခု ဖန်တီးပေးခြင်းဖြင့် တားဆီးခြင်းကို ကြိုတင်လုပ်ဆောင်နိုင်သည် လည်း ရှိသည် (ပဋိပက္ခရှောင်ရှားရေးအပိုင်းတွင် ရှုပါ)။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ယင်းမှာ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့သော တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးကို မြှင့်တင် သည့် ဖြစ်စဉ်တို့နှင့် ဆက်စပ်မည်ဖြစ်သည်။ ပဋိပက္ခတားဆီးရေးနှင့် နီးစပ်သည့် အခြားသဘောတရားတစ်ခုမှာ အကြမ်းဖက်မှုတားဆီးရေးဖြစ်သည်။

## ၁.၃.၅ အကြမ်းဖက်မှုတားဆီးရေး

အကြမ်းဖက်မှုတားဆီးရေးက ပဋိပက္ခဖြစ်ရန် ခွင့်ပြုထားပြီး အဖွဲ့များအကြား လိုက်လျောညီထွေမှုမရှိခြင်းက လူ့အဖွဲ့အစည်းအတွင်းရှိ မတရားမှုနှင့် ဆန့်ကျင်ဘက်ဖြစ်နေသော ကိစ္စရပ်များ (ဖွဲ့စည်းလည်ပတ်ပုံအရ အကြမ်းဖက်မှု) ကိုဖြေရှင်းနိုင်လျှင် လိုက်လျောညီထွေမှုမရှိခြင်းများကို ဖော်ထုတ်ခြင်းက အသုံးဝင်သည်ဟု ယူဆထားသည်။ ပဋိပက္ခနှင့် အကြမ်းဖက်မှုတို့မှာ မတူညီကြပေ။ ပဋိပက္ခကို လက်သင့်ခံနိုင်ပြီး အားပေးနိုင်လျှင် ပဋိပက္ခက အသုံးဝင်နိုင်သည်။ သို့ရာတွင် မည်သို့သော အကြမ်းဖက်မှုပုံစံကိုမဆို အားနည်းစေရမည်၊

ဆန့်ကျင်ရမည် ဖြစ်သည်။ လူတစ်ဦး၏ အကျိုးစီးပွားနှင့် လိုအပ်ချက်များကို အကြမ်းဖက်သည့်အပြုအမူနှင့် တင်ပြခြင်းအား စည်းတားကာ တားမြစ်ထားသည်။ ကာနယ်ဂျီကော်မရှင်၏ "လူသေဆုံးနိုင်သော ပဋိပက္ခများ တားဆီးရေး" (Preventing Deadly Conflict (1997)) အစီရင်ခံစာက ထိုသဘောတရားကို *စနစ်ဖြင့်တားဆီးခြင်း* (ပြဿနာအရင်းခံများကို ဖြေရှင်းပေးသည့် မဟာဗျူဟာများ) နှင့် *ဖြစ်ပွားမှုကိုတားဆီးခြင်း* (အကြမ်းဖက်မှု ထွက်ပေါ်လာခြင်း၊ မြင့်တက်လာခြင်းနှင့် ပျံ့ပွားခြင်းတို့ကို တားဆီးသည့် မဟာဗျူဟာများ) ဟူ၍ ခွဲခြားပြခဲ့ သည်။[5] အဆိုပါရှုထောင့်မှကြည့်လျှင် ဤသည်မှာ အထက်တွင်ဖော်ပြခဲ့သော ရေရှည်တည်တံ့သော တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးရရှိစေရန် ချဉ်းကပ်ပုံနှင့် ကိုက်ညီပေသည်။

## ၁.၃.၆ ပဋိပက္ခကို ထွက်ပေါ်မလာစေရန် ဖိနှိပ်ထားခြင်း

ပဋိပက္ခအခြေအနေကို အသိအမှတ်ပြုသော်လည်း ပြိုင်ဘက်၏ အင်အားကြောင့် ရည်မှန်းချက်များ ရယူရန် ပဋိပက္ခ ဖြစ်စေဖို့ အခြေအနေမပေးသောအခါ ဖိနှိပ်ထားခြင်း ဖြစ်ပွားသည်။ ဤသည်မှာ အချိုးမမျှသော ပဋိပက္ခ အခြေအနေများတွင် ပုံမှန်ဖြစ်လေ့ရှိသည်။ အပေါ်ယံကြည့်လျှင် အရာအားလုံးမှာ ငြိမ်းချမ်းနေသယောင်ပင်။ သို့ရာတွင် နောက်ကွယ်၌ အန္တရာယ်က ပုန်းအောင်းနေသည်။ ဤသို့သော ငြိမ်းချမ်းရေးမျိုးမှာ အကြမ်းဖက်မှု မရှိသည့် ငြိမ်းချမ်းရေးမျိုးဖြစ်သည် (ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေး)။ ယင်းကို ထိရောက်သော ရဲများ၊ အင်အားပြင်းထန်သော ပိတ်ပင်ကန့်သတ်မှုများနှင့် စိတ်ပါဝင်စားမှုမရှိခြင်းတို့ဖြင့် ဖန်တီးသည်။ ဤအခြေအနေ မှာ ပဋိပက္ခကျေအေးခြင်း (သို့) ဖြေရှင်းခြင်းဖြင့်ရရှိသည့် ရလဒ်မျိုးမဟုတ်ပေ။ ဖိနှိပ်ထားသောပဋိပက္ခ အခြေအနေမျိုးသည် နိုင်ငံများအကြားပဋိပက္ခမျိုးထက် နိုင်ငံတစ်နိုင်ငံအတွင်း ပဋိပက္ခအခြေအနေများတွင် ပိုတွေ့ရတတ်သည်။[6]

## ၁.၃.၇ ပဋိပက္ခရှောင်ရှားခြင်း

ပဋိပက္ခရှောင်ရှားခြင်းတွင် အငြင်းပွားဖွယ်ရာကိစ္စရပ်များနှင့် ရည်မှန်းချက်သဟဇာတမဖြစ်မှုများ ပေါ်ပေါက် မလာစေရန် ရှောင်ရှားသည့်နည်းလမ်းများ ပါဝင်သည်။ ပဋိပက္ခများသည် ကိစ္စရပ်အမျိုးမျိုးမှ ထွက်ပေါ်လာနိုင် သည်။ ထို့ကြောင့် ပဋိပက္ခရှောင်ရှားခြင်းတွင် လူ့အဖွဲ့အစည်းအတွင်း အချို့သောကိစ္စရပ်များအတွက် အငြင်းပွားမှု များကို ရှောင်ရှားရန်ကြိုးပမ်းခြင်း ပါဝင်သည်။ သို့ရာတွင် ပဋိပက္ခရှောင်ရှားခြင်းသည် ပဋိပက္ခဆိုင်ရာ သုတေသန ပညာရှင်များအကြား လူကြိုက်များခြင်းတော့ မရှိပေ။ ဥပမာ ဒေါ့ချ် (Deutsch) က *"ပဋိပက္ခရှောင်ရှားခြင်းသည် အန္တရာယ်များသည့် အကျိုးဆက်များရှိသည်။ ပဋိပက္ခက ပျောက်ကွယ်မသွားပေ။ ယင်းက ငုပ်လျှိုးနေပြီး သွယ်ဝိုက်သည့် သက်ရောက်မှုအများအပြားရှိသည်"* ဟု ဆိုခဲ့သည် (Deutsch, 1987: 39)။ မည်သို့ပင်ဆိုစေကာမူ ဒေါ့ချ်က *"တစ်ခါတရံတွင် ပဋိပက္ခကိုရှောင်ရှားခြင်းက အသုံးဝင်သည်။ တစ်ခါတရံ ပဋိပက္ခဖြစ်ပွားစေသည့် ကိစ္စရပ်များသည် အချိန်ကြာလာသည်နှင့်အမျှ (သို့) အခြေအနေပြောင်းလဲလာသည်နှင့်အမျှ ပျောက်ကွယ်သွား တတ်သည်"* ဟုဆိုခဲ့သည် (Deutsch, 1987: 38)။ သူက *"ထိပ်တိုက်တွေ့သည့်အခါ အောင်အောင်မြင်မြင်*

---

[5] 'Preventing deadly conflict: Final report' Carnegie Corporation of New York, 1997, available at https://www.carnegie.org/publications/preventing-deadly-conflict-final-report/, accessed on 25 September 2021.

[6] နိုင်ငံများအကြား ပဋိပက္ခဖိနှိပ်ခြင်းနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက အောက်မှ ပဋိပက္ခကို ကန့်သတ်ထိန်းချုပ်ခြင်း အပိုင်းတွင် လေ့လာနိုင်ပါသည်။

*ဖြေရှင်းနိုင်မည်မဟုတ်သော ပဋိပက္ခများလည်း ရှိသည်။ မကြာခဏဆိုသလို ပဋိပက္ခများကို ရှောင်ရှားကြမည်ဟု နှစ်ဖက်သဘောတူလိုက်ခြင်းဖြင့် အကောင်းဆုံးကိုင်တွယ်နိုင်သည်"* ဟုလည်း ဆိုပြန်သေးသည် (Deutsch, 1987: 38)။

မစ်ချယ်လ် (Mitchell (1981)) က ရှောင်ရှားရေးနည်းဗျူဟာ (၃) ခုကို အဆိုပြုခဲ့သည်။ ရည်မှန်းချက်များ မကိုက်ညီခြင်း၏ အဓိကအရင်းအမြစ်က အခန်းကဏ္ဍ (သို့) အရင်းအမြစ် ရှားပါးခြင်းကြောင့်ဖြစ်လျှင် မဟာဗျူဟာမှာ ယင်းကိုရှောင်ရှားရန် နည်းလမ်းများအား ဦးစွာ အဓိကထားရန်ဖြစ်သည်။ ပထမနည်းလမ်းနှင့် ပူးတွဲ၍သော်လည်းကောင်း၊ သတ်သတ်စီသော်လည်းကောင်း သုံးနိုင်သည့် ဒုတိယနည်းလမ်းမှာ လူမှုစနစ်အတွင်း တန်ဖိုးထားမှုပုံစံများ (သို့) လူ့အဖွဲ့အစည်းက လိုလားအပ်သော ရည်မှန်းချက်ဟု ယူဆထားသည့်အရာများကို ပြောင်းလဲပစ်ခြင်းအားဖြင့် ရယူလိုမှုများကို ပြောင်းလဲပစ်ခြင်းဖြစ်သည်။ တတိယမဟာဗျူဟာမှာ အဖွဲ့များအကြား ပဋိပက္ခအခြေအနေများ ကြီးထွားလာခြင်းကို ရှောင်ရှားရန် တူညီသော၊ လွှမ်းခြုံနိုင်သော (သို့) တစ်ဆင့်ပိုမြင့်သော ရည်မှန်းချက်များကို ဖော်ထုတ်ရန်ဖြစ်သည်။ တစ်ဆင့်ပိုမြင့်သော ရည်မှန်းချက်များက ယခင်ရန်သူများကို စုစည်းပစ်ပြီး ပိုကောင်းမွန်သော ဆက်ဆံရေးများ တည်ဆောက်ရန် ခြေလှမ်းစပေးနိုင်သည်ဟု လူသိများကြသည်။ သို့ရာတွင် မစ်ချယ်လ်က ထိုမဟာဗျူဟာများတွင် ကန့်သတ်ချက်များရှိသည်ဟု ဝန်ခံထားသည်။ အထူးသဖြင့် ရည်မှန်းချက်ကွဲပြားခြင်းက အရင်းအမြစ်နှင့် အခန်းကဏ္ဍများဖြန့်ဝေခြင်းမှ ထွက်ပေါ်လာမှသာ ပထမမဟာဗျူဟာနှစ်ခုက အလုပ်ဖြစ်မည်ဖြစ်သည်။ ယင်းမဟာဗျူဟာများက အတွေးအခေါ် ပိုင်းဆိုင်ရာ ပဋိပက္ခများ (သို့) အသက်ရှင်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ပဋိပက္ခများ ကဲ့သို့သော အဖွဲ့တစ်ဖွဲ့က အခြားတစ်ဖွဲ့ကို အလဲထိုးရန် ကြိုးပမ်းနေသည့် အနေအထားမျိုးတွင် မည်သည့်သက်ရောက်မှုမျိုးမှ ရှိမည်မဟုတ်ပေ။ ထိုသို့သောပဋိပက္ခများတွင် အသုံးပြုနိုင်သည့် တစ်ခုတည်းသော မဟာဗျူဟာမှာ ထိတွေ့ဆက်ဆံခြင်းဖြစ်စဉ်တစ်ခုမှတစ်ဆင့် မကိုက်ညီမှုနှင့် မတူညီမှုများကို လက်သင့်ခံနိုင်လာအောင် ကြိုးပမ်းခြင်းဖြစ်သည်။

လက်သင့်ခံနိုင်ခြင်းဟူသည့် တန်ဖိုးကို ကောင်းစွာဆက်သွယ်ဖလှယ်ပြီး အဖွဲ့များအကြား လက်ခံသဘောတူပြီး နောက်၊ နောက်တစ်ဆင့်မှာ ယင်းကို တရားဝင်အင်စတီကျူးရှင်းဖြင့် အထိုင်ကျစေခြင်းဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရန် နိုင်ငံတွင်း ဥပဒေများချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း (သို့) အဖွဲ့များအကြား ပဋိညာဉ်များ (သို့) ကြေညာချက်များ လက်မှတ်ထိုးခြင်းဖြင့် လုပ်ဆောင်နိုင်သည်။ ပဋိပက္ခတစ်ခုကို မရှောင်ရှားနိုင်သည့်အခါ အထူးသဖြင့် ကိုက်ညီမှုမရှိသည့် ရည်မှန်းချက်များရှာဖွေခြင်းမှ ပေါ်ထွက်လာသည့် ဖျက်ဆီးသည့် အပြုအမူများကို ရပ်တန့်ခြင်းဖြင့် (ပဋိပက္ခကာကွယ်တားဆီးခြင်း) မြင်သာထင်သာမရှိဘဲ တည်ရှိနေသည့်အဆင့်မှ ထုတ်ဖော်ပြသသည့်အဆင့်ကို မပြောင်းလဲအောင် လုပ်ဆောင်ရမည်ဖြစ်သည်။ ဤသို့သော ပဋိပက္ခတားဆီးရေးတွင် ဖြစ်စဉ်နှစ်ခုပါဝင်သည်။ ဖျက်ဆီးသော (သို့) မလိုလားအပ်သော အပြုအမူကို တားဆီးခြင်းနှင့် လက်ခံနိုင်သောလုပ်ရပ်များသာ ဖြစ်ပွားအောင် လုပ်ဆောင်ခြင်းတို့ ဖြစ်ကြသည်။ ပထမအမျိုးအစားတွင် ဖျက်ဆီးမှုအတွက်.လိုအပ်မည့်အရင်းအမြစ်များကို ဖယ်ရှားဖြစ်ခြင်း (သို့) ထိန်းသိမ်းထားခြင်းဖြင့် (သို့) တစ်နည်းအားဖြင့် တရားဝင်အုပ်စုများက တားဆီးပိတ်ဆို့ရန် ခြိမ်းခြောက်ခြင်းဖြင့် လက်မခံနိုင်သော အပြုအမူများကို တားဆီးခြင်းဖြင့် ဖျက်ဆီးသည့် ပဋိပက္ခဆိုင်ရာအပြုအမူများကို ကြီးထွားမလာအောင်

တားဆီးခြင်း (သို့) ရပ်တန့်ခြင်း ပါဝင်သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း အဆိုပါမဟာဗျူဟာများသည် နိုင်ငံတကာပဋိပက္ခများထက် ပြည်တွင်းပဋိပက္ခများ စီမံခန့်ခွဲရာတွင် ပို၍ထိရောက်သည်။ ထို့ပြင် ထိုနည်းလမ်းများအသုံးပြုပြီး ပဋိပက္ခကို ထိရောက်စွာဖိနှိပ်ခြင်းက မဖော်ပြဘဲ ငုပ်လျှိုးနေသည့်ပဋိပက္ခများ ဆက်လက်ရှိနေမည်ဖြစ်ပြီး အဖွဲ့များအကြား မကိုက်ညီသည့် ရည်မှန်းချက်များ ရှိနေခြင်းကိုလည်း ဆက်လက် သတိထားမိနေမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ယင်းတို့က အခြေအနေကို ကျေနပ်ဖွယ်ဖြစ်အောင် တိုးတက်စေမည်ဖြစ်သည်။ ပဋိပက္ခအပေါ် သဘောထားများနှင့် အမြင်များက မပြောင်းလဲဘဲ ရှိနေမည်ဖြစ်သည်။ အခြေအနေကတော့ ဖြေရှင်းနိုင်သွားမည်ဖြစ်သည်။ သို့ရာတွင် လက်တုံ့ပြန်မှုကို တားဆီးနေသည့် ခြိမ်းခြောက်မှု များ ပျောက်ကွယ်သွားသည်နှင့် အခြေအနေက ပြန်ဆိုးလာနိုင်ခြေ ရှိပေသည်။

## ၁.၃.၈ ပဋိပက္ခကို ထိန်းသိမ်းခြင်း

ဤသည်မှာ သိထားပြီးဖြစ်သည့် (သို့သော် ဖော်ပြခြင်းမရှိဘဲ ငုပ်လျှိုးနေသည့်) ပဋိပက္ခကို ထုတ်ဖော်ပြသသည့် ပဋိပက္ခ အပြုအမူ ဖြစ်မလာစေရန် တားဆီးသည့် နည်းဗျူဟာဖြစ်ပြီး အထူးသဖြင့် နိုင်ငံတကာ ပဋိပက္ခများတွင် အသုံးများသည်။ မိမိကိုယ်မိမိ ထိန်းချုပ်ခြင်းဖြင့် ပဋိပက္ခအပြုအမူများကို ထိန်းသိမ်းလေ့ရှိသည်။ အာဆီယံတွင် မိမိကိုယ်မိမိ ထိန်းသိမ်းခြင်းက အရေးပါသည့် ပဋိပက္ခစီမံခန့်ခွဲရေး မဟာဗျူဟာတစ်ခုဖြစ်သည်။ အာဆီယံတွင် *"ရည်မှန်းချက်တစ်ခု ရရှိရန် အလျှော့ပေးညှိနှိုင်းခြင်း (သို့) မိမိကိုယ်မိမိ ထိန်းချုပ်ခြင်း မဟာဗျူဟာ"* မှတဆင့် အဖျက်သဘောဆောင်သော အပြုအမူများကို တားဆီးရန် လုပ်ဆောင်ကြသည် (Mitchell, 1981: 272)။ ထို့ကြောင့် ပဋိပက္ခအခြေအနေ ကြုံတွေ့နေရသော အဖွဲ့များသည် တန်ဖိုးရှိသော ပူးပေါင်းဆက်ဆံရေးများကို ဖျက်ဆီးခြင်းက အထိအခိုက်များလိမ့်မည်ဟု ယုံကြည်ကြပြီး ဖျက်ဆီးခြင်းဖြင့် ၎င်းတို့၏ ရည်မှန်းချက်များ ရှာဖွေခြင်းကို မပြုလုပ်တော့ဘဲ နေလိမ့်မည်။ ထိုအခြေအနေများက များသောအားဖြင့် နိုင်ငံရေး (သို့) စီးပွားရေးအရ အပြန်အလှန်မှီခိုမှုများ တဖြည်းဖြည်းတည်ဆောက်ခြင်းဖြင့် စတင်ရသည်။ ထိုမှသာ ပြင်းထန်သော ပဋိပက္ခအခြေအနေများ ပေါ်ထွက်လာသည့်အခါ အဆိုပါဆက်ဆံရေးများ၏ တန်ဖိုးများကို အဖျက်အဆီး အပြုအမူများနှင့် ယှဉ်ထိုးစဉ်းစားကြည့်ကြမည်ဖြစ်သည်။ ပို၍အရေးပါသည့်အချက်မှာ အဆိုပါအစီအမံများသည် တန်ဖိုးရှိသောဆက်ဆံရေးအပေါ် ကန့်သတ်မထားသည့် အပြုအမူများ အသုံးပြုခြင်း၏ တန်ဖိုးကို ထည့်သွင်းစဉ်းစားစေမည် ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ၎င်းတို့၏အကျိုးစီးပွား ရရှိစေရန် ဖျက်ဆီးမည့် အပြုအမူများ ပြုလုပ်မည့် မည်သည့်အုပ်စုကိုမဆို အဆိုပါ ဆက်ဆံရေးများအား ချိုးဖျက်ခြင်း၏ အကျိုးဆက်များကိုလည်း ထည့်သွင်းစဉ်းစားစေခြင်းဖြစ်သည်။ ထို့ကြောင့် တန်ဖိုးရှိသော ဆက်ဆံရေးများ အတွက် အဖျက်အဆီး အပြုအမူများလုပ်လျှင် ဖြစ်လာမည့် အကျိုးဆက်ဆိုးများက မကြာခဏဆိုသလို အဖွဲ့များ ကို ပဋိပက္ခအား ထုတ်ဖော်ပြသသည့်အဆင့်အထိ အရှိန်တက်မသွားအောင် ထိန်းထားပေးသည်။ အဖွဲ့များက သူတို့အကြား ဆက်ဆံရေးများအပေါ် တန်ဖိုးကြီးကြီးထားသည့်အခါ အဆိုပါနည်းလမ်းက အလုပ်ဖြစ်သည်။ ဆက်ဆံရေးကို တန်ဖိုးမထားပါက ထိုနည်းလမ်းအလုပ်မဖြစ်ပေ။ ပညာရှင်များက ဖြစ်ရပ်အများအပြားတွင် အခိုင်မာဆုံးနှင့် အရှုပ်ထွေးဆုံးသော ပူးပေါင်းမှု ဆက်ဆံရေးများပင် နက်ရှိုင်းသော ပဋိပက္ခအခြေအနေများ ထွက်ပေါ်လာခြင်းကို တားဆီးရန်ပျက်ကွက်ကြောင်း ထောက်ပြခဲ့သော်လည်း ဤသည်မှာ မည်သည့်အခြေအနေ

မျိုး၌မဆို အဖွဲ့များကို ဖျက်ဆီးသည့်အပြုအမူများ မလုပ်ဆောင်မီ ကောင်းကျိုးနှင့် ဆိုးကျိုးများအား စဉ်းစားမိစေရန် တွန်းအားပေးသည့် အရေးပါသော နည်းလမ်းတစ်ခု ဖြစ်သည်။[7]

## ၁.၃.၉ ပဋိပက္ခကျေအေးခြင်း

ပဋိပက္ခကျေအေးခြင်းကို အောက်ပါအတိုင်း ဖော်ပြသည်။

> *အကြောင်းရင်းခံဖြစ်သည့် အကျိုးစီးပွားပဋိပက္ခများ မဖြေရှင်းနိုင်သော်လည်း အဖွဲ့များအကြား သဘောတူညီချက်ကြောင့်သော်လည်းကောင်း၊ လက်ခံမှုများဖြင့်သော်လည်းကောင်း အဆုံးသတ်သည့် ပဋိပက္ခများဖြစ်သည် (Miall, 1992)။*

ကျေအေးသည့်နည်းလမ်းများမှာ များသောအားဖြင့် အောက်ပါအတိုင်းဖြစ်သည်။

> *ပဋိပက္ခအပြုအမူကို ပြောင်းလဲခြင်း (အကြမ်းဖက်မှုနှင့် အင်အားသုံးသော မဟာဗျူဟာများ အသုံးပြုခြင်းကို ရပ်တန့်ခြင်း (သို့) ယာယီငြိမ်းချမ်းရေးပုံစံတစ်မျိုးမျိုး ရရှိခြင်း) နှင့် အခြားရည်မှန်းချက်ပုံစံများကို ရရှိစေရန် ရည်မှန်းချက်၏ အချို့ပုံစံနှင့်ပတ်သက်ပြီး အဖွဲ့များက မျှတသော စွန့်လွှတ်မှုများ ပြုလုပ်ခြင်းမှတစ်ဆင့် ညှိနှိုင်းထားသော ဖြေရှင်းချက်တစ်ခု ရယူခြင်း*

ကျေအေးမှုရရှိရန် အဖွဲ့များအနေဖြင့် ၎င်းတို့၏ ပန်းတိုင်များ (သို့) ရည်မှန်းချက်များ၏ သဘောသဘာဝကို ပြောင်းလဲပစ်ရန် မလိုအပ်ပေ။ ထို့ကြောင့် ကျေအေးမှုရယူခြင်းတွင် အခြေခံရည်မှန်းချက်ပုံစံများ၊ ပဋိပက္ခအပေါ် သဘောထားနှင့် အဖွဲ့၏သဘောထားအမြင်များ မပြောင်းလဲဘဲ ရှိနိုင်သည်။ ကျေအေးထားသော ပဋိပက္ခတစ်ခုသည် ပြန်လည်ထွက်ပေါ်လာနိုင်ခြေ ရှိနေပေသည်။

ပဋိပက္ခကျေအေးခြင်း၏ ရည်ရွယ်ချက်မှာ အဖျက်သဘောဆောင်သော အပြုအမူများ ဆက်လက်ဖြစ်ပွားခြင်းကို ရပ်တန့်ရန်ဖြစ်သည်။ လွှမ်းမိုးသောအုပ်စုများက ၎င်းတို့၏အကျိုးစီးပွားများအတွက် ကျေနပ်စေမည့် သဘောတူညီချက်တစ်ခု ရနိုင်သည်။ မကြာခဏဆိုသလို ပဋိပက္ခပိုမိုဆိုးရွားလာခြင်းတွင် ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေရသည့် ဆိုးကျိုးကကြီးမားပြီး ဆွေးနွေးကာ ကျေအေးလိုက်ခြင်းက ပို၍လိုလားဖွယ်ရာဖြစ်သည်။ ကျေအေးခြင်းသည် သဘောတူညီချက်အတွက် အနိမ့်ဆုံးအဆင့်ဖြစ်သည်။ သို့သော် ယင်းမှာ ပြဿနာများအားလုံးကို ကိုင်တွယ်ပြီး ပဋိပက္ခကိုဖြေရှင်းနိုင်မည့် ပို၍ပြည့်စုံသော သဘောတူညီချက် ထွက်ပေါ်လာရန် လမ်းစလည်း ဖြစ်နိုင်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပဋိပက္ခကျေအေးခြင်းဆိုသည်မှာ ပဋိပက္ခ၏ အကြောင်းရင်းခံကို မဖြစ်မနေ ဖြေရှင်းရန် မလိုအပ်ဘဲ တိုက်ရိုက်အကြမ်းဖက်မှုကို အဆုံးသတ်ရန်နှင့် ရေရှည်တည်တံ့သော နှစ်ဖက်လုံး အနိုင်ရရှိနိုင်သည့် အဖြေများရရှိရန် ရည်ရွယ်ထားသည့် မဟာဗျူဟာများဖြစ်သည်။ ထို့ကြောင့် ယင်းနည်းလမ်းက ပဋိပက္ခကို နိုင်ငံရေးအစီအမံ၏ ပြဿနာတစ်ရပ်နှင့် ပိုနေမြဲ၊ ကျားနေမြဲ အစီအစဉ်အပေါ် စိန်ခေါ်မှုတစ်ခုအဖြစ်

[7] အာဆီယံ၏ ဒေသတွင်း ပဋိပက္ခ စီမံခန့်ခွဲရေးနည်းလမ်း ဥပမာများကို ယခုစာအုပ်၏ အခန်း (၃) နှင့် (၇) တွင် လေ့လာနိုင်ပါသည်။

ရှုမြင်သည်။ ကြမ်းတမ်းသောပဋိပက္ခသည် မတူညီသောအကျိုးစီးပွားများ၊ အထူးသဖြင့် အာဏာနှင့် နယ်မြေကဲ့သို့သော ရှားပါးသည့်အရင်းအမြစ်များအတွက် ယှဉ်ပြိုင်ခြင်းမှ ထွက်ပေါ်လာသည့် ရလဒ်အဖြစ် ယူဆနိုင်သည်။ သို့သော် အဖွဲ့များက ၎င်းတို့အောင်မြင်နိုင်ခြေကို ခန့်မှန်းသည့် ယခုချဉ်းကပ်ပုံတွင် ပုံမှန်အားဖြင့် နိုင်သူအကုန်ယူ သဘောထားက တွေ့ရများသော်လည်း အဖွဲ့များက ၎င်းတို့၏မဟာဗျူဟာများကို ၎င်းတို့ ရရှိနိုင်သည့် ရွေးချယ်မှုများထဲမှ ကျိုးကြောင်းဆီလျော်ဆုံးကို ရွေးချယ်ရသောကြောင့် နှစ်ဖွဲ့လုံး တစ်ခုခု ပြန်လည်ရရှိသည့် ရလဒ်လည်း ဖြစ်လာနိုင်သည်။ အဖွဲ့များက ၎င်းတို့၏အကျိုးစီးပွားများကို တွက်ချက်ပြီး ကျိုးကြောင်းဆီလျော်ပြီး နှစ်ဖက်လုံးအတွက် အကျိုးရှိစေမည့် ရည်မှန်းချက် ပြည့်မီစေရန် လုပ်ဆောင်နိုင်သည်။

ရေမန် (Reimann (2004: 8)) က အောက်ပါအတိုင်းဆိုခဲ့သည်။

> *အဖွဲ့တစ်ခုရယူခြင်းက အခြားအဖွဲ့အား ထိခိုက်စေခြင်းမဟုတ်သည့် နိုင်သူအကုန်ယူကစားပွဲ မဟုတ်သော အခြေအနေများလည်း ရှိနိုင်သည်ဟု ပဋိပက္ခကျေအေးခြင်းက ဆိုထားသည်။ ထို့ကြောင့် ကျိုးကြောင်းဆက်စပ်စဉ်းစားပြီး ရွေးချယ်မှုများပြုလုပ်သည့် ပုံစံများအပေါ် အခြေခံထားသည့် မိမိဘက်မှ အကျိုးများနိုင်သမျှများအောင် ရယူသည့် ညှိနှိုင်းရေးနှင့် နှစ်ဦးနှစ်ဖက်အကျိုးရှိအောင် ခွဲဝေယူသည့် ညှိနှိုင်းရေးပုံစံများသည် နှစ်ဖက်လုံးမှ ဆုံးဖြတ်ချက် ချမှတ်သူများအတွက် အကျိုးရှိနိုင်သည်။ မိမိဘက်မှ အကျိုးများနိုင်သမျှများအောင် ရယူသည့် ညှိနှိုင်းရေးပုံစံသည် ပုံမှန်အားဖြင့် နိုင်သူအကုန်ယူညှိနှိုင်းရေးမျိုး ဖြစ်သော်လည်း နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် ခွဲဝေယူသည့် ညှိနှိုင်းရေးက ညှိနှိုင်းသူအုပ်စုများအကြား ညှိနှိုင်းဆောင်ရွက်မှုက နှစ်ဖက်လုံး၏ ပြဿနာဖြစ်သည်ဟု ယူဆထားပြီး နိုင်သူအကုန်ယူ မဟုတ်သည့် (သို့) နှစ်ဖက်လုံးအတွက် အကျိုးရှိမည့် ရလဒ်တစ်ခု ထွက်ပေါ်လာအောင် ကြိုးပမ်းကြသည်။*

ဤနယ်ပယ်တွင် သုတေသနများသည် အခြေအနေနှင့် သက်ဆိုင်သည့် နောက်ခံအကြောင်းအရာများနှင့် ပြဋ္ဌာန်းချက်များ၊ ဆွေးနွေးညှိနှိုင်းသည့် အဖွဲ့များ၏ အကျိုးစီးပွားများနှင့် သဘောထားများကို နားလည်ရန် အာရုံစိုက်ထားသည်။ သုတေသနများက အဓိကဇာတ်ကောင်များ၏ စရိုက်လက္ခဏာများနှင့် မဟာဗျူဟာများ၊ ကြားဝင်ဖျန်ဖြေသော အုပ်စုများက နိုင်သူအကုန်ယူပဋိပက္ခကို နိုင်ငံရေးသဘောတူညီချက်တစ်ရပ်ဖြင့် မည်ကဲ့သို့ အဆုံးသတ်အောင် ကူညီပေးနိုင်မည်ကိုလည်း လေ့လာဆန်းစစ်သည်။

## ၁.၃.၁၀ ပဋိပက္ခဖြေရှင်းရေး

ပဋိပက္ခဖြေရှင်းရေးက အခြေခံလိုအပ်ချက်များ မပြည့်မီခြင်းကဲ့သို့သော ပဋိပက္ခထွက်ပေါ်လာစေသည့် အကြောင်းရင်းခံများကို ဖြေရှင်းပြီး သက်ဆိုင်သည့်ပြဿနာများကို ဆွေးနွေးပြီး ဖြေရှင်းရန် ကြိုးပမ်းသည်။ (ယင်းကို ဆွေးနွေးညှိနှိုင်းခြင်းဖြစ်စဉ်မှတစ်ဆင့် လုပ်ဆောင်ပြီး ပံ့ပိုးဆွေးနွေးပေးသည် (သို့) စေ့စပ်ညှိနှိုင်းပေးသူ အဖြစ် ကြားဝင်စေ့စပ်ရေးအဖွဲ့၏ အကူအညီများ ပါဝင်နိုင်သည်။)

ပဋိပက္ခဖြေရှင်းရေး နည်းလမ်းများကအောက်ပါတို့ကို ရည်ရွယ်သည်။

*ပဋိပက္ခတွင်ပါဝင်နေသည့် အဖွဲ့များအားလုံး ကိုယ်တိုင်အချိန်ယူ ဆွေးနွေးထားပြီး လက်ခံထား သော အဖွဲ့များအားလုံးအတွက် ယေဘုယျအားဖြင့် လက်ခံနိုင်သည့် အဖြေတစ်ခုထွက်လာရန် ဖြစ်သည် (Mitchell, 1981, 276)။*

ဤသည်မှာ ကျေအေးခြင်းနှင့် ဖြေရှင်းခြင်းတို့အကြား ကွာခြားချက်များ ဖြစ်သည်။ ကျေအေးခြင်းက အရင်းခံ ပြဿနာများကို ဖြေရှင်းခြင်းမပြုဘဲ ကျေအေးလိုက်ခြင်းဖြစ်သည်။ ပဋိပက္ခဖြေရှင်းခြင်းကို ထောက်ခံသူများက အခြေအနေ၊ အပြုအမူ၊ သဘောထားဟူသည့် ပဋိပက္ခတစ်ခု၏ အစိတ်အပိုင်းများအားလုံးကို ပြောင်းလဲရန် ကြိုးပမ်းသည်။ နည်းလမ်းတစ်ခုမှာ ပါဝင်သူများကို ဖြစ်စဉ်တွင်း တက်ကြွစွာပါဝင်ခိုင်းခြင်းဖြင့် ၎င်းတို့ဘာသာ အသိအမြင်ပွင့်လာအောင် လုပ်ဆောင်ခြင်းဖြစ်သည်။ ထိုကဲ့သို့သော ပါဝင်အောင်လုပ်ဆောင်ခြင်းက အဖွဲ့များကို အခြေအနေနှင့် ပဋိပက္ခတွင်ပါဝင်သည့် အခြားအဖွဲ့များ၊ လုပ်ဆောင်နိုင်သည့် ရွေးချယ်စရာများအား ပို၍ ရှင်းရှင်းလင်းလင်း လေ့လာဆန်းစစ်စေနိုင်ပြီး ၎င်းတို့ကို ပဋိပက္ခဖြေရှင်းရန် အဖြေများအား အသိအမှတ်ပြု၊ လက်ခံ၊ အကောင်အထည်ဖော်ရန် အထောက်အကူပြုစေသည်။

ထို့ကြောင့် ပဋိပက္ခဖြေရှင်းခြင်းသည် *တိုက်ရိုက်၊ ဖွဲ့စည်းလည်ပတ်ပုံနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုများ၏ အကြောင်းရင်းခံများကို ဖြေရှင်းရန် ရည်ရွယ်ထားသည့် ဖြစ်စဉ်အခြေပြုလုပ်ငန်းတစ်ရပ်* ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အကြမ်းဖက်မှုဆိုသည်မှာ မတူညီသော အာဏာ၊ လွှမ်းမိုးမှုနှင့် မှီခိုမှုတို့ တည်ရှိနေသည့် ပဋိပက္ခတစ်ခု၏ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး တည်ဆောက်ပုံများ ဖြစ်သည်။ ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုဆိုသည်မှာ တိုက်ရိုက်နှင့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အကြမ်းဖက်မှုကို လူမှုရေးနှင့် ယဉ်ကျေးမှုအရ တရားဝင်စေခြင်း ဖြစ်သည်။ ပဋိပက္ခကျေအေးခြင်းနှင့် ကွာခြားစွာပင် ပဋိပက္ခ ဖြေရှင်းခြင်းက ကာလရှည်ကြာဖြစ်ပွားနေသည့် ပဋိပက္ခများသည် လူသားတို့၏ လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်သောကြောင့် ဖြစ်သည်ဟု ယူဆထားသည်။ ကာလရှည်ကြာဖြစ်ပွားနေသည့် ပဋိပက္ခများ၏ အကြောင်းရင်းခံကို ပဋိပက္ခတွင်ပါဝင်သည့် ဇာတ်ကောင်များ၏ လိုအပ်ချက်များတွင် ရှာဖွေတွေ့ရှိနိုင်သည်။ ထိုနယ်ပယ်အတွက် သုတေသနကို အဇာ (Azar) ၏ *ကာလရှည်ကြာ ဖြစ်ပွားနေသည့် လူမှုပဋိပက္ခများ* နှင့် ဘာတန် (Burton) ၏ *လူသားတို့၏ လိုအပ်ချက်များဆိုင်ရာ သီအိုရီ* တို့က လွှမ်းမိုးထားသည်။ ထို့ကြောင့် ဘာတန် (Burton (1990)) က လုံခြုံရေး၊ ကိုယ်ပိုင်သရုပ်သဏ္ဌာန်၊ အသိအမှတ်ပြုခြင်း၊ အစားအသောက်၊ နားခိုစရာ၊ လုံခြုံမှု၊ ပါဝင်ခြင်း၊ တရားမျှတစွာ ခွဲဝေပေးမှုနှင့် ဖွံ့ဖြိုးရေး ကဲ့သို့သော အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ တစ်ကမ္ဘာလုံးတွင် လိုလားသည့်အချက်များ ဖြစ်ကြောင်း ထောက်ပြခဲ့သည်။

ပဋိပက္ခဖြေရှင်းခြင်း၏ ရည်ရွယ်ချက်မှာ အဖွဲ့များကို အဆိုပါ အရင်းခံလိုအပ်ချက်များကို သတိပြုမိရန်နှင့် ညှိနှိုင်းအလျှော့ပေးခြင်း မပြုနိုင်သည့်တိုင် အဖွဲ့များကို ၎င်းတို့၏ အကျိုးစီးပွားများနှင့် သဘောထားများကို ပြန်လည်သတ်မှတ်အောင် အားပေးသည်။ ထို့ကြောင့် ဤသည်က ပဋိပက္ခကို နှစ်ဦးနှစ်ဖက် လက်ခံနိုင်သော ဖြေရှင်းချက်ရှိသည့် ဘုံပြဿနာတစ်ခုအဖြစ် ရှုမြင်သည်။ ရည်ရွယ်ချက်မှာ ပဋိပက္ခကို အဆုံးသတ်ရန်သာ မဟုတ်ဘဲ အဆိုပါ မဖြည့်ဆည်းနိုင်သည့် လိုအပ်ချက်များမှ အခြေတည်လာသည့် ပဋိပက္ခ၏ အကြမ်းဖက်သော၊ ဖျက်ဆီးသော ထုတ်ဖော်ပြသမှုများကိုပါ အဆုံးသတ်ပြီး အဖွဲ့များ၏ ရပ်တည်ချက်များနှင့် အကျိုးစီးပွားများကို

ရှာဖွေဖော်ထုတ်ခြင်း၊ လေ့လာဆန်းစစ်ခြင်း၊ မေးခွန်းထုတ်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်းတို့မှတစ်ဆင့် ပဋိပက္ခကို ကျော်လွှားနိုင်ရန် အဖွဲ့များကို ကူညီပေးခြင်းဖြစ်သည်။ ထို့ပြင် ပဋိပက္ခဖြေရှင်းခြင်း ချဉ်းကပ်ပုံက အခြေအနေများကို ရှုမြင်ပုံအသစ်များ ထွက်ပေါ်လာစေရန်နှင့် ဆက်ဆံရေးများ တိုးတက်လာစေရန် ကြားဝင်စေ့စပ်ရေးအဖွဲ့များက ဝင်ရောက်လုပ်ဆောင်ခြင်းကိုလည်း အလေးထားသည်။ ဖြစ်စဉ်တွင် ကြားဝင်ပေးသူအဖွဲ့များက ပဋိပက္ခ၏ အရင်းခံများကို ရှာဖွေရန်နှင့် ၎င်းတို့ယခင်က သတိမထားမိသော ဖြေရှင်းချက်အသစ်များကို ဖော်ထုတ်ရန် လုပ်ဆောင်ကြသည်။ ဤသည်က အဖွဲ့များကို နိုင်သူအကုန်ယူ ရပ်တည်ချက်မှ ပဋိပက္ခအားဖြေရှင်းရန် ပို၍ အကျိုးပြုသော အပြုသဘောဆောင်သည့် သဘောထားသို့ ပြောင်းလဲလာအောင် ထောက်ကူပေးသည်။

## ၁.၃.၁၁ ပဋိပက္ခကို အခြေအနေကိုလိုက်၍ လိုက်ဖက်ညီအကျိုးပြုသော တုံ့ပြန်မှုများ

ယခုအခန်းက ယခုချိန်အထိ ပဋိပက္ခအခြေအနေများအတွက် စီမံခန့်ခွဲမှုမှ ဖြေရှင်းမှုအထိ ချဉ်းကပ်ပုံအမျိုးမျိုးကို လေ့လာခဲ့သည်။ ပဋိပက္ခအသွင်ပြောင်းလဲခြင်းကို လာမည့်အပိုင်းတွင် ဆွေးနွေးသွားပါမည်။ ချဉ်းကပ်ပုံများကို မြင်သာအောင် ရှင်းပြသည့် အခြားနည်းလမ်းတစ်ခုမှာ ပုံ (၁) တွင် ဖော်ပြထားသည့် ရမ်စ်ဘော့သမ်၊ ဝုဒ်ဟောက်စ်နှင့် မီအယ်လ် (Ramsbotham, Woodhouse and Miall (2011)) တို့ တင်ပြခဲ့သော *သဲနာရီပုံစံ* ကို လေ့လာခြင်းဖြစ်သည်။ ပဋိပက္ခတုံ့ပြန်ရေးဆိုင်ရာ သဲနာရီပုံစံကို ဖန်တီးရန် ထိုပုံတွင် ယင်းတို့ကို ဂယ်လ်တန်၏ ပဋိပက္ခနှင့် အကြမ်းဖက်မှု မြင့်တက်လာခြင်း/ အရှိန်လျော့သွားခြင်း အဆင့်များနှင့် ပေါင်းစပ်ထားသည်။

**ပုံ ၁။ ပဋိပက္ခအဆင့်များနှင့် ပဋိပက္ခဖြေရှင်းရေး တုံ့ပြန်မှုများဆိုင်ရာ သဲနာရီပုံစံ**




**မူရင်း။** Ramsbotham, Woodhouse, and Miall, 2011: 14

ပုံစံ၏အလယ်ပိုင်းက ပဋိပက္ခ အရှိန်မြင့်တက်လာခြင်းနှင့် အရှိန်လျော့ကျသွားခြင်းတို့၏ ပုံမှန်အစီအစဉ်ဖြစ်သည့် ကွာခြားချက်၊ ဆန့်ကျင်ဘက်ဖြစ်ခြင်း၊ အုပ်စုနှစ်စု ကွဲသွားခြင်း၊ အကြမ်းဖက်ခြင်း၊ စစ်ပွဲဖြစ်ပွားခြင်း၊ အပစ်အခတ်ရပ်စဲခြင်း၊ သဘောတူညီချက်ရရှိခြင်း၊ သာမန်အခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းနှင့် ရင်ကြားစေ့ခြင်းတို့ကို ဖော်ပြထားသည်။ အဆိုပါအသုံးအနှုန်းများ၏ အဓိပ္ပာယ်မှာ ရှင်းပြစရာမလိုလောက်ဘဲ အသေးစိတ်ကို အခန်း (၂) တွင် ဆွေးနွေးသွားပါမည်။ လက်ရှိအတွက်မူ ပဋိပက္ခသည် အတက်အကျရှိ၊ အပြောင်းအလဲဖြစ်နေပြီး ယခုဖော်ပြထားသည့်အစီအစဉ်မှာ မည်သည့်အခြေအနေတွင်မဆို ရှိသည့် ပဋိပက္ခအဆင့်များအတွက် ဥပမာတစ်ခုဖြစ်သည်။ အစောပိုင်းတွင် ဖော်ပြခဲ့သော ဒေါ့ချ်၏ ကျိုးကြောင်းဆက်စပ်မှုများအတိုင်း ထည့်သွင်းပေးသည့် ကိစ္စရပ်များအတိုင်း ပဋိပက္ခများက အတက်အကျရှိသည်။ ရှင်းရှင်းပြောရလျှင် အပြုသဘောဆောင်သော အခြေအနေလိုချင်လျှင် အပြုသဘောဆောင်သည့် ကိစ္စရပ်များ ထည့်သွင်းပေးရမည်။ အပျက်သဘောဆောင်သော အခြေအနေလိုချင်လျှင် အပျက်သဘောဆောင်သည့် ကိစ္စရပ်များ ထည့်သွင်းပေးရမည်ဖြစ်သည်။ ပုံစံ၏ ဘယ်ဘက်နှင့် ညာဘက်မှ အချက်များက ထည့်သွင်းပေးနိုင်သည့် တုံ့ပြန်မှုအမျိုးမျိုးကို တင်ပြထားခြင်းဖြစ်သည်။

> *သဲနာရီက ပဋိပက္ခ အရှိန်မြင့်တက်လာသည်နှင့် နိုင်ငံရေးနယ်ပယ် ကျဉ်းမြောင်းလာသည်ကို ပြသသည် (သဲနာရီပုံစံ၏ အပေါ်တစ်ဝက်)။ ပဋိပက္ခအရှိန်ကျလာသည်နှင့်အမျှ နိုင်ငံရေးနယ်ပယ် ကျယ်ပြန့်လာသည် (သဲနာရီပုံစံ၏ အောက်ပိုင်းတစ်ဝက်)။ နယ်ပယ်က ကျဉ်းမြောင်းခြင်း၊ ကျယ်ပြန့်ခြင်း ဖြစ်ပွားသည့်အလျောက် အမျိုးမျိုးသော ပဋိပက္ခဖြေရှင်းရေး တုံ့ပြန်မှုများကလည်း ပို၍ (သို့) လျော့၍ သင့်လျော် (သို့) ဖြစ်နိုင်လာသည် (Ramsbotham, Woodhouse, and Miall, 2011: 13)။*

အချို့သောတုံ့ပြန်မှုများကို ယခုအခန်းတွင် ဆွေးနွေးခဲ့ပြီးဖြစ်ပြီး အခြားတုံ့ပြန်မှုများ၊ အထူးသဖြင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊ ငြိမ်းချမ်းရေးပြုလုပ်ခြင်းနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းခြင်းဆိုင်ရာ ချဉ်းကပ်ပုံအမျိုးမျိုး အပါအဝင် ညာဘက်ခြမ်းရှိအချက်များကို နောင်လာမည့်အခန်းများတွင် အကျယ်တဝင့် ဆွေးနွေးသွားပါမည် (အထူးသဖြင့် အခန်း ၃၊ ၄၊ ၅ တို့တွင် ရှုပါ)။ ယခုဆွေးနွေးမှုအပိုင်းတွင် အဆိုပါတုံ့ပြန်မှုများ၏ အဓိပ္ပာယ်များကို အကျဉ်းချုံးရှင်းလင်းပြထားပါသည်။

- ***ငြိမ်းချမ်းရေးတည်ဆောက်ခြင်း*** - အထူးသဖြင့် ပါဝင်သည့်ဇာတ်ကောင်များ၊ ဇာတ်ကောင်များအကြား ဆက်ဆံရေးတည်ဆောက်ပုံများနှင့် ပဋိပက္ခတည်ဆောက်ပုံအပါအဝင် ပဋိပက္ခ၏အစိတ်အပိုင်းများ အားလုံးကို အပြည့်အဝပြောင်းလဲရန် စီမံထားသည့် ရေရှည်ကြိုးပမ်းမှုတစ်ခုဖြစ်သည်။ ထိုကြိုးပမ်းမှုများက စောနိုင်သမျှစောစောစပြီး ငြိမ်းချမ်းရေးဖြစ်ပွားစေရန် ခိုင်မာသောအခြေခံနှင့် ပလက်ဖောင်းအတွက် ပဋိပက္ခ ဇာတ်ကောင်အဆင့်များအားလုံး၊ အထူးသဖြင့် လမ်းကြောင်း ၂ နှင့် ၃ (Track 2 and 3) မှ ဇာတ်ကောင်များအားလုံး ပါဝင်စေရမည် (အခန်း (၃)၊ (၄)နှင့် (၅) တွင် ရှုပါ)။ ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် သော့ချက်မှာ (အမျိုးအစားအားလုံး၊ ပုံစံအားလုံး၏) ပဋိပက္ခ

အသွင်ပြောင်းလဲရေး ဖြစ်သည်။ ဤအကြောင်းကို လာမည့်အပိုင်းနှင့် အခန်း (၄)၊ (၅) တို့တွင် ဆွေးနွေးသွားပါမည်။

- ***ယဉ်ကျေးမှုဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း*** - ဇာတ်ကောင်များက ပဋိပက္ခအပေါ်ရှုမြင်ပုံနှင့် တုံ့ပြန်ပုံတို့ကို ပြောင်းလဲသည့်ဖြစ်စဉ်တစ်ခုဖြစ်သည်။ ဤအတွက် သော့ချက်မှာ ဇာတ်ကောင်များ၏ သဘောထားအမြင်များကို ပြောင်းလဲပစ်ရန် ဖြစ်သည်။
- ***ဖွဲ့စည်းလည်ပတ်မှုဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း*** - ပဋိပက္ခဖြစ်ပွားစေသည့် ဖွဲ့စည်းလည်ပတ်မှုပုံစံများကို ပြောင်းလဲပစ်သည့် ဖြစ်စဉ်ဖြစ်သည်။ ပဋိပက္ခကိုဖြစ်ပွားစေသည့် အင်စတီကျူးရှင်းများ၊ ဥပဒေများ၊ လုပ်ရပ်များကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာ ဖွဲ့စည်းလည်ပတ်မှု ပုံစံများသာမက ဇာတ်ကောင်များအကြား ဆက်ဆံရေးတည်ဆောက်မှုပုံစံများကိုလည်း ပြောင်းလဲပစ်ရသည်။
- ***ငြိမ်းချမ်းရေးဖန်တီးခြင်း*** - (ငြိမ်းချမ်းရေး) ဖြစ်စဉ်တစ်ခုတွင် ပါဝင်သည့် အဓိကဇာတ်ကောင်များသည် အကြမ်းဖက်မှုကို ရှောင်ရှားရန်နည်းလမ်းများကို ရှာဖွေနေသည်၊ ထို့ပြင်/သို့မဟုတ် အကြမ်းဖက်မှုအရှိန်မြင့်တက်လာခြင်းကို တားဆီးရန်နည်းလမ်းများကို ရှာဖွေနေသည်ဟု ရှုမြင်ထားသည့် လှုပ်ရှားမှုတစ်ရပ် ဖြစ်သည်။ ပဋိပက္ခကျေအေးနိုင်ရန် ဤသည်ကို နှစ်ဖက်အဖွဲ့များအတူတူ (သို့) ငြိမ်းချမ်းရေးဆိုင်ရာ ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်တစ်ခုတွင် ကြားခံအဖွဲ့တစ်ဖွဲ့၏ ပါဝင်မှုနှင့်ဖြစ်စေ လုပ်ဆောင်နိုင်သည် (အခန်း (၅) တွင် ရှုပါ)။
- ***ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း*** - ငြိမ်းချမ်းရေးထိန်းသိမ်းခြင်းတွင် ဖြစ်စဉ်ဖြစ်ပွားနေစဉ်အတွင်း မြေပြင်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းနိုင်ရန် အဓိကဇာတ်ကောင်များက တရားဝင်ခွင့်ပြုထားပြီး တရားဝင် ငြိမ်းချမ်းရေးဖြစ်စဉ်မှတစ်ဆင့် တာဝန်ပေးထားသော ကြားခံအဖွဲ့များ ပါဝင်သည်။ တာဝန်ပေးအပ်ခြင်းတွင် အပစ်အခတ်ရပ်စဲမှု ချိုးဖောက်ခြင်းများကို စောင့်ကြည့်ခြင်း၊ ဖွံ့ဖြိုးရေးဆိုင်ရာဖြစ်စဉ်များ ထောက်ပံ့ပေးခြင်းနှင့် မြှင့်တင်ပေးခြင်း၊ စွမ်းဆောင်ရည်မြှင့် လုပ်ဆောင်ချက်များမှ ငြိမ်းချမ်းရေးကို အထောက်အပံ့ပြုခြင်းတို့ကို အဓိကထားလုပ်ဆောင်ခြင်းများ ပါဝင်သည်။
- ***စစ်ပွဲကိုကန့်သတ်ခြင်း*** - စစ်ပွဲကိုကန့်သတ်ခြင်းဆိုသည်မှာ ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများ၊ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေ (international humanitarian law (IHL)) လမ်းညွှန်ချက်များအပါအဝင် စစ်ပွဲတွင်လုပ်ဆောင်နိုင်သည့် လုပ်ရပ်များကို စံနှုန်းများနှင့် စည်းမျဉ်းများ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းစံနှုန်းများနှင့် စည်းမျဉ်းများကို တရားသောစစ်ပွဲ ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးမှုများက လွှမ်းမိုးထားသည်။ "ပဋိပက္ခထိန်းသိမ်းရေး" ဟူသည့် အသုံးအနှုန်းက ပဋိပက္ခက အကြမ်းဖက်သည့်အခြေအနေ ဖြစ်နေသော (သို့) စစ်ပွဲအဆင့်သို့ ရောက်နေသော အခြေအနေများကို ဖော်ပြသည်။ အကြမ်းဖက်သော ထိပ်တိုက်ရင်ဆိုင်မှုများကို ထိန်းသိမ်းရန် လိုအပ်သည်။ ငြိမ်းချမ်းရေးဆိုင်ရာ နယ်ပယ်တွင် ထိုအဆင့်ကို စစ်ပွဲအားကန့်သတ်ခြင်း၊ ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း ဟုခေါ်သည်။ စစ်ပွဲကာလတွင် ပဋိပက္ခဖြစ်နေသောအဖွဲ့များက ၎င်းတို့၏ အရင်းအမြစ်အများစုကို စစ်တိုက်ရာတွင် အသုံးပြုသောအခါ စစ်ပွဲ၏အကျိုးဆက်အဖြစ် အကြမ်းဖက်သော ဖျက်ဆီးမှုများအား ရပ်တန့်ရန် ကြားဝင်ခြင်းက အလွန်ပင်လိုအပ်လာသည်။ အချို့သောအခြေအနေများတွင်၊ အထူးသဖြင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရရှိချိန်များတွင် အကြမ်းဖက်မှုကို ရပ်တန့်ရန်နှင့်

သဘောတူညီချက် အသက်ဝင်နေစေရန် ငြိမ်းချမ်းရေးထိန်းသိမ်းရေးဆိုင်ရာ ကြားခံအဖွဲ့တစ်ဖွဲ့က အင်အားသုံး၍ ဝင်ရောက်စွက်ဖက်ခြင်းက သင့်လျော်သည်။

တုံ့ပြန်မှုဥပမာများနှင့် မဟာဗျူဟာကျ တုံ့ပြန်မှုများအတွက် လိုအပ်သည့်အင်အားများကို ရမ်စ်ဘော့သမ်၊ ဝုဒ်ဟောက်စ်နှင့် မီအယ်လ်တို့က အောက်ပါအတိုင်း တင်ပြထားသည်။

**ဇယား ၁။ ပဋိပက္ခဖြေရှင်းရေး နည်းလမ်းများ၊ တစ်ခုနှင့်တစ်ခု လိုက်ဖက်ညီမှုများနှင့် သဲနာရီပုံစံ**

| ပဋိပက္ခအဆင့် | မဟာဗျူဟာမြောက်တုံ့ပြန်ပုံ | တုံ့ပြန်ပုံဥပမာနှင့် လိုအပ်သည့်အင်အား |
|---|---|---|
| *ကွာခြားခြင်း* | *ယဉ်ကျေးမှုဆိုင်ရာ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း* | • *ပြဿနာဖြေရှင်းခြင်း*<br>• *ဒေသခံများကိုအခြေပြုသော ပြဿနာဖြေရှင်းရေး အင်စတီကျူးရှင်းများကို ထောက်ပံ့ခြင်း၊ ပဋိပက္ခ ဖြေရှင်းရေးသင်တန်း*<br>• *အချက်အလက်ရှာဖွေရေးမစ်ရှင်များနှင့် ငြိမ်းချမ်းရေး ကော်မရှင်များ*<br>• *မတူကွဲပြားမှုကို နားလည်လက်ခံခြင်းနှင့် လေးစားခြင်း ယဉ်ကျေးမှု*<br>• *အမျိုးအစားစုံလင်ကွဲပြားပြီး အားလုံးပါဝင်သော ကိုယ်ပိုင် သရုပ်လက္ခဏာများ* |
| *ဆန့်ကျင်ဘက်ဖြစ်ခြင်း* | *ဖွဲ့စည်းလည်ပတ်မှုဆိုင်ရာ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း* | • *ဖွံ့ဖြိုးရေးအထောက်အပံ့*<br>• *အရပ်ဘက်အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း*<br>• *အုပ်ချုပ်ရေးဆိုင်ရာ သင်တန်းနှင့် အင်စတီကျူးရှင်း တည်ဆောက်ခြင်း*<br>• *လူ့အခွင့်အရေးသင်တန်း*<br>• *လမ်းကြောင်း (၂) (Track 2) ကြားဝင်ဖျန်ဖြေရေးနှင့် ပြဿနာဖြေရှင်းရေး*<br>• *အင်စတီကျူးရှင်းဆိုင်ရာ စွမ်းဆောင်ရည်*<br>• *ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ*<br>• *တရားဝင်မှုနှင့် လူမှုတရားမျှတမှု* |
| *အုပ်စုနှစ်စု ကွဲသွားခြင်း* | *အီလစ်များ ငြိမ်းချမ်းရေး ဖန်တီးခြင်း* | • *အထူးကိုယ်စားလှယ်များနှင့် တရားဝင်ဖျန်ဖြေပေးမှု*<br>• *ဆွေးနွေးညှိနှိုင်းခြင်း*<br>• *သံတမန်ရေးအရ ဖိအားပေး ဆွေးနွေးခိုင်းခြင်း*<br>• *ငြိမ်းချမ်းရေးထိန်းသိမ်းရန် ကာကွယ်တားဆီးခြင်း* |
| *အကြမ်းဖက်ခြင်း* | *ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း* | • *ကြားဝင်ဖျန်ဖြေခြင်း*<br>• *အရေးပေါ်အခြေအနေ စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းခြင်း* |
| *စစ်ပွဲဖြစ်ပွားခြင်း* | *စစ်ပွဲကိုကန့်သတ်ခြင်း* | • *ငြိမ်းချမ်းရေးကို အသက်ဝင်စေခြင်း*<br>• *ငြိမ်းချမ်းရေး ထောက်ပံ့ခြင်းနှင့် တည်ငြိမ်စေခြင်း* |

| ပဋိပက္ခအဆင့် | မဟာဗျူဟာမြောက်တုံ့ပြန်ပုံ | တုံ့ပြန်ပုံဥပမာနှင့် လိုအပ်သည့်အင်အား |
|---|---|---|
| အပစ်အခတ်<br>ရပ်စဲခြင်း | ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း | • ငြိမ်းချမ်းရေးထိန်းသိမ်းရန် ကာကွယ်တားဆီးခြင်း<br>• လက်နက်ဖြုတ်သိမ်းရေးနှင့် လုံခြုံရေးတပ်ဖွဲ့များကို ပြုပြင်ပြောင်းလဲ ဖွဲ့စည်းခြင်း<br>• ယုံကြည်မှုတည်ဆောက်ခြင်းနှင့် လုံခြုံရေးမြှင့်တင်ရေး ဆိုင်ရာ လုပ်ဆောင်ချက်များ<br>• ရဲများကို သင်တန်းပေးခြင်းဖြင့် လူထုကိုလုံခြုံစေခြင်း |
| သဘောတူညီချက်<br>ရရှိခြင်း | အီလစ်များ ငြိမ်းချမ်းရေး ဖန်တီးခြင်း | • ရွေးကောက်ပွဲနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ခြင်း<br>• အာဏာခွဲဝေခြင်းနှင့် အာဏာကို ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း<br>• ပြဿနာဖြေရှင်းခြင်း |
| သာမန်အခြေအနေသို့<br>ပြန်လည်ရောက်ရှိခြင်း | ဖွဲ့စည်းလည်ပတ်မှုဆိုင်ရာ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း | • စုပေါင်း၍ လုံခြုံရေး တာဝန်ယူခြင်းနှင့် ပူးပေါင်းရေး ဆိုင်ရာ အစီအမံများ<br>• စီးပွားရေးအရင်းအမြစ်များအတွက် ပူးပေါင်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှု<br>• ကာကွယ်ရေးအတွက် အခြားနည်းလမ်းများ ရှာဖွေခြင်း |
| ရင်ကြားစေ့ခြင်း | ယဉ်ကျေးမှုဆိုင်ရာ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း | • စုံစမ်းစစ်ဆေးရေးကော်မရှင်၊ အမှန်တရားနှင့် တရားမျှတမှုဆိုင်ရာကော်မရှင်<br>• ငြိမ်းချမ်းရေးမီဒီယာများ ပေါ်ထွက်လာစေခြင်း<br>• ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအသိပညာမြှင့်တင်ရေး ပညာရေးအစီအစဉ်များနှင့် သင်တန်းများ<br>• ယဉ်ကျေးမှုဖလှယ်ခြင်းနှင့် လုပ်ဆောင်မှုများ၊ အားကစားမှတစ်ဆင့် ပြန်လည်ရင်ကြားစေ့ခြင်း<br>• အနာဂတ်ကိုပုံဖော်ပြီး ပြဿနာဖြေရှင်းခြင်း |

**မူရင်း။** Ramsbotham, Woodhouse, and Miall, 2011: 16

အထက်ပါ ဇယား (၁) တွင် ဖော်ပြထားသည့် မဟာဗျူဟာမြောက် တုံ့ပြန်မှုများနှင့် ဥပမာများကို ယခုစာအုပ်၏ အခြားသောအခန်းများတွင် ဆွေးနွေးသွားပါမည်။ ထို့ပြင် ထိုတုံ့ပြန်မှုများကို အသုံးပြုပုံအား ပြသရန် ဒေသတွင်းမှ တီထွင်ဆန်းသစ်မှုများကို အဓိကထားပြီး ဖြစ်ရပ်လေ့လာခြင်းများကိုလည်း တင်ပြသွားပါမည်။ အခြေအနေတစ်ရပ်တွင် မည်သည့်တုံ့ပြန်ပုံကို အသုံးပြုရမည်မှာ ဖြစ်ရပ်အပေါ်မူတည်မည်။ ပဋိပက္ခအမျိုးအစား၊ ပါဝင်ပတ်သက်သူများနှင့် အခြားသောဇာတ်ကောင်များထံမှ ထောက်ပံ့မှု ရ၊ မရ၊ ပဋိပက္ခဖြေရှင်းရန် အတိတ်မှ အတွေ့အကြုံများနှင့် ရယူလိုသည့် ရလဒ်တို့ ဖြစ်ကြသည်။ တစ်ချိန်တည်းမှာပင် ဝင်ရောက်ဖျန်ဖြေသူများသည် တစ်ချိန်တည်းတွင် ချဉ်းကပ်ပုံတစ်ခုထက်ပို၍ အသုံးပြုနိုင်ခြေအပါအဝင် ဖြစ်နိုင်ခြေများအားလုံးအတွက် အသင့်ရှိနေရမည်။ ဖစ်ရှာနှင့် ကက်ရှ်လီ (Fisher and Keashly (1991)) တို့၏ လေ့လာမှုကို အကျယ်ဖြန့်၍

ဤသည်ကို *အခြေအနေကိုလိုက်၍ တုံ့ပြန်သည့်ပုံစံနှင့် လိုက်လျောညီထွေရှိသည်များကို ရောစပ်အသုံးပြုသည့်* ပုံစံဟု ရှုမြင်နိုင်သည်။ ဤနေရာတွင် အခြေအနေကိုလိုက်၍ ဆိုသည်မှာ ပဋိပက္ခ၏ သဘောသဘာဝ၊ အဆင့်နှင့် သင့်တော်သည့် ချဉ်းကပ်ပုံနှင့် ပြင်ဆင်ရန်လိုအပ်ခြင်းကို ဆိုလိုခြင်းဖြစ်ပြီး လိုက်လျောညီထွေ ရှိသည်များကို ရောစပ်အသုံးပြုခြင်းဆိုသည်မှာ အကောင်းဆုံးရလဒ်ရအောင် သင့်တော်သည့် တုံ့ပြန်မှုများ ပေါင်းစပ် ရွေးချယ်ခြင်း ဖြစ်သည်။ လိုက်လျောညီထွေ ရှိသည်များကို ရောစပ်အသုံးပြုခြင်းတွင် လမ်းကြောင်းအမျိုးမျိုး (Tracks 1, 2 နှင့် 3) မှ ငြိမ်းချမ်းရေးဇာတ်ကောင်များနှင့် နေရာများ (ဒေသတွင်း၊ ပြည်တွင်း၊ နိုင်ငံတကာ) တို့က တစ်ဦး၏လုပ်ငန်းကို တစ်ဦးက မည်ကဲ့သို့ လိုက်လျောညီထွေစွာ အကျိုးပြုနိုင်ခြင်းကို ဆိုလိုသည်။ ပဋိပက္ခ အသွင်ပြောင်းလဲရေးချဉ်းကပ်ပုံတွင် ပါဝင်သည့် အဓိကအစိတ်အပိုင်းများကို လာမည့်အပိုင်းတွင် ဆွေးနွေးသွား ပါမည်။

## ၁.၃.၁၂ ပဋိပက္ခအသွင်ပြောင်းလဲခြင်း

ဤစာအုပ်တွင် ပဋိပက္ခအသွင်ပြောင်းလဲခြင်းကို အရှေ့တောင်အာရှ လူ့အဖွဲ့အစည်းများတွင် ရေရှည်တည်တံ့ သည့် တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသောငြိမ်းချမ်းရေး ဖန်တီးရန် ကြိုးပမ်းမှုများအား ဖော်ပြဖို့ အသုံးပြုထား သည်။ ပဋိပက္ခအသွင်ပြောင်းလဲခြင်းသည် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းချဉ်းကပ်ပုံနှင့် များစွာ ဆက်စပ်နေ သည်။ ထိုချဉ်းကပ်ပုံနှစ်ခုက အတူတကွ အသုံးများသည့် ပဋိပက္ခစီမံခန့်ခွဲရေးနှင့် ပဋိပက္ခကာကွယ်တားဆီးရေး မဟာဗျူဟာများမှ ဖယ်ခွာပြီး ဒေသတွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှု ပြောင်းလဲပုံ၊ အထူးသဖြင့် နိုင်ငံများအကြား ပဋိပက္ခများအပေါ် သက်ရောက်မှုရှိခဲ့သည်။ အဆိုပါ *အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်မှု ချဉ်းကပ်ပုံ*နှင့် ယင်းကို ဒေသတွင်းအသုံးပြုပုံများကို အခန်း (၄) နှင့် (၅) တွင် အကျယ်တဝင့် ဆွေးနွေးသွားပါမည်။ ယခုအပိုင်းက ပဋိပက္ခအသွင်ပြောင်းလဲခြင်း သဘောတရားကို အတိုချုံး မိတ်ဆက်သွားပါမည်။

*ပဋိပက္ခအသွင်ပြောင်းလဲခြင်း*သည် ပြောင်းလဲရေးဖြစ်စဉ်တစ်ခု ဖြစ်သည်။ ဤသည်မှာ မငြိမ်းချမ်းသည့် အခြေအနေတစ်ခုမှ ငြိမ်းချမ်းသည့် အခြေအနေကို ကူးပြောင်းခြင်း၊ ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးမှ တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးသို့ ကူးပြောင်းခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် အပြောင်းအလဲကို ရေရှည်တည်တံ့ခိုင်မြဲအောင် ကြိုးပမ်းမှုများ ပြုလုပ်ရသည်။ နက်ရှိုင်းစွာ အမြစ်တွယ်နေသော လူမှုပဋိပက္ခများကို အသွင်ပြောင်းလဲခြင်းသည် အဓိကပြဿနာများကို ဖြေရှင်းခြင်း (ပဋိပက္ခဖြေရှင်းရေး) သာမက ထိုအခြေအနေသို့ရောက်အောင် လုပ်ဆောင်သည့် ဖြစ်စဉ်လည်းပါသည်။ ထို့ပြင် ပဋိပက္ခ အသွင်ပြောင်းလဲရေးတွင် ဆက်ဆံရေးများကို ပြန်လည်တည်ဆောက်ခြင်း၊ ငြိမ်းချမ်းရေးအတွက် အဆောက်အဦအသစ်များ ဖန်တီးခြင်း၊ လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးယဉ်ကျေးမှုကို မြှင့်တင်ခြင်းတို့ ပါဝင်ပြီး ယင်းတို့မှာ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် တူညီသော ရည်မှန်းချက်များနှင့် ဖြစ်စဉ်များ ရှိသည်။ ဂျွန်ပေါလ်လက်ဒ်ရက်ချ် (John Paul Lederach (1997: 84)) က ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကို အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့သည်။

*ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအတွက် ဖြစ်စဉ်ပုံစံက နက်ရှိုင်းစွာ အကွဲအပြဲဖြစ်နေသော၊ ရန်လိုနေသော၊ အကြမ်းဖက်သော ဆက်ဆံရေးများရှိသည့် စစ်ပွဲစနစ်တစ်ခုကို ပဋိပက္ခအား ဖော်ပြရာနှင့် ကိုင်တွယ်ရာတွင် အကြမ်းမဖက်သောနည်းလမ်းများ ရှာဖွေနိုင်စွမ်းရှိကာ တရားမျှတပြီး အပြန်အလှန်မှီခိုသည့် ဆက်ဆံရေးများရှိသည့် ငြိမ်းချမ်းရေးစနစ်တစ်ခုအဖြစ် ပြောင်းလဲပစ်လိုက်ခြင်း ဖြစ်သည်။ ရည်မှန်းချက်မှာ ငြိမ်သက်နေခြင်း (တုံ့ဆိုင်းနေခြင်း) မဟုတ်ဘဲ စဉ်ဆက်မပြတ်ပြောင်းလဲနေသည့် မိမိဘာသာ အသက်ဝင်ရှင်သန်နေသည့် ဖြစ်စဉ်များ ဖန်တီးရန် ဖြစ်သည်။...ထိုသို့သော အခြေခံအဆောက်အဦကို လူထုကွန်ရက်များ၊ ၎င်းတို့၏ ဆက်ဆံရေးများနှင့် လုပ်ဆောင်မှုများ၊ ရှာဖွေနေသည့် အပြောင်းအလဲများ ရေရှည်တည်တံ့ရန် လိုအပ်သော လူမှုတည်ဆောက်မှုများဖြင့် ပြုလုပ်ထားသည်။ ယင်းမှာ လူ့အဖွဲ့အစည်းတစ်ခု၏ အဆင့်များအားလုံးတွင် ဖြစ်ပေါ်နေသည်။ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ဆိုင်ရာ အခြေခံအဆောက်အဦသည် အကြမ်းဖက်မှု စက်ဝန်းများကြား ပိတ်မိနေခြင်းမှ လိုလားအပ်ပြီး ဝေမျှထားသည့် အချင်းချင်းကြား အပြန်အလှန်မှီခိုခြင်း မျှော်မှန်းချက်မှ ထွက်ပေါ်လာသည့် လူမှုပြောင်းလဲရေးဖြစ်စဉ်ကို ထောက်ပံ့ခြင်းနှင့် ဆက်စပ်သည်။*

အတွေ့အကြုံအသစ်များနှင့်/သို့မဟုတ် တစ်ဦးချင်းစီ အတွင်းမှ ပြောင်းလဲမှုများကြောင့် လူမှုစနစ်များတွင် ပါဝင်သူများ တစ်ဦးချင်းစီက ၎င်းတို့၏ ကမ္ဘာ့အမြင်များကို ပြန်လည်ချိန်ညှိ ပြောင်းလဲသောအခါ လူမှုစနစ်များ ပြောင်းလဲလာသည်။ တစ်ချိန်တည်းမှာပင် ဦးတည်ချက်အသစ်ကို ပြောင်းလဲမှုအား လွှမ်းမိုးနိုင်သည့် အခြေအနေဆိုင်ရာ ကိစ္စရပ်များနှင့် ပြင်ပမှကိစ္စရပ်များလည်း ရှိသေးသည်။ သို့ရာတွင် စနစ်အတွင်းရှိ လက်ရှိတန်ဖိုးများကို ပြောင်းလဲပစ်ရန်မှာမူ စနစ်၏အခြေခံယူဆချက်များကို စိန်ခေါ်ရန် စိတ်ဆန္ဒရှိခြင်းဖြင့် စတင်သည့် ဖန်တီးနိုင်စွမ်းရှိသော ပြောင်းလဲရေးမဟာဗျူဟာများ လိုအပ်သည်။ တစ်နည်းအားဖြင့် အသွင်ပြောင်းလဲခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းတို့သည် အတူဖြစ်ပေါ်သည်။ အဘယ်ကြောင့်ဆိုသော် ငြိမ်းချမ်းရေး တည်ဆောက်ခြင်းတွင် ပဋိပက္ခကိုဖြစ်ပွားစေခဲ့သည့် စနစ်၊ တည်ဆောက်ပုံများနှင့် ဖြစ်စဉ်များကို ပြောင်းလဲပစ်ရန် လိုအပ်သောကြောင့် အသွင်ပြောင်းလဲခြင်းက ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအတွက် လိုအပ်သည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ယခုစာအုပ်၏ ချဉ်းကပ်ပုံက ယင်းတို့ကို *အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေး တည်ဆောက်မှု* ၏ လိုက်ဖက်ညီပြီး အတူရှိနေသော မူဘောင်အဖြစ် ရှုမြင်ထားသည်။

ပဋိပက္ခအသွင်ပြောင်းလဲခြင်းနှင့် ပတ်သက်ပြီး လက်ဒ်ရက်ချ် (Lederach (1995: 201)) က အောက်ပါအတိုင်း မှတ်ချက်ပြုခဲ့သည်။

*အသွင်ပြောင်းလဲခြင်းသည် ပဋိပက္ခတွင်ပါဝင်သည့် ကိစ္စရပ်များအကြောင်း ဖော်ပြရာတွင် ကျယ်ပြန့်သလို လုပ်ဆောင်သင့်သည့် ကိစ္စရပ်များကို အကြံပြုရာတွင်လည်း ပဋိပက္ခအပေါ် ရှုထောင့်စုံမှလေ့လာသည့် မူဘောင်ကို ထည့်သွင်းထားသည့် အားသာချက်ရှိသည်။ ဖော်ပြခြင်းအပိုင်းတွင် 'အသွင်ပြောင်းလဲခြင်း'က ပဋိပက္ခသည် ကိစ္စရပ်များကို အပျက်သဘော*

*(သို့) အပြုသဘောမှ သက်ရောက်မှုရှိပြီး ပြောင်းလဲသည်ဟု ဆိုထားသည်။ ပဋိပက္ခက ပြောင်းလဲပစ်သည့်အရာအချို့ကို ဖော်ပြရလျှင် ဆက်ဆံရေးများ၊ ဆက်သွယ်ရေး၊ သဘောထား အမြင်များ၊ ပြဿနာများနှင့် လူမှုအဖွဲ့အစည်းများ ဖြစ်ကြသည်။ လုပ်ဆောင်သင့်သည့် ကိစ္စရပ်များကို အကြံပြုရာတွင် အသွင်ပြောင်းလဲခြင်းက ကျယ်ပြန့်သော လူမှုတည်ဆောက်ပုံ များ၊ ပူးပေါင်းမှုဖြစ်စေမည့်လူမှုနယ်ပယ်၊ ပဋိပက္ခများကိုကိုင်တွယ်ရာတွင် ပို၍ တရားမျှတသောဆက်ဆံရေးများနှင့် အကြမ်းမဖက်သောယန္တရားများ (သို့) ပြောင်းလဲနေပြီး ပို၍ငြိမ်းချမ်းသော ဆက်ဆံရေးများသို့ ပြောင်းလဲပစ်ခြင်း၊ ရွေ့လျားခြင်းနှင့် သက်ဆိုင်သည်။*

ပဋိပက္ခအသွင်ပြောင်းလဲခြင်းက ပဋိပက္ခအပေါ် ပို၍ပြည့်စုံသော အမြင်တစ်ခုကို တင်ပြပေးသည်။ အဘယ်ကြောင့်ဆိုသော် ယင်းက ပဋိပက္ခ၏ ပြောင်းလဲတတ်သောသဘောတရားကို ဖော်ပြပြီး ပဋိပက္ခ၏ အစိတ်အပိုင်းများက အတိုင်းအတာတစ်ခုအထိ ခန့်မှန်း၍ရနိုင်သည့် အဆင့်များအလိုက် ပြောင်းလဲနေကာ ဆက်ဆံရေးများနှင့် လူမှုအဖွဲ့အစည်းများကပါ လိုက်ပါပြောင်းလဲနေကြောင်း အသိအမှတ်ပြုထားသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် ပဋိပက္ခအတွက် အဖြေတစ်ခုကို ပို၍ကောင်းကောင်း ရှာဖွေနိုင်သည်။ ပဋိပက္ခ အသွင်ပြောင်းလဲရေးတွင် အဖွဲ့များကို စွမ်းရည်မြှင့်ပေးခြင်းလည်း ပါဝင်သည်။ အဖွဲ့များ၏ ယဉ်ကျေးမှုအတွင်း အသွင်ပြောင်းလဲရေးဖြစ်စဉ်အတွက် အကျိုးရှိနိုင်မည့် အချက်များကို ဖော်ထုတ်ခြင်းလည်း ပါဝင်သည်။ ရူပီဆင်း (Rupesinghe (1996)) က ယဉ်ကျေးမှုတစ်ခုချင်းစီတွင် ပဋိပက္ခများကိုဖြေရှင်းရန် လုံလောက်သည့် အရင်းအမြစ်များ ရှိသည်ဟု ဆိုသည်။ ပဋိပက္ခအသွင်ပြောင်းလဲခြင်း၏ တာဝန်မှာ ပဋိပက္ခတွင်ပါဝင်သူများကို ထိုအရင်းအမြစ်များအား အသုံးပြုပြီး ပဋိပက္ခအခြေအနေများကို ပြောင်းလဲပစ်ရန်နှင့် လူ့အဖွဲ့အစည်း၏ တည်ဆောက်ပုံကို ငြိမ်းချမ်းပြီး အားလုံးအတွက် တရားမျှတသည့်ပုံစံ ပြောင်းလဲပစ်ရန် အားပေးခြင်းဖြစ်သည်။ ထို့ကြောင့် အဓိကအာရုံစိုက်မှုက ဒေသခံဇာတ်ကောင်များ (သို့) အဖွဲ့များကို ပြောင်းလဲပစ်ခြင်းနှင့် အားပေးခြင်းများနှင့် စတင်သည်။ အဘယ်ကြောင့်ဆိုသော် အပြောင်းအလဲက အတွင်းမှစပြီး လက်ဒ်ရက်ချ် (Lederach) ၏ အဆိုအတိုင်းပြောရလျှင် အဖြေက “ပဋိပက္ခစတင်ပေါက်ဖွားရာမြေ”မှပင် ထွက်ပေါ်သည်။[8]

ကာလရှည် စနစ်အပြောင်းအလဲများကို တဖြည်းဖြည်းရောက်ရှိနိုင်သည့် အကြောင်းရင်းခံဖြစ်စဉ်များကို ရှာဖွေဖော်ထုတ်ရန် အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်မှု ချဉ်းကပ်ပုံက ဖြစ်ရပ်များကို အပေါ်ယံ လေ့လာသုံးသပ်ခြင်းထက် ပို၍ ထဲထဲဝင်ဝင် လုပ်ဆောင်ရမည်ဟု ရှုမြင်သည်။ ယင်းတို့တွင် လူတစ်ဦးချင်းစီ၏ လုပ်ရပ်များကို ပုံသွင်းပေးသော တည်ဆောက်ပုံစနစ်များ၊ လူ့အဖွဲ့အစည်းအတွင်း အကြမ်းဖက်သော လုပ်ဆောင်မှုများကို အားပေးသည့် အခြေအနေများကို ဖန်တီးပေးသော တည်ဆောက်ပုံစနစ်များ ပါဝင်သည်။ ပဋိပက္ခကို ဖြစ်ပေါ်စေသည့် စီးပွားရေးနှင့် အင်စတီကျူးရှင်းဆိုင်ရာ တည်ဆောက်ပုံများကို လေ့လာပြီး ၎င်းတို့ကို ပြောင်းလဲရန် မူဝါဒ တုံ့ပြန်ချက်များ ပြဋ္ဌာန်းခြင်းက မလုံလောက်ပေ။ သမိုင်းစဉ်လာ ပဋိပက္ခများက ပုံသွင်းလာသည့် အမြစ်တွယ်နေပြီဖြစ်သော သဘောထားအမြင်များနှင့် အုပ်စုများအကြား ဆက်ဆံရေး ပုံစံများကိုလည်း ပြောင်းလဲရန် လိုအပ်သည်။ အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်မှုတွင်

[8] ပဋိပက္ခစတင်ပေါက်ဖွားရာမြေမှ ဒေသခံဇာတ်ကောင်များကို ပြောင်းလဲခြင်းနှင့် အားပေးခြင်းဥပမာများကို အခန်း (၄) နှင့် (၅) တွင် တင်ပြထားသည်။

လူမှုရေးဖြစ်စဉ် တစ်ခုလုံးပြောင်းလဲမှုကို ဖန်တီးရန် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းများအားလုံး ပါဝင်မှု လိုအပ်သည် (နိုင်ငံတော်၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ (civil society organizations (CSOs))၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (non-governmental organizations (NGOs))။ အဆိုပါ ပဋိပက္ခအသွင်ပြောင်းလဲချဉ်းကပ်ပုံကို အခန်း (၄) နှင့် (၅) တွင် ဒေသတွင်းဥပမာများ၊ ဖြစ်ရပ်လေ့လာခြင်းများနှင့် ဝေဝေဆာဆာ ဆွေးနွေးသွားပါမည်။ ယခုအခန်း၏ ကျန်ရှိသောအပိုင်းများတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ လေ့လာရေး၏ ပြောင်းလဲမှုများနှင့် ယင်းပြောင်းလဲမှုများက ဒေသတွင်း အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေး တည်ဆောက်ခြင်းချဉ်းကပ်ပုံကို မည်ကဲ့သို့သက်ရောက်မှုရှိသည်ကို ဆွေးနွေးသွားပါမည်။

## ၁.၄ အရှေ့တောင်အာရှတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးအတွက် အခြေခံများ

အရှေ့တောင်အာရှဒေသတွင် အတိတ်ကာလက ပဋိပက္ခကိစ္စရပ်များနှင့် ဖြစ်ရပ်များ ရှိခဲ့သော်လည်း ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးက ၁၉၉၀ ပြည့်လွန်နှစ်များတွင်မှ လေ့လာရေးနယ်ပယ်သစ်တစ်ခု ဖြစ်လာခဲ့သည်။ ဤသည်ကို ထိုကာလအတွင်း ဖန်တီးခဲ့သော ငြိမ်းချမ်းရေး၊ ပဋိပက္ခ၊ လူ့အခွင့်အရေးနှင့် အခြားဆက်နွယ်သော ဘာသာရပ်များကို အဓိကအလေးထားသည့် သုတေသနစင်တာများနှင့် ပညာရပ်ဆိုင်ရာ အစီအစဉ်များမှတဆင့် တွေ့နိုင်သည်။ ယခင်က အဆိုပါကိစ္စရပ်များကို နိုင်ငံရေးသိပ္ပံ၊ နိုင်ငံတကာဆက်ဆံရေး၊ စိတ်ပညာ၊ လူမှုဗေဒ၊ ဥပဒေနှင့် လုံခြုံရေး လေ့လာမှုများ အပါအဝင် အခြားသော သုတေသနနှင့် ပညာရပ် အစီအစဉ်များတွင်သာ အဓိက ဆွေးနွေးခဲ့ကြသည်။ သို့ရာတွင် ၁၉၉၀ ပြည့်လွန်နှစ်များတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခကို လေ့လာရန် စင်တာအသစ်များနှင့် သုတေသနနှင့် ပညာရပ်အစီအစဉ်အသစ်များကို အဆင့်မြင့် ပညာရေး၏ အင်စတီကျူးရှင်းများတွင် စတင်မိတ်ဆက်လာသည်။

ဒေသတွင်း ငြိမ်းချမ်းရေးအတွက် ပညာရေးစင်တာများ၊ တစ်စိတ်တစ်ပိုင်း ပညာရပ်ဆိုင်ရာ စင်တာများ၊ အဖွဲ့များနှင့် ကွန်ရက်များတွင် အောက်ပါတို့ ပါဝင်သည်။

- အရှေ့တောင်အာရှ ပဋိပက္ခလေ့လာရေးကွန်ရက် (Southeast Asia Conflict Studies Network (SEACSN))
- အရှေ့တောင်အာရှ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးကွန်ရက် (Southeast Asia Human Rights and Peace Network (SEAHRN))
- အာဆီယံ/အရှေ့တောင်အာရှတွင် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ သင်ကြားပို့ချမှုများနှင့် သုတေသနများ မြှင့်တင်ရေးဆိုင်ရာ အစီအစဉ် (Strengthening Human Rights and Peace Education and Research in ASEAN/Southeast Asia (SHAPE SEA))
- လက်နက်ကိုင်ပဋိပက္ခ ကာကွယ်တားဆီးရေးဆိုင်ရာ ကမ္ဘာ့မိတ်ဖက်အဖွဲ့၊ အရှေ့တောင်အာရှ (Global Partnership for the Prevention of Armed Conflict, Southeast Asia (GPPAC-SEA))
- ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ အာဆီယံ အင်စတီကျူ (ASEAN Institute for Peace and Reconciliation (ASEAN-IPR))

- လူ့အခွင့်အရေးဆိုင်ရာ အာဆီယံအစိုးရများကော်မရှင် (ASEAN Intergovernmental Commission on Human Rights (AICHR))
- အာဆီယံ မူဆလင် လှုပ်ရှားမှုကွန်ရက် (Asian Muslim Action Network (AMAN))
- အာရှလှုပ်ရှားမှု (Action Asia)
- ငြိမ်းချမ်းရေးအတွက် သုတေသနနှင့် သင်ကြားပို့ချရေး၊ စိန်းတက္ကသိုလ် မလေးရှား (Research and Education for Peace, Universiti Sains Malaysia (REPUSM))
- *Serikat Pengajar Hak Asasi Manusia* (SEPAHAM)၊ အင်ဒိုနီးရှား
- လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး လေ့လာရေးဆိုင်ရာ အင်စတီကျု၊ မဟီဒေါတက္ကသိုလ် (Mahidol University)၊ ထိုင်း
- ငြိမ်းချမ်းရေးလေ့လာရေးစင်တာ၊ ဆုန်ခလာမင်သား တက္ကသိုလ် (Prince of Songkhla University (PSU))၊ ထိုင်း
- ငြိမ်းချမ်းရေးလေ့လာရေးဆိုင်ရာ ရိုထရီစင်တာ၊ ချူလာလောင်ကွန်းတက္ကသိုလ် (Chulalongkorn University)၊ ထိုင်း
- ငြိမ်းချမ်းရေးအရင်းအမြစ်စင်တာ၊ ချူလာလောင်ကွန်းတက္ကသိုလ်၊ ထိုင်း
- ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေး စင်တာ (Centre for Peace and Conflict Studies (CPCS))၊ ကမ္ဘောဒီးယား
- ငြိမ်းချမ်းရေးနှင့် လုံခြုံရေး လေ့လာမှုစင်တာ (PSKP)၊ ဂတ်ဂျာမဒါး တက္ကသိုလ် (Gadjah Mada University) အင်ဒိုနီးရှား
- ငြိမ်းချမ်းရေး လေ့လာရေးစင်တာ၊ ဆီရာကူးလား တက္ကသိုလ် (Universitas Syiah Kuala)၊ အာချေး၊ အင်ဒိုနီးရှား
- ငြိမ်းချမ်းရေးဆိုင်ရာ သင်ကြားရေးစင်တာ၊ မာရီယမ် ကောလိပ် (Miriam College)၊ ဖိလစ်ပိုင်

ဤသည်တို့မှာ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးကို အဓိကထားသည့် အင်စတီကျူးရှင်း ဥပမာအချို့သာ ဖြစ်သည်။ နိုင်ငံရေး၊ နိုင်ငံတကာဆက်ဆံရေး၊ လူ့အခွင့်အရေး၊ လူမှုဗေဒနှင့် ဥပဒေပညာရပ်တို့ကို အဓိကထားသည့် ပညာရေး အစီအစဉ်များတွင်လည်း ငြိမ်းချမ်းရေးကို ထည့်သွင်းသင်ကြားကြသည်။ အချို့သော နိုင်ငံများတွင် ငြိမ်းချမ်းရေး ပညာရေးနှင့် သုတေသနအတွက် စင်တာများနှင့် အင်စတီကျူးရှင်းများ ပိုများများ ရှိကြခြင်းမှာ ထိုကိစ္စရပ်များကို ဆွေးနွေးရန်နှင့် သုတေသနပြုရန် ပို၍ ပွင့်လင်းမှုရှိသောကြောင့် ဖြစ်သည်။ အခြားသော အကြောင်းပြချက်တစ်ရပ်မှာ ပဋိပက္ခအခြေအနေများ ပို၍ရှိခြင်းကြောင့် ပဋိပက္ခများ၏ သဘောသဘာဝကို နားလည်ရန် ပိုလိုအပ်ပြီး ငြိမ်းချမ်းရေးပညာရပ်နှင့် သုတေသနမှတစ်ဆင့် ငြိမ်းချမ်းရေးကို အားပေးရန်ဖြစ်သည်။ ပဋိပက္ခအသွင်ပြောင်းလဲခြင်းဆိုင်ရာ ဆွေးနွေးမှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ငြိမ်းချမ်းရေးဆိုင်ရာ ပညာရေးကို အခန်း (၄) တွင် ထပ်မံ ဆွေးနွေးသွားပါမည်။

ငြိမ်းချမ်းရေးဆိုင်ရာ ပညာရေးနှင့် သုတေသနကို အဓိကထားခြင်းသည် အသွင်ပြောင်းလဲရေးဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ချဉ်းကပ်ပုံတွင် အရေးကြီးသည့် အချက်တစ်ချက်ဖြစ်သည်။

ငြိမ်းချမ်းရေးဆိုင်ရာ ပညာရေးနှင့် သုတေသနက အောက်ပါတို့ကိုလုပ်ဆောင်ခြင်းဖြင့် အခြေအနေများကို ပြောင်းလဲရန် အကူအညီပေးသည်။

- ပဋိပက္ခအခြေအနေများနှင့် စပ်လျဉ်းပြီး အချက်အလက်များပေးခြင်းနှင့် သတိပြုမိလာအောင် ဖန်တီးပေးခြင်း
- လူတို့၏သဘောထားများကို ပြောင်းလဲပေးခြင်းနှင့် အသွင်ပြောင်းပေးခြင်း
- ပဋိပက္ခအခြေအနေများမှ သင်ယူခဲ့ရသော သင်ခန်းစာများကို စစ်တမ်းကောက်ယူခြင်းဖြင့် အခြားလုပ်ဆောင်နိုင်သည်များကို ရှာဖွေရန် အားပေးခြင်း
- ခက်ခဲပြီး အကဲဆတ်သည့်ကိစ္စရပ်များ ဆွေးနွေးရန် ပလက်ဖောင်းနှင့် လုံခြုံသောနေရာတစ်ခု ဖန်တီးပေးခြင်း
- ငြိမ်းချမ်းရေးလုပ်ငန်းများနှင့် အစီအစဉ်များတွင် ပါဝင်သူများ၊ ထိခိုက်ခံစားရသော အုပ်စုများနှင့် လူထု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း
- ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေး လုပ်ငန်းလုပ်ဆောင်ရာတွင် မတူညီသော လမ်းကြောင်းများနှင့် ပါဝင်နေသည့် အတွင်းစည်း၊ အပြင်စည်းမှ ဇာတ်ဆောင်များကို ဆက်စပ်ပေးခြင်း

အဆိုပါလုပ်ငန်းများကို လုပ်ဆောင်နေသူ အများအပြားကို ပဋိပက္ခမြေပေါ်တွင် ရှိနေပြီး အတွင်းမှ ပါဝင်နေသည့် *အတွင်းမှ ငြိမ်းချမ်းရေးတည်ဆောက်နေသူများ/ကြားဝင် ဖျန်ဖြေပေးသူများ* ဟု ခေါ်ဆိုနိုင်သည် (အခန်း (၅) တွင် ရှုပါ)။

အထက်တွင် ဖော်ပြထားသည့် စင်တာများစာရင်းအရ အချို့သော အင်စတီကျူးရှင်းများသည် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးတို့ကို လူ့အခွင့်အရေး လေ့လာမှုများနှင့် ပေါင်းစပ်ထားသည်ကို တွေ့နိုင်သည်။ ဤသည်မှာ သဘာဝကျသည်။ အဘယ်ကြောင့်ဆိုသော် ထိုနယ်ပယ်များသည် တစ်ခုနှင့်တစ်ခု လိုက်ဖက်ညီသောကြောင့် ဖြစ်သည်။ ၂၀၀၀ ပြည့်လွန်နှစ်များမှစ၍ လူ့အခွင့်အရေးအပေါ် အာရုံစိုက်မှုများသည် ဒေသတွင်း ပိုမို အားကောင်းလာပြီး တက္ကသိုလ်အများအပြားက လူ့အခွင့်အရေးအစီအစဉ်များ စတင်ခြင်း (သို့) အစီအစဉ်များထဲတွင် လူ့အခွင့်အရေး ဘာသာရပ်များ ထည့်သွင်းခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ လူ့အခွင့်အရေးကို ထိုတက္ကသိုလ်များ၏ ဥပဒေအစီအစဉ်များ (သို့) ဥပဒေဌာနများတွင် မိတ်ဆက်ခဲ့ကြသည်။ တစ်ဖက်တွင်မူ ငြိမ်းချမ်းရေး လေ့လာရေး ဘာသာရပ်များသည် ငြိမ်းချမ်းရေး လေ့လာရေး အစီအစဉ်များ (သို့) နိုင်ငံရေးသိပ္ပံနှင့် နိုင်ငံတကာ ဆက်ဆံရေး အစီအစဉ်များ၏ အစိတ်အပိုင်းအဖြစ် ရှိနေသည်။ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး ဆိုင်ရာ ပညာရေး စစ်တမ်းကောက်ယူမှုအတွက် အရှေ့တောင်အာရှတွင် လူ့အခွင့်ရေးနှင့် ငြိမ်းချမ်းရေး ပညာရေး မြှင့်တင်ရေး အစီအစဉ် (2019) မှ ထုတ်ဝေသော *အာဆီယံ/အရှေ့တောင်အာရှတွင် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး ပညာရေးကို ပြန်လည် နေရာချကြည့်ခြင်းနှင့် လေ့လာသုံးသပ်ခြင်း (The Remapping and Analysis of Human Rights and Peace Education in ASEAN/Southeast Asia)* စာအုပ်တွင် ရှုပါ။

အောက်ပါဥပမာများက ငြိမ်းချမ်းရေးပညာရပ်ဆိုင်ရာ အင်စတီကျူးရှင်းများက လုပ်ဆောင်ခဲ့ပြီး ဒေသတွင်း ငြိမ်းချမ်းရေး အသွင်ပြောင်းလဲရေးအပေါ် သက်ရောက်မှုရှိသည့် လုပ်ငန်းများနှင့် အစီအစဉ်များ ဖော်ပြထားခြင်း

ဖြစ်သည်။ အင်စတီကျူးရှင်း/အစီအစဉ် (၃) ခုကို တင်ဆက်ပြထားသည်၊ အရှေ့တောင်အာရှ ပဋိပက္ခလေ့လာရေး ကွန်ရက် (SEACSN)၊ အာဆီယံ/အရှေ့တောင်အာရှတွင် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ သင်ကြားပို့ချမှုများနှင့် သုတေသနများ မြှင့်တင်ရေးဆိုင်ရာ အစီအစဉ် (SHAPE-SEA) နှင့် အာချေးအင်စတီကျူ (Aceh Institute (AI)) တို့ ဖြစ်ကြသည်။ မင်ဒါနောင်ဒေသ (Mindanao) တွင် ဘန်ဆာမိုရို (Bangsamoro) ငြိမ်းချမ်းရေး ဖြစ်စဉ်ကို အထောက်အကူပြုရန် SEACSN နှင့် မလေးရှားနိုင်ငံ စိန်းတက္ကသိုလ် (Universiti Sains Malaysia) တို့က ဂျပန်နိုင်ငံတကာ ပူးပေါင်းရေး အေဂျင်စီ (Japan International Cooperation Agency (JICA)) နှင့် ပူးပေါင်းလုပ်ဆောင်သည့် ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်း (Consolidation for Peace (COP)) ဟု လူသိများကြသည့် အစီအစဉ်ကိုလည်း ပညာရှင်များနှင့် မိတ်ဖက်များက ဒေသတွင်း ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်ပေးခဲ့သော အသွင်ပြောင်းလဲရေးဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် တင်ပြထားပါသည်။

## ၁.၄.၁ အရှေ့တောင်အာရှ ပဋိပက္ခလေ့လာရေးကွန်ရက် (SEACSN)[9]

SEACSN ကို ၂၀၀၁ ခုနှစ်တွင် အရှေ့တောင်အာရှ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးကို ထောက်ပံ့ရန်နှင့် မြှင့်တင်ရန် ပလက်ဖောင်းတစ်ခုအနေဖြင့် တရားဝင် စတင်တည်ထောင်ခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ် အစပိုင်းနှင့် အလယ်ပိုင်းလောက်များမှ စတင်ပြီး ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးကို စိတ်ဝင်စားမှု မြင့်တက်လာခဲ့သည်။ ဤသည်ကို ငြိမ်းချမ်းရေး လေ့လာရေးကို အဓိကထားသည့် ပညာရပ်အစီအစဉ်များနှင့် အင်စတီကျူးရှင်းများ အရေအတွက်တိုးပွားလာသည်ကို ထောက်ရှုခြင်းဖြင့် သိနိုင်သည်။ ဥပမာ (၁၉၉၄ ခုနှစ်တွင် တည်ထောင်ခဲ့သော) ထိုင်းနိုင်ငံ၊ ခွန်ကင်း တက္ကသိုလ် (Khon Kaen University) အငြင်းပွားမှု ဖြေရှင်းရေး အင်စတီကျူ (Institute for Dispute Resolution (IDR))၊ (၁၉၉၅ ခုနှစ်တွင် တည်ထောင်ခဲ့သော) မလေးရှားနိုင်ငံ၊ စိန်းတက္ကသိုလ် ငြိမ်းချမ်းရေးဆိုင်ရာ သုတေသနနှင့် ပညာရေး ယူနစ် (Research and Education for Peace Unit, Universiti Sains Malaysia (REPUSM)) တို့ ဖြစ်ကြသည်။ နိုင်ငံတွင်းလေ့လာမှုများအပြင် ထိုအဖွဲ့များက ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဆွေးနွေးပွဲများကိုလည်း လုပ်ဆောင်ခဲ့ကြသည်။ အဆိုပါ လုပ်ဆောင်ချက်များမှ ပညာရှင်များအကြား အလွတ်သဘော ရင်းနှီးမှုများလည်း တဖြည်းဖြည်း ရရှိလာခဲ့ကြသည်။ ၁၉၉၉ ခုနှစ်တွင် REPUSM က မလေးရှားနိုင်ငံ၊ ပီနန်းမြို့တွင် “အရှေ့တောင်အာရှတွင် ပဋိပက္ခ ရှုထောင့်သစ်များနှင့် ပဋိပက္ခစီမံခန့်ခွဲရေးအတွက် စိန်ခေါ်မှုများ” ဟူသည့် ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့သည်။ ဤသည်က အာဆီယံဒေသတွင်းမှ နိုင်ငံ ခုနစ်နိုင်ငံကို ကိုယ်စားပြုသည့် ပညာရှင်များနှင့် တက်ရောက်သူများကို စုစည်းပေးနိုင်ခဲ့သည်။ အဆိုပါ အောင်မြင်သောအစည်းအဝေး၏ ရလဒ်အနေဖြင့် တက်ရောက်သူများက ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအဖြေရှာရေး သုတေသနနှင့် လက်တွေ့လုပ်ဆောင်မှုများတွင် ပါဝင်နေသည့် လူပုဂ္ဂိုလ်များနှင့် အင်စတီကျူးရှင်းများဆိုင်ရာ ကွန်ရက်တစ်ခုဖွဲ့စည်းရန် အကြံရသွားခဲ့သည်။ ပညာရပ်ဆိုင်ရာ အင်စတီကျူးရှင်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ကွန်ရက်၏ အဓိကအုပ်စုတွင်ပါဝင်ရန်

[9] ယခုအပိုင်းကို အရှေ့တောင်အာရှ ပဋိပက္ခလေ့လာရေးကွန်ရက်၏ ဒေသဆိုင်ရာ လက်ထောက်ညှိနှိုင်းရေးမှူးနှင့် ထိုင်းနိုင်ငံ Nakhon Phanom University ၏ ယခင်ဥက္ကဋ္ဌနှင့် Khon Kaen University၊ အငြင်းပွားမှု ဖြေရှင်းရေး အင်စတီကျူ (Institute for Dispute Resolution (IDR)) ၏ ဒါရိုက်တာ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော Suwit Laohasiriwong က ပါဝင်ရေးသားပေးထားပါသည်။

ဖိတ်ခေါ် ခဲ့ကြသည်။ ထိုသူများက ၂၀၀၀ ပြည့်နှစ် ဇူလိုင်လတွင် ထပ်မံတွေ့ဆုံပြီး အလုပ်ရုံဆွေးနွေးပွဲ မှတစ်ဆင့် SEACSN ကို တည်ထောင်ရန် အဆိုပြုချက်ကို ထုတ်ပြန်ခဲ့သည်။ ထိုအဆိုပြုချက်ကို ဆွီဒင်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (Swedish International Development Cooperation Agency (SIDA)) ၏ သုတေသနဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဌာန (Department of Research Cooperation (SAREC)) သို့ တင်ပြပြီး ထောက်ပံ့မှုတောင်းခံခဲ့သည်။ ၂၀၀၁ ခုနှစ် ဧပြီလတွင် SIDA က အဆိုပြုချက်ကို လက်ခံခဲ့ပြီး SEACSN ကို ဖန်တီးရန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ ထိုအချိန်မှစ၍ REPSUM က SEACSN ၏ ဒေသဆိုင်ရာ အတွင်းရေးမှူးအဖွဲ့အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ပြည်တွင်းတွင်ရော၊ ဒေသအဆင့်တွင်ပါ ကွန်ရက်၏ အစီအစဉ်များနှင့် လုပ်ဆောင်ချက်အမျိုးမျိုးကို စုစည်းလုပ်ဆောင်ပေးခဲ့သည်။ SEACSN ၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) အရှေ့တောင်အာရှတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ သုတေသနနယ်ပယ်၌ လုပ်ကိုင်နေကြသော သုတေသနပညာရှင်များအကြား ပူးပေါင်းမှုနှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်မှုများကို မြှင့်တင်ရန်
(၂) SEACSN ၏ ခေါင်းစဉ်များနှင့်အညီ အရှေ့တောင်အာရှတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေရှင်းရေး သုတေသနကို မြှင့်တင်ရန်
(၃) ပဋိပက္ခလေ့လာသုံးသပ်ခြင်းနှင့် ဖြေရှင်းရေးဆိုင်ရာ လုပ်ငန်းအဖွဲ့တစ်ခု တည်ထောင်ရန်
(၄) အရှေ့တောင်အာရှအတွက် ပဋိပက္ခပုံဖော်ရေးဆွဲရေး လုပ်ငန်းစဉ်တစ်ခု လုပ်ဆောင်ရန်

SEACSN ၏ စီမံကိန်းများနှင့် လုပ်ငန်းဆောင်တာများမှာ အောက်ပါ အကြောင်းအရာများနှင့် ကိစ္စရပ်များအပေါ် အခြေခံသည်။

(၁) နိုင်ငံနှင့် ပြည်သူ (အရပ်ဘက်အဖွဲ့အစည်းနှင့် အုပ်ချုပ်မှု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ဗဟိုနှင့် ပြည်နယ် ဆက်ဆံရေးများ၊ ဖွံ့ဖြိုးရေး၊ သဘာဝအရင်းအမြစ်၊ သဘာဝပတ်ဝန်းကျင်)
(၂) တိုင်းရင်းသားလူမျိုးစု (လူမျိုးစု၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ လူမျိုးစုအခြေပြု မျိုးချစ်စိတ်)
(၃) နိုင်ငံများအကြားဆက်ဆံရေးများ (နယ်စပ်ဒေသနှင့် နိုင်ငံများအကြား ဆက်ဆံရေးများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံတစ်နိုင်ငံ၏ ပြင်ပဆက်ဆံရေးများ)

SIDA က ထောက်ပံ့ငွေပေးထားသည့် လုပ်ငန်းစဉ် ပထမအဆင့်က ၂၀၀၄ ခုနှစ်တွင် အဆုံးသတ်သွားသော်လည်း SEACSN က နိုင်ငံတကာ၊ ပြည်တွင်းနှင့် ပြည်နယ်တွင်း မိတ်ဖက်များနှင့် အမျိုးမျိုးသော ပညာရပ်နှင့် ချဉ်းကပ်လှုပ်ရှားမှုဆိုင်ရာ လုပ်ငန်းများဖြင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးကို အားပေးသည့် ပလက်ဖောင်းတစ်ခုအဖြစ် ဆက်လက်ရှိနေသည်။ ငြိမ်းချမ်းရေး ပညာရှင်-တက်ကြွလှုပ်ရှားသူများကို မြှင့်တင်ပေးရာနှင့် ဒေသတွင်း ခက်ခဲသည့်အခြေအနေများကို ပြောင်းလဲပစ်ရာတွင် အပြုသဘောဆောင်သည့် အခန်းကဏ္ဍတစ်ခုမှ ပါဝင်နိုင်ရန် ၎င်းက လက်နက်ကိုင်ပဋိပက္ခတားဆီးရေးဆိုင်ရာ ကမ္ဘာ့မိတ်ဖက်အဖွဲ့ (Prevention of Armed Conflict (GPPAC))၊ အရှေ့တောင်အာရှ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးကွန်ရက် (Southeast Asian Human Rights and Peace Network (SEAHRN)) ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း မိတ်ဖက်ပြုထားသည်။ ဥပမာတစ်ခုမှာ နောက်လာမည့်အပိုင်းတွင်

ဆက်လက်ဖော်ပြထားသည့် ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်း (Consolidation for Peace (COP)) အစီအစဉ်ဖြစ်သည်။

## ၁.၄.၂ ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်းပရိုဂရမ်

ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်း (COP) သည် မလေးရှားနိုင်ငံ၊ စိန်းတက္ကသိုလ် ငြိမ်းချမ်းရေးဆိုင်ရာ သုတေသနနှင့် ပညာရေးယူနစ် (REPUSM) က ၂၀၀၆ မှ ၂၀၁၄ ခုနှစ်အထိ အရှေ့တောင်အာရှ ပဋိပက္ခလေ့လာရေးကွန်ရက် (SEACSN) နှင့် ဂျပန်နိုင်ငံတကာ ပူးပေါင်းရေးအေဂျင်စီ (JICA) တို့နှင့် ပူးပေါင်းလုပ်ဆောင်သည့် အစီအစဉ်တစ်ခုဖြစ်သည်။ ထိုအစီအစဉ်က ဒေသတွင်း ပဋိပက္ခဒေသများတွင် အသွင်ပြောင်းလဲရေးဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှု ကြိုးပမ်းမှုများကို ထောက်ပံ့ရန် ရည်ရွယ်သည်။ REPSUM နှင့် SEACSN တို့သည် အာချေးနှင့် ထိုင်းနိုင်ငံတောင်ပိုင်းတို့တွင် ပဋိပက္ခနှင့် ပတ်သက်ဆက်နွှယ်သူများအကြား ဆွေးနွေးတိုင်ပင်ခြင်း အစည်းအဝေးများ လုပ်ဆောင်ပေးခြင်း၊ ငြိမ်းချမ်းရေးဆိုင်ရာ အဖွဲ့များ ဖွဲ့စည်းခြင်းအား စတင် တည်ထောင်ပေးခြင်း (ယင်းတို့မှာ အာချေး အင်စတီကျူနှင့် ငြိမ်းချမ်းရေးအတွက် ထိုင်းနိုင်ငံတောင်ပိုင်း တက္ကသိုလ်များ (Southern Thailand Universities for Peace (STUfPeace))၊ ငြိမ်းချမ်းရေး ပညာရေးကို မြှင့်တင်ပေးခြင်း၊ ဒေသတွင်း ငြိမ်းချမ်းရေး တက်ကြွလှုပ်ရှားသူများနှင့် ပညာရှင်များအကြား ဆွေးနွေးရန် ပလက်ဖောင်းတစ်ခု ဖန်တီးပေးခြင်းအပါအဝင် အသွင်ပြောင်းလဲရေးဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ပတ်သက်ပြီး ကာလရှည်ကြာ တက်ကြွလှုပ်ရှားခဲ့သည့် အဖွဲ့များဖြစ်သည်။ ၎င်းတို့က မတူညီသည့် ပဋိပက္ခဒေသများမှ အဖွဲ့များနှင့် ပတ်သက်ဆက်နွှယ်သူများအကြား ဖလှယ်ရေးများကိုလည်း ကူညီဆောင်ရွက်ခဲ့သည်။ အဆိုပါ လုပ်ငန်းများအားလုံး လုပ်ဆောင်ခဲ့သည့် အတွေ့အကြုံများကို COP အစီအစဉ်ဖန်တီးရာတွင် ထည့်သွင်းခဲ့သည်။ COP အစီအစဉ်က ပညာရပ် ဆွေးနွေးပွဲပုံစံ တစ်စိတ်တစ်ပိုင်းဆန်သည့် ပုံစံမျိုးတွင် အတွေးအခေါ်များနှင့် အတွေ့အကြုံများ ဖလှယ်သည့် ပလက်ဖောင်းတစ်ခုအဖြစ် စတင်ခဲ့ပြီး ဒေသတွင်း ငြိမ်းချမ်းရေး ဖြစ်စဉ်များ အထူးသဖြင့် GPH-MILF[10] ငြိမ်းချမ်းရေး ဖြစ်စဉ်ကို တိုက်ရိုက် ထောက်ပံ့သည့် အစီအစဉ်တစ်ခု ဖြစ်လာသည်။

COP သည် ရိုးရှင်းသော သဘောတရားအပေါ် အခြေခံထားသည် (ယင်းကို ငြိမ်းချမ်းရေး ပညာရပ်တွင် *လုပ်ဆောင်ချက် အခြေခံသော သုတေသန* ဟူ၍လည်း သိကြသည်သည်)။ တစ်ခါတရံ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုသည် အရှိန်လျှော့ချရန် လိုအပ်ပြီး ဖြစ်ပွားနေသည်များကို ပြန်လည်လေ့လာ၊ သုံးသပ်သင့်သည်။ ဖြေရခက်သည့် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုပါ မေးခွန်းများကို ဖြေဆိုရန် မူဘောင်၊ သီအိုရီ (သို့) ချဉ်းကပ်ပုံတစ်ခု ဖော်ထုတ်ခြင်း၊ သဘောထားတူညီသူများနှင့် ချိတ်ဆက်ခြင်း၊ ရှေ့ဆက်ရန် မိတ်ဖက်အသစ်တစ်ခု တည်ဆောက်ခြင်း တို့ကိုလည်း လုပ်ဆောင်ရသည်။ ဤသည်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုအတွင်း လုပ်ဆောင်နေသူများအတွက် အထူးသဖြင့် လိုအပ်သည်။

[10] ဖိလစ်ပိုင်အစိုးရ (government of the Philippines (GPH)) နှင့် မိုရိုအစ္စလာမ်မစ်လွတ်မြောက်ရေးတပ်ဦး (Moro Islamic Liberation Front (MILF)) တို့ဖြစ်သည်။

စီစဉ်သူများအတွက် အရေးကြီးဆုံးလုပ်ငန်းများထဲမှ တစ်ခုမှာ အစီအစဉ်အတွက် ပါဝင်မည့်သူများကို ရွေးချယ်ရခြင်းဖြစ်သည်။ REPUSM တွင် သူမကိုယ်၌က ဘန်ဆာမိုရိုလူမျိုးဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံရှိ အဖွဲ့အစည်းအမျိုးမျိုးနှင့် အဆက်အသွယ်ကောင်းရှိသော ဒေါက်တာအေဆာအဘူဘာကာ (Dr Ayesah Abubakar)[11] စီမံသည့် မင်ဒါနောင်ငြိမ်းချမ်းရေး အစီအစဉ်ရှိခြင်းက အထောက်အကူဖြစ်ခဲ့သည်။ ရွေးချယ်ခြင်းဖြစ်စဉ်ကို အောက်ပါအတိုင်း လုပ်ဆောင်ခဲ့သည်။ ရှေးဦးစွာ အဓိကအဖွဲ့များအားလုံး ပါဝင်ရမည်။ ထို့နောက် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးသမားများ၊ နိုင်ငံရေးနှင့် အကျိုးစီးပွားဆိုင်ရာအဖွဲ့များ၊ ပညာရှင်များနှင့် မီဒီယာကဲ့သို့သော ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပတ်သက်ဆက်နွှယ်သူများလည်း ပါဝင်လာသည်။ COP အတွင်း ကူညီပံ့ပိုးပေးသော နိုင်ငံနှင့် မင်ဒါနောင် ငြိမ်းချမ်းရေးဖြစ်စဉ်မှ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့ (International Monitoring Team (IMT)) မှ ကိုယ်စားလှယ်များပါဝင်သည့် ဖြစ်စဉ်များလည်း ရှိသည်။

COP အစီအစဉ်က ယေဘုယျအားဖြင့် ပါဝင်သူများကို အကျိုးဆက်များအား စိတ်ပူစရာမလိုဘဲ ခက်ခဲသော ကိစ္စရပ်များအပါအဝင် ပြဿနာများကို အလွတ်သဘောဆွေးနွေးရန် နေရာပေးထားသည်။ ဆွေးနွေးမှုများကို ချာသမ်ဟောက်စ် (မည်သူမည်ဝါက မည်ကဲ့သို့ပြောသည်ကို ဆွေးနွေးဝိုင်းပြင်ပသို့ ပြန်လည်ဝေမျှခွင့်မရှိသည့်) စည်းမျဉ်းများ (Chatham House rules) အတိုင်း လုပ်ဆောင်ထားပြီး အမြဲတစေ ပွင့်ပွင့်လင်းလင်းနှင့် အချက်အလက်များ ရရှိစေနိုင်သည်။ အစီအစဉ်က အဓိကပါဝင်သည့်အဖွဲ့များကို တက်ရောက်သူများအား ဖြစ်စဉ်အတွင်း မည်သည်တို့ဖြစ်ပွားနေသည်ကို အသိပေးပြီး ပဋိပက္ခကြောင့် သက်ရောက်မှုရှိသူများ၏ စိုးရိမ်မှုများနှင့် ပူပန်မှုများကိုပါ နားထောင်နိုင်ရန် လုပ်ဆောင်ပေးထားသည်။ မည်သို့ရှေ့ဆက်သင့်သည်ကို ရှင်းလင်းချက်များနှင့် အကြံပြုချက်များကိုလည်း ပေးနိုင်သည်။ ထိုသို့သော ဆွေးနွေးတိုင်ပင်မှုများက အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ပါဝင်သည့်အဖွဲ့များက ပတ်သက်ဆက်နွှယ်သူများနှင့် ပြည်သူများကို ဖြစ်စဉ်အကြောင်း ဆွေးနွေးတင်ပြရန် အခွင့်အရေး အနည်းငယ်သာ ရရှိသောကြောင့် ဖြစ်သည်။ COP တက်ရောက်သူများတွင် အတတ်ပညာရှင်များ၊ ဒေသတွင်းနှင့် ပြင်ပမှ ငြိမ်းချမ်းရေးဖန်တီးရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးဆိုင်ရာ နယ်ပယ်၏ ရှုထောင့်အမျိုးမျိုးတို့တွင် ကျွမ်းကျင်သူများ၊[12] ဒေသတွင်းမှ ရွေးချယ်ထားသည့် အခြားသော ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ ဇာတ်ကောင်များ ပါဝင်ခဲ့ကြသည်။ အစီအစဉ်ကို ပါဝင်သူအဖွဲ့များနှင့် ပတ်သက်ဆက်နွှယ်သူများအားလုံးအကြား လူသိများပြီး လက်ခံထားသည့် REPUSUM နှင့် SEACSN မှ ပညာရှင်၊ လက်တွေ့ကျင့်သုံးလုပ်ဆောင်သူများ အသင်း[13]က ပံ့ပိုးကူညီပေးသည်။

---

[11] REPSUM နှင့် SEACSN တို့တွင် အလုပ်မလုပ်ခင်က ဒေါက်တာအေဆာ အဘူဘာကာက ဖိလစ်ပိုင်နိုင်ငံတွင် မိုရိုလူငယ်ပညာရှင်များ ကွန်ရက် (Young Moro Professionals Network (YMPN)) ၏ ပထမဆုံးဥက္ကဋ္ဌဖြစ်ခဲ့သည်။

[12] COP အစီအစဉ်တွင် ပါဝင်ခဲ့သည့် ကျွမ်းကျင်သူများတွင် ဗြိတိန်နိုင်ငံ ဘရက်ဖို့ဒ်တက္ကသိုလ် (Bradford University) မှ ပါမောက္ခ Oliver Ramsbotham နှင့် ပါမောက္ခ Tom Woodhouse နှင့် မင်ဒါနောင် နိုင်ငံတကာစောင့်ကြည့်လေ့လာရေး အဖွဲ့၏ ပထမဆုံး ခေါင်းဆောင်နှင့် နောင်တွင် မလေးရှားစစ်တပ်၏ ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာသူ Gen Tan Sri Zulkifeli Md Zin တို့ပါဝင်ခဲ့သည်။ အာချေးလွတ်မြောက်ရေး လှုပ်ရှားမှု (Free Aceh Movement (GAM)) ၊ ဘာဆာတူ (Bersatu) နှင့် ပါတာနီ အမျိုးသား လွတ်မြောက်ရေးအဖွဲ့ (Patani United Liberation Organization (PULO)) ကဲ့သို့သော ဒေသတွင်း လွတ်မြောက်ရေး လှုပ်ရှားမှုများကလည်း အချို့သော အစီအစဉ်များတွင် ပါဝင်ခဲ့သည်။

[13] အစီအစဉ်ကို ပါမောက္ခ Kamarulzaman Askandar (REPUSM နှင့် SEACSN ၏ ညှိနှိုင်းရေးမှူး) နှင့် Dr Ayesah Abubakar (REPUSM ရှိ မင်ဒါနောင်ငြိမ်းချမ်းရေး အစီအစဉ်၏ အစီအစဉ်မန်နေဂျာ) တို့က ပံ့ပိုးကူညီခဲ့သည်။ ၎င်းတို့ကို Norazrina Md Jabarullah (REPUSM ၏ အစီအစဉ်မန်နေဂျာ) နှင့် REPUSM မှ ကျောင်းသားစေတနာ့ဝန်ထမ်းများက ကူညီပေးခဲ့ကြသည်။ ထိုနှစ်များအတွင်း ငြိမ်းချမ်းရေးအတွက် ကျောင်းသားစေတနာ့ဝန်ထမ်းများက REPUSM-SEACSN တွင် ၎င်းတို့၏ လေ့လာရေးအစီအစဉ် အစိတ်အပိုင်းတစ်ခုအဖြစ် ငြိမ်းချမ်းရေး အစီအစဉ် အများအပြားကို

ထို့ပြင် အစီအစဉ်ကို လေးစားရသော နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ[14] တစ်ခုဖြစ်ပြီး မင်ဒါနောင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အရေးပါသော ပါဝင်သူဖြစ်ခဲ့သည့် ဂျပန်နိုင်ငံတကာ ပူးပေါင်းရေးအေဂျင်စီ (JICA) နှင့် ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ အခြားသော ဒေသတွင်းမိတ်ဖက်များကလည်း အစီအစဉ်တွင် ပါဝင်ကူညီခဲ့ကြသည်။[15]

အသွင်ပြောင်းလဲရေးဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် အဆိုပါ REPUSM-SEACSN-JICA ပူးပေါင်းမှုက COP အစီအစဉ် ခြောက်ခု၊ မင်ဒါနောင်တွင် ငြိမ်းချမ်းရေးပညာရေးကို မြှင့်တင်ရေးနှင့် ချဲ့ထွင်ရေး (MASCUF)[16] နောက်ဆက်တွဲ အစီအစဉ်တစ်ခုနှင့် ထိုင်းနိုင်ငံတောင်ပိုင်းအတွက် "အိပ်မက်မက်သူများ" အစီအစဉ်နှစ်ခုကို ထွက်ပေါ်လာစေခဲ့သည်။ အစီအစဉ်များကို အောက်တွင်ဖော်ပြထားသည်။

**COP 1:** *'ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်းဆွေးနွေးပွဲ၊ အာချေးနှင့် မင်ဒါနောင်အတွက် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် မဟာဗျူဟာ ချမှတ်ခြင်း'* ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၂၃-၂၆

ဤသည်မှာ အာချေးနှင့် မင်ဒါနောင်ကို အဓိကထားခဲ့သည့် ပထမ COP အစီအစဉ်ဖြစ်ပြီး မလေးရှားနိုင်ငံ စိန်းတက္ကသိုလ်တွင် ကျင်းပခဲ့သည်။ လုံခြုံရေး အကြောင်းပြချက်များကြောင့် တက္ကသိုလ်ဝင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အစီအစဉ်ကို တက္ကသိုလ်လက်အောက်တွင် ပညာရေးလွတ်လပ်ခွင့်ပုံစံဖြင့် ကျင်းပခြင်းက လွတ်လပ်စွာ ဆွေးနွေးခြင်းနှင့် အကဲဆတ်သောအုပ်စုများ ပါဝင်ခြင်းတို့ကို ခွင့်ပြုပေးသည်။ ဤသည်မှာ ထိုကဲ့သို့သော နိုင်ငံပြင်ပရှိ ငြိမ်းချမ်းရေးတည်ဆောက်ရေး ပလက်ဖောင်းတွင် ဖိလစ်ပိုင်အစိုးရနှင့် မိုရိုအစ္စလာမ်မစ် လွတ်မြောက်ရေးတပ်ဦးတို့က ၎င်းတို့၏ကိုယ်စားလှယ်များ ပါဝင်ရန် ပထမဆုံး စေလွှတ်ခဲ့ခြင်းလည်း ဖြစ်သည်။ အာချေးကိုယ်စားလှယ်များတွင် နယ်ပယ်အသီးသီးမှ အာချေးလူမျိုးခေါင်းဆောင်များ ပါဝင်ခဲ့သည်။ (ယခုအခါ ပြည်နယ်အစိုးရတွင်ပါဝင်သည့် GAM ခေါင်းဆောင်များ ဦးဆောင်သည့်) ပြည်နယ်အစိုးရကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် အလှူရှင်အဖွဲ့အစည်းများ

---

အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့သည်။ ထိုသူများတွင် Lukman Age, Che Mohd Aziz Yaacob, Aizat Khairi, Mohd Na'eim Ajis, Chai Lee Choo, Normia Salindal, Faridah Abubakar, Dewi Karina Kamarulzaman, Suyatno Ladiqi, Julayda Hashim, Muhammad Haekal Kamarulzaman, Azman Zahareiman, Zulfadli Zainal, Suadi Zainal, Afrizal Tjoetra, Elviandy, Eleonora Emkic, Yoko Fujimura, Mior Khairul Azreen, Oshanta Thalpawilla, Kumphi Thongpoon, Ghazalee@Khosale Awae နှင့် Phaison Daoh တို့ ပါဝင်ခဲ့သည်။

[14] ဂျပန်နိုင်ငံတကာပူးပေါင်းရေးအေဂျင်စီသည် အစီအစဉ်အတွက် အရေးပါသော မိတ်ဖက်ဖြစ်သည်။ ယင်းက ငွေကြေးထောက်ပံ့ပေးပြီး နိုင်ငံတကာက လေးစားရသော ဖွံ့ဖြိုးရေးအေဂျင်စီနှင့် ယုံကြည်စိတ်ချစွာ ဆက်စပ်ပေးခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် Madam Sadako Ogata က JICA ၏ ဥက္ကဋ္ဌဖြစ်လာသောအခါ ပူးပေါင်းမှုစတင်ခဲ့ပြီး ပဋိပက္ခဒေသများ၊ အထူးသဖြင့် မင်ဒါနောင်တွင် ဖွံ့ဖြိုးရေး အကူအညီနှင့် ငြိမ်းချမ်းရေးတို့ကို ပေါင်းစပ်သည့် ချဉ်းကပ်မှုအသစ်ကို စတင် ဖော်ထုတ်ခဲ့သည်။ JICA ဝန်ထမ်းအများအပြားသည် COP အစီအစဉ်များ အောင်မြင်ရာတွင် အဓိကကျခဲ့သည်။ အထူးသဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးဆိုင်ရာ အကြီးတန်း အကြံပေး Dr Sachiko Ishikawa, Naoki Ochiai နှင့် JICA မလေးရှားရုံးမှ ဝန်ထမ်းများ (Mr Umezaki, Mr Ikura, Mr Tsutomo Nagae, Mdm Suzuki, and Ms Mayumi Suehiro) ဖြစ်ကြသည်။

[15] ယင်းတို့တွင် ပါမောက္ခ Abhoud Syed Lingga ဦးဆောင်သော ဘန်ဆာမိုရိုလေ့လာရေး အင်စတီကျု (Institute for Bangsamoro Studies (IBS))၊ အာချေးအင်စတီကျု (Aceh Institute (AI)) နှင့် (နောင်တွင် ငြိမ်းချမ်းရေးအတွက် ထိုင်းနိုင်ငံတောင်ပိုင်းတက္ကသိုလ်များ (STUFPeace) ဖြစ်လာသော) ထိုင်းနိုင်ငံတောင်ပိုင်း ငြိမ်းချမ်းရေးကွန်ရက်တို့ ပါဝင်သည်။

[16] ပြည်နယ်ကောလိပ်များနှင့် တက္ကသိုလ်များညွန့်ပေါင်းဆိုင်ရာ မင်ဒါနောင် အဖွဲ့အစည်း၊ Mindanao Association of State Colleges and Universities Federation Inc (MASCUF).

တွင် အလုပ်လုပ်ကိုင်သူများ ဖြစ်ကြသည်။ အဆိုပါ COP တွင် အာချေးနှင့် ဘန်ဆာမိုရိုငြိမ်းချမ်းရေး တည်ဆောက်သူများထံမှ ငြိမ်းချမ်းရေးတည်ဆောက်ရေး သင်ခန်းစာများကို သင်ယူလိုသည့် ထိုင်းနိုင်ငံ တောင်ပိုင်းမှ ပညာရှင်များနှင့် ဒေသခေါင်းဆောင်များလည်း ပါဝင်ခဲ့သည်။

**COP 2:** *'ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်းဆွေးနွေးပွဲ (၂)၊ အာချေး၊ မင်ဒါနောင်နှင့် ထိုင်းနိုင်ငံ တောင်ပိုင်းတို့တွင် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ခြင်း'* ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂-၆

ဤသည်မှာ ပထမ COP အစီအစဉ်၏ အဆက်ဖြစ်သည်။ ယခုအကြိမ်တွင် အာချေးအင်စတီကျူ၊ ဘန်ဆာမိုရို လေ့လာရေး အင်စတီကျုနှင့် ထိုင်းနိုင်ငံတောင်ပိုင်း ငြိမ်းချမ်းရေးကွန်ရက်ကဲ့သို့သော ဒေသဆိုင်ရာ ငြိမ်းချမ်းရေး မိတ်ဖက်များကလည်း ပူးပေါင်းစီစဉ်သူများအဖြစ် ပါဝင်ခဲ့သည်။

**COP 3:** *'မင်ဒါနောင် ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်း ဆွေးနွေးပွဲ (COP3)၊ MOA-AD နှောင်းပိုင်းကာလအတွက် မဟာဗျူဟာချမှတ်ခြင်း'* ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၁၂-၁၆

အဆိုပါ တတိယ COP အတွက် မင်ဒါနောင်ငြိမ်းချမ်းရေးဖြစ်စဉ်က အဓိကအာရုံစိုက်စရာဖြစ်ခဲ့သည်။ အချို့သော အဖွဲ့များက တရားရုံးချုပ်ကို ဘိုးဘွားပိုင်ဆိုင်မှုဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement on Ancestral Domain (MOA-AD)) လက်မှတ်ရေးထိုးမှုအား ဆိုင်းငံ့ထားရန် တောင်းဆိုခဲ့သောကြောင့် ၂၀၀၈ ခုနှစ်တွင် GPH-MILF ငြိမ်းချမ်းရေးဖြစ်စဉ် ပျက်ပြယ်ခဲ့ရသည်။ ထို့ကြောင့် တရားရုံးချုပ်က သဘောတူညီချက်လက်မှတ်ရေးထိုးခြင်းကို ကန့်သတ်သည့်အမိန့် ထုတ်ပြန်ခဲ့ပြီး သက်ရောက်မှု ရှိသည့် အဖွဲ့များအားလုံးကို ဆွေးနွေးခဲ့ခြင်းမရှိသောကြောင့် ဖြစ်စဉ်တစ်ခုလုံးသည် တရားဥပဒေနှင့် မကိုက်ညီဟု ကြေညာခဲ့သည်။ အချို့သော MILF လက်နက်ကိုင် ခေါင်းဆောင်များက ခွဲထွက်ပြီး ဘန်ဆာမိုရို အစ္စလာမ် လွတ်လပ်ရေး တိုက်ပွဲဝင်သူများအဖွဲ့ (Bangsamoro Islamic Freedom Fighters (BIFF)) ကို ဖန်တီးလိုက်သောအခါ မင်ဒါနောင်တွင် အကြမ်းဖက်မှုများ ထွက်ပေါ်လာခဲ့သည်။ ဖြစ်စဉ်ကို အဖတ်ဆည်ရန်နှင့် တစ်ဖန်ပြန်အသက်ဝင်လာစေရန် တစ်ခုခုလုပ်ဆောင်ဖို့ လိုအပ်လာသည်။[17] အဆိုပါ နောက်ခံအခြေအနေတွင် တတိယ COP ကို ကျင်းပခဲ့သည်။ ဖြစ်စဉ်ကို မည်သို့ ပြန်လည်အသက်သွင်းမည်ကို ဆွေးနွေးရန် အဖွဲ့များနှင့် အခြားသော ပတ်သက်ဆက်နွှယ်သူများက ထို COP တွင်ပါဝင်ရန် လွန်စွာတက်ကြွခဲ့ကြသည်။ ဤဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးဖြစ်စဉ်၌ အာမခံသူများပြဿနာကို ဖြေရှင်းရန် နိုင်ငံတကာထိတွေ့ဆက်ဆံရေးအုပ်စု (International Contact Group (ICG)) အကြံဉာဏ် စတင်လာခဲ့သည်။

[17] ၂၀၀၈ ခုနှစ် ဩဂုတ်လ (၅) ရက်နေ့တွင် လက်မှတ်ရေးထိုးခြင်း အထမမြောက်သည့်အခါ ပူထရာဂျာယာတွင် REPUSM နှင့် JICA တို့က COP3 ကို စတင်ဆွေးနွေးခဲ့ကြသည်။ အခြေအနေကို အဖတ်ဆည်ရန်နှင့် ဖြစ်စဉ်ဆက်သွားနေစေရန် တစ်ခုခုလုပ်ဆောင်ဖို့ လိုအပ်ကြောင်း သဘောတူညီခဲ့ကြသည်။

**COP 4:** *'ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်း ဆွေးနွေးပွဲ (COP4)၊ အာချေး၊ မင်ဒါနောင်နှင့် ထိုင်းနိုင်ငံတောင်ပိုင်းတို့တွင် ပဋိပက္ခများကို အသွင်ပြောင်းလဲခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်သူများကို ထောက်ပံ့ပေးခြင်း'* ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၂၁-၂၅

COP4 ၏ ရည်ရွယ်ချက်မှာ ဒေသတွင်းဖြစ်စဉ်များမှ ထွက်ပေါ်လာသည့် စိန်ခေါ်မှုများနှင့် သင်ခန်းစာများကို လေ့လာရန် ဖြစ်သည်။ ၂၀၀၉ ခုနှစ်မှစ၍ ICG ကို ထည့်သွင်းလိုက်ပြီး ၂၀၁၀ ပြည့်နှစ်တွင် မင်ဒါနောင်ဒေသ ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်မည်ဟု ကတိကဝတ်ထားသည့် သမ္မတအသစ် ရွေးကောက်တင်မြှောက်ခံရခြင်းနှင့်အတူ မင်ဒါနောင်ဖြစ်စဉ်က လမ်းကြောင်းမှန်ပေါ် ပြန်ရောက်လာသည်။ အာချေးလွတ်မြောက်ရေး လှုပ်ရှားမှု (Free Aceh Movement (GAM)) အဖွဲ့ဝင်ဟောင်းများအကြား အာဏာယှဉ်ပြိုင်ခြင်းများ ရှိသော်လည်း အာချေးအခြေအနေက တိုးတက်လာခဲ့သည်။ ဟယ်လ်စင်းကီး နားလည်မှုစာချွန်လွှာ (Helsinki MoU) နှင့် အာချေးဒေသအုပ်ချုပ်ရေးဥပဒေ (Law on Governing Aceh (LoGA)) အကောင်အထည်ဖော်ခြင်းတို့နှင့် ပတ်သက်သည့် ပြဿနာများလည်း ပေါ်ထွက်ခဲ့လာသည်။ မင်ဒါနောင်ဖြစ်စဉ်တွင် ပါဝင်သူများအနေဖြင့် အာချေးတွင် ဖြစ်ပေါ်နေသည်များကို လေ့လာပြီး ထိုအတွေ့အကြုံမှ သင်ခန်းစာယူနိုင်ရန် အရေးကြီးသည်။ COP4 တွင် မဖော်ပြထားသည့် အစီအစဉ်တစ်ခုမှာ ထိုင်းနိုင်ငံတောင်ပိုင်းဆိုင်ရာ ဆွေးနွေးမှုကို အရှိန်မြှင့်တင်ရန် ဖြစ်သည်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီလတွင် အကြမ်းဖက်မှုများ မြင့်တက်လာချိန်မှစ၍ ထိုဒေသတွင် ပဋိပက္ခများပြင်းထန်မှု လျှော့ကျခဲ့ခြင်း မရှိပေ။ ဤသည်မှာ အကြမ်းဖက်မှုနှင့် တင်းမာမှုကိုလျှော့ချရန် အဖွဲ့အစည်းအသီးသီးမှ ကြိုးပမ်းနေသည့်ကြားမှ ဖြစ်ပွားနေခြင်းဖြစ်သည်။ အဖွဲ့အစည်းအတွင်း ပူးပေါင်းမှုက ပထမဦးစားပေးတစ်ခု အနေဖြင့် လိုအပ်နေသည်။ ညီညွတ်သော ပတ်ထာနီတပ်ဦးအဖွဲ့ (Patani United Liberation Organization (PULO)) အတွင်းမှ ဂိုဏ်းဂဏကွဲများအားလုံးကို ဖိတ်ခေါ်ခဲ့ပြီး အဖွဲ့သုံးဖွဲ့ တက်ရောက်ခဲ့ကြသည်။ ၁၉၈၉ ခုနှစ်တွင် ပတ်ထာနီအဖွဲ့များကို စုစည်းပေးရန် ကြိုးပမ်းခဲ့သည့် အဖွဲ့အစည်းဖြစ်သော ဘာဆာတူ၏ ယခင်ခေါင်းဆောင်လည်း တက်ရောက်ခဲ့သည်။ ပတ်ထာနီမှ တက်ရောက်များကို ၎င်းတို့၏ လိုလားချက်များ ရှာဖွေရာတွင် အခြားလမ်းကြောင်းများ တွေ့ရှိနိုင်ရန်နှင့် အာချေးနှင့် ဘန်ဆာမိုရိုအဖွဲ့များ၏ အတွေ့အကြုံများမှ တရားဝင်ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သည့်အခါ ဥပမာများနှင့် လမ်းညွှန်ချက်များ ရရှိနိုင်ရန် ထိုအဖွဲ့များနှင့် အာချေးနှင့် မင်ဒါနောင်မှ တက်ရောက်သူများအကြား ဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။

**COP 5:** *'မင်ဒါနောင် ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်း (COP5) ဆွေးနွေးပွဲ '*၊ ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁၆-၂၀

COP5 က မင်ဒါနောင်ကို တစ်ဖန် အာရုံပြန်စိုက်ခဲ့သည်။ ယခုအခါ ပါဝင်သည့်အဖွဲ့များအားလုံးကို မင်ဒါနောင်တွင် ငြိမ်းချမ်းရေး အစီအစဉ်ကို ရှေ့ရောက်အောင် လုပ်ဆောင်ဖို့ ပိုမိုစိတ်အားထက်သန်လာကြသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကယ်တင်ရန် COP3 ကို ဒီဇိုင်းရေးဆွဲခဲ့သည်။ COP4 က ဒေသတွင်းမှ သင်ခန်းစာများ သင်ယူခြင်းသို့ တစ်ဖန်ပြန်သွားသည်။ ယခုအခါ မင်ဒါနောင်ကို အရှိန်မြှင့်ရန် အချိန်ကျရောက်လာပြန်ပြီဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် ဖိလစ်ပိုင်သမ္မတအသစ် အာဏာရလာခြင်းကလည်း အချက်တစ်ချက် ဖြစ်သည်။ သမ္မတ ဘန်နီးညိုအကီနို (၃) (Benigno Aquino III) က မင်ဒါနောင်တွင် ငြိမ်းချမ်းရေးရရှိရန်နှင့် ၁၉၈၇ ခုနှစ်တွင် သူ၏မိခင် သမ္မတ ကိုရာဇွန် အကီနို (Corazon Aquino) စတင်ခဲ့သည့် အလုပ်ကို ပြီးဆုံးအောင်လုပ်ရန် ကတိကဝတ်ပြုထားသည်။

ဖိလစ်ပိုင်နိုင်ငံတွင် သမ္မတများသည် ခြောက်နှစ်တစ်ကြိမ်သာ သက်တမ်းထမ်းဆောင်ခွင့်ရလေရာ သူ၏ ကတိကဝတ်က အရေးပါပေသည်။ COP အစီအစဉ်ကို ဦးစီးသူများအပါအဝင် လူအများ၏စိတ်ထဲတွင် ဤသည်မှာ အခွင့်အလမ်းဖြစ်သလို စိန်ခေါ်မှုလည်းဖြစ်သည်။ ဖြစ်စဉ်ကို ၂၀၁၆ ခုနှစ်အမီ အပြီးသတ်ရန် ဖြစ်သည်။ ထို့ကြောင့် ယခင်အသုံးပြုခဲ့သည့် တူညီသော အခြေခံပုံသေနည်းကို အဆင့်မြှင့်ခဲ့သည်။ ယခုအကြိမ်တွင် အမြင့်ဆုံးအဆင့်များ၏ ပါဝင်မှုလိုအပ်လာသည်။ နိုင်ငံရေးအရကျေအေးမှုက ဖြစ်နိုင်ခြေရှိနေပြီး အစီအစဉ်သို့ စေလွှတ်လိုက်သည့် လုပ်ဖော်ကိုင်ဘက်များ (သို့) ဝန်ထမ်းများထံမှ အစီရင်ခံစာများ ဖတ်နေခြင်းထက် နှစ်ဖက်လုံးမှ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့် အဆင့်များတွင်ရှိသူများ ပါဝင်ဖို့လိုသည်။ ထို့ကြောင့် COP5 တွင် ပါဝင်သူများ၌ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် သမ္မတအကြံပေးရုံး၏ အတွင်းရေးမှူး၊ GPH နှင့် MILF ၏ ငြိမ်းချမ်းရေးအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိလစ်ပိုင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်မှ ကိုယ်စားလှယ်များ၊ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိ သက်ရောက်မှုရှိသည့် ဒေသများမှ ပြည်နယ်မြို့တော်ဝန်ငါးဦးအပါအဝင် ဒေသဆိုင်ရာ အစိုးရခေါင်းဆောင်များနှင့် ဘုရားကျောင်း၊ မူဆလင်ဘာသာရေးခေါင်းဆောင်များ၊ ပညာရှင်များ၊ NGO ခေါင်းဆောင်များ၊ မီဒီယာများအပါအဝင် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလည်း ပါဝင်ခဲ့သည်။

အစီအစဉ်တွင် ရှင်းလင်းသည့် ရည်မှန်းချက်အများအပြား ရှိသည်။ (၁) JICA အပြင် အခြားသော အလှူရှင်အဖွဲ့အစည်းများအပါအဝင် ပတ်သက်ဆက်နွှယ်သူများကို ဖြစ်စဉ်၏ အခြေအနေအကြောင်း အချက်အလက်ပေးခြင်းဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ် အမြန်အထမြောက်ရေးအတွက် အကြံဉာဏ်များတောင်းခံရန်၊ (၂) ဖိလစ်ပိုင်နိုင်ငံ၏ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ကဲ့သို့သော ပြည်တွင်း ခေါင်းဆောင်သူများ ပါဝင်လာခြင်းဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ် ထောက်ခံမှုကို ချဲ့ထွင်ရန်၊ ငြိမ်းချမ်းရေးတည်ဆောက်ရန် အဆိုပါ ကျယ်ပြန့်သည့်အုပ်စု၏ ထောက်ခံမှုက အရေးပါသည်၊ (၃) ပြည်သူကို ထိရောက်စွာသတင်းပေးနိုင်ရန် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အစိတ်အပိုင်းများနှင့် အခြေအနေအပေါ် နားလည်မှုများကို မြှင့်တင်ခြင်းဖြင့် မီဒီယာနှင့် သတင်းထောက်များ၏ ပါဝင်မှုကို အားပေးရန်၊ (၄) နောက်ဆုံးအနေဖြင့် ဘန်ဆာမိုရိုအတွင်း (MILF၊ ရှေးရိုးစွဲ ခေါင်းဆောင်များနှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်များအကြား) စုစည်းရေးအတွက် COP အခင်းအကျင်းကို အသုံးပြုရန် ဖြစ်သည်။

ဘန်ဆာမိုရိုပြည်နယ်များမှ မြို့တော်ဝန်ငါးဦးနှင့် မိုရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦး (Moro National Liberation Front (MNLF)) မှ ခေါင်းဆောင်များအပါအဝင် ပြည်နယ်နိုင်ငံရေးသမားများကိုလည်း GPH-MILF ဖြစ်စဉ်အပေါ် မတူညီသောအမြင်များ ရှိနေခြင်းအတွက် ဖိတ်ကြားခဲ့ကြသည်။ ဘန်ဆာမိုရိုအုပ်စုများအကြား မသင့်မတင့်ဖြစ်နေခြင်းက စည်းလုံးမှုပြိုကွဲခြင်းနှင့် နိုင်ငံရေးအာဏာ ဆုံးရှုံးခြင်းကို ဖြစ်ပွားစေသည်။ ဤသည်က ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထိခိုက်စေပြီး ဖြေရှင်းရန်လိုအပ်သည်။[18] COP5 က အခြေခံအုတ်မြစ်ကို ခိုင်မာစေခဲ့ပြီး

[18] ဤသည်မှာ အခက်ခဲဆုံးအလုပ်ဖြစ်သည်။ ဘန်ဆာမိုရိုအုပ်စုများ (MILF, MNLF နှင့် ရှေးရိုးစွဲ နိုင်ငံရေးသမားများ) သည် ဒေသတွင်း အာဏာ၊ နယ်မြေနှင့် လွှမ်းမိုးမှုတို့အတွက် ကာလရှည်ကြာ ယှဉ်ပြိုင်ခဲ့ကြသည်။ ရှေ့ဆက်ကြမည်ဆိုလျှင် ၎င်းတို့အကြား အာဏာခွဲဝေရေး သဘောတူညီမှုတစ်ခုခုရှိရန် (သို့) ဒေသတစ်ခုတွင် အုပ်စုတစ်စုက ခေါင်းဆောင်ခြင်းကို အသိအမှတ်ပြုရန် (သို့) အနည်းဆုံး မည်သည့်အဖွဲ့ကမှ လက်ရှိဖြစ်စဉ်ကို ဖျက်ဆီးသူဖြစ်မလာရဆိုသည့် နားလည်မှုရရှိရန် လိုအပ်သည်။ ချိန်ခွင်လျှာပျက်မသွားရန်နှင့် အကဲဆတ်မှုများကို ဆွပေးသလိုမဖြစ်ရန် ဤသည်ကို

နောက်နှစ် ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ဘန်ဆာမိုရိုအတွက် သဘောတူညီမှုမူဘောင် (Framework Agreement for the Bangsamoro) နှင့် ၂၀၁၄ ခုနှစ် လက်မှတ်ရေးထိုးခဲ့သည့် ဘန်ဆာမိုရိုအတွက် သဘောတူညီချက်အပြည့်အစုံ (Comprehensive Agreement for the Bangsamoro (CAB)) ထွက်ပေါ်လာစေရန် အထောက်အကူပြုခဲ့သည်။ အကျိုးဆက်အနေဖြင့် COP အစီအစဉ်များမှ အချို့သော တက်ရောက်သူများသည် တရားဝင် ငြိမ်းချမ်းရေးညှိနှိုင်းမှုများတွင် လေ့လာသူများအဖြစ်နှင့် မူဆလင်မဟုတ်သည့် မူလအခြေချနေထိုင်သူ ကိုယ်စားလှယ်အဖြစ် MILF ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တွင် MILF မှ ခန့်အပ်ခံရသည့် COP တက်ရောက်သူတစ်ဦးအပါအဝင် နှစ်ဖက်လုံးမှ ဆွေးနွေးညှိနှိုင်းသည့်အဖွဲ့များ၌ အဖွဲ့ဝင်များအဖြစ် ပါဝင်လာကြသည်။

**COP 6:** *'မင်ဒါနောင် ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်း ဆွေးနွေးပွဲ (COP6) – သဘောတူညီချက် နောင်းပိုင်း အကောင်အထည်ဖော်ခြင်း၊ ဘန်ဆာမိုရို ပတ်သက်ဆက်နွယ်သူများ၏ ငြိမ်းချမ်းရေးအတွက် စွမ်းဆောင်ရည်များကို တည်ဆောက်ခြင်း',* ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ ၂၀၁၄ ခုနှစ် ဇွန်လ ၂၃-၂၆

COP အစီအစဉ်တွင် နောက်ဆုံးအစည်းအဝေးကို ၂၀၁၄ ခုနှစ် ဇွန်လ ၂၃-၂၆ အထိ ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့တွင် ကျင်းပခဲ့သည်။ အဆိုပါ သမိုင်းဝင်ပွဲတွင်ပါဝင်ရန် အဓိကအဖွဲ့များနှင့် ပတ်သက်ဆက်နွယ်သူများကို ကိုယ်စားပြုသော တက်ရောက်သူ ၆၀ ကျော်ကို ဖိတ်ကြားခဲ့သည်။ COP6 ၏ အဓိကခေါင်းစဉ်မှာ GPH နှင့် MILF အကြား ရေးထိုးခဲ့သည့် ငြိမ်းချမ်းရေးသဘောတူညီချက်များကို ထောက်ပံ့ရန်နှင့် ရေရှည်တည်တံ့အောင် လုပ်ဆောင်ပေးရန် ကြိုးပမ်းခြင်းဖြစ်သည်။ အဓိကမေးခွန်းနှစ်ခုမှာ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ဖြစ်စေရန် မည်သို့လုပ်ဆောင်ရမည်နည်းနှင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး ဝင်ရောက်စွက်ဖက်မှုများ တစ်ခုနှင့်တစ်ခု လိုက်လျောညီထွေအကျိုးပြုအောင် မည်သို့လုပ်ဆောင်ရမည်နည်းဟူသည့် မေးခွန်းများဖြစ်သည်။ ၁၉၄၅ ခုနှစ်တွင် နျူကလီးယားဗုံးဒဏ်ခံခဲ့ရသည့် ဒေသတစ်ခုဟူသည့် သမိုင်းဝင်အချက်ကြောင့် ဟီရိုရှီးမားကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။[19] COP6 အတွက် အရေးကြီးသည့် အချက်မှာ မိုရိုအစ္စလာမ်မစ်လွတ်မြောက်ရေး တပ်ဦး (MILF) ၏ ဥက္ကဋ္ဌ အယ်လ်ဟာ့ဂျ် မူရဒ်အီဘရာဟင် (Al-Haj Murad Ebrahim) နှင့်အတူ ဖိလစ်ပိုင် သမ္မတ ဘန်နီးညို အကီနို (၃) တက်ရောက်ခြင်းဖြစ်သည်။

### *(က) မင်ဒါနောင် ပညာသင်ကြားပေးသူများ ငြိမ်းချမ်းရေးဆွေးနွေးပွဲ*

ဂရုတစိုက် လုပ်ဆောင်ရမည်။ ယခုဖြစ်စဉ်တွင် သင်ယူခဲ့ရသည့် သင်ခန်းစာတစ်ခုမှာ ပတ်သက်ဆက်နွယ်သူ ပရိသတ်များရှေ့မှောက်တွင် တိုက်ရိုက်ညှိနှိုင်းဆွေးနွေးရခြင်းထက် ညစာစားရင်း အလွတ်တမ်းဆွေးနွေးခြင်းက နားလည်မှု ပို၍ရရှိစေနိုင်သည်။

[19] COP ကို ပီနန်းမှ ဟီရိုရှီးမားသို့ ပြောင်းရွှေ့ခဲ့ခြင်းသည် မင်ဒါနောင်ငြိမ်းချမ်းရေးတည်ဆောက်ရေး ကြိုးပမ်းမှုများတွင် JICA ၏ အခန်းကဏ္ဍကို ဂျပန်ပြည်သူများအား ပြသရန် JICA အတွက် အရေးပါခဲ့သည်။ ဖိလစ်ပိုင်သမ္မတ တက်ရောက်သည့် အခန်းအနားကို ဂျပန်မီဒီယာက အကျယ်တဝင့် ဖော်ပြခဲ့သည်။ COP ကို ပုံမှန်တက်ရောက်သူများနှင့် REPUSM မှ စီစဉ်သူ ကော်မတီကလည်း COP6 အတွက် နေရာအသစ်ရွေးချယ်ခြင်းကို ကျေနပ်ပျော်ရွှင်ခဲ့ကြသည်။ ဤသည်မှာ တက်ရောက်သူများအတွက် လေ့လာရေးခရီးထွက်ရသလို ဖြစ်ခဲ့ပြီး အချင်းချင်းသံယောဇဉ်တွယ်ရန်နှင့် ဆက်ဆံရေး ကောင်းမွန်လာစေရန် ပလက်ဖောင်းတစ်ခုဖြစ်ခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံမှ မီဒီယာသမားများ လိုက်ပါခြင်းကြောင့် အခမ်းအနားကို ပြည်တွင်းရှိ ပြည်သူများအတွက်လည်း နေ့စဉ် သတင်းပေးတင်ဆက်နိုင်ခဲ့သည်။

*'ငြိမ်းချမ်းရေးပညာရေးနှင့် အရည်အသွေးမြင့် အထက်တန်းပညာရေးတို့ဖြင့် မင်ဒါနောင်၏ ပဋိပက္ခကို အသွင်ပြောင်းလဲခြင်း'* ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁၁-၁၆၊ မလေးရှားနိုင်ငံ စိန်းတက္ကသိုလ်၊ ပူလောင်းပီနန်း၊ မလေးရှား

၂၀၁၀ ပြည့်နှစ်တွင် မင်ဒါနောင် ပြည်နယ်ကောလိပ်များနှင့် တက္ကသိုလ်များ ဖောင်ဒေးရှင်း (Mindanao Association of State Colleges and Universities Foundation Inc (MASCUF)) အဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်သည့် မင်ဒါနောင် ပညာသင်ကြားပေးသူများ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပါဝင်လာအောင် COP အစီအစဉ်ကို ချဲ့ထွင်ခဲ့သည်။ ထို့ကြောင့် မင်ဒါနောင်တွင် ငြိမ်းချမ်းရေးပညာရေးကို တိုးတက်စေခြင်းဖြင့် ငြိမ်းချမ်းရေးအတွက် ပလက်ဖောင်းကို ခိုင်မာကျယ်ပြန့်စေရန် နည်းလမ်းများကို ဆွေးနွေးဖို့ MASCUF မှ တက္ကသိုလ်ဥက္ကဋ္ဌများအပါအဝင် တက်ရောက်သူ (၄၀) ကို ဖိတ်ကြားခဲ့သည်။ ထိုပွဲကို ထိုစဉ်က ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် သမ္မတအကြံပေးရုံး (Office of the Presidential Adviser on the Peace Process (OPAPP)) ၏ အတွင်းရေးမှူးဖြစ်သော အန်နာဘဲလ် အက်ဘာယာ (Annabelle Abaya) နှင့် ဖိလစ်ပိုင်နိုင်ငံ အထက်တန်းကျောင်း ပညာရေးဆိုင်ရာကော်မရှင်မှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့သည်။ ငြိမ်းချမ်းရေးပညာရေးက အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ယင်းက ကျောင်းသားများ၏ အသိပညာကို တိုးတက်စေသည်၊ ပဋိပက္ခပြဿနာများနှင့် အခြေအနေများကို ဖြေရှင်းရန် ၎င်းတို့၏ စွမ်းဆောင်ရည်များကို တိုးတက်စေသည်၊ အကောင်းမြင်စိတ် မွေးထုတ်ပေးသည်။

အစီအစဉ်၏ အဓိက ရည်မှန်းချက်များမှာ ပြည်နယ်တက္ကသိုလ်များနှင့် ကောလိပ်များ (State Universities and Colleges (SUCs)) ၏ ကတိကဝတ်များ၊ တာဝန်များနှင့် အစီအစဉ်များနှင့် ဆက်စပ်ပြီး သမိုင်းနှင့် လက်ရှိဖြစ်ရပ်များ နောက်ခံအခြေအနေတွင် ငြိမ်းချမ်းရေးကိုရှေးရှုသည့် ကြိုးပမ်းမှုများကိုလေ့လာရန်၊ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် (သို့) အုပ်စုများအတွက် SUC ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ရှာဖွေဖော်ထုတ်ရန် နှင့်/သို့မဟုတ် သတ်မှတ်ရန်၊ ယင်းတို့ကို ဖိလစ်ပိုင်နိုင်ငံ ပြည်နယ်တက္ကသိုလ်များနှင့် ကောလိပ်များ အစည်းအရုံး (Philippine Association of State Universities and Colleges (PASUC)) ၏ မင်ဒါနောင်အစုအဖွဲ့မှ မည်သို့ ရှာဖွေလုပ်ဆောင်နိုင်မည်၊ အားကောင်းစေနိုင်မည်ကို ဆွေးနွေးရန်၊ မင်ဒါနောင်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး အရေးပါမှုများကို ဖြေရှင်းရန် အဆင့်မြင့်ပညာရေးအတွက် မူဝါဒ အကြံပြုချက်များ/ ရွေးချယ်စရာများကို တင်ပြရန် ဖြစ်သည်။ ပွဲအပြီးတွင် MASCUF မှ ဥက္ကဋ္ဌများက အသွင်ပြောင်းလဲရေး ငြိမ်းချမ်းရေးတည်ဆောက်မှု အတွက် ပညာရေးကို ပလက်ဖောင်းတစ်ခုအတွက် အသုံးချရာတွင် ၎င်းတို့၏ အခန်းကဏ္ဍများကို လုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြသည်။ သူတို့က ဆွေးနွေးပွဲအပြီးတွင် MASCUF ပီနန်းကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အသေးစိတ်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) MASCUF က ငြိမ်းချမ်းရေးပညာရေးကို မြှင့်တင်သွားရန် သဘောတူသည်။
(၂) မင်ဒါနောင်ရှိ SUC များတွင် ငြိမ်းချမ်းရေးပညာရေးကို အင်စတီကျူးရှင်းခိုင်မာစေခြင်းဖြင့် သမ္မတအမိန့် ၅၇၀ ကို အကောင်အထည်ဖော်ရန်

(၃) သင်ကြားရေး၊ သုတေသနနှင့် လူထုထိတွေ့ရေးတို့တွင် ငြိမ်းချမ်းရေးပညာရေးအစီအစဉ်များ လုပ်ဆောင်ခြင်းဖြင့် SUC များအကြား ပူးပေါင်းဆောင်ရွက်ရန်

(၄) အရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ အဆင့်မြင့်ပညာရေးကော်မရှင်ကို ဒေသဆိုင်ရာ ငြိမ်းချမ်းရေး အဖွဲ့ဖွဲ့စည်းပြီး ရန်ပုံငွေခွဲဝေပေးရန် အကြံပြုသည်။

(၅) တူညီသောအစီအစဉ်နှင့် အရင်းအမြစ်များ ဝေမျှရန် အတူတကွလုပ်ဆောင်ခြင်းဖြင့် MASCUF ကို ငြိမ်းချမ်းရေးကွန်ရက်တစ်ခုအဖြစ် အားကောင်းလာစေရန်

(၆) သမ္မတရုံးကို မင်ဒါနောင်ပြည်နယ်တစ်ခုလုံး မူဆလင်နှင့် မူလအခြေချနေထိုင်သူများ (လူမက်လူမျိုးများ) ၏ အရေးကြီးရက်များကို ရုံးပိတ်ရက်အဖြစ်လိုက်နာဖို့ အကြံပေးမည်။

(၇) ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ ပြည်တွင်းအစီအစဉ်တွင် MASCUF က ငြိမ်းချမ်းရေးကွန်ရက်တစ်ခုအဖြစ် ပါဝင်သင့်သည်။

### *(ခ) STUFPeace နှင့် အိပ်မက်မက်သူများ အစီအစဉ်*

နောက်ဆုံးအနေဖြင့် REPUSM, SEACSN နှင့် JICA တို့အကြား ပူးပေါင်းဆောင်ရွက်မှုတစ်ခုအနေဖြင့် COP က (COP အစီအစဉ်များတွင် ထိုင်းနိုင်ငံတောင်ပိုင်းမှ တက်ရောက်သူများပါဝင်ခြင်းနှင့် မတူညီသည့်) ထိုင်းနိုင်ငံတောင်ပိုင်းတွင် အသွင်ပြောင်းလဲခြင်းဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှုကို မြှင့်တင်ရန် အဓိကထားသည့် အစီအစဉ်နှစ်ခုကိုလည်း လုပ်ဆောင်ခဲ့သည်။ ၎င်းတို့က ထိုင်းနိုင်ငံတောင်ပိုင်း ပညာရှင်များနှင့် ကျောင်းသားများအကြားတွင် ပညာရှင်၊ လက်တွေ့လုပ်ဆောင်သူများနှင့် ငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားသူများ အဖွဲ့ကို ဖန်တီးခဲ့သည်။ အိပ်မက်မက်သူများအစီအစဉ် (သို့) 'ငြိမ်းချမ်းရေးအိပ်မက်ကို မြှင့်တင်ခြင်း၊ ထိုင်းနိုင်ငံတောင်ပိုင်းတွင် အိပ်မက်မက်သူများကို ဖန်တီးခြင်းနှင့် ကူညီပံ့ပိုးခြင်း' ကို ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင် ပီနန်မြို့ မလေးရှားနိုင်ငံ စိန်းတက္ကသိုလ်၌ ကျင်းပခဲ့သည်။ ထိုဒေသမှ ဆွန်ခလာမင်းသား တက္ကသိုလ် (ဟက်ရိုင်ကျောင်းဝန်း)၊ ဆွန်ခလာမင်းသား တက္ကသိုလ် (ပတ်ထာနီကျောင်းဝန်း)၊ ဟက်ယိုင်တက္ကသိုလ်၊ သက္ကဆင်တက္ကသိုလ်၊ နရသီဝမင်းသမီးတက္ကသိုလ်နှင့် ယာလာရာဂျာဘတ်တက္ကသိုလ်များ (Prince of Songkhla University (Hatyai campus), Prince of Songkhla University (Pattani campus), Hatyai University, Thaksin University, Princess of Narathiwas University, and Yala Rajabhat University) အပါအဝင် တက္ကသိုလ်ခြောက်ခုကို တက်ရောက်ရန် ဖိတ်ခေါ် ခဲ့သည်။ အကျိုးဆက်အနေဖြင့် အချို့သောတက္ကသိုလ်များတွင် ပွဲတက်ရောက်ခဲ့သော အိပ်မက်မက်သူများက ငြိမ်းချမ်းရေးအဖွဲ့များကို တည်ထောင်ခဲ့ပြီး တက္ကသိုလ်မှဆရာများ က ကနဦးတွင် ထိုင်းနိုင်ငံတောင်ပိုင်း ငြိမ်းချမ်းရေးကွန်ရက် (Southern Thailand Peace Network (STPN)) ဟု အမည်ပေးခဲ့သော်လည်း နောင်တွင် ငြိမ်းချမ်းရေးအတွက် ထိုင်းနိုင်ငံတောင်ပိုင်း တက္ကသိုလ်များ (Southern Thailand Universities for Peace (STUfPeace)) အမည်ပြောင်းလဲခဲ့သော အဖွဲ့ကိုလည်း တည်ထောင်ခဲ့ကြသည်။ ထိုင်းနိုင်ငံတောင်ပိုင်းမှ ငြိမ်းချမ်းရေးလုပ်ငန်းများကို နောင်တွင် အခြားသော ဇာတ်ကောင်များပါ ပါဝင်လာအောင် ချဲ့ထွင်ခဲ့သည်။ သို့ရာတွင် အစောပိုင်း အိပ်မက်မက်သူများနှင့် STUfPeace မှ ပညာရှင်၊ တက်ကြွလှုပ်ရှားသူများ၏ ကနဦးပါဝင်လုပ်ကိုင်မှုများက အရေးပါခဲ့သည်။

နိဂုံးချုပ်ရသော် REPUSM/SEACSN/JICA မိတ်ဖက်မှုဖြင့် ကျင်းပခဲ့သော COP အစီအစဉ်များက အသွင်ပြောင်းလဲခြင်းဆိုင်ရာ ငြိမ်းချမ်းရေးတည်ဆောက်မှု ဖြစ်စဉ် မည်မျှအရေးပါသည်ကို ပြသခဲ့ပြီး ပညာရှင်၊ လက်တွေ့လုပ်ဆောင်သူများက ဒေသတွင်းငြိမ်းချမ်းရေးတွင် မည်သို့ပါဝင်နိုင်သည်ကို ပြသသည်။ နောက်တစ်ပိုင်းတွင် အဆိုပါဖြစ်စဉ်ကို လူ့အခွင့်အရေး ပညာရေးပါဝင်သည့် ရှုထောင့်မှ လေ့လာသွားပါမည်။

## ၁.၄.၃ အာဆီယံ/အရှေ့တောင်အာရှတွင် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ သင်ကြားပို့ချမှုများနှင့် သုတေသနများ မြှင့်တင်ရေးဆိုင်ရာ အစီအစဉ် (Strengthening Human Rights and Peace Education and Research in ASEAN/Southeast Asia (SHAPE SEA))[20]

အာဆီယံ/အရှေ့တောင်အာရှတွင် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ သင်ကြားပို့ချမှုများနှင့် သုတေသနများ မြှင့်တင်ရေးဆိုင်ရာ အစီအစဉ် (SHAPE SEA) က ကျယ်ပြန့်သော သုတေသန၊ အဆင့်မြင့်ပညာရေး သင်ကြားမှုများနှင့် အချက်အလက်စုံလင်သော မူဝါဒ ချဉ်းကပ်အရေးဆိုမှုများမှတစ်ဆင့် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီတန်ဖိုးများ ခိုင်မာစွာတည်ဆောက်ထားသည့် အရှေ့တောင်အာရှဒေသကို မျှော်မှန်းထားသည်။ ထိုအစီအစဉ်မှာ အာဆီယံတက္ကသိုလ်ကွန်ရက် လူ့အခွင့်အရေး ပညာရေးအကြောင်းအရာ (ASEAN University Network-Human Rights Education Theme (AUNHRE)) နှင့် အရှေ့တောင်အာရှ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလေ့လာရေး ကွန်ရက် (Southeast Asian Human Rights and Peace Studies Network (SEAHRN)) တို့မှ ပေါက်ဖွားလာပြီး ဆွီဒင်နိုင်ငံ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (SIDA) နှင့် အော်စလိုတက္ကသိုလ် လူ့အခွင့်အရေးဆိုင်ရာ နော်ဝေးဂျီးယန်းစင်တာ (Norwegian Centre for Human Rights (NCHR)) က ထောက်ပံ့ပေးထားခြင်းဖြစ်သည်။ အတွင်းရေးမှူးအဖွဲ့ကို ထိုင်းနိုင်ငံ မဟီဒေါတက္ကသိုလ်မှ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလေ့လာရေးဆိုင်ရာ အင်စတီကျု (Institute of Human Rights and Peace Studies (IHRP)) တွင် ထားရှိသည်။ အဆင့်မြင့်ပညာရေးတွင် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးအတွက် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုက အရှေ့တောင်အာရှပြည်သူများအားလုံးအတွက် လူ့အခွင့်အရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့အတွက် အကျိုးရှိစေသည်ဟူသည့် ယူဆချက်အပေါ်အခြေခံပြီး အဖွဲ့ကိုဖွဲ့စည်းခဲ့သည်။ အစီအစဉ်က လူပြိန်းကြိုက်ဝါဒများလာခြင်းဖြစ်စေ၊ အရပ်ဘက်အဖွဲ့အစည်း နယ်ပယ်ကျုံ့လာခြင်းဖြစ်စေ၊ လူမျိုးရေးခွဲခြားမှုနှင့် ခွဲခြားဆက်ဆံမှုများလာခြင်း ဖြစ်စေ၊ လူ့အခွင့်အရေးချိုးဖောက်သူများ ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေခြင်းဖြစ်စေ၊ လူ့အခွင့်အရေးအတွက် ခြိမ်းခြောက်မှု များကို ဒေသတွင်းသက်သေကိုအခြေခံသည့် ဗဟုသုတနှင့် အရည်အသွေးမြင့်သော ကျွမ်းကျင်သူကွန်ရက် (သို့မဟုတ် ဦးဆောင်လှုပ်ရှားသူများ) မရှိဘဲ ထိရောက်စွာမဖြေရှင်းနိုင်ဟု ယုံကြည်ထားသည်။

***(က) မဟာဗျူဟာနှင့် ရည်မှန်းချက်များ***

---

[20] ယခုအပိုင်းကို အာဆီယံ/အရှေ့တောင်အာရှတွင် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ သင်ကြားပို့ချမှုများနှင့် သုတေသနများ မြှင့်တင်ရေးဆိုင်ရာ အစီအစဉ်၏ အစီအစဉ် မန်နေဂျာ Joel Mark Barrado က ပါဝင်ရေးသားပေးထားသည်။

အစီအစဉ်၏ ရည်မှန်းချက်မှာ *လက်တွေ့အသုံးချ သုတေသနနှင့် ပညာရေးမှတစ်ဆင့် အရှေ့တောင်အာရှတွင် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးအခြေအနေများ တိုးတက်လာရေးတွင် ပါဝင်ဆောင်ရွက်ရန်* ဖြစ်သည်။ ၎င်း၏ မူဝါဒမှာ စိုးရိမ်ပူပန်မှုများကိုဖြေရှင်းနိုင်မည့် သုတေသနများလုပ်ဆောင်ခြင်း၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး တို့ကို တက္ကသိုလ်ပညာရေးတွင် ထည့်သွင်းကာ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ တိုးမြှင့်ခြင်းဖြင့် တက္ကသိုလ်များကို လူ့အခွင့်ရေးနှင့် ငြိမ်းချမ်းရေးမြှင့်တင်ရေး အခန်းကဏ္ဍတွင် ပို၍ သိသာထင်ရှားသော အခန်းကဏ္ဍမှ တိုက်ရိုက်ပါဝင်လာအောင် လုပ်ဆောင်ခြင်းဖြစ်သည်။ အခွင့်အရေးချိုးဖောက်ခံရသူ မည်သူမဆို ပါဝင်နိုင်သော်လည်း အထူးသဖြင့် ဆင်းရဲမွဲတေသူများ၊ လူ့အဖွဲ့အစည်းမှ ဖယ်ကျဉ်ခံထားရသူများ (သို့) ခွဲခြားဆက်ဆံခံရသူများ၊ ပဋိပက္ခဒေသမှ လူထု (သို့) အခြေခံဝန်ဆောင်မှုများ (သို့) အစိုးရ၏ အကာအကွယ်ပေးမှု မရရှိသူများဖြစ်သည့် ထိခိုက်လွယ်သူများ၏ လူ့အခွင့်အရေးဆိုင်ရာ သုတေသနများနှင့် ပညာရေးက ထိုသူများအတွက် ပိုမိုလုံခြုံပြီး တရားမျှတသည့် အနာဂတ်ရရှိအောင် လုပ်ဆောင်ပေးသည်။ လူ့အခွင့်အရေးအတွက် လုပ်ဆောင်ပေးခြင်းက ထိခိုက်လွယ်သူများကို ကာကွယ်ပေးရုံသာမက ဒေသတွင်း ပြည်သူများအတွက် လုပ်ဆောင်ပေးရန် (သို့) ကာကွယ်ပေးရန် တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များကိုပါ ဖွံ့ဖြိုးစေသည်။ အဆိုပါ အခွင့်အရေးအခြေပြု ချဉ်းကပ်ပုံမှတစ်ဆင့် စီမံကိန်းက ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးတွင် အကျိုးသက်ရောက်မှုရှိပြီး ဒေသတွင်း ဥပဒေစိုးမိုးမှုနှင့် ဒီမိုကရေစီ ကူးပြောင်းရေးတို့ကိုပါ အထောက်အကူပြုသည်။ အစီအစဉ်၏ ခြုံငုံရည်မှန်းချက်များကို အောက်ပါ အတိအကျသတ်မှတ်ထားသော ရည်မှန်းချက်များတွင် တွေ့နိုင်ပါသည်။

- အရှေ့တောင်အာရှမှ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးဘာသာရပ်များတွင် သုတေသနပြုနိုင်သူ အရေအတွက်နှင့် သုတေသန အရေအတွက်ကို ၅၀%အထိ တိုးလာစေရန်
- အဖွဲ့ဝင် တက္ကသိုလ်များမှ အဓိကပတ်သက်ဆက်နွှယ်သူများ (ကျောင်းသားများ၊ အစိုးရများ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် မီဒီယာ) အတွက် ထုတ်ဝေသည့် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး သုတေသန များကို ထိတွေ့မှု တိုးတက်လာစေရန်
- ပြဋ္ဌာန်းစာအုပ်များ၊ စာသင်ကြားရေး၊ သင်ရိုးညွှန်းတမ်း ပြင်ဆင်ရေးနှင့် စာသင်ခန်းတွင်း ဆွေးနွေးရေးတို့ တွင် သင့်တော်သောသုတေသနများ ရရှိစေခြင်းဖြင့် အရှေ့တောင်အာရှတွင် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးပညာရေး အဆင့်အတန်း မြင့်လာစေရန်

### *(ခ) ပြောင်းလဲခြင်းသီအိုရီ*

SHAPE-SEA ၏ ပြောင်းလဲခြင်းသီအိုရီမှာ ပညာရေးနှင့် သုတေသနကို မြှင့်တင်ခြင်းနှင့် အားကောင်းစေခြင်း တို့ဖြင့် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးဆီသို့ အထိရောက်ဆုံးနှင့် ရေရှည်တည်တံ့သော နည်းလမ်းများဖြင့် ရောက်ရှိနိုင်ရန်ဖြစ်သည်။ အစီအစဉ် (နှင့် လုပ်ဆောင်ချက် (သို့) အပြောင်းအလဲအတွက် ပါဝင်လုပ်ဆောင်ချက်) က *လုံလောက်သည့် အရေအတွက်ရှိသော ပညာရှင်-ကျွမ်းကျင်သူ ချဉ်းကပ်အရေးဆိုသူများ* မွေးထုတ်ပေးနိုင်ရန် သုတေသနပညာရှင်များ၊ ပညာရှင်များနှင့် ၎င်းတို့၏ လူထုဖွံ့ဖြိုးရေးအတွက် မွေးထုတ်ပေးရာနေရာ (သို့) ဆက်သွယ်ဖလှယ်ရာ နေရာတစ်ခုအဖြစ် ရှိမည်ဖြစ်သည်။ အဆိုပါ လုံလောက်သောအရေအတွက်ရှိသည့် ပညာရှင်-ကျွမ်းကျင်သူ ချဉ်းကပ်အရေးဆိုသူများက အရှေ့တောင်အာရှတွင် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး

အခြေအနေတိုးတက်ရန် SHAPE-SEA ၏ အဓိက ပါဝင်လုပ်ဆောင်မှုဖြစ်သည်။ ထိုသူများက အခြားသော အပြောင်းအလဲများ ဖြစ်ပေါ်လာရန်/ အပြောင်းအလဲများအပေါ် သက်ရောက်မှုရှိရန်၊ နယ်ပယ်များ၊ အစိုးရများနှင့် အဖွဲ့အစည်းများကဲ့သို့သော အခြားအလားအလာရှိသည့် ပြောင်းလဲမှုအေးဂျင့်များကို လွှမ်းမိုးရန် အဓိက မောင်းနှင်အားတစ်ခုအဖြစ် လုပ်ဆောင်ပေးမည်ဖြစ်သည်။ SHAPE-SEA က ပညာရှင်-ကျွမ်းကျင်သူ ချဉ်းကပ်အရေးဆိုသူများကို (၎င်းတို့၏နိုင်ငံများနှင့် အဆင့်မြင့်ပညာရေး အင်စတီကျူးရှင်းများတွင် အပြောင်းအလဲအတွက် လုပ်ဆောင်ပေးသူ) တစ်သီးပုဂ္ဂလ ပုဂ္ဂိုလ်များအဖြစ် သော်လည်းကောင်း၊ (ပို၍ကြီးမားသော အပြောင်းအလဲထွက်ပေါ်လာစေရန် ပူးပေါင်းဆောင်ရွက်သည့် အကျိုးကျေးဇူးများ ရရှိစေရန်) လူအုပ်စုတစ်ခုအဖြစ်သော်လည်းကောင်း ပျိုးထောင်ပေးရန် ရည်ရွယ်သည်။

### *(ဂ) ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေးအတွက် ကတိကဝတ်*

၂၀၁၅ ခုနှစ်မှ လက်ရှိအချိန်အထိ SHAPE-SEA က အောက်ပါနယ်ပယ်များတွင် ပညာရပ်ကျွမ်းကျင်မှုနှင့် ဆွေးနွေးပါဝင်မှုများကို အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ ယင်းတို့မှာ အာဆီယံနှင့် လူ့အခွင့်အရေး၊ စီးပွားရေးလုပ်ငန်းများနှင့် တာဝန်ယူတာဝန်ခံမှု၊ အုပ်ချုပ်ရေးနှင့် တရားမျှတမှု၊ ပညာရေးလွတ်လပ်ခွင့်၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ ဖြစ်ကြသည်။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့က ဆက်စပ်နေသည့် နယ်ပယ်ဖြစ်သော်လည်း အစီအစဉ်ရေးဆွဲသူများက ထိုနယ်ပယ်တွင် ဗဟုသုတနှင့် စွမ်းဆောင်ရည် မြှင့်တင်ရန် လိုအပ်ကြောင်း သိရှိထားသည်။ ထိုသို့လက်ခံထားရခြင်းမှာ အောက်ပါအကြောင်းပြချက်ကြောင့် ဖြစ်သည်။

> *အာဆီယံတွင် ဖြစ်ပွားနေဆဲ ပဋိပက္ခများ ရှိနေသေးပြီး ယင်းတို့အားလုံးတွင် လူ့အခွင့်အရေး ရှုထောင့်များ ပါဝင်သည်။ ငြိမ်းချမ်းရေး၊ ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ရင်ကြားစေ့ရေး ကိစ္စရပ်များက ပညာရေးနှင့် သုတေသန၏ အစိတ်အပိုင်းဖြစ်လာအောင် သုတေသနများ လုပ်ဆောင်ဖို့ လိုအပ်နေသည်။ ပဋိပက္ခအသွင်ပြောင်းလဲရေးကို အစီအစဉ်တွင် အစိတ်အပိုင်း တစ်ခုအဖြစ် ထည့်သွင်းထားခြင်းက ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးတို့က အပြန်အလှန် အားကောင်းစေသည့် သဘောတရားရှိကြောင်းကို ပြသနေသည်။ ဒေသတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများတွင် လူ့အခွင့်အရေးကို လေးစားပြီး ကာကွယ်ရန်၊ အထူးသဖြင့် တရားဥပဒေ စိုးမိုးရေး၊ ပဋိပက္ခအတွင်း လူ့အခွင့်အရေးအသက်ဝင်ရေး၊ ထိခိုက်လွယ်သူအုပ်စုများကို အကာအကွယ်ပေးရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပဋိပက္ခအသွင်ပြောင်းလဲခြင်း တို့က လူ့အခွင့်အရေးစံနှုန်းများ လိုက်နာမှုကို မည်သို့တိုးတက်စေကြောင်းတို့ကို နားလည် သဘောပေါက်စေရန် ယခုအကြောင်းအရာခေါင်းစဉ်က တိုင်းတာမှုအသေးစိတ်များကို အာရုံစိုက် လုပ်ဆောင်သွားပါမည် (SHAPE-SEA, အဆင့် ၁ အဆိုပြုလွှာ၊ ၂၀၁၅)။*

SHAPE-SEA က နိုင်ငံတွင်းနှင့် ဒေသတွင်း၌ သုတေသနစီမံကိန်းများ၊ ခရီးထွက်၍ ပို့ချခြင်းများ၊ ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ၊ ပြည်တွင်းဆွေးနွေးပွဲများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများနှင့် ချဉ်းကပ်အရေးဆိုခြင်း ကြိုးပမ်းမှုများကို ထောက်ပံ့နိုင်၊ လုပ်ဆောင်နိုင်ခဲ့သည်။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ အသွင်ပြောင်းလဲရေးနှင့် သက်ဆိုင်သည့် ပညာရပ်ဆိုင်ရာ ရေးသားထုတ်ဝေမှုများလည်း ပြုလုပ်ခဲ့သည်။ အဆိုပါ

ကြိုးပမ်းမှုများက အရှေ့တောင်အာရှ၏ ဒေသများအားလုံးတွင် ပဋိပက္ခအသွင်ပြောင်းလဲရေးကို အပြည့်အဝ ထောက်ပံ့ပြီး ထည့်သွင်းထားသည့် ငြိမ်းချမ်းရေးမူဘောင်များနှင့် လူ့အဖွဲ့အစည်းများ တည်ဆောက်ခြင်းက သင့်တော်ကြောင်း သက်သေပြခြင်းဖြစ်သည်။

## ၁.၄.၄ အာချေးအင်စတီကျူ (The Aceh Institute (AI))[21]

အာချေးအင်စတီကျူသည် ငြိမ်းချမ်းရေးအတွက် သုတေသနနှင့် သင်ကြားပို့ချရေး၊ စိန်းတက္ကသိုလ် မလေးရှား (REPUSM) ၌ ဒေသတွင်းပညာရှင်များ၏ ထောက်ပံ့မှုဖြင့် ၂၀၀၃ ခုနှစ်တွင် အာချေးလူမျိုး ပညာရှင်၊ တက်ကြွလှုပ်ရှားသူများက ဖွဲ့စည်းခဲ့သည့် အမြတ်အစွန်းရရှိရေးမဟုတ်သော အာချေးဒေသအခြေစိုက် အစိုးရမဟုတ်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အာချေးအတွက် ပညာရပ်ဆိုင်ရာလုပ်ငန်းများနှင့် တက်ကြွလှုပ်ရှားမှုများကို ပူးပေါင်းပြီး အာချေးလူမျိုးများ၏ လူသားအရင်းအမြစ် အသိပညာကို တိုးတက်စေခြင်းဖြင့် ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်းများကို ထောက်ပံ့ရန် ယင်းကို ပညာရှင်အဖွဲ့အစည်းတစ်ခုအဖြစ် ဖန်တီးခဲ့သည်။

ထိုအချိန်၌ အာချေးသည် အသက်သေဆုံးမှုများနှင့် ထိခိုက်ဆုံးရှုံးမှုများ နေ့စဉ်ဖြစ်ပေါ်နေသည့် ကာလရှည်ကြာ အကြမ်းဖက်သော လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေသည့်အချိန်ဖြစ်သည်။ ဤသည်က ၁၉၇၆ ခုနှစ်တွင် အာချေးပြည်နယ် ကိုယ်ပိုင်ပြဋ္ဌာန်းရေးအတွက် *Gerakan Aceh Merdeka* (GAM သို့မဟုတ် အာချေးလွတ်မြောက်ရေး လှုပ်ရှားမှု) ဖြစ်ပွားပြီး အင်ဒိုနီးရှားအာဏာပိုင်များက တုံ့ပြန်မှုများ ပြုလုပ်ကာ အာချေးလူမျိုးများအပေါ် အစုလိုက်အပြုံလိုက် လူ့အခွင့်အရေးချိုးဖောက်ခြင်းနှင့် ထိခိုက်စေခြင်းများ ဖြစ်ပွားစေခဲ့ချိန်မှ စတင်ခဲ့သည်။ ၁၉၈၉ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်အကြား အာချေးဒေသကို *Daerah Operasi Militari* (DOM) (သို့) စစ်တပ်လှုပ်ရှားရေးဒေသအဖြစ် ကြေညာလိုက်သည့်အခါ ထိုသို့ တုံ့ပြန်မှုများ အပြင်းထန်ဆုံး ဖြစ်ခဲ့ပြီး အမျိုးမျိုးသောအကြမ်းဖက်မှုများ၊ အရှက်တကွဲဖြစ်အောင်လုပ်ခြင်းများ၊ လူသားဖြစ်မှုကို လျော့ကျစေသည့်လုပ်ရပ်များ လုပ်ဆောင်ခံခဲ့ရသည်။ ၁၉၉၈ ခုနှစ်တွင် ဆူဟာတိုအစိုးရ ပြုတ်ကျခြင်းနှင့် အစိုးရနှင့် GAM တို့အကြား တွေ့ဆုံဆွေးနွေးပွဲများ ဖြစ်ပွားခဲ့ခြင်းကြောင့် ၁၉၉၉ နှင့် ၂၀၀၃ ခုနှစ်အကြား ကာလတစ်ခုအထိ သက်သာရာရခဲ့ပြီး ဟင်နရီဒူးနန့်စင်တာ (Henri Dunant Centre (HDC)) ၏ ထောက်ပံ့ကူညီမှုဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ် စတင်ခဲ့ပြီး ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်များပင် ရှိလာခဲ့သည်။ သို့ရာတွင် ၂၀၀၃ ခုနှစ် မေလတွင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပျက်ပြားသွားခဲ့သည်။ စစ်တပ်နှင့် အရပ်ဘက် အရေးပေါ်အခြေအနေများ ကြေညာခြင်းက ငြိမ်းချမ်းရေးအတွက် တိုးတက်မှုများကို ရပ်တန့်စေခဲ့ပြီး အာချေးလူမျိုးများအတွက် စစ်ပွဲများနှင့် ထိခိုက်ခြင်းများ ပြန်လည်ရောက်ရှိလာခဲ့သည်။[22]

---

[21] ယခုအပိုင်းကို အင်ဒိုနီးရှားနိုင်ငံ၊ ဘန်ဒါအာချေးမှ State Islamic University ၏ အကြီးတန်းကထိက Fuad Mardhatillah က ပါဝင်ရေးသားပေးခြင်း ဖြစ်သည်။

[22] အာချေးနှင့် အာချေးငြိမ်းချမ်းရေးဖြစ်စဉ် အသေးစိတ်ကို အခန်း (၅) ဖြစ်ရပ်လေ့လာခြင်းတွင် ရှုပါ။

အာချေးအင်စတီကျူကို ထိုကဲ့သို့ တင်းမာနေသည့်အခြေအနေတွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က မျှော်မှန်းချက်မှာ ပဋိပက္ခကိုပြောင်းလဲခြင်းနှင့် အကြမ်းဖက်မှုအားလုံးကို အမြစ်ဖြတ်ရာတွင် အထောက်အကူပြုမည့် ပလက်ဖောင်းတစ်ခုဖန်တီးရန်၊ အာချေးဒေသတွင် ငြိမ်းချမ်းရေးအကြောင်း နားလည်သဘောပေါက်စေရန်၊ ထိုအချိန်အထိ လုံခြုံရေး၊ စစ်တပ်နှင့် အကြမ်းဖက်ချဉ်းကပ်ပုံများကိုသာ အခြေခံခဲ့သည့် ပဋိပက္ခဖြေရှင်းရေးပါရာဒိုင်းကို ပြောင်းလဲပစ်ရန်၊ အာချေးဒေသအတွက် လူသားဖြစ်မှုကိုလေးစားခြင်းနှင့် ပဋိပက္ခဖြေရှင်းရန် လူသားဆန်သောချဉ်းကပ်ပုံတို့အား ပြန်လည်ယူဆောင်လာရန် ဖြစ်သည်။

ဤသည်တို့မှာ အာချေးနှင့် ဒေသတွင်းမှ တက်ကြွလှုပ်ရှားသူများ၊ ပညာရှင်များနှင့် သုတေသနပညာရှင်များ အတူပူးပေါင်းပြီး အာချေးအင်စတီကျူကိုဖန်တီးရန် စိတ်ဓာတ်တက်ကြွစေခဲ့သော အချက်များဖြစ်သည်။ ၎င်းတို့က လွှန်စွာရှုပ်ထွေးပြီး နိုင်ငံရေး၊ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ဘာသာရေးဆိုင်ရာ ရှုထောင့်ပေါင်းစုံပါဝင်သော အခြေအနေတစ်ခုကို အတူတကွပြောင်းလဲပစ်ရန် ကတိကဝတ်ပြုခဲ့ကြသည်။

အာချေးအင်စတီကျူကို အာချေးလူမျိုး ပညာရှင်များနှင့် တက်ကြွလှုပ်ရှားသူများအတွက် ပဋိပက္ခကို အမြဲတမ်းဖြေရှင်းနိုင်ရန်နှင့် အာချေးဒေသအတွက် တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသောငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် လုပ်ဆောင်ဖို့ ပလက်ဖောင်းတစ်ခုအဖြစ် ဖန်တီးခြင်းဖြစ်သည်။ လုပ်ဆောင်ခဲ့သော အစီအစဉ်များတွင် ငြိမ်းချမ်းရေးသုတေသနအစီအစဉ်၊ နယ်ပယ်စုံရောယှက်ထားသည့် အများပြည်သူနှင့် တိုင်ပင်မှုများနှင့် ဆွေးနွေးမှုများပါဝင်သည်။ ထို့ပြင် အင်စတီကျူက ကျေးလက်ဒေသတွင် ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲခြင်းအတွက် အကူအညီပေးခြင်း၊ ပဋိပက္ခဖြေရှင်းရေး၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေး သင်တန်းများပေးခြင်း၊ လူ့အခွင့်အရေးကိုအခြေခံပြီး လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ဘာသာရေး ကိစ္စရပ်များနယ်ပယ်တွင် စွမ်းရည်မြှင့်အစီအစဉ်များ လုပ်ဆောင်ပေးခြင်း၊ အကြမ်းမဖက် အစွလာမ်မစ်သင်ကြားမှုများဖြင့် လမ်းညွှန်မှုပေးခြင်းတို့ကိုလည်း လုပ်ဆောင်သည်။ ပညာရပ်စွမ်းဆောင်ရည် မြှင့်တင်ခြင်းများအတွက် အာချေးအင်စတီကျူက သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်းနှင့် စာတမ်းရေးသားခြင်းအတွက် သင်တန်းများလည်း ပြုလုပ်ခဲ့သည်။ ဤသည်မှာ အာချေးပညာရှင်များအကြား ပညာရပ်လေ့လာမှုအရ နားလည်သဘောပေါက်မှု တိုးတက်လာစေရန်နှင့် လူငယ်မျိုးဆက်သစ်များကို ၎င်းတို့ ပတ်ဝန်းကျင် အခြေအနေများကိုတုံ့ပြန်ရန် ဖန်တီးမှုရှိသော အကြံဉာဏ်များကို ရေးသားဖို့ စိတ်အားထက်သန်လာစေရန် အားပေးခြင်းဖြစ်သည်။ ထို့နောက် အဆိုပါလုပ်ဆောင်ချက်များ၏ ရလဒ်များကို ရွေးချယ်ပြီး ကျယ်ပြန့်သော ပရိသတ်နှင့် ဝေမျှရန် အာချေးအင်စတီကျူ၏ ဝက်ဘ်ဆိုက်တွင် တင်ပေးထားသည်။

နိုင်ငံတကာအလှူရှင်များနှင့် သုတေသနပညာရှင်များက အာချေးအင်စတီကျူနှင့် စီမံကိန်းအများအပြားတွင် ပူးပေါင်းရန်လိုလားကြောင်း ပြသခြင်းဖြင့် အာချေးအင်စတီကျူက နိုင်ငံတကာတွင်လည်း ထင်ရှားလာခဲ့သည်။ နိုင်ငံတကာသုတေသနပညာရှင်များကလည်း အမျိုးမျိုးသော သုတေသနလုပ်ငန်းများအတွက် တိုင်ပင်ဆွေးနွေးရန်နှင့် အချက်အလက်များရယူရန် အာချေးအင်စတီကျူဦးစီးသူနှင့် ကိုးကားစရာအဖွဲ့တစ်ခုအဖြစ် မှတ်ယူလာကြသည်။ နောက်ဆုံးအနေဖြင့် အာချေးအင်စတီကျူ၏ ကြိုးပမ်းမှုများနှင့် အောင်မြင်မှုများ ရှိလင့်ကစား အာချေးဒေသ ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်သည့် အခြားသော အစိုးရမဟုတ်သည့်

အဖွဲ့အစည်းများနည်းတူ ၎င်းတို့သည်လည်း လူထုက ဖောက်ထွက်တွေးခေါ် နိုင်စွမ်းမရှိခြင်း၊ အင်စတီကျူးရှင်းက ဘဏ္ဍာရေးအရ လွတ်လပ်မှု နည်းပါးခြင်း၊ သိပ္ပံအသိပညာစီမံခန့်ခွဲရေးကိစ္စရပ်များတွင် သိနားလည်မှုနည်းပါးခြင်း အပါအဝင် ပြဿနာအများအပြား ရင်ဆိုင်ခဲ့ရသည်။ အဆိုပါပြဿနာများကြောင့် အင်စတီကျူးရှင်းက ထုတ်လုပ်သည့် အသိပညာနှင့် အကောင်းဆုံး အလေ့အကျင့်ရတနာများပင် ပျောက်ဆုံးလုနီးပါး ဖြစ်ခဲ့ရသည်။ ကံကောင်းထောက်မစွာဖြင့် အင်စတီကျူမှာ ယခုထက်ထိရှိနေသေးသည်။ သို့ရာတွင် ၎င်း၏ လုပ်ငန်းများ၌ တက်ကြွစွာ ပါဝင်ခဲ့သော ပညာရှင်၊ တက်ကြွလှုပ်ရှားသူများမှာ အင်စတီကျူကို စွန့်ခွာသွားကြပြီး အခြားသော ငြိမ်းချမ်းရေး သုတေသန၊ ပညာရေးနှင့် တက်ကြွလှုပ်ရှားမှု ပလက်ဖောင်းများကို ဖန်တီးခဲ့ကြသည်။ ယင်းတို့ထဲမှ သိသာထင်ရှားသော အဖွဲ့တချို့မှာ ဘန်ဒါအာချေးရှိ ဆီယာကူလာတက္ကသိုလ် (Syiah Kuala University) ရှိ အာချေးနှင့် အိန္ဒိယသမုဒ္ဒရာ လေ့လာရေးဆိုင်ရာ နိုင်ငံတကာ စင်တာ (International Center on Aceh and Indian Ocean Studies (ICAOS)) နှင့် ငြိမ်းချမ်းရေးလေ့လာရေးစင်တာတို့ဖြစ်ကြသည်။ (အခြားသော ဥပမာများတွင် အာချေးအရပ်ဘက်အဖွဲ့အစည်း လုပ်ငန်းအဖွဲ့ (Aceh Civil Society Task Force (ACSTF)) နှင့် အာချေးအသစ်အတွက် လုပ်ငန်းစုတို့ဖြစ်ကြပြီး ယင်းတို့အကြောင်းကို အခန်း (၄) တွင် ဆွေးနွေးသွားပါမည်။)

## ၁.၅ နိဂုံးနှင့် စာအုပ်အကျဉ်းချုပ်

**အခန်း (၁)** က ယခုနယ်ပယ်တွင် အဓိက သဘောတရားများ၊ ချဉ်းကပ်ပုံများနှင့် မူဘောင်များကို လေ့လာဆွေးနွေးခဲ့သည်။ ယင်းတို့တွင် ငြိမ်းချမ်းရေး၊ ပဋိပက္ခ၊ အကြမ်းဖက်မှု၏ သဘောတရားများနှင့် ၎င်းတို့ကို ဖြေရှင်းရန် မဟာဗျူဟာများ၊ ချဉ်းကပ်ပုံများနှင့် မူဘောင်များ ပါဝင်သည်။ ယင်းတို့ကို အသေးစိတ် ဆွေးနွေးမှုများနှင့် ဒေသတွင်းမှ ဥပမာများနှင့် ဖြစ်ရပ်များကို လာမည့်အခန်းများတွင် တင်ပြသွားပါမည်။ ငြိမ်းချမ်းရေး လေ့လာခြင်း ပြောင်းလဲပုံနှင့် ဖြစ်ပေါ်တိုးတက်ပုံများကို သိရှိစေရန်နှင့် ဆွေးနွေးမှုများအတွက် နောက်ခံ အခြေအနေများကို ရှင်းလင်းပြရန် အခန်း (၁) က ယခုနယ်ပယ်တွင် သီအိုရီများ ပြောင်းလဲလာပုံဖြင့် စတင်ခဲ့သည်။ ထို့နောက် အဓိက သဘောတရားများနှင့် ချဉ်းကပ်ပုံများ၏ အခြေခံ အဓိပ္ပာယ်များကို ဆက်လက်တင်ပြထားသည်။

အခန်း (၁) က ပဋိပက္ခ အသွင်ပြောင်းလဲရေးကို ဒေသတွင်း ငြိမ်းချမ်းရေး ရရှိစေရေးအတွက် အရေးပါသော ချဉ်းကပ်ပုံတစ်ခုအဖြစ် တင်ပြထားသည်။ ပဋိပက္ခအသွင်ပြောင်းလဲရေးကို ယခုစာအုပ်၏ အဓိကအချက်အဖြစ် ရွေးချယ်ထားရခြင်းမှာ ၎င်း၏ ပြည့်စုံကြွယ်ဝသော သဘောတရားကြောင့်သာ မဟုတ်ဘဲ ယင်းက ဒေသတွင်း ငြိမ်းချမ်းနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု ပြောင်းလဲလာပုံကို သင့်လျော်စွာ ဖော်ပြနိုင်သောကြောင့် ဖြစ်သည်။ ပဋိပက္ခအသွင်ပြောင်းလဲရေးက ဒေသတွင်း ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းမှုများ၏ လုပ်ဆောင်နေဆဲဖြစ်သည့် သဘောတရားကိုလည်း ပြသနိုင်သည်။ ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသည့် ငြိမ်းချမ်းရေး ရရှိစေရန် ပဋိပက္ခအသွင်ပြောင်းလဲရေး ချဉ်းကပ်ပုံကို ငြိမ်းချမ်းရေး တည်ဆောက်ရေး မဟာဗျူဟာများနှင့် ပေါင်းစပ်ခြင်းဖြင့် အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်မှု မူဘောင်ရရှိနိုင်သည်။ ဤသည်မှာ ဒေသတွင်း ငြိမ်းချမ်းရေး ရရှိရန် အခြေခံ ချဉ်းကပ်ပုံနှင့် မူဘောင်တစ်ခုဖြစ်ပြီး ယခုစာအုပ်တလျှောက် ယင်းကို အဓိကထား တင်ပြသွားပါမည်။ ကြိုးပမ်းမှုများ၏ အခြေအနေကိုလိုက်၍ တုံ့ပြန်သည့် ပုံစံနှင့် လိုက်လျောညီထွေ

ရှိသည်များကို ရောစပ်အသုံးပြုသည့် ပုံစံ သဘောသဘာဝများကိုပါ ထည့်သွင်းစဉ်းစားထားသောကြောင့် ထိုမူဘောင်ကို အသင့်တော်ဆုံးမူဘောင်အဖြစ် တင်ပြထားသည်။

ထို့နောက် အခန်း (၁) က အဆိုပါ အသွင်ပြောင်းလဲရေး ငြိမ်းချမ်းရေးတည်ဆောက်ရေး ချဉ်းကပ်ပုံကို ဒေသတွင်း မည်ကဲ့သို့ အသုံးပြုပြီး အကောင်အထည်ဖော်ခဲ့သည်ကို တင်ပြထားသည်။ ဥပမာများက ငြိမ်းချမ်းရေး၊ ပဋိပက္ခနှင့် လူ့အခွင့်ရေးလေ့လာမှုများ မည်ကဲ့သို့ပြောင်းလဲလာပုံနှင့် ချဉ်းကပ်ပုံကို ဒေသတွင်း ပညာရှင်၊ လက်တွေ့ကျင့်သုံးသူများနှင့် ၎င်းတို့၏မိတ်ဖက်များနှင့် ကွန်ရက်များ၏ အသုံးပြုပုံတို့က ဒေသတွင်း ငြိမ်းချမ်းရေးအတွက် အကျိုးသက်ရောက်ပုံများကို ပြသထားသည်။ အခြားသော ဥပမာများနှင့် အခြားသော ဇာတ်ကောင်များ၏ ပါဝင်အကျိုးပြုပုံများကို နောင်တွင် ဖော်ပြပေးသွားပါမည်။ ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ ၎င်းတို့ကို အသုံးပြုပုံများကို အခြားအခန်းများ၊ အထူးသဖြင့် အခန်း (၄) တွင်လည်း တင်ပြသွားပါမည်။ ယခုစာအုပ်ပါ ကျန်ရှိနေသောအခန်းများ၏ အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

**အခန်း (၂)** 'ပဋိပက္ခကို နားလည်သဘောပေါက်ခြင်း' က ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးနယ်ပယ်မှ သီအိုရီများနှင့် သဘောတရားများကို ဆက်လက်ဆွေးနွေးသွားပါမည်။ ထိုအခန်းက ပဋိပက္ခ၏ သဘောသဘာဝကို ရှင်းလင်းပြပြီး ပဋိပက္ခ၏လက္ခဏာရပ်များကို အကျယ်ချဲ့ဆွေးနွေးခြင်းဖြင့် မိမိကိုယ်မိမိနှင့်ရော အခြားသူများနှင့်ပါ ပဋိပက္ခဖြစ်ခြင်းကို လေ့လာခြင်းဖြင့် စတင်ပါမည်။ ပဋိပက္ခဖြစ်ရသည့် အကြောင်းများတွင် လူမှုဆက်ဆံဖလှယ်မှုများ၏ အရေးပါမှုများကိုလည်း ဆွေးနွေးသွားပါမည်။ ပဋိပက္ခဆိုင်ရာ အသုံးအနှုန်းများကို ရှင်းလင်းပြခြင်းနှင့် ပဋိပက္ခတြိဂံနှင့် ကာလရှည်ကြာ လူမှုပဋိပက္ခ မူဘောင်များကို အသုံးပြုခြင်းဖြင့် ပဋိပက္ခသီအိုရီများနှင့် မူဘောင်များကို ပို၍ အကျယ်ချဲ့ရှင်းလင်းပြသွားပါမည်။ ထိုအခန်း၏ နောက်ပိုင်းများက ပဋိပက္ခ ပုံဖော်ရေးဆွဲခြင်းလုပ်ဆောင်ကာ ပဋိပက္ခ၏ အမျိုးအစားများနှင့် ဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ ပဋိပက္ခ ဇာတ်ကောင်များနှင့် ပဋိပက္ခမှ ရှုထောင့်များကို လေ့လာခြင်းဖြင့် ပဋိပက္ခကို လေ့လာသုံးသပ်သွားပါမည်။

**အခန်း (၃)** က အကြမ်းဖက်သောပဋိပက္ခများကို ချဉ်းကပ်သည့် အရေးပါသော နည်းလမ်းများအဖြစ် ပဋိပက္ခ စီမံခန့်ခွဲခြင်းနှင့် တားဆီးခြင်းတို့ကို အဓိကထားဆွေးနွေးသွားပါမည်။ ဒေသတွင်း အကြမ်းဖက်သော (သို့) အကြမ်းဖက်နိုင်ခြေရှိသော ပဋိပက္ခများကို တစ်နိုင်ငံချင်း (သို့) နိုင်ငံများ စုစည်း၍ မည်သို့ကိုင်တွယ်ခဲ့သနည်း။ အကြမ်းဖက်သော ပဋိပက္ခများကို စီမံခန့်ခွဲရန်နှင့် တားဆီးရန် မည်သည့် တရားဝင်နှင့် အလွတ်တမ်း နည်းလမ်းများကို အသုံးပြုခဲ့သနည်း။ အရှေ့တောင်အာရှနိုင်ငံများက အမျိုးမျိုးသော နိုင်ငံတွင်း၊ နိုင်ငံများအကြား နှင့် နိုင်ငံတကာပဋိပက္ခများ ကြုံတွေ့နေရချိန်တွင် ကောင်းမွန်သောဆက်ဆံရေးများကို မည်ကဲ့သို့ ထိန်းသိမ်းထား သနည်း။ ဒေသတွင်း အကြမ်းဖက်သောပဋိပက္ခများကို စီမံခန့်ခွဲရန်နှင့် တားဆီးရန် သမိုင်းကြောင်းရှည်ကြာပြီး ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် ကိုင်တွယ်ရန် ပို၍၊ ပို၍ ခက်ခဲလာသော အစွန်းရောက်မှုကိုလည်း လေ့လာရန် အရေးပါလာသည်။ အရှေ့တောင်အာရှတွင် အစွန်းရောက်မှုဖြစ်ပွားရသည့် အကြောင်းအရင်းများမှာ

မည်သည်တို့နည်း။ ဒေသတွင်း အစွန်းရောက်အကြမ်းဖက်မှုကို မည်သို့ကိုင်တွယ်ကြသနည်း။ ယင်းတို့မှာ ထိုအခန်းက လေ့လာသွားမည့် မေးခွန်းအချို့ဖြစ်သည်။

ယေဘုယျအားဖြင့် ပဋိပက္ခစီမံခန့်ခွဲခြင်းနှင့် တားဆီးခြင်းတို့တွင် တရားဝင်ရော၊ အလွတ်သဘောနည်းလမ်းများပါ ပါဝင်သည်။ အရှေ့တောင်အာရှတွင် နိုင်ငံအမျိုးမျိုး၊ လူအမျိုးမျိုးရှိပြီး ဒေသတွင်း ပြဿနာများက ရှုပ်ထွေး များပြားလေရာ နိုင်ငံတစ်ခုစီ၌ရော အာဆီယံအဖွဲ့ဝင်နိုင်ငံများ စုစည်း၍ပါ တရားဝင်နှင့် အလွတ်သဘော ကြိုးပမ်းမှုများ ပြုလုပ်ရန် အရေးကြီးသည်။ ထိုအကြောင်းပြချက်ကြောင့် အခန်း (၃) က တရားဝင်ရော၊ အလွတ်သဘောနည်းလမ်းများကိုပါ ထည့်သွင်းစဉ်းစားပြီး ပဋိပက္ခစီမံခန့်ခွဲရေးနှင့် တားဆီးရေးတို့ကို ရှင်းလင်းပြသွားပါမည်။ တရားဝင် နည်းလမ်းများက လွန်ခဲ့သော နှစ်များတွင် တဖြည်းဖြည်း အင်စတီကျူးရှင်းတွင် အခြေကျလာသလို အလွတ်သဘောနည်းလမ်းများကို "အရှေ့တောင်အာရှ" သို့မဟုတ် "အာဆီယံပုံစံ" ဟု တဖြည်းဖြည်း အသိအမှတ်ပြုလာကြသည်။ ထို့ကြောင့် အခန်း (၃) က ပဋိပက္ခ စီမံခန့်ခွဲရေးနှင့် တားဆီးရေးတို့နှင့် အာဆီယံပုံစံက အပြန်အလှန် မည်သို့၊ မည်သည့်နည်းလမ်းများဖြင့် သက်ရောက်မှုရှိပြီး လက္ခဏာရပ်သတ်မှတ်မှု ရှိသည်ကို ဆန်းစစ်လေ့လာသွားပါမည်။

ယနေ့ခေတ် ဂလိုဘယ်လ်လိုက်ဇေးရှင်းကမ္ဘာကြီးတွင် ပြည်တွင်းပဋိပက္ခများပင် ဂလိုဘယ်လ်လိုက်ဇေးရှင်း၏ သက်ရောက်မှုကို ရှောင်ရှားနိုင်ခြင်း မရှိပေ။ သက်ရောက်မှုများက ငွေရေးကြေးရေးနှင့် ရုပ်ပိုင်းဆိုင်ရာသာ မကဘဲ အတွေးအခေါ်ပိုင်းနှင့် နိုင်ငံရေးအရပါ ရှိပြီး အင်အားကြီးနိုင်ငံများ၏ ကြီးမားသော လွှမ်းမိုးမှုများလည်း ပါဝင်သည်။ အမှန်တကယ်လည်း ဒေသတွင်း အချို့သောပဋိပက္ခများသည် နိုင်ငံတကာနှင့် သွားရောက် ဆက်စပ်ကာ လက်နက်ငယ်များကို တရားမဝင်ကုန်ကူးခြင်းနှင့် ဖြန့်ဝေခြင်းကဲ့သို့သော နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများအပါအဝင် ကျယ်ပြန့်သော ရာဇဝတ်မှုနှင့် လက်နက်ကိုင်အုပ်စုများကိုလည်း အားကောင်း လာစေသည်။ ထို့ကြောင့် ယခုအခန်းက အကြမ်းဖက်ပဋိပက္ခများတွင် တွေ့ရသည့် အဓိကအချက်တစ်ချက် ဖြစ်သည့် အရှေ့တောင်အာရှမှ အစွန်းရောက်ခြင်းကို လေ့လာသွားမည်ဖြစ်ပြီး ဒေသတွင်း အကြမ်းဖက် အစွန်းရောက်မှုများ ရွေ့လျားစီးဆင်းမှုကို နိုင်ငံများနှင့် အာဆီယံက စုပေါင်းပြီး မည်သို့ ကိုင်တွယ်သွားမည်ကို လေ့လာသွားပါမည်။ အကြမ်းဖက်ပဋိပက္ခများနှင့် အစွန်းရောက်မှုကို အရှေ့တောင်အာရှတွင် ကိုင်တွယ်ပုံက ကျွန်ုပ်တို့အတွက် ဒေသတွင်းပဋိပက္ခများကို နားလည်သဘောပေါက်စေရုံသာမက ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေးတို့အတွက် ကြိုးပမ်းနေသည့် နိုင်ငံများ၊ လူ့အဖွဲ့အစည်းနှင့် ပြည်သူများ၏ သဘောသဘာဝ နှင့် လက္ခဏာရပ်များကိုပါ သဘောပေါက်နားလည်စေမည် ဖြစ်သည်။

**အခန်း (၄)** က ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးဆိုင်ရာ သဘောတရားများနှင့် ချဉ်းကပ်ပုံများကို အလေးစိုက်သွားပါမည်။ ပဋိပက္ခ အသွင်ပြောင်းလဲရေးကို ကာလရှည်ကြာ ဒေသတွင်း ပဋိပက္ခ ဖြစ်နေသည့် အနေအထားကို ပြောင်းလဲပစ်နိုင်မည့် ချဉ်းကပ်ပုံတစ်ခုအဖြစ် ရှင်းလင်းပြသွားမည်။ ယင်းကို ပဋိပက္ခများ၏ ကာလရှည်ကြာဖြစ်ပွားပြီး စနစ်တကျ ဖြစ်ပေါ်နေသည့် သဘောသဘာဝကို ဆွေးနွေးခြင်းဖြင့် စတင်ပြီး ငြိမ်းချမ်းရေး ရရှိရန် ၎င်းတို့ကို အဘယ်ကြောင့် ပြောင်းလဲပစ်ရန် လိုအပ်သည်ကို ရှင်းလင်းပြသွားမည်။ ထိုအခန်းက ပြောင်းလဲရေး အစီအစဉ်အတွက် နောက်ခံအကြောင်းအရာ၊ ပြဿနာများ၊ တည်ဆောက်ပုံ၊

ပုဂ္ဂိုလ်ရေး၊ အုပ်စုတို့အား ပြောင်းလဲပုံကို အဓိကလေ့လာသွားပါမည်။ ဤသည်ကို နောက်ခံအခြေအနေ၊ အချိန်ကာလ၊ ပါဝင်သည့်ဇာတ်ကောင်များနှင့် ဖြစ်စဉ်တွင်အသုံးပြုသည့် မဟာဗျူဟာများကို လေ့လာရန် လိုအပ်သည့် ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်သွားသင့်သည်။ ထိုဖြစ်စဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများနှင့် အခြားသော ပတ်သက်ဆက်နွယ်သူများ ပါဝင်ရန်မှာ အရေးကြီးသည်။ ၎င်းတို့ပါဝင်မှု ဥပမာများကို ဖြစ်ရပ်လေ့လာခြင်းများနှင့် ၎င်းတို့၏ လုပ်ငန်းများနှင့် ပါဝင်ဆောင်ရွက်မှုများကို ဆွေးနွေးသည့် စာသေတ္တာများမှတစ်ဆင့် ထောက်ပြသွားပါမည်။ အခန်း (၄) က ပဋိပက္ခ အသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးတို့တွင် ငြိမ်းချမ်းရေး ပညာရေးက မရှိမဖြစ် ကာလရှည် လိုအပ်သော အစိတ်အပိုင်းတစ်ခုအဖြစ်လည်း ရှုမြင်ထားသည်။ ထို့ပြင် မီဒီယာနှင့် ငြိမ်းချမ်းရေး စာနယ်ဇင်းအတတ်ပညာ၏ အခန်းကဏ္ဍ တို့ကိုလည်း အဓိကထား ဖော်ပြသွားပါမည်။

**အခန်း (၅)** က ပဋိပက္ခများ မည်သို့အဆုံးသတ်သွားသည်ကို လေ့လာသွားပါမည်။ အဖွဲ့နှစ်ဖွဲ့အတူတကွ လုပ်ဆောင်သည့် ဖြစ်စဉ်များနှင့် ဒေသတွင်း တတိယအင်အားစုများပါဝင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်များ အပါအဝင် ပဋိပက္ခကိုအဆုံးသတ်စေသည့် ချဉ်းကပ်ပုံများနှင့် မူဘောင်များကို အဓိကထားလေ့လာသွားမည် ဖြစ်သည်။ ထိုအခန်းက ပုံမှန်အားဖြင့် အဆိုပါဖြစ်စဉ်များ မည်သို့စတင်သည်၊ မည်သူများပါဝင်သည်၊ ပါဝင်သူများအနေဖြင့် မည်သည့်အခက်အခဲများနှင့် စိန်ခေါ်မှုများ ရင်ဆိုင်ရသည်၊ ယင်းတို့ကို မည်သို့ ကျော်လွှားသည် စသည်တို့ကို ရှင်းလင်းပြသွားပါမည်။ ဆွေးနွေးခြင်းနှင့် ငြိမ်းချမ်းရေးအတွက် ဖျန်ဖြေပေးခြင်း ဆိုင်ရာ ဖြစ်စဉ်များကိုလည်း ရှင်းပြပြီး ဆွေးနွေးသွားပါမည်။ ဒေသတွင်းဖြစ်ရပ်များအနက် ထိုအခန်းတွင် အဓိကထားဆွေးနွေးသွားမည့် ဖြစ်ရပ်များတွင် အာချေးပဋိပက္ခ၊ မင်ဒါနောင်/ဘန်ဆာမိုရို ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် မာလူကူတို့ ပါဝင်သည်။ ယင်းတို့ကို ချဉ်းကပ်ပုံများ/မူဘောင်များကို ရှင်းပြရန် ဥပမာများ နှင့်/သို့မဟုတ် ဖြစ်ရပ်လေ့လာမှုများအဖြစ် တင်ပြသွားပါမည်။ နောက်ဆုံးအနေဖြင့် ထိုအခန်းက ငြိမ်းချမ်းရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးပြီးသည့်အခါ မည်သည်တို့ ဖြစ်ပွားသနည်းနှင့် ငြိမ်းချမ်းရေးဖြစ်စဉ် ရေရှည်တည်တံ့ခိုင်မြဲရန် မည်သို့လုပ်ဆောင်သင့်သည်တို့ကိုလည်း လေ့လာသွားပါမည်။ အဆိုပါ ရေရှည် တည်တံ့ခိုင်မြဲရေးကို အခန်း (၆) တွင်လည်း ဆက်လက်လေ့လာသွားပါမည်။

**အခန်း (၆)** က သဘောတူညီချက်နှောင်းပိုင်း (သို့) စစ်ပွဲ/ပဋိပက္ခနှောင်းပိုင်းတွင် အောင်မြင်ရန် အခက်ခဲဆုံး ရည်မှန်းချက်များအနက် တစ်ခုဖြစ်သည့် ငြိမ်းချမ်းရေး အစွန့်ရှည်ကြာရေးကို လေ့လာသွားပါမည်။ မှားယွင်းပြီး မပြည့်စုံသော ငြိမ်းချမ်းရေး သဘောတူစာချုပ်များ၊ သဘောတူထားသော ဆုံးဖြတ်ချက်များကို မလျော်မကန် အကောင်အထည်ဖော်ခြင်း၊ အကောင်အထည်ဖော်ခြင်းကို ထောက်ပံ့ရန် စီးပွားရေးနှင့် လူသားအရင်းအမြစ်များ မရှိခြင်း၊ ရာထူးနေရာများအတွက် အပြိုင်အဆိုင်များနှင့် အခြားသော ပဋိပက္ခနှောင်းပိုင်း အဖျက်များ အပါအဝင် အကြောင်းအရာအများအပြားကြောင့် ပဋိပက္ခများပြန်လည်ဖြစ်ပွားရသည်။ ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ် များ အလုပ်မဖြစ်ဘဲ မပြီးပြတ်သေးသောကိစ္စများ ရှိနေခြင်းကြောင့်လည်း ပဋိပက္ခများ ဆက်လက်ဖြစ်ပွား နိုင်သည်။ ထို့ကြောင့် အခန်း (၆) က စစ်ပွဲ/ပဋိပက္ခနှောင်းပိုင်းကာလ အခြေအနေများနှင့် အောင်မြင်ပြီး ရေရှည်တည်တံ့သော တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသောငြိမ်းချမ်းရေး ရရှိနိုင်စေမည့် အကြောင်းအရာများ ကို အဓိက လေ့လာသွားမည်ဖြစ်သည်။ ပဋိပက္ခများ တဖန်ပြန်လည်ထွက်ပေါ်လာရေးကို တားဆီးနိုင်သည့်

နည်းလမ်းတစ်ခုဖြစ်သော တရားမျှတမှုနှင့် အတိတ်ကာလကိစ္စရပ်များကို ကိုင်တွယ်ခြင်းအပါအဝင် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆွေးနွေးသွားပါမည်။ စစ်ပွဲ/ပဋိပက္ခ နှောင်းပိုင်းကာလ လုပ်ဆောင်စရာများတွင် ဖွံ့ဖြိုးတိုးတက်မှုကလည်း အရေးပါပြီး ငြိမ်းချမ်းရေးတွင် စီးပွားရေးသမားများ၏ အခန်းကဏ္ဍနှင့်အတူ အသေးစိတ်ဆွေးနွေးသွားပါမည်။ နောက်ဆုံးအနေဖြင့် ငြိမ်းချမ်းရေးရေရှည်တည်တံ့ရန် အမျိုးသမီးများနှင့် ဂျန်ဒါကိစ္စရပ်များ၏ အကျိုးပြုသော အခန်းကဏ္ဍကိုလည်း လေ့လာသွားပါမည်။

**အခန်း (၇)** က ငြိမ်းချမ်းရေးအတွက်ဒေသတွင်းမူဘောင် အထူးသဖြင့် ဒေသတွင်းပဋိပက္ခအမျိုးမျိုးကို ဖြေရှင်းသည့် ဖြစ်စဉ်များတွင် ထောက်ပံ့ပေးခဲ့သော အာဆီယံပူးပေါင်းမှု၏ အခန်းကဏ္ဍကို လေ့လာသွားပါမည်။ အစိုးရများစုဖွဲ့ထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်သည်နှင့်အညီ အာဆီယံသည် အဖွဲ့ဝင်နိုင်ငံများကြား ပဋိပက္ခများကို ကိုင်တွယ်ပြီး တင်းမာမှုများ (နိုင်ငံများအကြား ပဋိပက္ခ) ကို လျှော့ချပေးသော အဖွဲ့အစည်းတစ်ခု အဖြစ် ပို၍ရှုမြင်ခံရသည်။ အပြည့်အဝ အောင်မြင်မှုမရှိသော်လည်း အဆိုပါအခန်းကဏ္ဍက အဖွဲ့ဝင်နိုင်ငံများ အကြား ပြောင်ကျကျ ပဋိပက္ခနှင့် စစ်ပွဲများဖြစ်ပွားခြင်းကို တားဆီးနိုင်ခဲ့သည်။ အတိုင်းအတာတစ်ခုအထိ အာဆီယံသည် ကိုယ်ပိုင်သရုပ်သဏ္ဍာန်များ ဖော်ထုတ်ရာနှင့် အာဆီယံပုံစံဟုခေါ်ဆိုသော ပဋိပက္ခများ စီမံခန့်ခွဲရေးအတွက် ကိုယ်ပိုင်ချဉ်းကပ်ပုံကို ထုတ်ဖော်နိုင်ခဲ့သည်။ အာဆီယံကို သမာရိုးကျ လုံခြုံရေးအခန်းကဏ္ဍ ကို ကျော်လွန်လုပ်ဆောင်ရန်နှင့် ၎င်း၏အဖွဲ့ဝင်နိုင်ငံများအတွက် ဖြစ်ပွားနေသည့် လူမှုရေးနှင့် နိုင်ငံရေး ကိစ္စရပ်များကို ကျော်လွှားရာတွင် ကူညီလုပ်ဆောင်ပေးရန်ပါ တိုက်တွန်းကြသည်။ သို့ရာတွင် အာဆီယံသည် အဆိုပါအခန်းကဏ္ဍအတွက် ထိရောက်သော ချဉ်းကပ်ပုံနှင့် မူဘောင် ထွက်ပေါ်လာခြင်း မရှိသေးပေ။ အာဆီယံ၏ အခန်းကဏ္ဍကို အချုပ်အခြာအာဏာဆိုင်ရာမူဝါဒနှင့် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်နှောင့်ယှက်မှု မပြုရေး (သို့) ဝင်ရောက်စွက်ဖက်မှုမပြုရေးမူဝါဒ ကဲ့သို့သော ပူးပေါင်းဆောင်ရွက်ရေး မူဝါဒများက ကန့်သတ်ထားသည်။ မည်သို့ပင်ဆိုစေကာမူ အဆိုပါကိစ္စရပ်နှင့် ပတ်သက်ပြီး အာဆီယံက မိမိကိုယ်မိမိ တိုးတက်အောင် ဆက်လက်ဆောင်ရွက်နေပါသည်။

ဒေသတွင်း လုပ်ဆောင်နေသည့် နည်းလမ်းအနည်းဆုံး နှစ်ခုရှိသည်။ ပထမနည်းလမ်းမှာ ပဋိပက္ခစီမံခန့်ခွဲရေး အတွက် တရားဝင် (သို့) အဖွဲ့အစည်းဆိုင်ရာ ချဉ်းကပ်မှုဖြစ်ပြီး ဒုတိယနည်းလမ်းမှာ အာဆီယံ အဖွဲ့ဝင် တစ်နိုင်ငံ ချင်းစီက လုပ်ဆောင်သည့် လုပ်ဆောင်ချက်များ ဖြစ်သည်။ ပထမနည်းလမ်း၏ ဥပမာများတွင် အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင် (ASEAN Intergovernmental Commission on Human Rights (AICHR))၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ အာဆီယံ အင်စတီကျု (ASEAN Institute for Peace and Reconciliation (ASEAN-IPR))၊ အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးအပ်ရေးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေး စင်တာ (ASEAN Centre for Humanitarian Assistance and disaster management (AHA Centre)) နှင့် အခြားသော အာဆီယံအဖွဲ့ခွဲများကဲ့သို့သော ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးကိုမြှင့်တင်ရန် အင်စတီကျုးရှင်းများတည်ထောင်ခြင်းတို့ ပါဝင်သည်။ ဒုတိယနည်းလမ်း၏ ဥပမာမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီအလိုက် ပဋိပက္ခဖြစ်ပွားနေသည့် အခြား အဖွဲ့ဝင်နိုင်ငံများတွင် ပံ့ပိုးကူညီသူများနှင့် ကူးလူးဆက်ဆံပေးသူများအဖြစ် ပါဝင်ခြင်းဖြစ်သည်။ ဥပမာ မင်ဒါနော/ဘန်ဆာမိုရို ပဋိပက္ခတွင် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ ကူညီပံ့ပိုးပေးခဲ့ခြင်းနှင့် ထိုင်းနိုင်ငံတောင်ပိုင်း ငြိမ်းချမ်းရေး

ဖြစ်စဉ်တွင် မလေးရှားနိုင်ငံ၏ အခန်းကဏ္ဍတို့ ဖြစ်ကြသည်။ ငြိမ်းချမ်းရေးအတွက် ဒေသဆိုင်ရာမူဘောင် အနေဖြင့် စတင်ဖွဲ့စည်းခဲ့ချိန် အစောပိုင်းကာလများမှစ၍ အာဆီယံသည် ပြောင်းလဲလာခဲ့ပြီး အကောင်းဆုံး ပုံစံကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

နောက်ဆုံးအနေဖြင့် **အခန်း (၈)** က အရှေ့တောင်အာရှဒေသတွင် အသွင်ပြောင်းလဲရေး ငြိမ်းချမ်းရေး တည်ဆောက်မှု ဖြစ်စဉ်မှတစ်ဆင့် သင်ယူနိုင်သည့် အဓိက သင်ခန်းစာများကို အနှစ်ချုပ်ပြီး စာအုပ်ကို နိဂုံးချုပ်သွားပါမည်။ ထိုအခန်းက ယင်းသို့လုပ်ဆောင်ရာတွင် အောင်မြင်မှုများရော၊ စိန်ခေါ်မှုများကိုပါ လေ့လာသွားမည်ဖြစ်ပြီး အဆိုပါ ကြိုးပမ်းမှုများ တိုးတက်စေရန် လုပ်ဆောင်သင့်သည်များကို ဆွေးနွေးသွားပါမည်။

## ဆွေးနွေးရန် မေးခွန်းများ

၁။ အဘယ်ကြောင့် အရှေ့တောင်အာရှတွင် ငြိမ်းချမ်းရေးကို ဖြစ်ပေါ်တိုးတက်နေဆဲလုပ်ငန်းဟု ဖော်ပြရသနည်း။

၂။ ငြိမ်းချမ်းရေးလေ့လာမှု ဖြစ်ပေါ်ပြောင်းလဲမှုအပေါ် နိုင်ငံတကာ နိုင်ငံရေးက မည်သို့ သက်ရောက်မှု ရှိသနည်း။

၃။ အရှေ့တောင်အာရှတွင် ငြိမ်းချမ်းရေးလေ့လာရေး မည်ကဲ့သို့ ပေါ်ပေါက်လာခဲ့သနည်း။

၄။ ပဋိပက္ခ အသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့ကို အခြေအနေကိုလိုက်၍ တုံ့ပြန်သည့် ပုံစံနှင့် လိုက်လျောညီထွေ ရှိသည်များကို ရောစပ်အသုံးပြုသည့် ပုံစံတို့နှင့် မည်သို့ ဆက်စပ်နိုင်သနည်း။

၅။ မည်သည့်အခြေအနေမျိုးတွင် မည်သည့် ပဋိပက္ခဖြေရှင်းရေး ချဉ်းကပ်ပုံကို အသုံးပြုမည်ကို ကျွန်ုပ်တို့ မည်သို့ဆုံးဖြတ်သနည်း။

၆။ ပဋိပက္ခအသွင်ပြောင်းလဲရေးက ပဋိပက္ခဖြေရှင်းရေးနှင့် နှိုင်းယှဉ်လျှင် ပို၍ပြီးပြည့်စုံသည့် ချဉ်းကပ်ပုံတစ်ခု ဖြစ်ပါသလား။

၇။ ပဋိပက္ခစီမံခန့်ခွဲရေးကို အဘယ်ကြောင့် ထိီးသဖွယ်ချဉ်းကပ်ပုံဟု ရှုမြင်သနည်း။

၈။ အရှေ့တောင်အာရှတွင် အသုံးအများဆုံး ပဋိပက္ခကိုင်တွယ်ရေး ချဉ်းကပ်ပုံကို ရှာဖွေဖော်ထုတ် နိုင်ပါသလား။

၉။ ငြိမ်းချမ်းရေး လေ့လာခြင်းနှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် ကွန်ရက်များက ဒေသတွင်း ငြိမ်းချမ်းရေးအတွက် မည်ကဲ့သို့ အထောက်အကူဖြစ်သနည်း။

၁၀။ အရှေ့တောင်အာရှတွင် ရေရှည်တည်တံ့ပြီး တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသော ငြိမ်းချမ်းရေး ရရှိစေရန် မည်သည်တို့က အဓိကစိန်ခေါ်မှုများ ဖြစ်နေသနည်း။

## ဖတ်ရှုရန် အကြံပြုချက်များ


1. Austin, A, Fischer, M, and Ropers, N (eds), *Transforming Ethnopolitical Conflict. The Berghof Handbook*, Berlin: Berghof Centre for Constructive Conflict Management, 2004. Available at http://www.berghof-handbook. net, accessed on 22 September 2021.
2. Galtung, J, *Peace by Peaceful Means: Peace and Conflict, Development and Civilization*, Oslo: International Peace Research Institute, 1996.
3. Lederach, JP, *Building Peace: Sustainable Reconciliation in Divided Societies*, Washington: United States Institute for Peace, 1997.
4. Mitchell, RC, *The Structure of International Conflict*, New York: St Martin's Press, 1981.
5. Ramsbotham, O, Miall, H, and Woodhouse, T, *Contemporary Conflict Resolution*, London: Polity Press, 2016.
6. Reimann, C, 'Assessing the state-of-the-art in conflict transformation' Berghof Research Center for Constructive Conflict Management, 2004, available at https://berghof-foundation.org/library/assessing-the-state-ofthe-art-in-conflict-transformation, accessed on 22 September 2021.

# အခန်း 2

## ပဋိပက္ခကို နားလည်သဘောပေါက်ခြင်း

# အခန်း (၂) ပဋိပက္ခကို နားလည်သဘောပေါက်ခြင်း

အက်ခ်ပန့်တ် ပင်ဒါဗန်နီဂျာ (Eakpant Pindavanija)[1]

## ၂.၁ မိတ်ဆက်

ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းဟူသည့် အိပ်မက်က ပညာရှင်များကို အဆိုပါရည်မှန်းချက် ပြည့်မြောက်ရန် လိုအပ်သည့် အခြေအနေများကို ရှာဖွေဖော်ထုတ်ရန် တွန်းအားပေးသည်။ မည်သည့် ငြိမ်းချမ်းရေး လေ့လာခြင်းမဆို ၎င်း၏ ဇာစ်မြစ်နှစ်ခုဖြစ်သော ပဋိပက္ခနှင့် အကြမ်းဖက်မှုတို့ကို နားလည်သဘောပေါက်ရန် လိုအပ်သည်။ ကျွန်ုပ်တို့ နားလည်သဘောပေါက်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အကြမ်းဖက်မှုနှင့် ပဋိပက္ခတို့သည် လူ့အဖွဲ့အစည်းအတွင်းတွင် ပုံစံအမျိုးမျိုး၊ ကျယ်ပြန့်မှုအမျိုးမျိုး၊ သက်ရောက်ပုံ အမျိုးမျိုးဖြင့် တည်ရှိနေမည်ဖြစ်သည်။ အချို့က တစ်သီးပုဂ္ဂလပဋိပက္ခများနှင့် ရင်ဆိုင်ရပြီး အချို့က နိုင်ငံရေး၊ လူမှုရေးနှင့် နိုင်ငံတကာ ပဋိပက္ခကဲ့သို့သော ကျယ်ပြန့်သည့် အပြောင်းအလဲမှုများတွင် ပါဝင်နေကြရသည်။

ယခုအခန်းက အမျိုးမျိုးသော ပဋိပက္ခသီအိုရီများနှင့် ငြိမ်းချမ်းရေးသဘောတရားများကို လေ့လာခြင်းဖြင့် ပဋိပက္ခကို နားလည်သဘောပေါက်ရန် ကြိုးပမ်းထားသည်။ ထိုသို့လုပ်ဆောင်နိုင်ရန် ပဋိပက္ခကို ဦးစွာ နားလည်သဘောပေါက်ရန် အဓိကကျသည်။ ထိုသို့ နားလည်သဘောပေါက်ရန် ပဋိပက္ခနှင့် လူတို့၏ သဘောသဘာဝတို့အကြား တိုက်ရိုက် (သို့) သွယ်ဝိုက်သော ဆက်စပ်မှုရှိသလားဟူသည့် မေးခွန်းအပါအဝင် ယင်းခေါင်းစဉ်နှစ်ခုနှင့် ဆက်စပ်သည့်မေးခွန်းများ ထွက်ပေါ်လာသည်။ လူအများစုက ၎င်းတို့၏ဘဝတွင် အတိုင်းအတာတစ်ခုအထိ ပဋိပက္ခများ ကြုံတွေ့ခဲ့ကြသော်လည်း သဘောထားမတိုက်ဆိုင်ခြင်းက ရှောင်လွှဲမရသည့် အရာတော့မဟုတ်ပေ။ လူသားတို့၏ အပြုအမူများနှင့် ဆက်စပ်ပြီး ၎င်း၏ လက္ခဏာရပ်များကို ရှင်းလင်းအောင် လုပ်ဆောင်ခြင်းက ပဋိပက္ခတွင် ကျွန်ုပ်တို့၏ ပြုလုပ်သူအခန်းကဏ္ဍကို ပို၍နားလည်အောင် အထောက်အကူပြုပြီး အဆိုပါအခြေအနေများ၏ သဘာဝကိုလည်း လေ့လာသွားနိုင်မည်ဖြစ်သည်။

ပဋိပက္ခကို လူသားတို့၏အပြုအမူများနှင့် ဆက်စပ်လေ့လာခြင်းပြုရသည့် အကြောင်းပြချက်များ ရှိသည်။ ရှေးဦးစွာ ပဋိပက္ခသည် လူသားတစ်ဦးတည်းအတွင်း၌ ဖြစ်စေ၊ အခြားသူများနှင့် ဆက်စပ်၍ဖြစ်စေ ဖြစ်ပေါ်သည်။ ဒုတိယအနေဖြင့် ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် သက်ရောက်မှုများက လူသားတို့၏ နေထိုင်မှုအခြေအနေများနှင့် အဓိကသက်ဆိုင်နေသည်။ နောက်ဆုံးအနေဖြင့် လူသားတို့သည် မိမိနေထိုင်မှု အခြေအနေများအတွက် တာဝန်ရှိပေရာ အသိုင်းအဝိုင်းတစ်ခုတွင် ပဋိပက္ခကျော်လွှားရေးသည် အသိုင်းအဝိုင်းကိုယ်၌က လုပ်ဆောင်ရမည့် လုပ်ငန်းတစ်ရပ် ဖြစ်သည်။ ပဋိပက္ခနှင့် တိုက်ရိုက်သက်ဆိုင်သည့် လူသားတို့၏အပြုအမူများကို နားလည်ခြင်းအပြင် ဗဟုသုတနှင့် သဘောထားတို့မှာလည်း ပဋိပက္ခအခြေအနေ များကို နားလည်ရန်၊ ပါဝင်ဆောင်ရွက်ရန်၊ ညှိနှိုင်းပေးရန်၊ လုပ်ဆောင်ရန်နှင့် ဖြေရှင်းရန် အဓိကကျသည့် အခန်းကဏ္ဍတစ်ခုတွင် ပါဝင်သည်။ ထို့ကြောင့် ယခုအခန်းက ပဋိပက္ခများ ထွက်ပေါ်လာခြင်း၊

[1] Ichsan Malik, Kamarulzaman Askandar နှင့် Norbert Ropers တို့လည်း ပူးပေါင်းပါဝင်ရေးသားသည်။

အရှိန်မြင့်တက်လာခြင်း (သို့) လျော့ကျသွားခြင်းတို့နှင့် စပ်လျဉ်းသည့် လူသားတို့၏ တွေးခေါ်လှုပ်ရှားမှုများကို လေ့လာသုံးသပ် သွားပါမည်။ ထို့ပြင် ထိုသို့သော တွေးခေါ်လှုပ်ရှားမှုများကို နားလည်ခြင်းက နောက်ဆုံးတွင် အကြမ်းဖက်သော ပဋိပက္ခအပါအဝင် ပုံစံအမျိုးမျိုးသော ပဋိပက္ခများကို ရှုမြင်သုံးသပ်နိုင်သည့် ကျွန်ုပ်တို့၏ စွမ်းဆောင်ရည်ကိုလည်း တိုးတက်လာစေလိမ့်မည်။ အကြမ်းဖက်သော ပဋိပက္ခများက အမြဲတစေ မျဉ်းဖြောင့်တစ်ခုသဖွယ် အရှိန်တက်သွားခြင်း မဟုတ်ပေ။ ဆိုလိုသည်မှာ ယင်းတို့မှာ အမြဲအရှိန်မြင့်သွားခြင်း မဟုတ်ပေ။ အကြမ်းဖက်သော ပဋိပက္ခနှင့် အကြမ်းမဖက်သော ပဋိပက္ခ နှစ်မျိုးလုံးကို နားလည်ထားခြင်းက ကျွန်ုပ်တို့ကို ပဋိပက္ခများအား ပို၍ ကျယ်ပြန့်သော အမြင်ဖြင့် လေ့လာနိုင်ရန် အထောက်အကူပြုလိမ့်မည်။

ကမ္ဘာစစ်များကာလကတည်းက ပညာရှင်အချို့က ငြိမ်းချမ်းရေးလေ့လာမှုကို ပညာရပ်နယ်ပယ်တစ်ခုအဖြစ် သတ်မှတ်ကာ ပဋိပက္ခများကို သဘောတရားဖော်ထုတ်ရန်နှင့် နားလည်သဘောပေါက်ရန် ကြိုးပမ်းခဲ့ကြပြီး ငြိမ်းချမ်းရေးနှင့် ပဋိပက္ခသီအိုရီများ ထွက်ပေါ်လာရန် အတွေးအခေါ်ပိုင်းဆိုင်ရာ နောက်ခံတစ်ရပ်ကို ချယ်မှုန်းနိုင်ခဲ့ကြသည်။ ထို့ကြောင့် ယခုအခန်းက ၎င်းတို့၏မူဘောင်များကို ရှင်းလင်းပြခြင်းဖြင့် အချို့သော အဓိကကျသည့် သီအိုရီများကိုလေ့လာရန် ရည်ရွယ်ထားပါသည်။ ငြိမ်းချမ်းရေး ဦးဆောင်ပညာရှင်တစ်ဦး ဖြစ်သော ဂျိုဟန်ဂယ်လ်တန်သည် တည်ဆောက်ခြင်းအားဖြင့် *ဖန်တီးသော ငြိမ်းချမ်းရေး*နှင့် *ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အကြမ်းဖက်မှု* တို့၏ အဓိပ္ပာယ်ကို ဦးစွာသတ်မှတ်ခဲ့သူများထဲမှ တစ်ဦးဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် သူက ငုပ်လျှိုးနေသောပဋိပက္ခနှင့် ထုတ်ဖော်ပြသနေသောပဋိပက္ခတို့၏ အဆင့်များကို ရှင်းလင်းပြရန်နှင့် သဘောထား၊ အပြုအမူနှင့် ဝိရောဓိဖြစ်မှုများအကြား ဆက်စပ်မှုများကို ပဋိပက္ခ၏ အစိတ်အပိုင်းများအဖြစ် ဖော်ပြရန် *ပဋိပက္ခတြိဂံ* ကို အကြံပြုခဲ့သည်။

အခြားသော ငြိမ်းချမ်းရေးပညာရှင် အက်ဒ်ဝေါ့ဒ်အေဇာ (Edward Azar) က လူမှုပဋိပက္ခများ ဖန်တီးခြင်းနှင့် ရှည်ကြာနေခြင်းတို့ကို အားပေးသည့် နောက်ထပ်အခြေအနေများကို တင်ပြထားသည့် *ကာလရှည်ကြာ လူမှုပဋိပက္ခ* သဘောတရားကို ရှာဖွေဖော်ထုတ်ခဲ့သည်။ အဆိုပါအချက်များသည် ကိုယ်ပိုင်သရုပ်သဏ္ဍာန် (identity) နှင့် ဆက်စပ်နေပြီး သီးသန့်ဖယ်ထုတ်ထားခြင်း၊ ဘေးဖယ်ထားခြင်းနှင့် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး ပါဝင်ရေးတို့တွင် ကန့်သတ်ထားခြင်းအပါအဝင် ဖိနှိပ်သည့်လုပ်ရပ်များ၏ ရလဒ်ကြောင့်ဖြစ်သည်။ ယင်းလုပ်ရပ်များက ဖိနှိပ်ခံရသူများကို အကြမ်းဖက်သောလုပ်ရပ်များနှင့် တုံ့ပြန်စေနိုင်သည်။ ထိုသီအိုရီကို အရှေ့တောင်အာရှမှ လူမှုပဋိပက္ခအများအပြားတွင် အသုံးပြုနိုင်သည်။

ထို့ပြင် ယခုအခန်းက လူသားတို့၏ သဘောထားအမြင်နှင့် ဆက်စပ်ပြီး ပဋိပက္ခကို လေ့လာသွားမည်ဖြစ်ပြီး အခြေခံကျသောသီအိုရီများဖြင့် ပဋိပက္ခဖြစ်ရပ်များကို ရှင်းလင်းပြသွားပါမည်။ သို့ရာတွင် ပဋိပက္ခအပေါ် ဘုံနားလည်သဘောပေါက်မှုများ ရှိလင့်ကစား မည်သည့်ပဋိပက္ခနှစ်ခုမှ ထပ်တူညီသည့်ပုံစံအတိုင်း ဖြစ်ပွားခြင်း မရှိပေ။ ထို့ကြောင့် ပဋိပက္ခကို လေ့လာသုံးသပ်နိုင်စွမ်းသည် လွန်စွာအရေးကြီးသည် (ယခုနယ်ပယ်တွင် အလေ့လာဆုံး ဘာသာရပ်တစ်ခုလည်း ဖြစ်လာစေသည်)။ အဘယ်ကြောင့်ဆိုသော် အခြေအနေတစ်ခုချင်းစီကို စနစ်တကျ အကဲဖြတ်သုံးသပ်နိုင်စွမ်းက အဖြေအမျိုးမျိုးကို ပေးနိုင်သောကြောင့် ဖြစ်သည်။ ပဋိပက္ခကို သုံးသပ်ရန် အချို့သော ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည်။ ယင်းတို့မှာ (၁) ပဋိပက္ခ အကြောင်းအရာနှင့်

အမျိုးအစား၊ (၂) ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ (၃) ပတ်သက်ဆက်နွယ်သူများနှင့် ပဋိပက္ခကို ပုံဖော်ရေးဆွဲကြည့်ခြင်းနှင့် (၄) ပဋိပက္ခ၏ရှုထောင့်များတို့ ဖြစ်ကြသည်။ ယခုအခန်းက ဦးစွာ ထိုကိစ္စရပ်များကို အကျယ်ချဲ့သွားမည်ဖြစ်ပြီး ပဋိပက္ခလေ့လာသုံးသပ်ရေးသီအိုရီများကို လက်တွေ့အသုံးချမှုများနှင့် ဆက်စပ်ကြည့်ပါမည်။

ငြိမ်းချမ်းရေးလေ့လာခြင်းတွင် အဓိကအစိတ်အပိုင်းနှစ်ခု ပါဝင်သည်။ အကြမ်းဖက်မှုဆိုင်ရာသီအိုရီများနှင့် ပဋိပက္ခဆိုင်ရာသီအိုရီများ ဖြစ်ကြသည်။ ဂယ်လ်တန် (Galtung (1986)) ၏ အဆိုအရ ငြိမ်းချမ်းရေးဟူသည့် အသုံးအနှုန်းတွင် အစိတ်အပိုင်းနှစ်ပိုင်းပါဝင်သည်။ မည်သည့်ပုံစံနှင့်မဆို အကြမ်းဖက်မှုပုံစံအားလုံး ကင်းစင်ရေးနှင့် ငြိမ်းချမ်းသောနည်းလမ်းဖြင့် ပဋိပက္ခကိုအသွင်ပြောင်းလဲရေးတို့ ဖြစ်သည်။ ထို့ကြောင့် ယခုအခန်းက အကြမ်းဖက်မှုသဘောတရားကို လေ့လာပြီးသည့်တိုင် အကြမ်းဖက်သောပဋိပက္ခနှင့် အကြမ်းမဖက်သောပဋိပက္ခ၏ လက္ခဏာများနှင့် သတ်မှတ်ချက်များကို အကျယ်ချဲ့ဆွေးနွေးသွားပါမည်။ ထိုမှသာ ဖတ်ရှုသူများအနေဖြင့် ပဋိပက္ခသည် အမြဲတစေ အကြမ်းဖက်မှုသို့ ရောက်ရှိမသွားဘဲ ရောက်ရှိသွားသည့်တိုင် အကြမ်းဖက်မှုကို အဖြေရှာနိုင်ရန်အခွင့်အရေး ရှိသေးသည်ကို နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ငြိမ်းချမ်းရေးလေ့လာခြင်းတွင် ပဋိပက္ခ၏ သဘောသဘာဝ၊ အခြေခံကျသော ပဋိပက္ခသီအိုရီများ၊ ပဋိပက္ခလေ့လာဆန်းစစ်ခြင်းနှင့် အကြမ်းဖက်သောပဋိပက္ခများနှင့် အကြမ်းမဖက်သော ပဋိပက္ခများအကြား ခြားနားချက်များကို လေ့လာခြင်းတို့ ပါဝင်သည်။

## ၂.၂ ပဋိပက္ခများ၏ သဘောသဘာဝ

ဒုတိယကမ္ဘာစစ်အပြီးတွင် အရှေ့တောင်အာရှမှ နိုင်ငံအများအပြားတွင် ကိုလိုနီကာလ၏ အကျိုးဆက်ကြောင့် ဆက်လက်ဖြစ်ပွားရသည့် နိုင်ငံများအကြား ပဋိပက္ခများနှင့် ကုန်းတွင်းနှင့် ကမ်းလွန်ပင်လယ် ပိုင်နက်များရှိ သဘာဝသယံဇာတများအပေါ် အငြင်းပွားခြင်းအပါအဝင် အမျိုးမျိုးသောပုံစံများဖြင့် ပဋိပက္ခအခြေအနေများ ရင်ဆိုင်ခဲ့ရသည်။ ထို့ပြင် ဒေသတွင်း နိုင်ငံအများစုက လူမှုရေး၊ ယဉ်ကျေးမှု၊ ကိုယ်ပိုင်သရုပ်သဏ္ဍာန်၊ လူမျိုးစု၊ နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများကြောင့်လည်း ပြည်တွင်းပဋိပက္ခများ တွေ့ကြုံခံစားကြရသည်။ အချို့သော ပဋိပက္ခများမှာ ကာလရှည်ကြာစွာ ဖြစ်ပွားနေသည်။

ပဋိပက္ခ၏သဘောသဘာဝကို နားလည်စေရန် ပဋိပက္ခ၏ သဘောတရားပိုင်းဆိုင်ရာမှုဘောင်နှင့် ပဋိပက္ခကို လူတစ်ဦးတစ်ယောက်ချင်းစီက နားလည်သဘောပေါက်သည့် ဖြစ်စဉ်များကို လေ့လာခြင်းဖြင့် စတင်သင့်သည်။ ထိုကဲ့သို့သောနောက်ခံများက လူသားတို့၏ သဘောသဘာဝနှင့် အပြုအမူများအပါအဝင် ပဋိပက္ခ၏ လက္ခဏာရပ်များနှင့် ဇာစ်မြစ်များကဲ့သို့သော အမျိုးမျိုးသော ပဋိပက္ခရှုထောင့်များကိုလည်း ရှာဖွေဖော်ထုတ်ရာတွင် အထောက်အကူပြုသည်။

## ၂.၂.၁ ပဋိပက္ခ၏ လက္ခဏာရပ်များ

လူတို့က များသောအားဖြင့် ပဋိပက္ခကို အုပ်စုနှစ်စု (သို့) နှစ်စုထက်ပိုသော အုပ်စုများအကြား ဆန့်ကျင်ဘက်ဖြစ်ခြင်းနှင့်/သို့မဟုတ် ပွတ်တိုက်မှုများဖြစ်ခြင်းဟု ရှုမြင်ကြပြီး မကြာခဏဆိုသလို အပြိုင်ဖြစ်နေသော သဘောထားအတွေးအခေါ်များလည်း ပါဝင်သည်။ ထို့ကြောင့် ပဋိပက္ခသည် အငြင်းပွားမှုများ၊ စိတ်ဖိစီးမှုများနှင့် တစ်ခါတရံ အရှိန်မြင့်သွားနိုင်သော အငြင်းပွားမှုများကို ရောက်ရှိသွားနိုင်သည့် မတူညီသောအမြင်များတွင် များသောအားဖြင့် အခြေတည်သည်။ သို့သော် ထိုသို့သောအခြေအနေများကို လေ့လာခြင်းက ဆိုးရွားသောသက်ရောက်မှုများ ဖြစ်ပေါ်လာမည်ကို ကြောက်ရွံ့ပြီး ပဋိပက္ခအပေါ် မကောင်းသော အမြင်ရှိသွားစေသည်။

သို့ရာတွင် *ပဋိပက္ခအသွင်ပြောင်းလဲခြင်း*က ထိုဖြစ်စဉ်ကို လူသားတို့အကြား ဆက်ဆံရေးများတွင် ပုံမှန်ပါဝင်သည့် အစိတ်အပိုင်းဖြစ်သည်ဟု ယူဆထားသည်။ လူသားတို့သည် လူမှုထိတွေ့ဆက်ဆံမှုများ ပြုလုပ်သည့် သတ္တဝါဖြစ်သည်နှင့်အညီ အခြားသူများနှင့် ဆက်သွယ်ပြီး ပြောဆိုဆက်ဆံရန် လိုအပ်သည်။ ပဋိပက္ခကို ဘဝ၏ ပုံမှန်အစိတ်အပိုင်းတစ်ခုအဖြစ် စဉ်းစားခြင်းက ယင်းမှာ ရှောင်လွှဲ၍မရဘဲ အပျက်သဘောဆောင်သည်ဟူသည့် သဘောထားများကို ဖယ်ရှားပေးသည်။ ယင်းသို့စဉ်းစားခြင်းက ဖန်တီးရန်အခွင့်အလမ်းများကို ခွင့်ပြုပေးပြီး အချို့သောကိစ္စရပ်များတွင် အပြောင်းအလဲအတွက် လှုံ့ဆော်မှုတစ်ခုဟုပင် ယူဆနိုင်သည်။ ပဋိပက္ခအသွင်ပြောင်းလဲခြင်းက လက်တွေ့တွင်လည်း ကျွန်ုပ်တို့ကို ထိုသို့သောအခြေအနေများတွင် အပြုသဘော ရှုမြင်စေပြီး အပြောင်းအလဲများပင် ထွက်ပေါ်လာစေသည် (သို့) လူသားတို့၏ ဆက်ဆံရေးများနှင့် လူ့အဖွဲ့အစည်းအကြား ဖန်တီးမှုအသစ်များပင် ထွက်ပေါ်လာစေသည် (Galtung, 1996: 70; Lederach, 2003: 5)။

ပဋိပက္ခ၏သဘောသဘာဝကို နားလည်စေရန် ရှေးဦးစွာ ပဋိပက္ခအပေါ် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဆန်းစစ်လေ့လာရန် အရေးကြီးသည်။ မျှော်မှန်းထားသည့်အတိုင်း အဓိပ္ပာယ်ဖွင့်ဆိုပုံအမျိုးမျိုး ရှိသည်။ လုပ်ငန်းဆိုင်ရာ စိတ်ပညာရှင်တစ်ဦးဖြစ်သော ရော့စ်စတဂ်ဂနာ (Ross Stagner) က ပဋိပက္ခကို အနည်းဆုံး တူညီသောရည်မှန်းချက်ရှိကြသော လူနှစ်ယောက်အနည်းဆုံးပါဝင်ပြီး အားလုံးအတွက် ရည်မှန်းချက်ကို မရရှိနိုင်သည့် အခြေအနေတစ်ရပ်ဟု ရှုမြင်သည် (Mitchell, 2014)။ ပဋိပက္ခကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသည့် အခြားသော အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုမှာ *"မတူညီသောအုပ်စုများအကြား လိုက်ဖက်ညီမှုမရှိသော ရည်မှန်းချက်များကို ရှာဖွေခြင်း"* ဖြစ်သည် (Ramsbotham et al, 2005)။ ဤဖွင့်ဆိုချက်အရ ပဋိပက္ခများသည် ပတ်သက်ဆက်နွှယ်သူများ (သို့) ပဋိပက္ခဖြစ်နေသော အဖွဲ့များအကြား မကိုက်ညီသော ရည်မှန်းချက်များကြောင့် ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုကဲ့သို့သော ဆန့်ကျင်ဘက်ဖြစ်မှုများကို တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ပြိုင်ဘက်များ (သို့) ရန်သူများအဖြစ် သဘောထားကြသည့် ပဋိပက္ခဖြစ်နေသော အဖွဲ့များတွင် တွေ့ရှိကြရပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့၏ အကျိုးစီးပွားများ၊ တန်ဖိုးများနှင့် ဘဝများအတွက် အဟန့်အတားအဖြစ် ရှိနေသည် (Galtung, 1996; Mitchell, 2014)။ ဝယ်လန်စတင်း (Wallensteen (2019)) က အချို့သောအဆင့်များတွင် အငြင်းပွားမှုများသည် ပဋိပက္ခဖြစ်သော အဖွဲ့များ၏ လိုက်လျောညီထွေမှု မရှိသည့် သဘောထားများဟု ညွှန်းဆိုကြသည့် *ပြဿနာများ*

ကြောင့် ထွက်ပေါ်လာကြသည်ဟုဆိုပြီး ပဋိပက္ခတစ်ခုတွင် လိုက်လျောညီထွေမှုမရှိခြင်း၊ လုပ်ရပ်နှင့် ဇာတ်ကောင်များဟူသည့် အဓိကအစိတ်အပိုင်းသုံးခုပါဝင်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ထို့ကြောင့် ပဋိပက္ခသည် *"အနည်းဆုံး ဇာတ်ကောင်နှစ်ကောင် (အဖွဲ့များ) က အကန့်အသတ်ရှိသော အရင်းအမြစ်များကို တစ်ချိန်တည်း ရယူရန်ကြိုးပမ်းသည့် လူမှုအခြေအနေတစ်ရပ်"* ဖြစ်သည် (Wallensteen, 2019: 17-18)။ သူက ပဋိပက္ခများသည် အမြင်တစ်ခုကိုကိုင်ဆွဲထားသည့် ပတ်သက်ဆက်နွှယ်သူများက (ကိုယ်ပိုင်သရုပ်လက္ခဏာ၊ သဘောထားနှင့် အတွေ့အကြုံများအပါအဝင်) ၎င်းတို့၏ အကျိုးစီးပွားများနှင့် တန်ဖိုးများကို ကာကွယ်ရန် အတားအဆီးများ ချမှတ်ခြင်းမှ စတင်သည်ဟုလည်း လက်ခံထားသည်။ တစ်နည်းအားဖြင့်ဆိုသော် အချို့သော ပဋိပက္ခများတွင် ပဋိပက္ခပေါက်ဖွားဖြစ်တည်စေသည့် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာလေ့ရှိသည်။

အစောပိုင်းတွင် ဖော်ပြခဲ့သော ပဋိပက္ခ၏အဓိပ္ပာယ်များကို ကိုးကား၍ ပတ်သက်ဆက်နွှယ်သူများက ပဋိပက္ခများ ပေါ်ထွက်လာမှုတွင် အဓိကဇာတ်ကောင်များဖြစ်သည့် ပဋိပက္ခမျိုး၏ အစိတ်အပိုင်းများနှင့် ပတ်သက်ပြီး မေးခွန်း အချို့ မေးကြည့်ခြင်းက အကျိုးရှိလိမ့်မည်။ ပဋိပက္ခတစ်ခုဖြစ်ပွားစေရန် ပတ်သက်ဆက်နွှယ်သူ နှစ်ဦး (သို့) နှစ်ဦးထက်ပို၍ လိုအပ်သလားဟု အမေးရှိလိမ့်မည်။ ရှေးဦးစွာ ပဋိပက္ခထွက်ပေါ်လာခြင်းကို ပုံစံနှစ်မျိုးနှင့် ဖော်ပြနိုင်သည်။ အငြင်းပွားမှု ပုံစံကဲ့သို့သော ပဋိပက္ခများတွင် လူနှစ်ဦး (သို့) နှစ်ဦးထက်ပိုသူများ ကျိန်းသေပေါက် လိုအပ်သည်။ တချို့သော အခြေအနေများတွင် ပတ်သက်ဆက်နွှယ်သူများကို လူပုဂ္ဂိုလ်များသာမက အဖွဲ့အစည်းများ၊ အင်စတီကျူးရှင်းများ၊ နိုင်ငံများအထိပါ ကျယ်ပြန့်စွာ အကျယ်ချဲ့နိုင်သည်။ သို့ရာတွင် အချို့သော အခြေအနေများတွင်မူ ပဋိပက္ခများတွင် လူတစ်ဦးတစ်ယောက် (သို့) အဖွဲ့တစ်ဖွဲ့သာ လိုအပ်သည်။ ထိုသို့သော အခြေအနေမျိုးတွင် ပဋိပက္ခကို "ဒွိဟဖြစ်မှု" ဟုခေါ်ဆိုသည်။ ဒွိဟဖြစ်မှုဆိုသည်မှာ လူတစ်ဦးက နှစ်ခု (သို့) နှစ်ခုထက်ပိုသည့် မတူညီသော၊ လိုက်ဖက်ညီမှုမရှိသော ရည်မှန်းချက်များကို လုပ်ဆောင်ရသည့်အခါ ဖြစ်ပေါ်သည်။ ယခင်က ငြိမ်းချမ်းရေးနှင့် ပဋိပက္ခပညာရှင်များက ပတ်သက်ဆက်နွှယ်သူ နှစ်ဦး (သို့) နှစ်ဦးထက်ပိုသည့် ပဋိပက္ခများကိုသာ အဓိကအာရုံစိုက်ခဲ့ပြီး ဒွိဟဖြစ်မှုကို တစ်ဦးတစ်ယောက်နှင့်သာ ဆိုင်သည့် ကိစ္စရပ်အဖြစ် စိတ်ပညာရှင်များထံလွှဲအပ်ထားသည်။ သို့ရာတွင် နောက်ပိုင်း၌ ဒွိဟဖြစ်မှုကို လေ့လာခြင်းများ အား ပဋိပက္ခလေ့လာရေးများတွင် ထည့်သွင်းလေ့လာလာကြသည်။ အဘယ်ကြောင့်ဆိုသော် မကြာသေးမီက ပြုလုပ်ခဲ့သည့် သုတေသနများအရ လူတစ်ဦး၏ဒွိဟများက လူမှုအပြုအမူများအပေါ် သက်ရောက်မှုရှိကြောင်း တွေ့ရှိလာရသောကြောင့် ဖြစ်သည်။ ဥပမာ လူတစ်ဦး၏ ရွေးချယ်မှုများ (သို့) စိုးရိမ်ပူပန်မှုများက လူမှုအပြုအမူများကို ဖြစ်ပွားစေသည့် သဘောထားများကို ပုံသွင်းနိုင်သော ကြိုတင်အကဲဖြတ် အမြင်ထားရှိမှု များကို ဖြစ်ပေါ်စေသည်။

အဖွဲ့နှစ်ဖွဲ့ (သို့) နှစ်ဖွဲ့ထက်ပို၍ပါဝင်သည့် ပဋိပက္ခများကို အကြောင်းအရင်းအမျိုးအစား ငါးခုမှ လေ့လာကြည့် နိုင်သည်။ မော (Moore (1996)) က ယင်းတို့ကို (၁) သတင်းအချက်အလက်ဆိုင်ရာ ပဋိပက္ခ၊ (၂) အကျိုးစီးပွား ပဋိပက္ခ၊ (၃) ဆက်ဆံရေး ပဋိပက္ခ၊ (၄) ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ ပဋိပက္ခနှင့် (၅) တန်ဖိုးဆိုင်ရာ ပဋိပက္ခဟူ၍ ရှင်းပြထားသည်။ ပထမအမျိုးအစားမှာ တိကျသောသတင်းအချက်အလက်မရှိခြင်း (သို့) ပတ်သက်ဆက်နွှယ်သူ များအနေဖြင့် မတူညီသောအချက်အလက်များ ရရှိခြင်းနှင့် သက်ဆိုင်သည်။ ဒုတိယ ပဋိပက္ခမှာ ထင်မြင်ထားသော (သို့) အမှန်တကယ်ရှိသော မကိုက်ညီသည့် လိုအပ်ချက်များအပေါ် ပြိုင်ဆိုင်မှုဖြစ်ပြီး

ပဋိပက္ခကို နောက်ခံအခြေအနေ၊ ဖြစ်စဉ်နှင့် စိတ်ပညာ၏ ရှုထောင့်တစ်ခုအဖြစ် ရှုမြင်သည်။ တတိယ အမျိုးအစားမှာ အမြင်များကို မှားယွင်းအဓိပ္ပာယ်ပြန်ဆိုခြင်း၊ ပုံစံခွက်အမြင်များ၊ အထင်အမြင်လွဲမှုများနှင့် အပြုအမူလွဲများ ဆက်တိုက်ပြုလုပ်ခြင်းနှင့် သက်ဆိုင်ပြီး ယင်းတို့ကြောင့် ဖြစ်ပွားသည်။ ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ ပဋိပက္ခမှာ တရားမျှတမှုမရှိခြင်းနှင့် အကန့်အသတ်ရှိသော အရင်းအမြစ်များ (သို့) အခွင့်အလမ်းများ အပါအဝင် အခြားသူများအပေါ် ဖိနှိပ်သည့် အပြုအမူများ ပြုမူခြင်း၊ အာဏာချိန်ခွင်မညီမျှမှု ဖြစ်စေသည့် အဖွဲ့အစည်းနှင့် လူမှုတည်ဆောက်ပုံများနှင့် သက်ဆိုင်သည်။ နောက်ဆုံးအနေဖြင့် တန်ဖိုးဆိုင်ရာ ပဋိပက္ခကိုလည်း လွန်စွာ အရေးကြီးသော အကြောင်းရင်းခံတစ်ခုအဖြစ် ရှုမြင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုပဋိပက္ခများသည် အခြားသော ပဋိပက္ခများဖြစ်ပွားရန် အကြောင်းရင်းခံတစ်ခု ဖြစ်သောကြောင့် ဖြစ်သည်။ အထူးသဖြင့် တန်ဖိုးဆိုင်ရာပဋိပက္ခများသည် အမြင်နှင့် အမှန်တကယ်ယုံကြည်မှုစနစ်များ ကွာခြားခြင်းကို ညွှန်းဆိုပြီး မတူညီသော ယုံကြည်မှုများ၊ နေထိုင်ပုံများ၊ မျှော်မှန်းချက်များနှင့် ဘာသာရေး ယုံကြည်မှုများကြောင့် တန်ဖိုးများနှင့် ယုံကြည်မှုများ မကိုက်ညီခြင်းတို့ ပါဝင်သည်။ အဆိုပါပဋိပက္ခအမျိုးအစား ငါးမျိုးကို ခွဲခြားသတ်မှတ်နိုင်စွမ်းက ကျွန်ုပ်တို့ကို ပဋိပက္ခများ ဖြစ်ပွားရသည့် အကြောင်းအရင်းများကို နားလည်စေရန် အထောက်အကူပြုပြီး ပဋိပက္ခအကဲဖြတ်ခြင်းနှင့် ပုံဖော်ရေးဆွဲခြင်းတို့ကို အသုံးပြုပြီး ထိုသို့သော အခြေအနေများကို အကဲဖြတ်နိုင်စေသည်။

## ၂.၂.၂ လူတို့၏ သိမှုနှင့် ပဋိပက္ခ

ငြိမ်းချမ်းရေးလေ့လာခြင်းတွင် အကြမ်းဖက်မှုနှင့် ပဋိပက္ခဆိုင်ရာ သီအိုရီများက အဓိကအစိတ်အပိုင်းများအဖြစ် ပါဝင်သော်လည်း ဂယ်လ်တန် (Galtung (1996)) ၏ အဆိုအရ အဆိုပါဘာသာရပ်သည် လူမှုရေးသိပ္ပံနှင့် သိပ္ပံနှင့် အသုံးချသိပ္ပံအပါအဝင် အခြားသော ပညာရပ်နယ်ပယ်များအကြား ဆက်စပ်မှုကို ရှာဖွေသည့် ပညာဗေဒတွင် အခြေခံသည်။ ပညာဗေဒ၏ ဒဿနိကပိုင်းဆိုင်ရာအခြေခံများကို လေ့လာရန်မှာ အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ယင်းတွင် ဗဟုသုတသီအိုရီများ ပါဝင်သောကြောင့် ဖြစ်သည်။ ပဋိပက္ခဖော်ဆောင်ခြင်းက လူသားတို့၏သဘောထားများနှင့် အမြင်များနှင့် ဆက်စပ်နေသည်ဟု လက်ခံထားလျှင် သဘောထားများ၊ အမှန်တရားများ၊ အမှန်တရားနှင့် ဗဟုသုတအမြင်များအပေါ် ကျိုးကြောင်းပြဆင်ခြင်ခြင်းတို့ကို နားလည်ရန် ဗဟုသုတများ မည်ကဲ့သို့ ရယူသည်၊ ဖော်ထုတ်သည်၊ ခိုင်ခန့်လာသည်၊ လက်ဆင့်ကမ်းသည်တို့ကို နားလည်ရန် လိုအပ်သည်။ ထို့ကြောင့် ယခုအခန်းက လူတို့၏ သိမှု (cognition) နှင့် ပဋိပက္ခကို ဒဿနိကစည်းမျဉ်းများ ရှုထောင့်မှ ရှင်းလင်းပြသွားမည် ဖြစ်သည်။ ဤသည်မှာ သိမှုဆိုင်ရာ ပဋိပက္ခကို သိပ္ပံပညာနှင့် စိတ်ပညာရပ်များမှ လေ့လာခြင်း (တန်ဖိုးနှင့် လုပ်ရပ်များ ကွဲပြားမှုနှင့် ယုံကြည်ချက်များနှင့် သဘောထားများကို လေ့လာခြင်း) နှင့် ကွဲပြားမည်ဖြစ်သည်။

သိမှုနှင့် ပဋိပက္ခအပေါ် သဘောထားအား မလေ့လာမီ ပညာဗေဒ၏ အဓိပ္ပာယ်ကို နားလည်ရန် အရေးကြီးသည်။ ယခုအခန်းက ပညာဗေဒကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြင့် ပဋိပက္ခသီအိုရီများကို ပြည့်ပြည့်စုံစုံ ရှင်းလင်းပြရန် မျှော်မှန်းထားသည်။ ဟုန်နာ (Honer) က *"ပညာဗေဒဆိုသည်မှာ ဗဟုသုတ၏ သဘောသဘာဝ၊ အရင်းအမြစ်များ၊ အကန့်အသတ်များနှင့် အသုံးဝင်မှုနှင့် သက်ဆိုင်သည့် ဒဿနိကဗေဒ ဘာသာခွဲတစ်ခုဖြစ်သည်"* ဟု ဆိုခဲ့သည်

(Honer et al, 2006: 63)။ တစ်နည်းအားဖြင့်ဆိုသော် "ကျွန်ုပ်တို့ သိရှိသည်များကို မည်သို့သိရှိလာသနည်း" ဟူသည့် မေးခွန်းက ဗဟုသုတ၏ အရင်းအမြစ်များ၊ လူသားတို့ဗဟုသုတများ၏ အကန့်အသတ်များနှင့် အဆိုပါ ဗဟုသုတ၏ အသုံးဝင်မှုနှင့် တိကျမှုတို့ကို ညွှန်ပြပေးသည်။

ပညာဗေဒ (Epistemology) ဟူသော စကားလုံးက ဂရိဘာသာစကားမှ ဆင်းသက်လာသည်။ *episteme* (ဗဟုသုတ) နှင့် *logos* (သိပ္ပံ) တို့ကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး ဗဟုသုတသိပ္ပံဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် လူသားတို့၏ ဗဟုသုတများအပေါ် ကျွန်ုပ်တို့၏ ယူဆချက်များကို မေးခွန်းထုတ်ရန် အရေးကြီးသည်။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးတို့တွင် ပညာဗေဒ၏ အရေးပါမှုကို လူ့အဖွဲ့အစည်းအတွင်း တန်ဖိုးများ ကွာခြားခြင်းဖြင့် ရှင်းလင်းပြနိုင်သည်။ လူတို့က သဘောထားတူညီသူများနှင့် လူအုပ်စုများ (သို့) တွဲဘက်များအဖြစ် အုပ်စုဖွဲ့ပြီး တူညီသော တန်ဖိုးထားမှုများက အုပ်စု၏ စုပေါင်းတန်ဖိုးတစ်ခု ဖြစ်လာသောအခါ လူ့အဖွဲ့အစည်းအတွင်း တန်ဖိုးကွဲပြားမှုများ ရှိလာသည်။

ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ ပါဝင်သည့် အချက်များနှင့် အခြေအနေများကို နားလည်နိုင်ရန် ပညာဗေဒဆိုင်ရာ လေ့လာမှုက လိုအပ်သည်။ ယင်းက ပဋိပက္ခတစ်ခုအတွင်းမှ ပတ်သက်ဆက်နွှယ်သူများ၏ သဘောထားရပ်တည်ချက်အပါအဝင် ကျွန်ုပ်တို့ကို သဘောထားအမြင်များ၊ သဘောတရားများ၊ အတွေးအခေါ်များ ဖီလာမှုရှုထောင့်အမျိုးမျိုးကို ရှာဖွေဖော်ထုတ်နိုင်ရန် ကူညီပေးသည်။ မတူညီသော အရင်းအမြစ်များနှင့် အချက်အလက်များ အသုံးပြုရယူသည့် ဖြစ်စဉ်များမှ ထွက်ပေါ်လာသည့် ဗဟုသုတများကို အဓိပ္ပာယ်ပြန်ဆိုခြင်းက ဖီလာဆန့်ကျင်မှုများ ပေါ်ထွက်လာစေသည်။ တည်ရှိပြီးသား ဗဟုသုတများကို မေးခွန်းထုတ်ခြင်းက ဗဟုသုတ၏ အသုံးဝင်မှုနှင့် တိကျမှုကို ရှင်းလင်းစေရန် အထောက်အကူပြုသည်။ ထို့ပြင် ပညာဗေဒဆိုင်ရာ လေ့လာမှုကို ပဋိပက္ခအား ကျယ်ပြန့်စွာ လေ့လာရာတွင် စုပေါင်းရှုမြင်မှုအဖြစ် အသုံးပြုနိုင်ပြီး ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးအကြား ဆက်စပ်မှုဥပမာတစ်ခုအဖြစ်လည်း အသုံးပြုနိုင်သည်။ အခြားသော ပညာဗေဒဆိုင်ရာလေ့လာမှုများက ကျွန်ုပ်တို့၏ဦးနှောက်က ကိုင်တွယ်၍မရသည့် သဘောတရား များကို မည်ကဲ့သို့ကိုင်တွယ်သည်ကို ဖတ်ရှုသူများနားလည်စေရန် အထောက်အကူပြုသည်။ ကျွန်ုပ်၏ သဘောထားအမြင်က အကြောင်းအရာတစ်ခုကို မမှတ်မိပါက ယင်းအကြောင်းအရာက အမှန်တရား ဖြစ်နိုင်ပါသလား။ အမှန်တရားဟုဆိုရာတွင် ကျွန်ုပ်တို့က မည်သည့်အရာကို ညွှန်းဆိုသနည်း။ ယနေ့ အမှန်တရားက နောက်တစ်ရက်တွင် အမှားဖြစ်လာနိုင်ပါသလား။ ကိစ္စရပ်တစ်ခုက တစ်စုံတစ်ယောက် အတွက်သာ အမှန်ဖြစ်ပြီး အခြားသူများအားလုံးအတွက် အမှန်မဖြစ်ဘဲရှိနိုင်ပါသလား။ ကျွန်ုပ်တို့က အကြောင်းအရာအသစ်များကို သင်ယူနေရခြင်းလား၊ ယခင်ကသိပြီးသား အကြောင်းအရာများကို ပို၍ သတိပြုမိလာခြင်းလား။ အကြောင်းအရာတစ်ခုကို သေချာသိရှိဖို့ ဖြစ်နိုင်ပါသလား။ (Honer et al, 2006: 47-109) ထိုကဲ့သို့သော ဒဿနိကပိုင်းဆိုင်ရာ မေးခွန်းများက ကျွန်ုပ်တို့ကို ပညာဗေဒအား ပို၍ ကောင်းမွန်စွာ နားလည်နိုင်စေရန်နှင့် ပဋိပက္ခအခြေအနေများအပေါ် ကျွန်ုပ်တို့၏ နားလည်မှုများကို အထောက်အကူပြုသည်။

## ၂.၂.၃ လူတို့၏ အချက်အလက်များ ရယူအသုံးပြုခြင်းနှင့် ပဋိပက္ခအပေါ် အမြင်

ပဋိပက္ခနှင့် လူတို့၏ သဘောသဘာဝကို စဉ်းစားပြီး ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ ဖြစ်စဉ်ကို ပြန်လည်သုံးသပ်ရာတွင် လူတို့၏ အချက်အလက်များ ရယူအသုံးပြုခြင်းနှင့် ပဋိပက္ခအပေါ် အမြင်တို့သည် အပြုသဘောဆောင်နိုင်သည်၊ အပျက်သဘောဆောင်နိုင်သည် (သို့) ထိုနှစ်ခုကြားထဲတွင်လည်း ရှိနိုင်သည်။ ပဋိပက္ခသည် အန္တရာယ်များ၊ တိုက်ခိုက်ခြင်းများ၊ စစ်ပွဲများနှင့် အဖျက်အဆီးများ သယ်ဆောင်လာသည် ဟူသည့် အမြင်မှတစ်ဆင့် အပျက်သဘောဆောင်သော အမြင်များ ထွက်ပေါ်လာသည်။ ဆန့်ကျင်ဘက်အနေဖြင့် အပြုသဘောဆောင်သော အမြင်က ပဋိပက္ခသည် အခွင့်အလမ်းတစ်ခု၊ ကောင်းမွန်သော အပြောင်းအလဲ ထွက်ပေါ်လာစေရန် ဖန်တီးမှုတစ်ခု ဖြစ်သည်ဟု ရှုမြင်သည်။ တစ်ဖက်တွင်လည်း ကြားအမြင်ရှိသူများက ပဋိပက္ခကို မတူညီမှုများနှင့် စုံလင်ကွဲပြားမှု ရှုထောင့်မှ ကြည့်ရှုနိုင်သည် (အောက်ပါ ဇယား ၂.၁ တွင် ရှုပါ)။

**ဇယား ၂.၁ ပဋိပက္ခအပေါ် မတူညီသော အမြင်များ**

| အပျက်သဘောအမြင် | ကြားအမြင် | အပြုသဘောအမြင် |
|---|---|---|
| အန္တရာယ်<br>စွန့်စားမှု<br>အငြင်းပွားခြင်း<br>တိုက်ခိုက်ခြင်း<br>စစ်ပွဲ | မတူညီမှုများ<br>စုံလင်ကွဲပြားမှု<br>ပတ်သက်ဆက်နွယ်သူ နှစ်ဦး (သို့) နှစ်ဦးအထက် ရှိခြင်း<br>ယှဉ်ပြိုင်မှု | အခွင့်အလမ်း<br>အကြမ်းမဖက်သော နည်းလမ်းများ<br>ဖန်တီးမှု<br>အပြောင်းအလဲအတွက်<br>မောင်းနှင်အား<br>တီထွင်မှု |

**မူရင်း။** Pindavanija and Ouaprachanon, 2018

သိမှုနှင့် သဘောထားအမြင်များတွင် အဆိုပါကွာခြားချက်များက လူတစ်ဦး၏ လမ်းကြောင်းနှင့် ပဋိပက္ခကို တုံ့ပြန်ပုံအား ကွဲပြားစေလိမ့်မည်။ ပဋိပက္ခကို အပျက်သဘောမြင်သည့် အခြေအနေအများအပြားတွင်၊ အထူးသဖြင့် တစ်ဦးတစ်ယောက်က ခြိမ်းခြောက်ခံရသည်ဟု ခံစားရပါက ထိုသူက လွတ်မြောက်ရန် (သို့) အခြေအနေကို အဆုံးသတ်ရန် ကြိုးပမ်းပေလိမ့်မည်။ သို့မဟုတ် တူညီသောအခြေအနေမျိုးတွင် တစ်ဦးတစ်ယောက်က ၎င်းတို့၏ ယှဉ်ပြိုင်ဘက်ကို ထိပ်တိုက်တွေ့ရန် အလိုရှိခြင်း၊ အကြမ်းဖက်မှု လုပ်ဆောင်ရန် ရွေးချယ်ခြင်းတို့ကို လုပ်ဆောင်ကာ ပဋိပက္ခကို ပို၍အရှိန်မြင့်တက်စေလိမ့်မည်။ သို့ရာတွင် ပဋိပက္ခ အသွင်ပြောင်းလဲခြင်းက ဥပမာ လူတို့ကို ဖန်တီးမှုများမှတစ်ဆင့် အပြန်အလှန်နားလည်မှုကို ရှာဖွေရန် အားပေးခြင်းဖြင့် ပဋိပက္ခအခြေအနေများကို တိုးတက်စေရန် အခွင့်အလမ်းများ ဖော်ထုတ်ဖို့ ရည်ရွယ်ထားသည်။

ဩစတြီးယန်း လူမျိုး ပဋိပက္ခနှင့် ကြားဝင်စေ့စပ်ရေး ကျွမ်းကျင်သူ ဖရီးဒရစ်ချ်ဂလားစ် (Friedrich Glasl (1999) က ပဋိပက္ခနှင့် ပတ်သက်ပြီး သိမှုနှင့် သဘောထားများကို အမျိုးအစား နှစ်မျိုး ခွဲခြားခဲ့သည်။ (၁) *ပဋိပက္ခ ရှောင်ရှားခြင်း*တွင် လူတို့က ပဋိပက္ခအခြေအနေများကို ရှောင်ရှားရန်နှင့် လွတ်မြောက်ရန် ကြိုးပမ်းကြခြင်း၊ မတူညီသော အမြင်များ ကိုင်စွဲရန် ထိတ်လန့်ခြင်း၊ ၎င်းတို့၏ ဒေါသ/ခံစားချက် အစစ်အမှန်များကို ဖော်ပြရန်

ရှောင်ရှားခြင်း၊ မိမိကိုယ်မိမိ တန်ဖိုးနိမ့်ချခြင်း (သို့) အခြားသူများနှင့် နှိုင်းယှဉ်လျှင် မိမိ၏ အကျိုးစီးပွားကို တန်ဖိုးထားမှုနည်းခြင်းတို့ကို လုပ်ဆောင်ကြသည်။ (၂) *ရန်လိုသော အပြုအမူရှိသူများ*တွင် လူတို့က ရန်လိုခြင်း၊ အခြားသူများအပေါ် အင်အားသုံးခြင်း၊ အခြားသူများကို အန္တရာယ်ပြုခြင်း၊ မိမိကိုယ်မိမိသာ ရှေ့တန်းတင်ခြင်း၊ မိမိ၏ အကျိုးစီးပွားကိုသာ ဦးစားပေးခြင်းတို့ကို လုပ်ဆောင်ကြသည်။

သဘောထားအမြင်နှစ်ခုလုံးမှာ ကြောက်ရွံ့မှုတွင် အခြေခံသည်။ ပဋိပက္ခကို ရှောင်ရှားလိုသူများသည် ၎င်းတို့သာ ကြမ်းကြမ်းတမ်းတမ်း ပြုမူပါက ကိုယ်ချင်းစာစိတ်မရှိသူများ (သို့) လူသားမဆန်သူများအဖြစ် တံဆိပ်ကပ်ခံရမည်ကို ကြောက်ရွံ့ကြသည်။ ၎င်းတို့က အခြားသူများကို ထိခိုက်မည် (သို့) မိမိထိခိုက်ခံရမည်၊ ငြင်းပယ်ခံရမည်ကို ကြောက်ရွံ့ကြသည်။ ထို့ကြောင့် အဆိုပါအုပ်စုထဲရှိသူများက အခြားသူများကို ရှောင်ရှားပြီး ပဋိပက္ခအခြေအနေများမှ ရှောင်ဖယ်လိုကြသည်။ ဆန့်ကျင်ဘက်အနေဖြင့် ရန်လိုသော အပြုအမူ ရှိသူများသည် မတည်ငြိမ်သူများ (သို့) သူရဲဘောကြောင်သူများဟု တံဆိပ်ကပ်မခံလိုသည့် အကြောက်တရားကြောင့် ပဋိပက္ခတွင်၊ မကြာခဏဆိုသလို ကြမ်းတမ်းစွာဖြင့် ဝင်ရောက်ပတ်သက်နိုင်ခြေ ပိုများသည်။ ထို့ကြောင့် ၎င်းတို့က သူတို့၏ ရန်လိုသောအပြုအမူများနှင့် ခံစားချက်များကိုဖော်ပြရန် ရွေးချယ်ကြသည်။ ထိုအုပ်စုတွင် ပါဝင်သူများ သည် ပဋိပက္ခအခြေအနေတစ်ခုမှ ရှောင်ပြေးမည့်အစား နာကျင်အောင်ပြုလုပ်ရန်သာ ရွေးချယ်ကြသည်။ ဂလားစ် (Glasl (1999)) က မည်သည့်အချက်အလက်များကို ရယူအသုံးပြုသည့်ပုံစံကမှ ပဋိပက္ခ အသွင်ပြောင်းလဲရေးအတွက် အကျိုးမရှိလှပေဟု ဆိုသည်။ ဆန့်ကျင်ဘက်အနေဖြင့် ယင်းတို့က ရေရှည်တွင် ပဋိပက္ခအခြေအနေများကို ပို၍ ဆိုးရွားစေလိမ့်မည်။ ထို့ကြောင့် သူက ပဋိပက္ခတွင် အဓိပ္ပာယ်ရှိရှိ ပါဝင်နိုင်စွမ်းကို အဓိကထားသည့် သိမှုပုံစံတစ်မျိုးကို အဆိုပြုထားသည်။ *ပဋိပက္ခဆိုင်ရာ လုပ်ဆောင်နိုင်စွမ်း* သိမှုပုံစံက မိမိအမြင်ကို ကိုင်ဆွဲခွင့်အား အာမခံပေးထားသည်။ တစ်နည်းအားဖြင့်ဆိုသော် ပဋိပက္ခဖြစ်နေသော အဖွဲ့များနှင့် ပတ်သက်ဆက်နွှယ်သူများသည် ၎င်းတို့၏ အမြင်များ တည်ရှိရန်နှင့် ဖော်ပြရန် တန်းတူ အခွင့်အရေးများ ရှိကြပြီး ဤသည်မှာ အဓိက ပတ်သက်ဆက်နွှယ်သူများအားလုံး၏ အခြေခံအခွင့်အရေး ဖြစ်သည်။

**ဇယား ၂.၂ ပဋိပက္ခရှောင်ရှားခြင်း၊ ပဋိပက္ခဆိုင်ရာ လုပ်ဆောင်နိုင်စွမ်းနှင့် ရန်လိုသော အပြုအမူရှိသူများနှင့် ပတ်သက်သည့် အခြေခံ ယူဆချက်များ**

| ပဋိပက္ခ ရှောင်ရှားခြင်း | ပဋိပက္ခဆိုင်ရာ လုပ်ဆောင်နိုင်စွမ်း | ရန်လိုသော အပြုအမူရှိသူများ |
|---|---|---|
| ပဋိပက္ခကို ရှောင်ရှားသည်၊ မတူညီသော အမြင်များကို ကြောက်ရွံ့သည်၊ ခံစားချက်များကို ဖိနှိပ်ထားသည်၊ သူ့အကျိုးစီးပွားထက် အခြားသူများ၏ အကျိုးစီးပွားကို ဦးစားပေးသည် | ပဋိပက္ခတွင် ဖန်တီးမှုနှင့် ပါဝင်နိုင်စွမ်းရှိသည်၊ ပတ်သက်ဆက်နွှယ်သူ အားလုံးအတွက် အခွင့်အရေးများကို သေချာစေသည် | အကြမ်းဖက်မှု၊ အင်အား အသုံးပြုနိုင်သည်၊ အခြားသူများ အတွက် အန္တရာယ်ရှိသည်၊ မိမိ အတွက်သာ ကြည့်သည်၊ သူ့အကျိုးစီးပွားကို အခြားသူများ၏ အကျိုးစီးပွားထက် ဦးစားပေးသည် |
| ပဋိပက္ခက ခွန်အားကို ရုတ်လျော့စေသည်။ ထို့ကြောင့် ပဋိပက္ခကို ရှောင်ရှားရမည်။ | ရန်လိုခြင်းက စွမ်းအင်တစ်ခု ဖြစ်သည်။ ယင်းကို ကျွန်ုပ် | ပဋိပက္ခက ကျွန်ုပ်ကို မိမိကိုယ်မိမိ ခံစားနိုင်အောင် လုပ်ပေးသည်။ |

| ပဋိပက္ခ ရှောင်ရှားခြင်း | ပဋိပက္ခဆိုင်ရာ လုပ်ဆောင်နိုင်စွမ်း | ရန်လိုသော အပြုအမူရှိသူများ |
| --- | --- | --- |
| | အပြုသဘောဆောင်သော နည်းလမ်းဖြင့် အသုံးပြုမည်။ | ယင်းက ကျွန်ုပ်၏ ခွန်အားကို တိုးပွားစေသည်။ |
| ပဋိပက္ခက မလိုအပ်သည့် ဖျက်ဆီးမှုများ ထွက်ပေါ်လာစေသည်။ | ပဋိပက္ခက ခေတ်ကုန်နေသည့် ပုံစံခွက်ထဲမှ ခွဲထွက်နိုင်အောင် ကျွန်ုပ်တို့ကို အကူအညီပေးသည်။ | ပရမ်းပတာဖြစ်ခြင်းသည်သာ အသစ်ထွက်ပေါ်လာစေရန် လုပ်ဆောင်နိုင်ပေလိမ့်မည်။ |
| ပဋိပက္ခများက ဆန့်ကျင်ဘက် ဖြစ်မှုများကို ပို၍ နက်ရှိုင်းစေသည်။ ကွာခြားမှုများသည် အခြေခံအားဖြင့် ဖြေရှင်း၍ မရပေ။ | ကွဲပြားမှုများသည် အဓိကကျ၊ လိုအပ်သည်။ ကွဲပြားမှုများကို ဖြေရှင်းခြင်းက အားလုံးအတွက် အကျိုးရှိစေသည်။ | အားလုံးသဘောတူညီခြင်း ဆိုသည်မှာ မဖြစ်နိုင်သည့်အရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စစ်ပွဲကသာ အရာအားလုံး၏ ဦးသျှောင်ဖြစ်သည်။ |

**မူရင်း။** Glasl, 1999 ထံမှ ကောက်နုတ်ပြင်ဆင်ထားခြင်း ဖြစ်သည်။

လူတစ်ဦး၏ ပဋိပက္ခနှင့် စပ်လျဉ်းပြီး သိမှုနှင့် သဘောထားများသည် သူ၏ အတိတ်အတွေ့အကြုံများအပေါ် မူတည်ပြီး အမျိုးမျိုးသော နောက်ခံအခြေအနေများနှင့် ပတ်ဝန်းကျင်များမှ စုဆောင်းလာသည့် ၎င်းတို့၏ ယုံကြည်မှုများနှင့် ဗဟုသုတများ ပါဝင်သည်။ အဖွဲ့တစ်ဖွဲ့၏ သိမှုနှင့် သဘောထားတို့အား နားလည်ခြင်းက ပဋိပက္ခများ ပေါ်ပေါက်လာပုံနှင့် ယင်းနှင့်ဆက်စပ်သည့် အပြုအမူများကို ပို၍ မြင်သာစေပြီး ပဋိပက္ခအခြေအနေများကို ဖန်တီးနိုင်စွမ်းရှိရှိ၊ ငြိမ်းချမ်းသော နည်းလမ်းများနှင့် လုပ်ဆောင်ပြောင်းလဲနိုင်ရန် နည်းလမ်းများနှင့် ကိရိယာများ ထုတ်ဖော်ရာတွင် အထောက်အကူပြုသည်။

## ၂.၃ ပဋိပက္ခသီအိုရီများနှင့် မူဘောင်များ

လူသိအများဆုံး ပဋိပက္ခသီအိုရီမှာ သဘောထားများ/ထင်မြင်ချက်များ၊ အပြုအမူနှင့် ဗီလာဆန့်ကျင်ခြင်း/ ပါဝင်သည့်အရာများဟူသည့် *ပဋိပက္ခ ABC (ABC of conflict)* ကို အသုံးပြုပြီး ဆက်စပ်မှုများကို လေ့လာခဲ့သည့် ဂယ်လ်တန်ဖြစ်သည်။ ဗီလာဆန့်ကျင်ခြင်း အစိတ်အပိုင်းက စနစ်တစ်ခုအတွင်း ဖော်ပြထားသည့် မျှော်မှန်းချက်များ တစ်ခုနှင့်တစ်ခု ကိုက်ညီမှု မရှိခြင်းကို ဖော်ထုတ်သည်။ အဆိုပါ ABC တြိဂံက ပဋိပက္ခများ ပေါ်ပေါက်လာမှုနှင့် ဘဝ၏ သဘောသဘာဝကို လေ့လာပြီး ဆန့်ကျင်ဘက်ဖြစ်ခြင်းနှင့် ပဋိပက္ခများက စိတ်အလိုမကျခြင်းနှင့် မကျေမနပ်ဖြစ်ခြင်းတို့ကို ထွက်ပေါ်စေသည်ဟု ရှင်းလင်းပြထားသည်။ ပဋိပက္ခကို အသက်ရှင်သန်မှုအတွက် အန္တရာယ်/ခြိမ်းခြောက်မှုအဖြစ် (သို့) ဘဝတွင် ပို၍ စိတ်ကျေနပ်စရာ ရည်မှန်းချက်များ ပြည့်မီရန် အခွင့်အလမ်းတစ်ခုအဖြစ် စဉ်းစားခြင်း ရှိ၊ မရှိအပေါ် မူတည်ပြီး ပဋိပက္ခကို အပြုသဘောရော၊ အပျက်သဘောပါ ရှုမြင်နိုင်သည်။ ယခုအခန်းက ပဋိပက္ခသီအိုရီများ၏ အဓိကရေိယာနှစ်ခုကို အလေးစိုက်သွားပါမည်။ ပထမဦးစွာ ဂယ်လ်တန်၊ မစ်ချယ်လ် (Mitchell) နှင့် အေဇာ (Azar) တို့က *ကာလရှည်ကြာဖြစ်ပွားသည့် လူမှုပဋိပက္ခသီအိုရီတွင်* ရှင်းပြထားသော ABC ပဋိပက္ခတြိဂံကို လေ့လာသွားပါမည်။ ဒုတိယအနေဖြင့် ပဋိပက္ခအသွင်ပြောင်းလဲရေးသီအိုရီနှင့် လက်ဒရစ်ချ်နှင့် ဖီးလ်ပေါ့တ် (Lederach and Philpott) တို့၏ လူမှုကုစားမှုနှင့် ရင်ကြားစေ့ရေးသီအိုရီများကို လေ့လာသွားပါမည်။

## ၂.၃.၁ ပဋိပက္ခ တြိဂံ

ပဋိပက္ခတြိဂံက ပဋိပက္ခများဖြစ်ပွားရာတွင် ပါဝင်သည့် အစိတ်အပိုင်းသုံးခုကို လေ့လာထားသည်။ ပဋိပက္ခများ အပေါ် သိမှုဆိုင်ရာ ယခင်အပိုင်းကိုကိုးကား၍ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးတွင် အရေးအပါဆုံး နယ်ပယ်တစ်ခုမှာ ပညာဗေဒဖြစ်ကြောင်း ထပ်မံတင်ပြလိုပါသည်။ လူတို့၏အမြင်များနှင့် ထိုအမြင်များကို အဓိပ္ပာယ်ပြန်ဆိုပုံများသည် ယခုအခန်း၏ အပိုင်းအများအပြားကို ဆက်စပ်ပေးသွားမည် ဖြစ်သည်။ ယခင်က ဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း အမြင်၊ အမှန်တရားနှင့် ဗဟုသုတတို့က လူတို့၏သိမှုနှင့် သဘောထားများကို ပုံဖော်ပေးသည်။ ထို့ကြောင့် လူတစ်ဦး၏ ပဋိပက္ခအပေါ်အမြင်၊ အမှန်တရားနှင့် ဗဟုသုတတို့က ပဋိပက္ခအပေါ် သဘောထား/ယူဆချက်များကိုလည်း ပုံသွင်းပေးမည်ဖြစ်သည်။ အမြင်၏တိကျမှုနှင့် ယင်းကို အဓိပ္ပာယ်ဖွင့်ဆိုပုံ များက ကျယ်ကျယ်ပြန့်ပြန့်ကွဲပြားနိုင်ပေရာ အဆိုပါသဘောထားများသည် အရေးပါသည်။ ထိုသို့သော ကွဲပြားမှုများက ပဋိပက္ခအခြေအနေများအပေါ် လူတို့၏ သဘောထားများ ဖြစ်ပေါ်လာမှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။

မစ်ချယ်လ် (Mitchell (1981)) က ပဋိပက္ခတြိဂံကို အသုံးပြု၍ ပဋိပက္ခများထွက်ပေါ်လာပုံကို ထပ်မံရှင်းလင်းပြခဲ့သည်။ သူက အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

> *ပဋိပက္ခအခြေအနေဆိုသည်မှာ အပြန်အလှန် မကိုက်ညီသည့် ရည်မှန်းချက်များ ပိုင်ဆိုင်ထားကြသည်ဟု ရှုမြင်ထားသော (မည်သို့ အဓိပ္ပာယ်ဖွင့်ဆိုထားသည် (သို့) တည်ဆောက်ထားသည် ဖြစ်စေ) လူမှုအဖွဲ့အစည်းနှစ်ခု (သို့) အဖွဲ့နှစ်ဖွဲ့ အကြား မည်သည့် အခြေအနေကိုမဆို ဆိုလိုခြင်း ဖြစ်သည်။*

ထိုကဲ့သို့သော အခြေအနေများမှာ လူမှုတည်ဆောက်ပုံများ၏ အရင်းအမြစ်များဖြစ်ပြီး တည်ရှိနေပြီးသား တန်ဖိုးစနစ်များနှင့် ကိုက်ညီချင်မှ ကိုက်ညီလိမ့်မည်။ အချိန်ကာလအပိုင်းအခြား တစ်ခုတွင် အရင်းအမြစ်တစ်ခု ရှားပါးသည်ဟု အမြင်ရှိခြင်း၊ ရုပ်ပိုင်းဆိုင်ရာ အတားအဆီးများ ရှိခြင်းကလည်း အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နိုင်သည် (Mitchell, 1981: 18-20)။ ထို့ကြောင့် ပဋိပက္ခ၏ အရင်းခံဖြစ်နိုင်သည့် အခြေအနေတစ်ခု ဆိုသည်မှာ တန်ဖိုးစနစ်တစ်ခုတွင် တန်ဖိုးများ အမှန်တကယ်ကွာခြားခြင်း (သို့) ကွာခြားသည်ဟု ထင်မြင်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရည်မှန်းချက်များ အမှန်တကယ် ကိုက်ညီမှုမရှိခြင်း (သို့) ကိုက်ညီမှုမရှိဟု ထင်မြင်ခြင်းနှင့် အကန့်အသတ်ရှိသော အရင်းအမြစ်များအတွက် ယှဉ်ပြိုင်ရခြင်းကို ဖြစ်ပွားစေသည့် လူမှုတည်ဆောက်ပုံကို ဆိုလိုခြင်း ဖြစ်သည်။ သူက ပဋိပက္ခဖြစ်ပွားမှုတွင် "*သဘောထား*" အစိတ်အပိုင်းကို ထပ်မံ အကျယ်ချဲ့ရှင်းပြခဲ့သည်။

> *သဘောထားတွင် ပဋိပက္ခအခြေအနေများနှင့် ပဋိပက္ခဖြစ်ပွားစေသည့် အပြုအမူများတွင် ပါဝင် (ပြီး မကြာခဏဆိုသလို ပို၍ ဆိုးရွားစေ) သည့် စိတ်ပိုင်းဆိုင်ရာအခြေအနေများ ပါဝင်ပြီး*

*ပဋိပက္ခ၏ စိတ်ပိုင်းဆိုင်ရာသဘောထားကို လူမှုရေးဆိုင်ရာ အပြောင်းအလဲများနှင့် နိုင်ငံတကာ အပြောင်းအလဲများ ဖြစ်ပွားရသည့် အဓိကအကြောင်းအရာဟု မှတ်ယူမည့်အစား ပိုမိုဆိုးရွားစေသည့် အချက်တစ်ခုအဖြစ်သာ မှတ်ယူသင့်သည် Mitchell, 1981:25)။*

မောင်းနှင်သည့်သဘောထားက ပဋိပက္ခအတိုင်းအတာအတွက် တွန်းအားတစ်ခုဖြစ်သည်။ အချို့သော အခြေအနေမျိုးတွင် ယင်းက ပဋိပက္ခကို အရှိန်မြှင့်တက်စေသည်။ ယင်းသဘောထားကို ရန်လိုမှု၊ လူတစ်ဦးနှင့်တစ်ဦးအကြား တင်းမာမှုနှင့် ပဋိပက္ခဖြစ်နေသည့် အဖွဲ့များအကြား စိတ်အလိုမကျမှုများ ပေါင်းစည်းခြင်းတို့က လွှမ်းမိုးနိုင်ပြီး ယင်းတို့က ပဋိပက္ခအခြေအနေ ဖြစ်ပွားရသည့် အကြောင်းအရင်းများကဲ့သို့ပင် တန်ဖိုးထားမှုစနစ်နှင့် လူမှုတည်ဆောက်ပုံများနှင့် ဆက်စပ်ပြောင်းလဲသည်။ စိတ်ပိုင်းဆိုင်ရာ အချက်များနှင့် ပဋိပက္ခအခြေအနေတစ်ခု၏ ဖြစ်ပွားရသော အကြောင်းအရင်းများက အပြန်အလှန်ပင် ပြောင်းလဲဆက်စပ်နေနိုင်သည်။ မစ်ချယ်လ် (1981) က အချို့သော သဘောထားများက *"အမှန်တကယ်မဟုတ်သောပဋိပက္ခ"* သို့မဟုတ် အောက်ပါတို့ကြောင့် ဖြစ်ပွားရသော ပဋိပက္ခကိုပင် ဖန်တီးနိုင်သည်ဟု ဆိုထားသည်။

*ဆက်တိုက်ဖိအားပေးခြင်းနှင့် မရရှိခြင်း (သို့) ဖြစ်ရပ်တစ်ခုခုကြောင့် (သို့) အခြားသူများ၏ လုပ်ရပ်ကြောင့် ဓားစာခံလုပ်ခံရသည့်ဖြစ်စဉ်၊ အုပ်စုတစ်စုအတွင်း စိတ်အလိုမကျမှုများ၊ အကြောက်တရားများနှင့် ရန်လိုမှုများ မွေးဖွားလာသည့်ဖြစ်စဉ်ကို အခြားအဖွဲ့တစ်ခုထံသို့ စွပ်စွဲမှုများ၊ အပြိုင်အဆိုင်ဖြစ်မှုများနှင့် (မကြာခဏဆိုသလို) အကြမ်းဖက်မှုများအဖြစ် ပြောင်းလဲလိုက်ခြင်း ဖြစ်သည် (Mitchell, 1981: 27)။*

လူတို့၏ သဘောထားအမြင်များတွင် ပုံစံခွက်အမြင်များက အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်သည့်အခါနှင့် စုပေါင်းအမြင်က အကြောက်တရား၊ အမုန်းတရားနှင့် ရန်လိုမှုများ ပေါက်ဖွားလာသည့်အခါ အမှန်တကယ်မဟုတ်သည့် ပဋိပက္ခဖြစ်ပေါ်သည်။ ဥပမာ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားချိန်တွင် ရောဂါပိုးက မည်သူမှမဆို ကူးစက်နိုင်သော်လည်း ပြောင်းရွှေ့အခြေချသူများ (သို့) ဘေးဖယ်ခံထားရသူများကို လူအများအပြားအား ရောဂါပိုးကူးစက်စေသူများဟု စွပ်စွဲကြသည်။ ထိုကဲ့သို့ ပုံစံခွက်အမြင်များရှိခြင်းက အထူးသဖြင့် လူအများက အကြောက်တရားနှင့် အမုန်းတရား လွှမ်းမိုးခံရသည့်အခါ အကြမ်းဖက်မှုများသို့ ပြောင်းလဲသွားနိုင်သည်။ ထို့ပြင် ရန်လိုမှုနှင့် အမြင်လွဲများရှိသော သဘောထားများနှင့် ဆန့်ကျင်ဘက်အဖွဲ့ဝင်များကို လူသားဖြစ်မှုမှ ဖယ်ခွာပစ်လိုက်သည့် အမြင်များက ပဋိပက္ခကို ပို၍အရှိန်မြှင့်တက်စေသည်။ သို့ရာတွင် မစ်ချယ်လ် (1981) က အောက်ပါအတိုင်း ပြောခဲ့သည်။

*ပဋိပက္ခသဘောထားများနှင့် အမြင်များသည် ပဋိပက္ခများကို ဖြစ်ပွားစေသည့် အကြောင်းအရာများထက် ပဋိပက္ခတွင်ရှိနေရသည့် စိတ်ဖိစီးမှုများမှတစ်ဆင့် ပေါက်ပွားလာသည် (Mitchell, 1981: 27)။*

ပဋိပက္ခပေါက်ဖွားလာခြင်း၏ အခြားသောအစိတ်အပိုင်းတစ်ခုမှာ မစ်ချယ်လ်က အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည့် ပဋိပက္ခအပြုအမူကြောင့် ဖြစ်သည်။

> *ယှဉ်ပြိုင်ဘက်များက ၎င်းတို့၏ရည်မှန်းချက်များကို စွန့်ပစ်အောင် (သို့) ပြင်ဆင်အောင် ရည်ရွယ်ပြီး မည်သို့သော ပဋိပက္ခအခြေအနေ၌မဆို ယှဉ်ပြိုင်ဘက်များကို ရည်ရွယ်လုပ်ဆောင်သည့် အဖွဲ့တစ်ဖွဲ့က လုပ်ဆောင်သော လုပ်ရပ်များ (Mitchell, 1981: 29)။*

တစ်နည်းအားဖြင့်ဆိုသော် အချို့သူများသည် သူ၏ ယှဉ်ပြိုင်ဘက်၏ ရည်မှန်းချက်များနှင့် မျှော်မှန်းချက်များကို ပြောင်းလဲပစ်ရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လေ့ရှိသည်။ ထို့ကြောင့် *"ပဋိပက္ခအပြုအမူတွင် တစ်ဖက်အဖွဲ့အပေါ် သက်ရောက်မှုရှိစေရန် ရည်ရွယ်ပြီး တိုက်ရိုက် (သို့) သွယ်ဝိုက်လုပ်ဆောင်သော၊ သို့သော် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်သော အပြုအမူများ ပါဝင်သည်"* (Mitchell, 1981: 29)။ သို့သော် ထိုကဲ့သို့သောအပြုအမူနှင့် လုပ်ရပ်များသည် အကြမ်းဖက်ခြင်း ဖြစ်ချင်မှဖြစ်မည်။ ယှဉ်ပြိုင်ဘက်များ၏ ရည်မှန်းချက်များကို ပြောင်းလဲရန် မျှော်မှန်းသည့် လုပ်ရပ်များက ပတ်သက်ဆက်နွှယ်သူများကို ၎င်းတို့၏ ရည်မှန်းချက်များ ရယူနိုင်ရန် ကူညီခြင်းပင် ဖြစ်နိုင်သည်။ အချို့သောအပြုအမူများက အခြားအဖွဲ့ထံမှ ထောက်ခံမှုရရှိအောင် လုပ်ဆောင်ခြင်းပင် ဖြစ်နိုင်သည်။ သို့ရာတွင် အချို့သောဖြစ်ရပ်များတွင် ဆန့်ကျင်ဘက်အဖွဲ့၏ စိတ်ချယုံကြည်ရမှုကို ဖျက်ဆီးရန် မိမိကိုယ်မိမိ ဖျက်ဆီးသည့် လုပ်ရပ်များပင် လုပ်ဆောင်နိုင်သည်။

ပဋိပက္ခတြိဂံပါ အစိတ်အပိုင်းသုံးခုသည် အပြန်အလှန်ဆက်စပ်နေပြီး တစ်ခုချင်းစီက အခြားအစိတ်အပိုင်းများကို လွှမ်းမိုးနိုင်စွမ်းရှိသည်။ လူမှုရေးနှင့် နိုင်ငံတကာပဋိပက္ခ အခြေခံတည်ဆောက်ပုံများတွင် အောက်ပါတို့ ပါဝင်နိုင်သည်။

> *ကိုက်ညီမှုမရှိသော ရည်မှန်းချက်များ၊ ပါဝင်သည့်အဖွဲ့များ တွေ့ကြုံခံစားရနိုင်သည့် စိတ်ပိုင်းဆိုင်ရာ အခြေအနေအမျိုးမျိုးနှင့် အငြင်းပွားဖွယ်ရာဖြစ်နေသည့် ရည်မှန်းချက်များကို အောင်မြင်စေရန် လုပ်ဆောင်ရသည့် သက်ဆိုင်ရာ အပြုအမူများ (Mitchell, 1981: 32)။*

ယင်းတို့ကို အောက်ပါအတိုင်း အကျယ်ဖွင့်ဆိုထားသည်။

(က) *သဘောထား*သည် ပတ်သက်ဆက်နွှယ်သူများ/ဇာတ်ကောင်များ၏ ကျိုးကြောင်းဆင်ခြင်မှုနှင့် စိတ်ပိုင်းဆိုင်ရာခံစားမှု ရှုထောင့်နှစ်မျိုးလုံးတွင် ပါဝင်သည်။ ကျိုးကြောင်းဆင်ခြင်မှုသည် ဗဟုသုတများကို ပုံသွင်းပေးသည့် အတိတ်အတွေ့အကြုံများမှ ဆင်းသက်လာပြီး ၎င်းတို့ကြုံတွေ့နေရသည့် လူတို့နှင့် အခြေအနေများကို ကျိုးကြောင်းဆက်စပ် အကြောင်းပြနိုင်ရန် အသုံးပြုသည်။ ထို့ပြင် အချက်အလက်၏ အရင်းအမြစ်နှင့် ယခင်ကြုံတွေ့ခဲ့ရသော လက်တွေ့အခြေအနေတို့က လူတစ်ဦးက အခြေအနေတစ်ရပ်ကို မကျေနပ်သည့်အခါ (သို့) ၎င်း၏ ရည်မှန်းချက်များကို အောင်မြင်အောင် မလုပ်ဆောင်နိုင်သည့်အခါ ခံစားရသည့်

ဒေါသနှင့် အမုန်းတရားကဲ့သို့သော အမြင်ပေါ်တွင် လှုံ့ဆော်ပေးသော စိတ်ခံစားမှုဆိုင်ရာ သက်ရောက်မှုများကို မောင်းနှင်ပေးသည်။ လူတစ်ဦးက သူ၏ဘဝအတွက် ခြိမ်းခြောက်မှုကို ခံစားရသည့်အခါ၊ သူ၏ ကိုယ်ပိုင်သရုပ်လက္ခဏာ ပျောက်ဆုံးသွားသည့်အခါ၊ သူ၏ အကျိုးစီးပွား (သို့) အကျိုးခံစားခွင့် ပျောက်ဆုံးသွားသည့်အခါ ရန်လိုမှုနှင့် ကြောက်ရွံ့မှု ဖြစ်ပေါ်လာသည်။ အဆိုပါသဘောထားများသည် တစ်ဦးချင်းစီ၌ရော၊ အုပ်စုအတွင်း စုပေါင်း၍ပါ ဖြစ်ပေါ်လာနိုင်သည်။

(ခ) *အပြုအမူ* ဆိုသည်မှာ ပဋိပက္ခအတွင်းမှ ပတ်သက်ဆက်နွှယ်သူများ/ဇာတ်ကောင်များ၏ လုပ်ရပ်များကို ဆိုလိုခြင်းဖြစ်သည်။ အဆိုပါအပြုအမူ ဖြစ်ပွားရသည့်အကြောင်းအရင်းကို သဘောထား (သို့) ယူဆချက်များနှင့် ဆက်စပ်နိုင်သည် (သို့) ထိုသို့သော လွှမ်းမိုးမှုများ မရှိဘဲနှင့်လည်း ဖြစ်ပွားနိုင်သည်။ တစ်ဖက်တွင်လည်း အချို့သောအပြုအမူများသည် သဘောထားများကို ပုံသွင်းသည့် အမြင်များအဖြစ် ပြောင်းလဲသွားနိုင်သည်။ ယင်းတို့တွင် အခြားသူများ၏အမြင်ကို ပြောင်းလဲသွားနိုင်သည့် ရုပ်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ အများအားဖြင့် ပါဝင်သည်။ အချို့သောအပြုအမူများကို အကြမ်းဖက်မှုဆန်သည်ဟု ယူဆနိုင်သည်။

(ဂ) *ဆန့်ကျင်ဖီလာခြင်း/ပါဝင်သည့် အချက်များ* ဆိုသည်မှာ ပဋိပက္ခအခြေအနေတစ်ခု၏ ပြဿနာများ (သို့) တည်ဆောက်မှု ပုံစံနှင့် ပဋိပက္ခဖြစ်နေသော အဖွဲ့များကို ၎င်းတို့၏ ရည်မှန်းချက်များ (သို့) စိတ်ကျေနပ်မှုများ ရရှိစေရန်အတွက် ပိတ်ဆို့နေသည့် အတားအဆီးများအား ဆိုလိုခြင်းဖြစ်သည်။ အခြေအနေအများအပြား၌ ဆန့်ကျင်ဖီလာခြင်း (သို့) ပါဝင်သည့် အချက်များတွင် လူတစ်ဦး၏ အခြေခံလိုအပ်ချက်များ (သို့) အကျိုးစီးပွားများ ပါဝင်ပြီး ဤသည်ကို ပတ်သက်ဆက်နွှယ်သူများ ဇာတ်ကောင်များအကြား လူမှုဆက်ဆံရေး၏ တည်ဆောက်ပုံဆိုင်ရာ ရှုထောင့်ဟုလည်း သဘောထားကြသည်။

ဂယ်လ်တန် (1996) က A-B-C အစိတ်အပိုင်းသုံးခုအကြား ဆက်ဆံရေးများနှင့် ပတ်သက်ဆက်နွှယ်နေသည့် စက်ဝန်းကို ရှင်းလင်းပြခဲ့သည်။ ပဋိပက္ခကို ထုတ်ဖော်ပြသသည့်အဆင့်၌ သဘောထား၊ အပြုအမူနှင့် ဆန့်ကျင်ဖီလာမှု အစိတ်အပိုင်းများ ပေါင်းစပ်သွားသည့်အခါ ပဋိပက္ခများပေါ်ထွက်လာသည်။ ပဋိပက္ခ အခြေအနေအများအပြားတွင် လူတို့၏ သိမှုဖြစ်စဉ်များမှတစ်ဆင့် သဘောထားများ စတင်ထွက်ပေါ်လာသည်။ ဥပမာ လူနည်းစုအုပ်စုများက အဓိကကျသည့် အတိတ်ဖြစ်ရပ်များ၏ နှုတ်ပြောစကားများ၊ သမိုင်းမှတ်တမ်းများမှ တစ်ဆင့် ၎င်းတို့၏ ဘိုးဘေးများ အချိန်ကာလရှည်ကြာစွာ မည်ကဲ့သို့ ရက်ရက်စက်စက် နှိပ်စက်ခံရသည်ကို သိရှိလာနိုင်သည်။ အတိတ် (သို့) ပစ္စုပ္ပန်မှ မတရားဆက်ဆံခံရသည့် အခြေအနေများကို သိရှိလာသည့် အဖွဲ့များက အချက်အလက်များ မှန်ကန်သည်ဖြစ်စေ၊ မှားယွင်းသည်ဖြစ်စေ *အမြင်များ/ ယူဆချက်များ* ရှိလာမည်ဖြစ်ပြီး ပဋိပက္ခအခြေအနေအပေါ် သင့်လျော်သလို ပြင်ဆင်မည်၊ ရှုမြင်မည် ဖြစ်သည်။ အဖွဲ့တစ်ဖွဲ့ (သို့) တစ်ဖွဲ့ထက်ပိုသော အဖွဲ့များက အပျက်သဘောဆောင်သော လုပ်ရပ်များ လုပ်ဆောင်လိုလာသည့်အခါ အဖွဲ့များအကြား ပဋိပက္ခဖြစ်လာနိုင်ခြေရှိသော မသိစိတ်များ ထွက်ပေါ်လာမည်ဖြစ်သည်။ ထပ်ဖန်တလဲလဲ လုပ်ဆောင်သည့် အပြုအမူများက အခြေအနေကို ပိုဆိုးလာစေမည်ဖြစ်ပြီး သဘောထားအမြင်များနှင့်

ဆန့်ကျင်ဖီလာမှုများကို နောင်တွင် အပြည့်အဝ ထုတ်ဖော်ပြသသည့် ပဋိပက္ခအဆင့်ထိ ဖြစ်လာအောင် အရှိန်မြှင့်ပေးနိုင်သည်။ ထိုသို့သော အခြေအနေများတွင် ပဋိပက္ခအပြုအမူများသည် *ပုံမှန်ကျင့်သုံးသလို ဖြစ်လာသည်။* ဥပမာ လွန်ခဲ့သောဆယ်စုနှစ်များအတွင်း နိုင်ငံရေးပဋိပက္ခများသည် ထပ်ဖန်တလဲလဲ ဖြစ်ပွားသော ထိုင်းနိုင်ငံကဲ့သို့သော နိုင်ငံမျိုးတွင် ပြည်သူများ၏ ဆန္ဒပြပွဲများက ငြိမ်းချမ်းသောဆန္ဒပြပွဲမျိုး ဖြစ်သည့်တိုင် အစိုးရများ၊ အထူးသဖြင့် အာဏာရှင်များက ထိပ်တိုက်တွေ့ဆုံရေး မဟာဗျူဟာများကိုသာ အသုံးပြုကြသည်။

ငြိမ်းချမ်းရေး၊ အကြမ်းဖက်မှုနှင့် ပဋိပက္ခကို အဓိပ္ပာယ်ဖွင့်ဆိုမှု ဆွေးနွေးချက်များအတွက် အကြမ်းဖက်မှုများ မြင့်တက်လာခြင်းကို ရှင်းလင်းပြရန် ပဋိပက္ခတြိဂံကိုလည်း အသုံးပြုနိုင်သည်။ ထို့ကြောင့် *"အကြမ်းဖက်မှုက အကြမ်းဖက်မှုကို မွေးဖွားသည်၊ အိမ်တစ်အိမ်လုံး ပြာကျသွားမှသာ ရပ်တန့်သွားသည့် မီးတောက်သဖွယ် တြိဂံက ပိုမိုဆိုးရွားမည့် အခြေအနေကို ကြိုတင်ခန့်မှန်းပေးသည်"* (Galtung, 1996)။ ထိုကဲ့သို့သော သဘောထားမျိုးက အပျက်သဘောဆောင်သော သိမှုမှ ရန်လိုမှုကို စုစည်းပေးသည်။ အပြုအမူဖြစ်လာရန်မှာမူ မထုတ်ဖော်ဘဲ ရှိနေသည့် အခြေအနေမှ လွတ်မြောက်ပြီး ပဋိပက္ခကို ထုတ်ဖော်သည့် ဇာတ်ကောင်များ၏ စွမ်းဆောင်ရည်အပေါ် မူတည်သည်။ တစ်ဖက်တွင်လည်း သဘောထား/ယူဆချက်နှင့် ဆန့်ကျင်ဖီလာမှု/ ပါဝင်သည့် အကြောင်းအရာများက ငုပ်လျှိုးနေသော ပဋိပက္ခကို လူတစ်ဦး၏ မသိစိတ်တွင် သတိထားမိလာအောင် လုပ်ဆောင်နိုင်သည်။ ဆက်ဆံရေးများ တရားမျှတမှုမရှိစွာ တည်ဆောက်ပုံ (သို့) မမျှမတလည်ပတ်ပုံများက စကားပြောဆိုခြင်းများမှတစ်ဆင့် ပေါ်ထွက်လာလျှင် ထိုရန်လိုမှုက မြင့်မားလာနိုင်သည်။ ထို့ကြောင့် သဘောထား၊ အပြုအမူနှင့် ဆန့်ကျင်ဘက်ဖြစ်မှုများသည် အပြန်အလှန်ဆက်စပ်နေပြီး မည်သည့် အစိတ်အပိုင်းက ပဋိပက္ခကို ဖြစ်ပွားစေသည်မှာ အရေးမကြီးလှပေ။ ယင်းတို့ ဖွံ့ဖြိုးလာသည်နှင့်အမျှ အစိတ်အပိုင်းတစ်ခုမှ မကောင်းသည့်စွမ်းအင်က တဖြည်းဖြည်းနှင့် အခြားအစိတ်အပိုင်းများတွင် မကောင်းသည့်စွမ်းအင်ကို ပိုဆိုးစေမည် (သို့) ထွက်ပေါ်လာစေမည်။ ပဋိပက္ခတစ်ခုကို လျှော့ချရန် အဆိုပါအစိတ်အပိုင်း တစ်ခုခုတွင် ကောင်းမွန်သည့်စွမ်းအင်ကို ဖန်တီးရန် လိုအပ်မည်ဖြစ်ပြီး အခြားအစိတ်အပိုင်းများက အကြမ်းဖက်မှု ဖန်တီးနိုင်ခြေကို လျှော့ချရန် ယင်းစွမ်းအင်ကို ဖြန့်ဝေရမည်ဖြစ်သည်။

## ၂.၃.၂ အရှေ့တောင်အာရှမှ ကာလရှည်ကြာ လူမှုပဋိပက္ခ

နိုင်ငံများအကြား ပဋိပက္ခများကို ကိန်းဂဏန်းအခြေပြု ဆန်းစစ်လေ့လာသည့် နိုင်ငံတကာ ဆက်ဆံရေး နယ်ပယ်တွင် ကျွမ်းကျင်သူတစ်ဦးဖြစ်သော အေဇာ (Azar) က ၁၉၉၀ ခုနှစ်တွင် *ကာလရှည်ကြာ လူမှုပဋိပက္ခ* သီအိုရီကို အဆိုပြုခဲ့သည်။ ပဋိပက္ခများသည် ကွာခြားချက်များကြောင့် ထွက်ပေါ်လာခြင်းဖြစ်ပြီး မကြာခဏဆိုသလို နိုင်ငံသား၊ လူမျိုး၊ လူမျိုးစု၊ ဘာသာ၊ ယဉ်ကျေးမှု အစရှိသည့် ကိုယ်ပိုင်သရုပ်လက္ခဏာများနှင့် လူ့အဖွဲ့အစည်းထဲမှ လူတို့၏တန်ဖိုးကို လွှမ်းမိုးမှုရှိသော ကိစ္စရပ်အများအပြားပါဝင်ကြောင်း ကျွန်ုပ်တို့ သိထားပြီးဖြစ်သည်။ ပတ်သက်ဆက်နွှယ်သူများ ဖြစ်ကြသည့် လူနှစ်ဦး (သို့) နှစ်ဦးထက်ပိုသော လူများ (သို့) အုပ်စုများက တူညီသော ရည်မှန်းချက်ကို ရယူလိုပြီး တစ်ဦးက အခြားတစ်ဦးကို ထိုရည်မှန်းချက် ရရှိအောင် လုပ်ဆောင်ရာတွင် အတားအဆီးဟု ရှုမြင်သည့်အခါ ပတ်သက်ဆက်နွှယ်သူများအကြား ရည်မှန်းချက်များ မကိုက်ညီမှု ဖြစ်ပေါ်လာပြီး ပဋိပက္ခထွက်ပေါ်လာကြောင်းလည်း သိရှိပြီးဖြစ်သည်။ ကာလရှည်ကြာ

လူမှုပဋိပက္ခများနှင့် စပ်လျဉ်း၍လည်း အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်များ အကျုံးဝင်နေသေးသည်။ သို့သော် လူတို့၏ စုပေါင်းတန်ဖိုးများကိုလည်း ထည့်သွင်းစဉ်းစားရမည်။ အေဇာက အောက်ပါအတိုင်း ဆိုထားသည်။

> *ကာလရှည်ကြာ လူမှုပဋိပက္ခက ရှေးဦးစွာ ကိုယ်ပိုင်သရုပ်လက္ခဏာအုပ်စုများမှ စတင်သည်။ သို့ရာတွင် ကိုယ်ပိုင်သရုပ်လက္ခဏာအုပ်စုများနှင့် နိုင်ငံများအကြားဆက်ဆံရေးက အဓိကပြဿနာဖြစ်လာသည် (Azar 1990: 7, cited in Ramsbotham et al, 2016)။*

အေဇာက နိုင်ငံတစ်နိုင်ငံအတွင်း (သို့) နိုင်ငံများအကြား ကာလရှည်ကြာ လူမှုပဋိပက္ခများ ပေါ်ထွက်လာစေရန် ကြိုတင်လိုအပ်ချက် အုပ်စုလေးစုရှိသည်ဟု ဆိုခဲ့သည်။ ရှေးဦးစွာ ဘာသာရေး၊ လူမျိုးစု၊ ယဉ်ကျေးမှုနှင့် လူမျိုးကဲ့သို့သော *လူအုပ်စုဆိုင်ရာ အကြောင်းအရာများ* သို့မဟုတ် ကိုယ်ပိုင် သရုပ်လက္ခဏာများက ကာလရှည်ကြာ လူမှုပဋိပက္ခများ ဖြစ်ပွားရသည့် အကြောင်းအရင်း ဖြစ်လာနိုင်သည်။ ဒုတိယအချက်မှာ လူမှုရေးနှင့် ဖွံ့ဖြိုးရေးလိုအပ်ချက်များ အပါအဝင် *လူသားတို့၏ လိုအပ်ချက်များမရရှိခြင်း*က လူတစ်ဦး၏ နေထိုင်မှုပုံစံကို သက်ရောက်မှုရှိနိုင်ပြီး လုံခြုံမှုကိုလည်း ထိခိုက်နိုင်သည်။ တတိယအချက်မှာ အစိုးရအာဏာကို လက်ဝါးကြီးအုပ်ထားခြင်း အပါအဝင် *အုပ်ချုပ်ပုံနှင့် နိုင်ငံတော်၏ အခန်းကဏ္ဍ* ဖြစ်သည်။ အေဇာက နိုင်ငံ၏ တာဝန်ရှိပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍမှာ လူမှုလုပ်ရပ်များကို စည်းကြပ်ရန်၊ နိုင်ငံသားများကို ကာကွယ်ရန်နှင့် အားလုံးအတွက် ဝန်ဆောင်မှုများပေးရန် အာဏာကျင့်သုံးဖို့ဖြစ်သည်ဟုဆိုသည်။ သို့ရာတွင် ထိုအာဏာကို လူတစ်စုက လက်ဝါးကြီးအုပ်လိုက်သည်နှင့် သာမာန်ပြည်သူလူထုမှာ ၎င်းတို့၏ နိုင်ငံရေးစွမ်းဆောင်ရည်ကို ဆုံးရှုံးသွားပြီး အရင်းအမြစ်များကို မျှမျှတတ ဝေမျှပေးနိုင်မည် မဟုတ်တော့ပေ။ လူနည်းစုအုပ်စုများကိုလည်း ဘေးဖယ်ထုတ်ထားလိုက်မည်ဖြစ်သည်။ ယင်းတို့မှာ ကာလရှည်ကြာ လူမှုပဋိပက္ခများ ဖြစ်ပွားရန်လိုအပ်သည့် အကြောင်းရင်းခံများဖြစ်သည်။ နောက်ဆုံးအနေဖြင့် အေဇာက *နိုင်ငံတကာဆက်နွှယ်မှုများ*၏ အရေးပါမှုကို ရှင်းလင်းပြခဲ့သည်။ ထို့ကြောင့် ပြင်ပနိုင်ငံများက ဝင်ရောက်လွှမ်းမိုးနိုင်သော အားနည်းသည့်နိုင်ငံများ၏ နိုင်ငံရေးနှင့် စီးပွားရေးမှီခိုမှုများက နောက်ထပ် အကြောင်းအရင်းတစ်ခုဖြစ်သည်။ အလားတူပင် မြေပြင်မှ လှုပ်ရှားနေသူများကို ပြည်ပရောက်အုပ်စုများအပါအဝင် နိုင်ငံတကာ၏ထောက်ခံမှုကလည်း အရေးပါသည်။ ထောက်ပံ့မှုဆိုရာတွင် ပဋိပက္ခအခွန့်ရှည်နေစေရန် စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး (သို့) စိတ်ဓာတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုပင် ဖြစ်နိုင်သည်။ အဆိုပါ ကြိုတင်လိုအပ်ချက် လေးခုကို အောက်ပါဇယားတွင် အကျဉ်းချုပ်ထားပြီး ဆက်လက်၍လည်း အသေးစိတ် ဆွေးနွေးသွားပါမည်။

**ဇယား ၂.၃။ ကာလရှည်ကြာ လူမှုပဋိပက္ခများအတွက် အေဇာ၏ ကြိုတင်လိုအပ်ချက်များ**

| ကြိုတင်လိုအပ်ချက် အုပ်စုများ | လက္ခဏာရပ်များ | ဆက်စပ်သည့် အချက်များ |
|---|---|---|
| လူအုပ်စုဆိုင်ရာ အကြောင်းအရာများ | - လူအုပ်စုပါဝင်မှု အမျိုးစုံရှိခြင်း<br>- လူမျိုးစု လွှမ်းမိုးမှုရှိခြင်း | - ကိုလိုနီသမိုင်းကြောင်း<br>- အုပ်စုများအကြား ယှဉ်ပြိုင်ဘက်ဖြစ်ခဲ့သည့် သမိုင်းကြောင်းရှိခြင်း |

| ကြိုတင်လိုအပ်ချက် အုပ်စုများ | လက္ခဏာရပ်များ | ဆက်စပ်သည့် အချက်များ |
|---|---|---|
| လူတို့၏ လိုအပ်ချက်များ | - လူသားတို့၏ လိုအပ်ချက်များ မပြည့်မီခြင်း<br>- လူတစ်ဦးချင်းစီနှင့် အုပ်စု လိုအပ်ချက်များ | - လိုအပ်ချက်များကို လက်လှမ်းမီခြင်း<br>- နိုင်ငံရေးနှင့် စီးပွားရေးအာဏာကို လက်လှမ်းမီခြင်း<br>- လူသားဖွံ့ဖြိုးမှု အတိုင်းအတာ |
| အုပ်ချုပ်ပုံနှင့် နိုင်ငံတော်၏ အခန်းကဏ္ဍ | - အစိုးရအာဏာကို လက်ဝါးကြီးအုပ်ထားခြင်း<br>- လုံခြုံရေး၊ နိုင်ငံရေးနှင့် လူမှုလိုအပ်ချက်များ ပြည့်မီခြင်း<br>- လူထု၏ လက်ခံမှု မရှိခြင်း | - အစိုးရပုံစံ<br>- တရားဝင်မှု အတိုင်းအတာ<br>- လွတ်လပ်မှု အတိုင်းအတာ<br>- နိုင်ငံတော်၏ မူဝါဒ ချမှတ်နိုင်မှု စွမ်းရည် |
| နိုင်ငံတကာ ဆက်နွှယ်မှုများ | - နိုင်ငံ၏ စီးပွားရေးအရ မှီခိုမှု<br>- နိုင်ငံရေးနှင့် စစ်ရေးအရ ဆရာ၊ တပည့် ဆက်ဆံရေးများ | - စီးပွားရေးစနစ်တွင် နိုင်ငံ၏ အမှီအခိုကင်းမှု အတိုင်းအတာ<br>- လူအုပ်စုများက လက်လှမ်းမီမှုကို ငြင်းပယ်သည့် အတိုင်းအတာ<br>- နိုင်ငံတကာ နိုင်ငံရေး အဖွဲ့များ<br>- လက်နက်ခဲယမ်းများ တင်သွင်းမှုကို အားကိုးရခြင်း |

**မူရင်း**။ Azar, 1990: 7-12

ကာလရှည်ကြာ လူမှုပဋိပက္ခများ၏ ပထမကြိုတင်လိုအပ်ချက်မှာ "လူအုပ်စုဆိုင်ရာ အကြောင်းအရာများ" ဖြစ်သည်။ ဤနေရာတွင် "လူအုပ်စု" ဆိုသော အသုံးအနှုန်းမှာ *"အဖွဲ့ဝင်များတွင် လူမျိုးစု၊ ဘာသာရေး၊ ဘာသာစကား (သို့) အခြားသော ယဉ်ကျေးမှု သရုပ်လက္ခဏာများ ဝေမျှထားသည့် အုပ်စုများကို ယေဘုယျ ညွှန်းဆိုခြင်း"* ဖြစ်သည် (Ramsbotham, Woodhouse, and Miall, 2015: 49)။ အမျိုးမျိုးသော လူမှုအုပ်စုများ ပါဝင်သည့် လူ့အဖွဲ့အစည်းများတွင် ကာလရှည်ကြာ လူမှုပဋိပက္ခများ ဖြစ်ပေါ်လာနိုင်ခြေ ပိုများသည် (Azar, 1990: 7)။ ကာလရှည်ကြာ လူမှုပဋိပက္ခများကို စတင်စေနိုင်သည့် အချက်နှစ်ချက်မှာ ကိုလိုနီသမိုင်းကြောင်းနှင့် အုပ်စုများအကြား ယှဉ်ပြိုင်ဘက် ဖြစ်ခဲ့သည့် သမိုင်းကြောင်း ရှိခြင်းတို့ဖြစ်သည်။ ကိုလိုနီအာဏာပိုင်များက မကြာခဏဆိုသလို သွေးခွဲအုပ်ချုပ်ရန်အတွက် လူအုပ်စု လူ့အဖွဲ့အစည်းများ ဖွဲ့စည်းကြသည်။ ကိုလိုနီအုပ်ချုပ်သူများက လူအုပ်စု အများအပြားကို ပေါင်းစပ်ပြီး တမူထူးခြားသော နိုင်ငံရေးနယ်ပယ်များ ဖန်တီးလိုက်ကြသည် (သို့) နိုင်ငံတစ်နိုင်ငံကို နှစ်ခု (သို့) နှစ်ခုထက်ပိုပြီး ခွဲပစ်လိုက်ကြသည်။ အခြားဆက်စပ်သည့် အချက်တစ်ချက်မှာ နိုင်ငံကို အုပ်စုတစ်စုက လွှမ်းမိုးပြီး လူ့အဖွဲ့အစည်းထဲရှိ အခြားအုပ်စုများ၏ လိုအပ်ချက်များကို မဖြည့်ဆည်းပေးသည့်အခါ အုပ်စုများအကြား လူမျိုးစုတစ်စုက လွှမ်းမိုးခြင်းနှင့် အပြိုင်အဆိုင်ဖြစ်ခြင်းများ ဖြစ်ပေါ်လာသည်။ ထိုသို့သောအခြေအနေများတွင် အခြားသောအုပ်စုများသည် ဘေးဖယ်ခံထားရသည်။

ဒုတိယကြိုတင်လိုအပ်ချက်မှာ "လူသားလိုအပ်ချက်များ" ဖြည့်ဆည်းမပေးနိုင်ခြင်းဖြစ်သည်။ "လိုအပ်ချက်များ" ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကိုသာ ဆိုလိုခြင်းမဟုတ်ပေ။ လူတစ်ဦးချင်းစီနှင့် အုပ်စု၏ ကျေနပ်မှုနှင့် ပြည့်စုံမှုကိုပါ ညွှန်းဆိုသည်။ သို့ရာတွင် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များသာ ရှိခြင်းက ကာလရှည်ကြာ ပဋိပက္ခများကို ထွက်ပေါ်လာစေလိမ့်မည်မဟုတ်ပေ (Ramsbotham, Woodhouse, and Miall, 2015: 50-51)။ အေဇာစတင်ခဲ့သည့် သဘောတရားမူဘောင်က "နိုင်ငံရေးနှင့် ဖွံ့ဖြိုးရေး လိုအပ်ချက်များ" နှင့် လူမှုယန္တရားများက အဆိုပါလိုအပ်ချက်များ ပြည့်မီစေရန် အရေးပါသည်ဟု ဆိုခဲ့သည်။ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ ပြည့်မီရန် လိုအပ်ခြင်းတွင် လူမှုအင်စတီကျူးရှင်းများ လက်လှမ်းမီမှု၊ စီးပွားရေး ယန္တရားများမှ အကျိုးအမြတ် ရရှိနိုင်စွမ်းနှင့် နိုင်ငံရေးတွင် ပါဝင်နိုင်မှုတို့ ပါဝင်သည်။ ထို့ကြောင့် ကာလရှည်ကြာ လူမှု ပဋိပက္ခများသည် မကြာခဏဆိုသလို ဖွံ့ဖြိုးရေး ချဉ်းကပ်ပုံများ မညီမျှခြင်း၊ အရင်းအမြစ်များကို ညီညီမျှမျှ (သို့) မျှမျှတတ ခွဲဝေပေးမှုမရှိခြင်းနှင့် ကောင်းမွန်သော နိုင်ငံရေး ပါဝင်မှုမရှိခြင်းတို့မှ ထွက်ပေါ်လာသည်။ လူနည်းစုအုပ်စုများက မကြာခဏဆိုသလို ဘေးဖယ်ထုတ်ခံထားရပြီး လူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့် လူ့အဖွဲ့အစည်းတွင် လွှမ်းမိုးသည့်အဖွဲ့များကသာ ရှားပါးသည့်အရင်းအမြစ်များမှ အကျိုးရရှိနိုင်သည်၊ ထိုအရင်းအမြစ်များကို လက်လှမ်းမီနိုင်သည်။

တတိယအချက် "အုပ်ချုပ်မှုနှင့် နိုင်ငံတော်၏ အခန်းကဏ္ဍ" က

> *နိုင်ငံရေးဗဟုဝါဒသည် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ အပြန်အလှန်ဆက်သွယ်မှုများမှ ပေါ်ထွက်လာခြင်းဖြစ်လေရာ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှု၊ နိုင်ငံရေးနှင့် လူမှုရေး အင်စတီကျူးရှင်းများကို လက်လှမ်းမီမှုနှင့် အုပ်စု၏ ကိုယ်ပိုင်သရုပ်လက္ခဏာကို လက်ခံမှုမရှိခြင်း (သို့) စိတ်ကျေနေပွယ်ဖြစ်မနေခြင်း ကဲ့သို့သော လူသားတို့၏ လိုအပ်ချက်များမရရှိခြင်း (သို့) မပြည့်မီခြင်းကို ဖြစ်ပေါ်စေနိုင်သည် (Ramsbotham, Woodhouse, and Miall, 2015: 51)။*

နိုင်ငံသားများကို စည်းကမ်းထိန်းသိမ်းပေးခြင်း၊ ကာကွယ်ပေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့တွင် နိုင်ငံတော်က အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ နိုင်ငံတော်၏ လုပ်ဆောင်ချက် (သို့) မလုပ်ဆောင်မှုကြောင့် ပြည်သူတို့၏ အခြေခံ လိုအပ်ချက်များ မပြည့်မီခြင်း (သို့) မရရှိခြင်းသည် ကာလရှည်ကြာ လူမှုပဋိပက္ခများ ပေါ်ထွက်စေရန် ကြိုတင်လိုအပ်ချက်တစ်ခုဖြစ်သည်။ သို့သော် ပဋိပက္ခဖြစ်နေသည့် လူ့အဖွဲ့အစည်းတစ်ခုတွင် အစိုးရများသည် လူအုပ်စုများအားလုံးအတွက် မျှမျှတတလုပ်ဆောင်ရန် ပျက်ကွက်လေ့ရှိသည်။ ဒီမိုကရေစီနည်းလမ်းပိုကျသည့် လူ့အဖွဲ့အစည်းတစ်ခုတွင် နိုင်ငံတော်က ပို၍ မျှမျှတတ လုပ်ဆောင်နိုင်ခြေ ရှိသည်။ ထို့ပြင် လူမှုမူဝါဒများနှင့် စီးပွားရေးအရ ပါဝင်မှုများက အချို့သော အုပ်စုများအတွက် မလုံလောက်သည့် အာဏာရှင် လူ့အဖွဲ့အစည်းမျိုးတွင် အစိုးရတည်ဆောက်ပုံများကို ပို၍ လက်ဝါးကြီးအုပ်ထားနိုင်ခြေရှိပြီး ဘေးဖယ်ထုတ်မှု ပိုဖြစ်နိုင်သည်။ ထို့ကြောင့် ကာလရှည်ကြာ လူမှုပဋိပက္ခ ဖြစ်နိုင်ခြေ ပို၍မြင့်တက်လာသည်။

နောက်ဆုံးအနေဖြင့် နိုင်ငံတကာဆက်နွယ်မှုများနှင့် စပ်လျဉ်း၍ အေဇာက အောက်ပါအတိုင်း မော်ဒယ်နှစ်ခုကို အဆိုပြုခဲ့သည်။ (၁) စီးပွားရေးအရမှီခိုမှု ဆိုသည်မှာ နိုင်ငံတော်က နိုင်ငံတကာ စီးပွားရေးစနစ်အပေါ် ကြီးမားစွာ မှီခိုနေရခြင်း ဖြစ်သည်။ သို့သော် ထိုသို့သော စနစ်တစ်ခုနှင့် ကိုက်ညီအောင် လုပ်ဆောင်ရခြင်းက လူအုပ်စုများ၏ လုံခြုံရေးလိုအပ်ချက်များနှင့် စိတ်ကျေနပ်မှု အတိုင်းအတာများအပေါ် သက်ရောက်မှု ရှိနိုင်သည်။ (၂) နိုင်ငံရေးနှင့် စစ်ရေးအရ ဆရာ၊ တပည့် ဆက်ဆံရေးများရှိခြင်း ဆိုသည်မှာ နိုင်ငံတော်က အကာအကွယ်နှင့် လုံခြုံရေးအတွက် အားကောင်းသည့် နိုင်ငံများနှင့် မိတ်ဖက်ပြုထားခြင်းဖြစ်သည်။ ထို့သို့လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတော်က ၎င်း၏ မူဝါဒများကို အားကောင်းသည့် နိုင်ငံများအကြိုက် လိုက်အောင် ဖိအားပေးခံရနိုင်ပြီး ဤသည်က ပြည်သူများ၏ လိုအပ်ချက်များနှင့် ဖီလာဆန့်ကျင် ဖြစ်သွားနိုင်သည်။

ကာလရှည်ကြာ လူမှုပဋိပက္ခများအတွက် ကြိုတင်လိုအပ်ချက် အုပ်စုလေးစုရှိခြင်းက ပဋိပက္ခ ထုတ်ဖော်ပြသခြင်း ဖြစ်ပေါ်လိမ့်မည်ဟု မဆိုလိုပေ။ အေဇာက ထိုကြိုတင်လိုအပ်ချက်များ ပဋိပက္ခ ထုတ်ဖော်ပြသသည့် အဆင့်သို့ ရောက်ရှိခြင်းအား တားဆီးနိုင်ရန် *ဖြစ်စဉ် လှုပ်ရှားမှု* ယန္တရားများကို အဆိုပြုခဲ့သည်။

> *သို့ရာတွင် လက်တွေ့၌ အဆိုပါ အခြေအနေများတည်ရှိခြင်း (သို့) တည်ရှိနေသည်ကို အုပ်စုများက သတိပြုမိခြင်းသည်ပင် ပဋိပက္ခများထုတ်ဖော်ပြသခြင်း ဖြစ်ပေါ်လာလိမ့်မည် မဟုတ်ပေ။ ကျွန်ုပ်တို့၏ ကာလရှည်ကြာ လူမှုပဋိပက္ခများ၏ ဖြစ်စဉ်လှုပ်ရှားမှု မော်ဒယ်က ထုတ်ဖော်ပြသသည့် ပဋိပက္ခများထွက်ပေါ်လာရာတွင် တာဝန်ရှိသည့်အချက်များကို ရှင်းလင်းပြရန် ကြိုးပမ်းထားပါသည် (Azar, 1990: 12)။*

ဖြစ်စဉ်လှုပ်ရှားမှုတွင် (၁) လူအုပ်စုများ၏ လုပ်ရပ်များနှင့် မဟာဗျူဟာများ၊ (၂) နိုင်ငံတော်၏ လုပ်ဆောင်ချက်များနှင့် မဟာဗျူဟာများ၊ (၃) ပဋိပက္ခ တည်ဆောက်ပုံယန္တရားဟူ၍ အစိတ်အပိုင်းသုံးခုပါဝင်သည် (Azar, 1990: 12-15)။ လူမျိုးစုတစ်စုက နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး လုပ်ငန်းများကို လက်ဝါးကြီးအုပ်ထားသော လူမျိုးပေါင်းစုံရှိသည့် နိုင်ငံတစ်နိုင်ငံတွင် နေထိုင်ရသည့်အခြေအနေများက အုပ်စုများအားလုံးအတွက် စိတ်ကျေနပ်ဖွယ်မဖြစ်သည့်အခါ ပဋိပက္ခအခြေအနေတစ်ရပ်သို့ ကျရောက်သွားနိုင်သည်။ သို့သော် ကာလရှည်ကြာ လူမှုပဋိပက္ခ ဖြစ်သွားစေနိုင်သည့် အကြောင်းအရင်းက ပေါက်ကွဲသွားစေရန် မီးစာလိုအပ်သည်။ ထိုမီးစာသည် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး တည်ဆောက်ပုံတစ်ခုလုံးအပေါ် သက်ရောက်မှုရှိသည့် အငြင်းပွားဖွယ်ရာ ကိစ္စရပ်တစ်ခုဖြစ်နိုင်သည် (သို့) လူမျိုးစုနှင့် ဆက်စပ်နေသည့် လူတစ်ယောက် တိုက်ခိုက်ခံရခြင်း ကဲ့သို့သော ဒေသတွင်းဖြစ်ရပ်တစ်ခုလည်း ဖြစ်နိုင်သည်။ အေဇာက

> *လူတစ်ဦး ဒုက္ခရောက်ခြင်းကို အားလုံးက စုစည်း အသိအမှတ်ပြုလိုက်သည့်အခါ သေးငယ်သောဖြစ်ရပ်လေးက အလှည့်အပြောင်း ဖြစ်သွားနိုင်သည်။ လူတစ်ဦး၏ မကျေနပ်ချက်များ (သို့မဟုတ် မကိုက်ညီသည့် ရည်မှန်းချက်များ) ကို အားလုံးစုစည်း အသိအမှတ်ပြုလိုက်ခြင်းက စုပေါင်းဆန့်ကျင်မှု အဖြစ်သို့ ပြောင်းလဲသွားစေနိုင်သည်* (Azar, 1990: 12)။

မကျေနပ်ချက်ကို စုပေါင်းအသိအမှတ်ပြုခြင်းသည် နက်နက်ရှိုင်းရှိုင်း ဆက်စပ်လိုက်ခြင်း ဖြစ်သည်။ ယင်းကို အာမာတီယာဆန် (Amartya Sen (2006)) "ထင်ယောင်ထင်မှားဖြစ်မှု၏ အကြမ်းဖက်မှု" ဟု အမည်ပေးထားသည်။ အုပ်ချုပ်သူများ၏ ဖိနှိပ်မှု အတိုင်းအတာက ကိစ္စရပ်အများအပြားအပေါ် လွှမ်းမိုးမှုရှိပြီး အရင်းအမြစ်များ လုံ့ဆော်မှုကို မြင့်တက်လာစေကာ အမျိုးမျိုးသော မဟာဗျူဟာများ ထွက်ပေါ်လာစေသည် (Azar, 1990)။ ထို့ကြောင့်

> *ကနဦး အခြေအနေအမျိုးအစားများ၊ အုပ်စုများ ဖွဲ့စည်းပုံနှင့် လှုံ့ဆော်ပုံ၊ ထိရောက်သော ဦးဆောင်မှုပေါ်ပေါက်လာခြင်း၊ ဦးဆောင်သူများ၏ မဟာဗျူဟာများနှင့် နည်းလမ်းများ၊ ပြင်ပနှင့် ဆက်သွယ်မှု အတိုင်းအတာနှင့် သဘောသဘာဝတို့က လူမှုပဋိပက္ခများ လှုပ်ရှားမှုအတွက် အရေးပါသော အဆုံးအဖြတ်များ ဖြစ်နိုင်သည် (Azar, 1990: 14)။*

တစ်ဖက်တွင်လည်း

> *နိုင်ငံတော်က လူအုပ်စုများ၏ မကျေနပ်ချက်များကို ဖြေရှင်းပေးပြီး အစောပိုင်းအဆင့်မှာပင် လူထု၏ လိုအပ်ချက်များအပေါ် စိတ်ကျေနပ်မှုများကို တိုးတက်အောင် လုပ်ဆောင်ပေးနိုင်လျှင် ကာလရှည်ကြာ လူမှုပဋိပက္ခတစ်ခုကို ဖြေရှင်းပေးနိုင်သည် (သို့) အနည်းဆုံး ငုပ်လျှိုးနေအောင် လုပ်ထားနိုင်သည် (Azar, 1990: 14)။*

ကာလရှည်ကြာ လူမှုပဋိပက္ခတစ်ခု အရှိန်မြင့်လာခြင်း (သို့) အရှိန်လျော့သွားခြင်းအတွက် နိုင်ငံတော်၏ လုပ်ရပ်များနှင့် မဟာဗျူဟာများက အဓိကကျနိုင်သည်။ သို့ရာတွင် ထိုသို့သော မကျေနပ်ချက်များကို ဖြည့်ဆည်းပေးရန် အခြားနည်းလမ်းများကို နိုင်ငံတော်က ရွေးချယ်လေ့မရှိပေ။ ဆန့်ကျင်ဘက်အနေဖြင့် နိုင်ငံအာဏာရှိသူများက အုပ်စုများ၏ တောင်းဆိုချက်များကို ဖိနှိပ်ခြင်းဖြင့်သာ တုံ့ပြန်လေ့ရှိသည်။ ဤသည်က အကြမ်းဖက်နိုင်ခြေကို မြင့်တက်စေပြီး ကာလရှည်ကြာ လူမှုပဋိပက္ခ ဖြစ်ပွားရန် ခံစားချက်ကို မြင့်တက်စေသည်။

> *ထိုကဲ့သို့သော အခြေအနေများတွင် ပြည်တွင်းအုပ်စုများနှင့် ပြည်ပမှ ထောက်ခံသူ အုပ်စုများအကြား ဆက်ဆံရေးများကို ဖြတ်တောက်ရန် ကြိုးပမ်းခြင်းဖြင့် နိုင်ငံများက နိုင်ငံနယ်နိမိတ်အတွင်း ပဋိပက္ခအခြေအနေတစ်ခုကို ထိန်းသိမ်းထားရန် ကြိုးပမ်းကြသည်။ ထိုသို့ ထိန်းသိမ်းရန်ကြိုးပမ်းသည့် မဟာဗျူဟာများ အလုပ်မဖြစ်သည့်အခါ နိုင်ငံမှ အာဏာရှိသူများက ပြင်ပအကူအညီများ ရရှိရန် ကြိုးပမ်းလေတော့သည် (Azar, 1990: 14)။*

ထိုကဲ့သို့သော မဟာဗျူဟာများက စိန်ခေါ်မှုများကို ကြမ်းတမ်းစွာ တုန့်ပြန်သည့် အုပ်ချုပ်သူများ၏ မဟာဗျူဟာဖြစ်ပြီး လွှမ်းမိုးထားသည့်အုပ်စုများက ဆက်လက်လွှမ်းမိုးသည့် နိုင်သူအကုန်ယူသဘောထားကို ပြသနေသည်။

ဖြစ်စဉ်လှုပ်ရှားမှု၏ အခြားပါဝင်သည့် အစိတ်အပိုင်းများမှာ ကာလရှည်ကြာပဋိပက္ခများ၏ အပြုအမူပိုင်းကို ပုံသွင်းပေးသည့် သမိုင်းအချက်အလက်များနှင့် အတွေ့အကြုံများဖြစ်ကြသည့် ပဋိပက္ခတည်ဆောက်ပုံ ယန္တရားများ ဖြစ်သည်။ ယခုအခန်း၏ ယခင်အပိုင်းများတွင် ဖော်ပြခဲ့သော သိမှုဖြစ်စဉ်များနှင့် လူတစ်ဦးချင်းစီ၏ သဘောထားအမြင်များ၏ အရေးပါပုံကလည်း ပဋိပက္ခတွေ့ကြုံခံစားနေရသည့် လူ့အုပ်စုများ၏ အပြုအမူနှင့် သဘောထားများနှင့် ဆက်စပ်မှုရှိသည်။ ထိုသမိုင်းကြောင်းနှင့် အတွေ့အကြုံတို့က လူ့အုပ်စုများ၏ ဒေါသ၊ အကြောက်တရား၊ ရန်လိုမှုနှင့် ယုံကြည်မှုတို့ကို ပုံသွင်းပေးပြီး ဆန့်ကျင်ဘက်အုပ်စုအပေါ် အပျက်သဘော ဆောင်သည့် ပုံရိပ်များ ဖန်တီးပေးကာ ကာလရှည်ကြာ လူမှုပဋိပက္ခကို အခြေခိုင်စေသည်။ တစ်နည်းအားဖြင့် ဆိုသော်

> *ကာလရှည်ကြာပဋိပက္ခ၏ ဖိအားများ ဆက်တိုက်ခံနေရသည့် အဖွဲ့များသည် အမြင်ကျဉ်းလာသည်။ ထိုကဲ့သို့သောဖြစ်ရပ်များတွင် နိုင်ငံရေးဖြေရှင်းမှုများအတွက် အဆိုပြုချက်များ ရှားပါးလာပြီး အဖွဲ့များအားလုံးက အာဏာနှင့် ထိန်းချုပ်မှု ပိုမိုရရှိရေးကိုသာ ကြိုးပမ်းလာလိမ့်မည် (Azar, 1990: 15)။*

ထို့နောက်

> *ကာလရှည်ကြာပဋိပက္ခများက ကာလရှည်ကြာဖြစ်ခြင်း၊ တက်လိုက်ကျလိုက်ဖြစ်ခြင်းနှင့် ဇာတ်ကောင်များနှင့် ပြဿနာများက နောက်ဆက်တွဲ သက်ရောက်မှုများရှိခြင်း ဟူသည့် အပြုအမူများကိုပါ ထွက်ပေါ်လာစေပြီး မည်သူမျှအကျိုးမရှိသည့် ရလဒ်များ ထွက်ပေါ်စေသည်။ အနိုင်ရရှိသူ မည်သူမျှမရှိတော့ဘဲ ပဋိပက္ခတွင်ပါဝင်သူများအားလုံးသည် နစ်နာသူများ ဖြစ်လာကြမည် (Azar, 1990: 15)။*

ကာလရှည်ကြာပဋိပက္ခများက မည်သို့သောသူ၊ မည်သည့်အုပ်စုတွင် ပါဝင်သူမဆို ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့များအားလုံးအပေါ် သက်ရောက်မှုရှိသည်။ ထို့ပြင် သူတို့က ရှင်းလင်းသော နိုင်ပွဲလည်း ရရှိမည်မဟုတ်သလို အနိုင်ရရှိသူလည်း ရှိမည်မဟုတ်ပေ။ ကာလရှည်ကြာ ပဋိပက္ခများ ဖြစ်ပွားနေခြင်းက ပတ်သက်ဆက်နွယ်သူများကို ရုပ်ပိုင်းဆိုင်ရာအရရော၊ စိတ်ပိုင်းဆိုင်ရာအရပါ သက်ရောက်မှု ရှိနိုင်ပြီး နောက်ဆုံးတွင် လူ့အဖွဲ့အစည်း၏ နိုင်ငံရေးနှင့် စီးပွားရေးကိုပါ သက်ရောက်မှု ရှိလာလိမ့်မည်။ ကာလရှည်ကြာ လူမှုပဋိပက္ခများ ဖြစ်စဉ်က နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေး တည်ဆောက်ပုံများနှင့် အင်စတီကျူးရှင်းများ ဖွံ့ဖြိုးတိုးတက်စေရန် စွမ်းဆောင်ရည်များကိုပါ ကျဆင်းစေသည်။ ထို့ပြင် ထိုသို့သော ပတ်ဝန်းကျင်များတွင် နေထိုင်သူများသည်လည်း မျှော်လင့်ချက်မဲ့နေကြပြီး ပဋိပက္ခအခြေအနေကို ကိုင်တွယ်ရန် မည်သို့စတင်လုပ်ဆောင်ရမည်ကို မသိဘဲ ဖြစ်နေကြသည်။ ပဋိပက္ခဖြစ်နေသော အဖွဲ့များအကြား အကွဲအပြဲများဖြစ်စေရန် အမုန်းတရား၊ အကြောက်တရားနှင့် ရန်လိုသောအမြင်များကလည်း သိသာထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်သည်။ အကျိုးဆက်အနေဖြင့် အခြေအနေပိုဆိုးရွားလာပြီး ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုကို ပိုမိုထိခိုက်စေကာ

အင်စတီကျူးရှင်းများ ပုံစံပျက်ခြင်း၊ တွေးခေါ်ပုံများ ပျော့ပျောင်းမှု မရှိခြင်း၊ မှီခိုမှုနှင့် ဆရာ၊ တပည့် ဆက်ဆံရေးများ တိုးပွားလာခြင်းတို့ကို ဖြစ်ပွားစေမည် (Azar, 1990: 16-17)။ လူ့အဖွဲ့အစည်း၏ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုရေးပိုင်းဆိုင်ရာ အခြေခံ အဆောက်အဦများလည်း ဖျက်ဆီးခံရပြီး နေထိုင်မှု အခြေအနေများ တိုးတက်မှုအပေါ် အတားအဆီးဖြစ်စေလိမ့်မည်။ နိုင်ငံတော်သည် လွှမ်းမိုးထားသော အုပ်စုများအပါအဝင် အုပ်စုများအားလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပျက်ကွက်လာလိမ့်မည်။ ထို့ပြင် ကာလရှည်ကြာ ပဋိပက္ခများက နိုင်ငံရေးအင်စတီကျူးရှင်းများကို ဖျက်ဆီးခြင်း (သို့) အားနည်းစေခြင်းများ ဖြစ်စေပြီး လူမှုရေးဆိုင်ရာ အကွဲအပြဲများကိုလည်း အားပေးလိမ့်မည်။ စိတ်ပိုင်းဆိုင်ရာအရ ကာလရှည်ကြာလူမှုပဋိပက္ခတွင် နေထိုင်နေရသူများသည် ၎င်းတို့ မုန်းတီးသော၊ ကြောက်ရွံ့သော ယှဉ်ပြိုင်ဘက်များနှင့်အတူ နေထိုင်၊ ပြောဆိုဆက်ဆံနေရပြီး သဘောထားနှင့် အမြင်များ ပို၍ တင်းမာလာကြကာ စစ်ပွဲယဉ်ကျေးမှုတစ်ခုကိုပင် ပေါက်ဖွားလာစေသည်။ နောက်ဆုံးအနေဖြင့် ကာလရှည်ကြာပြီးနောက် ဇာတ်ကောင်များသည် ပြင်ပအုပ်စုများ၏ ထောက်ပံ့မှုကို ပို၍ အားကိုးလာရပြီး ထိုသို့လုပ်ဆောင်ခြင်းက ၎င်းတို့၏ ဘဝများအပေါ် ထိန်းချုပ်နိုင်စွမ်းကို ဆုံးရှုံးလာမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ပြင်ပဇာတ်ကောင်များအပေါ် မူတည်နေရသောကြောင့် ဖြစ်သည်။

အချုပ်ဆိုရသော် ကာလရှည်ကြာ လူမှုပဋိပက္ခများတွင် လူအုပ်စုဆိုင်ရာ အကြောင်းအရာများ၊ လိုအပ်ချက်များ၊ အုပ်ချုပ်ပုံနှင့် နိုင်ငံတကာဆက်စပ်မှုများဟူ၍ ကြိုတင်လိုအပ်ချက်အုပ်စု လေးစုရှိသည်။ ယင်းတို့ကို ကာလရှည်ကြာ ပဋိပက္ခဖြစ်ပွားသည့် အဆင့်ရောက်အောင် ဖြစ်စဉ်လှုပ်ရှားမှုက လှုံ့ဆော်ပေးပြီး အုပ်စုများအားလုံး (သို့) ပဋိပက္ခဖြစ်သည့် အဖွဲ့များအားလုံး၏ ရုပ်ပိုင်းဆိုင်ရာ၊ အင်စတီကျူးရှင်းပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ဖြစ်စေသည်။ ထို့ကြောင့် မည်သူမျှ အနိုင်ရရှိသူမရှိပေ။ ထိုအစား အကျိုးဆက်အနေဖြင့် မိမိကိုယ်ကို အားကိုးနိုင်ရန် လူမှုလုပ်ဆောင်နိုင်စွမ်းများ အထွေထွေအားနည်းခြင်းကို ဖြစ်ပေါ်စေပြီး ပြင်ပမှ ဝင်ရောက်စွက်ဖက်ရန် လွှမ်းမိုးမှုများ ဖြစ်ပေါ်လာစေနိုင်သည်။ ဥပမာ ထိုင်းနိုင်ငံတောင်ပိုင်းသည် ထိုကဲ့သို့ ကာလရှည်ကြာပဋိပက္ခဖြစ်သည့် အမျိုးအစားထဲ ပါဝင်နေသည်။ ဤသည်က နောဘတ်ရိုပါ (Norbert Ropers (2014)) ဦးဆောင်သည့် ငြိမ်းချမ်းရေးပညာရှင်များကို ကာလရှည်ကြာလူမှုပဋိပက္ခနှင့် ဆက်စပ်သည့် အကြောင်းအရာများကို သိရှိနိုင်စေရန် အတွင်းလူ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ပလက်ဖောင်းတစ်ခု တည်ဆောက်ရန် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပစေခဲ့သည်။ ထို့ပြင် ပဋိပက္ခ ပုံဖော်ရေးဆွဲခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ဆွေးနွေးပွဲ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ပုံဖြင့်ဖော်ပြခြင်းဖြင့် ပဋိပက္ခလှုံ့ဆော်သူများက ထိုသို့သော အခြေအနေမျိုးတွင် မည်သို့ပါဝင်သည်ကို တင်ပြမည်ဖြစ်သည်။

## ၂.၄ အကြမ်းဖက်သောပဋိပက္ခနှင့် အကြမ်းမဖက်သောပဋိပက္ခ

ပဋိပက္ခဆိုင်ရာ သိမှုက လူတို့ ပဋိပက္ခအပေါ် ရှုမြင်ပုံ အများအပြားကို ရှင်းလင်းပြသည်။ ဥပမာ အချို့က အကြမ်းဖက်မှုကို ကြောက်ရွံ့သောကြောင့် ပဋိပက္ခကို မကောင်းမြင်ကြသည်။ သို့သော် ပဋိပက္ခအားလုံးက အကြမ်းဖက်သည့်ပုံစံဖြင့် အဆုံးသတ်ကြခြင်း မဟုတ်ပေ။ အချို့က ပဋိပက္ခသည် ကောင်းမွန်သည့် ရလဒ်များနှင့် ခေတ်ရှေ့ပြေးသော တီထွင်မှုများ ထွက်ပေါ်လာမည့် အပြန်အလှန်နားလည်မှု ပေါ်ပေါက်စေရန် အခွင့်အလမ်း

တစ်ခုဟု ရှုမြင်ကြသည်။ ရမ်စ်ဘိုသမ်၊ ဝုဒ်ဟောက်စ်နှင့် မီရယ်လ် (Ramsbotham, Woodhouse, and Miall (2016)) တို့က ပဋိပက္ခများသည် အကြမ်းဖက်ခြင်းနှင့် စစ်ပွဲများအဖြစ် အရှိန်မြင့်သွားနိုင်သော်လည်း အများစုတွင် အလှည့်အပြောင်းဖြစ်သည့် ကာလရှိပြီး ထိုသို့သောကာလများတွင် အကြမ်းဖက်မှုကို လျှော့ချနိုင်ကာ အခြေအနေကို ပြန်လည်ရင်ကြားစေ့ရေးအထိ သာမာန်ပြန်ဖြစ်အောင် လုပ်ဆောင်နိုင်သည်ဟု *ပဋိပက္ခ အရှိန်မြင့်တက်ခြင်းနှင့် အရှိန်လျှော့ကျခြင်း* သီအိုရီတွင် အဆိုပြုထားသည်။ "အကြမ်းဖက်မှု" ဟူသည့် အသုံးအနှုန်းအတွက် ဘုံသဘောတူညီမှုရရှိစေရန် နောက်လာမည့်အပိုင်းတွင် အကြမ်းဖက်မှုနှင့် အကြမ်းဖက် အပြုအမူနှင့် ပတ်သက်သည့် သဘောတရားအချို့ကို အဓိပ္ပာယ်ဖွင့်ဆိုမည်ဖြစ်သည်။ ထို့နောက် ပဋိပက္ခအဆင့်များကို ရှင်းလင်းပြရန် သဲနာရီပုံစံကို အသုံးပြုပြီး ပဋိပက္ခတစ်ဆင့်ချင်းစီ၌ ပဋိပက္ခဖြေရှင်းခြင်း၊ စီမံခန့်ခွဲခြင်းနှင့် အသွင်ပြောင်းလဲခြင်း ယန္တရားတွင် အသုံးပြုနိုင်သည့် လုပ်ဆောင်ချက်များကို ရှာဖွေရန် ပဋိပက္ခအရှိန်မြင့်ခြင်းနှင့် အရှိန်လျှော့ကျခြင်း သီအိုရီကို ဆွေးနွေးသွားမည်ဖြစ်သည်။

## ၂.၄.၁ အကြမ်းဖက်မှုကို နားလည်ခြင်း

အကြမ်းဖက်ခြင်းဟူသည့် အသုံးအနှုန်းသည် အန္တရာယ်ရှိသော အကျိုးဆက်များ ရှိနိုင်သည့် ရုပ်ပိုင်းဆိုင်ရာ အပြုအမူတစ်ခုဖြစ်ပြီး အသက်သေဆုံးခြင်း၊ ဒဏ်ရာရရှိခြင်းနှင့် လူတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေကို ထိခိုက်စေခြင်း (သို့) ပျက်စီးစေခြင်းဖြစ်သည့် အသက်အန္တရာယ်ခြိမ်းခြောက်မှုတစ်ခုဟု နားလည်ထားကြသည်။ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွင် သေကြောင်းကြံခြင်း၊ မိမိကိုယ်မိမိ ဒဏ်ရာရရှိအောင် လုပ်ဆောင်ခြင်း ကဲ့သို့သော မိမိကိုယ်မိမိ အကြမ်းဖက်ခြင်း (မိမိကိုယ်မိမိ ထိခိုက်စေခြင်း) လည်း ပါဝင်သည်။ သို့ရာတွင် ထိုအသုံးအနှုန်းကို လူ့အဖွဲ့အစည်းတွင်းရှိ လူများအကြား လုပ်ရပ်များ၊ တုံ့ပြန်မှုများအတွက် ပို၍ အသုံးများသည်။ ထို့ကြောင့် အကြမ်းဖက်မှု လုပ်ရပ်များတွင် မိမိကိုယ်မိမိ ထိခိုက်စေခြင်းမှ ပြည်တွင်းစစ်၊ နိုင်ငံများအကြား စစ်ပွဲ၊ လူမျိုးသုဉ်းသတ်ဖြတ်မှုနှင့် လူသားမျိုးနွယ်စုအပေါ် စစ်ပွဲများအထိ ပါဝင်သည်။ လူသားတို့၏ အပြုအမူနှင့် ပတ်သက်သည့် အကြမ်းဖက်မှု သဘောတရားနှင့် ယင်းကို မည်ကဲ့သို့ လျှော့ချရမည်ကို ဆွေးနွေးခြင်းတို့သည် ရာစုနှစ်ကျော် ကြာမြင့်ခဲ့ပြီးဖြစ်သည်။ ပညာရှင် အုပ်စုတစ်စုက ထိုကဲ့သို့သော အပြုအမူများသည် လူသားတို့တွင် မွေးရာပါ ဖြစ်ပြီး ဇီဝဗေဒအချက်အလက်များက အဓိကလွှမ်းမိုးသည်ဟု ယုံကြည်ထားကြပြီး အခြားသူများကမူ သိမှုဖြစ်စဉ်၊ သင်ကြားခြင်းနှင့် အတွေ့အကြုံများ၏ ထင်ရှားသည့် အခန်းကဏ္ဍကို ထုတ်ဖော်ထားကြသည်။

အကြမ်းဖက်မှုသဘောတရားကို ဆွေးနွေးခြင်းက ယေဘုယျအားဖြင့် ဤသည်မှာ "သဘာဝ" (လူသားတို့၏ ဗီဇ) (သို့) "ပျိုးထောင်ပေးခြင်း" (သင်ယူရရှိသော အပြုအမူ) ဟူသည့် ဒဿနိကပိုင်း (သို့) သိပ္ပံပညာရပ်ဆိုင်ရာ အငြင်းအခုံဖြင့် စတင်သည်။ နှစ်ပေါင်းတစ်ရာခန့်ကြာသည့်တိုင် အငြင်းအခုံမှာ ဆက်ရှိနေဆဲ ဖြစ်သည်။ သဘာဝအရဟူသည့်အဆိုက ဇီဝဗေဒပိုင်းဆိုင်ရာ ငြင်းခုံမှုကို အသုံးပြုသည်။ ဥပမာ ချယ်ဆာရီ လွန်ဘရိုဆို (Cesare Lombroso (1876)) က ရာဇဝတ်မှုဆိုင်ရာအပြုအမူများသည် လူသားတို့၏ ယဉ်ကျေးမှု မဖွံ့ဖြိုးမီ အလိုအလျောက်တုံ့ပြန်မှုဖြစ်ပြီး အချို့လူများအတွက် ရာဇဝတ်မှုကျူးလွန်သည့်ပုံစံဖြင့် ပြုမူနိုင်ခြေကို တိုးမြင့်စေသည်။ ထို့ကြောင့် ယင်းမှာ ဇီဝဗေဒယန္တရားကြောင့် ဖြစ်ပွားရခြင်းဖြစ်သည် (Englander, 2012: 64)။ အင်ဂလန်ဒါ (Englander) က အောက်ပါအတိုင်း ဆိုခဲ့သည်။

*မတူညီသည့် ဇီဝဗေဒလွှမ်းမိုးမှု ပုံစံနှစ်မျိုး အနည်းဆုံးရှိသည်။ (က) မျိုးရိုးဗီဇအရ လွှမ်းမိုးခြင်းနှင့် (ခ) ဇီဝဗေဒသဘာဝဝန်းကျင်အရ လွှမ်းမိုးခြင်းတို့ဖြစ်သည် (Englander, 2012: 64-65)။*

သူက ဆက်လက်၍ အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

*မျိုးရိုးဗီဇပိုင်းဆိုင်ရာလွှမ်းမိုးမှုဆိုသည်မှာ လူတစ်ဦး၏ ခရိုမိုဇုမ်းများတွင် ပါဝင်သည့် ပုံစံများဖြစ်ပြီး သဘာဝပတ်ဝန်းကျင်လွှမ်းမိုးမှုများဆိုသည်မှာ ဒီအောက်ဆီရီဘို နျူကလဲရစ်အက်ဆစ် (deoxyribonucleic acid (DNA)) ကြောင့်မဟုတ်ဘဲ လူသားတို့ကို လွှမ်းမိုးထားသည့် ဖြစ်ရပ်များကြောင့် ဖြစ်သည် (Englander, 2012: 64-65)။*

ဆန့်ကျင်ဘက်အနေဖြင့် အပြုအမူပိုင်းဆိုင်ရာ စိတ်ပညာရှင် ဂျွန်ဝတ်ဆင် (John Watson (1878-1958)) က ကြမ်းတမ်းသော လူသားတို့၏ အပြုအမူဆိုင်ရာသီအိုရီကို ထုတ်ဖော်ရာတွင် အောက်ပါအတိုင်း ဆိုခဲ့သည်။

*ပြဿနာရှိသောအပြုအမူ၏အစမှာ လူတစ်ဦး၏ စိတ်ပိုင်းဆိုင်ရာပတ်ဝန်းကျင်နှင့် သက်ဆိုင်ပြီး မည်သို့သော ဇီဝပိုင်းဆိုင်ရာလွှမ်းမိုးမှုထက်မဆို ပတ်ဝန်းကျင်က အပြုအမူအပေါ် လွှမ်းမိုးမှု အရှိဆုံးဖြစ်သည် (Englander, 2012: 66)။*

သို့သော် ခေတ်ပေါ် ဇီဝဗေဒဆိုင်ရာသီအိုရီများက လူတစ်ဦးက ကြမ်းတမ်းသည့်ပတ်ဝန်းကျင်တွင် ကြီးပြင်းသည့်တိုင် ထိုသူက ကြမ်းတမ်းသည့်အပြုအမူကို သေချာပေါက် လုပ်ဆောင်လိမ့်မည်မဟုတ်ဟု အဆိုပြုကြသည်။

*ထို့ကြောင့် အချုပ်အားဖြင့်ဆိုသော် အဓိက သက်သေနှစ်ခုက (က) အချို့သူများတွင် ရန်လိုသော အပြုအမူများက လက္ခဏာရပ်တစ်ခုအဖြစ် စောစီးစွာ ပေါ်ပေါက်လာပုံနှင့် (ခ) အန္တရာယ်ရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လွှမ်းမိုးမှုများအပေါ် လူတစ်ဦးချင်းစီ၏ နစ်နာမှုများ ကွာခြားခြင်း (ဥပမာ ကြမ်းတမ်းသော မိဘများ ရှိခြင်း) ဟူသည့် ဇီဝဗေဒ၏ အရေးပါပုံနှင့် သင်ယူမှု၏ အရေးပါပုံကို ထောက်ပြနေသည် (Englander, 2012: 68)။*

သဘာဝနှင့် ပျိုးထောင်မှု အငြင်းအခုံများအပြင် အကြမ်းဖက်မှုဖြစ်ပွားစေသည့် ကိစ္စရပ်များနှင့် အကြောင်းအရင်းများကိုလည်း ပညာရှင်များက ရှာဖွေခဲ့ကြသေးသည်။ ယခုဆွေးနွေးမှုက မိမိကိုယ်မိမိ ဖျက်ဆီးခြင်းမှ နိုင်ငံတကာ အကြမ်းဖက်မှုအထိ အကြမ်းဖက်သောအပြုအမူ အများအပြားကို လေ့လာဆန်းစစ်သွားပါမည်။

ငြိမ်းချမ်းရေးလေ့လာဆန်းစစ်မှုများသည် စစ်ပွဲကိုလေ့လာခြင်းမှ ပေါ်ထွက်လာသည်။ အဘယ်ကြောင့်ဆိုသော် စစ်ပွဲများကို အကြမ်းဖက်အပြုအမူများ အဓိကဖြစ်ပွားရသည့် အကြောင်းအရင်းဟု သဘောထားကြ

သောကြောင့် ဖြစ်သည်။ ယခင်ဖော်ပြခဲ့သည့်အတိုင်း ငြိမ်းချမ်းရေးကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းတွင် အကြမ်းဖက်မှု အားလုံးမရှိခြင်း (သို့) လျော့ကျခြင်းလည်း ပါဝင်ပြီး ယင်းမှာ အကြမ်းမဖက်ခြင်းနှင့် ဖန်တီးနိုင်စွမ်းရှိသော ပဋိပက္ခ အသွင်ပြောင်းလဲရေးတွင် ရှိနေသည် (Galtung, 1996: 9)။ ထို့ကြောင့် အကြမ်းဖက်သည့် အပြုအမူများ ဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် ပါဝင်သည့် အချက်များကို နားလည်စေရန် အကြမ်းဖက်မှုပုံစံအားလုံး၏ လက္ခဏာရပ်များကို နားလည်ရန် လိုအပ်သည်။ အကြမ်းဖက်မှုကို အဓိပ္ပာယ်ဖွင့်ဆိုပုံများသည် ကျယ်ပြန့်ပြီး ဆေးပညာသိပ္ပံ၊ ဂျန်ဒါလေ့လာရေး၊ ရူပဗေဒ၊ လူမှုသိပ္ပံ၊ စိတ်ပညာ၊ မနုဿဗေဒနှင့် နိုင်ငံရေးသိပ္ပံကဲ့သို့သော မတူညီသော နယ်ပယ်များတွင် မတူညီသော အဓိပ္ပာယ်များ ရှိကြသည်။ သို့သော် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို (၁) မိမိကိုယ်မိမိ ရည်ရွယ်သော အကြမ်းဖက်မှု၊ (၂) လူနှစ်ဦးအကြား အကြမ်းဖက်မှုနှင့် (၃) စုပေါင်း အကြမ်းဖက်မှု ဟူ၍ အုပ်စုသုံးစု ခွဲခြားနိုင်သည်။

ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပြင် ဆလာဗော့ဇီဇက် (Slavoj Zizek (2008)) က ထိုကဲ့သို့သော အပြုအမူများကို ပုဂ္ဂလဓိဋ္ဌာန်၊ ဓမ္မဓိဋ္ဌာန်နှင့် စနစ်အရ အကြမ်းဖက်မှုဟူ၍ အမျိုးအစားများ ခွဲခြားသေးသည်။ ပထမအမျိုးအစားမှာ ရာဇဝတ်မှု၊ အကြမ်းဖက်မှုနှင့် ရုပ်ပိုင်းဆိုင်ရာ စော်ကားမှု ဖြစ်စေနိုင်သည့် တိုက်ရိုက် အကြမ်းဖက်သည့် လုပ်ရပ်များကို ညွှန်းဆိုသည်။ ဓမ္မဓိဋ္ဌာန် အကြမ်းဖက်မှုဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာအပေါ် တိုက်ရိုက်သက်ရောက်မှု မရှိသော်လည်း ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ပွားရသည့် အကြောင်းအရင်းနှင့် အကြောင်းပြချက်တစ်ခုဖြစ်သော သဘောတရားအရ တန်ဖိုးအရင်းအမြစ်များအပေါ် အန္တရာယ်ပြုခြင်း ဖြစ်သည်။ ဓမ္မဓိဋ္ဌာန်ဆိုင်ရာ အကြမ်းဖက်မှုတွင် ခွဲခြားဆက်ဆံခြင်း၊ လူမျိုးရေးခွဲခြားခြင်းနှင့် ဘေးဖယ်ထုတ် ထားခြင်းတို့ ပါဝင်သည်။ နောက်ဆုံးအနေဖြင့် စနစ်အရ အကြမ်းဖက်ခြင်းဆိုသည်မှာ လူမှုတည်ဆောက်ပုံများနှင့် သက်ဆိုင်ပြီး လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး စနစ်များအပေါ်တွင် ဆိုးရွားသည့် သက်ရောက်မှု ရှိသည် (Zizek, 2008: 1-2)။ တစ်နည်းအားဖြင့်ဆိုသော် ဇီဇက်က အကြမ်းဖက်မှုနယ်ပယ်ကို ရုပ်ပိုင်းဆိုင်ရာသာမက သဘောတရားပိုင်းနှင့် ဖွဲ့စည်းလည်ပတ်မှုဆိုင်ရာ ပုံစံများကိုပါ ပါဝင်အောင် အကျယ်ချဲ့လိုက်ခြင်းဖြစ်သည်။ အခြားသော အကြမ်းဖက်မှုအမျိုးအစားများကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည့် ဂယ်လ်တန် (1996) အပါအဝင် ငြိမ်းချမ်းရေးလေ့လာခြင်းက ထိုသီအိုရီများမှ အစိတ်အပိုင်းများစွာကို ပါဝင်အောင် ထည့်သွင်းထားခြင်း ဖြစ်သည်။

ဂယ်လ်တန် (1996) က အကြမ်းဖက်မှုကို (၁) တိုက်ရိုက်၊ (၂) ဖွဲ့စည်းလည်ပတ်ပုံနှင့် (၃) ယဉ်ကျေးမှုဟူ၍ အဓိက အမျိုးအစားသုံးမျိုး ခွဲခြားထားသည်။ တိုက်ရိုက်အကြမ်းဖက်မှုက လူပုဂ္ဂိုလ်၊ လူမှုရေးနှင့် ကမ္ဘာ့နယ်ပယ်များတွင် ဖြစ်ပေါ်နိုင်ပြီး လူတစ်ဦးချင်း (သို့) စုပေါင်း၍ လုပ်ဆောင်ခြင်းမှ ဖြစ်ပေါ်လာနိုင်သည် (Galtung, 1996: 31)။ ထို့ပြင်

> *တိုက်ရိုက်အကြမ်းဖက်မှုကို နှုတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာဟူ၍ ခွဲခြားနိုင်ပြီး လူ့ခန္ဓာကိုယ်၊ စိတ်နှင့် စိတ်ဝိညာဉ်ကို အန္တရာယ်ပေးသည့် အကြမ်းဖက်မှုဖြစ်သည်။ ယင်းတို့အားလုံးက အကြမ်းဖက်မှု ကို အချိန်ကြာရှည်စွာ သယ်ဆောင်သွားနိုင်သည် (Galtung, 1996: 31-32)။*

ထို့ကြောင့် တိုက်ရိုက်အကြမ်းဖက်မှုက လူတစ်ဦး၏ ကိုယ်ခန္ဓာအစိတ်အပိုင်းများသာမက လူသားများ နေထိုင်ရန် လိုအပ်သည့် အခြေအနေအချို့ကိုပါ ထိခိုက်စေသည်။ ဆန့်ကျင်ဘက်အနေဖြင့် *"ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အကြမ်းဖက်မှုဆိုသည်မှာ လူတစ်ဦး၊ လူ့အဖွဲ့အစည်းနှင့် ကမ္ဘာ့နယ်ပယ်များတွင် တည်ဆောက်ထားပြီး ရည်ရွယ်ထားခြင်း မရှိပေ"* (Galtung, 1996: 31)။ ဂယ်လ်တန်၏ ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အကြမ်းဖက်မှု အဓိပ္ပာယ်ဖွင့်ဆိုပုံကို ဇီဇက်၏ စနစ်အရ အကြမ်းဖက်မှုသဘောတရားနှင့် ယှဉ်တွဲလေ့လာနိုင်ပြီး စနစ်ကို အလွဲသုံးစားလုပ်ခြင်းအား ဖြစ်ပွားစေသည့် လူမှု၊ နိုင်ငံရေးနှင့် စီးပွားရေး တည်ဆောက်ပုံများအပေါ် သက်ရောက်မှုရှိပြီး လူ့အဖွဲ့အစည်းအတွင်း ဖွဲ့စည်းလည်ပတ်ပုံအရ စိမ့်ဝင်မှု၊ အလွှာကွဲခြင်း၊ အပိုင်းပိုင်းကွဲခြင်း၊ ဘေးဖယ်ထုတ်ထားခြင်းတို့ကို ဖြစ်စေသည်။ နောက်ဆုံးအနေဖြင့်

> *ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုက တိုက်ရိုက်နှင့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အကြမ်းဖက်မှုများကို တရားဝင်ဖြစ်စေပြီး ဇာတ်ကောင်များကို တိုက်ရိုက်အကြမ်းဖက်မှု ကျူးလွန်စေသည် (သို့) ဖွဲ့စည်းလည်ပတ်ပုံအရ အကြမ်းဖက်မှုများ ကျူးလွန်နေခြင်းကို တားဆီးရန် ပျက်ကွက်စေသည်။ ယင်းမှာ ရည်ရွယ်လုပ်ဆောင်ခြင်းရော၊ မရည်ရွယ်ဘဲ လုပ်ဆောင်ခြင်းရော ဖြစ်နိုင်သည် (Galtung, 1996: 31)။0-*

ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုသည် တစ်ဦးတစ်ယောက် (သို့) လူအုပ်စု၏ သဘောထားနှင့် သက်ဆိုင်သည်။ ထို့ကြောင့် အမုန်းတရား၊ အကြောက်တရားနှင့် ရန်လိုမှုတို့ကို ဖြစ်ပေါ်စေသည့် သိမှုဖြစ်စဉ်များနှင့် ဖွဲ့စည်းလည်ပတ်ပုံအရ စိမ့်ဝင်မှု၊ အလွှာကွဲခြင်း၊ အပိုင်းပိုင်းကွဲခြင်း၊ ဘေးဖယ်ထုတ်ထားခြင်းတို့၏ အရင်းအမြစ်များကို ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုများဟု မှတ်ယူကြသည်။ ထိုသို့သောဖြစ်စဉ်များသည် လူတို့၏ တန်ဖိုးများနှင့် လက်ခံထားသော လူမှုရေးစံနှုန်းများ (သို့) ယုံကြည်မှုများကို မည်ကဲ့သို့ လွှမ်းမိုးသည်အပေါ် မူတည်၍ လူပုဂ္ဂိုလ်တစ်ဦးချင်း (သို့) လူနှစ်ဦးအကြား အမြင်များနှင့် စုပေါင်းအမြင်များမှ ဆင်းသက်လာသည်။

ပဋိပက္ခအမျိုးအစားသုံးမျိုးအကြား ဆက်စပ်မှုများကို ရှင်းလင်းပြရန် အကြမ်းဖက်မှု နည်းလမ်းများနှင့် အရင်းအမြစ်များကိုလည်း ဆွေးနွေးသင့်သည်။ အချို့သော အဆင့်များတွင် တိုက်ရိုက်၊ ဖွဲ့စည်းလည်ပတ်ပုံနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုများမှာ အပြန်အလှန်ဆက်စပ်နေသည်။ ဥပမာ မိမိကိုယ်ကို ထိခိုက်စေခြင်းသော်လည်းကောင်း၊ အခြားကျူးလွန်သူတစ်ဦးက လုပ်ဆောင်ခြင်းသော်လည်းကောင်း တိုက်ရိုက်အကြမ်းဖက်မှုက ရုပ်ပိုင်းဆိုင်ရာထိခိုက်စေခြင်းနှင့် ဆက်စပ်နေသည်။ တိုက်ရိုက်အကြမ်းဖက်မှု ဖြစ်စဉ်များတွင် ထိခိုက်နစ်နာသူသည် ရုပ်ပိုင်းဆိုင်ရာအရ ဒဏ်ရာရရှိခြင်းဖြစ်နိုင်ပြီး ယင်းဒဏ်ရာက အကြောက်တရား၊ အမုန်းတရားနှင့် ရန်လိုမှုကဲ့သို့ ကျယ်ပြန့်သော သက်ရောက်မှုများကို ဦးတည်သွားစေနိုင်သော စိတ်ဒဏ်ရာကို ရရှိစေပြီး နောက်ပိုင်းတွင် ယင်းကို အကြမ်းဖက်အပြုအမူများ လုပ်ဆောင်ရသည့် ဆင်ခြေအဖြစ် အသုံးပြုနိုင်သည်။

အထက်တွင်ဖော်ပြခဲ့သည့် အကြမ်းဖက်မှုပုံစံများကို ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးနှင့် တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးဆိုင်ရာ ရှင်းလင်းချက်များနှင့် ယှဉ်တွဲလေ့လာနိုင်သည်။

ငြိမ်းချမ်းရေးတည်ဆောက်ရသည့် ရည်ရွယ်ချက်မှာ စစ်ပွဲများ၏ ကြမ်းတမ်းသော အကျိုးဆက်များကို လျှော့ချရန်ဟု ယုံကြည်ထားကြပြီး ထိုသို့သော စစ်ပွဲများ အဆုံးသတ်ခြင်းနှင့် အမြဲတမ်းငြိမ်းချမ်းရေးက အန္တိမ ရည်မှန်းချက်ဖြစ်သည်။ အဆိုပါ ယုံကြည်မှုကို ယခုအခါ စိန်ခေါ်မှုများ ရှိလာသည်။ အကြမ်းဖက်မှုပုံစံအားလုံးကို လျှော့ချရန်သာ အဓိကထားသည့် ငြိမ်းချမ်းရေး သဘောထားအသစ်တစ်ခု ထွက်ပေါ်လာသည်။ အကျိုးဆက် အနေဖြင့် ငြိမ်းချမ်းရေး လေ့လာမှုကို အာရုံစိုက်ခြင်းက ယခုအခါ တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးသို့ ပြောင်းလဲလာပြီး ရုပ်ပိုင်းဆိုင်ရာနှင့် အသက်အန္တရာယ် ခြိမ်းခြောက်သည့် အကြမ်းဖက်မှုများကို လျှော့ကျစေခြင်းက အစိတ်အပိုင်းတစ်ခုအဖြစ်သာ ပါဝင်လာသည်။ တိုက်ရိုက်၊ ဖွဲ့စည်းလည်ပတ်ပုံနှင့် ယဥ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုများလျှော့ချခြင်းသည် တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသော ငြိမ်းချမ်းရေး၏ အန္တိမရည်မှန်းချက် ဖြစ်သင့်ပါသလားဟူသည့် မေးခွန်းတော့ ကျန်ရှိနေသေးသည်။

## ၂.၄.၂ အကြမ်းမဖက်ခြင်းကို နားလည်ခြင်း

ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတစ်ခုရရှိရန် အကြမ်းဖက်မှုအားလုံးကို လျှော့ချရန် လိုအပ်သည်။ သို့ရာတွင် ပဋိပက္ခက လူ့သဘာဝ၏ ပုံမှန်အစိတ်အပိုင်းတစ်ခုဖြစ်လျှင် ထိုသို့လုပ်ဆောင်ရန် ခက်ခဲလိမ့်မည်။ ထို့ကြောင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတွင် အကြမ်းမဖက်သော နည်းလမ်းများဖြင့် ပဋိပက္ခကို ကိုင်တွယ်နိုင်စွမ်း ပါဝင်သင့်ပါသလား။ ပဋိပက္ခများကို ယေဘုယျအားဖြင့် အကြမ်းဖက်မှုသို့ မကူးပြောင်းဘဲ ဖြေရှင်း၊ ကိုင်တွယ်၊ အသွင်ပြောင်းလဲရမည်ဟု ယုံကြည်ထားကြသည်။ ထို့ကြောင့် မိမိကိုယ်မိမိ (သို့) အခြားသူများကို အန္တရာယ်မပေးဘဲ ရည်မှန်းချက်များကို ရှာဖွေသည့် နည်းလမ်းတစ်ခုအနေဖြင့် အကြမ်းမဖက်မှု သဘောတရား ပေါ်ထွက်လာသည်။ ထို့ပြင် အကြမ်းမဖက်မှုနည်းလမ်း အသုံးပြုခြင်းဆိုသည်မှာ ဖွဲ့စည်းလည်ပတ်ပုံနှင့် ယဥ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုရော၊ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကိုပါ ဖြစ်ပွားစေသည့် လုပ်ရပ်များနှင့် အပြုအမူများကို ရှောင်ကြဥ်ရန် လိုအပ်သည်။ အကြမ်းမဖက်မှု သဘောတရားကို ဂျွန်အက်ဒမ် (John Adams (1856)) က သောမတ်စ်ဂျက်ဖာဆန် (Thomas Jefferson) ထံ စာရေးသားရာတွင် အောက်ပါအတိုင်း ရှင်းလင်းပြခဲ့သည်။

> *နောက်ပိုင်းဖြစ်ပွားခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုများမှာ တော်လှန်ရေး၏ အစိတ်အပိုင်း မဟုတ်ပေ။ ယင်းမှာ တော်လှန်ရေး၏ အကျိုးဆက်သာဖြစ်သည်။ တော်လှန်ရေးမှာ ပြည်သူတို့၏ စိတ်နှလုံးတွင် ကိန်းအောင်းနေပြီး လက်စ်ဆင်တန် (Lexington) တွင် သွေးမြေမကျမီ ၁၇၆၀ မှ ၁၇၇၅ ခုနှစ်ထိ တစ်ဆယ့်ငါးနှစ်တိုင် ရှိနေခဲ့သည် (Adams, 1856: 172; cited in Wood, 2016: 114)။*

အမေရိကန် ကိုလိုနီတော်လှန်ရေးကာလတွင် စစ်ပွဲမကြေညာမီ ကိုလိုနီပြည်သူများ၏ လုပ်ရပ်များအား ထောက်ပြခြင်းဖြင့် အဆိုပါ အကြမ်းမဖက်မှု အသုံးပြုပုံကို ရှင်းပြခဲ့သည်။ တော်လှန်ရေးကို အသိအမှတ်ပြုခြင်းက သူရဲကောင်းများစွာ၏ လုပ်ရပ်များနှင့် စွန့်လွှတ်အနစ်နာခံမှုများကြောင့် ကိုလိုနီပြုအုပ်ချုပ်သူများက ဖြေလျှော့ပေးမှုများ ပြုလုပ်ခဲ့ခြင်းကို အခြေခံခဲ့သော်လည်း *"တော်လှန်ရေးကာလမတိုင်မီတွင် ကိုလိုနီအုပ်ချုပ်မှု*

*လက်အောက်တွင် နေထိုင်သူများသည် တစ်နှစ်ထက်တစ်နှစ် ပို၍ရဲတင်းလာပြီး ပိုမိုတော်လှန်မှုပြုလာသည့် အကြမ်းမဖက်၊ မပူးပေါင်းရေး လုပ်ရပ်ပေါင်း ရာနှင့်ချီကို စုစည်းလုပ်ဆောင်ခဲ့သည်"* (Wood, 1993; cited in Wood, 2016: 114)။ ဝုဒ် (Wood (2016)) က တော်လှန်ရေးမတိုင်မီ အကြမ်းမဖက် ခုခံကာကွယ်ရေး လှုပ်ရှားမှုများကို ဘာသာစကားအကန့်အသတ်များကြောင့် မကြာခဏဆိုသလို အချို့သော သမိုင်းပညာရှင်များ က လစ်လျူရှုထားသည်ဟု ဆိုသည်။ ထိုစဉ်က အကြမ်းမဖက်လုပ်ရပ်များကို ဖော်ပြရန် စကားလုံးများ မရှိခဲ့သေးပေ။

*အကြမ်းမဖက်အာဏာဖီဆန်လှုပ်ရှားမှု* ဟူသည့် စကားလုံးကို ၁၈၄၈ ခုနှစ်တွင် ဟင်နရီဒေးဗစ်သော်ရိုး (Henry David Thoreau) က "အစိုးရနှင့် ပတ်သက်၍ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများနှင့် တာဝန်များ" ဟူသည့် စာသင်ကြားရေးတွင် ပထမဆုံး စတင်မိတ်ဆက်ခဲ့သည်။ ယင်းကို သူသေဆုံးပြီး လေးနှစ်အကြာတွင် "အကြမ်းမဖက် အာဏာဖီဆန်လှုပ်ရှားမှု" ဟူသည့် ခေါင်းစဉ်ဖြင့် ၁၈၆၆ ခုနှစ်တွင် ထုတ်ဝေခဲ့သည် (Wood, 2016: 116)။

> *အကြမ်းမဖက်အာဏာဖီဆန်လှုပ်ရှားမှု ဆိုသည်မှာ ပြည်သူတစ်ဦးတစ်ယောက် (သို့) အုပ်စုများက ၎င်းတို့ တရားမဝင်ဟု ယုံကြည်ထားသော အစိုးရ၏ လုပ်ရပ်များကို ဆန့်ကျင်ရန် လုပ်ဆောင်သည့် အကြမ်းမဖက်သော၊ တစ်ခါတရံ တရားမဝင်သောလုပ်ရပ်ဖြစ်သည်။ အစိုးရက မှားယွင်းနေသောအခါ အစိုးရယန္တရားကို ရပ်တန့်သွားရန် တန်ပြန်ပွတ်တိုက်မှုကို ပြုလုပ်ရန်မှာ လူတစ်ဦးချင်းစီ၏ တာဝန်ဖြစ်သည် (Wood, 2016: 116)။*

သော်ရိုး၏ အကြမ်းမဖက်အာဏာဖီဆန်လှုပ်ရှားမှု သဘောတရားကို ကျယ်ကျယ်ပြန့်ပြန့် မသိရှိခဲ့ကြပေ။

> *နှစ်ဆယ်ရာစု ဒုတိယနှစ်ဝက်မတိုင်ခင် ကြီးမားသောအပြောင်းအလဲများ မပေါ်ပေါက်လာမီ အချိန်အထိ အကြမ်းမဖက်အာဏာဖီဆန်လှုပ်ရှားမှု သဘောတရားကို ကျယ်ကျယ်ပြန့်ပြန့် မသိရှိခဲ့ကြပေ။ ကမ္ဘာတစ်ဝန်းရှိ သာမန်နိုင်ငံသားများသည် ပထမဆုံးအကြိမ် အကြမ်းမဖက်မှု အုံကြွမှုများကို ကြံစည်ရန် ဗဟုသုတနှင့် အသုံးအနှုန်းများကို ပထမဆုံးအကြိမ် သိရှိလာကြသည်။ အကြမ်းမဖက် အာဏာဖီဆန် လှုပ်ရှားမှုကို အခြေခံသည့် အောင်မြင်သော ကမ်ပိန်းများက ပျံ့နှံ့ကူးစက်လာသည် (Wood, 2016: 116)။*

အစောပိုင်းကာလများတွင် အလားတူလှုပ်ရှားမှုများ ရှိခဲ့သော်လည်း အကြမ်းမဖက်လှုပ်ရှားမှုများသည် နှစ်ဆယ်ရာစု၏ နောက်ဆုံးဆယ်စုနှစ်များတွင် ကမ္ဘာတစ်ဝန်း တိုးပွားလာသည်ဟု ဝုဒ်က ထောက်ပြခဲ့သည် (Wood, 2016: 120)။ လူသိအများဆုံး လှုပ်ရှားမှုတစ်ခုမှာ တောင်အာဖရိကမှ အိန္ဒိယလူနည်းစုအတွက် တရားမျှတမှုကမ်ပိန်းကို ဦးစီးခဲ့သည့် မဟတ္တမဂန္ဒီဖြစ်သည်။ ၁၉၁၅ ခုနှစ် အိန္ဒိယနိုင်ငံသို့ ပြန်လာပြီး များမကြာမီပင် ဂန္ဒီက ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးမှ အိန္ဒိယနိုင်ငံကို လွတ်မြောက်စေရန် နာမည်ကျော် ကမ်ပိန်းတစ်ခုကို ဦးဆောင်ခဲ့သည်။ ထိုလှုပ်ရှားမှုမှာ ကျယ်ကျယ်ပြန့်ပြန့် လူသိများပြီး ဆွေးနွေးခဲ့သော

လှုပ်ရှားမှုတစ်ခု ဖြစ်သည် (Wood, 2016)။ ထိုအချိန်မှစ၍ ပညာရှင်နှင့် လက်တွေ့လုပ်ဆောင်သူ အများအပြားက အဆိုပါ အကြမ်းမဖက်လှုပ်ရှားမှုများကို ဖိနှိပ်ပြီး လွှမ်းမိုးထားသည့် အာဏာများကို ဖယ်ရှားပစ်နိုင်စွမ်းရှိသော အကြမ်းမဖက်လှုပ်ရှားမှု အဓိက ဥပမာများအဖြစ် ကိုးကားကြသည်။ အခြားသော လူထုဆန့်ကျင်ရေး လှုပ်ရှားမှုများလည်း ဖြစ်ပွားခဲ့သည်။ ဥပမာ ရုရှားနိုင်ငံ စိန့်ပီတာစ်ဘတ်တွင် ဇာဘုရင်ကို အသနားခံစာတင်ပြရန် ကြိုးပမ်းသည့် ငြိမ်းချမ်းစွာ ဆန္ဒပြသူ ၁၀၀ ကို စစ်သားများက သတ်ပစ်ခဲ့ခြင်း ဖြစ်သည် (Ackerman and Duvall, 2000; Sharp, 2005; cited in Wood, 2016: 118-119)။ အလားတူပင် ၁၉၀၀ ပြည့်လွန်နှစ် အစောပိုင်းများတွင် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံများအပါအဝင် အာရှတွင်လည်း ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုများ ဖြစ်ပွားခဲ့သည်။ အလားတူ မြန်မာနိုင်ငံတွင်လည်း ဗြိတိသျှ ကိုလိုနီအုပ်ချုပ်မှုကို ဆန့်ကျင်ရန် အကြမ်းမဖက်လှုပ်ရှားမှုများ ပြုလုပ်ခဲ့ပြီး ဗမာအုပ်ချုပ်သူများက ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့၏ အုပ်ချုပ်မှုကို ဆန့်ကျင်ရန် အလားတူနည်းလမ်းများကို အောင်မြင်စွာ အသုံးပြုခဲ့သည် (Wood, 2016)။ အရှေ့တောင်အာရှတွင် အအောင်မြင်ဆုံး ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ပွဲမှာ ၁၉၈၃ ခုနှစ်တွင် အာဏာရှင် ဖာဒီနန်မားကို့စ် (Ferdinand Marcos) ကို လူနှစ်သန်းကျော်က ဆန္ဒပြခဲ့ပြီး သူက အမေရိကန်နိုင်ငံသို့ ထွက်ပြေး ခိုလှုံသွားရသည့် ဖြစ်စဉ်ဖြစ်သည် (Wood, 2016)။

အဆိုပါခေါင်းစဉ်နှင့် ပတ်သက်ပြီး လူသိအများဆုံးနှင့် ဆွေးနွေးမှုအများဆုံး ရေးသားမှုတစ်ခုကို ၁၉၇၃ ခုနှစ်တွင် ဂျင်းရှားပ် (Gene Sharp) က ရေးသားခဲ့သည်။ *အကြမ်းမဖက်လှုပ်ရှားမှု နိုင်ငံရေး* က *အာဏာသီအိုရီ* အတွက် သီအိုရီမူဘောင်ကို တင်ပြခဲ့ပြီး အကြမ်းမဖက် လုပ်ရပ်နှင့် ၎င်း၏ လူမှုယန္တရားများကို စနစ်တကျ ရှင်းပြခဲ့သည်။ ရှားပ်၏ သီအိုရီက အာဏာပိုရှိသူများ (ပုံမှန်အားဖြင့် အာဏာကိုင်စွဲထားသည့် အာဏာပိုင်များနှင့် အစိုးရခေါင်းဆောင်များ၊ အများအားဖြင့် အာဏာရှင်များ) နှင့် အာဏာရှိသူများ၏ သြဇာခံဖြစ်သည့် အားနည်းသူများအကြား ဆက်ဆံရေးကို ရှင်းလင်းပြခဲ့သည်။ ဝုဒ်က *"ရှားပ်သည် ခေတ်ပေါ်လူ့အဖွဲ့အစည်းမှ လူများကို အုပ်ချုပ်သူများနှင့် အုပ်ချုပ်ခံများဟူ၍ အုပ်စုနှစ်စု ခွဲလိုက်သည်"* ဟု ဆိုထားသည် (Wood, 2016: 137, Martin, 1989)။ ရှားပ်၏ အကြမ်းမဖက်လုပ်ရပ်ဆိုင်ရာ သီအိုရီကို အသုံးပြုရန် လူ့အဖွဲ့အစည်းကို အုပ်ချုပ်သူများနှင့် အုပ်ချုပ်ခံများဟု ခွဲခြားထားသည့် နိုင်ငံရေးအာဏာ ရှုထောင့်ကို အသုံးပြုပြီး မြင်ယောင်ကြည့်ရန် လိုအပ်သည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် တရားဝင်မှု၊ အုပ်ချုပ်မှု၊ ဗျူရိုကရေစီ၊ အစိုးရဝန်ဆောင်မှု၊ လုံခြုံရေးဝန်ထမ်းများ၊ တရားရုံးများ၊ ရဲများကဲ့သို့သော လူမှုယန္တရားများမှတစ်ဆင့် အုပ်ချုပ်သူများသည် အုပ်ချုပ်ခံများအပေါ် ဖိနှိပ်သည့် အာဏာများ အသုံးပြုလေ့ရှိကြသည်။ အခြားသော လူမှု၊ စီးပွားရေးနှင့် ယဉ်ကျေးမှု နယ်ပယ်များနှင့် အင်စတီကျူးရှင်း အများအပြားမှလည်း အာဏာကို အသုံးချနိုင်သည်။

၂၀၁၄ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း ထိုင်းနိုင်ငံ၏အခြေအနေက အုပ်ချုပ်သူများ အာဏာကို မည်သို့ အသုံးပြုသည်ကို ပြသရန် ကောင်းမွန်သည့်ဥပမာတစ်ခုဖြစ်သည်။ စစ်တပ်က ၂၀၁၄ ခုနှစ် မေလတွင် ရွေးကောက်ခံအစိုးရထံမှ အာဏာသိမ်းယူလိုက်သောအခါ အမိန့်ဖြင့် အာဏာရှင် အာဏာကို အသုံးပြုနိုင်ရန် ငြိမ်းချမ်းရေးနှင့် ငြိမ်ဝပ်ပိပြားရေးဆိုင်ရာ နိုင်ငံတော် ကောင်စီ (National Council for Peace and Order (NCPO)) ဟု အမည်ရသည့် အုပ်ချုပ်ရေးကော်မတီတစ်ခုကို တည်ထောင်ခဲ့သည်။ NCPO နှင့် စစ်တပ်နှစ်ဖွဲ့လုံးက အစိုးရကို ထိန်းချုပ်ထားပြီး NCPO ၏ အမိန့်များနှင့် ဥပဒေများမှတစ်ဆင့် ဥပဒေများ ချမှတ်သည်။ ထို့နောက်

ယင်းဥပဒေများကို NCPO က ခန့်အပ်ထားသော အမျိုးသားဥပဒေပြုရေးအဖွဲ့က ပြဋ္ဌာန်းသည်။ အဆိုပါ ဥပဒေအများအပြားမှာ အာဏာရှင်ဆန်ပြီး တရားဥပဒေစိုးမိုးရေးကို မျက်ကွယ်ပြုထားသည် (Pindavanija, 2017)။ ထို့ပြင် အာဏာရှင်အစိုးရက အာဏာသိမ်းမှုကို ငြိမ်းချမ်းစွာ ဆန့်ကျင်ရန် ကြိုးပမ်းသည့် တက်ကြွလှုပ်ရှားသူများကို အသံတိတ်သွားအောင်လည်း ဥပဒေအချို့ပြဋ္ဌာန်းခဲ့သည်။ ရှားပ်၏ အာဏာသီအိုရီအရ ထိုသို့သော လုပ်ရပ်များကို လူတစ်ဦး (သို့) အုပ်စုတစ်စုက ဗျူရိုကရေစီ၊ စစ်တပ်နှင့် ရဲတပ်ဖွဲ့ပါဝင်သော နိုင်ငံအာဏာကို အသုံးပြုခြင်းဖြင့် ရှင်းလင်းပြနိုင်သည်။ ထို့ကြောင့်

> *ရှားပ်က လူမှုအာဏာတစ်မျိုးဖြစ်သော နိုင်ငံရေးအာဏာကို အာဏာစွဲကိုင်ထားသူများ၏ ရည်မှန်းချက်များ ပြည့်မီစေရန် အသုံးပြုနိုင်သည့် အမိန့်ပေးခြင်း၊ ဆုပေး၊ ဒဏ်ပေးခြင်း အပါအဝင် နည်းလမ်းများ၊ လွှမ်းမိုးမှုများနှင့် ဖိအားပေးမှုများဟု အဓိပ္ပာယ်ဖွင့်ဆိုသည် (Sharp, 1980: 27; cited in Martin, 1989: 214).။*

ရှားပ်က အာဏာအရင်းအမြစ်ကို ထပ်မံ၍ *"အာဏာသည် အုပ်ချုပ်သူများထံမှ ထွက်ပေါ်လာခြင်းမဟုတ်"* ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည် (Martin, 1989: 214)။ ဆိုလိုသည်မှာ အချို့သော အာဏာအရင်းအမြစ်များသည် အခြားသော အာဏာပိုင်များ၊ လူ့စွမ်းအားအရင်းအမြစ်၊ စွမ်းဆောင်ရည်များနှင့် ဗဟုသုတတို့မှ ထွက်ပေါ်လာခြင်း ဖြစ်သည် (Sharp, 1973; cited in Martin, 1989)။ ထိုင်းနိုင်ငံ၏ အာဏာရှင်တွင် စစ်တပ်၊ ရဲတပ်ဖွဲ့၊ အစိုးရဗျူရိုကရက်များ၊ ပညာရှင်များနှင့် အရင်းရှင်စီးပွားရေးလုပ်ငန်းရှင်ကြီးများ (အာဏာရှင်၏ အာဏာ အရင်းအမြစ်များ) ၏ စည်းလုံးညီညွတ်မှုသည် မမြင်ရသော အာဏာကို ဆုပ်ကိုင်ထားပြီး ကာလရှည်ကြာ ဒီမိုကရေစီအကူးအပြောင်းကို ဆန့်ကျင်ခဲ့သည့် အာဏာရှင်နှင့် ရှေးရိုးစွဲ နောက်ကွယ်မှ ကြိုးကိုင်သူ ရှိနေခြင်းက ဆင်းသက်လာသည်။ ရှားပ်က အဆိုပါအာဏာအရင်းအမြစ်များ၏ အခြေခံကို သူ၏ ဒုတိယ သဘောတရား ဖြစ်သော *အာဏာကို သဘောတူညီမှုဆိုင်ရာသီအိုရီ* တွင် ရှင်းလင်းပြခဲ့သည်။ သူက *"အုပ်ချုပ်သူ၏ အာဏာအရင်းအမြစ်များသည် အုပ်ချုပ်ခံများ၏ နာခံမှုနှင့် ပူးပေါင်းမှုတို့အပေါ် မူတည်သည်"* ဟု ဆိုခဲ့သည် (Sharp, 1973: 12; cited in Martin, 1989: 214, Wood, 2016: 137)။ အဆိုပါသဘောတရားအရ အုပ်ချုပ်သူ၏ အာဏာသည် အုပ်ချုပ်ခံများ၏ နာခံမှုအပေါ် မူတည်သည်။ အုပ်ချုပ်ခံများက နာခံရန်နှင့် ပူးပေါင်းရန် ငြင်းဆိုသည့်အခါ အုပ်ချုပ်သူ၏အာဏာလည်း လျော့ကျသွားမည်ဖြစ်သည်။ အဆိုပါ သဘောတရားက ရှားပ်၏ *"အာဏာသည် အုပ်ချုပ်သူ (သို့) အုပ်ချုပ်သည့်အဖွဲ့တွင် ရှိနေသော ၎င်းတို့သာ လက်ဝါးကြီးအုပ်ထားနိုင်သည့် အရာ ဖြစ်သည်ဟု ယုံကြည်ခြင်း"* ကို ဆန့်ကျင်ရန် အခြေခံအုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် ရှားပ်က *"အာဏာသည် ဗဟုကိန်းဖြစ်ပြီး အုပ်စုအမျိုးမျိုး၊ နေရာအမျိုးမျိုးတွင် ရှိနေသည်"* ဟု ဆိုထားသည် (Martin 1989: 214)။ *အာဏာဗဟိုချက်များ* ဟူသည့်အသုံးအနှုန်းက အုပ်ချုပ်သူတစ်ဦးတစ်ယောက် (သို့) အုပ်စုတစ်စုတွင်သာ အာဏာအရင်းအမြစ်များ ရှိခြင်းမဟုတ်ဘဲ အုပ်စုအများအပြားတွင် အာဏာရှိနေခြင်းကို ညွှန်းဆိုသည်။ အာဏာအရင်းအမြစ်များနှင့် အုပ်ချုပ်ခံများက အုပ်ချုပ်သူအပေါ် နာခံခြင်းနှင့် ပူးပေါင်းခြင်း မပြုလုပ်ဘဲ နေနိုင်ခြင်းတို့က ရှားပ်၏ အာဏာကိုသဘောတူညီမှုဆိုင်ရာသီအိုရီနှင့်ပတ်သက်ပြီး အရေးပါသည့် အချက် တစ်ချက် ထွက်ပေါ်လာစေသည်။ "အဘယ်ကြောင့် လူတို့က နာခံကြသနည်း" (Sharp, 1973)။ နာခံရသည့် အကြောင်းပြချက်များတွင် *"အကျင့်ဖြစ်ခြင်း၊ ဒဏ်ပေးခံရမည်ကို ကြောက်ရွံ့ခြင်း၊ တာဝန်ရှိသည်ဟု ခံစားရခြင်း၊*

*မိမိ၏ အကျိုးစီးပွား၊ အုပ်ချုပ်သူနှင့် စိတ်ပိုင်းဆိုင်ရာအရ ဆက်နွယ်မှုရှိခြင်း၊ ကွာခြားချက် နယ်ပယ်များနှင့် အုပ်ချုပ်ခံများအကြား မိမိကိုယ်မိမိ ယုံကြည်မှု မရှိခြင်း"* တို့ ပါဝင်သည် (Sharp, 1973: 16-24; cited in Martin, 1989: 124)။ သို့ရာတွင် အုပ်ချုပ်ခံများက ၎င်းတို့၏ နာခံမှုနှင့် ပူးပေါင်းမှုတို့ကို ရုတ်သိမ်းလိုက်ခြင်းဖြင့် အုပ်ချုပ်သူ၏အာဏာကို လျှော့ချသည့် အကြမ်းမဖက်လုပ်ရပ်များကို ကြိုတင်ကြံစည်လုပ်ဆောင်ဖို့ လိုအပ်သည်။ ရှားပ်၏ အဆိုအရ *"ရေလိုက်ငါးလိုက်နေခြင်းနှင့် ငုံ့ခံခြင်းတို့က စိုးရိမ်ဖွယ်ရာမဟုတ်၊ အကြမ်းမဖက် လုပ်ရပ်သည် တက်ကြွလှုပ်ရှားမှု၊ စိန်ခေါ်မှုနှင့် ကြိုးပမ်းမှုတို့နှင့် ဆက်စပ်သည်"* (Sharp, 1973: 65; cited in Martin, 1989: 124)။ ထိုင်းနိုင်ငံ၏ လွန်ခဲ့သော ဆယ်စုနှစ်အချို့အတွင်း နိုင်ငံရေး ကြိုးပမ်းမှုများအရ ၎င်း၏ အုပ်ချုပ်သူများသည် အုပ်ချုပ်ခံများ ၎င်းတို့၏ သဘောတူညီမှုအား ရုတ်သိမ်းသွားနိုင်ခြေကို လျှော့ချရန်နှင့် ဆန့်ကျင်သူများ လုပ်ဆောင်မည့် အကြမ်းမဖက်လုပ်ရပ်များကို ဖြတ်ချနိုင်ရန် မဟာဗျူဟာအများအပြားကို အကောင်အထည်ဖော်ခဲ့သည်။ ရှားပ်၏ အာဏာသီအိုရီသည် ဆယ်စုနှစ်ပေါင်းများစွာ အကြမ်းမဖက်လုပ်ရပ်၏ အခြေခံအဖြစ် ရှိနေသည်။ သူ၏လေ့လာမှုအရ ရှားပ်က ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးပြီး အကြမ်းမဖက် လှုပ်ရှားသူများ လက်စွဲအဖြစ် အသုံးပြုသည့် အကြမ်းမဖက် လုပ်ရပ်နည်းလမ်း (၁၉၈) နည်းကို အဆိုပြုခဲ့သည်။

ရှားပ်[2] (1973) ၏ အဆိုအရ အဆိုပါ အကြမ်းမဖက်နည်းလမ်း (၁၉၈) နည်းကို (၁) ဆန္ဒပြခြင်းနှင့် ဆွဲဆောင်ခြင်း၊ (၂) ပူးပေါင်းမှု မပြုခြင်းနှင့် (၃) ဝင်ရောက်စွက်ဖက်ခြင်းဟူ၍ အမျိုးအစားသုံးမျိုး ခွဲခြားနိုင်သည် (Sharp, 1973; cited in Wood, 2016: 138)။ (၁၉၈) နည်းတွင် (၅၈) နည်းက တရားဝင် ကြေညာချက်များ၊ ကျယ်ပြန့်သော ပရိသတ်နှင့် ဆက်သွယ်ခြင်း၊ အုပ်စုကိုယ်စားပြုခြင်း၊ လူထုလှုပ်ရှားမှု သရုပ်ပြချက်များ၊ တစ်ဦးတစ်ယောက် (အထူးသဖြင့် တာဝန်ရှိသူများ) အပေါ် ဖိအားပေးခြင်း၊ ဒရာမာနှင့် ဂီတ၊ စီတန်းလှည့်လည်ခြင်း၊ သေဆုံးသွားသူများကို ဂုဏ်ပြုခြင်း၊ လူထုစုဝေးမှုများနှင့် နှုတ်ထွက်ခြင်း၊ အများရှေ့တွင် လက်မခံနိုင်ကြောင်း ပြောကြားခြင်း အပါအဝင် ဆန္ဒပြခြင်းနှင့် ဆွဲဆောင်ခြင်း နည်းလမ်းများ ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဆွဲဆောင်သိမ်းသွင်းသည့် လုပ်ရပ်များက အာဏာဗဟိုချက်များကို လှုံ့ဆော်ရန် ကြိုးပမ်းသည်။ လူများများ လက်ခံလာလေလေ သူတို့က နာခံနိုင်ခြေ နည်းလာလေလေဖြစ်ပြီး အာဏာဗဟိုချက်ကို ဖြန့်ချနိုင်လိမ့်မည် ဖြစ်သည်။

ပူးပေါင်းမှုမပြုခြင်းကို လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဟူ၍ သုံးမျိုးခွဲခြားထားသည်။ ပထမအမျိုးအစားတွင် အချို့သော လူများကို ဖယ်ထုတ်ထားခြင်း၊ လူမှုရေးပွဲများ၊ ထုံးတမ်းစဉ်လာများနှင့် အင်စတီကျူးရှင်းများတွင် မပါဝင်ခြင်း၊ လူမှုစနစ်မှ ရှောင်ထွက်နေခြင်းတို့ ပါဝင်သည်။ စီးပွားရေးအရ ပူးပေါင်းမှုမပြုခြင်းကို အမျိုးအစား နှစ်မျိုး ထပ်မံ၍ ခွဲခြားနိုင်သည်။ စားသုံးသူများ၊ အလုပ်သမားများနှင့် ထုတ်လုပ်သူများ၊ ကြားခံပွဲစားများ၊ ပိုင်ရှင်များနှင့် အုပ်ချုပ်သူများ၊ ငွေကြေးအရင်းအမြစ်ပိုင်ဆိုင်သူများနှင့် အစိုးရများပင် ပါဝင်နိုင်သော စီးပွားရေးအရ သပိတ်မှောက်ခြင်းဖြစ်သည်။ အခြားသော သပိတ်မှောက်သည့် ပုံစံတွင် သရုပ်ပြသပိတ်၊ စိုက်ပျိုးရေးသပိတ်၊ အထူးအဖွဲ့များမှသပိတ်၊ သာမာန်စက်မှုလုပ်ငန်းသပိတ်များ၊ အကန့်အသတ်သပိတ်၊

[2] Sharp, G, '198 methods of nonviolent action' Albert Einstein Institution, available at https://www.aeinstein.org/nonviolentaction/198-methods-of-nonviolent-action/, accessed on 24 September 2021.

စက်မှုလုပ်ငန်းအမျိုးမျိုးပါဝင်သောသပိတ်နှင့် စီးပွားရေးပိတ်ဆို့မှုတို့ ပေါင်းစည်းခြင်းများ ပါဝင်သည်။ နိုင်ငံရေးအရ ပူးပေါင်းမှုမပြုခြင်းတွင် အာဏာကိုငြင်းပယ်ခြင်း၊ အစိုးရနှင့် ပူးပေါင်းမှုမပြုခြင်း၊ အာဏာဖီဆန်သည့်နည်းလမ်းများ၊ အစိုးရဝန်ထမ်းများ၏လုပ်ဆောင်ချက်များ၊ ပြည်တွင်း အစိုးရဆိုင်ရာ လုပ်ဆောင်ချက်များနှင့် နိုင်ငံတကာအစိုးရဆိုင်ရာ လုပ်ဆောင်ချက်များ ပါဝင်သည်။ နောက်ဆုံးအနေဖြင့် အခြားသော အကြမ်းမဖက်နည်းလမ်းများတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ကြားဝင်ခြင်းများ ပါဝင်နိုင်သည်။ အဆိုပါ အကြမ်းမဖက်နည်းလမ်းများ အားလုံးကို ရှာ့ပ်၏ အာဏာကို သဘောတူညီမှုဆိုင်ရာ သီအိုရီအောက်တွင် အဆိုပြုထားပြီး အားလုံးက အုပ်ချုပ်သူ၏ လွှမ်းမိုးနိုင်မှုကို လျှော့ချရန် ရည်ရွယ်သည်။ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း အခြေအနေအမျိုးမျိုးနှင့် လိုက်ဖက်ညီအောင် ထိုနည်းလမ်းအများအပြားကို ဖော်ထုတ်ပြောင်းလဲခဲ့ရသည်။

သို့ရာတွင် လှုပ်ရှားမှု၏ ရည်မှန်းချက်များကို ပြည့်မီနိုင်ရန် အကြမ်းမဖက်နည်းလမ်းများကို သင့်တော်သည့် မဟာဗျူဟာများ အသုံးပြုပြီး ဂရုတစိုက်ရေးဆွဲရန် လိုအပ်သည်။ ဝုဒ့် (2016) က ရည်မှန်းချက်များ ရှင်းလင်းမှုရှိပြီး ထောက်ခံသူများရော၊ ထောက်ခံသူဖြစ်လာနိုင်သူများအတွက်ပါ ဆွဲဆောင်မှုရှိအောင် မည်သည့် အကြမ်းမဖက်နည်းလမ်းနှင့် မဟာဗျူဟာများ အသုံးပြုမည်ကို ဆုံးဖြတ်ရန် အုပ်ချုပ်ခံများ လုပ်ဆောင်ရမည့် အဆင့်များကို ရှင်းလင်းပြခဲ့သည်။

**ဇယား ၂.၄ အကြမ်းမဖက်နည်းလမ်းများ၊ မဟာဗျူဟာများနှင့် ရည်မှန်းချက်များ**

| နည်းလမ်းများ | မဟာဗျူဟာများ | ရည်မှန်းချက်များ |
|---|---|---|
| (၁) ဆန္ဒပြခြင်းနှင့် ဆွဲဆောင်သိမ်းသွင်းခြင်း<br>(၂) ပူးပေါင်းမှု မပြုခြင်း<br>(၃) ဝင်ရောက်စွက်ဖက်ခြင်း | • အချိန်<br>• ပူးပေါင်းမှုများ<br>• ခေါင်းဆောင်မှု<br>• ဘက်ပြောင်းစွန့်ခွာလာခြင်းများ<br>• တတိယအုပ်စုများ<br>• မီမီထံ မြားဦးလှည့်လာခြင်း<br>• ဒစ်ဂျစ်တယ်နည်းလမ်းများ အသုံးပြုခြင်း<br>• အစရှိသဖြင့် | • ရှင်းလင်းသော ရည်မှန်းချက်များ<br>• ကျယ်ပြန့်သော ထောက်ခံမှု ရရှိအောင် လုပ်ဆောင်ခြင်း<br>• လုပ်ဆောင်နေသည့် ကမ်ပိန်းကိုလိုက်ပြီး ပြောင်းလဲနိုင်သည် |

**မှုရင်း**။ Wood, 2016: 140-145

အကြမ်းမဖက်ကမ်ပိန်းတွင် *"ဆန္ဒပြခြင်း၊ အတိုက်အခံပြုခြင်းနှင့် ဝင်ရောက်စွက်ဖက်ခြင်းတို့ကို ဆက်စပ်ရန် မည်သည့်နည်းလမ်းများအား ရွေးချယ်မည်ဟူသည့် ဆုံးဖြတ်ချက်အား လမ်းညွှန်ပေးနိုင်ရန် အစီအမံများ၊ မူဝါဒများနှင့် အကြံအစည်များ"* ပါဝင်သည့် သင့်တင့်သော မဟာဗျူဟာချမှတ်မှုလိုအပ်သည် (Wood, 2016: 140)။ ထပ်မံ၍ ဝုဒ်က အကြမ်းမဖက် မဟာဗျူဟာများသည် အချိန်၊ မဟာမိတ်စုဖွဲ့မှု၊ ခေါင်းဆောင်မှု၊

ဘက်ပြောင်းလာမှု၊ တတိယအဖွဲ့အစည်းများ၊ ဆန့်ကျင်မှုနှင့် ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြုမှုကဲ့သို့သော အချက်များကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်ဟု ဆိုထားသည်။ အောင်မြင်သော အကြမ်းမဖက် ကမ်ပိန်းအများစုက ကာလရှည်ကြာ လှုပ်ရှားမှုများ လိုအပ်သောကြောင့် အချိန်ကာလသတ်မှတ်ချက်များက အရေးကြီးသည်။ ထို့ကြောင့် *"အကြမ်းမဖက်လှုပ်ရှားမှုသည် အောင်မြင်မှုရရှိစေရန် နှစ်ပေါင်းများစွာ၊ ဆယ်စုနှစ်ပေါင်းများစွာပင် ကြာရှည်နိုင်ကြောင်း နားလည်သဘောပေါက်ထားခြင်းအပေါ် မဟာဗျူဟာများက အခြေခံသင့်သည်" (Wood, 2016: 142)။* အကြမ်းမဖက်ကမ်ပိန်းများသည် ကျယ်ပြန့်သော လူထုထောက်ခံမှုလည်း လိုအပ်သည်။ ထို့ပြင် ခေါင်းဆောင်မှုကလည်း အခြားအရေးပါသည့် အချက်တစ်ချက် ဖြစ်သည်။ အအောင်မြင်ဆုံး အကြမ်းမဖက် လှုပ်ရှားမှုများတွင် လိုအပ်နေသည့် လူမှုနယ်ပယ်များ အားလုံးမှ ဇာတ်ကောင်များထံမှ ထောက်ခံမှုရရှိစေရန် ခေါင်းဆောင်အများအပြား ပါဝင်ကြသည်။ ဤသည်က ဆန့်ကျင်ခြင်း၏ခွန်အားသည် အမျိုးမျိုးသော နယ်ပယ်များနှင့် နေရာများမှ လာသင့်သည်ဟူသည့် အာဏာဗဟိုချက်များ စည်းမျဉ်းကို အလေးစိုက်ထားခြင်းဖြစ်သည်။ အောင်မြင်မှု (သို့) ကျရှုံးမှုကို များစွာ သက်ရောက်မှုရှိနိုင်သည့် အခြားအချက်တစ်ချက်မှာ အုပ်ချုပ်သူများ၏ စည်းလုံးမှု (သို့) မစည်းလုံးမှုဖြစ်သည်။ *"အုပ်ချုပ်သူများအကြား စည်းလုံးမှုကိုဖြိုခွဲနိုင်သည့် အကြမ်းမဖက်လှုပ်ရှားမှုများသည် မကြာခဏဆိုသလို အောင်မြင်လေ့ရှိသည်"* (Wood, 2016: 142)။ အကြမ်းမဖက်လှုပ်ရှားမှု အများအပြားသည့် အုပ်ချုပ်သူနှင့် လက်နက်ကိုင်အင်အားစုများထံမှ စာနာသနားမှုကို ရယူကြသည်။ အဆိုပါအုပ်စုများက ဆန့်ကျင်သူများအပေါ် အကြမ်းဖက်ရန် (သို့) အန္တရာယ်ပေးရန် တွန့်ဆုတ်သွားသည်နှင့် လှုပ်ရှားမှုသည် အောင်မြင်ရန် အရေးပါသည့် အခြေအနေကို ရောက်ရှိနိုင်မည်ဖြစ်သည်။ အခြားသော အရေးပါသည့် အချက်တစ်ချက်မှာ တတိယအဖွဲ့များ၏ ပါဝင်မှုဖြစ်သည်။ ဝုဒ်ဆိုခဲ့သည့်အတိုင်း *"လက်နက်ကိုင် ပုန်ကန်မှုများသည် မကြာခဏဆိုသလို ၎င်းတို့ကို ငွေကြေးနှင့် လက်နက်များ ထောက်ပံ့ပေးသော ပြင်ပအဖွဲ့အစည်းများနှင့် နိုင်ငံများ ပါဝင်မှုအပေါ်တွင် မှီခိုနေသည်"* (Wood, 2016: 143)။ ထို့ကြောင့် ပြင်ပတတိယအင်အားစု၏ ဝင်ရောက်စွက်ဖက်ခြင်းသည် အကြမ်းမဖက်လှုပ်ရှားမှုများ၏ တန်ဖိုးကို ထိခိုက်စေမည်မှာ လွန်စွာဖြစ်နိုင်သည်။ တစ်ချိန်တည်းမှာပင် ဝုဒ် (2016) က အအောင်မြင်ဆုံး အကြမ်းမဖက် လုပ်ရပ်များသည် ပြင်ပ တတိယအင်အားစုများအပေါ် မှီခိုမှုအား လျှော့ချသင့်သည်ဟု ဆိုထားသည်။ မကြာခဏဆိုသလို ထိုကဲ့သို့သော ပါဝင်မှုများက လှုပ်ရှားမှုအပေါ် ထောက်ခံမှုနှင့် ပြည်သူတို့၏ စာနာမှုကို လျော့ကျစေသည်။ ထို့ပြင် ဝုဒ် (2006) က ထိုသို့သော ကမ်ပိန်းများတွင် သတင်းအချက်အလက်နည်းပညာ အသုံးပြုခြင်းက အကျိုးရှိသည်ဟု ဆိုထားသည်။ ဒစ်ဂျယ်တယ်မီဒီယာကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီနိုင်သည့်အခါ ထောက်ခံမှုကျယ်ပြန့်လာစေရန် ၎င်းတို့၏ ရည်မှန်းချက်များကို ဆက်သွယ်ရန်နှင့် ရှင်းပြရန် ကမ်ပိန်းပြုလုပ်သူများသည် အဆိုပါနည်းလမ်းကို အသုံးပြုသင့်သည်။

အကောင်းဆုံးအခြေအနေတွင် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး တည်ဆောက်ပုံများကို ပြောင်းလဲရန် အကြမ်းမဖက်မဟာဗျူဟာများ ရေးဆွဲပုံက အုပ်ချုပ်ခံများ၏ အုပ်ချုပ်သူများအပေါ် နာခံမှုနှင့် ပူးပေါင်းမှုတို့ကို လျှော့ချရမည်ဖြစ်သည်။ သို့ရာတွင် အကြမ်းမဖက်မဟာဗျူဟာချမှတ်ခြင်းသည်ပင် အကြမ်းဖက်သည့် အခြေအနေများကို ထည့်သွင်းစဉ်းစားရမည်။ အဘယ်ကြောင့်ဆိုသော် အစိုးရ (သို့) ပစ်မှတ်ထားသည့် အုပ်ချုပ်သူများက အကြမ်းဖက်မှုဖြင့် တုံ့ပြန်နိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ထို့ကဲ့သို့ လက်တုံ့ပြန်မှုများကို မည်သို့ကာကွယ်တားဆီးမည်ကို စဉ်းစားထားခြင်းက အမြဲတစေအသုံးဝင်သည်။ လက်တွေ့တွင်လည်း

နှစ်ဆယ်ရာစုနှင့် နှစ်ဆယ့်တစ်ရာစုမှ သမိုင်းကြောင်းများကို ကြည့်လျှင် ပစ်မှတ်ထားသည့် အုပ်ချုပ်သူများက အမြဲတစေ အကြမ်းဖက်မှုဖြင့် လက်တုံ့ပြန်လေ့ ရှိကြသည်။ အက်ကာမန်းနှင့် ကရူဂလာ (Ackerman and Kruegler) တို့ ထောက်ပြခဲ့သလို *"ရဲရင့်ပြီး ဉာဏ်ကောင်းကြသော အကြမ်းမဖက် ပဋိပက္ခ ကျင့်သုံးသူ အများအပြားသည် ခါးသီးပြီး တန်ဖိုးကြီးသည့် နှိမ်နင်းမှုနှင့် ရင်ဆိုင်ကြရသည်"* (Ackerman and Kruegler, 1994: 1)။

အက်ကာမန်းနှင့် ကရူဂလာ (Ackerman and Kruegler (1994: 23)) တို့က မဟာဗျူဟာမြောက်သော အကြမ်းမဖက် ပဋိပက္ခအတွက် စည်းမျဉ်းသုံးခုကို အဆိုပြုခဲ့သည်။ (၁) ဖော်ထုတ်ခြင်း၊ (၂) လုပ်ဆောင်ခြင်းနှင့် (၃) ကြံစည်ခြင်းတို့ဖြစ်သည်။ ပထမစည်းမျဉ်းက လုပ်ငန်းဆိုင်ရာ ရည်မှန်းချက်များ ချမှတ်ခြင်း၊ အဖွဲ့အစည်း အားသာချက်များ ဖော်ထုတ်ခြင်း၊ အရင်းအမြစ်များရရှိအောင် လုပ်ဆောင်ခြင်းနှင့် လုပ်ဆောင်နိုင်သမျှ ပိတ်ဆို့ကန့်သတ်ခြင်းများကို ချဲ့ထွင်ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် လက်တွေ့လုပ်ဆောင်သူများ အနေဖြင့် *"မဟာဗျူဟာမြောက် အကြမ်းမဖက် ပဋိပက္ခအတွက် အကျိုးအရှိဆုံး ပတ်ဝန်းကျင်ကို ဖန်တီးရန် မည်သည်တို့ကို လုပ်ဆောင်နိုင်သနည်း"* ဟူသည့် မေးခွန်းကို မေးရန် လိုအပ်မည် (Ackerman and Kruegler, 1994: 23)။

လုပ်ဆောင်ခြင်းစည်းမျဉ်းက ထိန်းချုပ်မှုရရှိရန်၊ အုပ်ချုပ်သူ၏ လက်နက်များ သက်ရောက်မှု အသံတိတ်သွားရန်၊ အကြမ်းမဖက်စည်းမျဉ်းကို စဉ်ဆက်မပြတ်ဆွဲကိုင်ထားရင်း အုပ်ချုပ်သူများအပေါ် ထောက်ခံမှုများ ကျဆင်းသွားစေရန် ပစ်မှတ်ထားသည် အုပ်ချုပ်သူများ၏ မဟာဗျူဟာကို တိုက်ခိုက်ရန် ရည်ရွယ်သည်။ ဤအခြေအနေတွင် မေးရမည့် မေးခွန်းမှာ *"ပဋိပက္ခစတင်လိုက်သည်နှင့် အကြမ်းမဖက် ကန့်သတ်ပိတ်ပင်ခြင်းများက အကြီးမားဆုံး အကျိုးသက်ရောက်မှု ရရှိစေရန် ယှဉ်ပြိုင်သူများနှင့် မည်ကဲ့သို့ ဆက်ဆံရမည်နည်း"* ဟူသည့် မေးခွန်းဖြစ်သည် (Ackerman and Kruegler, 1994: 23)။

နောက်ဆုံးအနေဖြင့် ကြံစည်ခြင်းစည်းမျဉ်းတွင် လှုပ်ရှားမှုများကို လုပ်ဆောင်သူများ၏ ထိခိုက်လွယ်မှုအပေါ်လိုက်၍ ချိန်ညှိနိုင်ခြင်းလုပ်ဆောင်နိုင်ကြောင်းနှင့် ကန့်သတ်ပိတ်ပင်ခြင်းများ၊ ယန္တရားများနှင့် ရည်မှန်းချက်များ ဆက်လက်လုပ်ဆောင်နိုင်မှုတို့ကို ထည့်သွင်းစဉ်းစားကာ မဟာဗျူဟာမြောက် ဆုံးဖြတ်ချက် ချမှတ်သည့် အဆင့်များကို စဉ်းစားပြီး လုပ်ရပ်များနှင့် လုပ်ငန်းများကို အကဲဖြတ်ခြင်းပါဝင်သည်။ မေးရမည့် မေးခွန်းမှာ *"ကျွန်ုပ်တို့ ယှဉ်ပြိုင်ဘက်အပေါ် လုပ်ထားပြီးသမျှကို မည်သို့ စဉ်းစားကြည့်နိုင်သနည်း၊ ပဋိပက္ခသာ ဆက်လက်ဖြစ်ပွားမည်ဆိုပါက ကျွန်ုပ်တို့ သူတို့ကို ဘာဆက်လုပ်ရန် ကြိုးစားနိုင်မည်နည်း"* ဟူသည့် မေးခွန်းများဖြစ်သည် (Ackerman and Kruegler, 1994: 23)။ အဆိုပါစည်းမျဉ်းများကို အသုံးပြုပြီး အကြမ်းမဖက် လုပ်ရပ်များကို စနစ်တကျ အစီအစဉ်ရေးဆွဲခြင်းနှင့် အကဲဖြတ်ခြင်းက လက်တွေ့ လုပ်ဆောင်သူများကို ထိုသို့သော ကမ်ပိန်းများအား ပို၍ အောင်အောင်မြင်မြင် ဦးစီးလုပ်ဆောင်နိုင်သည်။

ယခုအခန်းတွင် အကြမ်းမဖက်မှုကို ထိုစကားလုံး၏ မူလသဘောတရားနှင့် ယင်းကို ကျယ်ကျယ်ပြန့်ပြန့် မည်သို့ လက်ခံထားကြသည်ကို အဓိက အာရုံစိုက်ထားသည်။ အကြမ်းမဖက်ခြင်းဟူသည့် အသုံးအနှုန်းကို

ပဋိပက္ခအခြေအနေများအတွင်း ငြိမ်းချမ်းစွာ လုပ်ဆောင်သည့် လုပ်ရှားမှုများကို သဘောတရား ဖွင့်ဆိုရန် ရှေးဦးစွာ ဖန်တီးခဲ့သည်။ တစ်ချိန်တည်းမှာပင် ပဋိပက္ခဖြစ်ပွားချိန်တွင် အာဏာဆက်ဆံရေးများတွင် အမြဲပဋိပက္ခ ရှိနေမည်ဖြစ်သည်ဟု နားလည်ထားကြသည်။ တစ်ဖက်တွင်လည်း အကြမ်းဖက်သော လူမှုပဋိပက္ခများသည် အမြဲတစေ အစိုးရအာဏာပိုင်များက အကြမ်းဖက်မှုအသုံးပြုခြင်းနှင့် ဆက်စပ်နေသည်။ ထို့ကြောင့် အကြမ်းမဖက် လှုပ်ရှားမှုများသည် အမြဲလိုလို ထိုသို့သော အာဏာဆက်ဆံရေးများနှင့် ဆက်စပ်နေသည်။ သို့သော် ငြိမ်းချမ်းရေးလေ့လာမှုများ ပညာရပ်နယ်ပယ်တစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးလာပေရာ အကြမ်းမဖက် ပဋိပက္ခကို ပဋိပက္ခက အကြမ်းဖက်မှုအထိ အရှိန်တက်မသွားသေးသည့် အခြေအနေတစ်ခုဟုလည်း ညွှန်းဆိုနိုင်သည်။ သို့သော် အကြမ်းဖက်မှုကို ပဋိပက္ခ၏အဆင့်တစ်ခုဟု အလွယ်တကူ မဆိုသင့်ပေ။ အကြမ်းဖက်မှုသည် ပဋိပက္ခက အဆင့်တစ်ခုအထိ အရှိန်တက်သွားမှသာ ဖြစ်ပေါ်သည်။ သို့သော် ပဋိပက္ခတစ်ခု အကြမ်းဖက်သည့်အသွင်ဆောင်လာအောင် လုပ်ဆောင်နိုင်သည့် အချက်အများအပြားရှိသည်။ ထို့ကြောင့် ပဋိပက္ခတစ်ခု အရှိန်တက်လာစေမည့် အချက်များနှင့် အခြေအနေများ (သို့) အကြမ်းဖက်သော ပဋိပက္ခကို သာမာန်အခြေအနေနှင့် နောက်ဆုံး ပြန်လည်ရင်ကြားစေ့နိုင်ရန် အရှိန်လျော့ကျသွားစေသည့် အချက်များနှင့် အခြေနေများကို နားလည်ရန်လည်း လိုအပ်လာသည်။

## ၂.၄.၃ အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ ပဋိပက္ခ အရှိန်မြင့်လာခြင်းနှင့် အရှိန်လျော့သွားခြင်း

ရမ်စ်ဘော့သမ်၊ ဝုဒ်ဟောက်စ်နှင့် မီရယ်လ် (Ramsbotham, Woodhouse, and Miall (2016)) တို့က ပဋိပက္ခအခြေအနေများ၏ အဆင့်များကို ထည့်သွင်းစဉ်းစားပြီး *ပဋိပက္ခ အရှိန်မြင့်တက်ခြင်းနှင့် အရှိန်လျော့သွားခြင်း* သီအိုရီကို အဆိုပြုခဲ့သည် (ပုံ ၂.၁ တွင်ရှုပါ)။ ပဋိပက္ခသည် လူ့အဖွဲ့အစည်းအတွင်း ကွာခြားချက်များ ရှိခြင်းမှ ပေါ်ထွက်လာသည်။ လူတို့၏ ကိုယ်ပိုင်သရုပ်လက္ခဏာများနှင့် စရိုက်လက္ခဏာများက ဆင်တူခြင်းများရှိနိုင်သော်လည်း ထိုသို့သော ကွာခြားချက်များရှိခြင်းကို မငြင်းဆန်နိုင်ပေ။ ကွာခြားချက်များသည် လူသားတို့၏ သဘာဝတွင် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လူသားအားလုံးကို အတူတူဖြစ်ရန် ဖိအားမပေးနိုင်လေရာ ယင်းကို သည်းခံရမည်ဖြစ်သည်။ ဆင်တူချက်များက လူ့အဖွဲ့အစည်းအတွင်း ကိုယ်ပိုင်သရုပ်လက္ခဏာများနှင့် ဆက်စပ်မှုများ ပြုလုပ်နိုင်ရန် အထောက်အကူပြုသည် (Sen, 2007)။ လူသားတို့က ဆင်တူသော ကိုယ်ပိုင်သရုပ်လက္ခဏာများအကြား လူမှုဆက်စပ်မှုများ တည်ဆောက်ကြပြီး နောက်ဆုံးတွင် အုပ်စုများ ဖွဲ့လိုက်ကြသည်။ အုပ်စုတစ်စုတွင် အဖွဲ့ဝင်ဖြစ်ရန် လူတို့က ဆင်တူသော တန်ဖိုးများ၊ သဘောထားများ၊ အကျိုးစီးပွားများ ရှိရမည်ဖြစ်ပြီး အတူတကွဖြစ်သည်ဟု ခံစားရအောင် အုပ်စုအပေါ် သစ္စာစောင့်သိမှု ပြသရမည် ဖြစ်သည်။ လူထုအဖွဲ့များ ဖွဲ့စည်းရာတွင် အကျိုးရှိနိုင်သော်လည်း အဆိုပါ အတူတကွဖြစ်မှုက အခြားသူများကို ဘေးဖယ်ထုတ်ပြီး “အပြင်လူ” ဖြစ်မှုသဘောတရားကိုလည်း ဖန်တီးသည် (Sen, 2007)။

**သရုပ်ပြပုံ ၂.၁။ ပဋိပက္ခ အရှိန်တက်ခြင်းနှင့် အရှိန်လျော့သွားခြင်း**




Difference - ကွာခြားချက်

Contradiction - ဆန့်ကျင်ဘက်ဖြစ်မှု

Polarization - အုပ်စုကွဲသွားခြင်း

Violence - အကြမ်းဖက်မှု

War - စစ်ပွဲ

Ceasefire - အပစ်အခတ် ရပ်စဲခြင်း

Agreement - သဘောတူညီချက်

Normalization - ပုံမှန်ဖြစ်သွားခြင်း

Reconciliation - ပြန်လည်ရင်ကြားစေ့ရေး

**မူရင်း။** Ramsbotham, Woodhouse, and Miall, 2016: 15

ဆင်တူသော ကိုယ်ပိုင်သရုပ်လက္ခဏာများက လူတို့ကို အုပ်စုများနှင့် ၎င်းတို့ကိုယ်၎င်းတို့ ဆက်စပ်ရန် အားပေးသည်။ အုပ်စုတစ်စု၏ အဖွဲ့ဝင်များသည် အခြားအုပ်စုများ၏ အဖွဲ့ဝင်များနှင့် ကွာခြားသည့် တန်ဖိုးများ ရှိနိုင်သည်။ အကျိုးဆက်အနေဖြင့် အုပ်စုများအကြား ပဋိပက္ခများ ထွက်ပေါ်လာနိုင်ပြီး ကွာခြားချက်များကို ဆန့်ကျင်ဖီလာခြင်းဟု ရှုမြင်သည်အထိ အရှိန်တက်လာနိုင်သည်။ အထူးသဖြင့် မတူညီသော အုပ်စုများမှ အဖွဲ့ဝင်များက ၎င်းတို့၏ အတွေးအခေါ်များသည် ဆန့်ကျင်ဘက်ဖြစ်နေသည်ဟု ခံစားရသည့်အခါတွင်ဖြစ်သည်။ မကိုက်ညီဟု ယူဆထားသည့် သဘောထားများက ကိုယ်ပိုင်သရုပ်လက္ခဏာများ၏ ထိပ်တိုက်တွေ့မှု ဖြစ်လာသောအခါ ပဋိပက္ခအရှိန်မြင့်ခြင်းက အုပ်စုကွဲသွားသည့်အဆင့်သို့ ရောက်ရှိလာနိုင်သည်။ ဥပမာ ထိုင်းနိုင်ငံတွင် အစွန်းရောက် လက်ယာယိမ်းအုပ်စုများက အာဏာရှင်နှင့် ရှေးရိုးစွဲဝါဒီများ စွဲကိုင်ထားကြသည်။ ထို့ကြောင့် သူတို့က လစ်ဘရယ်တက်ကြွလှုပ်ရှားသူ မျိုးဆက်သစ်များကို သူတို့၏ သရုပ်လက္ခဏာကို ခြိမ်းခြောက်မှုအဖြစ် ရှုမြင်ပြီး သူတို့ကိုယ်သူတို့ နိုင်ငံ၏တည်ငြိမ်မှုအတွက် အာမခံပေးနိုင်သူများအဖြစ်

မှတ်ယူထားကြသည်။ ဆန့်ကျင်ဘက်အနေဖြင့် လစ်ဘရယ်တက်ကြွလှုပ်ရှားသူများက ရွေးရိုးစွဲများကို တိုးတက်ပြောင်းလဲမှုအတွက် အတားအဆီးဟု ရှုမြင်သည်။ အုပ်စုကွဲသွားသည့်အခါ အုပ်စုတစ်စုချင်းစီ၏ အဖွဲ့ဝင်များတွင် အတွေးအခေါ်များ ပို၍ အားကောင်းလာပြီး အုပ်စုကွဲသည့်ဖြစ်စဉ် ပို၍ ကြီးမားလာအောင် ၎င်းတို့၏ အတွေးအမြင်များကို အုပ်စုအတွင်းတွင် ပို၍ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေကြသည်။ အဆိုပါ သိမှုဖြစ်စဉ်မှတစ်ဆင့် အတွေးအခေါ်များသည် ဗဟုသုတများနှင့် ကျိုးကြောင်းဆက်စပ် အကြောင်းပြချက် ပေးထားသော ယုံကြည်မှုအစစ်အမှန်များဖြစ်လာကာ အုပ်စု၏စုပေါင်းတန်ဖိုးကို သတ်မှတ်ပေးသည်။ အရှိန်တက်ခြင်းနှင့် အရှိန်လျော့ကျခြင်း အဆင့်တစ်ဆင့်ချင်းစီ၌ အခြေအနေကိုဖြေရှင်းရန် ပဋိပက္ခယန္တရားများ နှင့် ကိရိယာများရှိလေရာ ထိုအခြေအနေတွင် ပဋိပက္ခအခြေအနေက အကြမ်းဖက်မှုအဆင့်အထိ အရှိန်တက်ချင်မှ တက်လာဦးမည်။ သို့သော် ထိုသို့သောအုပ်စုကွဲမှုများက အကြမ်းဖက်မှုသို့ အရှိန်တက်လာဖို့ ကျိန်းသေပေါက် ဖြစ်နိုင်သည်။

အကြမ်းဖက်မှုသို့ အရှိန်တက်လာနိုင်သည့် နိုင်ငံရေး အုပ်စုကွဲမှုများကို ၂၀၁၀ နှင့် ၂၀၁၄ ခုနှစ်တို့တွင် ထိုင်းနိုင်ငံ၌ တွေ့ရသည်။ အတိအကျဆိုရသော် အမုန်းစကားက အထူးသဖြင့် ဆန္ဒပြသူများ၏ လူသားဖြစ်မှုကို အဆင့်နှိမ့်ပစ်ပြီး ရုပ်ပိုင်းဆိုင်ရာအရအကြမ်းဖက်မှု လုပ်ဆောင်ရန် အဆင်သင့်ဖြစ်နေခဲ့သည်။ မတူညီသော ဆန္ဒပြသူအုပ်စုများအကြား အရှိန်မြင့်တက်လာသည့် ထိပ်တိုက်တွေ့မှုများက အာဏာပိုင်များကို ဝင်ရောက်စွက်ဖက်ရန်နှင့် စစ်တပ်ကိုအာဏာသိမ်းရန် ဖိတ်ခေါ်သလိုဖြစ်ခဲ့သည်။ ထိုင်းနိုင်ငံတောင်ပိုင်း အခြေအနေကလည်း အာဏာပိုင်များက ဒေသခံလူများစုအုပ်စု၏ ကိုယ်ပိုင်သရုပ်လက္ခဏာများကို တန်ဖိုးမထားသည့်အခါ အုပ်စု၏သဘောထားကို ထိပ်တိုက်တွေ့ခြင်းသို့ ဦးတည်စေပြီး ပဋိပက္ခက အကြမ်းဖက်မှုအထိ အရှိန်တက်သွားသည့် နောက်ထပ် ဥပမာတစ်ခုကို ပြသနေသည်။ တရားမျှတမှုမရှိခြင်း၊ လူမှုရေးနှင့် စီးပွားရေး တိုးတက်မှုများမရှိခြင်းတို့က အခြေအနေကို ပို၍ဆိုးရွားစေသည်။ ဤသည်က အာဏာပိုင်များနှင့် ဒေသခံများအကြား အုပ်စုကွဲမှုဖြစ်ပွားစေရန် ပြင်ဆင်ပေးသည်။ အကျိုးဆက်အနေဖြင့် ရန်လိုသောအပြုအမူ ဖြစ်ပေါ်လာပြီး လူသေစေသော အကြမ်းဖက်ပဋိပက္ခအသွင်သို့ ပြောင်းသွားသည်။

ကမ္ဘာမြေဆွဲငင်အားစည်းမျဉ်းက တက်သွားသည့်အရာမှာ နောက်ဆုံးတော့ ပြန်ကျလာရမည်ဖြစ်သည်။ ပဋိပက္ခများက အုပ်စုကွဲခြင်းမှ အကြမ်းဖက်မှုနှင့် စစ်ပွဲများသို့ အရှိန်တက်လာသည့် အခြေအနေမျိုးတွင် အပစ်အခတ်ရပ်စဲရန် တောင်းဆိုခြင်းဖြင့် စစ်ပွဲ၏ ဖျက်ဆီးမှုများကို တားဆီးရန် လိုအပ်သည်။ အပစ်အခတ် ရပ်စဲမှုများက ပဋိပက္ခဖြစ်နေသည့် အဖွဲ့များကို နိုင်ငံရေးနှင့် သံတမန်ရေး လုပ်ငန်းများ ပြန်လည်လုပ်ဆောင် နိုင်ရန်နှင့် ပဋိပက္ခကို သဘောတူညီချက်တစ်ခုသို့ ရွှေ့သွားနိုင်ရန် ငြိမ်းချမ်းရေး ဖြစ်စဉ်များ၌ ပါဝင်နိုင်အောင် အခွင့်အရေးပေးသည်။ သဘောတူညီချက်ရသည်နှင့် သာမာန်အခြေအနေသို့ ပြန်သွားနိုင်ခြေ မြင့်လာမည် ဖြစ်သည်။ ယခင်ကယှဉ်ပြိုင်ဘက်များ ပြန်လည်ရင်ကြားစေ့ပြီး နောက်ဆုံး ပြန်ဆက်သွယ်လာသည့်အခါ ခရီးစဉ်၏ နောက်ဆုံးအဆင့် ဖြစ်ပွားသည်။ ပဋိပက္ခ ထုတ်ဖော်မပြသမီ လူမှုဆက်ဆံရေးများမှာ စိတ်ကျေနပ်ဖွယ် ရှိနေပြီး ခါးသီးသည့်ပဋိပက္ခ ဖြစ်ပွားသည့်အခါ ကောင်းမွန်သောဆက်ဆံရေးများကို ဖျက်ဆီးပြီး နာကျည်းမှုများ နှင့် အစားထိုးလိုက်လေရာ ဖြစ်ရပ်အများအပြားတွင် ပြန်လည်ရင်ကြားစေ့ရေးဟူသည့် အသုံးအနှုန်းက

အရေးပါသည်။ ထို့ကြောင့် ပြန်လည်ရင်ကြားစေ့ရေးဆိုသည်မှာ ကောင်းမွန်သောဆက်ဆံရေး ကြိုးမျှင်များကို ပြန်ဆက်ခြင်းဖြစ်သည်။

အဆိုပါမူဘောင်ကို အကျယ်ချဲ့၍ မစ်ချယ်လ် (Mitchell (2014)) က ပဋိပက္ခအရှိန်တက်လာရသည့် အကြောင်းအရင်းများကို အောက်ပါအတိုင်း ရှင်းပြခဲ့သည်။ (၁) ပဋိပက္ခအရှိန်တက်လာခြင်းက ပဋိပက္ခ ဖြစ်နေသည့် အဖွဲ့အများအကြား တုံ့ပြန်မှုများမြင့်တက်လာခြင်းကို ပြသသည်၊ (၂) အရင်းအမြစ်များ ရရှိအောင် လုပ်ဆောင်ခြင်းက ပဋိပက္ခဖြစ်နေသည့် အဖွဲ့များက အရင်းအမြစ်များ စုဆောင်းရန် ကြိုးပမ်းခြင်းကို ပြသသည်၊ (၃) ပတ်သက်ဆက်နွယ်သူများ များပြားလာခြင်းက ပဋိပက္ခဖြစ်နေသည့် အဖွဲ့များက ပဋိပက္ခတွင် ပါဝင်ရန် မိတ်ဖက်ဖွဲ့ခြင်းဖြစ်ပြီး အခြေအနေကို ပို၍ ရှုပ်ထွေးစေသည်၊ (၄) အုပ်စုကွဲခြင်းသည် "အတူတကွရှိခြင်း" နှင့် "အပြင်လူဖြစ်ခြင်း" ခံစားချက်များကို မြင့်တက်လာစေပြီး အကြမ်းဖက်မှု ဖြစ်နိုင်ခြေကို မြင့်တက်လာစေသည့် ဖြစ်စဉ်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အမုန်းတရား၊ အကြောက်တရားနှင့် ရန်လိုမှုတို့ ပူးပေါင်းကာ ပဋိပက္ခ၏ နယ်ပယ်ကို မူရင်းဖြစ်ပွားစေသည့် အကြောင်းအရာထက် ကျော်လွန်သွားစေသည်၊ (၅) ပဋိပက္ခဖြစ်နေသည့် အဖွဲ့များက မည်သို့သော ဆက်ဆံပြောဆိုမှုကိုမဆို ငြင်းပယ်လိုက်သောအခါ အဆက်အဆံမလုပ်ခြင်း ဖြစ်ပွားစေပြီး ပတ်သက်ဆက်နွယ်သူများကို ၎င်းတို့၏ ပြိုင်ဘက်များထံမှ သတင်းအချက်အလက်များ ရရှိစေမည့် အခွင့်အလမ်းများကို ကန့်သတ်သည်၊ (၆) ပဋိပက္ခတွင်ပိတ်မိနေခြင်း ဆိုသည်မှာ ပတ်သက်ဆက်နွယ်သူများ/ဇာတ်ကောင်များက ၎င်းတို့တွင် ရှိသမျှအရင်းအမြစ်များ အသုံးပြုသည့်တိုင် အနိုင်ရရှိခြင်းမရှိသည့် ရှေ့မတိုးသာ၊ နောက်မဆုတ်သာ အခြေအနေကို ဖော်ပြသည်။ သို့သော် သူတို့က ထိပ်တိုက်တွေ့ခြင်းကို ဆက်လက်လုပ်ဆောင်ရုံမှတပါး ပဋိပက္ခကို ဖြေရှင်းရန် အခြားမည်သည့်နည်းလမ်းမှ မရှိဟု ယုံကြည်ထားကြသည်။

## ၂.၅ ပဋိပက္ခ ပုံဖော်ရေးဆွဲခြင်းနှင့် လေ့လာဆန်းစစ်ခြင်း[3]

ပဋိပက္ခများသည် အကြောင်းပြချက်မရှိဘဲ ပေါ်ပေါက်လာခြင်း မရှိပေ။ ဆိုးရွားသည့် အခြေအနေများနှင့် အခြားအကြောင်းအရာများက ပဋိပက္ခအခြေအနေများကို ပေါ်ပေါက်စေသည်။ အဆိုပါ ဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် အချက်အလက်များက ပဋိပက္ခအဆင့် (သန္ဓေတည်လာချိန်၊ ငုပ်လျှိုးနေချိန်၊ ထုတ်ပေါ်ပြသချိန် (သို့) ရန်လိုစွာ ထုတ်ပေါ်ပြသချိန်) ပေါ် မူတည်ပြီး များသောအားဖြင့် ကွာခြားမှုရှိသည်။ ပဋိပက္ခအခြေအနေတစ်ရပ်ကို စနစ်တကျလေ့လာသုံးသပ်နိုင်ရန် သင့်လျော်သော ဗဟုသုတများ၊ စွမ်းဆောင်ရည် များနှင့် ကိရိယာများ ရယူခြင်းဖြင့် ထိုအခြေအနေများကို နားလည်အောင် လုပ်ဆောင်ရမည်။ ထိုသို့လုပ်ဆောင်ခြင်းကို *ပဋိပက္ခပုံဖော်ရေးဆွဲခြင်းနှင့် လေ့လာသုံးသပ်ခြင်း*ဟု ခေါ်သည်။

ပဋိပက္ခပုံဖော်ရေးဆွဲခြင်းက အခြေအနေတစ်ရပ်လုံးကို ခြုံငုံသုံးသပ်နိုင်ရန် ကူညီပေးသည်။ ပုံဖော်ရေးဆွဲရန် လုပ်ဆောင်ရာတွင် ပဋိပက္ခ၏နောက်ခံနှင့် သမိုင်းတို့ကို ရှေးဦးစွာ လေ့လာဆန်းစစ်သည်။ အဘယ်ကြောင့် ဆိုသော် အရှုပ်ထွေးဆုံး ပဋိပက္ခပင် တစ်ခုခုက စတင်ရမည်ဖြစ်သည်။ စတင်ရန် သိသာထင်ရှားသော ဖြစ်ရပ်များ

[3] ယခုအပိုင်းကို Ichsan Malik, Norbert Ropers, and Kamarulzaman Askandar တို့က ပါဝင်ရေးသားထားသည်။

ဖြစ်ပွားခဲ့သည့် အချိန်များက ပဋိပက္ခ၏ အတက်အကျ သဘောတရားကို ပြသနိုင်မည်ဖြစ်သည်။ ယင်းကို ပဋိပက္ခအား ယခင်က အရှိန်မြင့်လာအောင် လုပ်ဆောင်ပေးခဲ့သည့် ဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ အခြေအနေနှင့် ဆွပေးသည့် ကိစ္စရပ်များကို ထုတ်ဖော်ရန်လည်း အသုံးပြုနိုင်သည်။ ပဋိပက္ခ ပုံဖော်ရေးဆွဲထားခြင်းက ပါဝင်သည့် အဖွဲ့များနှင့် အခြားသော ပတ်သက်ဆက်နွှယ်သူများကို စောင့်ကြည့်ရန် အထူးသဖြင့် ၎င်းတို့၏ လိုအပ်ချက်များ အကြောက်တရားနှင့် ဆက်ဆံရေးများကို ရှာဖွေဖော်ထုတ်နိုင်သည်။ ထပ်တူကျသည့် အကျိုးစီးပွားများကို ရှာဖွေဖော်ထုတ်ရန်လည်း အရေးကြီးသည်။ ယင်းတို့က အဖွဲ့များကို စုစည်းစေပြီး ပဋိပက္ခအခြေအနေကို ကျော်လွှားရန် လုပ်နိုင်သည့် အရာအချို့ကို အကြံပြုနိုင်သည်။ ပဋိပက္ခများသည် အဆင့်အမျိုးမျိုး၌ ကိစ္စရပ်အများအပြားကြောင့် အရှိန်တက်လာနိုင်သည်။ ယင်းတို့က နိုင်ငံများအကြား (သို့) ပြည်တွင်း၌ ဖြစ်ပွားနိုင်သည်။ ဥပမာ ပဋိပက္ခများသည် တော်လှန်ရေး ဖြစ်နိုင်သည် (သို့) နိုင်ငံ ဖွဲ့စည်းခြင်း၊ လူမျိုးနှင့် ဘာသာ၊ ပြည်သူ့ရေးရာ မူဝါဒ (သို့) ဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုနိုင်ငံရေး ကိစ္စရပ်များနှင့် ဆက်စပ်နိုင်သည်။ ပဋိပက္ခကို မည်သို့ ချဉ်းကပ်မည်က ယင်းကို မည်သို့ သတ်မှတ်သည့်အပေါ် မူတည်သည်။ ထို့ပြင် ပဋိပက္ခအခြေအနေများကို စီမံခန့်ခွဲ၊ ဖြေရှင်း၊ အသွင်ပြောင်းရန် ယခင်က ကြိုးပမ်းခြင်းများကိုလည်း လေ့လာဆန်းစစ်သင့်သည်။ အဘယ်ကြောင့်ဆိုသော် သင်ခန်းစာများကို ရှာဖွေဖော်ထုတ်ခြင်းက အရေးကြီးသောကြောင့် ဖြစ်သည်။ နောက်ဆုံးအနေဖြင့် ပဋိပက္ခ ပုံဖော်ရေးဆွဲခြင်း လုပ်ဆောင်ချက်များက အခြေအနေဆိုးလာနိုင်သည့် နေရာများကို သိလာရန် အသုံးဝင်ပြီး မြေပြင်ပေါ်တွင် ဖြစ်ပွားနေသည်များကို အခြေခံ၍ ကြိုတင် သတိပေးမှုများ လုပ်ဆောင်နိုင်ကာ ဝင်ရောက်စွက်ဖက်မှုများ လုပ်ဆောင်နိုင်ဖို့ ပြင်ဆင်မှုများ ဆောင်ရွက်နိုင်သည်။

ပဋိပက္ခပုံဖော်ရေးဆွဲခြင်းနှင့် လေ့လာဆန်းစစ်ခြင်းတို့ကို စတင်ရန် အောက်ပါအချက်အလက်များကို ဦးစွာ စုစည်းရမည်။

(၁) ပဋိပက္ခကို အကျဉ်းချုပ် ဖော်ပြခြင်း
(၂) ပဋိပက္ခ သမိုင်း - စတင်ပုံနှင့် အဓိက ဖြစ်ရပ်များ
(၃) ပဋိပက္ခ နောက်ခံအခြေအနေ - ပထဝီဝင် နယ်ပယ်သတ်မှတ်မှုများ၊ နိုင်ငံရေး တည်ဆောက်ပုံများ၊ ဆက်ဆံရေးများ၊ ဆုံးဖြတ်ချက်ချမှတ်ရေး နည်းလမ်းများ၊ လူများအကြား နောက်ခံအခြေအနေများ၊ နိုင်ငံတကာ နောက်ခံအခြေအနေများ
(၄) ပဋိပက္ခဖြစ်ပွားသည့် အဖွဲ့များ - အဓိက အဖွဲ့များ၊ အခြားပါဝင်သည့် အဖွဲ့များ၊ စိတ်ပါဝင်စားသူ တတိယအဖွဲ့များ၊ အာဏာဆက်ဆံရေး သဘောသဘာဝ၊ ခေါင်းဆောင်မှု၊ အဖွဲ့များ၏ အဓိက ရည်မှန်းချက်များနှင့် ပူးပေါင်းရန်အတွက် ဖြစ်နိုင်ခြေများ
(၅) ပြဿနာများ - *အချက်အလက်အခြေပြု ပြဿနာ - မည်သည်* ဟူသည့် ဆုံးဖြတ်ချက် (သို့) အမြင်အပေါ် သဘောထားကွဲလွဲခြင်း၊ *တန်ဖိုးအခြေပြု ပြဿနာ - မည်သို့ဖြစ်သင့်သည်* ဟူသည့်အပေါ် သဘောထားကွဲလွဲခြင်း၊ *အကျိုးစီးပွားအခြေပြု ပြဿနာ* - အာဏာ၊ ဥစ္စာဓနနှင့် နယ်မြေ အစရှိသည့် ရှားပါးသော အရင်းအမြစ်များ ခွဲဝေရာတွင် *မည်သူက မည်သည်ကို ရသင့်သည်* ဟူသည့်အပေါ် သဘောထားကွဲလွဲခြင်း

(၆) အခြေအနေ - အငြင်းပွားမှု ထွက်ပေါ်လာမည်ဟု ညွှန်ပြနေသည့် ဖြစ်ရပ်များ၊ ထွက်ပေါ်လာသည့် ပြဿနာများ၊ အသွင်ပြောင်းလဲခြင်း၊ စိမ့်ဝင်ခြင်း၊ အုပ်စုများကွဲသွားခြင်း၊ အခြေအနေ ပိုဆိုးလာခြင်း၊ ပုံစံခွက်အမြင်ထားရှိခြင်း

(၇) စီမံခန့်ခွဲခြင်းနှင့် ဖြေရှင်းရန် ကြိုးပမ်းခြင်း - ရလဒ်များ၊ အခြားရွေးချယ်စရာများနှင့် သက်ရောက်မှုများ

## ၂.၅.၁ ပဋိပက္ခပုံဖော်ရေးဆွဲရန် နည်းလမ်းများ

ထိုဖြစ်စဉ်ကို ရှင်းလင်းသွားအောင် *ကြက်သွန်နီ နှိုင်းယှဉ်နည်း (onion analogy)* (ပဋိပက္ခဖြစ်နေသော အဖွဲ့များ၏ လိုအပ်ချက်များ၊ အကျိုးစီးပွားများနှင့် သဘောထားများကို ပုံဖော်ရေးဆွဲကြည့်သည့်နည်း)၊ *ပဋိပက္ခသစ်ပင်* (အဓိကပြဿနာ၊ ပြဿနာ အရင်းအမြစ်များနှင့် ပဋိပက္ခ၏ အကျိုးဆက်များကို ပုံဖော်ရေးဆွဲကြည့်သောနည်း) နှင့် *ပဋိပက္ခ ပုံဖော်ရေးဆွဲသည့်* လေ့ကျင့်ခန်း (ပါဝင်သော အဓိက ဇာတ်ကောင်များနှင့် ၎င်းတို့အကြား ဆက်ဆံရေးကို ဆန်းစစ်သည့်နည်းလမ်း) အစရှိသည့် နည်းလမ်းအများအပြား အသုံးပြုနိုင်သည် (Fisher et al, 2000)။ ပဋိပက္ခ၏ အချိန်ဇယားနှင့် တိုးတက်ပြောင်းလဲမှုများကို ပုံဖော်ရေးဆွဲထားခြင်း၊ အဓိကဇာတ်ကောင်များ ၏ လိုအပ်ချက်များနှင့် အကြောက်တရားများကို လေ့လာသုံးသပ်ခြင်းတို့အား အထောက်အကူပြုသည့် အခြားသော နည်းလမ်းများလည်း ရှိသည်။

ပဋိပက္ခဖြစ်နေသောအဖွဲ့များ၏ မတူညီသောသဘောထားများကို လေ့လာဆန်းစစ်ရန် ကြက်သွန်နီ နှိုင်းယှဉ်နည်းကို အသုံးပြုနိုင်ပြီး အလွှာသုံးလွှာ ပါရှိသည်။ အပြင်ခွံ (သို့) ပထမအလွှာသည် ပဋိပက္ခတွင်ပါဝင်သည့် အဖွဲ့များအားလုံး မြင်ရသည့် ရပ်တည်ချက်ဖြစ်သည်။ ဒုတိယအလွှာသည် အုပ်စုတစ်စုချင်း၏ အန္တိမ ရည်မှန်းချက် (သို့) မျှော်မှန်းချက်ဖြစ်ပြီး ပဋိပက္ခဖြေရှင်းရာတွင် ၎င်းတို့ ဖြစ်လိုသည့်အရာများကို ညွှန်ပြသည်။ ဥပမာ အားလုံးကို တန်းတူဆက်ဆံခြင်းမျိုးဖြစ်သည်။ တတိယအလွှာတွင် လိုလားချက် (သို့မဟုတ် လိုအပ်ချက်) ပါဝင်သည်။ သို့ရာတွင် အုပ်စုတစ်စုချင်းစီအတွက် အရေးအပါဆုံးလိုအပ်ချက်က မည်သည်နည်းဆိုသည်ကို ဦးစွာ နားလည်ရမည် ဖြစ်သည်။ ဥပမာတစ်ခုမှာ အဖွဲ့များအားလုံးအကြား လုံခြုံရေးနှင့် လေးစားမှုကို ထိန်းသိမ်းထားရန်ဖြစ်သည်။ အုပ်စုများ ၎င်းတို့ကိုယ်တိုင် လုပ်ဆောင်သည့်အခါ ကြက်သွန်နီ နှိုင်းယှဉ်နည်းက အထူးအသုံးဝင်သည်။

ပဋိပက္ခသစ်ပင်က သဘောထားကွဲလွဲမှုဖြစ်ရသည့် အဓိကပြဿနာများကို ဖော်ထုတ်ရန် သစ်ပင်နှင့် နှိုင်းယှဉ်သည့် နည်းလမ်းဖြစ်သည်။ ထိုသို့သော လေ့လာသုံးသပ်မှုတွင် အမျိုးအစား သုံးမျိုး ပါရှိသည်။ ရှေးဦးစွာ သစ်ပင်၏အမြစ်များသည် ပဋိပက္ခဖြစ်ရသည့် အကြောင်းရင်းခံများနှင့် တူညီသည်။ ဒုတိယ သစ်ပင်၏ပင်စည်မှာ အဓိကပြဿနာ (သို့) အဓိက ပဋိပက္ခဖြစ်ရသည့် ကိစ္စရပ်ကို ညွှန်းဆိုသည်။ တတိယ သစ်ပင်၏ အကိုင်းအခက်များမှာ ပဋိပက္ခ၏ အမျိုးမျိုးသော အကျိုးဆက်များ (သို့) သက်ရောက်မှုများကို ညွှန်းဆိုသည်။ အဆိုပါပြဿနာ အစီအစဉ်များကို လေ့လာသုံးသပ်ခြင်းဖြင့် ယင်းတို့ကို နားလည်ရန်နှင့် ဖြေရှင်းရန် ထိရောက်သည့် နည်းလမ်းများကို ရှာဖွေနိုင်မည်ဟု မျှော်လင့်ရသည်။

ပဋိပက္ခပုံဖော်ရေးဆွဲခြင်းသည် ပါဝင်သော အဖွဲ့အမျိုးမျိုးနှင့် ၎င်းတို့အကြား ဆက်ဆံရေးများကို ဖော်ပြသည့် မြင်ရအောင် လုပ်ဆောင်သော နည်းလမ်းတစ်ခုဖြစ်သည်။ ပဋိပက္ခပုံဖော်ရေးဆွဲခြင်းက ပဋိပက္ခကို အကဲဖြတ်သူများအား ပတ်သက်ဆက်နွှယ်သူများ (ဇာတ်ကောင်များ) ၏ အခန်းကဏ္ဍများနှင့် ဆက်ဆံရေးများကို ဖော်ထုတ်နိုင်ရန် အထောက်အကူပြုသည်။ ပုံတစ်ခုဖန်တီးရန် အဓိကအဖွဲ့များသာမက သွယ်ဝိုက်၍ ပါနေသည့် အဖွဲ့များ၊ ထောက်ခံသူများနှင့် အခြားသော စိတ်ပါဝင်စားသည့် ပတ်သက်ဆက်နွှယ်သူများ ပါဝင်သော အဖွဲ့များအားလုံးကို ရှာဖွေဖော်ထုတ်ရမည်။ ထိုသို့လုပ်ဆောင်ရာတွင် ဆက်ဆံရေးများ၊ မိတ်ဖက်ဖွဲ့မှုများ၊ ပြဿနာများနှင့် အုပ်စုများအကြား အမုန်းတရားများကိုလည်း လေ့လာသုံးသပ်ရမည်။ အကျိုးဆက်အနေဖြင့် ပါဝင်သည့် အဓိက ဇာတ်ကောင်များနှင့် ပဋိပက္ခကို ဖြေရှင်းရာတွင် ထောက်ပံ့ကူညီခြင်း အပါအဝင် ၎င်းတို့၏ အခန်းကဏ္ဍများကို ကောက်ချက်ရေးဆွဲခြင်းများ ပြုလုပ်ရမည်။ ပဋိပက္ခ ပုံဖော်ရေးဆွဲခြင်းက ပဋိပက္ခ၏ အခြေအနေများကိုလည်း ရှင်းလင်းအောင် လုပ်ဆောင်ပေးပြီး အကြမ်းဖက်မှု ပြန်လည်ဖြစ်ပေါ်လာခြင်းကို ရှောင်ရှားနိုင်ရန် ပဋိပက္ခဖြေရှင်းရေးဖြစ်စဉ် ရေးဆွဲရာတွင် အသုံးဝင်မည့် ရှင်းလင်းသော ပုံစံတစ်ခုကို ဖန်တီးပေးသည်။ ပဋိပက္ခ အကဲဖြတ်သုံးသပ်ရန်အတွက် အခြား အသုံးဝင်သော နည်းလမ်းများတွင် ပဋိပက္ခ၏ အချိန်ကာလကို လေ့လာခြင်း၊ အဓိကဇာတ်ကောင်များ၏ လိုအပ်ချက်များနှင့် အကြောက်တရားများကို လေ့လာသုံးသပ်ခြင်းများ ပါဝင်သည်။

အောက်ပါ ဆွေးနွေးမှုများက အဆိုပါနည်းလမ်းအချို့ကို အာဖဂန်နစ္စတန်နှင့် ထိုင်းနိုင်ငံတောင်ပိုင်းမှ ပဋိပက္ခများကို ပုံဖော်ရေးဆွဲကြည့်ရာတွင် မည်သို့အသုံးပြုခဲ့သည်ကို ဆန်းစစ်လေ့လာသွားပါမည်။ အာဖဂန်နစ္စတန်နှင့် စပ်လျဉ်း၍ သမိုင်းကြောင်းနှင့် အချိန်ကာလ နည်းလမ်းနှင့် ပဋိပက္ခ အကြောင်းရင်းခံနှင့် ပုံဖော်ရေးဆွဲနည်းလမ်းများကို အသုံးပြု၍ အခြေအနေကို သုံးသပ်သွားမည်ဖြစ်သည်။ ထို့နောက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပဋိပက္ခအခြေအနေကို လိုအပ်ချက်များနှင့် အကြောက်တရားများ နည်းလမ်းနှင့် ပဋိပက္ခကို မောင်းနှင်သည့်အချက်များ နည်းလမ်းများကို အသုံးပြုပြီး လေ့လာဆန်းစစ်သွားပါမည်။

ပထမနည်းလမ်းမှာ ပဋိပက္ခ၏သမိုင်းကို လေ့လာရန်ဖြစ်သည်။ ဤသည်က အခြေခံအားဖြင့် အချိန်ကာလတစ်ခုနှင့် နေရာဒေသတစ်ခုအတွင်း ပဋိပက္ခဖြစ်ရပ်များ အရှိန်မြင့်လာခြင်းနှင့် လျော့ကျသွားခြင်းတို့ကို ဖော်ပြသည်။ ပဋိပက္ခက မည်သည့်အချိန်က ပထမဆုံးဖြစ်ပွားသနည်း။ မည်သည့်ဖြစ်ရပ်ဖြစ်ပွားခဲ့သနည်း (သို့) မည်သည့်ဖြစ်ရပ်က ပဋိပက္ခကို ပထမဆုံး ဖြစ်ပွားစေခဲ့သနည်း။ ဤသည်က အငြင်းပွားမှုလား၊ နယ်မြေခွဲထွက်မှုများ (သို့) ယင်းက နိုင်ငံရေးတက်ကြွလှုပ်ရှားသူ တစ်ဦးကို သတ်ဖြတ်ခြင်းကြောင့်လား။ သမိုင်းကြောင်းက ပဋိပက္ခစတင်ဖြစ်ပွားသည့် စမှတ်မှ စတင်ရမည်ဖြစ်ပြီး လက်ရှိအခြေအနေထိ ဆက်သွားရမည်ဖြစ်ကာ ပဋိပက္ခအရှိန်တက်ခြင်းနှင့် အရှိန်လျော့သွားခြင်းအားလုံး ပါဝင်ရမည်ဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ ပဋိပက္ခသမိုင်းကို အောက်တွင် ပြထားသည်။

## သရုပ်ပြပုံ ၂.၂။ အာဖဂန်နစ္စတန်နိုင်ငံ၏ ပဋိပက္ခသမိုင်း




၁၉၇၃ - ဘုရင်စနစ် အဆုံးသတ်ပြီး အာဖဂန်နစ္စတန် သမ္မတနိုင်ငံကို စတင်တည်ထောင်ခဲ့သည်။
၁၉၇၈ - ဆောတော်လှန်ရေး (ကွန်မြူနစ်)
၁၉၈၆ - အမေရိကန်နိုင်ငံက မူဂျာဟာဒင်းကို ထောက်ပံ့ခဲ့သည်။
၁၉၈၈ - ဂျနီဗာ သဘောတူညီချက်
၁၉၉၂ - ဘာဟာနူဒင် ရာဘာနီက အကူးအပြောင်းကာလ သမ္မတဖြစ်လာသည်။
၁၉၉၆ - တာလီဘန်များက ကဘူးလ်ကို ထိန်းချုပ်လိုက်သည်။
၁၉၉၆ - တာလီဘန်ဆန့်ကျင်ရေး လှုပ်ရှားမှုများက ပြည်တွင်းစစ်ကို စတင်စေခဲ့သည်။
၂၀၀၁ - ဘွန်းသဘောတူစာချုပ်
၂၀၀၂ - ကုလသမဂ္ဂ လုံခြုံရေး အကူအညီ
၂၀၀၂ - လွိုင်ယာဂျာဂါ
၂၀၀၄ - ဟာမစ်ကာဇိုင်းကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။
၂၀၀၇ - ဘိန်းထုတ်လုပ်မှု အထူးမြင့်မားလာခဲ့သည်။
၂၀၀၈ - အမေရိကန်နိုင်ငံက တပ်သားများ စေလွှတ်ခဲ့သည်။
၂၀၁၄ - အက်ရှ်ရာဖ်ဂါနီ သမ္မတဖြစ်လာသည်
၂၀၁၈ - အာဖဂန်နစ္စတန်တွင် ငြိမ်းချမ်းရေးအတွက် ဂျာကာတာ အူလ်မာ ညီလာခံကို ကျင်းပခဲ့သည်။

**မူရင်း။** Ichsan Malik

၎င်း၏ ကာလရှည်ကြာသော ပဋိပက္ခသမိုင်းကြောင်းကြောင့် အာဖဂန်နစ္စတန်ကို ဥပမာအဖြစ် ရွေးချယ်ထားခြင်း ဖြစ်သည်။ ၎င်း၏ အရင်းအမြစ်များနှင့် ဇာတ်ကောင်များကိုလည်း ရှင်းရှင်းလင်းလင်း သတ်မှတ်ပြီး မှတ်တမ်းတင်ထားသည်။ အာဖဂန်နစ္စတန်နိုင်ငံမှ ပဋိပက္ခသည် ၁၉၇၃ ခုနှစ် ဘုရင်စနစ်ပျက်သုဉ်းပြီး

အာဖဂန်သမ္မတနိုင်ငံ စတင်ပေါ်ပေါက်လာချိန်မှစ၍ စတင်ခဲ့ခြင်းဖြစ်သည်။ သေဆုံးဒဏ်ရာရမှုများစွာ ရှိခဲ့သော်လည်း ထိုအချိန်တွင် ပဋိပက္ခအရှိန်မြင့်ခြင်းက အကန့်အသတ်ဖြင့် အကြမ်းဖက်သည့်အဆင့်၌သာ ရှိသေးသည်။ ၁၉၇၈ ခုနှစ်တွင် ဆိုဗီယက်ယူနီယံက ဝင်ရောက်ကျူးကျော်သည့်အခါနှင့် ၁၉၈၆ ခုနှစ်တွင် အမေရိကန်နိုင်ငံကပါ ဝင်ရောက်စွက်ဖက်လာသည့်အခါ သေဆုံးဒဏ်ရာရမှုများ ပို၍မြင့်တက်လာသည်။ ၁၉၈၈ ခုနှစ်တွင် ဂျနီဗာသဘောတူညီချက်ကြောင့် သေဆုံးဒဏ်ရာမှုများ သိသိသာသာလျော့ကျသွားပြီး ဘာဟာနူဒင် ရာဘာနီကို သမ္မတအဖြစ် ရွေးချယ်လိုက်သည့်အခါ သေဆုံးဒဏ်ရာရမှုများ ဆက်လက်လျော့ကျသွားခဲ့သည်။ ၁၉၉၆ ခုနှစ်တွင် တာလီဘန်များက ကဘူးလ်ကို သိမ်းပိုက်လိုက်ပြီး ပြည်တွင်းစစ်ဖြစ်ပွားသည့်အခါ အကြမ်းဖက်မှုများ အထွတ်အထိပ်သို့ ရောက်ရှိသွားခဲ့သည်။ ဘွန်းသဘောတူစာချုပ်အပြီး အကြမ်းဖက်မှုများ လျော့ကျသွားခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ ဝင်ရောက်လာပြီး ဟာမစ်ကာဇိုင်း သမ္မတအဖြစ် ရွေးကောက်ခံရသည့်အခါ အကြမ်းဖက်မှုများ ဆက်လက်ကျဆင်းသွားခဲ့သည်။ သို့သော်ငြားလည်း ၂၀၀၈ ခုနှစ်တွင် အမေရိကန်နိုင်ငံက တပ်ဖွဲ့များ စေလွှတ်လိုက်သည့်အခါ အခြေအနေက ဆိုးရွားသွားပြန်သည်။ ၂၀၁၄ ခုနှစ်တွင် အက်ရှ်ရာဖ်ဂါနီ သမ္မတအဖြစ် ရွေးကောက်ခံရသည့်အခါ အကြမ်းဖက်မှုများ တဖန်လျော့ကျသွားပြီး ဂျကာတာတွင် ၂၀၁၈ ခုနှစ် အစ္စလာမ်မစ် ခေါင်းဆောင်များ ညီလာခံကျင်းပသည့်အခါ အကြမ်းဖက်မှုများ ဆက်လက်ကျဆင်းသွားခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ယနေ့ချိန်အထိ ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေပြီး အကြမ်းဖက်မှုကို ထိန်းချုပ်၍ မရနိုင်ဘဲ နိုင်ငံ၏ဒေသအများစုမှာ ယခုအခါ တာလီဘန်များ၏ ထိန်းချုပ်မှုအောက်တွင် ကျရောက်နေပြီ ဖြစ်သည်။

ပဋိပက္ခအရင်းအမြစ်များကို လေ့လာဆန်းစစ်သည့် ဒုတိယနည်းလမ်းမှာ ပဋိပက္ခအချက်အလက်များကို စာရင်းပြုစုသည့် နည်းလမ်းဖြစ်သည်။ ယင်းတို့တွင် ပဋိပက္ခကိုဆွပေးသည့်အရာများ၊ ပဋိပက္ခအားပေးသည့် အရာများနှင့် ပဋိပက္ခဖြစ်ရသည့်အရင်းခံများ ပါဝင်သည်။ အာဖဂန်နစ္စတန်ဖြစ်ရပ်တွင် ပဋိပက္ခကို ဆွပေးသည့်အရာမှာ ပြည်သူတို့ကို ထိခိုက်နေသည့် ကိစ္စရပ်များကို ကိုင်တွယ်ရန် နိုင်ငံတော်က ဆိုးရွားစွာ ပျက်ကွက်ခြင်းဖြစ်သည်။ ဤသည်ကို အာဏာလုခြင်းနှင့် ဘုရင်စနစ်၊ ကွန်မြူနစ်အစိုးရ၊ သမ္မတစနစ် (သို့) တာလီဘန်လက်အောက်မှ အစ္စလာမ်မစ်အစိုးရ အစရှိသည့် အစိုးရပုံစံတစ်မျိုး ရွေးချယ်နိုင်ခြင်းမရှိခြင်းတို့တွင် တွေ့နိုင်သည်။ ဒုတိယအနေဖြင့် ပဋိပက္ခသည် ပထမ ဆိုဗီယက်ယူနီယံနှင့် အမေရိကန်ပြည်ထောင်စုတို့၏ ဝင်ရောက်ကျူးကျော်ခြင်းကြောင့် အရှိန်မြင့်လာသည်။ အချို့က ယင်းမှာ ပရမ်းပတာဖြစ်သွားရသည့် အဓိက အကြောင်းအရင်းဖြစ်သည်ဟု ထောက်ပြကြသည်။ သို့ရာတွင် အာဖဂန်နစ္စတန်နိုင်ငံတွင် ပဋိပက္ခဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းမှာ ဆင်းရဲမွဲတေမှု၊ ပညာရေးနိမ့်ကျမှု၊ အစွန်းရောက် အဖွဲ့အစည်းများ၊ စစ်ဘုရင်များနှင့် စပ်လျဉ်းပြီး လူမျိုးစုအကွဲအပြဲများ၊ ယုံကြည်မှုပြဿနာများနှင့် ပါကစ္စတန်နှင့် အီရန် ကဲ့သို့သော အိမ်နီးချင်းနိုင်ငံများ၏ ဝင်ရောက်စွက်ဖက်မှုကဲ့သို့သော အခြားသော အကြောင်းအရင်းများလည်း ရှိသေးသည်။

### သရုပ်ပြပုံ ၂.၃။ အာဖဂန်နစ္စတန်နိုင်ငံမှ ပဋိပက္ခ၏အရင်းအမြစ်များနှင့် အချက်အလက်များ

**ပဋိပက္ခဖြစ်ရသည့် အခြေခံအကြောင်းအရင်းများ**
လူမျိုးစု အကွဲအပြဲများ၊ ဘာသာရေး ပြဿနာများ၊ ယုံကြည်မှု ပြဿနာများ
အိမ်နီးချင်းနိုင်ငံ၊ အစွန်းရောက် တော်လှန်ရေး၊ ဆင်းရဲမွဲတေမှု၊ ပညာရေး

**တွန်းအားပေးသည့်အရာများ**
နိုင်ငံတကာ အင်အားစုများ

**ဆွပေးသည့်အရာများ**
ကျရှုံးနိုင်ငံဖြစ်ခြင်း

**မူရင်း**။ Ichsan Malik

ပဋိပက္ခဇာတ်ကောင်များကို ပုံရေးဆွဲသည့်နည်းလမ်းက ၎င်းတို့၏သဘောထား၊ အင်အား၊ လွှမ်းမိုးမှု၊ ဆက်နွှယ်မှုနှင့် ဆက်ဆံရေးတို့ကို ထည့်သွင်းစဉ်းစားသည်။

### သရုပ်ပြပုံ ၂.၄။ အာဖဂန်နစ္စတန်နိုင်ငံ၏ ပဋိပက္ခမြေပုံ



သင်္ကေတ

(က) အဖြူအမဲမကွဲသော ဆက်စပ်မှု

(ခ) ရန်လိုသော

(ဂ) ပဋိပက္ခ

(ဃ) နည်းပညာပိုင်းအရ မိတ်ဖက်

(င) ဗျူဟာမြောက် မိတ်ဖက်

**မူရင်း။** Ichsan Malik

ပထမအဆင့်မှာ ပြည်တွင်းနှင့် ပြည်ပ ဇာတ်ကောင်များအပါအဝင် အာဖဂန်နစ္စတန်၏ ပဋိပက္ခတွင်ပါဝင်သည့် ဇာတ်ကောင်များအားလုံးကို ရှာဖွေဖော်ထုတ်ရန်ဖြစ်သည်။ အထက်ပါရေးဆွဲပုံအရ ပြည်တွင်း ဇာတ်ကောင်များတွင် အာဖဂန်နစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ အစိုးရ၊ တာလီဘန်နှင့် နာဒါတူလ်အူလ်မာအာဖဂန်နစ္စတန် (Nahdatul Ulama Afghanistan (NUA)) တို့ ပါဝင်သည်။ နိုင်ငံတကာ ဇာတ်ကောင်များတွင် ကုလသမဂ္ဂ၊ အမေရိကန်၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ ပါကစ္စတန်၊ ဆော်ဒီအာရေးဗျ၊ အီရန်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ ပါဝင်သည်။

ဒုတိယအဆင့်က ဇာတ်ကောင်တစ်ကောင်ချင်းစီ၏ အင်အားကို ဖော်ပြရန်ဖြစ်သည်။ ဇာတ်ကောင်များ၏ အင်အားနှင့် လွှမ်းမိုးနိုင်စွမ်းကို ဇာတ်ကောင်တစ်ကောင်ချင်းစီကို ဝိုင်းပတ်ထားသည့် စက်ဝိုင်းအရွယ်အစားနှင့် ဖော်ပြထားသည်။ စက်ဝိုင်းကြီးခြင်းက ဇာတ်ကောင်တစ်ဦးချင်းစီ ပိုင်ဆိုင်သော စီးပွားရေးအာဏာ၊ နိုင်ငံရေးနှင့် လက်နက်များမှ ထွက်ပေါ်လာသည့် အာဏာနှင့် လွှမ်းမိုးမှု ကြီးမားခြင်းကို ဖော်ပြသည်။ အထက်တွင် မြင်ရသည့်အတိုင်း အခြားသောနိုင်ငံများ၏ ပြင်ပအင်အားများမှာ ချိန်ခွင်ညီနေသည်။ သို့သော် လက်ရှိတွင် အစိုးရ၏ အာဏာနှင့် လွှမ်းမိုးမှုက အရေးအပါဆုံးဖြစ်သည်။

ထို့နောက် နောက်တစ်ဆင့်မှာ ပါဝင်သည့် ဇာတ်ကောင်များအကြား ဆက်ဆံရေးများကို ဆန်းစစ်ရန်ဖြစ်သည်။ အဖြူအမည်းမသဲကွဲသည့် ဆက်ဆံရေးများကို အစက်ချလိုင်းများဖြင့် ဖော်ပြထားသည်။ နည်းပညာပိုင်းအရ မိတ်ဖက်ကို နှစ်ဖက်လုံးတွင် မြားခေါင်းများပါဝင်သော သေးငယ်သည့်လိုင်းများဖြင့် ဖော်ပြထားသည်။ မဟာဗျူဟာကျ မိတ်ဖက်ကို နှစ်ဖက်လုံးတွင် မြားခေါင်းများ ပါဝင်သော ထူသည့်လိုင်းများဖြင့် ဖော်ပြထားသည်။ ရန်လိုသော ဆက်ဆံရေးများကို လိုင်းကောက်များဖြင့် ဖော်ပြထားပြီး ပဋိပက္ခဆက်ဆံရေးများကို လျှပ်စီးပုံစံ လိုင်းများဖြင့် ဖော်ပြထားသည်။ သို့သော် ဇာတ်ကောင်များအကြားဆက်ဆံရေးကို ပိုမိုတိကျစွာသိရှိနိုင်ရန် အချက်အလက်များကို ပို၍နက်ရှိုင်းစွာ လေ့လာရမည်။

အဆိုပါ အဆင့်သုံးဆင့်ပြီးနောက် အာဖဂန်နစ္စတန်တွင်ပါဝင်သည့် ဇာတ်ကောင်များကို ရှာဖွေဖော်ထုတ်ပြီး ပုံဖော်ရေးဆွဲနိုင်ပြီဖြစ်သည်။ ပုံအရ အစိုးရသည် တာလီဘန်နှင့် ပဋိပက္ခဖြစ်နေသည်။ အမေရိကန်နိုင်ငံကလည်း တာလီဘန်နှင့် ပဋိပက္ခတွင်ပါဝင်နေပြီး တစ်ချိန်တည်းမှာပင် အီရန်နိုင်ငံနှင့် ရန်လိုသောဆက်ဆံရေးကို ကိုင်တွယ်နေရသည်။ တစ်ချိန်တည်းမှာပင် အာဖဂန်နိုင်ငံအစိုးရက အခြားနိုင်ငံများနှင့် နည်းပညာပိုင်းအရ မိတ်ဖက်များ

ရှိသည်။ နောက်ဆုံးအနေဖြင့် အမေရိကန်နှင့် ဆော်ဒီအာရေးဗျတို့အကြား မဟာဗျူဟာမြောက် ပူးပေါင်းမှု ထွက်ပေါ်လာပြီး တာလီဘန်နှင့် ပါကစ္စတန်တို့အကြားလည်း အလားတူမိတ်ဖက်မှုများ ဖြစ်ပွားလျက် ရှိသည်။

နောက်ထပ်နည်းလမ်းမှာ လိုအပ်ချက်များနှင့် အကြောက်တရားများကို ပုံဖော်သည့်နည်းလမ်းဖြစ်သည်။ ပါဝင်သူများကို အခြေပြုပြီး ရှင်းလင်းပြသည့်နည်းလမ်းဖြစ်လေရာ ဇယားတစ်ခုတွင် ဇာတ်ကောင် တစ်ကောင်ချင်းစီ၏ အကျိုးစီးပွားများ၊ မျှော်မှန်းချက်များ၊ လိုအပ်ချက်များနှင့် အကြောက်တရားများကို စာရင်းပြုစုထားသည်။ ဤသည်က နှိုင်းယှဥ်ရန်နှင့် ကိုးကားရန် အထောက်အကူပြုသည်။ ယင်းနည်းလမ်းကို ပဋိပက္ခတွင် ပါဝင်သည့် ဇာတ်ကောင်များ၏ လိုအပ်ချက်များနှင့် အကြောက်တရားများကို ဆန်းစစ်လေ့လာပြီး ပြိုင်ဘက်၏ လိုအပ်ချက်များနှင့် အကြောက်တရားများကိုလည်း ခန့်မှန်းဆန်းစစ်ခြင်းဖြင့် ပဋိပက္ခ ဇာတ်ကောင်များကို အကဲဖြတ်သုံးသပ်ရန် အသုံးပြုသည်။ ထို့ပြင် တတိယအုပ်စုများက ပါဝင်သည့်အဖွဲ့များအပေါ် ၎င်းတို့၏ ယူဆချက်များကို ဆန်းစစ်ရန်လည်း အသုံးပြုသည်။ ထို့ပြင် ယင်းဆန်းစစ်လေ့လာမှုက စားပွဲဝိုင်းတွင် လိုအပ်ချက်များနှင့် အကြောက်တရားများကို နှစ်ဖက်လုံးမြင်အောင် ချပြခြင်းဖြင့် ပံ့ပိုးကူညီသည့် (သို့) ကြားဝင်ညှိနှိုင်းပေးသည့် ဖြစ်စဥ်များတွင်လည်း အသုံးပြုနိုင်သည်။ တစ်ချိန်တည်းမှာပင် အဖွဲ့တစ်ဖွဲ့ချင်းစီက အခြားဇာတ်ကောင်များအကြောင်း ဇယားကို ဖြည့်ကြည့်ခြင်းဖြင့် ဆန့်ကျင်ဘက်အဖွဲ့များ၏ အမြင်များကို သိရှိလာပြီး နားလည်လာအောင် ပဋိပက္ခအမြင်ဖလှယ်သည့် အစိတ်အပိုင်းတစ်ခုအဖြစ် အသုံးပြုနိုင်သည်။ အဆိုပါအချက်များကို ပြသရန် ရိုပါနှင့် အာနူဗာတူဒွန် (Ropers and Anuvatudom (2014)) တို့ တင်ပြခဲ့သည့် ထိုင်းနိုင်ငံတောင်ပိုင်းမှ ပဋိပက္ခအခြေအနေတွင် လိုအပ်ချက်များနှင့် အကြောက်တရားများ ပုံဖော်သည့် နည်းလမ်းကို အသုံးပြုသွားပါမည် (အောက်ပါ စာသေတ္တာ ၂.၁ ကို ရှုပါ)။ ထို့နောက် ထိုင်းနိုင်ငံတောင်ပိုင်းမှ ပဋိပက္ခမောင်းနှင်သူများ ဆန်းစစ်လေ့လာမှုကို ပြုလုပ်သွားပါမည်။

**စာသေတ္တာ ၂.၁။ လိုအပ်ချက်များ-အကြောက်တရားများ ပုံဖော်ခြင်းနှင့် ထိုင်းနိုင်ငံတောင်ပိုင်းမှ ပဋိပက္ခမောင်းနှင်သူများ**[4]

*ထိုင်းနိုင်ငံတောင်ပိုင်းမှ ပဋိပက္ခများကို ၂၀၀၄ ခုနှစ်တွင် အရှိန်တဖန်ပြန်လည်မြင့်တက်လာချိန်မှစ၍ သုတေသနပြုထားကြသည်။ ယခုသုတေသန၏ အစိတ်အပိုင်းအများစုက ပဋိပက္ခသည် ထိုင်းနိုင်ငံ အာဏာပိုင်များနှင့် ဒေသခံ မလေး-မူဆလင်၊ မလေး-ပက်ထာနီလူမျိုးများအကြား ဒေသတွင်း သမိုင်းကြောင်းတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေပြီး အနှစ်ချုပ်ရသော် လူမျိုးစုအခြေပြု နိုင်ငံရေးတရားဝင်မှု ပဋိပက္ခဖြစ်သည်ဟု ကောက်ချက်ချထားသည် (McCargo, 2008; 2012; Abuza, 2009; Satha-Anand, 2009; Askew, 2010; Joll, 2010; Barter, 2011; Jitpiromsri and Engvall, 2013; Jory, 2013)။*

*ယခုသုတေသနက အလားတူဖြစ်ရပ်များနည်းတူ ပဋိပက္ခသည် မိမိဘာသာ ရှုပ်ထွေးစွာ အသက်ဝင်နေသည်၊ အကြမ်းဖက်မှုများက နောက်ထပ် အကြမ်းဖက်မှုများနှင့် လုံခြုံရေးအင်အား ချဲ့ထွင်မှုကို မွေးထုတ်ပေးပြီး*

[4] ယခုအပိုင်းကို Norbert Ropers မှ ပါဝင်ရေးသားပေးထားပါသည်။ From: Ropers, N, and Anuvatudom, M, 'A joint learning process for stakeholders and insider peacebuilders: A case study from Southern Thailand' Asian Journal of Peacebuilding, 2014, Vol 2, No 2, pp 277-296.

နိုင်ငံရေးနှင့် မသက်ဆိုင်တော့သည့် အကြမ်းဖက်မှုများကိုပင် ထွက်ပေါ်စေသည်ဟူသည့် အချက်ကို အာရုံစိုက်ထားသည်။ ထို့ပြင် သုတေသနများ ထွက်ပေါ်စေသည့် အခြားထင်ရှားသည့် အချက်တစ်ချက်မှာ တော်လှန်ရေး လှုပ်ရှားမှုများနှင့် အဖွဲ့အစည်းများ ဖွဲ့စည်းထားပုံ၏ လျှို့ဝှက်သည့်သဘောသဘာဝဖြစ်သည်။ သို့သော် ထိုင်းနိုင်ငံ အမျိုးသား လုံခြုံရေးကောင်စီ Thai National Security Council (NSC) နှင့် တော်လှန်ရေး ဦးဆောင်အဖွဲ့အစည်း အမျိုးသားတော်လှန်ရေးတပ်ဦး (National Revolutionary Front (Barisan Revolusi Nasional or BRN)) တို့ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် ငြိမ်းချမ်းရေးစကားဝိုင်းဖြစ်စဉ်၌ သဘောတူညီချက်တစ်ခု ရရှိခဲ့သည့်အခါ ထိုကိစ္စရပ်များ အနည်းငယ် ပြောင်းလဲသွားခဲ့သည် (Lamey, 2013)။

လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ငြိမ်းချမ်းရေး မြှင့်တင်ရန် လုပ်ငန်းစဉ်အများအပြားကို စတင်ခဲ့သည်။ အဆိုပါ ကြိုးပမ်းမှုအများစုက လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးတို့နှင့် သက်ဆိုင်သော အစီအစဉ်များကို အာရုံစိုက်ထားသော်လည်း အရပ်ဘက်အဖွဲ့အစည်းများ၊ ပညာရေးအင်စတီကျူးရှင်းများနှင့် နိုင်ငံတော်အင်စတီကျူးရှင်းများနှင့် ဆက်စပ်နေသူ တစ်သီးပုဂ္ဂလများ၏ လုပ်ဆောင်ချက်များလည်း အထူးသဖြင့် ၂၀၀၇ ခုနှစ် နောက်ပိုင်းတွင် တိုးပွားလာသည်။ ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း ဤသည်မှာ ပဋိပက္ခကို အတူတကွ လေ့လာသုံးသပ်ပြီး ယင်းကို အသွင်ပြောင်းလဲရန် နည်းလမ်းများ ရှာဖွေရန်ရည်ရွယ်ပြီး ပဋိပက္ခအခြေအနေအတွင်း ငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် နိုင်ငံရေးအရ တက်ကြွသော ပတ်သက်ဆက်နွှယ်သူများ (ထို့ကြောင့် အတွင်းလူဟု ခေါ်ဆိုခြင်းဖြစ်သည်) အတွက် ဘက်မလိုက်သောနယ်ပယ်တစ်ခုဖန်တီးရန် အတွင်းလူ ငြိမ်းချမ်းရေးတည်ဆောက်သူများ ပလက်ဖောင်း ထွက်ပေါ်လာရသည့် နောက်ခံအခြေအနေဖြစ်သည်။

| ပဋိပက္ခထဲမှ အဓိကဇာတ်ကောင်များ၏ သဘောထားများ၊ အကျိုးစီးပွားများ၊ လိုအပ်ချက်များနှင့် အကြောက်တရားများ | | | |
|---|---|---|---|
| **အမျိုးအစား** | **ထိုင်းအစိုးရ** | **လွတ်မြောက်ရေး လှုပ်ရှားမှု** | **CSO ကဏ္ဍ** |
| **သဘောထား** | အချုပ်အခြာအာဏာနှင့် ပြည်ထောင်စု မပြိုကွဲရေး၊ ထိုင်းနိုင်ငံကို မပြိုကွဲနိုင်သည့် ဘုရင့်နိုင်ငံတစ်ခုအဖြစ်သာ ရှိစေရန် | ထိုင်းနိုင်ငံထံမှ လွတ်လပ်ရေး ရရှိစေရန်၊ မိမိကိုယ်ပိုင်နိုင်ငံ ထူထောင်ရန် | • ငြိမ်းချမ်းရေးနှင့် တရားမျှတရေး<br>• ပြည်သူတို့ကို စွမ်းရည်မြှင့်တင်ပေးခြင်း<br>• (နိုင်ငံခြားရေး၊ စစ်ရေးနှင့် ဘဏ္ဍာရေးတို့မှလွဲ၍) ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (မလေး CSO များ)<br>• လူမှုတည်ငြိမ်မှု (ထိုင်း CSO များ) |
| **အကျိုးစီးပွား** | • အကြမ်းဖက်မှုကို တားဆီးရန်နှင့် ထိန်းချုပ်ရန် လိုအပ်သော လုပ်ဆောင်ချက်များမှတစ်ဆင့် ဥပဒေနှင့် ငြိမ်ဝပ်ပိပြားမှု ရှိစေရေး<br>• ပြည်တွင်းလုံခြုံရေးအတွက် ဗဟိုချုပ်ကိုင်မှုနှင့် "နိုင်ငံတော်၊ | • လွတ်လပ်ရေး၊ နိုင်ငံရေး လွတ်လပ်မှု<br>• သူတို့ မည်သို့နေထိုင်မည်၊ အရင်းအမြစ်များကို မည်သို့ ခွဲဝေမည်ကို ဆုံးဖြတ်ပိုင်ခွင့် အာဏာ | • တန်းတူညီမျှမှု၊ ခွဲခြားဆက်ဆံမှု မရှိရေး<br>• သိသိသာသာ ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ပေးရေး<br>• သိသာထင်ရှားသော ဒေသအုပ်ချုပ်ရေး (မလေး CSO များ) |

| ***ပဋိပက္ခထဲမှ အဓိကဇာတ်ကောင်များ၏ သဘောထားများ၊ အကျိုးစီးပွားများ၊ လိုအပ်ချက်များနှင့် အကြောက်တရားများ*** | | | |
|---|---|---|---|
| ***အမျိုးအစား*** | ***ထိုင်းအစိုးရ*** | ***လွတ်မြောက်ရေး လှုပ်ရှားမှု*** | ***CSO ကဏ္ဍ*** |
| | *ဘာသာရေးနှင့် ဘုရင်စနစ်" ကို ကိုင်စွဲရေး*<br>• *လက်ရှိ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး ပုံစံမှ အုပ်ချုပ်မှုကို ဖြေလျှော့ခြင်း* | | • *လူမျိုးစုံပါဝင်သည့် လူ့အဖွဲ့အစည်းအတွင်း သဟဇာတဖြစ်မှု (ထိုင်း CSO များ)*<br>• *ဒေသဆိုင်ရာ ကိစ္စရပ်များကို ဆုံးဖြတ်ရန် အာဏာပိုရရှိခြင်း* |
| ***လိုအပ်ချက်*** | • *ထိုင်းလူမျိုး သရုပ်လက္ခဏာကို ကာကွယ်ခြင်း*<br>• *ထိုင်းနိုင်ငံ၏ နာမည်ကောင်းနှင့် ဂုဏ်သိက္ခာကို ကိုင်စွဲခြင်း*<br>• *နိုင်ငံရေးတည်ငြိမ်မှု* | • *တန်းတူညီမှု*<br>• *သူတို့ဘဝများကို ဘာသာရေး ယုံကြည်မှုနှင့် ယဉ်ကျေးမှုအတိုင်း လွတ်လပ်စွာ နေထိုင်ရန်* | • *နိုင်ငံရေး ပါဝင်မှု*<br>• *အဖွဲ့အားလုံး၏ အသိအမှတ်ပြုမှုနှင့် ပူးပေါင်းပါဝင်မှု* |
| ***အကြောက်တရား*** | • *ထိန်းချုပ်မှုနှင့် နယ်မြေ ဆုံးရှုံးခြင်း*<br>• *စီးပွားရေး အကျိုးစီးပွားများ ဆုံးရှုံးခြင်း* | • *လူမျိုးစုအရ၊ ဘာသာရေးအရ နှင့် ယဉ်ကျေးမှုအရ သိမ်းသွင်းခံရပြီး မလေး ပက်ထာနီ သရုပ်လက္ခဏာများ ဆုံးရှုံးသွားခြင်း*<br>• *ပတ်ထာနီ နိုင်ငံတော်ကို မထူထောင်နိုင်ခြင်း*<br>• *ထိုင်းအစိုးရ၏ မရိုးဖြောင့်မှု* | • *အသက်ဆုံးရှုံးခြင်းနှင့် မလုံမခြုံဖြစ်ခြင်း*<br>• *နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းတို့က ၎င်းတို့ လှုပ်ရှားမှုကို ကူညီနေပုံများအား အထင်အမြင်လွဲခြင်း*<br>• *နိုင်ငံရေးအရ ပါဝင်မှု မရတော့ခြင်း* |

***ပဋိပက္ခကို အကြမ်းဖက်စေပြီး ကာလရှည်ကြာစေသည့် အကြောင်းအရင်းများ။*** *ယခုလုပ်ငန်းက ပဋိပက္ခကို မောင်းနှင်သူများကို အဓိက အာရုံစိုက်သည်။ ကာလရှည်ကြာပဋိပက္ခများအားလုံးတွင် တစ်ဦးနှင့်တစ်ဦး ဆက်စပ်နေသော မောင်းနှင်သူအများအပြားကို တွေ့ရသည်။ ၎င်းတို့က အပြိုင်အဆိုင်ဖြစ်မှု၊ ထိပ်တိုက်တွေ့မှု၊ ငါတို့နှင့်သူတို့ သဘောထားများနှင့် အကြမ်းဖက်မှုများကို ထပ်ဖန်တလဲလဲ ထွက်ပေါ်စေသည်။ ဖြစ်ရပ်တစ်ခုသည် မောင်းနှင်သူတစ်ဦးထံမှ ထွက်ပေါ်လာသော်လည်း ယင်းက အခြားမောင်းနှင်သူများထံ ကူးစက်သွားစေပြီး မောင်းနှင်သူများအားလုံး ရှုပ်ထွေးချည်နှောင်ထားသော စနစ်တစ်ခုကို ထွက်ပေါ်စေသည်။ ဖြစ်ရသည့် အကြောင်းအရင်းနှင့် သက်ရောက်မှု ဆက်ဆံရေးများသည် မျဉ်းတစ်ဖြောင့်တိုင်းသွားမနေဘဲ ပင့်ကူအိမ်သဖွယ် ရှုပ်ထွေးသော ဆက်ဆံရေးဖြင့် တစ်ခုနှင့်တစ်ခု ပတ်သက်ဆက်နွယ်နေကြသည်။ ထိုလက္ခဏာရပ်များက အဖွဲ့များအားလုံးသည် ၎င်းတို့၏ သက်ဆိုင်ရာရည်မှန်းချက်များကို ရယူရန် လုပ်ဆောင်ချက်များ လုပ်ဆောင်နေသော်လည်း ၎င်းတို့တစ်ဦးချင်းစီက ပဋိပက္ခကို ဖြစ်ပွားစေသောစနစ်တစ်ခုကို တည်ဆောက်ရာနှင့် ကိစ္စရပ်များကို ဖန်တီးရာတွင် ပါဝင်နေကြောင်းကို ပြသနေသည်။ နောက်ဆုံးတွင် အဖွဲ့တစ်ဖွဲ့တည်းက အခြေအနေ (သို့) စနစ်ကို အပြည့်အဝ ထိန်းချုပ်နိုင်ခြင်း မရှိတော့ပေ (Koerppen et al, 2011)။ တက်ရောက်သူများကို ရှေးဦးစွာ ပဋိပက္ခနှင့် ဆက်နွယ်သည့် ဖြစ်ရပ်များနှင့် ထိုဖြစ်ရပ်များကိုဆွပေးပြီး ဆက်လက်ဖြစ်ပွားနေစေသည့် အချက်များကို ရှာဖွေဖော်ထုတ်ခိုင်းခဲ့သည်။ အဆိုပါ ဖြစ်ပွားစေသည့် အကြောင်းအရာများကို အခြေခံ၍ တက်ရောက်သူများကို ထိုအကြောင်းအရာများကို မည်သည်တို့က မောင်းနှင်နေသည်ကို ရှာဖွေဖော်ထုတ်*

*စေသည်။ ယခုနည်းလမ်းကို အသုံးပြု၍ တက်ရောက်သူများသည် အဘယ်ကြောင့် ပဋိပက္ခက လက်ရှိ ကာလရှည်ကြာအဆင့်ကို ရောက်ရှိလာပြီး ဖြေရှင်းရန်ခက်ခဲနေရသည်ကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် နားလည်လာစေသည်။ ဤသည်က တက်ရောက်သူများကို အခြေအနေရှုပ်ထွေးပုံနှင့် ဝင်ရောက်စွက်ဖက်ရန် အခွင့်အလမ်းများကိုလည်း မြင်လာစေသည်။*

### သရုပ်ပြပုံ ၂.၅။ ထိုင်းနိုင်ငံတောင်ပိုင်း ကာလရှည်ကြာ လူမှုပဋိပက္ခတွင် ပဋိပက္ခမောင်းနှင်သူများ




Thai State - ထိုင်းအစိုးရ

Malay Patani - မလေးပတ်ထာနီ

Protect identity - ကိုယ်ပိုင်သရုပ်လက္ခဏာကို ကာကွယ်ရန်

Retaliation on officials - ဝန်ထမ်းများအပေါ် လက်တုံ့ပြန်ခြင်း

Illegal benefits - တရားမဝင်အကျိုးအမြတ်များ

Violent Incidents - ကြမ်းတမ်းသောဖြစ်ရပ်များ

Emergency Decree - အရေးပေါ်အမိန့်

Human Rights Campaign - လူ့အခွင့်အရေးကမ်ပိန်း

Peace Dialogue - ငြိမ်းချမ်းရေးဆွေးနွေးပွဲ

Forums on Decentralization - ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ဖိုရမ်များ

Undemocratic System - ဒီမိုကရေစီနည်းလမ်းမကျသော စနစ်များ

မျဉ်းကြောင်း က - အကြမ်းဖက်မှုစက်ဝန်း

မျဉ်းကြောင်း ခ - ငြိမ်းချမ်းရေး ကြိုးပမ်းမှုများ

မျဉ်းကြောင်း ဂ - ငြိမ်းချမ်းရေး ကြိုးပမ်းမှုအတွက် အတားအဆီးများ

*တက်ရောက်သူများ ဖော်ထုတ်ခဲ့သော လွန်စွာရှုပ်ထွေးသည့် ပဋိပက္ခ မောင်းနှင်သူများစနစ်ကို အထက်တွင် ဖော်ပြထားသည့် လွန်စွာရှင်းလင်းသောပုံစံဖြင့် တင်ပြနိုင်သည်။ စမှတ်နှင့် သရုပ်ပြပုံ၏ အလယ်တွင် အကြမ်းဖက်မှုဖြစ်ရပ်များကို ကာလရှည်ကြာ ပဋိပက္ခများ၏ အဓိကညွှန်းကိန်းအဖြစ် တင်ပြထားသည်။ ထိုအလယ်မှတ်၏ ဘေးပတ်ပတ်လည်တွင် ကာလရှည်ကြာ ပဋိပက္ခ၏ အမျိုးမျိုးသော မောင်းနှင်သူများအကြား ဆက်စပ်မှုများကို ညွှန်ပြရန် လမ်းကြောင်း သုံးခုကို ပြထားသည်။ ပထမလမ်းကြောင်း (မျဉ်းကြောင်း က) တွင် အကြမ်းဖက်မှုဖြစ်ရပ်များ ပါဝင်သည်။ ဤသည်မှာ ပစ်မှတ်ထားသတ်ဖြတ်ခြင်းများနှင့် ဗုံးခွဲတိုက်ခိုက်ခြင်းများ အပါအဝင် အဖြစ်အပျက်အမျိုးမျိုးကို စုစည်းထားခြင်း ဖြစ်သည်။ တက်ရောက်သူများက ဆက်စပ်နေသည့် မောင်းနှင်သူအများအပြား ပေါင်းစပ်ခြင်းက အကြမ်းဖက်မှုကို ထွက်ပေါ်လာစေသည်ဟု ရှုမြင်သည်။ ၎င်းတို့အနက် အချို့မှာ ဗုဒ္ဓဘာသာထိုင်းလူမျိုးဖြစ်စေ၊ မလေးမူဆလင်လူမျိုးဖြစ်စေ သူတို့၏ ကိုယ်ပိုင်သရုပ်လက္ခဏာကို ကာကွယ်ရန်ဖြစ်သည်။ ယဉ်ကျေးမှု ကိုယ်ပိုင်သရုပ်လက္ခဏာများကို ကာကွယ်သည့် မောင်းနှင်မှုများအပါအဝင် အခြားမောင်းနှင်မှုများက အရှက်တကွဲ ဖြစ်စေသည်ဟု ရှုမြင်သော အစိုးရဝန်ထမ်းများ၏ လုပ်ရပ်များကို လက်တုံ့ပြန်ခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် ဒေသတွင်း အကြမ်းဖက်မှုကို ကိုင်တွယ်ရန် နည်းလမ်းတစ်ခုအနေဖြင့် နိုင်ငံတော်က (လုံခြုံရေးတပ်ဖွဲ့များကို အထူးအခွင့်အရေးပေးသည့်) အရေးပေါ်အမိန့်ကို ထုတ်ပြန်ခဲ့သည်။ သို့သော်ငြားလည်း အရေးပေါ်အမိန့်ကို တရားမျှတမှုနှင့် တန်းတူဆက်ဆံမှုတို့ကို ငြင်းပယ်သည့် အချက်တစ်ချက်ဟု အဓိပ္ပာယ်ပြန်ဆိုခဲ့ကြပြီး နိုင်ငံ့ဝန်ထမ်းများအပေါ် လက်တုံ့ပြန်ခြင်း ထွက်ပေါ်လာသည်။ ထိုလမ်းကြောင်းများသည် နောက်ဆုံး တစ်ခုနှင့် တစ်ခု ဆက်သွားပြီး ဖြစ်ပွားနေသည့် ကာလရှည်ကြာ ပဋိပက္ခအတွက် ထောင်ချောက်တစ်ခုကို ဖန်တီးပေးသည်။ ထိုလမ်းကြောင်းမှ ဖောက်ထွက်ရန် မောင်းနှင်သူများနှင့် ပတ်သက်ပြီး ကြီးကြီးမားမား အပြောင်းအလဲ တစ်ခု လိုအပ်သည်။*

*ဒုတိယလမ်းကြောင်း (မျဉ်းကြောင်း ခ) မှာ အကြမ်းဖက်မှုကို လျှော့ချရန် ကြိုးပမ်းမှုများကို ကိုယ်စားပြုသည့် ပဋိပက္ခဖြေရှင်းရေး ကြိုးပမ်းမှုများ ပါဝင်သည့် စက်ဝန်းဖြစ်သည်။ ယင်းတို့တွင် အချို့သော နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ရပ်များ၏ အကျိုးဆက်များဖြစ်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား တားဆီးရန် CSO များ လုပ်ဆောင်သည့် ချဉ်းကပ်လှုပ်ရှား အရေးဆိုသည့် ကမ်ပိန်းများလည်း ပါဝင်သည်။ နိုင်ငံတော်ကို ကိုယ်စားပြုသူများနှင့် မလေး-မူဆလင် လှုပ်ရှားမှုမှ အဖွဲ့တချို့ကို ကိုယ်စားပြုသူများအကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ၊ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး ဆွေးနွေးပွဲ ဖိုရမ်များက ပဋိပက္ခ အသွင်ပြောင်းလဲရေးကို မြှင့်တင်ရန် ကြိုးပမ်းခဲ့သည်။ သို့သော် ယခုချိန်အထိ ထိုကြိုးပမ်းမှုများက လူ့အခွင့်အရေး ချိုးဖောက်မှုများကို လျှော့ချရန် ကြိုးပမ်းမှုများမှအပ အကျိုးသက်ရောက်မှု အကန့်အသတ်ဖြင့်သာ ရှိသေးသည်။ ထိုသို့ မအောင်မြင်ရခြင်းမှာ ထိရောက်သော ဒီမိုကရေစီအရ ပါဝင်မှုနှင့် ပြဿနာဖြေရှင်းရေး စွမ်းဆောင်ရည်များနှင့် သက်ဆိုင်သော ထိုင်းနိုင်ငံ၏ နိုင်ငံရေးစနစ်ဆိုင်ရာ အကန့်အသတ်များကြောင့် ဖြစ်သည်ဟု ပါဝင်သူများက ရှင်းလင်းပြကြသည်။ ပဋိပက္ခ ဖြေရှင်းရေးအတွက် အတားအဆီးဖြစ်သည့် ထိုအချက်များကို တတိယလမ်းကြောင်း (မျဉ်းကြောင်း ဂ) တွင် အကျဉ်းချုပ်ထားသည်။*

## ၂.၅.၂ ပဋိပက္ခ တားဆီးရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ပုံသေမဟုတ်သော မူဘောင်[5]

လာမည့်အပိုင်းက ပဋိပက္ခတားဆီးရေးနှင့် ငြိမ်းချမ်းရေးအတွက် ပုံသေမဟုတ်သော မူဘောင်ကို အင်ဒိုနီးရှားနိုင်ငံအား ဥပမာအဖြစ် သုံးပြီး လေ့လာသွားပါမည်။ ၁၉၉၀ ပြည့်လွန်နှစ်နှောင်းပိုင်းများနှင့် ၂၀၀၀ ပြည့်လွန်နှစ် အစောပိုင်းများတွင် စီးပွားရေးအကျပ်အတည်း၊ နိုင်ငံရေးမတည်ငြိမ်မှုများ၊ လူမျိုးရေးနှင့် ဘာသာရေး ထိပ်တိုက်တွေ့မှုများနှင့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သည့် အုပ်စုအမျိုးမျိုး ထွက်ပေါ်လာမှုများ အပါအဝင် ဆက်စပ်နေသည့် ပြဿနာအများအပြားကြောင့် အင်ဒိုနီးရှားနိုင်ငံသည် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။ ယင်းပြဿနာများအားလုံးက နိုင်ငံကို ပြိုကွဲလုနီးနီး ပရမ်းပတာဖြစ်မှုများ ဖြစ်ပွားစေခဲ့သည်။ ထိုကာလအတွင်း အဆိုပါပြဿနာများ ဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် ပဋိပက္ခတွင် ပါဝင်သည့် ဇာတ်ကောင်များကို နားလည်နိုင်ရန် ပဋိပက္ခပုံဖော်ရေးဆွဲခြင်း လုပ်ငန်းများနှင့် လေ့လာသုံးသပ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထိုအချိန်တွင် ပဋိပက္ခ၏ အစိတ်အပိုင်းများကို သီးခြားစီ အကဲဖြတ်သုံးသပ်ပြီး လုပ်ဆောင်ခဲ့သည့် ဆန်းစစ်သုံးသပ်မှုများမှာ ပုံသေဖြစ်ပြီး တစ်စိတ်တစ်ပိုင်းသာ ရှိသည်။ ပုံဖော်ရေးဆွဲသည့် ကာလတွင် ပဋိပက္ခ၏ အရင်းအမြစ်များကို သိရှိရန် အသုံးများသည့် နည်းလမ်းအများအပြားကို အသုံးပြုခဲ့သည်။

အကျိုးဆက်အနေဖြင့် ပြဿနာများ၏ သဘောသဘာဝသည် ပုံသေမရှိဘဲ ပဋိပက္ခ ကြာရှည်လာသည်နှင့်အမျှ စဉ်ဆက်မပြတ် ပြောင်းလဲနေလေရာ အဆိုပါ လေ့လာဆန်းစစ်မှုများ၏ ရလဒ်များသည် ပဋိပက္ခများ၏ အရင်းအမြစ်များနှင့် ပါဝင်သည့် ဇာတ်ကောင်များအကြား ဆက်စပ်နိုင်ခြင်းမရှိပေ။ လွန်စွာ ခက်ခဲရှုပ်ထွေးသော ပဋိပက္ခဟု သတ်မှတ်ထားကြသည့် မာလူကူမှ ကြမ်းတမ်းသောပဋိပက္ခကို ဥပမာအဖြစ် လေ့လာနိုင်သည် (Coleman, 2006)။ ခက်ခဲရှုပ်ထွေးသော ပဋိပက္ခဆိုသည်မှာ မညီမျှသော ဆက်ဆံရေး အခြေအနေများတွင် လွှမ်းမိုးမှုနှင့် တဖန်ပြန်လွှမ်းမိုးမှုတို့ပါဝင်သော သမိုင်းကြောင်းပါဝင်ပြီး စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှု တို့အကြား အပြန်အလှန်ဆက်နွယ်နေသော လွန်စွာရှုပ်ထွေးပြီး ကာလရှည်ကြာသော ပဋိပက္ခကို ဆိုလိုခြင်း ဖြစ်သည်။ ထိုကဲ့သို့သော ပဋိပက္ခအမျိုးအစားသည် မကြာခဏဆိုသလို လွန်စွာ စိတ်ထိခိုက်ဖွယ်ရာ ဖြစ်ပြီး စော်ကားခြင်း၊ အကြမ်းဖက်ခြင်းတို့ ပြည့်နှက်နေကာ လူ့အဖွဲ့အစည်း အဆင့်များ အားလုံး၌ ကိုယ်ပိုင်သရုပ်လက္ခဏာများ ပါဝင်မှုလည်း မြင့်မားနေသည်။ ပါဝင်သည့် အဖွဲ့များအားလုံးမှာ ပဋိပက္ခကြောင့် ထိခိုက်နစ်နာသူများဖြစ်ရသလို ကျူးလွန်သူများလည်း ဖြစ်ကြသည်။ အခြေခံအားဖြင့် ကိုးလ်မန်းနှင့် ဘာတယ်လ် (Coleman and Bar Tal) ၏ ခက်ခဲရှုပ်ထွေးသော ပဋိပက္ခကိုနားလည်ပုံမှာ ယခုအခန်း အစောပိုင်းတွင် ရှင်းပြခဲ့သည့် အေဇာ၏ ကာလရှည်ကြာလူမှုပဋိပက္ခ သဘောတရားနဲ့ ဆင်တူသည်။ ထိုစာရေးသူများ၏ အဆိုအရ နိုင်ငံသား၊ လူမျိုး၊ လူမျိုးစု၊ ဘာသာရေးနှင့် ယဉ်ကျေးမှုကဲ့သို့သော တည်ရှိသည့် ကိုယ်ပိုင်သရုပ် လက္ခဏာ ကွဲပြားမှုများကြောင့် ပဋိပက္ခတစ်ခု ဖြစ်ပွားရသည်။ ထို့ကြောင့် ထိုသို့သော ပဋိပက္ခအမျိုးအစားများ သည် ရှုပ်ထွေးပြီး ဖြေရှင်းရန် ခက်ခဲသည်။

၁၉၉၉-၂၀၀၃ ခုနှစ်အတွင်း (ဘာသာရေး ကိစ္စရပ်များပါဝင်သော) မာလူကူမှ အကြမ်းဖက်သော ပဋိပက္ခများမှ သင်ယူရရှိမှုနှင့် ဥပမာ ပါပူအာမှ သဘာဝအရင်းအမြစ်များနှင့် နိုင်ငံရေးပဋိပက္ခများနှင့် ၂၀၁၂ ခုနှစ် အာချေးဒေသ

[5] နောက်လာမည့်အပိုင်းနှစ်ပိုင်းကို Ichsan Malik က ရေးသားထားသည်။

ပဋိပက္ခများကဲ့သို့သော အင်ဒိုနီးရှားနိုင်ငံမှ ပဋိပက္ခများကို အသေးစိတ်လေ့လာမှု အများအပြားတို့ကို အခြေခံပြီး အစ်ချ်ဆန်မာလစ် (Ichsan Malik (Malik, 2017)) က *"ပဋိပက္ခတားဆီးရေးနှင့် ဖြေရှင်းရေးအတွက် ပုံသေမဟုတ်သော မူဘောင်"* ကို ဖန်တီးပေးခဲ့သည်။ ဤသည်ကို ပဋိပက္ခများနှင့် ၄င်းတို့ကို ဖြေရှင်းရန် ကြိုးပမ်းမှုများအား ပုံဖော်ရေးဆွဲရန်နှင့် ပဋိပက္ခများအား တားဆီးရန် အသုံးပြုနိုင်သည်။ အဓိက အချက်ငါးချက်ကို ပုံဖော်ရေးဆွဲရန်နှင့် အသေးစိတ် လေ့လာသုံးသပ်ရန် အသုံးပြုရမည်၊ (၁) ပဋိပက္ခ အရှိန်မြင့်တက်ခြင်းနှင့် အရှိန်လျော့ကျသွားခြင်းဆိုင်ရာ ကိစ္စရပ်များ၊ (၂) ပဋိပက္ခဖြစ်စေသည့် ကိစ္စရပ်များ၊ (၃) ပဋိပက္ခ ဇာတ်ကောင်များ၊ (၄) ပတ်သက်ဆက်နွှယ်သူများနှင့် (၅) နိုင်ငံရေး မူဝါဒများ ဖြစ်ကြသည်။ အဆိုပါ အဓိက အချက်ငါးချက်မှာ စနစ်တစ်ခုအဖြစ် အပြန်အလှန်ဆက်နွှယ်နေသည်။ ယင်းစနစ်သည် ပုံသေမဟုတ်ပေ၊ အဘယ်ကြောင့်ဆိုသော် အချက်အလက်များမှာ တစ်ခုကိုတစ်ခု လွှမ်းမိုးနိုင်သောကြောင့် ဖြစ်သည်။

**သရုပ်ပြပုံ ၂.၆။ ပဋိပက္ခတားဆီးရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ပုံသေမဟုတ်သော မူဘောင်**




Escalation - အရှိန်တက်ခြင်း

De-Escalation - အရှိန်လျော့ခြင်း

Factor - အကြောင်းအရာများ

Structural Root Causes of Conflict - ပဋိပက္ခဖြစ်ပွားစေသည့် အဓိကအကြောင်းအရင်းများ

Accelerator - အားကောင်းစေသည့်အရာများ

Trigger - ဆွပေးသည့်အရာများ

Actor - ဇာတ်ကောင်

Provocateur - ဆွပေးသူ

Functional Actors - ပါဝင်လုပ်ဆောင်သူ

Vulnerable Groups - ထိခိုက်လွယ်သူ အုပ်စုများ

Action Plan - လုပ်ငန်းအစီအစဉ်

Conflict Building - ပဋိပက္ခတည်ဆောက်ခြင်း

Peace Building - ငြိမ်းချမ်းရေးတည်ဆောက်ခြင်း

Political Will from Government - အစိုးရ၏ နိုင်ငံရေးအရ လုပ်ဆောင်ပေးလိုစိတ်

Stake Holders - ပတ်သက်ဆက်နွှယ်သူများ

Government - အစိုးရ

Police - ရဲ

Military - စစ်တပ်

Religious Leader - ဘာသာရေးခေါင်းဆောင်

Traditional Leader - ဒေသခေါင်းဆောင်

Business Model - စီးပွားရေးမော်ဒယ်

Mass Media - မီဒီယာ

NGO - အစိုးရမဟုတ်သော အဖွဲ့အစည်း

University - တက္ကသိုလ်

**မူရင်း**။ Ichsan Malik, 2012

ပဋိပက္ခတားဆီးရေး နည်းလမ်းအတွက် အဆိုပါ ပုံသေမဟုတ်သည့်မူဘောင် ထွက်ပေါ်လာစေရန် လှုံ့ဆော်ပေးသည့် ကိစ္စရပ် အများအပြားရှိသည်။ အထူးသဖြင့် ၁၉၉၂ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဘူးထရက်စ်ဂါလီ (Boutros-Ghali) က ပဋိပက္ခကို စောစီးစွာ သိရှိပြီး စောစီးစွာ တုံ့ပြန်ရန် ပျက်ကွက်သောကြောင့် ဖြစ်ပွားခဲ့သည့် ၁၉၉၄ ခုနှစ် ရဝမ်ဒါ လူမျိုးသုဉ်းသတ်ဖြတ်မှုအပါအဝင် နိုင်ငံတွင်းနှင့် နိုင်ငံများအကြား ပဋိပက္ခများကို ကြိုတင်ကာကွယ်ရန်နှင့် ဖြေရှင်းရန် ကြိုတင်ကာကွယ်ခြင်း သံတမန်ရေး အရေးပါကြောင်း တောင်းဆိုမှုတစ်ရပ် ပြုလုပ်ခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ဂျာကာတာ၌ လူမျိုးစုများ ပါဝင်သော အခြားအကြမ်းဖက်ပဋိပက္ခတစ်ခု ဖြစ်ပွားခဲ့ပြီး ပဋိပက္ခအရှိန်မြင့်တက်ခြင်းကို တားဆီးရန် မည်သည်ကိုမျှ မလုပ်ဆောင်ခဲ့ရာ နောက်ဆုံးတွင် ထောင်ပေါင်းများစွာသောလူများ ထိခိုက်ခဲ့ရသည်။ ထို့ပြင် ဝင်ရောက်စွက်ဖက်မှု မရှိခြင်းကြောင့် မာလူကူပဋိပက္ခလည်း ဖြစ်ပွားခဲ့ပြီး ယင်းကို အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးအကျပ်အတည်းက ဆွပေးခဲ့ခြင်းဖြစ်သည်။ ထိုအခြေအနေများက ပဋိပက္ခ အရှိန်မြင့်တက်ခြင်းကို စောစီးစွာသိရှိပြီး ပဋိပက္ခများက အကြမ်းဖက်မှုသို့ ရောက်ရှိမလာမီ လျင်မြန်စွာဖြေရှင်းနိုင်ရန် ထိရောက်သော ပဋိပက္ခပုံဖော်ရေးဆွဲခြင်းများ လုပ်ဆောင်ဖို့ တွန်းအားပေးခဲ့သော အချက်များဖြစ်သည်။

အထက်တွင်ဖော်ပြထားသော ပုံအရ မည်သည့်ပဋိပက္ခ အရှိန်မြင့်တက်ခြင်းကိုမဆို သတိပြုမိရန် လိုအပ်သည်။ အငြင်းပွားမှုများ တင်းမာလာပြီး ဇာတ်ကောင်များ တက်ကြွလာသောအခါ ပဋိပက္ခက အရှိန်မြင့်တက်လာသည်။ ထိုသို့သော တင်းမာမှုများနှင့် တက်ကြွလာမှုများကို သတိမပြုမိဘဲနေလျှင် အခြေအနေက လျင်လျင်မြန်မြန် ဆိုးရွားလာပြီး လူအဖွဲ့အစည်းအတွင်း (ဥပဒေနှင့် အစီအစဉ်တကျဖြစ်မှု ကဲ့သို့သော) စနစ်တစ်ခု ပျက်စီးခြင်းသို့ ဦးတည်သွားနိုင်သည်။ သေဆုံးဒဏ်ရာရခြင်းများ ပါဝင်လျှင် ပဋိပက္ခက ပို၍ပင် အရှိန်မြင့်တက်လာပေလိမ့်မည်။

ထိုကဲ့သို့သော အခြေအနေမျိုးတွင် အဆိုးရွားဆုံးအကျိုးဆက်မှာ ပို၍ အသက်သေဆုံးမှုများ မလွဲမသွေ ဖြစ်ပွားမည့် အကြီးအကျယ် အကြမ်းဖက်မှုမျိုးဖြစ်သည်။ ပဋိပက္ခ အရှိန်မြင့်တက်ခြင်း ဆက်လက်ဖြစ်ပွားသည့် အခါ ပဋိပက္ခ တည်ဆောက်ခြင်း ဖြစ်ပွားသည်။ သို့သော် ယင်းကို တွေ့ဆုံဆွေးနွေးခြင်း၊ အပစ်အခတ်ရပ်စဲခြင်း၊ အကြမ်းဖက်မှုများကို အဆုံးသတ်ခြင်း တို့ဖြင့် ထိန်းချုပ် (သို့) ရပ်တန့်နိုင်သည်။ ယင်းတို့ကို ငြိမ်းချမ်းရေး တည်ဆောက်ခြင်းဟု ခေါ်သည်။

ပုံသေမဟုတ်သော မူဘောင်၏ ဒုတိယအချက်မှာ ပဋိပက္ခကို ဆွပေးသည့်အရာများဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံရေးဇာတ်ကောင်တစ်ဦးကို လုပ်ကြံခြင်း ကဲ့သို့သော ရုတ်တရက် အလွန်အကျူး ဖြစ်ရပ်မျိုးဖြစ်သည်။ ထိုသို့သော ဖြစ်ရပ်များသည် အထူးသဖြင့် ထိခိုက်ခံစားရသူ၏ နိုင်ငံရေး (သို့) ဘာသာရေး ပတ်သက်မှုနှင့် ဆက်စပ်သည့်အခါ ပဋိပက္ခကို လှုံ့ဆော်ပေးသည်။ ထိုကဲ့သို့သော ဖြစ်ရပ်မျိုးသည် မီးကို ဓာတ်ဆီလောင်းပေး လိုက်သည့် ဖြစ်ရပ်မျိုးဖြစ်သည်။ သို့သော် ပဋိပက္ခ၏ အဓိကအကြောင်းရင်းခံမှာ အခြားပြဿနာတစ်ခု ဖြစ်သည်။ ထိုသို့ မဖြေရှင်းနိုင်သော ပဋိပက္ခပြဿနာများတွင် ခွဲခြားဆက်ဆံသော (သို့) ဖိနှိပ်သော မူဝါဒများ၊ ဆိုးရွားသောအုပ်ချုပ်မှု (သို့) ဥပဒေစိုးမိုးမှု အားနည်းခြင်း၊ စီးပွားရေး ကွာဟချက်ကြီးမားခြင်း (သို့) အကျင့်ပျက်ခြစားခြင်းတို့ ပါဝင်သည်။ ဖြစ်ရပ်တစ်ခုကြောင့် ဆွပေးသလိုဖြစ်သော်လည်း အရှိန်တက်မှုက အမှန်တကယ်တွင် အဆိုပါသက်ရောက်မှုများ ပေါင်းစပ်ခြင်းကြောင့် ဖြစ်နိုင်သည်။ အထက်တွင် ဖော်ပြခဲ့သော ဥပမာအတိုင်း သစ်ရွက်ခြောက်များက မီးကို လောင်ကျွမ်းစေနိုင်သော်လည်း မီးခြစ်ဆံက သစ်ရွက်ပုံထဲ ကျသွားမှသာလျှင် မီးစတင်လောင်ကျွမ်းမည် ဖြစ်သည်။ အလားတူပင် မီးတောက်သေးသေးလေးက လေပင့်ပေးလျှင် ဆိုးရွားသည့် တောမီးဖြစ်သွားနိုင်သည်။

မူဘောင်တွင် တတိယအချက်မှာ ပဋိပက္ခအရှိန်မြင့်တက်ခြင်းနှင့် ပဋိပက္ခတစ်ခု၏ အခြားသော အချက်များအပေါ် လွန်စွာ အကဲဆတ်သော ဇာတ်ကောင်များ ရှိခြင်းနှင့် သက်ဆိုင်သည်။ ပထမဇာတ်ကောင် အုပ်စုမှာ ဆွပေးသူများ ဖြစ်သည်။ ထိုသို့ဆွပေးခြင်းမျိုးကို ဒုတိယအုပ်စု ထိခိုက်လွယ်သူများက ပုံမှန်အားဖြင့် လက်ခံထားကြသည်။ အခြေအနေကို ပါဝင်လုပ်ဆောင်သူများဟူသည့် တတိယအုပ်စုက တားဆီးနိုင်သော်လည်း ထိုသူများက ၎င်းတို့အလုပ်ကို ကောင်းစွာလုပ်ဆောင်လေ့ မရှိကြပေ။ တင်းမာမှုများ ရှိပြီးဖြစ်သောကြောင့် ဤသည်က ထိခိုက်လွယ်သောအုပ်စုများကို တက်ကြွလာစေသည်။ အကျိုးဆက်အနေဖြင့် ပဋိပက္ခများက အလွယ်တကူ အရှိန်မြင့်တက်လာစေနိုင်သည်။

စတုတ္ထအချက်တွင် အခြေအနေကို ငြိမ်းချမ်းနိုင်သမျှ ငြိမ်းချမ်းအောင် ထားရှိလိုကြသူများ (သို့) ငြိမ်းချမ်းခြင်းက ၎င်းတို့အတွက် အရေးပါသူများပါဝင်ပြီး ယင်းတို့တွင် နိုင်ငံတော်၊ လုံခြုံရေးတပ်ဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်း နှင့် လူထုအခြေပြုအောက်ခြေအဖွဲ့များအပါအဝင် ပဋိပက္ခအပေါ် သက်ရောက်မှု ပြုနိုင်သူများရော၊ ပဋိပက္ခကြောင့် သက်ရောက်ခံရသူများပါ ပါဝင်သည်။ ပဋိပက္ခကို ရပ်တန့်ရန်နှင့် ဖြေရှင်းရန် ပါဝင်လုပ်ဆောင် နိုင်သူများနှင့် ပတ်သက်ဆက်နွှယ်သူများအကြား ပူးပေါင်းခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း လိုအပ်သည်။

ပဥ္စမနှင့် နောက်ဆုံးအချက်မှာ ပဋိပက္ခအများစုတွင် အဓိကကျသော ဇာတ်ကောင်နှင့် ပတ်သက်ဆက်နွှယ်သူဖြစ်သော အစိုးရ၏ နိုင်ငံရေးအရ လုပ်ဆောင်ပေးလိုစိတ်ဖြစ်သည်။ သို့သော် အစိုးရက ခွဲခြားဆက်ဆံသော ဥပဒေများ ပြဋ္ဌာန်းသောအခါ (သို့) ဖိနှိပ်ခြင်း၊ အကျင့်ပျက်ခြစားခြင်းနှင့် ဆိုးရွားသော အုပ်ချုပ်မှုများကြောင့် လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတချို့အပေါ် အကျိုးဆက်ဆိုးများ သက်ရောက်စေသည့်အခါ ၎င်းတို့ကိုယ်၌က ပြဿနာ၏ အစိတ်အပိုင်း ဖြစ်နေသည်။ ထိုသို့သောလုပ်ရပ်များက ပဋိပက္ခ၏အရင်းအမြစ်ဖြစ်သည် (သို့) ပဋိပက္ခအရှိန်မြင့်လာအောင် ဆွပေးသည်။ ပဋိပက္ခဆိုင်ရာ အချက်များအားလုံးနှင့် ၎င်းတို့၏ ပြောင်းလဲမှုများကို စတင်ချိန်မှစ၍ သတိပြုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ညွှန်းကိန်းအများစုကို ရှင်းလင်းစွာ မြင်တွေ့နိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ယင်းတို့မှာ ပြီးပြည့်စုံစွာပြောင်းလဲနေသော မူဘောင် ပုံဖော်ရေးဆွဲမှု၏ ပြောင်းလဲနေသည့် အစိတ်အပိုင်းများ ဖြစ်လာသည်။

## ၂.၅.၃ စောစီးစွာသတိပြုမိပြီး စောစီးစွာတုံ့ပြန်ခြင်းကို အကောင်အထည်ဖော်ခြင်း

ပုံသေမဟုတ်သောမူဘောင်မှ အချက်အလက်များကို ပဋိပက္ခတားဆီးရေး လုပ်ငန်းတွင် စောစီးစွာသတိပြုမိပြီး စောစီးစွာတုံ့ပြန်ခြင်း၏ အခြေခံအဖြစ်လည်း အသုံးပြုနိုင်သည်။ ထိုသို့သော လေ့လာသုံးသပ်မှုတွင် တွေ့ရလေ့ရှိသော ရလဒ်မှာ အစီရင်ခံစာဖြစ်သည်။ စောစီးစွာ သတိပြုမိပြီး စောစီးစွာတုံ့ပြန်ခြင်းဆိုင်ရာ အစီရင်ခံစာ နှစ်မျိုးက ပုံသေမဟုတ်သောမူဘောင် လေ့လာဆန်းစစ်မှု၏ ရလဒ်ကို ဖော်ပြနေသည်။ (၁) ဖြစ်ရပ်များကို လစဉ် မှတ်တမ်းတင်ပြီး လေ့လာသုံးသပ်သည့် ပုံမှန် လစဉ် အစီရင်ခံစာနှင့် (၂) ဒေသတစ်ခုတွင် နှစ်စဉ် ပဋိပက္ခ ဖြစ်ရပ်များ အားလုံးကို မှတ်တမ်းယူပြီး လေ့လာဆန်းစစ်သည့် ပဋိပက္ခလားရာ အစီရင်ခံစာ ဖြစ်သည်။

လစဉ်ပုံမှန် အစီရင်ခံစာတွင် အဓိကအစိတ်အပိုင်းနှစ်ခု ပါဝင်သည်။ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ပဋိပက္ခ နောက်ခံအခြေအနေ ဆန်းစစ်ခြင်းနှင့် ပြောင်းလဲနေသောမူဘောင်မှ အခြေခံအချက်သုံးချက်ကို လေ့လာဆန်းစစ်ခြင်းဖြစ်သည်။ ပဋိပက္ခအရှိန်တက်ခြင်း၊ အရှိန်ကျခြင်းအချက်ကို ပုံများရေးဆွဲပြီး လေ့လာဆန်းစစ်၊ အစီရင်ခံသည်။ ပဋိပက္ခဖြစ်ရသည့် အကြောင်းအရင်းဆိုင်ရာအချက်ကို ပဋိပက္ခဖြစ်စေရန် ဆွပေးသည့်အရာများ၊ တွန်းအားပေးသည့်အရာများနှင့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အကြောင်းအရင်းများ ဖော်ပြသည့်ပုံစံဖြင့် လုပ်ဆောင်သည်။ အလားတူပင် ပဋိပက္ခဇာတ်ကောင်များအချက်ကို ပြောင်းလဲမှုများ ရေးသားတင်ပြသည့်ပုံစံဖြင့် လုပ်ဆောင်သည်။ လတိုင်း ပုံမှန် လေ့လာဆန်းစစ်မှုများကို ကြိုတင်သတ်မှတ်ထားသော နေရာများတွင် လုပ်ဆောင်သည်။ အသုံးပြုသည့် အချက်အလက်များမှာ အင်တာဗျူးများမှ ရသော မူရင်း/တိုက်ရိုက် အချက်အလက်များဖြစ်နိုင်သလို ဒေသတွင်း မီဒီယာအရင်းအမြစ်များမှ ရရှိသော တစ်ဆင့်ခံ/သွယ်ဝိုက် အချက်အလက်များလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် ပဋိပက္ခအရှိန်မြင့်တက်ခြင်း၊ ပဋိပက္ခဖြစ်ရသည့် အကြောင်းအရင်းများနှင့် ပါဝင်သည့် ဇာတ်ကောင်များဆိုင်ရာ လက်ရှိအချက်အလက်များ အားလုံးကို စုဆောင်းသည်။

ဆန့်ကျင်ဘက်အနေဖြင့် ပဋိပက္ခလားရာအစီရင်ခံစာကို တစ်နှစ်တစ်ခါသာ လုပ်ဆောင်ပြီး အပိုင်းသုံးပိုင်း ပါရှိသည်။ ပထမအပိုင်းတွင် အစီရင်ခံတင်ပြသည့်နှစ်အတွင်း လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးနောက်ခံ

လေ့လာဆန်းစစ်မှုများနှင့် ပဋိပက္ခသမိုင်းဆန်းစစ်မှုတို့ ပါဝင်သည်။ ဒုတိယအပိုင်းတွင် ပဋိပက္ခ အရှိန်တက်ခြင်းနှင့် အရှိန်လျော့ကျခြင်းအကြောင်းနှင့် ပဋိပက္ခဆိုင်ရာပုံဖော်ရေးဆွဲခြင်းများ၊ ဆွပေးသည့်အရာများ၊ အားကောင်းစေသည့်အရာများနှင့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အဓိကအကြောင်းအရင်းများကို ဖော်ပြထားသည့် ပဋိပက္ခဆိုင်ရာ အချက်အလက်/အဓိကအကြောင်းအရင်းများဖော်ပြချက်၊ ပဋိပက္ခဇာတ်ကောင်များနှင့် ပတ်သက်ဆက်နွှယ်သူများအားလုံးအကြောင်း ဖော်ပြချက်၊ အစိုးရ၏ နိုင်ငံရေးအရလုပ်ပေးလိုစိတ်ကို ပြသနေသည့် ပဋိပက္ခဖြေရှင်းရေးကို ထောက်ပံ့သော အစိုးရမူဝါဒများနှင့် လုပ်ရပ်များကို လေ့လာဆန်းစစ်ခြင်း ဟူသည့် ပုံသေမဟုတ်သော မူဘောင်၏ အဓိကအကြောင်းအရာ ငါးရပ်ကို အသေးစိတ် လေ့လာခြင်းပါဝင်သည်။ တတိယအပိုင်းတွင် လာမည့်နှစ် ပဋိပက္ခတားဆီးရေးအတွက် အကြံပြုချက်များ ပါဝင်သည်။ တစ်ဆင့်ခံအချက်အလက်များနှင့် လူ့အဖွဲ့အစည်းအတွင်း ပြဿနာများ၊ အထူးသဖြင့် အုပ်စုများအကြား ပဋိပက္ခများကို အသေးစိတ် အစီရင်ခံသည့် မီဒီယာတို့က လားရာ ဆန်းစစ်လေ့လာမှုများကို အားဖြည့်ပေးသည်။ နှစ်စဉ် လေ့လာဆန်းစစ်မှုတွင် တင်ပြသောနှစ်၏ ဇန်နဝါရီမှ ဒီဇင်ဘာလအထိ အချက်အလက်များ ပါဝင်လေ့ရှိသည်။ တစ်ဆင့်ခံ အချက်အလက်များအတွက် အထောက်အကူပြုနိုင်ရာ သက်ဆိုင်ရာ ကျွမ်းကျင်သူများကတစ်ဆင့် ဦးတည်အုပ်စု ဆွေးနွေးပွဲများလည်း ကျင်းပလေ့ရှိသည်။

အစီရင်ခံစာနှစ်မျိုးလုံးကို စောစီးစွာ ပဋိပက္ခအားသတိပြုမိပြီး စောစီးစွာ တုံ့ပြန်သည့်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အခြေခံသည့် ကွဲပြားသည့်အချက်အဖြစ် အသုံးပြုနိုင်သည်။ အစိုးရနှင့် အခြားသော ပတ်သက်ဆက်နွှယ်သူများက ပဋိပက္ခတားဆီးရန်/လျှော့ချရန် မူဝါဒအသစ်များ ချမှတ်ရာတွင်လည်း ယင်းတို့ကို အခြေခံအဖြစ် သုံးနိုင်သည်။ စောစီးစွာ သိရှိနိုင်ရေးတွင် ဆုံးဖြတ်ချက်ချမှတ်ရေးအတွက် အစီရင်ခံစာများကို သက်ဆိုင်ရာ အဖွဲ့များထံ ချက်ချင်း ဖြန့်ဝေ တင်ပြခဲ့သည်။ အလားတူပင် စောစီးစွာတုံ့ပြန်ရေးတွင် ဖြစ်ပွားနေဆဲ အကြမ်းဖက်မှုများကို ရပ်တန့်ရန် ချက်ချင်းဆုံးဖြတ်ချက်ချမှတ်ရေးအတွက် အခြေခံအဖြစ် အစီရင်ခံစာများကို အသုံးပြုနိုင်သည်။ နောက်ဆုံးအနေဖြင့် လုပ်ရပ်များ၊ ဖျန်ဖြေပေးမှုများ၊ ဆွေးနွေးညှိနှိုင်းခြင်း၊ စကားဝိုင်းများ၊ ကြေညာချက်များနှင့် ငြိမ်းချမ်းရေးကမ်ပိန်းများကို ဝေဖန်တုံ့ပြန်သည့်အခါတွင်လည်း အစီရင်ခံစာများက အသုံးဝင်သည်။

## ၂.၆ နိဂုံး

ပဋိပက္ခအခြေအနေများကို နားလည်ရန် ယခုအခန်းက ပဋိပက္ခနှင့် အကြမ်းဖက်မှုဆိုင်ရာ စည်းမျဉ်းများနှင့် သီအိုရီများကို ခြုံငုံဖော်ပြခဲ့သည်။ ကျွန်ုပ်တို့၏ ဘဝများကို ပဋိပက္ခများဝိုင်းပတ်နေသည့် အခြေအနေတွင် နေထိုင်နေရသည်ကို သတိပြုမိခြင်းက ပဋိပက္ခများသည် ကောင်းသလား၊ ဆိုးသလားဟု မေးလိုစိတ်ဖြစ်ပေါ်လာစေပြီး အလားတူအခြေအနေမျိုးတွင် မည်ကဲ့သို့တုံ့ပြန်မည် (သို့) ဆက်သွယ်ဖလှယ်မည်ကို တွေးတောမိစေသည်။ ထိုသို့တွေးခေါ်မှုများက ကျွန်ုပ်တို့ကို ပဋိပက္ခအမျိုးအစား အမျိုးမျိုးအား တစ်ကိုယ်တည်းဖြစ်သည့် ပဋိပက္ခ (ဒွိဟ) (သို့) နောက်တစ်ဖက်ဆုံးတွင် အဖွဲ့ပေါင်းစုံပါဝင်သော နိုင်ငံတကာ ပဋိပက္ခအထိ အမျိုးအစား ခွဲခြားစေသည်။ ယခုအခန်းတွင် ပဋိပက္ခ၏သဘောတရားနှင့် ပဋိပက္ခတွင်ပါဝင်သူများ၏ အမျိုးမျိုးသော ရှုထောင့်များနှင့် အမြင်များကို စာဖတ်သူများနားလည်စေရန် ပဋိပက္ခ၏သတ်မှတ်ချက်

အမျိုးမျိုးနှင့် ရှင်းလင်းသည့် သီအိုရီများကို ဆွေးနွေးခဲ့သည်။ ထို့ပြင် ယခုအခန်းက ပဋိပက္ခ၏ သဘောသဘာဝနှင့် လူသားတို့၏ အပြုအမူများနှင့် ပဋိပက္ခအခြေအနေများအကြား ဆက်စပ်မှုများကို ဒဿနိကပိုင်းမှ ရှင်းလင်းပြသော ပဋိပက္ခသီအိုရီများကိုလည်း လေ့လာဆန်းစစ်ခဲ့သည်။

ပဋိပက္ခကို အပြည့်အဝ နားလည်စေဖို့ ကျွန်ုပ်တို့၏ သဘောထားများကို ပုံဖော်ပေးသည့် ဗဟုသုတ၊ အမှန်တရား၊ ယုံကြည်မှုများနှင့် အမြင်များကို စိန်ခေါ်ရန် ဒဿနိကဆိုင်ရာ စူးစမ်းစစ်ဆေးမှုကို အသုံးပြုရန် ဖိတ်ခေါ်ထားသော ပညာဗေဒ ဒဿနိကဗေဒ စည်းမျဉ်းကို ကိုးကားရမည်။ အပြုသဘောဆောင်ပြီး ဝေဖန်တွေးခေါ်နိုင်ရန် ငြိမ်းချမ်းရေး၊ အကြမ်းဖက်မှုနှင့် ပဋိပက္ခဆိုင်ရာ ဒဿနိကအခြေခံများကို နားလည်ခြင်းလိုအပ်သည်။ ပဋိပက္ခများဖန်တီးခြင်းနှင့် ထုတ်ဖော်ပြသခြင်းတို့တွင် လူတို့၏ သဘောထားများမှာ အရေးပါသော အစိတ်အပိုင်း တစ်ခုဖြစ်ပြီး အပြုအမူနှင့် ဗီလာဆန့်ကျင်ခြင်းတို့နှင့် ဆက်စပ်နေသည်။ အဆိုပါ ရှုထောင့်သုံးခုက ပဋိပက္ခဖြစ်နိုင်ခြေတွင် ပါဝင်နေသည်။ မျိုးဆက်များစွာ တည်ရှိနေသည့် ပဋိပက္ခများကို ကာလရှည်ကြာ လူမှုပဋိပက္ခဟုခေါ်ပြီး ယင်းတို့က လူ့အဖွဲ့အစည်းတစ်ခုတည်းတွင်နေထိုင်သူများက တန်ဖိုးထားမှုများ မတူညီခြင်းနှင့် အဓိက ဆက်စပ်နေသည်။

ပါဝင်သည့် အချက်များနှင့် ဇာတ်ကောင်များကို အခြေခံပြီး ယခုအခန်းက ကာလရှည်ကြာ လူမှုပဋိပက္ခ များအတွက် ကြိုတင်လိုအပ်ချက် အမျိုးအစားများနှင့် ၎င်းတို့က ပဋိပက္ခအခြေအနေများ၏ ပြောင်းလဲမှုများနှင့် မည်သို့ဆက်စပ်နေသည်ကိုလည်း ရှင်းလင်းပြခဲ့သည်။ လူမျိုးစုအမျိုးမျိုးရှိသော လူ့အဖွဲ့အစည်းများတွင် အဆိုပါ ကြိုတင်လိုအပ်ချက်များ ပြည့်မီပါက ကာလရှည်ကြာ လူမှုပဋိပက္ခများ ပေါ်ထွက်လာနိုင်သည်။ လူမျိုးစု၊ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး အကြောင်းအရာများက မကြာခဏဆိုသလို အခြေအနေကို ပိုဆိုးစေပြီး ပဋိပက္ခကို အချိန်ရှည်ကြာစေသည်။ အချို့သော ဖြစ်ရပ်များတွင် ထိုသို့သော အခြေအနေများက ပို၍ဆိုးလာပြီး ပဋိပက္ခ၏ ပြောင်းလဲမှုများမှ ထွက်ပေါ်လာသည့် ကနဦးနှင့် အခြေအနေသစ်များကြောင့် ပဋိပက္ခစက်ဝန်းများက ထပ်ဖန်တလဲလဲ ဖြစ်ပွားနေသည်။ ကာလရှည်ကြာပဋိပက္ခများမှာ ပင်ပန်းဖွယ်ရာဖြစ်ပြီး အကြမ်းဖက်မှုသို့ အရှိန်တက်သွားနိုင်သည်။ ထိုသို့ဆိုလျှင် အကြမ်းဖက်မှု၏ရလဒ်များက ပဋိပက္ခကို ပို၍အရှိန်တက်စေသည်။ အချို့သောအခြေအနေများတွင် အဖွဲ့များစွဲကိုင်ထားသည့် မတူညီသောတန်ဖိုးများနှင့် ယုံကြည်ချက်များက အခြေခံလိုအပ်ချက်များ ရရှိနိုင်မှုကိုလျှော့ချပြီး ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေများကိုပါ ထိခိုက်စေသည်။ လူမှုအင်စတီကျူးရှင်းတစ်ခုလုံး၏ အင်အားကိုပါလျှော့ချကာ ပြင်ပအဖွဲ့အစည်းများအပေါ် မှီခိုမှုကို တိုးမြင့်စေသည်။

ပဋိပက္ခသည် လူသားတို့၏သဘာဝဖြစ်ပြီး ယင်းကို လူတစ်ဦးအတွင်း၌သော်လည်းကောင်း၊ အခြားသူများဖြင့် သော်လည်းကောင်း၊ လူ့အဖွဲ့အစည်းတွင်သော်လည်းကောင်း ဖယ်ထုတ်ပစ်ရန် မဖြစ်နိုင်ပေ။ ထို့ကြောင့် ပဋိပက္ခများ အကြမ်းဖက်လာနိုင်သည့် အခြေအနေများကို ရှောင်ရှားရန် အရေးကြီးသည်။ ယခုအခန်းက ပဋိပက္ခ၏ အကျယ်နှင့် အမျိုးအစားများအပါအဝင် အချို့သော အခြေခံ ဗဟုသုတများကို တင်ပြထားသည်။ အကြမ်းဖက်မှုသည် ပဋိပက္ခအခြေအနေများတွင် ရှောင်လွှဲ၍မရသောအဆင့်မဟုတ်ဘဲ ဖြစ်လာနိုင်သည့် အကျိုးဆက်တစ်ခုသာ ဖြစ်ကြောင်းလည်း ဆွေးနွေးထားသည်။ ထို့ကြောင့် ပဋိပက္ခနှင့် အကြမ်းဖက်မှုအကြား

တိုက်ရိုက်၊ မရှိမဖြစ်လိုအပ်သော ဆက်စပ်မှုမရှိပေ။ ပဋိပက္ခသည် နေရာတိုင်း၌ရှိနိုင်သည်၊ သို့သော် အကြမ်းဖက်မှုက ရှောင်လွှဲ၍ မရသည့်အရာ မဟုတ်ပေ။

ထို့အစား ပဋိပက္ခ၏ အမျိုးမျိုးသော သတိပြုမိနိုင်သည့်အဆင့်များက ပဋိပက္ခ အရှိန်မြင့်တက်ခြင်း (သို့) အရှိန်ကျသွားခြင်းကို ဖြစ်စေသည်။ အချို့သောအခြေအနေများတွင် ယန္တရားအချို့အသုံးပြုခြင်းက အရှိန်တက်ခြင်းကို ရပ်တန့်နိုင်ပြီး အကြမ်းမဖက်သည့် ပဋိပက္ခတစ်ခု ဖြစ်သွားစေသည်။ ထို့ကြောင့် ယခုအခန်းက ပဋိပက္ခအခြေအနေများတွင် မည်ကဲ့သို့ သင့်လျော်စွာပါဝင်နိုင်မည်ကို သိရှိနားလည်စေရန် ပဋိပက္ခများကို အပြင်လူများ (သို့) ပတ်သက်ဆက်နွှယ်သူများအဖြစ် လေ့လာဆန်းစစ်ရန် နည်းလမ်းအများအပြားကို ပေးထားသည်။ လူမှုပဋိပက္ခများက အုပ်ချုပ်သူများနှင့် နိုင်ငံသားများအကြား ဖြစ်ပွားလေ့ရှိသည့် အရှေ့တောင်အာရှနိုင်ငံအများအပြားတွင် လူမှုအသွင်ပြောင်းလဲရေး ရရှိနိုင်ရန် အကြမ်းမဖက်ချဉ်းကပ်ပုံကို အသုံးပြုနိုင်သည်။ ပဋိပက္ခသီအိုရီတွင် ထိုနယ်ပယ်က လူမှုအပြောင်းအလဲများ ရရှိစေရေးနှင့် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းများ ပေါ်ပေါက်လာရေးအတွက် အကြမ်းမဖက် လှုပ်ရှားမှုများနှင့် လုပ်ရပ်များကို ငြိမ်းချမ်းသော နည်းလမ်းများ အသုံးပြုခြင်းအဖြစ် ဖော်ပြပေးထားသည်။ ထို့နောက်ယခုအခန်းက ကျွန်ုပ်တို့ကို အကြမ်းဖက်မှု အန္တရာယ်အား လျှော့ချပြီး လူမှုပြောင်းလဲရေး ဖြစ်စဉ်တစ်ခုတွင် ပါဝင်နိုင်ရန် အကြမ်းမဖက် လှုပ်ရှားမှုကို မူရင်းစတင်ပုံမှစ၍ အမျိုးမျိုးသော လက်တွေ့လုပ်ဆောင်ပုံများအထိ လေ့လာဆန်းစစ်ထားပါသည်။ သို့သော် အကြမ်းမဖက် ချဉ်းကပ်ပုံများက ပဋိပက္ခများ အကြမ်းဖက်မှုနှင့် စစ်ပွဲများအထိ အရှိန်မြင့်လာခြင်းကို တားဆီးရန် မလုံလောက်ပေ။ ထို့ကြောင့် ပညာရပ်နယ်ပယ်က ပဋိပက္ခ အရှိန်လျော့ကျရန်၊ ပြန်လည်ရင်ကြားစေနိုင်ရန် နည်းလမ်းများကို ဖော်ထုတ်ပြီး လိုအပ်သည့် အခြေအနေများကို လေ့လာဆန်းစစ်ထားသည်။ အဆိုပါ အခြေအနေများနှင့် ယန္တရားများကို နားလည်စေရန် ဖတ်ရှုသူများအနေဖြင့် ပဋိပက္ခများတွင် ပါဝင်သည့် အစိတ်အပိုင်းများ၊ ဇာတ်ကောင်များနှင့် ပဋိပက္ခဖြစ်ပွားချိန်မှစ၍ ဖြေရှင်းပြီးသွားချိန်အထိ ပါဝင်သည့် အကြောင်းအရာများအား အခြေခံပြီး လေ့လာဆန်းစစ်နိုင်ရန် လေ့လာဆန်းစစ်သည့် နည်းလမ်းများကို တင်ပြပေးထားသည်။ ထိုသို့သော နည်းလမ်းများကို ပဋိပက္ခ ပုံဖော်ရေးဆွဲခြင်းဟု ခေါ်ဆိုသည်။

အထူးသဖြင့် ပဋိပက္ခပုံဖော်ရေးဆွဲခြင်းက ပဋိပက္ခအကဲဖြတ်သူများကို အခြေအနေများ၊ ဖော်ပြချက်များ၊ အမျိုးအစားများ၊ ဖြစ်ပွားစေသည့် အကြောင်းအရင်းများ၊ ပါဝင်ပတ်သက်သူများ၊ ပြောင်းလဲသည့်အရာများအား စနစ်တကျ ဆန်းစစ်နိုင်ရန် အထောက်အကူပြုသည်။ ထိုသို့သော ပုံဖော်ရေးဆွဲမှုများကို လူပုဂ္ဂိုလ်များအကြား ပဋိပက္ခများမှ နိုင်ငံတကာပဋိပက္ခများအထိ အမျိုးမျိုးသော ပဋိပက္ခပုံစံများတွင် အသုံးပြုနိုင်သည်။ ထိုနည်းလမ်းကို အသုံးပြုသည့် အကဲဖြတ်သူများသည် ပဋိပက္ခအတွက် သင့်လျော်သောနည်းလမ်းရှာဖွေသည့် အပြင်လူများဖြစ်နိုင်သလို ပတ်သက်ဆက်နွှယ်သူများလည်း ဖြစ်နိုင်သည်။

ခြုံပြောရလျှင် ယခုအခန်းတွင် တင်ပြခဲ့သော ပဋိပက္ခနှင့် အကြမ်းဖက်မှု အခြေခံသီအိုရီများက စာဖတ်သူများကို ငြိမ်းချမ်းရေး၊ ပဋိပက္ခနှင့် အကြမ်းဖက်မှု သဘောတရားများကို လေ့လာဆန်းစစ်ရန် အထောက်အကူပြုသည်။ လာမည့်အခန်းများတွင် သီအိုရီမူဘောင်များနှင့် လက်တွေ့အခြေအနေများအကြား ဆက်စပ်မှုများကို ရှင်းလင်းအောင် တင်ပြပေးသွားပါမည်။

## ဆွေးနွေးရန် မေးခွန်းများ

***ပညာဗေဒနှင့် သိမ္မ***

၁။ ငြိမ်းချမ်းရေးလေ့လာမှုအတွက် ပညာဗေဒအခြေခံဆိုသည်မှာ အဘယ်နည်း။ ယင်းက အဘယ်ကြောင့် အရေးပါသနည်း။

၂။ လူတို့က အဘယ်ကြောင့် ပဋိပက္ခကို ကွဲပြားစွာ ရှုမြင်ကြသနည်း။

၃။ ပဋိပက္ခအခြေအနေများ၏ သမိုင်း၊ မှတ်တမ်းများနှင့် လက်ဆင့်ကမ်းပြောစကားများက မည်မျှ အရေးပါသနည်း။

***ငြိမ်းချမ်းရေး၊ အကြမ်းဖက်မှုနှင့် ပဋိပက္ခ သီအိုရီများ***

၁။ ပဋိပက္ခနှင့် အကြမ်းဖက်မှုတို့အကြား ဆက်ဆံရေးများမှာ မည်သို့ရှိသနည်း။ ၎င်းတို့က တိုက်ရိုက် ဆက်စပ်နေပါသလား။

၂။ အကြမ်းဖက်မှု အမျိုးအစားများနှင့် ဖြစ်စဉ်လှုပ်ရှားမှုများကို ဖော်ပြပါ။ သင့်တင့်သော ဥပမာများ ပေးပါ။

၃။ အကြမ်းဖက်မှုသည် ပဋိပက္ခတွင် တွေ့ရလေ့ရှိသော အဆင့်တစ်ဆင့် ဖြစ်ပါသလား။

၄။ အဘယ်ကြောင့် လူတို့က တစ်ဦးနှင့်တစ်ဦး ပဋိပက္ခများ ဖြစ်ပွားရသနည်း။

၅။ အောက်ပါ အသုံးအနှုန်းများကို အဓိပ္ပာယ်ဖွင့်ဆိုပါ။ အကြမ်းမဖက်ခြင်း၊ အကြမ်းမဖက်သော လုပ်ရပ်။ အရှေ့တောင်အာရှတွင် အဆိုပါအမျိုးအစားအောက် ကျရောက်မည့် အဓိကလုပ်ရပ်အချို့ကို ဖော်ပြပါ။

၆။ အာဏာသီအိုရီနှင့် အကြမ်းမဖက် လှုပ်ရှားမှုတို့အကြား ဆက်စပ်မှုကို အကဲဖြတ်သုံးသပ်ပြီး ယင်းကို အရှေ့တောင်အာရှတွင် အမှန်တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်နှင့် ဆက်စပ်ပြပါ။

၇။ အဆင့်တစ်ခုချင်းစီအတွက် ဥပမာတိုတိုပေး၍ ပဋိပက္ခ အရှိန်မြင့်ခြင်းနှင့် အရှိန်လျော့ကျခြင်းတို့ကို ရှင်းလင်းပြပါ။

၈။ ကာလရှည်ကြာ လူမှုပဋိပက္ခအတွက် ကြိုတင်လိုအပ်ချက်များမှာ အဘယ်နည်း။ ၎င်းတို့ကို မည်သို့ ဖြေရှင်းမည်နည်း။

## ဖတ်ရှုရန် အကြံပြုချက်များ


1. Ackerman, P, and DuVall, J, *A Force More Powerful: A Century of Non-Violent Conflict*, Palgrave Macmillan, 2001.
2. Azar, EE, *The Management of Protracted Social Conflict: Theory and Cases*, Dartmouth Publishing Company, 1990.
3. Malik, I, *Resolusi Konflik: Jembatan Perdamaian*, Jakarta: Penerbit Kompas, 2017.
4. Ramsbotham, O, Miall, H, and Woodhouse, T, *Contemporary Conflict Resolution*, 4thed, Polity, 2016.
5. Ropers, N, and Anuvatudim, M, 'A joint learning process for stakeholders and insider peacebuilders: A case study from Southern Thailand' *Asian Journal of Peacebuilding*, 2014, Vol 2, No 2, pp 277-296.

# အခန်း 3

## အကြမ်းဖက်သော ပဋိပက္ခများကို ကာကွယ်တားဆီးခြင်းနှင့် စီမံခန့်ခွဲခြင်း

# အခန်း (၃) အကြမ်းဖက်သော ပဋိပက္ခများကို ကာကွယ်တားဆီးခြင်းနှင့် စီမံခန့်ခွဲခြင်း

**ယူကံကို နီရှီကာဝါ (Yukiko Nishikawa)**

## ၃.၁ မိတ်ဆက်

မရိုးရှင်းသော၊ ပေါ့သေးသေးမဟုတ်သော အရှေ့တောင်အာရှမှ ပဋိပက္ခများသည် အမျိုးအစားများ ကွဲပြားပြီး နိုင်ငံများ၏ နေ့စဉ်ပြဿနာများနှင့် ဒေသတွင်းမှ ပြည်သူများကို ထင်ဟပ်နေသည့် အမျိုးမျိုးသော အကြောင်းရင်းခံများ ရှိကြသည်။ ဒေသတွင်း အကြမ်းဖက်သော ပဋိပက္ခများသည် အရေအတွက်လည်း မနည်းလှပေ။ ပဋိပက္ခအများအပြားမှာ မဖြေရှင်းရသေးသော်လည်း ဒေသတွင်းနိုင်ငံအများစုက ပဋိပက္ခများကို ကောင်းစွာ စီမံခန့်ခွဲထားသည်၊ ထိန်းချုပ်ထားသည် (သို့) ကိုင်တွယ်ထားသည်ဟု ဆိုကြသည်။ ယုံကြည်မှု တည်ဆောက်ခြင်း၊ တားဆီးခြင်း၊ သီးသန့်ဖယ်ထုတ်ထားခြင်း၊ ခြောက်လှန့်ခြင်း၊ လူထုတည်ဆောက်ခြင်း၊ ကြားဝင်စွက်ဖက်ခြင်းနှင့် ကြားဝင်စွက်ဖက်မှု မပြုခြင်းကဲ့သို့ အမျိုးမျိုးသော နည်းလမ်းများ (သို့) မဟာဗျူဟာများ အသုံးပြုပြီး ပဋိပက္ခ စီမံခန့်ခွဲရေးကို လုပ်ဆောင်ကြသည်။ အဆိုပါချဉ်းကပ်ပုံများသည် ပဋိပက္ခ အရှိန်မြင့်လာခြင်းနှင့် ပိုဆိုးလာခြင်းကြောင့် ဖြစ်ပွားရသည့် အကြမ်းဖက်မှုများကို တားဆီးရန်နှင့် ထိုသို့သော ပဋိပက္ခများမှ ထွက်ပေါ်လာသည့် အကျပ်အတည်းများကို လျင်မြန်စွာ စီမံခန့်ခွဲရန် အရေးပါသည်။ ပဋိပက္ခ၏ သဘောသဘာဝ၊ လိုလားသည့်ရလဒ်နှင့် အင်စတီကျူးရှင်း၏ လုပ်ဆောင်နိုင်စွမ်းတို့အပေါ် မူတည်၍ ကွဲပြားသော ယန္တရားများနှင့် နည်းလမ်းများကို အသုံးပြုနိုင်သည်။

ပဋိပက္ခဖြေရှင်းရေးက အကောင်းဆုံးသော ရည်မှန်းချက်ဖြစ်သော်လည်း ပဋိပက္ခစီမံခန့်ခွဲရေးက မကြာခဏဆိုသလို နှစ်ဖက်အဖွဲ့အတွက် ရရှိနိုင်သည်များကို အမြင့်မားဆုံးဖြစ်အောင် လုပ်ဆောင်ပေးသည် (Boulding, 1990: 37)။ ထို့ကြောင့် အခန်း (၃) က ပဋိပက္ခစီမံခန့်ခွဲရေးနှင့် တားဆီးရေးကို အကြမ်းဖက်သောပဋိပက္ခအတွက် အရေးပါသော ချဉ်းကပ်ပုံများအဖြစ်တင်ပြသွားပါမည်။ ပဋိပက္ခများအားလုံးကို မတားဆီးနိုင်လေရာ ပဋိပက္ခ စီမံခန့်ခွဲခြင်းနှင့် တားဆီးခြင်းက *အကြမ်းဖက်သော* ပဋိပက္ခများကို လျှော့ချသော၊ စီမံခန့်ခွဲသော၊ ရှောင်ရှားသော၊ တားဆီးသော ယန္တရားများနှင့် နည်းလမ်းများကို အာရုံစိုက်သွားပါမည်။ ထို့ပြင် ယခုအခန်းက အရှေ့တောင်အာရှတွင် ပဋိပက္ခများကို အကြမ်းဖက်သည့်အဆင့် မရောက်အောင် မည်သို့ကာကွယ်တားဆီးသည်နှင့် အကြမ်းဖက်မှုများကို မည်သို့လျှော့ချ၊ ထိန်းသိမ်းသည်ကိုလည်း လေ့လာသွားပါမည်။

အစွန်းရောက်အကြမ်းဖက်မှုသည် ယနေ့ခေတ် အရှေ့တောင်အာရှမှ ပဋိပက္ခများကို ရှုပ်ထွေးစေပြီး ကာလရှည်ကြာစေသည့် အဓိကအချက်တစ်ချက်ဖြစ်သည်။ အစွန်းရောက်အုပ်စုများသည် ဒေသတွင်း ဘာသာရေးမှ နိုင်ငံရေးအထိ လှုပ်ရှားနေကြသည်။ အကြမ်းဖက်ခြင်းနှင့် ဗုံးခွဲခြင်းများကဲ့သို့သော အကြမ်းဖက်သည့် လုပ်ရပ်များသည် မကြာခဏဆိုသလို ကမ္ဘာနှင့် ဒေသတွင်းကွန်ရက်များကို အသုံးပြုသည့် အစွန်းရောက်အုပ်စုများနှင့် ဆက်စပ်နေသည်။ ထို့ကြောင့် ယခုအခန်းက ပဋိပက္ခစီမံခန့်ခွဲရေးနှင့် တားဆီးရေးတို့ကို ဆွေးနွေးပြီး

နိုင်ငံတစ်နိုင်ငံချင်းစီနှင့် အာဆီယံတို့က အစွန်းရောက်မှု အတက်အကျကို မည်သို့ ကိုင်တွယ်သည်ကိုလေ့လာရင်း အရှေ့တောင်အာရှမှ အစွန်းရောက်မှုအား လေ့လာဆန်းစစ်သွားပါမည်။ ယနေ့ခေတ်တွင် နိုင်ငံတွင်း ပဋိပက္ခများသည်ပင် ဂလိုဘယ်လ်လိုက်ဇေးရှင်း၏ အကျိုးဆက်များမှ မလွတ်မြောက်နိုင်ပေ။ အဆိုပါ သက်ရောက်မှုများက ငွေကြေးပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာသာမကဘဲ အတွေးအခေါ်ပိုင်းနှင့် နိုင်ငံရေးပိုင်းပါ သက်ရောက်မှုရှိပြီး ကျယ်ပြန့်သော ကမ္ဘာ့ကွန်ရက်များပိုင်ဆိုင်သည့် နိုင်ငံများနှင့် အုပ်စုများ၏ သိသိသာသာ လွှမ်းမိုးမှုကို ခံနေရသည်။ အချို့သော အရှေ့တောင်အာရှပဋိပက္ခများသည် နိုင်ငံတကာနှင့် ဆက်စပ်နေပြီး နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုများ၊ တရားမဝင်ကုန်ကူးခြင်း၊ ခဲယမ်းများနှင့် လက်နက်ငယ်များ ရောင်းဝယ်ခြင်း၊ ရာဇဝတ်အုပ်စုများနှင့် လက်နက်ကိုင်အုပ်စုများ ကွန်ရက်ဖွဲ့ထားခြင်းများ တိုးပွားလာသည်။ အရှေ့တောင်အာရှတွင် အကြမ်းဖက်သောပဋိပက္ခများ စီမံခန့်ခွဲခြင်းက ကျွန်ုပ်တို့ကို ဒေသတွင်းပဋိပက္ခများကို နားလည်စေရုံသာမက ထိုဒေသတွင် နိုင်ငံများ၊ လူ့အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာရေး တို့အတွက် ကြိုးပမ်းလုပ်ဆောင်နေရသည့် ပြည်သူများ၏ သဘောသဘာဝနှင့် လက္ခဏာရပ်များကိုပါ နားလည်ရန် အထောက်အကူပြုလိမ့်မည်။

## ၃.၂ အရှေ့တောင်အာရှမှ အကြမ်းဖက်သော ပဋိပက္ခပုံစံများ

ပဋိပက္ခကာကွယ်တားဆီးရေးနှင့် စီမံခန့်ခွဲရေး ချဉ်းကပ်ပုံများ၊ နည်းလမ်းများနှင့် မဟာဗျူဟာများအတွက် အကြမ်းဖက်သော ပဋိပက္ခပုံစံများကို နားလည်ရန် အရေးကြီးသည်။ အရှေ့တောင်အာရှမှ အကြမ်းဖက်သော ပဋိပက္ခများသည် ပြည်တွင်း (သို့) နိုင်ငံများအကြား ဖြစ်သည်။ သို့သော် ပြည်တွင်းပဋိပက္ခများသည်ပင် အကြမ်းဖက်မှုမှ မလွတ်မြောက်နိုင်ပေ။ ဒေသတွင်းပဋိပက္ခများသည် ယေဘုယျအားဖြင့် အားမပြင်းလှဘဲ ကာလရှည်ကြာသည်။ ထို့ပြင် အရှေ့တောင်အာရှမှနိုင်ငံများသည် အစိုးရမဟုတ်သည့် စုစည်းထားသော အဖွဲ့များမှ (သို့) အစိုးရတစ်ရပ်မှ ပြည်သူများအပေါ် တစ်ဖက်သတ်ကျူးလွန်သည့် အကြမ်းဖက်မှုများကို ကြုံတွေ့ရလေ့ရှိသည်။

### ၃.၂.၁ ပြည်တွင်းပဋိပက္ခများ

လက်နက်ကိုင်ပဋိပက္ခများကို ကိန်းဂဏန်းအခြေပြုလေ့လာမှုများအရ အာရှသည် အကြမ်းဖက်သောပဋိပက္ခများ အဖြစ်အများဆုံးဒေသတစ်ခုဖြစ်သည်ဟု ထုတ်ဖော်ပြသထားသည်။ ၂၀၀၀ ပြည့်လွန်နှစ် အလယ်ပိုင်းများမှစ၍ အာရှတိုက်တွင် လက်နက်ကိုင်ပဋိပက္ခများ ကျဆင်းခဲ့သော်လည်း ဥပမာ ကမ္ဘာပေါ်တွင် လူသိအများဆုံး ပဋိပက္ခအချက်အလက်စုစည်းမှုတစ်ခုဖြစ်သော အက်ပ်ဆဲလား ပဋိပက္ခအချက်အလက်အစီအစဉ် (Uppsala Conflict Data Program (UCDP))[1] က ၂၀၁၃ ခုနှစ်တွင် အာရှတိုက်အလယ်ပိုင်း၊ တောင်အာရှနှင့် အရှေ့တောင်အာရှအပါအဝင် အကြမ်းဖက်ပဋိပက္ခ အရေအတွက်အများဆုံးကို အာရှတိုက်တွင် တွေ့ရသည်ဟု

[1] ထိုကိန်းဂဏန်းအခြေပြု လေ့လာဆန်းစစ်မှုက အကြမ်းဖက်မှုနှင့် ပဋိပက္ခလက္ခဏာရပ်များကို ဒေသနှင့် နိုင်ငံအလိုက် လားရာများ ပြသရန် ရည်ရွယ်ပြီး https://ucdp.uu.se/ တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ဖော်ပြထားသည် (Bosetti and Einsiedel, 2015: 3-5)။ သို့သော်ငြားလည်း လက်နက်ကိုင်ပဋိပက္ခ ပြင်းထန်မှုနှင့် အသက်သေဆုံးမှုများနှင့် စပ်လျဉ်း၍ အရှေ့တောင်အာရှသည် သိပ်မထင်ပေါ်ဘဲ ရှိနေသည်။[2]

## သရုပ်ပြဇယား ၃.၁။ အရှေ့တောင်အာရှတွင် ပဋိပက္ခအမျိုးအစားအလိုက် သေဆုံးမှုအရေအတွက်




သေဆုံးသည့် အရေအတွက် (၁၉၈၉-၂၀၁၉)

Total - စုစုပေါင်း

No state-involvement - နိုင်ငံတော်၏ ပါဝင်ပတ်သက်မှုမရှိ

State involved - နိုင်ငံတော်ပါဝင်ပတ်သက်သော

One-sided violence - တစ်ဖက်သတ်အကြမ်းဖက်မှု

**မူရင်း။** အက်ပ်ဆဲလား ပဋိပက္ခအချက်အလက်အစီအစဉ်

သရုပ်ပြဇယား ၃.၁ က ၁၉၈၉ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အကြား အရှေ့တောင်အာရှနိုင်ငံအများအပြားတွင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအမျိုးမျိုးကြောင့် သေဆုံးခဲ့ရသည့်အရေအတွက်များကို တင်ပြထားသည်။[3] ဒေသ၏ သက်ရောက်မှုအကြီးမားဆုံး အကြမ်းဖက် ပြည်တွင်းပဋိပက္ခများတွင် နိုင်ငံတော် (သို့) အစိုးရက အဖွဲ့တစ်ခုအဖြစ်

---

[2] အကြမ်းဖက်မှုနှင့် ပဋိပက္ခအချက်အလက်များ၊ အထူးသဖြင့် သေဆုံးမှုနှင့် အကြမ်းဖက်မှုဖြစ်ရပ်များကို ပြသသည့် အချက်အလက်အစုများကို အသုံးပြုရာတွင် အချက်အလက်အရင်းအမြစ်များနှင့် အချက်အလက်စုဆောင်းသည့် နည်းလမ်းများကိုဖော်ပြရန် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် မတူညီသော အချက်အလက်အစုများတွင် ကြီးမားသောကွာခြားချက်များ ရှိနိုင်သောကြောင့်ဖြစ်သည် (အောက်မှ စာသေတ္တာ ၃.၃ တွင် ရှုပါ)။

[3] သရုပ်ပြဇယား ၃.၁ တွင် ပဋိပက္ခအမျိုးအစားများအတွက် အသုံးပြုထားသည့် အသုံးအနှုန်းများမှာ စာရေးသူ၏ အသုံးအနှုန်းများဖြစ်ပြီး UCDP ၏ အချက်အလက်အစုအပေါ်တွင် အခြေခံသည်။ နိုင်ငံတော်ပါဝင်သည့် ပဋိပက္ခများဆိုသည်မှာ နိုင်ငံတော် (သို့) အစိုးရက ပါဝင်နေသည့် ပဋိပက္ခမျိုးဖြစ်သည်။ နိုင်ငံတော်မပါဝင်သည့် ပဋိပက္ခဆိုသည်မှာ နိုင်ငံတော် (သို့) အစိုးရ ပါဝင်ပတ်သက်မှုမရှိဘဲ စုစည်းထားသည့် လက်နက်ကိုင်အုပ်စုများအကြားမှ ပဋိပက္ခများကို ဆိုလိုခြင်းဖြစ်သည်။

ပါဝင်နေကြောင်း ဤပုံက ပြသနေသည်။ ထို့ပြင် ဒေသတွင်းနိုင်ငံအများစုက နိုင်ငံတည်ဆောက်ခြင်း ပြဿနာများနှင့် စပ်လျဉ်း၍ အကြမ်းဖက်သောပဋိပက္ခများ တွေ့ကြုံခဲ့ကြရသည် (သို့) လက်ရှိတွင် တွေ့ကြုံခံစားနေရသည်။ ထို့ကြောင့် ထိုပဋိပက္ခများသည် ကိုလိုနီသမိုင်းကြောင်းများရှိပြီး အချုပ်ခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအတွင်း နယ်မြေများထိန်းချုပ်ရေးအတွက် အငြင်းပွားမှုများနှင့် ကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဒေသမှအရင်းအမြစ်များကို ပို၍ ထိန်းချုပ်နိုင်ရေး (သို့) ၎င်းတို့၏ လူမျိုးစုသရုပ်လက္ခဏာများကို အခြေခံ၍ နိုင်ငံအသစ်များ ဖန်တီးရေးတို့အတွက် ဗဟိုအစိုးရထံမှ နိုင်ငံရေးလွတ်လပ်ခွင့်ကို ရှာဖွေနေသည့် လူမျိုးစု အမျိုးသားရေးလှုပ်ရှားမှုများ ပါဝင်သည်။ ဖြစ်ရပ်အများစုက ဗဟိုအစိုးရ (သို့မဟုတ် ၎င်း၏ လက်ဝေခံအဖွဲ့များ) တစ်ဖက်၊ (လူမျိုးစု၊ မျိုးနွယ်စု၊ ဘာသာရေး) ကိုယ်ပိုင်သရုပ်လက္ခဏာတစ်ခုကို ကိုယ်စားပြုသည့်အုပ်စုမှ လက်နက်ကိုင် အဖွဲ့များတစ်ဖက် မညီမျှသည့်ပဋိပက္ခများကို ပြသနေသည်။ ဤသည်တို့မှာ ကိုယ်ပိုင်သရုပ်လက္ခဏာကို အခြေခံသော ပဋိပက္ခများဖြစ်ပြီး နိုင်ငံ၏နယ်နိမိတ်များနှင့် ပတ်သက်ခြင်းမရှိပေ။ ထို့ကြောင့် ယင်းတို့တွင် အုပ်စုတစ်စု (သို့) အုပ်စုများ၏ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ ယဉ်ကျေးမှု၊ လူမျိုးစုကိုယ်ပိုင်သရုပ်လက္ခဏာ၊ စီးပွားရေး အရင်းအမြစ်များနှင့် နိုင်ငံရေးအခွင့်အလမ်းများကို လက်လှမ်းမီမှုတို့အပါအဝင် ရှုပ်ထွေးသောပြဿနာရပ်များ ပါဝင်သည်။ ထိုပြဿနာများက များသောအားဖြင့် ခွဲထွက်ရေးလှုပ်ရှားမှုများတွင် ဆွပေးသည့်အရာများ ဖြစ်လာသည်။ နိုင်ငံဖန်တီးရေးပဋိပက္ခများကို ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနောင်ဒေသ၊ အင်ဒိုနီးရှားနိုင်ငံ၊ အထူးသဖြင့် အနောက်ပါပူအာ၊ အာချေးနှင့် တီမောဒေသ၊ ထိုင်းနိုင်ငံတောင်ပိုင်းနှင့် မြန်မာနိုင်ငံ အထူးသဖြင့် ကချင်၊ ကရင်နှင့် ရှမ်းဒေသများတွင် တွေ့ရသည် (ဇယား ၃.၁ တွင်ရှုပါ)။

**ဇယား ၃.၁။ ပြည်တွင်း ပဋိပက္ခများ**

| နိုင်ငံ | ကာလ (နှစ်) | ရလဒ်များ |
|---|---|---|
| ထိုင်းနိုင်ငံ၊ တောင်ပိုင်း | ၅၃ | မဖြေရှင်းရသေး |
| ဖိလစ်ပိုင်နိုင်ငံ၊ မင်ဒါနောင် | ၄၉ | မဖြေရှင်းရသေး |
| အင်ဒိုနီးရှားနိုင်ငံ၊ အာချေး | ၃၂ | ဖြေရှင်းပြီး |
| အင်ဒိုနီးရှားနိုင်ငံ၊ အနောက်ပါပူအာ | ၅၇ | မဖြေရှင်းရသေး |
| အင်ဒိုနီးရှားနိုင်ငံ၊ အရှေ့တီမော | ၂၄ | ဖြေရှင်းပြီး |
| လာအိုနိုင်ငံ၊ မှုန် | ၄၅ | မဖြေရှင်းရသေး |
| ဗီယက်နမ်နိုင်ငံ၊ မွန်တက်နာ့ဒ် | ၆၂ | မဖြေရှင်းရသေး |
| မြန်မာနိုင်ငံ၊ ကချင် | ၅၇ | မဖြေရှင်းရသေး |
| မြန်မာနိုင်ငံ၊ ကရင် | ၇၀ | မဖြေရှင်းရသေး |
| မြန်မာနိုင်ငံ၊ ရခိုင် | ၇၀ | မဖြေရှင်းရသေး |
| မြန်မာနိုင်ငံ၊ ရှမ်း | ၆၇ | မဖြေရှင်းရသေး |

**မူရင်း**။ နိုင်ငံတကာပဋိပက္ခ အချက်အလက်စုများအပေါ် အခြေခံသည်။

အထက်တွင်ဖော်ပြထားသည့် ဇယား ၃.၁ က နိုင်ငံဖန်တီးရေးတွင် အရေးပါသည့် ပဋိပက္ခများကို စာရင်းပြုစုထားသည်။ ယင်းပဋိပက္ခအများစုမှာ ရာစုနှစ်ဝက်ခန့်ကြာနေပြီဖြစ်သည်။ ထို့ကြောင့် ဒေသတွင်း အကြမ်းဖက်သော

ပဋိပက္ခများသည် ကာလရှည်ကြာနေပြီဟု ဆိုနိုင်သည်။ မြန်မာနိုင်ငံမှ ပဋိပက္ခများကဲ့သို့သော ယင်းပဋိပက္ခအချို့၏ အဓိကအချက်များသည် ကိုလိုနီကာလအတွင်း ပေါ်ထွက်ခဲ့သောပြဿနာများမှ ဆင်းသက်လာသည်။ ထိုသို့သော ပဋိပက္ခအများအပြားမှာ လက်ရှိတွင်ဖြစ်ပွားလျက်ရှိသော်လည်း ယင်းတို့အနက် မည်သည်ကမျှ တစ်နိုင်ငံလုံးအဆင့် ကျယ်ပြန့်သောပြည်တွင်းစစ်အဖြစ် အရှိန်မြင့်တက်လာခြင်း မရှိသေးပေ။ ဤသည်မှာ အရှေ့တောင်အာရှမှ ပဋိပက္ခများကို ပြင်းထန်မှုနည်းသော ပဋိပက္ခများအဖြစ် စဉ်းစားကြသည့်အကြောင်း ဖြစ်သည်။

နိုင်ငံဖန်တီးခြင်းဆိုင်ရာ ပဋိပက္ခများအပြင် ဒေသတွင်းတွင် အယူဝါဒအပေါ်အခြေခံသည့် အကြမ်းဖက်ဖြစ်ရပ်များလည်း ဖြစ်ပွားသည်။ တော်လှန်ရေးပဋိပက္ခများအဖြစ် မကြာခဏညွှန်းဆိုကြသော ထိုပဋိပက္ခများ၏ ရည်မှန်းချက်မှာ အစိုးရတစ်ရပ်အား အယူဝါဒတစ်ခုကို ကျင့်သုံးသည့် အခြားအစိုးရတစ်ရပ်နှင့် အစားထိုးရန် ဖြစ်သည်။ အရှေ့တောင်အာရှတွင် ထိုပဋိပက္ခများ၌ ကွန်မြူနစ်အုပ်စုများ ပါဝင်သည်။ မလေးရှားနိုင်ငံနှင့် မလေးရှားကွန်မြူနစ်ပါတီ (၁၉၄၈ ခုနှစ်မှ ၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းများအထိ)၊ ထိုင်းနိုင်ငံနှင့် ထိုင်းကွန်မြူနစ်ပါတီ (၁၉၇၆ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်ကြား)၊ ဖိလစ်ပိုင်နိုင်ငံနှင့် လူထုသစ်တပ်တော် (New People's Army (NPA)) (၁၉၆၉ ခုနှစ်မှစ၍) တို့ဖြစ်ကြသည်။ တော်လှန်ရေးပဋိပက္ခအများအပြားမှာ မအောင်မြင်ကြပေ။ သို့သော် ဖိလစ်ပိုင်ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်အဖွဲ့ NPA က လုံခြုံရေးခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှိနေသေးသည်။ NPA နှင့် ဖိလစ်ပိုင်အစိုးရတို့က ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ခဲ့သော်လည်း လိပ်ခဲတည်းလည်းအခြေအနေသို့ ကျရောက်နေပြီး ပဋိပက္ခကမဖြေရှင်းနိုင်သေးဘဲ ဆွေးနွေးမှုများလည်း မအောင်မြင်သေးပေ (Parameswaran, 2020)။

## ၃.၂.၂ နိုင်ငံများအကြားပဋိပက္ခများ

အရှေ့တောင်အာရှမှ နိုင်ငံများအကြား ပဋိပက္ခအများစုမှာ နယ်မြေနှင့်သက်ဆိုင်ပြီး ကိုလိုနီကာလများတွင် အခြေခံသည်။ အဘယ်ကြောင့်ဆိုသော် နယ်စပ်မျဉ်းများကို ထိုဒေသတွင်နေထိုင်သည့် အုပ်စုများ၏ လူမျိုးစု၊ ဘာသာရေးနှင့် ဘာသာစကားများကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ သတ်မှတ်ခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ထိုနယ်စပ်မျဉ်းများ၏ တရားဝင်မှုကို နယ်စပ်ဒေသရှိအုပ်စုများက အငြင်းပွားနေကြပြီး နယ်မြေဆိုင်ရာအငြင်းပွားမှုများ ပေါ်ထွက်လာသည် (အောက်ပါ ဇယား ၃.၂ တွင်ရှုပါ)။

**ဇယား ၃.၂။ အရှေ့တောင်အာရှမှ နယ်မြေဆိုင်ရာပဋိပက္ခများ**

| ကျေလည်ပြီး | | |
|---|---|---|
| နိုင်ငံများ | အဆုံးသတ်သည့်နေ့စွဲ | သဘောတူညီချက် |
| လာအို-ဗီယက်နမ် | ၁၈.၇.၁၉၇၇ | နယ်မြေသတ်မှတ်ချက်များကို ပြန်လည်သတ်မှတ်သည့် ပဋိညာဉ်စာချုပ် |
| | ၂၄.၁.၁၉၈၆ | နောက်ဆက်တွဲပဋိညာဉ် |
| | ၁.၃.၁၉၉၀ | နောက်ဆက်တွဲ သဘောတူစာချုပ် |
| | ၂၇.၁၁.၂၀၀၇ | နယ်စပ်ပဋိညာဉ်၏ နောက်ဆက်တွဲပဋိညာဉ် |

**ကျေလည်ပြီး**

| နိုင်ငံများ | အဆုံးသတ်သည့်နေ့စွဲ | သဘောတူညီချက် |
|---|---|---|
| ဗီယက်နမ်-ထိုစဉ်က ကမ်ပူးချား ပြည်သူ့သမ္မတနိုင်ငံ (ကမ္ဘောဒီးယား) | ၇.၇.၁၉၈၂ | သမိုင်းကြောင်းအရ ရေပြင်နယ်နိမိတ်များကို သတ်မှတ်သည့် သဘောတူညီချက် (ဗီယက်နမ်ဘက်မှ ကီရမ်ဂီရမ် ပြည်နယ်၏ ကမ်းရိုးတန်း၊ ဖူးကော့ကျွန်း၊ သောင်ချူးကျွန်းနှင့် ကမ္ဘောဒီယားဘက်မှ ကမ်ပေါ့ဒေသ ကမ်းရိုးတန်းနှင့် ပူလောင်ဝေကျွန်း)။ သင့်တော်သည့်ကာလတွင် ဆွေးနွေးမှုများ ပြန်လည်လုပ်ဆောင်မည်။ |
| | ၂၀.၇.၁၉၈၃ | နယ်စပ်ပြဿနာများကို ကျေအေးသည့် ပဋိညာဉ်/နယ်စပ် စည်းမျဉ်းများဆိုင်ရာ သဘောတူစာချုပ် |
| | ၂၇.၁၂.၁၉၈၅ | ဗီယက်နမ်-ကမ်ပူးချားနယ်စပ်များကို ပြန်လည်သတ်မှတ်သည့် ပဋိညာဉ် |
| | ၁၀.၁၀.၂၀၀၅ | ၁၉၈၅ ခုနှစ် ပဋိညာဉ်၏ နောက်ဆက်တွဲပဋိညာဉ် |
| မလေးရှား-ဗီယက်နမ် | ၅.၆.၁၉၉၂ | ဗီယက်နမ်နိုင်ငံ အနောက်တောင်ဘက်နှင့် မလေးရှားကျွန်းဆွယ် အရှေ့မြောက်အရှေ့ ကမ်းရိုးတမ်းဒေသ၏ ပင်လယ်ရေတိမ်ဒေသ များအပေါ် ပိုင်ဆိုင်မှု အငြင်းပွားမှုနှင့် ပတ်သက်ပြီး ပူးတွဲဖွံ့ဖြိုးရေးလုပ်ဆောင်ရန် သဘောတူစာချုပ် |
| လာအို-မြန်မာ | ၁၁.၆.၁၉၉၄ | (မဲခေါင်မြစ်တောက်လျှောက်) နယ်နိမိတ်သတ်မှတ်ခြင်းဆိုင်ရာ သဘောတူစာချုပ် |
| ထိုင်း-ဗီယက်နမ် | ၉.၈.၁၉၉၇ | အငြင်းပွားနေသည့် ထိုင်းနိုင်ငံပင်လယ်ကွေ့မှ ဗီယက်နမ် အနောက်တောင်ပိုင်းမှ ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းအထိ ဒေသများတွင် ပင်လယ်ရေတိမ်ဒေသများနှင့် သီးသန့်စီးပွားရေးဇုန် နယ်မြေများ (Exclusive Economic Zones (EEZ)) ကို ပြန်လည်သတ်မှတ်ခြင်း |
| အင်ဒိုနီးရှား-မလေးရှား | ၁၇.၁၂.၂၀၀၂ | ဆီလက်ဘ်ပင်လယ်မှ လက်ဂီတန်နှင့် စီပါဒန်ကျွန်းများဆိုင်ရာ နယ်မြေအငြင်းပွားမှု၊ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ICJ က ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည်။ |
| ဗီယက်နမ်-အင်ဒိုနီးရှား | ၁၁.၆.၂၀၀၃ | နာတူနာကျွန်းစုများ၏ မြောက်ဘက်မှ ပင်လယ်ရေတိမ်ဒေသ နယ်နိမိတ်ကို ပြန်လည်သတ်မှတ်ခြင်းဆိုင်ရာ သဘောတူစာချုပ် (နှစ်ပေါင်း ၃၀ ကြာ ဆွေးနွေးညှိနှိုင်းပြီးနောက်) |
| ကမ္ဘောဒီးယား-လာအို-ဗီယက်နမ် | ၁၀.၁၀.၂၀၀၆ | ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် သုံးနိုင်ငံ ဆုံသည့်ဒေသမှ နယ်မြေနယ်နိမိတ်များကို သတ်မှတ်သည့် ပဋိညာဉ် |
| စင်ကာပူ-မလေးရှား | ၂၃.၅.၂၀၀၈ | ပီဒရာ ဘရန်ကာ၊ အလယ်ပိုင်းကျောက်ဆောင်များနှင့် တောင်ဘက်စွန်းဒေသကဲ့သို့သော ကျွန်းငယ်လေးများနှင့် ပတ်သက်သည့် နယ်မြေပိုင်ဆိုင်မှု အငြင်းပွားမှု၊ ၂၀၀၈ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ICJ က ဆုံးဖြတ်ချက်ချမှတ်ပေးခဲ့သည်။ |
| ကမ္ဘောဒီးယား-လာအို-ဗီယက်နမ် | ၆.၈.၂၀၀၈ | ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ် သုံးနိုင်ငံဆုံသည့် ဒေသမှ နယ်မြေနယ်နိမိတ်များကို သတ်မှတ်သည့် ပဋိညာဉ် |
| ကမ္ဘောဒီးယား-ထိုင်း | ၁၉၅၄-၁၉၆၂ | ထိုင်းနိုင်ငံက ပီရာဗီဟီရာဒေသကို သိမ်းပိုက်လိုက်ရာ ကမ္ဘောဒီးယားနိုင်ငံက ICJ သို့ တိုင်ကြားခဲ့ပြီး တရားရုံးက ဘုရားကျောင်းသည် ကမ္ဘောဒီးယားနယ်နိမိတ်တွင် ပါဝင်သည်ဟု ဆုံးဖြတ်ခဲ့သည်။ |
| | ၂၀၀၈-၁၁.၂၀၁၃ | ICJ က ပီရာဗီဟီရာဒေသနှင့် ပတ်သက်ပြီး ဆုံးဖြတ်ချက် ချမှတ်ပေးခဲ့သည်။ |

| ကျေလည်ပြီး | | |
|---|---|---|
| နိုင်ငံများ | အဆုံးသတ်သည့်နေ့စွဲ | သဘောတူညီချက် |
| **မကျေလည်သေး** | | |
| **နိုင်ငံများ** | **စတင်သည့်နေ့** | **ဖြေရှင်းရမည့် ပြဿနာများ** |
| ကမ္ဘောဒီးယား-ထိုင်း | ၁၉၇၀ ပြည့်လွန်နှစ်များ | ထိုင်းပင်လယ်ကွေ့နယ်မြေ နယ်နိမိတ်နှင့် ကမ်းလွန်ပင်လယ် နယ်နိမိတ်များ (ကမ်းလွန်ပင်လယ်ဒေသများ ပိုင်ဆိုင်မှု ထပ်နေခြင်း) |
| ကမ္ဘောဒီးယား-လာအို | ၁၉၅၀ ပြည့်လွန်နှစ်များ | နယ်စပ်နယ်မြေများ။ ဗီရာဗီဟီရာပြည်နယ်မြောက်ပိုင်း နယ်စပ်ဒေသမှ စစ်တပ်များ ရုတ်သိမ်းရန် နှစ်နိုင်ငံသဘောတူညီချက် ရရှိခဲ့သည် (၈.၂၀၁၉)။ နှစ်နိုင်ငံအကြား ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်လုပ်ဆောင်နေသည်။ |
| မလေးရှား-ထိုင်း-ဗီယက်နမ် | ၁၉၇၀ ပြည့်လွန်နှစ်များ | ထိုင်းပင်လယ်ကွေ့နယ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး သုံးနိုင်ငံအကြား အငြင်းပွားမှု |
| မလေးရှား-ထိုင်း | ၁၉၅၀ ပြည့်လွန်နှစ်များ | နယ်စပ်ဒေသနယ်မြေများ |
| မလေးရှား-ဖိလစ်ပိုင် | ၁၉၆၃/၆၈- | ဆာဘားပြည်နယ်အရှေ့ပိုင်း |
| စင်ကာပူ-မလေးရှား | ၁၉၆၀ ပြည့်လွန်နှစ်များ | ပီဒရာဘရန်ကာ |
| ဖိလစ်ပိုင်-ဗီယက်နမ်-ဘရူနိုင်း-မလေးရှား (တရုတ်-ထိုင်ဝမ်× | ၁၉၅၀ ပြည့်လွန်နှစ်များ | စပ်ပါ့တ်တလီကျွန်းများ |
| ဗီယက်နမ်-အင်ဒိုနီးရှား | ၁၉၆၀ ပြည့်လွန်နှစ်များ | နိုင်ငံနှစ်နိုင်ငံအကြား EEZ ကို ပြန်လည်သတ်မှတ်ခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ဆွေးနွေးမှု ၁၀ ကြိမ်ကျော်ပြုလုပ်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ကမ်းလွန်ပင်လယ်ဒေသ သတ်မှတ်မှုများပြုလုပ်ခြင်းကို အရှိန်မြှင့်တင်ရန် နှစ်နိုင်ငံသဘောတူခဲ့ပြီး ကနဦး ဘုံသဘောတူလမ်းညွှန်ချက်များကို ချမှတ်ခဲ့သည်။ |
| အင်ဒိုနီးရှား-မလေးရှား | ၁၉၇၀ ပြည့်လွန်နှစ်များ - (၂၀၁၈-) | ဘိုမီယိုအရှေ့ဘက်ကမ်းရိုးတန်းဒေသ ဆီလက်ဘ်ပင်လယ် (အမ်ဘာလက်) ပင်လယ်ဒေသတွင် အငြင်းပွားမှု |

**မူရင်း**။ နိုင်ငံတကာ အချက်အလက်စုများကို အခြေခံထားသည်။

အထက်ပါ ဇယား ၃.၂ က အရှေ့တောင်အာရှနိုင်ငံများအားလုံးသည် တစ်နည်းမဟုတ်တစ်နည်း အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ဒေသအငြင်းပွားမှုများ ရှိနေကြကြောင်း ဖော်ပြနေသည်။[4] မည်သို့ပင်ဆိုစေကာမူ နိုင်ငံများအကြား ပဋိပက္ခများသည် ပြည်တွင်းပဋိပက္ခများနှင့် နှိုင်းယှဉ်လျှင် လူသေဆုံးထိခိုက်မှု အတော်ပင်နည်းပါးသည် (ဥပမာ နိုင်ငံတကာ ပဋိပက္ခသုတေသနဆိုင်ရာ ဟေဒယ်လ်ဘာ့ဂ် အင်စတီကျူ၏ "၂၀၂၀ ပြည့်နှစ် ပဋိပက္ခတိုင်းတာမှု")[5] (Heidelberg Institute for International Conflict Research's 'Conflict Barometer 2020') တွင်ရှုပါ)။ ဒေသတွင်း၊ နိုင်ငံများအကြား ပဋိပက္ခအများအပြားသည် နိုင်ငံများလွတ်လပ်ရေး စတင်ရရှိချိန်မှစပြီး ယခုတိုင် မဖြေရှင်းရသေးပေ။ မည်သို့ပင်ဆိုစေကာမူ အချို့သောပဋိပက္ခများသည် စဉ်ဆက်မပြတ်၊ ဆယ်စုနှစ်ပေါင်းများ

[4] ဖော်ပြထားသည့် အရှေ့တောင်အာရှနိုင်ငံများအကြား ပဋိပက္ခများသည် နိုင်ငံတကာပဋိပက္ခအချက်အလက်စု အများအပြားကို အခြေခံထားပြီး ဒေသတွင်းပဋိပက္ခများအားလုံး မပါဝင်ပေ။ အချို့ကိုသာ ရွေးချယ်ထားခြင်းဖြစ်သည်။

[5] နိုင်ငံတကာပဋိပက္ခသုတေသနဆိုင်ရာ ဟေဒယ်လ်ဘာ့ဂ် အင်စတီကျူ၏ "ပဋိပက္ခတိုင်းတာမှု" ကို https://hiik.de/conflict-barometer/current-version/?lang=en တွင် ဖတ်ရှုနိုင်သည်။

စွာ ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ပြီးနောက် သင့်လျော်သောအဆုံးသတ်များ ရရှိကြသည်။ ဥပမာ ၂၀၀၃ ခုနှစ်တွင် နှစ်ပေါင်း ၃၀ကျော် ဆွေးနွေးညှိနှိုင်းပြီးနောက်ဆုံးတွင် ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့က ၎င်းတို့၏ ပင်လယ်ရေတိမ် နယ်နိမိတ်သတ်မှတ်မှုနှင့် ပတ်သက်ပြီး ဖြေရှင်းရန် သဘောတူညီချက်ရရှိခဲ့သည်။ ဤသည်က ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက ဖြစ်ပွားနေသည့် ကမ်းလွန်ဒေသ ရေပိုင်နက်သတ်မှတ်ရေးဆိုင်ရာ ဆွေးနွေးပွဲများကိုလည်း တိုးမြှင့်လုပ်ဆောင်ရန် အစိုးရနှစ်ရပ်၏ ကြိုးပမ်းမှုများကို ပိုမိုခိုင်မာစေခဲ့သည် (Septiari, 2019)။ အချုပ်ဆိုရသော် အရှေ့တောင်အာရှမှ နိုင်ငံများအကြားပဋိပက္ခများသည် ကာလရှည်ကြာပြီး အိုဟောင်းနေပြီဖြစ်သော်လည်း ၎င်းတို့သည် အကြမ်းဖက်မှုတော့ မရှိလှပေ။ ထို့ကြောင့် ယင်းတို့မှာ ကာလရှည်ကြာ ပြင်းထန်မှုနိမ့်သော ပဋိပက္ခများဖြစ်သည်။

## ၃.၂.၃ အကြမ်းဖက် အစွန်းရောက်မှု၊ အရှေ့တောင်အာရှမှ ပဋိပက္ခများ ဒေသအသွင်ဆောင်ခြင်းနှင့် နိုင်ငံတကာအသွင်ဆောင်ခြင်း

နိုင်ငံတွင်းနှင့် နိုင်ငံများအကြား ပဋိပက္ခများအပါအဝင် အရှေ့တောင်အာရှမှ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ ပေါ်ပေါက်လာသည့် ပြဿနာတစ်ရပ်မှာ အစွန်းရောက်အယူဝါဒများကြောင့် မတည်ငြိမ်မှုများ ကြီးထွားလာခြင်း ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သော သရုပ်ပြဇယား ၃.၁ က ဒေသတွင်း နိုင်ငံအများအပြားသည် တစ်ဖက်သတ် အကြမ်းဖက်မှုများ ရင်ဆိုင်ရကြောင်း ပြသနေသည်။ အစွန်းရောက်အုပ်စုများ၏ အကြမ်းဖက်လုပ်ရပ်များတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီလနှင့် ၂၀၁၇ ခုနှစ် မေလတွင် ဖြစ်ပွားခဲ့သော ဂျကာတာဗုံးခွဲမှု၊ ၂၀၁၆ ခုနှစ် မလေးရှားနိုင်ငံမှ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ၂၀၁၅ ခုနှစ် ဘန်ကောက်မှ ဟိန္ဒူဘုရားကျောင်းတွင် ဗုံးခွဲခြင်းများ ပါဝင်သည်။ ဆာဘားဒေသသည် ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံကြား ကာလရှည်ကြာ နယ်မြေအငြင်းပွားမှုဖြစ်သည့် ဒေသဖြစ်သော်လည်း (အောက်မှ စာသေတ္တာ ၃.၅ တွင် ရှုပါ) (ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းမှ) အဘူဆာယိဖ် (Abu Sayyaf) အဖွဲ့ဝင် အစ္စလာမ်မစ်တိုက်ခိုက်သူများ ထိန်းချုပ်ထားသည့် နေရာလည်းဖြစ်သည်။ အလားတူပင် ၂၀၁၇ ခုနှစ်တွင် အီရတ်နှင့် လီဗန့်အစ္စလာမ်မစ်နိုင်ငံတော် (Islamic State of Iraq and the Levant (ISIL)) ဟုလည်း လူသိများသော အီရတ်နှင့် ဆီးရီးယား အစ္စလာမ်မစ်နိုင်ငံတော် (Islamic State of Iraq and Syria (ISIS)) အဖွဲ့က မင်ဒါနောင်မှ မြို့တစ်မြို့ဖြစ်သော မာရာဝီမြို့ကို သိမ်းပိုက်ခဲ့သည်။[6] လေ့လာသုံးသပ်သူတစ်ဦး၏ အဆိုအရ ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းသည် နိုင်ငံခြားသားအကြမ်းဖက်သမားများအတွက် အရေးပါသောနေရာတစ်ခု ဖြစ်လာသည်။ မာရာဝီသိမ်းပိုက်မှုတွင် အသတ်ခံရသူများမှာ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ယီမင်နှင့် ဆော်ဒီအာရေးဗျမှ တိုက်ခိုက်သူများပါဝင်သည်။ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနယ်စပ်တွင်လည်း ဖိနှိပ်ညှင်းပန်းခံရသော ရိုဟင်ဂျာမူဆလင်များ နေရပ်စွန့်ခွာထွက်ပြေးကြရလေရာ အင်ဒိုနီးရှားနှင့် မလေးရှားမှ မူဂျာဟစ်ဒင်အဖွဲ့က ၎င်းတို့ကိုကူညီရန် စိတ်ပါဝင်စားကြောင်း ဖော်ပြထားရာ အလားတူအခြေအနေမျိုး ဖြစ်ပွားလာနိုင်သည် (Westerman, 2017)။ ကာလရှည်ကြာပဋိပက္ခဖြစ်သည့်ဒေသများတွင် အစွန်းရောက်မှုနှင့် ပြင်းထန်သော သဘောထားများ၏ ခြိမ်းခြောက်မှုနှင့် အန္တရာယ်များမြင့်မားသည်။

[6] (ISIS ဟုလည်း သိကြသော) အစ္စလာမ်မစ်နိုင်ငံတော်က ဆီးရီးယားနှင့် အီရတ်မှ နယ်မြေများကို ထိန်းချုပ်ပြီး ကမ္ဘာတစ်ဝန်း ဂျီဟတ်လှုပ်ရှားမှုများ လုပ်ဆောင်သည်။ ထိုအဖွဲ့အစည်းများအကြောင်း အသေးစိတ်ကို Burgat, 2008, Mohamedou, 2007, McCants, 2015, နှင့် Ingram et al, 2020 တို့တွင် လေ့လာနိုင်သည်။

အစွန်းရောက်ခြင်းဆိုသည်မှာ ၎င်းတို့၏ ရည်မှန်းချက်များ ပြည့်မီအောင် အစွန်းရောက်သော၊ အကြမ်းဖက်သော (သို့) တရားမဝင်သော လုပ်ရပ်များကို အားပေးသည့် အစွန်းရောက် ဘာသာရေး၊ လူမျိုးရေး (သို့) နိုင်ငံရေးအမြင်များကို မြှင့်တင်ခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ လူတစ်ဦး၏ ယုံကြည်ချက်များကို သမားရိုးကျမှ ပြင်းထန်သော အဆင့်ရောက်ရှိစေခြင်းနှင့် လူ့အဖွဲ့အစည်းအတွင်း ကြီးမားသောပြောင်းလဲမှုများကို မျှော်မှန်းလာအောင် လုပ်ဆောင်ခြင်းမှ အစွန်းရောက်မှုပေါ်ထွက်လာသည် (Healey, 2017: 34)။ ထို့ကြောင့် အစွန်းရောက်မှုက မကြာခဏဆိုသလို အပြင်းစားဖြစ်ခြင်းနှင့်အတူ ဆွေးနွေးလေ့ရှိသည်။ ဂျက်စတင်ဟေလီ (Justin Healey) ၏ အဆိုအရ လူတစ်ဦး (သို့) အုပ်စုတစ်စုက အကြောက်တရား၊ ခြိမ်းခြောက်မှုနှင့် အကြမ်းဖက်မှုတို့ကို အယူဝါဒ၊ နိုင်ငံရေးနှင့် လူမှုရေးအပြောင်းအလဲများ ရရှိစေရန် နည်းလမ်းတစ်ခုအဖြစ်တင်ပြပြီး ထိုသို့ လုပ်ဆောင်လျှင် အကြမ်းဖက်အစွန်းရောက်မှုရလဒ် ထွက်ပေါ်လာသည် (Healey, 2017: 34)။

အရှေ့တောင်အာရှတွင် မူဆလင်လူဦးရေအတော်များများရှိလေရာ အကြမ်းဖက်အစွန်းရောက်မှုကို အစ္စလာမ်မစ်အယူဝါဒနောက်ခံတွင် မကြာခဏဆွေးနွေးကြသည်။ အင်ဒိုနီးရှား၊ မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့မှာ မူဆလင်လူများစုနိုင်ငံများဖြစ်ပြီး ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့တွင် မူဆလင်လူနည်းစု လူဦးရေရှိကြသည်။ ၂၀၀၀ ပြည့်လွန်နှစ်အစောပိုင်းမှစ၍ အကြမ်းဖက်မူဆလင်အစွန်းရောက်မှုသည် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတို့တွင် မတည်ငြိမ်မှု အဓိကဖြစ်ပေါ်စေသည့် အကြောင်းအရာနှင့် အဓိက လုံခြုံရေးစိန်ခေါ်မှုတစ်ရပ် ဖြစ်လာသည်။ သို့သော် ယနေ့ခေတ်အခြေအနေတွင် အမျိုးမျိုးကွဲပြားသော အကြမ်းဖက်မှုများလည်း ရှိလာပြီး ဘာသာရေးယုံကြည်မှုများကဲ့သို့သော အယူဝါဒများ၊ နိုင်ငံရေးလှုပ်ရှားမှုများ၊ စီးပွားရေး (သို့) သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်မှုများ (သို့) ခွဲထွက်ရေးနှင့် လူမျိုးရေးအကြောင်းအရင်းများ အပါအဝင် အမျိုးမျိုးသော တွန်းအားများနှင့် ဖြစ်ပွားရသည့်အကြောင်းရင်းများ ရှိလာသည်။ အစွန်းရောက်မှုများကို မလေးရှားနှင့် မြန်မာနိုင်ငံကဲ့သို့သော အရှေ့တောင်အာရှနိုင်ငံများတွင်လည်း တွေ့လာရသည် (Bajpaee, 2017)။

### စာသေတ္တာ ၃.၁။ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြောင်းလဲမှုများ နောက်ခံအခြေအနေ၌ ဗုဒ္ဓဘာသာနှင့် မူဆလင် အစွန်းရောက်မှု

၂၀၁၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာ စစ်တပ် (သို့) တပ်မတော်ဦးဆောင်သည့် သီးခြားခွဲခံထားရခြင်းမှ စည်းကမ်းပြည့်ဝသောဒီမိုကရေစီသို့ ကူးပြောင်းခဲ့ပြီး ကမ္ဘာတစ်ဝန်း အာရုံစိုက်ခံခဲ့ရသည်။ ကာလရှည်ကြာပြည်တွင်းပဋိပက္ခများ (သို့) နိုင်ငံတော်ဖန်တီးရေး ပဋိပက္ခအများအပြား ရင်ဆိုင်နေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်လေရာ အစိုးရက လူဦးရေ ၆၀% မှ ၇၀% အထိပါဝင်သော ဗမာတိုင်းရင်းသားများအပေါ် လွှမ်းမိုးနိုင်ရန်ကြိုးပမ်းခဲ့ပြီး ချင်း၊ ကချင်၊ ကရင်နီ၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဝနှင့် ရိုဟင်ဂျာများအပါအဝင် အခြားတိုင်းရင်းသားလူနည်းစုများက လွတ်လပ်ရေး (သို့) ကိုယ်စားပြုမှု ပိုရရှိရေးအတွက် တိုက်ပွဲဝင်နေကြသည်။

၎င်းတို့အနက် ရိုဟင်ဂျာမူဆလင်များသည် မြန်မာနိုင်ငံ၏ ကာလရှည်ကြာပဋိပက္ခတွင် ကြီးမားစွာထိခိုက်နစ်နာသူများ ဖြစ်ကြရသည်။ သူတို့ကို အစိုးရက တိုင်းရင်းသားအုပ်စုဟု အသိအမှတ်ပြုမထားဘဲ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြောင်းရွှေ့အခြေချသူများဟု ဆိုကြသည်။ ထို့ကြောင့် ရိုဟင်ဂျာများအပေါ် စစ်တပ်မှတိုက်ခိုက်မှုများ ပြုလုပ်ကြသည်။ အဆိုပါပြည်တွင်းပဋိပက္ခက ဗမာဆန့်ကျင်ရေးနှင့် ရိုဟင်ဂျာလိုလားသော ဂျီဟတ်ပြောဆိုရေးသားမှုများ ထွက်ပေါ်လာစေခဲ့သည် (Steckman, 2015: 11)။ ၂၀၁၂ ခုနှစ်တွင် မူဆလင်ကျူးလွန်မှုများက ဗုဒ္ဓဘာသာအုပ်စုများကို အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့သည်။ အကြမ်းဖက်အုပ်စု အများအပြားကလည်း ရိုဟင်ဂျာတို့၏ အခြေအနေကို အသုံးပြုကာ ပြည်တွင်း၌ ဂျီဟတ်လုပ်ဆောင်ရန် တိုက်တွန်းလာကြသည် (Steckman, 2015: 12)။ အခြေအနေကို ပိုမိုရှုပ်ထွေးစေသည်မှာ ဘာသာရေးအစွန်းရောက်အုပ်စုများက လူမှုကွန်ရက်များကို အသုံးပြုပြီး မူဆလင်များ (ရိုဟင်ဂျာနှင့် ကမန်) နှင့် မူဆလင်မဟုတ်သူများ (ကရင်နှင့်ရှမ်း) ကို သဘောထားတင်းမာစေရန်နှင့် သိမ်းသွင်းရန် လုပ်ဆောင်ကြသည်။

မြန်မာနိုင်ငံဒီမိုကရေစီအကူးအပြောင်းဖြစ်စဉ် ၂၀၁၁ ခုနှစ်မှစ၍ အသိအမှတ်ပြုလာသည့် လက်ယာစွန်းရောက် ဗုဒ္ဓဘာသာမျိုးချစ်ဝါဒက အခြေအနေကို ပို၍ရှုပ်ထွေးစေခဲ့သည်။ အကြမ်းဖက်သူများသည် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာတွင် လူနည်းစုဖြစ်သော်လည်း အချို့သော ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက မူဆလင်များအပေါ် အကြမ်းဖက်ရန်လှုံ့ဆော်ခဲ့ကြသည်။ ရိုဟင်ဂျာမဟုတ်သူ မူဆလင်လူနည်းစုများနှင့် ဗုဒ္ဓဘာသာ အစွန်းရောက်များ အကြား အကြမ်းဖက်ဖြစ်ရပ်များ ဖြစ်ပွားခဲ့သည်။ ဥပမာ မန္တလေးမှ အငြင်းပွားဖွယ်ရာ ဗုဒ္ဓဘာသာဘုန်းတော်ကြီး အရှင်ဝီရသူက မူဆလင်များကို အကြမ်းဖက်ရန် တိုက်တွန်းခဲ့ပြီး ရိုဟင်ဂျာများအပေါ် လူမှုကွန်ရက်မှ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ လူသိများသော မူဆလင်ဆန့်ကျင်ရေး ဗုဒ္ဓဘာသာအုပ်စု '၉၆၉ လှုပ်ရှားမှု' က ဗုဒ္ဓဘာသာများကို မူဆလင်ဆိုင်များအား သပိတ်မှောက်ရန်ပင် တိုက်တွန်းခဲ့သည်။

နိုင်ငံသည် ယခုအခါ ကြီးလေးသော လုံခြုံရေးခြိမ်းခြောက်မှုများဖြစ်လာသည့် မူဆလင် (ဂျီဟတ်ဝါဒီ) နှင့် ဗုဒ္ဓဘာသာအစွန်းရောက်များကို ရင်ဆိုင်နေရသည်။ မည်သို့ပင်ဆိုစေကာမူ အခြေအနေကို ဘာသာရေးပဋိပက္ခ (သို့) ဘာသာရေးအယူဝါဒများ ပွတ်တိုက်မှုဖြစ်ခြင်းဟုသာ နားလည်ခြင်းက ပြည့်စုံလိမ့်မည်မဟုတ်ပေ။ အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များကော်မရှင် (International Commission of Jurists) မှ အရှေ့တောင်အာရှဆိုင်ရာ အကြီးတန်းဥပဒေအကြံပေး ဘန်ဂျမင်ဇဝက်ကီ (Benjamin Zawacki) က အစိုးရက ရိုဟင်ဂျာများကို စနစ်တကျခွဲခြားဆက်ဆံမှုများ ပြုလုပ်ခဲ့သောကြောင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်လာရသည်ဟု ထောက်ပြခဲ့သည် (Zawacki, 2013: 18)။ (ဥပဒေများ၊ မူဝါဒများနှင့် အလေ့အကျင့်များက ဖော်ပြနေသည့်) မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးစနစ်များက အချို့သော တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများကို ခွဲခြားဆက်ဆံရန် ဒီဇိုင်းရေးဆွဲထားသည်။ အကျိုးဆက်အနေဖြင့် အဆိုပါမူဆလင်များကို စနစ်တကျ ခွဲခြားဆက်ဆံမှုက ဗုဒ္ဓဘာသာအစွန်းရောက်များကို ရိုဟင်ဂျာများနှင့် အခြားသော မူဆလင်လူနည်းစုများအပေါ် တိုက်ရိုက်အကြမ်းဖက်ရန် အားပေးသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် (မူဆလင်နှင့် ဗုဒ္ဓဘာသာ) အစွန်းရောက်မှု မြင့်တက်လာခြင်းသည် တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများအား ခွဲခြားဆက်ဆံရန်ရည်ရွယ်ပြီး နိုင်ငံတော်၏ ဦးဆောင်နေရာမှ နိုင်ငံတည်ဆောက်ရေးဖြစ်စဉ်နှင့် ခေါင်းပုံဖြတ်လုပ်ဆောင်မှုများကြောင့် ဖြစ်သည်။

ဥပမာ မြန်မာနိုင်ငံတွင် မူဆလင်အစွန်းရောက်မှုနှင့်အတူ ရိုဟင်ဂျာများအပါအဝင် မူဆလင်လူနည်းစုများကို ပစ်မှတ်ထားသော ဗုဒ္ဓဘာသာအစွန်းရောက်မှုက ယခုအခါ စိုးရိမ်ပူပန်စရာ ဖြစ်လာသည် (Subedi 2020) (အပေါ်မှ စာသေတ္တာ ၃.၁ တွင်ရှုပါ)။ သို့ရာတွင် မြန်မာနိုင်ငံနှင့် အခြား အရှေ့တောင်အာရှနိုင်ငံများမှ အကြမ်းဖက်အစွန်းရောက်မှုကို ဘာသာရေးနှင့် ဘာသာရေးအယူဝါဒရှုထောင့်များသီးသန့်မှ ရှင်းလင်းပြခြင်းသည် အလွန်တရာရိုးရှင်းရာကျလိမ့်မည်။ ဒေသတွင်း ဖြစ်ရပ်အများအပြားတွင် အစွန်းရောက်အကြမ်းဖက်မှုများကို နိုင်ငံတည်ဆောက်ရေးဖြစ်စဉ်နှင့် တန်းတူညီမှုမရှိသော၊ ခွဲခြားဆက်ဆံသော မူဝါဒများနှင့် ဆက်စပ်သည့် ခေါင်းပုံဖြတ်လုပ်ဆောင်မှုများဖြင့်သာ ရှင်းလင်းပြနိုင်သည်။

ယခင်က စစ်သွေးကြွမဟုတ်သော အင်ဒိုနီးရှားနိုင်ငံမှ အစ္စလာမ်မစ်ကာကွယ်ရေးတပ်ဦးကဲ့သို့သော အရပ်ဘက်အဖွဲ့အစည်းများ၏ အစွန်းရောက်လာမှုများကြောင့် နိုင်ငံရေးအစွန်းရောက်မှုကို ယခုအခါ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများတွင် တွေ့လာရပြီဖြစ်သည် (Facal, 2019)။ ထို့ပြင် ဂျီဟတ်ဝါဒီများက (ကာလရှည်ကြာ မလေးမူဆလင် ဆူပူအုံကြွသည့်ဒေသဖြစ်သော) နိုင်ငံတောင်ပိုင်းပြည်နယ်များသို့ ဝင်ရောက်လာကြောင်း ထိုင်းနိုင်ငံက သက်သေမပြနိုင်သော်လည်း (ICG, 2017) အနာဂတ်တွင် ဂျီဟတ်ဝါဒအန္တရာယ်ရှိနိုင်ကြောင်း ဆိုထားသည်။ ရှေးရိုးစွဲနှင့် ပြုပြင်ပြောင်းလဲရေး လိုလားသော မလေး-မူဆလင် လူ့အဖွဲ့အစည်းနှင့် မူဆလင်ဘာသာရေးခေါင်းဆောင်များက ယခုချိန်အထိ နိုင်ငံဖြတ်ကျော်ဂျီဟတ်ဝါဒကို ထောက်ခံကြောင်း မပြသသော်လည်း ISIS နှင့် ဆက်နွှယ်သော (သို့) အခြားသော ဂျီဟတ်ဝါဒီများက ထိုင်းနိုင်ငံကို ပစ်မှတ်ထားနိုင်သည်။

အရှေ့တောင်အာရှသည် အင်ဒိုနီးရှားနိုင်ငံတွင် ဂျမားအစ္စလာမ်မီရာ (Jemaah Islamiyah (JI))၊ အန်ရှာရဒ်ဒူလာအစ္စလာမ်မီရာ (Ansharud Daulah Islamiyah) နှင့် မူဂျာဟစ်ဒင် အင်ဒိုနီးရှား တီမာ (Mujahidin Indonesia Timur)၊ ဖိလစ်ပိုင်နိုင်ငံတွင် အဘူဆာရက်ဖ် (Abu Sayyaf)၊ မလေးရှားနိုင်ငံတွင် ဒါရူးလ်အစ္စလာမ်ဆာဘား (Darul Islam Sabah) ကဲ့သို့သော အမျိုးမျိုးသော အစွန်းရောက်အဖွဲ့အစည်းများ မွေးဖွားရာဒေသဖြစ်သည်ဟု သိရှိကြသည်။ ၎င်းတို့က မကြာမကြာ အကြမ်းဖက်မှုများ (သို့) ရာဇဝတ်မှုများ ဖြစ်ပွားစေရုံသာမက ပြည်တွင်း (သို့) နိုင်ငံများအကြား ပဋိပက္ခများကို နည်းအမျိုးမျိုးနှင့် သက်ရောက်မှုရှိသည်။ ဥပမာ ၎င်းတို့က ၎င်းတို့၏ အဖွဲ့ဝင်များကို စုဆောင်းခြင်း၊ သင်တန်းပေးခြင်း၊ ငွေကြေးနှင့် ပစ္စည်းအထောက်အပံ့များပေးခြင်းတို့ကို လုပ်ဆောင်ခြင်းဖြင့် ပြည်တွင်းပဋိပက္ခများကို ရှည်ကြာစေ၊ ရှုပ်ထွေးစေ၊ အခြေအနေပိုဆိုးစေသည်။ ၁၉၉၃ ခုနှစ်တွင် တည်ထောင်ခဲ့သော JI သည် ဒေသတွင်း လူသိအများဆုံး အစွန်းရောက်အဖွဲ့အစည်းတစ်ခု ဖြစ်လာပြီး အယ်လ်ကိုင်ဒါ (al-Qaeda)[7] နှင့် ISIS ကဲ့သို့သော နိုင်ငံတကာအုပ်စုများနှင့် ဖိလစ်ပိုင်နိုင်ငံမှ အဘူဆာရက်ဖ်၊ မိုရိုအစ္စလာမ်မစ်လွတ်မြောက်ရေးတပ်ဦး (Moro Islamic Liberation Front,) နှင့် ရာဂျာဆူလိုင်မန် (Rajah Sulaiman) လှုပ်ရှားမှုများကဲ့သို့သော ဒေသတွင်းအုပ်စုများနှင့်ပါ ကာလရှည်ကြာ ဆက်စပ်မှုများရှိသည်။ အာဖဂန်နစ္စတန်မှ အယ်လ်ကိုင်ဒါနှင့် တာလီဘန်တို့က သင်တန်းပေးထားသော မူဆလင်လူငယ်များသည်

[7] ၁၉၈၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော အယ်လ်ကိုင်ဒါအဖွဲ့သည် အာဖဂန်နစ္စတန်နိုင်ငံတွင် ဆိုဗီယက်ပြည်ထောင်စုကို တိုက်ခိုက်ခဲ့သည်။ ယင်းအဖွဲ့က ကင်ညာနှင့် တန်ဇန်နီးယားတို့တွင် အမေရိကန်သံရုံးများကို တိုက်ခိုက်ခဲ့ခြင်းအပါအဝင် ကမ္ဘာတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုအများအပြား လုပ်ဆောင်ခဲ့သည်။

မင်ဒါနောင်၊ အင်ဒိုနီးရှားမှ မာလူကူနှင့် ပိုဆို နှင့် မြန်မာနိုင်ငံတို့မှ ပဋိပက္ခများတွင် ပါဝင်ခဲ့ကြသည် (Gunaratna, 2007: 424)။ ထို့ပြင် မင်ဒါနောင်၊ ကာလီမန်တန်မှ ပိုဆို (အင်ဒိုနီးရှား) နှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် (ရိုဟင်ဂျာစခန်းများ) ကဲ့သို့သော အရှေ့တောင်အာရှမှ ပဋိပက္ခဖြစ်ပွားသည့်နေရာများတွင် အစ္စလာမ်မစ်စခန်းများ ရှိကြသည် (Gunaratna, 2007: 424)။

အရှေ့တောင်အာရှမှ အစွန်းရောက်အကြမ်းဖက်မှုများကို နားလည်ခြင်းဖြင့် နိုင်ငံတော်ကဦးဆောင်သည့် နိုင်ငံတည်ဆောက်ရေးနှင့် ခေါင်းပုံဖြတ်ခြင်းများက ဒေသတွင်းအချို့နေရာများမှ လူမျိုးစု၊ ဘာသာရေး (သို့) ဘာသာစကားလူနည်းစု (သို့) ဘေးဖယ်ခံထားရသော အုပ်စုများအပေါ် မညီမျှသော၊ မမျှတသော မူဝါဒများနှင့် ဆက်စပ်နေသည်ကို တွေ့ရသည်။ ဖိနှိပ်သောအစိုးရများက သဘောထားပြင်းထန်မှုအတွက် လှုံ့ဆော်ပေးသူများ ဖြစ်ပြီး မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် အစွန်းရောက်ဘာသာရေးအုပ်စုများ ပေါ်ထွက်လာခြင်းကဲ့သို့ နိုင်ငံရေးဖြစ်စဉ် (သို့) ဒီမိုကရေစီ ပြောင်းလဲရေးက ပါဝင်အထောက်အကူပြုသည်။ အရှေ့တောင်အာရှမှ ပြည်တွင်းပဋိပက္ခများတွင် ပါဝင်သည့် အခြားအချက်တစ်ချက်မှာ ပိုဆို (ဆူလာဝါဆီ အလယ်ပိုင်း) နှင့် အမ်ဘွန် (မာလုခ်) လူထုပဋိပက္ခကဲ့သို့သော ဂိုဏ်းဂဏအုပ်စုများ ပေါ်ပေါက်လာခြင်းဖြစ်သည် (Chernov-Hwang and Schulze, 2018)။ ကာလရှည်ကြာပဋိပက္ခဖြစ်သည့် ဒေသများတွင် နိုင်ငံတကာ အစွန်းရောက်အုပ်စုများ (သို့) အကြမ်းဖက်အုပ်စုများက သူတို့၏ အတွေးအခေါ်များကို အစ္စလာမ်မစ်ဘာသာရေး လေ့လာသည့် အုပ်စုများနှင့် ကျောင်းများမှတစ်ဆင့် ဘေးဖယ်ခံထားရသည့် အုပ်စုများအားလွှမ်းမိုးရန် ထပ်ဖန်တလဲလဲ ကြိုးပမ်းကြသည်။ မည်သို့ပင်ဆိုစေကာမူ အရှေ့တောင်အာရှမှ ဒေသတွင်းကိစ္စရပ်အများအပြားက ကာလရှည်ကြာပဋိပက္ခများနှင့် ဆက်စပ်၍ ပြင်းထန်ပြီး အစွန်းရောက်သောအယူဝါဒများ ကြီးထွားလာခြင်းကို ရှင်းလင်းပြနေသည်။ အမှန်တကယ်လည်း အရှေ့တောင်အာရှတွင် ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်း ကွန်ရက်ချိတ်ဆက်ထားသည့် အစွန်းရောက်အုပ်စုများက လွှမ်းမိုးထားသည့် အကြမ်းဖက်ပဋိပက္ခများကို တားဆီးရန်နှင့် စီမံခန့်ခွဲရန် ပို၍ ရှုပ်ထွေးပြီး ခက်ခဲလာသည်။

## ၃.၃ အရှေ့တောင်အာရှတွင် အကြမ်းဖက်သော ပဋိပက္ခများကို တားဆီးခြင်း

စစ်အေးကာလအဆုံးတွင် အကြမ်းဖက်သောပဋိပက္ခများ တားဆီးရေးသည် အရှေ့-အနောက် ယှဉ်ပြိုင်မှုများ မရှိသော ပို၍ငြိမ်းချမ်းသည့်ကမ္ဘာကြီး ပေါ်ပေါက်လာရေး မျှော်မှန်းချက်မှတစ်ဆင့် ထွက်ပေါ်လာခဲ့သည်။ ထိုစဉ်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဘူးထရက်စ် ဘူးထရက်စ်ဂါလီက ၁၉၉၂ ခုနှစ် အစီရင်ခံစာဖြစ်သော *ငြိမ်းချမ်းရေးအတွက် အစီအစဉ် (An Agenda for Peace)* တွင် ကာကွယ်တားဆီးရေး သံတမန်ရေးကို ကုလသမဂ္ဂ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းများတွင် ပထမမဏ္ဍိုင်အဖြစ် မြှင့်တင်ခဲ့သည်။ ယနေ့အခါ ပဋိပက္ခကာကွယ်တားဆီးရေးသည် ကုလသမဂ္ဂမူဝါဒ၏ အစိတ်အပိုင်းတစ်ခုနှင့် ဒေသဆိုင်ရာအဖွဲ့အစည်း အများအပြား၊ ရှစ်နိုင်ငံ အဖွဲ့အစည်း (the Group of Eight (or G-8)) နှင့် အစိုးရများ၏ မူဝါဒအဖြစ် ရှိနေသည်။ ကျယ်ပြန့်ပြီး အကြမ်းဖက်သောပဋိပက္ခများ ဖြစ်ပွားပြီးမှ တုံ့ပြန်ခြင်းထက် ၎င်းတို့အား ကာကွယ်တားဆီးခြင်းက ငွေရေးကြေးရေးအရသာမက ကျင့်ဝတ်ပိုင်းအရရော၊ မဟာဗျူဟာပိုင်းအရပါ ပို၍ ကောင်းမွန်သော ရွေးချယ်မှုတစ်ခု ဖြစ်လိမ့်မည်ဟု လူအများစုက သဘောတူထားသည်။ လက်တွေ့တွင် သုတေသနပညာရှင်များက ယခုအခါ

ပဋိပက္ခအရှိန်မြင့်မလာမီ တစ်ခုခုလုပ်ဆောင်ခြင်းက ၎င်းတို့ကို အဆုံးသတ်သွားရန် လုပ်ဆောင်ခြင်းထက် ပိုကောင်းသည်ဟု ယုံကြည်ကြသည် (Miall, 1992: 126: Berkovitch and Langley, 1993: 688-689)။

ပဋိပက္ခကာကွယ်တားဆီးရေးကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အားလုံးသဘောတူသည့် အဓိပ္ပာယ်ဖွင့်ဆိုမှု မရှိသော်လည်း ဤသည်မှာ ပဋိပက္ခများမဖြစ်ပွားမီ (သို့) အကြမ်းဖက်သည့်ပဋိပက္ခ မဖြစ်လာမီ ကာကွယ်တားဆီးသည့် လုပ်ငန်းများ ပါဝင်သည်ဟု လက်ခံထားကြသည်။ ပဋိပက္ခကာကွယ်တားဆီးရေး မဟာဗျူဟာများတွင် လုပ်ရမည့်လုပ်ငန်း အတိအကျမပါဝင်သော်လည်း ကြားဝင်စေ့စပ်ရေး၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ ကြိုတင်သတိပေးခြင်း၊ လူ့အခွင့်အရေးမြှင့်တင်ခြင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း အစရှိသည့် ကျယ်ပြန့်သောလုပ်ငန်းများ ပါဝင်သည်။ ယင်းတို့ကို ပဋိပက္ခအရှိန်မြင့်လာခြင်းကိုတားဆီးရန် ငြိမ်းချမ်းရေးဖန်တီးခြင်း လုပ်ငန်းများမှ ပဋိပက္ခဖြစ်ပွားပြီးသည့်ဒေသများ၌ ပဋိပက္ခပြန်လည်ဖြစ်ပွားခြင်းကို တားဆီးရန် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း လုပ်ငန်းများအထိ ပဋိပက္ခများ၏ အဆင့်အမျိုးမျိုး၌ အသုံးပြုနိုင်သည်။ ပဋိပက္ခများ ကာကွယ်တားဆီးခြင်းသည် ထိုသို့သောအခြေအနေများ ဖြေရှင်းခြင်းနှင့် စီမံခန့်ခွဲခြင်းထက် များသောအားဖြင့် ပို၍စိန်ခေါ်မှုရှိသည်။ အဘယ်ကြောင့်ဆိုသော် ကာကွယ်တားဆီးခြင်းက ကြိုတင်ခန့်မှန်းသည့်စွမ်းရည်များ လိုအပ်သောကြောင့် ဖြစ်သည်။ ပဋိပက္ခများကိုတားဆီးရန် လုပ်ဆောင်ချက်များက စောစီးစွာလုပ်ဆောင်ခြင်း မဟာဗျူဟာများထက် ကျော်လွန်ပြီး နိုင်ငံရေးအရ လုပ်ဆောင်ပေးလိုသည့် စိတ်ဆန္ဒများ လှုံ့ဆော်ရန် (သို့) ကာကွယ်တားဆီးသည့် ယဉ်ကျေးမှု တည်ဆောက်ရန် မဟာဗျူဟာများလိုအပ်သည်။ အရှေ့တောင်အာရှတွင် တရားဝင်နှင့် အလွတ်သဘော ဒေသဆိုင်ရာစာတမ်းအမျိုးမျိုးက ငြိမ်းချမ်းသော လူထုဖန်တီးရေး၊ ငြိမ်းချမ်းစွာပူးပေါင်းမှုကို မြှင့်တင်ခြင်းနှင့် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ကျေအေးမှုရယူခြင်းတို့ကို ဖော်ပြထားသည် (အောက်မှ စာသေတ္တာ ၄ တွင် ရှုပါ)။ ၂၀၀၃ ခုနှစ်တွင် အာဆီယံသဘောတူညီမှု ကြေညာစာတမ်း (၂) (သို့မဟုတ် ဘာလီသဘောတူညီမှု ကြေညာစာတမ်း (၂)) က ပဋိပက္ခကာကွယ်တားဆီးရေး ဟူသည့် အသုံးအနှုန်းကိုပင် သုံးနှုန်းထားသည်။ ယင်းကို လုံခြုံရေးမြှင့်တင်ရန် အာဆီယံ၏ကြိုးပမ်းမှုတစ်ရပ်အဖြစ် အသုံးပြုထားသည် (အပိုင်း (က) (၁၂) တွင် ရှုပါ)။

## ၃.၃.၁ ကာကွယ်တားဆီးရေး ကြိုးပမ်းမှုများ

တိုက်ရိုက်နှင့် ဖွဲ့စည်းလည်ပတ်မှုဆိုင်ရာ ကာကွယ်တားဆီးရေးပုံစံဖြစ်သည့် လုပ်ဆောင်ချက်တစ်ရပ်မှ လက်နက်ကိုင်ပဋိပက္ခများကို ကာကွယ်တားဆီးခြင်းထက် တရားဝင်နှင့် အလွတ်တန်း လုပ်ဆောင်ချက်များမှ ကာကွယ်တားဆီးနိုင်သည်။ ဥပမာ တောင်တရုတ်ပင်လယ်ပဋိပက္ခက ဥပမာကောင်းတစ်ခု ဖြစ်ပေလိမ့်မည် (ဇယား ၃.၂ တွင် ရှုပါ)။ တောင်တရုတ်ပင်လယ်ပဋိပက္ခတွင် ကြိုကြား ကြိုကြား အကြမ်းဖက်မှုများ ရှိသော်လည်း ၁၉၉၂ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်အကြား သက်ဆိုင်ရာအဖွဲ့များက တရားဝင်နှင့် အလွတ်သဘော လုပ်ငန်းများ လုပ်ဆောင်ကာ ကျယ်ပြန့်သောပဋိပက္ခများကို ကာကွယ်တားဆီးခဲ့ပြီး အဖွဲ့များ၏လုပ်ရပ်များနှင့် ပတ်သက်သည့် ကြေညာချက်ဟူသော စည်းနှောင်မှုမရှိသည့် ကြေညာချက်တစ်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့သည် (စာသေတ္တာ ၃.၂ တွင် ရှုပါ)။ ထိုဖြစ်စဉ်တွင် အာဆီယံက အကူအညီပေးမှုနှင့် တရားဝင်အားထုတ်မှုများကို လုပ်ဆောင်ခဲ့ပြီး အလွတ်သဘောဆက်သွယ်မှုများက ပါဝင်သည့်အဖွဲ့များကို ယုံကြည်မှုတည်ဆောက်ရေး အလုပ်ရုံဆွေးနွေးပွဲများ တက်ရောက်နိုင်စေခဲ့သည် (တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားလာနိုင်သည့် ပဋိပက္ခများကို စီမံခန့်ခွဲရေး

အလုပ်ရုံဆွေးနွေးပွဲ)။ ယင်းဆွေးနွေးပွဲများကို ၁၉၉၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားက စတင်ကမကထ ပြုလုပ်ခဲ့သည်။[8] ထိုစဉ် အလွတ်သဘောလုပ်ဆောင်ချက်များက အာဆီယံ-တရုတ်နိုင်ငံ ဆွေးနွေးမှုများအတွက် တရားဝင်ကြိုးပမ်းမှုများကို အထောက်အကူပြုခဲ့သည် (Truong and Karim 2016: 3; Hayton 2014: 257)။ ယင်းဖြစ်ရပ်က ပဋိပက္ခတားဆီးရေးနှင့် စီမံခန့်ခွဲရေးတွင် တရားဝင်နှင့် အလွတ်သဘော လုပ်ဆောင်ချက်များ နှစ်ခုလုံး၏ အရေးပါမှုကို ပြသနေသည်။

**စာသေတ္တာ ၃.၂။ တောင်တရုတ်ပင်လယ်တွင် အကြမ်းဖက်သောပဋိပက္ခများကို ကာကွယ်တားဆီးရန်နှင့် စီမံခန့်ခွဲရန် ကြိုးပမ်းမှုများ (၁၉၉၂-၂၀၀၂)**

တောင်တရုတ်ပင်လယ် (South China Sea (SCS)) သည် ဘရူနိုင်း၊ တရုတ်၊ ထိုင်ဝမ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် မလေးရှားတို့ မတူညီသော်လည်း ထပ်တူကျနေသည့် အပိုင်းများပါဝင်သော နယ်မြေပိုင်ဆိုင်မှု အငြင်းပွားနေသည့် ပဋိပက္ခအရင်းအမြစ် ဒေသတစ်ခုဖြစ်သည်။ SCS သည် သဘာဝဓာတ်ငွေ့နှင့် ဟိုက်ဒရိုကာဘွန် သဘာဝအရင်းမြစ်များ ကြွယ်ဝသည့်ဒေသဖြစ်သည်။ ယင်းမှာ နိုင်ငံတကာကုန်သွယ်ရေးအတွက် အရေးပါသည့် လမ်းကြောင်းတစ်ခုလည်း ဖြစ်သောကြောင့် အာဏာနိုင်ငံရေးအတွက် နယ်မြေတစ်ခုဖြစ်လာသည်။ ပဋိပက္ခ အတွင်းမှ နိုင်ငံများအားလုံးက ပါရာဆယ်ကျွန်းစုများနှင့် စပေါ့တ်တလီကျွန်းစုများဟူသည့် SCS ကျွန်းနှစ်ကျွန်း၏ မှန်ကန်သော သမိုင်းကြောင်းအပေါ် အငြင်းပွားနေကြသည်။

ဒုတိယကမ္ဘာစစ်အပြီးမှစ၍ SCS မှ ကျွန်းစုများနှင့် ကျောက်တန်းများ ပိုင်ဆိုင်မှုအပေါ် တင်းမာမှုများ အတက်အကျရှိခဲ့သည်။ ယခင်က ထိုသို့သောပိုင်ဆိုင်သည်ဟု အဆိုပြုခြင်းများ မရှိခဲ့ပေ။ တရုတ်နိုင်ငံက ၁၉၄၆ ခုနှစ်တွင် စပေါ့တ်တလီနှင့် ၁၉၄၇ ခုနှစ်တွင် (ပါရာဆယ်ကျွန်းစု၏ အစိတ်အပိုင်းဖြစ်သော) ဝုဒ်ဒီကျွန်းတို့၏ အစိတ်အပိုင်းအချို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုခဲ့သည်။ ၁၉၅၅ နှင့် ၁၉၅၆ တို့တွင် တရုတ်နှင့် ထိုင်ဝမ်တို့က ကျွန်းအများအပြားတွင် တိုးမြှင့်နေရာယူလာကြသည်။ သို့သော် ၁၉၇၀ ပြည့်လွန်နှစ်များတွင် SCS အောက်ခြေ၌ ရေနံများ ရှာဖွေတွေ့ရှိသောအခါ အခြေအနေက ပြောင်းလဲလာခဲ့သည်။ ဖိလစ်ပိုင်၊ တရုတ်၊ တောင်နှင့်မြောက် ဗီယက်နမ်တို့က ထိုကျွန်းစုများကိုထိန်းချုပ်ရန် လုပ်ဆောင်လာကြသည်။ ထို့ပြင် ဂျွန်ဆင်ကျောက်တန်းကို ရန်လိုသိမ်းပိုက်ရန် ကြိုးပမ်းမှုကြောင့် ဗီယက်နမ်လူမျိုးအများအပြား သေဆုံးခဲ့ရသည်။ တင်းမာမှုက ခဏတာ ငြိမ်သွားသည်။ သို့သော် ၁၉၉၅ ခုနှစ်၌ တရုတ်နိုင်ငံက မစ်(စ်)ချိဖ်ကျောက်တန်းတွင် ကတုတ်ကျင်းများ တည်ဆောက်ရာမှ နောက်ထပ်တင်းမာမှုများ ထပ်မံမြင့်တက်လာသည်။ ထိုပဋိပက္ခတွင် အသက်သေဆုံးမှုများ ရှိခဲ့သော်လည်း ယင်းက ပိုင်ဆိုင်မှုအတွက် အငြင်းပွားနေသူများအကြား စစ်ပွဲ (သို့) လက်နက်ကိုင်ပဋိပက္ခအဖြစ် ဆိုးရွားမသွားပေ။ ပဋိပက္ခဖြစ်ပွားနေသည့် အဖွဲ့များတွင် အာဆီယံအဖွဲ့ဝင်မဟုတ်သူများလည်း ပါဝင်လေရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကွဲပြားမှုများကိုဖြေရှင်းရန် ကျင့်ဝတ်စည်းမျဉ်းများကို ထိုဖြစ်ရပ်တွင် အသုံးပြု၍မရပေ။ မည်သို့ပင်ဆိုစေကာမူ ၁၉၉၂ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်အတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား

[8] ပထမအလုပ်ရုံဆွေးနွေးပွဲကို ၁၉၉၀ ခုနှစ် ဇန်နဝါရီလတွင် ဘာလီ၌ ကျင်းပခဲ့သည်။ ယင်းကို ထိုစဉ်က အာဆီယံအဖွဲ့ဝင်ခြောက်နိုင်ငံမှ ကိုယ်စားလှယ်များဖြင့်သာ ကျင်းပခဲ့သည်။ နောက်တစ်နှစ်တွင် အခြားနိုင်ငံများကို ဖိတ်ကြားခဲ့သည်။ တရုတ်နိုင်ငံက SCS ကိစ္စကို ဒေသတွင်းကိစ္စအဖြစ် လက်မခံလိုရာ ၎င်း၏ ကနဦးရပ်တည်ချက်မှာ ပါဝင်ရန်တုံ့ဆိုင်နေခြင်းဖြစ်သည်။

ပူးပေါင်းဆောင်ရွက်မှုအများပြားကို ကျယ်ပြန့်သောအကြမ်းဖက်မှု (သို့) အကြမ်းဖက်သောပဋိပက္ခအား တားဆီးရန် လုပ်ဆောင်ချက်များအဖြစ် မှတ်ယူနိုင်သည်။

ရှေးဦးစွာ အာဆီယံအဖွဲ့ဝင်နိုင်ငံများက အင်အားမသုံးရေးနှင့် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာအဖြေရှာရန် အပါအဝင် အလွတ်သဘော ကျင့်ဝတ်စည်းမျဉ်းများ ပြဋ္ဌာန်းရန် SCS ကိစ္စရပ်ဆိုင်ရာ တရားဝင်ကြေညာချက် တစ်ရပ်ကို ထုတ်ပြန်ခဲ့သည် (the 1992 ASEAN Declaration on the SCS adopted in Manila on 22 July 1992)။ ထိုကြေညာချက်မှတစ်ဆင့် ယခုပဋိပက္ခတွင်ပါဝင်သည့် အာဆီယံနိုင်ငံများက အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပဋိညာဉ် (Treaty of Amity and Cooperation in Southeast Asia (TAC)) ပါ စံနှုန်းများကို ပြန်လည်အတည်ပြုလက်ခံခဲ့ကြသည်။ ဒုတိယအချက်အနေဖြင့် ၁၉၉၅ ခုနှစ် တရုတ်နိုင်ငံက မစ်(စ်)ချိဖ်ကျောက်တန်းအား သိမ်းပိုက်ခြင်းအား တုံ့ပြန်သည့်အနေဖြင့် အာဆီယံက တရုတ်နိုင်ငံ အား ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်ရန်ရှုတ်ချသည့် စုပေါင်းကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ အာဆီယံက တရုတ်နိုင်ငံကို နောက်ဆုတ်ပေးပြီး အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်ရန် တောင်းဆိုခဲ့သည် (Majumdar 2015: 77)။ တတိယအနေဖြင့် ၁၉၉၆ ခုနှစ် ဇူလိုင်လတွင် ကျင်းပခဲ့သော အာဆီယံဝန်ကြီးများ အစည်းအဝေး၌ အာဆီယံအဖွဲ့ဝင်များက ပဋိပက္ခများအရှိန်မြင့်တက်လာခြင်းကို တားဆီးရန်နှင့် ဒေသတည်ငြိမ်ရေးအတွက် အခြေခံတစ်ရပ်တည်ထောင်ရန် သဘောတူခဲ့ကြသည်။ တရုတ်နိုင်ငံက SCS ကိစ္စရပ် ကို နိုင်ငံအများအပြားပါဝင်သည့် အစည်းအဝေးများတွင် မဆွေးနွေးလိုသော်လည်း ၁၉၉၇ ခုနှစ် နှောင်းပိုင်းတွင် အာဆီယံက တရုတ်နိုင်ငံနှင့် တွေ့ဆုံခဲ့ပြီး ပဋိပက္ခကို ငြိမ်းချမ်းစွာအဖြေရှာရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။ ထို့နောက် ၂၀၀၀ ပြည့်နှစ်တွင် အာဆီယံနှင့် တရုတ်နိုင်ငံတို့ တွေ့ဆုံခဲ့ပြီး SCS အတွက် ဒေသဆိုင်ရာကျင့်ဝတ်စည်းမျဉ်းများအတွက် သဘောတူညီမှု ရရှိခဲ့သည်။ ပျော့ပျောင်းပြီး ခြိမ်းခြောက်သည့်သဘောမဆန်သော ထိုတရားဝင်ကြိုးပမ်းမှုများ၊ အလွတ်သဘော (သို့) လမ်းကြောင်း (၂) (track-two) သံတမန်ရေး (အလွတ်သဘော အဆက်အသွယ်များနှင့် လုပ်ဆောင်ချက်များက ၁၉၉၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ စတင်ခဲ့သည့် "တောင်တရုတ်ပင်လယ်တွင် ဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခများကိုစီမံခန့်ခွဲခြင်း" အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် ယုံကြည်မှုတည်ဆောက်သည့် ဖြစ်စဉ်ကို အောင်မြင်စေခဲ့သည်။

နောက်ဆုံး ၂၀၀၂ ခုနှစ်တွင် အာဆီယံက တရုတ်နိုင်ငံကို စည်းနှောင်မှုမရှိသော တောင်တရုတ်ပင်လယ်နှင့် ပတ်သက်နေသည့် အဖွဲ့များဆိုင်ရာ ကျင့်ဝတ်ကြေညာချက် (Declaration on the Conduct of Parties in the South China Sea (DOC)) ကို လက်မှတ်ရေးထိုးရန် ဆွဲဆောင်နိုင်ခဲ့သည်။ ယင်းကြေညာချက်က အာဆီယံနှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးများအကြား ကျင့်ဝတ်စည်းမျဉ်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ဦးတည်နိုင် လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည် (Majumdar 2015: 78)။ ၂၀၀၉ ခုနှစ်တွင် အာဆီယံ နိုင်ငံရေး-လုံခြုံရေး အသိုက်အဝန်းအစီအမံက DOC ကို အပြည့်အဝအကောင်အထည်ဖော်ရန် တိုက်တွန်းခဲ့သည်။ DOC တွင် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာအဖြေရှာခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အားလုံးသဘောတူညီမှုကို အခြေခံပြီး ယုံကြည်မှုတည်ဆောက်ခြင်းနှင့် ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်းများ မပြုလုပ်ဘဲ ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းဟူသည့် အချက်များ ပါဝင်သည်။ DOC တွင် ပါဝင်သည့်အဖွဲ့များသည် တရုတ်နိုင်ငံနှင့် သက်ဆိုင်ရာ အာဆီယံနိုင်ငံများသာမက အခြားသောအာဆီယံနိုင်ငံများလည်း ပါဝင်ခဲ့သည်။ DOC သည် အာဆီယံ၏ ပဋိပက္ခ

စီမံခန့်ခွဲရေးဆိုင်ရာ ဘုံစံနှုန်းများကို ထင်ဟပ်ပြနေပြီး ကာကွယ်တားဆီးရေး သံတမန်ရေးအတွက် ခြေလှမ်းတစ်ရပ် ဖြစ်သည်။ ၂၀၁၀ ပြည့်လွန်နှစ်များမှစ၍ ပါဝင်ပတ်သက်သူများ ကြုံတွေ့ရသည့် မြင့်တက်လာသော တင်းမာမှုများနှင့် မသေချာသော ဖြေရှင်းချက်များကြောင့် SCS သည် ပဋိပက္ခအတွက် အကဲဆတ်သော ဒေသဖြစ်နေသေးသော်လည်း ၁၉၉၂ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်အတွင်း လုပ်ဆောင်ခဲ့သည့် ဆောင်ရွက်ချက်များက အရှေ့တောင်အာရှ (သို့) အာဆီယံ၏ ပဋိပက္ခတားဆီးရေးနှင့် စီမံခန့်ခွဲရေး ကြိုးပမ်းမှုများကို ပြသနေသည်။




မူရင်း။ The ASEAN Post https://theaseanpost.com (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၀) ရက်နေ့)

ပဋိပက္ခကာကွယ်တားဆီးရေးကို အမျိုးအစားနှစ်မျိုး ခွဲခြားနိုင်သည်။ တိုက်ရိုက်နှင့် ဖွဲ့စည်းလည်ပတ်ပုံ (သို့မဟုတ် အချို့အတွက် အပေါ့စားနှင့် နက်ရှိုင်းသော ကာကွယ်တားဆီးရေး) တို့ ဖြစ်ကြသည်။ တိုက်ရိုက်ကာကွယ်တားဆီးရေးတွင် အရေးကြီးအခြေအနေများကို လက်နက်ကိုင်ပဋိပက္ခများဖြစ်သွားခြင်းမှ ကာကွယ်တားဆီးရန် လုပ်ဆောင်သည့် သံတမန်ရေးအရ ဝင်ရောက်စွက်ဖက်ခြင်း၊ သီးသန့်ကြားဝင်ညှိနှိုင်းရေး ဆောင်ရွက်ချက်များ၊ စစ်တပ်များရုတ်သိမ်းခြင်း ကဲ့သို့သောလုပ်ဆောင်ချက်များ ပါဝင်သည်။ တောင်တရုတ်ပင်လယ်ဖြစ်ရပ်တွင် အာဆီယံ၏ ၁၉၉၇ ခုနှစ်တွင် အစည်းအဝေးတစ်ရပ်ကျင်းပရန် ကြိုးပမ်းခြင်းနှင့် ပူးတွဲကြေညာချက် ထုတ်ပြန်ခြင်းတို့က တိုက်ရိုက်ကာကွယ်တားဆီးခြင်းများဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းလုပ်ရပ်များက သက်ဆိုင်ရာအဖွဲ့များအကြား တိုက်ရိုက် ဆက်သွယ်ခြင်း (သို့) ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ရန်လိုသည့်ဆက်ဆံရေးများကို လျှော့ချရန် ရည်ရွယ်သောကြောင့် ဖြစ်သည်။

ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ ကာကွယ်တားဆီးရေးဆိုသည်မှာ ပဋိပက္ခ၏ အကြောင်းရင်းခံများ၊ ဆက်ဆံရေးများနှင့် ပဋိပက္ခအရှိန်တက်စေသည့်၊ ဆွပေးသည့် အကြောင်းအရာများကို ဖြေရှင်းရန် လုပ်ဆောင်သော ကာလရှည်ကြာ ဆောင်ရွက်ချက်များ ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ ကာကွယ်တားဆီးရေး၏ အတိုင်း

အတာက ကျယ်ပြန့်ပြီး စီးပွားရေးဖွံ့ဖြိုးမှုအကူအညီများ၊ နိုင်ငံရေးပါဝင်မှုတိုးတက်ရေး၊ နိုင်ငံရေးယဉ်ကျေးမှုနှင့် လူထုဆက်ဆံရေး တိုးမြှင့်စေရေးတို့လည်း ပါဝင်သည်။ ရှင်းရှင်းပြောရလျှင် ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ ပဋိပက္ခစီမံခန့်ခွဲရေး လုပ်ဆောင်ချက်များအတွက် လုပ်ငန်းများစွာကို ထည့်သွင်းလုပ်ဆောင်နိုင်သည်။ တောင်တရုတ်ပင်လယ်အရေးကိစ္စတွင် အလွတ်သဘောယုံကြည်မှုတည်ဆောက်ရေး လုပ်ရပ်များတွင် တိုက်ရိုက်နှင့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ ကာကွယ်တားဆီးရေး လုပ်ငန်းများ နှစ်မျိုးလုံး ပါဝင်သည်။ ထို့ကြောင့် တစ်ဖက်တွင် အလုပ်ရုံဆွေးနွေးပွဲများက ပဋိပက္ခနှင့် သက်ဆိုင်သည့် အဖွဲ့များကို ဖိတ်ကြားရန် ကြိုးပမ်းပြီး ပို၍ အလျင်လိုသည်ဟု ယူဆရသည့် နယ်မြေဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးရန် အစီအစဉ်ထဲတွင် ထည့်သွင်းထားသည်။ တစ်ဖက်တွင်မူ အလုပ်ရုံဆွေးနွေးပွဲများက အရင်းအမြစ်များ၊ သိပ္ပံဆိုင်ရာ သုတေသနများ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး၊ ဥပဒေဆိုင်ရာကိစ္စရပ်များနှင့် ခရီးလမ်းကြောင်းလုံခြုံရေး ကဲ့သို့သော ကိစ္စရပ်များကိုလည်း ဆွေးနွေးသည် (Hayton 2014: 257-258)။ ယင်းခေါင်းစဉ်များမှာ သွယ်ဝိုက်၍ ဆက်စပ်နေသည် (သို့) ရေရှည် ကိစ္စရပ်များဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲများကို အလွန်လျင်မြန်စွာ လုပ်ဆောင်နေပြီး ခေါင်းစဉ်ပေါင်းများစွာ ဆွေးနွေးသည်ဟု တရုတ်နိုင်ငံက ရှုမြင်သော်လည်း (Hayton 2014: 258) ထိုသို့ ကျယ်ပြန့်သော ပြဿနာရပ်များကို ဖြေရှင်းခြင်းက တရုတ်နိုင်ငံနှင့် ပဋိပက္ခတွင် ပါဝင်သော အခြားနိုင်ငံများအတွက် ၎င်းတို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ကောက်နှုတ်ယူခွင့် ရရှိကြသည်။ ထို့ကြောင့် အလုပ်ရုံဆွေးနွေးပွဲများတွင် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ ကာကွယ်တားဆီးရေး အချက်များ ပါဝင်သည်။

တောင်တရုတ်ပင်လယ်ဖြစ်ရပ်က တိုက်ရိုက်နှင့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ တားဆီးရေး၊ တရားဝင်နှင့် အလွတ်သဘော ကြိုးပမ်းမှုများအားလုံးက အဖွဲ့များကို သဘောတူညီချက် ရရှိစေရန် အထောက်အကူပြုနိုင်ကြောင်း ပြသနေသည်။ သို့သော် လုပ်ဆောင်ချက်တစ်ရပ်ထက် လုပ်ဆောင်ချက်အများအပြားက များသောအားဖြင့် ရှေ့မတိုးနောက်မဆုတ်သာ အခြေအနေကို ကျော်လွှားရန် ပို၍ အထောက်အကူပြုသည်။

## ၃.၃.၂ အရှေ့တောင်အာရှတွင် ပဋိပက္ခကာကွယ်တားဆီးသည့် အချက်များ

အရှေ့တောင်အာရှနိုင်ငံများ၏ မြင်သာသည့်အချက်များ၊ စံနှုန်းများနှင့် အဓိကမူဝါဒများသည် အတိုင်းအတာတစ်ခုအထိ အကြမ်းဖက်သောပဋိပက္ခများကို ကာကွယ်တားဆီးပေးသည်။ အကြမ်းဖက်သော ပဋိပက္ခများ (သို့) စစ်ပွဲများက လက်နက်များရရှိခြင်း၊ လက်နက်များအသုံးပြုနိုင်သည်ဟု ယုံကြည်ကြခြင်း၊ အကြမ်းဖက်မှုကို ရပ်တန့်နိုင်သည့် စနစ်တစ်ခုမရှိခြင်းကဲ့သို့ အချို့သောအခြေအနေများ ပေးသောအခါ အကြမ်းဖက်ပဋိပက္ခများ (သို့) စစ်ပွဲများ ဖြစ်ပွားကြသည်။ ထို့ကြောင့် သီအိုရီအရ အဆိုပါအခြေအနေများကို ဖယ်ရှားခြင်းက အကြမ်းဖက်မှုအန္တရာယ် (သို့) အကြမ်းဖက်သောပဋိပက္ခကို လျှော့ချနိုင်သည်။ လက်တွေ့တွင် အကြမ်းဖက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ ချဉ်းကပ်ပုံအများအပြားက လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားရသည့် အရင်းအမြစ် အကြောင်းအရင်းများနှင့် အခြေအနေများကို ဖယ်ရှားရန် ရည်ရွယ်ထားကြသည်။ ယခင်အပိုင်းက ဖော်ပြခဲ့သည့်အတိုင်း အရှေ့တောင်အာရှတွင် အကြမ်းဖက်သောပဋိပက္ခအရေအတွက် မြင့်မားပြီး အကြမ်းဖက်မှုဖြစ်ရပ်များနှင့် နိုင်ငံတစ်နိုင်ငံအတွင်း (သို့) နိုင်ငံများအကြား စစ်တပ်နှင့် လက်နက်ကိုင်အုပ်စုများအကြား ကြိုကြားကြိုကြား တိုက်ခိုက်မှုများ ရှိကြသော်လည်း ၎င်းတို့အများစုမှာ ပြင်းထန်မှုနှုန်း နိမ့်ကြသည်။

ထိုအခြေအနေကို ရှင်းလင်းပြရန် အကြမ်းဖက်ပဋိပက္ခကို ကာကွယ်တားဆီးသည့်အရာများကို နားလည်ရန် အရေးကြီးသည်။ အနည်းဆုံး အရှေ့တောင်အာရှတွင် လက်နက်ကိုင်ပဋိပက္ခများကို ကာကွယ်တားဆီးသည့် ကိစ္စရပ် ငါးခုရှိသည်ဟု ဆိုနိုင်သည်။

### *က) ဖွံ့ဖြိုးရေးကိုဦးစားပေးခြင်း (ဖွံ့ဖြိုးရေးဝါဒ) နှင့် ၎င်း၏အောင်မြင်မှုများ*

အရှေ့တောင်အာရှနိုင်ငံအများစုမှ အစိုးရများသည် ၎င်းတို့၏တရားဝင်မှုက စီးပွားရေးစွမ်းဆောင်ရည်အပေါ် မူတည်လေရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးကြသည်။ အဆိုပါ ဘုံယုံကြည်ချက်က ရေရှည်တည်တံ့ ခိုင်မြဲသော ဒေသတွင်းပူးပေါင်းမှုကို ထွက်ပေါ်စေပြီး တစ်ခါတရံ အမျိုးမျိုးသောအငြင်းပွားမှုများ၊ နိုင်ငံရေးနှင့် အယူဝါဒပိုင်းဆိုင်ရာ ခက်ခဲသည့်ကာလများကို ရင်ဆိုင်နေရသည့် အဖွဲ့ဝင်များလည်းပါဝင်သည်။ ၂၀၁၀ ပြည့်လွန်နှစ်များအတွင်း အကြီးဆုံးဈေးကွက်မှာ ဒေသတွင်းကုန်သွယ်မှုဖြစ်သည် (အာဆီယံကုန်သွယ်မှု ၂၃%-၂၅%) (ASEAN, 2019: 17-18)။ ထို့ကြောင့် ထိုနိုင်ငံများသည် စီးပွားရေးအရ အပြန်အလှန်မှီခိုနေကြသည်။ လက်တွေ့တွင် နိုင်ငံတစ်နိုင်ငံချင်းစီနှင့် အာဆီယံအဖွဲ့ဝင်များအားလုံး၏ စုပေါင်းစီးပွားရေးစွမ်းဆောင်ရည်များ သည် အတော်အသင့်အောင်မြင်ပြီး ကောင်းမွန်သည့်တိုးတက်မှုနှုန်းကို ထိန်းထားနိုင်ကြသည် (စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုး သို့မဟုတ် GDP ဖြင့် တိုင်းတာသည်) (ASEAN, 2019: 6)။ ကမ္ဘာ့ဘဏ် စီးပွားရေး ပညာရှင်များ၏ အဆိုအရ ချမ်းသာသောလူ့အဖွဲ့အစည်းများသည် ၎င်းတို့၏ပိုင်ဆိုင်မှုများကို ပို၍ကောင်းမွန်စွာ ကာကွယ်ကြပြီး အကြမ်းဖက်မှုက ဆွဲဆောင်မှုနည်းသည့် ရွေးချယ်စရာဖြစ်ကြသည် (Homer-Dixon, 1994; Fearon and Laitin, 2002; Collier and Hoeffler, 2002)။ ၎င်းတို့က တိုးတက်မှုနှင့် ပဋိပက္ခ ကာကွယ်တားဆီးရေးလုပ်ငန်းများသည် အပြန်အလှန်အားပေးနေကြသည်ဟု ဆိုသည်။ ယင်းတို့က အရှေ့တောင် အာရှတွင် ဖွံ့ဖြိုးမှုဝါဒ မူဝါဒနှင့် ကျင့်သုံးမှုများကို ထင်ဟပ်ပြသနေသည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ဦးစားပေးမှုများနှင့် အာဆီယံနိုင်ငံများ၏ စီးပွားရေးအရ အပြန်အလှန်မှီခိုမှုများက ကျယ်ပြန့်သော လက်နက်ကိုင်ပဋိပက္ခများကို တားဆီးပေးသည်။

### *ခ) စံနှုန်းတည်ဆောက်ခြင်း၊ အပြုအမူဆိုင်ရာ စည်းမျဉ်းများနှင့် ၎င်းတို့ ဖြစ်ပေါ်လာသည့် ဖြစ်စဉ်*

ဒေသတွင်း၊ နိုင်ငံများအတွင်း ဆက်ဆံရေးများကို ကြီးကြပ်ရန် အာဆီယံက ဝင်ရောက်စွက်ဖက်မှုမပြုရေး၊ အားလုံးသဘောတူသည့် ဆုံးဖြတ်ချက်ချမှတ်မှု၊ ဆွေးနွေးညှိနှိုင်းမှု တိုးမြှင့်ရေး၊ တရားဝင်မဟုတ်သော (သို့) အလုပ်သဘော ညှိနှိုင်းဆွေးနွေးမှုများကဲ့သို့သော ဘုံစံနှုန်းများကို ဖော်ထုတ်ထားသည်။ အဆိုပါ အဓိကစည်းမျဉ်း အချို့ကို ယခုအခါ အာဆီယံပဋိညာဉ် (The ASEAN Charter) (ဥပမာ အပိုဒ် (၂)) နှင့် အခြားသော အာဆီယံဆိုင်ရာ စာချုပ်စာတမ်းများတွင် ဖော်ပြထားသည် (အောက်ပါ စာသေတ္တာ ၃.၃ တွင်ရှုပါ)။ လွန်ခဲ့သည့် ဆယ်စုနှစ်ပေါင်း များစွာအတွင်း အဆိုပါစံနှုန်းများနှင့် အပြုအမူဆိုင်ရာစည်းမျဉ်းများက နိုင်ငံများအကြား ဆက်ဆံရေးတွင် လက်တွေ့လုပ်ဆောင်ချက်များ ဖြစ်လာသည်။ အချို့သောစံနှုန်းများက နိုင်ငံများအကြားဆက်ဆံရေးများကို စီမံခန့်ခွဲရန် ရည်ရွယ်သော်လည်း ဝင်ရောက်စွက်ဖက်မှုမပြုရေးနှင့် အားလုံးသဘောတူ ဆုံးဖြတ်ချက်ချမှတ်ရေး အပါအဝင် အချို့သောစံနှုန်းများက ပြည်တွင်းပဋိပက္ခများ လျှော့ချရန်နှင့် အရှိန်မြင့်တက်မှုကို တားဆီးရန်

(Kivimaki, 2012: 406)[9] နှင့် ပို၍ တည်ငြိမ်သော ဒေသအခင်းအကျင်းဖြစ်စေရန် ရည်ရွယ်သည် (Sridharan, 2008: 22)။ အဆိုပါစံနှုန်းများက ပြည်တွင်း (သို့) ပြည်ပမှ ကျူးကျော်သော လုပ်ရပ်များကို ရှောင်ရှားနိုင်ရန် အထောက်အကူပြုသော်လည်း ဒေသ၏ စံနှုန်းထုတ်ဖော်သည့်ဖြစ်စဉ်က ပိုမိုကောင်းမွန်သည့် ဒေသဆိုင်ရာ ကိုယ်ပိုင်သရုပ်လက္ခဏာ တည်ဆောက်ရာတွင်လည်း အထောက်အကူပြုခဲ့သည်။ ထိုစံနှုန်းများကို အာဆီယံ အတွက် (သို့) အရှေ့တောင်အာရှနည်းလမ်းဟု လက်ခံထားကြပြီး အရှေ့တောင်အာရှ ကိုယ်ပိုင်သရုပ်လက္ခဏာကို ခိုင်မာစေကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများကို စည်းလုံးစေသည်။

**စာသေတ္တာ ၃.၃။ အရှေ့တောင်အာရှ အဓိကစာချုပ်စာတမ်းများမှ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးစည်းမျဉ်းများ**

အရှေ့တောင်အာရှနိုင်ငံများသည် တဖြည်းဖြည်းနှင့် နိုင်ငံများအကြား ဆက်ဆံရေးများကိုသတ်မှတ်သည့် အဓိက စည်းမျဉ်းများအား တရားဝင်ဖြစ်အောင် လုပ်ဆောင်လာကြသည်။ ပဋိပက္ခများတားဆီးရေးနှင့် စီမံခန့်ခွဲရေးက အာဆီယံစတင်တည်ထောင်သည့် ၁၉၆၇ ခုနှစ် ကြေညာချက် (အရှေ့တောင်အာရှ နိုင်ငံများအသင်း တည်ထောင်ခြင်းဆိုင်ရာကြေညာချက် သို့မဟုတ် ဘန်ကောက်ကြေညာချက်၊ အပိုဒ် (၁)) ပါ *"အရှေ့တောင်အာရှ နိုင်ငံများအကြား သာယာဝပြောပြီး ငြိမ်းချမ်းသောအသိုက်အဝန်းထူထောင်ရန် အုတ်မြစ်ကို အားကောင်းစေဖို့"* လုပ်ဆောင်သည့် ကြိုးပမ်းမှုများ၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် အခြားအရေးပါသည့် အာဆီယံကြေညာချက်နှစ်ခုဖြစ်သော အာဆီယံသဘောတူညီချက်ကြေညာစာတမ်းနှင့် TAC တို့က အဆိုပါရည်မှန်းချက် ပြည့်မီအောင် လမ်းညွှန်ချက်အဖြစ် လုပ်ဆောင်ပေးသည်။ သဘောတူညီချက် က *"ဒေသတွင်းကွဲပြားခြားနားချက်များကို ဖြေရှင်းရာတွင် ငြိမ်းချမ်းသောဖြစ်စဉ်များကို အသုံးပြုရန်"* (အပိုဒ် ၆) အဓိကထားပြီး အဖွဲ့ဝင်နိုင်ငံများကို *"တစ်နိုင်ငံချင်းရော၊ စုပေါင်း၍ပါ ငြိမ်းချမ်းသောပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် အကျိုးရှိမည့်အခြေအနေများဖန်တီးရန်"* (အပိုဒ် ၇) တိုက်တွန်းထားသည်။ နိုင်ငံများအကြား ဆက်ဆံရေးများအတွက် အဓိကကျင့်ဝတ်လမ်းညွှန်ချက်ဖြစ်သည့် TAC ကလည်း အငြင်းပွားမှုများ ထွက်ပေါ်လာခြင်းကို ကာကွယ်တားဆီးခြင်း၊ ခြိမ်းခြောက်မှုများ (သို့) အင်အားသုံးခြင်းကို တားမြစ်ခြင်းနှင့် ချစ်ကြည်သော ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများအကြား အငြင်းပွားမှုများ ဖြေရှင်းရေး (အပိုဒ်၁၃) အပါအဝင် အငြင်းပွားမှုများကို ငြိမ်းချမ်းစွာအဖြေရှာရန် အဓိကထား ဖော်ပြထားသည် (အခန်း (၄))။ TAC ၏ အပိုဒ် (၂) က နိုင်ငံများအကြား ဆက်ဆံရေးများကို သတ်မှတ်ပေးသည့် အခြေခံစည်းမျဉ်းများကို ပြဋ္ဌာန်းထားသည်။ ယင်းတို့မှာ (၁) နိုင်ငံများအားလုံး၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ တန်းတူညီမှု၊ ပြည်ထောင်စုမပြိုကွဲရေးနှင့် အမျိုးသားကိုယ်ပိုင်သရုပ်လက္ခဏာများကို အပြန်အလှန်လေးစားရန်၊ (၂) နိုင်ငံများအားလုံးသည် ပြင်ပမှ ဝင်ရောက်စွက်ဖက်မှုများ၊ သွေးထိုးလှုံ့ဆော်မှုများ (သို့) ဖိအားပေးမှုများမှ ကင်းလွတ်ခွင့်ရအောင် ၎င်းတို့၏ အမျိုးသားရေးတည်ရှိမှုကို ဦးဆောင်နိုင်သည့်အခွင့်အရေး၊ (၃) အခြားနိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက် စွက်ဖက်မှုမပြုရန်၊ (၄) ကွာခြားမှုများ (သို့) အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းလမ်းများဖြင့် အဖြေရှာရန်၊

[9] Kivimaki က ဝင်ရောက်မစွက်ဖက်ရေးမူဝါဒကြောင့် ပုန်ကန်သူများအပေါ် ပြင်ပမှ စစ်ရေး အထောက်အပံ့များ လျော့ကျသွားပြီး ပဋိပက္ခများ စစ်ပွဲများအထိ အရှိန်တက်လာခြင်းကို ရှောင်ရှားနိုင်သည်။ အခြားဖြစ်နိုင်သည့် ဖြေရှင်းချက်တစ်ရပ်မှာ အာဆီယံနိုင်ငံများသည် အထူးသဖြင့် နိုင်ငံဖန်တီးရေး ပဋိပက္ခများနှင့် စပ်လျဉ်းပြီး ဝင်ရောက်စွက်ဖက်မှုမပြုရေး မူဝါဒကို စွဲကိုင်ကြသည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် တစ်နိုင်ငံမှ ပုန်ကန်မှုများ နောက်တစ်နိုင်ငံသို့ မပြန့်ပွားအောင် တားဆီးကြသည်။

(၅) ခြိမ်းခြောက်မှု (သို့) အင်အားအသုံးပြုမှုကို စွန့်လွှတ်ရန်နှင့် (၆) အဖွဲ့ဝင်များအကြား ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့ ဖြစ်ကြသည်။

အာဆီယံပဋိညာဉ်တွင် ပြဋ္ဌာန်းခဲ့သည့် ထိုစည်းမျဉ်းများသည် ၂၀၀၈ ခုနှစ်တွင် စတင်အသက်ဝင်လာပြီး အာဆီယံ၏ အန္တိမရည်မှန်းချက်ဖြစ်သော *"ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်မှုများကို ထိန်းသိမ်းရန်နှင့် မြှင့်တင်ရန်နှင့် ဒေသတွင်း ငြိမ်းချမ်းရေးကိုအခြေခံသည့် တန်ဖိုးများအား ပိုမိုခိုင်မာစေရန်"* (အပိုဒ် ၁-၁) ဟူသည့် ရည်မှန်းချက်ကို ပြည့်မီစေရန် အဖွဲ့ဝင်နိုင်ငံများ အားလုံးကို အငြင်းပွားမှုများ အားလုံးအား တွေ့ဆုံဆွေးနွေးမှုများ၊ ဆွေးနွေးတိုင်ပင်ခြင်းများနှင့် ညှိနှိုင်းမှုများမှတစ်ဆင့် လျင်လျင်မြန်မြန်နှင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရန် (အပိုဒ် ၂၂) မျှော်လင့်ခဲ့ကြသည်။ အာဆီယံအသိုက်အဝန်း၏ အထွေထွေကြိုးပမ်းမှုများနှင့် အထူးသဖြင့် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း၏ ကြိုးပမ်းမှု အစိတ်အပိုင်းများအဖြစ် ပဋိပက္ခကာကွယ်တားဆီးရေးတွင် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်များနှင့် ကြိုတင်ကာကွယ်ရေးသံတမန်ရေးတို့ကို အရေးပါသော နည်းလမ်းများအဖြစ် အလေးစိုက်ထားခဲ့သည် (Blueprint B-1-18)။

အဆိုပါ ဒေသတွင်းစည်းမျဉ်းများကို အာရှဒေသမှဖိုရမ်ဆွေးနွေးမှုများကလည်း အားကောင်းစေခဲ့သည်။ အထူးသဖြင့် ၁၉၉၄ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များအတွက် တရားဝင်ဆွေးနွေးတိုင်ပင်သည့် နိုင်ငံပေါင်းစုံပါဝင်သော ဖိုရမ်တစ်ခုဖြစ်သည့် အာဆီယံဒေသတွင်းဖိုရမ်က ရည်မှန်းချက် နှစ်ရပ်ကို ချမှတ်ခဲ့သည်။ (၁) ဘုံအကျိုးစီးပွားနှင့် ဘုံစိုးရိမ်ပူပန်မှုဖြစ်သည့် နိုင်ငံရေးနှင့် လုံခြုံရေးကိစ္စရပ်များကို အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးရေးနှင့် ဆွေးနွေးတိုင်ပင်ခြင်းတို့ လုပ်ဆောင်သွားရန်နှင့် (၂) အာရှပစိဖိတ်ဒေသတွင် ယုံကြည်မှုတည်ဆောက်ရေးနှင့် ကာကွယ်တားဆီးရေးသံတမန်ရေးဆိုင်ရာ ကြိုးပမ်းမှုများတွင် ပါဝင်ကူညီသွားရန် ဖြစ်သည်။ ထို့ကြောင့် ပဋိပက္ခတားဆီးရေးနှင့် ဆက်ဆံရေးများစီမံခန့်ခွဲရေး သဘောတရားနှင့် အရေးပါမှုတို့သည် အာဆီယံနှင့် အာရှပစိဖိတ်နိုင်ငံများအကြား တူညီသည့်သဘောထားဖြစ်သည်။

### ***ဂ) အာဆီယံဗဟိုပြုမှု***

အရှေ့တောင်အာရှစံနှုန်းများ ထွက်ပေါ်လာမှုကို ပြသသည့်အနေဖြင့် အာဆီယံတွင်အဖွဲ့ဝင် (၁၀) နိုင်ငံ ပါဝင်ခြင်းက ဒေသတွင်းစည်းလုံးညီညွတ်စေသည်။[10] အာဆီယံအစည်းအဝေးများက အဖွဲ့ဝင်နိုင်ငံများ၏ တာဝန်ရှိသူများနှင့် နိုင်ငံရေးသမားများအကြား ဆက်သွယ်ဖလှယ်ရန်နှင့် ကွန်ရက်တည်ဆောက်ရန် အခွင့်အရေးများပေးသည်။ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့အကြား ပုဂ္ဂိုလ်ရေးဆက်နွယ်မှုများ အားကောင်းစေပြီး အာဆီယံအစည်းအဝေးများ၏ အဆင့်များအားလုံးတွင် ရင်းနှီးမှုများကို မွေးထုတ်ပေးသည်။ ယင်းတို့က တဖန် နှစ်နိုင်ငံဆက်ဆံရေးကို အားကောင်းစေသည်။ ပို၍အရေးပါသည်မှာ ထိုသို့သော အခွင့်အလမ်းများက ပဋိပက္ခစီမံခန့်ခွဲရေးကို အထောက်အကူပြုပြီး နှစ်နိုင်ငံကြားပြဿနာများနှင့် အခြားသောပြဿနာများ အရှိန်မြင့်တက်လာခြင်းကို ကာကွယ်တားဆီးပေးသည်။ ထို့ပြင် ဒေသတွင်းအဖွဲ့အစည်းများမှ အမျိုးမျိုးသောအခွင့်အရေးများက ပုံမှန်အားဖြင့် အပြန်အလှန်ယုံကြည်မှုနှင့် ဘုံဒေသတွင်း အကျိုးစီးပွားအတွက် အားလုံးတွင် တာဝန်ရှိသည်ဟူ

[10] အာဆီယံ၏ သမိုင်းဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲလာမှုများအတွက် ယခုစာအုပ်၏ အခန်း (၇) ကို ရှုပါ။

သည့် သဘောထားကို မြှင့်တင်ပေးသည်။ အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးကြိုးပမ်းမှုများ၊ အထူးသဖြင့် ၎င်း၏ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ရှုထောင့်များနှင့် လူ့အခွင့်အရေးဆိုင်ရာ အာဆီယံအစိုးရများကော်မရှင် (ASEAN Intergovernmental Commission on Human Rights (AICHR)) တည်ထောင်မှုက ယုံကြည်မှု တိုးပွားရန် အထောက်အကူပြုသည်။ ထို့ပြင် စစ်အေးကာလနောက်ပိုင်းတွင် အာဆီယံဒေသတွင်းဖိုရမ်နှင့် အရှေ့အာရှထိပ်သီးအစည်းအဝေးတို့ အပါအဝင် ဒေသပြင်ပမူဘောင်အများအပြားလည်း ပေါ်ပေါက်လာသည်။

**ဇယား ၃.၃။ ဒေသတွင်းနှင့် ဒေသပြင်ပ နိုင်ငံများ ပါဝင်သော ပူးပေါင်းဆောင်ရွက်မှုများ**

| | အရှေ့တောင်အာရှင်တွင် ဒေသတွင်း သဘောတူညီချက်များ/ ပဋိညာဉ်များ | အရှေ့တောင်အာရှမှ အဓိကဖြစ်ရပ်များ | ဒေသပြင်ပ ပူးပေါင်း ဆောင်ရွက်မှုများ |
|---|---|---|---|
| ၁၉၆၇ | **ဘန်ကောက် ကြေညာချက်** | အာဆီယံကို တည်ထောင်ခဲ့သည် (ထိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူ) | |
| ၁၉၇၁ | **ငြိမ်းချမ်းရေး၊ လွတ်မြောက်ရေးနှင့် ကြားနေခြင်းနယ်ပယ်ဆိုင်ရာ ကြေညာချက်** | | |
| ၁၉၇၆ | **အာဆီယံ သဘောတူညီချက်၊ ဘာလီ** ကြေညာစာတမ်း | | |
| | **အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပဋိညာဉ် (TAC)** | | |
| ၁၉၇၉ | | | **အာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများ ညီလာခံ** စတင်ခဲ့သည် |
| ၁၉၈၀ | | | **ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး ကောင်စီ (Pacific Economic Cooperation Council (PECC))** ၏ ရှေ့ပြေး စတင်ခဲ့သည် |
| ၁၉၈၄ | | ဘရူနိုင်းနိုင်ငံ အာဆီယံ အဖွဲ့ဝင် ဖြစ်လာသည် | |

| | အရှေ့တောင်အာရှင်တွင် ဒေသတွင်း သဘောတူညီချက်များ/ ပဋိညာဉ်များ | အရှေ့တောင်အာရှမှ အဓိကဖြစ်ရပ်များ | ဒေသပြင်ပ ပူးပေါင်း ဆောင်ရွက်မှုများ |
|---|---|---|---|
| ၁၉၈၉ | | | **အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းမှု (Asia-Pacific Economic Co-operation (APEC))** ကို စတင်ခဲ့သည်။ |
| ၁၉၉၂ | **အာဆီယံ လွတ်လပ်သော ကုန်သွယ်မှု ဒေသ** တည်ထောင်ရန် သဘောတူညီခဲ့သည် (အဖွဲ့ဝင် ၆ နိုင်ငံ) | | |
| ၁၉၉၄ | | | **အာဆီယံ ဒေသဆိုင်ရာ ဖိုရမ် (ASEAN Regional Forum (ARF))** ကို တည်ထောင်ခဲ့သည်။ |
| ၁၉၉၅ | **အရှေ့တောင်အာရှ နျူကလီးယားလက်နက်ကင်းမဲ့ဇုံ ပဋိညာဉ် (Southeast Asia Nuclear-Weapon-Free Zone Treaty (SANWFZT))** (ဖိလစ်ပိုင်နိုင်ငံမှ လွဲ၍ ၁၉၉၇ ခုနှစ်တွင် အသက်ဝင်လာခဲ့သည်) | | |
| ၁၉၉၆ | | အာဆီယံထိပ်သီးအစည်းအဝေးပွဲများကို နှစ်စဉ် စတင်ကျင်းပခဲ့သည် (၃နှစ်တစ်ကြိမ် တရားဝင် အစည်းအဝေးနှင့် ကြားကာလတွင် အလွတ်သဘော အစည်းအဝေးများ) | **အာရှ-ဥရောပ အစည်းအဝေး (Asia-Europa Meeting (ASEM))** ၏ ပထမအကြိမ် အစည်းအဝေး |
| ၁၉၉၇ | **အာဆီယံ မျှော်မှန်းချက် ၂၀၂၀** | လာအိုနှင့် မြန်မာနိုင်ငံတို့ အဖွဲ့ဝင် ဖြစ်လာသည်။ | **အာဆီယံ+၃ (ASEAN+3 (APR))** ထိပ်သီးအစည်းအဝေးပွဲ **ပထမအကြိမ်** ကျင်းပခဲ့သည် |

| | အရှေ့တောင်အာရှင်တွင် ဒေသတွင်း သဘောတူညီချက်များ/ ပဋိညာဉ်များ | အရှေ့တောင်အာရှမှ အဓိကဖြစ်ရပ်များ | ဒေသပြင်ပ ပူးပေါင်း ဆောင်ရွက်မှုများ |
|---|---|---|---|
| ၁၉၉၉ | | ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအဖွဲ့ဝင် ဖြစ်လာသည်။ | အရှေ့အာရှ ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကြေညာချက် |
| ၂၀၀၁ | ဖိလစ်ပိုင်နိုင်ငံက SANWFZT ကို လက်မှတ်ရေးထိုးခဲ့သည်။ | | |
| | TAC **အမြင့်ဆုံးကောင်စီအတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများ** | | |
| ၂၀၀၂ | | | **အာရှပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးပွဲ (Asia Co-operation Dialogue (ACD))** စတင်ခဲ့သည်။ |
| ၂၀၀၃ | **ဘာလီသဘောတူညီချက် (၂)** (အာဆီယံ အသိုက်အဝန်း၏ အဓိက မဏ္ဍိုင်သုံးရပ်) | | တရုတ်နှင့် အိန္ဒိယနိုင်ငံများက TAC ကို လက်ခံခဲ့သည်။ |
| ၂၀၀၄ | | | ဂျပန်နှင့် ပါကစ္စတန် (ဇူလိုင်)နှင့် တောင်ကိုရီးယားနှင့် ရုရှား (နိုဝင်ဘာ) နိုင်ငံများက TAC ကို လက်ခံခဲ့သည်။ |
| ၂၀၀၅ | | | **အရှေ့အာရှ ထိပ်သီးညီလာခံ (East Asia Summit (EAS))** ကို တည်ထောင်ခဲ့သည်။ |
| | | | နယူးဇီလန်နှင့် သြစတြေးလျ တို့က TAC ကို လက်ခံခဲ့သည်။ |
| ၂၀၀၇ | **အာဆီယံပဋိညာဉ်** | | အရှေ့အာရှ စွမ်းအင်လုံခြုံရေး ဆိုင်ရာ ကျူးဘားကြေညာချက် |
| | **အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ်** | | |

| အရှေ့တောင်အာရှင်တွင် ဒေသတွင်း သဘောတူညီချက်များ/ ပဋိညာဉ်များ | | အရှေ့တောင်အာရှမှ အဓိကဖြစ်ရပ်များ | ဒေသပြင်ပ ပူးပေါင်း ဆောင်ရွက်မှုများ |
|---|---|---|---|
| ၂၀၀၉ | **အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း မူကြမ်း** | | ရုရှားနှင့် အမေရိကန်နိုင်ငံတို့က TAC ကို လက်ခံခဲ့ပြီး EAS အဖွဲ့ဝင်များ ဖြစ်လာသည်။ |
| | **လူ့အခွင့်အရေးဆိုင်ရာ အာဆီယံ အစိုးရများ ကော်မရှင် (AICHR)** ကို စတင်ဖွဲ့စည်းခဲ့သည်။ | | |
| ၂၀၁၂ | | | လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူစာချုပ် (ဒေသဆိုင်ရာ ကျယ်ပြန့်သော စီးပွားရေး မိတ်ဖက် (**Regional Comprehensive Economic Partnership: RCEP)**) ဆိုင်ရာ ဆွေးနွေးပွဲများ စတင်ခဲ့သည်. |
| ၂၀၁၅ | **အာဆီယံ လွတ်လပ်စွာ ကုန်သွယ်မှု ဒေသ** | | |

ဒေသပြင်ပ ပူးပေါင်းဆောင်ရွက်ရေးများ ထွက်ပေါ်လာမှုကလည်း အခြားသော ဒေသဆိုင်ရာ ဇာတ်ကောင်များဖြင့် ဆက်သွယ်ဆက်ဆံမှုမှတစ်ဆင့် အာဆီယံအဖွဲ့ဝင်များအကြား ဆက်ဆံရေးများကို ခိုင်မာလာစေသည်။ ဥပမာ အာဆီယံသည် အင်စတီကျူးရှင်းဆိုင်ရာ အစီအမံများဖြစ်သော အာဆီယံ+၃၊ အရှေ့အာရှ ထိပ်သီး အစည်းအဝေးပွဲ၊ ARF၊ အာရှပစိဖိတ် စီးပွားရေးပူးပေါင်းမှု (APEC)၊ အာရှ-ဥရောပ အစည်းအဝေး Asia-Europe Meeting (ASEM)) တို့တွင်ပါဝင်ခြင်းဖြင့် အရှေ့အာရှဒေသစုစည်းရေးတွင် ဗဟိုချက်ဖြစ်လာသည်။ ထိုသို့ ကျယ်ပြန့်သော အာရှဆိုင်ရာအခြေအနေများတွင်၊ အာရှတွင် တရုတ်နိုင်ငံ၏လွှမ်းမိုးမှု မြင့်တက်လာခြင်းနှင့်အတူ အာဆီယံဗဟိုပြုမှုကို ထိန်းသိမ်းရန် အဖွဲ့ဝင်နိုင်ငံများအကြား အာဆီယံစည်းလုံးညီညွတ်မှု၏ အရေးပါမှုကို အသိအမှတ်ပြုရမည်ဖြစ်သည်။ ထို့ကြောင့် ဒေသတွင်းတည်ငြိမ်မှုသည် ဘုံအကျိုးစီးပွားဖြစ်လာပြီး ဤသည်က အကြမ်းဖက်မှုနှင့် အကြမ်းဖက်သောပဋိပက္ခ ကာကွယ်တားဆီးရေးနှင့် ပတ်သက်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းနှင့် ဒေသတွင်းလုပ်ရပ်များကို ကန့်သတ်ပေးသည်။

### *ဃ) လမ်းကြောင်း (၂) လုပ်ဆောင်ချက်များ (Second-track activities)*

ပဋိပက္ခကာကွယ်တားဆီးရေးနှင့် စီမံခန့်ခွဲရေးအခွင့်အရေးများကို သိသာစွာတိုးတက်စေသည့် အရှေ့တောင်အာရှမှ လမ်းကြောင်း (၂) လုပ်ဆောင်ချက်များကိုလည်း အလေးပေးသင့်သည်။ အာဆီယံ၏ ကြိုတင်ပြင်ဆင်ရေး

လုပ်ငန်းအများစုကို တရားဝင်တစ်စိတ်တစ်ပိုင်းဖြစ်သော ပူးပေါင်းမှုမှတစ်ဆင့် လုပ်ဆောင်ထားသည်။ အာဆီယံ၏ မူလအဖွဲ့ဝင်နိုင်ငံများက မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအတွက် အင်စတီကျူများ ထူထောင်ထားကြပြီး အစိုးရတာဝန်ရှိသူများနှင့်ပညာရှင်များ ပါဝင်သော ညီလာခံများ ကျင်းပကြသည်။ ၎င်းတို့က ဒေသတွင်းငြိမ်းချမ်းရေးနှင့် ကာကွယ်ရေး သံတမန်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ အများအပြားကို ကျင်းပခဲ့သည်။ တောင်တရုတ်ပင်လယ်တွင် အကြမ်းဖက်မှုများကို ကာကွယ်တားဆီးရန်အတွက် ကြိုးပမ်းမှုများတွင် တင်ပြထားသည့်အတိုင်း (အထက်မှ စာသေတ္တာ ၃.၂ ကို ရှုပါ) ဒုတိယလမ်းကြောင်း လုပ်ဆောင်ချက်များက ခြားနားချက်များနှင့် လိပ်ခဲတည်းလည်းအခြေအနေများကို ကျော်လွှားရန် အခြားသောဆက်ဆံရေးလမ်းကြောင်းများကို ဖွင့်ပေးသည်။ အဖွဲ့ပေါင်းများစွာပါဝင်သည့် လမ်းကြောင်း (၂) ကွန်ရက်များနှင့် ယုံကြည်ချက် တည်ဆောက်ရေး လုပ်ဆောင်ချက်များကလည်း အရှေ့တောင်အာရှတွင် ပဋိပက္ခကာကွယ်တားဆီးရေးအတွက် အကျိုးပြုပေးခဲ့သည်။

### *င) နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုကွန်ရက်*

အာဆီယံနိုင်ငံအများစုသည် လုံခြုံရေးကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အဖွဲ့ဝင်နိုင်ငံများအကြား နှစ်နိုင်ငံကြား သဘောတူညီချက်များ ရှိကြသည်။ ထိုသို့သောဥပမာများတွင် မလေးရှား-ထိုင်း နယ်စပ် သဘောတူညီချက်များနှင့် မလေးရှား-ဖိလစ်ပိုင် ပင်လယ်ဓားပြတိုက်ဖျက်ရေး သဘောတူညီချက်တို့ ပါဝင်သည်။ နယ်စပ်ဖြတ်ကျော် လုံခြုံရေးကိစ္စရပ်များမှာ ဒေသတွင်းတွေ့ရလေ့ရှိပြီး အရှေ့တောင်အာရှနိုင်ငံများက ၎င်းတို့ကို ဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်ကြသောကြောင့် ထိုနိုင်ငံများက ကျရောက်လာမည့် လုံခြုံရေးခြိမ်းခြောက်မှုများကို ရင်ဆိုင်ရန် ကြိုးပမ်းမှုများကို အားကောင်းစေရန် လုပ်ဆောင်ကြသည်။ အဆိုပါ နှစ်နိုင်ငံအကြားဆက်ဆံရေးများက ကာကွယ်တားဆီးမှုအဖြစ် လုပ်ဆောင်ကြပြီး ကျယ်ပြန့်သော ဒေသဆိုင်ရာပူးပေါင်းမှုများကလည်း အာဆီယံကိုယ်ပိုင်သရုပ်လက္ခဏာနှင့် အာဆီယံနည်းလမ်းကို အားကောင်းစေသည်။

## ၃.၃.၃ အကြမ်းဖက်မှုကို စောင့်ကြည့်ခြင်းနှင့် စောစီးစွာ သတိပေးခြင်း

*“အကြမ်းဖက်ပဋိပက္ခအခြေအနေများတွင် အချက်အလက်များကို ပုံမှန်နှင့် သပ်သပ်ရပ်ရပ်စုစည်းခြင်းနှင့် လေ့လာသုံးသပ်ခြင်း”* (OECD, 2009) ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသော စောစီးစွာသတိပေးသည့် စနစ်များသည် ပဋိပက္ခများအရှိန်တက်ခြင်းကို လျှော့ချရန်လိုအပ်သည်။ အလားတူပင် ပဋိပက္ခကာကွယ်တားဆီးရေးနှင့် ကာကွယ်တားဆီးရေးဆိုင်ရာ သံတမန်ရေးတို့ကလည်း စောစီးစွာသတိပေးသည့်စနစ်များ အောင်မြင်ရန် အရေးပါသည်။

သို့ဖြစ်လေရာ အရှေ့တောင်အာရှသည် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့ကဲ့သော ကာလရှည်ကြာ အမြစ်မပြတ်သည့် ပြည်တွင်းပဋိပက္ခများကြောင့် ဖြစ်ပွားမှုများ ပုံမှန်ပေါ်ပေါက်လေ့ရှိသည့် အဓိက ပဋိပက္ခဒေသများတွင် အကြမ်းဖက်သော ဖြစ်ရပ်များကို စောင့်ကြည့်သည့် စနစ်များ ထားရှိကြသည်။ နိုင်ငံတကာ ပဋိပက္ခ အချက်အလက်စု အစီအစဉ်များအများအပြားရှိလင့်ကစား အဆိုပါ စောင့်ကြည့်လေ့လာရေး စနစ်များက အကြမ်းဖက်မှုနှင့် အကြမ်းဖက်သော ပဋိပက္ခများနှင့် စပ်လျဉ်းပြီး ဒေသတွင်း စုဆောင်းသည့် အချက်အလက်များ

ထုတ်ဖော်ပေးပြီး ပဋိပက္ခလားရာနှင့် အကြမ်းဖက်မှုအမျိုးအစားအလိုက် ဖြစ်ပွားနိုင်ခြေများတွင် အရေးပါသည့် ပြောင်းလဲမှုများကို ဒေသတွင်းတွင် ပို၍ကောင်းစွာ နားလည်သဘောပေါက်စေသည် (အောက်ပါ စာသေတ္တာ ၃.၃ တွင် ရှုပါ)။ သို့ရာတွင် အချိန်မီသတိပေးနိုင်ခြင်းများအတွက် စနစ်တကျလေ့လာသုံးသပ်မှုလိုအပ်ပြီး အချို့သော နိုင်ငံတွင် ကွန်ရက်ဖွဲ့ထားသည့် (အစိုးရမဟုတ်သော) အဖွဲ့အစည်းများနှင့် နိုင်ငံဖြတ်ကျော်အုပ်စုများက အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်များကို ၎င်းတို့၏ လမ်းကြောင်း (၂)ဆိုင်ရာ လုပ်ဆောင်ချက်များတွင် အသုံးပြုသော်လည်း ထိုအချက်အလက်များသည် ဒေသတွင်း အသုံးပြုသည့်ပုံစံအဖြစ် ရှိမနေသေးပေ။

**စာသေတ္တာ ၃.၄။ အရှေ့တောင်အာရှတွင် အကြမ်းဖက်သောဖြစ်ရပ်များကို စောင့်ကြည့်လေ့လာသည့် စနစ်များ**

ပဋိပက္ခများအဆုံးသတ်ခြင်းသည် အကြမ်းဖက်မှုများအဆုံးသတ်ခြင်းဟု မဆိုလိုပေ။ ပဋိပက္ခတစ်ခု၏ သက်ဆိုင်ရာအဖွဲ့များကြား တရားဝင်သဘောတူစာချုပ်များက ပုံမှန်အားဖြင့် အကြမ်းဖက်မှုပမာဏကို လျှော့ချလိုက်သော်လည်း သေဆုံးမှုမများသော ဒေသတွင်းအကြမ်းဖက်မှုများက ခြိမ်းခြောက်မှုအဖြစ် ရှိနေသေးသည်။ ဥပမာ အာချေးဒေသတွင် ၂၀၀၅ ခုနှစ် ငြိမ်းချမ်းရေး သဘောတူညီချက်ပြီးနောက် အကြမ်းဖက်သော ရာဇဝတ်မှုနှင့် နိုင်ငံရေးအကြမ်းဖက်မှုဖြစ်ရပ်များ တိုးပွားလာခဲ့သည်။ ပဋိပက္ခအလွန်နိုင်ငံများတွင် အကြမ်းဖက်မှု၏ ထင်ရှားသည့်ပုံစံများကို တွေ့ရလေ့ရှိသည်။ ထို့ကြောင့် ပဋိပက္ခများ မများပြားလာမီ ယင်းတို့ကို ကာကွယ်တားဆီးရန်နှင့် စီမံခန့်ခွဲရန် အကြမ်းဖက်မှုကို စောင့်ကြည့်ခြင်းက အရေးကြီးသည်။

ထို့ကြောင့် အကြမ်းဖက်မှု၏ လားရာကို နားလည်ရန်နှင့် ၎င်းကို ကိုင်တွယ်ရာတွင် တိုးတက်မှုများကို တိုင်းတာရန် အချက်အလက်များ လိုအပ်သည်။ လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုများဆိုင်ရာ အချက်အလက်စု အများအပြားနှင့် အစီရင်ခံစာများသည် ကမ္ဘာတစ်ဝန်း ရရှိနိုင်သည်။ ဥပမာ အက်ပ်ဆဲလား ပဋိပက္ခ အချက်အလက်အစီအစဉ်၊ လက်နက်ကိုင်အကြမ်းဖက်မှုများ၏ ဝန်ထုတ်ဝန်ပိုးများဆိုင်ရာ ဂျနီဗာကြေညာချက် အစီရင်ခံစာ၊ နိုင်ငံတကာပဋိပက္ခသုတေသနအတွက် ဟိုင်ဒယ်လ်ဘာ့ဂ် အင်စတီကျု (ပဋိပက္ခ ဒေတာဘေ့စ်)၊ လူမှုသုတေသနအင်စတီကျု (Institute for Social Research (ICPSR)) နှင့် နိုင်ငံတကာ အကျပ်အတည်း အပြုအမူတို့ ဖြစ်ကြသည်။ အရှေ့တောင်အာရှတွင် အချို့သော နိုင်ငံတကာအလှူရှင် အေဂျင်စီများနှင့် အစိုးရများ၏ အကူအညီဖြင့် အကြမ်းဖက်သော ဖြစ်ရပ်များကို စောင့်ကြည့်ရန် ဒေသတွင်း အချက်အလက်များ ကောက်ယူကြသည်။ အဓိက စောင့်ကြည့်လေ့လာသည့် စနစ်များတွင် နက်ရှိုင်းသော တောင်ဘက်မှဖြစ်ရပ်များ အချက်အလက်စု (ထိုင်းနိုင်ငံ)၊ ဘန်ဆာမိုရိုပဋိပက္ခစောင့်ကြည့်လေ့လာရေးစနစ် (ဖိလစ်ပိုင်)၊ ပြည်တွင်း အကြမ်းဖက်မှုစောင့်ကြည့်ရေးစနစ် (အင်ဒိုနီးရှား) တို့ ပါဝင်ကြသည်။

ဥပမာ အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်းအကြမ်းဖက်မှုစောင့်ကြည့်ရေးစနစ်သည် အမျိုးမျိုးသော ပြည်နယ် သတင်းစာများ (၁၀၀ ကျော်)၊ ပညာရပ်ပိုင်းဆိုင်ရာ စာတမ်းအမျိုးမျိုး၊ ပြည်တွင်းမှ ရေးသားထုတ်ဝေမှုများမှ အချက်အလက်များကို အခြေခံထားသည်။ သို့ရာတွင် အမျိုးမျိုးသော ပြည်တွင်းသတင်းအရင်းအမြစ်များကို အသုံးပြုခြင်းက ကမ္ဘာနှင့် ပြည်တွင်းအချက်အလက်စုများတွင် တင်ပြသည့် အကြမ်းဖက်မှုကြောင့် အသက်သေဆုံးသည့် အရေအတွက်ကို ကြီးစွာကွာခြားမှု ဖြစ်စေသည်။ ပြည်တွင်းအချက်အလက် အရင်းအမြစ် များက မကြာခဏဆိုသလို ကျွန်ုပ်တို့အား ပဋိပက္ခလားရာတွင် အရေးပါသောအပြောင်းအလဲများကို နားလည်

သဘောပေါက်စေပြီး လက်နက်ကိုင်နှင့် အခြားသော အကြမ်းဖက်မှုပုံစံများ ဖြစ်ပွားနိုင်ခြေကို ရှာဖွေတွေ့ရှိရန် အထောက်အကူပြုသည်။

ဝက်ဘ်ဆိုက်များ

ပြည်တွင်းအကြမ်းဖက်မှု စောင့်ကြည့်ရေးစနစ်၊ အင်ဒိုနီးရှားကို http://snpk.kemenkopmk.go.id/ တွင် ကြည့်ရှုနိုင်သည်။

ပဋိပက္ခအချက်ပေး (သို့မဟုတ် ဖိလစ်ပိုင်နိုင်ငံအတွက် ဘန်ဆာမိုရိုပဋိပက္ခစောင့်ကြည့်ရေးစနစ်) ကို https://conflictalert.info/ တွင် ကြည့်ရှုနိုင်သည်။

နက်ရှိုင်းသော တောင်ပိုင်းစောင့်ကြည့်မှု (ထိုင်းနိုင်ငံ) ကို https://deepsouthwatch.org/th/dsid တွင် ကြည့်ရှုနိုင်သည်။

## ၃.၄ အကြမ်းဖက်သောပဋိပက္ခများကို စီမံခန့်ခွဲခြင်း

စံနှုန်းများ၊ စည်းမျဉ်းများနှင့် ပဋိပက္ခအဖွဲ့ဝင်များအကြား ဆက်သွယ်ဖလှယ်သည့် ပုံစံများသည် ပဋိပက္ခကာကွယ်တားဆီးရေး၊ စီမံခန့်ခွဲရေးနှင့် ဖြေရှင်းရေးတို့အတွက် အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ပဋိပက္ခကိုကိုင်တွယ်ရာတွင် ပိုကောင်းသည့်နည်းလမ်း (သို့) ချဉ်းကပ်ပုံများသည် ရှိပြီးသားစနစ် (သို့) သဘောတူပြီးသား လူမှုရေးနှင့် ဥပဒေရေးရာစံနှုန်းများ၊ ဆက်သွယ်ဖလှယ်သည့် ဓလေ့ထုံးတမ်းများနှင့် ပြောဆိုဆက်ဆံသည့် ပုံစံများအပေါ် မူတည်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဒေသတွင်း ပဋိပက္ခစီမံခန့်ခွဲရေးကို နားလည်သဘောပေါက်ရန် အာဆီယံနည်းလမ်း (သို့) အရှေ့တောင်အာရှနည်းလမ်းကို နားလည်ခြင်းက အရေးပါသည်။

### ၃.၄.၁ နိုင်ငံများအကြား ပဋိပက္ခများကို စီမံခန့်ခွဲရာတွင် အရှေ့တောင်အာရှပုံစံ

အရှေ့တောင်အာရှ လုံခြုံရေးစနစ်သည် အဓိကအားဖြင့် နှစ်နိုင်ငံကြားဖြစ်သည် (Caballero- Anthony, 2002: 534)။ အစောပိုင်းတွင် ဆွေးနွေးခဲ့သည့်အတိုင်း အာဆီယံနိုင်ငံများတွင် အထူးသဖြင့် ပင်လယ်ဓားပြမှု၊ တရားမဝင်ကုန်ကူးခြင်းနှင့် အခြားသော နိုင်ငံနယ်နိမိတ်ဖြတ်ကျော်သည့် ရာဇဝတ်မှုများကဲ့သို့သော နိုင်ငံဖြတ်ကျော်လုံခြုံရေးကိစ္စရပ်များကို ကိုင်တွယ်သည့်အခါ နှစ်နိုင်ငံအကြားသဘောတူညီမှု ကွန်ရက်တစ်ခုရှိသည်။ အဆိုပါအလေ့အကျင့်က ဒေသဆိုင်ရာပဋိပက္ခများအတွက်လည်း အကျုံးဝင်သည်။ ဒေသတွင်း နယ်မြေဆိုင်ရာပဋိပက္ခများအများအပြားရှိသော်လည်း အများစုကို နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းခြင်းများဖြင့် ဖြေရှင်းကြသည်။ ဥပမာ ဆာဘားအငြင်းပွားမှုတွင် အာဆီယံက ဝင်ရောက်ဖြေရှင်းပေးရန် (သို့) ကြားဝင်ညှိနှိုင်းပေးရန် မကြိုးပမ်းခဲ့ဘဲ ပဋိပက္ခနှင့်ပတ်သက်ပြီး အခြားအဖွဲ့ဝင်နိုင်ငံများက နှုတ်ဆိတ်နေခဲ့သည် (အောက်မှ စာသေတ္တာ ၃.၅ တွင် ရှုပါ)။ အင်ဒိုနီးရှားကသာ လုပ်ဆောင်မှုတစ်ရပ်လုပ်ခဲ့ပြီး ယင်းမှာ ပါဝင်သည့်အဖွဲ့များကို သွေးအေးသွားရန် ကာလတစ်ခုအထိ အချိန်ယူဖို့ တိုက်တွန်းခြင်းဖြစ်သည်။ အလားတူ ပီရာဗီဟီရာ ဘုရားကျောင်းနှင့် ပတ်သက်၍ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့အကြား ပဋိပက္ခတွင်လည်း တဖန် အာဆီယံက ကြားဝင်စေ့စပ်ပေးသည့် အခန်းကဏ္ဍ (သို့) ပဋိပက္ခကို ဖြေရှင်းပေးသည့် အခန်းကဏ္ဍမှ မပါဝင်ခဲ့ပေ (အောက်ပါ စာသေတ္တာ ၃.၆ တွင်ရှုပါ)။ ကမ္ဘောဒီးယားနှင့်

ထိုင်းနှစ်နိုင်ငံလုံးမှာ အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်။ ကမ္ဘောဒီယားက အာဆီယံ၏ သင့်လျော်သောပါဝင်မှုကို တစ်ခါက တောင်းဆိုခဲ့ဖူးသော်လည်း အာဆီယံက နှစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရန် သဘောတူပြီးမှသာ အရပ်သားစောင့်ကြည့်လေ့လာသူများကို စေလွှတ်ခဲ့သည်။

**စာသေတ္တာ ၃.၅။ (ဖိလစ်ပိုင်နှင့် မလေးရှားတို့ပါဝင်သော) ဆာဘားအငြင်းပွားမှုနှင့် ပဋိပက္ခစီမံခန့်ခွဲခြင်း**

ယခင်က မြောက်ပိုင်းဘော်နီယိုဟု သိကြသော ဆာဘားဒေသနှင့်ပတ်သက်ပြီး ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံအကြား အငြင်းပွားမှုများသည် ၁၉၆၀ ပြည့်လွန်နှစ်များတွင် စတင်ခဲ့ပြီး ယခုအထိ မဖြေရှင်းနိုင်သေးပေ။ ဆာဘားသည် ဘော်နီယိုကျွန်းအနောက်မြောက်ထောင့်တွင်တည်ရှိသည့် မိုင်စကွဲပေါင်း ၂၉၀၀၀ ကျယ်ဝန်းသည့် ဒေသတစ်ခုဖြစ်သည်။ ကမ်းရိုးတန်းတွင် သင်္ဘောများ ဆိုက်ကပ်နိုင်ပြီး ဝင်ငွေရနိုင်သည်။ ၁၉၆၃ ခုနှစ်တွင် ဆာဘားက မလေးရှားနိုင်ငံအတွင်းမှ ပြည်နယ်တစ်ခုဖြစ်လာလေရာ ဖိလစ်ပိုင်နိုင်ငံက ထိုဒေသကိုပိုင်ဆိုင်သည်ဟု ဆိုလာသည်။

မြောက်ဘော်နီယို (ဆာဘား) ကို ဘရူနိုင်းနိုင်ငံ၏ ဆူလ်တန် အဘ်ဒူလ် ဟာကူလ် မူဘင် (Sultan Abdul Hakkul Mubin) က ဆူလူ ဆူလ်တန် ဆလာအူဒင် ကရာမက် ဘက်သီရာ (Sulu Sultan Salah-ud-Din Karamat Bakhtiar) ကို ပေးအပ်ခဲ့သည်။ ၁၇၃၅ ခုနှစ်မှ ၁၇၄၂ ခုနှစ်အထိ ယင်းဒေသကို ဆူလူ ဆူလ်တန်က ထိန်းချုပ်ခဲ့သည်။ သို့ရာတွင် ဆူလ်တန် ဆူနှင့် ဘာရွန်ဒီ အိုဗာဘက်နှင့် အဲလ်ဖရက်ဒ်ဒန့် (Baron de Overbeck and Alfred Dent) တို့အကြား ၁၈၇၈ ခုနှစ် ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးခဲ့သည့် ပဋိညာဉ်အရ နှစ်စဉ်အမေရိကန်ဒေါ်လာငါးထောင်ပေး၍ ဒေသကို အငှားချ၊ လွှဲပြောင်း၊ ထိန်းချုပ်ခွင့် စာချုပ်ဖြင့် ဗြိတိသျှ (သို့) ဗြိတိသျှမြောက်ပိုင်း ဘော်နီယိုကုမ္ပဏီက ၁၈၇၈ ခုနှင့်နှင့် ၁၉၄၆ ခုနှစ်အကြား ထိုဒေသကို ထိန်းချုပ်ခဲ့သည်။

နိုင်ငံနှစ်နိုင်ငံအကြား အငြင်းပွားမှုများသည် (ထိုအချိန်က ဆာဘားကို ထိန်းချုပ်ခဲ့သည့်) ဆူလူ ဆူလ်တန်နှင့် ဗြိတိသျှ မြောက်ပိုင်းဘောနီယိုကုမ္ပဏီတို့အကြား ရေးထိုးခဲ့သည့် ၁၈၇၈ ခုနှစ် ပဋိညာဉ်မှ ဆင်းသက်လာသည်။ ဖိလစ်ပိုင်နိုင်ငံက ၁၈၇၈ ခုနှစ် ပဋိညာဉ်ကို အငှားချခြင်းဟု လက်ခံထားပြီး မလေးရှားနိုင်ငံက ၎င်းကို လွှဲပြောင်း၊ ထိန်းချုပ်ခွင့်ပေးခြင်းဟု ရှုမြင်သည်။ ၁၉၆၃ ခုနှစ်တွင် ဆာဘားပြည်သူများက မလေးရှားနိုင်ငံ၏အစိတ်အပိုင်းအဖြစ် နေလိုသောကြောင့် ကုလသမဂ္ဂက ဆာဘားဒေသကို မလေးရှားနိုင်ငံ၏အစိတ်အပိုင်းအဖြစ် သတ်မှတ်ပေးခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံက နယ်မြေကို တရားဝင်ပိုင်ဆိုင်သည်ဟု အဆိုပြုခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံနှင့် ဗြိတိသျှအစိုးရတို့အကြား ဆွေးနွေးမှုများအရ သံတမန်လမ်းကြောင်းများမှ နောက်ထပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ထိုနှစ်တွင် မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့အကြား ငြိမ်းချမ်းစွာ အဖြေရှာရေးကို သဘောတူညီသည့် မနီလာသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ နောက်ခံအခြေအနေတွင် ကြားဝင်နိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံက မလေးရှားနှင့် ဖိလစ်ပိုင် နှစ်နိုင်ငံကို ပဋိပက္ခအားဖြေရှင်းရန် ကြိုးပမ်းခြင်းထက် သွေးအေးသွားရန် အချိန်ကာလတစ်ခုယူဖို့ လုပ်ဆောင်ပေးခဲ့သည်။

၂၀၁၃ ခုနှစ်တွင် (ဆူလ်တန် ဆူလူ၏ အရိုက်အရာကို ဆက်ခံသည့်) ဂျာမယ်လ်လူ ကီရမ် (၃) (Jamalul Kiram III) နှင့် သူ့အား ထောက်ခံသူ ၂၀၀ ခန့်က ဆာဘားမှ တန်ဒူယိုရွာကို ကျူးကျော်ပြီး ဝင်ရောက်သိမ်းပိုက်ရန် ကြိုးပမ်းသောအခါ အာရုံစိုက်မှုများ တဖန်မြင့်တက်လာပြန်သည်။ မလေးရှားစစ်တပ်က ရွာကိုဝိုင်းထားပြီး ထိပ်တိုက်တွေ့မှုမှ အနည်းဆုံး ၆၈ ဦး သေဆုံးခဲ့ရသည်။ နယ်မြေအငြင်းပွားမှုမှာ မဖြေရှင်းနိုင်ဘဲ ရှိနေသည်။

အာဆီယံအဖွဲ့ဝင်များမှာ ပဋိပက္ခအပေါ် ၎င်းတို့အမြင်များကိုဖော်ပြရန် နှုတ်ဆိတ်နေကြသည်။ ယင်းမှာ ဒေသတွင်း စောင့်ထိန်းထားသည့် ဝင်ရောက်စွက်ဖက်မှုမပြုရေး စည်းမျဉ်းကြောင့်ဖြစ်ပြီး မည်သည့်အဖွဲ့ဝင်ကမျှ ပဋိပက္ခကို ဒေသအဆင့်ထိရောက်လာအောင် မလုပ်လိုကြပေ။ သို့ဖြစ်လေရာ ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံ အကြား အဆိုပါအရေးပါသည့်ပြဿနာများကို ဖြေရှင်းရန် အာဆီယံက မည်သည့်အခါကမျှ ရပ်တည်ချက် မထားရှိခဲ့ပေ။




အရှေ့တောင်အာရှတွင် ထိုဖြစ်ရပ်များနှင့် အခြားသော အလေ့အကျင့်များအရ ဒေသတွင်းပဋိပက္ခစီမံခန့်ခွဲရေး ဆိုင်ရာ လက္ခဏာသုံးရပ်ကို ဖော်ထုတ်နိုင်သည်။ ရှေးဦးစွာ အာဆီယံ (သို့) ၎င်း၏ အဖွဲ့ဝင်နိုင်ငံများက ပဋိပက္ခများ ဒေသအဆင့်ဖြစ်လာခြင်းကို ရှောင်ရှားရန် အဖွဲ့ဝင်များအကြား ပဋိပက္ခများဖြေရှင်းရေးတွင် တက်ကြွစွာ ပါဝင်ခြင်းမရှိကြပေ။ အာဆီယံ (သို့) ၎င်း၏ အဖွဲ့ဝင်နိုင်ငံအချို့က ပါဝင်သည့်တိုင် ၎င်းတို့က ပဋိပက္ခဖြစ်နေသည့် အဖွဲ့များကို အချိန်တစ်ခုယူရန်သာ ကူညီထောက်ပံ့ပေး (သို့) တိုက်တွန်းပေလိမ့်မည်။ ထို့ကြောင့် အဖွဲ့ဝင်နိုင်ငံများ သည် ကြားဝင်သူများအဖြစ် ပဋိပက္ခ၏ အရင်းခံအကြောင်းများကို ဖြေရှင်းရန် ကြိုးပမ်းလိမ့်မည်မဟုတ်ပေ။ ထို့ကြောင့် တစ်ခါတရံ သက်ဆိုင်ရာနိုင်ငံများက ပြဿနာကို နိုင်ငံတကာတရားရုံးထံ တင်ပြတိုင်ကြားကြသည်။ ဤသည်မှာ အထက်တွင်ဖော်ပြခဲ့သည့် ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံအကြား ပဋိပက္ခအမှုဖြစ်ပြီး ဆီပါဒန်နှင့် လက်ဂီတန်ကျွန်းများနှင့် ပတ်သက်ပြီး မလေးရှားနှင့် အင်ဒိုနီးရှား ပဋိပက္ခတို့ ဖြစ်ကြသည်။ ကြားဝင်စွက်ဖက်ခြင်းက အခြားသော ကြားဝင်စွက်ဖက်သည့် ဖြစ်ရပ်များကိုဖြစ်စေပြီး အဖွဲ့ဝင်များအကြား သွေးကွဲခြင်းကိုဖြစ်စေရာ ရေရှည်တွင် အဖွဲ့ဝင်နိုင်ငံများ၏ ပဋိပက္ခများတွင် ဝင်ရောက်စွက်ဖက်မှုမပြုသည့် ဤအလေ့အကျင့်က အခြားအဖွဲ့ဝင်များ (သို့) အာဆီယံအပေါ် ယုံကြည်မှုလွဲမှားခြင်းနှင့် မယုံကြည်ခြင်းတို့ကို ကာကွယ်တားဆီးပေးသည်။

ဒုတိယအချက်အနေဖြင့် အာဆီယံအဖွဲ့ဝင်များသည် ကြားဝင်စွက်ဖက်မှုမပြုရေးကို လက်ကိုင်ထားပြီး ထိုအချက်နှင့်ပတ်သက်၍ အားလုံးသဘောတူညီထားကြသော်လည်း အရှေ့တောင်အာရှနိုင်ငံများသည် ပုံမှန်အားဖြင့် ပဋိပက္ခများအဆုံးသတ်ရန် မမြန်ဆန်ကြပေ။ ပဋိပက္ခများကို အစောပိုင်းအဆင့်တွင် ဖြေရှင်းခြင်းက အကောင်းဆုံးဖြစ်သော်လည်း ဒေသတွင်းပဋိပက္ခအများအပြားသည် ကြာရှည်သောသမိုင်းကြောင်း ရှိခဲ့ကြောင်း အရှေ့တောင်အာရှနိုင်ငံများက သတိပြုမိကြသည်။ ထို့ကြောင့် တရားဝင်အခွင့်အလမ်းများကိုသာ အသုံးပြုပြီး ရေတိုချဉ်းကပ်ပုံကို မရှာဖွေလိုကြခြင်းဖြစ်သည်။ ထိုအစား သူတို့က တရားဝင်၊ အလွတ်သဘောနှင့် လမ်းကြောင်း (၂)များကို အသုံးပြုကာ တဖြည်းဖြည်း အဖြေရှာကြသည်။ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံများ အကြား (ပင်လယ်ရေတိမ်ဒေသ ပြန်လည်သတ်မှတ်ရေးနှင့် စပ်လျဉ်းသည့်) နယ်မြေအငြင်းပွားမှုတွင် တွေ့ရသည့်အတိုင်း အာဆီယံနိုင်ငံများက ၎င်းတို့၏ ပဋိပက္ခများကို ရေရှည်အမြင်မှ ရှုမြင်ကြပြီး မကြာခဏဆိုသလို တရားဝင်နှင့် အလွတ်သဘော ဆွေးနွေးမှုများ ဆယ်စုနှစ်နှင့်ချီ လုပ်ဆောင်လေ့ရှိကြသည်။

တတိယအချက်အနေဖြင့် ပထမနှင့် ဒုတိယ လက္ခဏာရပ်များကြောင့် ဒေသတွင်းပဋိပက္ခအများစုကို ဖြေရှင်းမည့်အစား စီမံခန့်ခွဲကြသည်။ ပဋိပက္ခစီမံခန့်ခွဲရေးတွင် ယေဘုယျအားဖြင့် အကြမ်းဖက်သောပဋိပက္ခကို မဖြေရှင်းဘဲ ကန့်သတ်ခြင်း၊ လျှော့ချခြင်းနှင့်/သို့မဟုတ် ထိန်းသိမ်းထားခြင်းတို့ ပါဝင်သည်။ *ပဋိပက္ခ ဖြေရှင်းခြင်းနှင့် ပဋိပက္ခစီမံခန့်ခွဲခြင်း* ဟူသည့် အသုံးအနှုန်းများကို မကြာခဏ လဲလှယ်အသုံးပြုကြသော်လည်း ယင်းတို့မှာ စာပေတွင် ကွဲပြားခြားနားကြသည်။ တစ်ဖက်တွင် ပဋိပက္ခဖြေရှင်းရေး၌ အခြေခံကျသော ကွာခြားချက်များနှင့် အာဃာတများကို ဖြေရှင်းခြင်းဖြင့် ပဋိပက္ခဖယ်ရှားခြင်းနှင့် အဆုံးသတ်ခြင်းတို့ ပါဝင်သည်။ အခြားတစ်ဖက်တွင်မူ ပဋိပက္ခစီမံခန့်ခွဲခြင်းဆိုသည်မှာ ပဋိပက္ခဖြစ်ရသည့် အဓိကအကြောင်းအရင်းများ ဆက်လက်ရှိနေသေးသော်လည်း အကြမ်းဖက်မှုကိုအဆုံးသတ်ခြင်း (သို့) အကြမ်းဖက်မှုကိုအရှိန်လျှော့ချခြင်း ဖြစ်သည် (Azar and Burton, 1986)။ ပဋိပက္ခဖြေရှင်းခြင်းတွင် ပဋိပက္ခဖြစ်ရသည့် အဓိကအကြောင်းအရင်းများကို ဖော်ထုတ်ပြီး ဖြေရှင်းရန် ဝင်ရောက်စွက်ဖက်မှုပြုလုပ်ခြင်းပါဝင်ပြီး ပဋိပက္ခစီမံခန့်ခွဲရေးက တရားဝင်တိုးတက်မှု သိပ်မရှိဘဲ ပဋိပက္ခဖြစ်သည့်အဖွဲ့များအကြား ထိပ်တိုက်တွေ့ခြင်းကို ရှောင်ရှားသည်။ အရှေ့တောင်အာရှနိုင်ငံများသည် မကြာခဏဆိုသလို အနားပေးအချိန်ယူကြပြီး ပဋိပက္ခများကို အကျိုးမရှိသည့်အချင်းများမှုအဖြစ် နစ်မြုပ်မသွားရန် ကာကွယ်တားဆီးလေ့ရှိကြသည် (Hoang, 1996: 70; Caballero-Anthony, 1998)။ အဆိုပါ အလေ့အကျင့်က သက်ဆိုင်ရာနိုင်ငံများကို ၎င်းတို့၏ သဘောထားများကို ဆန်းစစ်နိုင်ပြီး ရေလတ်နှင့်ရေရှည် သဘောတူညီချက်များ ရရှိနိုင်စေသည်။

**စာသေတ္တာ ၃.၆။ ပီရာဗီဟီရာ ဘုရားကျောင်းနှင့် ပတ်သက်ပြီး ကမ္ဘောဒီးယား-ထိုင်းနိုင်ငံကြား ပဋိပက္ခ**

၂၀၀၈ ခုနှစ်တွင် ပီရာဗီဟီရာဘုရားကျောင်း ပတ်ဝန်းကျင်ဒေသနှင့်ပတ်သက်ပြီး ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့ အကြား ပဋိပက္ခဖြစ်ပွားခဲ့သည်။ အရှေ့တောင်အာရှမှ အခြားသော နိုင်ငံအများအပြားနည်းတူ ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့သည် မရှင်းလင်းသည့် နယ်စပ်မျဉ်းများရှိသော ကိုလိုနီသမိုင်းကြောင်းရှိကြပြီး ထိုပဋိပက္ခသည် နှစ်ပေါင်းငါးဆယ်ကျော် သမိုင်းကြောင်းရှိခဲ့သည်။ နိုင်ငံနှစ်နိုင်ငံတွင် ကမ္ဘောဒီယားနိုင်ငံကို ပြင်သစ်နိုင်ငံက

ကျူးကျော်သိမ်းပိုက်လိုက်သည့်အခါ သတ်မှတ်ရေးဆွဲထားသော ကီလိုမီတာ ၈၀၀ ကျော် နယ်စပ်ရှိကြသည်။ နယ်စပ်ကို ၁၉၀၄ နှင့် ၁၉၀၇ ခုနှစ်တို့တွင် ပြင်သစ်-ဆီယမ် သဘောတူစာချုပ်များအရ ရေးဆွဲခဲ့ခြင်း ဖြစ်သည်။

၁၉၅၄ ခုနှစ်တွင် ထိုင်းနိုင်ငံက ဖနွမ်းပင်မြို့မြောက်ဘက်ရှိ ပီရာဗီဟီရာကို ပိုင်ဆိုင်သည်ဟု အဆိုပြုခဲ့သည်။ ထို့နောက် ၁၉၅၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံက အမှုကို နိုင်ငံတကာ တရားရုံး (International Court of Justice (ICJ)) သို့ တင်ပြခဲ့ပြီး ကိုလိုနီကာလတွင် သဘောတူညီခဲ့သည့် ပဋိညာဉ်များနှင့် အခြားသော စာရွက်စာတမ်းများ အပေါ် အခြေခံပြီး ၎င်း၏ ယဉ်ကျေးမှုအမွေအနှစ်ကို ပြန်လည်ရရှိခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ICJ က ကမ္ဘောဒီးယား နယ်နိမိတ်တွင် ဘုရားကျောင်းရှိနေကြောင်း ဖော်ပြသည့် ၁၉၀၈ ခုနှစ် ပြင်သစ်-ဆီယမ် မြေပုံပေါ် အခြေခံ၍ ဘုရားကျောင်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဒေသတွင် တည်ရှိနေသည်ဟု ဆုံးဖြတ်ပေးခဲ့ သည်။

ပီရာဗီဟီရာဘုရားကျောင်း ပိုင်ဆိုင်မှုကို ICJ က ရှင်းရှင်းလင်းလင်း ဆုံးဖြတ်ပေးခဲ့သော်လည်း တောင်စွန်းအနားတစ်ဝိုက်ရှိ ဒေသများမှာ အငြင်းပွားဖွယ် ရှိနေသေးသည်။ ၂၀၀၈ ခုနှစ်တွင် ဘုရားကျောင်းကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် နယ်ပယ်တစ်ခုအဖြစ် မသတ်မှတ်မီ တင်းမာမှုများ မြင့်တက်လာခဲ့သည်။ ယခုအကြိမ်တွင် ထိုင်းနိုင်ငံ၏ အဆိုက ပီရာဗီဟီရာဘုရားကျောင်းကို ပိုင်ဆိုင်ရန် မဟုတ်ဘဲ ယင်းအနားတဝိုက် နေရာကို ပိုင်ဆိုင်ရန်ဖြစ်သည်။ ထို့နောက် နိုင်ငံနှစ်နိုင်ငံလုံးက ထိုနေရာသို့ စစ်တပ်များ စေလွှတ်လိုက်သည်။ ၂၀၀၈ ခုနှစ် သြဂုတ်လတွင် ထိုင်းစစ်သားများက တာမိုအန် အဆောက်အအုံ (အနောက်ဘက်ပိုင်း) တွင် တပ်စွဲလိုက်ပြီး ယာယီအကာအရံများ တည်ဆောက်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံကမူ (တာမိုအန်အရှေ့ဘက်ရှိ) တာခရာဘီဘုရားကျောင်းတွင် တပ်စွဲလိုက်ပြီး စစ်မဖြစ်ရနယ်မြေသို့ စစ်သားများစေလွှတ်ခဲ့သည်။ နောက်အပတ်များတွင် တိုက်ခိုက်မှုများမဖြစ်ပွားခဲ့သော်လည်း ထိပ်တိုက်တွေ့မှုများတော့ ဖြစ်ပွားခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံက ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် အာဆီယံနှင့် ကုလသမဂ္ဂတို့ကို သင့်လျော်သောပါဝင်မှုများပြုလုပ်ရန် တောင်းဆိုခဲ့သည်။ သို့သော် ယင်းအဖွဲ့များက အပြောင်းအလဲများ မပြုလုပ်နိုင်ခဲ့ပေ။ အောက်တိုဘာလတွင် ပထမအကြိမ် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး ရိုင်ဖယ်နှင့် ဒုံးကျည်ပစ်ခတ်မှု များကြောင့် ကမ္ဘောဒီယားစစ်သားတစ်ဦးနှင့် ထိုင်းစစ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ၂၀၀၉ ခုနှစ် ဧပြီလ နှောင်းပိုင်းနှင့် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် စစ်တပ်နှစ်တပ်အကြား ပစ်ခတ်မှုအများအပြား ဖြစ်ပွားခဲ့သည်။ ဧပြီလတွင် စစ်ပွဲများကြောင့် ၁၈ ဦးသေဆုံးခဲ့ပြီး အရပ်သားများစွာ နေရပ်စွန့်ပြောင်းနေထိုင်ခဲ့ ကြရသည်။ နှစ်ဖက်လုံးအတွက် ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ရန်နှင့် ပဋိပက္ခကိုစီမံခန့်ခွဲရန် အခွင့်အရေးများ ရခဲ့သော်လည်း ၂၀၁၁ ခုနှစ်တွင် အကြမ်းဖက်မှု မြင့်တက်လာခဲ့သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် အာဆီယံ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် အင်ဒိုနီးရှားနိုင်ငံက နိုင်ငံနှစ်နိုင်ငံလုံး ကို အခြေအနေအားစောင့်ကြည့်ရန်နှင့် အပစ်အခတ်ရပ်စဲမှုထိန်းသိမ်းရန် အရပ်သားစောင့်ကြည့်လေ့လာသူများ အား လက်ခံပေးရန် လုပ်ဆောင်နိုင်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံက ICJ ကို ၁၉၆၂ ခုနှစ် အဆုံးအဖြတ်နှင့် ပတ်သက် ၍ အဓိပ္ပာယ်ဖွင့်ဆိုပေးရန် တောင်းဆိုခဲ့သည်။ ဇူလိုင်လ ၁၈ ရက်နေ့တွင် ICJ က အမိန့်ထုတ်ပြန်ခဲ့ပြီး နှစ်နိုင်ငံလုံး ကို ယာယီစစ်ကင်းမဲ့ဇုန်မှ စစ်တပ်များ ဖယ်ရှားပေးရန် အမိန့်ပေးခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် ICJ က ကမ္ဘောဒီးယား

နိုင်ငံက ပီရာဗီဟီရာအငူနယ်မြေတစ်ခုလုံးကို ပိုင်ဆိုင်သည်ဟု ဆုံးဖြတ်ခဲ့ပြီး ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီယားနှစ်နိုင်ငံလုံးက ဆုံးဖြတ်ချက်ကို သဘောတူညီခဲ့သည်။




Border according to Cambodia - ကမ္ဘောဒီးယားနိုင်ငံ အဆိုပြုသည့် နယ်စပ်မျဉ်း

Disputed area - အငြင်းပွားသည့် ဒေသ

Border according to Thailand - ထိုင်းနိုင်ငံ အဆိုပြုသည့် နယ်စပ်မျဉ်း

ပဋိပက္ခဖြေရှင်းခြင်းနှင့် ပဋိပက္ခစီမံခန့်ခွဲခြင်းအကြား ကွာခြားချက်များကို လေ့လာကြည့်သည့်အခါ ဖြေရှင်းခြင်းက ပဋိပက္ခ၏ အခြေခံဖြစ်ပွားရသည့် အကြောင်းအရင်းများကို ဖြေရှင်းရန် ကြိုးပမ်းခြင်းဖြစ်လေရာ ယင်းက ပို၍စေ့စပ်စွာ လုပ်ဆောင်ရပြီး ရည်မှန်းချက်ကြီးမားသည်။ သို့ရာတွင် ပဋိပက္ခစီမံခန့်ခွဲခြင်းက မကြာခဏဆိုသလို အဖွဲ့များအတွက် ပို၍ အကျိုးများသည်။ အထူးသဖြင့် အရှေ့တောင်အာရှ နိုင်ငံများကဲ့သို့ နိုင်ငံများက စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အနိမ့်ဆုံးအနေဖြင့် တည်ငြိမ်ရေးနှင့် အစီအစဉ်တကျရှိရေးတို့ကို အဓိကထားပြီး ဝင်ရောက်မစွက်ဖက်ရေးစည်းမျဉ်းကို လေးစားသည့်အခြေအနေမျိုးတွင် ဖြစ်သည်။ ဤသည်က အာဆီယံနိုင်ငံများ (သို့) အာဆီယံအဖွဲ့ကိုယ်၌က အခြား မည်သည့်လုပ်ဆောင်ချက်များမှ မလုပ်ဆောင်ဟူသည့် အဓိပ္ပာယ်မဟုတ်ပေ။ အစောပိုင်းတွင် တင်ပြခဲ့သည့်အတိုင်း ၎င်းတို့ကလည်း သုတေသနများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများ၊ ဟောပြောပွဲများ အပါအဝင် အလွတ်သဘောလုပ်ဆောင်ချက်များမှ အမျိုးမျိုးသော အခွင့်အလမ်းများနှင့် အားထုတ်မှုများကို လုပ်ဆောင်ပေးလိမ့်မည်။ ဒေသဆိုင်ရာတွေ့ဆုံမှုများ၏ ပြင်ပအစည်းအဝေးများ တရားဝင်ရော၊ အလွတ်သဘောရော ကျင်းပခြင်းကဲ့သို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးရန် လမ်းကြောင်းအမျိုးမျိုးလည်း ရှိသေးသည်။ ယင်းအစီအစဉ်များတွင် ပါဝင်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများသည် အဖွဲ့ဝင်များကို သေသေချာချာ ဆွေးနွေးရန်နှင့် ဖြေရှင်းရန် အခြေခံအချက်များရှာဖွေရန် အားပေးဖို့ သင့်တော်သည့်အချိန်အခါ (သို့) ရင့်မှည့်သောအချိန်ကာလတစ်ခုကို စောင့်စားကြသည်။[11] ရေရှည်ရှုထောင့်အရ အာဆီယံသည် ထိုကဲ့သို့သော အခွင့်အရေးမျိုးကို စောင့်စားကာ အဖွဲ့များကို ဒေသတွင်း ပဋိပက္ခများကို စီမံခန့်ခွဲရန် ဆွဲဆောင်၊ တွန်းအားပေးကြသည်။

[11] "ရင့်မှည့်သော အချိန်ကာလ" ဟူသည့် အသုံးအနှုန်းကို William I Zartman က အဆိုပြုခဲ့ခြင်းဖြစ်သည်။ ဤသည်က နှစ်ဖက်လုံး ထိခိုက်သည့် ရှေ့မတိုးနောက်မဆုတ်သာ အခြေအနေနှင့် ထွက်ပေါက်အပေါ် အဖွဲ့များ၏ အမြင်များကို အခြေခံထားခြင်း ဖြစ်သည်။ ထိုကဲ့သို့သော ရှေ့မတိုးနောက်မဆုတ်သာ အခြေအနေများက ဆွေးနွေးမှုများ စတင်ရန် တွန်းအားပေးနိုင်ပြီး ထွက်ပေါက်ပေါ်ပေါက်သည့် အခြေအနေက အဖြေအတွက် ဆွေးနွေးရန် ဆွဲခေါ်နိုင်သည်။ Zartman, 2008 အခန်း (၁၄) တွင် ရှုပါ။ ရင့်မှည့်သော ဟူသည့် အသုံးအနှုန်းကို အခန်း (၅) တွင်လည်း ဆွေးနွေးထားသည်။

တစ်ဘက်တွင်မူ မကြာခဏဆိုသလို ဆွေးနွေးညှိနှိုင်းရန်နှင့် ဖြေရှင်းရန်အတွက် ပဋိပက္ခဖြစ်နေသည့် အဖွဲ့များအကြား အကြမ်းဖက်မှုများ လွန်စွာမြင့်မားနေသည့်အခါမျိုးတွင် ပဋိပက္ခစီမံခန့်ခွဲရေးက လိုအပ်သည်။ မည်သို့ပင်ဆိုစေကာမူ တစ်ချိန်ချိန်တွင် ရင့်မှည့်သောအချိန်ကာလ ကျရောက်လာသည့်အခါ အဖွဲ့များက တိုက်ရိုက်တွေ့ဆုံဆွေးနွေး ညှိနှိုင်းကြလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ပဋိပက္ခဖြေရှင်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့သည် အမြဲတမ်း သီးခြားဖြစ်နေသည့် ကိစ္စရပ်များ မဟုတ်ကြဘဲ ၎င်းတို့က လက်တွေ့ဖြစ်ရပ်များ၌ ကာကွယ်တားဆီးခြင်းနှင့်အတူ ဆက်စပ်နေကြပြီး ပဋိပက္ခတစ်ခု၏ မတူညီသော ကိစ္စရပ်များတွင် (သို့) ပဋိပက္ခတစ်ခု၏ အနိမ့်အမြင့် အခြေအနေအမျိုးမျိုးတွင် မတူညီသော အဆင့်အမျိုးမျိုး၌ ဘေးချင်းကပ် အနေအထားဖြင့် တည်ရှိနေကြသည်။ ယခင်အပိုင်းတွင် လေ့လာခဲ့သည့်အတိုင်း ပဋိပက္ခအမျိုးအစားများ၊ ဒေသဆိုင်ရာ စံနှုန်းများနှင့် စည်းမျဉ်းများ၊ ဆက်သွယ်ပြောဆိုသည့် ပုံစံများကို နားလည်သဘောပေါက်ပြီး နိုင်ငံများအကြား ဆက်ဆံရေး သမိုင်းကြောင်းကို ထည့်သွင်းစဉ်းစားသည့်အခါ အရှေ့တောင်အာရှတွင် အဘယ်ကြောင့် ပဋိပက္ခစီမံခန့်ခွဲခြင်းကို ပဋိပက္ခဖြေရှင်းခြင်းထက် ပို၍ တွေ့ရသနည်း၊ ပို၍ လိုလားကြသနည်း ဟူသည်ကို နားလည်သဘောပေါက်နိုင်မည်ဖြစ်သည်။

အရှေ့တောင်အာရှ၏ ပဋိပက္ခ စီမံခန့်ခွဲသည့်ပုံစံ လက္ခဏာများက အဘယ်ကြောင့် ပဋိပက္ခအပေါ် အာဆီယံ (သို့) အရှေ့တောင်အာရှ ချဉ်းကပ်ပုံအား ကွဲပြားစွာ အကဲဖြတ်ကြသည်ကို ပြောပြနေသည်။ အချို့သော လေ့လာသုံးသပ်သူများက ယင်းမှာ ပဋိပက္ခများကို ကိုင်တွယ်ရာတွင် ထိရောက်မှုမရှိဟု ထောက်ပြကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းက ပဋိပက္ခများကို အစောပိုင်းအဆင့်တွင် ဖြေရှင်းနိုင်လေ့ မရှိသောကြောင့် ဖြစ်သည်။ အခြားသော ပညာရှင်များကမူ ပဋိပက္ခအနည်းငယ်သာ စစ်ပွဲအဖြစ် အသွင်ပြောင်းသွားပြီး ဒေသတွင်း ကြားဝင်စွက်ဖက်မှုကြောင့် ပဋိပက္ခအသစ်များ ပေါ်ပေါက်လာခြင်း နည်းပါးသောကြောင့် ထိုကဲ့သို့သော ချဉ်းကပ်ပုံမျိုးက အတန်အသင့် အောင်မြင်မှု ရှိသည်ဟု လက်ခံထားကြသည်။

## ၃.၄.၂ ပြည်တွင်းပဋိပက္ခများ စီမံခန့်ခွဲခြင်း

လက်နက်ကိုင်အုပ်စုများသည် ဒေသတွင်းအခြားနိုင်ငံများမှ ထောက်ပံ့မှုများ အလွယ်တကူရရှိနိုင်လေရာ အရှေ့တောင်အာရှတွင် ပြည်တွင်းပဋိပက္ခများကို ကိုင်တွယ်ရာတွင် အရေးပါသည့်မဟာဗျူဟာတစ်ခုမှာ ယင်းတို့ကို ဒေသတွင်း (သို့) နိုင်ငံတကာနှင့် မဆက်စပ်လာအောင် တားဆီးခြင်းဖြစ်သည်။ အထူးသဖြင့် အခြားနိုင်ငံများမှ ထိုသို့သောထောက်ပံ့မှုများကို တားဆီးခြင်းက အကြမ်းဖက်သောပဋိပက္ခများ၏ အတိုင်းအတာ၊ ပြင်းထန်မှုနှင့် ကြာချိန်အပေါ် သက်ရောက်မှုများ ရှိသည်။ အဆိုပါမဟာဗျူဟာ၏ အဓိကကျသော စည်းမျဉ်းမှာ ဝင်ရောက်စွက်ဖက်မှုမပြုရေးဖြစ်သည်။ ကျယ်ပြန့်သော ဒေသဆိုင်ရာမဟာဗျူဟာတွင် ထိုကဲ့သို့သေ စီမံမှုများက နိုင်ငံများကို ၎င်းတို့၏ ပြည်တွင်းပဋိပက္ခ(များ)နှင့် ဒေသ၏စုစည်းမှု အယူဝါဒဖြစ်သည့် စီးပွားရေးတိုးတက်မှုအပေါ် အာရုံစိုက်စေသည်။ ဖွံ့ဖြိုးမှုက မကျေနပ်မှုများကို လျှော့ချပေးပြီး ဤသည်က အရှေ့တောင်အာရှတွင် အကြမ်းဖက်သောပဋိပက္ခများကို ကာကွယ်သည့် အချက်တစ်ချက်လည်း ဖြစ်သည်။

နိုင်ငံတွင်းပဋိပက္ခများက နိုင်ငံတကာအဆင့်ထိ ရောက်မလာလျှင် နိုင်ငံ၏တာဝန်ရှိသူများက ၎င်း၏ နယ်မြေအတွင်း ပဋိပက္ခများကိုကိုင်တွယ်ရန် ရွေးချယ်စရာအမျိုးအပြားရှိသည်။ ဒေသတွင်း အစိုးရတစ်ဦးချင်းစီက ပြည်တွင်းပဋိပက္ခများကို ကျယ်ပြန့်သောနည်းလမ်းသုံးခုနှင့် ကိုင်တွယ်ကြသည်။ ရှေးဦးစွာ အတိတ်နှင့်လက်ရှိဖြစ်ရပ် အများအပြားတွင် နိုင်ငံအာဏာပိုင်များက အစိုးရဆန့်ကျင်ရေးနှင့် တော်လှန်ရေးလှုပ်ရှားမှုများ (သို့) ပုန်ကန်ထကြွမှုများကို အင်အားသုံး ဖိနှိပ်ပစ်ခြင်း ဖြစ်သည်။ အထူးသဖြင့် နိုင်ငံဖန်တီးရေးနှင့် သက်ဆိုင်သည့် အကြမ်းဖက်ပဋိပက္ခများနှင့် ခွဲထွက်ရေး လှုပ်ရှားမှုများတွင် (အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် မြန်မာနိုင်ငံ အပါအဝင်) နိုင်ငံအာဏာပိုင်များက ၎င်းတို့၏လုပ်ရပ်များကို ရပ်တန့်ရန် ပုံမှန်အားဖြင့် ဖိနှိပ်သည့် လုပ်ဆောင်ချက်များ (ဥပမာ လှုပ်ရှားမှု၏ ခေါင်းဆောင်များကို ဖမ်းဆီးခြင်း) လုပ်ဆောင်လေ့ရှိသည်။

ဒုတိယအနေဖြင့် ခွဲထွက်ရေးနှင့် ပုန်ကန်ထကြွသည့် လှုပ်ရှားမှုများသည် နယ်စပ်ဒေသများတွင် ဖြစ်ပွားလေ့ရှိလေရာ အရှေ့တောင်အာရှနိုင်ငံများက ၎င်းတို့ကိုကိုင်တွယ်ရန် အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံသဘောတူညီချက်များ ချုပ်ဆိုထားကြသည်။ ဥပမာ ဆူလူပင်လယ်တွင် ပင်လယ်ဓားပြများကို တိုက်ခိုက်ရန် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား သဘောတူစာချုပ်များ ချုပ်ဆိုထားကြသည်။ မလေးရှားနိုင်ငံက စစ်ရေးလေ့ကျင့်မှုများ လုပ်ဆောင်ရန် ဖိလစ်ပိုင်နိုင်ငံ၊ စင်ကာပူနိုင်ငံတို့နှင့် နှစ်နိုင်ငံ ပူးပေါင်းရေး စာချုပ်များလည်း ချုပ်ဆိုထားသည်။ ထိုသဘောတူညီချက်များသည် ပုန်ကန်မှုများကိုကိုင်တွယ်ရန် အထူးသဖြင့် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ပုန်ကန်မှုများက ဒေသတွင်းတည်ငြိမ်မှုကို ထိခိုက်စေသည့် အကျိုးဆက်များရှိသည်။ ထို့ပြင် နိုင်ငံများက ပြည်တွင်းစစ်နှင့်စပ်လျဉ်းပြီး အခြားနိုင်ငံများကိုလည်း ဝင်ရောက်စွက်ဖက်လေ့ မရှိကြပေ။ ဥပမာ ထိုင်းနိုင်ငံတောင်ပိုင်းတွင် နိုင်ငံဖန်တီးရေး ပဋိပက္ခက ထိုင်းနှင့် မလေးရှားနိုင်ငံများ၏ နယ်စပ်ဒေသများနှင့် ဆက်စပ်နေသည်။ မလေးရှားနိုင်ငံက ထိုင်းနိုင်ငံတောင်ပိုင်းမှ မလေးမူဆလင်များအပေါ် စာနာသနားသော်လည်း မလေးရှားအစိုးရက ထိုကိစ္စရပ်တွင် မည်သည့်အခါကမျှ ဝင်ရောက်ပါဝင်ခဲ့ခြင်း မရှိပေ။ အဘယ်ကြောင့်ဆိုသော် ယင်းကို ထိုင်းနိုင်ငံ၏ ပြည်တွင်းရေးဟု သဘောထားသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းပဋိပက္ခများကို ဖြေရှင်းရာတွင် ဝင်ရောက်စွက်ဖက်မှုမပြုရေး (သို့) အချုပ်အခြာအာဏာကို လေးစားခြင်းက အဓိက မဟာဗျူဟာတစ်ခုဖြစ်ပြီး အဖွဲ့ဝင်များအားလုံးက ယင်းအချက်အပေါ် အားကောင်းသော သဘောတူညီမှု ရှိကြသည်။

တတိယအနေဖြင့် ရေရှည်တွင် ပုန်ကန်မှု (သို့) ဆူပူအုံကြွမှု အန္တရာယ်များကို လျှော့ချရန် ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းတိုးတက်စေရန် အရှေ့တောင်အာရှနိုင်ငံများက စီးပွားရေးတိုးတက်မှု၊ အထူးသဖြင့် ကျေးလက်ဒေသတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည်။ အချို့သော လေ့လာဆန်းစစ်သူများက နိုင်ငံဖန်တီးရေးပဋိပက္ခများနှင့် ကျေးလက်နေပြည်သူများ၏ မကျေနပ်မှုများနှင့် ဘေးဖယ်ခံထားရမှုများအကြား ဆက်စပ်မှုရှိသည်ဟု တွေ့ရှိထားကြသည်။ ထိုပြဿနာကို အသိအမှတ်ပြုသည့်အနေဖြင့် အာဆီယံနိုင်ငံများက မင်ဒါနောင်၊ အနောက် ပါပူအာနှင့် အာချေးဒေသတို့တွင် လုပ်ဆောင်သလို ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်များကို လုပ်ဆောင်ကြသည်။

### ၃.၄.၃ ပဋိပက္ခစီမံခန့်ခွဲရေးဆိုင်ရာ အာဆီယံနည်းလမ်းပေါ် တိုးပွားလာသည့် စိန်ခေါ်မှုများ

အကြမ်းဖက်သောပဋိပက္ခများကို စီမံခန့်ခွဲခြင်းနှင့် တားဆီးခြင်းဆိုင်ရာ အာဆီယံနည်းလမ်းတွင် ကောင်းမွန်သော အချက်တချို့ရှိသော်လည်း အစွန်းရောက်မှုများကြောင့် မတည်ငြိမ်မှုများ တိုးပွားလာခြင်းက ယင်းနည်းလမ်း၏ အကန့်အသတ်များကို ဖော်ပြနေသည်။ အစွန်းရောက်များတွင် အမျိုးမျိုးသော ရည်မှန်းချက်များနှင့် အယူဝါဒ အခြေခံများ ရှိသော်လည်း ၎င်းတို့က ဒေသတွင်း မတည်ငြိမ်သော၊ ဘေးဖယ်ခံထားရသော နေရာများကို ပစ်မှတ်ထားလေ့ရှိသည်။ အထူးသဖြင့် ဒေသတွင်း ကာလရှည်ကြာပြည်တွင်းပဋိပက္ခ ဖြစ်ပွားသည့် နေရာများ သည် ယခုအခါ ၎င်းတို့၏ လွှမ်းမိုးမှုအောက်ကို ကျရောက်နေပြီဖြစ်ပြီး မြို့ကြီးများကို ကြိုကြား၊ ကြိုကြား အကြမ်းဖက် လုပ်ရပ်များနှင့် တိုက်ခိုက်လာကြသည်။ ထို့ကြောင့် အကြမ်းဖက်သောပဋိပက္ခများကို စီမံခန့်ခွဲသည့် သမားရိုးကျ အာဆီယံနည်းလမ်းများက အစွန်းရောက်အုပ်စုများကို မတည်ငြိမ်သောဒေသများတွင် လွတ်လပ်စွာ လှုပ်ရှားနိုင်ရန် အခွင့်အလမ်းများ ပေးထားသည်။

ထို့ပြင် ကမ္ဘာ့စီးပွားရေးအရှိန်ကျဆင်းမှုကြောင့် ဒေသသည် ယခင်ဆယ်စုနှစ်ကကဲ့သို့ စီးပွားရေးတိုးတက်မှု မရှိတော့ပေ။ ထို့ပြင် လွန်ခဲ့သောဆယ်စုနှစ်များအတွင်း စီးပွားရေးအရ ချဲ့ထွင်မှုများကြောင့် ဖြစ်ပွားရသည့် မညီမျှမှုများ (သို့) တန်းတူညီမှုမရှိခြင်းများနှင့် ရင်ဆိုင်နေရခြင်းမှာ ကြီးမားသောပြဿနာဖြစ်ပြီး နိုင်ငံအများစု တွင် ယင်းက နိုင်ငံရေးနှင့် စီးပွားရေးအရ ဘေးဖယ်ထုတ်ထားခြင်းနှင့် သက်ဆိုင်သည့် ပြဿနာတစ်ရပ်ဖြစ်သည်။ ဒေသတွင်း တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုတိုးပွားလာခြင်းကလည်း နိုင်ငံရေးဝန်းကျင်အနေအထားကို ပြောင်းလဲစေ သည်။ ယခုအခါ အင်အားကြီးနိုင်ငံများက တရုတ်နိုင်ငံ၏ အင်အားကြီးမှုကို တန်ပြန်ရန် အာရှပစိဖိတ်ထက် အင်ဒိုပစိဖိတ်ကို အဓိကထားလာကြရာတွင် အာဆီယံဗဟိုပြုမှုကို အလေးထားမှုနည်းလာသည်။ ထို့ကြောင့် အရှေ့တောင်အာရှတွင် အချို့သောပဋိပက္ခကို အဓိကကာကွယ်သည့်အချက်များသည် ပြောင်းလဲလာသည့် ဒေသတွင်းနှင့် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေးပတ်ဝန်းကျင်တွင် အားနည်းလာသည်။ တစ်နည်းအားဖြင့်ဆိုသော် ဒေသသည် လွန်ခဲ့သောဆယ်စုနှစ်များအတွင်း ၎င်းလိုလားချက်များကို အထောက်အကူပြုခဲ့သည့် ပဋိပက္ခ စီမံခန့်ခွဲရေးမဟာဗျူဟာများမှတစ်ဆင့် အကျိုးကျေးဇူးများနှင့် စနစ်တကျဖြစ်မှုများကို မကြာမီ ဆက်လက် ထိန်းသိမ်းထားနိုင်တော့မည် မဟုတ်ပေ။ အာဆီယံနည်းလမ်းကို ဝေဖန်ထောက်ပြသူ အများအပြား ထောက်ပြခဲ့ သလို ဒေသတည်ငြိမ်ရေးကို ကြီးကြီးမားမားထိခိုက်စေသည့် အသစ်ထွက်ပေါ်လာသော စိန်ခေါ်မှုများနှင့် လက်ရှိစိန်ခေါ်မှုများကို ကျော်လွှားရန် အရှေ့တောင်အာရှနိုင်ငံများသည် ပဋိပက္ခကာကွယ်တားဆီးရေးနှင့် စီမံခန့်ခွဲရေးယန္တရားများ အလုပ်လုပ်စေဖို့ ၎င်းတို့၏ အင်စတီကျူးရှင်း မူဘောင်များကို အားကောင်းအောင် လုပ်ဆောင်ရန် လိုအပ်သည်။

## ၃.၅ နိဂုံး

ယခုအခန်းက ပဋိပက္ခစီမံခန့်ခွဲခြင်းနှင့် ကာကွယ်တားဆီးခြင်းဆိုင်ရာ အာဆီယံ (သို့) အရှေ့တောင်အာရှ နည်းလမ်းကို လေ့လာခဲ့ပြီး ယင်းက လက်တွေ့ဖြစ်ရပ်များတွင် မည်သို့အလုပ်လုပ်သည်ကို ရှင်းပြခဲ့သည်။ ထိုချဉ်းကပ်ပုံက ပဋိပက္ခများကို နိုင်ငံတကာ (သို့) ဒေသဆိုင်ရာအဆင့်ထိ အရှိန်တက်လာခြင်းမှ ကာကွယ်တားဆီး

ပေးရန် ရည်ရွယ်သည်။ ဤဒေသတွင်းနိုင်ငံများသည် အချင်းချင်း ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှု မပြုခြင်းဖြင့် ပဋိပက္ခများကို ရှောင်ရှားကြသည်။ နိုင်ငံများအကြားပဋိပက္ခများ ပေါ်ထွက်လာသည့်အခါ အာဆီယံရော၊ ၎င်း၏ အဖွဲ့ဝင်နိုင်ငံများကပါ ဖြေရှင်းရန် မကြိုးစားကြပေ။ ထို့နောက် နိုင်ငံတစ်နိုင်ငံချင်းစီက ၎င်း၏ ပဋိပက္ခများကို ကိုယ်တိုင်ဖြေရှင်းရန် အာရုံစိုက်ကြသည်။ အရှေ့တောင်အာရှတွင် တွေ့ရသည့် မဟာဗျူဟာမှာ ပဋိပက္ခများကို ကျေအေး (သို့) ဖြေရှင်းခြင်းထက် အရှိန်တက်မလာအောင် ကာကွယ်တားဆီးခြင်းဖြစ်ပြီး ဤသည်က အာဆီယံနည်းလမ်းကို ထင်ဟပ်ပြနေသည်။ အရှေ့တောင်အာရှ၏ ပဋိပက္ခကာကွယ်တားဆီးရေးနှင့် စီမံခန့်ခွဲရေးတွင် အချို့သော ထင်ရှားသည့်လက္ခဏာများ၌ အလွတ်သဘော လုပ်ဆောင်ခြင်း၊ စိတ်ရှည်ခြင်း၊ မတူညီသည့် အလေ့အထများကို လေးစားခြင်းတို့ ပါဝင်ပြီး ယင်းတို့ကို တရားဝင် နည်းလမ်းများနှင့် တွဲဖက်အသုံးပြုကြသည်။ ပဋိပက္ခရှောင်ရှားခြင်းနှင့် ထိုသို့သော အခြေအနေများကို ကိုင်တွယ် ရန် အကန့်အသတ်မရှိ အချိန်ရွှေ့ဆိုင်းထားခြင်းတို့အပါအဝင် မသိသာသည့် ချဉ်းကပ်မှုများဖြင့် တရားဝင် စည်းမျဉ်းများကို ထောက်ပံ့သည်။ ထို့ပြင် အလွတ်သဘော (သို့) လမ်းကြောင်း (၂) သံတမန်ရေးက ပဋိပက္ခကာကွယ်တားဆီးရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ တရားဝင်ကြိုးပမ်းမှုများကို မကြာခဏ ထောက်ပံ့ပေးသည်။

ဝေဖန်သူအများအပြားက အင်စတီကျူးရှင်း မူဘောင်များနှင့် စည်းကြပ်သည့် ယန္တရားများ မရှိခြင်းတို့ကြောင့် ပဋိပက္ခဖြေရှင်းရေးတွင် အာဆီယံ၏အခန်းကဏ္ဍသည် အကန့်အသတ်ရှိပြီး တက်ကြွစွာဆောင်ရွက်မှု မရှိဟု ထောက်ပြကြသည်။ ပဋိပက္ခကျေအေးရေးအတွက် ၂၀၀၁ ခုနှစ်တွင် သတ်မှတ်ခဲ့သော စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများအရ အာဆီယံအဆင့်မြင့်ကောင်စီက[12] ထင်ရှားသည့် အခန်းကဏ္ဍမှ ပါဝင်ရမည် ဖြစ်သော်လည်း ယခုအချိန်အထိ ယင်းအဖွဲ့ကို အသုံးပြုခြင်းမရှိသေးပေ။ အင်စတီကျူးရှင်း မူဘောင်များနှင့် စည်းကြပ်သည့်ယန္တရားများနှင့် စပ်လျဉ်းသည့် အကန့်အသတ်များကိုလည်း ခေါင်းဆောင်များ အစည်းအဝေးတွင် တိုင်ပင်ဆွေးနွေးခြင်း၊ အားလုံးသဘောတူခြင်း အင်္ဂါရပ်တို့ထားရှိထားသည့် အချုပ်အခြာအာဏာ စည်းမျဉ်းဖြင့် ဝန်ပိုနေသည့် အာဆီယံနည်းလမ်းဖြင့် ဆွေးနွေးခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ အရှေ့တောင်အာရှမှ အခြေအနေကို ကွဲပြားစွာ အကဲဖြတ်သုံးသပ်ကြရလိမ့်မည်။ အာဆီယံနည်းလမ်းကို ပဋိပက္ခအားချက်ချင်းဖြေရှင်းရန် မျှော်မှန်းမထားသည့် ဖြစ်စဉ်အခြေပြု၊ ဝင်ရောက်စွက်ဖက်မှုမရှိသည့် ရေရှည်နည်းလမ်းဟု နားလည်သဘောပေါက်ထားပါက ယင်းမှာ ဒေသတွင်း နိုင်ငံများကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား အာရုံစိုက်ပြီး ရင်းနှီးမြှုပ်နှံမှုများဆွဲဆောင်ရန် ခွင့်ပြုထားသော အရှိန်မမြင့်၊ ပြင်းအားမမြင့်သည့် ပဋိပက္ခများနှင့် နေထိုင်ရန် (သို့) အတူယှဉ်တွဲတည်ရှိရန် လက်တွေ့ကျသော နည်းလမ်းတစ်ခုဟု အကဲဖြတ်နိုင်မည်ဖြစ်သည်။ ထိုသို့သောချဉ်းကပ်ပုံသည် အနည်းဆုံးတော့ အကြမ်းဖက်သော ပဋိပက္ခများ အရှိန်မြင့်လာနိုင်ခြေ၊ ပြန်လည်တဖန်ဖြစ်ပွားနိုင်ခြေနှင့် ပေါ်ပေါက်လာနိုင်ခြေကို အားပေးသည့် အာဃာတများ ဖန်တီးခြင်းကို ရှောင်ရှားပေးသည်။ ပဋိပက္ခတားဆီးခြင်းနှင့် စီမံခန့်ခွဲခြင်း၏ အရေးပါမှုနှင့် ထိရောက်မှုကို အကဲဖြတ်ခြင်းသည့်အခါ ကျွန်ုပ်တို့၏ ယူဆချက်များသည် ပဋိပက္ခများကိုကိုင်တွယ်ရာတွင်

[12] အဆင့်မြင့်ကောင်စီသည် TAC အရ တည်ထောင်ထားသည့် ဝန်ကြီးများအဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့က အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပဋိပက္ခ/အငြင်းပွားမှုများကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲရန်နှင့် ဖြေရှင်းရန် လုပ်ဆောင်ဖို့ မျှော်လင့်ထားသည်။

သင့်လျော်သောနည်းလမ်းများ၊ အချိန်အခါများနှင့် နည်းနာများ ဟုတ်၊ မဟုတ်အပေါ် မူတည်သည်။ အရှေ့တောင်အာရှနိုင်ငံများဖွဲ့စည်းထားပုံအရ အာဆီယံနည်းလမ်းသည် လုံးဝကွဲပြားခြားနားသည့် ပညာဗေဒအပေါ် အခြေခံထားပြီး ယေဘုယျအားဖြင့် ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် အချုပ်အခြာအာဏာတို့ကို ကွဲပြားစွာ ရှုမြင်ကြသည်။ လက်တွေ့တွင် ဒေသတွင်း အဓိက ပဋိပက္ခအမျိုးအစားများဖြစ်သည့် နယ်စပ်/ နယ်နိမိတ်နှင့် နိုင်ငံဖန်တီးသည့် ပဋိပက္ခများက နိုင်ငံများဖန်တီးသည့် ဖြစ်စဉ်များကို ထင်ဟပ်ပြနေသည်။ ထို့ပြင် နိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် နိုင်ငံဖြစ်မှုအပေါ်အမြင်များကို အကြမ်းဖက်ပဋိပက္ခများအား ၎င်းတို့ အသီးသီး ချဉ်းကပ်ပုံများမှတစ်ဆင့် မြင်နိုင်သည်။

အကြမ်းဖက်သောပဋိပက္ခများ စီမံခန့်ခွဲခြင်းနှင့် ကာကွယ်တားဆီးခြင်းဆိုင်ရာ အာဆီယံနည်းလမ်းသည် ကောင်းကွက်တချို့ရှိသော်လည်း အရှေ့တောင်အာရှနိုင်ငံများသည် အကြမ်းဖက်မှုဆိုင်ရာ ခက်ခဲသည့် စိန်ခေါ်မှုများကို ပို၍ ရင်ဆိုင်လာကြရသည်။ ပြည်တွင်းပဋိပက္ခများကို ဒေသအဆင့် (သို့) နိုင်ငံတကာအဆင့်အထိ အရှိန်တက်မလာအောင် ကြိုးပမ်းမှုများသည် ယခုအခါ ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်း ကွန်ရက်ချိတ်ဆက်ထားသော အစွန်းရောက်အုပ်စုများကြောင့် ဖျက်ဆီးခံလာရပြီဖြစ်သည်။ တစ်ချိန်တည်းမှာပင် အကြမ်းဖက်ပဋိပက္ခများ ကာလရှည်ကြာဖြစ်ပွားနေသည့် ဒေသများသည် ထိုအုပ်စုများ ၎င်းတို့၏လှုပ်ရှားမှုများကို အကျယ်ချဲ့ရန် အကောင်းဆုံးနေရာများ ဖြစ်လာသည်။ ယခုအခန်းတွင် လေ့လာခဲ့သည့်အတိုင်း အရှေ့တောင်အာရှမှ အစွန်းရောက်မှုများသည် ဒေသဆိုင်ရာ အကြောင်းရင်းခံများ ရှိနေသည်။ အကြမ်းဖက်သော ပဋိပက္ခများ ကိုင်တွယ်ရေးနှင့် ကာကွယ်တားဆီးရေးဆိုင်ရာ အာဆီယံနည်းလမ်းကို ယခုအခါ စိန်ခေါ်မှုများ ရှိလာပြီဖြစ်ရာ အမျိုးမျိုးသော အစွန်းရောက်အုပ်စုများထံမှ ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်ရသည့်အခါ ၎င်း၏ ထိခိုက်လွယ်မှုများကို ဖယ်ရှားပစ်ရန် လိုအပ်သည်ဟု ဝေဖန်သူများက ထောက်ပြကြသည်။ တစ်ချိန်တည်းမှာပင် ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမညီမျှခြင်းက နိုင်ငံများကို မကျေနပ်မှုများလျှော့ချရန်နှင့် ဘေးဖယ်ခံထားရသူများ၏ အကျိုးစီးပွားများကို မြှင့်တင်ပေးရန် တိုက်တွန်းနေသည်။

## ဆွေးနွေးရန် မေးခွန်းများ

၁။ ပဋိပက္ခစီမံခန့်ခွဲရေးနှင့် ဖြေရှင်းရေးတို့အကြား အဓိက ကွာခြားချက်များမှာ အဘယ်နည်း။

၂။ ပဋိပက္ခစီမံခန့်ခွဲရေးဆိုင်ရာ အာဆီယံနည်းလမ်း၏ အားနည်းချက်များက အဘယ်နည်း။

၃။ အရှေ့တောင်အာရှတွင် အကြမ်းဖက်သောပဋိပက္ခများ ကာကွယ်တားဆီးရာနှင့် စီမံခန့်ခွဲရာတွင် အာဆီယံ၏ အခန်းကဏ္ဍ အားသာချက်နှင့် အားနည်းချက်များက မည်သည်တို့နည်း။

၄။ အရှေ့တောင်အာရှတွင် အကြမ်းဖက်သောပဋိပက္ခများ ကာကွယ်တားဆီးရန်နှင့် စီမံခန့်ခွဲရန် ဒုတိယလမ်းကြောင်း သံတမန်ရေး (track-two diplomacy) ၏ လက္ခဏာရပ်များက မည်သည်တို့ ဖြစ်သနည်း။

၅။ အကြမ်းဖက်သောပဋိပက္ခများ စီမံခန့်ခွဲရာတွင် အလွတ်သဘော (သို့) တရားဝင်မဟုတ်သည့် နည်းလမ်းများ၏ အားသာချက်နှင့် အားနည်းချက်များက မည်သည်တို့နည်း။

## ဖတ်ရှုရန် အကြံပြုချက်များ


1. Askandar, K, Bercovitch, J, and Oishi, M, 'The ASEAN way of conflict management: Old patterns and new trends' *Asian Journal of Political Science,* 2002, Vol 10, No 2, pp 21-42.
2. Bercovitch, J, and Fretter, J, *Regional Guide to International Conflict and Management from 1945 to 2003,* Washington DC: CQ Press, 2004.
3. Burton, J, and Dukes, F, *Conflict: Readings in Management and Resolution,* London: Macmillan, 1990.
4. Jeong, H, *Understanding Conflict and Conflict Analysis*, London: Sage Publications, 2008.
5. Nishikawa, Y, 'The ASEAN Way and Asian regional security' *Politics & Policy*, 2007, Vol 35, No 1, pp 42-56.

# အခန်း 4

## ပဋိပက္ခ အသွင်ပြောင်းလဲခြင်း

# အခန်း (၄) ပဋိပက္ခ အသွင်ပြောင်းလဲခြင်း

**အေဆာအူ အဘူဘာကာနှင့် နောဘတ် ရိုပါစ် (Ayesah Uy Abubakar and Norbert Ropers)**[1]

## ၄.၁ မိတ်ဆက်

ပဋိပက္ခအသွင်ပြောင်းလဲခြင်းသည် ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသည့် ငြိမ်းချမ်းရေး အတွက် အရေးအကြီးဆုံးမဟုတ်သည့်တိုင် အရေးပါသည့် အဆင့်တစ်ဆင့်ဖြစ်သည်။ ဤသည်မှာ အရှေ့တောင်အာရှဒေသတွင် ပဋိပက္ခအခြေအနေများနှင့် ရင်ဆိုင်ရသည့်အခါ နားလည်ရန်လိုအပ်သည့် အဆင့်တစ်ဆင့်ဖြစ်သည်။ *အသွင်ပြောင်းလဲခြင်း* ဟူသည့် အသုံးအနှုန်းက အပြောင်းအလဲ၊ အနေအထား (သို့) အခြေအနေတစ်ရပ်မှ အခြားပိုကောင်းမည်ဟု မျှော်လင့်ရသည့် အခြေအနေတစ်ရပ်သို့ ရွေ့လျားခြင်း ဟူသည့် သဘောတရားကိုဆောင်သည်။ အသွင်ပြောင်းလဲခြင်းတွင် အဓိကအဖွဲ့ဟု ရှုမြင်မခံရသူများအပါအဝင် အစိုးရနှင့် အစိုးရမဟုတ်သည့် အမျိုးမျိုးသော ဇာတ်ကောင် အမျိုးအစားများ ပါဝင်သည်။ အခြေအနေနှင့် နောက်ခံ အများအပြားတွင် အဓိကမဟုတ်သည့် အဖွဲ့များက ပို၍အရေးပါပြီး အသွင်ပြောင်းလဲရေးလုပ်ဆောင်ချက်များ အတွက် လှုပ်ရှားနိုင်သည့် ဇာတ်ကောင်များဖြစ်သည်။ အသွင်ပြောင်းလဲရေးက အခြေအနေနှင့် ပါဝင်သူများ အားလုံးကို ခက်ခဲသည့်မေးခွန်းများ မေးသည်။ မှန်ကန်သောအဖြေများက ငြိမ်းချမ်းရေးတည်ဆောက်ရေး ရည်မှန်းချက်များကို ပြည့်မီစေမည်ဖြစ်သည်။ အဆိုပါအကြောင်းပြချက်ကြောင့် ပဋိပက္ခအသွင်ပြောင်းလဲရေး နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့ကို အတူလုပ်ဆောင်ရမည်ဖြစ်သည်။ ယခုအခန်းက ချဉ်းကပ်ပုံနှစ်ခုလုံးကို ဆွေးနွေးလေ့လာသွားမည်ဖြစ်ပြီး ၎င်းတို့က ဒေသတွင်းပဋိပက္ခအခြေအနေများကို မည်သို့မည်ပုံ သက်ရောက်မှု ရှိသည်ကို လေ့လာဆန်းစစ်သွားပါမည်။

ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတို့သည် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေး နယ်ပယ်တွင် အဓိကကျသော သဘောတရားနှစ်ခုဖြစ်သည်။ ရေရှည်တည်တံ့သောငြိမ်းချမ်းရေးရရှိရန်အတွက် ဆင်တူသည့် လုပ်ဆောင်ချက်များ၊ ရည်မှန်းချက်များနှင့် ရလဒ်များကြောင့် ယင်းသဘောတရားများကို မကြာခဏဆိုသလို လဲလှယ်သုံးစွဲကြသည်။ အမျိုးအစားနှစ်မျိုးလုံးမှာ အောင်မြင်မှုနှင့် စပ်လျဉ်းပြီး ခက်ခဲနက်နဲကာ ခန့်မှန်း၍ မရသည့် လူမှုဝင်ရောက်စွက်ဖက်မှုများဖြစ်သည်။ ငြိမ်းချမ်းသောဆက်ဆံရေးသစ်များဆီသို့ ရောက်ရှိရန် ပဋိပက္ခများကိုပြောင်းလဲရန်ကြိုးပမ်းသည့် အဆိုပါလက္ခဏာရပ်ကိုဖော်ပြနိုင်ရန် အချို့သောလေ့လာသူများက အစဉ်လိုက် ဖြစ်ပေါ်ပြောင်းလဲခြင်းမဟုတ်သည့်ပုံစံ ဟူသည့် အသုံးအနှုန်းကို အသုံးပြုကြသည်။ အစဉ်လိုက် ဖြစ်ပေါ်ပြောင်းလဲခြင်းမဟုတ်ရသည့် အခြေခံအကြောင်းအရင်းမှာ လူမှုရေးနှင့် နိုင်ငံရေး အပြောင်းအလဲအတွက် မောင်းနှင်မှုအမျိုးမျိုး၏ ခက်ခဲနက်နဲမှုများကြောင့်ဖြစ်သည်။ ဤသည်မှာ နောင်လာမည့် အပိုင်းတွင် ရှေးဦးစွာ ဆွေးနွေးမည့် ကိစ္စရပ်ဖြစ်သည်။ ထို့နောက် ယခုအခန်းက ပဋိပက္ခအသွင်ပြောင်းလဲခြင်း၏ အဓိပ္ပာယ်နှင့် ယင်းက ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ်တွင် မည်သို့ပါဝင်သည်ကို လေ့လာသွားပါမည်။ အရပ်ဘက်အဖွဲ့အစည်း

[1] Mary Ann Arnado, Guaimel Alim, Juanda Djamal, Kamarulzaman Askandar, Grace Jimeno-Rebollos, Eleonora Emkic, Carolyn Arguillas, Yoko Fujimura and Tamara Nair တို့၏ ပံ့ပိုးမှုများဖြင့် ရေးသားသည်။

များ၊ မီဒီယာ၊ စီးပွားရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေး ပညာရေးအတွက် ပညာရှင်များကဲ့သို့သော ဇာတ်ကောင်အမျိုးမျိုး၏ အခန်းကဏ္ဍများအပါအဝင် အချို့သော လိုအပ်သည့်စံနှုန်းများကိုလည်း တင်ပြသွားပါမည်။ အသုံးပြုသောချဉ်းကပ်ပုံများနှင့် မဟာဗျူဟာများကို ပုံဖော်ပြသနိုင်ရန် ဒေသတွင်း အထူးသဖြင့် ထိုင်းနိုင်ငံတောင်ပိုင်း၊ မင်ဒါနောင်နှင့် အာချေးကဲ့သို့သော ပဋိပက္ခဒေသများတွင် လုပ်ဆောင်ခဲ့သည့် ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးကြိုးပမ်းမှု ဥပမာများကိုလည်း တင်ပြသွားပါမည်။ ယခုအခန်းက အခြားအခန်းမှ ဆွေးနွေးချက်များနှင့်လည်း ဆက်စပ်နေသည်။ ဥပမာ အခန်း (၅) က ပဋိပက္ခအဆုံးသတ်ရေးဖြစ်စဉ်ကို လေ့လာသွားမည်ဖြစ်ပြီး ယင်းဖြစ်စဉ်တွင် အသွင်ပြောင်းလဲရေးက အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ အလားတူပင် အခန်း (၂) က ကျွန်ုပ်တို့ ပဋိပက္ခကိုမဖြေရှင်းမီ ယင်းတို့ကို မည်ကဲ့သို့ နားလည်သင့်ကြောင်းကို ဆွေးနွေးခဲ့ပြီးဖြစ်သည်။ အခန်း (၂) တွင် ကျွန်ုပ်တို့က ပဋိပက္ခများစီမံခန့်ခွဲရန်နှင့် ဖြေရှင်းရန် မဟာဗျူဟာများချမှတ်သည့် ဖြစ်စဉ်အဖြစ် ပဋိပက္ခများပုံဖော်ရေးဆွဲခြင်းနှင့် လေ့လာသုံးသပ်ခြင်းတို့ကိုလည်း လေ့လာခဲ့ပြီးဖြစ်သည်။ ခက်ခဲနက်နဲသော ပဋိပက္ခအခြေအနေများ ဖြေရှင်းရာတွင် ခြုံငုံလေ့လာတွေးခေါ်နည်းကို ဆွေးနွေးမှုတစ်စိတ်တစ်ပိုင်းအနေဖြင့် အဆိုပါပုံဖော်ရေးဆွဲခြင်းနှင့် လေ့လာဆန်းစစ်ခြင်းဆိုင်ရာဖြစ်စဉ်ကို ဤအခန်းတွင် ထပ်မံအကျဉ်းချုပ်တင်ပြသွားမည်ဖြစ်သည်။ ဤသည်ကို နောက်အပိုင်းတွင် စတင်ဆွေးနွေးပါမည်။

## ၄.၂ ခြုံငုံလေ့လာခြင်းနှင့် ခက်ခဲနက်နဲသော တွေးခေါ် ပုံ သမိုင်းကြောင်း အကျဉ်းချုပ်နှင့် ပဋိပက္ခ လေ့လာဆန်းစစ်ရေးအတွက် ကိရိယာအချို့

ယခုအပိုင်းက ပဋိပက္ခအခြေအနေများ လေ့လာဆန်းစစ်ခြင်းနှင့် ဖြေရှင်းခြင်းဆိုင်ရာကိစ္စရပ်နှင့် ပတ်သက်ပြီး ပညာရှင်များအကြား ငြင်းခုံမှုကို မီးမောင်းထိုးပြသည့်အနေဖြင့် ခြုံငုံလေ့လာခြင်းနှင့် ခက်ခဲနက်နဲသော တွေးခေါ် ပုံဆိုင်ရာ အတိုချုံးလေ့လာချက်တစ်ရပ်ကို တင်ပြသွားပါမည်။ ထို့နောက် ပဋိပက္ခကို နားလည်စေရန် အသုံးပြုသည့် ပုံဖော်ရေးဆွဲနည်းနာအချို့ကို ဆွေးနွေးသွားပါမည်။ ယင်းတို့အနက်မှ အချို့ကို အခန်း (၂) တွင် ဆွေးနွေးခဲ့ပြီး ဖြစ်သည်။

ခြုံငုံလေ့လာခြင်းနှင့် ခက်ခဲနက်နဲသောတွေးခေါ် ပုံသည် ကျယ်ပြန့်သော လက်ရှိသီအိုရီများနှင့် လက်တွေ့လုပ်ဆောင်ချက်များတွင် အခြေပြုသည်။ ဖြစ်ရပ်များ၏ လမ်းကြောင်းကိုထိန်းချုပ်ရန် ရည်ရွယ်ပြီး ခွဲခြမ်းစိတ်ဖြာ၊ ခွဲထုတ်ခြင်းဟူသည့် အစောပိုင်းခေတ်ပုံ လုပ်ဆောင်ချက်များအပေါ် တုံ့ပြန်ပုံတစ်ခုအဖြစ် အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ ခြုံငုံလေ့လာခြင်းနှင့် ခက်ခဲနက်နဲသောတွေးခေါ် ပုံက တစ်ခုလုံးသည် အစိတ်အပိုင်းများ ပေါင်းစပ်ထားခြင်းထက် ပိုနိုင်လေရာ ထိုသို့သောခွဲခြမ်းစိတ်ဖြာခြင်းက အဓိကလက္ခဏာရပ်များကို ဆုံးရှုံးသွားစေနိုင်သည်ဟူသည့် နားလည်သဘောပေါက်မှုအပေါ် အခြေခံထားသည့် ဆန့်ကျင်ဘက်သဘောတရားကို ကိုယ်စားပြုသည်။

ယေဘုယျစနစ်ပြောင်းလဲမှုများ၏ သမိုင်းကြောင်းကို အသေးစိတ်မလေ့လာဘဲ အဘယ်ကြောင့် ခြုံငုံလေ့လာခြင်းနှင့် ခက်ခဲနက်နဲသောတွေးခေါ် ပုံက ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ၏ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့်

အသွင်ပြောင်းလဲရေးကို ပို၍ကောင်းစွာနားလည်စေရန် အထောက်အကူပြုသည်ကို ရှင်းလင်းပြသွားပါမည်။ အဓိကအချက်သုံးချက်မှာ *စနစ်တစ်ခုလုံးကို ခြုံကြည့်သည့် ချဉ်းကပ်ပုံ၊ အစဉ်လိုက်ဖြစ်ပေါ်ပြောင်းလဲခြင်း မဟုတ်သည့်* သဘောတရားနှင့် *မိမိဘာသာစုစည်းခြင်း* တို့ဖြစ်ကြသည် (De Coning, 2016)။ ပထမအချက်က သမိုင်းကြောင်းနှင့် ပထဝီနယ်မြေသတ်မှတ်မှုများကို လုံလောက်စွာ ထည့်သွင်းစဉ်းစားမှသာ ကာလရှည်ကြာ ပဋိပက္ခများကို နားလည်သဘောပေါက်နိုင်သည်ဟု ဆိုထားသည်။ ဤအချက်အတွက် သိသာထင်ရှားသည့် ဥပမာများမှာ အာဖဂန်နစ္စတန်ကဲ့သို့သော ကိုလိုနီပြု သိမ်းပိုက်ရန် ကြိုးပမ်းမှုများ အကြိမ်ကြိမ်ခံခဲ့ရသော်လည်း ဒေသခံပြည်သူလူထုက ၎င်းတို့အချင်းချင်းကြား တိုက်ပေးရန် ကြိုးပမ်းမှုများအားလုံးကို တန်ပြန်ရန် ခက်ခဲနက်နဲသောစနစ်များ ဖန်တီးထားခြင်းကြောင့် ကျူးကျော်သူများအားလုံး ကျရှုံးသွားသည့် နိုင်ငံများ ဖြစ်သည်။

ဒုတိယ အစဉ်လိုက်ဖြစ်ပေါ်ပြောင်းလဲခြင်းမဟုတ်သည့် သဘောတရားမှာ ယခုအခါ အကြမ်းဖက်သောပဋိပက္ခ များကို အသွင်ပြောင်းလဲရန် ကြိုးပမ်းမှုအများအပြား၏ အခြေခံလက္ခဏာတစ်ရပ် ဖြစ်လာပြီဖြစ်သည်။ ဒီကုံးနင်း (De Coning (2016)) က ယခုကဲ့သော နောက်ခံအခြေအနေတွင် ပတ်သက်ဆက်နွှယ်သူများကို နှစ်ဖက်လုံး အနိုင်ရရှိမည့် ကျေအေးမှုများ ရှာဖွေရန် (သို့) အတူတကွ လမ်းကြောင်းများကို သဘောတူညီရန် အားပေးသည့် အမျိုးမျိုးသောလုပ်ဆောင်ချက်များ၏ စုစုပေါင်းအကျိုးသက်ရောက်မှုကို သိနိုင်ရန် မဖြစ်နိုင်သလောက်ဖြစ်သည် (သို့) ခက်ခဲသည်။ ငြိမ်းချမ်းရေးဖြစ်စဉ် ရှေ့ရောက်ရန်နွေးကွေးပြီး ခန့်မှန်းမရသည့် လုပ်ဆောင်ချက်များ လုပ်ဆောင်ရသည့် အခြားအကြောင်းပြချက်တစ်ခုမှာ တစ်ခါတရံ နိုင်ငံရေးနှင့် အခြားသော အပြောင်းအလဲများ ကို အဓိကဖော်ဆောင်မည့်အဖွဲ့များမှာ မတူညီသော နိုင်ငံရေးခံယူချက်များ (သို့) ပုဂ္ဂိုလ်ရေးယှဉ်ပြိုင်မှုများ ကြောင့် နက်ရှိုင်းစွာ ကွဲနေကြသောကြောင့်ဖြစ်သည်။

မိမိဘာသာစုစည်းခြင်းသဘောတရားက ခက်ခဲနက်နဲသောစနစ်များသည် ၎င်းတို့ကိုယ်ပိုင် တွေးခေါ်မှုစနစ် ရှိကြသည်ဟူသည့် နားလည်သဘောပေါက်မှုနှင့် ဆက်စပ်နေသည်။ ထိုသို့သော နောက်ခံအခြေအနေတွင် ခန့်မှန်းရန် အလွန်လွယ်ကူသည့် ရှုပ်ထွေးသောစနစ်များ (ဥပမာ အဆင့်မြင့်ကားအင်ဂျင်များ အလုပ်လုပ်ပုံ) နှင့် မသေချာသည့် အချက်များက အရေးပါသည့် အခန်းကဏ္ဍများမှ ပါဝင်နေသောကြောင့် ကြိုတင်ခန့်မှန်းရန် ခက်ခဲသည့် ခက်ခဲနက်နဲသော ငြိမ်းချမ်းရေးဖြစ်စဉ်များ ဖြစ်ပေါ်ပြောင်းလဲသည့် ဖြစ်စဉ်များအကြား ကွာခြားချက်များကို ဦးစွာ ဖော်ပြရန် အရေးကြီးသည်။ သို့သော် အဆိုပါ ဖြစ်ပေါ်ပြောင်းလဲမှုများကို လွှမ်းမိုးရန် မဖြစ်နိုင်ဟု ဆိုလိုခြင်းမဟုတ်ပေ။ လစ်ဘရယ်စီးပွားရေးစနစ်များသည် ထိုသို့သော လွှမ်းမိုးမှုပုံစံမျိုးအတွက် ဥပမာကောင်းတစ်ခုဖြစ်သည်။ ကြီးမားသော အပြောင်းအလဲများကို ပဋိပက္ခနှင့် သက်ဆိုင်သည့် အဖွဲ့များက မည်သို့တုံ့ပြန်မည်ကို ခန့်မှန်းရန် မခက်ခဲလှပေ။ ဤသို့သော အခြေအနေများတွင် ပို၍စိတ်ဝင်စားစရာ ကောင်းသည်မှာ (ထိုင်းနိုင်ငံတောင်ပိုင်း/ပတ်ထာနီအတွက်) အတွင်းလူ ငြိမ်းချမ်းရေးတည်ဆောက်သူများ ပလက်ဖောင်း (Insider Peacebuilders Platform (IPP)) ကဲ့သို့သော အုပ်စုအဖွဲ့ဝင်များက တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ဖလှယ်ကာ ပဋိပက္ခအသွင်ပြောင်းလဲရေးအတွက် အကြံဉာဏ်များထည့်ဝင်သည့် အခြေအနေမျိုး ဖြစ်သည် (IPP အကြောင်းဆွေးနွေးချက်ကို ယခုအခန်းတွင် ဖတ်ရှုနိုင်ပါသည်)။ ထိုသို့သော ဖြစ်ပေါ်ပြောင်းလဲမှု များအတွက် “ပေါ်ထွက်ခြင်း” သဘောတရားကို အသုံးပြုသည်။

အထက်တွင်ဖော်ပြခဲ့သည့် သဘောတရားသုံးခုလုံးက ပဋိပက္ခအသွင်ပြောင်းလဲရေးတွင် ငြိမ်းချမ်းရေးတည်ဆောက်မှုကိုမြှင့်တင်ရန် လုပ်ဆောင်ချက်များအား လွှမ်းမိုးရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ စနစ်တစ်ခုလုံးကိုလေ့လာရာတွင် အဓိကပြဿနာရပ်မှာ ပဋိပက္ခနှင့် ၎င်း၏ အသွင်ပြောင်းလဲရေးအပေါ် သက်ရောက်မှုရှိမည့် အချက်များအားလုံးကို ရှာဖွေဖော်ထုတ်ရန်ဖြစ်သည်။ ဤသည်ကို ပဋိပက္ခကို မောင်းနှင်သူများအား ခြုံငုံလေ့လာဆန်းစစ်ခြင်းဖြင့် လုပ်ဆောင်နိုင်သည် (အောက်တွင်ရှုပါ)။ အစဉ်လိုက်ဖြစ်ပေါ်ပြောင်းလဲမှုမရှိခြင်းက စနစ်များ၏လက္ခဏာတစ်ရပ်ဖြစ်ပြီး ရလဒ်သည် အားထုတ်မှုနှင့် အချိုးမကျပေ (သို့) ဖြစ်ပေါ်သည့်ဖြစ်ရပ်များက တစ်ခုနှင့်တစ်ခု တိုက်ရိုက်ဆက်စပ်မှုမရှိပေ။ ဤသည်က ဥပမာ လွတ်လပ်ခွင့် စည်းမျဉ်းများ၏ အထောက်အကူဖြင့် အုပ်စုများ၏ နိုင်ငံရေးအရမညီမျှမှုများကိုလျှော့ချရန် နည်းလမ်းများ ရှာဖွေသည့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေး ကြိုးပမ်းမှုများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ကောင်းစွာဖော်ပြနိုင်သည်။ မိမိဘာသာစုစည်းခြင်း သဘောတရားအရ အစပြုသူများက ထောက်ခံသူများ၏ အကျိုးစီးပွားနှင့် စိတ်အားထက်သန်မှုကိုသာ ယုံကြည်ပါက ရည်မှန်းချက်ကြီးပြီး ခက်ခဲနက်နဲသော နိုင်ငံရေးနှင့် လူမှုရေးအပြောင်းအလဲများကို အောင်မြင်နိုင်လိမ့်မည်ဟု ပြသထားသည်။ အဆိုပါ သဘောတရားအတွက် အသုံးဝင်သော ဥပမာများမှာ အာရှနှင့် ဥရောပမှ လွတ်လပ်ခွင့် စည်းမျဉ်းများဖြစ်သည်။

ခြုံငုံလေ့လာ ပဋိပက္ခအသွင်ပြောင်းလဲရေး နောက်ခံအခြေအနေတွင် အခြေခံအကျဆုံး အဆိုတစ်ခုက ပဋိပက္ခဖြစ်ပေါ်ပြောင်းလဲမှုနှင့် အသွင်ပြောင်းလဲမှုကို လေ့လာခြင်းတို့အား အားလုံးပါဝင်သည့် ပတ်ဝန်းကျင်တွင် လုပ်ဆောင်သင့်သည်ဟု ဆိုသည် (Ropers and Anuvatudom, 2014)။ အဆိုပါချဉ်းကပ်ပုံကို ၂၀၁၁-၂၀၁၄ တွင် IPP အစီအစဉ်တွင် ပါဝင်ခဲ့သူများအားလုံးက လက်ခံသဘောတူခဲ့သည်။ ဒေသတွင်း အခြားသော ပဋိပက္ခအသွင်ပြောင်းလဲရေး လုပ်ငန်းများမှာလည်း အလားတူပင်ဖြစ်သည် (အခန်း(၁)မှ COP အစီအစဉ်၊ အခန်း (၅)မှ ဘာကုဘဲလှုပ်ရှားမှုနှင့် ယခုအခန်းမှ အိပ်မက်မက်သူများ အစီအစဉ်တို့တွင် ရှုပါ)။ IPP အစီအစဉ်တွင် စုပေါင်းထင်ဟပ်ခြင်း အစီအစဉ်တွင် ပါဝင်ခဲ့သည့် လက်တွေ့ကျင့်သုံးသူများနှင့် ပညာရှင်များက ကူညီပေးခဲ့သော အုပ်စုက နည်းလမ်းငါးခုသည် တက်ရောက်သူများကို ပဋိပက္ခမောင်းနှင်သူများနှင့် အစိတ်အပိုင်းများကို ခြုံငုံလေ့လာနိုင်ရန် အထောက်အကူပြုလိမ့်မည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ပို၍ နက်ရှိုင်းသော ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် ရလဒ်များကို ပုံဖော်ရေးဆွဲရန် လိုအပ်မည်ဖြစ်ပြီး တက်ရောက်သူများ သဘောတူညီမှုမရသည့် ကိစ္စရပ်များအတွက် မှတ်ချက်များ ရေးသားထားသင့်သည်ဟုလည်း ဆုံးဖြတ်ခဲ့ကြသည်။ အဆိုပါ နည်းလမ်းများမှာ အောက်ပါအတိုင်းဖြစ်သည် (ယင်းတို့အနက်အချို့ကို အခန်း (၂) ပဋိပက္ခပုံဖော်ရေးဆွဲခြင်းနှင့် လေ့လာသုံးသပ်ခြင်းအပိုင်းတွင် အကျယ်ချဲ့တင်ပြခဲ့ပြီးဖြစ်သည်)။

(၁) ဇာတ်ကောင်များ၊ ၎င်းတို့၏ အင်အားနှင့် ဆက်ဆံရေးများကို အုပ်စုများနှင့် တစ်ဦးနှင့်တစ်ဦး ဆက်စပ်မှုများဖြင့် ပုံဖော်ရေးဆွဲခြင်း

(၂) ပဋိပက္ခပြဿနာများ၊ ရပ်တည်ချက်များ၊ အကျိုးစီးပွားများ၊ လိုအပ်ချက်များနှင့် အကြောက်တရားများကို ပုံဖော်ရေးဆွဲခြင်း

(၃) ပဋိပက္ခမောင်းနှင်သူများနှင့် အသွင်ပြောင်းလဲသူများကို ပုံဖော်ရေးဆွဲခြင်း။ ယင်းပုံဖော်ရေးဆွဲမှုသည် အခက်ခဲဆုံးဖြစ်ပြီး ခက်ခဲနက်နဲသည့် လေ့လာဆန်းစစ်မှုများအတွက် ပုံမှန်ပြင်ဆင်မှု လိုအပ်သည်။

(၄) ပဋိပက္ခ၏ ပြောဆိုရေးသားမှုများကို ပုံဖော်ရေးဆွဲခြင်း။ အဆိုပါ ပုံဖော်ရေးဆွဲမှုက ပါဝင်သူများကို သမိုင်းရှုထောင့်များကို လေ့လာဆန်းစစ်ခြင်းနှင့် အနာဂတ်ကိုအဓိကထားသည့် အသွင်ပြောင်းလဲရေး ဆိုင်ရာ ပြောဆိုရေးသားမှုများအတွက် လုပ်ဆောင်ရန် အထောက်အကူပြုသည်။

(၅) လက်ရှိအခြေအနေကို ပုံဖော်ရေးဆွဲခြင်း။ လွန်ခဲ့သော တစ်နှစ် (၂၀၂၀) က ထိုင်းအစိုးရနှင့် BRN တို့က ငြိမ်းချမ်းရေးစကားဝိုင်းတစ်ခု လုပ်ဆောင်ရန် သဘောတူညီခဲ့သောကြောင့် ဤနည်းလမ်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် သဘောတူညီမှုရရှိစေရန်အတွက် အစဉ်လိုက် ဆွေးနွေးသွားမည့် ကိစ္စရပ်များကို ရှာဖွေရာတွင် ပြဿနာတက်ခဲ့သည်။

အဆိုပါ ပဋိပက္ခများ ပုံဖော်ရေးဆွဲခြင်းနှင့် လေ့လာဆန်းစစ်ခြင်းဖြစ်စဉ်က အခြေအနေကို အသွင်ပြောင်းလဲရန်နှင့် ငြိမ်းချမ်းရေးကို ခြုံငုံသုံးသပ်သည့် ချဉ်းကပ်ပုံအဖြစ်တည်ဆောက်နိုင်ရန် နည်းလမ်းများရှာဖွေရာတွင် ပထမ ခြေလှမ်း ဖြစ်လာခဲ့သည်။ အဆိုပါ ခြုံငုံသုံးသပ်ခြင်းဖြစ်စဉ်က ပဋိပက္ခသည် အစဉ်လိုက်ဖြစ်ပေါ်ပြောင်းလဲသည့် သဘောမရှိဘဲ ပြောင်းလဲနေပြီး ကျွန်ုပ်တို့ သတိပြုရမည့် ရှုထောင့်များနှင့် အချက်အလက်များ အမျိုးမျိုးပါဝင် သည်ဟု ဆိုထားသည်။ ထို့ကြောင့် ပဋိပက္ခကိုကိုင်တွယ်ခြင်းက ကျယ်ပြန့်ပြီး အဆင့်တိုင်းမှ စိုးရိမ်ပူပန်မှုများကို သေချာဖြေရှင်းပေးသည့် ချဉ်းကပ်ပုံတစ်ခု လိုအပ်သည်။ ဤသည်က အခန်း (၁) နှင့် (၅) တို့တွင် ဆွေးနွေးထားသည့် ပဋိပက္ခအသွင်ပြောင်းလဲရေး၏ *အခြေအနေကိုလိုက်၍ တုံ့ပြန်သည့် ပုံစံနှင့် လိုက်လျောညီထွေ ရှိသည်များကို ရောစပ်အသုံးပြုသည့် ပုံစံ*များနှင့် ကိုက်ညီသည်။

ပဋိပက္ခလေ့လာဆန်းစစ်ရေး ပုံစံများကို ပုံဖော်ရေးဆွဲမှုတစ်ခုအား အောက်ပါ ပုံ ၄.၁ တွင် တင်ပြထားပါသည်။ နောင်လာမည့်အပိုင်းတွင် ပဋိပက္ခအသွင်ပြောင်းလဲရေး၏ အဓိပ္ပာယ်ကို ဒေသတွင်းပဋိပက္ခအခြေအနေအချို့ ဥပမာများဖြင့် အသေးစိတ်ဆွေးနွေးသွားပါမည်။

**ပုံ ၄.၁။ ပဋိပက္ခလေ့လာဆန်းစစ်ရေး ပုံဖော်ရေးဆွဲမှု**




၁) ဇာတ်ကောင်များနှင့် ဆက်ဆံရေးများ ပုံဖော်ရေးဆွဲခြင်း

၂) သဘောထားများ၊ အကျိုးစီးပွားများ၊ လိုအပ်ချက်များနှင့် အကြောက်တရားများ

၃) ပဋိပက္ခမောင်းနှင်သူများ

၄) ပဋိပက္ခကို ပုံဖော်ရေးသားပြောဆိုမှုများ

၅) နောက်ခံအခြေအနေ

မူရင်း။ Ropers, 2016

## ၄.၃ ပဋိပက္ခ အသွင်ပြောင်းလဲရေး

ပဋိပက္ခအသွင်ပြောင်းလဲရေးဟူသည့် အသုံးအနှုန်းက အရှိန်မြင့်တက်နေသော (သို့) အကြမ်းဖက်မှုဖြစ်ပွားနေသော ပဋိပက္ခတစ်ခုကိုတုံ့ပြန်ရန် မျှော်မှန်းချက်အကြီးဆုံးနှင့် အနက်ရှိုင်းဆုံး ချဉ်းကပ်ပုံတစ်ခုဖြစ်သည်။ ထိုအသုံးအနှုန်းကို ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးပညာရှင်အများအပြားက အသုံးပြုခဲ့ပြီး အထူးသဖြင့် ဂျွန်ပေါလ်လီဒရက်ချ်နှင့် ဒိုင်ယာနာ ဖရန်စစ် (John Paul Lederach and Diana Francis) တို့က အကျယ်ချဲ့ပြခဲ့သည်။ အခြား သဘောထားတူညီသည့် ပညာရှင်များကလည်း ပြဿနာဖြေရှင်းခြင်းသည် ပဋိပက္ခများကို အသွင်ပြောင်းလဲရန် အဓိကလုပ်ဆောင်ချက် ဖြစ်သင့်သည်ဟူသည့် နားလည်သဘောပေါက်မှုအပေါ်မူတည်ပြီး ထိုအသုံးအနှုန်းကို အသုံးပြုခဲ့ကြသည်။ ပဋိပက္ခအသွင်ပြောင်းလဲခြင်းက နက်ရှိုင်းသည့် အဓိပ္ပာယ်ရှိပြီး ကျယ်ပြန့်ပြည့်စုံသည့် လက္ခဏာရပ်ရှိသောကြောင့် ဘာ့ဂ်အော့ဖ်ဖောင်ဒေးရှင်း (Berghof Foundation) က ယင်းကို လမ်းညွှန်စည်းမျဉ်းတစ်ခုအဖြစ် အသုံးပြုခဲ့သည် (Bernarding and Austin, 2019)။ သို့သော် အဖွဲ့များလုပ်ဆောင်ရမည့် အပြောင်းအလဲများ၊ ၎င်းတို့၏ ဆက်ဆံရေးများနှင့် အင်စတီကျူးရှင်းများနှင့်

ပြောဆိုရေးသားမှုများကို အသွင်ပြောင်းလဲခြင်းတို့ ပါဝင်သောကြောင့် အသုံးအနှုန်းသည် လွန်စွာရည်မှန်းချက်ကြီးသည်ဟုလည်း ရှုမြင်ကြသည် (Ramsbotham, Woodhouse, and Miall, 2016)။[2]

အသုံးအနှုန်းနှင့်စပ်လျဉ်း၍ ပဋိပက္ခလေ့လာရေးတွင် အသုံးပြုသည့် အသုံးအနှုန်းများသာမက ငြိမ်းချမ်းရေးဆိုင်ရာ အသုံးအနှုန်းများကလည်း အဓိပ္ပာယ်သီးသန့်ရှိကြပြီး ယင်းတို့ကို အဓိပ္ပာယ်ဖွင့်ဆိုပုံများသည် အချိန်နှင့်အမျှ ပြောင်းလဲလာကြသည်။ ပဋိပက္ခစီမံခန့်ခွဲရေးနှင့် ပဋိပက္ခဖြေရှင်းရေးတို့၏ အသုံးအနှုန်းဆိုင်ရာ အဓိပ္ပာယ်များက ကြာရှည်အခံဆုံးဖြစ်ပုံရသည်။ ပဋိပက္ခစီမံခန့်ခွဲရေးက အကြမ်းဖက်သောပဋိပက္ခများကို ထိန်းသိမ်းရန် လက်တွေ့ဆန်သော ကြိုးပမ်းမှုများကို အာရုံစိုက်ထားပြီး ပဋိပက္ခဖြေရှင်းရေးက ပဋိပက္ခ၏ နက်ရှိုင်းသော အကြောင်းအရင်းများကိုအာရုံစိုက်ကာ အဖွဲ့များ၏ သဘောထားများနှင့် အပြုအမူများ၊ တည်ဆောက်ပုံနောက်ခံအခြေအနေများကို ဖြေရှင်းရန် ကြိုးပမ်းထားသည် (Ramsbotham, Woodhouse, and Miall, 2016)။

ယခုအခန်းက ပဋိပက္ခအသွင်ပြောင်းလဲရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အောက်ပါအတိုင်း မှတ်ယူထားသည်။

> *အကြမ်းဖက်မှုဖြစ်နိုင်သည့် ပဋိပက္ခအခြေအနေများတွင် ဆက်ဆံရေးများ၊ အမြင်များ၊ အပြုအမူများ၊ အကျိုးစီးပွားများနှင့် ပြောဆိုရေးသားမှုများကို အကောင်းဘက်သို့ ပြောင်းလဲသည့် ရှုပ်ထွေးသောဖြစ်စဉ်တစ်ခုဖြစ်သည်။ အရေးပါသည့်အချက်မှာ ပဋိပက္ခအသွင်ပြောင်းလဲရေးက ရေရှည်တွင် အကြမ်းဖက်သော နိုင်ငံရေးနှင့် လူမှုပဋိပက္ခကို အားပေးပြီး အခြေအနေဖန်တီးပေးသည့် နောက်ခံတည်ဆောက်ပုံများ၊ ယဉ်ကျေးမှုများနှင့် အင်စတီကျူးရှင်းများကို ကိုင်တွယ်ပြောင်းလဲခြင်း ဖြစ်သည်။*

ဤအခန်း၏ ယခုအပိုင်းက အထူးသဖြင့် အဖွဲ့များအကြား ဆက်ဆံရေးများနှင့် အပြုအမူများ ပြောင်းလဲခြင်းနှင့် ဆက်စပ်ပြီး ပဋိပက္ခအသွင်ပြောင်းလဲရေး မည်သို့အလုပ်လုပ်သည်၊ ပဋိပက္ခ၏လမ်းကြောင်းကို မည်သို့ပြောင်းလဲသည်ကို လေ့လာသွားပါမည်။ ထိုင်းနိုင်ငံတောင်ပိုင်း၊ မင်ဒါနော်နှင့် အာချေးတို့ကို ဥပမာများအဖြစ် အသုံးပြုပြီး ပဋိပက္ခအသွင်ပြောင်းလဲရေး နည်းလမ်းများ၊ ကိရိယာများနှင့် မဟာဗျူဟာများကို ထပ်မံ၍ အကျယ်ချဲ့ရှင်းပြသွားပါမည်။ ယခုအပိုင်းတွင် ဇာတ်ကောင်များ၏စိတ်ထားများကို ပြောင်းလဲခြင်း၊ အမျိုးမျိုးသောအဆင့်များနှင့် နယ်ပယ်များမှ ပါဝင်သူများ၊ အထူးသဖြင့် အရပ်ဘက်အဖွဲ့အစည်းများမှ ပါဝင်သူများ၏ ပါဝင်ကူညီမှုများအပါအဝင် အဓိကလက္ခဏာအချို့အရ ပဋိပက္ခအသွင်ပြောင်းလဲရေးကို ဆွေးနွေးသွားပါမည်။

## ၄.၃.၁ ထိုင်းနိုင်ငံတောင်ပိုင်း/ပတ်ထာနီတွင် ပဋိပက္ခအသွင်ပြောင်းလဲခြင်း

ထိုင်းနိုင်ငံတောင်ပိုင်းပဋိပက္ခသည် ဒေသခံ မလေး-မူဆလင်လူထုပါဝင်သည့် *ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်* ပဋိပက္ခပုံစံမျိုးဖြစ်သည်။ ယင်းတို့ကို သမိုင်းကြောင်းအရ မတရားမှုပြဿနာများကိုဖြေရှင်းရန် ထိုင်းအစိုးရကို တိုက်ပွဲဝင်နေ

[2] အခန်း (၁) မှ ပဋိပက္ခစီမံခန့်ခွဲရေးဆိုင်ရာ ဆွေးနွေးချက်ကိုလည်း လေ့လာနိုင်ပါသည်။

သည့် ပတ်ထာနီလူမျိုးများဟုလည်း ညွှန်းဆိုကြသည်။[3] ယခုအပိုင်း၏ ရည်ရွယ်ချက်က ပဋိပက္ခကို အစမှ လေ့လာရန် (သို့) နှစ်ပေါင်း၂၀၀ ကျော် သမိုင်းကြောင်း ဖြစ်ပေါ်ပြောင်းလဲမှုများကို လေ့လာရန်မဟုတ်ပေ။ လက်တွေ့ကျသော အကြောင်းပြချက်များကြောင့် အကြမ်းဖက်မှုလှိုင်းအသစ်တစ်ခုက နိုင်ငံကို အံ့သြတုန်လှုပ် သွားစေပြီး (အမျိုးမျိုးသော အစိုးရအဆက်ဆက် ပါဝင်သည့်) ထိုင်းနိုင်ငံနှင့် အရပ်ဘက်အဖွဲ့အစည်းများကို အဆိုပါအခြေနေအသစ်နှင့် ရင်ဆိုင်နိုင်ရန် ကြိုးပမ်းခဲ့သည့် လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုအတွင်း ကြိုးပမ်းမှုများကို လေ့လာသွားပါမည်။ ပဋိပက္ခအသေးစိတ်များကို မလေ့လာတော့ဘဲ ဖိလစ်ပိုင်၊ မြန်မာ၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ မြောက်အိုင်ယာလန် အစရှိသည့်နိုင်ငံများတွင် ဖြစ်ပွားသည့် လူများစုနှင့် လူနည်းစုအုပ်စုများအကြား ကာလရှည်ကြာပဋိပက္ခများနှင့် ဆင်တူစွာ အဓိကပြဿနာရပ်မှာ ဒေသအပေါ် ထိုင်းအစိုးရ၏ ထိန်းချုပ်မှု တရားဝင်မှုနှင့် သက်ဆိုင်သည်။ ထိုင်းနိုင်ငံတောင်ပိုင်းပဋိပက္ခနှင့် စပ်လျဉ်းပြီး ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် လေ့လာဆန်းစစ်မှုများကို ထပ်မံဖတ်ရှုလိုပါက Montesano and Jury, 2008; McCargo, 2009; Nilson, 2012; Jory, 2013; Abuza, 2016; and Engvall et al, 2020 တို့၏ ရေးသားမှုများကို ဖတ်ရှုနိုင်သည်။

**(က) နိုင်ငံတော်၊ အစိုးရအေဂျင်စီများနှင့် နိုင်ငံတကာ ဇာတ်ကောင်များမှ တုံ့ပြန်ပုံ။** ၂၀၀၄ ခုနှစ်တွင် BRN (*ဘာရီဆန် ရဲဗော်လူစီ နာစီယွန်နယ်လ်* (သို့) အမျိုးသားတော်လှန်ရေးတပ်ဦး (*Barisan Revolusi Nasional* or National Revolutionary Front)) က နိုင်ငံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကို အံ့အားသင့်စေခဲ့သည်။ ရှေးဦးစွာ အစိုးရက စစ်တပ်သူပုန်နှိမ်နင်းရေးမဟာဗျူဟာနှင့် ဒေသခံများကို စီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့များ ပေးခြင်းတို့ဖြင့် တုံ့ပြန်ခဲ့သည်။ ဤသည်မှာ လုပ်ဆောင်နေကျတုံ့ပြန်မှုမျိုးဖြစ်သည်။ အာဆီယံဒေသတွင် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံမှ နိုင်ငံရေးခေါင်းဆောင်များက ဆွေးနွေးညှိနှိုင်းရေးဖြစ်စဉ် စတင်ရန် ကြိုးပမ်းခဲ့ သည်။ သို့သော် ထိုင်းအစိုးရတာဝန်ရှိသူများက ပဋိပက္ခကို နိုင်ငံတကာအဆင့်ထိ ရောက်သွားပြီး BRN နှင့် အခြားပါဝင်သည့် အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စုများကို အသိအမှတ်ပြုသလို ဖြစ်သွားမည်ကို စိုးရိမ်ပူပန်သည်။

**(ခ) အရပ်ဘက်အဖွဲ့အစည်းများ၏ တုံ့ပြန်ပုံနှင့် ပါဝင်ဆောင်ရွက်ပုံ။** တက္ကသိုလ်ဆရာ ၁၄၄ ဦး၏ အိတ်ဖွင့်ပေးစာက နိုင်ငံရေးခေါင်းဆောင်များ၊ အစိုးရဝန်ထမ်းများနှင့် အခြားသော အရပ်ဘက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များအပါအဝင် လူပေါင်း ၅၀ ပါဝင်သော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကော်မရှင် (National Reconciliation Commission (NRC)) ကို ဖန်တီးရန် အစပြုနိုင်ခဲ့သည်။ NRC ကို အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စုများနှင့် ပတ်ထာနီပြည်သူများ၏ အာဃာတများကို နားလည်ရန် တာဝန်ပေးခဲ့ပြီး ထိုပြဿနာများကိုဖြေရှင်းရန် အကြံပြုချက်များ ပေးခိုင်းခဲ့သည်။ NRC က ပြဿနာ၏ နိုင်ငံရေးရှုထောင့်ကို ကိုင်တွယ်ခဲ့ခြင်းမရှိသောကြောင့် နှစ်နှစ်အကြာ ပြည်သူလူထုက NRC ၏ လုပ်ငန်းကို ဝေဖန်လာကြသည်။ ထို့ပြင် အစီရင်ခံစာ၏ အဓိကအကြံပြုချက်တစ်ခုဖြစ်သော ဒေသတွင် *ဘာဟာဆာမလေးယု* (မလေးဘာသာစကား) ကို

[3] ထိုင်းနိုင်ငံတောင်ပိုင်းတွင် ပတ်ထာနီ၊ ယာလာ၊ နရာသီဝတ်ပြည်နယ်သုံးခုနှင့် ဆုန်ကလာ ခရိုင်လေးခုတို့ တရားဝင် ပါဝင်ကြသည်။ မလေး၊ ပတ်ထာနီဆိုသည်မှာ ယခင်က ပတ်ထာနီဆူလ်တန်နှင့် ၎င်း၏ ပြည်သူများကို ညွှန်းဆိုခြင်းဖြစ်သည်။ အချို့သော ငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားသူများက ပြည်နယ်နှင့် ပြည်သူများ၏ သမိုင်းကြောင်းများ ကွာခြားခြင်းကို အသိအမှန်ပြုသည့်အနေဖြင့် ပတ်ထာနီဟူသည့် အသုံးအနှုန်းကို အသုံးပြုခြင်းဖြစ်သည်။

လက်ခံရန်ဟူသည့် အကြံပြုချက်ကို ဗုဒ္ဓဘာသာထိုင်းလူမျိုးအများစုပါဝင်သည့် လွှမ်းမိုးနိုင်စွမ်းရှိသည့် ရှေးရိုးစွဲဝါဒီအုပ်စုကြီးက ပယ်ချခဲ့သည်။

နောင်တွင် ဒေသတွင်းအမျိုးမျိုးသော အရပ်ဘက်အဖွဲ့အစည်း လုပ်ဆောင်ချက်အသစ်များ စတင်ခဲ့ကြသည်။ မလေး-မူဆလင်များ (သို့) ထိုင်း-ဗုဒ္ဓဘာသာဝင်များကို ထောက်ခံသည့်အစွဲရှိသည့် အဖွဲ့များမှလွဲ၍ အဖွဲ့အသစ်များက အကြမ်းဖက်ခံရသူများနှင့် ၎င်းတို့၏မိသားစုဝင်များကို လူမှုရေးနှင့် စီးပွားရေး အထောက်အပံ့များပေးရန် အာရုံစိုက်ခဲ့ကြသည်။ ၎င်းတို့က အမျိုးမျိုးသော လုံခြုံရေးဥပဒေများဖြင့် စွပ်စွဲခံထားရသော (သို့) တရားစွဲဆိုခံထားရသော ပုဂ္ဂိုလ်များ၊ လူ့အခွင့်ရေးနှင့် လူသားချင်းစာနာမှု ဥပဒေများ ဖောက်ဖျက်ခံရသူများနှင့် နှိပ်စက်ခံရသူများကိုလည်း ဥပဒေအထောက်အပံ့များ ပေးခဲ့သည်။ ဖြစ်ရပ်အများစုတွင် အဆိုပါ လုပ်ဆောင်ချက်များက လူထုနှင့် ထိတွေ့ဆက်ဆံရာတွင် အဓိကလွှမ်းမိုးသူများဖြစ်ကြသည့် အမျိုးသမီးနှင့် လူငယ်အုပ်စုများနှင့်လည်း ချိတ်ဆက်ထားသည်။ ကျောင်းသားခေါင်းဆောင်များနှင့် တက္ကသိုလ်မှ ပညာရှင်များ ပါဝင်သော အရပ်ဘက်အဖွဲ့အစည်းဆိုင်ရာလုပ်ဆောင်ချက် ဥပမာတစ်ခုမှာ ၂၀၀၇ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ငြိမ်းချမ်းရေးအတွက် ထိုင်းနိုင်ငံတောင်ပိုင်း တက္ကသိုလ်များ အဖွဲ့အစည်း (Southern Thailand Universities for Peace (StufPeace)) ဖြစ်သည်။ StufPeace က လူထုနှင့် ပုဂ္ဂလိကတက္ကသိုလ်များပါဝင်သော ငြိမ်းချမ်းရေး ပညာရေး လုပ်ဆောင်ချက်များကို လုပ်ဆောင်ခဲ့ပြီး မလေးမူဆလင်များနှင့် ထိုင်းဗုဒ္ဓဘာသာများ နှစ်ဖွဲ့လုံး ပါဝင်ခဲ့ကြသည်။ ကွန်ရက်၏စီမံကိန်းတစ်ခုမှာ ကျောင်းသားခေါင်းဆောင်များနှင့် ဆရာများကို စုစည်းခဲ့သည့် အိပ်မက်မက်သူများ ငြိမ်းချမ်းရေးတည်ဆောက်ရေးဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖြစ်သည်။ လုပ်ဆောင်ချက်များကို ကြားနေဖြစ်သော နေရာ (မလေးရှားနိုင်ငံ ပီနန်မြို့မှ မလေးရှားနိုင်ငံ စိန်းတက္ကသိုလ်) တွင် ကျင်းပခဲ့ပြီး တက်ရောက်သူများက ပဋိပက္ခနှင့် ငြိမ်းချမ်းရေး၊ အကြမ်းမဖက်ရေး၊ ပဋိပက္ခပုံဖော်ရေးဆွဲခြင်းနှင့် လေ့လာဆန်းစစ်ခြင်းကို လေ့လာခြင်းများလုပ်ဆောင်ခဲ့ပြီး အရှေ့တောင်အာရှမှ အခြားသော ပဋိပက္ခများ အကြောင်း ဗဟုသုတများလည်း ရရှိစေခဲ့သည်။ ထို့ကြောင့် အိပ်မက်မက်သူများက ကျောင်းသားများကို ၎င်းတို့သက်ဆိုင်ရာတက္ကသိုလ်များတွင် ငြိမ်းချမ်းရေးကလပ်များတည်ထောင်ရန်နှင့် အကြမ်းဖက်သောပဋိပက္ခ ဖြစ်ပွားနေချိန်တွင် အမျိုးမျိုးသော ငြိမ်းချမ်းရေးစီမံကိန်းများမှ တစ်ဦးနှင့်တစ်ဦး ဆက်လက်ပြောဆိုဆက်ဆံ အလုပ်အတူလုပ်နေရန် အားပေးသည့် ငြိမ်းချမ်းရေးတည်ဆောက်ရေး ပလက်ဖောင်းတစ်ခု ဖြစ်လာသည်။

နိုင်ငံရေးလေ့လာသုံးသပ်သည့်အဖွဲ့အစည်းများနှင့် အားလုံးပါဝင်သော ပလက်ဖောင်းများက ကျယ်ပြန့်သည့် ပတ်သက်ဆက်နွှယ်သူအမျိုးမျိုးကို အတူတကွပါဝင်လာအောင်ကြိုးပမ်းခဲ့သည့် အခြားသော အရပ်ဘက် အဖွဲ့အစည်းဆိုင်ရာ လုပ်ဆောင်ချက်တစ်ခုမှာလည်း ပဋိပက္ခအသွင်ပြောင်းလဲရေး ဖြစ်ပေါ်ပြောင်းလဲမှုအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ယင်းတို့အနက် ပတ်ထာနီဖိုရမ် တည်ထောင်ခြင်းနှင့် တက်ကြွလှုပ်ရှားသူများကို ထိုင်းနိုင်ငံတောင်ပိုင်းတွင် မလေးမူဆလင်များအတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ဆွေးနွေးငြင်းခုံရန် နိုင်ငံရေးနယ်ပယ်တစ်ခုပေးခြင်းဖြင့် တက်ကြွလှုပ်ရှားသူများကို အဓိကဗျူဟာကျသော အခန်းကဏ္ဍများ ပါဝင်ခွင့်ပေးသည့် ပတ်ထာနေ (The Patany) အစီအစဉ်တို့ ဖြစ်ကြသည်။

အခြားသော အရပ်ဘက်အဖွဲ့အစည်းကြီးပမ်းမှုတစ်ခုမှာ အတွင်းလူငြိမ်းချမ်းရေးတည်ဆောက်သူများ ပလက်ဖောင်း (Insider Peacebuilders Platform or IPP) ဖြစ်သည်။ ဖြစ်ပွားနေသည့် အကြမ်းဖက်သောပဋိပက္ခသည် ခုနစ်နှစ်ကြာလာသည်အထိ တိုးတက်ပြောင်းလဲမှုမရှိသည့်အခါ ကိုယ်ပိုင်လက္ခဏာရပ်အမျိုးမျိုးနှင့် အသက်မွေးဝမ်းကြောင်းအမျိုးမျိုး လုပ်ဆောင်ကြသည့် အုပ်စုများပါဝင်သည့် ငြိမ်းချမ်းရေး တက်ကြွလှုပ်ရှားသူအုပ်စုတစ်စုက ပဋိပက္ခကိုအသွင်ပြောင်းလဲရန် နည်းလမ်းများရှာဖွေဖို့အတွက် အဆိုပါပူးတွဲလုပ်ဆောင်ချက်ကို စတင်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်လူမျိုး ငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားသူများ၏ ထိရောက်သော လုပ်ဆောင်ချက်အတွက် ကွန်ရက်အကြံအစည် (Ricigliano, 2003) ကို အတုယူပြီး အဆိုပါအဖွဲ့က ပဋိပက္ခ မောင်းနှင်သူများကို အတူတကွလေ့လာသင်ယူကြမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ထိုဖြစ်စဉ်က နှစ်နှစ်ခန့် ကြာမြင့်ခဲ့ပြီး မတူညီသောအုပ်စုမှ လူပေါင်း ၅၀ ကို အတူရောနှောကာ ပဋိပက္ခအကြောင်း အသေးစိတ်ဗဟုသုတများ ဝေမျှပေးနိုင်ခဲ့သည် (Ropers and Anuvatudom, 2014)။ IPP သည် ယခုထိ အသက်ဝင်နေဆဲဖြစ်ပြီး နောက်ထပ် တက်ရောက်သူများစွာပါဝင်ကာ ယခုအခါ နှစ်စဉ် ရွေးကောက်တင်မြှောက်ထားသည် ပုဂ္ဂိုလ်ခုနစ်ဦးပါဝင်သော IPP ကော်မတီက ဦးဆောင်သည်။ သို့သော် ယင်းအစီအစဉ်က ပတ်ထာနီနှင့် ပတ်သက်ဆက်နွှယ်သူများအကြား အနာဂတ်တွင် ဆွေးနွေးညှိနှိုင်းမှုအတွက် အခန်းကဏ္ဍတစ်ခုမှ ပါဝင်ခြင်း ရှိ၊ မရှိဆိုသည်မှာ မေးခွန်းထုတ်စရာ ရှိနေသေးသည်။ မည်သို့ပင်ဆိုစေကာမူ ပဋိပက္ခကိုဖြေရှင်းနိုင်ရန် ကျယ်ပြန့်သော အားလုံးပါဝင်မှု လိုအပ်သည်။

**(ဂ) အဖွဲ့များနှင့် ၎င်းတို့၏ အသွင်ပြောင်းလဲမှုအကြား တူညီသည့်ပမာဏ။** လူနည်းစု-လူများစု ပဋိပက္ခ အများအပြားနည်းတူ ထိုင်းနိုင်ငံမှ မလေးမူဆလင်အသိုင်းအဝိုင်း၊ ထိုင်းအစိုးရနှင့် အီလစ်များအကြား အခြေအနေကို အမျိုးသားရေး သဘောတရားအဖြစ် ကျယ်ပြန့်စွာဖော်ပြထားသည့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ လွှမ်းမိုးမှုဖြစ်သော ထိုင်းဖြစ်မှု သဘောတရားနှင့် နိုင်ငံတော်အတွက် မဏ္ဍိုင်သုံးရပ်ဖြစ်သည့် နိုင်ငံတော်၊ ဘာသာရေးနှင့် ဘုရင်စနစ်တို့က ပုံဖော်ထားသည် (Nilson, 2012)။ ယခင်က အဆိုပါလွှမ်းမိုးမှုအပေါ် တုံ့ပြန်ပုံများက အကြမ်းဖက်သည်ရော၊ အကြမ်းမဖက်သည်ပါ ရှိခဲ့သည်။ အဆိုပါတွေ့ရှိချက်အပေါ် အခြေခံပြီး ငြိမ်းချမ်းရေးတည်ဆောက်သည့် အသိုင်းအဝိုင်း၏ လုပ်ဆောင်ချက်များက အကြမ်းမဖက်သည့် နည်းလမ်းများသို့ ချဲ့ထွင်ခြင်းသည် ပဋိပက္ခဖြစ်နေသော အဖွဲ့များနှင့် ထိုင်းနိုင်ငံတောင်ပိုင်း ပြည်သူများအတွက် အကောင်းဆုံး ရွေးချယ်မှုဖြစ်လိမ့်မည်ဟူသည့်အချက်က အရေးကြီးလာသည်။ တစ်ဖက်တွင်လည်း လူနည်းစုအုပ်စုများကို ၎င်းတို့၏ လူ့အခွင့်အရေးနှင့် ထိုင်းနိုင်ငံတွင် တန်းတူရည်တူ နိုင်ငံသားများဖြစ်ခြင်းတို့နှင့် ပတ်သက်ပြီး သိရှိနားလည်လာအောင် အားပေးခြင်းက ဖြစ်သင့်ဖြစ်ထိုက်သော တောင်းဆိုမှုတစ်ခုဖြစ်ပြီး ဆွေးနွေးဝိုင်းတွင် ထိုအဖွဲ့များ၏ အခြေအနေကို တိုးတက်နိုင်ခြေရှိသည်။

**(ဃ) တတိယအုပ်စုများ။** တတိယအုပ်စုများဟူသည့် အသုံးအနှုန်းကို ပဋိပက္ခနောက်ခံအခြေအနေတွင် ကွဲပြားစွာ အသုံးပြုကြသည်။ ဤသည်က မြန်မာစစ်အစိုးရလက်ထက် နှစ်ပေါင်းငါးဆယ်နီးပါး အာဆီယံအဖွဲ့ ကဲ့သို့သော ပဋိပက္ခစနစ်ကြောင့် သက်ရောက်မှုရှိသော်လည်း ပဋိပက္ခတွင် အဓိကကျူးလွန်သူ (သို့) ဇာတ်ကောင် မဟုတ်သူများကို ညွှန်းဆိုနိုင်သည်။ ၈၀% သော လက်ရှိအကြမ်းဖက်သည့် ပဋိပက္ခများဖြေရှင်းရာတွင် ကြားဝင်ညှိနှိုင်းရေးနှင့် ပံ့ပိုးကူညီရေးဖြစ်စဉ်က ထင်ရှားသောအခန်းကဏ္ဍများမှ ပါဝင်လေရာ (*escola de*

*cultura de pau*, Peace Talks in Focus, 2020) လေ့လာဆန်းစစ်သူများက တတိယအုပ်စုဟူသည့် အသုံးအနှုန်းကို ကြားဝင်ညှိနှိုင်းရေး ဖြစ်စဉ်တွင် အသုံးပြုကြသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ယခင်ထိုင်းနိုင်ငံဝန်ကြီးချုပ် ယဉ်လတ်ရှင်နာဝတ်ထရာက တရားဝင်ဆွေးနွေးညှိနှိုင်းရေးဖြစ်စဉ်ကို ကြေညာခဲ့သည်။ ထိုသို့သော နောက်ခံအခြေအနေတွင် ထိုင်းနိုင်ငံတောင်ပိုင်း ပဋိပက္ခနှင့် ညှိနှိုင်းရေးဖြစ်စဉ်အတွက် မလေးရှားနိုင်ငံအစိုးရကို ပံ့ပိုးကူညီသူအဖြစ် တရားဝင်အသိအမှတ်ပြုခဲ့သည်။ နှစ်လအကြာ ဘာရီဆန် ရဲဖော်လူစီ နာစီယွန်နယ်လ် (BRN) အဖွဲ့က ကနဦး တောင်းဆိုချက် ငါးရပ်ကို တင်ပြထားသည့် ကြေညာချက်တစ်စောင်ကို ထုတ်ပြခဲ့သည်။ ယင်းတို့အနက်မှ တောင်းဆိုချက်တစ်ရပ်မှာ မလေးရှားနိုင်ငံကို ငြိမ်းချမ်းရေးဆွေးနွေးရေးဖြစ်စဉ်တွင် တိုက်ရိုက်ပါဝင်မှုအတွက် ကြားဝင်ညှိနှိုင်းပေးသူအဖြစ် အသိအမှတ်ပြုရန် ပါဝင်သည်။ အဆိုပါတောင်းဆိုချက်ကို ယခုအချိန်အထိ ထိုင်းအစိုးရက လက်မခံသေးပေ။ သို့ရာတွင် ထိုအချိန်မှစ၍ ဖြစ်စဉ်၌ အခြားသောဇာတ်ကောင်များ (မာရာပတ်ထာနီ ((MARA Patani)) စားပွဲဝိုင်းတွင် ပါဝင်လာသည်။ ၂၀၂၀ ပြည့်နှစ်မှစ၍ လက်ရှိဖြစ်ပေါ်နေသည့် လမ်းကြောင်းနှစ်ခုရှိသည် မာရာပတ်ထာနီနှင့် မလေးရှားနိုင်ငံတို့က ပံ့ပိုးကူညီသူများအဖြစ်ပါဝင်သည့် လမ်းကြောင်းနှင့် ထိုင်းအစိုးရနှင့် BRN တို့ နှစ်ဖွဲ့သီးသန့်ဆွေးနွေးသည့် လမ်းကြောင်းများ ဖြစ်ကြသည်။ ကံမကောင်းစွာပင် ကိုဗစ်-၁၉ က ဖြစ်စဉ်နှစ်ခုလုံးအပေါ် သက်ရောက်မှုရှိခဲ့ပြီး ယခုအခါ မည်သည့်ဖြစ်စဉ်ကမျှ သိပ်အလုပ်မဖြစ်လှပေ။

**(c) ယုံကြည်မှုနှင့် ဂုဏ်သိက္ခာဖော်ပြသည့် နည်းလမ်းများ။** ကာလရှည်ကြာသည့် အကြမ်းဖက်ပဋိပက္ခအများစုတွင် ပါဝင်သူများအကြား နက်ရှိုင်းစွာအမြစ်တွယ်နေသည့် မယုံကြည်မှုများရှိကြသည်။ နစ်နာသူများဖြစ်စေ၊ နစ်နာသူများ၏ ဆွေမျိုးများဖြစ်စေ၊ ကျူးလွန်သူများဖြစ်စေ၊ ကျူးလွန်သူများ၏ ဆွေမျိုးများဖြစ်စေ၊ ထိုသို့သော အုပ်စုများအားလုံးအတွက် တစ်ဖက်အုပ်စုနှင့် ပြောဆိုဆက်ဆံရန် ခက်ခဲသည်။ လက်ဆွဲနှုတ်ဆက်ခြင်းကပင် ခက်ခဲသည့်အခြေအနေများတွင် တစ်ဖက်အဖွဲ့ကိုယုံကြည်ပြီး ဆွေးနွေးရန်နှင့် ကတိကဝတ်ပြုရန်မှာ ပို၍ပင် ခက်ခဲသည်။ ထို့ကြောင့် အဖွဲ့များအကြား ယုံကြည်မှု၊ ရိုးသားမှုနှင့် ဂုဏ်သိက္ခာ ဖန်တီးရန် ရေးပါသည်။

နိုင်ငံ့ကိုယ်စားလှယ်များနှင့် လက်နက်ကိုင်အုပ်စုများအကြား အစည်းအဝေးများတွင် အစိုးရများက တစ်ဖက်အဖွဲ့၏နာမည်ကို ဖော်ပြခြင်းအား ရှောင်ရှားသည်။ အဘယ်ကြောင့်ဆိုသော် အထူးသဖြင့် တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ မလုပ်ဆောင်ရသေးသည့်အခြေအနေတွင် တစ်ဖက်အဖွဲ့၏နာမည်ကို ဖော်ပြခြင်းက ထိုအုပ်စုများကို တရားဝင်အသိအမှတ်ပြုခြင်းဟု အဓိပ္ပာယ်သက်ရောက်နိုင်သောကြောင့် ဖြစ်သည်။ ဤသည်မှာ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ၌ ဝန်ကြီးချုပ်ယဉ်လတ်ရှင်နာဝတ်ထရာလက်ထက်တွင် ထိုင်းအစိုးရက ပထမဆုံးအကြိမ်အဖြစ် BRN အဖွဲ့နှင့် "ငြိမ်းချမ်းရေးဆွေးနွေးရေးဖြစ်စဉ်အတွက် ယေဘုယျသဘောတူညီချက်" ကို သဘောတူခဲ့သော်လည်း တစ်ဖက်အဖွဲ့ကို "အဖွဲ့ ခ" ဟုသာ ရည်ညွှန်းလိုသည့် အခြေအနေမျိုးဖြစ်သည်။ ခုနစ်နှစ်အကြာတွင် ဆွေးနွေးရေးဖြစ်စဉ်မှ ထိုင်းအစိုးရကိုယ်စားလှယ်များက BRN နဲ့ အခြားသော အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များကို နာမည်တပ်ခေါ်ရန် ပြဿနာမရှိတော့ပေ။

ရေရှည်တည်တံ့သော ပဋိပက္ခအသွင်ပြောင်းလဲရေးအတွက် လုပ်ဆောင်မည်ဟု ရည်မှန်းထားလျှင် ဂုဏ်သိက္ခာ၊ ယုံကြည်မှုနှင့် တရားမျှတမှု သဘောတရားများကို ဂရုတစိုက်ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ ထင်ရှားစွာပင် အတိတ်မှ ပဋိပက္ခဖြစ်ခဲ့သည့်အဖွဲ့များအကြား ယုံကြည်မှုတည်ဆောက်သည့်ကိစ္စရပ်ကို အထူးအလေးထားရန် လိုအပ်သည်။ သို့သော် အချို့သောနည်းလမ်းများကို သင်ယူနိုင်သည်။ နည်းလမ်းတစ်ခုမှာ ခြေလှမ်းငယ်တစ်ရပ် အနေဖြင့် ပုဂ္ဂိုလ်ရေးဆက်သွယ်မှုများ တည်ဆောက်ရန်ဖြစ်သည်။ အခြားနည်းလမ်းတစ်ခုမှာ စစ်အေးကာလမှ ချားလ်စ်အော့စ်ဂွတ် (Charles Osgood) ၏ တဖြည်းဖြည်း အပြန်အလှန် တင်းမာမှုလျှော့ချရေး (Graduated Reciprocation in Tension Reduction (GRIT)) ဖြစ်သည်။ ဤသည်က တစ်ဖက်နှင့်တစ်ဖက် သီးသန့် ဆောင်ရွက်သည့် ယုံကြည်မှုတည်ဆောက်ရေး လုပ်ဆောင်ချက်များကို ကြေညာခြင်းဖြင့် စတင်သည် (Demmer and Ropers, 2019)။

**(စ) ထိုင်းနိုင်ငံတောင်ပိုင်းတွင် ငြိမ်းချမ်းရေး စစ်တမ်းသုတေသန။** ၁၉၉၀ ပြည့်လွန်နှစ်အစောပိုင်းတွင် စစ်အေးတိုက်ပွဲပြီးဆုံးခဲ့ခြင်းက အယူဝါဒ၊ နိုင်ငံရေးနှင့် လူမှုရေး အပြောင်းအလဲများ ဖြစ်ပွားခဲ့သည့် ကာလဖြစ်သည်။ အဆိုပါအပြောင်းအလဲများထဲမှ တစ်ခုမှာ မြောက်အိုင်ယာလန်ကဲ့သို့သော အကြမ်းဖက်သည့် နိုင်ငံရေးပဋိပက္ခများတွင် စစ်တမ်းသုတေသန အသုံးပြုလာခြင်းဖြစ်သည်။ မြောက်အိုင်ယာလန်မှ နိုင်ငံရေးပါတီ များ၏ ပံ့ပိုးမှုနှင့် ပြည်သူ့သဘောထားကောက်ခံရာတွင် ဖန်တီးမှုကောင်းသည့် နည်းလမ်းတစ်ခုဖြင့် အများစု လက်ခံသည့် ပြည့်စုံသော ကျေအေးမှုတစ်ခုဖန်တီးရန် ဖြစ်နိုင်လာသည် (Irwin, 2002)။ သဘောထားကောက်ခံခြင်းနည်းလမ်းကို လူမှုရာသီဥတုဌာနများ (Social Weather Stations (SWS)) နှင့် အာရှဖောင်ဒေးရှင်း (Asia Foundation) တို့ကလည်း ဖိလစ်ပိုင်နိုင်ငံတွင် ဘန်ဆာမိုရိုငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး အသုံးပြုခဲ့ကြသည်။ ၂၀၁၁-၂၀၁၅ ခုနှစ်အကြား SWS က ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ဖိလစ်ပိုင်လူမျိုးများ၏ သဘောထားနှင့် လက်ခံမှုကို စောင့်ကြည့်လေ့လာရန် စစ်တမ်းများ ကောက်ယူခဲ့ပြီး ဘန်ဆာမိုရို ဥပဒေ အခြေခံ ထွက်ပေါ်လာခဲ့သည်။

သို့ရာတွင် ထိုင်းနိုင်ငံတောင်ပိုင်း၌ နိုင်ငံရေးပါတီများအတွက် စုပေါင်းစစ်တမ်းကောက်ယူမှုများ ပြုလုပ်နိုင်ရန် အခြေအနေမပေးခဲ့ပေ။ သို့သော် ဒေသခံနှင့် ပြည်တွင်းအင်စတီကျူးရှင်းများက ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလနှင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလအတွင်း ငြိမ်းချမ်းရေးစစ်တမ်းများကို ကောက်ယူခဲ့ပြီး နိုင်ငံရေးပါတီများကို တက်ကြွလာစေရန် အကြံပြုချက်အများအပြား ပေးခဲ့သည် (Peace Survey Network, 2019)။ အောက်ပါ အတိုချုံးဖော်ပြချက်များအရ စစ်တမ်းသုတေသနရလဒ်များသည် ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူများ အနေဖြင့် ပြေလည်မှုတစ်ခုရရှိစေရန် လုပ်ဆောင်ရမည့်အဆင့်များအပေါ် မည်သို့ရှုမြင်သည်ကို ပို၍ အသေးစိတ် နားလည်လာစေရန် အထောက်အကူပြုသည်။

(၁) ဖြေဆိုသူ သုံးပုံနှစ်ပုံကျော်က တောင်းပိုင်းဒေသတွင် အစိုးရနှင့် ပတ်သက်ဆက်နွှယ်သူ ကိုယ်စားလှယ် များအကြား အထူးသဖြင့် ဘာသာရေးခေါင်းဆောင်များပါဝင်ပြီး ဆွေးနွေးပွဲလုပ်ဆောင်ရန်ကို ထောက်ခံကြသည်။

(၂) အရပ်သားများကို ကာကွယ်ရန်နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရန် "လုံခြုံသောဒေသများ" ဖန်တီးဖို့အတွက် ပိုများသောလူအရေအတွက်က ထောက်ခံခဲ့ကြသည်။

(၃) မလေး-မူဆလင်ပြည်သူအများစုအကြား မိခင်ဘာသာစကားတတ်မြောက်မှုမရှိခြင်း အပါအဝင် ပညာရေးအဆင့်အတန်းနိမ့်ကျခြင်း ပြဿနာကိုလည်း အဓိက ဖော်ပြခဲ့ကြသည်။

(၄) စိတ်ဝင်စားစရာအကောင်းဆုံးရလဒ်မှာ လိုလားသည့် အုပ်ချုပ်မှုပုံစံများ ဖြစ်သည်။ အဆိုပါ စစ်တမ်း အစိတ်အပိုင်းက ဒေသတွင်း ကိုယ်ပိုင်သရုပ်လက္ခဏာရှိသည့် အုပ်စုများအားလုံး လက်ခံနိုင်သည့် တရားမျှတသော ဖြေရှင်းရေးတစ်ခုထွက်ပေါ်လာစေရန် မြောက်အိုင်ယာလန်ပုံစံကို ကိုးကားထားခြင်း ဖြစ်သည်။ လိုလားသည့်အုပ်ချုပ်မှုပုံစံတစ်မျိုးကို မေးမြန်းမည့်အစား ဖြေဆိုသူများကို ရွေးချယ်စရာ အားလုံးအား လက်ခံနိုင်သည့်အဆင့်များကို အမှတ်ပေးခိုင်းခဲ့သည်။ လက်ခံနိုင်သည့်အဆင့်များကို "လိုအပ်သည်၊ လိုလားသည်၊ လက်ခံနိုင်သည်၊ သည်းခံနိုင်သည်၊ လက်မခံနိုင်ပါ" ဟူ၍ သတ်မှတ်ထား သည်။ မြောက်အိုင်ယာလန်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ထိုကဲ့သို့သော စစ်တမ်းသုတေသနများ ပုံမှန်ပါဝင်လေ့ရှိပြီး အဆုံးတွင် နောက်ဆုံးသဘောတူညီမှုက နောက်ဆုံးစစ်တမ်း၏ ရလဒ်များနှင့် လွန်စွာ နီးစပ်ခဲ့သည် (Irvin, 2002)။

အချုပ်ဆိုရသော် ပဋိပက္ခအသွင်ပြောင်းလဲရေးသည် ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဖြစ်ပွားနေသည်။ အဓိကအဖွဲ့များ အားလုံးက ထိုဖြစ်စဉ်အပေါ် သက်ရောက်မှုများရှိကြသည်။ လုပ်စရာအများကြီးတော့ ရှိနေသေးသည်။ သို့သော် အနည်းဆုံး အခြေခံအုတ်မြစ်ကို ချခဲ့ပြီးဖြစ်သည်။

## ၄.၃.၂ မင်ဒါနောင်တွင် ပဋိပက္ခ အသွင်ပြောင်းလဲရေး/ ဘန်ဆာမိုရိုဖြစ်စဉ်

ပဋိပက္ခအသွင်ပြောင်းလဲရေး ဥပမာနောက်တစ်ခုမှာ မင်ဒါနောင်/ဘန်ဆာမိုရိုဖြစ်စဉ်ဖြစ်သည်။[4] ဤသည်မှာ ဒေသတွင်း အအောင်မြင်ဆုံး ငြိမ်းချမ်းရေးဖြစ်စဉ်များထဲမှ တစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း (သို့မဟုတ် လက်ရှိတွင် ဘန်ဆာမိုရိုဒေသသဟု လက်ရှိသိထားကြသော) တွင် ဘန်ဆာမိုရို တော်လှန်ရေးအုပ်စုများအကြား လက်နက်ကိုင်ပဋိပက္ခများက ၁၉၇၀ ပြည့်လွန်နှစ် အစောပိုင်းများက စတင်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် မိုရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦး (Moro National Liberation Front (MNLF)) က ဖိလစ်ပိုင်အစိုးရ (government of the Philippines (GPH)) နှင့် ဦးစွာလက်မှတ်ရေးထိုးခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် နောက်ဆုံး ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိခဲ့သည်။ MNLF-GPH ဖြစ်စဉ်မှ အတွေ့အကြုံအရ နောင်လာသည့် မိုရိုအစ္စလာမ်မစ်လွတ်မြောက်ရေးတပ်ဦး (Moro Islamic Liberation Front (MILF)) နှင့် GPH အကြား ငြိမ်းချမ်းရေးဖြစ်စဉ်တွင် သင်ခန်းစာအများအပြားရရှိခဲ့ပြီး ဘန်ဆာမိုရိုပဋိပက္ခကို အသွင်ပြောင်းလဲ နိုင်ခဲ့သည်။ အကျိုးဆက်အနေဖြင့် ပို၍ပြည့်စုံသော ပဋိပက္ခအခြေခံအဆောက်အဦကို အဖွဲ့များအကြားတွင် သာမက ဖြစ်စဉ်တွင် ပတ်သက်ဆက်နွှယ်သူများနှင့် ပါဝင်တက်ရောက်သူများပါ ပါဝင်၍ တဖြည်းဖြည်း တည်ဆောက်နိုင်ခဲ့သည်။ ပဋိပက္ခကို အသွင်ပြောင်းလဲသူများထဲတွင် ဘန်တေအပစ်အခတ်ရပ်စဲရေး (Bantay

---

[4] မင်ဒါနောင်/ဘန်ဆာမိုရို ပဋိပက္ခဖြစ်စဉ်ဆိုင်ရာ ဆွေးနွေးမှုကို အခန်း (၅) တွင်ရှုပါ

Ceasefire) (သို့) မင်ဒါနောင်လူထုအဖွဲ့အစည်း (Mindanao People's Caucus (MPC)) က အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေးနှင့် ဘန်ဆာမိုရို အရပ်ဘက်အဖွဲ့အစည်းများ အင်အားစု (Consortium of Bangsamoro Civil Society (CBCS)) ၏ "*TiyakapKalilintad*" (သို့) ငြိမ်းချမ်းရေးကိုဂရုစိုက်ခြင်းကဲ့သို့ အရပ်ဘက်အဖွဲ့အစည်းများက စုစည်းထားသော ရပ်ရွာအခြေပြု ငြိမ်းချမ်းရေးစောင့်ကြည့်ရေးမစ်ရှင်များ ထွက်ပေါ်လာခြင်းလည်း ပါဝင်သည် (အဆိုပါကြိုးပမ်းမှုနှစ်မျိုးကို အောက်တွင် အကျယ်ချဲ့ဆွေးနွေးသွားပါမည်)။

**(က) မင်ဒါနောင်တွင် ရပ်ရွာအခြေပြု ဘန်တေအပစ်အခတ်ရပ်စဲမှုစောင့်ကြည့်ရေး**

**စာသေတ္တာ ၄.၁။ မင်ဒါနောင်တွင် ရပ်ရွာအခြေပြု ဘန်တေအပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေး *(မေရီအန်း အာနာဒို (Mary Ann Arnado) ရေးသားသည်)***




ဤသည်မှာ ဖိလစ်ပိုင်စစ်တပ်နှင့် မိုရိုအစ္စလာမ်မစ်လွတ်မြောက်ရေးတပ်ဦးတို့အကြား လက်နက်ကိုင်ပဋိပက္ခများ မြင့်တက်နေချိန် ၂၀၀၁-၂၀၀၅ ခုနှစ်အတွင်း မြင်တွေ့ရလေ့ရှိသည့် ဘန်တေအပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေးရုံး ပုံစံမျိုးဖြစ်သည်။ ထိုရုံးသည် စစ်ဖြစ်နေသောအဖွဲ့များကို ခွဲပစ်နိုင်ရန် ကြားခံနယ်မြေအဖြစ်ရှိနေသည်။ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို စောင့်ကြည့်ရာတွင် ဘန်တေအပတ်အခတ်ရပ်စဲရေးက သူပုန်များ၊ အစိုးရများနှင့် လက်နက်ကိုင်များက ဆွေးနွေးပြီးထားသည့် သတ်မှတ်နယ်မြေများအတွင်းသို့ ဝင်မလာရန်နှင့် ပြုပျက်လွယ်သည့် ငြိမ်းချမ်းရေးကို တင်းကြပ်စွာလိုက်နာရန် ယခုကဲ့သို့သော ရုံးအများအပြားကို တည်ထောင်ခဲ့သည်။ ရပ်ရွာအခြေပြု စေတနာ့ဝန်ထမ်းများ အများစုပါဝင်ပြီး ငြိမ်းချမ်းရေးကို တစ်စချင်းစီ၊ တစ်ဆင့်ချင်းစီ၊ တစ်ရက်ချင်းစီ တည်ဆောက်ခဲ့ရသည်။

ဘန်တေအပစ်အခတ်ရပ်စဲရေး၏ ပုံမှန်နေ့တစ်နေ့သည် များသောအားဖြင့် မူဆလင်စေတနာ့ဝန်ထမ်းများက ဝတ်ပြုခြင်းဖြင့် နေ့တစ်နေ့ကိုစတင်သည့် *အာဇန်* (ဝတ်ပြုရန်အတွက် အချက်ပေးခြင်း) ဖြင့် စတင်လေ့ရှိသည်။

ထို့နောက် ၎င်းတို့က ကော်ဖီအတွက် ရေနွေးတည်ပြီး ငှက်ပျောသီး (သို့) ကန်စွန်းဥများကို ပြုတ်ကြသည်။ မနက် ၆ နာရီ ဝန်းကျင်တွင် BC စောင့်ကြည့်သူများက ဒေသကို စတင်၍ ခြေလျင်လှည့်ပတ်ကြည့်ကြပြီး အရပ်သားများနှင့် စကားပြောဆိုကြသည်။ သူတို့က ယမန်ညက ပုံမှန်မဟုတ်သည့်ဖြစ်ရပ်များ (သို့) အပစ်အခတ်ရပ်စဲရေးနှင့်ဆိုင်သည့် ဖြစ်ရပ်များ ရှိ၊ မရှိ အစီရင်ခံစာများကို စစ်ဆေးကြသည်။ အစီရင်ခံစာ (သို့) အချက်အလက်ကို နေ့စဉ်စောင့်ကြည့်လေ့လာရေးစာအုပ်တွင် မှတ်တမ်းတင်ကြပြီး ပူးတွဲအပစ်အခတ်ရပ်စဲရေး ကော်မတီထံသို့ တင်ပြရမည့် အရေးပေါ်ကိစ္စရပ်များကို ဘန်တေအပစ်အခတ်ရပ်စဲရေး အဖွဲ့ခေါင်းဆောင်ထံ ချက်ချင်းသတင်းပို့ကြသည်။

မနက်ပိုင်းလှည့်လည်ကြည့်ရှုခြင်းပြီးနောက် ၎င်းတို့က ရုံးသို့ပြန်သွားကြပြီး မနက်စာပြင်ဆင်ကြသည်။ ရုံးအတွက် စားစရာများကို ကိုတာဘာတိုမြို့မှ မင်ဒါနောင်လူထုအဖွဲ့အစည်း (Mindanao Peoples Caucus (MPC)) ရုံးမှ အပတ်စဉ်ပို့ပေးသည်။ စားစရာများတွင် ဆန်၊ ငါးသေတ္တာ၊ ကော်ဖီ၊ ပေါင်မုန့်နှင့် ခေါက်ဆွဲခြောက်များ ပါဝင်သည်။ အစားအသောက်များကို အပတ်စဉ် အလှည့်ကျပြောင်းနေသည့် စောင့်ကြည့်လေ့လာသူ သုံးဦး စားသုံးမည့်ပမာဏအား တွက်ချက်ပြီး ပို့ပေးသည်။ ဒန့်ဒလွန်ရွက်၊ ပင်စိမ်းနှင့် ခဝဲသီး ကဲ့သို့သော ဟင်းသီးဟင်းရွက်များကို အနီးအနားတွင် အလွယ်တကူ အခမဲ့ခူးယူနိုင်သည်။ ဒေသခံငါးဖမ်းသမားများက ဘူလန်ဂီမြစ် (သို့) အင်းအိုင်များမှ ငါးများများ ဖမ်းမိသည့်အခါ ငါးများ ယူလာပေးလေ့ရှိကြသည်။ တစ်ခါတရံ လယ်သမားများက အုန်းသီး၊ ငှက်ပျောသီးနှင့် ပြောင်းဖူးများကိုလည်း ယူလာပေးကြသည်။ MPC က စောင့်ကြည့်သူများအတွက် ဖုန်းဘေလ်နှင့် ဆေးဝါး၊ အရက်၊ ဓာတ်မီး၊ ဓာတ်ခဲနှင့် ဆေးဘက်ဆိုင်ရာ လိမ်းဆေးဆီများကဲ့သို့သော အရေးပေါ်နှင့် လုံခြုံရေးပစ္စည်းများအတွက် အသုံးစရိတ်လည်း ပေးသည်။

မနက်စာစားပြီးနောက် စောင့်ကြည့်လေ့လာသူများသည် သူတို့ရေချိုးရန်နှင့် ဆေးကြောရန် အသုံးပြုသော ရေတွင်းမှ သောက်ရေသွားခပ်ကြသည်။ ထို့နောက် သူတို့၏ နေ့စဉ်လုပ်ငန်းဆောင်တာများဖြစ်သည့် ၎င်းတို့ စောင့်ကြည့်သည့် ဒေသမှ စစ်တပ်အခြေချစခန်းနှင့် MILF စခန်းများကို ပုံမှန်သွားရောက်လေ့လာခြင်းများကို ဆက်လက်လုပ်ဆောင်ကြသည်။ အချက်အလက်များစုစည်းရန်၊ ပြဿနာဖြစ်လာနိုင်သည့် ကိစ္စရပ်များကို ကြိုတင်သိရှိနိုင်ရန်နှင့် အကြမ်းဖက်မှု အရှိန်မြင့်တက်လာခြင်းကို တားဆီးနိုင်ရန် စစ်သားများတစ်ဦးချင်းစီနှင့် ပုံမှန်စကားပြောဆိုရန်မှာ အရေးပါသည်။ ရုံးတွင် တာဝန်ပေးခံရသည့် စောင့်ကြည့်လေ့လာသူများကို ပူးတွဲအပစ်အခတ်ရပ်စဲရေးကော်မတီ၏ မိတ်ဖက်များအဖြစ် တရားဝင်မှတ်ပုံတင်ထားသောကြောင့် ၎င်းတို့သည် စခန်းများဆီသို့ လွတ်လပ်စွာ ဝင်ထွက်နိုင်သည်။ တရားဝင်မှတ်ပုံတင်ခြင်းက အလွန်ရေးပါသည်။ သို့မဟုတ်ပါက ၎င်းတို့ကို အန္တရာယ်ပြုခံရနိုင်သည် (သို့) တိုက်ခိုက်ခံရနိုင်သည် (သို့) ကောင်းမွန်စွာ ညှိနှိုင်းခြင်းမရှိဘဲ လျှောက်သွားနေပါက ကင်းထောက်နေသည်ဟုပင် အထင်မှားခံရနိုင်သည်။

BC စောင့်ကြည့်ရေးအဖွဲ့တွင် ခရစ်ယာန်တစ်ဦး၊ မူဆလင်တစ်ဦးနှင့် မူလအခြေချနေထိုင်သူ ကိုယ်စားလှယ်တစ်ဦး (သုံးဦးအဖွဲ့ဟုလည်း ညွှန်းဆိုကြသည်) ပါဝင်ကြသည်။ ဤသည်မှာ မူဆလင်များက ခရစ်ယာန်များကို မယုံကြည်သော၊ ခရစ်ယာန်များက မူလအခြေချနေထိုင်သူများကို မယုံကြည်သော၊ အပြန်အလှန် မယုံကြည်သည့် အကွဲအပြဲများသည့် လူ့အဖွဲ့အစည်းများတွင် အရေးပါသည်။ စောင့်ကြည့်လေ့လာသူများဘက်မှ ဖြစ်နိုင်သည့်

မျက်နှာလိုက်ခြင်းနှင့် ကြိုတင်အကဲဖြတ်ခြင်းများကို လျှော့ချရန် ဘန်တေအပစ်အခတ်ရပ်စဲရေးက ရုံးများတွင် ကိုယ်စားလှယ်သုံးဦးကို နေရာချထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထိုမှသာ လူထုတွင်းမှ အုပ်စုတစ်စုချင်းစီက ၎င်းတို့၏ အကျိုးစီးပွားနှင့် စိုးရိမ်ပူပန်မှုများကို အလေးထားမည့် ကိုယ်စားလှယ်တစ်ဦးရှိသည်ဟု ခံစားရမည် ဖြစ်သည်။

စခန်းများကို သွားရောက်ပြီးနောက် ဘန်တေအပစ်အခတ်ရပ်စဲရေး စောင့်ကြည့်သူများက ငြိမ်းချမ်းရေးနှင့် ငြိမ်ဝတ်ပိပြားရေးကောင်စီကကျင်းပသည့် အစည်းအဝေးများကို တက်ရောက်ခြင်း (သို့) ဘာရန်ဂေကပွတိန်ထံ သွားရောက်ခြင်း (သို့) အမျိုးသမီးများအတွက်ကျင်းပပေးသည့် သင်တန်းများကို တက်ရောက်ခြင်းတို့ကို လုပ်ဆောင်ကြရသည်။ ၎င်းတို့ရုံးပြန်ရောက်သည့်အခါ အဆိုပါလုပ်ငန်းများအားလုံးက ၎င်းတို့၏ အချိန်ကို မွန်းလွဲနှောင်းပိုင်းအထိ ကုန်သွားစေသည်။ ခေတ္တခဏအနားယူပြီးနောက် ၎င်းတို့က အလင်းရောင်ရှိနေသေးချိန်တွင် ညစာအတွက် ပြင်ဆင်ကြရသည်။ ဒေသတွင် လျှပ်စစ်မီးမရှိပေ။ ညဘက်များမှာ အတိမှောင်မိုက်ပြီး တိတ်ဆိတ်သည်။

ညစာစားပြီးနောက် စောင့်ကြည့်သူများသည် သူတို့တစ်နေ့တာ စောင့်ကြည့်လေ့လာခဲ့သည်များကို ဆွေးနွေး၊ အကဲဖြတ်ပြီး အဖွဲ့ဝင်တစ်ဦးချင်းစီ လုပ်ဆောင်ရမည့် လုပ်ငန်းများအပါအဝင် နောက်နေ့မနက်တွင် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ကြိုတင်စီစဉ်ကြသည်။ နောက်ထပ် စောင့်ကြည့်လေ့လာမည့်သူများလာရန် အလှည့်မကျမီအထိ လာမည့် ၆ ရက်တာအတွက် ၎င်းတို့၏ နေ့စဉ်ပုံမှန်အစီအစဉ်များမှာ ထိုကဲ့သို့ပင်ဖြစ်သည်။ ဤသည်မှာ လုပ်ဆောင်စရာအားလုံးတော့ မဟုတ်ပေ။ တစ်ခါတရံ သူတို့ကို ပွဲများ/ စုဝေးပွဲများ (သို့) ဘတ်စကတ်ဘော ကစားပွဲများသို့ ဖိတ်ကြားခံရသည်။ (သို့) မြစ်ထဲတွင် အနားယူရေကူးကြသည်။ မည်သည်က သူတို့ကို တာဝန်ဆက်လက်ထမ်းဆောင်စေသနည်း။ ဤသည်မှာ ပြည်သူများသာ ကြိုးကြိုးစားစားလုပ်ဆောင်ပါက ဘုရားသခင်က သူတို့၏ကြိုးပမ်းမှုများကို အသိအမှတ်ပြုပြီး မဖြစ်နိုင်သည့်အရာများကို ဖြစ်လာအောင် လုပ်ဆောင်ပေးမည်ဟု ခိုင်မာစွာယုံကြည်သောကြောင့် ဖြစ်သည်။

အဆိုပါ အရပ်ဘက်အဖွဲ့အစည်းဦးဆောင်သည့် လုပ်ဆောင်ချက်များနှင့် (ယုံကြည်ချက်တည်ဆောက်ရေး အစိတ်အပိုင်းတစ်ခုအဖြစ်) အစိုးရနှင့် MILF လက်နက်ကိုင်အုပ်စုများတွင် စောင့်ကြည့်လေ့လာရေးယန္တရားများ ရှိသော်လည်း အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုများ ဆက်ရှိနေပြီး ပို၍ပင်များလာသေးသည်။ ဘန်တေအပစ်အခတ်ရပ်စဲရေးအစီရင်ခံစာနှင့် နိုင်ငံတကာငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့များအကြောင်း ချဉ်းကပ်အရေးဆိုခြင်းများကြောင့် ၂၀၀၄ ခုနှစ်တွင် နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့ (International Monitoring Team (IMT)) ကို တည်ထောင်ခဲ့သည် (Abubakar, 2004)။ ငြိမ်းချမ်းရေးထိန်းသိမ်းရေးအဖွဲ့ တစ်ခုအနေဖြင့် IMT ကို ပဋိပက္ခဒေသများတွင် နေရာချထားပေးသည် (အခန်း (၅) တွင်ရှုပါ)။ ထိုအဖွဲ့ရှိခြင်းက လက်နက်ကိုင်ပဋိပက္ခများကို သိသိသာသာလျော့နည်းသွားစေရုံသာမက အဖွဲ့နှစ်ဖွဲ့အကြား ယုံကြည်မှု တည်ဆောက်ရေး လုပ်ဆောင်ချက်များကိုလည်း ပိုမိုလုပ်ဆောင်လာနိုင်သည်။ နိုင်ငံတကာ ပတ်သက်ဆက်နွှယ်သူများ၊ ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများနှင့်အတူ ဤသည်က ပို၍တိုးတက်သော ငြိမ်းချမ်းရေး အဆောက်အဦတစ်ခုကို ဖန်တီးပေးနိုင်ခဲ့သည်။ ငြိမ်းချမ်းရေးထိန်းသိမ်းခြင်းသည် အဖွဲ့များအတွက်

သီးသန့်မဟုတ်ဘဲ ဖြစ်စဉ်တွင် အားလုံးပါဝင်နိုင်ခဲ့သည်။[5] အဆိုပါ (IMT နှင့် အရပ်ဘက်အဖွဲ့အစည်းများ၏) ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း အစိတ်အပိုင်းက ပဋိပက္ခကို လက်နက်ကိုင်အကြမ်းဖက်မှုမှ ရပ်ဆိုင်းခြင်းဖြင့် ဖန်တီးသော ငြိမ်းချမ်းရေးအဖြစ် ရေရှည်တည်တံ့သောပုံစံဖြင့် ပြောင်းလဲနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးဖြစ်စဉ် (သို့) တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးမှုများအတွက် ထိရောက်သည့်တည်ငြိမ်မှု ရရှိစေခဲ့သည်။ အလားတူပင် ရပ်ဆိုင်းခြင်းဖြင့် ဖန်တီးသော ငြိမ်းချမ်းရေး၏ အကျိုးဆက်တစ်ခုအရ လူ့အဖွဲ့အစည်း၏ အမျိုးမျိုးသော အပိုင်းများမှ ပြည်သူများ ပိုမိုပါဝင်သော ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းများကို စုစည်းလုပ်ဆောင်နိုင်ခဲ့သည်။

**(ခ) ယုံကြည်မှုနှင့် ဂုဏ်သိက္ခာဖော်ပြသည့် နည်းလမ်းများ။** ထိုင်းနိုင်ငံတောင်ပိုင်း ပဋိပက္ခအသွင်ပြောင်းလဲရေး ဖြစ်စဉ်တွင် ဆွေးနွေးခဲ့သည့်အတိုင်း ယုံကြည်မှုတည်ဆောက်ခြင်းဆိုသည်မှာ ပဋိပက္ခအသွင်ပြောင်းလဲရေးတွင် ချဲ့ထွင်ထားသည့် လိုအပ်သော ဖြစ်စဉ်တစ်ခုဖြစ်သည်။ ကာလရှည်ကြာ အကြမ်းဖက်သောပဋိပက္ခ အခြေအနေတစ်ခုအပြီးတွင် ရှေ့ဆက်ရန် ယုံကြည်မှုနှင့် လေးစားမှုလိုအပ်သည်။ ဤသည်က အဖွဲ့များအကြား တစ်ဖက်အဖွဲ့က ဖြောင့်မတ်သည်ဟု ယုံကြည်မှသာ ရရှိနိုင်မည်ဖြစ်သည်။ ထပ်ပြောရလျှင် အဖွဲ့များအကြား ယုံကြည်မှု၊ ဖြောင့်မတ်မှုနှင့် ဂုဏ်သိက္ခာတို့ကို ဖန်တီးရန် အရေးကြီးသည်။ ယုံကြည်မှုနှင့် ဂုဏ်သိက္ခာ တည်ဆောက်ရေးအတွက် အားကောင်းသည့် နည်းလမ်းတစ်ခုမှာ နိုင်ငံရေးနှင့် နိုင်ငံ့ခေါင်းဆောင်များမှ တောင်းပန်ခြင်း (သို့) တစ်ဖက်အဖွဲ့၏ ကိုယ်ပိုင်သရုပ်လက္ခဏာကို တရားဝင် အသိအမှတ်ပြုခြင်းဖြစ်သည်။ ဘန်ဆာမိုရို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဖိလစ်ပိုင်သမ္မတက နောက်ဆုံးတွင် ဘန်ဆာမိုရိုဟူသည့် အမည်နှင့် ကိုယ်ပိုင်သရုပ်လက္ခဏာတို့ကို ပထမဆုံးအကြိမ် အသိအမှတ်ပြုခဲ့သည်။

၂၀၁၂ ခုနှစ် အောက်တိုဘာလ (၇) ရက်နေ့တွင် သမ္မတ ဘန်နီနိုအာကီနို (၃) က ရုပ်မြင်သံကြားတွင် နိုင်ငံရေးအဖွဲ့ အသစ်တစ်ခု (သို့) အစိုးရကို ဘန်ဆာမိုရိုဟုခေါ်သွားမည်ဟု ကြေညာခဲ့သည်။ ယခင်လွတ်လပ်သော မူဆလင် မင်ဒါနောင်ဒေသ (Autonomous Region in Muslim Mindanao (ARMM)) ဟု ခေါ်ဆိုခြင်းမှ ခွဲထွက်ခဲ့ခြင်း ဖြစ်သည်။ ဤသည်က အထူးသဖြင့် MILF အတွက် သမိုင်းဝင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကြေညာချက်က ၎င်းတို့၏ ဖိလစ်ပိုင်လူမျိုးများ၏ ကိုယ်ပိုင်သရုပ်လက္ခဏာနှင့် မတူဘဲ ကွဲပြားသည့် ကိုယ်ပိုင်သရုပ်လက္ခဏာကို အသိအမှတ်ပြုခြင်းကြောင့်ဖြစ်သည်။ တရားဝင်တောင်းပန်ခြင်း မဟုတ်သော်လည်း ဘန်ဆာမိုရိုဟူသည့်အသုံးအနှုန်းက ပြည်သူများ၊ ၎င်းတို့၏သမိုင်းကြောင်းနှင့် ဘိုးဘွားများပိုင်ဆိုင်သည့် ဘန်ဆာမိုရိုဒေသကို အသိအမှတ်ပြုသည့် ပုံစံတစ်ခုဖြစ်လေရာ ယင်းမှာ သင်္ကေတတစ်ခုဖြစ်ပြီး အဓိပ္ပာယ် ပြည့်ဝသည်။ သမ္မတအကီနိုက အောက်ပါအတိုင်း ပြောခဲ့သည်။

> *ယခုသဘောတူညီချက်က နိုင်ငံရေးအဖွဲ့အစည်းအသစ်တစ်ခုကို ဖန်တီးလိုက်ခြင်းဖြစ်ပြီး ယင်းအဖွဲ့က မင်ဒါနောင်တွင် ကာလရှည်ကြာနေထိုင်ခဲ့သူများကို ကိုယ်စားပြုပြီး ဂုဏ်ပြုသည့်၊ ကျွန်ုပ်တို့နိုင်ငံ၏ ထိုဒေသမှ သမိုင်းကြောင်းနှင့် လက္ခဏာများကို ချီးမြှောက်သည့်*

[5] IMT အကြောင်းဖြစ်ရပ်လေ့လာမှုကို အခန်း (၅) တွင်ရှုပါ။

*အမည်တစ်ခုရရှိရန် ထိုက်တန်သည်။ ထိုနာမည်မှာ ဘန်ဆာမိုရိုပင်ဖြစ်သည် (Asia News Channel, 2012)။*

သမ္မတအက်ဳိနို၏ ကြေညာချက်မှာ လူအများအပြား၊ အထူးသဖြင့် ပဋိပက္ခဒေသတွင် နေထိုင်သူများအတွက် မျှော်လင့်မထားသလို စိတ်ခံစားချက် မြင့်တက်စေခဲ့သော ကြေညာချက်ဖြစ်သည်။ သဘောတူညီချက်မူဘောင်ကို လက်မှတ်ရေးထိုးစဉ်အတွင်း မိုရိုအစ္စလာမ်မစ်လွတ်မြောက်ရေးတပ်ဦး၏ ဥက္ကဋ္ဌ အီဘရာဟင်မူရဒ်က အဆိုပါ ကိုယ်ပိုင်သရုပ်လက္ခဏာကို အသိအမှတ်ပြုခြင်း၏ အရေးပါပုံကို အောက်ပါအတိုင်း ပြောခဲ့သည်။

*ယနေ့အခါ ၁၆ နှစ်နီးပါး ဆွေးနွေးပြီးနောက် မြေပြင်တွင် လက်နက်ကိုင် ထိတွေ့မှုများဖြင့် နှောင့်ယှက်ခံခဲ့ရသော်လည်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ သမိုင်းစာမျက်နှာတွင် အရေးအပါဆုံး စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့ ပြည်သူများအား ၎င်းတို့၏ ဘန်ဆာမိုရို ကိုယ်ပိုင်သရုပ်လက္ခဏာ၊ ၎င်းတို့၏ အမိမြေ၊ ၎င်းတို့၏ မိမိကိုယ်မိမိ အုပ်ချုပ်ပိုင်ခွင့်နှင့် မိမိတို့၏ အနာဂတ်အတွက် မိမိလက်နှင့် ထုစစ်နိုင်သည့် စွမ်းအားကို ပြန်လည်ပေးအပ်ခဲ့သော သမိုင်းဝင်စာချုပ်တစ်ခုဖြစ်သည် (Murad, 2012)။*

## ၄.၃.၃ ပဋိပက္ခများ အသွင်ပြောင်းလဲရာတွင် အမျိုးမျိုးသော လမ်းကြောင်းများ

ပဋိပက္ခများကိုကိုင်တွယ်ရာတွင် မတူညီသောအဆင့်များကို ခွဲခြားနိုင်ရန် အစောပိုင်းတွင် ဖန်တီးခဲ့သည့် ကိရိယာတစ်ခုက အဆင့်သုံးဆင့်ပါသော ပိရမစ်တြိဂံပုံစံတစ်ခုအဖြစ် ထင်ရှားလာသည်။

### ပုံ ၄.၂။ ပိရမစ်တြိဂံ သုံးဆင့်




Few affected population - ထိခိုက်မှုနည်းသောအုပ်စုများ

Many affected population - ထိခိုက်မှုများသောအုပ်စုများ

Track 1 – Top leaders - လမ်းကြောင်း (၁) ထိပ်တန်းခေါင်းဆောင်များ
Military/political/religious/leaders with high visibility - စစ်တပ်/နိုင်ငံရေး/ဘာသာရေး/မြင်သာသော ခေါင်းဆောင်များ
Focus on high-level negotiations/emphasizes cease-fire/led by highly visible single mediator - အဆင့်မြင့် ဆွေးနွေးပွဲများကို အဓိကအာရုံစိုက်သည်/အပစ်အခတ်ရပ်စဲရေးကို အဓိကထားသည်/မြင်သာသည့် ကြားဝင်ညှိနှိုင်းပေးသူတစ်ဦးက ဦးဆောင်သည်
Track 1.5 - လမ်းကြောင်း ၁.၅
Track 2 – Middle-level leadership - လမ်းကြောင်း (၂)၊ အလယ်ပိုင်းအဆင့်ခေါင်းဆောင်မှု
Leaders respected in sectors/ethnic/religious leaders/academics/intellectuals/humanitarian leaders (NGOs) - နယ်ပယ်များ/လူမျိုးစုများ ဘာသာရေးအုပ်စုများတွင် လေးစားရသည့် ခေါင်းဆောင်များ/ ပညာရှင်များ/လူသားချင်းစာနာမှုဆိုင်ရာနယ်ပယ်မှ ခေါင်းဆောင်များ (အစိုးရမဟုတ်သော အဖွဲ့အစည်းများ)
Problem-solving workshop/training in conflict resolution/peace commissions/insider-partial teams - ပြဿနာဖြေရှင်းရေး အလုပ်ရုံဆွေးနွေးပွဲ/ပဋိပက္ခဖြေရှင်းရေးသင်တန်း/ငြိမ်းချမ်းရေးကော်မရှင်များ/ အတွင်းလူ တစ်ပိုင်းပါသောအဖွဲ့များ
Track 3 – Grassroots leadership - လမ်းကြောင်း (၃) ရပ်ရွာအခြေပြုခေါင်းဆောင်မှု
Local leaders/leaders of indigenous NGOs/community developers/local health officials/refugee camp leaders - ဒေသခေါင်းဆောင်များ/လူမျိုးစု NGO များ၏ ခေါင်းဆောင်များ၊ လူထုဦးဆောင်သူများ/ ဒေသကျန်းမာရေးတာဝန်ရှိသူများ/ဒုက္ခသည်စခန်းခေါင်းဆောင်များ
Local peace commissions/grassroots training/ Prejudice reduction/psychological work in postwar-trauma - ဒေသငြိမ်းချမ်းရေးကော်မရှင်များ/ရပ်ရွာအခြေပြုသင်တန်း/ကြိုတင်အမြင်စွဲအကဲဖြတ်မှုများကို လျှော့ချခြင်း/စစ်ပွဲပြီးကာလ စိတ်ဒဏ်ရာများအတွက် စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်ပေးမှုများ
Society - လူ့အဖွဲ့အစည်း
**မူရင်း။** Lederach (1997) ကို မှီငြမ်းပြင်ဆင်ထားသည်။

တြိဂံကို အဆင့်ပေါင်းများစွာ ခွဲခြမ်းနိုင်သည်။ သို့ရာတွင် အထင်ရှားဆုံးပုံစံမှာ ပဋိပက္ခကိုစီမံခန့်ခွဲသည့် ခေါင်းဆောင်မှုအရ ထိပ်ပိုင်း၊ အလယ်ပိုင်းနှင့် ရပ်ရွာအခြေပြု ခေါင်းဆောင်များဟူ၍ လမ်းကြောင်းသုံးခု ခွဲခြမ်းသည့်ပုံစံဖြစ်သည်။ အချို့သော ပညာရှင်၊ လက်တွေ့ကျင့်သုံးသူများက လမ်းကြောင်း (၁.၅) ဟူ၍ တစ်စိတ်တစ်ပိုင်းခေါင်းဆောင်ကို ထည့်သွင်းထားခဲ့သည်။ အချို့သောသူများသည် လမ်းကြောင်း (၁) တွင် ပါဝင်သော်လည်း ပဋိပက္ခဖြေရှင်းရေးအတွက် လျှို့ဝှက်ပြီး တရားဝင်မဟုတ်သည့် အဆင့်တွင် ပါဝင်လိုကြသည်။ အချို့ကမူ လမ်းကြောင်း (၂) မှ ဖြစ်သော်လည်း အဆင့် (၁) မှ ခေါင်းဆောင်များကို ထိတွေ့ဆက်ဆံရန် ကြိုးပမ်းကြသည်။ လမ်းကြောင်း (၁.၅) ၏ ဥပမာတစ်ခုမှာ မင်ဒါနောင်ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်သည် (အခန်း (၁) COP အစီအစဉ်ဆိုင်ရာ အပိုင်းများတွင် ရှုပါ)။

အဆိုပါနည်းလမ်းကို အစောပိုင်းအသုံးချမှုများတွင် အမှန်တကယ်နှင့် ဖြစ်လာနိုင်သည့် ငြိမ်းချမ်းရေးအုပ်စုများ အပေါ် အလေးစိုက်ခဲ့သည်။ နောက်ပိုင်းတွင် ယင်းကို ပို၍ကျယ်ပြန့်သောရှုထောင့်မှ အသုံးပြုလာသည်။ ဆိုလိုသည်မှာ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို အမှန်တကယ်နှင့် အလားအလာရှိသည့် သံသယရှိသူများ၊ ဝေဖန်သူများနှင့် ဖျက်ဆီးသူများလည်း ပါဝင်လာသည်။ လက်ရှိတွင် ထိုင်းနိုင်ငံတောင်ပိုင်း ဖြစ်ရပ်၌ အဓိကဇာတ်ကောင်များ၊ ၎င်းတို့၏ အကျိုးစီးပွားများနှင့် အခြေအနေအပေါ် ၎င်းတို့၏ လွှမ်းမိုးမှုများကို ရှာဖွေဖော်ထုတ်ပြီး ပို၍ အသေးစိတ်နားလည်နိုင်အောင် ယင်းနည်းလမ်းကို အသုံးပြုသည်။ ယင်းအချက်အလက်များ ပို၍ကိုက်ညီလာသည်နှင့်အမျှ လမ်းကြောင်းအားလုံးမှ တက်ကြွလှုပ်ရှားသူများက ငြိမ်းချမ်းရေး ကြိုးပမ်းမှုများအပေါ် တိုး၍ စိတ်ပါဝင်စားလာကြသည်။ ဤသည်မှာ မင်ဒါနောင်/ဘန်ဆာမိုရိုတွင် ဖြစ်ပွားခဲ့သည်။

လမ်းကြောင်း (၂) နှင့် (၃) မှ တက်ကြွလှုပ်ရှားသူများကို ပါဝင်လာအောင် ထိတွေ့ဆက်ဆံခြင်း၏ အခြားသော ရလဒ်တစ်ခုမှာ အသွင်ပြောင်းလဲရေးဖြစ်စဉ်၏ တရားဝင်မှုကို တိုးမြှင့်ခြင်းဖြစ်သည်။ ထိုအခြေအနေတွင် လူပိုများများနှင့် ၎င်းတို့၏ မတူညီသောအမြင်များ ပါဝင်လာသည်။ ဤသည်မှာ အကောင်းအဆိုး ရောပြွန်း နေသည့် အချက်ဖြစ်သည်။ တစ်ဖက်တွင် ပို၍ကျယ်ပြန့်သောအမြင်များ ပါဝင်လာသောကြောင့် ဤသည်က တရားဝင်မှု ပို၍ဖန်တီးပေးသည်။ အခြားတစ်ဖက်တွင်မူ ဤသည်က အသွင်ပြောင်းလဲရေးဖြစ်စဉ်ကို ပို၍ ခက်ခဲစေသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါအမြင်များက မည်သည့် အလျှော့ပေးညှိနှိုင်းမှုကိုမျှ မလိုလားသည့် ပွဲဖျက်သူများ ပို၍ပါဝင်လာစေသောကြောင့် ဖြစ်သည်။ ထိုင်းနိုင်ငံတောင်ပိုင်းဖြစ်ရပ်တွင် လူမှုရေးနှင့် နိုင်ငံရေးအရ စိတ်ပါဝင်စားသူများက လမ်းကြောင်း (၂) နှင့် (၃) လုပ်ဆောင်ချက်များတွင် ပါဝင်ကြသည်။ ဤသည်က လမ်းကြောင်း (၁) တွင် တိုးတက်မှု နှောင့်နှေးနေခြင်းနှင့် ရှေ့မတိုးသည့် နိုင်ငံရေး ပတ်ဝန်းကျင်တွင် တရားဝင်မှု တိုးတက်စေရန် လမ်းကြောင်း (၁) မှ ဇာတ်ကောင်များ၏ လုပ်ဆောင်ချက်များကို လမ်းကြောင်း (၂) နှင့် (၃) မှ ထောက်ပံ့မှု ရရှိနိုင်သမျှရရန်ဟူသည့် ဆက်စပ်နေသည့် အကြောင်းအရာနှစ်ခုကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။

## ၄.၃.၄ စွမ်းရည်မြှင့်တင်ရန်နှင့် ပြဿနာဖြေရှင်းရန် စွမ်းဆောင်ရည်တည်ဆောက်ခြင်း

ဗြိတိသျှ ငြိမ်းချမ်းရေးပညာရှင်နှင့် လက်တွေ့ကျင့်သုံးသူ ဒိုင်ယာနာဖရန်စစ် (Diana Francis) ၏ လေ့လာတွေ့ရှိချက်အရ ငြိမ်းချမ်းရေးတက်ကြွလှုပ်ရှားမှုအားလုံးတွင် အပြုသဘောဆောင်သောဆက်ဆံရေး ပါရှိသည် (2010)။ ယင်းတို့အနက် တစ်ခုမှာ အလုပ်ရုံဆွေးနွေးပွဲများ၊ ဆွေးနွေးပွဲများနှင့် သင်တန်းများပုံစံဖြင့် ကျင်းပသည့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် အဓိကခေါင်းစဉ်များမှာ ပဋိပက္ခ၏ အစိတ်အပိုင်းများကို အကဲဖြတ်ခြင်းနှင့် နားလည်သဘောပေါက်ခြင်း၊ ပဋိပက္ခများဖြေရှင်းရန်နှင့် အသွင်ပြောင်းလဲရန် မဟာဗျူဟာများဖော်ထုတ်ခြင်း၊ နိုင်ငံရေးနယ်ပယ်တွင် ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်သွယ်ဖလှယ်ခြင်းနှင့် လွှမ်းမိုးခြင်းတို့ ဖြစ်ကြသည်။ လွန်ခဲ့သောဆယ်စုနှစ်အချို့အတွင်း ဗဟုသုတနှင့် လက်တွေ့အတွေ့အကြုံများကို စုဆောင်းထားခဲ့ပြီး ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေး အဖွဲ့အစည်းများက ပဋိပက္ခစီမံခန့်ခွဲရေးနှင့် အသွင်ပြောင်းလဲရေးတို့အတွက် သင်တန်းများနှင့် ပညာရပ်ဆိုင်ရာ ဘာသာရပ်များ သင်ကြားပေးကြသည် (Simon Fischer et al, 2000; Schirch, 2013; Levinger, 2013)။

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ထိုသို့သော လုပ်ဆောင်မှုဥပမာများမှာ (အထက်ပါ ထိုင်းနိုင်ငံတောင်ပိုင်းတွင် အသွင်ပြောင်းလဲခြင်းအပိုင်းတွင် ဖော်ပြထားသည့်) IPP၊ STUfPeace နှင့် အိပ်မက်မက်သူများ အစီအစဉ်များ ဖြစ်သည်။ ဇာတ်ကောင်များကို ငြိမ်းချမ်းရေးတည်ဆောက်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်းသည် ပဋိပက္ခအသွင်ပြောင်းလဲရေးအတွက် အရေးအပါဆုံး အချက်တစ်ချက်ဖြစ်သည်။ အဆိုပါ လုပ်ဆောင်ချက်များက မင်ဒါနောင်/ဘန်ဆာမိုရိုနှင့် အာချေးမှ ပဋိပက္ခများ အသွင်ပြောင်းလဲရေးတွင်လည်း ထိရောက်ခဲ့သည်။

ဤသည်ကို ဘန်ဆာမိုရို အရပ်ဘက်အဖွဲ့အစည်းများအင်အားစုနှင့် အာချေးအရပ်ဘက်အဖွဲ့အစည်းများ လုပ်ငန်းအဖွဲ့ (အောက်မှ စာသေတ္တာ ၄.၄ နှင့် ၄.၅ တို့တွင် ရှုပါ) တို့၏ လုပ်ဆောင်ချက်များတွင် တွေ့နိုင်သည်။ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးနှင့် ပြဿနာဖြေရှင်းရေးလုပ်ငန်းများနှင့် စတင်ခဲ့သော်လည်း ၎င်းတို့က ဒေသအဆင့်၌ ငြိမ်းချမ်းရေးထိန်းသိမ်းရေးနှင့် စောင့်ကြည့်လေ့လာရေး၊ နိုင်ငံတော်အဆင့်၌ ချဉ်းကပ်အရေးဆိုခြင်းနှင့် လော်ဘီလုပ်ခြင်း၊ ငြိမ်းချမ်းရေးအင်အားစုများတည်ဆောက်ရန် NGO အဖွဲ့များကို စုစည်းခြင်းကဲ့သို့သော လူထုအဆင့်နှင့် အုပ်ချုပ်သူများအဆင့်၌ပါ ကြားဝင်ညှိနှိုင်းရေးနှင့် ပံ့ပိုးကူညီခြင်းများကို လုပ်ဆောင်လာကြသည်။

ထိုအဖွဲ့နှစ်ဖွဲ့၏ အတွေ့အကြုံများက စတင်ဖွဲ့စည်းသည့်နှစ်အစောပိုင်းများတွင် ငြိမ်းချမ်းရေးတည်ဆောက်သည့် NGO များ၏ သက်ရောက်မှုက နည်းပါးလိမ့်မည်ကို ပြသနေသည်။ ထို့ပြင် ငြိမ်းချမ်းရေးတည်ဆောက်သူ မျိုးစုံရှိကြသော်လည်း ၎င်းတို့က စုစည်းမှုမရှိကြပေ။ ဤသည်က မင်ဒါနောင်မှ CBCS နှင့် အာချေးမှ ACSTF ကဲ့သို့သော အင်အားစုများ၊ ကွန်ရက်များနှင့် မိတ်ဖက်များ ပေါ်ပေါက်လာစေသည်။ အတွေ့အကြုံအရ စည်းလုံးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းက မြေပြင်ပေါ်မှ ခက်ခဲသော အခြေအနေများကို တိုးတက်စေရာတွင် အလုပ်ပိုဖြစ်သည်။ နောင်လာမည့်အပိုင်းနှစ်ခုတွင် CBCS နှင့် ACSTF တို့၏ လုပ်ဆောင်ချက်များကို ပဋိပက္ခ အသွင်ပြောင်းလဲရေး လုပ်ငန်း၏ဥပမာများအဖြစ် တင်ပြသွားပါမည်။

**(က) ဘန်ဆာမိုရို အရပ်ဘက်အဖွဲ့အစည်းများ အင်အားစုနှင့် မင်ဒါနောင်တွင် ပဋိပက္ခ အသွင်ပြောင်းလဲခြင်း။**[6]

ဘန်ဆာမိုရို အရပ်ဘက်အဖွဲ့အစည်းများအင်အားစု (Consortium of Bangsamoro Civil Society (CBCS)) သည် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေး၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ လူငယ်များ၊ မူလအခြေချနေထိုင်သူများနှင့် အခြားသောနယ်ပယ်များ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့် အန္တရာယ်များ၊ ထိခိုက်လွယ်မှုများမှ လူထု၏ခံနိုင်ရည်ကို တည်ဆောက်ပေးခြင်း၊ အားလုံးအတွက် အခြေခံဝန်ဆောင်မှုများနှင့် အသက်မွေးဝမ်းကြောင်းအခွင့်အရေးများ တန်းတူလက်လှမ်းမီရေး အစရှိသည့် တူညီသော ရည်မှန်းချက်များ ရှိကြသည့် ဘန်ဆာမိုရိုမှ CSO များ ကွန်ရက်ဖြစ်သည်။ ကွန်ရက်တွင် အဖွဲ့ဝင် ၂၉ ဖွဲ့ ပါဝင်ပြီး ၎င်းတို့က မင်ဒါနောင်မှ ဘန်ဆာမိုရိုလူမျိုး အများအပြားရှိသည့်ဒေသများ ပိုမိုပါဝင်လာနိုင်ရန် ဆက်လက်ချဲ့ထွင်နေကြသည်။ အင်အားစုတစ်ခုအနေဖြင့် BARMM နှင့် မင်ဒါနောင်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး

[6] ယခုအပိုင်းကို CBCS မှ Guiamel Alim က ပါဝင်ရေးသားသည်။

ကိစ္စရပ်များအတွက် အဓိကပတ်သက်ဆက်နွှယ်သူ တစ်ဦးအဖြစ် ရှေ့နောက်ညီသော အသံတစ်သံတည်းထွက်ရန် စိန်ခေါ်မှုရှိကြောင်း နားလည်သဘောပေါက်ထားကြသည်။

အောက်ပါတို့မှာ CBCS ၏ ယုံကြည်မှုများနှင့် စည်းမျဉ်းများဖြစ်သည်။

(က) မင်ဒါနောင်တွင် ငြိမ်းချမ်းရေးတည်ဆောက်ရန်နှင့် BM အရပ်ဘက်အဖွဲ့အစည်းများနှင့် လူထု၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းရည်မြှင့်တင်ပေးမှုတို့အတွက် ပါဝင်နိုင်သော အုပ်ချုပ်မှုစနစ်နှင့် အပြန်အလှန် ဆွေးနွေးညှိနှိုင်းပြီး အားလုံးသဘောတူညီမှုရယူသည့် ခေါင်းဆောင်မှုတို့မှတစ်ဆင့် လုပ်ဆောင်ရန်
(ခ) ငြိမ်းချမ်းရေး၊ လူမှုတရားမျှတမှု၊ လူ့အခွင့်အရေးနှင့် ကောင်းမွန်သော အုပ်ချုပ်မှုတို့အတွက် ရရှိနိုင်သည့် အခွင့်အရေးများကို များနိုင်သမျှများအောင် လုပ်ဆောင်ရန်
(ဂ) လွတ်လပ်ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းရေးတို့အတွက် လှုပ်ရှားမှုများကို စည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းသော အရပ်ဘက်အဖွဲ့အစည်း ပါဝင်မှုများမှတစ်ဆင့် ရှေ့တက်လှမ်းစေရန်
(ဃ) လက်ရှိအစိုးရ အင်စတီကျူးရှင်းများ၊ အဖွဲ့များ၊ အုပ်စုများ၊ အစီအစဉ်များနှင့် အရေးပါသော ပူးပေါင်းမှုများ ပြုလုပ်ခြင်း၊ အပြုသဘောဆောင်သည့် ဆက်သွယ်ဆက်ဆံမှုများနှင့် စည်းကမ်းတကျ ရှိသော မိတ်ဖက်ပြုရေး ချဉ်းကပ်ပုံများပြုလုပ်ရန်
(င) ဘန်ဆာမိုရိုကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖွံ့ဖြိုးရေးတို့အတွက် ကျွန်ုပ်တို့၏ ချဉ်းကပ်အရေးဆိုမှုနှင့် တူညီသော စည်းမျဉ်းများ ရှိသည့် ဘန်ဆာမိုရိုအုပ်စုများနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရန်
(စ) ကျွန်ုပ်တို့၏ ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့်၊ ကောင်းမွန်သောအုပ်ချုပ်မှု မျှော်မှန်းချက်များနှင့် တူညီသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်
(ဆ) စုစည်းမှုနည်းပြီး ပါဝင်မှုနည်းသည့် ဘန်ဆာမိုရို လူ့အဖွဲ့အစည်းထံ ဆက်သွယ်ခြင်းဖြင့် ကျွန်ုပ်တို့ကို ထောက်ခံအားပေးသူများ တိုးမြှင့်ရန်

လွန်ခဲ့သော ဆယ်စုနှစ်များတွင် CBCS က လူထုအခြေပြု ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာခြင်း၊ ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် လူ့အခွင့်အရေး ပညာရေးတို့အတွက် အစီအစဉ်များ အကောင်အထည်ဖော်ခဲ့သည်။ CBCS က ဘန်ဆာမိုရိုလူမျိုးများနှင့် အခြားသော ဘာသာရေးအခြေပြု အုပ်စုများအကြား လူမှုသဟဇာတဖြစ်မှုနှင့် အချင်းချင်း စည်းလုံးမှုရှိရန် ပလက်ဖောင်းများ ဖန်တီးပေးခဲ့သည်။ အခြားသောကွန်ရက်များနှင့် အတူတွဲကာ CBCS က MILF နှင့် GPH အကြား ငြိမ်းချမ်းရေးဆွေးနွေးမှုများနှင့် အစိုးရ၏ BARMM သဘောတူညီချက်အပြီး စောင့်ကြည့်ရေးတွင်လည်း တက်ကြွစွာပါဝင်ခဲ့သည်။ ဤလုပ်ငန်းများ အားလုံးသည် GPH-MILF ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အင်အားစုက အတူပါဝင်လုပ်ဆောင်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘန်ဆာမိုရိုလူမျိုးများ၏ အာဃာတများ၊ သမိုင်းကြောင်းအရ တရားမျှတမှုမရှိခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းနှင့် နယ်မြေပိုင်ဆိုင်မှုများကို သိမ်းယူခြင်းတို့ အမှန်တကယ်ဖြစ်ပွားခဲ့ကြောင်း ဖော်ထုတ်သည့် အမှန်တရား၊ တရားမျှတမှုနှင့် ပြန်လည်ရင်ကြားစေ့ရေးကော်မရှင် (Truth, Justice, and Reconciliation

Commission) က လုပ်ဆောင်ခဲ့သော လေ့လာမှုမှတစ်ဆင့် လူသိများလာသည့် အကူးအပြောင်းကာလ တရားမျှတရေးကို မြှင့်တင်သည့် အစီအစဉ်များကိုလည်း CBCS က လုပ်ဆောင်ခဲ့သည်။ အဆိုပါလုပ်ဆောင်ချက်က အတိတ်ကာလက ကြီးမားကျယ်ပြန့်သော လူ့အခွင့်အရေးချိုးဖောက်ခံရမှုတွင် နစ်နာသူများအတွက် ပြင်ဆင်မှုနှင့် တရားမျှတမှုကို ယူဆောင်ပေးရန်နှင့် ဖိလစ်ပိုင်လူမျိုးများနှင့် ဘန်ဆာမိုရိုလူမျိုးများအကြား ပြန်လည်ကုစားရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးကို ရည်ရွယ်ခဲ့သည်။ အမှန်တရား၊ တရားမျှတမှုနှင့် ပြန်လည်ရင်ကြားစေ့ရေးကော်မရှင်သည် အစိုးရနှင့် MILF အကြား ငြိမ်းချမ်းရေးသဘောတူညီချက် ပုံမှန်ဖြစ်လာစေရေးတွင် အရေးပါသည့်အစိတ်အပိုင်းဖြစ်ခဲ့သည်။ TJRC ၏ အကြံပြုချက်များတွင် ဘန်ဆာမိုရိုအတွက် အကူးအပြောင်းကာလတရားမျှတမှုနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ နိုင်ငံအဆင့် ကော်မရှင် (National Transitional Justice and Reconciliation Commission for the Bangsamoro (NTJRCB)) ဖန်တီးရန်လည်း ပါဝင်ခဲ့သည်။ CBCS ၏ ချဉ်းကပ်အရေးဆိုမှုများမှတစ်ဆင့် အဆိုပါအဖွဲ့သည် ပြန်လည်ကုစားရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးတို့အတွက် ထိရောက်သည့် ပလက်ဖောင်းတစ်ခုဖြစ်ရုံသာမက အကြမ်းဖက်မှုများ ပြန်လည်ဖြစ်ပွားခြင်းကိုလည်း တားဆီးပေးသည်။

ဘန်ဆာမိုရိုလူမျိုးစုများနှင့် အခြားသော ယဉ်ကျေးမှုကိုယ်ပိုင်လက္ခဏာရှိကြသည့် အုပ်စုများအကြား ခိုင်မာသော လူမှုသဟဇာတဖြစ်မှု (အုပ်စုများအကြား စည်းလုံးမှု) တည်ဆောက်ရေးက CBCS ၏ ပဋိပက္ခ အသွင်ပြောင်းလဲရေး ရည်မှန်းချက်တစ်ခုဖြစ်သည်။ အင်အားစုက PUSH- Bangsamoro (စည်းလုံးရေး၊ ကြံ့ခိုင်ရေးနှင့် သဟဇာတဖြစ်ရေးအတွက် ပလက်ဖောင်း) နှင့် ကိုတာဘာတိုမြို့တွင် ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ လုပ်ဆောင်ချက်ကွန်ရက်ကို တည်ထောင်ခဲ့ပြီး ယင်းကို ဘန်ဆာမိုရို၊ ခရစ်ယာန် အခြေချနေထိုင်သူများနှင့် မူလအခြေချနေထိုင်သူများ ယှဉ်တွဲနေထိုင်သည့် မင်ဒါနောင်မှ ကျန်ရှိသည့် ပြည်နယ်များတွင် ချဲ့ထွင်သွားရန် လုပ်ဆောင်ခဲ့သည်။

အဖွဲ့အစည်း၏ ပဋိပက္ခအသွင်ပြောင်းလဲရေးလုပ်ငန်းများက မြေယာပဋိပက္ခများရှိခဲ့သော ဘန်ဆာမိုရို၊ တီဒူရေးနှင့် ခရစ်ယာန် အခြေချနေထိုင်သူများရှိသည့် မင်ဒါနောင်ပြည်နယ်တွင် လူမျိုးစုသုံးစုအကြား ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လာအောင် လုပ်ဆောင်ခြင်းဖြစ်သည်။

CBCS က ဘန်ဆာမိုရိုကူးပြောင်းရေးတာဝန်ရှိသူများ (Bangsamoro Transition Authority (BARMM)) ၏ အေဂျင်စီအချို့နှင့်လည်း သဘောတူညီချက်များ၊ ပူးပေါင်းလုပ်ဆောင်မှုများ လုပ်ဆောင်ခဲ့သည်။ အဆိုပါ သဘောတူညီချက်၏ အဓိက ရည်ရွယ်ချက်မှာ (ငြိမ်းချမ်းရေးသဘောတူညီချက်မှ ထွက်ပေါ်လာသည့်) အဆိုပါ အစိုးရသစ်က ကျင့်ဝတ်နှင့်ညီသော အုပ်ချုပ်မှု စည်းမျဉ်းအောက်မှ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ၊ တာဝန်ခံမှုနှင့် နယ်ပယ်အများအပြားမှ ပါဝင်မှုတို့ကို ကိုင်စွဲထားရန် ဖြစ်သည်။

**(ခ) အာချေးဒေသတွင် အရပ်ဘက်အဖွဲ့အစည်းများလှုပ်ရှားမှုများနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေး။**[7]
အာချေးအရပ်ဘက်အဖွဲ့အစည်းလှုပ်ရှားမှုက အာချေးဒေသတွင် ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့အတွက် များစွာအရေးပါခဲ့သည်။ လုပ်ဆောင်ခဲ့သော လုပ်ငန်းများထဲမှ အချို့တွင် လူ့အခွင့်အရေးချိုးဖောက်မှုများအား စောင့်ကြည့်လေ့လာခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း၊ ပဋိပက္ခကိစ္စရပ်များအတွက် အသိပညာမြှင့်တင်ပေးခြင်း၊ အခြားမီဒီယာပလက်ဖောင်းတစ်ခု ဖန်တီးပေးခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ငြိမ်းချမ်းရေးပညာရေးနှင့် ပုန်ကန်သူများနှင့် ဆက်သွယ်ဆက်ဆံရေးများပင် ပါဝင်ခဲ့သည်။ အဆိုပါလှုပ်ရှားမှုတွင် လူ့အခွင့်အရေး NGO အစုအဖွဲ့များ၊ Achkita.com အဖွဲ့၊ အာချေးတက္ကသိုလ်များမှ ပညာရှင်များ၊ အာချေးအင်စတီကျူ (Aceh Institute (AI)) နှင့် အာချေး အရပ်ဘက်အဖွဲ့အစည်းများ လုပ်ငန်းအုပ်စု အပါအဝင် အုပ်စုအများအပြားပါဝင်သည်။

အာချေးငြိမ်းချမ်းရေးလှုပ်ရှားမှုတွင် ကျောင်းသားများလည်း ပါဝင်သည်။ ၎င်းတို့အများအပြားမှာ ပြည်သူများအတွက် ကျောင်းသားစုစည်းမှု (Student Solidarity for People (SMUR)) တွင် ပါဝင်သူ၊ ထောက်ခံသူများဖြစ်သည်။ အဆိုပါအုပ်စုကို ၁၉၉၆ မှ ၁၉၉၈ ခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှား၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်က ၁၉၉၈ ခုနှစ် မေလ (၂၁) ရက်နေ့တွင် အောင်မြင်ခဲ့ရာ အုပ်စုက အာချေးဒေသတွင် စစ်တပ်လှုပ်ရှားမှုများရပ်တန့်ရန် တောင်းဆိုခဲ့သည် (*Daerah Operasi Militer* or DOM)။ ဤသည်မှာ ၁၉၉၈ ခုနှစ် ဩဂုတ်လ (၇) ရက်နေ့တွင် နောက်ဆုံးဖြစ်ပွားခဲ့သည်။ လှုပ်ရှားမှုက စစ်တပ်အုပ်ချုပ်စဉ်ကာလအတွင်း အထူးသဖြင့် အာချေးဒေသ DOM ကာလအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို စွဲချက်တင်အရေးယူရန်နှင့် နိုင်ငံရေး အကျဉ်းသားများအားလုံးကို လွှတ်ပေးရန် ဂျကာတာကို ဖိအားပေးခဲ့သည်။ သို့သော် အာချေးဒေသတွင် DOM အဆုံးသတ်ခြင်းက အာချေးဒေသ၏ လွတ်လပ်ရေးကို တဖန် အသက်ပြန်သွင်းခဲ့သောကြောင့် ဒေသတွင် ငြိမ်းချမ်းရေးကို မယူဆောင်လာနိုင်ခဲ့ပေ။ ၁၉၇၅ ခုနှစ်မှစ၍ ကာလရှည်ကြာကြိုးပမ်းခဲ့ရသည့် အရှေ့တီမောဒေသကို ဆန္ဒခံယူပွဲကျင်းပပေးပြီး အရှေ့တီမောပြည်သူများက အင်ဒိုနီးရှားနိုင်ငံမှ လွတ်လပ်ရေးရယူရန် ရွေးချယ်လိုက်သောအခါ အဆိုပါ တောင်းဆိုချက်က ပို၍အရှိန်ရလာသည်။ ၁၉၉၉ ခုနှစ်တွင် အာချေးဒေသအတွက် အလားတူ ဆန္ဒခံယူပွဲကျင်းပရန် တောင်းဆိုချက်များ အရှိန်အမြင့်ဆုံးဖြစ်လာပြီး ဘန်ဒါအာချေးရှိ နာမည်ကျော် ဘိုင်တူရာမန် ဗလီကြီးရှေ့တွင် အာချေးလူမျိုးထောင်ပေါင်းများစွာ စုရုံးလာကြသည်။ အင်ဒိုနီးရှား အစိုးရထံမှ အလွဲသုံးစားပြုမှုများနှင့် မတရားဆက်ဆံမှုများ ခံခဲ့ရသည်မှာ လုံလောက်နေပြီဟု ယူဆထားပြီးနောက် အာချေးဒေသ လွတ်မြောက်ရေးလှုပ်ရှားမှု (*Gerakan Aceh Merdeka* or GAM) ကို ထောက်ခံမှုများ အစွမ်းကုန်မြင့်တက်လာခဲ့သည်။ ကံမကောင်းအကြောင်းမလှစွာပင် အာချေးပြည်သူများသည် အရှေ့တီမောပြည်သူများကဲ့သို့ ကံမကောင်းခဲ့ပေ။ ၎င်းတို့၏ ပြည်သူ့ဆန္ဒခံယူပွဲတောင်းဆိုချက်ကို ငြင်းပယ်ခဲ့ရုံသာမက စစ်တပ်၏ လှုပ်ရှားမှုများလည်း ပြန်လည်စတင်ခဲ့ပြီး ၁၉၉၉ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်အကြား အာရာကွန်ဒို၊ ဆင်ပန်ကေကေအေနှင့် ဘူတောင်အာတီအူကဲ့သို့သော ဒေသများတွင် အရပ်သားပြည်သူများ သတ်ဖြတ်ခံခဲ့ရသည်။

[7] ယခုအပိုင်းကို Juanda Djamal နှင့် Kamarulzaman Askandar တို့က ပါဝင်ရေးသားထားသည်။

အကြမ်းဖက်မှုများဖြင့်တက်လာသည်ကို တုံ့ပြန်သည့်အနေဖြင့် အာချေးဒေသ အရပ်ဘက်အဖွဲ့အစည်း အုပ်စုများက ၁၉၉၉ ခုနှစ် ဇန်နဝါရီလ (၃၁) ရက်နေ့နှင့် ဖေဖော်ဝါရီလ (၄) ရက်နေ့အကြား *Kongres Mahasiswa dan Pemuda Aceh Serantau* (KOMPAS သို့မဟုတ် အာချေးဒေသ ကျောင်းသားများနှင့် လူငယ်များ ကွန်ဂရက်) ကဲ့သို့သော ပဋိပက္ခကို အဆုံးသတ်ရန် မဟာဗျူဟာများနှင့် ဖြေရှင်းချက်များကို ဆွေးနွေး၊ ငြင်းခုံ၊ ဖော်ထုတ်ပေးနိုင်မည့် ပွဲများစွာကျင်းပခဲ့သည်။ နိုင်ငံတကာအဆင့်တွင် ဂျက်ဖာဆစ်ဒစ် (Jafar Siddiq) ဦးဆောင်သည့် အာချေးအတွက် နိုင်ငံတကာဖိုရမ် (International Forum for Aceh (IFA)) အဖွဲ့က အာချေးဆိုင်ရာညီလာခံကို အမေရိကန်နိုင်ငံတွင် ကျင်းပခဲ့သည်။ လူ့အခွင့်အရေးကိစ္စရပ်များကို ချဉ်းကပ်အရေးဆိုခြင်းအား ထောက်ပံ့ရန် အာချေးဒေသအတွက် လူ့အခွင့်အရေးထောက်ပံ့မှုကော်မတီ (Support Committee for Human Rights for Aceh (SCHRA)) မှတစ်ဆင့် အာချေးဒေသနိုင်ငံတကာ စုစည်းမှုကို စုရုံးနိုင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် အရပ်ဘက်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများက လွတ်လပ်ရေးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ငြင်းခုံမှုတွင် မျှခြေတစ်ခုရှာဖွေနိုင်ရန် ကျောင်းသားအုပ်စုများနှင့် လူ့အခွင့်အရေး NGO များအား ဆန္ဒခံယူပွဲကိစ္စရပ်ကို ဆက်လက်တောင်းဆိုမှုများ ပြုလုပ်နိုင်စေခဲ့သည်။

အာချေးအရပ်ဘက်အဖွဲ့အစည်းများ၏ အရေးပါသည့် အခန်းကဏ္ဍနောက်တစ်ခုမှာ အာချေးလွတ်မြောက်ရေး လှုပ်ရှားမှု (Free Aceh Movement (GAM)) နှင့် အင်ဒိုနီးရှားအစိုးရအကြား လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းရန် ငြိမ်းချမ်းရေးဆွေးနွေးပွဲတစ်ခုပေါ်ပေါက်လာဖို့ ထောက်ခံခြင်းဖြစ်သည်။ တွေ့ဆုံဆွေးနွေးခြင်းက ပြဿနာအတွက် ထွက်ပေါက်ဖြစ်သည်ဟူသည့် မျှော်လင့်ချက်မှာ GAM အင်အားစုများ၏ မြေပြင်တပ်မှူး တက်အဘ်ဒူလာဆာဖီ (Tgk Abdullah Syafiie) နှင့် ပြည်ထဲရေးဝန်ကြီးဌာန အတွင်းရေးမှူး ဘွန်ဒန် ဂူနာဝန် (Bondan Gunawan) တို့ ၂၀၀၀ ပြည့်နှစ် မတ်လ (၁၆) ရက်နေ့တွင် အလွတ်သဘောတွေ့ဆုံခဲ့ခြင်းမှ စတင်ခဲ့သည်။ ဤသည်က ဂျနီဗာတွင် ငြိမ်းချမ်းရေးဆွေးနွေးရေးဖြစ်စဉ်အတွက် အရေးပါသည့် အလှည့်အပြောင်း ဖြစ်လာခဲ့သည်။

အထူးသဖြင့် အင်ဒိုနီးရှားသမ္မတ အဘ်ဒူရာမန်ဝါဟစ် (Abdurrahman Wahid) က အာချေးပဋိပက္ခကို ငြိမ်းချမ်းစွာ ဖြေရှင်းရန် စိတ်အားထက်သန်ခဲ့ပြီး GAM နှင့် ဆွေးနွေးမှုများကို ပံ့ပိုးကူညီပေးရန် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက်အဖွဲ့ ဟင်နရီဒူးနန့်စင်တာ (Hendry Dunant Centre (HDC)) ကို ဖိတ်ခေါ်ခဲ့သည်။ HDC က အဖွဲ့များကို ၂၀၀၀ ပြည့်နှစ် မေလ (၁၂) ရက်နေ့တွင် လူသားချင်းစာနာမှုဆိုင်ရာ ရပ်ဆိုင်းရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးရန် တိုက်တွန်းနိုင်ခဲ့သည်။ ယင်းသဘောတူညီချက်အရ လုံခြုံရေးကာကွယ်မှု ပူးတွဲကော်မတီ (Joint Committee on Security Modalities (JCSM)) နှင့် လူသားချင်းစာနာမှုလုပ်ငန်းများအတွက် ပူးတွဲကော်မတီ (Joint Committee on Humanitarian Action (JCHA)) တို့ကို တည်ထောင်ခဲ့ကြသည်။ ဤသည်က လက်နက်ကိုင်ပဋိပက္ခကိုအဆုံးသတ်ရန် အပြုသဘောဆောင်သည့် ဝန်းကျင်တစ်ခုကို ဖန်တီးပေး နိုင်ခဲ့သည်။ သို့သော် အထူးသဖြင့် စစ်တပ်အတွင်းမှဆွေးနွေးမှုများနှင့် သဘောတူညီချက်များကို ဆန့်ကျင်မှု များက အကောင်အထည်ဖော်မှုကို စိန်ခေါ်ခဲ့သည်။ ထို့ကြောင့် ဖြစ်စဉ်က ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်လာပြီး သဘောတူညီချက်ကို ရှင်းလင်းစေရန် ဂျနီဗာတွင် အဆင့်မြင့်အစည်းအဝေးများ ကျင်းပခဲ့သည်။ ထိုအချိန်တွင် အရပ်ဘက်အဖွဲ့အစည်းများ ပိုမိုပါဝင်လာပြီး ဆွေးနွေးပွဲများ၊ ညီလာခံများနှင့် အစည်းအဝေးများ

ကျင်းပခြင်းဖြင့် ဖြစ်စဉ်ကို ထောက်ပံ့ကူညီခဲ့ကြသည်။ ဖြစ်စဉ်ကိုမြင်သာစေရန်နှင့် အာချေးဒေသမှ အခြေအနေများကို သိရှိလာစေရန် ယင်းတို့ကို နိုင်ငံတကာအဆင့်အပါအဝင် နေရာတိုင်းတွင် ကျင်းပခဲ့သည်။

ယခုအပိုင်း၏ နိဂုံးချုပ်အနေဖြင့် ငြိမ်းချမ်းရေးတည်ဆောက်သည့် လူထုအပါအဝင် အဖွဲ့များအားလုံးမှ ပတ်သက်ဆက်နွှယ်သူများက အခြေခံစည်းမျဉ်းများ၊ လွှန်းပြန်သံတမန်ရေး၊ မူဘောင်သဘောတူညီချက်များ၊ ယုံကြည်မှုတည်ဆောက်ရေးနည်းလမ်းများ၊ နောက်ဆုံးပြီးစီးရမည့်ရက်များ၊ ကြားဝင်ညှိနှိုင်းပေးသူများနှင့် ပံ့ပိုးကူညီပေးသူများ၊ သတ်မှတ်ချက်နှင့် အကျိုးစီးပွားများ၊ မဟာဗျူဟာကျဆက်သွယ်ရေး၊ ကြားခံအဖွဲ့အစည်းက ဆွေးနွေးမှုမူကြမ်းတစ်ခု ပြင်ဆင်ပေးသည့်နည်းလမ်း၊ နောက်ကွယ်မှလမ်းကြောင်းများ အစရှိသည့် ငြိမ်းချမ်းရေး စကားဝိုင်းများနှင့် ဆွေးနွေးပွဲများဆိုင်ရာ အသုံးအနှုန်းများကို နားလည်သဘောပေါက်လာကြပြီး ရံဖန်ရံခါ အသုံးပြုလာကြသည်။ မည်သို့ပင်ဆိုစေကာမူ ထိုသို့သော အသိပညာဗဟုသုတများက ပဋိပက္ခ ကျေအေးစေရေးတွင် သက်ရောက်မှု ရှိ၊ မရှိဟူသည့် မေးခွန်းရှိနေသေးသည်။ အဆိုပါ ဗဟုသုတက ပတ်သက်ဆက်နွှယ်သူများကို ဖြစ်စဉ်အား ပို၍ကောင်းမွန်စွာ နားလည်လာစေပြီး ဤသည်က ဖြစ်စဉ်ကို ထောက်ပံ့သော၊ ရှေ့ရောက်စေနိုင်သော ဖန်တီးနိုင်စွမ်းရှိသည့် အကြံအစည်များကို ပေါ်ထွက်လာစေနိုင်သည်။

## ၄.၄ ငြိမ်းချမ်းရေးတည်ဆောက်ရေးမှတစ်ဆင့် ငြိမ်းချမ်းရေး

၁၉၆၀ နှင့် ၁၉၇၀ ပြည့်လွန်နှစ်များမှစ၍ ငြိမ်းချမ်းရေးတည်ဆောက်ရေးဟူသည့် အသုံးအနှုန်းသည် ငြိမ်းချမ်းရေး သုတေသနတွင် ရပ်ဆိုင်းခြင်းဖြင့် ဖန်တီးသော ငြိမ်းချမ်းရေးကို ကျော်လွန်ပြီး ပို၍ တည်တံ့ခိုင်မြဲသော တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးကို လုပ်ဆောင်ကြရန် အာရုံစိုက်သည့် အမှတ်တံဆိပ် တစ်ခုအနေဖြင့် အသုံးများလာသည်။ ဥပမာ ဂျိုဟန်ဂယ်လ်တန်က သူ၏ *ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း၊ ငြိမ်းချမ်းရေးပြုလုပ်ခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း* တြိဂံမော်ဒယ်ဖြင့် အဆိုပါဖြစ်ပေါ်ပြောင်းလဲမှုတွင် ပါဝင်ခဲ့ကြသည်။ ထိုမော်ဒယ်တွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုသည်မှာ တရားမျှတမှုနှင့် တန်းတူညီမှု အတွက် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အပြောင်းအလဲများလုပ်ဆောင်ပြီး ပဋိပက္ခ၏အရင်းမြစ်များကို ကိုင်တွယ်ဖြေရှင်းခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပြီး ငြိမ်းချမ်းရေးပြုလုပ်ခြင်းဆိုသည်မှာ ဆွေးနွေးခြင်း၊ အပေးအယူလုပ်ခြင်းဖြင့် အကြမ်းဖက်သောပဋိပက္ခတစ်ခုကို အဆုံးသတ်ခြင်းဖြစ်သည်။ ငြိမ်းချမ်းရေး ထိန်းသိမ်းခြင်းဟူသည့် အသုံးအနှုန်းမှာ ငြိမ်းချမ်းရေးကို သူယခင်က ခွဲထုတ်ခြင်းနှင့် ဆက်စပ်ခြင်းဟူ၍ ခွဲခြားပြခဲ့ခြင်းအပေါ် ကိုးကားထားခြင်းဖြစ်သည်။

လတ်တလောနှစ်များအတွင်း အရပ်ဘက်ငြိမ်းချမ်းရေးအဖွဲ့အစည်းအများစုက သူ၏သမိုင်းဝင်စာအုပ် *ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ အကွဲအပြဲဖြစ်နေသည့် လူ့အဖွဲ့အစည်းများတွင် ရေရှည်တည်တံ့သော ပြန်လည်ရင်ကြားစေ့ရေး (Building Peace: Sustainable Reconciliation in Divided Societies)* ၌ ဂျွန်ပေါလ်လီဒရက်ချ် (John Paul Lederach) က အသုံးပြုခဲ့သည့် ငြိမ်းချမ်းရေးတည်ဆောက်ရေး အသုံးအနှုန်းကိုလည်း သုံးနှုန်းကြသည်။ ၁၉၉၀ ပြည့်လွန်နှစ်အစောပိုင်း အရှေ့နှင့် အနောက်ကြား စစ်အေးတိုက်ပွဲ အဆုံးသတ်ကာလတွင် ကုလသမဂ္ဂက ၎င်းတို့လုပ်ငန်းများအတွက် ရှေးဦးစွာ ပဋိပက္ခအဆုံးသတ်ချိန် လုပ်ငန်းများ

အတွက် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဟူသည့် အသုံးအနှုန်းကို သုံးစွဲရန် စတင်အားပေးလာခဲ့သည်။ နောင်တွင် အဆိုပါအသုံးအနှုန်းက ငြိမ်းချမ်းရေးဆိုင်ရာလုပ်ငန်းများအားလုံး၊ အထူးသဖြင့် ဖွံ့ဖြိုးရေးအေဂျင်စီများနယ်ပယ်တွင် အားလုံးလွှမ်းခြုံသည့် အသုံးအနှုန်းတစ်ခုဖြစ်လာသည်။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း လုပ်ဆောင်ရသည့် အကြောင်းအရင်းကို ဘူးထရက်စ်ဂါလီက သူ၏ အစီရင်ခံစာ *ငြိမ်းချမ်းရေးအတွက်အစီအစဉ် (An Agenda for Peace (1992))* တွင် *"ကာကွယ်တားဆီးရေး သံတမန်ရေးက အကျပ်အတည်းကို ရှောင်ကြဉ်ရန်ဖြစ်သည်။ ပဋိပက္ခကာလအပြီး ငြိမ်းချမ်းရေးတည်ဆောက်ခြင်းက နောက်တစ်ကြိမ်ပြန်ဖြစ်ခြင်းကို တားဆီးရန်ဖြစ်သည်"* ဟု ဆိုခဲ့သည်။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် လစ်ဘရယ်နိုင်ငံတော် တည်ဆောက်ခြင်းတို့ကို ညီမျှခြင်းချလိုက်သောအခါ အဆိုပါဖြစ်ပေါ်ပြောင်းလဲမှုက အထွဋ်အထိပ်ရောက်လာခဲ့သည်။ ငြိမ်းချမ်းရေးကို လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲများ၊ ဒီမိုကရေစီ၊ ကောင်းမွန်သောအုပ်ချုပ်ရေး၊ လူ့အခွင့်အရေးနှင့် လစ်ဘရယ်စီးပွားရေး တည်ဆောက်ပုံများဖြင့် အကောင်းဆုံးဖန်တီးပြီး ရေရှည်တည်တံ့စေနိုင်သည်ဟူသည့် အနောက်တိုင်းလစ်ဘရယ် ကျမ်းရိုးနားလည်ပုံကိုအခြေခံပြီး ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့် အခြားသော မြောက်ပိုင်းနိုင်ငံများ၏ နိုင်ငံတကာဝင်ရောက်စွက်ဖက်မှုများက အဆိုပါသဘောတရားကို လိုက်နာခဲ့ကြသည်။

USSR ပြိုကွဲချိန်၊ အထူးသဖြင့် စစ်အေးတိုက်ပွဲအပြီး၌ နိုင်ငံသစ် ၂၂ နိုင်ငံ ပေါ်ထွက်လာပြီး အကြမ်းဖက်သော ပဋိပက္ခများ စတင်လာချိန်၊ ယူဂိုဆလားဗီးယားနှင့် ဥရောပတိုက်အလယ်ပိုင်းနှင့် အရှေ့ပိုင်းမှ အခြားသော ကွန်မြူနစ်နိုင်ငံဟောင်းများတွင် အုပ်ချုပ်မှုပုံစံများ ပြောင်းလဲသွားချိန်၌ အနောက်နိုင်ငံမှ အင်စတီကျူးရှင်း အများအပြားက ငြိမ်းချမ်းရေးတည်ဆောက်ခြင်း သဘောတူညီချက်ကို ကြိုဆိုခဲ့ကြသည်။ ပဋိပက္ခအများစုမှာ USSR နှင့် ယူဂိုဆလားဗီးယား ဖက်ဒရယ်ပြည်ထောင်စုများတွင် ယခင်က အတူယှဉ်တွဲနေထိုင်ရန် စီမံခြင်းခံခဲ့ရသည့် လူမျိုးစု-နိုင်ငံရေး လူနည်းစုအုပ်စုများကြောင့် ဖြစ်သည်။ ထိုအုပ်စုများသည် ရုတ်ချည်းဆိုသလို လူများစုအုပ်စုများက လွှမ်းမိုးထားသော ရာထူးများရယူထားသည့် နိုင်ငံအသစ်များ ပေါ်ပေါက်လာမှု၏ လက်တွေ့ကို ရင်ဆိုင်လိုက်ရသည်။ လူ့အခွင့်အရေး၊ ဒီမိုကရေစီ၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးတို့အကြား အဆက်အစပ်ရှိသည်မှာ ထင်ရှားသည်။ သို့သော် လက်တွေ့တွင် အကြမ်းဖက်ပဋိပက္ခများတွင် ပါဝင်သည့် နိုင်ငံအများစုမှာ လစ်ဘရယ်နိုင်ငံဖြစ်မှု၏ အဆိုပါအချက်များနှင့် ပတ်သက်ပြီး ရုန်းကန်နေကြရသည်။ ကုလသမဂ္ဂနှင့် အခြားသော နိုင်ငံတကာမှဝင်ရောက်စွက်ဖက်သည့် ဇာတ်ကောင်များသည် ရည်ရွယ်ချက်ကောင်းတော့ ရှိနိုင်သော်လည်း ၎င်းတို့အနေဖြင့် ရှောင်လွှဲမရသောဒွိဟများကို မကြာခဏ ရင်ဆိုင်ရသည်။ လူ့အဖွဲ့အစည်းများ၏ လူမှု၊ ယဉ်ကျေးမှု လည်ပတ်ပုံများကို အသေးစိတ် မသိရှိခြင်းနှင့် နိုင်ငံတည်ဆောက်ပုံများနှင့် နိုင်ငံရေးအခင်းအကျင်းများအကြား အာဏာချိန်ခွင်လျှာများ ဖြစ်သည် (Jarstad and Sisk, 2009; MacGinty, 2011; Richmond, 2011; and Ryan, 2013)။

ဘူဂင်ဗီးလ်နှင့် ပါပူအာနယူဂီနီ ကဲ့သို့သော လွှမ်းမိုးနိုင်သည့် နိုင်ငံတော်မရှိသော ပဋိပက္ခများတွင် လစ်ဘရယ်နိုင်ငံတော် တည်ဆောက်ခြင်းမှတစ်ဆင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသည် အခြေအနေကို မသိလွန်းရာကျသည်။ ဖော်လ်ကာဘိုဂ် (Volker Böge) နှင့် သူ၏လုပ်ဖော်ကိုင်ဘက်များက ကမ္ဘာ့တောင်ဘက်ပိုင်းမှ စစ်ပွဲသစ်များ၏ အရေးလက္ခဏာရပ်များအရ လစ်ဘရယ်နိုင်ငံတော်ထက် နိုင်ငံရေးအစီအမံအရောပုံစံတစ်မျိုးမျိုး လိုအပ်ကြောင်းကို ပထမဆုံးတင်ပြခဲ့သူများဖြစ်သည် (2011)။ ထိုအစား

ထိုသို့ အရောအခြေအနေမျိုးတွင် နိုင်ငံတော်မဟုတ်သည့် ရိုးရာခေါင်းဆောင်များ၊ အင်စတီကျူးရှင်းများ၊ ဓလေ့ထုံးတမ်းများသည် ပို၍ထိရောက်သည်။ အထူးသဖြင့် ထိုသူများတွင် ကျယ်ပြန့်စွာလက်ခံထားသည့် တရားဝင်မှုနှင့် ကျယ်ပြန့်သောပါဝင်မှုတို့ ရှိလျှင်ဖြစ်သည်။ ပဋိပက္ခများကို နိုင်ငံ့အင်စတီကျူးရှင်းများက လွှမ်းမိုးသည့်အခါ၊ အထူးသဖြင့် နိုင်ငံ၏ နိုင်ငံရေးနှင့် စီမံခန့်ခွဲရေးလက္ခဏာရပ်များကို ပြုပြင်ပြောင်းလဲခြင်းနှင့် သက်ဆိုင်သည့် ပဋိပက္ခများတွင် သမာရိုးကျချဉ်းကပ်ပုံများ၏ လိုအပ်ချက်များက ပို၍သိသာထင်ရှားလာသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀ အတွင်း ကမ္ဘာတောင်ပိုင်းမှ အမျိုးမျိုးသော ငြိမ်းချမ်းရေးကြိုးပမ်းမှုများ ပေါ်ထွန်းလာခြင်းက ဖြစ်ရပ်အနည်းငယ် (ဥပမာ မြောက်အိုင်ယာလန်၊ မင်ဒါနောင်နှင့် အာချေး) တွင်သာ ဒီမိုကရေစီကူးပြောင်းရေးနှင့် လစ်ဘရယ်လူမှုနိုင်ငံရေး ကိစ္စရပ်များအပါအဝင် ကျယ်ပြန့်သောကိစ္စရပ်များကို သဘောတူရန် ဖြစ်နိုင်သည်ကို ပြသနေသည်။ အခြားသော ဖြစ်ရပ်အများအပြားတွင် အချို့သော လစ်ဘရယ် ကိစ္စရပ်များ၌ အလျှော့အတင်းလုပ်နိုင်သော်လည်း နယ်ပယ်အများအပြား၌ အာဏာရှင်စနစ်နှင့် လစ်ဘရယ် မကျသော တည်ဆောက်ပုံများကို ပြန်လည်အသက်သွင်းထားကြသည်။ ဤသည်ကို ဘော့စနီးယားနှင့် ဟာဆီဂိုဗီးနီးယား၊ အာဖဂန်နစ္စတန်၊ အီရတ်၊ လစ်ဗျားနှင့် ဆီးရီးယားကဲ့သို့သော အကြမ်းဖက်မှုများ တွေ့ကြုံနေရသည့် နိုင်ငံများတွင်သာမက ကမ္ဘောဒီးယားနှင့် အရှေ့တီမောကဲ့သို့သော နိုင်ငံငယ်များတွင်လည်း မြင်သာထင်သာ တွေ့နိုင်သည်။

ထိုသို့သော အခြေအနေများက မက်ဂင်တီ (MacGinty (2011)) နှင့် ရစ်ချ်မွန် (Richmond (2016)) တို့ကို လက်တွေ့မကျသည့် လစ်ဘရယ်ငြိမ်းချမ်းရေးဖြေရှင်းနည်းများမှ အမျိုးမျိုးသော တော်လှန်ရေးပုံစံများ၊ ပါဝင်သူများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ကို ထည့်သွင်းစဉ်းစားထားသည့် အခြားနည်းလမ်းများကိုလည်း တင်ပြခဲ့ကြသည်။ ယခုအခါ *အရောအနှောငြိမ်းချမ်းရေးတည်ဆောက်ခြင်း* ဟု ကျယ်ပြန့်စွာ သုံးနှုန်းသည့် အသုံးအနှုန်းက သမာရိုးကျ လစ်ဘရယ်ငြိမ်းချမ်းရေးသဘောတူညီချက်များကို နိုင်ငံတော်မဟုတ်သည့် ရိုးရာဇာတ်ကောင်များနှင့် အင်စတီကျူးရှင်းများအပါအဝင် အမျိုးမျိုးသော အဖွဲ့အစည်းပုံစံများနှင့် ပေါင်းစပ်ထားသည်။ အရောပုံစံက ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအပေါ် အဆိုပါချဉ်းကပ်ပုံက ပြည်တွင်း အခြေပြုသည့် တရားဝင်မှုရှိသည့် အားသာချက်ရှိသည်ဟု ဆိုသည် (Uesugi, 2021)။ ဝေဖန်သူများကမူ တန်းဝင်သောငြိမ်းချမ်းရေးသည် ပြည်တွင်း၌အခြေခံရုံသာမက နိုင်ငံတကာတရားဝင်မှုလည်း ရှိရမည်ဟု ထောက်ပြကြသည် (Uesugi, 2021)။ ထိုသို့သော အခြေအနေမျိုးတွင် အရောပုံစံ မော်ဒယ်များကို နှိုင်းယှဉ်ကြည့်ခြင်းက အသုံးဝင်ပေလိမ့်မည် (Richmond and Mitchell, 2012; Uesugi et al, 2021)။

အရောပုံစံ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ကိုက်ညီသည့်သဘောတရားတစ်ရပ်မှာ အရောပုံစံ သဘောတရား နှင့် အပြိုင် ထင်ရှားလာသည့် *ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း* သဘောတရားဖြစ်သည် (Richmond, 2016)။ သို့သော် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း၏ နောက်ခံက အောက်ခြေမှ ငြိမ်းချမ်းရေးလှုပ်ရှားမှုများ၏ သမိုင်းနှင့် ဆက်စပ်နေပြီး (Barash, Webel, 2018) လက်တလောခေတ်စားလာသည့် ဒေသလုပ်ဆောင်ချက်များကို နိုင်ငံရေးအရတရားဝင်မှု၏ အဓိကနယ်ပယ်အဖြစ် မှတ်ယူလာကြသည်။ အမျိုးမျိုးသော ဒီမိုကရေစီ တစ်စိတ်တစ်ပိုင်းနိုင်ငံများရှိ အရပ်ဘက်အဖွဲ့အစည်းမှ ဇာတ်ကောင်များက နိုင်ငံတော်တည်ဆောက်ခြင်းနှင့်

ငြိမ်းချမ်းရေးတည်ဆောက်ခြင်းတို့ကို ဆက်စပ်ပေးရန် ပို၍ တောင်းဆိုလာသောအခါ ယင်းနယ်ပယ်က ပို၍ ထင်ရှားလာသည်။ အကြမ်းမဖက်မှုရှိနေသည့်အခါ (သို့) ထွက်ပေါ်လာသည့်အခါမှသာ၊ တန်းတူညီမှု၊ ဂုဏ်သိက္ခာနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်း၊ ဗဟုဝါဒနှင့် ယဉ်ကျေးမှုပေါင်းစုံ နားလည်သဘောပေါက်မှု ရှိခြင်းနှင့် ကိုယ်ပိုင် သရုပ်လက္ခဏာ၊ အဆင့်အတန်းနှင့် ဂျန်ဒါ မည်သို့ပင်ရှိစေကာမူ ပါဝင်နိုင်သည့်အခါမှသာ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းကို ဆွေးနွေးသင့်သည်ဟု ရစ်ချ်မွန်က ဆိုထားသည် (2016)။

တစ်ချိန်တည်းမှာပင် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း သဘောတရားများကို နောက်ခံအခြေအနေအများအပြားတွင် ဖော်ထုတ်ဆွေးနွေးထားခဲ့သည် (Richmond, 2012; 2013; Aning et al, 2018)။ စိတ်ဝင်စားဖွယ်ရာ လက္ခဏာရပ်တစ်ရပ်မှာ နီပေါနိုင်ငံတွင် ငြိမ်းချမ်းရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာဝန်ကြီးဌာန၊ ဖိလစ်ပိုင်နိုင်ငံတွင် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် သမ္မတအကြံပေးရုံး (Office of the Presidential Adviser on the Peace Process (OPAPP)) တည်ထောင်ခြင်းကဲ့သို့သော ငြိမ်းချမ်းရေးအတွက် အခြေခံအဆောက်အဦများကို သိသိသာသာ ထောက်ပံ့ခြင်းဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံကဲ့သို့သော ရက်စက်သည့်စစ်ပွဲကို ကာလရှည်ကြာခံစားခဲ့ရသည့် နိုင်ငံများနှင့် သက်ဆိုင်သည့် အခြားတွေ့ရှိချက်တစ်ချက်မှာ ဤသည်က ရပ်ရွာတွင်း အပြန်အလှန်ရိုင်းပင်းကူညီသည့် ယဉ်ကျေးမှုတစ်ခု ပေါ်ထွက်လာစေပြီး နိုင်ငံတော်၏ထောက်ပံ့ပေးမှုအပေါ် မျှော်လင့်ချက်ကြီးကြီးမားမား မထားခြင်းဖြစ်သည်။

**စာသေတ္တာ ၄.၂။ ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်**

***ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း*** *ဖြစ်စဉ်များကို ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် ငြိမ်းချမ်းရေးအတွက် ရေရှည်တည်တံ့မည့်ဝန်းကျင်များ ဖန်တီးပေးမည့်နည်းလမ်းများရှာဖွေရန် ဓလေ့ထုံးတမ်း၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ လူမှုရေး (သို့) ပြည်တွင်းနိုင်ငံရေး (သို့) ပြည်တွင်းအစိုးရများတွင် ဆက်ဆံရေးနှင့် ကွန်ရက်ချိတ်ဆက်ထားသော ဖြစ်စဉ်များဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်* (Richmond, 2016: 34)။ အရောပုံစံငြိမ်းချမ်းရေးဖော်ဆောင်ခြင်းအတွက် အထူးဥပမာတစ်ခုကို တီမောလက်စ်တေးနိုင်ငံတွင် တွေ့နိုင်သည်။ ပေါ်တူဂီနိုင်ငံက ကိုလိုနီပြုခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံကသိမ်းပိုက်ထားသည့် သမိုင်းကြောင်းပြီးနောက် ကုလသမဂ္ဂ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် ပြည်သူ့ဆန္ဒခံယူပွဲ ကမကထလုပ်ပေးခဲ့သော်လည်း ခိုင်မာသော ဓလေ့ထုံးတမ်း ယဉ်ကျေးမှုများ၊ ဒေသအခြေပြုဘုရားကျောင်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် သြဇာတိက္ကမကြီးသော ပြည်တွင်းခေါင်းဆောင်များသာ မရှိလျှင် အဆိုပါလုပ်ဆောင်ချက်က အောင်မြင်လိမ့်မည်မဟုတ်ပေ (Molnar, 2011; Leach, Kingsbury et al, 2013; Richmond, 2016)။

## ၄.၄.၁ ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက်လုပ်ဆောင်ခြင်း

လွန်ခဲ့သောနှစ်များအတွင်း ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသည် အထက်မှစသည့် ချဉ်းကပ်ပုံမျိုးဖြစ်သည်ဟု ပညာရှင်များနှင့် လက်တွေ့လုပ်ဆောင်သူများက ရှာဖွေတွေ့ရှိခဲ့ကြသည်။ ဤသည်က ဒေသခံများ (သို့) ပဋိပက္ခကြောင့် တိုက်ရိုက်သက်ရောက်မှုခံရသူများ ပါဝင်မှုမရှိခြင်းကိုပြသနေပြီး အကျိုးဆက်အနေဖြင့် ငြိမ်းချမ်းရေး

ရေရှည်ခံမှုကို အားနည်းစေသည်။ အဆိုပါရှာဖွေတွေ့ရှိမှု၏ ဥပမာများကို ဘော့စနီးယား-ဟက်ဇာဂိုဗေးနီးယား၏ အတွေ့အကြုံ (Emkic, 2018) နှင့် ဖိလစ်ပိုင်နိုင်ငံ၊ မင်ဒါနောင်တွင် မိုရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦး၏ ၁၉၉၈ ခုနှစ် နောက်ဆုံး ငြိမ်းချမ်းရေးသဘောတူစာချုပ် အကောင်အထည်ဖော်ခြင်း (Abubakar, 2019) တို့တွင် တွေ့နိုင်သည်။ ဆန့်ကျင်ဘက်အနေဖြင့် လီဒါရက်ချ် (Lederach (1997)) က အောက်ခြေမှ ငြိမ်းချမ်းရေးတည်ဆောက်ရေးသဘောတရားကို အားပေးသည့် အမျိုးမျိုးသောဇာတ်ကောင် အမျိုးအစားများနှင့် ချဉ်းကပ်ပုံများပါဝင်သည့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း သဘောတရားကို တင်ပြခဲ့သည်။ ယင်းသဘောတရား က ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဖြစ်စဉ်တွင် ပါဝင်ပိုင်ဆိုင်မှုတန်ဖိုး၊ မူလအခြေချနေထိုင်သူဖြစ်မှုနှင့် လူထုကို အဓိကပတ်သက်ဆက်နွယ်သူများအဖြစ် ပါဝင်ခိုင်းခြင်းတို့ကို အဓိကအာရုံစိုက်ထားသည် (Abubakar, 2019)။ ရမ်စ်ဘော့သမ်၊ ဝုဒ်ဟောက်စ်နှင့် မီရယ်လ် (Ramsbotham, Woodhouse, and Miall (2011)) ကဲ့သို့သော ပညာရှင်များကလည်း ရောပြွန်းစုံလင်သော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသဘောတရားကို ဖော်ထုတ်ခဲ့သည်။ ရောပြွန်းစုံလင်သော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းက အောက်ခြေမှ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသည် နယ်ပယ်တွင် ထင်ရှားသည့်ထွက်ပေါ်မှုတစ်ခုဖြစ်ပြီး အထက်မှစသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် အောက်ခြေမှစသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းတို့သည် အရင်းအမြစ်များ ပိုမိုယူဆောင်လာရုံသာမက ငြိမ်းချမ်းရေးရရှိရန် အပြည်ပြည်ဆိုင်ရာတန်ဖိုးများကို အားကောင်းစေသည်။ အဆိုပါ အပြည်ပြည်ဆိုင်ရာ တန်ဖိုးများတွင် လူ့အခွင့်အရေးနှင့် ကမ္ဘာမြေကို အတူတကွဝေမျှနေထိုင်ကြသည်ဟူသည့် သဘောတရားမှ ဆင်းသက်လာသည့် ကမ္ဘာ့နိုင်ငံသားဖြစ်မှု တန်ဖိုးများလည်း ပါဝင်သည်။

၂၀၀၅ ခုနှစ်တွင် ကာမာရူလ်ဇာမန် အက်စ်ကန်ဒါ (Kamarulzaman Askandar (2005)) က အရှေ့တောင်အာရှ ငြိမ်းချမ်းရေးတည်ဆောက်မှု အတွေ့အကြုံများတွင် ပဋိပက္ခနှင့် ပတ်သက်ဆက်နွယ်သူများ/ဇာတ်ကောင်များ အကြား ပြိုင်ဆိုင်မှုများဖြစ်ပေါ်နိုင်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကိုယ်၌က အဆိုပါအုပ်စုများအကြား အပြန်အလှန်မှုများနှင့် ဆက်ဆံရေးများကို ပုံသွင်းပေးနိုင်သည် (ဥပမာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ နှင့် အလှူရှင်အဖွဲ့များ) ဟု ဆိုခဲ့သည်။ ထို့ကြောင့် သူက ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် အရေးပါသည့် ကိစ္စရပ်သုံးခုကို တင်ပြခဲ့သည်။ (၁) ပဋိပက္ခဖြစ်ရသည့် အကြောင်းရင်းခံများ တည်ရှိသည့်နေရာမှ စတင်တည်ဆောက်သင့်သည်၊ (၂) ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကို ပဋိပက္ခဖြေရှင်းခြင်းနှင့် ငြိမ်းချမ်းရေး ဖန်တီးခြင်းတို့၏ အုတ်မြစ်အဖြစ်ထားသင့်သည်၊ (၃) ငြိမ်းချမ်းရေးတည်ဆောက်သည့် လူ့အဖွဲ့အစည်းများတွင် အဖွဲ့တွင်းနှင့် အဖွဲ့ပြင်ပ အကျိုးစီးပွားများကို မျှတအောင် လုပ်ဆောင်သင့်သည်။

ငြိမ်းချမ်းရေးတည်ဆောက်ခြင်း မည်သို့အလုပ်လုပ်သည်ကိုသိရှိနိုင်ရန် လီဒရစ်ချ်၏ ဇာတ်ကောင်များနှင့် ချဉ်းကပ်ပုံများမော်ဒယ် (ပုံ ၄.၁ တွင် ရှုပါ) က လူ့အဖွဲ့အစည်းအတွင်း ထိပ်ပိုင်းခေါင်းဆောင်များ၊ အလယ်အဆင့် ခေါင်းဆောင်များနှင့် ပဋိပက္ခ၏သက်ရောက်မှုခံရသည့်လူထုမှ ခေါင်းဆောင်များပါဝင်သော ရပ်ရွာခေါင်းဆောင် များအထိ အဆင့်သုံးဆင့် ခွဲထားသည်။ ခေါင်းဆောင်မှုအဆင့်တိုင်း (သို့) ဇာတ်ကောင်အမျိုးအစားတိုင်း၌ ချဉ်းကပ်ပုံ (သို့) လုပ်ဆောင်မှု အများအပြားကို စုစည်းကြည့်နိုင်သည်။ ယင်းတို့က မည်သည့်ဇာတ်ကောင်က မည်သည့်အခန်းကဏ္ဍများ လုပ်ဆောင်ကြပြီး ဖြစ်စဉ်ကို အကောင်းဆုံး မည်သို့အကျိုးပြုနိုင်သည်ကို ပြသသည်။

အဆိုပါ မော်ဒယ်က ငြိမ်းချမ်းရေးဖြစ်စဉ်က လမ်းကြောင်းများစွာရှိပြီး အပြန်အလှန်မှီခိုနေသည့် သဘောသဘာဝ ရှိသည်ကိုလည်း ပြသသည်။

ငြိမ်းချမ်းရေးပညာရေး၊ ငြိမ်းချမ်းရေးသတင်းထောက်ပညာ၊ ပဋိပက္ခဖြေရှင်းရေးသင်တန်းများ၊ လူသားချင်း စာနာမှုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ခေါင်းဆောင်များနှင့် ဇာတ်ကောင်များအားလုံးကိုစုစည်းရန် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ပလက်ဖောင်းများဖန်တီးခြင်းကဲ့သို့သော ငြိမ်းချမ်းရေးတည်ဆောက်သည့် မဟာဗျူဟာများ နှင့် လုပ်ငန်းများ အများအပြားရှိသည်။ အချို့ကို ယခင် ပဋိပက္ခအသွင်ပြောင်းလဲရေးအပိုင်းတွင် ဆွေးနွေးခဲ့ပြီး ဖြစ်သည်။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းပလက်ဖောင်း ဥပမာတစ်ခုမှာ မလေးရှားနိုင်ငံ၊ စိန်းတက္ကသိုလ် ငြိမ်းချမ်းရေးဆိုင်ရာ သုတေသနနှင့် ပညာရေးယူနစ် (REPUSM) က ၂၀၀၆ မှ ၂၀၁၄ ခုနှစ်အထိ အရှေ့တောင်အာရှ ပဋိပက္ခလေ့လာရေးကွန်ရက် (SEACSN) နှင့် ဂျပန်နိုင်ငံတကာပူးပေါင်းရေးအေဂျင်စီ (JICA) တို့နှင့် မင်ဒါနောင်၊ အာချေးနှင့် ထိုင်းနိုင်ငံတောင်ပိုင်းတို့တွင် ပူးပေါင်းလုပ်ဆောင်သည့် ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင် ခြင်းအစီအစဉ် (Consolidation for Peace Program (COP)) ဖြစ်သည်။[8] ထိုအစီအစဉ်က ပဋိပက္ခ/ငြိမ်းချမ်းရေးဖြစ်စဉ်မှ အလယ်အဆင့်နှင့် ရပ်ရွာအဆင့်ဇာတ်ကောင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ ကို တံခါးပိတ်အစည်းအဝေး၊ အလုပ်ရုံဆွေးနွေးပွဲများသို့ အတူတကွ ဖိတ်ကြားခဲ့သည်။ အဆိုပါ ပလက်ဖောင်းကို လက်ရှိတည်ရှိနေသည့်ပုံစံများကို ပြောင်းလဲရန်ဖိအားပေးခြင်း၊ အနှောင့်အယှက်ပေးခြင်းမရှိဘဲ ငြိမ်းချမ်းရေး ဖန်တီးခြင်း၊ ငြိမ်းချမ်းရေးထိန်းသိမ်းခြင်းနှင့် အခြားသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းလုပ်ငန်းများအား ထောက်ပံ့ရန်အတွက် ဖန်တီးရေးဆွဲထားခြင်းဖြစ်သည်။ ထို့ကြောင့် အကြံဉာဏ်များနှင့် ဖြေရှင်းချက်များ လွတ်လပ်စွာထွက်ပေါ်လာစေပြီး တရားဝင်ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် သက်ရောက်မှုရှိစေရန် COP ကဲ့သို့သော ပလက်ဖောင်းတစ်ခုက သမာသမတ်ကျပြီး ပါဝင်သူများအကြား ယုံကြည်မှု မြင့်မြင့်မားမား ရရှိရန် လိုအပ်သည်။

ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်းများက များပြားစုံလင်ပြီး အထူးသဖြင့် အရပ်ဘက်အဖွဲ့အစည်းများက တက်ကြွစွာ လုပ်ဆောင်ကြသည်။ သို့ရာတွင် ၎င်း၏သက်ရောက်မှုများကို တိုင်းတာရာတွင် အခက်အခဲများ ရှိသည်။ ငြိမ်းချမ်းရေးလုပ်ငန်းများနှင့် အစီအစဉ်များကို စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းက ရေလတ်မှ ရေရှည် အချိန်လိုအပ်သည်။ သို့ရာတွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၏ အကျိုးဆက်များကို အကဲဖြတ် သုံးသပ်ခြင်းက လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ချက်ချင်း တိုက်ရိုက် အကျိုးဆက်များ ထွက်ပေါ်လာနိုင်ခြင်းမရှိသောကြောင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအတွက် ကာလရှည် ရင်းနှီးမြှုပ်နှံကြခြင်းကို တွေ့ရခဲ့သည်။ ဤဥပမာကို ဖိလစ်ပိုင်နိုင်ငံ စစ်တပ် (Armed Forces of the Philippines (AFP)) ၏ အမှီအခိုကင်းမှုနှင့် အုပ်ချုပ်မှုဆိုင်ရာ အင်စတီကျု ဘာလေမန်ဒါနော်နှင့် ၂၀၀၆ ခုနှစ်မှစပြီး မင်ဒါနောင်ရှိ ပဋိပက္ခသက်ရောက်သည့်ဒေသများတွင် လှုပ်ရှားနေသည့် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားရဲတပ်ဖွဲ့တို့မှ လုပ်ဆောင်ခဲ့သော ငြိမ်းချမ်းရေးပညာရေးအစီအစဉ်ကာလများတွင် တွေ့နိုင်သည် (Hernandez and Hernandez, 2010)။ ၂၀၀၅ ခုနှစ်လောက်မှစ၍ မင်ဒါနောင် ငြိမ်းချမ်းရေးတည်ဆောက်ရေး အင်စတီကျုနှင့်အတူ AFP က မိမိ၏ အရာရှိများကို နှစ်စဉ် ငြိမ်းချမ်းရေးတည်ဆောက်ရေး သင်တန်းများ ပေးခဲ့သည်။ အစိုးရနှင့် MILF

---

[8] အခန်း (၁) မှ ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်း အစီအစဉ်အပိုင်းတွင် ရှုပါ။

အင်အားစုများအကြား လက်နက်ကိုင်ပဋိပက္ခများ အရှိန်မြင့်လာချိန်တွင် အဆိုပါကြိုးပမ်းမှုများအားလုံးက အလုပ်ဖြစ်ခဲ့သည်ဟု ဆိုနိုင်သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ (၂၅) ရက်နေ့တွင် GPH-MILF ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဖျက်ဆီးလုနီးပါးဖြစ်ခဲ့သည့် မာမာဆာပါနို အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ဖြစ်ပွားချိန်တွင် စမ်းသပ်မှုတစ်ခု ကဲ့သို့ ဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်ဖြစ်ပွားလင့်ကစား AFP ခေါင်းဆောင်များနှင့် သူတို့၏ အမိန့်နာခံမှု အဆင့်ဆင့်မှ စစ်သားများက ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ခဲ့ပြီး MILF အင်အားစုများနှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် လက်တွဲလုပ်ဆောင်လိုကြောင်း သန္နိဋ္ဌာန်ကို ပြသနိုင်ခဲ့သည်။ ထို့ကြောင့် ပြင်းထန်သော ပစ်ခတ်တိုက်ခိုက်မှုများအကြား PNP နှင့် MILF စစ်သားများအကြား ဖြစ်ရပ်များကို အချိန်မီထိန်းသိမ်းနိုင်ခဲ့သည်။ သို့သော် AFP ကို ငြိမ်းချမ်းရေးစွန်ရဲများမှ ငြိမ်းချမ်းရေးချိုးငှက်များအဖြစ် အသွင်ပြောင်းလဲမှုက ညတွင်းချင်း ဖြစ်ပေါ်ခဲ့ခြင်း မဟုတ်ပေ။ ထို့ပြင် AFP နှင့် MILF လက်နက်ကိုင်အုပ်စုများအကြား ဆက်ဆံရေးတိုးတက်လာခြင်းက IMT ရှိခြင်းနှင့် ရပ်ရွာကဦးဆောင်သည့် ငြိမ်းချမ်းရေးစောင့်ကြည့်ရေး လုပ်ငန်းများဖြစ်သည့် ဘန်တေအပစ်အခတ်ရပ်စဲရေးနှင့် *တီယာကပ် ကာလီလင်တက် (Tiyakap Kalilintad)* ကဲ့သို့သော အရပ်ဘက်အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များ ရှိခြင်းကြောင့်လည်း ဖြစ်သည်။ အဆိုပါ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေး လုပ်ငန်းများ၏ သက်ရောက်မှုကို ၂၀၀၄ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အတွင်း အစိုးရနှင့် MILF အင်အားစုများအကြား လက်နက်ကိုင်ထိတွေ့မှုများနှင့် အကြမ်းဖက်မှုများ သိသိသာသာ လျော့နည်းလာခြင်းနှင့် ထိတွေ့မှုလုံးဝမရှိတော့သည်ကို လေ့လာခြင်းဖြင့် သိရှိနိုင်သည် (IMT အကြောင်း ပို၍ သိရှိလိုပါက အခန်း (၅) တွင် ရှုပါ)။ လက်နက်ကိုင်ပဋိပက္ခများနှင့် အကြမ်းဖက်မှုများ ရပ်တန့်မှသာ ငြိမ်းချမ်းရေးဖန်တီးခြင်း ဖြစ်ပွားနိုင်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားကြသောကြောင့် အဆိုပါ ကာလအတွင်း ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်းများကို အရှိန်မြှင့်တင်ခဲ့ကြသည်။

ပဋိပက္ခဒေသမှ ပြည်သူများအတွက် အရပ်ဘက်အဖွဲ့အစည်းများ (သို့) အစိုးရမဟုတ်သောအဖွဲ့အစည်းများက ပုံမှန်အားဖြင့် အမျိုးမျိုးသော ငြိမ်းချမ်းရေးတည်ဆောက်ရေး မဟာဗျူဟာများနှင့် လုပ်ငန်းများကို လုပ်ဆောင်ကြလိမ့်မည်။ ထိုသို့လုပ်ဆောင်ရာတွင် အဆိုပါ အစိုးရမဟုတ်သောအဖွဲ့အစည်းများက ငြိမ်းချမ်းရေးတည်ဆောက်ရေး၏ အရင်းအမြစ်များဖြစ်လာပြီး ညီညွတ်ရေးရရှိရန်အတွက်လည်း အရေးပါလာလိမ့်မည်။ အဆိုပါ ပတ်သက်ဆက်နွှယ်သူများစုစည်းရေး ဥပမာတစ်ခုမှာ မင်ဒါနောင်တွင်သာမက ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းလုံးသို့ ရောက်ရှိနိုင်မည့် ငြိမ်းချမ်းရေးလိုလားသူများ ပေါ်ပေါက်လာစေရန် ဘန်ဆာမိုရို၊ ခရစ်ယာန်နေထိုင်သူများနှင့် မူလအခြေချနေထိုင်သူများကို တိုးတက်ရန်နှင့် အတူတကွလုပ်ဆောင်ရန် စုစည်းပေးသည့် မင်ဒါနောင် ငြိမ်းချမ်းရေးရက်လုပ်သူများဟူသည့် အစီအစဉ်ဖြစ်သည်။ မန်ဒါနောင် ငြိမ်းချမ်းရေးရက်လုပ်သူများသည် အားလုံးပါဝင်သော၊ အလျားလိုက်ရော (လူထုအခြေပြု) ဒေါင်လိုက်ပါဖြစ်သည့် (လီဒါရက်ချ်၏ ဇာတ်ကောင်အဆင့်များမော်ဒယ်) ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ဖြစ်သည်။ လီဒါရက်ချ်၏မော်ဒယ်မှ ဆင့်ပွားထားသည့် ပုံ ၄.၂ က ဇာတ်ကောင်အဆင့်များနှင့် ၎င်းတို့၏ လုပ်ငန်းများကို ပြသထားသည်။ အဆိုပါမော်ဒယ်သည် ရိုးရှင်းသော်လည်း ဇာတ်ကောင်များနှင့် လုပ်ဆောင်ချက်များအကြား ထိုသို့သော ဆက်စပ်မှုများ ပြုလုပ်ခြင်းက မြင်ရသည်ထက် ပို၍ စိန်ခေါ်မှုရှိသည်။ ထို့ကြောင့် မင်ဒါနောင် ငြိမ်းချမ်းရေး ရက်လုပ်သူများ၏ အကျိုးစီးပွားအုပ်စုများအကြား ကြားဝင်ညှိနှိုင်းပေးသူများအဖြစ် လုပ်ဆောင်နိုင်စွမ်းနှင့် အထူးသဖြင့် ထိပ်တန်းအဆင့်မှ ဇာတ်ကောင်များ (သို့) အဓိက ပဋိပက္ခ/ငြိမ်းချမ်းရေး အဖွဲ့များနှင့်

ဆွေးနွေးညှိနှိုင်းသည့် အခန်းကဏ္ဍက ငြိမ်းချမ်းရေးဖန်တီးခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းတို့တွင် ကျွမ်းကျင်မှုလိုအပ်သည့် ကိစ္စရပ်တစ်ခုဖြစ်သည်။

**စာသေတ္တာ ၄.၃။ မင်ဒါနောင် ငြိမ်းချမ်းရေးရက်လုပ်သူများ**

*ဂရေ့စ်ရီဘော်လို (Grace Rebollos) ရေးသားသည်။*

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ကာလရှည်ကြာရှိခဲ့သော နိုင်ငံ၏ အားနည်းသည့် အုပ်ချုပ်မှု၊ ဖွံ့ဖြိုးမှု နောက်ကျခြင်းနှင့် ပဋိပက္ခများကို ရေးသားမှုအများအပြား ရှိခဲ့ပြီးဖြစ်သည်။ သဘာဝအရင်းအမြစ်များ ကြွယ်ဝသော်လည်း ထိုဒေသတွင် လူမှုရေးအရကွဲပြားနေပြီး ဖိလစ်ပိုင်နိုင်ငံ၏ လူမှုစီးပွားရေးဖွံ့ဖြိုးမှု လှေကားထစ်၏ အောက်ဆုံးတွင် ပိတ်မိနေသည့် ဆင်းရဲသည့်လူထုများ နေထိုင်ကြသည်။ မြေယာနှင့် အခြားသော အရင်းအမြစ်များ ဝေမျှပေးမှုမမျှတခြင်း၊ လူမျိုး၊ ဘာသာ ကွဲပြားမှုများ၊ မျိုးနွယ်စု စစ်ပွဲများနှင့် ရာဇဝတ်မှု ထူပြောခြင်းများက ဒေသ၏ မိုရိုလူမျိုးများ၊ ခရစ်ယာန်အခြေချနေထိုင်သူများနှင့် မူလအခြေချ နေထိုင်သူများ အကြား အုပ်စုတွင်း၊ အုပ်စုများအကြား လှိုင်းထန်သည့် ဆက်ဆံရေးများ ရှိခဲ့ပြီး အကြမ်းဖက်မှုများ ဖြစ်နိုင်ခြေနှင့် ဖြစ်ပွားမှု ပိုမိုမြင့်တက်လာသည်။

မင်ဒါနောင်ဒေသမှ မတည်ငြိမ်မှု၊ လုံခြုံရေးမတည်ငြိမ်မှုနှင့် နိုင်ငံရေးအခြေအနေများက ယင်းတို့ကို ဆွေးနွေးမှု အများအပြားနှင့် စုပေါင်းလုပ်ဆောင်ချက်များတွင် ခေါင်းစဉ်အဖြစ် အသုံးပြုခဲ့သော ဒေသခံ ငြိမ်းချမ်းရေး လှုပ်ရှားသူများနှင့် ငြိမ်းချမ်းရေးတည်ဆောက်သူများအတွက် စုစည်းစေခဲ့သော အချက်များ ဖြစ်နေခဲ့သည်။ ကာလရှည်ကြာ သိမ်းဆည်းထားသော ရန်လိုမှုများက မကြာခဏ အကြမ်းဖက်မှုများအဖြစ် ပေါက်ကွဲသွားသည့် အခါ အားလုံးလက်ခံနိုင်မည့် ဘုံသဘောတူညီချက်တစ်ခု ရရှိရန်မှာ ပို၍ပို၍ အရေးပါလာသည်။ ဤအချိန်တွင် ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်အထောက်အကူပြုမှု စိတ်ဓာတ်များနှင့် စုပေါင်းလုပ်ဆောင်မှုတို့ဖြင့် ဘုံငြိမ်းချမ်းရေးချဉ်းကပ်အရေးဆိုသည့် ပလက်ဖောင်းတစ်ခု ထွက်ပေါ်ရန် လိုအပ်လာသည်။ ဤသည်မှာ *မင်ဒါနောင် ငြိမ်းချမ်းရေးရက်လုပ်သူများ* မွေးဖွားလာခဲ့သည့် အခြေအနေများ ဖြစ်သည်။

မေလ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ငြိမ်းချမ်းရေးတောင်းဆိုသူအုပ်စုများက မင်ဒါနောင်တွင် ယခု ငြိမ်းချမ်းရေး ဟူသည့် အစည်းအဝေးကို ဒါဗာအိုမြို့ရှိ အာပိုဗျူးဟိုတယ်တွင် ကျင်းပခဲ့သည်။ ယင်းအစည်းအဝေးကို မင်ဒါနောင်မှ ငြိမ်းချမ်းရေးထောက်ခံသူများဆိုင်ရာ ကျယ်ပြန့်သည့် ကွန်ရက်များကို ကိုယ်စားပြုသည့် အုပ်စုခုနစ်စုက ပါဝင်တက်ရောက်ခဲ့သည်။ ယင်းအုပ်စုများတွင် NGO များ၊ ပညာရှင်များ၊ ဘာသာရေးအုပ်စုများ၊ လူ့အခွင့်အရေးအုပ်စုများ၊ လူထုအဖွဲ့အစည်းများနှင့် မင်ဒါနောင်တွင် ပဋိပက္ခကို ငြိမ်းချမ်းစွာအဖြေရှာရန် လုပ်ဆောင်နေသည့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ ပါဝင်ကြသည်။ စတင်တည်ထောင်သည့် အဖွဲ့တွင် ပါဝင်သည့် ငြိမ်းချမ်းရေးကွန်ရက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ မင်ဒါနောင်ပြည်သူများ ညွန့်ပေါင်းအဖွဲ့

၂။ ဘန်ဆာမိုရို အရပ်ဘက်အဖွဲ့အစည်းများ အင်အားစု

၃။ မင်ဒါနောင် ငြိမ်းချမ်းရေးတောင်းဆိုလှုပ်ရှားသူများ ညီလာခံ
၄။ မင်ဒါနောင်ပြည်သူများ၏ ငြိမ်းချမ်းရေးလှုပ်ရှားမှု
၅။ AGONG ငြိမ်းချမ်းရေးကွန်ရက် (CRS)
၆။ ငြိမ်းချမ်းရေးအတွက် ဘာသာပေါင်းစုံ စုစည်းညီညွတ်ရေးလှုပ်ရှားမှု
၇။ မင်ဒါနောင် စုစည်းညီညွတ်ရေးကွန်ရက် (မနီလာတွင် အခြေချသည်)

ယင်းအဖွဲ့များကို နောင်တွင် BISDAK (ငြိမ်းချမ်းရေးအတွက် စစ်မှန်သော ဗီဆာရန်လူမျိုးများ)၊ မင်ဒါနောင် ငြိမ်းချမ်းရေးတည်ဆောက်ရေး အင်စတီကျု၊ ငြိမ်းချမ်းရေးတည်ဆောက်သူ ပြည်သူများနှင့် ဖိလစ်ပိုင် World Vision အဖွဲ့များလည်း ပါဝင်လာပြီး အဖွဲ့ဝင်ဖြစ်လာကြသည်။ အုပ်စုကို နိုင်ငံတကာဆွေးနွေးညှိနှိုင်းရေး လုပ်ဆောင်ချက် (ဦးဆောင်သူ)၊ ကက်သလစ် ကယ်ဆယ်ရေးဝန်ဆောင်မှု၊ ဘာလေ မင်ဒါနော် ဖောင်ဒေးရှင်းနှင့် ဆာလီဂန် မင်ဒါနော်အဖွဲ့များ ပါဝင်သည့် အတွင်းရေးမှူးအဖွဲ့က ပံ့ကိုင်ပေးသည်။ အရောင်အသွေးစုံလင်သည့် ပတ်သက်ဆက်နွှယ်သူအုပ်စုများနှင့် ဇာတ်ကောင်များကို ငြိမ်းချမ်းရေးအလှဆင်အထည်တစ်ခုအဖြစ် ရက်လုပ်သည့် ချစ်စဖွယ်ဇာတ်ကောင်တစ်ခုကို တင်စားပြီး ထိုအုပ်စုများက ငြိမ်းချမ်းရေးရက်လုပ်သူများဟူသည့် အမည်ကို ဖန်တီးခဲ့သည်။ ထို့ကြောင့် အောက်ပါ ကဗျာတစ်ပုဒ်မှ ကောက်နုတ်ချက်ကို အဖွဲ့ဖွဲ့စည်းသည့် ကြေညာချက်တွင် ထည့်သွင်းထားခဲ့သည် (Rebollos, 2004)။

ရက်လုပ်သူတွေကို ကြည့်ကြပါ။
သူတို့ တောင့်တောင့်တင်းတင်း ရှိနေတုန်း အစကို
ရက်လုပ်နေပါပြီ။
နောက်ကျောတွေ တောင့်နေပြီ၊ ပခုံးနဲ့ လက်တွေ
နာနေပြီ၊ စိတ်ရှည်ရတာ အဆုံးမရှိတော့ဘူး။
သူတို့အလုပ်ကို ပြီးအောင်လုပ်ဖို့ ဆုံးဖြတ်ထားတယ်။
ဒီရက်လုပ်မှုဟာ တိတ်ဆိတ်ပြီး အေးချမ်းတဲ့
အလုပ်မဟုတ်ပါဘူး။

လွန်းကိုတင်ဖို့၊
ချည်တွေကို အကွက်ကျကျ ရက်လုပ်ဖို့
ဒါတွေအတွက် ခွန်အားလိုတယ်။
ပြီးပြည့်စုံမှုနဲ့ အလှတရား ထွက်ပေါ်လာဖို့
ကိုယ်ခန္ဓာနဲ့ စိတ်ဓာတ် အားလုံးကို ပါဝင်စေဖို့
အပြည့်အဝ ပါဝင်ဖို့လိုအပ်တယ်။
ငြိမ်းချမ်းရေးကလည်း အလားတူပါပဲ။

အထူးသဖြင့် မင်ဒါနောင် ငြိမ်းချမ်းရေးရက်လုပ်သူများတွင် အောက်ပါရည်မှန်းချက်များရှိသည်။

(က) မင်ဒါနောင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ပါဝင်မှုကို ဖော်ထုတ်ရန်နှင့် အင်စတီကျူးရှင်းဖြင့် ခိုင်မာစေရန်
(ခ) အားလုံးသဘောတူညီမှု တည်ဆောက်ရန်၊ အချက်အလက်နှင့် ကျွမ်းကျင်မှုများ ဝေမျှရန်၊ မင်ဒါနောင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဆိုင်ရာ ကိစ္စရပ်များအတွက် အရပ်ဘက်အဖွဲ့အစည်းများထံမှ စည်းလုံးသည့် လုပ်ရပ်များ လုပ်ဆောင်နိုင်ရန်အတွက် ယန္တရားများနှင့် ဖြစ်စဉ်များ ချမှတ်ရန်
(ဂ) ပဋိပက္ခဇာတ်ကောင်များကို ဆက်သွယ်ဆက်ဆံရန်နှင့် လွှမ်းမိုးနိုင်ရန် ငြိမ်းချမ်းရေးထောက်ခံသူ အများအပြားဖော်ထုတ်ရန်
(ဃ) ငြိမ်းချမ်းရေးအတွက် ဘုံအစီအစဉ်တစ်ခုချမှတ်ရန်

မင်ဒါနောင် ငြိမ်းချမ်းရေးရက်လုပ်သူများက စည်းလုံးညီညွတ်မှု၊ အချက်အလက်ဝေမျှမှုနှင့် လူသားချင်းစာနာမှု ဆိုင်ရာ အကာအကွယ်ပေးရေး၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ချဉ်းကပ်အရေးဆိုခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနယ်ပယ်များမှ ငြိမ်းချမ်းရေး တက်ကြွလှုပ်ရှား တောင်းဆိုသူများအကြား ညှိနှိုင်းဆောင်ရွက်မှုကို မြှင့်တင်ပေးသည့် တစ်ဦးချင်းနှင့် စုပေါင်းလုပ်ဆောင်ချက်များမှတစ်ဆင့် အဆိုပါ ရည်မှန်းချက်များ ပြည့်မီအောင် လုပ်ဆောင်ကြသည်။ ထို့ပြင် သူတို့က တရားဝင်ငြိမ်းချမ်းရေးဆွေးနွေးပွဲများ တွင် အစိုးရနှင့် တော်လှန်ရေးအုပ်စုများနှင့် ဆက်သွယ်ဖလှယ်ရန် ကြိုးပမ်းခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် အစိုးရက မိုရိုအမျိုးသား လွတ်မြောက်ရေးတပ်ဦး (MNLF) နှင့် ငြိမ်းချမ်းရေးသဘောတူစာချုပ်များ ချုပ်ဆိုပြီးဖြစ်သော်လည်း ဖိလစ်ပိုင်အစိုးရနှင့် မိုရိုအစ္စလာမ်မစ် လွတ်မြောက်ရေးတပ်ဦး (MILF) တို့အကြား နှစ်ဦးသဘောတူ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ လက်မှတ်ရေးထိုးရန် ငြိမ်းချမ်းရေး ချဉ်းကပ်အရေးဆိုမှု ပူးပေါင်းလုပ်ဆောင်ချက်က အရေးကြီးသည့်လုပ်ဆောင်ချက် ဖြစ်ခဲ့သည်။

သူတို့၏ မိတ်ဖက်ကွန်ရက်များမှတစ်ဆင့် ငြိမ်းချမ်းရေးထောက်ခံသူများ ကျယ်ပြန့်လာစေရန် သူတို့က အရေးပါသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များကို လူထုဦးဆောင်ပြီး စောင့်ကြည့်သည့် ဖြစ်စဉ်များ (ဘန်တေ အပစ်အခတ်ရပ်စဲရေး (သို့) အပစ်အခတ်ရပ်စဲမှုစောင့်ကြည့်ရေး)၊ လက်နက်ကိုင်ပဋိပက္ခကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသူများ၏ လိုအပ်ချက်များကို ဖြေရှင်းပေးခြင်း (ဘန်တေ ဘက်ဝစ် (သို့) ပြည်တွင်း နေရပ်စွန့်ခွာရသူများ၏ ငြိမ်းချမ်းရေးစောင့်ကြည့်မှုနှင့် အခြားသောကမ်ပိန်းများကိုလည်း အကောင်အထည် ဖော်ခဲ့ကြသည်။ ထို့ပြင် သူတို့က မင်ဒါနောင် ငြိမ်းချမ်းရေး ရက်သတ္တပတ် ကျင်းပပြုလုပ်မှုများကိုလည်း အရှိန်အဟုန်မြှင့်တင်ခဲ့သည်။ ငြိမ်းချမ်းရေး ရက်သတ္တပတ်ဆိုသည်မှာ ၁၉၉၇ ခုနှစ်တွင် ဇမ်ဘိုအန်ဂါမြို့မှ စတင်ခဲ့သည့် ငြိမ်းချမ်းရေးကို လူသိများရန် မြှင့်တင်သည့် လုပ်ဆောင်ချက်တစ်ခုဖြစ်ပြီး နောက်ပိုင်းတွင် ဘုန်းတော်ကြီးအူလာမာဖိုရမ်မှတစ်ဆင့် မင်ဒါနောင်တစ်ပြည်နယ်လုံးသို့ ချဲ့ထွင်ကျင်းပခဲ့သည်။ ဖိုရမ်က အဆိုပါ ကျင်းပသည့်ပွဲတော်အကြောင်း အစိုးရထံ ချဉ်းကပ်စည်းရုံးခဲ့ပြီး သမ္မတက နှစ်စဉ် နိုဝင်ဘာလ၏ နောက်ဆုံး ကြာသပတေးနေ့တိုင်းတွင် နိုင်ငံတစ်ဝန်း နှစ်စဉ် အောက်မေ့သတိရပွဲများပြုလုပ်ရန် ကြေညာချက် ထုတ်ပြန်ခဲ့ သည်။ ထို့သို့ဖြင့် မင်ဒါနောင်၏ ငြိမ်းချမ်းရေး ရက်သတ္တပတ်က မင်ဒါနောင်မှ ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ဆောင်သူများအကြား စည်းလုံးမှု ပြသရန် ထင်သာမြင်သာအရှိဆုံး ပြသချက် ဖြစ်လာသည်။

အချုပ်ဆိုရသော် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကို ငြိမ်းချမ်းရေးဖန်တီးခြင်းနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း ဖြစ်စဉ်များမှ အောက်ပါတို့ကို အခြေခံပြီး ခွဲခြားနိုင်သည်။ (၁) ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကို အရပ်ဘက်အဖွဲ့အစည်းများက အဓိက မောင်းနှင် လုပ်ဆောင်သည်၊ (၂) ဤသည်က ပဋိပက္ခ (သို့) ငြိမ်းချမ်းရေး ဖြစ်စဉ်၏ မည်သည့်အဆင့်၌မဆို ဖြစ်နိုင်သည်၊ (၃) အကောင်အထည်ဖော်သည့်အချိန်ကာလသည် ချက်ချင်း/ ကာလတိုမှ ကာလလတ်၊ ကာလရှည်အထိ ဖြစ်နိုင်သည်၊ (၄) ငြိမ်းချမ်းရေးတည်ဆောက်ခြင်းက အဆင့်အမျိုးမျိုးမှ ဇာတ်ကောင်များနှင့် ပါဝင်ပတ်သက်သူများကို အလျားလိုက်ရော၊ ဒေါင်လိုက် အဆင့်များပါ ပါဝင်ဆက်သွယ်ဆောင်ရွက်သည်။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကို အမျိုးမျိုးသော ဇာတ်ကောင်များနှင့် ပတ်သက်ဆက်နွယ်သူများက တစ်ယောက်တစ်ပေါက်မှ ထပ်တူကျသော၊ မညီမျှမှုမှ ညီမျှသော၊

အကြမ်းဖက်သောမှ အကြမ်းမဖက်သောအပါအဝင် ၎င်းတို့၏ ပဋိပက္ခမှ ငြိမ်းချမ်းရေးသို့ ဆက်ဆံရေးကို ပြန်လည်သတ်မှတ်ရန် တွေ့ဆုံစုစည်းသည့်ဆုံမှတ်တစ်ခုအဖြစ် အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်။

## ၄.၅ ငြိမ်းချမ်းရေး ပညာရေး[9]

ငြိမ်းချမ်းရေးပညာရေးသည် ငြိမ်းချမ်းရေးနှင့် စစ်ပွဲများအကြောင်းတို့နှင့် ပတ်သက်ပြီး ကျယ်ပြန့်သော ပြည်သူလူထု၏ စိတ်သဘောထားကို ပြောင်းလဲသည့် ငြိမ်းချမ်းရေးတည်ဆောက်ရေး မဟာဗျူဟာဖြစ်သည်။ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ငြိမ်းချမ်းရေးပညာရေးတွင် အကြမ်းမဖက်မှု၊ မျှတမှုနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတို့အတွက် အကျိုးရှိမည့် *သဘောထားများ၊ ဗဟုသုတများနှင့် စွမ်းဆောင်ရည်များ*ကို ပြုပြင်ပေးသည့် ကျယ်ပြန့်သော သင်ကြားရေးချဉ်းကပ်ပုံများ ပါဝင်သည်။ အမျိုးမျိုးသောပညာရှင်များ ဖွင့်ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ ငြိမ်းချမ်းရေးပညာရေးက လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းတို့ကို အကြမ်းမဖက်ခြင်း၊ မတူကွဲပြားမှုကိုနားလည်လက်ခံခြင်း၊ တန်းတူညီခြင်း၊ ကွာခြားမှုများကိုလေးစားခြင်း၊ လူမှုရေးနှင့် စီးပွားရေးတရားမျှတမှု၊ နိုင်ငံတကာဥပဒေနှင့် လူ့အခွင့်အရေးတို့ကို အခြေခံသည့် ငြိမ်းချမ်းစွာနေထိုင်မှုကို သင်ကြားပေးသည် (Reardon and Cabezudo, 2002; Castro and Galace, 2010; Harris, 2008)။ ထို့ပြင် သူတို့က ငြိမ်းချမ်းရေးပညာရေးကို ကျောင်းသင်ခန်းစာများ၊ ပြဋ္ဌာန်းစာအုပ်များနှင့် သင်ကြားရေး ချဉ်းကပ်ပုံများမှတစ်ဆင့် သင်ကြားသည့် ဘာသာရပ်တစ်ခုအဖြစ်သာ နားလည်သဘောပေါက်ရုံမကဘဲ ပညာရေးမူဝါဒ၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ကျောင်းစီမံခန့်ခွဲရေးတို့လည်း ပါဝင်သော ပညာရပ်တစ်ခု အဖြစ်လည်း နားလည်သဘောပေါက်ရမည်ဟု သဘောတူထားကြသည်။

ဟာရာ (Hara (2012)) နှင့် မေးလ်ဟောက်စ် (Millhouse (2009)) တို့၏ အဆိုအရ ငြိမ်းချမ်းရေးပညာရေးသည် ငြိမ်းချမ်းရေးတည်ဆောက်မှုအပေါ် ၎င်း၏ သက်ရောက်မှုများကို ပြသနိုင်သည့် သက်သေမရှိခြင်းကြောင့် ဝေဖန်ခံကြရသည်။ အချို့သောပညာရှင်များက ယင်းနယ်ပယ်သည် ထူးခြားသည့် သီအိုရီမူဘောင်၊ ခိုင်မာသည့် နည်းလမ်းနှင့် ရလဒ်များအပေါ် အကဲဖြတ်မှုမရှိဘဲ ကျယ်ပြန့်လွန်းသည်ဟု ဆိုကြသည်။ ငြိမ်းချမ်းရေး ပညာရေး၏ ထိရောက်မှုကို တိုင်းတာခြင်းက စိန်ခေါ်မှုတစ်ခု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရလဒ်များကို မျိုးဆက်တစ်ဆက် (သို့) ကျောင်းသားမျိုးဆက်တစ်ဆက်တွင်သာ တွေ့နိုင်သောကြောင့် ဖြစ်သည် (Millhouse, 2009)။ သို့သော် အချို့သော ပဋိပက္ခဖြစ်ရပ်များတွင် ငြိမ်းချမ်းရေးပညာရေး၏ သက်ရောက်မှု ဥပမာများကို တွေ့ရသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရေးအပိုင်းတွင် ဆွေးနွေးခဲ့သည့်အတိုင်း ဖိလစ်ပိုင်နိုင်ငံအစိုးရ စစ်တပ်ကို ငြိမ်းချမ်းရေး ပညာရေးသင်ကြားပေးမှုက အသွင်ပြောင်းလဲမှု ဖြစ်နိုင်ကြောင်းကို ပြသနေသည်။ တစ်ချိန်က ငြိမ်းချမ်းရေး စွန်ရဲများဟု လူသိများကြသည့် စစ်တပ်သည် ယခုအခါ ငြိမ်းချမ်းရေး အခြေခံ အဆောက်အဦများ တည်ရှိမှုကို ကိုင်စွဲထားသည့်အတွက် (ဆိုလိုသည်မှာ MILF နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် အပစ်အခတ်ရပ်စဲရေး ယန္တရားများ) ငြိမ်းချမ်းရေးချိုင့်ကပ်များ ဖြစ်လာကြသည်။

[9] Eleonora Emkic ပါဝင်ရေးသားသည်။

အကောင်းဆုံးအခြေအနေမှာ အစိုးရရည်မှန်းချက်များဖြစ်သည့် လူမှုအစေးကပ်မှုနှင့် သဟဇာတဖြစ်မှုတို့ ရရှိစေရန် ငြိမ်းချမ်းရေးပညာရေးကို တရားဝင်ပညာရေးစနစ်များတွင် ထည့်သွင်းသင်ကြားသင့်သည်။ ကျောင်းများနှင့် အဆင့်မြင့်ပညာရေးမှ ငြိမ်းချမ်းရေးပညာရေး သင်ရိုးညွှန်းတမ်းများက လူ့အဖွဲ့အစည်းအတွင်းမှ မညီမျှသောဆက်ဆံရေးများ၏ သဘောသဘာဝကိုသိရှိစေရန်၊ ဝေဖန်ပိုင်းခြားတွေးခေါ်မှုများနှင့် ဒီမိုကရေစီ စည်းမျဉ်းများကို အခြေခံသည့် စည်းလုံးမှုများပေါ်ထွက်လာစေရန်၊ ပဋိပက္ခဖြေရှင်းရေး စွမ်းဆောင်ရည်များ မြင့်တက်လာစေရန်၊ မိမိကိုယ်တိုင်၊ အခြားသူများနှင့် လူမှုပဋိပက္ခများမှ ပြည်တွင်းနှင့် နိုင်ငံများအကြား ပဋိပက္ခများအထိ ပဋိပက္ခများကိုစီမံခန့်ခွဲရာတွင် အကြမ်းမဖက်မှုကို မြှင့်တင်ရန်သင်ကြားပေးသင့်သည်။ ငြိမ်းချမ်းရေးပညာရေးက ၎င်းတို့ကိုယ်၌ ငြိမ်းချမ်းရေးတည်ဆောက်သည့် ဇာတ်ကောင်များဖြစ်လာအောင် သင်ယူသူများကို အသွင်ပြောင်းလဲပေးခြင်း၊ အသိဉာဏ်ဖွင့်ပေးခြင်းနှင့် လက်တွေ့ကျသော လုပ်ဆောင်မှုများ လုပ်ဆောင်ရန် အားပေးသည် (Castro and Galace, 2008)။

စစ်ပွဲများနှင့် စစ်ရေးမဟာဗျူဟာများလေ့လာခြင်းကို ပညာရေးအင်စတီကျူးရှင်းများတွင် ကာလရှည်ကြာစွာ သင်ကြားခဲ့ပြီးဖြစ်သော်လည်း ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေး ပညာရေးကို သင်ကြားပေးခြင်းက ဆန်းသစ်နေသေးပြီး တွေးခေါ်ပညာရှင်များဖြစ်သည့် အီမန်နျူရယ်ကန့်နှင့် ဂျွန်ဂျက်ရူဆိုး (Immanuel Kant and Jean-Jacques Rousseau) တို့၏ လုပ်ဆောင်ချက်များတွင် တွေ့နိုင်သည်။ အဆိုပါ ပညာရှင်များက ငြိမ်းချမ်းရေးပညာရေးသီးသန့်ကို သင်ကြားပေးခဲ့ခြင်းမဟုတ်ပေ။ သို့သော် ၎င်းတို့က ပညာရပ်၏ အရေးပါသော အစိတ်အပိုင်းများဟုဆိုရမည့် လူ့အဖွဲ့အစည်းအတွင်း တန်းတူညီအခွင့်အရေးများ၊ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် လူမှုတရားမျှတမှုတို့၏ အရေးပါမှုကို အဓိကထားခဲ့ကြသည်။ အလားတူပင် ဂန္ဒီ၊ မာသာထရီဇာနှင့် မာတင်လူသာကင်းတို့က သဟဇာတဖြစ်မှုနှင့် အကြမ်းမဖက်မှုတို့မှ ငြိမ်းချမ်းရေးပညာရေးအတွက် အခြေခံကို တည်ဆောက်ပေးခဲ့ကြသည်။

ငြိမ်းချမ်းရေးပညာရေးကို ထောက်ခံခဲ့သည့် ပထမဆုံး ဥရောပသား ချက်လူမျိုး ပညာသင်ကြားပေးသူ ကိုမန်နီးရက်စ် (Comenius) က ငြိမ်းချမ်းရေးပညာရေးသည် လူတစ်ဦးကို အခြားသူများအကြောင်း နားလည်လာစေနိုင်ပြီး တူညီသောတန်ဖိုးထားမှုများက ပဋိပက္ခဖြစ်စေမည့် ကွာဟချက်များကို ကျော်လွှားနိုင်သည်ဟု ဆိုခဲ့သည် (Carreira and Coulardeu et al, 2014)။ သို့ရာတွင် ငြိမ်းချမ်းရေးတည်ဆောက်ရေး ပညာရေးအတွက် လွှမ်းမိုးမှု အရှိဆုံး အကြံဉာဏ်များကို ဂယ်လ်တန် (1996) ၏ ရေးသားမှုများတွင် တွေ့ရသည်။ သူ၏ ရေးသားမှုများက ရပ်ဆိုင်းခြင်းဖြင့် ဖန်တီးသော ငြိမ်းချမ်းရေး (အကြမ်းဖက်မှု ရပ်ဆိုင်းခြင်း) နှင့် တည်ဆောက်ခြင်းအားဖြင့် ဖန်တီးသော ငြိမ်းချမ်းရေး (အကြမ်းဖက်မှု၏ အကြောင်းအရင်းဖြစ်သည့် လူမှုမတရားမှုများကို ဖြေရှင်းရန် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အပြောင်းအလဲများပြုလုပ်ခြင်း) တို့အကြား ခွဲခြားပြခဲ့သည်။ ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေးမှ တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသော ငြိမ်းချမ်းရေး ပညာရေးသို့ ပြောင်းလဲခြင်းက များစွာအထောက်အကူပြုနိုင်သည်။ အထူးသဖြင့် လူမှုမတရားမှုများနှင့် မညီမျှမှုများ၊ ခွင့်လွှတ်ခြင်းနှင့် လူ့အခွင့်အရေးတို့အကြောင်းကို အမြင်ဖွင့်ပေးသည့် အခါတွင်ဖြစ်သည်။

အရှေ့တောင်အာရှတွင် ငြိမ်းချမ်းရေးပညာရေးက မကြာသေးမီကမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့သော် ငြိမ်းချမ်းရေးပညာရေး၏ တိုးတက်မှုနှင့် ပုံစံအမျိုးမျိုး စတင်အမြစ်တွယ်လာသည်မှာ ဖိလစ်ပိုင်နိုင်ငံတွင် ဖြစ်သည်။ ဤသည်မှာ ၁၉၈၆ ခုနှစ် ပြည်သူ့အင်အားတော်လှန်ရေးအပြီးနောက် နိုင်ငံက ဒီမိုကရေစီသို့ ကူးပြောင်းပြီး စိန်ခေါ်မှုများဖြစ်သည့် လူမှုအစေးကပ်မှု၊ နိုင်ငံရေးတည်ငြိမ်မှုနှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စုများ၏ လက်နက်ကိုင်ပဋိပက္ခများ ရင်ဆိုင်နေရချိန်တွင် ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ကိုတာဘာတိုမြို့မှ နော်ထရာဒမ်တက္ကသိုလ် (Notre Dame University (NDU)) သည် ၁၉၈၇ ခုနှစ်တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပညာရပ် ဘွဲ့လွန်အစီအစဉ်ကို ပထမဆုံးသင်ကြားခဲ့သည့် တက္ကသိုလ်ဖြစ်သည်။ ယင်းက တိုဆွီဟင်နှင့် ဗာဂျင်းနီးယား ဖလော်ရီဆာ ကာဝါဂါ (Toh Swee-hin and Virginia Floresca-Cawagas) တို့ မိတ်ဆက်ခဲ့သည့် ရှုထောင့်ပေါင်းစုံ ငြိမ်းချမ်းရေးပညာရေးမူဘောင်ကို စတင်ခဲ့သည်။ မူဘောင်ကို ပုံဖော်ရေးဆွဲထားခြင်း (အောက်မှ ပုံ ၄.၃ ကိုရှုပါ) တွင် ပန်းတစ်ပွင့်၏ ပွင့်ဖတ်များဖြင့် အကြောင်းအရာ ခြောက်ခု ပါဝင်ကြောင်း ပြသခဲ့သည်။ ယင်းတို့မှာ (၁) ကိုယ်ချင်းစာတရားနှင့် တရားမျှတမှုတို့နှင့်အတူ နေထိုင်ခြင်း၊ (၂) လူ့အခွင့်အရေးနှင့် တာဝန်များကို မြှင့်တင်ခြင်း၊ (၃) စစ်ပွဲယဉ်ကျေးမှုကိုဖြိုဖျက်ခြင်း၊ (၄) ယဉ်ကျေးမှုမျိုးစုံအကြားလေးစားမှု၊ ပြန်လည်ရင်ကြားစေ့ရေးနှင့် ပူးပေါင်းရေးတို့ကို တည်ဆောက်ခြင်း၊ (၅) ကမ္ဘာကြီးနှင့် သဟဇာတဖြစ်အောင်နေထိုင်ခြင်းနှင့် (၆) စိတ်နှလုံးငြိမ်းချမ်းမှုကိုပျိုးထောင်ခြင်းတို့ ဖြစ်ကြသည် (Toh, Floresca-Cawagas, 2010)။

### ပုံ ၄.၃။ ရှုထောင့်ပေါင်းစုံ ငြိမ်းချမ်းရေး ပညာရေးမူဘောင်




living with compassion and justice - ကိုယ်ချင်းစာတရားနှင့် တရားမျှတမှုတို့နှင့်အတူ နေထိုင်ခြင်း

promoting human rights and responsibilities - လူ့အခွင့်အရေးနှင့် တာဝန်များကို မြှင့်တင်ခြင်း၊

dismantling the culture of war - စစ်ပွဲယဉ်ကျေးမှုကို ဖြိုဖျက်ခြင်း

building intercultural respect, reconciliation, and solidarity - ယဉ်ကျေးမှုမျိုးစုံအကြား လေးစားမှု၊ ပြန်လည်ရင်ကြားစေ့ရေးနှင့် ပူးပေါင်းရေးတို့ကို တည်ဆောက်ခြင်း

living in harmony with the Earth - ကမ္ဘာကြီးနှင့် သဟဇာတဖြစ်အောင်နေထိုင်ခြင်း

cultivating inner peace - စိတ်နှလုံး ငြိမ်းချမ်းမှုကိုပျိုးထောင်ခြင်း

**မူရင်း။** Swee-Hin and Floresca-Cawagas, 2004

အဆိုပါ ခေါင်းစဉ် (သို့) ပွင့်ချပ်ခြောက်ခုက ကျောင်းသားများအကြား ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းသော တန်ဖိုးများကို ပြုစုပျိုးထောင်ပေးရာတွင် တိုက်ရိုက်၊ ယဉ်ကျေးမှုနှင့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အကြမ်းဖက်မှုများကို တုံ့ပြန်ပုံများပါဝင်ပြီး ပြည့်စုံမှု၊ ဆွေးနွေးညှိနှိုင်းမှု၊ တန်ဖိုးများကို အဓိကထားခြင်းနှင့် ဝေဖန်ပိုင်းခြားမှုများကို အားပေးခြင်းတို့ ပါဝင်သည့် သင်ကြားနည်းစနစ်းမျဉ်းများလည်းပါသည်။ မူဘောင်ကို ဖိလစ်ပိုင်နိုင်ငံမှ အစပြုပြီး ကမ္ဘာ့နေရာအများအပြားမှ အဖွဲ့အစည်းများက ၎င်းတို့၏ ငြိမ်းချမ်းရေးပညာရေးအစီအစဉ်များ ဖန်တီးရာတွင် ပုံစံတူဆင့်ပွားယူခဲ့ကြသည်။ ကတ်စထရိုနှင့် ဂါလေ့စ် (Castro and Galace) တို့ကလည်း ၎င်းတို့ ဖိလစ်ပိုင်နိုင်ငံမှ အတွေ့အကြုံများကို အခြေခံပြီး ငြိမ်းချမ်းရေးမူဘောင်ယဉ်ကျေးမှုကို မိတ်ဆက်ခဲ့သည်။ ငြိမ်းချမ်းရေးယဉ်ကျေးမှုဆိုင်ရာ ဖိလစ်ပိုင် မူဘောင်တွင် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေး ပတ်ဝန်းကျင်များ ပါဝင်သည့် ရှုထောင့်/ခေါင်းစဉ် ခြောက်ခုနှင့် တန်ဖိုးခြောက်ခုပါဝင်သည်။ ယင်းတို့မှာ (၁) တစ်ကိုယ်ရည်နှင့် မိသားစု စုစည်းမှု၊ (၂) လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ၊ (၃) ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ (၄) မတူညီသော ယဉ်ကျေးမှုများအကြား နားလည်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်း၊ (၅) လက်နက်စွန့်ခြင်းနှင့် အကြမ်းဖက်မှုများ ရပ်တန့်ခြင်းနှင့် (၆) သဘာဝပတ်ဝန်းကျင်ကာကွယ်ခြင်းတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ တစ်ခုမှာ မူဘောင်နှစ်ခုလုံးက ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးတန်ဖိုးများဆိုင်ရာပညာရေး ပြည့်စုံအသေးစိတ်ကျမှုကို အလေးအနက်ထားခြင်းဖြစ်သည်။

အခြားတက္ကသိုလ်တစ်ခုဖြစ်သော မာရီဝီမြို့မှ မင်ဒါနောင်ပြည်နယ်တက္ကသိုလ် (Mindanao State University) ကလည်း ငြိမ်းချမ်းရေးပညာရေးကို ၎င်း၏ အခြေခံဘာသာရပ်များတွင် ထည့်သွင်းခြင်းဖြင့် ငြိမ်းချမ်းရေး ပညာရေးကို အစပြုခဲ့သည် (Bacani, 2004; Toh, 1992)။ အခြားတက္ကသိုလ်ကြီးများ၊ ဥပမာ မနီလာမှ တက္ကသိုလ်များကလည်း ငြိမ်းချမ်းရေးပညာရေးကို မိတ်ဆက်ခဲ့သည်။ သို့ရာတွင် ၂၀၁၀ ခုနှစ်တွင်မှ မင်ဒါနောင်မှ တက္ကသိုလ်များအကြား ငြိမ်းချမ်းရေးပညာရေးကို ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအတွက် အဓိကအချက်တစ်ခု အဖြစ် အာရုံစိုက်ခဲ့ကြသည်။ သို့ဖြစ်လေရာ ပြည်နယ်တက္ကသိုလ်များနှင့် ကောလိပ်များ ဖောင်ဒေးရှင်းဆိုင်ရာ မင်ဒါနောင်အဖွဲ့အစည်း (Mindanao Association of State Universities and Colleges Foundation (MASCUF)) က ဂျပန်နိုင်ငံတကာပူးပေါင်းရေးအေဂျင်စီ (JICA)၊ ပီနန်မြို့ မလေးရှားနိုင်ငံမှ REPUSM တို့နှင့် ပူးပေါင်းကာ ပထမအကြိမ် မင်ဒါနောင် ငြိမ်းချမ်းရေး ပညာသင်ကြားပေးသူများ အစည်းအဝေးကို ကျင်းပခဲ့ သည်။ ဤအစည်းအဝေး၌ ငြိမ်းချမ်းရေးပညာရေး၏ အကျိုးကျေးဇူးများကို ပို၍ သိရှိအောင်လုပ်ဆောင်ရန်နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် အစိုးရနှင့် အတူ ပူးပေါင်းလုပ်ဆောင်ရန် အခွင့်အလမ်းများ ရှာဖွေဖို့ တက္ကသိုလ်မှ ဥက္ကဋ္ဌများကို တိုက်တွန်းခဲ့ကြသည်။ အလွတ်သဘော ငြိမ်းချမ်းရေး

ပညာရေးက NGO များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ မင်ဒါနောင်မှ ပဋိပက္ခသက်ရောက်ခံရသည့် လူထုအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ပေးသည့် အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းများ/ အစီအစဉ်များတွင် ပို၍တွေ့ရသည်။

လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးပညာရေးကို မြှင့်တင်ပေးသည့် အဆင့်မြင့်သင်ကြားရေး အင်စတီကျူးရှင်းများကို စစ်တမ်းကောက်ယူခဲ့ရာတွင် (SHAPE-SEA, 2019) အင်စတီကျူးရှင်းပေါင်း ၂၇၀ အနက် ၂၄% က ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးဆိုင်ရာ အတန်းများသင်ကြားပေးကြောင်း သိရှိခဲ့ရသည်။ ဤသည်မှာ အရေအတွက်အနည်းငယ်သာရှိသော်လည်း ထိုဒေသတွင် ငြိမ်းချမ်းရေးပညာရေး လုပ်ငန်းများကို NGO များ၊ ပညာရှင်များနှင့် အဖွဲ့အစည်းများက ပဋိပက္ခသက်ရောက်မှုရှိသည့် ဒေသများတွင် ငြိမ်းချမ်းရေး တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေး စီမံကိန်းများအဖြစ် အဓိကလုပ်ဆောင်ကြသည်။ ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုများရှိသော်လည်း ငြိမ်းချမ်းရေးပညာရေး၊ ပါဝင်သည့်အကြောင်းအရာများနှင့် သင်ကြားမှုများကို နိုင်ငံများ၏ အခြေအနေကိုလိုက်ပြီး ပြောင်းလဲထားသည်။ ထိုသို့ ဒေသအခြေအနေကိုလိုက်၍ လုပ်ဆောင်ခြင်းဖြင့် ငြိမ်းချမ်းရေးဖန်တီးခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းတွင် မူလအခြေချနေထိုင်သူများ၏ ဗဟုသုတနှင့် ယဉ်ကျေးမှုများကိုလည်း ပါဝင်အောင် အကျယ်ချဲ့လာကြသည်။ အထူးသဖြင့် ဒေသခံ NGO များနှင့် သုတေသနပညာရှင်များအကြား သမိုင်းနှင့် ယဉ်ကျေးမှု ပညာရေးအရင်းအမြစ်တစ်ခုအနေဖြင့် ယင်းမှာ စိတ်ဝင်စားဖွယ်အကောင်းဆုံး သုတေသနနယ်ပယ်တစ်ခုဖြစ်သည်။ ဤသည်မှာ နိုင်ငံခြား (သို့) အနောက်နိုင်ငံများကို အခြေမခံဘဲ အဆိုပါ လူ့အဖွဲ့အစည်းများတွင် တည်ရှိနေသည့် အရာများဖြင့် ငြိမ်းချမ်းရေးပညာရေးကို နားလည်စေရန် လုပ်ဆောင်နိုင်သော ထိရောက်သည့် နည်းလမ်းတစ်ခုလည်း ဖြစ်သည်။

အာချေးဒေသ၏ အထက်တန်းကျောင်းသားများနှင့် ငြိမ်းချမ်းရေး ပညာရေးအတွေ့အကြုံက အာချေး လူမျိုးများ၏ ရိုးရာများ၊ ယဉ်ကျေးမှုများနှင့် ဘာသာရေးအတွေးအခေါ်များထဲမှ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခကို ရှာဖွေရန် ဒီဇိုင်းရေးဆွဲထားသော သင်ရိုးညွှန်းတမ်းကို ဖန်တီးစေခဲ့သည် (Daud, 2007)။ ဤသည်က မင်ဒါနောင်တွင် NGO များနှင့် ပညာရှင်များပို့ချသော အလွတ်သဘော ငြိမ်းချမ်းရေးပညာရေးနှင့်လည်း ဆင်တူသည်။ ယင်းပညာရေးက ဘန်ဆာမိုရို၏ ဘာသာရေးအတွေးအခေါ်များနှင့် ယဉ်ကျေးမှုဘဝများကို လေ့လာပြီး ထည့်သွင်းထားရုံသာမက လူမက်ဟုခေါ်သည့် အခြားမူလအခြေချနေထိုင်သူများ၏ ကမ္ဘာအပေါ် ကွဲပြားသောအမြင်များကိုလည်း ထည့်သွင်းထားသည် (Perez, 2007)။ မင်ဒါနောင်မှ ဘန်ဆာမိုရိုလူမျိုးများနှင့် လူမက်လူမျိုးများအကြား ဆွေးနွေးညှိနှိုင်းမှု၊ ပဋိပက္ခဖြေရှင်းရေး၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ နှုတ်သမိုင်းများ ကျယ်ကျယ်ပြန့်ပြန့် ရှိလေရာ ထိုမဟာဗျူဟာက အတော်လေး အသုံးဝင်သည် (Abreu,
2005; Alejo, 2005)။ ငြိမ်းချမ်းရေးပညာရေး သင်ရိုးများတွင် တွေ့ရလေ့ရှိသည့် အကြောင်းအရာတစ်ခုမှာ သမိုင်းကြောင်း၊ ပဋိပက္ခဖြေရှင်းရေးစွမ်းဆောင်ရည်များ၊ မတူကွဲပြားမှုများကိုလက်ခံခြင်း၊ လူ့အခွင့်အရေးနှင့် အကြမ်းမဖက်ခြင်းကဲ့သို့သော တန်ဖိုးများပေါ်ထွက်လာရေး၊ လူထုဖွံ့ဖြိုးရေးလုပ်ငန်းများပါဝင်သည့် လုပ်ဆောင်ချက် သုတေသနစွမ်းဆောင်ရည်များကို အဓိကထား သင်ကြားခြင်းဖြစ်သည်။ မင်ဒါနောင်၊ အာချေး၊ ထိုင်းနိုင်ငံတောင်ပိုင်း၊ တီမောလက်စ်တေးနှင့် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များ ဖြစ်ပွားနေသော အခြားဒေသများတွင် ငြိမ်းချမ်းရေးပညာရေးက ပဋိပက္ခများတွင် မည်သို့အလုပ်လုပ်ရမည်၊ ငြိမ်းချမ်းရေး

တည်ဆောက်ရေးတွင် မည်သို့ပါဝင်ရမည်ကို လေ့လာနေသည့် ကျောင်းသားများအတွက် လက်တွေ့စမ်းသပ်ခန်းများသဖွယ် ရှိနေလေသည်။

ငြိမ်းချမ်းရေးပညာရေးကို ဘာသာရေးရှုထောင့်မှလည်း သရုပ်ဖော်ကြသည်။ ငြိမ်းချမ်းရေး၊ ပဋိပက္ခ၊ အကြမ်းမဖက်မှုနှင့် လူ့အခွင့်အရေးတို့ကို အစ္စလာမ်ဘာသာ၏ စည်းမျဉ်းများ၊ တန်ဖိုးများနှင့် ညှိနှိုင်းတွေးခေါ် ပုံဖော်ကြည့်ခြင်းဖြင့် ပညာရှင်အများအပြားက အစ္စလာမ်နှင့် ငြိမ်းချမ်းရေး ပညာရေးဆိုင်ရာ လေ့လာရေးသားမှုများကို လုပ်ဆောင်ခဲ့ကြသည် (Santoso and Khisbiyah, 2021; Abu-Nimer and Nasser, 2017)။ ဤသည်က အကြမ်းဖက်သောပဋိပက္ခများ ရင်ဆိုင်နေရသေးသည့် မူဆလင်လူ့အဖွဲ့အစည်းများတွင် ငြိမ်းချမ်းရေးနှင့် ပညာရေးတို့ကို မည်သို့ အကောင်းဆုံး နားလည်သဘောပေါက်နိုင်ကြောင်း ဆွေးနွေးမှုများ ပေါ်ထွက်စေခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ကော်စတာရီကာတွင် အခြေစိုက်သည့် ကုလသမဂ္ဂ ငြိမ်းချမ်းရေး တက္ကသိုလ် (UN University of Peace) က ငြိမ်းချမ်းရေးပညာရေး၊ အစ္စလာမ်အမြင်၊ သင်ရိုးညွှန်းတမ်းနှင့် သင်ကြားရေးလမ်းညွှန်ကို ထုတ်ဝေခဲ့သည်။ အဆိုပါလမ်းညွှန်ကို အားလုံးလက်လှမ်းမီအောင် ဖြန့်ဝေခြင်းဖြင့် UPEACE က ဆရာများကို မူဆလင်အသိုင်းအဝိုင်းတွင် ငြိမ်းချမ်းရေးပညာရေးကို ပိုမိုသင်ကြားပေးရန် အားပေးနိုင်မည်ဟု မျှော်လင့်သည်။ အခြေခံအားဖြင့် အဆိုပါလမ်းညွှန်က တူညီသော ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ သီအိုရီများကိုပင် အသုံးပြုထားခြင်းဖြစ်သည်။ သို့ရာတွင် ယင်းက အတိတ်က မူဆလင် ပညာရှင်များ၊ ခေါင်းဆောင်များနှင့် လူ့အဖွဲ့အစည်းများက ပဋိပက္ခဖြေရှင်းရေး၊ ယဉ်ကျေးမှုစုံလင်သော လူ့အဖွဲ့အစည်းများ စီမံခန့်ခွဲရေး၊ ကိုယ်ပိုင်သရုပ်လက္ခဏာ ပြဿနာများကို မည်သို့ကိုင်တွယ်ခဲ့သည်နှင့် ကိုရမ်ကဲ့သို့သော ဘာသာရေး ကျမ်းစာများမှ သင်ခန်းစာများကို ပြသရန် ကြိုးပမ်းထားသည်။ ထို့ပြင် အင်ဒိုနီးရှား (Universitas Muhammadiyah Yogyakarta) နှင့် မလေးရှား (International Islamic University Malaysia and Universiti Malaya) မှ အချို့တက္ကသိုလ်များက ယခုအခါ အစ္စလာမ်မစ် ဗဟုသုတနှင့် ဓလေ့ထုံးတမ်းများ ရှုထောင့်မှ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခကို အဓိပ္ပာယ်ဖွင့်ဆိုချက်များ ပါဝင်သည့် အတန်းများကို သင်ကြားပေးနေပြီဖြစ်သည်။

ဘုန်းတော်ကြီး တဒ်တဒ် (Bishop Tudtud) ၏ မိတ်ဆက်ပေးမှုဖြင့် ကက်သလစ်ဘုရားကျောင်းက ၁၉၇၀ ပြည့်လွန်နှစ်နှောင်းပိုင်း၌ မင်ဒါနော်မှ မာရာဝီမြို့တွင် ငြိမ်းချမ်းရေးပညာရေးကို ခရစ်ယာန်များနှင့် မူဆလင်များအကြား ဘာသာပေါင်းစုံ ဆွေးနွေးပွဲများမှတစ်ဆင့် ငြိမ်းချမ်းရေးပညာရေးကို သင်ကြားခဲ့သည်။ သူက *"လူသား အသိုင်းအဝိုင်းများက ဘဝနှင့် ယုံကြည်မှုအကြောင်း ဆွေးနွေးပွဲများ ပြုလုပ်ခြင်း"* က နားလည်လက်ခံခြင်းကို ပျိုးထောင်ပေးရုံသာမက ဘာသာရေးယုံကြည်သည့် လူအုပ်စုများအကြား ဘာသာရေး နှင့် ဘဝအတွေ့အကြုံများကိုလည်း ဝေမျှပေးနိုင်လိမ့်မည်ဟု ယုံကြည်ထားသည် (Ziselberger, 2007)။ နောင်တွင် ဤသည်က မင်ဒါနော်တွင် ဘုန်းတော်ကြီး-အူလ်မာဖိုရမ် (Bishop-Ulama Forum (BUF)) ဖွဲ့စည်းရန် အုတ်မြစ်တစ်ခု ဖြစ်လာခဲ့သည်။ ယင်းဖိုရမ်မှာ ဒေသတွင်း ငြိမ်းချမ်းရေးတည်ဆောက်ရေးတွင် ပါဝင်ပြီး ဘုန်းတော်ကြီး တဒ်တဒ်၏ မျှော်မှန်းချက်ကို ဖြည့်ဆည်းရန်ရည်ရွယ်သည့် ခရစ်ယာန်နှင့် မူဆလင် အသိုင်းအဝိုင်းများမှ ဘာသာရေးခေါင်းဆောင်များ ကွန်ရက်ကို ပေါ်ပေါက်လာစေသည်။

ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်များ (Millennium Development Goals (MDG 2000-2015)) ပြည့်မီပြီး များမကြာမီ ကုလသမဂ္ဂက နိုင်ငံတကာအသိုင်းအဝိုင်း လုပ်ဆောင်ရန် နောက်ထပ်ရည်မှန်းချက်များ ဖြစ်သည့် ၂၀၃၀ ပြည့်နှစ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက်များ (ustainable Development Goals (2020-2030)) ကို ချမှတ်ခဲ့ကြသည်။ MDG များက အလွန်အမင်းဆင်းရဲမွဲတေမှုကို တိုက်ဖျက်ရန်၊ အခြေခံ ကျန်းမာရေးနှင့် ပညာရေးမရရှိသည့် အသိုင်းအဝိုင်းများ၏ လူမှုအခြေအနေများကို မြှင့်တင်ပေးရန်၊ ကျား၊မတန်းတူညီရေးနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးတို့ ဖြစ်ကြသည်။ MDG များက ဖွံ့ဖြိုးရေး ပြဿနာများနှင့် ရုန်းကန်နေရသည့် စီးပွားရေးရှိသည့် နိုင်ငံများအတွက် အထူးသင့်တော်ခဲ့သည်။ တစ်ဖက်တွင်မူ SDG များက MDG များလည်း ပါဝင်ပြီး နိုင်ငံများအားလုံး၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေး ရှုထောင့်များအပြင် သဘာဝပတ်ပတ်ဝန်းကျင်ပါ ပါဝင်သည့် ရည်မှန်းချက်များကို ချမှတ်ထားသည်။ ငြိမ်းချမ်းရေး ပညာရေးနှင့် သက်ဆိုင်သည့် SDG မှာ SDG (၄) အရည်အသွေးပြည့်မီသော ပညာရေးနှင့် ပစ်မှတ် (၄.၇) "*ငြိမ်းချမ်းရေးနှင့် အကြမ်းမဖက်မှု၊ ကမ္ဘာ့နိုင်ငံသားဖြစ်မှု၊ လူ့အခွင့်အရေးနှင့် ကျား၊မတန်းတူညီရေး ယဉ်ကျေးမှုတို့ကို မြှင့်တင်ပေးသော*" ပညာရေးတွင် အာရုံစိုက်ရန် ဖြစ်သည်။

**စာသေတ္တာ ၄.၄။ SDG (၄) ပစ်မှတ်နှင့် ညွှန်းကိန်းများ**

*SDG (၄)။ အားလုံးပါဝင်ပြီး တန်းတူညီသော အဆင့်အတန်းရှိ ပညာရေးတစ်ရပ် အာမခံနိုင်ရန်နှင့် အားလုံးအတွက် တစ်သက်တာသင်ယူရေး အခွင့်အရေးများကို မြှင့်တင်ပေးရန်။*

*ပစ်မှတ် ၄.၇။ ၂၀၃၀ ပြည့်နှစ်တွင် သင်ယူသူများအားလုံးသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သော လူနေမှုဘဝ၊ လူ့အခွင့်အရေး၊ ကျား၊ မ တန်းတူညီရေး၊ ငြိမ်းချမ်းရေးနှင့် အကြမ်းမဖက်မှုကို အားပေးသည့် ယဉ်ကျေးမှု၊ ကမ္ဘာ့နိုင်ငံသားဖြစ်မှုနှင့် ယဉ်ကျေးမှုအရ ကွဲပြားမှုများနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအပေါ် ယဉ်ကျေးမှု၏ အကျိုးကျေးဇူးများကို သဘောပေါက်လက်ခံထားခြင်းများ ပါဝင်သည့် ပညာရေးမှတစ်ဆင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ဗဟုသုတနှင့် တတ်ကျွမ်းမှုများကို ရယူနိုင်ရမည်။*

*ညွှန်းကိန်း ၄.၇.၁။ (၁) ကမ္ဘာ့နိုင်ငံသားဖြစ်မှုပညာရေးနှင့် (၂) ကျား၊မ တန်းတူညီရေးနှင့် လူ့အခွင့်အရေးအပါအဝင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးဆိုင်ရာ ပညာရေးတို့ကို (က) ပြည်တွင်း ပညာရေးမူဝါဒများ၊ (ခ) သင်ရိုးညွှန်းတမ်းများ၊ (ဂ) ဆရာများအတွက်ပညာရေးနှင့် (ဃ) ကျောင်းသားများကို အကဲဖြတ်မှုများတွင် ထည့်သွင်းထားသည့် အတိုင်းအတာ။*

**မူရင်း။** ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးရာဌာန (UN Department of Economic and Social Affairs) Sustainable Development, 'The 17 goals' UN, available at https://sdgs.un.org/goals

လူ့အခွင့်အရေးဆိုင်ရာ အာဆီယံတက္ကသိုလ်များကွန်ရက် (ASEAN's University Network-Human Rights Education (AUN-HRE)) နှင့် အရှေ့တောင်အာရှ လူ့အခွင့်အရေး ကွန်ရက် (Southeast Asian Human Rights Network (SEAHRN)) တို့၏ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး လေ့လာရေး ပူးတွဲအစီအစဉ်က SDG (၄) ကို ဖြည့်ဆည်းခဲ့ခြင်း တစ်မျိုးဖြစ်သည်။ အခြားတစ်ခုမှာ ဆွီဒင်နိုင်ငံ၏ SIDA၊ AUN၊ SEAHRN ကွန်ရက်များနှင့် ပူးပေါင်းလုပ်ဆောင်သည့် အတိုကောက် SHAPE SEA ဟု ခေါ်ဆိုသည့်) အာဆီယံ/အရှေ့တောင်အာရှတွင် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ သင်ကြားပို့ချမှုများနှင့် သုတေသနများ မြှင့်တင်ရေးဆိုင်ရာ အစီအစဉ် (Strengthening Human Rights and Peace Education and Research in ASEAN/Southeast Asia)) ဖြစ်သည်။ ၎င်း၏ ရည်မှန်းချက်မှာ အရှေ့တောင်အာရှမှ တက္ကသိုလ် များနိုင်သမျှများများတွင် ပညာသင်ကြားပေးသူများအကြား သင်ကြားမှု၊ သုတေသနနှင့် ဘွဲ့အစီအစဉ်များ ပေါ်ပေါက်လာရေးဖြစ်သည်။ SHAPE SEA က အဆိုပါနယ်ပယ်တွင် ပညာရေးအရည်အသွေးကို ခိုင်မာစေရန် ကြိုးပမ်းသည့်အနေဖြင့် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး လေ့လာရေးဆိုင်ရာ ဒေသတွင်း မဟာဘွဲ့အစီအစဉ်ကိုလည်း ပြုလုပ်ထားသည်။

## ၄.၆ ငြိမ်းချမ်းရေး သတင်းထောက်ပညာ အသုံးချခြင်း

ပဋိပက္ခများ၊ အထူးသဖြင့် အကြမ်းဖက်သောပဋိပက္ခများကို သတင်းရေးတင်ပြခြင်းက လူကြိုက်များသည့် မီဒီယာများတွင် သတင်းဖြစ်သည့် အကြောင်းအရာတစ်ခုဖြစ်သည်။ ထိုသတင်းများက အရေးပေါ်ဖြစ်သည့် ခံစားချက်နှင့် သက်ရောက်မှုခံနေရသည့် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် လုံခြုံရေးသက်ရောက်မှုများ ရှိသည့်အတွက် အဆိုပါ အကျပ်အတည်းအခြေအနေများအကြောင်း သတင်းများသည် စာဖတ်သူများ၏ အာရုံစိုက်မှုကို ရရှိနိုင်သည်။ တစ်ချိန်တည်းမှာပင် ထိုအကြောင်းအရာများကို တင်ပြခြင်းက ရိုးရှင်းသည်ဟု ထင်ရသော်လည်း သတင်းများကို တင်ဆက်ပုံက များသောအားဖြင့် သီးသန့်အစီအစဉ်များကို အခြေခံပြီး အချို့သောဇာတ်ကောင်များကို ပုံစံခွက်သွင်းထားတတ်ကြသည်။ ပဋိပက္ခများ၏ ရှုပ်ထွေးသော နောက်ခံ အခြေအနေများကို အသေးစိတ်မဖော်ပြဘဲ လက်ရှိဖြစ်ပွားနေသည့် အချက်များကိုသာ အာရုံစိုက်လေ့ရှိကြ သည်။ အထူးသဖြင့် ဂယ်လ်တန်နှင့် ရုဂျ် (Galtung and Ruge (1965)) တို့က သတင်းများ မည်သို့တည်ဆောက်သည်နှင့် ယင်းတို့က ပြည်သူများအပေါ် မည်သို့ကိုယ်စားပြုမှုများရှိသည်ကို လေ့လာရန် လိုအပ်သည်ဟု ဖော်ပြခဲ့ကြသည်။ ဤသည်မှာ ငြိမ်းချမ်းရေးသတင်းထောက်ပညာ အသုံးချခြင်းမှတစ်ဆင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတွင် မီဒီယာ၏အခန်းကဏ္ဍ အရေးပါလာပုံဖြစ်သည်။

လင့်ချ်နှင့် မက်ဂိုးလ်ဒ်ရစ် (Lynch and Mcgoldrick (2005)) တို့၏ ရေးသားလေ့လာမှုများက အဆိုပါနယ်ပယ် ဖြစ်ပေါ်တိုးတက်ရေးအတွက် သိသိသာသာအကျိုးရှိခဲ့သည်။ သူတို့က ငြိမ်းချမ်းရေးတည်ဆောက်သည့် သတင်းထောက်ပညာကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြသည်။

*လူ့အဖွဲ့အစည်းကို ပဋိပက္ခအား အကြမ်းမဖက်သည့်တုံ့ပြန်မှုများကို စဉ်းစားတွေးတောပြီး တန်ဖိုးထားရန် တည်းဖြတ်သူများနှင့် သတင်းထောက်များက မည်သည်ကို တင်ပြမည်၊ မည်သို့တင်ပြမည်ကို ရွေးချယ်မှုများ ပြုလုပ်ကြခြင်း*

*ငြိမ်းချမ်းရေး သတင်းထောက်ပညာ*

*(၁) ပဋိပက္ခဆန်းစစ်လေ့လာရေးနှင့် အသွင်ပြောင်းလဲရေး ဗဟုသုတများကို အသုံးပြုပြီး သတင်းတင်ပြရာတွင် ဘက်မလိုက်ခြင်း၊ ညီမျှခြင်း၊ တိကျခြင်း သဘောတရားများကို အဆင့်မြှင့်ခြင်း*

*(၂) သတင်းထောက်များ၊ ၎င်းတို့၏ သတင်းအရင်းအမြစ်များ၊ ၎င်းတို့တင်ပြသည့် ဇာတ်လမ်းများနှင့် ၎င်းတို့သတင်း၏ အကျိုးဆက်များအကြား ဆက်စပ်မှုများကို ဆန်းစစ်သည့် လမ်းကြောင်းမြေပုံတစ်ခုပေးခြင်း - သတင်းပညာဖြင့် ဝင်ရောက်စွက်ဖက်ခြင်း၏ ကျင့်ဝတ်များ*

*(၃) အကြမ်းမဖက်မှုကိုသိရှိအောင် လုပ်ဆောင်ခြင်းနှင့် နေ့စဉ်တည်းဖြတ်မှုနှင့် တင်ပြမှုဆိုင်ရာ လက်တွေ့ကျသော အလုပ်များတွင် ဖန်တီးမှုထည့်သွင်းခြင်း*

လင့်ချ် (Lynch (2015)) ကလည်း နောစတဒ်နှင့် အော်တီဆန် (Nohrsted and Ottesen) တို့၏ အကြံပြုချက်များဖြစ်သည့် ပဋိပက္ခဆိုင်ရာသတင်းများ ရေးသားရာနှင့် တင်ဆက်ရာတွင် *ပြောဆိုရေးသားမှုများကို ဝေဖန်ပိုင်းခြား ဆန်းစစ်လေ့လာခြင်း (critical discourse analysis (CDA))* ကို အသုံးပြုခြင်းဖြင့် ငြိမ်းချမ်းရေး သတင်းထောက်ပညာ ကျင့်သုံးပုံကို ပို၍ အဆင့်မြှင့်နိုင်သည်ဟူသည့် အချက်ကို ကိုးကားခဲ့သည်။ အထူးသဖြင့် CDA က လူ့အဖွဲ့အစည်းတွင်းမှ အာဏာတည်ဆောက်ပုံများက ပဋိပက္ခအတွက် အရင်းအမြစ်ရော၊ ပါဝင်ဖြည့်ဆည်းပေးသည့် အချက်များရော ဖြစ်နိုင်သည်ကို ပြသခဲ့သည်။ ပဋိပက္ခဖြေရှင်းရေး ဖြစ်နိုင်ခြေများနှင့် ငြိမ်းချမ်းရေးတည်ဆောက်ပုံများအပါအဝင် ပဋိပက္ခကို နက်ရှိုင်းစွာနားလည်ခြင်းကို သတင်းဖတ်ရှုသူများထံ တင်ပြပေးသင့်သည်။

အရှေ့တောင်အာရှတွင် ငြိမ်းချမ်းရေးသတင်းထောက်ပညာနှင့် ပတ်သက်၍ အာဘန်နေးလ် (Abunales (2016)) က ဖိလစ်ပိုင်မီဒီယာတွင် ငြိမ်းချမ်းရေးသတင်းထောက်ပညာနှင့် စစ်ပွဲသတင်းထောက်ပညာများအရ သတင်းများ တင်ဆက်ပုံနှင့် အစိုးရနှင့် MILF အကြား ငြိမ်းချမ်းရေးဖြစ်စဉ်ကို တင်ဆက်ပုံတို့ မည်သို့ကွာခြားသည်ကို ဆန်းစစ်လေ့လာခဲ့သည်။ သူက မင်ဒါနောင်အခြေစိုက် Mindaews.com နှင့် မနီလာအခြေစိုက် ဖိလစ်ပိုင် နေ့စဉ်စူးစမ်းသူ (Philippine Daily Inquirer) သတင်းစာမှ ဆောင်းပါးများကို စုဆောင်းခဲ့ပြီး ဂယ်လ်တန် (Galtung (2006)) ၏ ရေးသားမှုကို အခြေခံ၍ ကျယ်ပြန့်သော တင်ဆက်ပုံ လေ့လာဆန်းစစ်မှုကို တင်ပြခဲ့သည်။ သူက အောက်ပါ တင်ဆက်ပုံညွှန်းကိန်းများကို စာရင်းပြုစုခဲ့သည်။ (၁) နောက်ခံအခြေအနေကိုအဓိကထားခြင်း/ အကြမ်းဖက်မှုကိုအဓိကထားခြင်း၊ (၂) ဆွေးနွေးညှိနှိုင်းမှုများကို အဓိကထားခြင်း/အမုန်းတရားကို အဓိကထားခြင်း၊ (၃) ပြည်သူများကိုအဓိကထားခြင်း/ အီလစ်များကိုအဓိကထားခြင်း၊ (၄) ဖြစ်စဉ်ရလဒ်ကို အဓိကထားခြင်း/ လုပ်ဆောင်သည့်အဆင့်များကိုအဓိကထားခြင်း၊ (၅) လွတ်လပ်ခွင့်နှင့် အာဏာဆိုင်ရာ ကိစ္စရပ်များကို အဓိကထားခြင်း/အပေါ်ယံအရေးမပါသည့်အချက်များကိုသာ အဓိကထားခြင်း၊ (၆) အမှန်တရားကို အဓိကထားခြင်း/ဝါဒဖြန့်ခြင်းများကို အဓိကထားခြင်း၊ (၇) ဖြေရှင်းချက်ကို အဓိကထားခြင်း/အောင်မြင်မှုကို အဓိကထားခြင်းနှင့် (၈) ငြိမ်းချမ်းရေးတည်ဆောက်မှုကို အဓိကထားခြင်း/ ဗျူရိုကရေစီကို အဓိကထားခြင်း

တို့ဖြစ်သည်။ အဆိုပါ တင်ဆက်ပုံလေ့ကျင့်ခန်းမှတစ်ဆင့် ကျောင်းသားများနှင့် သတင်းထောက်များကို သတင်းရေးသားရာတွင် အထူးသဖြင့် လက်နက်ကိုင်နှင့် အကြမ်းဖက်သောပဋိပက္ခများအကြောင်း ရေးသားရာတွင် ၎င်းတို့ပြုလုပ်သည့် ရွေးချယ်မှုများကို လမ်းညွှန်ပေးနိုင်သည်။ အာဘန်နေးလ်၏ လေ့လာချက်က Mindanews.com ကဲ့သို့သော သေးငယ်သည့် သတင်းအဖွဲ့များက ငြိမ်းချမ်းရေးသတင်းထောက်ပညာကို မည်သို့ အသုံးချသည်နှင့် သတင်းနှင့် အချက်အလက်များက ငြိမ်းချမ်းရေးအတွက် အရင်းအမြစ်ဖြစ်လာသည့်အခါ (သို့) ပဋိပက္ခနှင့် အကြမ်းဖက်မှုအရှိန်မြင့်ခြင်းအပေါ် သက်ရောက်မှုရှိသည့်အခါ ငြိမ်းချမ်းရေး သတင်းထောက်ပညာ က ပဋိပက္ခအခြေအနေများတွင် မည်သို့တန်ဖိုးရှိသည်ကို ရှင်းလင်းစွာ ပြသနိုင်ခဲ့သည်။ သတင်းထောက်များ၏ အခန်းကဏ္ဍက ငြိမ်းချမ်းရေးတည်ဆောက်ရေးတွင် ပါဝင်သူများအဖြစ်သာမက ငြိမ်းချမ်းရေးအကြောင်းကို ပညာပေးနေသူများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပတ်သက်ဆက်နွှယ်သူများအဖြစ်ပါ အရေးပါပေသည်။

ပဋိပက္ခဒေသများတွင် ပဋိပက္ခများအကြောင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းအကြောင်း အဓိကထား တင်ပြသည့် နာမည်ကြီး သတင်းနှင့် အချက်အလက်ဝက်ဘ်ဆိုက် အများအပြားရှိသည်။ အင်ဒိုနီးရှားနိုင်ငံ၊ အာချေးဒေသတွင် Acehkita.com သည် အထူးသဖြင့် အာချေးဒေသ စစ်တပ်အုပ်ချုပ်မှုအောက် ကျရောက်နေစဉ် (၂၀၀၄ ခုနှစ် ဆူနာမီမတိုင်မီ) အတွင်း အရေးပါသည့် သတင်းအရင်းအမြစ်တစ်ခု ဖြစ်ခဲ့သည်။ အခြားဝက်ဘ်ဆိုက်တစ်ခုမှာ အင်ဒိုနီးရှားအစိုးရနှင့် *Gerakan Aceh Merdeka* (သို့) အာချေးဒေသ လွတ်မြောက်ရေးလှုပ်ရှားမှုတို့အကြား ငြိမ်းချမ်းရေးဖြစ်စဉ်ဆွေးနွေးမှုများအား ပြည်သူများကို အသိပေးသည့် အာချေးအင်စတီကျု (Aceh Institute) ဝက်ဘ်ဆိုက်ဖြစ်သည်။

အလားတူပင် ထိုင်းနိုင်ငံတောင်ပိုင်းတွင် ၂၀၀၄ ခုနှစ် တခ်ဘိုင် (Tak Bai) ဖြစ်ရပ်အပြီး၌ ဘဟာဆာ မလေး ဘာသာစကားကို အသုံးပြုသည့် အစားထိုးမီဒီယာတစ်ခုအနေဖြင့် AMAN သတင်းအေဂျင်စီ ပေါ်ထွက်လာခဲ့ သည်။ ဤသည်မှာ သိသာထင်ရှားသည်။ အဘယ်ကြောင့်ဆိုသော် ထိုင်းဘာသာစကား ထိုးဖောက်လာမှုကြောင့် လူငယ်မျိုးဆက်များအကြား ယခုအခါ ပြောဆိုမှုလျော့နည်းသွားသော်လည်း ဘဟာဆာ မလေးဘာသာစကား သည် ပတ်ထာနီလူမျိုးများ၏ ဒေသဘာသာစကားဖြစ်သောကြောင့် ဖြစ်သည်။ ဤသည်က ဘာသာစကားများက ထိုင်းနိုင်ငံတောင်ပိုင်းတွင် ပဋိပက္ခပြဿနာ မည်သို့ဖြစ်လာသည်ကို ရှင်းလင်းပြနေသည်။ (ဘဟာဆာမလေးဘာသာစကားအရ ငြိမ်းချမ်းရေးဟု အဓိပ္ပာယ်ရသည့်) AMAN က ပဋိပက္ခအကြမ်းဖက်မှု ဖြစ်ရပ်များကို တင်ပြပြီး ပဋိပက္ခကြောင့် ထိခိုက်ခံစားရသူများ၏ လူသားရှုထောင့်ကိုလည်း ပြသခဲ့ကြသည်။ နာမည်ကြီး မီဒီယာများတွင် သာမန်ပြည်သူများ၏ ဇာတ်လမ်းများကို များသောအားဖြင့် တင်ပြခြင်းမရှိသော် လည်း AMAN က ယင်းကို ဦးစားပေး တင်ပြခဲ့သည်။

အလားတူပင် ဖိလစ်ပိုင်နိုင်ငံ၊ မင်ဒါနောင်တွင် အခြေစိုက်သည့် Mindanews.com က အရှေ့တောင်အာရှ ငြိမ်းချမ်းရေး သတင်းထောက်ပညာရပ်တွင် ဥပမာတစ်ခုဖြစ်သည်။ မင်ဒါသတင်းဌာနသည် ငြိမ်းချမ်းရေး သတင်းထောက်ပညာရပ်ကို ကျင့်သုံးသည့် သတင်းဌာန သတ်သတ်သာမဟုတ်ဘဲ အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းများ အများအပြားတွင်လည်း ပါဝင်ကြသည်။ သတင်းထောက်များ အတွက် ငြိမ်းချမ်းရေးသတင်းထောက်ပညာရပ်ဆိုင်ရာ သင်တန်းများနှင့် ပညာပေးရေးများကိုလည်း ဦးဆောင်ခဲ့

သည်။ မင်ဒါနောင် ပဋိပက္ခနှင့် ငြိမ်းချမ်းဖြစ်စဉ် သမိုင်းကြောင်းအတွက် အရင်းအမြစ်များ တည်ဆောက်ရန် ကြိုးပမ်းသည့်အနေဖြင့် စာအုပ်များနှင့် အခြားစာတမ်း၊ အစီရင်ခံစာများကိုလည်း ထုတ်ဝေခဲ့သည်။

**စာသေတ္တာ ၄.၅။ မင်ဒါသတင်းဌာနသည် ၂၀၀၀ ပြည့်နှစ် စစ်ပွဲများ ဖြစ်ပွားခြင်း၏ ရလဒ်ဖြစ်သည်**

*ကယ်ရိုလင်း အာဂူလက်စ် (Carolyn Arguillas) ရေးသားသည်။*

၁၉၉၁ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ကျွန်မက အမျိုးသားသတင်းစာ မင်ဒါနောင်ဗျူရိုတွင် သတင်းထောက်အဖွဲ့ကို ဦးဆောင်ခဲ့သည်။ ကျွန်မတို့အားလုံးက ကျွန်မတို့၏လူထုများထံတွင် ဖြစ်ပွားနေသည်များကို နိုင်ငံတစ်ဝန်းမှ စာဖတ်သူများထံတင်ပြရန် စိတ်အားထက်သန်နေခဲ့သည်။ ကျွန်မတို့အတွက် အရေးအပါဆုံးကိစ္စရပ်များကို ကျွန်မတို့ ရေးသားနေသည့် နိုင်ငံအဆင့် သတင်းစာမှတစ်ဆင့် အသံထွက်အောင် လုပ်ပေးရန်မှာ အရေးပါသည်။

ကျွန်မတို့ မင်ဒါနောင်ဗျူရိုတွင် အလုပ်မလုပ်မီ ၁၉၈၀ ပြည့်လွန်နှစ်လည်ကတည်းက မတူညီသည့် နိုင်ငံတော်အဆင့် သတင်းဌာနများအတွက် အလုပ်လုပ်ရင်း အချင်းချင်းသိကျွမ်းခဲ့ပြီးဖြစ်သည်။ ဒေသဆိုင်ရာ သတင်းများအတွက် စာမျက်နှာအကန့်အသတ်ဖြင့်သာရရှိသည့် နိုင်ငံတော်အဆင့်သတင်းစာများတွင် အလုပ်လုပ်ခဲ့ရသည့်နှစ်များမှာ ကျွန်မတို့အားလုံးအတွက် ရုန်းကန်ခဲ့ရသော ကာလများဖြစ်သည်။ သတင်းစာ မျက်နှာဖုံးခေါင်းကြီးပိုင်းသတင်းများအတွက် ကျွန်းစုကြီးများအားလုံးတွင် မင်ဒါနောင်သည် အမြဲထိပ်တန်းမှ ပါလေ့ရှိသည်။ ယင်းမှာ အကြမ်းဖက်မှုသတင်းများကြောင့် ဖြစ်သည်။ စိတ်မကောင်းဖွယ်ရာမှာ သတင်းဆိုးများသည် စာမျက်နှာ (၁) တွင် ပါဝင်နိုင်ကြသည်။ ပြည်နယ်ဆိုင်ရာ စာမျက်နှာများတွင်လည်း အလားတူပင်ဖြစ်သည်။

အချိန်ကာလအတော်ကြာကြာ "မင်ဒါနောင်သည် အကြမ်းဖက်မှုနှင့် ညီမျှခဲ့လေသည်။"

အချိန်ကာလ အတော်ကြာကြာ မင်ဒါနောင်က စာမျက်နှာ (၁) တွင် ပါဝင်ရသည့် အခြေအနေ သုံးရပ်ရှိသည်။ ပထမအခြေအနေမှာ ဖုံးဖောက်ခြင်း၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း၊ စစ်ပွဲများကဲ့သို့သော အကြမ်းဖက်မှုဆိုင်ရာ သတင်းများဖြစ်သည်။ ဒုတိယမှာ ဘေးအန္တရာယ်ကျရောက်မှုများနှင့် တတိယမှာ နေကြတ်ခြင်းကဲ့သို့သော နက္ခတ်တာရာဖြစ်ရပ်များဖြစ်သည်။ စာမျက်နှာနေရာအတွက် တိုက်ပွဲဝင်ရသလို (နိုင်ငံတော်အဆင့် မီဒီယာများ အားလုံး၏ ဌာနချုပ်ဖြစ်သည့်) မနီလာမှ ဗဟိုဌာနနှင့်လည်း မင်ဒါနောင်ဆိုင်ရာ အသုံးအနှုန်းများကို မှားယွင်းသုံးစွဲသည့်အတွက် တိုက်ပွဲဝင်ရသေးသည်။ ပြန်ပေးဆွဲသူများ (သို့) အကြမ်းဖက်သူများကို ဖော်ပြသည့်အခါ မူဆလင်ဟူသည့်စကားလုံးကို မလိုအပ်ဘဲသုံးစွဲသည့်အတွက် ကျွန်မတို့က သူတို့ကို ထပ်ဖန်တလဲလဲ သတိပေးရသည်။ တစ်ခါတရံ အဆိုပါစကားလုံးကို မလိုအပ်ဘဲအသုံးပြုခြင်းမျိုး မတွေ့ရပေ။ သို့သော် ထိုပြဿနာက တကျော့ပြီးတကျော့ ပြန်လည်ဖြစ်ပွားပြန်သည်။ ကျွန်မတို့ကလည်း ထပ်ဖန်တလဲလဲ သတိပေးရင်း ပေးနေရသည်။

၂၀၀၀ ပြည့်နှစ်တွင် စစ်ပွဲဖြစ်ပွားခြင်းက ကျွန်မတို့အားလုံးအတွက် လှုပ်နှိုးလိုက်သလိုဖြစ်သွားသည်။ အဆိုပါစစ်ပွဲကြောင့် မင်ဒါနောင်ပြည်သူ တစ်သန်းနီးပါး နေရပ်စွန့်ခွာထွက်ပြေးရသည်။ ကျွန်မတို့က ကျွန်မတို့၏

သတင်းများကို မြေပြင်တွင် ကျွန်မတို့ မျက်မြင်တွေ့ရှိရသည်များနှင့် ကျွန်မတို့ နားထောင်ခဲ့ရသည့်အသံများကို အခြေခံ၍ ရေးသားသည်။ သို့သော် ထိုသတင်းများကို ဝေးကွာသည့် မြို့တော်မနီလာရှိ စစ်တပ်နှင့် မာလာကာနန်နန်းတော်မှ အစိုးရသတင်းများနှင့် ပေါင်းစပ်လိုက်သောကြောင့် ကျွန်မတို့ရေးသားသည့် စာပိုဒ်အချို့သာ အသုံးပြုခြင်း ခံရသည်။ ထိုသို့သော အခြေအနေမျိုးတွင် စာဖတ်သူများက မည်သည့်သတင်းများကို ရရှိကြသနည်း။ သတင်းထောက်များထံမှ စာလုံးရေ ၉၀၀၀ ခန့်ရှိသည့် သတင်းတစ်ပုဒ်ရရှိလျှင် ကျွန်မက ယင်းကို စာလုံးရေ ၅၀၀၀ အထိ လျှော့ချရသည်။ ထိုသို့ အများကြီးလျှော့ချထားသောသတင်းမှ စာပိုဒ်အချို့သာ ဖော်ပြခြင်း ခံရသည်။

၂၀၀၁ ခုနှစ် မေလတွင် ကျွန်မတို့အများအပြား နိုင်ငံတော်အဆင့်သတင်းစာမှ အလုပ်ထွက်ကာ မင်ဒါသတင်းဌာနကို တည်ထောင်ခဲ့ကြသည်။ ကျွန်မတို့ကံကောင်းသည်မှာ ထိုအချိန်တွင် မင်ဒါနောင်၌၊ အနည်းဆုံး အဓိကနေရာများ၌ အင်တာနက်မှာ တိုးတက်ကောင်းမွန်လာပြီဖြစ်သည်။ ကျွန်မတို့က ရနိုင်သမျှ လအနည်းငယ်အတွက်သာ တောင့်ခံနိုင်မည့် အရင်းအမြစ်နည်းနည်းဖြင့် စခဲ့ကြသည်။ ကျွန်မတို့က နိုင်ငံတော်အဆင့်သတင်းစာများကို မင်ဒါနောင်ဗျူရိုကဲ့သို့ ထည့်ဝင်ကြေးအနည်းငယ်၊ ပီဆို တစ်သောင်း (၁၉၈ ဒေါ်လာ) ဖြင့် သတင်းများပေးနိုင်မည်ဟု တွေးထင်ခဲ့ကြသည်။ သို့သော် ကျွန်မတို့ကို "ကျွန်တော်တို့မှာ စစ်ရေးသတင်း တင်ပြတာတွေ ရှိပြီးပြီ" ဟု ပြောခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ ထိုစဉ်က မင်ဒါနောင်ကို ထိုကဲ့သို့ ရှုမြင်ခဲ့ကြသောကြောင့်ဖြစ်သည်။ လုံခြုံရေးကိစ္စရပ်ဟုသာ ရှုမြင်ထားသောကြောင့် ဖြစ်သည်။

ကျွန်မတို့တည်ရှိခဲ့သော ၁၉ နှစ်တာကာလအတွင်း စိန်ခေါ်မှုများစွာ ရှိခဲ့သော်လည်း ကျွန်မတို့က ၂၀၀၁ ခုနှစ်တွင် ကျွန်မတို့ဖွဲ့စည်းစဉ်က လုပ်ဆောင်မည်ဟု ဆုံးဖြတ်ခဲ့သည်များကို ဆက်လက်လုပ်ဆောင်ခဲ့သည်။ မင်ဒါနောင်၏ ဇာတ်လမ်းများကို မင်ဒါနောင်၏အမြင်မှ တင်ပြခြင်း၊ ပြည်တွင်းသတင်းစာ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားလိုင်းများတွင် ဖော်ပြသည်ထက်ကျော်လွန်ပြီး မင်ဒါနောင်အကြောင်း ရှုထောင့်စုံ၊ ကဏ္ဍစုံမှတင်ဆက်ခြင်း၊ မင်ဒါနောင်ဆိုင်ရာ ကိစ္စရပ်များကို ကျွန်မတို့ တတ်နိုင်သမျှ ပြည့်ပြည့်စုံစုံတင်ဆက်ခြင်းတို့ဖြစ်သည်။ သို့ရာတွင် ကျွန်မတို့က သတင်းတင်ဆက်ခြင်းမှာတင် ရပ်တန့်မသွားပေ။ ကျွန်မတို့က မင်ဒါနောင်တွင် မီဒီယာ အစည်းအဝေးများ၊ သင်တန်းများကျင်းပခြင်း၊ ဓာတ်ပုံပြပွဲများ၊ ဖြစ်ရပ်မှန်ဇာတ်လမ်းများတင်ဆက်ခြင်း၊ စာအုပ်အများအပြားနှင့် မဂ္ဂဇင်း ထုတ်ဝေခြင်း (သက်တမ်းတော့ မကြာရှည်ခဲ့ပေ၊ ကျွန်မတို့အားလုံးက မည်သို့ ရေးသားရမည်ကို သိရှိသော်လည်း မည်သို့ ဈေးကွက်မြှင့်တင်ရမည်ကို မသိရှိခဲ့ကြပေ)၊ မင်ဒါနောင် ငြိမ်းချမ်းရေး ဖြစ်စဉ်ကဲ့သို့သော အရေးကြီးကိစ္စရပ်များကို စားပွဲဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ရုပ်ရှာအခြေပြု မှတ်တမ်းယူခြင်းနှင့် တင်ပြခြင်း၊ သင်တန်းများပေးခြင်း၊ သတင်းထောက်များနှင့် သတင်းထောက်ပညာ လေ့လာနေသည့် ကျောင်းသားများ၊ သတင်းထောက်ပညာ စိတ်ဝင်စားသူများအတွက် သတင်းထောက်ပညာ နွေရာသီအင်စတီကျူ တည်ထောင်ခြင်း၊ ကျွန်မတို့ရုံးတည်ရှိရာနေရာတွင် ကလေးများကို အခြေခံဓာတ်ပုံပညာ၊ အခြေခံသတင်းရေးသားခြင်းနှင့် အကသင်ကြားပေးခြင်း ကဲ့သို့သော နွေရာသီလူငယ်သင်တန်းအစီအစဉ်များ ပြုလုပ်ခြင်း အစရှိသည့် အခြားသော နယ်ပယ်များတွင်လည်း လှုပ်ရှားခဲ့ကြသည်။

နိုင်ငံတစ်ဝန်း အခြားနေရာများကဲ့သို့ပင် မင်ဒါနောင်သည် ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် ပြဿနာကြီးတစ်ရပ်ကို ရင်ဆိုင်ခဲ့ရသည်။ ကျွန်မဆိုလိုသည်မှာ ကိုဗစ်-၁၉ ဖြစ်ပွားသည့် လူအရေအတွက်ကို ပြောခြင်းသာမဟုတ်ဘဲ အလုပ်များနှင့် အသက်မွေးဝမ်းကြောင်းများ ဆုံးရှုံးသွားသည့် ထောင်ပေါင်းများစွာသော လူများအပါအဝင် စီးပွားရေးအပေါ် သက်ရောက်မှုကို ဆိုလိုခြင်းဖြစ်သည်။ ကိုဗစ်-၁၉ အကြောင်းတင်ပြရန် စိန်ခေါ်မှုများမှာ အဆိုပါ ခက်ခဲမှုများသာမကပေ။ မင်ဒါနောင်မှ လူထုသတင်းစာအများအပြားမှာ လုပ်ငန်းရပ်ဆိုင်းသွားသည်။ အချို့မှာ စာမျက်နှာများ လျှော့ချခြင်း (သို့) ထုတ်ဝေသည့်ကြိမ်ရေ လျှော့ချခြင်းများကို လုပ်ဆောင်ရသည်။ မေလတွင် ABS-CBN ထပ်ဆင့်ထုတ်လွှင့်မှု မရှိတော့ခြင်းနှင့် မင်ဒါနောင်မှ ထုတ်လွှင့်ရေးဌာန အနည်းဆုံး လေးခုအပါအဝင် နိုင်ငံတစ်ဝန်း ပြည်နယ်ဆိုင်ရာ ထုတ်လွှင့်ရေးဌာနများအားလုံး ပိတ်သွားရခြင်းက လူအများစုအတွက် အရေးပါသည့် သတင်းအချက်အလက်များ ရရှိမှုကို ထိခိုက်စေခဲ့သည်။ မင်ဒါနောင်မှ နေရာအများအပြားတွင် အခမဲ့ရသော ABS-CBN လိုင်းမှသာ ရုပ်မြင်သံကြား ကြည့်ရှုကြသည်။

ယခုကပ်ရောဂါကာလအတွင်း မင်ဒါနောင်ရှိ ကျွန်မတို့ရင်ဆိုင်နေရသည့် အခြားအဓိကပြဿနာများလည်း ရှိသေးသည်။ မူဆလင်မင်ဒါနောင်ဒေသတွင် နိုင်ငံရေးရော၊ ပုံမှန်လည်ပတ်ပုံ လမ်းကြောင်းများပါ ပါဝင်သည့် ဘန်ဆာမိုရို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Bangsamoro Autonomous Region in Muslim Mindanao (BARMM)) သို့ ပြောင်းလဲခြင်းက အာရုံစိုက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်သည်။ မိုရိုအစ္စလာမ်မစ်လွတ်မြောက်ရေး တပ်ဦး၏ ဘန်ဆာမိုရို အစ္စလာမ်မစ် လက်နက်ကိုင်တပ်ဖွဲ့မှ အနည်းဆုံး စစ်သား ၂၈၀၀၀ ကျော်ခန့်က လက်နက်စွန့်ရန် စောင့်ဆိုင်းနေရဆဲဖြစ်သည်။ အခြားသော အရေးပါသည့်ပြဿနာတစ်ရပ်မှာ ၂၀၂၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြစ်သည်။ မင်ဒါနောင်ဒေသတွင် အကြမ်းဖက်မှုတိုက်ဖျက်ရန် အကြောင်းပြချက်ဖြင့် စစ်ပွဲဆင်နွှဲနိုင်ခြေရှိနေသောကြောင့် ဤဥပဒေက အမျိုးမျိုးသောနယ်ပယ်များတွင် စိတ်မသက်မသာ ဖြစ်စေသည်။

မင်ဒါနောင်အကြောင်း တင်ပြရာတွင် သမိုင်းကြောင်းကို ကောင်းစွာနားလည်ထားရန် လိုအပ်သည်။ ငြိမ်းချမ်းရေး သတင်းထောက်ပညာသင်တန်းများက သတင်းထောက်များကို စွမ်းဆောင်ရည်များ သင်ကြားပေးနိုင်သည်။ သို့သော် ပဋိပက္ခ၏သမိုင်းကြောင်းကို မသိရှိနားမလည်ပါက သတင်း၏နောက်ခံအကြောင်းအရာများ ပျောက်ဆုံးသွားနိုင်သည်။

## ၄.၇ ငြိမ်းချမ်းရေး တည်ဆောက်ရာတွင် စီးပွားရေးလုပ်ငန်းများ/ ပုဂ္ဂလိက ကဏ္ဍကို ပတ်သက်ဆက်နွှယ်သူတစ်ဦး အဖြစ်ပါဝင်စေခြင်း[10]

ကာလရှည်ကြာပြီး မပြီးပြတ်နိုင်သည့် အကြမ်းဖက်သောပဋိပက္ခများတွင် ရှုထောင့်ပေါင်းစုပါဝင်သည့် အကြောင်းရင်းခံများရှိသည်။ ယင်းပြဿနာအမျိုးမျိုးတွင် သမိုင်းဆိုင်ရာပြောဆိုရေးသားမှုများနှင့် အာဃာတ များ၊ နိုင်ငံရေးအာဏာနှင့် နယ်မြေများအတွက်ရန်းကန်မှုများ၊ ကိုယ်ပိုင်သရုပ်လက္ခဏာ ပြဿနာရပ်များ

[10] Yoko Fujimura ပါဝင်ရေးသားသည်။

(ယဉ်ကျေးမှုနှင့် ဘာသာရေး)နှင့် အရင်းအမြစ်ဆိုင်ရာပဋိပက္ခများ ပါဝင်သည်။ ပဋိပက္ခများ၏ ရှုထောင့်များနှင့် အပြုအမူများကို နိုင်ငံတော်ထံမှတုံ့ပြန်မှုများ၊ ပဋိပက္ခ၏ ပြင်ပမှပုဂ္ဂိုလ်များဟု ယူဆထားသည့် အခြားကဏ္ဍများမှလူများပါဝင်မှု၊ လူ့အခွင့်အရေးပြဿနာများနှင့် ဖွံ့ဖြိုးမှုနိမ့်ပါးခြင်းနှင့် ဆင်းရဲမွဲတေမှု စက်ဝန်းတို့ကဲ့သို့သော အချက်များကလည်း လွှမ်းမိုးနိုင်သည်။ နောက်ဆုံးအချက်နှင့် စပ်လျဉ်း၍မူ စီးပွားရေး ကိစ္စရပ်များက ပဋိပက္ခအခြေအနေတွင် ထင်သာမြင်သာအရှိဆုံး ညွှန်းကိန်းများဖြစ်သည်။ ထို့ကြောင့် ဆင်းရဲမွဲတေမှု၊ ဖွံ့ဖြိုးမှုနောက်ကျခြင်းနှင့် မတည်ငြိမ်သောစီးပွားရေးတို့သည် မကြာခဏဆိုသလို ပဋိပက္ခများ၏ အရင်းအမြစ်များဖြစ်သော်လည်း လက်တွေ့တွင် ယင်းမှာ ၎င်း၏အကျိုးဆက်များဖြစ်သည်။

၂၀၀၅ ခုနှစ်တွင် ကမ္ဘာ့ဘဏ်နှင့် ဘန်ဆာမိုရို ဖွံ့ဖြိုးရေးအေဂျင်စီတို့က မင်ဒါနောင်တွင် ပဋိပက္ခဖြစ်ရသည့် အဓိက အကြောင်းအရင်းများကို ပူးတွဲ၍ လိုအပ်ချက် ဆန်းစစ်မှုအစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။ အဆိုပါ အစီရင်ခံစာက ပဋိပက္ခဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းများမှာ မင်ဒါနောင်တွင် ဘန်ဆာမိုရိုလူမျိုးများကို ဘေးဖယ်ထုတ်ထားသည့် သမိုင်းကြောင်းနှင့် ဖွဲ့စည်းလည်ပတ်ပုံများမှ ထွက်ပေါ်လာသည့် မတရားမှုကြောင့် ဖြစ်သည်။ ရှုထောင့်တစ်ခုမှာ ပဋိပက္ခကိုမောင်းနှင်မှုတစ်ခုတွင်ပါဝင်သည့် စီးပွားရေးအရဘေးဖယ်ခံထားရခြင်း ဖြစ်သည်။ တစ်ချိန်တည်းမှာပင် လူနည်းစုအုပ်စုတစ်စုက စီးပွားရေးကိုထိန်းချုပ်ခြင်းကလည်း ပိုနေမြဲ၊ ကျားနေမြဲ အခြေအနေကို သက်ဆိုးရှည်စေသည်။ ထို့ပြင် စီးပွားရေးကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံသူများကလည်း ၎င်းတို့ အကျိုးစီးပွားအတွက် ကာကွယ်ပေးထားခံရနိုင်ပြီး ဤသည်က ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် သဘောတူညီချက်များ အပေါ် ထိခိုက်စေသည်။ ထို့ကြောင့် ထိုကဏ္ဍသည် ငြိမ်းချမ်းရေးတည်ဆောက်ရေးတွင် အရေးပါသည့် ပတ်သက်ဆက်နွှယ်သူဖြစ်သည်။ ဥပမာများတွင် ညှိနှိုင်းဆွေးနွေးပွဲများတွင် ပါဝင်ပြီး အရပ်ဘက်အဖွဲ့အစည်းများ နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတွင်ပါဝင်ခဲ့သည့် မင်ဒါနောင် စီးပွားရေးကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသမှ မူဆလင် မင်ဒါနောင် စီးပွားရေးကောင်စီတို့ ပါဝင်သည် (Rood, 2005)။ အထူးသဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို နားမလည်သေးဘဲ သာမန်ပြည်သူများ၏ ထောက်ခံမှုအနည်းငယ်သာ ရသေးသည့် နှစ်များတွင် ထိုသို့ ရေပြင်ညီ ငြိမ်းချမ်းရေးတည်ဆောက်ရေးက အဓိကကျသည်။

၂၀၀၅ ခုနှစ် ဖိလစ်ပိုင် လူသားဖွံ့ဖြိုးရေးအစီရင်ခံစာက ဆင်းရဲမွဲတေမှုနှင့် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ရပ်များအကြား တိုက်ရိုက်ဆက်စပ်မှု မတွေ့ရှိခဲ့သော်လည်း ဆင်းရဲမွဲတေမှု၊ နိမ့်ကျသော လူသားဖွံ့ဖြိုးမှု အခြေအနေများက ပဋိပက္ခ၏အခြေအနေများနှင့် အကြမ်းဖက်မှုကို ပို၍နက်ရှိုင်းစေသည်။ ကမ္ဘာ့ဖွံ့ဖြိုးရေး အစီရင်ခံစာ (World Development Report (2011)) နှင့် ကုလသမဂ္ဂ လူသားဖွံ့ဖြိုးမှု အစီရင်ခံစာ (UN Human Development Report (2010)) တို့က ပဋိပက္ခအခြေအနေတွင် လူသားဖွံ့ဖြိုးရေးကို ပဋိပက္ခဖြေရှင်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု အလုံအလောက်မရှိခြင်းတို့က အဓိကတားဆီးနေသည်ဟု ဆိုခဲ့သည် (Abubakar, 2019)။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးကဏ္ဍ၏ အခန်းကဏ္ဍများအပါအဝင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုက ဆင်းရဲသူများဖွံ့ဖြိုးရေးကို အကျိုးပြုစေရမည် (Kusago, 2005)။ ပဋိပက္ခကြောင့် အကျိုးသက်ရောက်ခံရသည့် အသိုင်းအဝိုင်းများသည် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကြောင်းနှင့် ပိုမိုကောင်းမွန်သော လူမှုစီးပွားရေးဘဝနှင့် အခွင့်အလမ်းများ လိုအပ်သည်။ ယင်းတို့မှာ ငြိမ်းချမ်းရေးဖြစ်စဉ်၏ အောင်မြင်မှုအသီးအပွင့် ညွှန်းကိန်းများဖြစ်သည်။ သို့ရာတွင် အဆိုပါအကျိုးကျေးဇူးများက ဘေးဖယ်ခံထား

ရသူများအတွက် စီးပွားရေးတန်းတူညီမှု ရရှိစေမည့်ပုံစံမျိုးဖြင့် ထွက်ပေါ်လာစေရန်မှာ အရေးပါသည်။ ဝန်းမန်း (Wennman (2011)) က ပဋိပက္ခအခြေအနေများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် စီးပွားရေးရှုထောင့်များ ထည့်သွင်းခြင်းက ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်မှုကို ဖန်တီးပေးပြီး ငြိမ်းချမ်းရေး၏ အကျိုးကျေးဇူးများကို ချက်ချင်းရရှိစေသည် (သို့) ပြည်သူများအကြား စီးပွားရေးဘဝနှင့် ပတ်သက်၍ သိသာသော တိုးတက်မှုများကို ပြသပေးသည်ဟု ဆိုခဲ့သည် (Wennman, 2011)။

## ၄.၇.၁ ပဋိပက္ခနှင့် ငြိမ်းချမ်းရေး တည်ဆောက်ရေးတွင် စီးပွားရေးလုပ်ငန်းများ ပါဝင်စေခြင်း

ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်များ ကဲ့သို့သော နိုင်ငံတကာကြိုးပမ်းမှုများတွင် *အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းလုပ်ဆောင်ခြင်း* ကို မြှင့်တင်သည့် ကြိုးပမ်းမှုများအား ကုလသမဂ္ဂနှင့် အထူးသဖြင့် အထွေထွေအတွင်းရေးမှူး ကိုဖီအာနန်တို့က ဦးဆောင်ခဲ့ကြသည်။ သို့ရာတွင် ငြိမ်းချမ်းရေးအစီအစဉ်များတွင် စီးပွားရေးကဏ္ဍကို ပါဝင်စေခြင်းသည် မကြာခဏဆိုသလို ဆန့်ကျင်မှုများ၊ သံသယများဖြင့် ရင်ဆိုင်ကြရသည် (Berdal and Mousavizadeh, 2010)။ စီးပွားရေးကဏ္ဍက ပြိုကွဲလွယ်သည့် ဒေသများ/ နိုင်ငံများတွင် လူမှုစီးပွားရေးလိုအပ်ချက်များအား ဖြေရှင်းပေးရာတွင် အကျိုးပြုနိုင်သော်လည်း အားနည်းသော ပြည်သူ့အခြေခံအဆောက်အဦများအပေါ် အခွင့်ကောင်းယူလျှင် ပဋိပက္ခကို ပို၍ကြာရှည်စေနိုင်သည့် မရည်ရွယ်သော အကျိုးဆက်များ ရှိလာနိုင်သည်။ ဥပမာ ကုမ္ပဏီတစ်ခုက အသိုင်းအဝိုင်းတစ်ခုမှ လူများကိုသာ အလုပ်ခန့်ခြင်းဖြင့် ပဋိပက္ခဖြစ်နေသည့် အသိုင်းအဝိုင်းများအကြား တင်းမာမှုကို ပိုဆိုးစေနိုင်သည်။ သို့မဟုတ် လာဘ်ပေးခြင်းနှင့် အကျင့်ပျက်ခြစားခြင်းများလုပ်ဆောင်ခြင်းမှ အားနည်းသည့် အုပ်ချုပ်မှုကို ပိုမိုဆိုးရွား စေသည် (Appiah & Jackson, 2015)။ နောက်ထပ် ဥပမာတစ်ခုမှာ စီးပွားရေးလုပ်ငန်းများက ပဋိပက္ခလွန်ကာလ နိုင်ငံများတွင် ယခင်က ကလေးစစ်သားဖြစ်ခဲ့သူများကို (လစာနည်းနည်းဖြင့်) စစ်မက်ဖြစ်ပွားလျက်ရှိသော နိုင်ငံ၏ ပုဂ္ဂလိကလုံခြုံရေး အင်အားစုများတွင် အလုပ်ခန့်ထားခြင်းမျိုးဖြစ်သည် (Ellesoe, 2017)။

လတ်တလော လေ့လာမှုများက ပြိုကွဲလွယ်သော ဒေသများတွင် တွေ့ရလေ့ရှိသည့် အကျိုးအမြတ်မယူသည့် အကူအညီပေးရေးတွင် အစိုးရမဟုတ်သောကဏ္ဍ၏ လွှမ်းမိုးမှုများကိုကန့်သတ်ပြီး ငြိမ်းချမ်းရေး တည်ဆောက်ရေးတွင် ပုဂ္ဂလိကကဏ္ဍ၏ ဖြစ်နိုင်ခြေရှိသည့် အခန်းကဏ္ဍများကို အဓိကထား ဆန်းစစ် လာကြသည်။ ပုဂ္ဂလိကကဏ္ဍက ငြိမ်းချမ်းရေးဖြစ်စဉ်များကို ပံ့ပိုးပေးသည့် သက်သေများလည်း ရှိလာသည်။ ဥပမာတစ်ခုမှာ မိုဇမ်ဘိနိုင်ငံတွင် ဗြိတိသျှ နိုင်ငံဖြတ်ကျော်ကုမ္ပဏီတစ်ခုဖြစ်သည့် လွန်ဟိုကုမ္ပဏီက ၎င်းတို့၏ ပေါင် ၅၃ သန်းတန် ရင်းနှီးမြှုပ်နှံမှုကို ခြိမ်းခြောက်ခံရသည်အထိ ပဋိပက္ခက အရှိန်မြင့်တက်လာသည့်အခါ ကုမ္ပဏီက ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လာသည်။ အကျိုးဆက်အနေဖြင့် ကုမ္ပဏီအုပ်ချုပ်သူများက ကြားခံအဖြစ်ဆောင်ရွက်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် ကုမ္ပဏီ၏ အရင်းအမြစ်များနှင့် လေယာဉ်များ ကို ပေးသုံးခဲ့သည် (Vines, 1998)။

ငြိမ်းချမ်းရေးတည်ဆောက်ခြင်းတွင် စီးပွားရေးလုပ်ငန်းများ၏ အခြားသောပါဝင်မှုတစ်ခုမှာ လူထုနှင့် တိုက်ရိုက်ထိတွေ့လုပ်ဆောင်ခြင်းဖြစ်သည်။ ပဋိပက္ခသက်ရောက်ခံရသူများကို စီးပွားရေးလုပ်ငန်းများတွင် အလုပ်ခန့်ထားခြင်း (သို့) နေရပ်ပြန်သူများအတွက် အသက်မွေးဝမ်းကြောင်းသင်တန်းများနှင့် အကြံဉာဏ်ပေးခြင်းများက ဥပမာကောင်းများဖြစ်သည်။ ယခင်က စစ်ပွဲတွင်ပါဝင်ခဲ့သူများအတွက် ထိုသို့သော လူမှုစီးပွားရေးပြန်လည်ပူးပေါင်းရေးဆိုင်ရာ ထိတွေ့ဆက်ဆံခြင်းများကို အင်ဒိုနီးရှားနိုင်ငံ၊ အာချေးဖြစ်ရပ်တွင် တွေ့နိုင်သည်။ အခြားသောဥပမာများကို သီရိလင်္ကာတွင် စီးပွားရေးအဖွဲ့အစည်းများ၏ ပါဝင်မှုတွင်တွေ့နိုင်သည်။ ထို့ကြောင့် သီရိလင်္ကာမှ စီးပွားရေးလုပ်ငန်းတစ်ခုက တောင်အာဖရိက စီးပွားရေးလုပ်ငန်းများ အဖွဲ့မှ အမှုဆောင်အရာရှိချုပ် (Chief Executive Officer (CEO)) ကို ၂၀၀၁ ခုနှစ်တွင် ကိုလံဘိုသို့ ဖိတ်ခေါ်ကာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဒေသဆိုင်ရာ စီးပွားရေးအဖွဲ့များက မည်ကဲ့သို့ ပံ့ပိုးပေးနိုင်သည်ကို ဆန်းစစ်လေ့လာခဲ့သည်။ ထို့နောက် ၂၀၀၂ ခုနှစ်တွင် တောင်အာဖရိကသို့ လေ့လာရေးအဖွဲ့ စေလွှတ်ခဲ့သည်။ ထိုလေ့လာရေးခရီးစဉ်အတွင်း တောင်အာဖရိက စီးပွားရေးလုပ်ငန်းများအဖွဲ့က ၎င်းတို့ကို ငြိမ်းချမ်းရေးအတွက် စီးပွားရေးနှင့် နိုင်ငံရေးအဖွဲ့အစည်းများအကြား ဆက်ဆံရေးတည်ဆောက်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းပြခဲ့သည်။ အကျိုးဆက်အနေဖြင့် သီရိလင်္ကာအဖွဲ့က နိုင်ငံသားများကို ငြိမ်းချမ်းရေးလိုအပ်ကြောင်း ၎င်းတို့၏ သဘောထားများကို ထုတ်ဖော်နိုင်သည့် လူထုအမြင်ဖွင့်ကမ်ပိန်းတစ်ခုကို ပြုလုပ်ခဲ့သည်။ ၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင် ပြည်တွင်းစီးပွားရေး ခေါင်းဆောင်အချို့က သီရိလင်္ကာတွင် ငြိမ်းချမ်းရေးနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့နိုင်ရန် ငြိမ်းချမ်းရေးအတွက် စီးပွားရေးလုပ်ငန်းများ မိတ်ဖက်ပူးပေါင်းမှု (Business for Peace Alliance (BPA)) အဖွဲ့ကို တည်ထောင်ခဲ့သည်။ BPA သည် ပါတီစွဲမရှိသည့် ကွန်ရက်ဖြစ်ပြီး *"ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေး၊ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် မူဝါဒချမှတ်မှုတွင် ပြည်နယ်ဆိုင်ရာ ပါဝင်မှု"* အတွက် သန္နိဋ္ဌာန် ချမှတ်ထားသည့် အဖွဲ့ဖြစ်သည် (BPA, 2021)။

စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးအကျိုးပြုလုပ်ငန်း (Corporate Social Responsibility (CSR)) ၏ အစိတ်အပိုင်းအဖြစ်လည်း ပုဂ္ဂလိကကဏ္ဍပါဝင်မှုများ တိုးတက်လာသည်။ သဘောတရားမှာ ပဋိပက္ခဒေသတွင် လှုပ်ရှားနေသည့် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုက လူမှုပြဿနာတစ်ခုကို ဖြေရှင်းပေးမည့် စီမံကိန်းများ အကောင်အထည်ဖော်ခြင်းဖြစ်သည်။ ထို့ကြောင့် စစ်ပွဲဖြစ်ပွားနေသော (သို့) ဆင်းရဲမွဲတေသော နိုင်ငံအများအပြားတွင် ရေနံကုမ္ပဏီများက ဒေသခံများအတွက် ကျောင်းများ၊ ဆေးရုံများနှင့် အိမ်ရာများ ဆောက်လုပ်ပေးခြင်း၊ ကလေးငယ်များအတွက် ပညာသင်ဆုများပေးခြင်းတို့ကို လုပ်ဆောင်ကြသည်။ ဥပမာ အာချေးပြည်နယ်၊ အင်ဒိုနီးရှားတွင် သတ္တုတူးဖော်ရေး ကုမ္ပဏီတစ်ခုဖြစ်သော PT Agra Budi Jasa Bersama ကုမ္ပဏီက ကျောင်းသုံးပစ္စည်းများ ပံ့ပိုးပေးသည့် CSR အစီအစဉ်တစ်ခုကို လုပ်ဆောင်သည်။ ကုမ္ပဏီ၏ CSR အစီအစဉ်များသည် စီးပွားရေးကို ပြန်လည်အသက်ဝင်စေရန် ကုမ္ပဏီက လက်ခံထားသည့် တာဝန်အပေါ် အခြေခံပြီး ဥပဒေဆိုင်ရာတာဝန်များကို လိုက်နာရရုံသာမက ပရဟိတနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ အလေ့အကျင့်များကိုပါ ဖြည့်ဆည်းပေးရသည်။

နိုင်ငံဖြတ်ကျော် ကုမ္ပဏီများ (သို့) ကုမ္ပဏီကြီးများက ထိုကဲ့သို့သော အစီအစဉ်များကို အကောင်အထည်ဖော်ကြကြောင်း မှတ်တမ်းတင်ထားသော်လည်း အသေးစားနှင့် အလတ်စား လုပ်ငန်းများ (Small to Medium sized

Enterprises (SMEs)) က ထိုသို့လုပ်ဆောင်ကြောင်း မှတ်တမ်းများတော့ သိပ်မတွေ့ရပေ။ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းတွင် SME များ၏ပါဝင်မှုကို ပို၍ အလေးထားစောင့်ကြည့်လေ့လာရန် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့ဘဏ်အစီရင်ခံစာများအရ ယင်းကဏ္ဍသည် စီးပွားရေးလုပ်ငန်းများ၏ ၉၀% ကို ကိုယ်စားပြုပြီး ကမ္ဘာတစ်ဝန်း အလုပ်သမားများ ၅၀% ကျော်ကို အလုပ်ခန့်ထားသောကြောင့် ဖြစ်သည် (Worldbank, 2020)။ ငြိမ်းချမ်းရေးတွင် ပုဂ္ဂလိကကဏ္ဍပါဝင်မှုအတွက် လမ်းညွှန်ချက်များနှင့် မူဘောင်အချို့ ရှိသော်လည်း လက်ရှိလုပ်ဆောင်မှုများကို လုပ်ငန်းကြီးများအတွက် မရည်ရွယ်ဘဲ မျက်နှာသာပေးသလို ဖြစ်နေသည်။

## ၄.၇.၂ ကုလသမဂ္ဂ ကမ္ဘာ့သဘောတူညီချက်

၂၀၀၀ ပြည့်နှစ်တွင် ကုလသမဂ္ဂအဖွဲ့က ပုဂ္ဂလိကကဏ္ဍကို နိုင်ငံတကာဖွံ့ဖြိုးရေးရည်မှန်းချက်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂ ကမ္ဘာ့သဘောတူညီချက် (UN Global Compact) ဟု သိရှိကြသည့် ယန္တရားတစ်ခု ဖန်တီးပေးခဲ့သည်။ ထိုသို့လုပ်ဆောင်ရာတွင် ကုလသမဂ္ဂအဖွဲ့က လူ့အခွင့်အရေး၊ အလုပ်သမားရေးရာ၊ သဘာဝပတ်ဝန်းကျင်နှင့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအပိုင်းများ ပါဝင်သော ကမ္ဘာ့သဘောတူညီချက် စည်းမျဉ်း ဆယ်ချက်ကို ချမှတ်ခဲ့သည်။ ကမ္ဘာ့သဘောတူညီချက်မှတစ်ဆင့် ပုဂ္ဂလိက ကဏ္ဍက ၎င်းတို့၏ လူမှုအကျိုးသက်ရောက်မှုမှ ငြိမ်းချမ်းရေးအပါအဝင် ၂၀၃၀ ပြည့်နှစ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက်များ အောင်မြင်ရေးတွင်လည်း ပါဝင်ဆောင်ရွက်နိုင်သည်။ အထူးသဖြင့် SDG 16 ၏ ခေါင်းစဉ်ဖြစ်သည့် ငြိမ်းချမ်းရေးနှင့် အားကောင်းသော တရားရေးအင်စတီကျူးရှင်းများတွင် တည်ဆောက်ခြင်းအားဖြင့် ဖန်တီးသော ငြိမ်းချမ်းရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ရရှိနိုင်ရန် အကြမ်းဖက်မှုပုံစံများအားလုံးကို လျှော့ချခြင်းနှင့် ခွဲခြားဆက်ဆံမှုမပြုသည့် မူဝါဒများဆိုင်ရာ ပစ်မှတ်တစ်ခုကို ချမှတ်ထားသည်။ အဆိုပါ စုပေါင်းလုပ်ဆောင်ချက်များ နှစ်ပေါင်း နှစ်ဆယ်ကျော် လုပ်ဆောင်ပြီးနောက် နိုင်ငံပေါင်း ၁၆၂ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၃၀၀၀ ကျော်က သဘောတူညီချက်ကို လက်ခံထားကြသည်။[11] စီးပွားရေးလုပ်ငန်းများကို ကုလသမဂ္ဂ ကမ္ဘာ့သဘောတူညီချက် စည်းမျဉ်း ဆယ်ခုကို လက်ခံပြီး ကျင့်သုံးအောင် အားပေးရသည့် အဓိကအကြောင်းပြချက် သုံးချက်ရှိသည်။ (၁) ရေရှည်တည်တံ့ရေးအတွက် သန္နိဋ္ဌာန်ချမှတ်ခြင်းမှတစ်ဆင့် ကုမ္ပဏီအပေါ် ယုံကြည်မှုတိုးပွားလာစေရန်၊ (၂) စည်းမျဉ်းများသည် တစ်ကမ္ဘာလုံး အကျုံးဝင်အသုံးပြုနိုင်သောကြောင့်၊ (၃) ကုမ္ပဏီအတွင်း ရေရှည်တည်တံ့ရေး အတွက် လုပ်ဆောင်ချက်များကို မြှင့်တင်ရန်ဖြစ်သည်။ ဒေသအဆင့်တွင် အာဆီယံအဖွဲ့ကလည်း SGD များ၊ စည်းမျဉ်းဆယ်ချက် အပါအဝင် ကမ္ဘာ့သဘောတူညီချက်တို့နှင့် ကိုက်ညီသည့် အာဆီယံ CSR ကွန်ရက်ကို တည်ထောင်ပြီး CSR မူဝါဒ ကြေညာချက်ကို ထုတ်ပြန်ထားသည်။ အရည်အသွေးရှိသော CSR ကို အကောင်အထည်ဖော်ရန် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းဆောင်ရည်ကို တည်ဆောက်သွားရန် အာဆီယံ၏ သန္နိဋ္ဌာန်ကို ၎င်း၏ အာဆီယံ မျှော်မှန်းချက် ၂၀၂၀ တွင် ထပ်မံဖော်ပြထားသည်။

[11] အဆိုပါ ကိန်းဂဏန်းများမှာ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့အထိ ကိန်းဂဏန်းများဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာဆောင်ရွက်မှုနှင့် ပုဂ္ဂလိကကဏ္ဍကို SGD များ အောင်မြင်စေရေးတွင် ပါဝင်ရန် လုပ်ဆောင်ခြင်းများတွင် အောင်မြင်မှုများရှိခဲ့သော်လည်း စီးပွားရေးလုပ်ငန်းအမျိုးအစား အများစု၊ အထူးသဖြင့် လွန်စွာသေးငယ်သော စီးပွားရေးလုပ်ငန်းများ (Very Small Enterprises (VSEs)) နှင့် အသေးစားမှ အလတ်စား လုပ်ငန်းများသည် မည်သည့်မူဘောင်မှ မရှိကြပေ။ ၂၀၁၈ ခုနှစ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက်များ အစီရင်ခံစာတွင်လည်းကောင်း၊ ၂၀၁၈ ခုနှစ် ကုလသမဂ္ဂ ကမ္ဘာ့သဘောတူညီချက် အစီရင်ခံစာတွင်လည်းကောင်း စစ်ပွဲအပြီးနှင့် ပဋိပက္ခအပြီး အခြေအနေများတွင် VSE များနှင့် SME များ၏ အောင်မြင်မှု ဇာတ်လမ်းများ (သို့) ပါဝင်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ တိုးတက်မှု အနည်းငယ်သာ ပါဝင်သည့်အချက်ကို ကြည့်လျှင် ဤအချက်ကို သက်သေပြနိုင်သည်။ ထို့ကြောင့် ထိုသို့သောအခြေအနေမျိုးတွင် ကမ္ဘာ့သဘောတူညီချက် စည်းမျဉ်းများ၊ CSR အစီအစဉ်များနှင့် ယင်းတို့ကို မြှင့်တင်ခြင်းများကို ငြိမ်းချမ်းရေးတည်ဆောက်သည့် အသိုင်းအဝိုင်းများ၊ အထူးသဖြင့် ရပ်ရွာအဆင့်တွင် အရှိန်မြှင့်လုပ်ဆောင်သင့်သည်။ ပုဂ္ဂလိကကဏ္ဍမှ အသေးစားလုပ်ငန်းများက အစိုးရနှင့် အကျိုးအမြတ်မရသည့်ကဏ္ဍများကို ၎င်းတို့က ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် ယုံကြည်နိုင်သည့် မိတ်ဖက်များဖြစ်ကြောင်းကို ပြသကာ ငြိမ်းချမ်းရေးအတွက် အပြုသဘောဖြင့် အထောက်အကူပြုနိုင်ရန် ကုလသမဂ္ဂက အသေးစားလုပ်ငန်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးမည်ဟု ကတိကဝတ်ပြုခြင်းလည်း လိုအပ်သည်။ အနည်းဆုံး ပုဂ္ဂလိကကဏ္ဍသည် ၎င်းတို့၏ CSR အစီအစဉ်များ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် *အန္တရာယ်မပြုရေး (Do No Harm)* စည်းမျဉ်းများကို သိရှိထားရန် လိုအပ်သည်။ ဤသည်က စီးပွားရေး လုပ်ငန်းများအနေဖြင့် မည်သည့်အန္တရာယ်မှမပြုရန် (သို့) ပဋိပက္ခ အခြေအနေများကို အရှိန်မြှင့်မလာစေရန် သေချာစေလိမ့်မည်။ ပဋိပက္ခထိရှလွယ်မှုနှင့် အန္တရာယ်မပြုရေး မူဘောင်အကြောင်း ရှင်းပြထားခြင်းကို အောက်ပါ စာသေတ္တာ ၄.၆ တွင်ရှုပါ။

### စာသေတ္တာ ၄.၆။ ပဋိပက္ခထိရှလွယ်မှုနှင့် "အန္တရာယ်မပြုရေး"

အမေရိကန်နိုင်ငံတွင်အခြေစိုက်သည့် CDA ပူးပေါင်းသင်ယူရေးအဖွဲ့က ကမ္ဘာတစ်ဝန်းရှိ ပဋိပက္ခ အခြေအနေများတွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ငန်းများ၏ အလေ့အကျင့်များ တိုးတက်စေရန် ရည်ရွယ်ပြီး သုတေသနများ လုပ်ဆောင်လျက်ရှိသည်။ ၁၉၉၃ ခုနှစ်မှစ၍ အုပ်စုက "အန္တရာယ်မပြုရေး" အစီအစဉ် ပေါ်ထွက်လာစေသည့် ပဋိပက္ခထိရှလွယ်မှု ချဉ်းကပ်ပုံကို အသုံးပြုခဲ့သည်။

CDA က ပဋိပက္ခ ထိရှလွယ်မှုကို *"မရည်ရွယ်ထားသော အကျိုးဆက်ဆိုးများကို လျှော့ချနိုင်ရန်နှင့် တတ်နိုင်သရွေ့ ပဋိပက္ခကို အပြုသဘောမှ လွှမ်းမိုးနိုင်ရန် လူသားချင်းစာနာမှုဆိုင်ရာ၊ ဖွံ့ဖြိုးရေးနှင့်/သို့မဟုတ် ငြိမ်းချမ်းရေး တည်ဆောက်ရေး လုပ်ဆောင်ချက်များမှ အထောက်အပံ့များက အခြေအနေတစ်ရပ်တွင် ပဋိပက္ခနှင့် မည်သို့ ထိတွေ့ဆက်ဆံသည်ကို နားလည်အောင် လုပ်ဆောင်သည့် အလေ့အကျင့်"* ဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ပဋိပက္ခ ထိရှလွယ်မှုအလေ့အကျင့်များကို ဖော်ပြရန် အန္တရာယ်မပြုရေးမူဘောင်ကို အထောက်အပံ့ (သို့) ပဋိပက္ခတွင် မည်သည့် စွက်ဖက်မှုမဆို၏ သက်ရောက်မှုကို နားလည်စေရန် ကိရိယာတစ်ခုအဖြစ် အသုံးပြုသည်။

အန္တရာယ်မပြုရေးက ဝင်ရောက်စွက်ဖက်ခြင်းကြောင့် သက်ရောက်မှုရှိနိုင်သည့် *ခွဲခြားသည့်အရာများ*နှင့် *ပေါင်းကူးပေးသည့်အရာများ* သဘောတရားများကို မိတ်ဆက်ပေးပြီး ထိုမှတစ်ဆင့် (အဖွဲ့အစည်းဘက်မှ) *လုပ်ဆောင်ချက်များ* နှင့် (ဝန်ထမ်းများထံမှ) *အပြုအမူများ* ထွက်ပေါ်လာစေသည်။ ပို၍ အရေးပါသည်မှာ အဆိုပါ သဘောတရားက သက်ရောက်မှုတိုးတက်စေရန်အတွက် လုပ်ဆောင်နိုင်သည့် *ရွေးချယ်စရာများ*သဘောတရား ကိုလည်း မိတ်ဆက်ပေးထားသည်။ ရွေးချယ်စရာများ ဆိုသည်မှာ အန္တရာယ်ကိုလျှော့ချရန် အခွင့်အလမ်းတစ်ရပ် ဖြစ်ပြီး မရည်ရွယ်ထားသောအကျိုးဆက်များက ပဋိပက္ခများကို အခြေအနေ ပိုဆိုးမသွားစေရန် သေချာစေသည်။

**မူရင်း။** CDA Collaborative, available at https://www.cdacollaborative.org/

အချုပ်ဆိုရသော် ငြိမ်းချမ်းရေးတည်ဆောက်ရေးတွင် ပုဂ္ဂလိကကဏ္ဍ ပါဝင်နိုင်သည်။ ယင်းက ကုလသမဂ္ဂ၊ NGO များ၊ ပညာရှင်များ (သို့) အခြားသော ငြိမ်းချမ်းရေးတည်ဆောက်သည့်အဖွဲ့များနှင့် မိတ်ဖက်ဖွဲ့ခြင်း (သို့) ယင်းတို့ကို ထောက်ကူခြင်းများ ပြုလုပ်နိုင်သည်။ ၎င်းတို့၏ အရင်းအမြစ်များအပေါ် မူတည်၍ စီးပွားရေး အဖွဲ့အစည်းများက ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို အကဲဖြတ်ရာနှင့် တိုးတက်စေရာတွင် ကုလသမဂ္ဂ ကမ္ဘာ့ သဘောတူညီချက်မှ စည်းမျဉ်း (၁၀)ချက်ကို အသုံးပြုနိုင်သလို ပို၍လက်တွေ့ကျသည့် ပဋိပက္ခထိရှလွယ်ခြင်းနှင့် အန္တရာယ်မပြုရေး စည်းမျဉ်းများကိုလည်း အသုံးပြုနိုင်သည်။ ပို၍ အရေးကြီးသည်မှာ ထိုကဏ္ဍ၏ ငြိမ်းချမ်းရေး တည်ဆောက်ရေး ကြိုးပမ်းမှုများကို မှတ်တမ်းတင်ထားပြီး ပြည်တွင်းနှင့် ပြည်ပ ငြိမ်းချမ်းရေးတည်ဆောက်ရေး များတွင် ဥပမာများအဖြစ် တင်ပြသင့်သည်။

ပုဂ္ဂလိကနှင့် စီးပွားရေးကဏ္ဍများကို ငြိမ်းချမ်းရေးဇာတ်ကောင်များအဖြစ် ရေတိုနှင့် ရေရှည်အစီအစဉ်များတွင် ပါဝင်အောင် လုပ်ဆောင်ခြင်းသည် ရှောင်လွှဲ၍ မရပေ။ သို့သော် ဤသည်က နောက်ထပ် သုတေသနများ၊ လုပ်ဆောင်ရန်၊ ပုဂ္ဂလိကကဏ္ဍ၏ ပါဝင်လုပ်ဆောင်ပေးမှုများကို စောင့်ကြည့်ရန်နှင့် မှတ်တမ်းတင်ရန်၊ ကောင်းစွာ ညှိနှိုင်းဆောင်ရွက်သည့် စနစ်များ တည်ထောင်ရန်၊ ရပ်ရွာအဆင့်၌ အချက်အလက်များကို ထိရောက်စွာဝေမျှရန် ဖန်တီးမှုကောင်းသောနည်းလမ်းများ ရှာဖွေရန်နှင့် ပုဂ္ဂလိကကဏ္ဍမှလုပ်ငန်းများကို ၎င်းတို့၏ နေ့စဉ် လုပ်ငန်းများတွင် ငြိမ်းချမ်းရေးမြှင့်တင်ရေးအား ပေါင်းစပ်ရန် လိုအပ်နေသေးသည်။ စည်းကြပ်မခံရသည့် ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းများသည်လည်း အထူးသဖြင့် မတည်ငြိမ်သော နိုင်ငံများတွင် အတော်သိသိသာသာ ရှိလေရာ ၎င်းတို့အား ငြိမ်းချမ်းရေးတည်ဆောက်မှု ညှိနှိုင်းခြင်းတွင် မည်သို့ပါဝင်လာအောင် လုပ်ဆောင်မည်ကို မဟာဗျူဟာချမှတ်ရန်လည်း အရေးကြီးသည်။ နောက်ဆုံးအနေဖြင့် ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးနှင့် တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးရရှိခြင်းက ရေရှည်တွင် တည်ငြိမ်ပြီး ခိုင်မာသော စီးပွားရေးဝန်းကျင်တစ်ခု ထွက်ပေါ်လာစေနိုင်သည်ကို ပုဂ္ဂလိကကဏ္ဍအား နားလည်လက်ခံလာစေ ရန် ရှင်းလင်းပြရန် လိုအပ်သည်။

## ၄.၈ ငြိမ်းချမ်းရေးတွင် ဂျန်ဒါသဘောတရားများ ထည့်သွင်းခြင်း

ဂျန်ဒါဆိုသည်မှာ ဇီဝဗေဒဆိုင်ရာ လိင်နှင့် မတူညီဘဲ အခန်းကဏ္ဍများ၊ သဘောထားများ၊ အပြုအမူနှင့် အခြားသော လက္ခဏာရပ်များကို အမျိုးသားများ၊ ယောက်ျားလေးများ၊ အမျိုးသမီးများနှင့် မိန်းကလေးများနှင့် ဆက်စပ်ထားသည့် လူမှုသတ်မှတ်ချက်များ ဖြစ်သည်။ အရေးအကြီးဆုံးမှာ ဂျန်ဒါအစိတ်အပိုင်းများတွင် မတူညီသည့်လိင်များအကြား အာဏာဆက်ဆံရေးများ၊ လူ့အဖွဲ့အစည်းအတွင်း ဂျန်ဒါ ကိုယ်ပိုင်သရုပ်လက္ခဏာကို လွှမ်းမိုးပြီး ပုံသွင်းသည့် စံနှုန်းများ၊ တန်ဖိုးများနှင့် ယဉ်ကျေးမှုများ ပါဝင်သည်။ ဂျန်ဒါကို လေ့လာခြင်းသည် ဂျန်ဒါများအားလုံး အကျုံးဝင်သော်လည်း မကြာခဏဆိုသလိုလို အမျိုးသမီးများနှင့် မိန်းကလေးများကိုသာ အာရုံစိုက်ကြသည်။ အဘယ်ကြောင့်ဆိုသော် လက်တွေ့တွင် ၎င်းတို့က တစ်ကိုယ်ရည်မှ လူ့အသိုင်းအဝိုင်းနှင့် ကျယ်ပြန့်သော လူ့အဖွဲ့အစည်းအတွင်း ဘဝ၏အစိတ်အပိုင်းအများအပြားတွင် ပါဝင်ခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့၌ ဘေးဖယ်ခံထားရလေ့ရှိသောကြောင့်ဖြစ်သည်။ လူ့အဖွဲ့အစည်း အများအပြားတွင် ဂျန်ဒါတန်းတူညီမှုကို ပျိုးထောင်ပေးရန် လိုအပ်နေဆဲဖြစ်သည်။ ထို့ကြောင့် ဤသည်မှာ ကုလသမဂ္ဂ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး ရည်မှန်းချက်များတွင်လည်း တစ်ခုအဖြစ် ပါဝင်သည် (ဂျန်ဒါ တန်းတူညီရေးနှင့် ပတ်သက်၍ SDG 5 ကို ရှုပါ)။

ပဋိပက္ခနှင့် ငြိမ်းချမ်းရေး လေ့လာရေးနယ်ပယ်တွင် ဂျန်ဒါဆိုင်ရာ ပြောဆိုရေးသားမှုများသည် အမျိုးသမီးဝါဒနှင့် ဂျန်ဒါလေ့လာရေးတို့မှ စတင်သည်။ ဘက်တီရီယာဒွန် (Betty Reardon) က ဖိုဝါဒကြီးစိုးမှု ကဲ့သို့သော လူ့အဖွဲ့အစည်းအတွင်းမှ အကြမ်းဖက်သောတည်ဆောက်ပုံများကို လေ့လာခြင်းဖြင့် ဂျန်ဒါရှုထောင့်က အမြင်သစ်တစ်ခုကို ပေးသည်ဟု ဆိုခဲ့သည်။ ထို့ကြောင့် ဖိုဝါဒကြီးစိုးသောစနစ်နှင့် အမျိုးသမီးများ၏ ရိုကျိုးမှုက လွှမ်းမိုးမှုရှိသော စစ်တပ်အင်အားဖြင့်တည်ဆောက်ထားသည့် လုံခြုံရေးစနစ်ကို ထိန်းသိမ်းထားရန် အထောက်အကူပြုနေသည် (Reardon and Snauwaert, 2015)။ အကျိုးဆက်အနေဖြင့် နိုင်ငံတကာ လုံခြုံရေးအတွက် အဆိုပါ အမျိုးသမီးဝါဒချဉ်းကပ်ပုံက ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် လူမှုလုံခြုံရေး အမြင်တစ်ခုနှင့် ဂျန်ဒါနှင့် ငြိမ်းချမ်းရေးချဉ်းကပ်ပုံကို ပေါ်ထွက်လာစေသည်။

အရှေ့တောင်အာရှ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းကြောင်းတွင် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် ပါဝင်မှုကို အမျိုးသမီးဦးဆောင်သည့် NGO များ တိုးပွားလာမှု၊ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အတွေ့အကြုံများကို အမျိုးသမီးများ၏အမြင်မှ ထုတ်ဝေခြင်း *(သူမ၏ ဇာတ်ကြောင်း)*၊ လူမှုဘဝတွင် ကဏ္ဍအစုံတွင် အမျိုးသမီး၏ကိုယ်စားပြုမှုနှင့် အမျိုးသားရေး၊ အမျိုးသမီးရေး သက်ဆိုင်သည့် ကိစ္စရပ်များနှင့် ပြဿနာများ ဖော်ထုတ်ခြင်းတို့က ထင်ဟပ်ပြနေသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးနှင့် လုံခြုံရေးကဏ္ဍအသွင်ကူးပြောင်းခြင်းတို့တွင် အမျိုးသမီးများပါဝင်ခြင်းက အစောပိုင်းအဆင့်၌သာ ရှိသေးသော်လည်း အဆိုပါရည်မှန်းချက်များအတွက် သတိပြုမိမှုနှင့် လုပ်ဆောင်ချက်များ တိုးပွားလာသည်။ ယခုအပိုင်းက ဂျန်ဒါနှင့် ငြိမ်းချမ်းရေးအရ အခြေခံဆွေးနွေးချက်အချို့ကို အောက်ပါ ယူဆချက်များအား ကိုင်ဆွဲပြီး တင်ပြထားသည်။

(၁) မတူညီသော ဂျန်ဒါများက ပဋိပက္ခနှင့် ငြိမ်းချမ်းရေးကို ကွဲပြားစွာ တွေ့ကြုံခံစားကြရသည်။

(၂) မတူညီသော ဂျန်ဒါများတွင် ကွဲပြားသည့် ကမ္ဘာ့အမြင်များ၊ အရင်းအမြစ်များကို လက်လှမ်းမီမှုများ၊ လိုအပ်ချက်များနှင့် အကြောက်တရားများ ရှိကြသည်။

(၃) ပဋိပက္ခ၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေးအပါအဝင် ငြိမ်းချမ်းရေး ဖြစ်စဉ်များကို တုံ့ပြန်မှုများသည် ပတ်သက်ဆက်နွှယ်သူပေါင်းစုံကို ချဉ်းကပ်မှုနှင့် ဂျန်ဒါရှုထောင့်များ အပါအဝင် အားလုံးပါဝင်မှု ရှိရမည်။

(၄) ငြိမ်းချမ်းရေးတွင် ဂျန်ဒါသဘောတရားများ ထည့်သွင်းခြင်းကိုယ်၌က ကြာရှည်ခံပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်မည့် အသွင်ပြောင်းလဲရေး ဖြစ်စဉ်တစ်ခု ဖြစ်သည်။

(၅) ဂျန်ဒါရှုထောင့်နှင့် ပြောဆိုရေးသားမှုများက ပဋိပက္ခနှင့် ငြိမ်းချမ်းရေး အခြေအနေတွင် မိန်းကလေးများ နှင့် အမျိုးသမီးများက လုပ်ဆောင်သူများဖြစ်နိုင်သည်ကိုလည်း အာရုံစိုက်ထားပြီး ထိုဖြစ်စဉ်တွင် ပဋိပက္ခနှင့် အကြမ်းဖက်မှု၌ မိန်းကလေးနှင့် အမျိုးသမီးများလည်း ပါဝင်နိုင်ခြင်းကိုလည်း အသိအမှတ် ပြုထားသည်။

ဂျန်ဒါမညီမျှမှုများကို လေ့လာဆန်းစစ်ပြီး ဖြေရှင်းမှု ပြုလုပ်စေရန် ပဋိပက္ခများတွင် ဝင်ရောက်စွက်ဖက်သူများနှင့် ပတ်သက်ဆက်နွှယ်သူများကို ဂျန်ဒါ အကဲဆတ်သည့် ချဉ်းကပ်ပုံများနှင့် အစီအစဉ်များကို ငြိမ်းချမ်းရေး တည်ဆောက်ရေးနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကျင့်သုံးရန် အားပေးထား သည်။ အဆိုပါမူဘောင်ကို လက်နက်ကိုင်ပဋိပက္ခများတားဆီးရေးဆိုင်ရာ ကမ္ဘာ့မိတ်ဖက်အဖွဲ့ (Global Partnership for the Prevention of Armed Conflict (GPPAC)) အဆိုပြုထောက်ခံထားပြီး ဂျန်ဒါ အသွင်ပြောင်းလဲရေးလုပ်ဆောင်ချက် (Gender Transformative Action (GTA)) မူဘောင်ဟု လူသိများကြသည်။ ယင်းမူဘောင်က

> *အမျိုးသမီးများ/မိန်းကလေးငယ်များကို မြှင့်တင်ပေးခြင်း၊ အမျိုးသားများ/ ယောကျ်ားလေးများ ကို ပါဝင်ဆောင်ရွက်စေခြင်းဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ပဋိပက္ခ ကာကွယ်ရေး နယ်ပယ်ရှိ မညီမျှသောအာဏာဆက်ဆံရေးများတွင် တည်ရှိနေသည့် အန္တရာယ်ရှိသော စံနှုန်းများကို လေ့လာဆန်းစစ်၊ မေးခွန်းထုတ်၊ ကိုင်တွယ်ဖြေရှင်းပြီး သဘောထားများနှင့် အပြုအမူများကို စိန်ခေါ်သည်* (GPPAC, 2021)။

GPPAC ၏ GTA သည် ကမ္ဘာတစ်ဝန်းမှ ငြိမ်းချမ်းရေးတည်ဆောက်ရေးအသိုင်းအဝိုင်း၏ ကျယ်ပြန့်သော အတွေ့အကြုံများမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ GTA အတွက် အဓိကအချက်မှာ (အောက်မှ စာသေတ္တာ ၄.၇ ကို ရှုပါ) မိန်းကလေးများနှင့် အမျိုးသမီးများသည် အထူးသဖြင့် ပဋိပက္ခဖြေရှင်းရေး၊ ငြိမ်းချမ်းရေး တည်ဆောက်ရေး၊ ငြိမ်းချမ်းရေးထိန်းသိမ်းရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ၎င်းတို့၏ပါဝင်မှုအပေါ် သက်ရောက်မှုရှိသည့် မညီမျှမှုများကို ပို၍ သတိပြုမိရန် လိုအပ်သည်။

**စာသေတ္တာ ၄.၇။ GPPAC ၏ ဂျန်ဒါ အသွင်ပြောင်းလဲရေး လုပ်ဆောင်ချက် (GTA)**

ပဋိပက္ခကာကွယ်ရေးတွင် GTA က ဂျန်ဒါ အခန်းကဏ္ဍများ၊ အာဏာဆက်ဆံရေးများနှင့် အကြမ်းဖက်သော ပဋိပက္ခများနှင့် စစ်ပွဲများတွင် ၎င်းတို့၏ အကျိုးဆက်များအပေါ် ဝေဖန်ပိုင်းခြား သိရှိနားလည်မှုကို အားပေးသည်။ GTA ဆိုသည်မှာ မြင်သာသည့် ဂျန်ဒါ ကွာဟချက်များ ရှိနေသည့် ဂျန်ဒါစံနှုန်းများနှင့် အာဏာဆက်ဆံရေးများကို ဝေဖန်ပိုင်းခြားဆန်းစစ်ခြင်း၊ စိန်ခေါ်ခြင်းနှင့် မေးခွန်းထုတ်ခြင်း ဖြစ်သည်။ GPPAC က *"ကျား၊မ တန်းတူမညီမျှခြင်းနှင့် ထိခိုက်လွယ်မှုများကိုဖန်တီးပြီး အားကောင်းစေသည့် လူတစ်ဦးချင်းစီ၏ သဘောထားများ၊ အင်စတီကျူးရှင်းဆိုင်ရာ အလေ့အကျင့်များနှင့် ကျယ်ပြန့်သော လူမှုစံနှုန်းများကို ဝေဖန်ပိုင်းခြား ပြန်လည်သုံးသပ်ခြင်းနှင့် မေးခွန်းထုတ်ခြင်းဖြင့် ဂျန်ဒါဆက်ဆံရေးများကို အသွင်ပြောင်းလဲရန် ကြိုးပမ်းခြင်း" ဟူသည့်* UNFPA (2010) ၏ ဂျန်ဒါ အသွင်ပြောင်းလဲရေး အစီအစဉ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုလည်း အသုံးပြုထားသည်။

အသိုင်းအဝိုင်းများ၏ မျှော်မှန်းချက်များနှင့် စဉ်ဆက်မပြတ် ပြန်လည်သုံးသပ်ခြင်းများ၊ လုပ်ဆောင်ချက်များနှင့် ပြင်ဆင်ချက်များ ပါဝင်သည့် ပါဝင်လုပ်ဆောင်နိုင်သောဖြစ်စဉ်များ အသုံးပြုပြီး လူမှုရေးနှင့် ဂျန်ဒါအခြေအနေများကို နက်ရှိုင်းစွာ နားလည်ခြင်းဖြင့်သာ အသွင်ပြောင်းလဲသည့် အပြောင်းအလဲကို အထောက်အပံ့ပြုနိုင်မည် ဖြစ်သည်။ စွမ်းဆောင်ရည်မြှင့်တင်ပေးသည့် နယ်ပယ်သုံးရပ်ကို ဆန်းစစ်ခြင်းဖြင့် အသွင်ပြောင်းလဲသည့် လုပ်ရပ်များ စတင်နိုင်မည်ဖြစ်သည်။

- လုပ်ဆောင်နိုင်စွမ်းများ။ လူတစ်ဦးချင်းနှင့် လူအုပ်စုများ၏ စုပေါင်းစွမ်းဆောင်ရည်များ (ဗဟုသုတနှင့် စွမ်းရည်များ)၊ သဘောထားများ၊ ပိုင်ဆိုင်မှုများနှင့် ဝန်ဆောင်မှုများကို ရရှိနိုင်ခြင်း
- ဆက်ဆံရေးများ။ နေအိမ်၊ ဈေး၊ လူထု၊ အုပ်စုများနှင့် အဖွဲ့အစည်းများမှ လူများအကြား ဆက်ဆံရေးများတွင် ဂျန်ဒါကိုလိုက်၍ထားရှိသည့် မျှော်မှန်းချက်များနှင့် ပူးပေါင်းဆောင်ရွက်မှု (သို့) ဆွေးနွေးမှုဆိုင်ရာ ရှုထောင့်များ
- တည်ဆောက်ပုံများ။ ပတ်ဝန်းကျင်၊ လူမှုစံနှုန်းများ၊ အသိအမှတ်ပြုခြင်းနှင့် အဆင့်အတန်း ကဲ့သို့သော စုပေါင်း၊ တစ်ဦးချင်းစီနှင့် အင်စတီကျူးရှင်းဆိုင်ရာ အလေ့အကျင့်များကို လွှမ်းမိုးအုပ်စိုးသည့် အလွတ်သဘောနှင့် တရားဝင် အင်စတီကျူးရှင်းစည်းမျဉ်းများ

အဆိုပါ အချက်များက စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းဆိုင်ရာ ဆွေးနွေးမှုများကို အမျိုးသမီးများ၏ တစ်ဦးချင်းစီ၏ လုပ်ဆောင်နိုင်စွမ်းများကိုသာ အာရုံစိုက်ခြင်းမှ ကျား၊မ ဖြစ်ခြင်းကြောင့် ဖြစ်ရသည့် မညီမျှမှုများကို အားကောင်းစေသည့် အာဏာနှင့် တည်ဆောက်ပုံများကို ပြောင်းလဲပစ်သည့် စုပေါင်း တာဝန်ယူခြင်းနှင့် လုပ်ဆောင်ချက်များအဖြစ် ပြောင်းလဲအာရုံစိုက်လာအောင် တင်ပြပေးသည်။ ထို့ကြောင့် GTA အတွက် အဓိကကျသည့်အချက်မှာ ကျား၊ မ တန်းတူညီရေးအတွက် လူမှုအသွင်ပြောင်းလဲရေး၏ အစိတ်အပိုင်းတစ်ခု အနေဖြင့် အုပ်စုများ ပါဝင်လာအောင် လုပ်ဆောင်ခြင်းဖြစ်သည်။

**မူရင်း။** GPPAC, 2021

## ၄.၈.၁ နိုင်ငံတကာ မူဘောင်များ

ကုလသမဂ္ဂအဖွဲ့ အမျိုးသားလုံခြုံရေးကောင်စီ၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (Women, Peace, andSecurity) ဆိုင်ရာ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (2000) က နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတွင် အမျိုးသမီးများ၏အစီအစဉ်ကို ထည့်သွင်းခဲ့သည်။ တရားဝင်စာချုပ်စာတမ်းတစ်ခုအနေဖြင့် ၎င်းက လက်မှတ်ရေးထိုးသူများကို ပဋိပက္ခအခြေအနေများတွင် အမျိုးသမီးများ၏ အခွင့်အရေးများနှင့် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိမှုကိုကာကွယ်ရန်နှင့် ပဋိပက္ခဖြေရှင်းရေး၊ ငြိမ်းချမ်းရေးထိန်းသိမ်းရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးတို့တွင် အမျိုးသမီးများ၏ ပါဝင်မှုအတွက် လုပ်ဆောင်ရန် ပြဋ္ဌာန်းထားသည်။ ထို့ပြင် UNSCR ၁၃၂၅ က လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများကို ဥပမာ အမျိုးသမီးများ၏ ကိုယ်စားပြုမှုနှင့် ပါဝင်မှုတို့အတွက် ကတိကဝတ်ပြုရန်၊ ၎င်းတို့ကို ကာကွယ်ရေးနှင့် ဖူလုံရေးတို့ကို အာမခံပေးရန်၊ ဂျန်ဒါအခြေပြု ချဉ်းကပ်ပုံများ ကျင့်သုံးရန်နှင့် ပဋိပက္ခကြောင့် ထိခိုက်ခံရသည့် အမျိုးသမီးများအပေါ် နိုင်ငံတော်၏ တာဝန်များကို အဓိကထား ဖော်ပြထားသည်။ WPS အစီအစဉ်ဟု ပိုမိုလူသိများကြသော ယင်းစာချုပ်တွင် ကာကွယ်တားဆီးရေး၊ ပါဝင်ရေး၊ အကာအကွယ်ပေးရေးနှင့် ပြန်လည်ထူထောင်ရေး မဏ္ဍိုင်လေးရပ်ပါဝင်သည် (အောက်ပါ ပုံ ၄.၄ တွင် ရှုပါ)။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးဆိုင်ရာ အခန်း (၆) ကလည်း အဆိုပါ မဏ္ဍိုင်များကို ရှင်းပြသွားပါမည်။ WPS ကို ကျယ်ပြန့်စွာ ဖြန့်ဝေခဲ့ပြီး အကောင်အထည်ဖော်ခြင်းက အစိုးရများနှင့် အခြားသော ပဋိပက္ခ/ငြိမ်းချမ်းရေးနှင့် သက်ဆိုင်သူများ (ဆိုလိုသည်မှာ အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ) အတွက်သာမက ဥပဒေပြုသူများနှင့် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အလုပ်လုပ်နေသည့် အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ အတွက်လည်း အကျိုးဝင်သည်။ WPS အပေါ် ကတိကဝတ်များ အစိုးရများ၏ ပြည်တွင်းလုပ်ဆောင်ချက် အစီအမံ (national action plans (NAP)) တွင် တွေ့နိုင်သည်။ ၂၀၁၉ ခုနှစ်အထိ နိုင်ငံပေါင်း ၄၂% (သို့) ၈၂ နိုင်ငံက NAP များ ထုတ်ပြန်ထားကြသည်။ အရှေ့တောင်အာရှတွင် ယခုချိန်အထိ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံများသည် ထိုကဲ့သို့သော အစီအစဉ်များ လုပ်ဆောင်သည့် ပထမဆုံးနိုင်ငံများ ဖြစ်ကြသည်။ အချို့သော နိုင်ငံများက လက်နက်ကိုင် ပဋိပက္ခများ ရင်ဆိုင်နေရဆဲ ဖြစ်သောကြောင့် (သို့) ၎င်းတို့၏ လူမှုရေး၊ နိုင်ငံရေးနှင့် လုံခြုံရေး အခြေအနေများကြောင့် WPS ကို လက်တွေ့အသုံးချရန် ရှုန်းကန်နေရဆဲ ဖြစ်လေရာ NAP ကို မရေးဆွဲနိုင်ကြပေ။ ထိုသို့သောအခြေအနေမျိုးတွင် WPS အစီအစဉ်အတွက် NAP ရေးဆွဲမှုသည် ဤဒေသတွင်း၌ နိုင်ငံတကာအသိုင်းအဝိုင်း၊ အစိုးရများနှင့် အရပ်ဘက်အဖွဲ့အစည်းများအတွက် စိတ်ပါဝင်စားမှု ရှိနေဆဲဖြစ်သည့် နယ်ပယ်တစ်ခုဖြစ်သည်။

### ပုံ ၄.၄။ WPS အစီအစဉ်၏ မဏ္ဍိုင်များ

| | |
|---|---|
| ပဋိပက္ခ၊ ပဋိပက္ခနှင့် ပဋိပက္ခအလွန် ကာလများတွင် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ကျူးလွန်သည့် အကြမ်းဖက်မှုပုံစံများအားလုံးကို **ကာကွယ်တားဆီးရေး** | ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရေး ဖြစ်စဉ်များ၏ အဆင့်များအားလုံးတွင် ကျား၊ မ တန်းတူညီရေးနှင့် အမျိုးသမီးများ တန်းတူ**ပါဝင်ရေး** |
| လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှု ပုံစံများ အားလုံးမှ အမျိုးသမီးများနှင့် မိန်းကလေးများကို **အကာအကွယ်ပေးရေး**နှင့် ၎င်းတို့၏ အခွင့်အရေး များကို ပဋိပက္ခ အခြေအနေများတွင် ကာကွယ်ပေးပြီး မြှင့်တင်ပေးရေး | ပဋိပက္ခနှင့် ပဋိပက္ခလွန် အခြေအနေများတွင် **အကူအညီနှင့် ပြန်လည်ထူထောင်ရေး**၌ အမျိုးသမီး များအတွက် သီးသန့် လိုအပ်ချက်များ ပါဝင်သင့်ပြီး ၎င်းတို့၏ ဦးဆောင်လုပ်ကိုင်သူများ ဖြစ်သည့် စွမ်းဆောင်ရည်များကို တည်ဆောက်ပေးရေး |

**မူရင်း။** UNDP, 2019

၂၀၁၇ ခုနှစ်တွင် အာဆီယံက အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမြှင့်တင်ရေးဆိုင်ရာ ပူးတွဲကြေညာချက်ကို အာဆီယံတွင် မနီလာ၌ ကျင်းပသည့် ၃၁ ကြိမ်မြောက် အာဆီယံထိပ်သီးစည်းဝေးပွဲ၌ ထုတ်ပြန်ကြေညာခဲ့သည်။ အာဆီယံ အမျိုးသမီးများ ကော်မတီ (ASEAN Committee on Women (ACW)) နှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးများ မြှင့်တင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ အာဆီယံကော်မရှင် (ASEAN Commission on the Promotion and Protection of the Rights of Women and Children (ACWC)) တို့မှတစ်ဆင့် ကုလသမဂ္ဂက WPS ဆိုင်ရာ ဒေသလေ့လာရေးကို ပြုလုပ်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် အစီရင်ခံစာ တစ်စောင် ထုတ်ပြန်ခဲ့သည်။ ထို့ပြင် အာဆီယံ ကဏ္ဍအလိုက် အဖွဲ့အစည်းများအတွင်းတွင်လည်း WPS အစီအစဉ်က ဆွေးနွေးမှုများနှင့် သင်တန်းများအတွက် အဓိကအာရုံစိုက်စရာ ဖြစ်လာခဲ့သည်။

WPS အစီအစဉ်နှင့် ပတ်သက်သည့် အာဆီယံ၏ ကတိကဝတ်တွင် အခြားတိုးတက်မှုတစ်ခုမှာ အာဆီယံ အမျိုးသမီး ငြိမ်းချမ်းရေး မှတ်တမ်းအဖွဲ့ (ASEAN Women Peace Registry (AWPR)) ကို ဖန်တီးခဲ့ခြင်း ဖြစ်သည် (အောက်ပါ စာသေတ္တာ ၄.၈ တွင်ရှုပါ)။ ၂၀၁၈ ခုနှစ် စတင်ဖွဲ့စည်းချိန်မှစ၍ AWPR က WPS အစီအစဉ်တွင် ပါဝင်လုပ်ဆောင်ရန် ပြင်ဆင်ခဲ့သည်။ သို့သော် ယင်းက နိုင်ငံအလိုက် WPS NAPs များ ရေးဆွဲရမည်လား၊ အာဆီယံဒေသ လုပ်ငန်းအစီအစဉ် ရေးဆွဲရမည်လားကို ဒွိဟဖြစ်နေခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါ အရှိန်မြင့်တက်နေသည့်ကာလ၌ ၎င်း၏ အကျိုးဆက် ခရီးသွားလာရန်ကန့်သတ်ခံထားရခြင်းကြောင့် AWPR အဖွဲ့ဝင်များသည် အွန်လိုင်းမှသာ တွေ့ဆုံပြီး အစိုးရများကို တိုက်တွန်းသည့် သတင်းစကားများ ထုတ်ပြန်ခဲ့သည်။ (၁) ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း ၎င်းတို့၏ စီမံခန့်ခွဲရေးနှင့် ပြန်လည်ထူထောင်ရေး

အစီအစဉ်များတွင် WPS ၏ မဏ္ဍိုင်လေးခုကိုထည့်သွင်းရန်၊ (၂) ကပ်ရောဂါ၏ သက်ရောက်မှုများနှင့် ပတ်သက်ပြီး ဂျန်ဒါကိုအခြေခံသည့် အချက်အလက်ဝေမျှမှုများကို ကျင့်သုံးရန်နှင့် (၃) အမျိုးသမီးများ၏ စီးပွားရေး လိုအပ်ချက်များကို တုံ့ပြန်နိုင်မည့် မဟာဗျူဟာများကို ရှာဖွေနိုင်ရန် မူဝါဒ အခြေပြု သုတေသနများ လုပ်ဆောင်ရန်တို့ဖြစ်သည် (AWPR, 2020)။ သတင်းစကားက ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် အကျပ်အတည်းကို စီမံခန့်ခွဲရာတွင် အမျိုးသမီးများ၏ ဦးဆောင်မှု ကိုယ်စားပြုမှုနှင့် အမျိုးသမီးကိစ္စရပ်များနှင့် ပြဿနာများကို အဓိကထားရန် သွယ်ဝိုက်တိုက်တွန်းထားပြီး အမျိုးသမီးများ၏ အခန်းကဏ္ဍကို ၎င်းတို့သည် အဓိက ပတ်သက်ဆက်နွှယ်သူ တစ်စုဖြစ်သည်ဟူသည့် အကြောင်းကိုလည်း ထပ်လောင်းဖော်ပြထားသည်။

**စာသေတ္တာ ၄.၈။ အာဆီယံ အမျိုးသမီး ငြိမ်းချမ်းရေး မှတ်တမ်းအဖွဲ့ (ASEAN Women Peace Registry (AWPR))**

*တာမာရာနဲ (Tamara Nair) ရေးသားသည်။*

ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ အာဆီယံ အင်စတီကျု (The ASEAN Institute of Peace and Reconciliation (AIPR)) က ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ (၁၃) ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ အာဆီယံ အမျိုးသမီး ငြိမ်းချမ်းရေး မှတ်တမ်းအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ ယင်းဆွေးနွေးပွဲကို အာဆီယံဆိုင်ရာ ဖိလစ်ပိုင်သံရုံးက ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် သမ္မတအကြံပေး (ဖိလစ်ပိုင်)၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ အာဆီယံ အင်စတီကျုနှင့် အက်တီနီယိုဒီမနီလာ တက္ကသိုလ် (Ateneo De Manila University) တို့နှင့် ပူးတွဲကျင်းပခဲ့သည့် ဆွေးနွေးပွဲတွင် အာဆီယံ အမျိုးသမီး ငြိမ်းချမ်းရေး မှတ်တမ်းအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ဆွေးနွေးခဲ့သည့် ၂၀၁၅ ခုနှစ် ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ အာဆီယံအင်စတီကျု အလုပ်ရုံဆွေးနွေးပွဲတွင် ဤအကြံအစည်ကို စတင်အဆိုပြုခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင် ကိုယ်စားလှယ် သံအမတ် အဲလစ်ဇဘက် ပီ ဘွန်ဆူစီဆို (Elizabeth P Buensuceso) ၏ တိုက်တွန်းချက်အရ တက်ရောက်သူများက ငြိမ်းချမ်းရေးမှတ်တမ်းအတွက် အာဆီယံအမျိုးသမီးများအဖွဲ့ကို ဖွဲ့စည်းရန် အကြံပြုခဲ့ကြသည်။ အချို့သောအဖွဲ့ဝင်နိုင်ငံများ၏ ပဋိပက္ခလွန် (နှင့် လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခ) ကာလများနှင့် စစ်ရေးကိုအဓိကထားပြီး အမျိုးသားများနှင့်သက်ဆိုင်သည်ဟု ယူဆထားသည့် နယ်ပယ်တွင် ဂျန်ဒါကိစ္စရပ်များ ထည့်သွင်းခြင်း၏ ပြဿနာများကြောင့် AWPR သည် ချောမွေ့စွာ အစမပြုနိုင်ခဲ့ပေ။ ငြိမ်းချမ်းရေး တည်ဆောက်ရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍများသည် ဖိလစ်ပိုင်နိုင်ငံကဲ့သို့သော အဖွဲ့ဝင်နိုင်ငံများ အတွက် အတော်လေးသိသာထင်ရှားသော်လည်း ဂျန်ဒါကိစ္စရပ်များသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကိစ္စရပ်များ တွင် အလွယ်တကူနေရာရခြင်း မရှိကြပေ။ ကိစ္စရပ်၏အကဲဆတ်မှုကြောင့် မှတ်တမ်းတင်ခြင်း ပုံစံအချို့ကို ပယ်ချခြင်းခံရသည်။ သို့ရာတွင် အာဆီယံပုံစံအတိုင်း နောက်ဆုံး၌ အမျိုးသမီးများ၏ ငြိမ်းချမ်းရေး မှတ်တမ်းအဖွဲ့ကို အားလုံးသဘောတူညီမှုရရှိခဲ့ပြီး ကန့်ကွက်သူမရှိ ဖွဲ့စည်းနိုင်ခဲ့သည်။

မှတ်တမ်းအဖွဲ့က အာဆီယံပဋိညာဉ်၏ ရည်မှန်းချက်များနှင့် စည်းမျဉ်းများနှင့်အညီ ဒေသတွင်းမှ အမျိုးသမီး ကျွမ်းကျင်သူများကို စုစည်းထားရန် ရည်ရွယ်သည်။ မှတ်တမ်းအဖွဲ့က AIPR ၏ ကျွမ်းကျင်သူများကို

စုစည်းထားရန်နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးဆိုင်ရာ ကြိုးပမ်းမှုများအတွက် အာဆီယံအဖွဲ့များကို ထောက်ပံ့ပေးရန် ရည်မှန်းချက်များနှင့်လည်း ကိုက်ညီသည်။ AIPR ၏ ကောင်းချီးပေးမှုအောက်တွင် AWPR က အာဆီယံတွင် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို မြှင့်တင်ရန် အာဆီယံ၏ ရည်မှန်းချက်အတွက် အထောက်အကူပြုခြင်း ဖြစ်လာခဲ့သည်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံများအားလုံးက မှတ်တမ်းအဖွဲ့အတွက် လူသုံးဦးကို ရွေးချယ်ကြသည်။ AWPR အဖွဲ့ဝင် အများအပြားမှာ အစိုးရ (နိုင်ငံခြားရေး ဝန်ကြီးဌာန) မှ ဖြစ်ကြပြီး အချို့သော အဖွဲ့ဝင်များကို ပညာရှင်များနှင့် NGO အသိုင်းအဝိုင်းများမှ ခန့်အပ်ထားသည်။

အဖွဲ့ဖွဲ့စည်းပြီးနောက် အဖွဲ့ဝင်များကို အဖွဲ့၏အစီအစဉ်များအား လုပ်ဆောင်နိုင်ရန် အစည်းအဝေးများ ကျင်းပခဲ့သည်။ ပထမဆုံးကိစ္စရပ်မှာ မှတ်တမ်းအဖွဲ့၏ကျွမ်းကျင်မှုများကို မှတ်တမ်းတင်ရန်ဖြစ်သည်။ ယင်းဖြစ်စဉ်တွင် အဖွဲ့ဝင်များက ၎င်းတို့ ကျွမ်းကျင်မှုနယ်ပယ်များနှင့် အဖွဲ့အတွက် ၎င်းတို့ မည်သည်တို့အား လုပ်ဆောင်ပေးနိုင်သည်တို့ကို တင်ပြကြရသည်။ AWPR ပါဝင်မှုအတွက် ပွဲအချို့ကျင်းပခဲ့ပြီး အများအပြား တက်ရောက်ခဲ့ကြသည်။ ဤသည်မှာ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်စဉ်တစ်ခုဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ (၉) ရက်နေ့တွင် ကျင်းပခဲ့သည့် ရာသီဥတုဖောက်ပြန်ခြင်းနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ASEAN-IPR ဆွေးနွေးမှုတွင် AWPR အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးမှုက ရာသီဥတုဖောက်ပြန်ခြင်းက ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် မည်သို့ဆက်စပ်နေသည်ကိုလေ့လာပြီး ရာသီဥတုဖောက်ပြန်မှု၏ အကျိုးဆက်များနှင့် လိုက်လျောညီထွေအောင်ပြောင်းလဲရန်မှာ ငြိမ်းချမ်းရေးတည်ဆောက်ရေးကြိုးပမ်းမှုများ၏ အစိတ်အပိုင်းဖြစ်သော လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုများကို ဆက်လက်လုပ်ဆောင်သွားရန် ဖြစ်သည်ဟု တွေ့ရှိခဲ့ကြသည်။ ၂၀၂၀ ပြည်နှစ် အောက်တိုဘာလ (၃၀) ရက်နေ့တွင် အဖွဲ့ဝင်များက ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် အမျိုးသမီးများနှင့် လူငယ်များကို စွမ်းရည်မြှင့်ပေးခြင်းဆိုင်ရာ ASEAN-IPR အွန်လိုင်းဆွေးနွေးပွဲတွင်လည်း ပါဝင်ခဲ့ကြသည်။ ဆွေးနွေးပွဲက အမျိုးသမီးများနှင့် လူငယ်များကို စွမ်းရည်မြှင့်ပေးခြင်းနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့အကြား ဆက်စပ်မှုများနှင့် အမျိုးမျိုးသော တွေ့ဆုံဆွေးနွေးရေးများမှ ယင်းကို မည်ကဲ့သို့ အကောင်အထည်ဖော်နိုင်သည်ကို ရှာဖွေရန်ကြိုးပမ်းခဲ့သည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အာဆီယံဒေသလေ့လာရေးမူကြမ်းအတွက် အဖွဲ့ဝင်များ၏ အကြံပြုချက်များကို တောင်းခံခဲ့သည်။ AWPR နှင့် စပ်လျဉ်း၍ ကမ္ဘာ့ကပ်ရောဂါနှင့် အလုပ်လုပ်ရသည့် အခြေအနေနှင့် ခရီးသွားခြင်းဆိုင်ရာ အပြောင်းအလဲများက လုပ်ငန်းဆောင်ရွက်ခြင်းများကို မရပ်တန့်နိုင်ခဲ့ပေ။

AWPR သည် ဒေသတွင်း ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးဖန်တီးရန် အကောင်းဆုံးခြေလှမ်းတစ်ရပ်ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများ ယခုလုပ်ဆောင်သင့်သည့် အရေးအပါဆုံးခြေလှမ်းတစ်ရပ်မှာ သက်သေအချက်အလက်များကို အခြေခံသည့် သုတေသနများလုပ်ဆောင်ရန် မှတ်တမ်းအဖွဲ့နှင့် ၎င်း၏အဖွဲ့ဝင်များ၏ ကျွမ်းကျင်မှုများကို အပြည့်အဝအသုံးချရန်ဖြစ်သည်။ ငြိမ်းချမ်းရေးဆိုင်ရာကြိုးပမ်းမှုများ ရေရှည်တည်တံ့စေရန် အမျိုးသမီးငြိမ်းချမ်းရေးတည်ဆောက်သူများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးဖို့ ဒေသတွင်း အမျိုးသမီးများ၏ အတွေ့အကြုံများကို နားလည်ခြင်းဖြင့် ကွက်လပ်များကိုဖြည့်သည့် စမှတ်အနေဖြင့်လည်း မှတ်တမ်းအဖွဲ့ကို အသုံးပြုနိုင်သည်။

ယခုအခန်းက ပဋိပက္ခအသွင်ပြောင်းလဲရေးကို အကျယ်ချဲ့ရှင်းပြခြင်းဖြင့် မစတင်ခဲ့ဘဲ ကျွန်ုပ်တို့ ပဋိပက္ခအသွင်ပြောင်းလဲရေးကို ရှုမြင်ပုံကိုယ်၌အား ပြောင်းလဲရန် လိုအပ်သည်ဟု ဆိုခဲ့သည်။ ပဋိပက္ခသည် တသမတ်တည်းမဟုတ်ဘဲ ပြောင်းလဲနေသည့် ဖြစ်စဉ်တစ်ခုဖြစ်လေရာ ပဋိပက္ခအသွင်ပြောင်းလဲရေးသည်လည်း ယင်းကဲ့သို့ပင် ဖြစ်ရမည်ဖြစ်သည်။ ပဋိပက္ခသည် တည်ဆောက်ပုံအဆင့်ဆင့်နှင့် ဖြေရှင်းပေးရမည့် လိုအပ်ချက်အမျိုးမျိုး၊ အကျိုးစီးပွားအမျိုးမျိုး၏ မောင်းနှင်ခံနေရသည့် ဇာတ်ကောင်အမျိုးမျိုး ပါဝင်သော စနစ်တစ်ခုလုံးနှင့်သက်ဆိုင်သည့် သဘောတရားရှိသည်။ ပဋိပက္ခအသွင်ပြောင်းလဲရေးက အဓိကအာရုံစိုက်ရမည့် အချက်များရှိသလို မျှော်မှန်းချက်လည်း ကြီးရမည်။ ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ်ဆက်လက်ဖြစ်ပွားနေစေရန် ပဋိပက္ခအသွင်ပြောင်းလဲရေးက ပြောင်းလဲရမည့် ပြဿနာများ၊ ဇာတ်ကောင်များ၊ နောက်ခံအခြေအနေများ၊ ဆက်ဆံရေးများ၊ အင်စတီကျူးရှင်းများနှင့် အခြားသော ကိစ္စရပ်များကို အာရုံစိုက်ထားရမည်။ ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ် မစတင်ရသေးသည့်တိုင် ပဋိပက္ခအသွင်ပြောင်းလဲရေးကို အစပြုသင့်သည် (သို့) အနည်းဆုံး အစီအစဉ်၏ အစိတ်အပိုင်းအဖြစ် ပါရမည်။ ဖြစ်စဉ်စတင်သည်နှင့် ပဋိပက္ခစက်ဝန်းကို တွန်းအားပေးနေသည့် အပျက်သဘောဆောင်သည့် ကိစ္စရပ်များ၊ အကျိုးစီးပွားများ၊ ပြဿနာများနှင့် ဇာတ်ကောင်များနည်းတူ ပဋိပက္ခ အသွင်ပြောင်းလဲရေးကလည်း မောင်းနှင်သည့်အချက်တစ်ခု ဖြစ်လာသင့်သည်။ ထို့ကြောင့် ပဋိပက္ခအသွင်ပြောင်းလဲရေးသည် ပဋိပက္ခတည်ရှိရာနေရာတွင် ငြိမ်းချမ်းရေးတည်ဆောက်သည့်ဖြစ်စဉ်ဖြစ်သည့် ငြိမ်းချမ်းရေးတည်ဆောက်ရေး၏ အဓိကကျသော အစိတ်အပိုင်းတစ်ခု ဖြစ်သင့်သည်။ ပညာရှင်များနှင့် လက်တွေ့လုပ်ဆောင်သူများက ယင်းကိစ္စရပ်နှစ်ခုကိုခွဲခြားရန် ခက်ခဲကြသည် (သို့) ယင်းတို့ကို ချဉ်းကပ်ပုံများ၏ မတူညီသောအစိတ်အပိုင်းများအဖြစ် ထားထားသည်။ သို့ရာတွင် အချို့အတွက်မူ ယင်းချဉ်းကပ်ပုံနှစ်ခုက တပြိုင်နက် ဖြစ်ပွားကြသည်။

ယင်းချဉ်းကပ်ပုံနှစ်ခုလုံးတွင် တူညီသောလက္ခဏာများရှိပြီး တူညီသောကာလတွင် ထွက်ပေါ်လာကြသည်။ နှစ်မျိုးလုံးက မညီမျှသောဆက်ဆံရေးများ၊ အာဏာတည်ဆောက်ပုံများမှ ညီမျှသောဆက်ဆံရေးများ၊ အာဏာတည်ဆောက်ပုံများသို့ ပြောင်းလဲရန် မျိုးဆက်အလိုက် ရလဒ်များထွက်ပေါ်ရမည်ဟူသည့် အမြင်ကို ဝေမျှထားကြသည်။ မည်သို့ပင်ဆိုစေကာမူ ပဋိပက္ခအသွင်ပြောင်းလဲရေးသဘောတရားက *"နိုင်ငံတကာ (သို့) ဒေသတွင်းဝန်းကျင်တွင် သိသိသာသာအသွင်ပြောင်းလဲရေး"* ကို အဆိုပြုထားပြီး ခေါင်းဆောင်မှု၊ ရည်မှန်းချက်များ၊ အဖွဲ့အတွင်း အပြောင်းအလဲများ(အဖွဲ့အတွင်း အခြေအနေနှင့် အမူအရာ အပြောင်းအလဲများ)၊ (ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် တိုက်ရိုက်ပါဝင်နေသည့်) ဇာတ်ကောင်များ၏ အပြောင်းအလဲများ လိုအပ်သည်။ အလားတူပင် ပဋိပက္ခအသွင်ပြောင်းလဲရေးက ပဋိပက္ခနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များအား ပုံသွင်းခြင်း၊ ပြန်လည်ပုံသွင်းခြင်းများ (နောက်ခံအခြေအနေတစ်ခုတွင် အပြိုင်အဆိုင်ဖြစ်ခြင်းနှင့် အလျှော့ပေး အပေးအယူပြုခြင်းများ) နှင့် သက်ဆိုင်ပြီး ငြိမ်းချမ်းရေးတည်ဆောက်ရေးက လုပ်ငန်းများ၏ ထိရောက်မှုနှင့် ဇာတ်ကောင်များအကြား ဆက်ဆံရေးများကို ပိုအာရုံစိုက်သည်။

အစောပိုင်းကာလများတွင် ငြိမ်းချမ်းရေးတည်ဆောက်ရေးသည် ယေဘုယျအားဖြင့် ပဋိပက္ခကျေအေးမှု (သို့) သဘောတူညီချက်ရရှိပြီးဖြစ်စဉ်များ (သို့) ပဋိပက္ခနှောင်းပိုင်းကာလများနှင့် ဆက်စပ်သည်ဟု ရှုမြင်ခဲ့ကြသည်။ သို့ရာတွင် လူ့အဖွဲ့အစည်း၌ အခြေတည်ထားသည့် ငြိမ်းချမ်းရေးတည်ဆောက်ရေး (သို့) အောက်ခြေမှ စတင်သည့် ငြိမ်းချမ်းရေးတည်ဆောက်ရေး ပေါ်ပေါက်လာချိန်မှစ၍ ထိုအမြင်များ ပြောင်းလဲလာခဲ့သည်။ အချိန်ကာလအားဖြင့် လက်နက်ကိုင် ပဋိပက္ခနှင့် အကြမ်းဖက်မှုများကိုရပ်တန့်ရန် လိုအပ်သည့်အခါနှင့် အခွင့်အရေးရှိသည့်အခါ (သို့) ပဋိပက္ခအကြမ်းဖက်မှုကို တားဆီးနိုင်သည့်အခါ ပဋိပက္ခအသွင်ပြောင်းလဲရေး စတင်သည်ဟု ယုံကြည်ကြသည်။ ဤသို့သော အခြေအနေတွင် ပဋိပက္ခ တားဆီးရေးနှင့် အကြမ်းဖက်မှု လျော့ကျရေး မဟာဗျူဟာများက ပဋိပက္ခ၏ ဆိုးရွားသည့် အကျိုးဆက်များကို လျှော့ချရန် အသုံးဝင်သည်။

တစ်ချိန်တည်းမှာပင် လက်တွေ့၌ ပဋိပက္ခတည်ဆောက်ရေး ဇာတ်ကောင်များက ရေတိုနှင့် ရေရှည် ရှုထောင့်များနှင့် ပဋိပက္ခ အကျိုးဆက်ဆိုးများနှင့် အကောင်းများအကြား၊ ပဋိပက္ခများ၏ စိန်ခေါ်မှုများကြားမှ အလုပ်လုပ်နေရသည်။ အရပ်ဘက်အဖွဲ့အစည်းများ လုပ်ဆောင်သည့် ဥပမာများတွင် ငြိမ်းချမ်းရေး လိုလားသူများ များလာအောင် လုပ်ဆောင်ခြင်း (အလျားလိုက်နှင့် ဒေါင်လိုက် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း)၊ ငြိမ်းချမ်းရေး ပညာရေး၊ ငြိမ်းချမ်းရေး သတင်းထောက်ပညာ၊ စီးပွားရေးနှင့် ပုဂ္ဂလိက ကဏ္ဍကို ပါဝင်ခိုင်းခြင်းနှင့် ၎င်းတို့၏ ပဋိပက္ခများအပေါ် အသွင်ပြောင်းလဲနိုင်မှု အကျိုးဆက်များကိုပြသရန် ငြိမ်းချမ်းရေးတွင် ဂျန်ဒါရေးရာကို ထည့်သွင်းစဉ်းစားခြင်းတို့ ပါဝင်သည်။ အဆိုပါ အတွေ့အကြုံများနှင့် ဥပမာများကို ထိုင်းနိုင်ငံ တောင်ပိုင်းတွင် ငြိမ်းချမ်းရေးတည်ဆောက်သူ အတွင်းလူအုပ်စုများ ဖွဲ့စည်းခြင်းမှ မင်ဒါနောင်တွင် အပစ်အခတ်ရပ်စဲမှု ချိုးဖောက်ခြင်းများကို စောင့်ကြည့်ရန် မြေပြင်အထိ သွားရောက်လုပ်ဆောင်ခြင်း၊ ငြိမ်းချမ်းရေး သတင်းထောက်ပညာကို အသုံးပြုခြင်းဖြင့် ငြိမ်းချမ်းရေးအတွက် လှုပ်ရှားသူများအဖြစ် လုပ်ဆောင်ကြခြင်း၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး အစီအစဉ်များတွင် အမျိုးသမီးများကို ပါဝင်ခိုင်းခြင်းဖြင့် ငြိမ်းချမ်းရေးတွင် ဂျန်ဒါရေးရာကို ထည့်သွင်းစဉ်းစားခြင်းတို့ကို ယခုအခန်း တောက်လျှောက် တင်ပြခဲ့သည်။ အဆိုပါ လုပ်ဆောင်ချက်များက ငြိမ်းချမ်းရေး တည်ဆောက်ရေးသည် ဒေသတွင်း အသက်ဝင်နေပြီး ပဋိပက္ခ သက်ရောက်ခံရသည့် လူထုနှင့်အတူ ငြိမ်းချမ်းရေးအတွက် အပြုသဘောဆောင်သည့် မောင်းနှင်သူ ဖြစ်သည်။

ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှစ်မျိုးလုံးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ က လက်တွေ့ကျသောချဉ်းကပ်ပုံကို အသုံးပြုခဲ့ကြသည်။ အတိုင်းအတာတစ်ခုအထိ နိုင်ငံတကာအဖွဲ့အစည်းများ က ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေးတို့ကို ၎င်းတို့က လူ့အခွင့်အရေးနှင့် ဒီမိုကရေစီမြှင့်တင်ရေး၊ လူမှုစီးပွားရေးဖွံ့ဖြိုးမှုများအတွက် လူမှုစီးပွားရေးတိုးတက်မှုအတွက် လစ်ဘရယ်စံနှုန်း များပေါ်ထွက်ရေးနှင့် ဂေဟဗေဒနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းများကိုမြှင့်တင်ရန် အစီအစဉ်များမှ တစ်ဆင့်ဆက်စပ်ရန် ရည်မှန်းချက်ကြီးခဲ့ကြသည်။ အဆိုပါမျှော်မှန်းချက်ကို နားလည်သဘောပေါက်နိုင်ပါသည်။ သို့ရာတွင် အချို့သောဖြစ်ရပ်များတွင် ထိခိုက်ခံရသည့် နိုင်ငံများ/ပဋိပက္ခ အခြေအနေများသည် ထိုကဲ့သို့သော ပြင်ပမှလာသည့် အထက်မှအောက်ချမှတ်သော မူဝါဒတည်ဆောက်ပုံများ နှင့် ယန္တရားများကို ပေါင်းစပ်ကြည့်ရန် လက်ရှိနေကြသည်။ ဥပမာ အာချေးနှင့် မင်ဒါနောင်/ ဘန်ဆာမိုရိုတို့သည် ၎င်းတို့၏ လူ့အဖွဲ့အစည်းများ၌ ဒေသဆိုင်ရာနည်းလမ်းများအရ (၎င်းတို့၏ ဥပဒေများ၊ ဓလေ့ထုံးတမ်းများနှင့် လူမှု နိုင်ငံရေး ဝန်းကျင်များကို

အခြေခံပြီး) ငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်ခဲ့ကြသည်။ အဆိုပါ ဖြစ်ရပ်များက ငြိမ်းချမ်းရေးမြှင့်တင်သည့် အသိုင်းအဝိုင်းများသည် ၎င်းတို့ မည်သည်တို့ကို မည်မျှအောင်မြင်နိုင်သည်ကို လက်တွေ့ဆန်ဆန် ထည့်သွင်းစဉ်းစားကြောင်း ဖော်ပြနေသည်။ သူတို့က မည်သို့သော တိုးတက်မှုများသည် မည်သူနှင့် မည်သို့ ဖြစ်နိုင်သည်ကို နားလည်နိုင်ရန် ရပ်ရွာအဆင့် ဖြစ်ပေါ်တိုးတက်မှုများကို အထူးသဖြင့် ဂရုတစိုက်ရှိကြပြီး အာရုံစိုက်ကြသည်။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေးတို့သည် တိုက်ရိုက်သက်ဆိုင်သည့်ဇာတ်ကောင်များ၊ အကြမ်းဖက်မှုကျူးလွန်သူများ၊ ထိခိုက်ခံစားရသူများ၊ ဝင်ရောက်စွက်ဖက်သူများနှင့် လေ့လာဆန်းစစ်သူများနှင့် နီးစပ်စွာ ဆက်စပ်ဖြစ်ပွားသည်။ ထို့ကြောင့် *အခြေ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ငြိမ်းချမ်းရေးဖန်တီးခြင်း*ကို အသေးစိတ် နားလည်သဘောပေါက်ခြင်းက ငြိမ်းချမ်းရေးတည်ဆောက်သည့် အသိုင်းအဝိုင်းများတွင် တိုးတက်မှုတစ်ခု ဖြစ်သည်။ အခန်း (၅) နှင့် (၈) တို့က အဆိုပါဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပြီး လိုက်လျောညီထွေရှိသည့် *အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေး* ဖြစ်လာစေရန် ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး ချဉ်းကပ်ပုံနှစ်မျိုးကို မည်ကဲ့သို့ပေါင်းစပ်နိုင်သည်ကို အကျယ်ချဲ့ ဆွေးနွေးသွားပါမည်။

## ဆွေးနွေးရန် မေးခွန်းများ

၁။ အရှေ့တောင်အာရှ (သို့) အာရှတွင် မည်သို့သော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေးလုပ်ငန်း အမျိုးအစားများကို တွေ့နိုင်သနည်း။

၂။ အဆိုပါလုပ်ငန်းများက ငြိမ်းချမ်းရေးဖြစ်စဉ်ကို မည်သို့ အကျိုးပြုနိုင်သနည်း (သို့) အကျိုးမပြုနိုင်သနည်း။

၃။ ငြိမ်းချမ်းရေးတည်ဆောက်သူများ (သို့) ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေး လုပ်ဆောင်နေသူများအတွက် မည်သည့်စွမ်းဆောင်ရည်များနှင့် ကျွမ်းကျင်မှုများက အသုံးဝင်သည်ဟု သင်ထင်သနည်း။

၄။ ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခတစ်ခုအတွက် မည်သည့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေးတို့ လုပ်ဆောင်နိုင်သနည်း။ ပဋိပက္ခဖြစ်ရပ်တစ်ခုကို အသုံးပြုပြီး ဥပမာ တည်ဆောက်နိုင်ပါသလား။

၅။ လူ့အဖွဲ့အစည်းတစ်ခုတွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပဋိပက္ခအသွင်ပြောင်းလဲခြင်း၏ အကျိုးသက်ရောက်မှုများကို အကဲဖြတ်သုံးသပ်ရန်နှင့် ပြသရန်အတွက် နည်းလမ်းများ (သို့) ကိရိယာများကို အကြံပြုနိုင်ပါသလား။

၆။ ဂျန်ဒါ လေ့လာသုံးသပ်ခြင်းနှင့် အကဲဆတ်မှုရှိခြင်းတို့က ငြိမ်းချမ်းရေးကို မည်သို့တည်ဆောက်နိုင်သနည်း။ ဥပမာများ ဖော်ပြနိုင်ပါသလား။

၇။ လူမှုကွန်ရက်က ငြိမ်းချမ်းရေးသတင်းထောက်ပညာရပ်ကို မည်သည့်နည်းများဖြင့် မြှင့်တင်နိုင်သနည်း။

၈။ ငြိမ်းချမ်းရေးပညာရေးကို တရားဝင်ပညာရေး၏ မည်သည့်အဆင့်များအထိ ထည့်သွင်း သင်ကြားပေးသင့်သနည်း။

## ဖတ်ရှုရန် အကြံပြုချက်များ


1. Abubakar, A, *Peacebuilding and Sustainable Human Development: The Pursuit of the Bangsamoro Right to Self-Determination,* Switzerland: Springer International Publishing, 2019.
2. Berghof Foundation, 'Berghof Foundation handbook on conflict transformation' Berghof Foundation, 2012, available at https://berghoffoundation.org/library/berghof-handbook-for-conflict-transformation, accessed on 19 August 2021.
3. Abunales, D, 'Peace journalism: Preparing aspiring journalists to value culture of peace' *Asia Pacific Mediator Educator*, 2016, Vol 26, No 2, pp 252-269.
4. Navarro-Castro, L, 'Peace education in the Philippines: My Journey as a peace educator and some lessons learned' *Journal of Social Encounters*, 2020, Vol 4, No 2, pp 90-95. Available at https://digitalcommons.csbsju.edu/social_encounters/vol4/iss2/8, accessed on 25 August 2021.
5. Körppen, D, Schmelzle, B, and Wils, O (eds), 'A systemic approach to conflict transformation: Exploring strengths and weaknesses' Berghof Foundation, 2008, available at https://berghof-foundation.org/library/a-systemicapproach-to-conflict-transformation-exploring-strengths-and-limitations, accessed on 25 August 2021.

# အခန်း 5

## ပဋိပက္ခအဆုံးသတ်ခြင်း

# အခန်း (၅) ပဋိပက္ခအဆုံးသတ်ခြင်း

**ကာမာရူလ်ဇာမန် အက်စ်ကန်ဒါ (Kamarulzaman Askandar)**[1]

## ၅.၁ မိတ်ဆက်

ပဋိပက္ခအဆုံးသတ်ခြင်းက အမြဲလိုလိုပင် ဖြေရှင်းရန် မျှော်မှန်းချက်ဖြင့် စတင်သော်လည်း ယင်းမှာ အချိန်ကြာပြီး ပဋိပက္ခတွင် တိုက်ရိုက် (သို့) သွယ်ဝိုက်ပါဝင်သည့် အဖွဲ့များအားလုံးနှင့် ပဋိပက္ခကြောင့် သက်ရောက်မှုခံစားရသူများအားလုံး၏ အားစိုက်ထုတ်မှုများ လိုအပ်သည်။ ထို့ပြင် ဤသည်မှာ ပြည့်စုံကျယ်ပြန့်သည့် ချဉ်းကပ်ပုံလိုအပ်သော ရှုပ်ထွေးသည့်ဖြစ်စဉ်တစ်ခု ဖြစ်သည်။ အောက်ပါပြဿနာများမှာ အထူးသဖြင့် သိသာထင်ရှားသည်။ ပြဿနာများနှင့် ဇာတ်ကောင်များ အလွှာလွှာ၊ အဆင့်ဆင့်ရှိနေခြင်း၊ အဖွဲ့များအကြား ဆက်ဆံရေးတည်ဆောက်ပုံများ၊ အဖွဲ့များကို အဖြေရှာရန် ဆွဲဆောင်နိုင်သော ဖြစ်နိုင်သည့် ရွေးချယ်စရာများနှင့် အခွင့်အရေးများ၊ ဖြစ်စဉ်မတိုင်မီနှင့် ဖြစ်စဉ်အတွင်း လုပ်ဆောင်ရန်လိုအပ်သည့် အသွင်ပြောင်းလဲရေးဖြစ်စဉ်များ၊ ပဋိပက္ခများ စီမံခန့်ခွဲ၊ ကျေအေး၊ အသွင်ပြောင်း၊ ဖြေရှင်းရန် ယခင်ကြိုးပမ်းမှုများမှ သင်ယူရရှိခဲ့သော သင်ခန်းစာများကို အသုံးချခြင်းတို့ ဖြစ်ကြသည်။ အခန်း (၁) တွင် အခြေအနေကိုလိုက်၍ တုံ့ပြန်သည့် ချဉ်းကပ်ပုံနှင့် လိုက်လျောညီထွေ ရှိသည်များကို ရောစပ်အသုံးပြုသည့် ချဉ်းကပ်ပုံများ၏ အဓိပ္ပာယ်များနှင့် လိုအပ်ပုံများကို အတိုချုံးဆွေးနွေးခဲ့သည်။ ယခုအခန်း၏နောက်ပိုင်းတွင် ရှင်းပြသွားမည်ဖြစ်သည့်အတိုင်း ယင်းတို့မှာ ပဋိပက္ခတစ်ခုကို အဆုံးသတ်ရန် အဓိကအချက်များဖြစ်သည်။ ရှေးဦးစွာ ပဋိပက္ခနှင့် လုပ်ဆောင်ရမည့် အရာများအားလုံးကို ဖြေရှင်းရန် ဖြစ်နိုင်ခြေများအားလုံးကို ပြင်ဆင်ထားပြီး မည်သည့်အချိန်၌မဆို မဟာဗျူဟာများနှင့် ချဉ်းကပ်ပုံများကို ပြင်ဆင်ပြောင်းလဲရန် အသင့်ဖြစ်နေရမည်။ ဒုတိယအနေဖြင့် အငြင်းပွားမှု၏ မည်သည့်အဆင့်၌မဆို ဇာတ်ကောင်များ၊ ပတ်သက်ဆက်နွှယ်သူများနှင့် အလုပ်လုပ်နိုင်ရမည် ဖြစ်သည်။

ယခုအခန်းက ပဋိပက္ခများကို မည်ကဲ့သို့အဆုံးသတ်သနည်းဟူသည်ကို လေ့လာဆန်းစစ်သွားမည် ဖြစ်သော်လည်း ရမ်စ်ဘောသမ်နှင့် လုပ်ဖော်ကိုင်ဖက်များ (Ramsbotham et al (2011)) က ပဋိပက္ခဖြေရှင်းရေးသည် ပဋိပက္ခအဆုံးသတ်ခြင်းထက် ကျယ်ပြန့်ပြီး အကြမ်းဖက်သောပဋိပက္ခတစ်ခုကို အဆုံးသတ်ခြင်းက အဖွဲ့များအားလုံး၏ ပြဿနာများကို ဖြေရှင်းခြင်းဟု မဆိုနိုင်ပေဟု တွေ့ရှိခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ပြဿနာများကို ဖြေရှင်းခြင်းက အကြမ်းဖက်မှုကို သေချာပေါက် အဆုံးသတ်နိုင်လိမ့်မည်ဟု မဆိုနိုင်ပေ။ အလားတူပင် ပဋိပက္ခတစ်ခုကိုဖြေရှင်းရန် ကြိုးပမ်းမှုများက စစ်ပွဲတစ်ပွဲကို အဆုံးမသတ်နိုင်ခြင်း ဖြစ်နိုင်သည်။ စစ်ပွဲတစ်ပွဲကို အဆုံးသတ်နိုင်သည့် ကြိုးပမ်းမှုများက ပဋိပက္ခများကို မဖြေရှင်းနိုင်ခြင်း ဖြစ်နိုင်သည်။ ထို့ကြောင့် ပဋိပက္ခကို အသွင်ပြောင်းလဲရေးရော၊ အကြမ်းဖက်မှု အဆုံးသတ်ရေးကိုပါ အာရုံစိုက်ထားသင့်သည်။ ထိုမှသာ အဓိပ္ပာယ်ပြည့်ဝသော ရလဒ်ရရှိနိုင်မည်ဖြစ်သည်။

[1] Norbert Ropers, Abhoud Syed Lingga, Sachiko Ishikawa, Suadi Zainal, Josephine Rosa Marieta Soeprapto, Abdul Rahman Alavi, Cynthia Petrigh, Afrizal Tjoetra နှင့် Ismael G Kulat တို့ ပါဝင်ကူညီသည်။

ယခုအခန်းက ပဋိပက္ခများအဆုံးသတ်ရန် အသုံးပြုသည့် ချဉ်းကပ်ပုံများ၊ မူဘောင်များနှင့် နည်းလမ်းများကို လေ့လာသွားပါမည်။ ဆိုလိုသည်မှာ *ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခု* (သို့) (တတိယအုပ်စုက ကြားဝင်စေ့စပ်ပေးသူအဖြစ် ပါဝင်သည့်) *ငြိမ်းချမ်းရေးဆိုင်ရာ ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်တစ်ခုတွင် ငြိမ်းချမ်းရေးဖန်တီးခြင်းကို* လေ့လာသွားမည်ဖြစ်သည်။ ထို့ကြောင့် ယခုအခန်းက ဖြစ်စဉ်မည်သို့စတင်သည်၊ မည်သည့်အဖွဲ့များပါဝင်သည်၊ မည်သည့်အဆင့်များပါရှိသည်၊ ကြုံတွေ့ရသည့်အခက်အခဲနှင့် စိန်ခေါ်မှုများနှင့် ယင်းတို့ကို မည်သို့ ကျော်လွှားနိုင်သည်တို့ကို ရှင်းပြသွားပါမည်။ ထို့ပြင် ယခုအခန်းက ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခု အောင်မြင်ရေး အတွက် အတားအဆီးများကို လေ့လာသွားမည်ဖြစ်ပြီး ဖြစ်စဉ်ကိုကျော်လွန်၍ သဘောတူညီချက်နှောင်းပိုင်း/ ပဋိပက္ခ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုပါ လေ့လာသွားပါမည်။ နောက်ဆုံးအနေဖြင့် ဒေသတွင်းမှ ဖြစ်ရပ်လေ့လာမှုများဖြင့် ထိုဖြစ်စဉ်၏ သဘောသဘာဝများနှင့် စိန်ခေါ်မှုများ၊ ၎င်းတို့ထံမှ သင်ယူနိုင်သည့် သင်ခန်းစာများကို တင်ပြသွားမည်ဖြစ်သည်။

## ၅.၂ ငြိမ်းချမ်းရေးဖန်တီးခြင်းနှင့် တတိယအုပ်စု၏ ပါဝင်မှု

ငြိမ်းချမ်းရေးဖန်တီးခြင်းသည် ပဋိပက္ခတစ်ခုအဆုံးသတ်ရန် အရေးပါပြီး အကြမ်းဖက်မှုနှင့် ရန်လိုသောအပြုအမူ ပါဝင်သည့် အခြေအနေများကို အဓိကရည်ရွယ်ထားသည်။ ထို့ပြင် ငြိမ်းချမ်းရေးဖန်တီးခြင်းဆိုသည်မှာ မကြာခဏဆိုသလို လက်နက်ကိုင်ပဋိပက္ခတစ်ခုတွင် အဓိကဇာတ်ကောင်များက ငြိမ်းချမ်းသောကျေအေးမှု တစ်ခုအတွက် ဆွေးနွေးညှိနှိုင်းသည့် ဖြစ်စဉ်ကို ညွှန်းဆိုသည့် အသုံးအနှုန်းလည်း ဖြစ်သည်။ ကုလသမဂ္ဂ၏ အဆိုအရ ဤသည်မှာ "*ကုလသမဂ္ဂ ပဋိညာဉ် အခန်း (၄) တွင် ပါဝင်သည့် ငြိမ်းချမ်းသော နည်းလမ်းများမှတစ်ဆင့် ရန်လိုနေသည့် အဖွဲ့များကို သဘောတူညီမှုရရှိအောင် လုပ်ဆောင်ပေးခြင်း*" ဖြစ်သည် (Agenda for Peace, 1992)။ ဤသည်မှာ များသောအားဖြင့် ကန့်သတ်ထားသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ ဆိုလိုသည်မှာ စားပွဲဝိုင်းသို့ အဓိကအဖွဲ့များကိုသာ ဖိတ်ခေါ်သည်။ သို့ရာတွင် ဆွေးနွေးမှုအောင်မြင်စေရန်မှာ တရားဝင်ဆွေးနွေးညှိနှိုင်းရေး ဖြစ်စဉ်ကို ကျော်လွန်ပြီး ကျယ်ပြန့်သောအဖွဲ့များနှင့် ပတ်သက်ဆက်နွှယ်သူများ ပါဝင်ဖို့လိုအပ်သည်။ အရှေ့တောင်အာရှမှ ဥပမာများတွင် အာချေး၊ မင်ဒါနောင်နှင့် ထိုင်းနိုင်ငံတောင်ပိုင်းမှ ဖြစ်စဉ်များပါဝင်သည်။ နောက်အပိုင်းက ငြိမ်းချမ်းရေးဖန်တီးသည့်ဖြစ်စဉ်များတွင် ကြားဝင်ညှိနှိုင်းပေးသည့် တတိယအုပ်စု၏ အရေးပါမှုကို ဆန်းစစ်သွားပါမည်။

### ၅.၂.၁ ကြားဝင်ညှိနှိုင်းပေးသော တတိယအုပ်စု၏ အခန်းကဏ္ဍများ

အဖွဲ့များသည် ဖြစ်နိုင်လျှင် ပဋိပက္ခကိစ္စရပ်များကို နှစ်ဖွဲ့အကြားဆွေးနွေးခြင်းကိုသာ လိုလားသည်။ အထူးသဖြင့် ပဋိပက္ခက ဘက်မညီသည့်အခါ (သို့) အထက်အောက်ဖြစ်ပွားသည့်အခါနှင့် တစ်ဖက်အဖွဲ့က အစိုးရဖြစ်သည့် အခါမျိုးတွင် ဤအချက်က ပို၍ မှန်ကန်သည်။ အရှေ့တောင်အာရှမှ အစိုးရများက ၎င်းတို့ နယ်နိမိတ်အတွင်းရှိ ပဋိပက္ခများကို များသောအားဖြင့် ပြည်တွင်းရေးအဖြစ် ရှုမြင်ကြသည်။ ထို့ကြောင့် (အဖွဲ့နှစ်ဖွဲ့တွင် ပို၍ အားကောင်းသည့်) ယင်းအစိုးရများက တတိယအုပ်စုများကို ဝင်ရောက်စွက်ဖက်ရန် ဖိတ်ခေါ်ခြင်းက ပဋိပက္ခကို အကူအညီမပါဘဲ မဖြေရှင်းနိုင်သည်ကိုပြသသော အားနည်းသည့်လက္ခဏာဟု ရှုမြင်ကြသည်။ ဝင်ရောက်စွက်

ဖက်မှုမပြုရေးနှင့် ကြားဝင်လုပ်ဆောင်မှုမပြုရေး စည်းမျဉ်းများကို ကျယ်ပြန့်စွာလက်ခံထားလေရာ အိမ်နီးချင်း နိုင်ငံများအပါအဝင် အခြားအဖွဲ့အစည်းများက အကူအညီပေးရန် ကမ်းလှမ်းသည့်အခါ အဖွဲ့များက ပြင်ပအကူအညီကို လက်ခံရန်လိုလားဖို့ အချိန်ခဏကြာသည်မှာ အံ့ဩစရာတော့ မဟုတ်ပေ။

၁၉၇၆ ခုနှစ်တွင်စတင်ခဲ့သည့် အာချေးပဋိပက္ခကို အောင်မြင်မှုမရှိဘဲ ပြည်တွင်း၌သာ ကိုင်တွယ်လာခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် အင်ဒိုနီးရှားနိုင်ငံက နောက်ဆုံး၌ ဟန်နရီဒူးနန့်စင်တာ (Henry Dunant Centre (HDC)) ကို *ဂီရာကန်အာချေးမာဒီကာ (Gerakan Aceh Merdeka (GAM or အာချေးလွတ်မြောက်ရေး လှုပ်ရှားမှု))* နှင့် ဆွေးနွေးမှုများအား ပံ့ပိုးကူညီပေးရန် ဖိတ်ခေါ်ခဲ့သည်။ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် HDC ၏ လုပ်ငန်းများကို အကျပ်အတည်းစီမံခန့်ခွဲရေးကြိုးပမ်းမှု (Crisis Management Initiative (CMI)) က ဆက်လက်လုပ်ဆောင်ခဲ့ပြီး နောက်ဆုံး ပဋိပက္ခကို ကျေအေးနိုင်ခဲ့သော ဟယ်လ်ဆင်းကီး နားလည်မှုစာချွန်လွှာထွက်ပေါ်လာခဲ့သည်။ အလားတူပင် မင်ဒါနောင်ပဋိပက္ခတွင် အစိုးရနှင့် မိုရိုအမျိုးသားလွတ်မြောက်ရေးတပ်ဦးအကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ (၁၉၇၆-၁၉၉၆) အတွက် လစ်ဗျားနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှတစ်ဆင့် ပါဝင်ခဲ့သော OIC (အစ္စလာမ်မစ်ညီလာခံအဖွဲ့အစည်း (Organization of Islamic Conference)) ၏ ပံ့ပိုးကူညီပေးမှုမှ အကျိုးရရှိခဲ့ပြီး မိုရိုအစ္စလာမ်မစ် လွတ်မြောက်ရေးတပ်ဦးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ် (၂၀၀၁-၂၀၁၄) အတွက် မလေးရှားနိုင်ငံ၏ ထောက်ပံ့ကူညီမှုကို ရရှိခဲ့သည်။ သို့ရာတွင် ထိုင်းအစိုးရကမူ ထိုင်းနိုင်ငံတောင်ပိုင်းမှ ပုန်ကန်မှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းရေးကြိုးပမ်းမှုများကို ဖြေရှင်းရန် ပြင်ပအကူအညီများကို အမြဲတစေ ငြင်းပယ် နေခဲ့သည်။ ဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် ပညာရေး အစီအစဉ်များအတွက် ပြင်ပအကူအညီများကို လက်ခံ သော်လည်း အစိုးရက ၎င်းတို့နှင့် တော်လှန်ရေးလှုပ်ရှားမှုမှ ကိုယ်စားလှယ်များအကြား ပြင်ပဇာတ်ကောင်များက ဆွေးနွေးမှုများကို ကူညီပံ့ပိုးပေးခြင်းကိုမူ ကန့်သတ်ထားသည်။ ထိုသို့ဖြစ်လင့်ကစား ယင်းအုပ်စုများနှင့် (အလွတ်သဘော) ဆွေးနွေးမှုများနှင့် အစည်းအဝေးများကို ဥပမာ မလေးရှား (လန်ကာဝီ) နှင့် အင်ဒိုနီးရှား (ဘိုဂေါ်) မှ တစ်သီးပုဂ္ဂလပုဂ္ဂိုလ်များက ကူညီပံ့ပိုးပေးသည်များတော့ ရှိသည်။ သို့ရာတွင် ထိုင်းအစိုးရက ယင်းတို့မှ တစ်သီးပုဂ္ဂလ လုပ်ဆောင်ချက်များဖြစ်ပြီး တရားဝင်ဆွေးနွေးပွဲများမဟုတ်ဟု ကြေညာထားသည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် *Barisan Revolusi Nasional* (BRN (သို့) ပတ်ထာနီလွတ်မြောက်ရေး လှုပ်ရှားမှု၏ အဓိကအုပ်စုများဖြစ်သော အမျိုးသားတော်လှန်ရေးတပ်ဦး) မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုတစ်ခုကို ပံ့ပိုးပေးရန် နောက်ဆုံးတွင် အစိုးရက မလေးရှားနိုင်ငံ၏ အကူအညီကို ရယူခဲ့သည်။ ဤသည်က ပတ်ထာနီငြိမ်းချမ်းရေးဖြစ်စဉ်ကို အစပြုခဲ့ပြီး (ပုံမှန်မဟုတ်သော်လည်း) ယနေ့ချိန်အထိ ဆက်လက် ဖြစ်ပွားနေကာ ယခုအခါ MARA ပတ်ထာနီ ((*Majlis Syura Patani* (သို့) ပတ်ထာနီကောင်စီ) ၏ ဦးဆောင်မှုအောက်၌ အခြားသောအုပ်စုများလည်း ပါဝင်လာကာ BRN ကလည်း ပို၍ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာသည်။

ထို့ကြောင့် သမိုင်းကပြသနေသည့်အတိုင်း ရှုပ်ထွေးသည့်ပဋိပက္ခအခြေအနေများသည် နှစ်ဖွဲ့တွေ့ဆုံဆွေးနွေး သည့် ချဉ်းကပ်ပုံများဖြင့် ဖြေရှင်းနိုင်လေ့မရှိပေ။ ထို့အစား ထိုအခြေအနေများသည် များသောအားဖြင့် တတိယအဖွဲ့များက ဖြစ်စဉ်စတင်ရန်နှင့် ရေရှည်ဆက်သွားရန် ပါဝင်ကူညီပေးခြင်းမှ အကျိုးရရှိကြသည်။ တတိယအုပ်စုများသည် နိုင်ငံများ၊ နိုင်ငံတကာ (သို့) ဒေသဆိုင်ရာအဖွဲ့အစည်းများကဲ့သို့သော နိုင်ငံတကာ

ဇာတ်ကောင်များမှ အဆက်အသွယ်ကောင်းများရှိသည့် လေးစားရသည့်ပုဂ္ဂိုလ်များအထိ ဖြစ်နိုင်သည်။ သိသာထင်ရှားသည့်အချက်မှာ တတိယအုပ်စုများသည် များသောအားဖြင့် ပဋိပက္ခတွင် တိုက်ရိုက်မပါဝင်ကြသူများ ဖြစ်သည်။ များသောအားဖြင့် ၎င်းတို့သည် ပဋိပက္ခကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းမှလွဲ၍ ရလဒ်ကြောင့် ပုဂ္ဂိုလ်ရေး အကျိုးစီးပွားများ မရရှိကြသူများ ဖြစ်သည်။ ထို့ကြောင့် သူတို့က ကြားဝင်ညှိနှိုင်းပေးသူများ (သို့) စေ့စပ်ဆွေးနွေးပေးသူများအဖြစ်သာ လုပ်ဆောင်ကြသည် (ကြားဝင်ညှိနှိုင်းပေးသူများနှင့် ပံ့ပိုးကူညီပေးသူများ၏ အခန်းကဏ္ဍအတိအကျကို ငြိမ်းချမ်းရေးအရ ကြားဝင်စေ့စပ်ရေးဖြစ်စဉ်များ အပိုင်းတွင် ဆွေးနွေးသွားပါမည်)။ သို့ရာတွင် ၎င်းတို့က *အမြဲတစေ* ပြင်ပမှအဖွဲ့များဖြစ်သည်ဟူသည့် ယူဆချက်မှာ အမြဲတော့ မမှန်ကန်ပေ။ အဘယ်ကြောင့်ဆိုသော် အတွင်းလူများကလည်း အဆိုပါအခန်းကဏ္ဍတွင် ပါဝင်သောကြောင့် ဖြစ်သည်။ ထို့ပြင် တတိယအုပ်စုများသည် တစ်ဦးချင်းစီလုပ်ဆောင်ကြသူများ ဖြစ်နိုင်သလို ထိုင်းနိုင်ငံတောင်ပိုင်းမှ အတွင်းလူ ငြိမ်းချမ်းရေးတည်ဆောက်သူများပလက်ဖောင်း (Insider Peacebuilders Platform (IPP)) (အခန်း ၄ တွင်ရှုပါ) ကဲ့သို့သော ဖြစ်ရပ်ကိုကူညီပေးရန် ရည်ရွယ်ဖန်တီးထားသည့် အလွတ်သဘောအဖွဲ့အစည်းများလည်း ဖြစ်နိုင်သည်။ ပဋိပက္ခဖြစ်ပွားသည့် ပြည်တွင်းအခြေအနေများ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ထိုအုပ်စုများက လွှမ်းမိုးနိုင်သည့် ကွန်ရက်များနှင့် အချိတ်အဆက်ရှိကြပြီး အဖွဲ့များကို အခြားအရင်းအမြစ်များလည်း ပေးနိုင်သည်။[2]

လီဒရက်ချ် (1995) က ကြားဝင်စေ့စပ်ပေးသူများ၏ အခန်းကဏ္ဍကို ကြည့်လျှင် ရှုထောင့်အမျိုးမျိုးကို တွေ့ရှိနိုင်သည်ဟု ဆိုသည်။ ပထမမှာ ဆက်ဆံရေး ရှုထောင့်ဖြစ်ပြီး ကြားဝင်စေ့စပ်ပေးသူက အဓိကအဖွဲ့များနှင့် ဆက်ဆံရေးရှိသည့် အတိုင်းအတာဖြစ်သည်။ အဖွဲ့တစ်ဖွဲ့နှင့် ပိုမိုနီးကပ်သော ကြားဝင်စေ့စပ်ပေးသူများကို ဘက်လိုက်သောအတွင်းလူဟု ရှုမြင်ကြသည်။ တစ်ချိန်တည်းမှာပင် အဓိကအဖွဲ့များနှင့် ဆက်ဆံရေး မရှိသည့်တိုင် ရလဒ်တစ်ခုမှ အကျိုးစီးပွားရရှိသူများကို ဘက်လိုက်သောအပြင်လူများဟု ရှုမြင်ကြသည်။ တစ်ဖက်တွင်မူ အပြင်လူဖြစ်စေ၊ အတွင်းလူဖြစ်စေ မည်သည့်ရလဒ်ကြောင့်မျှ ပုဂ္ဂိုလ်ရေးအကျိုးစီးပွား ရရှိခြင်း မရှိသော ကြားဝင်ညှိနှိုင်းပေးသူများကို ဘက်မလိုက်သောအတွင်းလူ (သို့) ဘက်မလိုက်သောအပြင်လူဟု ရှုမြင်ကြသည် (Lederach, 1995)။

၎င်းတို့ မည်သူများဖြစ်သည်အပေါ်မူတည်၍ တတိယအုပ်စုများက ကဏ္ဍအမျိုးမျိုးမှ ပါဝင်နိုင်သည်။ ၁၉၇၈ ခုနှစ်တွင် လူးနှင့် ကောမစ် (Laue and Cormick) တို့က ကြားဝင်ညှိနှိုင်းပေးသူများအတွက် ဝင်ရောက်စွက်ဖက်သည့် အခန်းကဏ္ဍအမျိုးအစားများကို တင်ပြခဲ့ပြီး အချို့သောအခန်းကဏ္ဍများက အဖွဲ့များအကြား အာဏာမညီမျှခြင်းကိုဖြေရှင်းရန် အရေးပါပြီး အချို့ကအဖွဲ့များကို ဖြစ်စဉ်တွင် ပါဝင်လာအောင် စုစည်းရာတွင် ပို၍အသုံးဝင်သည်ဟု ရှင်းပြခဲ့သည်။

(၁) *တက်ကြွလှုပ်ရှားသူများ* - အဖွဲ့တစ်ခုတွင်အခြေပြုပြီး ထိုအဖွဲ့ကိုလွှမ်းမိုးသည့်အဖွဲ့အား ပို၍ကောင်းမွန်စွာ ထိပ်တိုက်တွေ့နိုင်အောင်စုစည်းရန်နှင့် နေရာချထားရန်လုပ်ဆောင်သည်။ မကြာခဏဆိုသလို

[2] အခန်း (၄) ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် အတွင်းလူ ကြားဝင်ညှိနှိုင်းပေးသူများ/ငြိမ်းချမ်းရေး တည်ဆောက်သူများ ဆိုင်ရာ နောက်အပိုင်းတွင် ရှုပါ။

ငုပ်လျှိုးနေသည့်ပဋိပက္ခ ပေါ်ထွက်လာရန် အရေးပါပြီး ကာလရှည်ပဋိပက္ခ အသွင်ပြောင်းလဲရေးအတွက် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်သည်။

(၂) *ချဉ်းကပ်အရေးဆိုသူများ* - ပဋိပက္ခဖြစ်နေသည့်အဖွဲ့များ၏ အဖွဲ့ဝင်မဟုတ်ဘဲ အဖွဲ့တစ်ဖွဲ့ကို အကြံပေး (သို့) မိတ်ဖက်အဖြစ် လုပ်ဆောင်ပေးနေသူဖြစ်သည်။ အဖွဲ့များကို စွမ်းရည်မြှင့်တင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်သည်။

(၃) *ကြားဝင်ညှိနှိုင်းပေးသူများ* - မည်သည့်အဖွဲ့နှင့်မှ မပတ်သက်သော်လည်း နှစ်ဖက်လုံးမှ အတိုင်းအတာ တစ်ခုအထိ လက်ခံထားကြသူများဖြစ်သည်။ အဖွဲ့များအကြား ဆွေးနွေးမှုများကို ပံ့ပိုးကူညီပေးရန်နှင့် ၎င်းတို့ကို နှစ်ဖက်လုံးကျေနပ်သည့် ကျေအေးမှုတစ်ခုရရှိအောင်ကူညီပေးဖို့ ဖိတ်ခေါ် ခံထားရသူများ ဖြစ်သည်။

(၄) *သုတေသနပညာရှင်များ* - ၎င်းတို့က ပဋိပက္ခဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး အချက်အလက်များနှင့် အကဲဖြတ်သုံးသပ်ချက်များကို ပေးကြသည်။ ယင်းတို့ကို အချို့သောပြဿနာရှိသည့် ကိစ္စရပ်များ အတွက် အဖြေရှာဖွေရာတွင် အသုံးပြုနိုင်သည်။

(၅) *စည်းကြပ်သူများ* - ၎င်းတို့က ပဋိပက္ခဖြစ်နေသည့်အဖွဲ့များအပေါ် လွှမ်းမိုးနိုင်ကြသည်။ မကြာခဏဆိုသလို ၎င်းတို့၏ ဆုံးဖြတ်ချက်များကို လိုက်နာရန် လုပ်ဆောင်နိုင်သည့် အာဏာနှင့် ခွန်အားရှိသည့် အဖွဲ့အစည်းများ ဖြစ်ကြသည်။

အဆိုပါအခန်းကဏ္ဍများတွင် ပဋိပက္ခအခြေအနေများကိုဖြေရှင်းရန် ကူညီပေးနိုင်သည့် စွမ်းဆောင်ရည်များ ပါဝင်သည်။ ၎င်းတို့က ကြားဝင်စေ့စပ်ပေးသူများ လုပ်ဆောင်နိုင်သည့် တာဝန်အမျိုးမျိုးကိုလည်း အကြံပြုခဲ့သည်။ သို့ရာတွင် လက်တွေ့အခြေအနေ၌ တက်ကြွလှုပ်ရှားသူ (သို့) ချဉ်းကပ်အရေးဆိုသူတစ်ဦးကို ဘက်မလိုက်သော တတိယအုပ်စုအဖြစ် လက်ခံရန်မှာ ခက်ခဲလိမ့်မည်ဖြစ်သည်။

ခရစ်(စ်)မစ်ချယ်လ် (Chris Mitchell (2003)) ကလည်း ဆွေးနွေးညှိနှိုင်းခြင်း အကြိုအဆင့်မှ သဘောတူညီမှု အပြီး အဆင့်အထိ ပဋိပက္ခတစ်ခု ဖြစ်ပွားခြင်းနှင့် ဖြေရှင်းခြင်း၏ အမျိုးမျိုးသောအဆင့်များတွင် အထောက်အကူပြုနိုင်သည့် ကဏ္ဍဆိုင်ရာတာဝန်များကို အဆိုပြုခဲ့သည်။ ဆွေးနွေးညှိနှိုင်းခြင်း အကြိုအဆင့်တွင် ကြားဝင်ညှိနှိုင်းပေးသူများက အောက်ပါအခန်းကဏ္ဍများမှ တစ်ခုခုတွင်ပါဝင်နိုင်သည်။ အပြိုင်ဖြစ်နေသော အဖွဲ့များက ဖြစ်နိုင်သည့်အဖြေများကိုရှာဖွေဖို့ အဆင်သင့်ဖြစ်မှုကို ဆုံးဖြတ်သည့် *ရှာဖွေစူးစမ်းသူ* အခန်းကဏ္ဍနှင့် အဖွဲ့တွင်း အကွဲအပြဲများကို အခြေအနေတိုးတက်လာစေပြီး အကျိုးစီးပွားများ၊ အဓိကတန်ဖိုးများနှင့် အပေးအယူများနှင့်ပတ်သက်၍ အားလုံးသဘောတူညီမှုကို အားပေးသည့် *စုစည်းသူ* အခန်းကဏ္ဍ၊ ရေရှည်တည်တံ့သည့် အဖြေတစ်ခုအတွက် လိုအပ်သည့် စွမ်းဆောင်ရည်များနှင့် လုပ်ဆောင်နိုင်စွမ်းများ ရှိလာစေရန် အဖွဲ့များကို ကူညီပေးသည့် *စွမ်းရည်မြှင့်တင်သူ* အခန်းကဏ္ဍနှင့် ဆွေးနွေးရေးဖြစ်စဉ်စတင်ရန်၊ နေရာစီစဉ်ရန်နှင့် အဆက်အသွယ်များ၊ အစည်းအဝေးများ တရားဝင်ဖြစ်စေရန် လုပ်ဆောင်ပေးသည့် *စုစည်းပေးသူ* အခန်းကဏ္ဍတို့ ဖြစ်ကြသည်။

ဆွေးနွေးညှိနှိုင်းနေစဉ်အတွင်း ကြားဝင်ညှိနှိုင်းပေးသူများက အောက်ပါအခန်းကဏ္ဍများမှ ပါဝင်နိုင်သည်။ အကျိုးရှိသောဆွေးနွေးမှုများ ထွက်ပေါ်လာစေရန် အစည်းအဝေးများကို ကူညီပံ့ပိုးပေးသည့် *ကူညီပံ့ပိုးပေးသူ* အခန်းကဏ္ဍ၊ အပြိုင်ဖြစ်နေသည့်အုပ်စုများကို ပြောင်းလဲနိုင်ရန်နှင့် တွေးခေါ်မှုအသစ်ဖန်တီးပေးနိုင်ရန် အချက်အလက်အသစ်များ၊ အကြံဉာဏ်များ၊ သီအိုရီများနှင့် ရွေးချယ်စရာများပေးသည့် *အမြင်ဖွင့်ပေးသူ* အခန်းကဏ္ဍ၊ ဆွေးနွေးမှုများ ပျက်ပြယ်မသွားရန်အာမခံပေးပြီး သဘောတူညီထားသည့် ဖြေရှင်းနည်းများအပေါ် အာမခံပေးခြင်း၊ သဘောတူထားသည့် ဖြေရှင်းနည်းများအပေါ် သိက္ခာရှိမှုနှင့် တရားဝင်မှုရအောင် လုပ်ဆောင်ပေးသည့် *အာမခံသူ* အခန်းကဏ္ဍတို့ ဖြစ်ကြသည်။

နောက်ဆုံးအနေဖြင့် သဘောတူညီမှု နောင်းပိုင်းကာလတွင် ကြားဝင်ညှိနှိုင်းပေးသူများက သဘောတူညီသည့် အချက်များကို ဖြည့်ဆည်းပေးမည်ဟု သေချာစေသည့် *လှေလှော်ပိုင်းခြားပေးသူ၊* ယှဉ်ပြိုင်ဘက်အဖွဲ့များ အကြားနှင့် အဖွဲ့တစ်ဖွဲ့ချင်းစီအတွင်း ဆက်ဆံရေးအသစ်များကို တည်ဆောက်ရန် ရေရှည်လုပ်ဆောင်ချက် များကို အကူအညီပေးသည့် *ရင်ကြားစေ့ပေးသူ* ဖြစ်လာနိုင်သည်။ ကြားဝင်ညှိနှိုင်းပေးသူများက မည်သည့် အခန်းကဏ္ဍ (သို့) အခန်းကဏ္ဍများမှ ပါဝင်သည်က ၎င်းတို့ မည်သူဖြစ်သည်၊ ၎င်းတို့၏ စွမ်းဆောင်ရည်များ၊ ပေးထားသည့် တာဝန်များ၊ ပဋိပက္ခ၏ လိုအပ်ချက်များနှင့် အဆင့်များ၊ ရယူလိုသည့် ရလဒ် (သို့) ရလဒ်များအပေါ် မူတည်သည်။

## ၅.၂.၂ ကြားဝင်ညှိနှိုင်းပေးသူ အတွင်းလူများနှင့် ငြိမ်းချမ်းရေး တည်ဆောက်သူများ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ငြိမ်းချမ်းရေးဖန်တီးရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး ဖြစ်စဉ်တွင် အရေးပါသည့် ဇာတ်ကောင်တစ်ကောင်မှာ ဖြစ်စဉ်ကိုပံ့ပိုးကူညီပြီး အတွင်းမှ ထောက်ပံ့ပေးနိုင်သည့် အတွင်းလူဖြစ်သည်။ ဤသည်ကို ပဋိပက္ခအခြေအနေအတွင်းမှ ပုဂ္ဂိုလ်များနှင့် ပဋိပက္ခဆိုင်ရာ အဓိက ဇာတ်ကောင်တစ်ဦး (သို့) တစ်ဦးထက်ပိုသော ဇာတ်ကောင်များနှင့် တူညီသောနားလည်သဘောပေါက်မှုများ၊ အကျိုးစီးပွားများနှင့် ရည်မှန်းချက်များရှိသည်ဟု ယုံကြည်ထားသည့်ပုဂ္ဂိုလ်များ ပါဝင်ကူညီသည့် ဒေသတွင်း ပဋိပက္ခအခြေအနေ အများအပြားတွင် တွေ့ရသည်။ အတွင်းလူဥပမာတွင် အာချေးဒေသမှ အာချေး အရပ်ဘက်အဖွဲ့အစည်း လုပ်ငန်းအဖွဲ့ (ACSTF)၊ မာလူကူမှ *ဘာကူဘဲ (Baku Bae)* လှုပ်ရှားမှု၊ ထိုင်းနိုင်ငံတောင်ပိုင်းမှ အတွင်းလူငြိမ်းချမ်းရေး တည်ဆောက်သူများ ပလက်ဖောင်း (IPP)၊ ငြိမ်းချမ်းရေးအတွက် သုတေသနနှင့် သင်ကြားပို့ချရေး၊ စိန်းတက္ကသိုလ် မလေးရှား (REPUSM)နှင့် မင်ဒါနောင်၊ အာချေးနှင့် ထိုင်းနိုင်ငံတောင်ပိုင်းတို့မှ အရှေ့တောင်အာရှ ပဋိပက္ခလေ့လာရေး ကွန်ရက် (SEACSN) ကဲ့သို့သော အုပ်စုများ ပါဝင်သည်။

ထင်ရှားသော ငြိမ်းချမ်းရေး တည်ဆောက်သူနှင့် ပဋိပက္ခ အသွင်ပြောင်းလဲရေး ပညာရှင် နောဘတ်ရိုပါ (Norbert Ropers) က ကြားဝင်ညှိနှိုင်းပေးသူ အတွင်းလူကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

*ကြားဝင်ညှိနှိုင်းပေးသူ အတွင်းလူများသည် ပဋိပက္ခဖြစ်နေသည့် လူ့အဖွဲ့အစည်းတစ်ခုတွင် အဆင့်အမျိုးမျိုး၌ လုပ်ကိုင်နေကြသည့် လေးစားယုံကြည်ရသော အတွင်းလူများဖြစ်ကြသည်။ ထိုသူများက ပဋိပက္ခ၏ ရှုထောင့်များနှင့် နောက်ခံအခြေအနေကို နက်နက်ရှိုင်းရှိုင်း နားလည် သဘောပေါက်ကြပြီး ပဋိပက္ခဖြစ်နေသည့် အဖွဲ့များနှင့်လည်း စံနှုန်းနှင့် ယဉ်ကျေးမှုအရ နီးစပ်ကြသည်။ အဖွဲ့များကိုယ်၌က ပိုင်ဆိုင်ပြီး တန်ဖိုးထားသည့် ပဋိပက္ခအဖြေများ ရှာဖွေရန် ၎င်းတို့၏ ပါဝင်ကူညီမှုများက အသေးစိတ်အကဲဆတ်မှုရှိကြောင်း ပြသသူများလည်း ဖြစ်သည်။*

အဆိုပါ အဓိပ္ပာယ်ဖွင့်ဆိုချက်က ဤစာအုပ်ပါ ကြားဝင်ညှိနှိုင်းပေးသူ အတွင်းလူများနှင့် ငြိမ်းချမ်းရေး တည်ဆောက်သူ အတွင်းလူများကို ဖော်ပြနေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့က နောက်ခံ၊ အလုပ်သဘောသဘာဝနှင့် ပဋိပက္ခချဉ်းကပ်ပုံများတွင် ဆင်တူသောကြောင့် ဖြစ်သည်။

*ကြားဝင်ညှိနှိုင်းပေးသူ/ငြိမ်းချမ်းရေးတည်ဆောက်သူ အတွင်းလူများ* ဟူသည့် အသုံးအနှုန်းက လူပုဂ္ဂိုလ်များ၊ အုပ်စုများ (သို့) ငြိမ်းချမ်းရေးကို အတွင်းမှ တည်ဆောက်မြှင့်တင်ခြင်းဖြင့် ပဋိပက္ခကို အသွင်ပြောင်းလဲအောင် လုပ်ဆောင်နေသည့် ကွန်ရက်များပါဝင်သည်။[3] ငြိမ်းချမ်းရေးတည်ဆောက်သူ အတွင်းလူများနှင့် ကြားဝင်ညှိနှိုင်းသူ အတွင်းလူများအကြား ကွာခြားချက်မှာ ငြိမ်းချမ်းရေးတည်ဆောက်သူများက အဓိကအဖွဲ့အစည်းများ အားလုံးနှင့် ဆက်ဆံရေးတည်ဆောက်ထားချင်မှ တည်ဆောက်ထားလိမ့်မည်။ အဓိကအဖွဲ့များကို ဆက်စပ်ပေးသည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ချင်မှ လုပ်ဆောင်လိမ့်မည်။ သို့ရာတွင် ငြိမ်းချမ်းရေးတည်ဆောက်သူများ လုပ်ဆောင်သည့် လုပ်ငန်းများသည် အခြေအနေပေါ်တွင် တိုက်ရိုက်ရော သွယ်ဝိုက်သည့် သက်ရောက်မှုများ ရှိကြသည်။ အတွင်းလူများက ပဋိပက္ခဒေသတွင် မွေးဖွားခဲ့ခြင်း (သို့) ယင်းဒေသတွင် နေထိုင်ခဲ့ခြင်းလည်း ဖြစ်ချင်မှဖြစ်လိမ့်မည်။ သို့ရာတွင် အဖွဲ့များ (သို့) အနည်းဆုံး အဖွဲ့တစ်ဖွဲ့နှင့် (ကိုယ်ပိုင်သရုပ်လက္ခဏာ ကဲ့သို့သော) တူညီသည့် (သို့) ဝေမျှထားသည့် အချက်တစ်ချက်/စံနှုန်းတစ်ရပ် ရှိပေလိမ့်မည်။ အတွင်းလူများသည် ကိစ္စရပ်များနှင့် ပဋိပက္ခ၏သမိုင်းကို နက်ရှိုင်းစွာ နားလည် သဘောပေါက်ကြပြီး အခြေအနေကိုပြောင်းလဲရန် (သို့) အနည်းဆုံး သက်ရောက်မှုရှိရန် အခြေအနေ ရှိကြသူများဖြစ်သည်။ ၎င်းတို့၏ လုပ်ငန်းများနှင့်/သို့မဟုတ် ၎င်းတို့အတွေးများကို ထုတ်ဖော်ပြသခြင်းဖြင့် အနာဂတ်အပြောင်းအလဲအတွက် လှုံ့ဆော်ပေးရန် အလားအလာရှိကြသူများ ဖြစ်သည်။ ထိုနည်းဖြင့် ၎င်းတို့က လွန်စွာအရေးပါသော *အသွင်ပြောင်းလဲရေး* အခန်းကဏ္ဍမှ ပါဝင်ကြသည်။ သူတို့ကို တစ်ချိန်တည်းတွင် နှစ်ဖက်လုံးက ယုံကြည်ချင်မှ ယုံကြည်လိမ့်မည်။ တစ်ဖက်ကို မျက်နှာလိုက်သည်ဟုပင် စွပ်စွဲခံရနိုင်သည်။ သို့ရာတွင် နောက်ဆုံး၌ သူတို့ကို ပဋိပက္ခအခြေအနေတစ်ရပ်အား အသွင်ပြောင်းလဲရန် သူတို့အမှန်တကယ် လုပ်ဆောင်လုပ်ဆောင်ခဲ့သည်များနှင့် လုပ်ဆောင်နိုင်ခြေ ရှိခဲ့သည်များအတွက် အသိအမှတ်ပြုကြသည်။ အချုပ်အားဖြင့် ကြားဝင်ညှိနှိုင်းပေးသူ/ငြိမ်းချမ်းရေးတည်ဆောက်သူ အတွင်းလူများအတွက် အခြေခံစံနှုန်းအချို့ တွင် အောက်ပါတို့ ပါဝင်သည်။

[3] အခန်း (၄) မှ အတွင်းလူ ငြိမ်းချမ်းရေး တည်ဆောက်သူများ ပလက်ဖောင်း ဆွေးနွေးချက်ကိုလည်း ရှုပါ။

- (အားလုံးက) လေးစားပြီး (အနည်းဆုံး အချို့က) ယုံကြည်ရသည်
- အဆင့်အများအပြား၌ အလုပ်လုပ်ဆောင်ပြီး ယင်းအဆင့်များကို ဆက်စပ်ပေးနိုင်စွမ်း ရှိသည်
- ပဋိပက္ခ၏ ရှုထောင့်များနှင့် နောက်ခံအခြေအနေအပေါ် နက်နက်ရှိုင်းရှိုင်း နားလည်သဘောပေါက်သည်
- (သူကိုယ်တိုင် သတိမပြုမိသည့်တိုင်) ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုင်ရာ ဗဟုသုတအချို့ ဗဟုသုတကိုအသုံးပြုရန် စွမ်းဆောင်ရည်များနှင့် အပြောင်းအလဲ လုပ်ဆောင်ပေးလိုသည့်စိတ် ရှိသည်
- ပဋိပက္ခအဖွဲ့များ (သို့) အနည်းဆုံး အဖွဲ့တစ်ဖွဲ့နှင့် စံနှုန်းနှင့် ယဉ်ကျေးမှုဆိုင်ရာ နီးစပ်မှုများ ရှိသည်
- အဖြေတစ်ခုရှာဖွေရန် အကဲဆတ်မှုနှင့် ဖန်တီးနိုင်စွမ်းကို ပြသနိုင်သည်

ဖော်ပြထားသည့် အချက်များအပြင် တတ်သိပညာရှင်အဖွဲ့များ၊ သုတေသနအင်စတီကျူများ၊ အလှူရှင်အေဂျင်စီများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရများကဲ့သို့သော ပြင်ပအဖွဲ့အစည်းများအကြောင်း သိရှိခြင်းနှင့် ပါဝင်သည့်အဖွဲ့များကို ယင်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပေးနိုင်ခြင်းလည်း ပါဝင်သည်။ အရေးပါသည့်အချက်မှာ အဆိုပါဗဟုသုတက အတွင်းလူများကို ရပ်ရွာအခြေပြု ငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် ဇာတ်ကောင်များအား ပြင်ပဇာတ်ကောင်များနှင့် ချိတ်ဆက်ပေးပြီး မတူညီသော အဆင့်များ (သို့) လမ်းကြောင်းများမှ ဇာတ်ကောင်များကို ချိတ်ဆက်ပေးနိုင်သည်။

အထက်တွင် ဖော်ပြခဲ့သော ဆွေးနွေးမှုများအရ ကြားဝင်ညှိနှိုင်းပေးသူ/ငြိမ်းချမ်းရေး တည်ဆောက်သူ အတွင်းလူများ၏ အခန်းကဏ္ဍများနှင့် လုပ်ဆောင်မှုများကို အောက်ပါတို့ပါဝင်သည်ဟု အကျဉ်းချုပ်နိုင်သည် (ဤသည်မှာ စာရင်းအကုန်မဟုတ်သေးဘဲ အချက်များမှာလည်း မည်သို့မျှ စီစဉ် ဖော်ပြထားခြင်း မဟုတ်ပေ)။[4]

- အဖွဲ့များနှင့် လူထုအကြား ပိုမိုကောင်းမွန်သော နားလည်မှု ဖန်တီးပေးသည်။
- အလွတ်သဘောဆွေးနွေးရေးများကို ပံ့ပိုးကူညီပေးသည်။
- အစည်းအဝေးများ၊ ဖိုရမ်များ၊ ဆွေးနွေးပွဲများတွင် မျက်မြင်သက်သေအဖြစ် ရှိပေးသည်။
- အခြားသော ငြိမ်းချမ်းရေးဖန်တီးသူများ၊ ငြိမ်းချမ်းရေးတည်ဆောက်သူများနှင့် အခြားပတ်သက် ဆက်နွှယ်သူများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသည်။
- သင်တန်းများ၊ စွမ်းရည်မြှင့်တင်ခြင်းများ၊ နည်းပြခြင်းများမှတစ်ဆင့် ပဋိပက္ခဖြစ်နေသည့်အဖွဲ့များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးသည်။
- ငြိမ်းချမ်းရေးဖန်တီးခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းတို့၏ ယေဘုယျနှင့် သီးသန့်ဖြစ်သော လိုအပ်ချက်များကို လေ့လာပြီး အဆိုပါလိုအပ်ချက်များ ဖြည့်ဆည်းရာတွင် ပါဝင်ကူညီပေးသည်။
- အဖွဲ့များအကြား အာဏာချိန်ခွင်လျှာမညီခြင်းကို တည့်မတ်ပေးသည်။
- ဆွေးနွေးမှုများတွင် ပံ့ပိုးကူညီပေးခြင်း၊ သင်တန်းများကျင်းပခြင်း၊ မဟာဗျူဟာများကို အကြံပြုခြင်း၊ ဆွေးနွေးမှုအတွက် အဓိကအာရုံစိုက်ရမည့်အချက်များ ပြင်ဆင်ပေးခြင်း၊ သုတေသနနှင့် ချဉ်းကပ်

[4] အဆိုပါ အချက်များကို စာရေးသူက ၂၀၁၂ ခုနှစ် ဧပြီလ ဥရောပလွှတ်တော်အစည်းအဝေးတွင် ကြားဝင်ညှိနှိုင်းပေးသူ အတွင်းလူများအကြောင်း တင်ပြရာတွင် ထည့်သွင်းထားခဲ့ခြင်း ဖြစ်သည်။

အရေးဆိုခြင်းများ လုပ်ဆောင်ခြင်း၊ စသည်တို့ဖြင့် ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး ဖြစ်စဉ်ကို တရားဝင်ရော၊ အလွတ်သဘောနည်းလမ်းများတွင်ပါ ကူညီ ထောက်ပံ့ပေးသည်။

- ပြင်ပ (အပြင်လူ) ကြားဝင်ညှိနှိုင်းပေးသူများနှင့် ငြိမ်းချမ်းရေးတည်ဆောက်သူများနှင့် ချိတ်ဆက်ပြီး ကူညီထောက်ပံ့ပေးသည်။
- ပြင်ပ/အပြင်လူ ကြားဝင်ညှိနှိုင်းပေးသူများနှင့် ငြိမ်းချမ်းရေးတည်ဆောက်သူများကို ပဋိပက္ခ ဇာတ်ကောင်များ၊ အခြား အတွင်းလူများ၊ လူထု၊ မြေပြင်မှ ပြည်သူများနှင့် ချိတ်ဆက်ပေးသည်။
- အမျိုးမျိုးသော အဆင့်များနှင့် လမ်းကြောင်းများအကြား ချိတ်ဆက်နှင့် ပေါင်းကူးသဖွယ် လုပ်ဆောင် ပေးသည်။

လာမည့်အပိုင်းက ငြိမ်းချမ်းရေး ပြင်ဆင်ပုံ ကိစ္စရပ်နှင့် ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကြားဝင်ညှိနှိုင်းရေး ဖြစ်စဉ်များကို ဆွေးနွေးသွားပါမည်။

## ၅.၃ ငြိမ်းချမ်းရေးအတွက် ပြင်ဆင်ခြင်း၊ "ရင့်မှည့်မှု" နှင့် အသွင်ပြောင်းလဲရေးဖြစ်စဉ်

အဖွဲ့များက ၎င်းတို့၏ ရည်မှန်းချက်များ အောင်မြင်ခြင်းသည် အလျင်မလို (သို့) လိုအပ်သည်ဟု မရှုမြင်လျှင် ငြိမ်းချမ်းရေးဖြစ်စဉ်စတင်ခြင်းက ခက်ခဲလိမ့်မည်။ သူတို့က သူတို့၏ ရည်မှန်းချက်များကို အင်အားသုံးခြင်း (သို့) အင်အားသုံးရန် ခြိမ်းခြောက်ခြင်းဖြင့် ရယူနိုင်လိမ့်မည်ဟုလည်း ယုံကြည်နေနိုင်သည်။ များသောအားဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ရပ် စတင်ရန် လိုအပ်သည့် သတ်မှတ်ချက်မှာ ထိုနည်းလမ်းများ အလုပ်ဖြစ်မည်မဟုတ်၊ ညှိနှိုင်းဆွေးနွေး အဖြေရှာခြင်းကသာလျှင် ပိုကောင်းသည့်ရွေးချယ်စရာဟု နားလည်သဘောပေါက်ခြင်း ဖြစ်သည်။ ရလဒ်အနေဖြင့် ၎င်းတို့က ပဋိပက္ခ ဆက်ဖြစ်နေခြင်း၏ (သို့) အရှိန်တက်ခြင်း၏ အကျိုးဆက်များနှင့် အဖြေတစ်ခုညှိနှိုင်းရှာဖွေခြင်း၏ အကျိုးဆက်များကို ချိန်ထိုးရွေးချယ်ကြမည်ဖြစ်သည်။ ထိုအခြေအနေကို ပညာရှင်များက *အဖြေရှာရန်အတွက် ရင့်မှည့်ချိန်*ဟု ဖော်ပြခဲ့သည်။ ဇာ့တ်မန်း (Zartman (1995)) က ပဋိပက္ခတစ်ခု "ရင့်မှည့်အောင်" လုပ်ဆောင်နိုင်သည့် အခြေအနေများ ရှိသည်ဟုဆိုသည်။ အဓိကအချက်မှာ အကြမ်းဖက်မှုနှင့် ပဋိပက္ခ၏အရှိန်ကို တိုးမြှင့်ခြင်းဖြင့် ၎င်းတို့၏ မျှော်မှန်းချက်များကို မအောင်မြင်နိုင်ဟု အဖွဲ့များက နားလည်သဘောပေါက်သွားသည့် "ထိခိုက်သည့် လိပ်ခဲတည်းလည်း" အခြေအနေမျိုးဖြစ်သည်။ အခြားသူများက "ဖြစ်စဉ်ကို ရင့်မှည့်အောင်လုပ်ရန်" လိုအပ်သည် (သို့) အဖြေရှာရန်အတွက် "ရင့်မှည့်သော အချိန်" ရောက်လာဖို့ အားပေးရန် လိုအပ်သည့်အကြောင်း ရေးသားခဲ့ကြသည် (Druckman, 1986)။ ရိုးရှင်းပြီး ကျိုးကြောင်းဆီလျော်သော်လည်း "ရင့်မှည့်ခြင်း" သဘောတရားနှင့် အထူးသဖြင့် ထိုဖြစ်စဉ်ကို အားပေးခြင်းတို့အား အဖွဲ့များအနေဖြင့် လုပ်ဆောင်ရန် အလျင်လိုနေပြီဟူသည့် သဘောတရားကို ဖန်တီးရန်မှာ မီးထဲသို့ ဓာတ်ဆီလောင်းထည့်ခြင်းနှင့် တူသည်ဟု ဝေဖန်ကြသည်။

ရမ်စ်ဘော့သမ်၊ ဝုဒ်ဟောက်စ်နှင့် မီအယ်လ် (Ramsbotham, Woodhouse and Miall (2011)) တို့က စာရေးသူ အများအပြားသည် အဆိုပါချဉ်းကပ်ပုံကိုပြင်ဆင်ရန် အကြံပြုကြသည် (သို့) ဝေဖန်ကြသည်ဟု တွေ့ရှိခဲ့ကြသည်။

ဥပမာ မစ်ချယ်လ် (Mitchell (1995)) က ရင့်မှည့်သောအချိန်အခါအတွက် နည်းလမ်းလေးမျိုးကို ဖော်ထုတ်ခဲ့သည်။ ဇာ့တ်မန်း အဆိုပြုခဲ့သည့် မူလ "ထိခိုက်သည့် လိပ်ခဲတည်းလည်း" အခြေအနေ၊ နောက်ထပ် ဇာ့တ်မန်းပင် အဆိုပြုခဲ့သော "ချက်ချင်း အပြန်အလှန် ဘေးဒုက္ခကျရောက်စေခြင်း" သဘောတရား၊ ထိခိုက်သည့် လိပ်ခဲတည်းလည်း အခြေအနေက အဖွဲ့များကို တိုက်ခိုက်ရန် ပို၍ပင်စိတ်ပြင်းပြလာစေသည့် ရပ်ပိုပေါ့တ် (Rapoport (1989)) တင်ပြခဲ့သော "ဒေါ်လာကို လေလံဆွဲခြင်း" ကဲ့သို့ ကျဉ်းထဲကြပ်ထဲရောက်သည့် ကစားနည်းများပါဝင်သော အပြိုင်အဆိုင်ပုံစံနှင့် "အခွင့်အလမ်းဖြင့် မက်လုံးပေးခြင်း" (သို့) ကောင်းမွန်သည့် အခြေအနေများနှင့် ဆက်စပ်ထားသည့် သဘောတရားတို့ ဖြစ်ကြသည်။ တစ်ချိန်တည်းမှာပင် ဆွပေးမည့် လုပ်ဆောင်ချက်များက နေရာတကျမရှိသေးသရွေ့ ကျွန်ုပ်တို့က ထိခိုက်စေသည့် လိပ်ခဲတည်းလည်း အခြေအနေသို့ ကျရောက်မည် မဟုတ်ပေ။ လိပ်ခဲတည်းလည်းအခြေအနေက ကာလရှည်ကြာစွာ ရှိနေပါက လုပ်ဆောင်ချက်များ၏ တန်ဖိုးကို မေးခွန်းထုတ်ပြီး တန်ဖိုးဖြတ်လာနိုင်သည်။ စတဒ်မန်း (Stedman (1991)) က ထိခိုက်စေသည့် လိပ်ခဲတည်းလည်းနည်းလမ်းက အဖွဲ့များအကြား အာဏာဆက်ဆံရေးများကို လွန်စွာ အာရုံစိုက်ထားပြီး အဖွဲ့များ၊ ကိစ္စရပ်များနှင့် ပဋိပက္ခ၏ နောက်ခံအခြေအနေများ ပြောင်းလဲခြင်းနှင့် အသွင်ကူးပြောင်းခြင်းတို့ကို ထည့်သွင်းစဉ်းစားထားခြင်းမရှိဟု ဝေဖန်ခဲ့သည်။ ယင်းအတွက် ကျွန်ုပ်တို့အနေဖြင့် ပဋိပက္ခအသွင်ပြောင်းလဲရေး ချဉ်းကပ်ပုံ၊ အထူးသဖြင့် အဖွဲ့များက ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများနှင့် စစ်ပွဲကို ဆက်လက်ထိန်းမထားနိုင်လျှင် အပြောင်းအလဲ (သို့) အသွင်ပြောင်းလဲရေးအတွက် လိုအပ်သည့် အရာများကို ပြန်လည်လေ့လာရန် လိုအပ်သည်။

အသွင်ပြောင်းလဲရေး ဖြစ်ပေါ်နိုင်သည့် နည်းလမ်းအမျိုးမျိုးကို ရှာဖွေဖော်ထုတ်ခဲ့သည့် ဗေရင်း (Vayrynen (1991)) နှင့် ဂယ်လ်တန် (Galtung (1996, 2004)) တို့က ဖော်ထုတ်မှုများကို အများဆုံးပြုလုပ်နိုင်ခဲ့သည်။ ရမ်စ်ဘော့သမ်၊ ဝုဒ်ဟောက်စ်နှင့် မီအယ်လ် (Ramsbotham, Woodhouse and Miall (2011: 175, 176)) တို့က အောက်ပါတို့ကို အကျဉ်းချုပ်ထားပြီး ဘာတန်၊ အေဇာနှင့် ကားလ် (Burton, Azar, and Curle) တို့၏ လုပ်ဆောင်ချက်များဖြင့် အသွင်ပြောင်းလဲရေးမူဘောင်ကို အောက်ပါအတိုင်း တင်ပြခဲ့သည်။

(၁) ***နောက်ခံအခြေအနေ အသွင်ပြောင်းခြင်း။*** ပဋိပက္ခများသည် သီးခြားစီတည်ရှိမနေဘဲ ၎င်းတို့ ဆက်လက်တည်ရှိမှုအပေါ် သက်ရောက်မှုရှိသည့် လူမှုရေး၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာ နောက်ခံအခြေအနေများဖြင့် ဝိုင်းပတ်ခံထားရသည်။ နောက်ခံအခြေအနေတွင် အပြောင်းအလဲများက ပဋိပက္ခများအပေါ် သက်ရောက်မှု ရှိနိုင်သည်။ ဥပမာ ၁၉၉၈ ခုနှစ်တွင် ဆူဟာတိုအစိုးရပြုတ်ကျမှုနှင့် ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုများက အရှေ့တီမောနှင့် အာချေးတို့မှ ပဋိပက္ခများကို အသွင်ပြောင်းစေခဲ့သည်။ ဤသည်က အရှေ့တီမောတွင် ဆန္ဒခံယူပွဲနှင့် နောက်ဆုံး လွတ်လပ်ရေးကို ယူဆောင်ပေးခဲ့သည်။ အသွင်ပြောင်းလဲရေးက အာချေးဒေသအတွက် လွန်စွာမထူးခြားခဲ့သော်လည်း ၂၀၀၅ ခုနှစ်တွင် ကျေအေးမှုရရှိခဲ့သည့် အာချေးဒေသငြိမ်းချမ်းရေးဖြစ်စဉ်ကို ထွက်ပေါ်စေခဲ့သည်။

(၂) ***ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အသွင်ပြောင်းခြင်း။*** ဆက်ဆံရေးများနှင့် အဆိုပါအုပ်စုများ တစ်စုနှင့်တစ်စု မည်သို့ရှုမြင်သည်၊ ဆက်ဆံကြသည်ကိုလည်း အသွင်ပြောင်းရန် လိုအပ်သည်။ မညီမျှသော

ဆက်ဆံရေးများကို ပို၍ညီမျှအောင် လုပ်ဆောင်ဖို့ လိုအပ်သည်။ ဆိုလိုသည်မှာ အဖွဲ့များကို လေးစားပြီး အတူတကွလုပ်ဆောင်သည့်ဖြစ်စဉ်တွင် တူညီသည့်မိတ်ဖက်များအဖြစ် လက်ခံထားရမည်။ ဤသည်မှာ လွှမ်းမိုးသည့်အဖွဲ့အတွက် တစ်ခါတရံခက်ခဲသည်။ အဘယ်ကြောင့်ဆိုသော် ဤသည်က ပို၍ အားနည်းသည့်အဖွဲ့၏ တောင်းဆိုချက်များကို အသိအမှတ်ပြုရမည် ဖြစ်သောကြောင့် ဖြစ်သည်။ ဤသည်က အဆိုပါအုပ်စု တည်ရှိကြောင်းကို တရားဝင်အောင်လုပ်လိုက်သလိုလည်း ဖြစ်နိုင်သည်။ ဥပမာ ထိုင်းအစိုးရက ၂၀၁၃ ခုနှစ်အထိ ထိုင်းနိုင်ငံတောင်ပိုင်း လွတ်မြောက်ရေးကြိုးပမ်းရာတွင် ပါဝင်သည့် အုပ်စုများနှင့် တိုက်ရိုက်ဆက်သွယ်ရန် ရှောင်ရှားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့နှင့် စကားပြောခြင်းက သူတို့၏ တောင်းဆိုချက်များက မှန်ကန်သည်၊ စိတ်ချယုံကြည်ရသည်ဟု ပြသရာ ရောက်မည်ဟု ယူဆသောကြောင့် ဖြစ်သည်။ တစ်ဖက်တွင်လည်း အုပ်စုများက လွတ်လပ်ရေး လှုပ်ရှားမှုအား အလေးအနက်သဘောမထားခြင်းကို လက်ရှိအချိန်ထိ ဆက်လက် ဖြစ်ပွားနေပြီး ၂၀၀၄ ခုနှစ်တွင် ပဋိပက္ခအရှိန်မြှင့်ရသည့် ရည်ရွယ်ချက်တစ်ခုအဖြစ် တင်ပြခဲ့သည်။ ဆက်ဆံရေး တည်ဆောက်ပုံများ အပြည့်အဝ အသွင်မပြောင်းသည့်တိုင် အုပ်စုများကို အသိအမှတ်ပြုခြင်းနှင့် ၎င်းတို့ကို တွေ့ဆုံဆွေးနွေးရေးတွင် 'ဆွေးနွေးဖက်' အဖြစ် လက်ခံခြင်းက အဖွဲ့များ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ရှုမြင်ပုံကို အတိုင်းအတာတစ်ခုအထိ ပြောင်းလဲပစ်သည်။

(၃) ***ဇာတ်ကောင် အသွင်ပြောင်းလဲခြင်း။*** အဖွဲ့များက လမ်းကြောင်းများကို ပြန်လည်သတ်မှတ်ခြင်း၊ တန်ဖိုးထားသည့် ရည်မှန်းချက်များကို စွန့်ပစ်ခြင်း (သို့) ပြောင်းလဲပစ်ခြင်းနှင့် မတူညီသောအမြင်များကို လက်သင့်ခံရခြင်းမျိုး လုပ်ဆောင်ရနိုင်သည်။ ဤသည်ကို ဇာတ်ကောင်ပြောင်းလဲခြင်း၊ ခေါင်းဆောင်မှု ပြောင်းလဲခြင်း၊ ခေါင်းဆောင်အုပ်စုများတွင် ပါဝင်သူများပြောင်းလဲခြင်း (သို့) ရည်မှန်းချက်၊ တန်ဖိုး (သို့) ယုံကြည်မှုအသစ်များ ချမှတ်ခြင်းတို့မှ လုပ်ဆောင်နိုင်သည်။ အဖွဲ့တွင်း ပဋိပက္ခအသွင်ပြောင်းခြင်းနှင့် ခေါင်းဆောင်မှုအပြောင်းအလဲများက ကာလရှည်ကြာပဋိပက္ခများတွင် ပဋိပက္ခများ ဖြစ်စေနိုင်သည်။ အဖွဲ့များက ခေါင်းဆောင်မှုပြောင်းလဲပြီး ရည်မှန်းချက်နှင့် တန်ဖိုးအသစ်များ ထွက်ပေါ်လာပြီးနောက် ၎င်းတို့၏ အမြင်များကို ပြောင်းလဲပစ်နိုင်သည်။ ဥပမာ ၁၉၉၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ခေါင်းဆောင်မှု အပြောင်းအလဲက နိုင်ငံအုပ်ချုပ်မှု တည်ဆောက်ပုံနှင့် အရှေ့တီမောနှင့် အာချေး ကဲ့သို့သော ဒေသများတွင် ပဋိပက္ခကိုင်တွယ်သည့် ပုံစံများကို ပြောင်းလဲပစ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ဂလော်ရီယာ မက်ကာပါဂယ်လ် အာယိုယို (Gloria Macapagal Arroyo) က အစ်ထရာဒါ (Estrada) ၏ သမ္မတနေရာကို အစားထိုးလိုက်သည့်အခါတွင်လည်း အလားတူပင် ဖြစ်ပွားခဲ့သည်။ သူမ၏ ပထမဆုံး လုပ်ဆောင်ချက်များအနက်မှ တစ်ခုမှာ GPH-MILF ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ပြန်လည်အသက်သွင်းရန်နှင့် ၂၀၀၁ ခုနှစ်တွင် မလေးရှားနိုင်ငံကို ပံ့ပိုးကူညီသူအဖြစ် ဖိတ်ခေါ်ရန် ဖြစ်သည်။

(၄) ***ကိစ္စရပ်အသွင်ပြောင်းလဲခြင်း။*** အဖွဲ့များ၏ သဘောထားများသည် ကိစ္စရပ်များကို ၎င်းတို့ မည်သို့ ရှုမြင်သည်ကို အခြေခံသည်။ အချို့သောပဋိပက္ခများတွင် ၎င်းတို့အား မည်သို့အဓိပ္ပာယ်ဖွင့်ဆိုသည် အပေါ် မူတည်၍ ဆွေးနွေးညှိနှိုင်း၍မရသော တန်ဖိုးများ ပါဝင်သည်။ ဤသည်က ပဋိပက္ခကိုဖြေရှင်းရန်

ပိုမိုခက်ခဲစေသည်။ အထူးသဖြင့် ဘာသာရေးနှင့် လူမျိုးရေး ပါဝင်သည့် ကိုယ်ပိုင်သရုပ်လက္ခဏာဆိုင်ရာ ကိစ္စရပ်များမှာ ထိုကဲ့သို့သောဥပမာများ ဖြစ်သည်။ လူတို့သည် ၎င်းတို့ဆွေးနွေးအလျှော့ပေး၍မရဟု ယုံကြည်သောကိစ္စရပ်အတွက် အသက်ပေးနိုင်သည်၊ စွန့်လွှတ်အနစ်နာခံနိုင်သည်။ ကိစ္စရပ်များ ပြောင်းလဲခြင်း (သို့) ကိစ္စရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုပုံ ပြောင်းလဲခြင်း (သို့) ကိစ္စရပ်များက အရေးပါမှု မရှိတော့ခြင်း (သို့) ကိစ္စရပ်အသစ်ထွက်ပေါ်လာခြင်းတို့က ပဋိပက္ခကိုအသွင်ပြောင်းစေလိမ့်မည်။ အဆိုပါ အပြောင်းအလဲများနှင့် အသွင်ပြောင်းခြင်းများသည် ရည်မှန်းချက်များ၊ ဇာတ်ကောင်များနှင့် နောက်ခံအခြေအနေ အသွင်ပြောင်းခြင်းများနှင့် နီးစပ်စွာ ဆက်စပ်နေသည်။ လွတ်လပ်ရေးအတွက် တောင်းဆိုခြင်းက အမြဲတစေပင် ခက်ခဲသည့်ကိစ္စရပ်တစ်ခုဖြစ်ပြီး အာချေး၊ မင်ဒါနောင်နှင့် ထိုင်းနိုင်ငံ တောင်ပိုင်းကဲ့သို့သော နေရာများတွင် ငြိမ်းချမ်းရေးဖြစ်စဉ်စတင်ရန် ကြိုးပမ်းမှုများကို ပိတ်ဆို့ထားခဲ့ သည်။ မည်သည့်နိုင်ငံကမျှ ၎င်းတို့နိုင်ငံကို ဖဲ့ပေးလိုကြမည် မဟုတ်ပေ။ သို့သော် အဖွဲ့များက ထိုကဲ့သို့သော တောင်းဆိုချက်မျိုးကို စားပွဲဝိုင်းတွင် ဆွေးနွေးမည်မဟုတ်ဟု သဘောတူလိုက်သည်နှင့် ၎င်းတို့က စီးပွားရေး၊ အုပ်ချုပ်မှု၊ အာဏာခွဲဝေရေးနှင့် လွတ်လပ်ခွင့် ပုံစံများကဲ့သို့သော ဆွေးနွေးနိုင်သည့် ကိစ္စရပ်များကို အာရုံစိုက်နိုင်ကြသည်။ ထိုအခြေအနေမျိုးတွင် ၎င်းတို့က ဖြစ်စဉ်တွင် ပါဝင်လိုစိတ် ပိုရှိလာမည်ဖြစ်သည်။ ထို့ကြောင့် ကိစ္စရပ်များကို ရှုထောင့်ပြောင်းခြင်းနှင့် ၎င်းတို့ကို နည်းလမ်းအသစ် များနှင့် ဆက်စပ်ခြင်းက ဖြစ်စဉ်တစ်ခုကို အသွင်ပြောင်းနိုင်သည်။

(၅) ***ပုဂ္ဂလိကနှင့် အုပ်စုအသွင်ပြောင်းခြင်း။*** အသွင်ပြောင်းခြင်းသည် အတွင်းမှလည်း ဖြစ်ပေါ်နိုင်သည်။ အထူးသဖြင့် ခေါင်းဆောင်သူအုပ်စုအတွင်း၌ ဖြစ်သည်။ ခေါင်းဆောင်က လုပ်ဆောင်ချက်များနှင့် အုပ်စု၏ ရည်မှန်းချက်များကို အောင်မြင်ရန် နည်းလမ်းများအပေါ် သဘောထားပြောင်းလဲခြင်းက သူ၏ နောက်လိုက်များအပေါ် ရိုက်ခတ်မှုများ ရှိလိမ့်မည်။ ရန်သူများက ငြိမ်းချမ်းရေးကမ်းလှမ်းလာသည့်အခါ အပြုသဘောဖြင့်လက်ခံခြင်းသည် အစ္စလာမ်တွင် ချီးမြှောက်ရမည့်အရာဖြစ်သည်ဟု MILF ၏ ယခင်ခေါင်းဆောင် အူစတက်ဇ် ဆာလာမတ် ဟာရှင်း (Ustaz Salamat Hashim) က ဆုံးဖြတ်ခဲ့သည့် အခါ ထိုအခြေအနေမျိုး ဖြစ်ပွားခဲ့သည်။[5] ထို့နောက် သူက MILF မှ ခေါင်းဆောင်များကို ၁၉၉၇ ခုနှစ်တွင် သမ္မတ ရားမို့စ်၏ အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ချက်ကို လက်ခံရန် ဖျောင်းဖျနိုင်ခဲ့သည်။ ယင်းက နောက်ဆုံးတွင် GPH-MILF ငြိမ်းချမ်းရေးဖြစ်စဉ် ထွက်ပေါ်လာစေခဲ့သည်။ အာချေးဒေသတွင် ပံ့ပိုးကူညီသူတစ်ဦးက တက်ဟာဆန်ဒီတီရို (Tgk Hasan Di Tiro) နှင့် GAM တို့ကို ဆွေးနွေးညှိနှိုင်းခြင်းက အာချေးဒေသငြိမ်းချမ်းရေးအတွက် အကောင်းဆုံးအခွင့်အရေးဖြစ်သည်ဟု စည်းရုံးသိမ်းသွင်းနိုင်ခဲ့ပြီးနောက် ၎င်းတို့က အင်ဒိုနီးရှားအစိုးရကိုယ်စားလှယ်များနှင့် စကားပြောရန် ဆုံးဖြတ်လိုက်ခြင်းကလည်း အလားတူဖြစ်ရပ်ပင် ဖြစ်သည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလတွင် အာချေးနှင့် အိန္ဒိယပင်လယ်ပြင်မှ အခြားဒေသများကို ဆူနာမီရိုက်ခတ်ခံခဲ့ရသောအခါ GAM ခေါင်းဆောင်များက တွေ့ဆုံဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေးရယူရန် ဆုံးဖြတ်ခဲ့ကြသည်။ ၎င်းတို့က အာချေးလူမျိုးများ

[5] ဘန်ဆာမိုရို ဖွံ့ဖြိုးရေး အေဂျင်စီ ယခင်အမှုဆောင်ဒါရိုက်တာ Ustaz Muhammad Syuaib နှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ ကိုတာဘာတိုမြို့တွင် တွေ့ဆုံမေးမြန်းခြင်း။

ထိခိုက်ခံစားရသည်များမှာ လုံလောက်ပြီဖြစ်ပြီး ပြည်သူများ၏အကျိုးအတွက် ၎င်းတို့၏ ရည်မှန်းချက်များနှင့် တန်ဖိုးများကို စွန့်လွှတ်ရန် ဆန္ဒရှိသည်ဟု ကြေညာခဲ့သည်။ ထိုကဲ့သို့ အတွင်းမှ အသွင်ပြောင်းလဲခြင်းက အာချေးဒေသ ပဋိပက္ခအသွင်ပြောင်းလဲရေးတွင် အထောက်အကူဖြစ်ခဲ့သည်။

သို့ရာတွင် အထက်တွင်ဖော်ပြခဲ့သည့် အသွင်ပြောင်းလဲရေး၏ အပြုသဘောဆောင်သည့် သက်ရောက်မှုများ ရှိလင့်ကစား ယင်းတို့က ပဋိပက္ခများကို နက်ရှိုင်းကျယ်ပြန့်လာစေသည် (သို့) အစွန်းရောက်သည့် ခေါင်းဆောင်များကို ပို၍ရရန်လိုသော အစီအစဉ်များနှင့် ချဉ်းကပ်ပုံများ အသုံးပြုစေသည်။ ယင်းကဲ့သို့ ဖြစ်ပွားသောအခါ နောက်ထပ် အသွင်ပြောင်းလဲရေးလုပ်ဆောင်ချက်များကို လုပ်ဆောင်ရန် လိုအပ်သည်။ အထက်တွင် ဖော်ပြထားသည့် အသွင်ပြောင်းလဲရေးဖြစ်စဉ်များ၏ ထင်ရှားသည့်အချက်မှာ ၎င်းတို့သည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ပြင်ဆင်ရန် မည်သည်တို့ကို လုပ်ဆောင်ဖို့လိုအပ်သည်၊ ယခင်ဆွေးနွေးမှုအရ ဆိုရလျှင် ပဋိပက္ခကိုရင့်မှည့်စေဖို့ လုပ်ဆောင်သင့်သည်များကို လေ့လာဆန်းစစ်ရန် မူဘောင်တစ်ခုအဖြစ် အသုံးဝင်သည်။

မူဘောင်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခု ပြင်ဆင်ရာတွင် လိုလားသည့်ရလဒ်များနှင့် ၎င်းတို့ကို မည်ကဲ့သို့အောင်မြင်အောင် လုပ်ဆောင်ရမည်နှင့်ပတ်သက်သည့် ယေဘုယျနှင့် သီးသန့်ဖြစ်သော မေးခွန်းများကိုလည်း မေးရန်လိုအပ်သည်။ ထိုမေးခွန်းများက ပဋိပက္ခ၏ရှုထောင့်များအားလုံးကို ထည့်သွင်းစဉ်းစားရန် လမ်းညွှန်တစ်ခုဖြစ်နိုင်သည်။ ပဋိပက္ခဇာတ်ကောင်များနှင့် လုပ်ဆောင်သည့်အခါ ယင်းလေ့ကျင့်ခန်းက ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အောင်မြင်သည့် ရလဒ်တစ်ခုထွက်ပေါ်လာစေဖို့ ကိုင်တွယ်ရမည့် ကိစ္စရပ်များအပေါ် တွေးခေါ်ကြည့်ရန်အားပေးပြီး မျက်စိဖွင့်ပေးနိုင်လိမ့်မည်ဖြစ်သည်။ ဥပမာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ပဋိပက္ခဟု စဉ်းစားကြည့်နိုင်သည့် မင်ဒါနောင်ပဋိပက္ခအတွက် လုပ်ဆောင်သည့်အခါ ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်း (Consolidation for Peace (COP)) အစီအစဉ်မှ စီစဉ်သူများက တက်ရောက်သူများကို အောက်ပါမေးခွန်းများ ချပြခဲ့သည်။

(၁) လွတ်လပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ရေးဆိုင်ရာ တောင်းဆိုချက်များနှင့် ယင်းတောင်းဆိုချက်များအား ဆန့်ကျင်ခြင်းတို့ကို မည်ကဲ့သို့ဖြေရှင်းမည်နည်း။

(၂) နက်ရှိုင်းစွာ အကွဲအပြဲဖြစ်နေသည့် လူ့အဖွဲ့အစည်းများတွင် လူနည်းစုအုပ်စုများ၏ လိုအပ်ချက်များ၊ လူများစုအုပ်စု၏ မလုံခြုံမှုများကို မည်ကဲ့သို့ကိုင်တွယ်မည်နည်း။

(၃) စစ်ရေးလုပ်ဆောင်ချက်များထက် နိုင်ငံရေးလုပ်ဆောင်ချက်များက ပို၍အကျိုးရှိမည့်အခြေအနေ များကို မည်ကဲ့သို့ ရှာဖွေဖော်ထုတ် (သို့) ဖန်တီးမည်နည်း။

(၄) ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို လမ်းလွဲအောင် တမင်သက်သက်ပစ်မှတ်ထားသည့် ဖျက်ဆီးသူများ၊ မတည်ငြိမ်အောင် လုပ်ဆောင်ချက်များနှင့် အကြမ်းဖက်မှုများကို မည်ကဲ့သို့ ကိုင်တွယ်မည်နည်း။

(၅) ယခင်တပ်သားများနှင့် ၎င်းတို့၏လက်နက်များကို မည်ကဲ့သို့ကိုင်တွယ်မည်နည်း။

(၆) မနှစ်မြို့ဖွယ်ရာအတိတ်ရှိခဲ့သည့် လူ့အဖွဲ့အစည်းတစ်ခုကို မည်ကဲ့သို့ ပြန်လည်ရင်ကြားစေ့မည်နည်း။

(၇) အလုပ်အကိုင်များ၊ အိမ်ရာနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေး၊ စသည်တို့နှင့် စပ်လျဉ်းပြီး ငြိမ်းချမ်းရေး ရလဒ်များရရှိအောင် မည်ကဲ့သို့လုပ်ဆောင်မည်နည်း။

အရှုပ်အထွေးများအကြောင်း စဉ်းစားမိလာအောင်နှင့် ယင်းအရှုပ်အထွေးများကို တစ်ခုချင်းစီ အပြန်အလှန်ဆက်စပ်နေသည့် အစိတ်အပိုင်းများအဖြစ် ခွဲထုတ်နိုင်အောင် ပဋိပက္ခနှင့် ပတ်သက်ဆက်နွှယ်သူများဖြစ်သည့် COP အစီအစဉ်တက်ရောက်သူများကို ထိုမေးခွန်းများအား ချပြခဲ့သည်။ ထိုမေးခွန်းများကို ဖြေဆိုခြင်းက ထိရောက်သော ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ပြင်ဆင်ရာတွင်လိုအပ်သည့် ပထမအဆင့်ဖြစ်ပြီး ကျရှုံးမှုများကို တားဆီးရန် အထောက်အကူပြုသည်။ အထက်တွင်ဖော်ပြထားသည့် မေးခွန်းများအတွက် ဖြစ်နိုင်သည့် အဖြေအချို့ကို နောင်လာမည့်အပိုင်းတွင်တင်ပြထားသည့် ဖြစ်ရပ်လေ့လာမှုတွင် တွေ့နိုင်ပါသည်။ နောင်လာမည့် အပိုင်းက ငြိမ်းချမ်းရေးဖြစ်စဉ်၏သမိုင်းကို လေ့လာသွားမည်ဖြစ်ပြီး ငြိမ်းချမ်းရေးကြားဝင်ညှိနှိုင်းရေး ဖြစ်စဉ်များ၏ အဆင့်များနှင့် မူဘောင်များကို ဆန်းစစ်သွားပါမည်။

## ၅.၄ ငြိမ်းချမ်းရေးဖြစ်စဉ်

ငြိမ်းချမ်းရေးအောင်မြင်ရေးက ပုံမှန်အားဖြင့် နောက်ဆုံးထွက်ပေါ်ချက် (သို့) လိုလားသည့်ရလဒ်ကို မြင်ယောင်ကြည့်ခြင်းဖြင့် စတင်သည်။ လိုလားသည့်ရလဒ်မှာ ငြိမ်းချမ်းရေးဖြစ်သော်လည်း ဖြစ်ရပ်အများအပြားတွင် အကြမ်းဖက်မှုလျှော့ချရေးနှင့် ပဋိပက္ခ၏အရှိန်ကိုလျှော့ချရေးတို့က ပို၍လက်တွေ့ဆန်သော ရည်မှန်းချက်ဖြစ်ပေလိမ့်မည်။ မက်ဂင်တီနှင့် အိုဇာဒမ် (MacGinty and Ozerdam (2019)) တို့က ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုသည် အကြမ်းဖက်ပဋိပက္ခအတွက် ညှိနှိုင်းဆွေးနွေးထားသည့် ရလဒ်တစ်ခုရအောင် ကြိုးပမ်းခြင်းဖြစ်ပြီး ပဋိပက္ခ၏ထိခိုက်မှုများကိုလျှော့ချရန် ပဋိပက္ခကိုပြန်လည်ချိန်ညှိခြင်း ဖြစ်သည်။ ထို့ပြင် သူတို့က ငြိမ်းချမ်းရေးဖြစ်စဉ်များအားလုံးသည် စမ်းသပ်ချက်ဖြစ်ပြီး ပါဝင်သည့်အဖွဲ့များအားလုံးတွင် မတူညီသည့် ခိုင်မာသောယုံကြည်ချက်များ ရှိကြသည်ဟုဆိုသည်။ ထို့ပြင် သူတို့က ငြိမ်းချမ်းရေး ဖြစ်စဉ်အများစုသည် ကိန်းရှင်များကိုပြန်လည်စုစည်းသော်လည်း ပဋိပက္ခကိုအမြစ်မဖျက်နိုင်ဘဲ ပဋိပက္ခ အသွင်ပြောင်းလဲရေးထက် ပဋိပက္ခစီမံခန့်ခွဲရေးဖြစ်သည်ဟူသော အချက်တွင် ရမ်စ်ဘော့သမ်၊ ဝုဒ်ဟောက်စ်နှင့် မီအယ်လ် (Ramsbotham, Woodhouse and Miall (2016)) တို့နှင့် တစ်သဘောတည်း ရှိခဲ့ကြသည်။ ထို့ကြောင့် အဖွဲ့များသည် မကြာခဏဆိုသလို ၎င်းတို့၏ မူလယုံကြည်ချက်များနှင့် လိုလားချက်များကို ဆွဲကိုင်ထားပြီး ယင်းတို့ကို ကွဲပြားစွာ၊ အကြမ်းမဖက်သည့်ပုံစံများဖြင့် ဖော်ပြခြင်းဖြစ်သည်။ အဆိုးမြင်သည့်ပုံစံဖြစ်လင့်ကစား ပို၍အရေးပါသည်မှာ ဤသည်က ကိစ္စရပ်များကိုကိုင်တွယ်ရန် အရွေ့တစ်ခုဖြစ်သည်။ ပဋိပက္ခကိစ္စရပ်များ အသွင်ပြောင်းလဲရေးနှင့် အမြစ်ဖြတ်နိုင်ရေးနှင့် ရေရှည်တည်တံ့သော တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသည့် ငြိမ်းချမ်းရေး အောင်မြင်စေရန် အသွင်ပြောင်းလဲရေးလုပ်ငန်းများကို ဖြစ်စဉ်တွင်းနှင့် ဖြစ်စဉ်ပြီးချိန်အထိ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။

ထို့ကြောင့် အသွင်ပြောင်းလဲရေးဖြစ်စဉ်တစ်ခုသည် မူလဖော်ပြသည့်ရည်မှန်းချက်များထက် ကျော်လွန်ပြီး ကာလရှည်ကြာပဋိပက္ခတစ်ခု၏ အဓိက ထိပ်တိုက်ရင်ဆိုင်နေသူများပါဝင်သည့် လုပ်ဆောင်ချက်တစ်ရပ်

ဖြစ်သည်။ ယင်းတွင် လိုလားသည့်ရလဒ်၊ အဆုံးသတ်တစ်ခုကိုမျှော်မှန်းရန်နှင့် ရရှိရန်လုပ်ဆောင်နေသည့် ဆက်စပ်နေသော ကိန်းရှင်များပါဝင်သည်။ ဖြစ်စဉ်ကိုစတင်ရန် ငြိမ်းချမ်းရေးလုပ်ဆောင်ချက်များသည် တရားဝင် (သို့) အလွတ်သဘောဖြစ်နိုင်သည်၊ အများပြည်သူသိရှိခြင်း (သို့) သီးသန့်လျှို့ဝှက်လုပ်ဆောင်ခြင်းလည်း ဖြစ်နိုင်သည်။ ယင်းတို့ကို လူထုကထောက်ခံခြင်းလည်း ဖြစ်နိုင်သလို အီလစ်များအကြား ကန့်သတ်ထားသည့် သဘောတူညီချက်လည်း ဖြစ်နိုင်သည်။ ၎င်းတို့ကို ပြင်ပအရင်းအမြစ်များက ထောက်ပံ့နိုင်သလို အတွင်းအရင်းအမြစ်များမှ ထွက်ပေါ်လာခြင်းလည်း ဖြစ်နိုင်သည်။ အဖွဲ့များသည် အခြားအဖွဲ့၏ ရည်ရွယ်ချက်များနှင့် ပတ်သက်ပြီး သံသယဝင်နိုင်ကာ ၎င်းတို့၏အလေးအနက်ထားမှုအပေါ် အာမခံချက်များ လိုချင်ကြလိမ့်မည်။ ယုံကြည်မှုတည်ဆောက်ရေး လုပ်ဆောင်ချက်များ (Confidence building measures (CBMs)) ကို အရေးမပါ (သို့) ဟန်ပြသာဖြစ်သည်ဟု ရှုမြင်လေ့ကစား ယင်းလုပ်ဆောင်ချက်များလည်း လိုအပ်လိမ့်မည်။ ဖြစ်စဉ်အများအပြားက လျှို့ဝှက်သောတွေ့ဆုံမှုများဖြင့်စတင်ပြီး အဖွဲ့များက ပါဝင်ရန် ငြင်းဆိုခြင်းများလည်း ရှိလိမ့်မည်။ ပဋိပက္ခကြောင့်ဖြစ်ပွားရသည့် အကြမ်းဖက်မှုများအတွက် အကောင်းဆုံး အခြားရွေးချယ်စရာမှာ ဆွေးနွေးညှိနှိုင်းခြင်းမှ ထွက်ပေါ်လာသည့် ရလဒ်များဖြစ်သည်ဟု ပြည်သူများနှင့် ထောက်ခံသူများကို ဖျောင်းဖျရန် လိုအပ်ပေလိမ့်မည်။

ဤသည်မှာ ဖြစ်စဉ်တွင်ပါဝင်အကျိုးပြုနိုင်သည့် ကိန်းရှင်အချို့ဖြစ်သည်။ နောက်ဆုံးတွင် အဖွဲ့များကို ၎င်းတို့ ပဋိပက္ခတွင် ပါဝင်ခြင်းဆုံးဖြတ်ချက်နှင့် ပတ်သက်၍ သဘောတူညီချက်တချို့ရရှိရန် လိုအပ်သည်။ထို့နောက် သဘောတူညီချက်ကို အကောင်အထည်ဖော်ခြင်းမှာ အဖွဲ့များ၏ နိုင်ငံရေးစိတ်ဆန္ဒနှင့် နိုင်ငံတကာနှင့် စီးပွားရေး အခြေအနေများအပါအဝင် အခြားအချက်အလက်များအပေါ် မူတည်ပေသည်။ နောက်ဆုံးအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်များအားလုံးသည် ပြိုကွဲလွယ်ပြီး အမျိုးမျိုးသော အဆင့်များ၌ ကျရှုံးသွားနိုင်သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်များသည် ကိစ္စရပ်များ၊ နောက်ခံအခြေအနေများ၊ ပဋိပက္ခအမျိုးအစားများ၊ အဖွဲ့များ၏ အင်အားနှင့် ပဋိပက္ခကိုဝန်းရံနေသော ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အချက်အလက်များအပေါ် မူတည်ပြီး ကွာခြားမှုရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့အနေဖြင့် ယေဘုယျပြုခြင်းများကို သတိထားရန် လိုအပ် သည်။ အဘယ်ကြောင့်ဆိုသော် ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုတွင် အလုပ်ဖြစ်သည့်အရာက နောက်တစ်ခု တွင် အလုပ်ဖြစ်ချင်မှဖြစ်မည်ဖြစ်သောကြောင့်ပင်။ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုအတွက် ပုံသေနည်းမရှိပေ။ သို့ရာတွင် ဤအချက်က ကျွန်ုပ်တို့ကို သင်ခန်းစာများအတွက် ငြိမ်းချမ်းရေးဖြစ်စဉ်များအား လေ့လာခြင်း၊ နှိုင်းယှဉ်ခြင်းမှ မရပ်တန့်နိုင်ပေ။ ဒေသတွင်းမှ မတူညီသော ပဋိပက္ခအခြေအနေအမျိုးမျိုးမှ ပတ်သက်ဆက်နွယ်သူများအကြား ဆွေးနွေးမှုများကို ပံ့ပိုးကူညီရန် SEACSN, REPUSM, JICA, GPPAC နှင့် အခြားအဖွဲ့များအပါအဝင် အုပ်စု အများအပြားက လုပ်ဆောင်ချက်အမျိုးမျိုးကို ဦးစီးလုပ်ဆောင်ကြသည်။[6] ဥပမာ မင်ဒါနောင်နှင့် ထိုင်းနိုင်ငံ တောင်ပိုင်းမှ ပတ်သက်ဆက်နွယ်သူများက အာချေးဒေသကို သွားရောက်လည်ပတ်လေ့လာသည့်အခါ အာချေးငြိမ်းချမ်းရေးဖြစ်စဉ်မှ သင်ခန်းစာများကို ဆွေးနွေးငြင်းခုံမှုများ ပြုလုပ်ခဲ့ပြီး ဤသည်က ၎င်းတို့ကို

[6] ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်း အစီအစဉ်၊ မင်ဒါနောင်/ဘန်ဆာမိုရို ပဋိပက္ခအတွက် the SEACSN, GPPAC, နှင့် JICA တို့၏ ပါဝင်လုပ်ဆောင်ပေးမှုများနှင့် သက်ဆိုင်သည့် စာသေတ္တာများနှင့် ဖြစ်ရပ်လေ့လာမှုများကို ရှုပါ။

၎င်းတို့၏ ပဋိပက္ခအခြေအနေများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များအား တွေးခေါ်ပုံများအပေါ် သက်ရောက်မှုရှိခဲ့သည်။

## ၅.၄.၁ ကြားဝင်ညှိနှိုင်းရေး ဖြစ်စဉ်

ငြိမ်းချမ်းဖြစ်စဉ်အများအပြားက အောင်မြင်ရန် တတိယအုပ်စုများပါဝင်မှု လိုအပ်သည်။ ဤသည်ကို တစ်ခါတရံ *ငြိမ်းချမ်းရေး ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်* ဟု ခေါ်သည်။ ဤသည်မှာ ပဋိပက္ခများကို လက်ခံနိုင်သော တတိယအုပ်စု၏ အကူအညီဖြင့် ထောက်ပံ့ရန် အဖွဲ့များအကြား ဆွေးနွေးညှိနှိုင်းမှုများကို ကူညီသည့် နည်းလမ်းတစ်ခုဖြစ်သည်။ တတိယအုပ်စုမှာ သတ်မှတ်ထားသည့်အခန်းကဏ္ဍများနှင့် ပေးအပ်ထားသည့် တာဝန်များအပေါ် မူတည်၍ *ကြားဝင်ညှိနှိုင်းပေးသူ* (သို့) *ပံ့ပိုးကူညီသူ* ဖြစ်နိုင်သည်။ ပံ့ပိုးကူညီသူတစ်ဦး၏ ဖြစ်စဉ်က ကြားဝင်ညှိနှိုင်းပေးသူနှင့် ဆင်တူသည်၊ သို့သော် ဆွေးနွေးပွဲတွင် ပါဝင်ရမည့် အကြောင်းအရာများ၊ ရလဒ်များနှင့် စပ်လျဉ်း၍ ပါဝင်အကြံပေးမှု နည်းပါးသည်။ ပံ့ပိုးကူညီသူက အဓိကအားဖြင့် သမာရိုးကျ ကောင်းမွန်သည့် ရုံးခန်းဝန်ဆောင်မှုများပေးခြင်း (သို့) အဖွဲ့များတွေ့ဆုံရန် အခြေအနေများဖန်တီးပေးခြင်းဖြင့် အဖွဲ့များကို တစ်ဖွဲ့နှင့်တစ်ဖွဲ့ စကားပြောဖြစ်အောင် အားပေးသည်။ ပံ့ပိုးကူညီခြင်းကို ပံ့ပိုးကူညီသော ကြားဝင်ညှိနှိုင်းရေးဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုသည်။ ပံ့ပိုးကူညီသူတစ်ဦးက ငြိမ်းချမ်းရေးဖြစ်စဉ်များကို ထောက်ပံ့ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းပြီး

> *ပဋိပက္ခတစ်ခုအပေါ် အမျိုးမျိုးသော ရှုမြင်ပုံများနှင့် ပဋိပက္ခများနှင့် ပတ်သက်ပြီး ဖန်တီးနိုင်သော၊ တုံ့ပြန်မှုကောင်းသော ဖြစ်စဉ်များနှင့် ဖြေရှင်းချက်များကို တိုးပွားလာစေနိုင်မည့် အခွင့်အလမ်းများကို စောင့်ကြည့်တည်ဆောက်သည်။*

"ထိရောက်သော ကြားဝင်ညှိနှိုင်းမှုအတွက် ကုလသမဂ္ဂလမ်းညွှန်ချက်"[7] က ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်များကို အောက်ပါအတိုင်း ဖော်ပြထားသည် (စာလုံးမည်းဖြင့် ဖော်ပြချက်များကို စာရေးသူက ထည့်သွင်းထားခြင်းဖြစ်သည်)။

> *ကြားဝင်ညှိနှိုင်းရေး ဆိုသည်မှာ တတိယအုပ်စုတစ်ခုက အဖွဲ့ နှစ်ဖွဲ့ (သို့) နှစ်ဖွဲ့ထက်ပိုသော အဖွဲ့များကို* ***ပဋိပက္ခတစ်ခုအား ကာကွယ်တားဆီးရန်၊ စီမံခန့်ခွဲရန် (သို့) ဖြေရှင်းရန် ၎င်းတို့၏ သဘောတူညီမှုဖြင့် နှစ်ဦးနှစ်ဖက်လက်ခံနိုင်သော သဘောတူညီချက်များ ဖော်ထုတ်နိုင်ဖို့*** *ကူညီပေးသည့်* ***ဖြစ်စဉ်****တစ်ခုဖြစ်သည်။ ကြားဝင်ညှိနှိုင်းရေး၏အခြေခံမှာ မှန်ကန်သော ပတ်ဝန်းကျင်တစ်ခုတွင် ပဋိပက္ခဖြစ်နေသည့်အဖွဲ့များက ၎င်းတို့၏ ဆက်ဆံရေးများကို တိုးတက်စေနိုင်ပြီး ပူးပေါင်းမှုအတွက် ရှေ့ဆက်နိုင်သည်။ ကြားဝင်ညှိနှိုင်းရေးရလဒ်များမှာ အကန့်အသတ်ရှိနိုင်သည်။ ပဋိပက္ခတစ်ခုကို တားဆီးရန် (သို့) ညှိနှိုင်းရန် ကိစ္စရပ်တစ်ခုကိုသာ*

---

[7] 'UN guidance for effective mediation' UN, 2012, available at https://peacemaker.un.org/sites/peacemaker.un.org/files/GuidanceEffectiveMediation_UNDPA2012%28english%29_0.pdf, accessed on 25 September 2021.

*ကိုင်တွယ်ခြင်း ဖြစ်နိုင်သည် (သို့) ပြည့်စုံသော ငြိမ်းချမ်းရေးသဘောတူညီမှုတစ်ရပ်အတွက် ကျယ်ပြန့်သော ကိစ္စရပ်အများအပြားကို ကိုင်တွယ်ခြင်းလည်း ဖြစ်နိုင်သည်။*

*ကြားဝင်ညှိနှိုင်းရေးသည် မိမိစိတ်ဆန္ဒအလျောက် လုပ်ဆောင်သည့် ကိစ္စရပ်ဖြစ်သည်။ ထို့ကြောင့် အသက်ဝင်သောဖြစ်စဉ်ဖြစ်ရန်နှင့် ရေရှည်တည်တံ့သောရလဒ်ရရှိရန်* ***အဖွဲ့များ၏ သဘောတူညီချက်****လိုအပ်သည်။ ကြားဝင်စေ့စပ်ပေးသူ၏ အခန်းကဏ္ဍကို အဖွဲ့များအကြား ဆက်ဆံရေးသဘောသဘာဝက လွှမ်းမိုးထားသည်။ ကြားဝင်စေ့စပ်ပေးသူများက မကြာခဏ ဆိုသလို လုပ်ထုံးလုပ်နည်းဆိုင်ရာအကြံပြုချက်များ ပြုလုပ်ခြင်းနှင့် ဖြစ်စဉ်ကို စီမံခန့်ခွဲခြင်းတွင် သိသာထင်ရှားသည့် အခန်းကဏ္ဍမှပါဝင်ခြင်းတို့ လုပ်ဆောင်နိုင်သည်။ အကြောင်းအရာနှင့် ပတ်သက်သည့် အကြံပြုချက်များ ပြုလုပ်နိုင်မှုအတိုင်းအတာကမူ ကွာခြားနိုင်ပြီး အချိန်နှင့်အမျှ ပြောင်းလဲနိုင်သည်။*

*ကြံ့သလိုလုပ်ဆောင်သည့် သံတမန်ရေး ထိတွေ့ဆက်ဆံမှုများ ဖြစ်ရမည့်အစား ကြားဝင်ညှိနှိုင်းပေးရေးက ပြင်ဆင်နိုင်သော်လည်း* ***စနစ်တကျတည်ဆောက်ထားသည့် လုပ်ဆောင်ချက်****ဖြစ်သည်။ ဖြစ်စဉ်တစ်ခုပြင်ဆင်ရန် ကြားဝင်ညှိနှိုင်းပေးသူက ပဋိပက္ခ အဖွဲ့များနှင့် အခြားသော ပတ်သက်ဆက်နွှယ်သူများနှင့် ဆက်သွယ်ဆက်ဆံလိုက်သည်နှင့် ဖြစ်စဉ်စတင်ပြီး အလွတ်သဘော 'ဆွေးနွေးပွဲအတွက် ဆွေးနွေးခြင်းများ' ပါဝင်နိုင်သလို သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီးချိန်နောက်ပိုင်းအထိလည်း ကျော်လွန်သွားနိုင်သည်။ သို့ရာတွင် သဘောတူညီချက်အကောင်အထည်ဖော်ခြင်းအား ပံ့ပိုးကူညီသည့် ဖြစ်စဉ်ကို အခြားသူများ လုပ်ဆောင်သည်က ပိုကောင်းသည်။*

*ထိရောက်သော ညှိနှိုင်းဆွေးနွေးရေးဖြစ်စဉ်တစ်ခုက ပဋိပက္ခ၏* ***သီးသန့်ဖြစ်သော အချက်များကို တုံ့ပြန်သည်****။ ယင်းက ပဋိပက္ခဖြစ်ပွားရသည့် အကြောင်းအရင်းများနှင့် ပဋိပက္ခ၏ရှုထောင့်များ၊ ရပ်တည်ချက်များ၊ အကျိုးစီးပွားများနှင့် အဖွဲ့များ၏ ရှေ့နောက်ညီမှု၊ ကျယ်ပြန့်သောလူ့အဖွဲ့အစည်း၏ လိုအပ်ချက်များနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ ပတ်ဝန်းကျင်များကို ထည့်သွင်းစဉ်းစားသည်။*

*ကြားဝင်ညှိနှိုင်းရေးက* ***အထူးပြုလုပ်ငန်းတစ်ခု*** *ဖြစ်သည်။ ပညာရှင်ဆန်သောချဉ်းကပ်ပုံ မှတဆင့် ကြားဝင်ညှိနှိုင်းသူများနှင့် ၎င်းတို့၏ အဖွဲ့များက* ***ပဋိပက္ခဖြစ်နေသော အဖွဲ့များအတွက် ကြားခံအဖြစ်လုပ်ဆောင်ပြီး ဖြစ်စဉ်အပေါ် စိတ်ချယုံကြည်ရမှု ရရှိစေသည်။*** *ငြိမ်းချမ်းသော အဖြေတစ်ခု ထွက်ပေါ်လာနိုင်သည်ဟူသည့် ယုံကြည်မှုတစ်ခုကိုလည်း ရရှိစေသည်။ ကောင်းမွန်သော ကြားဝင်ညှိနှိုင်းပေးသူက နားထောင်ခြင်းနှင့် တွေ့ဆုံဆွေးနွေးရေးမှ ဖလှယ်ခြင်းကို မြှင့်တင်သည်။ ပြဿနာဖြေရှင်းရေးမှ ပူးပေါင်းရေးစိတ်ဓာတ်ကို ဖော်ထုတ်ပေး*

*သည်။ ယုံကြည်ချက်ရှိရှိဖြင့် ဆွေးနွေးညှိနှိုင်းနိုင်ရန် ညှိနှိုင်းဆွေးနွေးသည့်အဖွဲ့များ၌ လုံလောက်သော ဗဟုသုတ၊ အချက်အလက်များနှင့် စွမ်းဆောင်ရည်များရှိအောင် လုပ်ဆောင်ပေးသည်။ လူ့အဖွဲ့အစည်း၏ မတူညီသောအစိတ်အပိုင်းများမှ သင့်လျော်သည့် ပတ်သက်ဆက်နွယ်သူများ ပါဝင်အောင် ဖြစ်စဉ်ကိုချဲ့ထွင်ပေးသည်။ ညှိနှိုင်းဆွေးနွေးသူများက ကောင်းစွာ သဘောပေါက်နားလည်သောအခါ၊ စိတ်ရှည်သောအခါ၊ ၎င်းတို့၏ ချဉ်းကပ်ပုံများ ဘက်ညီသောအခါနှင့် ဂရုတစိုက်ရှိသောအခါ ၎င်းတို့သည် ဆွေးနွေးသည့်အဖွဲ့များကို သဘောတူညီချက်များရရှိအောင် ကူညီရာတွင် အအောင်မြင်ဆုံးဖြစ်နိုင်သည်။*

လမ်းညွှန်ချက်က ပဋိပက္ခများအားလုံးသည် ကြားဝင်ညှိနှိုင်းပေး၍မရဟု ဆိုထားသည်။ ထိရောက်သော ကြားဝင်ညှိနှိုင်းမှုအတွက် အလားအလာရှိသည့် ညွှန်းကိန်းအချို့ရှိသည်။ ပထမဆုံးနှင့် အရေးအကြီးဆုံးမှာ အဓိက ပဋိပက္ခအဖွဲ့များသည် ဖြေရှင်းချက်တစ်ရပ်အတွက် ဆွေးနွေးညှိနှိုင်းမှုကို လက်ခံလိုစိတ်ရှိရမည်။ ဒုတိယအချက်အနေဖြင့် ညှိနှိုင်းဆွေးနွေးသူကို လက်ခံရမည်၊ ယုံကြည်ရမည်၊ ကောင်းစွာထောက်ပံ့ရမည်။ တတိယအနေဖြင့် ဖြစ်စဉ်ကိုထောက်ပံ့ရန် ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်များ၌ ယေဘုယျ သဘောတူညီချက်များ ရှိရမည်။ ထိရောက်သော ညှိနှိုင်းဆွေးနွေးရေးဖြစ်စဉ်များက အတားအဆီးရှိသည့်အခါ ပဋိပက္ခကို ထိန်းသိမ်းရန် (သို့) လူသားတို့ ထိခိုက်မှုများကိုလျှော့ချရန် အခြားသောလုပ်ဆောင်ချက်များ လိုအပ်သည်။ သို့သော် အနာဂတ်တွင် ဖြစ်နိုင်သည့် ကြားဝင်ညှိနှိုင်းရေးအခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်ရန်နှင့် အခွင့်အရေးယူနိုင်ရန် စဉ်ဆက်မပြတ် ဆက်လက်အားထုတ်နေရမည်ဖြစ်သည်။

ယေဘုယျအားဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုကို *တွေ့ဆုံဆွေးနွေးမှု အကြိုအဆင့်၊ တွေ့ဆုံဆွေးနွေးသည့်အဆင့်နှင့် အကောင်အထည်ဖော်သည့်အဆင့်* ဟူ၍ အဆင့်သုံးဆင့် ခွဲခြားနိုင်သည်။ တွေ့ဆုံဆွေးနွေးမှု အကြိုအဆင့်တွင် တတိယအုပ်စုက ပဋိပက္ခအုပ်စုများအကြား ယုံကြည်မှုတည်ဆောက်ရန်၊ ၎င်းတို့၏ ရပ်တည်ချက်များ၊ အကျိုးစီးပွားများနှင့် အမြင်များကို နားလည်ရန်ကြိုးပမ်းသည်။ တစ်ချိန်တည်းမှာပင် ဆွေးနွေးမှုများအတွက် သင့်တော်သောမူဘောင်များကိုဖန်တီးရန် နေရာထိုင်ခင်း၊ ကိစ္စရပ်များ၊ တက်ရောက်မည့်သူများ၊ အချိန်၊ စသည်ဖြင့် ပြင်ဆင်မှုများပြုလုပ်ရသည်။ ဆွေးနွေးညှိနှိုင်းသည့်အဆင့်က အဖွဲ့များ အမှန်တကယ် တွေ့ဆုံပြီး တစ်ဦးနှင့်တစ်ဦး ကိစ္စရပ်များအကြောင်းပြောဆိုကာ ပြဿနာများကိုကျေအေးရန် သဘောတူညီချက် တစ်ခု ထွက်ရှိလာဖို့ ကြိုးပမ်းသည့်အဆင့်ဖြစ်သည်။ အကောင်အထည်ဖော်သည့် အဆင့်ဆိုသည်မှာ သဘောတူညီချက်ကို အကောင်အထည်ဖော်ခြင်းကို ညွှန်းဆိုသည်။

ငြိမ်းချမ်းရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုတစ်ခု မည်သို့လုပ်ဆောင်မည်ကို လမ်းညွှန်များနှင့် ချဉ်းကပ်ပုံများ အမျိုးမျိုးရှိသည်။ ပြီးပြည့်စုံသည့်လမ်းညွှန်အချို့အနက်မှ ယခုအခန်းက ကုလသမဂ္ဂ၊ ငြိမ်းချမ်းရေးအတွက် အမေရိကန်ပြည်ထောင်စု အင်စတီကျု (United States Institute for Peace (USIP))၊ အကျပ်အတည်း စီမံခန့်ခွဲရေးလှုပ်ရှားမှု (Crisis Management Initiative (CMI)) နှင့် ဆွစ်ဇာလန်နိုင်ငံ၏ လမ်းညွှန်များကို အဓိကထား ဖော်ပြသွားပါမည်။ လာမည့်အပိုင်းများတွင် အောင်မြင်သော ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခု လုပ်ဆောင်ရန် အဆိုပါ ငြိမ်းချမ်းရေးကြားဝင်ညှိနှိုင်းရေးလမ်းညွှန်များက တင်ပြခဲ့သည့် အရေးပါသော

အချက်များကို တင်ပြသွားပါမည်။ အဆိုပါလမ်းညွှန်ချက် ဥပမာများကို လက်တွေ့တွင် မည်ကဲ့သို့ အကောင်အထည်ဖော်နိုင်သည်ကို ဒေသတွင်း ဖြစ်ရပ်လေ့လာမှုများဖြင့် တင်ပြသွားပါမည်။

CMI လမ်းညွှန်က အောင်မြင်သော ကြားဝင်ညှိနှိုင်းရေးသည် ပဋိပက္ခကို လုံလောက်စွာနားလည်ခြင်း လိုအပ်သည်ဟု ဆိုထားသည်။ ကိစ္စရပ်များတွင် ပဋိပက္ခ၏ သမိုင်း၊ သဘောသဘာဝ၊ နောက်ခံအခြေအနေနှင့် ပတ်သက်ဆက်နွှယ်သူများကို ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်တလျှောက် ဆန်းစစ်လေ့လာသွားရန် လိုအပ်သည်။ လမ်းညွှန်ချက်က ကြားဝင်ညှိနှိုင်းသူအဖွဲ့များ သိရှိသင့်သည့် အချက်သုံးချက်ဖြစ်သည့် *ပြဿနာ၊ လူများနှင့် ဖြစ်စဉ်* တို့ကို ဖော်ပြထားပြီး (Isoaho and Tuuli, 2013) ယင်းအချက်သုံးချက်ကို မေးခွန်းထုတ်ရမည်ဟု ဆိုထားသည်။ ပြဿနာဆိုသည်မှာ ပဋိပက္ခ၏ နောက်ခံအခြေအနေနှင့် ရှုထောင့်များကို ညွှန်းဆိုပြီး ပဋိပက္ခ၏ သမိုင်း၊ သဘောသဘာဝနှင့် အချိန်ကာလအလျောက် ဆင့်ကဲပြောင်းလဲလာမှုကို အကဲဖြတ်သုံးသပ်ရမည်ဟု ဆိုထားသည်။ ဤနေရာတွင် စဉ်းစားရမည့်မေးခွန်းများ၌ ပဋိပက္ခ၏ သဘောသဘာဝမှာ အဘယ်နည်း၊ ပြဿနာဖြစ်သည့် ကိစ္စရပ်များမှာ အဘယ်နည်း၊ ပဋိပက္ခက မည်ကဲ့သို့ ဆင့်ကဲပြောင်းလဲသနည်းတို့ ပါဝင်သည်။ လူများဆိုသည်မှာ ပဋိပက္ခတွင် ပါဝင်သောနှင့်/သို့မဟုတ် သက်ရောက်မှုခံရသော အဖွဲ့များ၊ ဇာတ်ကောင်များနှင့် ပတ်သက်ဆက်နွှယ်သူများကို ညွှန်းဆိုသည်။ ဤနေရာတွင် စဉ်းစားရမည့်မေးခွန်းများ၌ ပဋိပက္ခတွင် မည်သူတို့ ပါဝင်နေသနည်း၊ ပဋိပက္ခကြောင့် မည်သူတို့ သက်ရောက်မှုခံစားရသနည်း၊ မည်သူတို့က ကြားဝင်ညှိနှိုင်းပေးသူများနည်း၊ ပဋိပက္ခ၊ အခြားသောဇာတ်ကောင်များနှင့် စပ်လျဉ်း၍ ဇာတ်ကောင်များ၏ရပ်တည်ချက်များက မည်သို့ရှိသနည်းတို့ ပါဝင်သည်။ နောက်ဆုံးအနေဖြင့် ဖြစ်စဉ်တွင် ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်ကိုယ်၌နှင့် တည်ဆောက်ပုံ၊ အချိန်ကာလ၊ ပါဝင်မှုနှင့် ဖြစ်စဉ်၏ဖြစ်နိုင်ခြေတို့ကို လေ့လာဆန်းစစ်ခြင်း ပါဝင်သည်။ မေးခွန်းများမှာ ကြားဝင်ညှိနှိုင်းခြင်းက မည်မျှဖြစ်နိုင်သနည်း၊ လိုအပ်သနည်း၊ ပေးထားသည့်အခြေအနေတွင် ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်က မည်သို့ရှိနိုင်သနည်း၊ အောင်မြင်သော ကြားဝင်ညှိနှိုင်းရေးတစ်ခုအတွက် ကြိုတင်လိုအပ်ချက်များမှာ မည်သည်တို့နည်းတို့ ဖြစ်ကြသည် (Isoaho and Tuuli, 2013)။

လိုအပ်သော အချက်အလက်များ စုစည်းပြီးသည်နှင့် သင့်တော်သည့် ချဉ်းကပ်ပုံကို ရေးဆွဲနိုင်သည်။ မန်ဆင်နှင့် ဆေ့ချ်ဖရိုင်း (Mason and Siegfried (2007)) တို့က ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုကို အသေးစိတ်ကျ ပြည့်စုံသော ချဉ်းကပ်ပုံက မည်သို့ဖြစ်သင့်သည်၊ ကြားဝင်ညှိနှိုင်းပေးသူ တတိယအုပ်စုက ဖြစ်စဉ်၏ အဆင့်အမျိုးမျိုးတို့တွင် မည်သို့လုပ်ဆောင်သင့်သည်တို့ကို ခြုံငုံတင်ပြခဲ့သည်။ ဤသည်ကို အောက်ပါဇယားတွင် တင်ပြထားပါသည်။

**ဇယား ၅.၁။ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အသေးစိတ်ကျ ပြည့်စုံသော ချဉ်းကပ်ပုံ၊ ဇာတ်ကောင်စုံ၊ အဆင့်စုံ၊ ခေါင်းစဉ်စုံ**

| *အဆင့် ကိစ္စရပ်များ* | *အလွတ်သဘော ဆက်ဆံရေးများ* | *ဆွေးနွေးပွဲများ အကြောင်း ဆွေးနွေးခြင်း* | *သဘောတူညီသည့် အဆင့်* | *အကောင်အထည် ဖော်ခြင်း* |
|---|---|---|---|---|
| *ကြားဝင်ညှိနှိုင်းသူ၏ ရည်မှန်းချက်* | • *အဖွဲ့များ၏ ယုံကြည်မှု ရရှိရန်*<br>• *ရင့်မှည့်ချိန်*<br>• *ဆက်သွယ်ရေး လမ်းကြောင်းများ* | • *ဆွေးနွေးပွဲအတွက် မူဘောင်*<br>• *တိုက်ခိုက်ခြင်းမှ ညှိနှိုင်းဆွေးနွေးရေး* | • *အကြမ်းဖက်မှု ရပ်တန့်ရန်*<br>• *ယုံကြည့်မှု တည်ဆောက်ရန်*<br>• *ဘုံမျှော်မှန်းချက်* | • *သဘောတူညီချက် အကောင်အထည် ဖော်ခြင်း*<br>• *နိုင်ငံရေး အဖွဲ့များနှင့် အင်စတီကျူးရှင်းများ* |
| *ဖြစ်နိုင်သည့် အောင်မြင်မှု မှတ်တိုင်များ* | • *အဖွဲ့များနှင့် တိုက်ရိုက် ဆက်သွယ်ခြင်း*<br>• *ဆွေးနွေးပွဲများ အကြောင်း ဆွေးနွေးရန် သဘောတူညီခြင်း* | • *ကိစ္စရပ်များ၊ အစီအစဉ်၊ နေရာ၊ ပါဝင်မည့်သူများကို ရှင်းလင်းအောင် လုပ်ဆောင်ရန်* | • *အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်*<br>• *ငြိမ်းချမ်းရေး သဘောတူညီချက်* | • *အကူးအပြောင်း ကာလ ဖွဲ့စည်းပုံ အခြေခံဥပဒေ*<br>• *ဆန္ဒခံယူပွဲ*<br>• *ရွေးကောက်ပွဲ* |
| *ကြားဝင်ညှိနှိုင်း ပေးသူ လုပ်ဆောင်နိုင်သည့် လုပ်ဆောင်ချက်များ* | • *သီးခြား ဆက်ဆံရေးများ*<br>• *အဖွဲ့များ၏ ရှုထောင့်မှ ကြည့်ပေးခြင်း* | • *လွန်းပျံ ကြားဝင် ညှိနှိုင်းရေး*<br>• *နည်းပြသင်ကြားခြင်း*<br>• *အခြား ကြားဝင် ညှိနှိုင်းသူများနှင့် ပူးပေါင်းခြင်း* | • *ညှိနှိုင်းဆွေးနွေးရေး မဟာဗျူဟာ*<br>• *အဖွဲ့များအကြား ကြားဝင်ညှိနှိုင်းရေး*<br>• *ကျွမ်းကျင်မှု* | • *ကြားဝင်ညှိနှိုင်းမှု နှောင်းပိုင်း သဘောတူညီချက်*<br>• *စောင့်ကြည့် လေ့လာသည့် ယန္တရားများ* |
| *အဓိက စိန်ခေါ်မှုများ* | • *အကြမ်းဖက်သမားဟု တံဆိပ်ကပ်ခံရခြင်း*<br>• *လျှို့ဝှက်ချက် ထိန်းသိမ်းရခြင်း*<br>• *တစ်ကိုယ်ရည် လုံခြုံမှု* | • *ကြိုတင် လိုအပ်ချက်များ*<br>• *ကြားဝင်ညှိနှိုင်းဆွေးနွေး သူများအကြား ပြိုင်ဆိုင်မှုများ*<br>• *ပြည်သူလူထု၏ အမြင်* | • *ထောက်ပံ့ ပို့ဆောင်ရေး*<br>• *ဒီမိုကရေစီအရ တရားဝင်မှု*<br>• *လူ့အခွင့်အရေး/ လွတ်ငြိမ်းချမ်းသာမှု*<br>• *အာဏာခွဲဝေရေး အစီအမံများ* | • *အလေးပေး မခံရတော့ခြင်း*<br>• *စောင့်ကြည့် လေ့လာသည့် ယန္တရားများ*<br>• *ကြားဝင်ညှိနှိုင်းရေးမှ လွတ်သွားသည့် အချက်များ* |

**မူရင်း။** Mason and Siegfried, 2007

**(က) USIP ကြားဝင်ညှိနှိုင်းရေး ဖြစ်စဉ်မူဘောင်**။ CMI နှင့် မန်ဆင်နှင့် ဆေ့ချ်ဖရိုင်းတို့၏ လမ်းညွှန်ချက်များသည် အခြားသော မူဘောင်များတွင်လည်း ထင်ဟပ်နေသည်။ အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေး အင်စတီကျူက ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုမှ အဆင့်ခြောက်ဆင့်ကို အောက်ပါအတိုင်း တင်ပြရှင်းလင်းခဲ့သည် (Smith and Smock, 2008)။

*၁။ ပဋိပက္ခကို လေ့လာဆန်းစစ်ခြင်း*

(က) ပဋိပက္ခက မည်သည်ဆိုသည်ကို နားလည်သဘောပေါက်ခြင်း- ပဋိပက္ခ၏သမိုင်းနှင့် ဖြစ်ပွားရသည့် အကြောင်းအရင်းများကို လေ့လာဆန်းစစ်ခြင်း၊ ရပ်တည်ချက်များနှင့် အကျိုးစီးပွားများကို လေ့လာဆန်းစစ်ခြင်း

(ခ) ဇာတ်ကောင်များကို နားလည်သဘောပေါက်ခြင်း - ပဋိပက္ခတွင်ပါဝင်သည့်အုပ်စုများကို ဆန်းစစ်လေ့လာခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် လူထုကိုအကဲဖြတ်ခြင်း၊ နိုင်ငံတကာ ဇာတ်ကောင်များနှင့် အခြားဇာတ်ကောင်များကို ရှာဖွေဖော်ထုတ်ခြင်း

(ဂ) ကျယ်ပြန့်သော နောက်ခံအခြေအနေကို နားလည်သဘောပေါက်ခြင်း - ပဋိပက္ခကို စီမံခန့်ခွဲရန် ဒေသခံများနှင့် နိုင်ငံတကာအင်စတီကျူးရှင်းများကို ရှာဖွေဖော်ထုတ်ခြင်း၊ ခက်ခဲသည့် လက္ခဏာရပ်များကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ကိုင်တွယ်ခြင်း

(ဃ) အာဏာနှင့် အားသာချက်များ၏ အရင်းအမြစ်များကို နားလည်သဘောပေါက်ခြင်း - ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်များနှင့် အဖွဲ့များက ယင်းတို့အပေါ် ထိန်းချုပ်နိုင်မှုကို ရှာဖွေဖော်ထုတ်ခြင်း၊ အဖွဲ့များ၏ ခွန်အားများနှင့် ၎င်းတို့ မည်သို့ ပြောင်းလဲသည်ကို အကဲဖြတ်ခြင်း

၂။ ကြားဝင်ညှိနှိုင်းပေးသူ၏ အသင့်ဖြစ်မှုကို သေချာစေခြင်း

(က) မည်သည့်အခန်းကဏ္ဍက သင့်လျော်သည်ကို ဆုံးဖြတ်ခြင်း - ထောက်ခံပေးမှုနှင့် အရင်းအမြစ်များ ပေးအပ်ပြီး မှန်ကန်သည့် ကြားဝင်ညှိနှိုင်းသူအခန်းကဏ္ဍကို ဆုံးဖြတ်ခြင်း၊ ကြားဝင်ညှိနှိုင်းရေး မဟာဗျူဟာက ကြားဝင်ညှိနှိုင်းသူ၏ သရုပ်သဏ္ဌာန်အတွက် သင့်လျော်စေခြင်း

(ခ) ထိရောက်စွာပါဝင်နိုင်စွမ်းကို မြှင့်တင်ခြင်း - စိတ်ချရမှုကိုတည်ဆောက်ခြင်း၊ ကျယ်ပြန့်သော စွမ်းဆောင်ရည်များကို ဖော်ထုတ်ပြီး ခိုင်မာစေခြင်း။ ယဉ်ကျေးမှုကွာခြားချက်များကို အသိအမှတ်ပြုခြင်း

၃။ ပဋိပက္ခ ရင့်မှည့်မှုကို သေချာစေခြင်း

(က) ရင့်မှည့်မှုကို အကဲဖြတ်ခြင်း - ပါဝင်သည့်အဖွဲ့များက လုံးဝအနိုင်ရရှိဖို့ မဖြစ်နိုင်ကြောင်းကိုပြသခြင်း၊ အဖွဲ့များက သဘောတူညီချက်များ လုပ်ဆောင်နိုင်ကြောင်းပြသခြင်း၊ ငြိမ်းချမ်းရေးအတွက် အဖွဲ့တွင်း နိုင်ငံရေးနှင့် ပြည်သူ့ထောက်ခံမှု ရှိကြောင်း ပြသခြင်း

(ခ) ရင့်မှည့်မှုကို မြှင့်တင်ခြင်း - အီလစ်များကို ထိခိုက်မှုများနှင့် အကျိုးကျေးဇူးများကို နားလည်အောင် ကူညီခြင်း၊ တာဝန်ယူမှုတာဝန်ခံမှုမှတစ်ဆင့် အီလစ်များအပေါ် ဖိအားများကိုတိုးပွားစေခြင်း၊ ဆွေးနွေးညှိနှိုင်းမှုများအတွက် တာဝန်ယူမည့် ခေါင်းဆောင်များကို ပျိုးထောင်ခြင်း၊ အဖွဲ့များအကြား ဘက်ညီမှုကို ဖန်တီးပေးခြင်း၊ ပဋိပက္ခ၏ ထိခိုက်မှုများနှင့် အကျိုးစီးပွားများကို ပြောင်းလဲခြင်း

(ဂ) ယခင်က ကြားဝင်ညှိနှိုင်းရေးကြိုးပမ်းမှု သမိုင်းကြောင်းများကို ထည့်သွင်းစဉ်းစားခြင်း - အတိတ်ကြိုးပမ်းမှုများ၏ ရလဒ်ကောင်းများနှင့် အဆိုးများကိုအကဲဖြတ်ခြင်း၊ ဆုံးဖြတ်ရမည့် အဆင့်များကိုစဉ်းစားခြင်း၊ ကျေအေးရေးအတွက် ပုံသေနည်းများနှင့် ဇာတ်ကောင်များကို စဉ်းစားဆုံးဖြတ်ခြင်း

၄။ လမ်းကြောင်း (၁) ကြားဝင်ညှိနှိုင်းရေး လုပ်ဆောင်ခြင်း

(က) အခြေခံအုတ်မြစ်ချရန် ဆွေးနွေးခြင်းများနှင့် ကြိုတင်ညှိနှိုင်းခြင်းများကို အသုံးပြုခြင်း - အချက်အလက်များစုဆောင်းပြီး ယုံကြည်မှုတည်ဆောက်ခြင်း၊ နိုင်ငံရေးထောက်ခံမှုကို တည်ဆောက်ခြင်းနှင့် ရေရှည်တည်တံ့စေခြင်း

(ခ) ပါဝင်မည့်သူများကိုဆုံးဖြတ်ခြင်း - ဖြစ်နိုင်သည့်မိတ်ဖက်များနှင့် အတူလုပ်ဆောင်ခြင်း၊ အဖျက်သမားများကို စီမံခန့်ခွဲခြင်း၊ ဘေးဖယ်ခံထားရသည့် အုပ်စုများကို ပါဝင်စေခြင်း

(ဂ) ထောက်ပံ့ပို့ဆောင်ရေးကိုစီစဉ်ခြင်း - လုံခြုံသော၊ ထိရောက်သော၊ အရင်းအမြစ်ပြည့်စုံသော အလုပ်လုပ်ရန် ပတ်ဝန်းကျင်တစ်ခု ဖန်တီးခြင်း၊ အချက်အလက်များကို ထိရောက်စွာ စီမံခန့်ခွဲခြင်း

(ဃ) ဆွေးနွေးညှိနှိုင်းရေး ရှေ့ရောက်စေရန် မဟာဗျူဟာများ ရှာဖွေဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း - ပါဝင်သည့်အဖွဲ့များ၏ ယုံကြည်မှုကို တိုးမြှင့်ခြင်း၊ သဘောတူညီချက်ရရှိရန်အတွက် နည်းလမ်းအမျိုးမျိုး အသုံးပြုခြင်း၊ မူဘောင်အသစ်များကို မိတ်ဆက်ခြင်း၊ ထောက်ခံအားပေးသူများနှင့် ဆက်သွယ်မှုများကို အားပေးခြင်း၊ အလျှော့ပေးညှိနှိုင်းမှုများကို အားပေးရန် မတူညီသော အားသာချက်များကို အသုံးပြုခြင်း

(င) ပြည်သူနှင့် မီဒီယာကို ပါဝင်စေခြင်း - ပြည်သူနှင့် ဆက်ဆံရန် လမ်းကြောင်းများ ဖော်ထုတ်ပေးခြင်း

၅။ လမ်းကြောင်း (၂) တွေ့ဆုံဆွေးနွေးမှုများကို အားပေးခြင်း

(က) လမ်းကြောင်း (၂) ကြိုးပမ်းမှုများကို ရှာဖွေဖော်ထုတ်ပြီး ညှိနှိုင်းလုပ်ဆောင်ခြင်း - လမ်းကြောင်း (၂) ကြိုးပမ်းမှုများ၏ အခြေအနေနှင့် အလားအလာများကို ရှာဖွေဖော်ထုတ်ခြင်း၊ အဖွဲ့များ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ပေးပြီး ဖြစ်စဉ်ကို ကျယ်ပြန့်စွာထောက်ခံမှုရရှိစေမည့် လုပ်ဆောင်ချက်များကို အဓိကထားခြင်း

(ခ) လမ်းကြောင်းများအကြား ပူးပေါင်းမှုကို မြှင့်တင်ခြင်း - အချက်အလက်များဝေမျှခြင်းနှင့် အခန်းကဏ္ဍများကို ရှင်းလင်းအောင်လုပ်ဆောင်ခြင်း၊ လမ်းကြောင်း (၂) ကြိုးပမ်းမှုများက လမ်းကြောင်း (၁) ဖြစ်စဉ်ကို ရှေ့ရောက်စေရန် အထောက်အကူပြုစေခြင်း၊ လမ်းကြောင်း (၂) လုပ်ဆောင်မှုများ၏ သီးသန့်ဖြစ်မှုကို ဆက်လက်တည်ရှိစေခြင်း

၆။ ငြိမ်းချမ်းရေး သဘောတူညီချက်တစ်ခုကို တည်ဆောက်ခြင်း

(က) စည်းမျဉ်းများ ကြေညာချက်တစ်ရပ် ဖန်တီးခြင်း - အခြေခံစည်းမျဉ်းများအတွက် သဘောတူညီချက်များရယူခြင်း၊ သဘောတူညီချက်အတွက် ကျယ်ပြန့်သော အခြေခံအချက်များ ရေးသားခြင်း

(ခ) ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်အတွက် စုစည်းခြင်း - ရေးသားသည့် ဖြစ်စဉ်တစ်ရပ်ကို ဆုံးဖြတ်ခြင်း၊ စည်းမျဉ်းများကို ဥပဒေအရစည်းနှောင်မှုရှိသည့် ဘာသာစကားတစ်ခုဖြင့် ဘာသာပြန်ဆိုခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်းအတွက် မဟာဗျူဟာများ ထည့်သွင်းခြင်း

(ဂ) အကောင်အထည်ဖော်ရန်အစီအစဉ် - ဒေသခံများကို သဘောတူညီချက်အား ပတ်သက်ဆက်နွယ်သူများနှင့် အာမခံသူများအဖြစ်ပြုလုပ်ခြင်း၊ တိုးတက်မှုကိုတိုင်းတာရန် ညွှန်းကိန်းများအသုံးပြုခြင်း၊

*အငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းများ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်မှုကို ပံ့ပိုးရန် ပြင်ပအုပ်စုများကို အသုံးပြုခြင်း*

**(ခ) ကုလသမဂ္ဂ၏ ကြားဝင်ညှိနှိုင်းရေး အခြေခံများ။** အခြား အသုံးဝင်ပြီး ပြည့်စုံသည့်မူဘောင်တစ်ခုကို 'ထိရောက်သော ကြားဝင်ညှိနှိုင်းရေးအတွက် ကုလသမဂ္ဂလမ်းညွှန်ချက်' တွင် တင်ပြထားသည်။ ယင်းမူဘောင်က အောက်ပါ စာသေတ္တာ ၅.၁ တွင် တွေ့ရသည့်အတိုင်း ထိရောက်သောဖြစ်စဉ်တစ်ခုအတွက် အဓိက ကြားဝင်ညှိနှိုင်းရေး အခြေခံများကို တင်ပြထားသည်။

**စာသေတ္တာ ၅.၁။ 'ထိရောက်သော ကြားဝင်ညှိနှိုင်းရေးအတွက် ကုလသမဂ္ဂလမ်းညွှန်ချက်' ပါ ကြားဝင်ညှိနှိုင်းရေး အခြေခံများ[8]**

***အသင့်ဖြစ်မှု***

*အသင့်ဖြစ်မှုက ကြားဝင်ညှိနှိုင်းပေးသူတစ်ဦး၏ ဗဟုသုတ၊ စွမ်းဆောင်ရည်များနှင့် ကျွမ်းကျင်သူအဖွဲ့များနှင့် ပေါင်းစပ်ပေးသလို ကြားဝင်ညှိနှိုင်းရေးအုပ်စု၏ လိုအပ်သည့် နိုင်ငံရေး၊ ဘဏ္ဍာရေးနှင့် စီမံအုပ်ချုပ်ရေး ထောက်ပံ့မှုများနှင့်လည်း ပေါင်းစပ်ပေးသည်။ အသင့်ဖြစ်မှုတွင် ယခင်ကြားဝင်ညှိနှိုင်းရေး ကြိုးပမ်းမှုများကို လေ့လာဆန်းစစ်ခြင်းအပါအဝင် ကျယ်ပြန့်သော ပဋိပက္ခဆန်းစစ်လေ့လာရေးနှင့် ပတ်သက်ဆက်နွယ်သူ ပုံဖော်ရေးဆွဲခြင်းများကို အခြေခံ၍ (ဆွေးနွေးပွဲအကြို၊ ဆွေးနွေးပွဲနှင့် အကောင်အထည်ဖော်ခြင်းကဲ့သို့) မတူညီသောအဆင့်များအတွက် မဟာဗျူဟာများဖော်ထုတ်ခြင်း ပါဝင်သည်။ ပြောင်းလဲနေသည့် နောက်ခံ အခြေအနေကို တုံ့ပြန်နိုင်ရန် မဟာဗျူဟာများက ပျော့ပျောင်းဖို့ လိုအပ်သည်။ အသင့်ဖြစ်မှုက ကြားဝင်ညှိနှိုင်းသူကို ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်အား လမ်းညွှန်ရန်နှင့် စောင့်ကြည့်လေ့လာရန်၊ (လိုအပ်ပါက) ပဋိပက္ခဖြစ်နေသောအဖွဲ့များနှင့် အခြားသောပတ်သက်ဆက်နွယ်သူများ၏ ဆွေးနွေးညှိနှိုင်းရေး စွမ်းဆောင်ရည်ကိုပါ ခိုင်မာစေရန် လုပ်ဆောင်ပေးသည်။ ၎င်းတို့ကို သဘောတူညီချက်များရရှိရန်နှင့် (နိုင်ငံတကာ ဇာတ်ကောင်များအကြား အပါအဝင်) အကောင်အထည်ဖော်ရန် အကူအညီအတွက် စိတ်လှုပ်ရှားစေသည်။ ကောင်းမွန်စွာပြင်ဆင်ထားပြီး ထောက်ပံ့ပေးခံရသော ကြားဝင်ညှိနှိုင်းပေးသူတစ်ဦးက မျှော်မှန်းချက်များကို စီမံခန့်ခွဲနိုင်သည်၊ ရေတိုဖြေရှင်းချက်များကို ရှောင်ရှားပြီး အရေးတကြီးဖြစ်မှုကို ထိန်းသိမ်းထားနိုင်သည်၊ ဖြစ်စဉ်တစ်ခုလုံးတွင် အခွင့်အရေးနှင့် စိန်ခေါ်မှုများကို ထိရောက်စွာ တုံ့ပြန်နိုင်သည်။*

***သဘောတူညီမှု***

*ထိရောက်မှုရှိစေရန် ကြားဝင်ညှိနှိုင်းရေးသည် ပဋိပက္ခဖြစ်နေသောအဖွဲ့များ၏ သဘောတူညီမှုလိုအပ်သည့် မိမိစိတ်ဆန္ဒအလျောက်ပါဝင်ရသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ သဘောတူညီမှုမရှိဘဲနှင့် အဖွဲ့များသည်*

---

[8] 'ထိရောက်သော ကြားဝင်ညှိနှိုင်းရေးအတွက် ကုလသမဂ္ဂ လမ်းညွှန်ချက်' ကို ကုလသမဂ္ဂ အထွေထွေညီလာခံ၊ ၂၀၁၂ ခုနှစ် ဇွန်လ (၂၅) ရက်နေ့ အထွေထွေအတွင်းရေးမှူး၏ 'အငြင်းပွားမှုများ၊ ပဋိပက္ခ ကာကွယ်တားဆီးရေးနှင့် အဖြေရှာရေးတို့တွင် ငြိမ်းချမ်းစွာ ကျေအေးမှု ရရှိရေးအတွက် ကြားဝင်ညှိနှိုင်းရေး အခန်းကဏ္ဍကို ခိုင်မာစေခြင်း (A/66/811)' အစီရင်ခံစာ နောက်ဆက်တွဲအဖြစ် ထုတ်ဝေထားပြီး https://peacemaker.un.org/sites/peacemaker.un.org/files/ GuidanceEffectiveMediation_UNDPA2012%28english%29_0.pdf တွင် ဖတ်ရှုနိုင်သည်။ accessed on 25 September 2021.

ရိုးရိုးသားသား ဆွေးနွေးညှိနှိုင်းနိုင်မည်မဟုတ် (သို့) ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်အပေါ် တင်းပြည့်ကျပ်ပြည့် လက်ခံပါဝင်နိုင်မည် မဟုတ်ပေ။ ပဋိပက္ခအဖွဲ့များက ကြားဝင်ညှိနှိုင်းရေးအပေါ် သဘောတူညီမှုရှိခြင်း၊ မရှိခြင်းက ကိစ္စရပ်အများအပြားအပေါ် သက်ရောက်မှုရှိနိုင်သည်။ ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်၏ သမာသမတ်ကျမှု၊ လုံခြုံရေးနှင့် လျှို့ဝှက်ထားခြင်း၊ ကြားဝင်ညှိနှိုင်းပေးသူနှင့် ညှိနှိုင်းရေးအဖွဲ့တို့ကို လက်ခံနိုင်မှုတို့က အဖွဲ့များထံမှ သဘောတူညီမှုရရှိရန် အရေးပါသောအချက်များဖြစ်သည်။ သို့ရာတွင် ပဋိပက္ခ၏ ရှုထောင့်များကလည်း ဆုံးဖြတ်သည့် အချက်တစ်ချက်ဖြစ်ပြီး အဖွဲ့များက ကြားဝင်ညှိနှိုင်းရေးကို သဘောတူညီမှု ရှိခြင်း၊ မရှိခြင်းက ရည်မှန်းချက်များကို စစ်ရေးနည်းလမ်းမဟုတ်ဘဲ နိုင်ငံရေး၊ အယူဝါဒရေး (သို့) စိတ်ပိုင်းဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များမှတစ်ဆင့် (သို့) ပြင်ပဇာတ်ကောင်များ၏ လုပ်ဆောင်ချက်များမှ တစ်ဆင့် အောင်မြင်အောင် လုပ်ဆောင်လိုစိတ် ရှိ၊ မရှိပေါ်လည်း မူတည်သည်။ အချို့သောဖြစ်ရပ်များတွင် အဖွဲ့များက ကြားဝင်ညှိနှိုင်းရေး ကြိုးပမ်းမှုများကို ငြင်းပယ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့က ကြားဝင်ညှိနှိုင်းရေး ဖြစ်စဉ်ကို နားမလည်ဘဲ ယင်းက အချုပ်အခြာအာဏာကို ခြိမ်းခြောက်ခြင်း (သို့) ပြင်ပမှ ဝင်ရောက် စွက်ဖက်ခြင်းဟု ရှုမြင်သောကြောင့် ဖြစ်သည်။ ဇာတ်ကောင်စုံပါဝင်သည့် ပဋိပက္ခတစ်ခုတွင် အားလုံးမဟုတ် သည့်တိုင် အချို့သောပဋိပက္ခအဖွဲ့များက ကြားဝင်ညှိနှိုင်းရေးကို သဘောတူနိုင်ပြီး ညှိနှိုင်းရေးဖြစ်စဉ်တစ်ခု စတင်ရန် ကြားဝင်ညှိနှိုင်းပေးသူအတွက် တစ်စိတ်တစ်ပိုင်းသဘောတူညီမှုသာရရှိခြင်းက အခက်တွေ့ စေလိမ့်မည်။ ထို့ပြင် သဘောတူလက်ခံသည့်တိုင် ဤသည်က ဖြစ်စဉ်အပေါ် အမြဲတစေ အပြည့်အဝ လက်ခံဆောင်ရွက်မည်ဟု မဆိုနိုင်ပေ။ တစ်ချိန်တွင် သဘောတူလက်ခံသော်လည်း နောင်တွင် လက်မခံတော့ခြင်း လည်း ဖြစ်နိုင်သည်။ အထူးသဖြင့် အဖွဲ့တစ်ဖွဲ့အတွင်း ကွဲပြားမှုများရှိနေသည့်အခါ ဖြစ်သည်။ လက်နက်ကိုင် (သို့) နိုင်ငံရေးအုပ်စုများက အုပ်စုကွဲသွားနိုင်ပြီး ဆွေးနွေးညှိနှိုင်းရေးဖြစ်စဉ်အပေါ် ဖိအားအသစ် ဖန်တီးနိုင်သည်။ အချို့သော ခွဲထွက်သည့်အုပ်စုများက ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်မှ နုတ်ထွက်သွားပြီး ဖြစ်စဉ်ကို လမ်းလွဲအောင် လုပ်ဆောင်နိုင်သည်။

### ဘက်မလိုက်မှု

ဘက်မလိုက်မှုသည် ကြားဝင်ညှိနှိုင်းရေးတွင် ထောက်တိုင်တစ်ခု ဖြစ်သည်။ ညှိနှိုင်းရေးဖြစ်စဉ်က ဘက်လိုက်သည်ဟုရှုမြင်လျှင် ယင်းက ပဋိပက္ခကိုဖြေရှင်းရန် အဓိပ္ပာယ်ပြည့်ဝသည့်ဖြစ်စဉ်ကို ထိခိုက်နိုင်သည်။ ကြားဝင်ညှိနှိုင်းပေးသူတစ်ဦးသည် ပါဝင်သူများအားလုံးကို မျှတစွာဆက်ဆံသည့် ဘက်ညီသော ဖြစ်စဉ်တစ်ရပ် ကို လုပ်ဆောင်နိုင်ရမည်ဖြစ်ပြီး ရလဒ်အပေါ် မည်သည့် ရုပ်ပိုင်းဆိုင်ရာအကျိုးစီးပွားမျှ မရှိသင့်ပေ။ ကြားဝင်ညှိနှိုင်းပေးသူက ပဋိပက္ခဖြေရှင်းရန် သက်ဆိုင်ရာဇာတ်ကောင်များအားလုံးနှင့်လည်း စကားပြောပေးနိုင် ရမည်။ ဘက်မလိုက်မှုက ကြားနေမှုနှင့် မတူညီပေ။ ကြားဝင်ညှိနှိုင်းပေးသူသည် ပုံမှန်အားဖြင့် တစ်ကမ္ဘာလုံး လက်ခံထားသည့် စည်းမျဉ်းများနှင့် တန်ဖိုးများကို စောင့်ထိန်းရမည်ဖြစ်ပြီး ယင်းတို့ကို ပါဝင်သည့်အဖွဲ့များ သိရှိအောင် ပြသရန်လိုအပ်သည်။ ဘက်မလိုက်မှုကိစ္စရပ်ကို ကိုင်တွယ်ရန် ကြားဝင်ညှိနှိုင်းပေးသူများက ဖြစ်စဉ်နှင့် အဖွဲ့များကို ဆက်ဆံပုံကမျှတပြီး ဘက်ညီစေရမည်၊ ဤသည်ကိုလည်း ထိရောက်သော ဆက်သွယ်ဆက်ဆံရေး မဟာဗျူဟာများမှတစ်ဆင့် ပြသနိုင်ရမည်။ ၎င်းတို့ ပါဝင်မှုနှင့် ပတ်သက်သည့် ဥပဒေများ၊ စံနှုန်းများနှင့် ပတ်သက်ပြီး ပဋိပက္ခဖြစ်နေသော အဖွဲ့များအပေါ် ပွင့်လင်းမြင်သာမှု ရှိရမည်။ ဖြစ်စဉ်၏ ဘက်မလိုက်မှုကို ထိခိုက်နိုင်သည့် ပြင်ပဇာတ်ကောင်များ၏ အထောက်အပံ့ ကန့်သတ်ချက်များကို လက်မခံရ။

ပဋိပက္ခဖြစ်နေသည့် အဖွဲ့များကို အခြားသောဇာတ်ကောင်များက အပြစ်ပေး အရေးယူလိုသည့် လုပ်ဆောင်ချက်များနှင့် မပတ်သက်ရ။ သီးသန့်ဆွေးနွေးပွဲများတွင် ပွင့်လင်းသောဆွေးနွေးမှုများကို ထိန်းသိမ်းပေးထားပြီး အဖွဲ့များအပေါ် ပြည်သူများ၏ဝေဖန်မှုများကို တတ်နိုင်သမျှ လျှော့ချပေးရမည်။ ဘက်ညီပြီး မျှတသော ချဉ်းကပ်ပုံတစ်ရပ်ကို မထိန်းသိမ်းထားနိုင်တော့ဟု ခံစားရပါက အခြားကြားဝင်ညှိနှိုင်းရေး လုပ်ဆောင်သူ (သို့) အဖွဲ့ကို လွှဲပြောင်းပေးရမည်။

## ပါဝင်မှု

ပါဝင်မှုဆိုသည်မှာ ပဋိပက္ခဖြစ်နေသောအဖွဲ့များနှင့် အခြားသော ပတ်သက်ဆက်နွှယ်နေသူများ၏ အမြင်များနှင့် လိုအပ်ချက်များကို ဖြစ်စဉ်နှင့် ကြားဝင်ညှိနှိုင်းရေးကြိုးပမ်းမှုများ၏ ရလဒ်တွင် ကိုယ်စားပြုပြီး ပေါင်းစပ်သည့် အတိုင်းအတာနှင့် ပုံစံကို ညွှန်းဆိုသည်။ ပါဝင်မှုရှိသော ဖြစ်စဉ်တစ်ရပ်က ပဋိပက္ခ၏အကြောင်းရင်းခံများကို ပို၍ ရှာဖွေဖော်ထုတ်ပြီး ဖြေရှင်းနိုင်ခြေရှိသည်။ ထိခိုက်ခံရသည့် ပြည်သူများ၏ လိုအပ်ချက်များကိုပါ ဖြေရှင်းပေးနိုင်ခြေ များသည်။ ပါဝင်မှုက ငြိမ်းချမ်းရေးသဘောတူညီချက်နှင့် အကောင်အထည်ဖော်မှုအပေါ် တရားဝင်မှုနှင့် ပြည်တွင်းပိုင်ဆိုင်မှုကိုပါ တိုးမြှင့်ပေးနိုင်သည်။ ထို့ပြင် ယင်းက ဘေးဖယ်ခံထားရသူများမှ ဖြစ်စဉ်ကို ထိခိုက်အောင်လုပ်ဆောင်နိုင်ခြေကိုလည်း လျှော့ချပေးသည်။ ပါဝင်မှုရှိသောဖြစ်စဉ်ဆိုသည်မှာ ပတ်သက်ဆက်နွှယ်သူအားလုံးက တရားဝင်တွေ့ဆုံဆွေးနွေးမှုများတွင် တိုက်ရိုက်ပါဝင်ခြင်းမျိုး မဟုတ်ဘဲ ပဋိပက္ခဖြစ်နေသောအဖွဲ့များနှင့် အခြားသော ပတ်သက်ဆက်နွှယ်သူများအကြား ဆက်ဆံမှုများကို ကူညီပံ့ပိုးပေးပြီး ဖြစ်စဉ်အတွင်း အမြင်များအားလုံးကို ထည့်သွင်းနိုင်ရန် ယန္တရားများဖန်တီးခြင်း ဖြစ်သည်။

ပဋိပက္ခဖြစ်နေသည့်အဖွဲ့များက တရားဝင်မှုရှိသည်၊ ကျယ်ပြန့်သောပြည်သူများကို ကိုယ်စားစားပြုသည်ဟု မှတ်ယူ၍ မရပေ။ လက်နက်ကိုင်တပ်ဖွဲ့များသာပါဝင်သည့် ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်များက အကြမ်းဖက်မှုသည်သာ အရေးပေးခံရသည်ဟု အချက်ပြသလို ဖြစ်နေလိမ့်မည်။ လူ့အဖွဲ့အစည်းအတွင်း အခြားသောအပိုင်းများတွင် မကျေနပ်မှုများဖန်တီးပေးသည့်အပြင် ဤသည်က အခြားသူများကိုလည်း ဆွေးနွေးညှိနှိုင်းရေးစားပွဲဝိုင်း၌ နေရာတစ်ခုရရှိရန် လက်နက်ကိုင်ရမည်ဟု အားပေးသလို ဖြစ်နေသည်။ အရပ်ဘက်အဖွဲ့အစည်းမှ ဇာတ်ကောင်များက ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခု၏ တရားဝင်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နိုင်ပြီး အရေးပါသော မိတ်ဖက်များ ဖြစ်လာနိုင်သည်။

ကြားဝင်စေ့စပ်သူများက ပါဝင်မှုနှင့် ထိရောက်မှုတို့အကြား ထိပ်တိုက်တွေ့မှုကို ကိုင်တွယ်ရသည်။ ဆွေးနွေးတိုင်ပင်ရသည့် အခြေခံကို ချဲ့ထွင်ရသည့်အခါနှင့်/ သို့မဟုတ် အဆင့်အမျိုးမျိုးမှ ဇာတ်ကောင်များကို ပါဝင်ရန် ဖိုရမ်အမျိုးမျိုးကို အသုံးပြုရသည့်အခါ ကြားဝင်ညှိနှိုင်းရေး ဖြစ်စဉ်များက ပို၍ရှုပ်ထွေးလာသည် (ပါဝင်သူ များပြားလွန်းလာသည်)။ ထို့ပြင် လွယ်ကူစွာ အဓိပ္ပာယ်ဖွင့်ဆို၍ မရသော (သို့) ရှင်းလင်းသော ခေါင်းဆောင်မှုမရှိသော အကျိုးစီးပွားအုပ်စုများနှင့် ဆက်သွယ်ဆက်ဆံရန်မှာလည်း ခက်ခဲနိုင်သည်။ ဥပမာ လူမှုလှုပ်ရှားမှုများနှင့် လူငယ်အုပ်စုများ ဖြစ်ကြသည်။ ထိုသို့သော ကိစ္စရပ်များကြောင့် ပတ်သက်ဆက်နွှယ်သူများကို ပုံဖော်ရေးဆွဲခြင်း၊ အကြံအစည်ချမှတ်ခြင်းနှင့် ဖြစ်စဉ်ကိုစီမံခန့်ခွဲရေးတို့က အထူးအရေးပါလာသည်။

**နိုင်ငံအဆင့် ပိုင်ဆိုင်သက်ဆိုင်ခြင်း**

နိုင်ငံအဆင့်ပိုင်ဆိုင်သက်ဆိုင်ခြင်းဆိုသည်မှာ ပဋိပက္ခဖြစ်နေသောအဖွဲ့များနှင့် ကျယ်ပြန့်သောလူ့အဖွဲ့အစည်းက ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်၊ သဘောတူညီချက်များနှင့် ၎င်းတို့အား အကောင်အထည်ဖော်ခြင်းများကို လက်ခံသဘောတူရန် ဖြစ်သည်။ ဤသည်မှာ လွန်စွာအရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ပဋိပက္ခ၏ အဓိကသက်ရောက်မှုကို ခံစားရသူများမှာ ပြည်သူများဖြစ်ပြီး ငြိမ်းချမ်းသောအနာဂတ်တစ်ခုအတွက် လူ့အဖွဲ့အစည်းတစ်ခုလုံးက လုပ်ဆောင်ရမည်ဖြစ်သည်။ အဖြေများကို ပြဋ္ဌာန်းမပေးနိုင်သော်လည်း ကြားဝင်ညှိနှိုင်းသူများက ပဋိပက္ခကိုဖြေရှင်းရန် အကြံအစည်များဖော်ထုတ်ရာတွင် အသုံးဝင်နိုင်သည်။ သို့ရာတွင် အပြင်လူကြားဝင်စေ့စပ်သူအတွက် မည်သူ၏ပိုင်ဆိုင်သက်ဆိုင်မှုများ လိုအပ်သည်ကို ရှာဖွေဖော်ထုတ်ရန်နှင့် ဖြစ်စဉ်ပိုင်ဆိုင်မှုကို အာဏာရှိသည့်ပုဂ္ဂိုလ်များအား ကျော်လွန်၍ ပံ့ပိုးကူညီရန်ခက်ခဲသည်။ ပိုင်ဆိုင်သက်ဆိုင်မှုကို မွေးထုတ်ခြင်းနှင့် အသုံးပြုခြင်းအတွက် ပဋိပက္ခအဖွဲ့တစ်ဖွဲ့နှင့် တစ်ဖွဲ့ထက်ပိုသော အဖွဲ့များ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် အခြားသော ပတ်သက်ဆက်နွှယ်သူများ၏ ညှိနှိုင်းဆွေးနွေးရေး စွမ်းဆောင်ရည်များကို ခိုင်မာအောင် လုပ်ဆောင်ပေးရန် လိုအပ်သည်။ ထိုမှသာ ထိုသူများက ဖြစ်စဉ်တွင် ထိရောက်စွာပါဝင်နိုင်ပြီး မကြာခဏဆိုသလို ရှုပ်ထွေးသည့်ကိစ္စရပ်များတွင် ပါဝင်လာနိုင်မည်ဖြစ်သည်။ ဖြစ်စဉ်တွင် ပါဝင်မှုအတိုင်းအတာက ပိုင်ဆိုင်သက်ဆိုင်မှုအတိုင်းအတာအပေါ် တိုက်ရိုက်သက်ရောက်မှု ရှိသည်။ နိုင်ငံအဆင့် ပိုင်ဆိုင်သက်ဆိုင်မှုက ဒေသအဆင့် ယဉ်ကျေးမှုများနှင့် စံနှုန်းများကို ညှိနှိုင်းဆွေးနွေးရေးဖြစ်စဉ်တွင် ထည့်သွင်းခြင်း လိုအပ်ပြီး နိုင်ငံတကာဥပဒေနှင့် စံနှုန်းမူဘောင်များကိုလည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

နိုင်ငံအဆင့် ပိုင်ဆိုင်သက်ဆိုင်မှုရရှိရန် ကြားဝင်ညှိနှိုင်းပေးသူများက အောက်ပါတို့ကို လုပ်ဆောင်နိုင်သည်။

- ပဋိပက္ခဖြစ်နေသည့် အဖွဲ့များနှင့် ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်ပုံစံကို ဆွေးနွေးအကြံတောင်းရန်
- အရပ်ဘက်အဖွဲ့အစည်းနှင့် အခြား ပတ်သက်ဆက်နွှယ်သူများကို ငြိမ်းချမ်းရေးဖြစ်စဉ် တိုးတက်မှုများနှင့် ပတ်သက်၍ အသိပေးရန် (လိုအပ်ပါက လျှို့ဝှက်ချက်များကို လေးစားရမည်) နှင့် ၎င်းတို့ကို ဖြစ်စဉ်နှင့် အကြောင်းအရာများနှင့် ပတ်သက်ပြီး ပါဝင်လုပ်ဆောင်ဖို့အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ထောက်ပံ့ပေးရန်
- ပဋိပက္ခဖြစ်နေသည့်အဖွဲ့များကို လမ်းညွှန်ပြီး ၎င်းတို့ကို ဆွေးနွေးမှုအတွက် အကြံဉာဏ်များ ဖော်ထုတ်ရာတွင် အကူအညီပေးရန်၊ ထွက်ပေါ်လာသည့်သဘောတူညီချက်များအတွက် ၎င်းတို့ နာမည်ယူနိုင်ဖို့ လုပ်ဆောင်ပေးရန်
- မည်သည့် ပဋိပက္ခဖြစ်နေသောအဖွဲ့များက ၎င်းတို့၏ ဆွေးနွေးညှိနှိုင်းရေးစွမ်းဆောင်ရည် ခိုင်မာလာစေရန် အထောက်အပံ့လိုအပ်သည်ကို ရှာဖွေဖော်ထုတ်ပြီး စွမ်းဆောင်ရည်မြှင့်တင်ရေး အထောက်အပံ့များ လက်လှမ်းမီဖို့ အကူအညီပေးရန်
- ကြားဝင်စေ့စပ်ရေးဖြစ်စဉ်အတွင်းတွင် ပဋိပက္ခဖြစ်နေသောအဖွဲ့များကို သာမန်အဖွဲ့ဝင်များ အပါအဝင် ၎င်းတို့အား ထောက်ခံအားပေးသူများကို အသိပေးရန်နှင့် ဆွေးနွေးအကြံယူဖို့ အားပေးရန်နှင့် လုပ်ဆောင်စေရန်
- ညှိနှိုင်းဆွေးနွေးရေးနှင့် ဆက်သွယ်ရေးတွင် ယဉ်ကျေးမှုဆိုင်ရာချဉ်းကပ်ပုံများကို သတိပြုရန်နှင့် ထိုချဉ်းကပ်ပုံများကို ဖြစ်စဉ်၏ အကျိုးကျေးဇူးအတွက် အသုံးပြုရန်၊ ဒေသခံ ငြိမ်းချမ်းရေး

*တည်ဆောက်သူများနှင့် ဆက်သွယ်ဆက်ဆံပြီး ၎င်းတို့ထံမှ ထောက်ပံ့မှုများရယူရန်နှင့် သင့်လျော်သည့် အချိန်တိုင်း ဒေသခံများ၏ ပဋိပက္ခစီမံခန့်ခွဲရေးနှင့် အငြင်းပွားမှုဖြေရှင်းရေးပုံစံများကို ကောက်နုတ် အသုံးပြုရန်*

**_ကြားဝင်ညှိနှိုင်းရေး ကြိုးပမ်းမှုများ ရှေ့နောက်ညီရေး၊ ညှိနှိုင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် အကျိုးပြုရေး_**

*ကြားဝင်ညှိနှိုင်းရေးတွင် ပါဝင်သည့် ဇာတ်ကောင်များနှင့် အမျိုးအစားများ တိုးပွားလာခြင်းက ကြားဝင်ညှိနှိုင်းရေး ကြိုးပမ်းမှုများ ရှေ့နောက်ညီရေး၊ ညှိနှိုင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် အကျိုးပြုရေးအား အရေးပါစေသလို စိန်ခေါ်မှုလည်း ရှိလာစေသည်။ ရှေ့နောက်ညီရေးတွင် သဘောတူညီထားသောနှင့်/သို့မဟုတ် ညှိနှိုင်း ဆောင်ရွက်သော ချဉ်းကပ်ပုံများ ပါဝင်ပြီး အပြန်အလှန် အကျိုးပြုရေးဆိုသည်မှာ မတူညီသောအဆင့်များ၌ ညှိနှိုင်းဆွေးနွေးသည့် ဇာတ်ကောင်များအကြား တစ်ဦးချင်းစီလိုက် အားသာချက်အပေါ် မူတည်ပြီး ရှင်းလင်းသည့် လုပ်ငန်းခွဲဝေမှုရှိခြင်းကို ညွှန်းဆိုသည်။ ကုလသမဂ္ဂ၊ ဒေသတွင်း၊ ဒေသခွဲနှင့် အခြားသော နိုင်ငံတကာ အဖွဲ့အစည်းများအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်း၏ လုပ်ဆောင်ချက်များ၊ နိုင်ငံများ၊ NGO များနှင့် ပြည်တွင်းနှင့် ရပ်ရွာမှ ဇာတ်ကောင်များအားလုံးက ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်တွင် ပါဝင်သည့် အတိုင်းအတာ ကွာခြားချက်ရှိသည့်တိုင် ၎င်းတို့က ကြားဝင်ညှိနှိုင်းရေးတွင် သက်ရောက်မှုရှိသည်။ ဇာတ်ကောင် တစ်ကောင်ချင်းစီက ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်၏ အဆင့်အမျိုးမျိုး၌ မတူညီသော ပါဝင်လုပ်ဆောင်မှုများ ပြုလုပ်နိုင်လေရာ ကွဲပြားမှုကလည်း အားသာချက် ဖြစ်နိုင်သည်။ သို့ရာတွင် ဇာတ်ကောင်စုံလင် များပြားခြင်းက ဇာတ်ကောင်များကို ရည်မှန်းချက်မျိုးစုံအတွက် လုပ်ဆောင်ရပြီး တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်ရသလို ဖြစ်စေသည်။*

*ကြားဝင်ညှိနှိုင်းရေး ကြိုးပမ်းမှုများနှင့် ၎င်းတို့၏ ပံ့ပိုးမှုနှင့် ပါဝင်မှုများအကြား ရှေ့နောက်ညီရေး၊ ညှိနှိုင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် အကျိုးပြုရေးအတွက် ကုလသမဂ္ဂက အောက်ပါ လမ်းညွှန်ချက်များကို အကြံပြုထားသည်။*

- *ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်များတွင် ဦးဆောင်ကြားဝင်ညှိနှိုင်းသူ၊ ဖြစ်နိုင်လျှင် အဖွဲ့တစ်ဖွဲ့တည်းမှ ဦးဆောင်သူတစ်ဦး ရှိသင့်သည်။ အဖွဲ့နှစ်ဖွဲ့နှင့် နှစ်ဖွဲ့ထက်ပိုသော ကြားဝင်ညှိနှိုင်းရေးကြိုးပမ်းမှုများတွင် အဖွဲ့များအားလုံးအတွက် ကြားဝင်ညှိနှိုင်းသူ တစ်ဦးတည်းက ဦးဆောင်သည့် ရှေ့နောက်ညီသော လုပ်ဆောင်ချက်တာဝန်များကို အခြေခံသင့်သည်။ ဤသည်က ရှင်းလင်းမှုကိုပေးပြီး ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့များအတွက် ၎င်းတို့တက်ရောက်လိုသည့်ဖိုရမ်ကို ရွေးချယ်ခြင်းအား လျှော့ချပေးသည်။ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ရှေ့နောက်ညီသော ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်မှုကို ကူညီပံ့ပိုးပေးသည်။*
- *ခေါင်းဆောင်မှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပဋိပက္ခ၏ နောက်ခံအခြေအနေကို ထည့်သွင်းစဉ်းစားခြင်း၊ တစ်ဦးချင်းစီ၏ အားသာချက်၊ အားနည်းချက်များကို နှိုင်းယှဉ်ခြင်းဖြင့် လုပ်ဆောင်နိုင်သည်။*
- *ပဋိပက္ခဖြစ်နေသည့်အဖွဲ့များက ကြားဝင်ညှိနှိုင်းရေးအဖွဲ့နှင့် ၎င်းတို့၏ ကြားဝင်ညှိနှိုင်းပေးသူကို လက်ခံနိုင်မှုနှင့် ကြားဝင်ညှိနှိုင်းရေး၏ ထိရောက်နိုင်ခြေတို့ကို အဓိကထား စဉ်းစားရမည်။*

- ကြားဝင်ညှိနှိုင်းရေးပတ်ဝန်းကျင်တွင် လုပ်ငန်းတာဝန်များခွဲဝေသည့်အခါ အဖွဲ့အစည်း၏ စွမ်းဆောင်ရည်၊ လုပ်ဆောင်နိုင်စွမ်းနှင့် ရရှိနိုင်သော အရင်းအမြစ်များကိုလည်း ထည့်သွင်းစဉ်းစားရမည်။
- ကြားဝင်ညှိနှိုင်းရေး လုပ်ဆောင်ချက်များအတွက် နိုင်ငံရေးနှင့် အရင်းအမြစ်ပိုင်းအရ စဉ်ဆက်မပြတ် ပံ့ပိုးပေးနိုင်ရန် နိုင်ငံရေးနှင့် နိုင်ငံတကာ ဇာတ်ကောင်များက သူငယ်ချင်းအုပ်စုများ (သို့) နိုင်ငံတကာ ဆက်သွယ်ရေးအုပ်စုများကဲ့သို့သော ညှိနှိုင်းလုပ်ဆောင်ရေးယန္တရားများ တည်ထောင်ဖို့ စဉ်းစားသင့်သည်။

**အရည်အသွေးရှိသော ငြိမ်းချမ်းရေး သဘောတူညီချက်များ**

ငြိမ်းချမ်းရေးသဘောတူညီချက်များက အကြမ်းဖက်မှုကိုအဆုံးသတ်ပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ တရားမျှတမှု၊ လုံခြုံမှုနှင့် ပြန်လည်ရင်ကြားစေ့ရေးအတွက် ပလက်ဖောင်းတစ်ခု ဖန်တီးပေးသည်။ အခြေအနေတစ်ခုချင်းစီတွင် တတ်နိုင်သမျှ ၎င်းတို့က အတိတ်မှအမှားများကို ပြင်ဆင်ပြီး လူ့အဖွဲ့အစည်း အစိတ်အပိုင်းအားလုံးအပေါ် မတူညီသောသက်ရောက်မှုအားလုံးကို ထည့်သွင်းစဉ်းစားကာ နိုင်ငံအနာဂတ်အတွက် ဘုံမျှော်မှန်းချက်တစ်ရပ်ကို ဖန်တီးသည်။ ယင်းတို့က နိုင်ငံတကာ လူသားချင်းစာနာမှု၊ လူ့အခွင့်အရေးနှင့် ဒုက္ခသည် ဥပဒေများကိုလည်း လေးစားလိုက်နာသင့်သည်။ ဖြစ်စဉ်၏ လက္ခဏာရပ်များနှင့် သဘောတူညီချက်ပါ အချက်များအားလုံးက ငြိမ်းချမ်းရေးသဘောတူညီချက် ဖြစ်နိုင်ခြေကို ဆုံးဖြတ်ပေးသည်။ ငြိမ်းချမ်းရေးသဘောတူညီချက်၏ ရှည်ကြာမှုသည် ပဋိပက္ခဖြစ်နေသည့်အဖွဲ့များက နိုင်ငံရေးကတိကဝတ်ပြုနိုင်သည့်အတိုင်းအတာ၊ ပြည်သူများ၏လက်ခံမှု၊ ပဋိပက္ခဖြစ်စေရသည့် အရင်းခံအကြောင်းအရင်းများကို ဖြေရှင်းနိုင်သည့် အတိုင်းအတာ၊ သဘောတူညီချက်က အကောင်အထည်ဖော်ခြင်း၏ ဖိအားများကို ခံနိုင်ခြင်း ရှိ၊ မရှိ၊ အထူးသဖြင့် အကောင်အထည်ဖော်သည့်ကာလတွင် ထွက်ပေါ်လာနိုင်သော ဖြစ်နိုင်သည့် သဘောထားကွဲလွဲမှုများကိုကိုင်တွယ်ရန် သင့်တင့်သည့် ဖြစ်စဉ်များ ရှိ၊ မရှိအပေါ် ယေဘုယျအားဖြင့် မူတည်သည်။ ငြိမ်းချမ်းရေးသဘောတူညီချက်များ အကောင်အထည်ဖော်မှုက မကြာခဏဆိုသလို ပြင်ပအထောက်အပံ့များအပေါ် များစွာ မှီခိုနေသည်။ အကောင်အထည်ဖော်ခြင်းဖြစ်စဉ်ကို ထောက်ပံ့သည့် ဇာတ်ကောင်များနှင့် အလှူရှင်များ စောစီးစွာပါဝင်လာခြင်းက တစ်ခါတရံ ဆွေးနွေးပွဲများကျင်းပချိန်က ပြုလုပ်ခဲ့သည့် ခက်ခဲသော အလျှော့ပေးမှုများအား လိုက်နာရန် အားပေးနိုင်သည်။ ပဋိပက္ခဖြစ်နေသည့် အဖွဲ့များက သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် စွမ်းဆောင်နိုင်ဖို့ ပြင်ပအထောက်အပံ့က အရေးပါသော်လည်း အထောက်အပံ့အား အလွန်အကျွံ မှီခိုခြင်းက ပြည်တွင်း၌ ပိုင်ဆိုင်သက်ဆိုင်မှုကို ထိခိုက်စေသည်။

အရည်အသွေးရှိသော သဘောတူညီချက်တစ်ရပ် ထွက်ပေါ်လာရန် အောက်ပါစံနှုန်းများကို ထည့်သွင်းစဉ်းစားသင့်သည်ဟု ကုလသမဂ္ဂအဖွဲ့ကြီးက ဆိုထားသည်။

- သဘောတူညီချက်များက သဘောတူညီချက်ထဲတွင် အဓိကအကြောင်းအရင်းများကို တိုက်ရိုက်ဖြေရှင်းခြင်းဖြင့်လည်းကောင်း၊ ဒီမိုကရေစီနည်းလမ်းကျသော ဖြစ်စဉ်မှတစ်ဆင့် ၎င်းတို့ကို အချိန်ကာလတစ်ခုအတွင်း ဖြေရှင်းနိုင်မည့် ယန္တရားအသစ်များနှင့်/သို့မဟုတ် အင်စတီကျူးရှင်းများ

*တည်ထောင်ခြင်းဖြင့် ပဋိပက္ခကို ဖြစ်ပွားစေခဲ့သည့် အဓိကကိစ္စရပ်များနှင့် အာဃာတများကို ဖြေရှင်းရန် ရည်မှန်းသင့်သည်။*

- *ပြီးပြည့်စုံသော ကျေအေးမှုမရရှိနိုင်ပါက ကျယ်ပြန့်သော ဆွေးနွေးအကြံယူမှုများမှတစ်ဆင့် ပဋိပက္ခ၏ ကျန်ရှိနေသော အစိတ်အပိုင်းများကို ကိုင်တွယ်ရန် ငြိမ်းချမ်းသော ချဉ်းကပ်ပုံတစ်ခု စတင်ဖို့ အနိမ့်ဆုံး လုပ်ဆောင်ရမည့်အရာများကို ကြားဝင်ညှိနှိုင်းပေးသူက ပဋိပက္ခဖြစ်နေသော အဖွဲ့များနှင့် သတ်မှတ်သင့်သည်။*
- *အခြားသော အကဲဆတ်သည့်ကိစ္စရပ်များနှင့် ပတ်သက်ပြီး သဘောတူညီမှုမရရှိနိုင်ပါက ယင်းကိစ္စရပ်များအား နောင်တစ်ချိန်တွင် ဖြေရှင်းမည်ဟူသည့် အပိုဒ် (သို့) ယန္တရားများ ထည့်သွင်းထားသည့် သဘောတူညီချက်တစ်ရပ် ရေးဆွဲနိုင်ရန် ကြားဝင်ညှိနှိုင်းပေးသူက ပဋိပက္ခ ဖြစ်နေသည့် အဖွဲ့များနှင့် အခြားပတ်သက်ဆက်နွယ်သူများကို ကူညီပေးနိုင်သည်။*
- *အကောင်အထည်ဖော်သည့်အဆင့်တွင် ဆွေးနွေးရမည့် သဘောတူညီမှုမရရှိသည့် အချက်များကို ကန့်သတ်နိုင်ရန် သဘောတူညီချက်များသည် တတ်နိုင်သမျှ တိကျရမည်။*
- *သဘောတူညီချက်များသည် အကောင်အထည်ဖော်သည့်ကာလတွင် ထွက်ပေါ်လာနိုင်သည့် သဘောထားကွဲလွဲမှုများကို ကိုယ်တွယ်ရန် အကောင်အထည်ဖော်ရေး၊ စောင့်ကြည့်လေ့လာရေးနှင့် အငြင်းပွားမှုဖြေရှင်းရေးအတွက် ရှင်းလင်းသောပုံစံများ ပါဝင်ရမည်ဖြစ်သည်။ ၎င်းတို့က ဦးစားပေးမှုများ၊ သက်ဆိုင်ရာအဖွဲ့များ၏ တာဝန်များနှင့် လက်တွေ့ကျသော အချိန်ဇယားများအတွက် လမ်းညွှန်များလည်း ပါဝင်သင့်သည်။*
- *ပဋိပက္ခဖြေရှင်းရေးကိုလုပ်ဆောင်ရန် ရပ်ရွာ၏ လုပ်ဆောင်နိုင်စွမ်းနှင့် တည်ဆဲ ပြည်တွင်း အခြေခံ အဆောက်အအုံများကို အကဲဖြတ်သုံးသပ်ပြီး အားကောင်းအောင် လုပ်ဆောင်ပေးသင့်သည်။ သဘောတူညီချက်များက ရပ်ရွာဇာတ်ကောင်များနှင့် နိုင်ငံတကာဇာတ်ကောင်များ သင့်လျော်သလို ပါဝင်သော အားကောင်းသည့် အငြင်းပွားမှုဖြေရှင်းရေး ယန္တရားများကို ထည့်သွင်းထားသင့်သည်။ ထိုမှသာ ပြဿနာများကို ပေါ်ထွက်လာပြီး အရှိန်တက်မလာမီ ဖြေရှင်းနိုင်မည်ဖြစ်သည်။*

ဖြစ်စဉ်၏ ရလဒ်နှင့်ပတ်သက်၍ လစ်ခ်လိုင်ဒါ (Licklider (2001)) က ငြိမ်းချမ်းရေးသက်သက်သည် များသောအားဖြင့် ပဋိပက္ခအား လက်နက်ကိုင်တုံ့ပြန်သည့် အဖွဲ့များအတွက် အဓိကမျှော်မှန်းချက်မဟုတ်ဟု မှတ်ချက်ပြုခဲ့သည်။ အများစုက ကိစ္စရပ်များနှင့် မျှော်မှန်းချက်များသည် ၎င်းတို့ အသတ်ခံရသည်အထိ၊ အသက်ကို စွန့်လွှတ်ရသည်အထိ အရေးပါသည်ဟု ခံစားရသောကြောင့် ထိုသို့ လုပ်ဆောင်ခြင်း ဖြစ်သည်။ ဖြေရှင်းချက်တွင် ၎င်းတို့က သဘောတူညီချက် တစ်ခုအတွက် ၎င်းတို့ရည်မှန်းချက်များနှင့် မျှော်မှန်းချက်အချို့ကို စွန့်လွှတ်၍ အလျှော့ပေးမှု အတိုင်းအတာတစ်ခုအထိ ပြုလုပ်ရမည်ဟု ပါဝင်သည်။ ဆိုလိုသည်မှာ ငြိမ်းချမ်းရေး သဘောတူညီချက်သည် အဖွဲ့များအတွက် ဒုတိယ အကောင်းဆုံးရလဒ်ဖြစ်သည်။ ထို့ကြောင့် အဖွဲ့များက ဖြေရှင်းချက်၏ သတ်မှတ်ချက်များကို အပြည့်အဝ ကတိကဝတ်မပြုနိုင်သည့် အန္တရာယ်ရှိသည်။ စစ်ပြန်ဖြစ်နိုင်သည့်အန္တရာယ်က အမြဲတမ်းရှိနေလေရာ စစ်ပွဲမှ ငြိမ်းချမ်းရေးသို့ ကူးပြောင်းခြင်းက အဖွဲ့များအတွက်သာမက လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်ပါ မတူညီသည့် အချက်အလက်အများအပြားနှင့် ကတိကဝတ်များ လိုအပ်သည်။

ငြိမ်းချမ်းရေးရရှိရေးဖြစ်စဉ် ကျဆုံးရသည့်အကြောင်းအရင်း အများအပြားရှိသည်။ များစွာသော ငြိမ်းချမ်းရေး ဖြစ်စဉ်များနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များ ကျရှုံးရသည့်အကြောင်းအရင်းများတွင် အောက်ပါတို့ ပါဝင်သည်။

(၁) စစ်ပွဲကာလနှောင်းပိုင်းနှင့် သဘောတူကာလနှောင်းပိုင်း နိုင်ငံများ၏အားနည်းချက်များမှာ ၎င်းတို့ အများအပြားသည် အားနည်းသောအင်စတီကျူးရှင်းများရှိသည့် ဆင်းရဲသောနိုင်ငံများ ဖြစ်ကြသည်။ ဤသည်က သက်ရောက်မှုရှိနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုသို့သော နိုင်ငံများသည် သဘောတူညီချက်အကောင်အထည်ဖော်ခြင်းကို ကောင်းမွန်စွာလုပ်ဆောင်နိုင်မည် မဟုတ်သောကြောင့် ဖြစ်သည်။ အထူးသဖြင့် စစ်ပွဲနှောင်းပိုင်း ပြန်လည်တည်ဆောက်ရေး၏ စီးပွားရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဖြစ်သည်။

(၂) အငြင်းပွားမှုမှ အဓိကကျသည့် ကိစ္စရပ်များအားလုံးကို မပါဝင်ခြင်း (သို့) အဓိကဇာတ်ကောင်များ အားလုံးကို မပါဝင်ခြင်းကဲ့သို့သော ဖြစ်စဉ်အမှားများက အငြင်းပွားမှုကို သက်ဆိုးရှည်စေသည်၊ ပိုကြာမြင့်စေသည်။ ကိစ္စရပ်များကိုမဖြေရှင်းခြင်းက ယင်းတို့က အဖွဲ့များအကြား ပဋိပက္ခဖြစ်စရာများအဖြစ် ဆက်လက်ရှိနေမည် ဖြစ်သည်။ အဓိကဇာတ်ကောင်များအားလုံးမပါဝင်ခြင်းက ၎င်းတို့ ကိုယ်ပိုင် အစီအစဉ်များကို တွန်းအားပေးလိုသည့် နှောင့်ယှက်ဖျက်ဆီးသူများ ပေါ်ထွက်လာစေနိုင်ပြီး ဖြေရှင်းရန် လိုအပ်မည့် ပဋိပက္ခလမ်းကြောင်းသစ်တစ်ခု အစပြုလာနိုင်သည်။

(၃) ခေါင်းဆောင်များက ၎င်းတို့၏နောက်လိုက်များကို သဘောတူညီချက်အတိုင်း မယူဆောင်ပေးနိုင်ခြင်း၊ အထူးသဖြင့် မျှော်မှန်းထားသည့် အကျိုးကျေးဇူးများက စိတ်ပျက်ဖွယ်ရာဖြစ်ခြင်း (သို့) အချိန်ကြာနေခြင်း ရှိနိုင်သည်။ ဤသည်က စွမ်းဆောင်ရည်၊ အထူးသဖြင့် အဖွဲ့များ၏ စီးပွားရေးဆိုင်ရာ စွမ်းဆောင်ရည်နှင့် ဆက်စပ်သည်။ သို့သော် အကျိုးကျေးဇူးများကိုဖြန့်ဝေရာတွင် အကျင့်ပျက်ခြစားခြင်းနှင့် ဆွေမျိုးကောင်းစားရေးဝါဒကဲ့သို့သော အဖွဲ့များဘက်မှ အလွဲသုံးစားပြုစီမံခြင်းများလည်း ပါဝင်နိုင်သည်။

(၄) ခက်ခဲသည့်အသေးစိတ်များအစား ကျယ်ပြန့်သောအစီအစဉ်များကိုသာ ချမှတ်ထားသည့် သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်းလည်း ဖြစ်နိုင်သည်။ သဘောတူညီချက်ကို အလောတကြီး လုပ်ဆောင်လိုက်ရသည့်အခါ (သို့) မပြည့်စုံသည့်အခါ ထိုသို့ဖြစ်နိုင်သည်။ သဘောတူ မထားသည့် အသေးစိတ်များက အကောင်အထည်ဖော်ရန် ခက်ခဲလိမ့်မည်။ အသေးစိတ်များ မပါဝင်ခြင်း က အကောင်အထည်ဖော်သည့်အဖွဲ့များကို မိမိဘာသာ အဓိပ္ပာယ်ပြန်ဆိုခြင်းများ (သို့မဟုတ် မှားယွင်း အဓိပ္ပာယ်ပြန်ဆိုခြင်းများ) လုပ်ဆောင်စေနိုင်သည်။

(၅) သဘောတူညီမှုနှောင်းပိုင်း အကြမ်းဖက်မှုများ ပြန်လည်ပေါ်ပေါက်လာခြင်းအပါအဝင် မျှော်မှန်းမထား သည့် ဖြစ်ပေါ်ပြောင်းလဲမှုများ ပေါ်ထွက်လာခြင်း။

ယခုအပိုင်းတွင်တင်ပြခဲ့သည့် လမ်းညွှန်ချက်များက ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခု မည်သို့ဖန်တီးရန်နှင့် ထိန်းသိမ်းရန် ပြည့်စုံအသေးစိတ်ကျသည့် မူဘောင်တစ်ခုတွင် ပါဝင်သောအစိတ်အပိုင်းများ ဖြစ်သည်။ သက်ဆိုင်ရာ ကိစ္စရပ်များနှင့် နောက်ခံအခြေအနေများကိုကိုင်တွယ်ရန် လိုအပ်သလို မှီငြမ်းပြောင်းလဲမှုများ လုပ်ဆောင်ရမည်

ဖြစ်သည်။ ပဋိပက္ခတစ်ခုချင်းစီသည် တစ်ချိန်တည်းမှာပင် ယေဘုယျကျသလို ထူးလည်းထူးခြားသည်။ အထက်တွင်ဖော်ပြခဲ့သည့် ပြည့်စုံပြီးအသေးစိတ်ကျသောမူဘောင်က ပဋိပက္ခ၏ ယေဘုယျကျမှုကို ကိုင်တွယ်နိုင်သည့် လမ်းညွှန်တစ်ရပ်ဖြစ်သလို တစ်ချိန်တည်းမှာပင် ဒေသမှ အလေ့အကျင့်များ/ ဓလေ့ထုံးတမ်းများ/ဗဟုသုတအသိပညာများ၏ ပါဝင်အကျိုးပြုမှုလိုအပ်သည့် ပဋိပက္ခ၏ သီးသန့်ဖြစ်သော သဘောသဘာဝကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ မူဘောင်က ဒေသတွင်းမှ အမျိုးမျိုးသော ငြိမ်းချမ်းရေးဖြစ်စဉ်များကို ထင်ဟပ်ရန်လည်း လိုအပ်သည်။ အောက်ပါအပိုင်းများတွင် အရှေ့တောင်အာရှမှ ယေဘုယျနှင့် သီးသန့်ဖြစ်သော ဖြစ်စဉ်များ၏ သဘောသဘာဝများကို တင်ပြထားသည့် ဖြစ်ရပ်လေ့လာခြင်း အချို့ကို လေ့လာသွားပါမည်။

## ၅.၅ ဖြစ်ရပ်လေ့လာခြင်းများ

ယခုအပိုင်းက အထက်ပါဆွေးနွေးမှုတွင် တင်ပြခဲ့သည့် ချဉ်းကပ်ပုံများနှင့် အဆင့်များကို ပုံဖော်ပြနိုင်ရန် ဖြစ်ရပ်လေ့လာခြင်းအချို့ကို လုပ်ဆောင်သွားပါမည်။ တင်ပြထားသည့် ဖြစ်ရပ်များမှာ ဘန်ဆာမိုရို/မင်ဒါနောင် ငြိမ်းချမ်းရေးဖြစ်စဉ်၊ အာချေး ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် အင်ဒိုနီးရှားနိုင်ငံ၊ မာလူကူမှ *ဘာကူဘာ* လှုပ်ရှားမှုတို့ ဖြစ်ကြသည်။

### ၅.၅.၁ ဖြစ်ရပ်လေ့လာခြင်း (၁)၊ မင်ဒါနောင်/ဘန်ဆာမိုရို ငြိမ်းချမ်းရေး ဖြစ်စဉ်[9] [10]

**(က) မင်ဒါနောင်/ဘန်ဆာမိုရို ပဋိပက္ခ၏ နောက်ခံ**

မင်ဒါနောင် ပဋိပက္ခ၏ အဓိကပြဿနာမှာ ဘန်ဆာမိုရိုလူမျိုးများက ၎င်းတို့၏လွတ်လပ်ရေးကို ပြန်လည်ရယူရန် ကြိုးပမ်းမှုဖြစ်သည်။ ထို့ကြောင့် ဘန်ဆာမိုရိုလူမျိုးများနှင့် အစိုးရတို့အကြား နိုင်ငံရေးဆက်ဆံရေးကို အဓိက အာရုံစိုက်ရန် လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော် ဤသည်က အခြားသော လူမှုရေး၊ စီးပွားရေးနှင့် ဘာသာရေးမညီမျှမှုများ၊ အာဃာတများနှင့် ပြဿနာများဖြစ်ရသည့် အဓိကအကြောင်းအရင်း (သို့) ပါဝင်ဖန်တီးနေသည့် ကိစ္စရပ်ဖြစ်သောကြောင့် ဖြစ်သည် (Lingga, 2005a)။

ပြင်သစ်ကိုလိုနီများမရောက်လာမီက ဘန်ဆာမိုရိုသည် နိုင်ငံတည်ဆောက်ရေးနှင့် အုပ်ချုပ်ရေးဖြစ်စဉ်များ စတင်နေပြီဖြစ်သည်။ ပထမ ဆူးလူးဒေသတွင် ဆူလ်တန်အုပ်ချုပ်ရေးကို ၁၅ ရာစုနှစ်အလယ်လောက် ကတည်းက တည်ထောင်ထားပြီး ၁၆ ရာစု အစောပိုင်းတွင် မာဂူအင်ဒါနော် ဆူလ်တန်ကို တည်ထောင်ခဲ့သည်။ ဘူအာရန် ဆူလ်တန်အုပ်ချုပ်ရေး၊ ရာနောင်ဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (Pat a Pagampong ko Ranao) နှင့် အခြားသောနိုင်ငံရေးဒေသခွဲများ တည်ထောင်ခြင်းဖြင့် နိုင်ငံတည်ဆောက်ရေးများ ဆက်လက် ဖြစ်ပွားခဲ့သည်။ ထိုနိုင်ငံများက အခြားနိုင်ငံများနှင့် ၎င်းတို့ ကိုယ်ပိုင်ကုန်သွယ်ရေးနှင့် သံတမန်ဆက်ဆံရေး စနစ်များ တည်ထောင်ပြီးဖြစ်သည်။ စပိန်ကိုလိုနီအစိုးရက တောင်ပိုင်းမူဆလင်ဒေသများကို သိမ်းပိုက်ရန်

[9] Prof Abhoud Syed Lingga, Executive Director, Institute for Bangsamoro Studies (IBS), Cotabato City, the Philippines ကူညီပါဝင်ရေးသားသည်။

[10] မင်ဒါနောင် ငြိမ်းချမ်းရေးဖြစ်စဉ် အပြည့်အစုံအတွက် Ozerdam, A, and MacGinty, R (eds), Comparing Peace Processes, London: Routledge, 2019 စာအုပ်ပါ Abubakar, A, and Askandar, K, 'Mindanao' ဆောင်းပါးကို ရှုပါ။

ကြိုးပမ်းခဲ့သော်လည်း မည်သည့်အခါကမျှ မအောင်မြင်ခဲ့ပေ။ ထိုနိုင်ငံများ၏ စုစည်းထားသော ရေကြောင်းနှင့် ကြည်းကြောင်း အင်အားစုများက ဘန်ဆာမိုရို ဒေသကို အောင်မြင်စွာခုခံနိုင်ခဲ့ပြီး ၎င်းတို့၏လွတ်လပ်ရေးကို ထိန်းသိမ်းထားနိုင်ခဲ့သည်။ သင်မပိုင်ဆိုင်သည့်အရာကို သင်ရောင်းချ၍မရဟူသည့် စကားပုံကဲ့သို့ စပိန်နိုင်ငံက မည်သည့်အခါကမျှ ၎င်းတို့၏ ဘိုးဘွားပိုင်မြေများကို ထိရောက်စွာအုပ်ချုပ်နိုင်ခဲ့ခြင်း မရှိသောကြောင့် ၎င်းတို့၏ နယ်မြေများသည် စပိန်နိုင်ငံမှ အမေရိကန်နိုင်ငံကို ၁၉၈၉ ခုနှစ် ပဲရစ်ပဋိညာဉ်အရ လွှဲပြောင်းပေးခဲ့သည့် ဒေသများတွင် မည်သည့်အခါကမျှမပါဝင်ခဲ့ဟု ဘန်ဆာမိုရိုလူမျိုးများက ငြင်းဆိုကြသည်။

အမေရိကန်တပ်ဖွဲ့များက မင်ဒါနောင်နှင့် ဆူးလူးဒေသနေရာအချို့ကို သိမ်းပိုက်ခဲ့သည့်အချိန်အထိ ၎င်းတို့၏ လွတ်လပ်ရေးကို သိမ်းပိုက်ရန် ကြိုးပမ်းမှုများအပေါ် ဘန်ဆာမိုရိုလူမျိုးများ၏ တော်လှန်မှု ဆက်လက်ဖြစ်ပွားခဲ့သည်။ အမေရိကန်အစိုးရက ဖိလစ်ပိုင်နိုင်ငံကိုလွတ်လပ်ရေးပေးရန် ကတိပေးသည့်အခါ ဘန်ဆာမိုရို ခေါင်းဆောင်များက ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာရမည့်အရေးကို ပြင်းပြင်ထန်ထန် ကန့်ကွက်ခဲ့ကြသည်။ ၁၉၄၆ ခုနှစ်တွင် ၎င်းတို့ ဒေသများကို ဖိလစ်ပိုင်နိုင်ငံ၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်လိုက်ချိန်အထိ ဘန်ဆာမိုရိုလူမျိုးများက ၎င်းတို့၏ လွတ်လပ်ရေးအခွင့်အရေးကို ဆက်လက် ဆွဲကိုင်ခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာယန္တရားများ မရှိခြင်းကြောင့် နိုင်ငံရေးနည်းလမ်းများအရ လွတ်လပ်ရေးပြန်ရရန်မှာ မဖြစ်နိုင်ကြောင်း ဘန်ဆာမိုရိုခေါင်းဆောင်များ ရှင်းရှင်းလင်းလင်းသိသွားသည့်အခါ ၁၉၇၅ ခုနှစ်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုအတွက် နောက်ဆုံးသဘောတူညီချက် မရရှိမီအချိန်အထိ တော်လှန်ရေး နည်းလမ်းဖြင့် ဘန်ဆာမိုရိုဒေသနှင့် ၎င်းတို့အမိမြေကို ဖိလစ်ပိုင်နိုင်ငံထံမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းရန် မိုရိုအမျိုးသား လွတ်မြောက်ရေးတပ်ဦး (Moro National Liberation Front (MNLF)) ကို တည်ထောင်ခဲ့သည်။ နှစ်ပေါင်းနှစ်ဆယ်ကျော်တိုင် မင်ဒါနောင်ပဋိပက္ခကိုဖြေရှင်းရန် ညှိနှိုင်းဆွေးနွေးမှုများအား ဖိလစ်ပိုင်နိုင်ငံအစိုးရ (Republic of Philippines (GPH)) နှင့် MNLF ကြားတွင်သာ လုပ်ဆောင်ခဲ့သည်။ ၁၉၉၇ ခုနှစ် ဇန်နဝါရီလတွင် GPH က အခြားသော ဘန်ဆာမိုရိုတော်လှန်ရေးအုပ်စုတစ်စုဖြစ်သည့် မိုရိုအစ္စလာမ်မစ် လွတ်မြောက်ရေးတပ်ဦး (Moro Islamic Liberation Front (MILF)) နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ စတင်ခဲ့သည်။

**(ခ) မင်ဒါနောင်ဒေသတွင် တတိယအုပ်စုပါဝင်မှု**

GPH နှင့် ဘန်ဆာမိုရို လွတ်မြောက်ရေးတပ်ဦးများကို ညှိနှိုင်းဆွေးနွေးရေးစားပွဲဝိုင်းပေါ် ရောက်လာအောင် လုပ်ဆောင်ရာနှင့် လိပ်ခဲတည်းလည်းအခြေအနေအများအပြားနှင့် အကြမ်းဖက်မှုများရှိလင့်ကစား ၎င်းတို့ကို လမ်းကြောင်းပေါ်တွင်ရှိနေအောင် လုပ်ဆောင်ရာတွင် တတိယအုပ်စုများက အကူအညီပေးနိုင်ခဲ့သည်။ အစ္စလာမ်မစ်ညီလာခံအဖွဲ့အစည်း (Organization of Islamic Conference (OIC)) က GPH နှင့် MNLF အကြား ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် တာဝန်ယူခဲ့ပြီး GPH နှင့် MILF အကြားဖြစ်စဉ်ကို မလေးရှားနိုင်ငံက ပံ့ပိုးကူညီ ပေးခဲ့သည်။

***အစ္စလာမ်မစ် ညီလာခံအဖွဲ့အစည်း***

ဂျက်ဒါမြို့ ဆော်ဒီအာရေးဗျနိုင်ငံတွင် ၁၉၇၂ ခုနှစ်၌ ကျင်းပခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးများဆိုင်ရာ တတိယအစ္စလာမ်မစ်ညီလာခံ (Islamic Conference of Foreign Ministers (ICFM)) မှစ၍ ၁၉၉၆ ခုနှစ်

စက်တင်ဘာလ (၂) ရက်နေ့ နောက်ဆုံး ငြိမ်းချမ်းရေးသဘောတူညီချက် လက်မှတ်ရေးထိုးချိန်အထိ OIC က GPH နှင့် MNLF အကြား ညှိနှိုင်းဆွေးနွေးပွဲများတွင် တက်ကြွစွာပါဝင်ခဲ့သည်။ OIC ၏ ပါဝင်မှု အစိတ်အပိုင်းတစ်ခု အနေဖြင့် လစ်ဗျားနှင့် အင်ဒိုနီးရှားနိုင်ငံတို့လည်း ပါဝင်လာခဲ့သည်။ လစ်ဗျားနိုင်ငံက ၁၉၇၆ ခုနှစ် ထရိုင်ပိုလီ သဘောတူစာချုပ်တွင် OIC ကိုယ်စား ပါဝင်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံက ၁၉၉၆ ခုနှစ် ငြိမ်းချမ်းရေး သဘောတူစာချုပ်ကို ရေးဆွဲရာတွင် (၈) ဦးပါ ကော်မတီကို ဦးဆောင်ခဲ့သည်။

OIC က မင်ဒါနောင်ပဋိပက္ခကို ကြားဝင်ဖျန်ဖြေရာတွင် စောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ ကြားဝင်ညှိနှိုင်းရေး၊ စုံစမ်းစစ်ဆေးခြင်းနှင့် ရင်ကြားစေ့ရေး၊ ပိတ်ဆို့အရေးယူရေး နည်းလမ်းများကို ရောစပ်အသုံးပြုခဲ့သည်။ OIC ၏ ကြားဝင်ဖြန်ဖြေရေးကို အောက်ပါအတိုင်း အနှစ်ချုပ်နိုင်ပါသည်။

- ၁၉၇၂ ခုနှစ် သန္နိဋ္ဌာန်အတိုင်း OIC က မင်ဒါနောင်သို့ လစ်ဗျား၊ ဆီနီဂေါ၊ ဆိုမာလီယာနှင့် ဆော်ဒီအာရေးဗျ နိုင်ငံခြားရေးဝန်ကြီးများ ပါဝင်သည့် အချက်အလက်ရှာဖွေရေးကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ခဲ့သည်။ OIC က အာဆီယံမူဘောင်အတွင်း ဖြေရှင်းချက်တစ်ခုရှာဖွေနိုင်ဖို့ အင်ဒိုနီးရှားနှင့် မလေးရှားတို့ကို ၎င်းတို့၏ လွှမ်းမိုးမှုများကိုအသုံးပြုရန် တိုက်တွန်းခဲ့သည်။
- OIC က ၁၉၇၃ ခုနှစ် ဘန်ဂါဇီမြို့ လစ်ဗျားနိုင်ငံတွင် ကျင်းပသည့် အစည်းအဝေး၌ ဝန်ကြီးလေးပါး ကော်မတီကို ဖန်တီးခဲ့သည်။ ကော်မတီ၏တာဝန်က ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းမှ မူဆလင်များ၏ အခြေအနေများကိုလေ့လာကာ GPH ကို ၎င်းတို့က အခြေအနေအား ပေါ့ပေါ့တန်တန်သဘောမထားဟု ပြသရန်ဖြစ်သည်။
- ၁၉၇၄ ခုနှစ် မေလ (၂၉) ရက်နေ့တွင် သမ္မတ ဖာဒီနန်မားကို့စ်က မင်ဒါနောင်တွင် သမ္မတဆူဟာတိုနှင့် တွေ့ဆုံခဲ့သည်။ အာဆီယံခေါင်းဆောင်နှစ်ဦး၏ စည်းဝေးပွဲတွင် ဆွေးနွေးခဲ့သည့်ကိစ္စရပ်များ၌ မင်ဒါနောင် ပဋိပက္ခလည်း ပါဝင်ခဲ့သည်။
- ၁၉၇၄ ခုနှစ် ဇွန်လ ၂၁-၂၅ ရက်နေ့တွင် OIC က ကြားဝင်ညှိနှိုင်းရေးကို စတင်ခဲ့သည်။ သူတို့က ပဋိပက္ခ ဖြေရှင်းရေး မူဘောင်တစ်ခုကို အဆိုပြုခဲ့ပြီး MNLF နှင့် ညှိနှိုင်းဆွေးနွေးရေးမှတစ်ဆင့် နိုင်ငံရေးနှင့် ငြိမ်းချမ်းရေးအဖြေတစ်ခု ရောက်ရှိအောင် လုပ်ဆောင်ရန်ဖြစ်သည်။
- ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းမှ မူဆလင်များ အခြေအနေတိုးတက်လာပြီး လူမှုရေးနှင့် စီးပွားရေးအရ ဖူလုံမှုကိုတိုးမြှင့်နိုင်ဖို့ ၎င်းတို့အား တိုက်ရိုက်အကူအညီပေးနိုင်ရန် ၁၉၇၄ ခုနှစ်တွင် အစ္စလာမ်မစ် ကမ္ဘာ့အဖွဲ့အစည်းက ဖိလစ်ပိုင်မူဆလင်များ သာယာဝပြောရေးနှင့် အကူအညီပေးရေးအေဂျင်စီကို တည်ထောင်ခဲ့သည်။
- ၁၉၇၇ ခုနှစ် ဇန်နဝါရီလတွင် လက်မှတ်ရေးထိုးခဲ့သည့် GPH-MNLF အပစ်အခတ်ရပ်စဲရေးကို စောင့်ကြည့်လေ့လာရန် OIC က အဖွဲ့ဝင်လေးဦးပါသော ဝန်ကြီးများဆိုင်ရာကော်မတီကို ဖွဲ့စည်းစေလွှတ်ခဲ့သည်။ သို့ရာတွင် စောင့်ကြည့်လေ့လာရေးအဖွဲ့က ၁၉၇၇ ခုနှစ် နှောင်းပိုင်းတွင် အကြမ်းဖက်မှုများ ပြန်လည်စတင်လာခြင်းကိုတားဆီးရန် ပျက်ကွက်ခဲ့သည်။
- GPH နှင့် MNLFတို့က ၎င်းတို့၏ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ပြန်လည်စတင်သောအခါ အင်ဒိုနီးရှားနိုင်ငံက စောင့်ကြည့်ရန် အဖွဲ့ငယ်တစ်ဖွဲ့စေလွှတ်ခဲ့သည်။

- လစ်ဗျားနိုင်ငံ၏ သံတမန်ရေးရာကြိုးပမ်းမှုများမှတစ်ဆင့် GPH နှင့် MNLF တို့က ၁၉၇၆ ခုနှစ် ထရိုင်ပိုလီသဘောတူညီမှုစာချုပ်ပါ အချက်အလက်များကို သဘောတူညီနိုင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ၏ ကြိုးပမ်းမှုများကလည်း GPH နှင့် MNLF တို့ကို ၁၉၉၆ ခုနှစ် ငြိမ်းချမ်းရေးသဘောတူညီချက် ရရှိစေရန် အထောက်အကူဖြစ်စေခဲ့သည်။

OIC ၏ ကြားဝင်ညှိနှိုင်းရေးက အကျိုးရှိသည်။ ယင်းက GPH နှင့် MNLF တို့အကြား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို အဆုံးသတ်စေနိုင်ခဲ့သည်။ သို့ရာတွင် ဆယ်စုနှစ်နှစ်စုကြာဆွေးနွေးမှုများက ဘန်ဆာမိုရို ပြဿနာကို မဖြေရှင်းနိုင်ခဲ့ပေ။ OIC အထွေထွေအတွင်းရေးမှူး၏ တွေ့ရှိချက်များအရ ငြိမ်းချမ်းရေးသဘောတူ စာချုပ်က စစ်မှန်သောငြိမ်းချမ်းရေးကို မယူဆောင်ပေးနိုင်ခဲ့ပေ။ အချို့သောအချက်များကို အဓိပ္ပာယ် ဖွင့်ဆိုခြင်းများတွင် သဘောထားကွဲလွဲခြင်းများက အကြမ်းဖက်မှုများ ပြန်လည်စတင်စေခဲ့သည်။ သဘောတူညီချက်များရရှိအောင် လုပ်ဆောင်ပေးခဲ့သည့်အတွက် ချီးမွမ်းခံရထိုက်သော်လည်း OIC ၏ ကြားဝင်မှုက နောက်ဆုံးတွင် အဖွဲ့များကို သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာစေရာတွင် မအောင်မြင်ခဲ့ပေ။ OIC ၏ ကြားဝင်မှုမှ သင်ယူရရှိသည့်သင်ခန်းစာများက တတိယအုပ်စုများသည် သဘောတူညီချက်ရရှိရေးကိုသာ စိတ်ပူပန်မနေသင့်ဘဲ ပါဝင်သည့်အချက်များကို လိုက်နာစေရန်လည်း လုပ်ဆောင်သင့်သည်။ ယခုဖြစ်ရပ်တွင် သဘောတူညီချက်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာစေရန် အနီးကပ် စောင့်ကြည့်လေ့လာရေးအပါအဝင် မည်သည့်အပိုလုပ်ဆောင်ချက်ကိုမျှ မလုပ်ဆောင်ခဲ့ပေ။

***မလေးရှား***

GPH နှင့် MILF ဆွေးနွေးပွဲများတွင် မလေးရှားနိုင်ငံ၏ တတိယအုပ်စုအဖြစ် ပါဝင်မှုသည် အဓိကအားဖြင့် ပံ့ပိုးကူညီပေးသည့် ပုံစံသာဖြစ်သည်။ သို့သော်လည်း မလေးရှားနိုင်ငံက သင့်လျော်ပါက ကိစ္စရပ်များကို ကြားဝင်ညှိနှိုင်းပေးခြင်းလည်း ရှိသည်။ ဆန်တို့စ် (Santos (2003)) က မလေးရှားနိုင်ငံ၏ ပံ့ပိုးကူညီရေး အခန်းကဏ္ဍကို အောက်ပါအတိုင်း ဖော်ပြခဲ့သည်။ မလေးရှားနိုင်ငံက အဖွဲ့များအကြား ရပ်တည်ချက်များကို ဖလှယ်ရာတွင် ကြားခံအဖြစ်လုပ်ဆောင်ခြင်း၊ သင့်လျော်သည့်ပတ်ဝန်းကျင်တစ်ခုနှင့် လိုအပ်သည့် အသုံးအဆောင်များ ဖန်တီးပေးခြင်း၊ ဆွေးနွေးပွဲများတွင် ဒိုင်လူကြီးအဖြစ်ရှိနေပြီး ကတိကဝတ်များနှင့် နားလည်မှုများကို သက်သေအဖြစ်ရှိခြင်း၊ အဖွဲ့များအကြားလွန်းထိုးခြင်းဖြင့် ကွာဟချက်များကို ပေါင်းကူးပေး ခြင်း၊ ဆွေးနွေးမှုများကိုစီမံခန့်ခွဲပေးခြင်း၊ သဘောတူညီထားသည့်အချက်များကို အသေးစိတ် မှတ်တမ်းတင်ခြင်း နှင့် ထိန်းသိမ်းခြင်းတို့ ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း မလေးရှားနိုင်ငံက ပံ့ပိုးကူညီပေးရုံသာမက ကြားဝင်ညှိနှိုင်းရေးလည်း လုပ်ဆောင်ခဲ့သည်။ ထို့ပြင် ၂၀၀၁ ခုနှစ် GPH-MILF ထရိုင်ပိုလီ ငြိမ်းချမ်းရေးသဘောတူစာချုပ်ပါ လူသားချင်းစာနာမှု၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များ အကောင်အထည်ဖော်ရန် လမ်းညွှန်ချက် ကို GPH အဖွဲ့က လက်မှတ်မရေးထိုးသည့်အခါ မလေးရှားနိုင်ငံက လိပ်ခဲတည်းလည်းအခြေအနေကို ဖြေရှင်းနိုင်ရန် နောက်ကွယ်မှ ညှိနှိုင်းဆွေးနွေးမှုများကို အသုံးပြုခဲ့သည်။ အစိုးရအင်အားစုများက ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလတွင် MILF တပ်စခန်းများကို တိုက်ခိုက်ခဲ့သည့်အခါ မလေးရှားနိုင်ငံက နှစ်ဖွဲ့လုံးကို တရားဝင်

တွေ့ဆုံဆွေးနွေးရေးများ မည်ကဲ့သို့ပြန်လည်စတင်နိုင်မည်ဟူသည့်အပေါ် အကြံဉာဏ်သစ်များထုတ်နိုင်ရန် ရှာဖွေဖော်ထုတ်ရေး ဆွေးနွေးပွဲများသို့ ဖိတ်ခေါ် ခဲ့သည်။ သို့ရာတွင် တရားဝင်ဆွေးနွေးမှုများ ပြန်လည်စတင်ရန် စုစည်းပေးမည့်အစား မလေးရှားနိုင်ငံက ရှာဖွေဖော်ထုတ်ရေးဆွေးနွေးပွဲများကို အရေးပါသည့် ဘိုးဘွားပိုင်ဆိုင်မှု ကိစ္စရပ်များနှင့် ပတ်သက်ပြီး ဆွေးနွေးရန် နေရာအဖြစ် အသုံးချခဲ့သည်။

မလေးရှားနိုင်ငံက ပံ့ပိုးကူညီပေးရေးနှင့် ကြားဝင်ညှိနှိုင်းရေး အခန်းကဏ္ဍများကို ယေဘုယျအားဖြင့် ကောင်းစွာ လုပ်ဆောင်နိုင်ခဲ့သည်။ မလေးရှားနိုင်ငံ၏ ပံ့ပိုးကူညီမှုအောက်တွင် ဆွေးနွေးပွဲများက အရေးပါသောကိစ္စရပ်များ ဆွေးနွေးနိုင်ခဲ့သည်။ ညှိနှိုင်းဆွေးနွေးရေး၊ အပစ်အခတ်ရပ်စဲရေး၊ ပဋိပက္ခဒေသများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မူဘောင်များနှင့်ပတ်သက်ပြီး သဘောတူညီချက်များ ရရှိခဲ့သည်။ မလေးရှားနိုင်ငံက စေလွှတ်သူအများစုပါဝင်သည့် နိုင်ငံတကာလေ့လာစောင့်ကြည့်ရေးအဖွဲ့ (International Monitoring Team (IMT)) ရှိခြင်းကလည်း GPH နှင့် MILF စစ်တပ်များအကြား ကြမ်းကြုတ်သည့် ရင်ဆိုင်မှုများကို သိသိသာသာ လျှော့ချပေးနိုင်သည်။ သို့ရာတွင် မလေးရှားနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်မှုကို နှစ်ဘက်လုံးက ကြိုဆိုခဲ့သော်လည်း ဖိလစ်ပိုင်နိုင်ငံ အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာတို့က မလေးရှားနိုင်ငံ၏ တင်းကြပ်သော လျှို့ဝှက်ချက်ထိန်းသိမ်းရေး စည်းမျဉ်းများကို စဉ်ဆက်မပြတ်ဝေဖန်ခဲ့ကြသည်။

### (ဂ) GPH-MILF ငြိမ်းချမ်းရေးဖြစ်စဉ် အသွင်ပြောင်းလဲမှုမှ သင်ခန်းစာများ

GPH-MILF ငြိမ်းချမ်းရေးဖြစ်စဉ်က အဆင့်ပေါင်းများစွာ ကျော်ဖြတ်ခဲ့ရပြီး ငြိမ်းချမ်းရေးဖန်တီးရေးဖြစ်စဉ်တွင် မလေးရှားနိုင်ငံ၏ ချဉ်းကပ်ပုံ ထင်ဟပ်နေသည်။ အစောပိုင်းအဆင့်များတွင် လုံခြုံရေးဆိုင်ရာစီမံမှုများ၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးနှင့် ဘိုးဘွားပိုင်ဆိုင်မှုကိစ္စရပ်များဟူသည့် အဓိကကိစ္စရပ် (၃) ခုကို တွေ့ခဲ့ရသည်။ ဆွေးနွေးညှိနှိုင်းရေးဖြစ်စဉ်တွင် ပို၍ခက်ခဲသောခေါင်းစဉ်များမဆွေးနွေးမီ လွယ်ကူသော ခေါင်းစဉ်များကို အရင်စတင်ဆွေးနွေးခြင်းက ပိုကောင်းသည်ဟူသည့် ယူဆချက်အောက်တွင် ထိုခေါင်းစဉ်များကို ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ ဖြစ်စဉ်စတင်လာပြီးနောက်ပိုင်းတွင် အခြားသောခေါင်းစဉ်များကိုလည်း ထည့်သွင်း လာသည်။ ဥပမာ ဘိုးဘွားပိုင်ဆိုင်မှုကိစ္စရပ်များတွင် သဘောတရား၊ နယ်မြေ၊ အရင်းအမြစ်များနှင့် အုပ်ချုပ်မှုကဲ့သို့သော ခေါင်းစဉ်ခွဲများ ထည့်သွင်းလာခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်က အဖွဲ့များအကြား ငြိမ်းချမ်းရေးဖန်တီးရန် ပလက်ဖောင်းတစ်ခု ဖန်တီးပေးရုံသာမက ကျယ်ပြန့်သော ငြိမ်းချမ်းရေးထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး အခြေခံအဆောက် များကိုပါ ပြောင်းလဲစေခဲ့သည်။ တရားဝင် ငြိမ်းချမ်းရေးဖန်တီးရေးကို မလေးရှားနိုင်ငံက ပံ့ပိုးကူညီပေးပြီး မလေးရှားနိုင်ငံ ပူထရာဂျာယာ (သို့) ကွာလာလမ်ပူတွင် လုပ်ဆောင်ခဲ့သည်။ အဖွဲ့များအကြား ပထမအကြိမ် အပစ်အခတ်ရပ်စဲမှု သဘောတူချိန် ၁၉၉၇ ခုနှစ်မှ စ၍ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတည်ဆောက်ပုံ စတင်ခဲ့သည်။ ထိုအချိန်မှစ၍ ငြိမ်းချမ်းရေးထိန်းသိမ်းရေးနှင့် စောင့်ကြည့်လေ့လာခြင်းများလည်း ပြောင်းလဲလာခဲ့သည်။ အဓိကအဖွဲ့များ စုစည်းထားသော ဒေသခံစောင့်ကြည့်လေ့လာရေးအဖွဲ့များ (local monitoring teams (LMTs)) မှ ဘန်တေ အပစ်အခတ်ရပ်စဲရေး (အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာမှု) ဟု လူသိများကြသည့် အမှီအခိုကင်းစွာ ဖွဲ့စည်းထားသော အရပ်သားဦးဆောင်သည့် စောင့်ကြည့်လေ့လာသူများ ပါဝင်လာခြင်း၊ မလေးရှားနိုင်ငံက

ဦးဆောင်သည့် နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့ တည်ထောင်ခြင်းများအဖြစ်သို့ ပြောင်းလဲလာခဲ့သည်။ ဘန်တေ အပစ်အခတ်ရပ်စဲရေးကို မင်ဒါနောင်လူထုအဖွဲ့အစည်း (Mindanao People's Caucus (MPC)) ဟုခေါ်သည့် အရပ်ဘက်အဖွဲ့အစည်းတစ်ခုက ပဋိပက္ခဒေသများတွင် အပစ်အခတ်ရပ်စဲမှု ချိုးဖောက်ခြင်းများကို စုံစမ်းစစ်ဆေးသည့်ယန္တရားအား ပံ့ပိုးရန်တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်လေရာ ယင်းအဖွဲ့တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ဖြစ်ပွားနေစဉ်အတွင်း ချိုးဖောက်သည့် ဖြစ်စဉ်များကို စောင့်ကြည့်မှတ်တမ်းတင်သည့် ဒေသခံနှင့် နိုင်ငံတကာစေတနာ့ဝန်ထမ်းများ ပါဝင်သည်။ စိုးရိမ်ပူပန်မှုမှာ အဆိုပါချိုးဖောက်မှုများက ဖြစ်စဉ်ကို ဆိုးရွားစွာထိခိုက်နိုင်သောကြောင့် ယင်းကို ကာကွယ်တားဆီးရမည် ဟူ၍ဖြစ်သည်။[11] ဘန်တေအပစ်အခတ်ရပ်စဲရေးအဖွဲ့မှ အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှု သက်သေများကို အစီရင်ခံစာဖြင့် အဖွဲ့များနှင့် ပံ့ပိုးကူညီသူ မလေးရှားနိုင်ငံထံတင်ပြခဲ့ပြီး ပို၍တရားဝင်သော ငြိမ်းချမ်းရေး ထိန်းသိမ်းရေးနှင့် စောင့်ကြည့်လေ့လာရေး တည်ဆောက်ပုံတစ်ခု တည်ဆောက်သင့်သည်ဟု အကြံပြုသောအခါ ၂၀၀၄ ခုနှစ်တွင် (မလေးရှားနိုင်ငံက ဦးဆောင်ပြီး ဘရူနိုင်းနှင့် လစ်ဗျားနိုင်ငံတို့မှ စောင့်ကြည့်လေ့လာသူများ ပါဝင်သော) နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့ (nternational Monitoring Team (IMT)) နှင့် စောင့်ကြည့်လေ့လာသူများကို စေလွှတ်ခဲ့သည်။ IMT ရှိခြင်းက အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှုများကို သိသိသာသာ လျော့ကျသွားစေခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ချိုးဖောက်မှု ၆၉၈ ခု ရှိခဲ့ရာမှ ၂၀၀၃ ခုနှစ်တွင် ၅၆၉၊ ၂၀၀၄ ခုနှစ်တွင် ၁၆ ခုနှင့် ၂၀၁၂ ခုနှစ်တွင် ချိုးဖောက်မှု မရှိတော့ပေ။[12]

လုံခြုံရေးအပြင် IMT တွင် အခြားသောတာဝန်များလည်းရှိသေးပြီး ငြိမ်းချမ်းရေးဖြစ်စဉ် ကျယ်ပြန့်လာပြီး အခြားသောအဖွဲ့ဝင်များ ပါဝင်လာသည်နှင့်အမျှ ယင်းတို့က ဆွေးနွေးမှု၏အာရုံစိုက်မှုများအဖြစ် ပို၍ သိသာထင်ရှားလာသည်။ ယင်းတို့တွင် လူမှု၊ စီးပွားရေး စောင့်ကြည့်လေ့လာခြင်း၊ အရပ်သားကာကွယ်ရေး၊ လူသားချင်းစာနာမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများနှင့် ပြန်လည်ထူထောင်ရေးတို့ ပါဝင်သည်။ ၂၀၀၆ ခုနှစ်တွင် ဂျပန်နိုင်ငံက IMT တွင် ပါဝင်လာခဲ့ပြီး JICA မှ လူမှုစီးပွားရေး စောင့်ကြည့်လေ့လာသူများ စေလွှတ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ်တွင် နော်ဝေနိုင်ငံပါဝင်လာပြီး အရပ်သားကာကွယ်ရေး အစိတ်အပိုင်းကို အာရုံစိုက်ခဲ့သည်။ ဥရောပ သမဂ္ဂ ကိုယ်စားလှယ်များလည်းအဖွဲ့တွင် ပါဝင်လာကာ လူသားချင်းစာနာထောက်ထားမှု၊ ပြန်လည် ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအစိတ်အပိုင်းများကို အာရုံစိုက်ခဲ့ကြသည်။[13] နောက်ဆုံးတွင် အင်ဒိုနီးရှားနိုင်ငံမှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားအဖွဲ့ဝင်များ ပါဝင်လာအောင်လည်း IMT ကို ချဲ့ထွင်ခဲ့သည်။

အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေး လုပ်ဆောင်ချက် များသည် မင်ဒါနောင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြဲတစေ အဓိကအကျိုးကျေးဇူး ရရှိခဲ့သည်။ အာဏာရှင် မားကို့စ်ကို ဖြုတ်ချနိုင်ခဲ့သော ပြည်သူ့အင်အားလှုပ်ရှားမှုကာလများကတည်းက NGO အသိုင်းအဝိုင်းက

---

[11] ဘန်တေအပစ်အခတ်ရပ်စဲရေးကို အခန်း (၄) တွင် အသေးစိတ် ဆွေးနွေးထားပါသည်။

[12] ၂၀၁၄ ခုနှစ် ဇွန်လ ၂၃-၂၅ အထိ ဂျပန်နိုင်ငံ ဟီရိုရှီးမားတွင် ကျင်းပသည့် ငြိမ်းချမ်းရေးအတွက်ပူးပေါင်းလုပ်ဆောင်ခြင်း (Consolidation for Peace (COP 6)) အစီအစဉ်၌ IMT ဦးဆောင်သူတင်ပြသည့် အစီရင်ခံစာမှဖြစ်သည်။ ဤအစီအစဉ်ကို SEACSN, REPUSM နှင့် JICA တို့က စုစည်းလုပ်ဆောင်သည်။

[13] IMT တွင် EU ပါဝင်မှု ဆွေးနွေးချက်ကို ယခုအခန်း၏ အပိုင်း ၅.၆.၂ တွင် ရှုပါ။

ခိုင်မာသော သမိုင်းကြောင်းရှိပြီး ကိုရာဇွန် အကီနိုအုပ်ချုပ်မှု လက်အောက် ၁၉၈၀ ပြည့်လွန်နှစ်များ ပို၍ ကျယ်ပြန့်လာကြသည်။ မင်ဒါနောင်တွင် ပံ့ပိုးကူညီသူအသစ်ဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ် ပြန်လည်စတင်ခဲ့သည့် ၂၀၀၁ ခုနှစ်နောက်ပိုင်း အရပ်ဘက်အဖွဲ့အစည်းများက ငြိမ်းချမ်းရေးအတွက် အချိန်ကျရောက်လာပြီဟု ခံစားမိလေရာ သူတို့၏လုပ်ဆောင်ချက်များ အရှိန်ရလာခဲ့သည်။ ထို့ကြောင့် CSO များသည် ၎င်းတို့၏ တက်ကြွလှုပ်ရှားမှုဖြင့် မြေပြင်တွင် အဓိကချိတ်ဆက်သူများဖြစ်ရုံသာမက ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းများမှတစ်ဆင့် ငြိမ်းချမ်းရေးဖြစ်စဉ်ပလက်ဖောင်းကို ခိုင်မာအောင် လုပ်ဆောင်ခဲ့သည်။

ဘန်တေအပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်ရာတွင် မင်ဒါနောင်လူထုအဖွဲ့အစည်း၏ အခန်းကဏ္ဍကို အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ အခြားအရေးပါသော CSO များတွင် မင်ဒါနောင် ငြိမ်းချမ်းရေး ယက်လုပ်သူများနှင့် နှစ်စဉ် မင်ဒါနောင် ငြိမ်းချမ်းရေးရက်သတ္တပတ်ကို ဦးစီးလုပ်ဆောင်သည့် မင်ဒါနောင် ငြိမ်းချမ်းရေးကွန်ရက်၊ ဘန်ဆာမိုရိုမှ အရပ်ဘက်အဖွဲ့အစည်း ၆၀ ကျော် ပါဝင်သည့် ငြိမ်းချမ်းရေး တည်ဆောက်ရေးပလက်ဖောင်းအဖြစ် လုပ်ဆောင်သည့် ကွန်ရက်တစ်ခုဖြစ်သော ဘန်ဆာမိုရို အရပ်ဘက် အဖွဲ့အစည်းများ (Bangsamoro Civil Society (CBCS)) တို့လည်း ပါဝင်သည်။ CSO များက ဖြစ်စဉ်တွင် ပါဝင်ပြီး မြေပြင်မှ အချက်အလက်များကိုပေးခြင်း၊ တရားဝင်ဖြစ်စဉ်မှအချက်အလက်များကို ပြည်သူများထံ ယူဆောင် ပေးခြင်းများ ပြုလုပ်ကြလေရာ ၎င်းတို့က ငြိမ်းချမ်းရေးဖြစ်စဉ်၏ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ သို့ဖြစ်လေရာ ၎င်းတို့က ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် နောက်ထပ်မဏ္ဍိုင်တစ်ခုဖြစ်လာသည်။ အထူးသဖြင့် ရှေ့မတိုး၊ နောက်မဆုတ်သာ အခြေအနေမျိုးတွင်ဖြစ်ပြီး စိန်ခေါ်မှုများကို ကျော်လွှားရန် အထောက်အကူပြုကြသည်။ ၎င်းတို့က ပလက်ဖောင်းကို ခိုင်မာစေရန် နိုင်ငံတကာ CSO များနှင့်လည်း ပူးပေါင်းကြသည်။ ဥပမာတစ်ခုမှာ ငြိမ်းချမ်းရေးအတွက် သုတေသနနှင့် သင်ကြားပို့ချရေး၊ စိန်းတက္ကသိုလ် မလေးရှား (REPUSM)၊ ဂျပန်နိုင်ငံတကာ ပူးပေါင်းရေး အေဂျင်စီ (Japan International Cooperation Agency (JICA)) နှင့် အရှေ့တောင်အာရှ ပဋိပက္ခလေ့လာရေးကွန်ရက် (SEACSN) တို့ ဦးစီးခဲ့သော ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်း (Consolidation for Peace (COP)) အစီအစဉ်ဖြစ်သည်။[14]

ဘိုးဘွားပိုင် ကိစ္စရပ်များနှင့် ပတ်သက်ပြီး သဘောတူညီမှုစာချွန်လွှာ (Ancestral Domain (MOA-AD)) ကို လက်မှတ်ရေးထိုးခြင်း မရှိသောကြောင့် ဖြစ်စဉ်ပြိုလဲမလိုဖြစ်သည့်အချိန်၌ CSO များ၏ ပါဝင် လုပ်ဆောင်မှု များက အကျိုးပြုခဲ့သည်။ လက်မှတ်ရေးထိုးမှုမရှိခြင်းက ဖြစ်စဉ်ပြိုလဲစေရုံသာမက အကြမ်းဖက်မှုကို တဖန်ပြန်လည်စတင်စေပြီး ပံ့ပိုးကူညီသည့်နိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံကို အစားထိုးရန် တောင်းဆိုမှုများကိုပါ ဖြစ်စေခဲ့သည်။ အဆိုပါ အတားအဆီးက CSO များကို တွေ့ဆုံဆွေးနွေးရေးအား ဦးဆောင်ရန်နှင့် လွတ်သွားသည့် ကွက်လပ်ကို ဖြည့်ပေးရန် အခွင့်အရေးပေးခဲ့သည်။ ထို့ကြောင့် မလေးရှားနိုင်ငံ၊ ပီနန်းမြို့တွင် REPUSM နှင့် JICA တို့က *'မင်ဒါနောင် ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်း ဆွေးနွေးပွဲ (COP3)၊ MOA-AD နှောင်းပိုင်း ကာလအတွက် မဟာဗျူဟာချမှတ်ခြင်း'* ကို ဦးစီးလုပ်ဆောင်ခဲ့ပြီး ဖြစ်စဉ်ကို မည်သို့ပြန်လည်စတင်ရန်နှင့်

[14] COP အစီအစဉ် အသေးစိတ်ကို အခန်း (၁) တွင် ရှုပါ။

အရှိန်မပျက်သွားအောင်လုပ်ဆောင်ရန် အကြံဉာဏ်များပေးခဲ့ကြသည်။ အဘူဘာကာနှင့် အက်စ်ကန်ဒါ (Abubakar and Askandar (2019)) တို့က ဖြစ်စဉ်တွင် အဆိုပါကာလ CSO များကို ၎င်းတို့၏ အတွေ့အကြုံများအား ပြန်လည်ထင်ဟပ်ပြီး အချို့သော တန်ဖိုးရှိသည့်သင်ခန်းစာများကိုလည်း သင်ယူရရှိစေခဲ့သည်ဟု ဆိုသည်။

> *အချို့သောထင်ဟပ်ချက်များတွင် စည်းလုံးသောမျက်နှာစာတစ်ခုဖော်ထုတ်ရန် CSO များကိုယ်၌က တစ်ဖွဲ့နှင့်တစ်ဖွဲ့ စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးနေရန် လိုအပ်သည်ဟူသည့် အချက်လည်း ပါဝင်သည်။ ဒုတိယအချက်အနေဖြင့် ၎င်းတို့က ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် နှစ်ပေါင်းများစွာလုပ်ဆောင်ချက်များကို မင်ဒါနောင်တွင်သာ အာရုံစိုက်မနေဘဲ အရှိန်မြှင့်တင်ပြီး နိုင်ငံအဆင့်စီမံကိန်းတစ်ခု လုပ်ဆောင်သင့်ကြောင်း တွေ့ရှိခဲ့ရသည်။ ကန့်ကွက်သူများနှင့် နှောင့်ယှက်သူများသည် မင်ဒါနောင်၏ ရှေးရိုးစွဲနိုင်ငံရေးသမားများသာမက ဘန်ဆာမိုရိုဒေသတွင် ငြိမ်းချမ်းရေးရှာဖွေခြင်းက အလျှင်မလိုဟု ယူဆထားကြသည့် (မနီလာကဲ့သို့သော) ပဋိပက္ခဒေသပြင်ပမှ သာမာန်ပြည်သူများလည်း ပါဝင်သောကြောင့် ဤအချက်က အရေးပါသည်။ အရေးပါသည့်အချက်မှာ ရှေးရိုးစွဲနိုင်ငံရေးသမားများကို ကနဦးကတည်းက နှောင့်ယှက်သူများဟု သတ်မှတ်ထားကြပြီး အစိုးရ၏ ဥပဒေအောက်တွင် ထိုသူများအား ချန်ထား၍မရဘဲ ၎င်းတို့၏ ငြိမ်းချမ်းရေးတည်ဆောက်ရေး ချဉ်းကပ်အရေးဆိုမှုများတွင် ထည့်သွင်းကြရသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်က နိုင်ငံရေးသမားများ၊ ဗျူရိုကရက်များ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံသူများ၊ အစိုးရလုံခြုံရေးအင်အားစုများ၊ လူငယ်များနှင့် ငြိမ်းချမ်းသော မင်ဒါနောင်ဒေသက နိုင်ငံတစ်နိုင်ငံလုံးအတွက် အကျိုးရှိစေသည်ဟု ဖျောင်းဖျရန် လိုအပ်သည့် ဖိလစ်ပိုင်လူမျိုးအများအပြားအပါအဝင် အမျိုးမျိုးသောဇာတ်ကောင်များထံမှ ထောက်ပံ့မှုများအားလုံး လိုအပ်သည် (Abubakar and Askandar, 2019: 169)။*

COP3 တွင် CSO များ၏ ပြန်လည်သုံးသပ်ချက်များက ငြိမ်းချမ်းရေးဖန်တီးရေးဖြစ်စဉ်အပေါ်လည်း သက်ရောက်မှု ရှိသည်။ MOA-AD ပျက်စီးသွားချိန်မှစ၍ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့များ၊ CSO များနှင့် ပဋိပက္ခနှင့် ပတ်သက်ဆက်နွှယ်သည့် အခြားသူများပါဝင်ခဲ့သည့် ပထမဆုံးအစည်းအဝေးဖြစ်လေရာ အဆိုပါစုဝေးမှုက ပျက်စီးသွားသည့်ယုံကြည်မှုများကို ပြန်လည်တည်ဆောက်ရန်နှင့် ရှေ့ဆက်ရမည့်လမ်းများကို စတင်စဉ်းစားကြည့်ရန် ပလက်ဖောင်းတစ်ခု ဖြစ်လာသည်။ အရေးပါသည့် အဆိုပြုချက်တစ်ရပ်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် နိုင်ငံတကာမိတ်ဆွေများအဖွဲ့ တည်ထောင်ရန်ဖြစ်သည်။ တရားဝင်လေ့လာစောင့်ကြည့်သူများအဖြစ် နိုင်ငံတကာအာမခံသူများအုပ်စုကို မိတ်ဆက်ပြီးနောက် ဆွေးနွေးပွဲများ ပြန်လည်စတင်သည့်အခါ အဆိုပါအကြံဉာဏ်ကို သဘောတူခဲ့ကြပြီး နောင်တွင် ထိုသူများက နိုင်ငံတကာအဆက်အသွယ်အုပ်စု (International Contact Group (ICG)) ဟု လူသိများသည့်အဖွဲ့ဖြစ်လာသည် (Abubakar and Askandar, 2019)။ ICG တွင် ဗြိတိန်နိုင်ငံ၊ ဂျပန်၊ တူရကီနှင့် ဆော်ဒီအာရေးဗျမှ အစိုးရများ၊ လူသားချင်းစာနာမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးရေး

စင်တာ (ဆွစ်ဇာလန်)၊ အရင်းအမြစ်များ ရင်ကြားစေ့ရေး (UK)၊ အာရှဖောင်ဒေးရှင်း (US) နှင့် မူဟာမာဒီယာ (အင်ဒိုနီးရှား) တို့ ပါဝင်ကြသည်။

နိဂုံးချုပ်ရသော် မင်ဒါနောင် ငြိမ်းချမ်းရေးဖြစ်စဉ် အတွေ့အကြုံက ပြသနေသကဲ့သို့ တတိယအုပ်စုများပါဝင်ခြင်းက ငြိမ်းချမ်းရေးဆွေးနွေးရန် ပဋိပက္ခဖြစ်နေသောအဖွဲ့များကို အတူတကွစုစည်းပေးရာတွင် တန်ဖိုးရှိသည်။ တွေ့ဆုံဆွေးနွေးရေးများက လိပ်ခဲတည်းလည်းဖြစ်နေသည့်အခြေအနေတွင် တတိယအုပ်စုများ၏ ကြားဝင်မှုက ရှေ့မတိုး၊ နောက်ဆုတ်သာ အခြေအနေကို ဖြေရှင်းပေးရန် အထူးအသုံးဝင်သည်။ သို့သော် တတိယအုပ်စုများ၏ အခန်းကဏ္ဍက သဘောတူညီချက် လက်မှတ်ရေးထိုးသည်နှင့် အဆုံးသတ်မသွားသင့်ပေ။ ပြဋ္ဌာန်းချက်များ အားလုံးကို လိုက်နာရန်အတွက်သာမဟုတ်ဘဲ ပြန်လည်ဖြစ်ပွားမှုကိုရှောင်ရှားရန် ပဋိပက္ခဖြစ်ပွားရသည့် အခြေခံ အကြောင်းအရင်းများကို ကိုင်တွယ်ရန်လည်း အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်ရန် လိုအပ်သည်။ တန်းတူ အရေးကြီးသည့်ကိစ္စရပ်မှာ အဖွဲ့များသဘောတူညီမှုရရှိရန်နှင့် အကောင်အထည်ဖော်ခြင်းအဆင့်တွင် တတိယအဖွဲ့များနှင့် ငွေကြေးထောက်ပံ့သည့် အင်စတီကျူးရှင်းများအတွက် အကောင်အထည်ဖော်ရေး လမ်းညွှန်မြေပုံနှင့် စံနှုန်းများ ဖြစ်သည်။ ဤသည်ကို ယခုအခန်းအဆုံး ‘မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေး’ အပိုင်းတွင် အသေးစိတ် ဆွေးနွေးသွားပါမည်။

## ၅.၅.၂ ဖြစ်ရပ်လေ့လာခြင်း (၂)၊ မင်ဒါနောင်/ဘန်ဆာမိုရို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပဋိပက္ခအသွင်ပြောင်းလဲရေးအတွက် ဂျပန်နိုင်ငံ၏ ပါဝင်လုပ်ဆောင်မှု[15]

GPH နှင့် MILF ကြား ငြိမ်းချမ်းရေးဖြစ်စဉ်က ပဋိပက္ခအသွင်ပြောင်းလဲရေးပုံစံသစ်ကို ပြသခဲ့သည်။ ထိုဖြစ်စဉ်တွင်ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းရေးဖန်တီးရေးရောစပ်သည့် ပုံစံကို တွေ့ရသည်။ အထူးသဖြင့် ဂျပန်နိုင်ငံ၏ မင်ဒါနောင်အပေါ် ထောက်ပံ့မှုက ဖွံ့ဖြိုးရေးအထောက်အပံ့ကို အလွန်အကျွံမှီခိုခဲ့သည့် သမားရိုးကျ ငြိမ်းချမ်းရေးတည်ဆောက်ပုံမှ ခွဲထွက်ခဲ့သည် (Ishikawa and Quilala, 2018: 223)။

ဂျပန်နိုင်ငံက မင်ဒါနောင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပဋိပက္ခအသွင်ပြောင်းလဲရေးကို သိသာထင်ရှားသည့် နည်းလမ်းနှစ်သွယ်ဖြင့် အထောက်အကူပြုခဲ့သည်။ ဂျပန်နိုင်ငံ၏ အကူအညီကို နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့ (IMT)၊ မင်ဒါနောင်လုပ်ငန်းအဖွဲ့ (Mindanao Task Force (MTF)) နှင့် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဂျပန်-ဘန်ဆာမိုရို လှုပ်ရှားမှု (Japan-Bangsamoro Initiative for Reconstruction and Development (J-BIRD)) တို့ပါဝင်သော သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် လုပ်ဆောင်သည်။ ထို့ပြင် မလေးရှားဦးဆောင်သည့် IMT တွင် ဂျပန်နိုင်ငံ၏ပါဝင်မှုက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို ပေါင်းကူးပေးခြင်းဖြင့် မင်ဒါနောင်အတွက် ပြည့်စုံသော အထောက်အပံ့ အကောင်အထည်ဖော်နိုင်ရန် လမ်းကြောင်းသစ် ဖွင့်ပေးခဲ့သည်။ ဂျပန်နိုင်ငံက IMT ၏ လူမှုစီးပွားရေးအပိုင်းတွင်ပါရန် မျှော်မှန်းထားလေရာ ဂျပန်နိုင်ငံတကာပူးပေါင်းရေး အေဂျင်စီ 9JICA) မှ ဖွံ့ဖြိုးရေးကျွမ်းသူများကို စေလွှတ်ခဲ့သည်။ သူတို့က

[15] ယခုအပိုင်းကို Ritsumeikan University၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ achiko Ishikawa က ပါဝင်ရေးသားထားသည်။

နောက်ဆုံးတွင် ကိုတာဘာတိုရှိ IMT တွင် တာဝန်မထမ်းဆောင်မီ မနီလာရှိ ဂျပန်သံရုံးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပထမအတွင်းဝန်များအဖြစ် တာဝန်ထမ်းဆောင်ရသည်။ IMT တွင် ပါဝင်သည့် ဂျပန်အဖွဲ့ဝင်များသည် ရာထူးသုံးခု ရှိကြသည်။ JICA အဖွဲ့ဝင်၊ သံတမန်များနှင့် IMT အဖွဲ့ဝင်များဟူ၍ ဖြစ်သည်။ ဂျပန်နိုင်ငံ၏ D သုံးလုံး အထောက်အကူပေးခြင်း (ကာကွယ်ရေး၊ သံတမန်ရေးနှင့် ဖွံ့ဖြိုးရေး (defence, diplomacy, and development))) တွင် ပါဝင်ပြီး အဆိုပါခန့်အပ်ခံရသူများသည် ရာထူးသုံးခုကို မတူညီသည့်အခြေအနေများတွင် တရားဝင်နှင့် အလွတ်သဘော အသုံးပြုကြသည် (Uesugi, 2015: 12)။

ဂျပန်သံရုံးနှင့် JICA တို့ပါဝင်သော MTF က ဂျပန်နိုင်ငံ၏ မင်ဒါနောင်အတွက် ထောက်ပံ့ကူညီရေးတွင် မူဝါဒညှိနှိုင်းရေးနှင့် အထွေထွေစီမံခန့်ခွဲရေးတို့၌ အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သည် (MOFA, 2006)။ မင်ဒါနောင်အတွက် ဂျပန်နိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးရေးအထောက်အပံ့ကို J-BIRD ဟု အမည်ပေးခဲ့ပြီး ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ၏ ပထမဆုံး IMT အဖွဲ့ဝင်နှင့် ဂျပန်သံရုံးတို့က ရပ်ရွာအခြေပြု ပြည်သူ့လုံခြုံရေးအစီအစဉ်များအတွက် ရန်ပုံငွေအထောက်အပံ့ကို အသုံးပြု၍ စတင်ပေးအပ်ပုံဖော်ခဲ့သည်။ တဖြည်းဖြည်းနှင့် ယင်းအစီအစဉ်ကို မင်ဒါနောင်အတွက် နည်းပညာပိုင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းများ၊ ချေးငွေအထောက်အပံ့နှင့် အခြားသော ဖွံ့ဖြိုးရေးအထောက်အပံ့ပုံစံများ ပါဝင်လာအောင် ချဲ့ထွင်ခဲ့သည် (Ishikawa, 2017: 16-17)။ ပုံ ၅.၁ တွင် ဖော်ပြထားသည့်အတိုင်း မင်ဒါနောင်အတွက် ဟန်ချက်ညီသော အထောက်အပံ့တစ်ခု ဖန်တီးနိုင်ရန် ဂျပန် IMT အဖွဲ့ဝင်များက IMT, MTF နှင့် J-BIRD တို့၏ လုပ်ငန်းများကို ဆက်စပ်ပေးကြသည်။

**ပုံ ၅.၁။ IMT, MTF နှင့် J-BIRD တို့အကြား အပြန်အလှန်ဆက်စပ်နေသည့်ဆက်ဆံရေးများ**



ဒုတိယအနေဖြင့် JICA က ငြိမ်းချမ်းရေးအတွက် ပူးပေါင်းလုပ်ဆောင်ခြင်းဆွေးနွေးပွဲ (COP) ဟု အမည်ရသော ကြားဝင်ညှိနှိုင်းရေးဆွေးနွေးပွဲများတွင် မလေးရှားနိုင်ငံ စိန်းတက္ကသိုလ်နှင့် ပူးပေါင်းပြီး ပါဝင်ခဲ့သည်။ IMT တွင် ပါဝင်ခြင်းအပါအဝင် COP ဆွေးနွေးပွဲများက မလေးရှားနိုင်ငံနှင့်အတူ မင်ဒါနော် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ဂျပန်နိုင်ငံပါဝင်ခဲ့သော သိသာအထင်ရှားဆုံး ပူးပေါင်းမှုများဖြစ်သည် (MOFA, 2007)။ ဝမ်းမန်း (Wennmann) ထောက်ပြသကဲ့သို့ ပဋိပက္ခဖြေရှင်းရေးမှ ၎င်း၏ သမာရိုးကျအခန်းကဏ္ဍအပြင် ကြားဝင်ညှိနှိုင်းရေးက လုပ်ဆောင်နိုင်သည့် အလားအလာရှိသော အခန်းကဏ္ဍအပေါ် ဖွံ့ဖြိုးရေးဆိုင်ရာအသိုင်းအဝိုင်းက ပို၍လက်ခံလာကြသည် (Wennmann, 2011: 94)။ အထူးသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများရပ်တန့်ခြင်းကြောင့် ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များ အတားအဆီးဖြစ်သောအခါတွင် ဖြစ်သည်။ အခြားသော အလှူရှင်အေဂျင်စီများနှင့် ကွဲပြားစွာပင် ဂျပန်နိုင်ငံက ငြိမ်းချမ်းရေးဖြစ်စဉ် ရှေ့မတိုးနောက်မဆုတ်သာအချိန်တွင် မင်ဒါနော်မှ ထွက်မခွာသွားခဲ့ဘဲ ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်လည်အသက်သွင်းရန် COP3 တွင် ပါဝင်ခဲ့သည်။ မလေးရှားနိုင်ငံ ပီနန်းမြို့ကို တွေ့ဆုံရန်နေရာအဖြစ် ရွေးချယ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တက်ရောက်သူများက အလွတ်သဘောနှင့် ပွင့်လင်းစွာဆွေးနွေးနိုင်ရန် ဖိလစ်ပိုင်နိုင်ငံ ပြင်ပနေရာတစ်ခုကို တောင်းဆိုခဲ့သောကြောင့် ဖြစ်သည် (Ishikawa and Quilala, 2018: 217-18)။ မနီလာ၊ မင်ဒါနော်ဒေသ အသီးသီးနှင့် အခြားသောနေရာများမှ တက်ရောက်သူ (၅၀) ခန့် တက်ရောက်ခဲ့သည်။ COP3 က လမ်းကြောင်း (၂) နှင့် လမ်းကြောင်း (၃) ပုံစံ ချဉ်းကပ်မှုမျိုး ဖြစ်သော်လည်း MILF ၏ အဓိက ဆွေးနွေးညှိနှိုင်းသူ အပါအဝင် တရားဝင်လမ်းကြောင်း (၁) မှ ဇာတ်ကောင်များလည်း လေ့လာသူများအဖြစ် တက်ရောက်ခဲ့သည်။ အစည်းအဝေးအပြီးတွင် အုပ်စုများက ဆက်စပ်နေသည့် ဖြစ်စဉ်သုံးခုကို အကြံပြုခဲ့သည်။ တရားဝင် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြန်လည်စတင်ရန်၊ ရပ်ရွာအဆင့်၌ ဆွေးနွေးအကြံဉာဏ်တောင်းခြင်းများ ပြုလုပ်ရန် နှင့် ပဋိပက္ခဖြစ်နေသည့်အဖွဲ့များနှင့် ပတ်သက်ဆက်နွှယ်သူများအကြား အချက်အလက်များ ဝေမျှရန်ဖြစ်သည် (Askandar and Abubakar, 2009: 150-51)။ COP3 တက်ရောက်သူများက GPH နှင့် MILF ဆွေးနွေးအကြံယူရေးဖြစ်စဉ်များကို ပုံ ၅.၂ တွင် ဖော်ပြထားသလို စတင်ခဲ့သည် (Ishikawa and Quilala, 2018: 218)။

**ပုံ ၅.၂။ COP3 အပြီး၌ ဆွေးနွေးအကြံယူပုံ**




COP3 ၏ သက်ရောက်မှုနှင့် နောက်ထပ်လုပ်ဆောင်ခဲ့သည့် COP အစည်းအဝေးများက သက်ဆိုင်ရာအဖွဲ့များ၏ ထိပ်တန်းခေါင်းဆောင်များထံမှ အပြုသဘောဆောင်သည့် အာရုံစိုက်မှုများရရှိခဲ့သည်။ ထို့ကြောင့် ၂၀၁၄ ခုနှစ် ဇွန်လတွင် ဟီရိုရှီးမား၌ ကျင်းပခဲ့သည့် COP4 ကို သမ္မတ ဘန်နီညို အကီနို ဂျူနီယာ (Benigno Aquino Jr) နှင့် MILF ဥက္ကဋ္ဌ အီဘရာဟင် မူရဒ် (Ebrahim Murad.) တို့ တက်ရောက်ခဲ့ကြသည်။ မင်ဒါနော်င ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ဂျပန်နိုင်ငံ၏အကူအညီက သာမန် ငြိမ်းချမ်းရေးတည်ဆောက်ရေးတာဝန်များကို ကျော်လွန်ပြီး ပဋိပက္ခအသွင်ပြောင်းလဲရေးအတွက် အတိုင်းအတာတစ်ခုအထိ ပါဝင်ဆောင်ရွက်ပေးခဲ့သည်။ ထိုအတွေ့အကြုံကို နောင်လာမည့် ငြိမ်းချမ်းရေးတည်ဆောက်ရေး အထောက်ပံ့ဖြစ်ရပ်များတွင် စမ်းသပ်အသုံးပြုသွားရမည် ဖြစ်သည်။

## ၅.၅.၃ ဖြစ်ရပ်လေ့လာခြင်း (၃)၊ အာချေးဒေသ ငြိမ်းချမ်းရေးဖြစ်စဉ်[16]

အာချေးပဋိပက္ခက အင်အားသုံးခြင်းနှင့် အမျိုးသားလုံခြုံရေး ချဉ်းကပ်ပုံတို့က လွတ်မြောက်ရေးလှုပ်ရှားမှုမှ ထွက်ပေါ်လာသည့်ပဋိပက္ခကို မရပ်တန့်နိုင်ကြောင်း ပြသနေသည်။ ၁၉၇၆ ခုနှစ်တွင်စတင်ခဲ့သော အဆိုပါ ပဋိပက္ခကို နောက်ဆုံးတွင် ငြိမ်းချမ်းရေးဖြစ်စဉ်နှစ်ခုဖြင့် နိုင်ငံတကာ တတိယအုပ်စုများ ပါဝင်သည့်

[16] ဤအပိုင်းကို အာချေးဒေသ အင်ဒိုနီးရှားရှိ Universitas Malikussaleh, Lhokseumawe မှ Suadi Zainal က ပါဝင်ရေးသားသည်။

ညှိနှိုင်းဆွေးနွေးခြင်းများဖြင့် ဖြေရှင်းခဲ့ရသည်။ နောင်တွင် လူသားချင်းစာနာမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးရေး စင်တာ (Center for Humanitarian Dialogue (HD)) ဟု အမည်ရသည့် ဟင်နရီဒူးနန့်စင်တာ (Henry Dunant Center (HDC)) က ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၃ ခုနှစ်အထိ ပါဝင်လုပ်ဆောင်ခဲ့ပြီး အောင်မြင်မှုသိပ်မရခဲ့ပေ။ ဒုတိယ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ၂၀၀၄ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ အကျပ်အတည်းစီမံခန့်ခွဲရေးလုပ်ရှားမှု (Crisis Management Initiative (CMI)) ပါဝင်ခဲ့သည်။ ဤသည်မှာ အတော်အသင့်တိုတောင်းပြီး ၂၀၀၄ ခုနှစ် ဒီဇင်ဘာလမတိုင်မီ အလွတ်သဘောစတင်ခဲ့ကာ အာချေးဒေသနှင့် အခြား အိန္ဒိယသမုဒ္ဒရာမှ နေရာများကို ဆူနာမီက တိုက်ခတ်ခဲ့ချိန်တွင် ရပ်တန့်သွားသည်။ ထို့နောက် ၂၀၀၅ ခုနှစ် ဇန်နဝါရီမှ ဩဂုတ်လအထိ တရားဝင် ပြန်လည်စတင်ခဲ့သည်။ ဆွေးနွေးညှိနှိုင်းမှုများက အဆင့် (အချို့) ငါးဆင့် ပါဝင်ပြီး (Morfit, 2012) ဆယ်စုနှစ်နှစ်စု နီးပါးအကြာတွင် ငြိမ်းချမ်းရေးသဘောတူညီချက် (နားလည်မှုစာချွန်လွှာ) ရရှိခဲ့သည်။ CMI က ဥရောပမှ နိုင်ငံတော်နှင့် အစိုးရမဟုတ်သည့်အဖွဲ့များအပါအဝင် အခြားလွှမ်းမိုးမှုရှိသောအဖွဲ့များကို ပါဝင်စေခဲ့သည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ကိုဖီအာနန် (Kofi Annan)၊ ဥရောပသမဂ္ဂနှင့် အိုလော့ဖ်ပမ်းစင်တာ (Olof Palme Center) မှ ဂျာဗီယာ ဆိုလာနာ (Javier Solana) နှင့် ဘန်နီတာ ဖာရဲရို ဝယ်လ်နာ (Benita Ferrero-Waldner) အပါအဝင် အချို့သူများလည်း နောက်ကွယ်မှပါဝင်ခဲ့သည် (Ahtisaari, 2008)။

၂၀၀၄ ခုနှစ် အစောပိုင်းတွင် ပြည်သူ့ဖူလုံရေးဝန်ကြီး ဂျူဆက်ဖ်ကယ်လာ (Jusuf Kalla) က ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအတွက် လျှို့ဝှက်ဖြစ်စဉ်ကို စတင်ခဲ့သည်။ သူ့ကို ဆွီဒင်နိုင်ငံမှ GAM ခေါင်းဆောင်များကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် ဆက်သွယ်ခဲ့ပြီး အာထီဆာရီ (Ahtisaari) ကို အာချေးဒေသ ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် ပါဝင်စေခဲ့သည့် သူ့သူငယ်ချင်း ဖာရစ်ဟူစိန် (Farid Husein) နှင့် (ဖာရစ်ဟူစိန်နှင့်လည်း ရင်းနှီးပြီး အင်ဒိုနီးရှားနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ထားသည့် စီးပွားရေးသမား) ဂျူဟာခရစ်စတင်ဆန် (Juha Christiansen) တို့က ကူညီပေးခဲ့သည် (Lingga, 2007)။ ဖင်လန်နိုင်ငံမှ သတင်းစာတစ်စောင်၏ အယ်ဒီတာချုပ်တစ်ဦးဖြစ်သူ ဆူအိုမန် ကူဗာလက်ထီ (Suomen Kuvalehti) ၏ အကူအညီဖြင့် ဂျူဟာက မာတင်အာထီဆာရီ (Martti Ahtisaari) ကို ချဉ်းကပ်ခဲ့သည်။ ထိုအချိန်မှာပင် ၂၀၀၄ ခုနှစ် နှောင်းပိုင်း၌ သမ္မတ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနို (Susilo Bambang Yudhoyono) နှင့် ဒုသမ္မတ ဂျူဆက်ဖ်ကယ်လာတို့ ဦးဆောင်သည့် အစိုးရသစ်အာဏာရလာခဲ့ပြီး ကယ်လာက သူ၏ လျှို့ဝှက်ကြိုးပမ်းမှုများကို ကြိုးစားပမ်းစား စတင်ခဲ့သည်။ ဂျူဟာက ငြိမ်းချမ်းရေးဆွေးနွေးပွဲများစတင်ရန် အရာအားလုံးကို ပြင်ဆင်ထားခဲ့ပြီး ဖာရစ်ဟူစိန်က အာထီဆာရီနှင့် ဂျူဆက်ဖ်ကယ်လာတို့ကြား ဆက်သွယ်ရေးတည်ဆောက်ပေးခဲ့သည်။ ထို့နောက် အာထီဆာရီက GAM ခေါင်းဆောင်များနှင့် လျှို့ဝှက်တွေ့ဆုံကာ အစည်းအဝေးကို စီစဉ်ခဲ့ကြသည် (Santoso, 2005)။ အမျိုးသားနိုင်ငံရေးသမားများထံမှ ကန့်ကွက်မှုကိုရှောင်ရှားရန် ကြိုးပမ်းမှုကို အစိုးရဗျူရိုကရေစီကို လျှို့ဝှက်ထားခဲ့သည်။ သို့သော် ကယ်လာက သမ္မတ ယူဒိုယိုနိုကို တောက်လျှောက် သတင်းပေးနေခဲ့သည် (Lingga, 2007)။

အာထီဆာရီက ယခင်ဖင်လန်နိုင်ငံ၏ သမ္မတဖြစ်ပြီး ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းရေးကြိုးပမ်းမှုအများအပြား (မြောက်အိုင်ယာလန်၊ တောင်အာဖရိကနှင့် ကိုဆိုဗို) တွင် ပါဝင်ခဲ့လေရာ နှစ်ဖွဲ့လုံးက သူ့ကို သင့်လျော်သော ကြားဝင်ညှိနှိုင်းပေးသူဖြစ်သည်ဟု ရှုမြင်ခဲ့ကြသည်။ တစ်နည်းအားဖြင့်ဆိုသော် သူသည် အရှိန်အဝါရှိသည်၊

ဩဇာအာဏာရှိသည်၊ နိုင်ငံတကာမှ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပြီး မျှမျှတတ ဘက်မလိုက်ဘဲ ကြားဝင်ညှိနှိုင်းပေးနိုင်သည် (Acar, 2019)။ အာထီဆာရီက GAM ကိုယ်စားလှယ်များနှင့် အင်ဒိုနီးရှားနိုင်ငံအစိုးရ (Government of Indonesia (GoI)) တို့ကို ဆူနာမီမတိုက်ခတ်မီ နှစ်ရက်အလို ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် တွေ့ဆုံရန် ဖိတ်ခေါ်ခဲ့သည်။ သို့ရာတွင် နှစ်ဘက်ကိုယ်စားလှယ်များသည် ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့မှသာ ဟယ်လ်ဆင်းကီးမှ အနောက်မြောက်ဘက် ၂၄ ကီလိုမီတာ ကွာဝေးသော ဗင်တာမြို့ကိုနင်စတက်ဒ်အိမ်တော်တွင် ပထမဆုံး တွေ့ဆုံခဲ့ကြသည်။ ငါးကြိမ်တိုင် တွေ့ဆုံဆွေးနွေးပြီးနောက် ၎င်းတို့က ၂၀၀၅ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်အနေဖြင့် နားလည်မှုစာချွန်လွှာ (Memorandum of Understanding (MoU)) ကို လက်မှတ်ရေးထိုးခဲ့သည်။ သဘောတူညီချက်တွင် အာချေးဒေသ အုပ်ချုပ်ရေး၊ လူ့အခွင့်အရေး၊ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြန်လည်ပူးပေါင်းခြင်း၊ လုံခြုံရေးအစီအမံများ၊ အာချေးဒေသ စောင့်ကြည့်လေ့လာရေး အဖွဲ့ (Aceh Monitoring Mission (AMM)) နှင့် အငြင်းပွားမှု ဖြေရှင်းရေး (Kingsbury, 2006; Cunliffe, 2009) တို့ လုပ်ဆောင်ရန်ကဲ့သို့သော ကိစ္စရပ်များပါဝင်သည်။ အချုပ်အားဖြင့်ဆိုသော် သဘောတူညီချက်တွင် အဓိကအချက်သုံးချက် ပါဝင်သည်။ (၁) အာချေးဒေသ အုပ်ချုပ်ရေးကို စီမံခန့်ခွဲရေး၊ (၂) လူ့အခွင့်အရေးများနှင့် (၃) လွတ်ငြိမ်းချမ်းသာခွင့် (ခွင့်လွှတ်မှု) နှင့် ပြန်လည်ပေါင်းစပ်ခြင်းတို့ ပါဝင်သည် (Basyar, 2008)။

ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် နှစ်ဖွဲ့လုံးက ၎င်းတို့ထံမှ အဆင့်အမြင့်ဆုံး ကိုယ်စားလှယ်များကို စေလွှတ်ခဲ့ကြသည်။ အင်ဒိုနီးရှားနိုင်ငံကိုယ်စားလှယ်အဖွဲ့ကို ဟာမစ်အာဝါလူဒင် (Hamid Awaluddin) (ဥပဒေရေးရာနှင့် လူ့အခွင့်အရေးဝန်ကြီး) က ဦးဆောင်ခဲ့ပြီး ဖာရစ်ဟူစိန် (Farid Husain) (နိုင်ငံရေးနှင့် လုံခြုံရေး ဒုဝန်ကြီး)၊ အငြိမ်းစား ဗိုလ်ချုပ်ကြီး အူစ်မန် ဘက်စ်ယာ (Usman Basyah)၊ အိုင် အူစတီ အောင်း ဝါစကာ ပူဂျာ (I Gusti Agung Wesaka Puja) (လူ့အခွင့်အရေး၊ လူသားရေးရာနှင့် လူမှုယဉ်ကျေးမှု ဒါရိုက်တာ)၊ ဝီဒိုဒို အာဒီ ဆူစီတို (Widodo Adi Sucipto) (နိုင်ငံရေးနှင့် လုံခြုံရေး ဝန်ကြီး ရေတပ်ဗိုလ်ချုပ်ကြီး) နှင့် ဗိုလ်ချုပ်ကြီး ဆာယာရီဖူဒင် တစ်ပီ (Syarifuddin Tippe) (၁၉၉၀ ပြည့်လွန်နှစ်နှောင်းပိုင်းမှ အာချေးဒေသ ကိုရမ် ၀၁၂ ၏ စစ်တိုင်းမှူး ဖြစ်ခဲ့သူ) တို့ ပါဝင်ခဲ့သည်။ GAM ကိုယ်စားလှယ်အဖွဲ့ကို မာလစ် မာမွတ် (Malik Mahmud) (အာချေးဒေသအစိုးရ ဝန်ကြီးချုပ်နှင့်နှင့် အာချေး-ဆူမားတြား အမျိုးသား လွတ်မြောက်ရေး တပ်ဦး (Acheh-Sumatra National Liberation Front or ASNLF)) က ဦးဆောင်ခဲ့ပြီး ဇိုင်နီအက်ဘ်ဒူလာ (Zaini Abdullah) (နိုင်ငံခြားရေးဝန်ကြီး)၊ ဘာတီရာ အက်ဘ်ဒူလာ (Bakhtiar Abdullah) (ပြောရေးဆိုခွင့်ရှိသူ)၊ မိုဟာမက် နာဂျူလီ (Mohammad Nur Djuli) နှင့် နာဒင် အက်ဘ်ဒူ ရာမန် (Nurdin Abdul Rahman) (နိုင်ငံရေးအရာရှိများ) နှင့် ရှာဒီယာ မာဟာဘန် (Shadia Marhaban) နှင့် အာဝန်ဒီယူဆော့ဖ် (Irwandi Yusuf) (အာချေးဒေသခေါင်းဆောင်များ) တို့ ပါဝင်ခဲ့ကြသည်။ GAM ကို နိုင်ငံတကာ အကြံပေးများကလည်း ထောက်ပံ့ကူညီခဲ့ကြသည်။

CMI ဖြစ်စဉ် အောင်မြင်ရသည့်နောက်ကွယ်မှ အကြောင်းအရင်းအချို့တွင် ငြိမ်းချမ်းရေးဖြစ်စဉ်က မတူညီသည့် နောက်ခံတွင် ဖြစ်ပွားခဲ့ခြင်းလည်း ပါဝင်သည်။ ဒုတိယအချက်မှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်သည့် အချက်များမှာ ပြည့်စုံကျယ်ပြန့်သည်၊ အလျှော့အတင်းပြုခြင်းများပါဝင်သည်၊ ဖန်တီးမှုရှိပြီး နှစ်ဖွဲ့လုံးထံမှ

နိုင်ငံရေးအရ ထောက်ခံမှုမြင့်မားသည်။ နောက်ဆုံးအနေဖြင့် ပဋိပက္ခဖြစ်နေသောအဖွဲ့များ အလျှော့အတင်း ပြုလုပ်ရာတွင် တတိယအုပ်စု၏ အခန်းကဏ္ဍက အရေးပါခဲ့သည်။

တတိယအုပ်စုနှင့် စပ်လျဉ်း၍ CMI အသုံးပြုခဲ့သည့် မဟာဗျူဟာများနှင့် အခန်းကဏ္ဍများက ငြိမ်းချမ်းရေး သဘောတူညီချက်တစ်ခုရရှိအောင် မလုပ်ဆောင်နိုင်ခဲ့သော HDC လုပ်ဆောင်ခဲ့သည်များနှင့် ကွဲပြား ခြားနားသည်။ ပံ့ပိုးကူညီသူအနေဖြင့် CMI က ဖင်လန်နိုင်ငံ ဟယ်လ်ဆင်းကီးမှ ဆွေးနွေးညှိနှိုင်းရေးဖြစ်စဉ်အတွင်း ညှိနှိုင်းဆွေးနွေးသည့် နေရာများပြင်ဆင်ခြင်း၊ ခရီးစရိတ်ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ တည်းခိုစရာနှင့် လုံခြုံရေး အသုံးစရိတ်များ စီမံခြင်းတို့အပါအဝင် GAM နှင့် GOI အကြား ဆွေးနွေးမှုအစီအစဉ်များကို ပံ့ပိုးကူညီ ပေးခဲ့သည်။ CMI က ထိုအသုံးအဆောင်များကို ဖင်လန်အစိုးရနှင့် ဥရောပကော်မရှင်ကဲ့သို့သော မိတ်ဖက်များနှင့် ပူးပေါင်း လုပ်ဆောင်ပေးခဲ့ခြင်းဖြစ်သည် (Kurniawan, 2016; Kingsbury, 2005)။ ကင်းစ်ဘာရီ (Kingsbury (2010)) ဆိုခဲ့သလို *"ဖင်လန်နိုင်ငံအစိုးရက ပထမအကြိမ် အလွတ်သဘောဆွေးနွေးပွဲများအတွက် ငွေကြေး ထောက်ပံ့ပေးခဲ့သည်။ နောက်အကြိမ်များက ပို၍တရားဝင်ဖြစ်လာပြီး ဥရောပသမဂ္ဂက ထောက်ပံ့ပေးသည်။"* မေးခွန်းမှာ အဘယ်ကြောင့် ဖင်လန်နိုင်ငံ၊ ဟယ်လ်ဆင်းကီးတွင် လုပ်ဆောင်ခဲ့ရသနည်း။ အဓိက အကြောင်းပြချက်သုံးချက်ရှိသည်။ ဥရောပသမဂ္ဂကို သဘောတူညီချက်အား စောင့်ကြည့်လေ့လာရာတွင် ထောက်ပံ့ပေးရန်၊ အဖွဲ့နှစ်ဖွဲ့လုံးကို စာနယ်ဇင်းများမှ လွတ်ကင်းသည့်နေရာသို့ ခေါ်ဆောင်ရန်နှင့် ဆွီဒင်နိုင်ငံမှ GAM ခေါင်းဆောင်များနှင့် နီးစပ်သည့်နေရာ ဖြစ်သောကြောင့် ဖြစ်သည် (Nabila and Sulistyo, 2020)။

ဆွေးနွေးညှိနှိုင်းမှုမစတင်မီ အာထီဆာရီက အဖွဲ့များ၊ အထူးသဖြင့် GAM နှင့် ၎င်းတို့၏ အတွေ့အကြုံများကို သိရှိရန် ကြိုးပမ်းခဲ့သည်။ သူက ဆွီဒင်နိုင်ငံမှ GAM အဖွဲ့ဝင်များကို ၂၀၀၅ ခုနှစ် ဇန်နဝါရီလတွင် ဟယ်လ်ဆင်းကီးသို့ ဖိတ်ကြားခဲ့သည်။ ဆွေးနွေးညှိနှိုင်းရေးစားပွဲဝိုင်း၌ရှိနေစဉ် အာထီဆာရီက အဖွဲ့များကို ၎င်းတို့၏ တောင်းဆိုချက်များအားလျှော့ချရန် တောင်းဆိုခဲ့ပြီး GAM က ၎င်း၏ လွတ်လပ်ရေးတောင်းဆိုချက်များကို လျှော့ချခဲ့ကာ GOI က မူလ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အစီအမံများကိုကျော်လွန်၍ စဉ်းစားပေးခဲ့သည်။ ဆွေးနွေးညှိနှိုင်းမှု စတင်ချိန်မှစ၍ အာထီဆာရီက GAM အပေါ်တွင် ဖိအားပေးခဲ့သည်။ သူက ၎င်းတို့အနေဖြင့် လွတ်လပ်ရေးအတွက် နိုင်ငံတကာထောက်ခံမှု ရနိုင်မည်မဟုတ်ဘဲ သူက ဥရောပနိုင်ငံများနှင့် တစ်ကမ္ဘာလုံးကို အာချေးဒေသ လွတ်လပ်ရေးအား အသိအမှတ်မပြုရန် ဆွဲဆောင်သွားမည်ဟု ဆိုခဲ့သည်။ တစ်ချိန်တည်းမှာပင် အာထီဆာရီထံမှ ဖိအားမပေးခံရသည့် GOI က သဘောတူညီချက်မရရှိပါက ဆူနာမီနောက်ပိုင်း အာချေးဒေသ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတကာအထောက်အပံ့များရရှိမှုကို အနှောင့်အယှက်ဖြစ်လိမ့်မည်ကို နားလည်သဘောပေါက်ခဲ့သည် (Schiff, 2013)။

ထို့နောက် အာထီဆာရီက အထူးလွတ်လပ်ခွင့်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဟု အသုံးအနှုန်းပြောင်းခဲ့ကာ GAM က အဆိုပါသဘောတရားကို ဒုတိယအကြိမ်ဆွေးနွေးပွဲများတွင် GOI ထံသို့ တင်ပြခဲ့သည်။ ထို့နောက် အာထီဆာရီက GOI ကို နောက်တစ်ကြိမ်ဆွေးနွေးပွဲ၌ အဆိုပြုချက်များအား သဘောတူရန်အကြံပြုခဲ့သည်။ အကျိုးဆက်အနေ ဖြင့် နောက်ပိုင်းဆွေးနွေးပွဲများတွင် GAM က ၎င်း၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပုံစံဆိုင်ရာ တောင်းဆိုချက်များကို တင်ပြနိုင်ခဲ့သည်။ အခြားအရေးပါသည့်အချက်မှာ အာချေးဒေသတွင် ရပ်ရွာအဆင့် ပါတီရွေးကောက်ပွဲများ

ကျင်းပရန် GAM ၏ အဆိုပြုချက်ဖြစ်သည် (Kingsbury, 2015)။ နောက်ဆုံးဆွေးနွေးပွဲအဆင့်တွင် CMI နှင့် အာထီဆာရီတို့က အဖွဲ့နှစ်ဖွဲ့လုံးဆွေးနွေးရန်၊ ပြင်ဆင်ရန်နှင့် လက်မှတ်ရေးထိုးရန် နားလည်မှု စာချွန်လွှာမူကြမ်းကို အဆိုပြုခဲ့သည် (Kingsbury, 2006; Graf, 2020)။ နောက်ဆုံးဆွေးနွေးမှုတွင် EU မှ ကိုယ်စားလှယ်များလည်း ပါဝင်ခဲ့ပြီး GOI က သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် စောင့်ကြည့် လေ့လာရေး အင်စတီကျူးရှင်းတစ်ခု တည်ထောင်ရန်နှင့် ယခင် GAM ၏ စစ်သားများကို လူ့အဖွဲ့အစည်းအတွင်း သင့်လျော်သော နည်းလမ်းများနှင့် ပြန်လည်ဝင်ဆန့်မှုကို ခွင့်ပြုရန် အဆိုပြုခဲ့ကြသည် (Zainal, 2015; Pratiwi, 2019)။ နောက်ဆုံးအနေဖြင့် သဘောတူညီချက် အကောင်အထည်ဖော်မှုကို စောင့်ကြည့်ရန် အာချေးဒေသ စောင့်ကြည့်လေ့လာရေးမစ်ရှင် (Aceh Monitoring Mission (AMM)) ကို တည်ထောင်ရန် သဘောတူညီခဲ့သည်။

အထက်ပါ ဖော်ပြချက်များက HDC ပါဝင်ခဲ့သည့် ယခင်ဖြစ်စဉ်နှင့်နှိုင်းယှဉ်လျှင် CMI ၏ အားသာချက်နှင့် အောင်မြင်မှုများကို ဖော်ပြထားသည်။ HDC ၏ အားနည်းချက်များတွင် ဆွေးနွေးညှိနှိုင်းမှုများက လူသားချင်း စာနာမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများကိုသာ အဓိကအလေးစိုက်ခြင်းလည်း ပါဝင်သည်။ အဖွဲ့နှစ်ဖွဲ့က အကြမ်းဖက်မှုများကို ယာယီရပ်တန့်ရန်သာ သဘောတူညီခဲ့ကြသည်။ HDC က ထိုကဲ့သို့သော ပဋိပက္ခ အခြေအနေတစ်ရပ်ကိုကိုင်တွယ်ရန် နာမည်မကြီးသလို လုံလောက်သည့်စွမ်းရည်လည်း မရှိခဲ့ပေ။ HDC က သဘောတူညီချက်များ အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်ရာတွင်လည်း အားနည်းခဲ့သည်။ HDC၊ အင်ဒိုနီးရှားစစ်တပ်နှင့် GAM တို့ ပါဝင်သည့် ပူးတွဲလုံခြုံရေးကော်မရှင်က အပြန်အလှန်ယုံကြည်မှု တည်ဆောက်ရန် ဖွဲ့စည်းထားပြီး စစ်ဖြစ်နေသည့်အဖွဲ့များ၏ ကောင်းမွန်သောစိတ်ဆန္ဒအပေါ်ကိုသာ အခြေခံထား သည် (Tengah, 2007)။ ပီရက်ဇ် (Perez (2009)) က HDC ငြိမ်းချမ်းရေးဖြစ်စဉ်၏ အဓိကမျှော်မှန်းချက်မှာ စစ်ရေးအရ တင်းမာမှုများကိုလျှော့ချရန်၊ လက်နက်စွန့်လွှတ်ခြင်းများကို ပံ့ပိုးကူညီပေးရန်နှင့် ယုံကြည်မှု မြှင့်တင်ရန်ဖြစ်သည်။ ၎င်းက အဓိကအကြောင်းအရာဖြစ်သည့် နိုင်ငံတွင်း အာချေးဒေသ၏ အခြေအနေကို မကိုင်တွယ်ခဲ့ပေ။ အခြားသော အရေးပါသည့်ကိန်းရှင်တစ်ခုမှာ ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ရာတွင် HDC ၏ အားနည်းချက်ဖြစ်သည်။ HDC က နိုင်ငံတကာပဋိပက္ခတစ်ခုကို ကိုင်တွယ်ရာတွင် အတွေ့အကြုံမရှိခဲ့ပေ။ နောက်ဆုံးအနေဖြင့် HDC က အခြားနိုင်ငံတကာ အဖွဲ့အစည်းများကို မပါဝင်စေခဲ့ပေ။ ထို့ကြောင့် ၎င်းတို့တစ်ဖွဲ့တည်း ကြီးမားသောဖိအားကို ခံစားခဲ့ရသည် (Perez, 2009)။

တစ်ချိန်တည်းမှာပင် ဟယ်လ်ဆင်းကီး MoU ကိုယ်၌က အသင့်အသုံးပြု၍ ရသည့်ပုံစံမျိုး မဟုတ်ပေ။ ယင်းက အသုံးပြုရန်မူဘောင်အတွက် ဥပဒေတစ်ခုလိုအပ်ခဲ့သည်။ MoU က *"အာချေးဒေသ အစိုးရ အုပ်ချုပ်ရေးအတွက် ဥပဒေအသစ်ကို ချမှတ်သွားမည်ဖြစ်ပြီး ယင်းက ၂၀၀၆ ခုနှစ် မတ်လ ၃၁ ရက်နေ့မတိုင်မီ အသက်ဝင်ရမည်"* ဟု ဆိုထားသည် (Asran Jalal, 2009)။ သို့ရာတွင် လက်တွေ့၌ အာချေးဒေသ အစိုးရဥပဒေကို ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှသာ သမ္မတ ဆူဆီလို ဘန်ဘန်း ယူဒိုယိုနိုက တရားဝင်လက်မှတ်ရေးထိုးခဲ့ပြီး အာချေးဒေသ အုပ်ချုပ်ရေးဆိုင်ရာ ၂၀၀၆ ခုနှစ် ဥပဒေအမှတ် (၁၁) (Law No 11 of 2006 concerning Aceh Governance (LoGA)) ဟု ခေါ်ဆိုခဲ့သည် (Asran Jalan, 2009)။ ဖွဲ့စည်းသည့်ဖြစ်စဉ်က ရှုပ်ထွေးခဲ့ပြီး သာမန်ပြည်သူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ တက္ကသိုလ်မှပညာရှင်များ၊ GAM၊ နိုင်ငံရေးပါတီများ (ဥပဒေပြုရေး) နှင့် ပြည်နယ်နှင့်

နိုင်ငံတော်အဆင့် အုပ်ချုပ်ရေးများ ပါဝင်ခဲ့သည်။ အကျိုးဆက်အနေဖြင့် အကျိုးစီးပွားပဋိပက္ခများကို မရှောင်ရှားနိုင်ခဲ့ပေ။ နောက်ဆုံးတွင် GAM က ဒီမိုကရေစီနည်းလမ်းအတိုင်း ပါတီစုံစနစ်ကို ရွေးချယ်ခဲ့ရသည်။ LoGA က ငြိမ်းချမ်းရေးသဘောတူညီချက်တွင် ဆွေးနွေးခဲ့သည့်အတိုင်း အာချေးဒေသက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ် ဖြစ်သည်ဟူသည့် အခြေအနေကို မရှင်းပြနိုင်ခဲ့ပေ (Tengah, 2007)။

နိုင်ငံတော်အဆင့်၌ ဥပဒေနှင့်ပတ်သက်ပြီး GAM နှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ မကျေနပ်ချက်များကို *"ဥပဒေအားအကောင်အထည်ဖော်ပြီးသည့်အခါ ပြန်လည်ပြင်ဆင်နိုင်သည်"* ဟု ပြန်လည်ဖြေဆိုခဲ့သည် (Tengah, 2007; Asran Jalan, 2009)။ သို့ရာတွင် GAM နှင့် ၎င်းထိန်းချုပ်ထားသော အာချေးလွှတ်တော်က ကြိမ်ဖန်များစွာ ကြိုးပမ်းခဲ့သော်လည်း LoGA ကို ပြင်ဆင်ခဲ့ခြင်းမရှိပေ။ လက်တွေ့၌ ဗဟိုအစိုးရက တစ်နိုင်ငံလုံးအတွက် အကျုံးဝင်သည့် ပြည်နယ်လွတ်လပ်ခွင့်ဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော်ခြင်းဖြင့် LoGA တွင် ပြဋ္ဌာန်းထားသည့် အာချေးဒေသ၏အာဏာကိုပင် ထပ်မံလျှော့ချခဲ့သေးသည်။ နိုင်ငံရေးဆွေးနွေးပွဲများအပြီးတွင် သဘောတူညီချက်များကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခဲ့ခြင်းမှာ အာချေးဒေသသည် မညီမျှသော ဆက်ဆံရေးတွင် တစ်ဆင့်နိမ့်သည့်အဆင့်၌သာ ရှိနေပြီး ဆွေးနွေးမှုများသည် နိုင်ငံတကာမှ တတိယအုပ်စုများ၏ ပါဝင်မှုမရှိဘဲ ဖြစ်ပွားသောကြောင့် ဖြစ်သည်။ ဤသည်က ငြိမ်းချမ်းရေးသဘောတူညီချက်များမှ GAM ၏ အခြေအနေနှင့် ကွာခြားခဲ့သည်။ ထိုစဉ်က နှစ်ဖွဲ့လုံးကို ဝင်ရောက်စွက်ဖက်နိုင်သည့် CMI ၏ ပါဝင်မှုကြောင့် GAM က ပို၍ညီမျှသည့် အခြေအနေတွင်ရှိခဲ့သည် (Zainal, 2016)။ နောက်ဆုံးအနေဖြင့် AMM က ဥပဒေပြောင်းလဲသည့်ဖြစ်စဉ်ကို စောင့်ကြည့်ရန် တာဝန်ပေးခံရသော်လည်း ယင်းက ပြဿနာကိုမဖြေရှင်းနိုင်ဘဲ မဖြေရှင်းနိုင်သည့် ကိစ္စရပ်အများအပြား ကျန်နေခဲ့သည်။ AMM က ယခင် GAM စစ်သားများ၏ လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖျက်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေး (decommissioning, demobilization, and reintegration (DDR)) ကို စောင့်ကြည့်ရန်နှင့် ဖြစ်စဉ်နှင့် အငြင်းပွားဖွယ်ရာ လွတ်ငြိမ်းချမ်းသာခွင့် ဖြစ်ရပ်များကို ဆုံးဖြတ်ပေးရန်သာ ပို၍အာရုံစိုက်နေခဲ့သည် (Pirozzi and Helly, 2012)။ ထို့ကြောင့် AMM က သိသာထင်ရှားသော်လည်း ကျဉ်းမြောင်းသောအခန်းကဏ္ဍမှသာ ပါဝင်ခဲ့ပြီး ငြိမ်းချမ်းရေး တည်ဆောက်ရန်အတွက် အားလုံးပါဝင်၍ ကျယ်ပြန့်သော လူသားလုံခြုံမှုလိုအပ်ချက် ကျန်ရှိနေခဲ့သည် (Barron and Burke, 2008)။

## ၅.၅.၄ ဖြစ်ရပ်လေ့လာခြင်း (၄)၊ ဘာကူဘဲလှုပ်ရှားမှု[17]

အင်ဒိုနီးရှားနိုင်ငံ မာလူကူဒေသတွင် ပဋိပက္ခဖြစ်ရသည့် အဓိကအကြောင်းအရင်းက ကိုလိုနီကာလမှ အစပြုသည်။ ထိုစဉ်က ခရစ်ယာန်ဘာသာဝင် မာလူကူလူမျိုးများကို ဒတ်ချ်များက ဦးစားပေးဆက်ဆံကြသည်။ လွတ်လပ်ရေးရပြီးနောက် အစ္စလာမ်က ပို၍ ဦးစားပေးခံရပြီး မူဆလင်လူထုက ဗဟိုအစိုးရထံမှ ပို၍ အကျိုးအမြတ်များ ရရှိကြသည်။ ငြိမ်းချမ်းရေးစိတ်ပညာဆိုင်ရာ ရှုထောင့်မှကြည့်လျှင် မာလူကူတွင် ဖြစ်ပွားသော အနုစိတ်ဆန်သည့် ဘာသာရေးပဋိပက္ခ အကြမ်းဖက်မှုမျိုးကို ကိုင်တွယ်ရန်ခက်ခဲသောပဋိပက္ခဟု ခေါ်ဆိုကြသည် (Coleman, 2006)။ အတိတ်က အုပ်စုတစ်စုအပေါ် လွှမ်းမိုးမှုနှင့် မတရားမှုသမိုင်းကြောင်း

[17] ဤအပိုင်းကို Josephine Rosa Mareta Soeprapto, National Defense University of Indonesia, Indonesia က ပါဝင်ရေးသားသည်။

ရှိသည့်အခါ ထိုပဋိပက္ခမျိုးဖြစ်ပွားသည်။ ယခုဖြစ်ရပ်တွင် အာဏာအပြောင်းအလဲဖြစ်သွားသည့်အခါ ပုံစံက ပြောင်းလဲသွားသည်။ စီးပွားရေး၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှု ကဲ့သို့သော အခြားသောအချက်များနှင့် ကိစ္စရပ်များ ပါဝင်လာသောအခါ ပဋိပက္ခပို၍ရှုပ်ထွေးလာသည်။ ဤပဋိပက္ခမျိုးက အကြမ်းဖက်နိုင်ခြေလည်း များသည်။ အထူးသဖြင့် အုပ်စုနှစ်စုမှ တာဝန်မယူသည့် တစ်သီးပုဂ္ဂလပုဂ္ဂိုလ်များနှင့် အစွန်းရောက်သူများက ၎င်းတို့နှင့် သက်ဆိုင်သည့် အကြောင်းပြချက်များကြောင့် ဆွပေးသလိုဖြစ်သည့်အခါတွင် ဖြစ်သည်။

*ဂါရာကန် ဘာကူဘဲ* (ဘာကူဘဲ လှုပ်ရှားမှု) သည် အင်ဒိုနီးရှားနိုင်ငံတွင် ငြိမ်းချမ်းရေးဆိုင်ရာ ကြားဝင်ညှိနှိုင်းမှုနှင့် ပတ်သက်သည့် အောင်မြင်သောဇာတ်လမ်းဥပမာတစ်ခု ဖြစ်သည်။ ၁၉၉၉-၂၀၀၃ ခုနှစ်အတွင်း အထွတ်အထိပ် ရောက်ခဲ့သည့်ပဋိပက္ခက ကြီးမားသောထိခိုက်မှုများ ဖြစ်စေခဲ့သည် (သေဆုံးဒဏ်ရာရသူ ၅၀၀၀၊ နေရပ်စွန့်ခွာ ထွက်ပြေးရသူ ၅၀၀၀၀၀ နှင့် ဒေသမှ အဆောက်အအုံနှင့် အိမ်ခြေ ၈၀% နီးပါး ပျက်စီးခဲ့ရသည်)။ ယခင်က စုံလင်ကွဲပြားသော မာလူကူမှ ကျေးရွာများကို ဆင်တူသောသူများသာ စုစည်းနေထိုင်ပြီး သီးခြားစီ အုပ်စုခွဲထားကာ ပြည်သူများကလည်း ပို၍ အစွန်းရောက်လာသည် (Yanuarti, 2003)။ ပဋိပက္ခအရှိန်တက် နေချိန်တွင် ငြိမ်းချမ်းရေးဟူသည်စကားလုံးက အဓိပ္ပာယ်ကင်းမဲ့နေပြီး တခြားအဖွဲ့ကို အညံ့ခံသည့် အဓိပ္ပာယ် သက်ရောက်သည်။ သို့ရာတွင် ဒေသခံစကားလုံးဖြစ်သော *"ဘာကူဘဲ"* ဟူသည့် အသုံးအနှုန်းက ပို၍ အသုံးများလာပြီး ဒေသခံကလေးငယ်များရန်ဖြစ်ပြီး ပြန်လည်သင့်မြတ်သောအခါ၌ပင် ယင်းစကားလုံးကို အသုံးပြုကြသည်။ *ဘာကူ* ဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး (သို့) အပြန်အလှန်ဟု အဓိပ္ပာယ်ရပြီး *ဘဲ* ဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး ပြန်လည်သင့်မြတ်ခြင်းဟု အဓိပ္ပာယ်ရသည် (Muluk, and Malik, 2009)။

ငြိမ်းချမ်းရေးအရ ပြောဆိုရေးသားမှုများတွင် အဆိုပါအသုံးအနှုန်းကို နှစ်ဖွဲ့လုံးက လက်ခံခဲ့သည်။ *ဘာကူဘဲ* ဖြစ်စဉ်ကို တက်ကြွလှုပ်ရှားသူများ၊ ပညာရှင်များ၊ အသက်မွေးဝမ်းကြောင်းဆိုင်ရာကျွမ်းကျင်သူများက အစပြုခဲ့ပြီး အစ်ဆန်မာလစ်နှင့် အီလီယာကင်မ် ဆီတောရက်စ် လူးဘစ်(စ်)( Ichsan Malik and Eliakim Sitorus Lubis) တို့အပါအဝင် နာမည်ကျော်ပုဂ္ဂိုလ်အချို့က ဦးဆောင်ခဲ့သည်။ ၎င်းတို့ကို ၁၉၉၀ ပြည့်လွန်နှစ် နှောင်းပိုင်းများတွင် မူလူကူ ကျွန်းစုများ၏ အလယ်၌ရှိသော လိစ်ကျွန်းစုများတွင် ပဋိပက္ခကိုဖြေရှင်းရန် အမ်ဘွန်မြို့သို့ ဒေသခံ NGO အဖွဲ့ *ယာယာဆန် ဟောင်လာပူ* (*Yayasan Hualopu)* အဖွဲ့က ဖိတ်ကြားခဲ့သည်။ သူတို့က ၂၀၀၀ ပြည့်နှစ် ဧပြီလတွင် အမ်ဘွန်သို့ ရောက်ရှိလာကြပြီး အချို့သောဒေသများမှ အကြမ်းဖက်မှု အတိုင်းအတာကို အံ့သြမှင်သက်ခဲ့ကြသည်။ ဗဟိုအစိုးရက ပဋိပက္ခကိုအဆုံးသတ်ရန် ကြိမ်ဖန်များစွာ ကြိုးပမ်းခဲ့သော်လည်း အရာမထင်ခဲ့ပေ။ အတွေ့အကြုံရှိ ပံ့ပိုးကူညီပေးသူများအဖြစ် ၎င်းတို့က ရပ်ရွာအခြေပြု ငြိမ်းချမ်းရေးလုပ်ဆောင်မှုများကို စတင်ရမည်ဟု နားလည်သဘောပေါက်ခဲ့သည်။ အပြင်လူများအနေဖြင့် ၎င်းတို့က ပဋိပက္ခအခြေအနေများကို ပုံဖော်ရေးဆွဲမှုလုပ်ဆောင်ခဲ့ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်စတင်ရန် မာလူကူ ပြည်သူများ၏ယုံကြည်မှုနှင့် အားပေးထောက်ခံမှုရရှိအောင် လုပ်ဆောင်ခဲ့ကြသည်။ *ကွန်ထရာစ် (Kontras (Komisi untuk Orang Hilang dan Korban Tindak Kekerasan* (သို့) ပျောက်ဆုံးနေသူများနှင့် အကြမ်းဖက်မှု ခံစားခဲ့ရသူများဆိုင်ရာ ကော်မရှင်)) နှင့် LBH (*Lembaga Bantuan Hukum* (သို့) ဥပဒေအထောက်အပံ့ ကောင်စီ) ၏ အကူအညီဖြင့် ၎င်းတို့က ဒေသခံများကို လက်ရှိပဋိပက္ခအခြေအနေအကြောင်း စစ်တမ်း/ဆန္ဒခံယူပွဲ ပြုလုပ်ခဲ့ကြသည်။ ရလဒ်များက မာလူကူ ပြည်သူများသည် အကြမ်းဖက်မှုကိုစိတ်ကုန်နေကြပြီး ငြိမ်းချမ်းရေး

လိုချင်ကြောင်း ပြသနေသည်။ ၎င်းတို့၏ နောက်ထပ်ခြေလှမ်းမှာ အလုပ်ရုံဆွေးနွေးပွဲများကျင်းပခြင်းဖြင့် ပဋိပက္ခဖြစ်နေသည့်အဖွဲ့များအကြား ဆက်ဆံရေးလမ်းကြောင်းများကို ဖွင့်ထားရန် ဖြစ်သည်။

၁၉၇၁ ခုနှစ် အာဒမ်ကားလ် (Adam Curle) ၏ ငြိမ်းချမ်းရေးဖန်တီးခြင်းမူဘောင်ကို မှီငြမ်း၍ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲများတွင် ပံ့ပိုးကူညီပေးသူများက ရပ်ရွာအခြေပြု ငြိမ်းချမ်းရေးလှုပ်ရှားမှုတစ်ခုကို လုပ်ဆောင်ခဲ့သည် (Lederach, 1998)။ မူဘောင်က မတရားမှုများကိုသတိပြုမိစေခြင်း၊ ပဋိပက္ခဖြစ်နေသည့် အဖွဲ့များအကြား ဟန်ချက်တစ်ခုဖန်တီးခြင်းတို့ဖြင့် အခြေအနေကို ပဋိပက္ခမှ ငြိမ်းချမ်းရေးသို့ ပြောင်းလဲသွားနိုင်ရန် လုပ်ဆောင်ခဲ့သည်။ ပဋိပက္ခအကြောင်းသိရှိမှု တိုးပွားလာစေရန် အဆိုပါလှုပ်ရှားမှုက အဆင့်လေးဆင့်ပါသော (*ဘာကူဘဲ* အလုပ်ရုံဆွေးနွေးပွဲများဟု ခေါ်သည့်) အလုပ်ရုံဆွေးနွေးပွဲများကို စတင်ခဲ့သည်။ ယင်းတို့မှာ (၁) ငြိမ်းချမ်းရေးရရှိစေရန်လိုအပ်သည့် သဘောထားများနှင့် တန်ဖိုးများကို ရှာဖွေဖော်ထုတ်ခြင်း၊ (၂) ပဋိပက္ခဖြစ်ရသည့် အကြောင်းရင်းခံများနှင့် ပဋိပက္ခတွင်ပါဝင်သည့် အုပ်စုများကို ဆန်းစစ်လေ့လာခြင်း၊ (၃) ငြိမ်းချမ်းရေးရရှိရန် အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများ (SWOT) ကို ဆန်းစစ်လေ့လာခြင်းနှင့် (၄) ပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်းတို့ဖြစ်သည်။ ၃နှစ်ကျော်အတွင်း ဘာကူဘဲ အလုပ်ရုံဆွေးနွေးပွဲများကို ၂၃ ကြိမ်ကျင်းပခဲ့ပြီး တိုက်ခိုက်ရေးသမားများ၊ ဒုက္ခသည်များ၊ သတင်းထောက်များ၊ ရှေ့နေများ၊ ပညာပေးသူများ၊ ရိုးရာခေါင်းဆောင်များ (ဘုရင်များ)၊ ဘာသာရေးခေါင်းဆောင်များ၊ NGO များ၊ စစ်တပ်နှင့် ဂွာကာတာ၊ အမ်ဘွန်နှင့် ဂျိုဂွာကာတာမှ ရဲတပ်ဖွဲ့ဝင်များကို ကိုယ်စားပြုသည့် မာလူကူနှင့် မာလူကူပြင်ပမှ တက်ရောက်သူ ရာပေါင်းများစွာ တက်ရောက်ခဲ့ကြသည်။

ငြိမ်းချမ်းရေးလှုပ်ရှားမှုအတွက် ယုံကြည်မှုတည်ဆောက်ရန်နှင့် နိုင်ငံရေးအထောက်အပံ့ကိုတိုးမြှင့်ရန် *ဘာကူဘဲ* မှ ကိုယ်စားလှယ်များက မာလူကူပြင်ပတွင်နေထိုင်သည့် မာလူကူမှ အုပ်စုများအတွက် ပြည်တွင်းတွင်ရော၊ ပြည်ပတွင်ပါ အမျိုးမျိုးသော နယ်လှည့်တင်ပြမှုများ လုပ်ဆောင်ခဲ့ကြသည်။ နိုင်ငံတွင်းတွင် နယ်လှည့်တင်ပြမှုများကို ဂျာကာတာ၊ ဂျိုဂျာကာတာ၊ ဆူရာဘာယာ၊ မာကာဆာ၊ ပူလူနှင့် မာနာဒိုတို့တွင် လုပ်ဆောင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံပြင်ပ၌ နယ်လှည့်တင်ပြမှုများကို မာလူကူလူမျိုးအများအပြားနေထိုင်ကြသည့် နယ်သာလန်နိုင်ငံတွင် လုပ်ဆောင်ခဲ့သည်။ နယ်လှည့်တင်ပြမှုများက အချက်အလက်မှားများနှင့် အချက်အလက်များကို ပြောင်းလဲပြင်ဆင်ထားခြင်းအများအပြား တွေ့ခဲ့ရသည်။ သို့ဖြစ်လေရာ မာလူကူဒေသတွင် ငြိမ်းချမ်းရေးလှုပ်ရှားမှုအတွက်လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပလက်ဖောင်းများ ဖန်တီးခြင်းအပြင် အလုပ်ရုံ ဆွေးနွေးပွဲများက တက်ရောက်သူများနှင့် ပရိသတ်များကို အချက်အလက်အမှန်များပေးရန် ကြိုးပမ်းခဲ့ရသည်။

နယ်လှည့်တင်ပြမှုများနှင့်အတူ အချို့သော ဘာကူဘဲ လှုပ်ရှားမှုမှ တက်ကြွလှုပ်ရှားသူများက အမ်ဘွန်ကျွန်းတွင် ဘာကူဘဲ ရိုးရာဈေးများ တည်ဆောက်ခြင်းဖြင့် ပညာရေးနှင့် စီးပွားရေးလုပ်ဆောင်ချက်များအတွက် စစ်မဖြစ်ရနယ်မြေများကို စတင်တည်ဆောက်ခဲ့သည်။ ပဋိပက္ခက မာလူကူမှပြည်သူများကို ဘာသာရေးအရအုပ်စုများခွဲပစ်ခဲ့ပြီး ပညာရေးအတွက် စစ်မဖြစ်ရနယ်မြေများနှင့် ဘာကူဘဲ ရိုးရာဈေးများက ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်တွင် အဓိကကျခဲ့သည်။

မာလူကူတွင် ငြိမ်းချမ်းရေးတည်ဆောက်ရန် နိုင်ငံရေးအထောက်အပံ့များ ရရှိစေဖို့ *ဘာကူဘဲ* လှုပ်ရှားမှုက မာလူကူတွင် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အထောက်အပံ့အပြည့်အဝရရှိရေးအတွက် ဗဟိုအစိုးရကို စတင် ချဉ်းကပ် အရေးဆိုခဲ့ကြသည်။ သမ္မတ၊ ပြည်သူ့ကိုယ်စားပြုလွှတ်တော် (House of People's Representatives (DPR)) ဥက္ကဋ္ဌနှင့် အင်ဒိုနီးရှားစစ်တပ်၏ ဦးစီးချုပ်တို့နှင့် တွေ့ဆုံခဲ့သည့် အစည်းအဝေးများတွင် မာလူကူတွင် အကြမ်းဖက်မှုများကိုရပ်တန့်ရန် အစိုးရထံမှကူညီမှုများကို တောင်းဆိုခဲ့သည်။ သို့ရာတွင် အစိုးရကိုယ်၌က အဖွဲ့ကွဲနေပြီး ဘာသာရေးကိစ္စရပ်များကြောင့် သက်ရောက်မှုများရှိလေရာ အဆိုပါ ချဉ်းကပ်အရေးဆိုမှုများမှာ မထိရောက်ခဲ့ပေ။

ငြိမ်းချမ်းရေးတည်ဆောက်ရန် အခြားအရေးပါသည့် လုပ်ဆောင်ချက်တစ်ခုမှာ ကျယ်ပြန့်သော ပရိသတ်များထံ ရောက်ရှိစေရန်နှင့် မြေပြင်မှပြည်သူများပါဝင်မှုကို ဆွဲဆောင်နိုင်ရန် အမျိုးမျိုးသောလူအုပ်စုများကို စုစည်းခြင်း ဖြစ်သည်။ ဥပမာ မာလူကူမှ သတင်းထောက်များနှင့် AJI *(Aliansi Jurnalisme Independen* (သို့) လွတ်လပ်သောသတင်းထောက်များအစည်းအရုံး) ကဲ့သို့သော အဖွဲ့အစည်းများက လူ့အဖွဲ့အစည်းထဲတွင် ပျံ့နှံ့နေသည့် မှားယွင်းသောအချက်အလက်များကို ရှင်းလင်းပြနိုင်ရန် ငြိမ်းချမ်းရေးအချက်အလက်များကို မျှဝေပေးသော မာလူကူ မီဒီယာစင်တာကို ဖန်တီးခဲ့ကြသည်။ ထို့ပြင် NGO တက်ကြွလှုပ်ရှားသူများက မာလူကူ၏ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု အစိတ်အပိုင်းများကို ပြန်လည်ထူထောင်ရန် အာရုံစိုက်ထားသည့် လူအုပ်စုနှစ်စုက ပူးတွဲတည်ထောင်ထားသည် *Tifa Damai* ဟု အမည်ရသော NGO ကိုလည်း ထူထောင်ခဲ့သည်။ အလားတူပင် နေထိုင်ရာနေရာများကို ဖျက်ဆီးခြင်း၊ အခြားသူများ ဝင်ရောက်နေထိုင်ခြင်း (သို့) ပိုင်ဆိုင်သူပြောင်းသွားခြင်းများ ဖြစ်ပွားခဲ့လေရာ နေထိုင်ခွင့်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သည့် ပြဿနာများကို ဖြေရှင်းရန် ရှေ့နေများက *ဘာကူဘဲ*အတွက် ဥပဒေအကူအညီကို ဖန်တီးခဲ့ကြသည်။ ရိုးရာခေါင်းဆောင်များက ပဋိပက္ခကြိုတင်သတိပေးရေးနှင့် ကြိုတင်တုန့်ပြန်ရေး အဖွဲ့တစ်ခုအနေဖြင့် လာတူပါတီ မာလူကူ စုစည်းရေးအဖွဲ့ (Latupati Maluku Assembly) ကို ဖွဲ့စည်းခဲ့သည်။ တင်းမာမှုများမြင့်တက်လာပြီး အငြင်းပွားမှုများက ခြိမ်းခြောက်လာသည့်အခါ ရိုးရာခေါင်းဆောင်များက ယင်းကိုရပ်တန့်ရန် ချက်ချင်းကြိုးစားကြသည်။ ယနေ့အချိန်အထိ အဆိုပါအဖွဲ့အစည်းများအားလုံး တည်ရှိနေဆဲဖြစ်ပြီး မာလူကူဒေသ၏ ငြိမ်းချမ်းရေးအတွက် ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည် (Braithwaite et al, 2010)။

ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးအတွက် ရပ်ရွာဓလေ့ထုံးတမ်းများနှင့် အလေ့အကျင့်များကို ထည့်သွင်းစဉ်းစားသည့် လူထုအခြေပြုပလက်ဖောင်းများက အောင်မြင်နိုင်ကြောင်း *ဘာကူဘဲ* လှုပ်ရှားမှုက ပြသနေသည်။ ခက်ခဲသော်လည်း လှုပ်ရှားမှုတွင်ပါဝင်သူများအကြား တစ်ဆင့်ချင်းစီ ယုံကြည်ချက်တည်ဆောက်သည့်ဖြစ်စဉ်မှတဆင့် လှုပ်ရှားမှုက နာမည်ရလာသည်။ *ဘာကူဘဲ*က ပဋိပက္ခဖြစ်နေသည့် အဖွဲ့များအကြား တစ်နည်းနည်းဖြင့် ကြားဝင်ညှိနှိုင်းသူတစ်ဦးအဖြစ် လုပ်ဆောင်ပေးနိုင်ခဲ့ပြီး ထိုဖြစ်စဉ်ကို အသွင်ပြောင်းလဲပေးသည့် ကြားဝင်ညှိနှိုင်းရေးဟု အမည်တပ်နိုင်သည် (Ridley-Duff and Bennett, 2010)။ ဖြစ်စဉ်တွင် အဓိကနှစ်ချက်မှာ စွမ်းရည်မြှင့်ပေးခြင်းနှင့် အသိအမှတ်ပြုခြင်းတို့ဖြစ်သည်။ စွမ်းရည်မြှင့်ပေးခြင်းက အဖွဲ့များကို ၎င်းတို့၏ကိစ္စရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုပြီး ဖြေရှင်းချက်များကို ကိုယ်တိုင်ရှာဖွေနိုင်စေသည်။ အသိအမှတ်ပြု

ခြင်းက အခြားအဖွဲ့များ၏အမြင်ကို နားလည်သဘောပေါက်စေသည်။ လူထုအခြေပြုလှုပ်ရှားမှုတစ်ခုအနေဖြင့် ယင်းက တရားဝင်မှုမရှိသလို ၎င်း၏ လူအုပ်စုများအတွင်း၌ပင် လူတို့ကို လွှမ်းမိုးနိုင်ခြင်းလည်းမရှိသောကြောင့် *ဘာကူဘာ*က ဖြည်းဖြည်းသာ စတင်ခဲ့သည်။ အချို့အချိန်များတွင် လှုပ်ရှားမှုတွင် ပါဝင်လုပ်ဆောင်နေသူများကို ၎င်းတို့အုပ်စုများ၏ လိုလားချက်များကို သစ္စာဖောက်သူများဟုပင် နာမည်တပ်ခံရသည်။ သို့သော် ဖြည်းညင်းပြီး ရှည်လျားသည့်ဖြစ်စဉ်က နောက်ဆုံးတွင် မာလူကူ ဒေသတွင်းနှင့် ဒေသပြင်ပမှ ယဉ်ကျေးမှုခေါင်းဆောင်များ၏ ထောက်ခံပေးမှုနှင့် မာဂျယ်လစ်လာတူပီ *(Majelis Latupati)* အဖွဲ့ တည်ထောင်မှုတို့ကြောင့် အရှိန်ရလာပြီး ဘာကူဘာက မာလူကူ၏ ငြိမ်းချမ်းရေးဖြစ်စဉ် ကြားဝင်စေ့စပ်ရေးတွင် ၎င်း၏နေရာကို ခိုင်မာစေခဲ့သည်။

## ၅.၆ ငြိမ်းချမ်းရေးထိန်းသိမ်းခြင်း၊ ငြိမ်းချမ်းရေးစောင့်ကြည့်လေ့လာခြင်းနှင့် ငြိမ်းချမ်းရေးစစ်ဆင်ရေးများ

ယခုအပိုင်းက ပဋိပက္ခအဆုံးသတ်ရန်ဖြစ်စဉ်ကိုထောက်ပံ့ရန် နည်းလမ်းတစ်ခုဖြစ်သည့် ငြိမ်းချမ်းရေး ထိန်းသိမ်းရေး၏ အဓိပ္ပာယ်များနှင့် တာဝန်များကို လေ့လာဆန်းစစ်သွားပါမည်။ ကုလသမဂ္ဂအဖွဲ့က ငြိမ်းချမ်းရေး ထိန်းသိမ်းရေးကို ကျယ်ပြန့်သော အမျိုးအစားသုံးခု ခွဲခြားထားသည်။ (၁) အပစ်အခတ်ရပ်စဲရေးကို ထိန်းသိမ်းရန် ကူညီခြင်း၊ (၂) ကျယ်ပြန့်သော ကျေအေးရေးအကောင်အထည်ဖော်ခြင်း၊ (၃) လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်ချက်များကို ကာကွယ်ပေးခြင်းတို့ဖြစ်သည် (Agenda for Peace, 1992)။ ယေဘုယျအားဖြင့် ဤသည်က ပဋိပက္ခအခြေအနေများတွင် အကြမ်းဖက်မှုများဖြစ်ပွားသည့်အခါ မြေပြင်တွင် ငြိမ်းချမ်းရေး ထိန်းသိမ်းသည့်ဖြစ်စဉ်ဖြစ်သည်။ ရည်မှန်းချက်များတွင် အကြမ်းဖက်သည့်လုပ်ရပ်များကို ပဋိပက္ခသို့ အရှိန်တက် သွားခြင်းအားထိန်းသိမ်းခြင်း၊ အကြမ်းဖက်မှုဖြစ်ပွားသည်နှင့် ပြင်းထန်မှုနှင့် ဖြစ်ပွားသည့်နေရာများကို ကန့်သတ်ခြင်း၊ အပစ်အခတ်ရပ်စဲမှုအတွက်လုပ်ဆောင်ခြင်းနှင့် ငြိမ်းချမ်းရေးသဘောတူညီချက် အစိတ်အပိုင်း တစ်ခုအနေဖြင့်/ လက်မှတ်ရေးထိုးပြီးနောက် ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ကုစားရေးအတွက် နယ်ပယ်တစ်ခုဖန်တီးပေးခြင်းတို့ ပါဝင်သည်။ ထိုနည်းအားဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းက ပဋိပက္ခ ဖြေရှင်းရေးတွင် ငြိမ်းချမ်းရေးအတွက် ကြားဝင်ညှိနှိုင်းပေးရေးဖြစ်စဉ်နှင့် လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများနှင့်အတူ အရေးပါသည့်အစိတ်အပိုင်းတစ်ခု ဖြစ်လာသည်။ ငြိမ်းချမ်းရေးထိန်းသိမ်းရေးက နှစ်ပေါင်း များစွာအတွင်း ပြောင်းလဲလာပြီး အချို့နိုင်ငံများတွင် ငြိမ်းချမ်းရေးစောင့်ကြည့်လေ့လာရေးနှင့် ငြိမ်းချမ်းရေး ဆိုင်ရာ စစ်ဆင်ရေးတစ်ခုအဖြစ်လည်း အသိအမှတ်ပြုလာကြသည်။ ဤသည်မှာ ငြိမ်းချမ်းရေးထိန်းသိမ်းသူ များ၏ အခန်းကဏ္ဍများ ကျယ်ပြန့်လာခြင်းနှင့် ၎င်းတို့ကိုပေးအပ်သည့် တာဝန်များကြောင့် ဖြစ်သည်။

ငြိမ်းချမ်းရေးထိန်းသိမ်းရေးအပေါ် သမာရိုးကျအမြင်များတွင် တိုက်ခိုက်မှုများရပ်တန့်သွားပြီးသည့် နေရာတစ်ခု တွင် ငြိမ်းချမ်းရေးကိုထိန်းသိမ်းရန်နှင့် ငြိမ်းချမ်းရေးဖန်တီးသူများ အောင်မြင်ထားသည့် သဘောတူညီချက်များကို အကောင်အထည်ဖော်ရန် လုပ်ဆောင်သည့် လုပ်ဆောင်ချက်များ ပါဝင်သည်။ ဤသည်က များသောအားဖြင့် အဖွဲ့များအားလုံး၏ သဘောတူညီချက်ဖြင့် လုပ်ဆောင်သည့် စစ်ရေးစစ်ဆင်ရေးများကို ညွှန်းဆိုသည်။ ၎င်း၏ ရည်ရွယ်ချက်မှာ သဘောတူညီချက်တစ်ရပ်ကို စောင့်ကြည့်ရန်နှင့် အကောင်အထည်ဖော်ခြင်းကို ကူညီပံ့ပိုးပေး ရန်၊ ကာလရှည် နိုင်ငံရေးကျေလည်ရေးတစ်ရပ် ရရှိစေရန်အတွက် သံတမန်ရေးကြိုးပမ်းမှုများကို ပံ့ပိုးပေးရန်

ဖြစ်သည်။ ယေဘုယျအားဖြင့် ဤသည်ကို *ပထမမျိုးဆက် ငြိမ်းချမ်းရေးထိန်းသိမ်းရေး* ဟု သိကြသည်။ ၁၉၅၆ ခုနှစ်တွင် အရှေ့အလယ်ပိုင်းမှ စူးအက်အကျပ်အတည်းကိုတုံ့ပြန်သည့် ကုလသမဂ္ဂအရေးပေါ်တပ်ဖွဲ့ (UNEFI) ၏ လုပ်ငန်းများကို လမ်းညွှန်မှုပေးရန် ငြိမ်းချမ်းရေးထိန်းသိမ်းရေး အခြေခံစည်းမျဉ်းများကိုသတ်မှတ်ဖို့ ကုလသမဂ္ဂအဆင့် အစည်းအဝေးတွင် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအတွက် မူဘောင် ထွက်ပေါ်လာသည် (Ramsbotham et al, 2011)။ UNEFI က ချမှတ်ခဲ့သည့် စည်းမျဉ်းများက ကုလသမဂ္ဂ ငြိမ်းချမ်းရေး၏ အနှစ်သာရကို အနည်းဆုံး ၁၉၉၀ ပြည့်လွန်နှစ် အလယ်ပိုင်းလောက်အထိ သတ်မှတ်ပေးခဲ့ပြီး အောက်ပါတို့အပေါ် အခြေခံသည်။

- ပဋိပက္ခဖြစ်သောအဖွဲ့များ၏ သဘောတူညီချက်
- နိုင်ငံရေးအရ ကြားနေခြင်း (ဘက်မလိုက်ခြင်း)
- သမာသမတ်ကျခြင်း (တာဝန်ကို လိုက်နာခြင်း)
- မိမိကိုယ်ကို ကာကွယ်ခြင်းမှလွဲ၍ အင်အားမသုံးခြင်း
- တရားဝင်မှု (အထွေထွေအတွင်းရေးမှူးက အကြံပြုခဲ့သလို လုံခြုံရေးကောင်စီက ထိန်းချုပ်နိုင်ပြီး လုံခြုံရေးကောင်စီအပေါ် တာဝန်ခံရခြင်း) (Ramsbotham et al, 2011)

စစ်အေးတိုက်ပွဲကာလတွင် ငြိမ်းချမ်းရေးထိန်းသိမ်းရေးစစ်ဆင်ရေးများ (၁၃) ကြိမ်ရှိခဲ့သည်။ အထူးသဖြင့် နိုင်ငံများအကြား ပဋိပက္ခများတွင် နယ်စပ်ဒေသကိုစောင့်ကြည့်ရန်နှင့် အပစ်အခတ်ရပ်စဲမှုသဘောတူညီချက် လက်မှတ်ရေးထိုးပြီး ကြားခံနယ်မြေများတည်ဆောက်ရန် တာဝန်ပေးအပ်ထားသည်။ အဆိုပါ ပထမမျိုးဆက် ငြိမ်းချမ်းရေးထိန်းသိမ်းရေးမစ်ရှင်များက ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံငယ်များနှင့် ကြားနေနိုင်ငံများမှ လက်နက် ပေါ့ပေါ့ပါးပါးသာ တပ်ဆင်ထားသည့် တပ်ဖွဲ့ဝင်များ ပါဝင်ကြသည်။

၁၉၉၀ ပြည့်လွန်နှစ်များတွင် ငြိမ်းချမ်းရေးထိန်းသိမ်းရေးစစ်ဆင်ရေးများ များပြားလာသလို မစ်ရှင်တွင် ပါဝင်သည့် နိုင်ငံများလည်း တိုးပွားလာသည်။ ၁၉၈၀ ပြည့်လွန်နှစ်များတွင် နိုင်ငံ ၂၆ နိုင်ငံသာ ပါဝင်ခဲ့ရာမှ ယခုအခါ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်ဝက်ကျော်ခန့်က အဆိုပါမစ်ရှင်များတွင် ပါဝင်နေကြပြီဖြစ်သည်။ အဆိုပါ မစ်ရှင်များ၏ သဘောသဘာဝနှင့် လုပ်ငန်းများလည်း အခြေခံကျသောပြောင်းလဲမှုများ ဖြစ်ပွားခဲ့သည်။ အစောပိုင်းစစ်ဆင်ရေးများတွင် အပစ်အခတ်ရပ်စဲရေးကို အဓိကစောင့်ကြည့်သည့်တာဝန်မှ လုံခြုံရေး၊ လူသားချင်းစာနာမှုနှင့် နိုင်ငံရေးရည်မှန်းချက်များပါဝင်သည့် လုပ်ငန်းမျိုးစုံကို လုပ်ဆောင်လာကြသည်။

ဆန့်ကျင်ဘက်အနေဖြင့် *ဒုတိယမျိုးဆက် ငြိမ်းချမ်းရေးထိန်းသိမ်းရေးက* အဖွဲ့ပေါင်းစုံပါဝင်ပြီး၊ ကိစ္စရပ်မျိုးစုံကို ကိုင်တွယ်ကာ နိုင်ငံစုံ/ယဉ်ကျေးမှုမျိုးစုံ ပါဝင်သည် (Ramsbotham et al, 2011)။ ၎င်း၏ အစောပိုင်း စည်းမျဉ်းများက ယခင်အတိုင်းပင်ရှိသော်လည်း နောက်ထပ်စည်းမျဉ်းများကို ထပ်ထည့်ထားသည်။ (၁) နောက်ခံ အခြေအနေသည် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ထောက်ပံ့ရန်ဖြစ်သည်၊ (၂) မည်သည့် မစ်ရှင်မဆို ကာလတိုသာ ဖြစ်သည်၊ (၃) မစ်ရှင်များကို ကုလသမဂ္ဂလက်အောက်တွင် စုစည်းထားသည်၊ (၄) ယင်းတို့က အင်အားသုံး၍မရပေ (ငြိမ်းချမ်းရေးထိန်းသိမ်းရေး စစ်ဆင်ရေးများ၏တာဝန်များကို အောက်ပါ ဇယား ၅.၂ တွင် ရှုပါ)။ ၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းများမှ အလယ်ပိုင်းကာလများအထိ ငြိမ်းချမ်းရေးထိန်းသိမ်းရေး

စစ်ဆင်ရေးများ၏ ပြောင်းလဲသောသဘောသဘာဝ ရှိလင့်ကစား စစ်ဆင်ရေးများ၏ လုပ်ဆောင်နိုင်စွမ်းအပေါ် ယုံကြည်ချက်လျော့ကျလာပြီး ယင်းနှင့်အတူ စေလွှတ်သည့် တပ်သားအရေအတွက်၊ စေလွှတ်သည့် အရေအတွက်နှင့် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအတွက် အသုံးပြုသည့် ဘတ်ဂျက်များလည်း ကျဆင်းလာသည်။ ယင်းတို့မှာ ၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းမှ အလယ်ပိုင်းအထိ ယခင် ယူဂိုဆလားဗီးယား၊ ရဝမ်ဒါနှင့် ဆိုမာလီယာတို့တွင် တွေ့ခဲ့ရသည့်အတိုင်း ငြိမ်းချမ်းရေးထိန်းသိမ်းသူများ ကြုံတွေ့ရသည့် စိန်ခေါ်မှုများနှင့် အရပ်သားများ၊ လူသားချင်းစာနာမှုလုပ်ဆောင်သူများနှင့် ၎င်းတို့ကိုယ်၌အတွက် ကာကွယ်ပေးရန် ၎င်းတို့တာဝန်များအား ပျက်ကွက်မှုများမှ ဆင်းသက်လာခဲ့သည်။

**ဇယား ၅.၂။ ကဏ္ဍစုံလင် ငြိမ်းချမ်းရေးထိန်းသိမ်းရေး စစ်ဆင်ရေးများ၏ တာဝန်များ**

| *အစိတ်အပိုင်း* | *တာဝန်* |
|---|---|
| *စစ်ရေးအစိတ်အပိုင်း* | • *အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ခြင်းနှင့် စစ်ဆေးခြင်း*<br>• *စစ်စခန်းချခြင်း*<br>• *တိုက်ပွဲဝင်ခဲ့သူများအား လက်နက်ဖြုတ်သိမ်းခြင်းနှင့် တပ်ဖျက်သိမ်းခြင်း*<br>• *ပညာပေးရေးနှင့် မိုင်းရှင်းလင်းရေးကို စောင့်ကြည့်ခြင်း*<br>• *ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထောက်ပံ့သည့် ကုလသမဂ္ဂနှင့် အခြားသော နိုင်ငံတကာ လုပ်ဆောင်ချက်များအတွက် လုံခြုံရေး တာဝန်ယူပေးခြင်း* |
| *အရပ်သား ရဲဝန်ထမ်း အစိတ်အပိုင်း* | • *လူထုကို ထိန်းချုပ်ခြင်း*<br>• *တရားရေးစနစ်တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း*<br>• *ဥပဒေအရ စည်းကြပ်ခြင်း*<br>• *ဥပဒစည်းကြပ်သူများကို အဖွဲ့အစည်းဆိုင်ရာ၊ စီမံခန့်ခွဲရေးနှင့် လူ့အခွင့်အရေး ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး စောင့်ကြည့်လေ့လာခြင်း၊ သင်တန်းပေးခြင်းနှင့် အကြံဉာဏ်ပေးခြင်း* |
| *အရပ်သား အစိတ်အပိုင်း* | *နိုင်ငံရေးဆိုင်ရာ အစိတ်အပိုင်း*<br>• *ငြိမ်းချမ်းရေးဖြစ်စဉ် တစ်ခုလုံးအတွက် နိုင်ငံရေးအရ လမ်းညွှန်ချက်ပေးခြင်း*<br>• *တည်ဆဲနိုင်ငံရေး အင်စတီကျူးရှင်းများကို ပြန်လည်ထူထောင်ရန် ကူညီပေးခြင်း*<br>• *အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် မြှင့်တင်ပေးခြင်း*<br>*ရွေးကောက်ပွဲ အစိတ်အပိုင်း*<br>• *ရွေးကောက်ပွဲဖြစ်စဉ် အစိတ်အပိုင်းများနှင့် အဆင့်များအားလုံးကို စောင့်ကြည့်ခြင်းနှင့် စစ်ဆေးခြင်း၊ နည်းပညာဆိုင်ရာ အထောက်အပံ့များအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း*<br>• *ပြည်သူများကို ရွေးကောက်ပွဲဖြစ်စဉ်အကြောင်း ပညာပေးခြင်းနှင့် လူထုအခြေပြု ဒီမိုကရက်တစ် အင်စတီကျူးရှင်းများပေါ်ပေါက်လာရန် အကူအညီပေးခြင်း*<br>*လူ့အခွင့်အရေး အစိတ်အပိုင်း*<br>• *လူ့အခွင့်အရေးများ စောင့်ကြည့်လေ့လာခြင်း*<br>• *လူ့အခွင့်အရေး ချိုးဖောက်ခြင်းဆိုင်ရာ စွပ်စွဲမှုများကို စုံစမ်းစစ်ဆေးခြင်း*<br>• *လူ့အခွင့်အရေး မြှင့်တင်ပေးခြင်း*<br>*လူသားချင်းစာနာမှုဆိုင်ရာ အစိတ်အပိုင်း* |

| | |
|---|---|
| | • *လူသာချင်းစာနာမှုဆိုင်ရာ အကူအညီများ ပို့ဆောင်ခြင်း (အစားအစာနှင့် အခြားသော အရေးပေါ် ကူညီရေး အသုံးအဆောင်များ)*<br>• *ဒုက္ခသည်များ နေရပ်ပြန်ပို့ရေး အစီအစဉ်များ အကောင်အထည်ဖော်ခြင်း*<br>• *နေရပ်စွန့်ခွာထွက်ပြေးရသူများအား ပြန်လည်နေရာချထားခြင်း*<br>• *စစ်သားဟောင်းများကို ပြန်လည်ဝင်ဆံ့စေခြင်း* |

**မူရင်း။** Hansen, Ramsbotham, and Woodhouse, 2004

၁၉၉၀ ပြည့်လွန်နှစ်များတွင် ကမ္ဘာတစ်ဝန်း ပဋိပက္ခသဘောသဘာဝများ ပြောင်းလဲလာခြင်းကိုလည်း တွေ့ခဲ့ရသည်။ စစ်အေးကာလနှောင်းပိုင်းတွင် ပဋိပက္ခများက ပို၍ရှုပ်ထွေးလာသည်။ အများစုက နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်း၌သာ ဖြစ်ပွားသည် (သို့) ပြည်တွင်းစစ်များသည် အယူဝါဒ (သို့) ကိုယ်ပိုင်သရုပ်လက္ခဏာကြောင့်သာမဟုတ်ဘဲ စီးပွားရေးလိုအပ်ချက်များကဲ့သို့သော အခြားအာဃာတများကြောင့်လည်း ဖြစ်ပွားကြရသည်။ ဤသည်က လေ့လာဆန်းစစ်သူများကို စီးပွားရေးလိုအပ်ချက်များ၊ လောဘနှင့် ကြီးနိုင်ငယ်ညှဉ်း အမှုအကျင့်တို့က မောင်းနှင်သည့် ပဋိပက္ခများဖြစ်သော စစ်ပွဲပုံစံအသစ်ထွက်ပေါ်လာပြီး အရေးယူရန် လိုအပ်ကြောင်းကို သတိထားမိလာစေသည် (Kaldor, 2006)။ သို့သော် ရမ်စ်ဘော့သမ်၊ ဝုဒ်ဟောက်စ်နှင့် မီအယ်လ် (2011: 152) တို့က အောက်ပါအတိုင်း ဆိုခဲ့သည်။

> *တည်ရှိနေသည့် အစိုးရတည်ဆောက်ပုံများက ဖြစ်သင့်ဖြစ်ထိုက်သော နိုင်ငံရေးမျှော်မှန်းချက်များကို နေရာမပေးနိုင်သည့်အခါ (သို့) လိုအပ်ချက်များကို မဖြည့်ဆည်းပေးနိုင်သည့်အခါ ကိုယ်ပိုင်သရုပ်လက္ခဏာအခြေပြုပဋိပက္ခများနှင့် အယူဝါဒအခြေပြုပဋိပက္ခများကို မီးမွှေးပေးသလို ဖြစ်စေသည်။ စီးပွားရေးရည်မှန်းချက်များက အများစုသော လက်နက်ကိုင်ပဋိပက္ခများ၏ နက်ရှိုင်းသော ရှုထောင့်များကို ရှင်းမပြနိုင်ကြပေ။*

အရှေ့တောင်အာရှတွင် များစွာသော ပြင်းထန်သည့် နိုင်ငံတွင်းပဋိပက္ခများ (ပြည်တွင်းစစ်များ) သည် ကိုယ်ပိုင်သရုပ်လက္ခဏာ၊ အာဏာ၊ အယူဝါဒ၊ အုပ်ချုပ်ပုံ၊ လူ့အခွင့်အရေး၊ သမိုင်းမှ မတရားမှုများဟု ရှုမြင်ထားသည့် အရာများကို ပြင်ဆင်ခြင်းတို့ပါဝင်ပြီး စီးပွားရေးကိစ္စရပ်များကလည်း အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်သည်။ ဤသည်က ငြိမ်းချမ်းရေးတည်ဆောက်ရေးချဉ်းကပ်ပုံများက ယခုအခါ အဓိကကိစ္စရပ်များကို ဖြေရှင်းဖို့ အာရုံစိုက်ရုံတင်မက စီးပွားရေးနှင့် ဖွံ့ဖြိုးရေးကဲ့သို့သော အသစ်ပေါ်ထွက်လာသည့် ကိစ္စရပ်များကိုလည်း ယခုအခါ အာရုံစိုက်ရန်လိုအပ်လာကြောင်း ကျွန်ုပ်တို့ကိုပြသနေသည်။ ပဋိပက္ခများမှ စီးပွားရေးလက်တွေ့အခြေအနေများကို သတိပြုမိပြီး တာဝန်များကိုချမှတ်ပေးရန် လိုအပ်သောကြောင့် ဤသည်က ဒေသတွင်း ငြိမ်းချမ်းရေးစစ်ဆင်ရေးများအပေါ်တွင်လည်း သက်ရောက်မှုရှိသည်။ ဤအချက်က ကျွန်ုပ်တို့ကို ၁၉၉၀ ပြည့်လွန်နှစ် နှောင်းပိုင်းကာလများတွင် ပေါ်ထွက်လာသည့် တတိယမျိုးဆက် ငြိမ်းချမ်းရေး ထိန်းသိမ်းရေးများထံ ခေါ်ဆောင်လာသည်။

ယခုအခါ တတိယမျိုးဆက် ငြိမ်းချမ်းရေးထိန်းသိမ်းရေးများက ဘက်မလိုက်ဘဲ အင်အားမသုံးသည့် ငြိမ်းချမ်းရေး စစ်ဆင်ရေးများက ထိရောက်မှုမရှိခြင်း၊ ငွေကြေးနှင့် အထွေထွေထောက်ပံ့မှုများမရှိခြင်းနှင့် အထူးသဖြင့် မစ်ရှင် အများစုကို အနောက်နိုင်ငံများက ဦးဆောင်ကြလေရာ အနောက်နိုင်ငံများ၏အကျိုးစီးပွားများနှင့် တန်ဖိုးများကို အနောက်တိုင်းမဟုတ်သည့် နိုင်ငံများအား သွပ်သွင်းသည်ဟု ရှုမြင်ခြင်းတို့အပါအဝင် ဒုတိယမျိုးဆက် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအဆင့်မှ ပေါ်ပေါက်လာသည့်ကိစ္စရပ်များကို ကိုင်တွယ်ရန်လိုအပ်လာသည်။ အခြား မေးခွန်းတစ်ခုမှာ ငြိမ်းချမ်းရေးထိန်းသိမ်းရေး၏ ပဋိပက္ခဖြေရှင်းရေးရှုထောင့်ကို မည်သို့တိုးတက်စေမည်နည်း ဟူသည့် မေးခွန်းဖြစ်သည်။ အတိုချုံးဆိုရသော် ငြိမ်းချမ်းရေးထိန်းသိမ်းရေးစစ်ဆင်ရေးများကို သမာရိုးကျ ငြိမ်းချမ်းရေးထိန်းသိမ်းရန်တာဝန်ဟု မရှုမြင်တော့ဘဲ ငြိမ်းချမ်းရေးထိန်းသိမ်းရေး၊ ငြိမ်းချမ်းရေး စောင့်ကြည့် လေ့လာရေးနှင့် ငြိမ်းချမ်းရေးအသက်ဝင်စေခြင်းတို့အကြား ကွာခြားချက်များကို ဝေဝါးသွားစေပြီး ထိုသို့သော လုပ်ဆောင်ချက်များကိုလည်း ငြိမ်းချမ်းရေးစစ်ဆင်ရေးများဟု ခေါ်ဆိုနိုင်သည့် အတိုင်းအတာတစ်ခုအထိ ပြောင်းလဲလာခဲ့သည်။ ရမ်စ်ဘော့သမ်၊ ဝုဒ်ဟောက်စ်နှင့် မီအယ်လ် (2011) တို့က ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးဌာန (UN Department of Peacekeeping Operations (DPKO)) က တတိယမျိုးဆက် ငြိမ်းချမ်းရေးထိန်းသိမ်းရေးစစ်ဆင်ရေးများအတွက် လမ်းညွှန်ချက်များအဖြစ် သဘောတူညီခြင်း၊ ဘက်မလိုက် ခြင်း၊ အင်အားမသုံးခြင်း၊ တပ်စေလွှတ်သည့်နှုန်းထား၊ တရားဝင်မှုနှင့် ပြည်တွင်းနှင့် ရပ်ရွာတွင်း ငြိမ်းချမ်းရေး ဖြစ်စဉ်အပေါ် ပတ်သက်ပိုင်ဆိုင်မှုတိုးမြင့်ရေးကိစ္စရပ်များပါဝင်သည့် စည်းမျဉ်းများကို ဖော်ထုတ်ရန် ကြိုးပမ်းခဲ့ ကြကြောင်း တွေ့ရှိခဲ့ကြသည်။ သို့ရာတွင် အဆိုပါကြိုးပမ်းမှုက မအောင်မြင်ခဲ့ဘဲ ရလဒ်မှာ တည်ရှိနေသည့် အလေ့အကျင့်များ ဆက်လက်ကျင့်သုံးပြီး ပေးအပ်သည့်တာဝန်များနှင့် အခြေအနေနောက်ခံများအပေါ် မူတည် ပြီး စစ်ဆင်ရေးတစ်ခုချင်းစီအလိုက် ပြောင်းလဲမှုများ (သို့) ညှိနှိုင်းမှုများ လုပ်ဆောင်သည့်ပုံစံ ဖြစ်လာသည်။ အရှေ့တောင်အာရှက အဆိုပါ ငြိမ်းချမ်းရေးထိန်းသိမ်းရေးစစ်ဆင်ရေးများ ပြောင်းလဲလာမှုကို မျက်မြင်ကြုံတွေ့ ခဲ့ရသည်။ အစိုးရအသစ်အတွက် အကူးအပြောင်းကာလ လုံခြုံရေးလုပ်ဆောင်ပေးရန် အဓိကတာဝန်ယူခဲ့သော တီမောလက်စ်တေးမှ ကုလသမဂ္ဂမစ်ရှင် (United Nations Mission in Timor-Leste (UNMIT)) ကဲ့သို့ ပို၍ သမာရိုးကျနိုင်သောမစ်ရှင်များမှ အာချေးဒေသတွင် လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖျက်သိမ်းရေးနှင့် ပြန်လည် ပေါင်းစည်းရေး တာဝန်ပေးခံရသည့် အာချေးဒေသ စောင့်ကြည့်လေ့လာရေးမစ်ရှင် (AMM) နှင့် တတိယမျိုးဆက် ငြိမ်းချမ်းရေးထိန်းသိမ်းရေးမစ်ရှင်၏ ဥပမာဖြစ်သည့် မင်ဒါနောင်ဒေသသို့ ငြိမ်းချမ်းရေး စောင့်ကြည့်ရေး စစ်ဆင်ရေးအဖြစ် စေလွှတ်ခြင်းခံရသော နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့ (IMT) အထိ ကြုံတွေ့ခဲ့ရသည်။

## ၅.၆.၁ ဖြစ်ရပ်လေ့လာရေး ၅၊ မင်ဒါနောင်မှ နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့[18]

ဖိလစ်ပိုင်အစိုးရ (GPH) နှင့် မိုရို အစ္စလာမ်မစ်လွတ်မြောက်ရေးတပ်ဦး (MILF) တို့အကြား ဆွေးနွေးပွဲများ မလေးရှားနိုင်ငံတွင်ကျင်းပနေစဉ် မင်ဒါနောင်ဒေသတွင် မြေပြင်၌ ငြိမ်းချမ်းရေးရရှိစေရန် နှစ်စဉ် တာဝန်များကို

[18] ယခုအပိုင်းကို မလေးရှားနိုင်ငံ အမျိုးသား ကာကွယ်ရေးတက္ကသိုလ်နှင့် မလေးရှားနိုင်ငံ ကိုယ်စားပြု ယခင်နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့၏ အဖွဲ့ဝင် Col (Rtd) Abdul Rahman Alavi က ပါဝင်ရေးသားထားသည်။

ပြန်လည်သုံးသပ်သည့် မင်ဒါနောင်မှ နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့ကို ၂၀၀၄ ခုနှစ်တွင် စေလွှတ်ခဲ့သည်။ ၎င်း၏အဓိကတာဝန်မှာ အကြမ်းဖက်မှုရပ်ဆိုင်းရေးသဘောတူညီချက်များ အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်ရန်နှင့် သဘောတူညီချက်၏ လုံခြုံရေး၊ လူသားချင်းစာနာရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးရှုထောင့်များကို ဆက်လက်စောင့်ကြည့်ရန်ဖြစ်သည် (Zamrose, 2017)။ IMT ကို အစောပိုင်း စေလွှတ်ရာ၌ လစ်ဗျားလူမျိုး (၄) ဦး၊ ဘရူနိုင်းလူမျိုး (၁၀) ဦးနှင့် မလေးရှားလူမျိုး (၄၆) ဦး၊ စုစုပေါင်း အဖွဲ့ဝင်အယောက် (၆၀) ပါဝင်သည်။ ၎င်းတို့ကို မင်ဒါနောင်မှ ပဋိပက္ခဖြစ်ပွားသည့် နေရာငါးနေရာဖြစ်သည့် အီလီဂန်မြို့၊ ဂျန်နရယ်ဆန်းတိုစ်မြို့၊ ဒါဗာအိုမြို့၊ ဇမ်ဘိုအန်ဂါမြို့နှင့် ကိုတာဘာတိုမြို့ဟူသည့် နေရာငါးနေရာသို့ စေလွှတ်ခဲ့သည်။ ၎င်း၏ အဓိကရုံးချုပ်မှာ ကိုတာဘာတိုမြို့တွင် တည်ရှိသည် (Jubair, 2007)။ ၂၀၀၄ ခုနှစ်မှ ယခုအချိန်အထိ IMT က အဖွဲ့ ၁၅ ဖွဲ့ကို စေလွှတ်ခဲ့သည်။ IMT (၁၅) က ၂၀၂၂ ခုနှစ် ဧပြီလတွင် ၎င်း၏မစ်ရှင်ကို အဆုံးသတ်ရန် စီစဉ်ထားသည်။ လက်ရှိတွင် စစ်တပ်မှ (၁၉) ဦး၊ ရဲတပ်ဖွဲ့မှ (၃) ဦးနှင့် အရပ်သား (၆) ဦး ပါဝင်သည့် အဖွဲ့ဝင် (၂၈) ဦး ရှိသည်။ အဖွဲ့ကို ချဲ့ထွင်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ဂျပန်လူမျိုး အရပ်သားကိုယ်စားလှယ်နှစ်ဦးနှင့် ၂၀၁၁ ခုနှစ်တွင် ဥရောပသမဂ္ဂမှ အရပ်သားကိုယ်စားလှယ်တစ်ဦး ပါဝင်လာခဲ့သည်။ အဆိုပါ အရပ်သားများ၏ တာဝန်မှာ မစ်ရှင်၏ဖွံ့ဖြိုးရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ရှုထောင့်များကို အာရုံစိုက်လုပ်ဆောင်ရန် ဖြစ်သည် (IMT14)။

IMT ၏ တာဝန်များနှင့် လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ အစိတ်အပိုင်းတစ်ခုချင်းစီအလိုက် တာဝန်များကို ရှင်းလင်းစွာ ခွဲခြားထားပြီး ၎င်း၏လုပ်ဆောင်ချက်များနှင့် တာဝန်များကို ရှင်းရှင်းလင်းလင်း အကောင်အထည်ဖော်နိုင်ရန် IMT အဖွဲ့ကို ဖွဲ့စည်းထားသည်။ အဖွဲ့ကို မလေးရှားနိုင်ငံမှ မစ်ရှင်ဦးဆောင်သူ (Head of Mission (HoM)) က လက်ထောက် HoM နှင့်အတူ ဦးဆောင်ပြီး အတွင်းရေးမှူးအဖွဲ့က အထောက်အပံ့ပေးသည်။ IMT တွင် အစိတ်အပိုင်းသုံးခု ပါဝင်သည်။ *လုံခြုံရေးအစိတ်အပိုင်း*ကို မလေးရှားနှင့် ဘရူနိုင်းနိုင်ငံတို့က ဦးဆောင်သည်။ ၎င်း၏ အဓိကတာဝန်မှာ အပစ်အခတ်ရပ်စဲရေးကိုစောင့်ကြည့်ပြီး မည်သည့်အဖွဲ့ကမဆို တင်ပြသည့် အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှု စွပ်စွဲချက်များကို ပူးတွဲကွင်းဆင်းလေ့လာရေး ဆောင်ရွက်ကြသည်။ ထို့နောက် စုံစမ်းစစ်ဆေးရေးတွေ့ရှိချက်များနှင့် အပစ်အခတ်ရပ်စဲမှုချိုးဖောက်ခြင်း စွပ်စွဲချက်ဆိုင်ရာ အစီရင်ခံစာများကို သက်ဆိုင်ရာ GPH နှင့် MILF ငြိမ်းချမ်းရေးအဖွဲ့များထံသို့ တင်ပြသည်။ *လူမှုစီးပွားရေး အကူအညီပေးရေး အစိတ်အပိုင်း*ကို ဂျပန်နိုင်ငံက ဦးဆောင်ပြီး *အရပ်သားအကာအကွယ်ပေးရေးအစိတ်အပိုင်း*ကို မလေးရှားနိုင်ငံကဦးဆောင်ကာ ဒေသခံ NGO လေးဖွဲ့ဖြစ်သည့် အကြမ်းမဖက်ငြိမ်းချမ်းရေးအင်အားစု (Nonviolent Peaceforce (NP))၊ မင်ဒါနောင် လူ့အခွင့်အရေးလုပ်ငန်းစင်တာ (Mindanao Human Rights Action Centre (MinHRAC))၊ မင်ဒါနောင် လူထုအဖွဲ့အစည်း (Mindanao People's Caucus (MPC)) နှင့် အစိုးရနှင့် အခြားသော အသက်မွေးဝမ်းကြောင်းပြုသူများဆိုင်ရာ မူဆလင်အဖွဲ့အစည်း (the Muslim Organization of Government and Other Professionals (MOGOP)) တို့က ပံ့ပိုးကူညီခဲ့သည် (Ochiai, 2020)။ IMT အဖွဲ့အစည်း၏ အခြေခံဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

**ဇယားပုံ ၅.၁။ IMT အဖွဲ့အစည်း ဖွဲ့စည်းပုံ**




**မူရင်း။** IMT (၁၄) မစ်ရှင်အဆုံးသတ်အစီရင်ခံစာမှ ကောက်နုတ်ချက်

ဖိလစ်ပိုင်စစ်တပ် (Armed Forces of the Philippines (AFP)) နှင့် ဘန်ဆာမိုရို အစ္စလာမ်မစ် လက်နက်ကိုင်အဖွဲ့ (Bangsamoro Islamic Armed Forces (BIAF)) နှစ်ဖွဲ့လုံးက အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့လေရာ IMT အဖွဲ့က ပေးအပ်ခံရသည့်တာဝန်များကို ထမ်းဆောင်ရာတွင် စိန်ခေါ်မှုများနှင့် အခက်အခဲများ ရင်ဆိုင်ခဲ့ရသည်။ မကြာခဏဆိုသလို အဆိုပါချိုးဖောက်မှုများက မဟာဗျူဟာကျ အကွက်ရွှေ့မှုများကြောင့် ဖြစ်ပေါ်ခြင်းမဟုတ်ဘဲ ရပ်ရွာအခေါ်အရ *ရီဒို (rido)* ဟု ခေါ်သည့် သာမန် အသေးအမွှားပဋိပက္ခများ (Abubakar, 2005) နှင့် ထိန်းချုပ်သည့်ဒေသများတွင် စစ်တပ်များရွှေ့လျားရာတွင် ညှိနှိုင်းမှုမရှိခြင်းကြောင့် ဖြစ်သည်။ တစ်ခါတရံ အဆိုပါဖြစ်ရပ်များက အကြမ်းဖက်မှုအထိ အရှိန်မြင့်သွားပြီး အစိုးရစစ်တပ်နှင့် MILF အကြား ပစ်ခတ်မှုများဖြစ်ပွားစေကာ ဒေသခံလူထုကို ထိခိုက်စေသည်၊ ရွာသားများကို နေရပ်စွန့်ခွာ ထွက်ပြေးစေသည်။ သို့ဖြစ်လေရာ အဆိုပါ သက်ရောက်ခံရသည့်နေရာများတွင် နေရပ်စွန့်ခွာ

ထွက်ပြေးသူများ (internally displaced persons (IDPs)) ၏ စခန်းများက မြင်တွေ့နေကျမြင်ကွင်းများ ဖြစ်လာသည်။ မင်ဒါနောင်မှ ပဋိပက္ခသက်ရောက်မှုရှိသည့်ဒေသများတွင် IMT ရှိခြင်းက ယင်းဖြစ်ရပ်များကို သိသိသာသာလျော့ကျစေပြီး IDP များကိုလည်း လျော့ကျစေသည်။ တာဝန်များကို အကောင်အထည်ဖော်ပြီး IMT ၏ ရည်ညွှန်းသတ်မှတ်ချက်များကို တင်းတင်းကြပ်ကြပ်လိုက်နာခြင်းဖြင့် အဖွဲ့က ဤကိစ္စရပ်များကို အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သည်။

ထို့ပြင် IMT က အဖွဲ့နှစ်ဖွဲ့လုံးဖြင့် ဆွေးနွေးညှိနှိုင်းမှုများဆောင်ရွက်ခြင်း၊ အဖွဲ့များအားလုံးမှ တာဝန်ရှိသူများ ရှေ့တွင် စုံစမ်းရေးနှင့် စစ်ဆေးရေးကို လုပ်ဆောင်ခြင်း၊ MILF ထိန်းချုပ်သည့်ဒေသများတွင် AFP စစ်သားများ၏ ရွေ့လျားမှုများကို အသိပေးရန်နှင့် GPH ထိန်းချုပ်သည့်ဒေသများတွင် BIAF စစ်သားများ၏ ရွေ့လျားမှုများကို အသိပေးရန် အပတ်စဉ် ရွေ့လျားမှုညှိနှိုင်းရေး အစည်းအဝေးများကို ကျင်းပခြင်း၊ လူထုအတွင်း ငြိမ်းချမ်းရေး ဆိုင်ရာ ချဉ်းကပ်အရေးဆိုရေး အစီအစဉ်များကို ဦးစီးခြင်းကဲ့သို့သော လုပ်ဆောင်ချက်အစီအစဉ်များကို အသုံးပြုခြင်းဖြင့်လည်း အပစ်အခတ်ရပ်စဲမှု ချိုးဖောက်ခြင်းများကို တုံ့ပြန်ခဲ့သည်။

အကျိုးဆက်အနေဖြင့် IMT က ၂၀၀၄ ခုနှစ် ၎င်း မင်ဒါနောင်သို့ စတင်လာရောက်ချိန်မှစ၍ အောက်ပါဂရပ်ဖ် ၅.၁ တွင် ပြသထားသည့်အတိုင်း အပစ်အခတ်ရပ်စဲမှုချိုးဖောက်သည့် အရေအတွက်ကို အောင်အောင်မြင်မြင် လျှော့ချနိုင်ခဲ့သည်။ တွေ့မြင်ရသည့်အတိုင်း IMT စတင်ထူထောင်ချိန်မှစ၍ အပစ်အခတ်ရပ်စဲမှု ချိုးဖောက်သည့် အရေအတွက် သိသိသာသာကျဆင်းသွားခဲ့သည်။ သို့ရာတွင် ဖိလစ်ပိုင်နိုင်ငံ၏ တရားရုံးချုပ်က ဘိုးဘွားပိုင်ဆိုင်မှု ဆိုင်ရာ သဘောတူညီမှုစာချွန်လွှာ (Memorandum of Agreement on Ancestral Domain (MOA-AD)) ကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်က တရားမဝင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီဟု ကြေညာလိုက်ပြီး IMT လုပ်ငန်းများ ရပ်တန့်သွားသည့် ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်တို့တွင် ဖြစ်ရပ်များတိုးပွားလာခဲ့သည် (Torres and Bordadera, 2008)။ များမကြာမီတွင် MILF နှင့် AFP ၏ အချို့တပ်ခွဲများအကြား ပြင်းထန်သည့်တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး လူပေါင်း ၆၀၀၀၀၀ ကျော်ကို နေရပ်စွန့်ခွာ ထွက်ပြေးစေခဲ့သည် (Canuday, 2008)။ ဆန့်ကျင်ဘက်အားဖြင့် ၂၀၁၂-၂၀၁၄ ခုနှစ်အထိ သုံးနှစ်ဆက်တိုက် ချိုးဖောက်သည့်ဖြစ်ရပ် ဖြစ်ပွားမှုမရှိခဲ့ပေ။ သို့ရာတွင် ၂၀၁၅ ခုနှစ်၌ မာမာဆာပါနိုဖြစ်ရပ်က ဖြစ်ရပ်မဖြစ်ပွားသည့်စံချိန်ကို ချိုးဖျက်ခဲ့လေသည်။

**သရုပ်ပြဇယား ၅.၂။ ၂၀၀၂-၂၀၁၇ ခုနှစ်အတွင်း အပစ်အခတ်ရပ်စဲမှု ချိုးဖောက်သည့် ဖြစ်ရပ်များ**




**မူရင်း။** မစ်ရှင်ဦးဆောင်သူ၏ ၂၀၁၈ ခုနှစ် နှစ်စဉ်အစီရင်ခံစာမှ ကောက်နှုတ်ထားသည်။

မင်ဒါနောင်တွင် IMT ရှိခြင်းကိုယ်၌က ပဋိပက္ခဖြစ်နေသည့်အဖွဲ့များအကြား ယုံကြည်မှုတည်ဆောက်ခြင်းဖြစ်စဉ်အပေါ် ကောင်းမွန်သောသက်ရောက်မှု ရှိခဲ့သည်။ IMT က ကျယ်ပြန့်သောအကြမ်းဖက်မှုများကို တားဆီးခြင်းနှင့် သေဆုံးဒဏ်ရာသူနှင့် IDP အရေအတွက်ကိုလျှော့ချရာတွင် အောင်မြင်ခဲ့သည်။ IMT ၏ IDP နေရပ်ပြန်ရေး အစီအစဉ်၏ အကျိုးဆက်အနေဖြင့် IDP အများအပြားက ၎င်းတို့ စွန့်ခွာထွက်ပြေးခဲ့သည့် နေအိမ်များထံ ပြန်သွားနိုင်ခဲ့သည်။ ထို့ကြောင့် မင်ဒါနောင်တွင် IMT က လုံခြုံရေးကို အဓိကထားပြီး ၎င်း၏ လုပ်ဆောင်ချက်များ၊ အစီအစဉ်များမှတစ်ဆင့် ယုံကြည်မှုတည်ဆောက်ရေးဖြစ်စဉ်ကို လုပ်ဆောင်နိုင်ခဲ့သော ငြိမ်းချမ်းရေးစစ်ဆင်ရေးဆိုင်ရာ ဥပမာကောင်းတစ်ခုဖြစ်သည်။ IMT ရှိခြင်းက ငြိမ်းချမ်းရေးကိုရေရှည်တည်တံ့စေပြီး ဒေသကို လွှမ်းခြုံမည့် လုံခြုံရေးအကျပ်အတည်းတစ်ရပ်ကို တားဆီးနိုင်ခဲ့သည် (Zamrose, 2017)။

၂၀၀၄ ခုနှစ်မှစ၍ မင်ဒါနောင်တွင် IMT အုပ်စု (၁၅) စု စေလွှတ်ပြီးဖြစ်ပြီး ၎င်းတို့က ၂၀၂၂ တွင် ကျင်းပမည့် ဖိလစ်ပိုင် သမ္မတရွေးကောက်ပွဲအထိ ဆက်လက်ရှိနေမည်ဟု ယူဆရသည်။ ၂၀၂၂ နောက်ပိုင်း IMT ဆက်ရှိ၊ မရှိဆိုသည်မှာ မြေပြင်မှ လိုအပ်ချက်အခြေအနေနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ပေါ် မူတည်သည်။ ၎င်း၏တာဝန်များကို ဖြည့်ဆည်းနိုင်သည့် IMT ၏ စွမ်းဆောင်ရည်အပေါ်လည်း မူတည်သည်။ တာဝန်များနှင့် စပ်လျဉ်း၍ IMT က အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုများကို သိသိသာသာ လျှော့ချနိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ဆန္ဒပြတောင်းဆိုစာ (၄၀) တင်ပြခဲ့သော်လည်း ပူးတွဲကွင်းဆင်းလေ့လာရေး (၁) ခုသာ လုပ်ဆောင်ရန် လိုအပ်ခဲ့သည်။ ထို့ကြောင့် ပြီးခဲ့သောနှစ်များအတွင်း အပစ်အခတ်ရပ်စဲရေးချိုးဖောက်မှုများကို သိသိသာသာလျှော့ချနိုင်ခဲ့ပြီး IMT က ၎င်း၏

တာဝန်များကို အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့သည်ဟု ဆိုနိုင်သည်။[19] ဒုတိယအချက်အနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မူဆလင် မင်ဒါနောင်တွင် ဘန်ဆာမိုရို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Bangsamoro Autonomous Region in Muslim Mindanao (BARMM)) တရားဝင်တည်ထောင်ခြင်းနှင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် MILF ဥက္ကဋ္ဌ အယ်လ် ဟာ့ဂျ် မူရက်ဒ် အီဗရာဟင် (Al Haj Murad Ibrahim) ကို BARMM ၏ ယာယီဝန်ကြီးချုပ်အဖြစ်ခန့်အပ်ခဲ့ခြင်း (Roque, 2019) တို့က အသိုင်းအဝိုင်းအတွင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းနှင့် ဒေသတွင်းလုံခြုံရေးတည်ငြိမ်ခြင်းတို့ကို ပြသနေသည်။ မင်ဒါနောင်တွင် IMT ဆက်လက်တည်ရှိရေးကို ဖိလစ်ပိုင်နိုင်ငံ အထွေထွေရွေးကောက်ပွဲအပြီးတွင် ပြန်လည်သုံးသပ်ရမည်ဖြစ်သော်လည်း အဆိုပါအချက်များက ငြိမ်းချမ်းရေးစစ်ဆင်ရေးတွင် IMT ရှိခြင်းက အောင်မြင်ကြောင်းကို ပြသနေသည်[20] (Ya'cob, 2021)။

## ၅.၆.၂ ဖြစ်ရပ်လေ့လာခြင်း (၆)၊ မင်ဒါနောင်/ဘန်ဆာမိုရို ငြိမ်းချမ်းရေးဖြစ်စဉ်မှ နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့ (IMT) တွင် EU ၏ ပါဝင်မှု[21]

မင်ဒါနောင် ငြိမ်းချမ်းရေးဖြစ်စဉ်က ဖန်တီးမှုရှိသောငြိမ်းချမ်းရေးဖြစ်စဉ် တည်ဆောက်နိုင်ရန် အခွင့်အရေးများ ပေးခဲ့သည်။ အဆိုပါ ငြိမ်းချမ်းရေးထိန်းသိမ်းရေး အတွေ့အကြုံတွင် EU ၏ ပါဝင်မှုက အကြောင်းပြချက် (၃) ရပ်ကြောင့် ဖန်တီးမှုရှိသည်ဟု ဆိုနိုင်သည်။

(၁) ကုလသမဂ္ဂအခင်းအကျင်းမဟုတ်သည့် ဒေသတွင်းအုပ်စုများ၏ သံတမန်ရေးတွင် တည်ဆောက်ထားသော ထိုစဉ်က အာဆီယံကြိုးပမ်းမှုဟု ရှုမြင်ကြသည့် လုပ်ဆောင်ချက်တွင် EU ၏ ပါဝင်မှု အစိတ်အပိုင်း ထည့်သွင်းနိုင်ခြင်း။

(၂) မစ်ရှင်အပေါ် အရပ်သားစောင့်ကြည့်လေ့လာခြင်း ထည့်သွင်းလိုက်ခြင်းဖြင့် NGO များဦးဆောင်သည့် တည်ရှိပြီး အရပ်သားအစိတ်အပိုင်း (civilian component (CPC)) အတွက် မြေပြင်၌ ဆင့်ပွားသက်ရောက်မှု ယူဆောင်လာခြင်း။ ထို့ပြင် သံတမန်အဆင့်ရှိသော ရာထူးကြီးကျွမ်းကျင်သူများကို စေလွှတ်ခြင်းဖြင့် EU က မစ်ရှင်၏ အရပ်သားအစိတ်အပိုင်းကို နိုင်ငံရေးနှင့် သံတမန်ရေး ထောက်ခံမှု ပေးကာ ၎င်း၏ အရည်အသွေးနှင့် အရေအတွက်ကို တိုးတက်စေရုံသာမက အဆင့်အတန်းကိုပါ တိုးတက်စေပြီး လူသားချင်းစာနာမှုဆိုင်ရာ ကိစ္စရပ်များကို အစီအစဉ်တွင် ရှေ့ရောက်လာစေခဲ့သည်။

(၃) နိုင်ငံရေးအရနှင့် ကုလသမဂ္ဂဆုံးဖြတ်ချက်အမှတ် ၁၃၂၅ WPS အစီအစဉ်နှင့် ပတ်သက်ပြီး ယခင်က မစ်ရှင်ဝန်ထမ်း ၁၀၀% သည် လုံခြုံရေးကဏ္ဍ အထွေထွေပညာရှင်အမျိုးသားများသာရှိခဲ့ရာမှ EU က အမျိုးသမီးနည်းပညာကျွမ်းကျင်သူများ စေလွှတ်ခြင်းကို လက်တွေ့လုပ်ဆောင်ခဲ့သည်။

---

[19] Maj Gen Dato' Anuar Tai, the Head of Mission IMT-15 နှင့် တယ်လီဖုန်းအင်တာဗျူး၊ 3 March 2021.

[20] Maj Gen Dato' Ya'cob Samiran, the Head of Mission IMT-14 နှင့် တယ်လီဖုန်း အင်တာဗျူး 4 March 2021.

[21] ယခုအပိုင်းကို နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေနှင့် လူ့အခွင့်အရေး (international humanitarian law (IHL)/human right (HR)) ကျွမ်းကျင်သူအဖြစ် နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့တွင် ဥရောပသမဂ္ဂကို ကိုယ်စားပြုပါဝင်ခဲ့သူ အဖွဲ့ဝင်ဟောင်း Cynthia Petrigh က ပါဝင်ကူညီပေးထားသည်။

၂၀၁၀ ခုနှစ် ဇွန်လ (၃) ရက်နေ့တွင် မလေးရှားနိုင်ငံ၏ ပံ့ပိုးကူညီပေးမှုဖြင့် နှစ်ဖွဲ့လုံး လက်မှတ်ရေးထိုးခဲ့သော နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့၏ လူသားချင်းစာနာမှု၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (Humanitarian, Rehabilitation, and Development (HRD)) လမ်းညွှန်ချက်များအရ အစိတ်အပိုင်း၏အဓိက တာဝန်များတွင် အောက်ပါတို့ပါဝင်သည်။

*(၁က) ပြည်တွင်းနေရပ်စွန့်ခွာထွက်ပြေးရသူများနှင့် ပတ်သက်သည့် ကိစ္စရပ်များအပါအဝင် ဖိလစ်ပိုင်နိုင်ငံအစိုးရနှင့် မိုရိုအစ္စလာမ်မစ် လွတ်မြောက်ရေးတပ်ဦးတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် လူသားချင်းစာနာမှု၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစိတ်အပိုင်း၏ အကောင်အထည်ဖော်မှုကို ဂျလကြာ လေ့လာဆန်းစစ်ရန်နှင့် စောင့်ကြည့်ရန်။*
*(၁ခ) နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေနှင့် လူ့အခွင့်အရေးလေးစားလိုက်နာမှုတို့အား လေ့လာစောင့်ကြည့်ရန်။*

ကျွမ်းကျင်သူများကို ပေးအပ်ခဲ့သည့် နောက်ထပ်စပ်လျဉ်းသည့် တာဝန်တစ်ခုမှာ

*(၂ဂ) ယေဘုယျအားဖြင့် ယုံကြည်ချက်တည်ဆောက်ရေးအတွက် အထူးသဖြင့် လူထုနှင့် ဘာသာရေးခေါင်းဆောင်များအကြား ဆက်သွယ်ရေးများကို ကူညီလုပ်ဆောင်ပေးရန်၊*

တာဝန်ဆိုင်ရာနယ်ပယ် (area of responsibility (AOR)) တွင် မစ်ရှင်၏အာရုံစိုက်မှုကို ကျယ်ပြန့်စေခြင်းကို မစ်ရှင်ဦးဆောင်သူ (HoM) ၏ *စီမံခန့်ခွဲရေးအာဏာ* အောက်မှ EU ကျွမ်းကျင်သူများကို လိုအပ်သော လွတ်လပ်စွာ လှုပ်ရှားမှု ပေးထားခြင်းဖြင့် ပံ့ပိုးပေးထားသည် (Art 5a)။ ပထမဆုံးစေလွှတ်သူများနှင့် HoM တို့က ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းများ၏ လုံခြုံရေးမှအပ အခြားကိစ္စရပ်များတွင် HOM က အမိန့်ပေးလိမ့်မည်မဟုတ်ဟု သဘောတူခဲ့ကြသည်။

လူသားချင်းစာနာမှုဆိုင်ရာ/IHL ကိစ္စရပ်များကို စောင့်ကြည့်လေ့လာသည့် စံနှုန်းများမှာ နည်းပညာသက်သက်သာ ဖြစ်သည်။ ဥပမာ IHL/HR ချိုးဖောက်သည်ဟု စွပ်စွဲမှုတစ်ခုတင်ပြလာခြင်းကို စောင့်ကြည့်လေ့လာရန် မဆုံးဖြတ်မီ ကျွမ်းကျင်သူက အချို့သောအချက်များကို လေ့လာဆန်းစစ်သည်။ ဖြစ်ရပ်က အပစ်အခတ်ရပ်စဲရေး ဒေသတွင်း၌ ဖြစ်ပွားခဲ့ပါသလား၊ ဤသည်က ပဋိပက္ခနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပတ်သက်ပါသလား၊ ဤသည်က ဖြစ်နိုင်ပါသလား/တင်ပြသူက ယုံကြည်စိတ်ချရပါသလား၊ သို့မဟုတ် ဖြစ်ရပ်ဖြစ်ပွားသည်ဟု သေချာပါက ဤသည်က IHL (သို့) HR ချိုးဖောက်မှုဟု ဆိုနိုင်ပါသလားဟူသည့် အချက်များ ဖြစ်သည်။

အဖွဲ့များက ၎င်းတို့၏ CCCHs (အပစ်အခတ်ရပ်စဲမှု စောင့်ကြည့်ရေးအဖွဲ့များ) မှတဆင့် စောင့်ကြည့်လေ့လာရေးကို များစွာပံ့ပိုးကူညီခဲ့သည်။ AFP နှင့် MILF ၏ အမိန့်ပေးရေးနှင့် ထိန်းချုပ်ရေးအဆင့်များအတွင်း လာရောက်လေ့လာရေးဆိုင်ရာ အချက်အလက်များကို ကောင်းစွာဖြန့်ဝေထားပြီး လေ့လာရေးကို ကြေညာ၍

IMT/CCCH ယန္တရားက သဘောတူထားပါက ကျွမ်းကျင်သူများအနေဖြင့် မည်သည့် သွားလာခွင့် (သို့) လုံခြုံရေး ပြဿနာများကိုမျှ ကြုံရမည်မဟုတ်ပေ။

ထိုကဲ့သို့သော အခြေအနေများတွင် EU IHL/HR ကျွမ်းကျင်သူအတွက် မသွားရနယ်မြေများ ရှိခဲ့သည် (၂၀၁၁ ခုနှစ်တွင် သူမက ဘာဆီလန်၊ ဂျိုလိုနှင့် တာဝီ တာဝီဒေသတို့တွင် စောင့်ကြည့်လေ့လာရေးလုပ်ဆောင်သည့် ပထမဆုံး IMT ဝန်ထမ်းဖြစ်ခဲ့သည်)။ သူမ၏ ကြိုးပမ်းမှုများကြောင့် ကွင်းဆင်းလေ့လာရေးအရေအတွက်များ မြင့်မားလာခဲ့သည်။ ပညာရပ်ကျွမ်းကျင်သူများကို ပို၍ မိတ်ဆက်ပေးလာကြသည်။ ကြားနေစည်းမျဉ်းကို ပို၍ နားလည်လာကြသည်။ သူမ၏ ချဉ်းကပ်ပုံက ကျယ်ပြန့်သော အဓိကသတင်းပေးများကို အားတက်စေခဲ့သည်။

လက်တွေ့တွင် ထိုစဉ်က HOM များက စုံစမ်းစစ်ဆေးသည့် ကိစ္စရပ်များ (သို့) ဒေသများ ရွေးချယ်ခြင်းနှင့် အစီရင်ခံစာတွင် ပါဝင်သည့်အချက်များအပေါ် ထိန်းချုပ်ခြင်းမရှိခဲ့ပေ။ လူသားချင်းစာနာမှုအစိတ်အပိုင်း (EU) အစီရင်ခံစာကို ပြောင်းလဲမှုမပြုဘဲ အဓိကအစီရင်ခံစာတွင် နောက်ဆက်တွဲအဖြစ် ထည့်ပေးခဲ့သည်။ ယေဘုယျအားဖြင့် IMT HoM၊ EU ကိုယ်စားလှယ်အဖွဲ့နှင့် ပဋိပက္ခအဖွဲ့များထံမှ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုလည်း မရှိခဲ့ပေ။ အချိန်တစ်ခုအကြာ ယဉ်ကျေးမှုကွက်လပ်ကို ပေါင်းကူးပြီးသကာလ နောက်ထပ် နည်းပညာကျွမ်းကျင်သူများကို မိတ်ဆက်ခဲ့ပြီး အခြားသော အစိတ်အပိုင်းများနှင့်အတူ ပူးတွဲမစ်ရှင်များလည်း ဆောင်ရွက်ခဲ့သည်။

အထက်တွင်ဖော်ပြခဲ့သော သဘောတူညီချက်၊ အစီအစဉ်များနှင့် ချဉ်းကပ်မှုကြောင့်

- (ယခင်က စောင့်ကြည့်လေ့လာခြင်းမရှိခဲ့သော ဒေသများသို့ သွားရောက်ခြင်း၊ စစ်စခန်းဆိုင်ရာ အချက်အလက်အသစ်များနှင့် အပစ်အခတ်ရပ်စဲရေးပြဿနာများဆိုင်ရာ ပို၍အသေးစိတ်ကျပြီး ပါဝင်မှုရှိသောအစီရင်ခံစာများအပါအဝင်) တာဝန်ယူရေးကဏ္ဍတွင် IMT က ပို၍ နက်ရှိုင်းပြီး အသေးစိတ်ကျသော ဗဟုသုတများ ရရှိခဲ့သည်။
- (သင်တန်းများ၊ အချက်အလက်ကောက်ယူခြင်းနှင့် တွေ့ရှိချက်များမှတစ်ဆင့်၊ ဥပမာ EU ရန်ပုံငွေဖြင့် ကောက်ခံခဲ့သည့် IMT ၏ ကွင်းဆင်းလေ့လာရေးတွင် ၆၀% သော အမျိုးသမီးများက တာဝန်ရှိသော ဒေသတွင် လုံခြုံသည်ဟုမခံစားရဟု ဖြေဆိုခဲ့သည်) ကျားမရေးရာရှုထောင့်ကို မိတ်ဆက်ပြီး အမြဲပါဝင်အောင် လုပ်ဆောင်နိုင်ခဲ့သည်။
- အရပ်ဘက်-စစ်ဘက် ပူးတွဲစောင့်ကြည့်လေ့လာရေး၏ ထိရောက်မှုကို ပြသနိုင်ခဲ့သည်။

အဖွဲ့များနှင့် IHL/HR ကျွမ်းကျင်သူ ပူးတွဲလုပ်ဆောင်ခဲ့သော အောက်ပါဥပမာများက ထိုကာလအတွင်း ၎င်းတို့ကြား ယုံကြည်မှုနှင့် လေးစားမှုအတိုင်းအတာကို ပြသနိုင်ခဲ့သည်။ သို့ဖြစ်လေရာ EU ကျွမ်းကျင်သူများက ယုံကြည်မှုတည်ဆောက်ရေး လုပ်ဆောင်ချက်များ စတင်ရာနှင့် အစီအစဉ်တကျဖြစ်ရာတွင် အောင်မြင်စွာ ပါဝင်လုပ်ဆောင်နိုင်ခဲ့သည်။

- စောင့်ကြည့်လေ့လာရေး အစီရင်ခံစာများကို ၆ လတိတိ စုဆောင်းပြီး လျှို့ဝှက်ထုတ်ဝေပြီးနောက် IHL/HR ကျွမ်းကျင်သူက အဖွဲ့နှစ်ဖွဲ့လုံးကို ၎င်းတို့၏ကတိကဝတ်များနှင့် ၎င်းတို့တပ်သားများ၏ ချိုးဖောက်မှုစွပ်စွဲချက်များကို စစ်ဆေးရန် သီးခြားစီတွေ့ဆုံခဲ့သည်။
- တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြစ်စဉ်အချို့ကို ဖြေရှင်းနိုင်ခဲ့သည်။ ဥပမာ AFP ၏ ခြေလျင်တပ်ရင်း အမှတ် (၆) တပ်မှူးက သူ၏တပ်ကို ဗလီတွင်တပ်စွဲထားခြင်းမှ ဖယ်ရှားပေးရန် သဘောတူညီခဲ့သည်။
- EU နှင့် IMT တို့က IHL/HR ကျွမ်းကျင်သူကို IHL/HR သင်တန်းများနှင့် ပတ်သက်ပြီး MILF ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရန် ခွင့်ပြုပေးထားသည်။

ခြုံပြောရလျှင် EU ၏ ပါဝင်မှုက IMT အတွက် ကျွမ်းကျင်မှုအဆင့်ကို မြင့်လာစေသည်။ အစိတ်အပိုင်းများ အကြား ပူးပေါင်းမှုကို တိုးတက်စေသည်။ ယုံကြည်မှုတည်ဆောက်ရေး လုပ်ဆောင်ချက်များကို အောင်မြင်စွာ မိတ်ဆက်နိုင်ခဲ့ပြီး ဖြစ်ပွားနေသည့်၊ နောက်ဆုံးတွင် အောင်မြင်သွားသည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲအတွက် နယ်ပယ်တစ်ရပ်ဖန်တီးပေးနိုင်ခဲ့သည်။

## ၅.၇ ကျေအေးမှု/ပဋိပက္ခ နှောင်းပိုင်း ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်း

ယခုအပိုင်းက ကျေအေးမှုရရှိပြီး ငြိမ်းချမ်းရေးရေရှည်တည်တံ့အောင် မည်သို့လုပ်ဆောင်မည်ကို ဆန်းစစ်ထားသည်။ ယင်းက အထူးသဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ကျေအေးမှု/ပဋိပက္ခနှောင်းပိုင်း ပြန်လည်တည်ဆောက်ရေးကာလ၏ အစိတ်အပိုင်းများကို လေ့လာထားသည်။ ထိုအသုံးအနှုန်းများသည် နယ်ပယ်အတွင်း မတူညီသော အဓိပ္ပာယ်ပြန်ဆိုမှုများ ရှိသောကြောင့် စစ်ပွဲအခြေအနေများကို ငြိမ်းချမ်းရေးသို့ ပြောင်းလဲရန် လုပ်ဆောင်နေသူများအကြား နားလည်မှုလွဲခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ ယင်းတို့ကို မည်ကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုသည်၊ အကောင်အထည်ဖော်သည်က နောက်ခံအခြေအနေနှင့် အကောင်အထည်ဖော်သည့် ဇာတ်ကောင်များ လုပ်ဆောင်သည့် ချဉ်းကပ်ပုံများအပေါ် မူတည်သည်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဘူးထရက်စ် ဘူးထရက်စ် ဂါလီ၏ *ငြိမ်းချမ်းရေးအတွက်အစီအစဉ်* ထုတ်ပြန်မှုနှင့်အတူ ငြိမ်းချမ်းရေးတည်ဆောက်ရေး သဘောတရားက ၁၉၉၂ ခုနှစ်တွင် စတင်လူသိများလာခဲ့သည်။ နိုင်ငံတကာအသိုင်းအဝိုင်းက လာမည့် နိုင်ငံတကာပူးပေါင်းရေးနှင့် ငြိမ်းချမ်းရေးခေတ်နှင့် အဆိုပါအစီအစဉ်အပေါ် လုပ်ဆောင်မည့် ကုလသမဂ္ဂ၏အခန်းကဏ္ဍအပေါ် အကောင်းမြင်နေကြသည့် စစ်အေးတိုက်ပွဲပြီးကာလတွင် ဤသည်က ပေါ်ထွက်လာခဲ့သည်။ ထိုသို့သော နောက်ခံအခြေအနေတွင် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းဆိုသည်မှာ ပဋိပက္ခပြန်လည်ဖြစ်ပွားခြင်းအားတားဆီးရန် ငြိမ်းချမ်းရေးအား ခိုင်မာပြီး အခြေကျစေမည့် ဒေသအခြေပြုတည်ဆောက်ပုံများကို ရှာဖွေဖော်ထုတ်ပြီး ထောက်ပံ့ဖို့ လုပ်ဆောင်ချက်များကို ညွှန်းဆိုသည်။

သို့ရာတွင် *ငြိမ်းချမ်းရေးအတွက်အစီအစဉ်* ကာလများမှစတင်၍ ငြိမ်းချမ်းရေးတည်ဆောက်ရေးနယ်ပယ်က ထိုလုပ်ဆောင်ချက်များတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ရှုထောင့်များ ပါဝင်အောင် ကျယ်ပြန့်လာခဲ့သည်။ သို့ဖြစ်လေရာ လီဒရစ်ချ် (Lederach (1997: 20)) ကဲ့သို့သော ပညာရှင်များက ငြိမ်းချမ်းရေးတည်ဆောက်ရေးကို ပဋိပက္ခအားအသွင်ပြောင်းရာတွင် အကူအညီပေးသည့် ပဋိပက္ခ တောက်လျှောက်မှ ဖြစ်စဉ်တစ်ခုအဖြစ် စတင်ရှုမြင်လာသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးသည်

> *ပဋိပက္ခကို ပို၍ ရေရှည်တည်တံ့သော ငြိမ်းချမ်းသောဆက်ဆံရေးများအဖြစ် အသွင်ပြောင်းလဲရာတွင်လိုအပ်သည့် ဖြစ်စဉ်များ၊ ချဉ်းကပ်ပုံများနှင့် အဆင့်များပါဝင်သော၊ ဖန်တီးပေးသော၊ ရေရှည်တည်တံ့စေသော အသေးစိတ်ကျသည့် သဘောတရားတစ်ခုဖြစ်သည်။ ထို့ကြောင့် အသုံးအနှုန်းတွင် တရားဝင် ငြိမ်းချမ်းရေးသဘောတူညီချက်များ မတိုင်မီနှင့် ရရှိပြီးနောက်ပိုင်း လုပ်ဆောင်သည့် လုပ်ဆောင်ချက်များနှင့် တာဝန်များ ပါဝင်သည်။ တင်စားပြောရလျှင် ငြိမ်းချမ်းရေးသည် အချိန်တစ်ခု (သို့) အခြေအနေတစ်ခုမှ အဆင့်တစ်ဆင့်သာ ဖြစ်သည်။ ဤသည်မှာ ပြောင်းလဲနေသည့် လူမှုတည်ဆောက်မှုတစ်မျိုးဖြစ်သည်။ ထိုသို့ သဘောတရား ဖန်တီးခြင်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် ပစ္စည်းများ၊ ပုံကြမ်းဒီဇိုင်းရေးဆွဲခြင်း၊ အလုပ်သမားများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ အုတ်မြစ်ချခြင်းနှင့် အသေးစိတ် ပြီးဆုံးအောင်တည်ဆောက်ခြင်း၊ ဆက်လက်ထိန်းသိမ်းခြင်းတို့ ပါဝင်သော တည်ဆောက်ရေးဖြစ်စဉ်တစ်ခု ဖြစ်သည်။*

ထို့ကြောင့် ကျေအေးမှုနှောင်းပိုင်း (သို့) ပဋိပက္ခနှောင်းပိုင်း လုပ်ဆောင်ချက်တစ်ခုက အစောပိုင်း ရှုမြင်ထားမှုများနှင့် မတူညီဘဲ ထိုရှုထောင့်မှ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းသည် ပဋိပက္ခဆက်လက်ဖြစ်ပွားနေစဉ်၊ ပဋိပက္ခတစ်ခုအဆုံးသတ်နေစဉ်နှင့် ငြိမ်းချမ်းရေးရရှိရန်လုပ်ဆောင်နေသည့် ဖြစ်စဉ်တွင် ဖြစ်ပွားသည့် ကိစ္စရပ်တစ်ခုဖြစ်သည်။ တစ်ချိန်တည်းမှာပင် ယင်းက ကျေအေးမှု/ပဋိပက္ခနှောင်းပိုင်းကာလအထိ ဆက်လက်ဖြစ်ပွားသည်။ အဘယ်ကြောင့်ဆိုသော် သဘောတူညီချက်ကို ကောင်းစွာ အကောင်အထည်ဖော်ရန်နှင့် ပြန်လည်တည်ဆောက်ခြင်းနှင့် ပြန်လည်ရင်ကြားစေ့ရေးကဲ့သို့ အခြားသော လုပ်ဆောင်ချက်များကို လုပ်ဆောင်ရန် ဆက်လက်ကြိုးပမ်းမှုမရှိဘဲ ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့အောင် လုပ်နိုင်လိမ့်မည် မဟုတ်ပေ။ ထို့ကြောင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးက ကောင်းမွန်သော လုံခြုံရေးပတ်ဝန်းကျင် ဖန်တီးခြင်းနှင့် အလုပ်ဖြစ်သည့် အုပ်ချုပ်ရေးတည်ဆောက်ပုံများ ဖန်တီးခြင်းမှ ကျေအေးမှု/ ပဋိပက္ခနှောင်းပိုင်း ကာလတွင် ပြန်လည်တည်ဆောက်ရေး လုပ်ဆောင်ချက်များအပါအဝင် စစ်ပွဲကြောင့် ထိခိုက်ခံရသည့် ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်အထိ ကျယ်ပြန့်သည့် စိန်ခေါ်မှုများပါဝင်သော ရှုထောင့်ပေါင်းစုံ၊ ဇာတ်ကောင်ပေါင်းစုံ ပါဝင်သည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။

*ပြန်လည်တည်ဆောက်ခြင်း* ဟူသည့်အသုံးအနှုန်းက လုပ်ဆောင်ချက်အမျိုးအစားအုပ်စုသုံးစုကို ရည်ညွှန်းသည်။ (၁) ရုပ်ပိုင်းဆိုင်ရာ၊ လူမှုစီးပွားရေးဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ ပြန်လည်တည်ဆောက်ခြင်း၊ (၂) စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် အင်စတီကျူးရှင်းများခိုင်မာစေခြင်းနှင့် (၃) တည်ဆောက်ပုံများ ပြုပြင်ပြောင်းလဲခြင်း တို့ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ကျေအေးမှုနှောင်းပိုင်းအခြေအနေတွင် ငြိမ်းချမ်းရေး

တည်ဆောက်ခြင်းက လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးမှ လူမှုစီးပွားရေးနှင့် နိုင်ငံရေးတည်ဆောက်ပုံများ ပြောင်းလဲခြင်းအထိ ကျယ်ပြန့်သောလုပ်ဆောင်ချက်များ ပါဝင်သည်။ တစ်နည်းအားဖြင့်ဆိုသော် အဆိုပါ လုပ်ဆောင်ချက်များ၏ အဓိကအာရုံစိုက်မှုများသည် အမျိုးအစားခွဲခြားရန်ခက်ခဲပြီး အကျယ်ချဲ့နိုင်သလို ထပ်သည့်အချက်များလည်း ရှိနိုင်သည်။

အထွေထွေအတွင်းရေးမှူး ဘူးထရက်စ်ဂါလီလက်ထက်တွင် ကုလသမဂ္ဂက ပဋိပက္ခလွန် ပြန်လည်တည်ဆောက် ခြင်းကို အောက်ပါ အဓိကရည်ရွယ်ချက်များ ပါဝင်သည့် ဖြစ်စဉ်တစ်ရပ်ဟု ရှုမြင်ခဲ့သည်။

> *ယခင်က စစ်ဖြစ်နေသည့်အဖွဲ့များကို လက်နက်ဖြုတ်သိမ်းခြင်း၊ တည်ငြိမ်မှုပြန်လည် တည်ဆောက်ခြင်းနှင့် လက်နက်များဖျက်ဆီးခြင်း၊ ဒုက္ခသည်များကိုနေရပ်ပြန်ပို့ခြင်း၊ လုံခြုံရေး အင်အားစုများအတွက် အကြံဉာဏ်နှင့် သင်တန်းများပေးခြင်း၊ ရွေးကောက်ပွဲကို စောင့်ကြည့် လေ့လာခြင်း၊ လူ့အခွင့်အရေးကာကွယ်ရေး ကြိုးပမ်းချက်များကို တိုးတက်စေခြင်း၊ အစိုးရ အင်စတီကျူးရှင်းများကို ပြုပြင်ပြောင်းလဲခြင်း (သို့) ခိုင်မာစေခြင်းနှင့် တရားဝင်နှင့် အလွတ်သဘော နိုင်ငံရေးပါဝင်မှုဖြစ်စဉ်များကို မြှင့်တင်ခြင်းတို့ ဖြစ်သည် (BOUTROS-GHALI, 1995: 11)။*

အဆိုပါချဉ်းကပ်ပုံက ကျေအေးမှုနှောင်းပိုင်းကာလတွင် စီမံခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့အတွက် မျိုးစုံသော အလေးစိုက်စရာများကို အဆိုပြုပြီး ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရေး ပလက်ဖောင်းများအဖြစ် အသုံးပြုနိုင်သည့် ဖြစ်နိုင်သောနယ်ပယ်များကိုလည်း ရှာဖွေဖော်ထုတ်ပေးသည်။ ဤသည်က စစ်အေးတိုက်ပွဲပြီးဆုံးချိန်မှစ၍ လစ်ဘရယ်ငြိမ်းချမ်းရေးတည်ဆောက်ရေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပြန်လည်တည်ဆောက်ခြင်းက ကမ္ဘာတစ်ဝန်း နိုင်ငံတည်ဆောက်ရေး ဝင်ရောက် စွက်ဖက်မှုများဖြစ်လာသော နိုင်ငံတကာအဖွဲ့အစည်းအများစု၏ အမြင်ကိုလည်း ထင်ဟပ်နေသည်။ နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုက မရှိမဖြစ်ပါဝင်ရမည့် အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းက အချိန်ကို နောက်ပြန်လှည့်၍ ရသောကြောင့် မဟုတ်ဘဲ အကြမ်းဖက်မှု ပြန်လည်ဖြစ်ပွားခြင်းကို တားဆီးပေးရန် ငြိမ်းချမ်းသော ပတ်ဝန်းကျင်တစ်ခု ဖန်တီးပေးဖို့ နည်းလမ်းတစ်ခုဖြစ်သောကြောင့် ဖြစ်သည်။

၎င်းတို့က ပြန်လည်တည်ဆောက်ခြင်းတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်ပြီး အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ယင်းတို့ကို အဓိက အမျိုးအစား (၄) မျိုး ခွဲခြားနိုင်သည်။ (၁) လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ (၂) အုပ်ချုပ်ရေး၊ (၃) လူမှုစီးပွားရေးပြန်လည်ထူထောင်ရေးနှင့် (၄) တရားမျှတမှုနှင့် ပြန်လည်ရင်ကြားစေ့ရေးတို့ ဖြစ်ကြသည်။ ဒန်စမစ် (Dan Smith (2004)) က ယင်းကို “ငြိမ်းချမ်းရေး တည်ဆောက်ရေး ရောင်စုံခြယ်အကွယ်များ” ဟု ဖော်ပြခဲ့ပြီး ယင်းတို့မှတစ်ဆင့် ဝင်ရောက်စွက်ဖက်သူများက အခြေအနေတစ်ရပ်နှင့် သင့်လျော်သည့် လုပ်ဆောင်ချက်များကို ရွေးချယ်ပေါင်းစပ်နိုင်သည်။ ရေတို၊ ရေလတ်နှင့် ရေရှည်ကာလသတ်မှတ်ချက်များကို အသုံးပြု၍ ရမ်စ်ဘော့သမ်၊ ဝုဒ်ဟောက်စ်နှင့် မီအယ်လ် (Ramsbotham,

Woodhouse and Miall (2011: 229; and Box 8.2 on post-war reconstruction: 213)) တို့က ဖြစ်စဉ်များကို အောက်ပါအတိုင်း ရှင်းပြခဲ့သည်။

- *ငြိမ်းချမ်းရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း*
  ရေတို။ လက်နက်ဖြုတ်သိမ်းခြင်း၊ တပ်ဖျက်သိမ်းခြင်းနှင့် ကလေးစစ်သားများအား ထိန်းသိမ်းခြင်း အပါအဝင် စစ်သားများပြန်လည်ပေါင်းစည်းခြင်း၊ စစ်တပ်နှင့် ရဲတပ်ဖွဲ့ကို ခွဲခြားပစ်ခြင်း။
  ရေလတ်။ နိုင်ငံအဆင့်စစ်တပ်တစ်ခု စုစည်းတည်ဆောက်ခြင်းအပါအဝင် လုံခြုံရေးကဏ္ဍပြုပြင် ပြောင်းလဲခြင်း၊ နိုင်ငံအဆင့်ရဲတပ်ဖွဲ့တစ်ခု တည်ဆောက်ခြင်း၊ လက်နက်ငယ်များနှင့် ပေါ့ပါးသည့် လက်နက်များကို ထိန်းချုပ်ခြင်း၊ မြေမြှုပ်မိုင်းများ ဖယ်ရှားခြင်း
  ရေရှည်။ နိုင်ငံရေးနှင့် စစ်ရေးကို ခွဲခြားပစ်ခြင်း၊ အကြမ်းဖက်သည့် ယဉ်ကျေးမှုများကို ပြောင်းလဲပစ်ခြင်း

- *နိုင်ငံရေးမူဘောင်*
  ရေတို။ အကူးအပြောင်းကာလ အစိုးရတစ်ရပ်တည်ထောင်ခြင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံပြုပြင်ပြောင်းလဲခြင်း
  ရေလတ်။ ဘဝအစိတ်အပိုင်းများအားလုံးတွင် အုပ်ချုပ်မှု အင်စတီကျူးရှင်း တည်ဆောက်ပုံများ တည်ထောင်ခြင်း၊ တာဝန်ယူ၊ တာဝန်ခံခြင်း၊ တရားဥပဒေစိုးမိုးရေး၊ တရားရေးစနစ်များမှ ကောင်းမွန်သောအုပ်ချုပ်ရေး တည်ဆောက်ခြင်း
  ရေရှည်။ ပါတီများ၊ မီဒီယာ၊ NGO များအပါအဝင် ကောင်းမွန်သောအုပ်ချုပ်ရေး အလေ့အကျင့် တည်ဆောက်ခြင်းနှင့် ဒီမိုကရက်တစ်ယဉ်ကျေးမှု ဖြန့်ဝေပေးခြင်း၊ လူ့အခွင့်အရေးမြှင့်တင်ခြင်း

- *လူမှုစီးပွားရေးအုတ်မြစ်များ*
  ရေတို။ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ၊ ပညာရေးအတွက်လိုအပ်သည့် ဝန်ဆောင်မှုများ၊ ကျန်းမာရေးနှင့် ဖူလုံရေး အကူအညီများ ပေးခြင်း၊ ဒုက္ခသည်များနှင့် IDP များကို ဆက်သွယ်ခြင်း၊ နေရပ်ပြန်စေခြင်း၊ အစာရေစာ လုံလောက်အောင် လုပ်ဆောင်ပေးခြင်း
  ရေလတ်။ အခြေခံ အဆောက်အအုံများ ပြန်လည်တည်ဆောက်ပေးခြင်း၊ နေအိမ်များနှင့် ဝန်ဆောင်မှုများ ပေးခြင်း၊ အသက်မွေးဝမ်းကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများပေးခြင်း၊ နေရပ်ရွှေ့ပြောင်းခဲ့ ရသူများ ပြန်လည်ဝင်ဆန့်အောင်လုပ်ဆောင်ပေးခြင်း
  ရေရှည်။ တည်ငြိမ်ပြီး ရေရှည်ကိုကြည့်သော မက်ခရိုစီးပွားရေးမူဝါဒများနှင့် စီးပွားရေးစီမံခန့်ခွဲမှုများ၊ ရပ်ရွာအဆင့်တွင် ရေရှည်တည်တံ့နိုင်သော လူထုဖွံ့ဖြိုးရေး၊ ခွဲဝေပေးရေးဆိုင်ရာတရားမျှတမှု

- *ပြန်လည်ရင်ကြားစေ့ရေးနှင့် တရားမျှတရေး*
  ရေတို။ ကနဦး မယုံကြည်မှုများကိုကျော်လွှားခြင်း၊ အပြိုင်ဖြစ်နေသောအုပ်စုများ၏ ခေါင်းဆောင်များ အကြား တွေ့ဆုံဆွေးနွေးခြင်းများ၊ ရပ်ရွာအဆင့်တွေ့ဆုံဆွေးနွေးမှုများ၊ အခြား ပေါင်းကူးပေးသည့် လုပ်ဆောင်ချက်များ

ရေလတ်။ ငြိမ်းချမ်းရေးနှင့် တရားမျှတမှု၊ အမှန်တရားနှင့် ပြန်လည်ရင်ကြားစေ့ရေးကော်မရှင်များ၊ အမှန်တရားပြန်လည်ထူထောင်ရေးတို့တွင် ပဋိပက္ခဖြစ်နေသော ဦးစားပေးမှုများကို စီမံခန့်ခွဲခြင်း ရေရှည်။ စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ၊ စိတ်ဒဏ်ရာများကိုကုစားပေးခြင်း၊ စစ်ရာဇဝတ်မှု ကျူးလွန်သူများကို အပြစ်ပေးခြင်း၊ ကာလရှည် ပြန်လည်ရင်ကြားစေ့ရေး

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် စစ်ပွဲမှ ငြိမ်းချမ်းရေးသို့ ကူးပြောင်းသည့် စစ်ပွဲလွန်ကာလအတွက် ရေတိုစိန်ခေါ်မှုများတွင် *လက်နက်ဖြုတ်ခြင်း၊ တပ်ဖျက်သိမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း (disarmament, demobilization, and reintegration (DDR))* လည်း ပါဝင်သည်။ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းရေးဌာန၏ အဆိုအရ လက်နက်ဖြုတ်ခြင်းက လက်နက်ငယ်များနှင့် ပေါ့ပါးသည့်လက်နက်များကို စုစည်း၊ ထိန်းသိမ်း၊ ဖျက်ဆီးပစ်ပြီး ပဋိပက္ခအလွန်အခြေအနေတွင် တာဝန်ယူမှုရှိသော လက်နက်ထိန်းသိမ်းရေးအစီအစဉ်များ ရေးဆွဲဖော်ထုတ်ခြင်း ဖြစ်သည်။ တပ်ဖျက်သိမ်းခြင်းဆိုသည်မှာ အစိုးရ၏ စစ်တပ်နှင့်/သို့မဟုတ် အတိုက်အခံ (သို့) ခွဲထွက်ရေးအဖွဲ့များ၏ စစ်တပ်များကို လူအင်အားလျှော့ချသည့် (သို့) လုံးဝဖျက်သိမ်းပစ်သည့် ဖြစ်စဉ်တစ်ခု ဖြစ်သည်။ ပြန်လည်ပေါင်းစည်းရေးဆိုသည်မှာ ယခင်စစ်သားများက သာမန်လူထု၏ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး ဘဝများတွင် ပြန်လည်ပေါင်းစည်းခြင်း ဖြစ်သည်။ အဆိုပါဖြစ်စဉ်သုံးရပ်က အထူးသဖြင့် ရေတိုတွင် ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ရပ် အောင်မြင်စေရန် အရေးပါသည်။ လက်နက်များနှင့် ခဲယမ်းများ ဆက်လက်ရှိနေခြင်းက စိုးရိမ်ဖွယ်ရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းကို ပြန်လည်ဖြန့်ဝေပြီး အသစ်ရရှိထားသည့် ငြိမ်းချမ်းရေးအား နှောင့်ယှက်ဖို့ ဖျက်ဆီးရန်အကြံအစည်ဖြင့် အသုံးပြုနိုင်သောကြောင့် ဖြစ်သည်။ အထူးသဖြင့် တပ်ဖျက်သိမ်းခြင်းက အကြမ်းဖက်မှုအားလျှော့ချရန် အလားအလာကို ပြသခြင်းဖြစ်ပြီး အဖွဲ့များကို ဖြစ်စဉ်တွင် သံန္နိဋ္ဌာန်ချမှတ်ထားသည်ဟု ရှုမြင်နိုင်သည်။ သို့ရာတွင် ယခင်တိုက်ပွဲဝင်ခဲ့သူများက အထူးသဖြင့် မိမိဘာသာ ရပ်တည်ရန် နည်းလမ်းများနှင့် စွမ်းဆောင်ရည်များမရှိပါက၊ စစ်ပွဲအတွေ့အကြုံများကြောင့် စိတ်ဒဏ်ရာ ရနေပါက (သို့) ၎င်းတို့အသိုင်းအဝိုင်းက ကျဉ်ခံထားရပါက ဤသည်က ခက်ခဲပေလိမ့်မည်။ DDR ဖြစ်စဉ် အကောင်အထည်ဖော်သည့် အတွေ့အကြုံများကို အောက်ပါ အာချေးနှင့် မင်ဒါနောင် ဖြစ်ရပ်လေ့လာခြင်း နှစ်ခုတွင် တင်ပြသွားပါမည်။

## ၅.၇.၁ ဖြစ်ရပ်လေ့လာခြင်း (၇)၊ အာချေးဒေသတွင် လက်နက်ဖြုတ်သိမ်းခြင်း၊ တပ်ဖျက်သိမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း ဖြစ်စဉ်[22]

အထက်တွင် ဖော်ပြခဲ့သည့် IMT အပိုင်းက မင်ဒါနောင်မှ စောင့်ကြည့်လေ့လာသူများ လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများကို ဖော်ပြသည်။ ဒေသတွင်း အခြားထူးခြားသည့်စစ်ဆင်ရေးတစ်ခုမှာ ၂၀၀၅ ခုနှစ် ဟယ်လ်ဆင်းကီး MOU ၏ တစ်စိတ်တစ်ပိုင်းအဖြစ် လက်နက်ဖြုတ်သိမ်းရေးနှင့် တပ်ဖျက်သိမ်းရေးဖြစ်စဉ်များကို အကောင်အထည်ဖော်ခဲ့သည့် အာချေးဒေသ စောင့်ကြည့်လေ့လာရေးအဖွဲ့ (Aceh Monitoring Mission

[22] ယခုအပိုင်းကို Afrizal Tjoetra, Universitas Teuku Umar, Aceh, Indonesia နှင့် Suadi Zainal, Universitas Malikusalleh, Lhoksemaue, Aceh, Indonesia တို့က ပါဝင်ရေးသားထားသည်။ အာချေးဒေသ ပြန်လည်ပေါင်းစည်းရေးအေဂျင်စီ (Aceh Reintegration Agency (BRA)) ဆိုင်ရာ အချက်အလက်အများစုက Radhi Darmansyah, Ayesah Abubakar နှင့် Kamarulzaman Askandar တို့ထံမှဖြစ်သည်။ REPUSM and JICA, ‘Brief report on the Bangsamoro study trip to Aceh’ 2014 တွင်ရှုပါ။

(AMM)) ဖြစ်သည်။[23] AMM တွင် EU မှ ကိုယ်စားလှယ်များ (၁၂၅ ဦး)၊ အာဆီယံမှ ကိုယ်စားလှယ်များ (၉၃ ဦး) နှင့် ဒေသခံလူထု ကိုယ်စားလှယ်များ (၇၀ ဦး) ပါဝင်ပြီး (Braud and Grevi, 2005) ၂၀၀၅ ခုနှစ် စက်တင်ဘာလ (၁၅) ရက်နေ့မှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်နေ့အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်း၏တာဝန်များမှာ (က) GAM တပ်ဖျက်သိမ်းရေးကို စောင့်ကြည့်ရန်နှင့် ၎င်း၏ လက်နက်များအသုံးပြုမှု ရပ်တန့်ရေးနှင့် ဖျက်ဆီးရေးတို့ကို စောင့်ကြည့်ရန်နှင့် ကူညီပေးရန်၊ (ခ) အာချေးဒေသပြင်ပမှ စေလွှတ်ခဲ့သည့် အင်ဒိုနီးရှား စစ်တပ် (TNI) နှင့် ရဲတပ်ဖွဲ့ဝင်များကို အခြားနေရာများသို့ ပြန်လည်နေရာချထားခြင်းအား စောင့်ကြည့်ရန်၊ (ဂ) GAM အဖွဲ့ဝင်များ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ပေါင်းစည်းခြင်းကို စောင့်ကြည့်ရန်၊ (ဃ) အထက်တွင် ဖော်ပြသည့်လုပ်ငန်းများ၌ လူ့အခွင့်အရေးအခြေအနေများကို စောင့်ကြည့်ရန်၊ (င) အာချေးဒေသတွင် ဥပဒေ အပြောင်းအလဲဖြစ်စဉ်ကို စောင့်ကြည့်ရန်၊ (စ) အငြင်းပွားဖွယ်ဖြစ်နေသော လွတ်ငြိမ်းချမ်းသာခွင့်အမှုများကို ဆုံးဖြတ်ပေးရန်၊ (ဆ) MOU ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးပြီး ဆုံးဖြတ်ပေးရန်နှင့် (ဇ) အဖွဲ့များနှင့် ဆက်သွယ်ရေးနှင့် ကောင်းမွန်သောပူးပေါင်းဆောင်ရွက်ရေးတို့ တည်ထောင်ပြီး ထိန်းသိမ်းထားရန်ဖြစ်သည် (Schulze, 2009)။ သို့ရာတွင် အောက်တွင်ဖော်ပြမည့်အတိုင်း AMM သည် တာဝန်များအားလုံးကို ကောင်းမွန်စွာ အကောင်အထည်မဖော်နိုင်ခဲ့ပေ။

လက်နက်အသုံးပြုမှုရပ်တန့်ရေးသည် ပဋိပက္ခလွန်ဖြစ်စဉ်တွင် အရေးပါသောအစိတ်အပိုင်းတစ်ခု ဖြစ်သည်။ အာချေးဒေသတွင် ဤသည်ကို AMM အပြင် အဖွဲ့ပေါင်းအများအပြားက စောင့်ကြည့်လေ့လာကြသည်။ အစီအစဉ်အောင်မြင်မှုအတွက် အထူးသဖြင့် ကုလသမဂ္ဂအေဂျင်စီများနှင့် NGO များအပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းက တက်ကြွသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ထို့ပြင် အဖွဲ့နှစ်ဖွဲ့လုံး၏ သန္နိဋ္ဌာန်ကလည်း ခိုင်မာခဲ့သည်။ အကျိုးဆက်အနေဖြင့် အင်ဒိုနီးရှား စစ်တပ်နှင့် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၃၃၀၀၀ ကို အာချေးဒေသမှ ရုတ်သိမ်းခဲ့သည်။ GAM ကလည်း ၎င်း တပ်ဖွဲ့ဝင်ပေါင်း ၃၀၀၀ ခန့်ကို အနားပေးခဲ့ပြီး ဖျက်ဆီးရန် လက်နက်ပေါင်း ၈၄၀ ကို လွှဲပြောင်းပေးခဲ့သည်။ အဆိုပါအရေအတွက်က MOU တွင် ဖော်ပြထားသည့် အရေအတွက်ထက် ကျော်လွန်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် လက်နက်အများအပြားမှ အိမ်လုပ်လက်နက်များ ဖြစ်သောကြောင့် ဖြစ်သည်။ သို့သော် တိုက်ခိုက်ရေးသမားအများအပြားက ဟယ်လ်ဆင်းကီး MOU ကို လက်ခံရန် တွန့်ဆုတ်ခဲ့သောကြောင့် ပြဿနာအချို့ ထွက်ပေါ်ခဲ့သည်။ ထို့ကြောင့် သေနတ်များ ပိုင်ဆိုင်သော (သို့) အသုံးပြုသော တိုက်ခိုက်ရေးသမားများကို ရာဇဝတ်သားများအဖြစ် ကြေညာမည်ဟု GAM နှင့် ဗဟိုအစိုးရတို့က အတူတကွ ဆုံးဖြတ်ခဲ့ကြသည်။

အချုပ်ဆိုရသည် AMM က DDR ဖြစ်စဉ်၏ လက်နက်ဖြုတ်သိမ်းရေးနှင့် တပ်ဖျက်သိမ်းရေးအပိုင်းတို့တွင် ယေဘုယျအားဖြင့် အောင်မြင်ခဲ့သည်။ တစ်ဖက်တွင်မူ ယခင်စစ်သားများကို ပြန်လည်ပေါင်းစည်းရေးနှင့် ပဋိပက္ခကြောင့် ထိခိုက်နစ်နာသူများကိုကူညီပေးရန် မြို့တော်ဝန်လက်အောက်တွင် အလုပ်လုပ်ကိုင်ရသော တရားဝင်အေဂျင်စီဖြစ်သည့် အာချေးဒေသပြန်လည်ပေါင်းစည်းရေးအေဂျင်စီ (*Badan Reintegrasi Aceh*

[23] 'Aceh Monitoring Mission' European External Action Service, 1 January 2015, available at https://eeas.europa.eu/archives/csdp/missions-and- operations/ aceh-amm/index_en.htm, accessed on 23 September 2021 တွင်ရှုပါ။

သို့မဟုတ် BRA) ကို ဖန်တီးခြင်းဖြင့် ပဋိပက္ခအဖွဲ့များက ပြန်လည်ပေါင်းစည်းရေးကို အကောင်အထည် ဖော်ခဲ့သောကြောင့် ပြန်လည်ပေါင်းစည်းရေးက ပို၍ခက်ခဲသည်။

BRA ကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ (၁၅) ရက်နေ့တွင် အောက်ပါရည်မှန်းချက်များဖြင့် တရားဝင်ဖန်တီးခဲ့သည်။ (၁) စီးပွားရေးကိုမြှင့်တင်ရန်နှင့် တိုးတက်ဖွံ့ဖြိုးစေရန်၊ (၂) လူမှုအကူအညီများပေးအပ်ရန်၊ (၃) အလုပ်မလုပ်နိုင်သူများအတွက် လူမှုအထောက်အပံ့ပေးရန်၊ (၄) လူမှုစိတ်ပိုင်းဆိုင်ရာ အထောက်အကူများအပါအဝင် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးကို အထောက်အကူပေးရန်၊ (၅) စိုက်ပျိုးရေးနှင့် ငါးလုပ်ငန်းအပါအဝင် အမျိုးမျိုးသော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများအတွက် ကူညီထောက်ပံ့ရန်၊ (၆) ပြည်သူ့ရေးရာ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ပြန်လည်ထူထောင်ပေးရန်၊ (၇) အာချေးဒေသ အမှန်တရားနှင့် တရားမျှတမှုကော်မရှင် (*Komisi Kebenaran dan Rekonsiliasi Aceh* သို့မဟုတ် KKR) ၏ အကြံပေးချက်များနှင့်အညီ အမှားပြင်ဆင်ရေးကို အကောင်အထည်ဖော်ရန်တို့ ဖြစ်သည်။

အဆိုပါ တာဝန်များကို ထမ်းဆောင်ရာတွင် BRA က အဆင့်အမျိုးမျိုးမှ အာချေးအစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အာချေးဒေသတွင်းမှ တက္ကသိုလ်များ၊ ဆေးပညာရှင်များနှင့်အတူ လုပ်ဆောင်ခဲ့သည်။ ၎င်းတို့လုပ်ဆောင်ချက်များ၏ အဓိကပစ်မှတ်ထားသူများမှာ ယခင်လက်နက်ကိုင်များ၊ နိုင်ငံရေးအကျဉ်းသားများ၊ ပဋိပက္ခကြောင့်ထိခိုက်နစ်နာခဲ့သူများ ဖြစ်သည်။ BRA ၏ ပထမဆုံးဥက္ကဋ္ဌမှာ အာရန်နရီအစ္စလာမ်မစ် တက္ကသိုလ် ယခင် ဥက္ကဋ္ဌဖြစ်သည့် ပညာရှင်၊ ပါမောက္ခ ယူစ်နီဆာဘေ (Yusni Saby) ဖြစ်သည်။ ဒုတိယတာဝန် ထမ်းဆောင်ခဲ့သည့် ဥက္ကဋ္ဌမှာ ယခင် GAM ဆွေးနွေးညှိနှိုင်းသူ အမ်နူဂျူလီ (M Nur Djuli) ဖြစ်သည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှစ၍ BRA က ၎င်း၏အမည်ကို အာချေးဒေသ ငြိမ်းချမ်းရေး ခိုင်မာအားကောင်းစေရေးအေဂျင်စီ (*Badan Penguatan Perdamaian Aceh* သို့မဟုတ် BP2A) ဟု အမည်ပြောင်းလဲခဲ့သည်။

စတင်ချိန်မှစ၍ BRA သည် လွန်စွာခက်ခဲသောအလုပ်ကို လုပ်ဆောင်ခဲ့ရသည်။ BRA ကို အထိခိုက်ခဲ့ဆုံးသူများ ဖြစ်သော ထိခိုက်နစ်နာသူများ၊ ယခင်လက်နက်ကိုင်များနှင့် ပဋိပက္ခတွင် အသက်ရှင်ကျန်ခဲ့သူများ၏ ကိစ္စရပ်များနှင့် အဘာတများကို ကိုင်တွယ်ခြင်းဖြင့် အာချေးဒေသကို မူလအခြေအနေသို့ ပြန်ရောက်နိုင်ရန် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ အကျိုးဆက်အနေဖြင့် ယင်းက ညှင်းပန်းနှိပ်စက်ခံခဲ့ရသူများကို ကူညီပေးခြင်း၊ အသက်ရှင်ကျန်ရစ်ခဲ့သူများကို ငွေကြေးအရထောက်ပံ့ခြင်း၊ ကျန်းမာရေးအထောက်အပံ့ပေးခြင်း၊ ဖျက်ဆီးခံရသောအိမ်များကို ပြန်ဆောက်ပေးခြင်း၊ တိုက်ပွဲများကြောင့် မသန်စွမ်းဖြစ်သွားရသူများကို အထောက်အပံ့ပေးခြင်းများ လုပ်ဆောင်ခဲ့သည်။ BRA က ပဋိပက္ခအတွင်း အသတ်ခံရသူများ၏ ဆက်ခံသူများနှင့် မိသားစုဝင်များကို *diyat* အထောက်အပံ့ (သို့) လျော်ကြေးပေးရန် အစီအစဉ်ကိုလည်း မိတ်ဆက်ခဲ့သည်။ *diyat* ဟူသည်မှာ အာရပ်အသုံးအနှုန်းဖြစ်ပြီး သွေးကြွေးဆပ်သည့်ငွေ၊ ရွေးနုတ်ဖိုးဟု အဓိပ္ပာယ်ရပြီး သျှာရီယာ ဥပဒေမှ ဆင်းသက်လာသည်။

လျော်ကြေးနှင့် အထောက်အပံ့ပေးသည့်ဖြစ်စဉ်က တောင်းဆိုမှုများ (သို့) အဆိုပြုချက်များ စုစည်းခြင်းဖြင့် စတင်သည်။ အချိန်အနည်းငယ်အတွင်းမှာပင် BRA က အကူအညီတောင်းခံလွှာ ၆၅၀၀၀ လက်ခံရရှိခဲ့သည်။ ရန်ပုံငွေမရှိသောကြောင့် အဆိုပါတောင်းခံလွှာများ မှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးခြင်းကိုပင် မလုပ်ဆောင်နိုင်ခဲ့ပေ။ ထို့နောက် မည်သူက လျော်ကြေးရရှိသင့်သည်ကို ဆုံးဖြတ်ရန်နှင့် သင့်လျော်သည့် ပြန်လည်ကုစားရေးနှင့် ပြန်လည်ထူထောင်ရေး အစီအစဉ်များကို ဒီဇိုင်းရေးဆွဲရန် BRA ယခင်လက်နက်ကိုင်များ၊ ထိခိုက်နစ်နာခဲ့သူများ (သို့) အသက်ရှင်ကျင်ရစ်သူများကဲ့သို့သော ပဋိပက္ခကြောင့်ထိခိုက်ခံစားခဲ့ရသူများကို အမျိုးအစားခွဲခြားရန် မြေပြင်မှ အချက်အလက်ကောက်ယူခြင်းများ ပြုလုပ်ခဲ့သည်။ လျော်ကြေးပေးခဲ့ပုံ ဥပမာများမှာ အောက်ပါအတိုင်း ဖြစ်သည် (Radhi et al, 2014)။

BRA က ပဋိပက္ခအတွင်း မီးရှို့ခံရသောအိမ်တိုင်းအတွက် IDR သန်း (၃၀) (၂၄၈၂ ဒေါ်လာ) ပေးအပ်ခဲ့သည်။ ထို့ပြင် ရန်ပုံငွေက အိမ်ပေါင်း ၂၂၀၀၀ အတွက်သာ ရှိသော်လည်း ၎င်းက အိမ်ပေါင်း ၂၉၀၀၀ အိမ်ခန့် ပြန်လည် တည်ဆောက်ပေးခဲ့သည်။ အိမ်နှင့် ပတ်သက်သည့် တောင်းဆိုမှုများအားလုံးအတွက် IDR ၂.၁ ထရီလီယံ (ဒေါ်လာ ၁.၇၄ ဘီလီယံ) ကုန်ကျခဲ့သည်။ စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်မှာ BRA ၏ အဆိုအရ အာချေး လူမျိုးများသည် လျော်ကြေးအဖြစ် မြေထက် ငွေကိုသာ ပို၍အလိုရှိသည် (Radhi et al, 2014)။

ထိခိုက်နစ်နာသူများက တစ်ဦးကို IDR ၅ သန်း (၄၁၅ ဒေါ်လာ) လက်ခံရရှိခဲ့သည်။ ယခင်လက်နက်ကိုင်များက ငွေကြေးအထောက်အပံ့ IDR ၅ သန်း (၄၁၅ ဒေါ်လာ) နှင့် အသက်မွေးဝမ်းကြောင်းအထောက်အပံ့ IDR သန်း ၂၀ (ဒေါ်လာ ၁၆၅၉) လက်ခံရရှိခဲ့ပြီး တစ်ဦးကို ၂၅ သန်း (၂၀၇၄ ဒေါ်လာ) ဖြင့် ပို၍မြင့်မားသည့် ပမာဏ ရရှိခဲ့ကြသည်။ ပြန်လည်ပေါင်းစည်းရေးရန်ပုံငွေမှ လျော်ကြေးက ဟယ်လ်ဆင်းကီး MOU တွင် ဖော်ပြထားသည့်အတိုင်း GAM လက်နက်ကိုင်ဟောင်း ၃၀၀၀ အတွက်သာ ပေးအပ်ခဲ့သည်။ သို့ရာတွင် လက်တွေ့၌ MOU တွင် ဖော်ပြထားသည်ထက် ပိုများသည့် GAM လက်နက်ကိုင် အများအပြားရှိကြသည်။ ထို့ကြောင့် မျှတမှုရှိစေရန်အတွက် ယခင် GAM ခေါင်းဆောင်များက ၎င်းတို့အတွက် ခွဲဝေပေးသည့် ပိုက်ဆံကို စာရင်းတွင် မပါဝင်သူများအတွက်ပါ ခွဲဝေပေးခဲ့ပြီး အကျိုးဆက်အနေဖြင့် ထိုသူများကို အကျင့်ပျက်ခြစားသည်၊ မျက်နှာလိုက်သည်ဟု စွပ်စွဲခံခဲ့ရသည်။ ထိခိုက်နစ်နာသူများအတွက် ပင်စင် အစီအစဉ်ပြုလုပ်ပေးရန် တောင်းဆိုခဲ့သော်လည်း ယင်းကို မည်သည့်အခါကမျှ အကောင်အထည်မဖော်နိုင်ခဲ့ပေ။

အင်ဒိုနီးရှားအစိုးရက BRA ကို ပြည်သူ့စစ်လက်နက်ကိုင် ၆၅၀၀၀ ကိုလည်း အကူအညီပေးရန် တောင်းဆိုခဲ့သည်။ သို့သော် ယင်းအချက်ကို MOU ထဲတွင် ထည့်သွင်းထားခြင်းမရှိသောကြောင့် GAM က ထိုအချက်ကို ငြင်းဆိုခဲ့သည်။ အလှူရှင်များထံမှ ရန်ပုံငွေတောင်းခံရန် အာချေးငြိမ်းချမ်းရေး အရင်းအမြစ်စင်တာ (Aceh Peace Resources Center (APRC)) ကို ထူထောင်ခဲ့သည်။ ပြန်လည်ပေါင်းစည်းရေးအစီအစဉ်များကို ထောက်ပံ့ရန် အလှူငွေကို USAID၊ ဥရောပသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂအေဂျင်စီများနှင့် အချို့သော နိုင်ငံတကာ သံရုံးများထံမှ ရရှိခဲ့သည်။

ယခင် GAM လက်နက်ကိုင်များအပေါ် ၎င်း၏ လွှမ်းမိုးမှုကို ထိန်းသိမ်းသည့်အနေဖြင့် GAM က အာချေးဒေသ အကူးအပြောင်း ကော်မတီ (*Komite Peralihan Aceh* သို့မဟုတ် KPA) ကို ဖွဲ့စည်းခဲ့ပြီး GAM အား အာချေးပါတီ (*Partai Aceh* (PA)) ဟု အမည်ရသည့် နိုင်ငံရေးပါတီတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။ အာချေးပါတီက ပြည်နယ်တွင်းနှင့် ရပ်ရွာရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် တရားဝင်နိုင်ငံရေးဇာတ်ဆောင် ဖြစ်လာရန် ရည်ရွယ်သည်။ အကျိုးဆက်အနေဖြင့် ယခင် GAM အဖွဲ့ဝင်များ အနိုင်ရရှိပြီး မြို့တော်ဝန်မှ ခရိုင်အဆင့်အထိ အမျိုးမျိုးသော အစိုးရရာထူးများကို ရယူထားကြသည်။

နောက်ဆုံးအနေဖြင့် အာချေးဒေသတွင် ငြိမ်းချမ်းရေးသဘောတူညီချက် အကောင်အထည်ဖော်ခြင်းအပေါ် မကျေနပ်ချက်များတွင် BRA ကဲ့သို့သော သဘောတူညီချက်လွန်ကာလ အဖွဲ့အစည်းများ၏ အားနည်းချက် များလည်း ပါဝင်ခဲ့သည်။ BRA သည် ယင်းကို ပေးအပ်ထားသည့် တာဝန်များအားထမ်းဆောင်ရန် စွမ်းဆောင်ရည်နှင့် ရန်ပုံငွေမရှိခဲ့ပေ။ စောင့်ကြည့်လေ့လာသူများက BRA ၏ တာဝန်တစ်ခုဖြစ်ပြီး ထိခိုက်နစ်နာသူများနှင့် ယခင်လက်နက်ကိုင်များအတွက် ရေရှည်တွင် ပို၍အကျိုးရှိမည့် ရေရှည်စီးပွားရေး ဖွံ့ဖြိုးရေး ပလက်ဖောင်းများ ဖန်တီးပေးရမည့်အစား BRA သည် ငွေထုတ်ပေးသည့် ဘဏ်ဝန်ထမ်းကဲ့သို့ ၎င်းတို့ကို ငွေကြေးပေးခြင်းသာ လုပ်ဆောင်ခဲ့သည်ဟု ဝေဖန်ခဲ့ကြသည် (Radhi et al, 2014)။ အာချေးအစိုးရသစ်တွင် ရာထူးများအတွက်ပြိုင်ဆိုင်ရင်း အကွဲအပြဲများဖြစ်စေခဲ့သော GAM ခေါင်းဆောင်များ နှင့် အဖွဲ့ဝင်များအကြား အချင်းများမှုများကိုလည်း စောင့်ကြည့်လေ့လာသူများက မှတ်ချက်ပြုခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် တောထဲ၌ စစ်တပ်ကို ခေါင်းဆောင်ခြင်းနှင့် ပြည်နယ်လွှတ်တော် (သို့) အစိုးရတွင် ရွေးကောက်ခံရာထူး ရယူခြင်းတို့က သက်ဆိုင်မှုသိပ်မရှိလေရာ ၎င်းတို့က ယေဘုယျအားဖြင့် အုပ်ချုပ်ရန် စွမ်းဆောင်ရည်နှင့် ဗဟုသုတများမရှိကြဘဲ ယင်းတို့ကို ထိုလုပ်ငန်းများအတွက် ပြင်ဆင်ပေးရန် သတိထားလုပ်ဆောင်ဖို့ လိုအပ်လေသည်။ သို့ရာတွင် အာချေးဒေသတွင် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အရှိန်အဟုန်က ထိုသို့ သတိထားလုပ်ဆောင်မှုများ လုပ်ဆောင်နိုင်ဖို့ ခွင့်မပြုခဲ့ပေ။ နောက်အပိုင်းတွင် မင်ဒါနောင်မှ မူလအခြေအနေ ပြန်ရောက်ရေးဖြစ်စဉ်ကို လေ့လာသွားပါမည်။

## ၅.၇.၂ ဖြစ်ရပ်လေ့လာခြင်း (၈)၊ "မူလအခြေအနေ ပြန်လည်ရောက်ရှိရေး" နှင့် GPH-MILF ငြိမ်းချမ်းရေးဖြစ်စဉ်[24]

ဖိလစ်ပိုင်အစိုးရ (GPH) နှင့် မိုရိုအစ္စလာမ်မစ် လွတ်မြောက်ရေးတပ်ဦး (MILF) ဆွေးနွေးသူများအကြား မူလအခြေအနေပြန်ရောက်ရှိရေး နောက်ဆက်တွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ လက်မှတ်ရေးထိုးခဲ့သည်။ သဘောတူညီချက်က ထိုစဉ်က ဘန်ဆာမိုရို အခြေခံဥပဒေ (Bangsamoro Basic Law (BOL)) ပြဋ္ဌာန်းရေးနှင့် ချိတ်ဆက်ထားခဲ့ပြီး နောင်တွင် ယင်းကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့၌ လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ (၂၁) ရက်နေ့တွင် ဘန်ဆာမိုရို

[24] ဤအပိုင်းကို အရပ်ဘက်အဖွဲ့အစည်း တက်ကြွလှုပ်ရှားသူနှင့် မင်ဒါနောင် ငြိမ်းချမ်းရေးဖြစ်စဉ်အား ကာလရှည်ကြာစောင့်ကြည့်သူ Ismael G Kulat က ပါဝင်ကူညီပေးထားသည်။ သူ့အား အီးမေးလ်လိပ်စာ ali_ashgar27@yahoo.com မှတစ်ဆင့် ဆက်သွယ်နိုင်ပါသည်။

အခြေခံဥပဒေ (Bangsamoro Organic Law (BOL)) သို့မဟုတ် ရီပါ့ဘလစ်အက်ဥဒေအမှတ် ၁၁၀၅၄ အဖြစ် လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့သည်။

ပြဋ္ဌာန်းပြီး မကြာမီပင် သမ္မတ ရိုဒရီဂို ရိုအာ ဒူတာတေး (Rodrigo Roa Duterte) က မူလအခြေအနေ ပြန်လည်ရောက်ရှိရေး နောက်ဆက်တွဲကို အပြည့်အဝအကောင်အထည်ဖော်ရန် သမ္မတအမိန့် အမှတ် (၇၉) ကို ၂၀၁၉ ခုနှစ် ဧပြီလ (၂၄) ရက်နေ့တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။ ထိုစဉ် အသွင်ကူးပြောင်းရေး အဖွဲ့ဖြစ်သော ဘန်ဆာမိုရို အသွင်ကူးပြောင်းရေး အာဏာပိုင်အဖွဲ့ (Bangsamoro Transition Authority (BTA)) က GPH-MILF သဘောတူညီချက်များ အကောင်အထည်ဖော်ခြင်းကို နိုင်ငံရေးလမ်းကြောင်းနှင့် မူလအခြေအနေ ပြန်လည်ရောက်ရှိရေး လမ်းကြောင်းဟူ၍ လမ်းကြောင်းနှစ်ခုခွဲခဲ့သည်။ မူလအခြေအနေ ပြန်လည်ရောက်ရှိရေး အတွက် အခြား ဥပဒေပြဋ္ဌာန်းချက်တစ်ခုမှာ ၂၀၁၂ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာ၌ GPH နှင့် MILF အဖွဲ့များ လက်မှတ်ရေးထိုးခဲ့သည့် ဘန်ဆာမိုရို သဘောတူညီချက်မူဘောင် (Framework Agreement on the Bangsamoro (FAB)) ဖြစ်သည်။ ထိုမူဘောင်က *"မူလအခြေအနေ ပြန်လည်ရောက်ရှိရေး နောက်ဆက်တွဲသည် FAB ၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မူလအခြေအနေ ပြန်လည်ရောက်ရှိရေးနှင့် ပတ်သက်၍ အခြားအသေးစိတ်အချက်အလက်များကို အကျယ်ချဲ့ဖော်ပြထားသည်။"*

ထို့ပြင် မူလအခြေအနေ ပြန်လည်ရောက်ရှိရေး နောက်ဆက်တွဲက အောက်ပါအတိုင်း ဆိုထားသည်။

> *မူလအခြေအနေပြန်လည်ရောက်ရှိရေးက အသိုင်းအဝိုင်းများအနေဖြင့် ၎င်းတို့လိုလားသည့် ဘဝအရည်အသွေးရရှိရန် ဖြစ်စဉ်တစ်ခုဖြစ်ပြီး ဘန်ဆာမိုရိုတွင် လူသားလုံခြုံရေးအတွက် ရည်ရွယ်ထားသည်။ ယင်းက လူတို့ အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုများမှ ကင်းဝေးပြီး ကာလရှည်ကြာစွဲကိုင်ခဲ့သည့် အလေ့အထများနှင့် တန်ဖိုးများကို ဆက်လက် တန်ဖိုးထားလိုက်နာသည့် အခြေခံလူ့အခွင့်အရေးများကို လက်ခံကျင့်သုံးသော လူ့အဖွဲ့အစည်း တစ်ခုအား တည်ထောင်ရန် အထောက်အကူပြုသည်။*

ဤသည်မှာ လွန်ခဲ့သော ရာစုနှစ်ငါးစုအတွင်း လက်နက်ကိုင်ပဋိပက္ခ၏ အကျိုးဆက်များကို ခံစားခဲ့ရသည့် ဘန်ဆာမိုရိုပြည်သူများ၏ ဘဝတွင် မူလအခြေအနေ ပြန်လည်ရောက်ရှိရေး၏ အရေးပါပုံဖြစ်သည်။

အနှစ်ချုပ်ရလျှင် မူလအခြေအနေပြန်လည်ရောက်ရှိရေးရှုထောင့်၌ အစိတ်အပိုင်း (၁၀) ခုပါဝင်သည်။ (၁) ရဲဝန်ထမ်းများ ခန့်အပ်တာဝန်ပေးခြင်း၊ (၂) ပူးတွဲမူလအခြေအနေ ပြန်လည်ရောက်ရှိရေး ကော်မတီ (Joint Normalization Committee (JNC))၊ ပူးတွဲ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကော်မတီ (Joint Peace and Security Committee (JPSC))၊ ပူးတွဲငြိမ်းချမ်းရေးနှင့် လုံခြုံရေးအဖွဲ့ (Joint Peace and Security Team (JPST))၊ လွတ်လပ်သော လက်နက်အသုံးပြုမှု ရပ်တန့်ရေးအဖွဲ့ (Independent Decommissioning Body (IDB)) ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော လက်နက်ကိုင်များ လက်နက်အသုံးပြုမှု ရပ်တန့်ရေးစင်တာ လုပ်ငန်းအဖွဲ့ (Task Force Decommissioning of Combatants Centre (TFDCC)) တို့အပါအဝင် အသွင်ကူးပြောင်းရေး

အစိတ်အပိုင်းများ၊ (၃) MILF လက်နက်ကိုင်များ၏ လက်နက်အသုံးပြုမှု ရပ်တန့်ရေးနှင့် လူမှုစီးပွားရေး အစီအစဉ်များအတွက် ၎င်းတို့အသိုင်းအဝိုင်းများကို လိုအပ်ချက် အကဲဖြတ်သုံးသပ်ခြင်း၊ (၄) ဘန်ဆာမိုရိုရှိ ဖိလစ်ပိုင်စစ်တပ် (Armed Forces of the Philippines (AFP)) များကို လျှော့ချရေး၊ (၅) မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်းများ (UXOs) နှင့် မြေမြှုပ်မိုင်းများ ရှင်းလင်းရေး၊ (၆) ကြေးစားလက်နက်ကိုင်အုပ်စုများ (private armed groups (PAGs)) ဖျက်သိမ်းရေး၊ (၇) BIAF အဖွဲ့ဝင်များ၊ ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးရသူများ (IDPs) နှင့် ဆင်းရဲမွဲတေသည့် အသိုင်းအဝိုင်းများအတွက် လူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေး အစီအစဉ်များ၊ (၈) အကူးအပြောင်းကာလ တရားမျှတရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးကော်မရှင် (Transitional Justice Reconciliation Commission (TJRC)) ၏ အကြံပေးချက်များကို အခြေခံပြီး အကူးပြောင်းကာလ တရားမျှတရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး လုပ်ဆောင်ရန်၊ (၉) အရင်းအမြစ်များကို ရရှိရေး၊ (၁၀) အဓိက MILF စခန်း ခြောက်ခုကို ငြိမ်းချမ်းပြီး ထုတ်လုပ်နိုင်စွမ်းရှိသည့် အသိုင်းအဝိုင်းများအဖြစ် အသွင်ပြောင်းလဲရေး၊ လွတ်ငြိမ်းချမ်းသာခွင့်များပေးခြင်း၊ မင်ဒါနောင်တွင် လက်နက်ကိုင်ပဋိပက္ခနှင့် စပ်လျဉ်းပြီး ပြစ်မှုကျူးလွန်ခဲ့သူများ (သို့) တရားစွဲဆိုခံထားရသူများ၏ အမှုများကို ဖြေရှင်းပေးခြင်းတို့အပါအဝင် ယုံကြည်ချက်တည်ဆောက်ရေးလုပ်ဆောင်ချက်များ ပါဝင်သည်။ အကောင်အထည်ဖော်ခြင်းနှင့် စပ်လျဉ်း၍ အထက်တွင်ဖော်ပြခဲ့သည့်အချက်များမှ ပထမနှင့် ဒုတိယအချက်များသာ ဖြေရှင်းပြီးဖြစ်သည်။ BBLက တင်ပြခဲ့သည့် ရဲဝန်ထမ်းကိစ္စရပ်ကို ဖိလစ်ပိုင်လွှတ်တော်က ပယ်ချခဲ့သည်။ ထိုအစား ဖိလစ်ပိုင် အမျိုးသား ရဲတပ်ဖွဲ့က ဘန်ဆာမိုရိုတွင် ပြည်နယ်ရဲတပ်ဖွဲ့ရုံးကို တည်ထောင်ခဲ့သည်။

လက်ရှိတွင် နောက်ဆက်တွဲမှ MILF လက်နက်ကိုင်များ၏ လက်နက်အသုံးပြုမှုရပ်တန့်ရေး အစိတ်အပိုင်း တစ်ခုသာ ထင်သာမြင်သာရှိပြီး အကောင်အထည်ဖော်လျက်ရှိသည်။ ၂၀၂၂ ခုနှစ် BTA သက်တမ်းအဆုံးတွင် လက်နက်ကိုင် ၄၀၀၀၀ ခန့်ကို လက်နက်ဖြုတ်သိမ်းပြီး ထွက်ခွာရေးစာရွက်စာတမ်းများကို လက်မှတ်ရေးထိုးရန် ပစ်မှတ်ထားထားသည်။ လက်နက်အသုံးပြုမှုရပ်တန့်ရေးဖြစ်စဉ်က အဆင့်လေးဆင့် ပါဝင်သည်။ ပထမအဆင့်က ပဏာမလက်နက်အသုံးပြုမှုရပ်တန့်ရေးဖြစ်ပြီး ၂၀၁၅ ခုနှစ် ဇွန်လ (၁၆) ရက်နေ့တွင် MILF လက်နက်ကိုင် ၁၄၅ ဦးနှင့် လက်နက် ၇၅ ခုသာ ပါဝင်ခဲ့သည်။ ဒုတိယအဆင့် (၂၀၁၉-၂၀၂၀) တွင် ၃၀% (သို့) လက်နက်ကိုင် ၁၂၀၀၀ နှင့် လက်နက်ပေါင်း ၂၅၀၀ ခန့် ပါဝင်ခဲ့သည်။ တတိယအဆင့် (၂၀၂၀-၂၀၂၁) တွင် ၃၅% (သို့) လက်နက်ကိုင် ၁၄၀၀၀ နှင့် လက်နက်ပေါင်း ၂၈၀၀ ခန့် ပါဝင်ခဲ့သည်။ စတုတ္ထအဆင့် (၂၀၂၁-၂၀၂၂) တွင် နောက်ဆုံး ၃၅% (သို့) လက်နက်ကိုင် ၁၄၀၀၀ ပါဝင်ရန် မျှော်မှန်းထားသည်။

လက်ရှိတွင် ဒုတိယအဆင့်မှ လက်နက်ကိုင် ၁၂၀၀၀ က စစ်ဆေးရေးဖြစ်စဉ်ကို ဖြတ်သန်းပြီးဖြစ်ပြီး လက်နက်ဖြုတ်သိမ်းသည့် MILF အဖွဲ့ဝင်တစ်ဦးစီအတွက် ချီးမြှင့်ရန်ကတိပေးထားသော PHP ၁ သန်းမှ တစ်ဦးလျှင် ငွေသား PHP ၁ သိန်း လက်ခံရရှိခဲ့ပြီးဖြစ်သည်။ ထိုကဲ့သို့သော ကတိကဝတ်ကို မူဆလင်မင်ဒါနောင်ရှိ ဘန်ဆာမိုရို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Bangsamoro Autonomous Region in Muslim Mindanao (BARMM)) ၏ ပြောရေးဆိုခွင့်ရှိသူ နာဂွိဆင်နာရင်ဘို (Naguib Sinarimbo) က မီဒီယာတွင် အောက်ပါအတိုင်း ပြောခဲ့ခြင်း ဖြစ်သည်။ *"လက်နက်စွန့်မယ့် မိုရိုလက်နက်ကိုင်တိုင်းအတွက် ငွေသား PHP ၁ သိန်း၊ နေအိမ်နဲ့ PHP*

*ဒသိန်း ၅ သောင်း တန်ဖိုးရှိတဲ့ လူမှုရေးဝန်ဆောင်မှုတွေက စောင့်ကြိုနေပါတယ်။"*[25] သို့ရာတွင် ကျန်ရှိသည့် PHP ၉၅၀၀၀၀ နှင့်စပ်လျဉ်းပြီး ရှုပ်ထွေးမှုအချို့ရှိခဲ့သည်။ အချို့သော လက်နက်စွန့်ခဲ့သူများက ၎င်းတို့အနေဖြင့် ငွေသားရရှိမည်ဟု ထင်မြင်ထားကြသော်လည်း MILF သတင်းအရင်းအမြစ်တစ်ဦး၏ အဆိုအရ ယင်းမှာ သင်တန်းများ၊ နေအိမ်နှင့် အခြားသောပြန်လည်ပေါင်းစည်းရေးဖြစ်စဉ်အတွက် သတ်မှတ်ထားသည့် ရန်ပုံငွေဖြစ်သည်။ လက်နက်စွန့်ခဲ့သူတစ်ဦးက *"လက်နက်စွန့်ခဲ့တဲ့ ဒုတိယအုပ်စုမှာ လူ ၁၂၀၀၀ လောက်ပါတယ်။ သူတို့ကို IDB အဖွဲ့က အသေးစိတ်စစ်ဆေးခဲ့တယ်။"* ထို့ပြင် သူက လက်နက်စွန့်ခဲ့သူများအားလုံးက ငွေသား PHP ၁ သိန်းကို လက်ခံရရှိခဲ့သော်လည်း *"လက်နက်စွန့်ခဲ့တဲ့သူ ဘယ်တစ်ယောက်မှ သူတို့ ကတိပေးထားတဲ့ လူမှုရေးဝန်ဆောင်မှုတွေ မရကြဘူး၊ အဲဝန်ဆောင်မှုတွေကို ဘယ်လိုပေးမလဲ၊ ဘယ်တော့ပေးမလဲဆိုတဲ့ အချက်အလက်တွေလည်း ရေရေရာရာမသိရဘူး။"* ဟု ဆိုခဲ့သည် (Kulat, 2021)။

ဒုတိယအနေဖြင့် လက်နက်စွန့်ခြင်းတွင် *"ဘန်ဆာမိုရို အစ္စလာမ်မစ် လက်နက်ကိုင်အင်အားစုများ (Bangsamoro Islamic Armed Forces (BIAF)) နှင့် ၎င်းတို့၏ အသိုင်းအဝိုင်းများကို လိုအပ်ချက်ဆန်းစစ်လေ့လာခြင်း"* အပါအဝင် MILF အင်အားစုများကို စစ်ဆေးခြင်းလည်း ပါဝင်သည် (Annex on Normalization, Item C(3))။ (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ) ယခုချိန်အထိ MILF လက်နက်ဖြုတ်သိမ်းရေးဖြစ်စဉ်၏ အဆိုပါ အရေးပါသည့် အစိတ်အပိုင်းကို မလုပ်ဆောင်ရသေးပေ။

တတိယအနေဖြင့် လက်နက်အသုံးပြုမှုရပ်တန့်ရေး အစိတ်အပိုင်း၏ စာပိုဒ် (၉) က အောက်ပါအတိုင်း ဖော်ပြထားသည်။ *"MILFအင်အားစုများ လက်နက်စွန့်ခြင်းကို အဖွဲ့များအကြား အခြားသဘောတူညီချက်များ အကောင်အထည်ဖော်ခြင်းနှင့်တပြိုင်နက်တည်း တူညီသောအတိုင်းအတာဖြင့် လုပ်ဆောင်သွားမည်။"* (Annex on Normalization, Item C(3))။

သို့ရာတွင် MILF လက်နက်ကိုင်များကို လက်နက်အသုံးပြုမှုရပ်တန့်ရေးက ယခုအချိန်တွင် အကောင်အထည်ဖော်နေသည့် တစ်ခုတည်းသောအစီအစဉ်ဖြစ်ပြီး ကျန်ရှိသည့် "တပြိုင်နက်တည်း တူညီသောအတိုင်းအတာဖြင့်" လုပ်ဆောင်မည့် အစီအစဉ် (၇) ခုကိုမူ အရိပ်အယောင်မျှ မမြင်ရသေးပေ (Annex on Normalization, Item C(9))။

ထို့ပြင် MILF လက်နက်ကိုင်များကို လက်နက်အသုံးပြုမှုရပ်တန့်ရေးနှင့် "တပြိုင်နက်တည်း တူညီသော အတိုင်းအတာဖြင့်" လုပ်ဆောင်မည့် AFP အင်အားစုများကို ဘန်ဆာမိုရိုဒေသမှ တဖြည်းဖြည်းလျှော့ချသွားရန် ကလည်း ဖြစ်မလာသေးပေ။ ထို့ကြောင့် MILF အင်အားစု ၃၀% လက်နက်ဖြုတ်သိမ်းခဲ့လျှင် AFP က ၎င်းတို့ တပ်များ၏ ၃၀% ကို နေရာရွှေ့ပြောင်းရမည်ဖြစ်သည်။ လက်တွေ့တွင် ဆူလူနှင့် ဘာဆီလန်ကဲ့သို့သော ဒေသများတွင် စစ်အင်အားများတိုးမြင့်လာခြင်းကို ကြုံတွေ့ကြရသည်။ ဒေသခံများ၊ အထူးသဖြင့်

[25] Cabrera, F, 'More than P1-million package awaits every decommissioned MILF combatant' Minda News, 27 August 2019, available https://www.mindanews.com/top-stories/2019/08/more-than-p1-million-package-awaits-every-decommissioned-milf-combatant/, accessed on 23 September 2021.

ဖယ်ရှားပေးရမည့်ဒေသတွင် နေထိုင်ကြသူများ ပြင်းထန်စွာကန့်ကွက်သော်လည်း ကြီးမားသော စစ်စခန်း တည်ဆောက်ရန် ဆက်လက်လုပ်ဆောင်နေသည့် မာရာဝီမြို့အတွက် ဤအချက်က အဓိက မှန်ပေလိမ့်မည်။ *"သမ္မတ ရိုဒရီဂို ရိုအာ ဒူတာတေးက ၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၃၀) ရက်နေ့တွင် မာရာဝီမြို့ မြို့တော်ဝန် ရုံးပောင်းနေရာ၌ စစ်စခန်းတစ်ခုတည်ဆောက်ရန် အုတ်မြစ်ချပွဲအခမ်းအနားကို ဦးဆောင်ခဲ့သည်"*[26] ဟု ကြေညာခဲ့သည့် သမ္မတဆက်သွယ်ရေးရုံး ထုတ်ပြန်ချက်နှင့် Rappler သတင်းဌာနက တင်ပြခဲ့သည့် *"ဒူတာတေးက မာရာဝီတွင် စစ်စခန်းအသစ်တစ်ခုတည်ဆောက်ရန် လေ့လာရေးအဖွဲ့ကို ဖန်တီးခဲ့သည်"*[27] တို့တွင် တွေ့ခဲ့ရသကဲ့သို့ ခေါင်းကြီးပိုင်းသတင်းအများအပြားက ထိုအချက်မှန်ကန်ကြောင်း ပြသနေသည်။ ထင်ရှားသည့် အချက်မှာ အဆိုပါ ခေါင်းကြီးပိုင်းသတင်းများသည် သဘောတူညီချက် အဓိပ္ပာယ်၊ ရည်ရွယ်ချက်များနှင့် သွေဖည်ကြောင်းကို ပြသနေသည်။

ထို့ပြင် PAGs ကို ဖျက်သိမ်းခြင်းနှင့် မပေါက်ကွဲသေးသော စစ်လက်နက်ပစ္စည်းများအား ရှင်းလင်းခြင်းတို့က ဘန်ဆာမိုရိုတွင် မူလအခြေအနေပြန်ရောက်ရန်အတွက် အဓိကကျသည်။ မူလအခြေအနေပြန်ရောက်ရေး၏ အဆိုပါအစိတ်အပိုင်းများ မလုပ်ဆောင်ပါက ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့မှ အိပ်မက်မျှသာ ရှိနေလိမ့်မည်။ သို့ရာတွင် အစိုးရ စစ်တပ်နှင့် MILF တို့အကြား လက်နက်ကိုင်ထိတွေ့မှုများ သိသိသာသာ လျော့ကျသွား သော်လည်း အခြားလက်နက်ကိုင်အုပ်စုများအကြား စစ်ရေးလှုပ်ရှားမှုများသည် ဒေသတွင်း မတူညီသည့် နေရာများတွင် ဖြစ်ပွားနေဆဲဖြစ်သည်။ တစ်ဖက်တွင်လည်း MILF နှင့် အခြားသော လက်နက်ကိုင်များအကြား ပဋိပက္ခဖြစ်ရပ်များ တိုးပွားလာသည်။ တိုတိုပြောရလျှင် စစ်ဆင်ရေးများနှင့် အခြား လက်နက်ကိုင် ပဋိပက္ခများကြောင့် ပြည်သူများမှာ နေရပ်စွန့်ခွာထွက်ပြေးနေရဆဲဖြစ်သည်။ အကယ်၍သာ AFP အင်အား လျှော့ချခြင်းနှင့် PAG များ ဖျက်သိမ်းခြင်းတို့ကဲ့သို့သော မူလအခြေအနေ ပြန်လည်ရောက်ရှိရေးပါ အစိတ်အပိုင်းများကို တပြိုင်နက် တူညီသောအတိုင်းအတာဖြင့် အကောင်အထည်ဖော်ခဲ့လျှင် ယင်းတို့ကို တားဆီးနိုင်မည်ဖြစ်သည်။

အကောင်အထည်ဖော်ခြင်းတွင် အခြားသောလိုအပ်ချက်များမှာ ပဋိပက္ခနှင့် သက်ဆိုင်သည့် အရေးပါသော ကိစ္စရပ်များကို ကိုင်တွယ်ရန် အသက်မဝင်သောအဖွဲ့များကို လုပ်ဆောင်ခိုင်းထားခြင်းလည်း ပါဝင်သည်။ ဥပမာ ဘန်ဆာမိုရိုဒေသတွင် အကူးအပြောင်းကာလအတွင်း ငြိမ်းချမ်းရေး၊ အစီအစဉ်တကျဖြစ်ရေးနှင့် လုံခြုံရေးတို့ကို ထိန်းသိမ်းရန် တာဝန်ပေးခြင်းခံထားရသည့် ပူးတွဲငြိမ်းချမ်းရေးနှင့် လုံခြုံရေးအဖွဲ့ (JPST) သည် ထိရောက်မှု မရှိပေ။ BTA ၏ လွန်ခဲ့သောနှစ်နှစ်အတွင်း လက်နက်ကိုင်တိုက်ခိုက်မှုများ၊ ဗုံးခွဲခြင်းများ၊ သတ်ဖြတ်ခြင်း၊ အရပ်သားများ နေရပ်စွန့်ခွာရခြင်းနှင့် လက်နက်ကိုင်နှင့် အငြင်းပွားမှုဆိုင်ရာ ဖြစ်ရပ်များကို ကိုင်တွယ်ရန် စစ်ရေး စစ်ဆင်ရေးများ ပြုလုပ်ခြင်းတို့ ဖြစ်ပွားခဲ့သည်။[28] သမိုင်းကြောင်းနှင့်ချီ လုပ်ဆောင်ခဲ့သည့် မတရားမှုများကို

[26] Presidential Communications Operations Office (PCOO), 'President Duterte leads groundbreaking of new military camp in Marawi' PCOO, 30 January 2018, available at https://pcoo.gov.ph/news_releases/president-duterte-leads-groundbreaking-new-military-camp-marawi/, accessed on 23 September 2021.

[27] Tomacruz, S, 'Duterte creates group to study creation of new military camp in Marawi' Rappler, 20 November 2019, available at https://www.rappler.com/nation/duterte-creates-group-study-militarycamp-marawi, accessed on 23 September 2021.

[28] အခြေအနေကို International Alert က အောက်ပါအတိုင်း အစီရင်ခံခဲ့သည်။

ကိုင်တွယ်ဖြေရှင်းရန်နှင့် ဖြစ်သင့်ဖြစ်ထိုက်သောအာဃာတများ၊ ကြီးမားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဘန်ဆာမိုရို ပြည်သူများထံမှ မြေယာသိမ်းဆည်းခြင်းဖြင့် ပြည်သူများကို ဘေးဖယ်ထုတ်ခဲ့ခြင်းများအား တုံ့ပြန်ရန် လုပ်ဆောင်ရမည့် အသွင်ကူးပြောင်းရေးကာလတရားမျှတမှုနှင့် ပြန်လည်ရင်ကြားစေ့ရေး အစိတ်အပိုင်းကိုလည်း လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည်။

အချုပ်ဆိုရသော် မူလအခြေအနေ ပြန်လည်ရောက်ရှိရေး၏ ကျန်ရှိသော အစိတ်အပိုင်း (၇) ခုလုံးမှာ *"ရေရှည်ငြိမ်းချမ်းရေးတည်ဆောက်ရန်"* ဟု BOL ၏ စကားဦးတွင် ဖော်ပြထားသည့်အတိုင်း ဘန်ဆာမိုရိုတွင် ရေရှည်ငြိမ်းချမ်းရေးရရှိရေးအတွက် အရေးပါသည်ဟု ဆိုနိုင်သည်။ BTA ၏ သက်တမ်းက ကုန်ဆုံးခါနီး ဖြစ်သော်လည်း စိတ်မကောင်းဖွယ်ရာကောင်းစွာပင် ယင်းတို့အများစု အကောင်အထည်ဖော်ရေးကို စပင် မစရသေးပေ။ ထို့ပြင် ထိရောက်သော သတင်းအချက်အလက်စနစ်တစ်ခုလည်း တည်ထောင်ရန် လိုအပ်နေသေးသည်။ အကျိုးဆက်အနေဖြင့် ဖြစ်စဉ်က မည်သည်ကို ရည်ရွယ်သည်၊ ယင်းကို မည်သို့ အကောင်အထည်ဖော်မည်နှင့် စပ်လျဉ်းပြီး မှန်းဆချက်များစွာ ထွက်ပေါ်စေသည်။ ဘန်ဆာမိုရို အရပ်ဘက်အဖွဲ့အစည်းမှ ခေါင်းဆောင်တစ်ဦးက သူသည် GPH-MILF ငြိမ်းချမ်းရေးသဘောတူစာချုပ် အခြေအနေကို ခန့်မှန်းခြင်းသာ ပြုလုပ်နိုင်တော့သည်ဟု မှတ်ချက်ပြုခဲ့သည် (Kulat, 2021)။ တစ်ချိန်တည်းမှာပင် သူက လူအနည်းငယ်သာ ဖြစ်စဉ်ကို ကိုင်တွယ်နေသည်ဟု ခံစားရသည်။

> *ပူးတွဲ မူလအခြေအနေပြန်ရောက်ရေးကော်မတီ ဥက္ကဋ္ဌက BTA အဖွဲ့ဝင်တစ်ယောက်ဖြစ်တယ်။ တစ်ချိန်တည်းမှာပဲ သူက လွှတ်တော်ကိုယ်စားလှယ်လည်းဖြစ်တယ်၊ ဝန်ကြီးဌာနနှစ်ခု၊ သုံးခုလည်း ကိုင်တွယ်နေရတယ်။ တခြားအထူးအဖွဲ့တွေ ကော်မတီတွေမှာလည်း အဖွဲ့ဝင် ဒါမှမဟုတ် ဥက္ကဋ္ဌအဖြစ် ပါဝင်နေပြန်သေးတယ်။ အကုန်လုံးကို တပြိုင်နက်လုပ်နေတာ။ အဲဒါကြောင့် မိုရိုပညာရှင်တစ်ယောက်က တစ်ခါတုန်းက ပြောဖူးတာ။ သူတို့က စွမ်းအားရှင်တွေ မဟုတ်ရင် ဒီတာဝန်တွေအားလုံးကို ထမ်းဆောင်နိုင်မှာမဟုတ်ဘူးတဲ့ (Kulat, 2021)။*

နောက်ဆုံးတွင် အချို့က ဘန်ဆာမိုရိုနှင့် ၎င်းတို့ခေါင်းဆောင်များက မူလအခြေအနေ ပြန်လည်ရောက်ရှိရေးထက် နိုင်ငံရေးလမ်းကြောင်း အကောင်အထည်ဖော်ရေးကိုသာ ပို၍အာရုံစိုက်နေကြသည်ဟု ဆိုကြသည် (Kulat, 2021)။ မြေပြင်အခြေအနေများ၊ မီဒီယာများဆွေးနွေးမှုများနှင့် ပြည်သူများအကြားပြောဆိုမှုများကို လေ့လာချက်များအရ လုပ်ဆောင်ချက်အများစုက BTA (သို့) ဘန်ဆာမိုရို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟူသည့် နိုင်ငံရေးလမ်းကြောင်းကိုသာ အာရုံစိုက်နေကြသည်။ သို့ဖြစ်လေရာ MILF ကို လက်နက်ဖြုတ်သိမ်းရေးမှလွဲ၍

ဧပြီလတွင် ပီကစ်နှင့် ဧပြီ ၂၉ ရက်နေ့တွင် မာတာလမ်တို့၌ MILF နှင့် MNLF တပ်မှူးများအကြား ထိတွေ့မှုများ ဖြစ်ပွားခဲ့သည်။ ဆူလ်တန်ကူဒါရက်နှင့် ဂူအင်ဒူလွန်ဂန်မြို့များတွင်လည်း ဧပြီလ ၁၂ ရက်နေ့ မေလ ၁၄ မှ ၁၅ ရက်နေ့အထိ ထိတွေ့မှုများ ဖြစ်ပွားခဲ့သည်။ မေလ ၇ ရက်နေ့မှ ၁၀ ရက်နေ့အထိ ပီကစ်နှင့် ပါဂါလွန်ဂန်ရှန်နယ်စပ်တွင် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့သည်။ MILF တပ်မှူးနှစ်ဦးအကြား ဧပြီလမှ မေလအထိ ပဋိပက္ခများ ကြိမ်ဖန်များစွာ ဖြစ်ပွားခဲ့သည်။

From 'Violence over land intensifies in the Bangsamoro amid pandemic' International Alert News, 24 June 2020, available at https://www.international-alert.org/fr/news/violence-over-landintensifies-bangsamoro-amid-pandemic?fbclid=IwAR05qBgN4zozteo4GOECJTKtFrkE7P9TWaUpLMVf_lUbSmxMVkudIi3nmVI, accessed on 23 September 2021.

မူလအခြေအနေ ပြန်လည်ရောက်ရှိရေးအတွက် ဆွေးနွေးခြင်း (သို့) လုပ်ဆောင်ခြင်း အနည်းငယ်သာရှိသည်။ ဤသည်မှာ စိုးရိမ်ပူပန်ဖွယ်ရာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မူလအခြေအနေ ပြန်လည်ရောက်ရှိရေး လမ်းကြောင်းပါ အစိတ်အပိုင်းများကို အောင်မြင်စွာအကောင်အထည်မဖော်ဘဲ ဘန်ဆာမိုရိုတွင် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးကို မျှော်မှန်းခြင်းက အိပ်မက်သဖွယ်သာ ရှိနေလိမ့်မည်ဖြစ်သည်။ GPH-MILF ငြိမ်းချမ်းရေးဆွေးနွေးပွဲအစမှ အချက်ကိုးချက်ပါအစီအစဉ်တွင် ဖော်ပြခဲ့သလို ရာစုနှစ်နှင့်ချီသည့် လက်နက်ကိုင် ပဋိပက္ခများကြောင့် *"ဘန်ဆာမိုရိုတွင် စိတ်ဓာတ်စည်းနှောင်မှု ဖျက်ဆီးခံရခြင်း"* ကို ဖြေရှင်းရန် မူလအခြေအနေ ပြန်လည်ရောက်ရှိရေး လိုအပ်သည် (Kulat, 2021)။ မူလအခြေအနေ ပြန်လည်ရောက်ရှိရေးက ဘန်ဆာမိုရိုပြည်သူများကို သာမန်ဘဝများတွင် တဖန်ပြန်လည်နေထိုင်နိုင်ရန် ကူညီမည့် ဖြေရှင်းချက်ဖြစ်သည်။ ထို့ကြောင့် ဖြစ်စဉ်ကို ကောင်းမွန်စွာ အပြည့်အစုံအကောင်အထည်ဖော်ခြင်း လိုအပ်သည်။ သို့ရာတွင် အကောင်အထည်ဖော်ခြင်း နှေးကွေးနေခြင်းက နှစ်ဖွဲ့လုံး၏အမှားကြောင့်ဖြစ်သလို၊ ဖြစ်စဉ်နှင့် ရန်ပုံငွေဆိုင်ရာ ယန္တရားများနှင့် အစီအစဉ်များကြောင့်လည်း ဖြစ်သည်ဟု မှတ်ချက်ပေးကြသည်။ သို့ဖြစ်လေရာ မူလအခြေအနေ ပြန်လည်ရောက်ရှိရေးဖြစ်စဉ် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် နှစ်ဘက်လုံးမှ အားစိုက်ထုတ်ဖို့ လိုအပ်ပေလိမ့်မည်။

## ၅.၈ နိဂုံး

ယခုအခန်းက ပဋိပက္ခအဆုံးသတ်ရေးဖြစ်စဉ်ကို လေ့လာထားပါသည်။ သို့ရာတွင် ပဋိပက္ခအဆုံးသတ်ရေးက လုပ်ဆောင်ချက်တစ်ခုသာမဟုတ်ဘဲ ဇာတ်ကောင်အများအပြားနှင့်သက်ဆိုင်သည့် လုပ်ဆောင်ချက် ပေါင်းစပ်ထားခြင်းနှင့် အဆင့်အများအပြားမှ ဖြစ်စဉ်များ ပေါင်းစပ်ထားခြင်းတို့ဖြစ်သည်။ ယခုအခန်းက ဖြစ်စဉ်၏ ငြိမ်းချမ်းရေးဖန်တီးသည့်အပိုင်းနှင့် ယင်းနှင့်သက်ဆိုင်သည့်မူဘောင်ကို အဓိကလေ့လာဆန်းစစ်ခဲ့ပြီး လုပ်ဆောင်ချက်များ၏ ဆင်တူနေသည့် သဘောသဘာဝများနှင့် အချိန်ကာလများကို အာရုံစိုက်သည်။

အဆိုပါကိစ္စရပ်များကိုဖြေရှင်းရန် နိုင်ငံရေးစိတ်ဆန္ဒက ပဋိပက္ခများအဆုံးသတ်ရန် အရေးပါသည့် ပထမခြေလှမ်း ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးစိတ်ဆန္ဒက ဖြစ်စဉ်ကိုစတင်စေပြီး ရေရှည်တည်တံ့စေသည်။ တရားဝင် ငြိမ်းချမ်းရေးဖြစ်စဉ်စတင်ရန် ဆုံးဖြတ်ချက်က အမြဲတစေ အထက်မှစတင်ပြီး ဖြစ်ပွားစေသည့် အကြောင်းအရင်းများစွာရှိသည်။ ဤသည်မှာ ထိုင်းနိုင်ငံတောင်ပိုင်းတွင် လက်နက်ကိုင်ခေါင်းဆောင်များက ၎င်းတို့ဖြစ်စဉ်တွင် ပါ၊ မပါနှင့် မည်သည့်အချိန်တွင် ပါဝင်မည်ကို ဆုံးဖြတ်သည့် ဖြစ်စဉ်မျိုး ဖြစ်သည်။ တစ်ခါတရံ မင်ဒါနောင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဖြစ်ပွားသကဲ့သို့ GPH-MILF ဖြစ်စဉ်က နှစ်ဖက်လုံးမှ ခေါင်းဆောင်များထံမှ လုပ်ဆောင်မှုများကြောင့် စတင်သည့်အခါ တစ်ကိုယ်ရည်အသွင်ပြောင်းလဲခြင်းက တွန်းအားပေးမှုတစ်ခု ဖြစ်သည်။ တစ်ခါတရံ ပဋိပက္ခ၏ အခြားသောအစိတ်အပိုင်းများကို ဆက်နွယ်ပြီး သက်ရောက်မှုရှိသော နောက်ခံအခြေအနေက အသွင်ပြောင်းလဲစေသည်။ ဥပမာ ၂၀၀၃ ခုနှစ်နှင့် အထူးသဖြင့် ၂၀၀၄ ခုနှစ်တွင် အာချေးဒေသ၌ နောက်ခံအခြေအနေများက ရှေးဦးစွာ တစ်ဦးတစ်ယောက် အပြောင်းအလဲကိုဖြစ်စေပြီး နောင်တွင် GAM ၏ ခေါင်းဆောင်ပိုင်းတွင် အုပ်စုလိုက်အသွင်ပြောင်းလဲခြင်းကို ဖြစ်ပေါ်စေသည်။ တစ်ဖက်အဖွဲ့တွင်လည်း အလားတူပင် ဖြစ်ပွားခဲ့သည်။ အစိုးရခေါင်းဆောင်များက ၎င်းတို့ ဖြစ်စဉ်တွင်

ပါဝင်လိုခြင်း ရှိ၊ မရှိနှင့် မည်သည့်အချိန်တွင် ပါဝင်လိုသည်ကို ဆုံးဖြတ်ကြသည်။ သူတို့က အလွတ်သဘော လုပ်ဆောင်ချက်များကို အသိအမှတ်ပြုလိုသည့်အခါ ယင်းတို့ကို တရားဝင်အဆင့်အဖြစ် အဆင့်မြှင့်တင်ပေး သည်။ ယခုအခန်းတွင် လေ့လာခဲ့သည့် ဖြစ်ရပ်များတွင် ပြသနေသည့်အတိုင်း ယင်းတို့အားလုံးမှာ အချိန်ကြာပြီး တူညီသော အသွင်ပြောင်းလဲရေးဖြစ်စဉ်များ ရှိကြသည်။

ဖြစ်ရပ်များက အခြေအနေများ၏ ရင့်မှည့်မှုကိုလည်း ပြသကြသည်။ အငြင်းပွားဖွယ်ဖြစ်သော်လည်း အဆိုပါ သဘောတရားက ပဋိပက္ခတစ်ခုအား အသွင်ပြောင်းလဲရန် လုံလုံလောက်လောက် လုပ်ဆောင်ပြီးပြီလားဟု မေးမြန်းသောကြောင့် ယင်းမှာ သက်ရောက်မှုများရှိသည်။ စိတ်ဆန္ဒနှင့် လိုအပ်သော အသွင်ပြောင်းလဲရေး ဖြစ်စဉ်များမရှိပါက ပဋိပက္ခများက အဖြေရှာရန် ရင့်မှည့်လိမ့်မည်မဟုတ်ပေ။ (အခန်း (၆) တွင် အသေးစိတ် ဆွေးနွေးသွားမည်ဖြစ်သော) ဖြစ်စဉ်များ ရေရှည်တည်တံ့ရေးကလည်း အလားတူပင်ဖြစ်သည်။ (ပဋိပက္ခ အသွင်ပြောင်းလဲရေးနှင့် ပတ်သက်သော အရပ်ဘက်အဖွဲ့အစည်းများနှင့် အခြားဇာတ်ကောင်များ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်းပြီး) ယခင်အခန်းတွင် ဆွေးနွေးခဲ့သည့်အတိုင်း နိုင်ငံရေးစိတ်ဆန္ဒက အခြားသော ဇာတ်ကောင်များထံမှလည်း လာနိုင်သည်၊ လာသင့်သည်။ ထို့နောက် ယခုအခန်းက ကြားဝင်ညှိနှိုင်းသူနှင့် ငြိမ်းချမ်းရေးတည်ဆောက်သူ အတွင်းလူများအကြောင်းကို ၎င်းတို့ မည်သူများဖြစ်သည်၊ အခြေအနေကို ပြောင်းလဲနိုင်ရန် သူတို့က မည်သည်တို့ကို လုပ်ဆောင်နိုင်သည်၊ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် သူတို့က မည်သို့ ပါဝင်ဆောင်ပေးနိုင်သည်တို့ကို ဆွေးနွေးခဲ့သည်။ ငြိမ်းချမ်းရေးအတွက်လိုအပ်သည့် ပလက်ဖောင်းများ တည်ဆောက်ခြင်းနှင့် အားကောင်းစေခြင်းအပါအဝင် ဒေသတွင်း အမျိုးမျိုးသော ငြိမ်းချမ်းရေးမြှင့်တင်ရေးနှင့် ငြိမ်းချမ်းရေးထောက်ပံ့ရေး လုပ်ဆောင်ချက်များ လုပ်ဆောင်သည့် ကြားဝင်ညှိနှိုင်းသူနှင့် ငြိမ်းချမ်းရေး တည်ဆောက်သူ အတွင်းလူအများအပြား ရှိကြသည်။ လုပ်ဆောင်ချက်များတွင် ထောက်ခံသူများ တည်ဆောက်ခြင်း၊ အမျိုးမျိုးသော ရပ်ရွာအခြေပြုလုပ်ငန်းများ၊ ကွန်ရက်တည်ဆောက်ခြင်း၊ ငြိမ်းချမ်းရေး အတွက် ချဉ်းကပ်အရေးဆိုခြင်း၊ ငြိမ်းချမ်းရေးစောင့်ကြည့်ခြင်း၊ ငြိမ်းချမ်းရေးပညာရေးနှင့် ဘာသာပေါင်းစုံ ဆွေးနွေးရေးတို့အပါအဝင် အရပ်ဘက်အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းများ ပါဝင်သည်။ ယင်းတို့အားလုံးက ပဋိပက္ခတစ်ခု အောင်မြင်စွာအဆုံးသတ်နိုင်ရန် လိုအပ်သည်။ အချုပ်ဆိုရသော် ပဋိပက္ခတစ်ခု အဆုံးသတ်ရန် နိုင်ငံရေးစိတ်ဆန္ဒ လိုအပ်သည်။ လုပ်ဆောင်ချက်တိုင်း၊ ဇာတ်ကောင်တိုင်းအတွက် အချိန်နှင့် နေရာ ရှိသည်။ ထို့ကြောင့် ပဋိပက္ခတစ်ခုအဆုံးသတ်ရန် မည်သည့်ကြိုးပမ်းမှုမဆို ချဉ်းကပ်မှု တစ်စိတ်တစ်ပိုင်း အဖြစ် အဓိကသော့ချက်နှစ်ခု လိုအပ်သည်၊ အခြေအနေကိုလိုက်၍ တုံ့ပြန်သည့်ပုံစံနှင့် လိုက်လျောညီထွေ ရှိသည်များကို ရောစပ်အသုံးပြုသည့်ပုံစံတို့ ဖြစ်ကြသည်။ သို့ဖြစ်လေရာ ယခုအခန်းက ဖြစ်စဉ်တစ်ရပ်လုံးကို အဆိုပါ ရှုထောင့်နှစ်ခုမှ လေ့လာဆန်းစစ်ထားပြီး ၎င်းတို့အတွင်းနှင့် ၎င်းတို့အကြား သင့်လျော်သည့် ညီမျှမှုကို ရှာဖွေရန် ကြိုးပမ်းထားသည်။

ယခုအခန်းက ငြိမ်းချမ်းရေးဖြစ်စဉ်ကိုယ်၌ကိုလည်း အာရုံစိုက်ထားပြီး ဖြစ်စဉ်တွင် လုပ်ဆောင်ရသည့် မူဘောင်များနှင့် အဆင့်အမျိုးမျိုးကိုလည်း တင်ပြထားသည်။ ထို့ပြင် အထက်တွင်ဖော်ပြခဲ့သည့် ဖြစ်ရပ်လေ့လာမှုများက ပြသနေသည့်အတိုင်း ယခုအခန်းက တတိယအုပ်စု ဝင်ရောက်စွက်ဖက်သူများ၏

ပါဝင်မှုနှင့် အခန်းကဏ္ဍသည် ဒေသတွင်းပဋိပက္ခအများအပြားတွင် အရေးပါသည်ဟု မှတ်ချက်ပြုထားသည်။ သို့ရာတွင် အောက်ပါတို့အပါအဝင် စိန်ခေါ်မှု အများအပြား ကျန်ရှိနေသေးသည်။

- နိုင်ငံရေးစိတ်ဆန္ဒ သိသိသာသာမရှိခြင်းနှင့် အဖွဲ့အများအပြားက ဖြစ်စဉ်ကို ပဋိပက္ခများအား အဆုံးသတ်ရန်မဟုတ်ဘဲ အစီအစဉ်အချို့အတွက်သာ အသုံးပြုခြင်း
- ပွဲဖျက်သူများနှင့် သံသယဝင်သူများ တောက်လျှောက်ရှိနေခြင်း
- တတိယအုပ်စု ပံ့ပိုးကူညီပေးသူများ/ကြားဝင် ညှိနှိုင်းပေးသူများအတွက် ရှင်းလင်းသည့်တာဝန်များ မရှိခြင်း
- အဖွဲ့များဘက်မှ ဖြစ်စဉ်တွင် ညှိနှိုင်းဆွေးနွေးနိုင်သည့် စွမ်းဆောင်ရည်မရှိခြင်း
- ဖြစ်စဉ်ကို လေးလေးနက်နက်မထားခြင်းနှင့် နိုင်ငံ့အစီအစဉ်များတွင် ထည့်သွင်းမှုမရှိခြင်း
- အဖွဲ့များအနေဖြင့် ဖြစ်စဉ်တွင် ပါဝင်ရသည့် အကြောင်းအရင်း အမျိုးမျိုးရှိခြင်းနှင့် ၎င်းတို့ စားပွဲဝိုင်းတွင် ထိုင်ပြီး တစ်ဦးနှင့်တစ်ဦး ဆွေးနွေးသည့်အခါ တူညီသောသဘောထားများ မရှိခြင်း
- အလျင်စလိုနှင့် ညံ့ဖျင်းစွာရေးဆွဲထားသော သဘောတူညီချက်များ
- အဖွဲ့များအကြား ညှိနှိုင်းဆောင်ရွက်မှုမရှိခြင်း
- တတိယအုပ်စုများဘက်တွင် ဘက်လိုက်ခြင်းနှင့်/သို့မဟုတ် သမာသမတ်မရှိခြင်း
- အလျှော့အတင်းပြုရန် ရည်ရွယ်ချက်မရှိဘဲ ဆွေးနွေးညှိနှိုင်းရေးစားပွဲဝိုင်းသို့ ချဉ်းကပ်ခြင်းအပါအဝင် အဖွဲ့များဘက်တွင် တင်းမာသောရပ်တည်ချက်များရှိခြင်း
- ဆွေးနွေးညှိနှိုင်းမှုမပြုနိုင်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသောအဖွဲ့များနှင့်
- အဖွဲ့များ၊ အထူးသဖြင့် လက်နက်ကိုင်အုပ်စုများဘက်တွင် ဖြစ်စဉ်၌ပါဝင်ဖို့ အထူးသဖြင့် ဗဟုသုတ၊ ရန်ပုံငွေနှင့် တရားဝင်မှုကဲ့သို့သော စွမ်းဆောင်ရည်မရှိခြင်း

ဤအချက်များအားလုံးက အောင်မြင်သော ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုဖြစ်ပွားရန် မည်မျှခက်ခဲသည်ကို ပြသနေသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်များက ပဋိပက္ခဒေသတွင်းနှင့် ဒေသပြင်ပမှ လူများ၏ ပါဝင်မှုနှင့် ထောက်ပံ့မှုကြောင့်လည်း အကျိုးကျေးဇူးရနိုင်သည်။ ပဋိပက္ခဒေသမှလူများကို ဖော်ပြပြီးဖြစ်သော်လည်း ပြင်ပမှ လူများတွင် မင်ဒါနောင် ဖြစ်စဉ်မှ နိုင်ငံတကာထိတွေ့ဆက်ဆံရေးအုပ်စု (International Contact Group (ICG)) ကဲ့သို့သော နိုင်ငံတကာအသိုင်းအဝိုင်း၊ ပဋိပက္ခဒေသများတွင် ဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ်များကို ထောက်ပံ့ခဲ့သည့် ဂျပန်၊ JICA နှင့် ကမ္ဘာ့ဘဏ်တို့ကဲ့သို့ နိုင်ငံများနှင့် နိုင်ငံတကာအေဂျင်စီများနှင့် အာချေးဒေသမှ AMM နှင့် မင်ဒါနောင်မှ IMT ကဲ့သို့သော ငြိမ်းချမ်းရေးထိန်းသိမ်းရေးနှင့် ငြိမ်းချမ်းရေးစောင့်ကြည့်လေ့လာရေး ကြိုးပမ်းမှုများအတွက် နိုင်ငံတကာအထောက်အပံ့များ ပါဝင်သည်။ အဆိုပါကြိုးပမ်းမှုများက လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖျက်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေး (သို့) မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေး ဖြစ်စဉ်ကဲ့သို့သော သဘောတူညီချက်နှောင်းပိုင်း အကောင်အထည်ဖော်မှုများ အောင်မြင်စေရန် အဓိကကျသည်။ အာချေးဒေသ DDR နှင့် မင်ဒါနောင်မှ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေးဖြစ်စဉ်များက ပြသနေသကဲ့သို့ အခြေအနေများကို မူလအခြေအနေသို့ ရောက်ရှိအောင် လုပ်ဆောင်ခြင်းက လွယ်ကူသည့်အလုပ် မဟုတ်ပေ။ နောက်ဆုံးအနေဖြင့် စဉ်ဆက်မပြတ် စိန်ခေါ်မှုများနှင့် ကြုံတွေ့ရလင့်ကစား ဖြစ်စဉ်ကို ဆက်လက် လုပ်ဆောင်ခြင်းက အဓိကကျသည်။ ထို့ကြောင့် စဉ်ဆက်မပြတ် တီထွင်ကြံဆရန်နှင့် စိန်ခေါ်မှုများကို ချက်ချင်း

ကိုင်တွယ်ရန် လိုအပ်သည်။ ထို့ကြောင့် အခြေအနေကိုလိုက်၍ တုံ့ပြန်သည့် ချဉ်းကပ်ပုံနှင့် လိုက်လျောညီထွေရှိသည်များကို ရောစပ်အသုံးပြုသည့် ချဉ်းကပ်ပုံများက အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ယင်းက အခြေအနေတစ်ရပ်ကို ရှုထောင့်စုံ၊ အမြင်စုံမှ လေ့လာရန် အားပေးသောကြောင့် ဖြစ်သည်။ ပဋိပက္ခအဆုံးသတ်ရေးသည် အဖွဲ့စုံ၊ လုပ်ဆောင်ချက်အစုံ၊ ကိစ္စရပ်အစုံ၊ အပေါ်အောက်အဆင့်အစုံ၊ အဆင့်ဆင့်သွားရသည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့်ဖြစ်သည်။ နောက်လာမည့်အခန်းက ငြိမ်းချမ်းရေးကို မည်ကဲ့သို့ ရေရှည်တည်တံ့စေနိုင်မည်ကို လေ့လာဆန်းစစ်သွားပါမည်။

## ဆွေးနွေးရန် မေးခွန်းများ

၁။ အရှေ့တောင်အာရှတွင် ပဋိပက္ခအဆုံးသတ်စေရန် သီးခြားဖြစ်သည့်နည်းလမ်းတစ်ခု ရှိပါသလား။

၂။ ပဋိပက္ခအသွင်ပြောင်းလဲရေးကို ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ငြိမ်းချမ်းရေးဖန်တီးခြင်းတို့နှင့် မည်သို့ဆက်စပ်မည်နည်း။

၃။ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ရပ် အောင်မြင်ရန် မည်သို့လုပ်ဆောင်သင့်သနည်း။

၄။ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ရပ်တွင် ပါဝင်သည့် အဓိကဇာတ်ကောင်များက မည်သူတို့ဖြစ်သနည်း။

၅။ ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ရပ်တွင် အရေးအကြီးဆုံးအဆင့်များက မည်သည်တို့ဖြစ်သနည်း။

၆။ အရှေ့တောင်အာရှတွင် နိုင်ငံများအကြားပဋိပက္ခများနှင့် ပြည်တွင်းပဋိပက္ခများကို ကိုင်တွယ်ပုံများ ကွာခြားပါသလား။

၇။ မည်သူက အကောင်းဆုံး တတိယအုပ်စု ဝင်ရောက်စွက်ဖက်သူများ (ပံ့ပိုးကူညီပေးသူ/ကြားဝင်ညှိနှိုင်းပေးသူ) ဖြစ်နိုင်သနည်း။

၈။ ယခုအခန်းပါ ဖြစ်ရပ်လေ့လာခြင်းများမှ သင်ယူနိုင်သည့် အဓိကသင်ခန်းစာများက အဘယ်နည်း။

၉။ မင်ဒါနောင် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သည့် အုပ်စုများနှင့် ပတ်သက်ဆက်နွှယ်သူများကို အောက်ပါမေးခွန်းများ မေးမြန်းခဲ့သည်။ ယင်းတို့မှ အောင်မြင်သော ငြိမ်းချမ်းရေး ဖြစ်စဉ်တစ်ရပ်အတွက် အရေးပါသည်။ သင့်အနေဖြင့် ထိုမေးခွန်းများကို မည်သို့ ဖြေဆိုမည်နည်း။

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ခွဲထွက်ရေးအတွက် တောင်းဆိုမှုများနှင့် ငြင်းဆန်မှုများကို မည်ကဲ့သို့ ဖြေရှင်းမည်နည်း။

(ခ) နက်ရှိုင်းစွာခွဲခြားထားသော လူ့အဖွဲ့အစည်းများတွင် လူနည်းစုအုပ်စုများ၏ လိုအပ်ချက်များနှင့် လူများစုများ၏ မလုံခြုံမှုများကို မည်ကဲ့သို့ ဖြေရှင်းပေးမည်နည်း။

(ဂ) စစ်ရေးထက် နိုင်ငံရေးက ပို၍အကျိုးရှိမည့် အခြေအနေမျိုးကို မည်သို့ ရှာဖွေဖော်ထုတ် (သို့) မွေးမြူမည်နည်း။

(ဃ) ငြိမ်းချမ်းရေးကြိုးပမ်းမှုများ လမ်းလွဲအောင် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားသည့် ဖျက်ဆီးသူများ၊ မတည်ငြိမ်အောင် လုပ်ဆောင်ချက်များနှင့် အကြမ်းဖက်မှုများကို မည်ကဲ့သို့ ကိုင်တွယ်မည်နည်း။

(င) ယခင်လက်နက်ကိုင်များနှင့် ၎င်းတို့၏ လက်နက်များကို မည်ကဲ့သို့ ဖြေရှင်းကိုင်တွယ်မည်နည်း။

(စ) စိတ်မချမ်းမြေ့စရာ အတိတ်ရှိခဲ့သည့် လူ့အဖွဲ့အစည်းတစ်ခုကို မည်သို့ပြန်လည်ရင်ကြားစေ့မည်နည်း။

(ဆ) အလုပ်များ၊ အိမ်ရာနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးရေး အစရှိသည့် ငြိမ်းချမ်းရေး၏ အကျိုးအမြတ်များကို မည်ကဲ့သို့ ရရှိစေမည်နည်း။

## ဖတ်ရှုရန် အကြံပြုချက်များ


1. Abubakar, A, *Peacebuilding and Sustainable Human Development: The Pursuit of the Bangsamoro Right to Self-Determination*, Switzerland: Springer International Publications, 2019.
2. Abubakar, A, and Askandar, K, 'Mindanao' in Ozerdam, A, and MacGinty, R (eds), *Comparing Peace Processes*, London: Routledge, 2019.
3. Lederach, JP, *Building Peace: Sustainable Reconciliation in Divided Societies*, Washington: United States Institute for Peace, 1997.
4. Ramsbotham, O, Woodhouse, T, and Miall, H, *Contemporary Conflict Resolution*, 4th ed, London: Polity Press, 2016.
5. Smith, AL, and Smock, DR, *Managing a Mediation Process*, Washington DC: United States Institute for Peace, 2008.
6. 'The United Nations Guidance for Effective Mediation' issued as an annex to the report of the Secretary-General on 'Strengthening the role of mediation in the peaceful settlement of disputes, conflict prevention, and resolution (A/66/811)' United Nations General Assembly, 25 June 2012, available at https://peacemaker.un.org/sites/peacemaker.un.org/files/SGReport_StrenghteningtheRoleofMediation_A66811_0.pdf, accessed on 23 September 2021.

# အခန်း 6

## ငြိမ်းချမ်းရေး ရေရှည်တည်တံ့စေခြင်း

# အခန်း (၆) ငြိမ်းချမ်းရေး ရေရှည်တည်တံ့စေခြင်း

အစ်ချ်ဆန် မာလစ် (Ichsan Malik)[1]

## ၆.၁ မိတ်ဆက်

နှစ်ပေါင်းများစွာအကြာက ဂျိုဟန်ဂယ်လ်တန် (1996) က လူသားတို့၏ ဆက်ဆံရေးများသည် မကြာခဏဆိုသလို ကိုယ်ကျိုးစီးပွား၊ လွှမ်းမိုးခြင်း၊ ရန်လိုခြင်းနှင့် ဖိနှိပ်ခြင်းတို့ဖြင့် အစွန်းအထင်းများရှိခဲ့သည်ဟု ကျွန်ုပ်တို့အား သတိပေးခဲ့သည်။ သူက သဟဇာတဖြစ်သောဆက်ဆံရေးများကို အမြဲတစေထိန်းသိမ်းထားရန် ချစ်ခြင်းတရားနှင့် ကိုယ်ချင်းစာတရားတို့က မလုံလောက်တော့ဟု ဆိုခဲ့သည် (Galtung, 1996)။ ထို့အစား အကျပ်အတည်းနှင့် ကြုံတွေ့ရသည့်အခါ အကြမ်းဖက်မှုက ပို၍ မကြာခဏ အသုံးများသော နည်းလမ်းတစ်ခု ဖြစ်လာသည်။ အမြင့်ဆုံးအဆင့်များတွင် ထိုသို့သောသဘောထားများက နိုင်ငံတွင်းနှင့် နိုင်ငံများအကြား စစ်ပွဲများသို့ ဦးတည်စေသည်။ သို့ဖြစ်လေရာ (အခန်း (၁) နှင့် (၂) တို့တွင် ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း) အဆိုပါဖြစ်ရပ်ကို ပို၍ နားလည်သဘောပေါက်စေရန် အကြမ်းဖက်မှုကိုလေ့လာခြင်းက လွန်ခဲ့သောနှစ်များအတွင်း ပြောင်းလဲလာခဲ့ သည်။ ဤနေရာတွင် ထိုဆွေးနွေးမှုများကို ပြန်လည်လေ့လာခြင်းက အသုံးဝင်ပေလိမ့်မည်။

အကြမ်းဖက်မှုကိုလေ့လာခြင်းက အချိန်နှင့်အမျှ မျိုးဆက်တစ်ဆက်နှင့် တစ်ဆက်အမျှ ဆက်လက်ကြီးထွားလာ သည်။ အစပိုင်းတွင် လူသားတို့က လူသတ်ခြင်း၊ နှိပ်စက်ခြင်း ကဲ့သို့သော တိုက်ရိုက်အကြမ်းဖက်မှုနှင့်သာ ယှဉ်ပါးကြသည်။ သို့ရာတွင် အချိန်ကြာလာသည်နှင့်အမျှ အကြမ်းဖက်မှုကို အဓိပ္ပာယ်ဖွင့်ဆိုပုံက တိုက်ရိုက်လုပ်ဆောင်ချက်များကို ကျော်လွန်ပြီး အင်အား၊ ဘဝအခွင့်အလမ်းများ၊ လက်လှမ်းမီမှုနှင့် အရင်းအမြစ် ထိန်းချုပ်နိုင်မှု မညီမျှခြင်းမှ ထွက်ပေါ်လာသည့် အကြမ်းဖက်မှုကို ညွှန်းဆိုသော ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အကြမ်းဖက်မှုသို့ ပြောင်းလဲလာခဲ့သည်။ ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာအကြမ်းဖက်မှုနှင့် တန်းတူ အန္တရာယ် ပေးနိုင်သည်မှာ ယဉ်ကျေးမှုဆိုင်ရာအကြမ်းဖက်မှုဖြစ်သည်။ သရုပ်ပြအကြမ်းဖက်မှုဟုလည်း ညွှန်းဆိုသည့် ယဉ်ကျေးမှုဆိုင်ရာအကြမ်းဖက်မှုသည် တိုက်ရိုက်နှင့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အကြမ်းဖက်မှုကို အကြောင်းပြရန် (သို့) တရားဝင်ဖြစ်စေရန် လူ့အသိုင်းအဝိုင်းအတွင်း လက်ခံယုံကြည်ထားကြသည့် အကျင့်စရိုက် များနှင့် ယုံကြည်မှုများမှ အရင်းခံလာသည်။ အလားတူပင် တူးဖော်ထုတ်ယူသည့်၊ ခေါင်းပုံဖြတ်သည့် ဖွံ့ဖြိုးရေး လုပ်ငန်းများကြောင့် ဂေဟဗေဒဆိုင်ရာ အကြမ်းဖက်မှုထွက်ပေါ်လာပြီး (Galtung, 1996) အသက်အန္တရာယ် ခြိမ်းခြောက်သည့် အန္တရာယ်များသော စွန့်ပစ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ညစ်ညမ်းမှုနှင့် အလွန်အကျွံ သုံးစွဲခြင်းတို့ ပါဝင်သည်။

လွန်ခဲ့သော ဆယ်စုနှစ်နှစ်စုအတွင်း အစွန်းရောက်အကြမ်းဖက်မှုကို မွေးဖွားပေးသော အယူဝါဒများနှင့် ဘာသာရေးယုံကြည်မှုများကို အခြေခံသည့် သတင်းစာခေါင်းကြီးပိုင်းတွင် နေရာယူနိုင်သော အကြမ်းဖက်မှု ပုံစံများ ထွက်ပေါ်လာခဲ့သည်။ လက်ရှိဆယ်စုနှစ်အတွင်း သတင်းအချက်အလက် တော်လှန်ရေးနှင့်အတူ အွန်လိုင်း

---

[1] Josephine Rosa Marieta Soeprapto, Marc Batac, နှင့် Ayesah Abubakar တို့ ပါဝင်ကူညီထားသည်။

အကြမ်းဖက်မှုလည်း ကြီးထွားလာခဲ့သည်။ သတင်းအချက်အလက်နည်းပညာနှင့် ဆိုင်ဘာနယ်ပယ်ကို အကြမ်းဖက်မှုများအတွက် အသုံးပြုခြင်းဖြင့် အဆိုပါအကြမ်းဖက်မှုပုံစံက လွယ်ကူစွာပျံ့နှံ့နိုင်ပြီး လူသားတို့၏ ဘဝအစိတ်အပိုင်းအားလုံးအပေါ် သက်ရောက်နိုင်သည် (Malik, 2017)။ အကြမ်းဖက်မှုပုံစံများအားလုံးကို အဆုံးသတ်ခြင်းက ငြိမ်းချမ်းရေးရရှိရန် အထူးသဖြင့် လူ့အဖွဲ့အစည်းတွင် တည်ဆောက်ခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေး ရရှိရန် အရေးပါသည်။ အခန်း (၁) တွင် ဖော်ပြခဲ့သည့်အတိုင်း ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေး (ဆိုလိုသည်မှာ တိုက်ရိုက်အကြမ်းဖက်မှုကို အဆုံးသတ်ခြင်း) အစိတ်အပိုင်းများကို (ဖွဲ့စည်းလည်ပတ်ပုံနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုများအပါအဝင်) အကြမ်းဖက်မှုပုံစံများအားလုံးအား အဆုံးသတ်ရန် အခြားသောကြိုးပမ်းမှုများနှင့် ပေါင်းစပ်လိုက်သည့်အခါ အုပ်စုနှစ်စုအကြား သဟဇာတဖြစ်သော ဆက်ဆံရေးများ ဖန်တီးနိုင်သည်။ သို့ရာတွင် လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခကိစ္စရပ်များကို စီမံခန့်ခွဲပြီး ဖြေရှင်းသည့် အင်စတီကျူးရှင်းအရ အခြေကျပြီးသော မူဘောင် (သို့) စနစ်က ညွှန်ပြနေသည့်အတိုင်း ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့နိုင်ရန် တရားမျှတမှုနှင့် ပေါင်းစပ်ထားသည့် ဥပဒေနှင့် အစီအစဉ်တကျဖြစ်ရေး တို့က အရေးပါသည်။ ပြီးခဲ့သောအခန်းတွင် ပဋိပက္ခများကို မည်ကဲ့သို့ဖြေရှင်းနိုင်သည်ကို လေ့လာဆန်းစစ်ခဲ့ပြီး သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပြီးသည့်အခါ ငြိမ်းချမ်းရေးရရှိစေရန် လုပ်ဆောင်ရမည့် လုပ်ဆောင်ချက်များကို ဆွေးနွေးခြင်းလည်း ပါဝင်ခဲ့သည်။ ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရန် DDR (သို့) မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေးဖြစ်စဉ်များ အထူးသဖြင့် လိုအပ်သည်။ ယခုအခန်းက အဆိုပါ အဆင့်ကို ကျော်လွန်ရန်ရည်ရွယ်ပြီး ငြိမ်းချမ်းရေးရေရှည်တည်တံ့ဖို့ အတိတ်နှင့် အနာဂတ်ကို အာရုံစိုက်ရန် လိုအပ်သည်ဟု ထောက်ပြထားသည်။

ယှဉ်ပြိုင်ဘက်များကို လူသားကဲ့သို့ပြန်လည်ရှုမြင်ပြီး ပျက်စီးသွားသောဆက်ဆံရေးကို ပြန်လည်ပြင်ဆင်သည့် *ပြန်လည်ရင်ကြားစေ့ရေး* ဖြစ်စဉ်တစ်ခု ဆက်လက်လုပ်ဆောင်ပါက ရေရှည်တည်တံ့သောငြိမ်းချမ်းရေး ရရှိနိုင်သည်။ ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်က ဆက်လက်ဖြစ်ပွားနေရမည်ဖြစ်သော်လည်း ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်ရန် (ဒွိပဖြစ်စရာအချို့ပါဝင်မည့်) မဟာဗျူဟာများအား တရားမျှတမှုအပေါ်အခြေခံပြီး ရွေးချယ် သင့်သည် (Malik, 2017)။ ထို့နောက် ဖွဲ့စည်းလည်ပတ်ပုံအရ တန်းတူညီမျှမှုရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံရေးအစီအမံအသစ်နှင့် (ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး) ပြန်လည်ဟန်ချက်ညီအောင် လုပ်ဆောင်ခြင်းဖြင့် ပျက်စီးသွားသော ဂေဟဗေဒစနစ်ကို ပြန်လည်ပြင်ဆင်နိုင်မည့် မူဝါဒများက အရေးပါလာလိမ့်မည်။ တဖြည်းဖြည်းနှင့် ယဉ်ကျေးမှုဆိုင်ရာ (ကျား၊မရေးရာနှင့် ငြိမ်းချမ်းရေး) အကြမ်းဖက်မှုကို အဆုံးသတ်နိုင်ရန် ပို၍ ပွင့်လင်းသော၊ မတူကွဲပြားမှုကိုလက်သင့်ခံသော၊ ညီမျှသော၊ တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ရေရှည်တည်တံ့သောငြိမ်းချမ်းရေးကို ရရှိစေမည့် အဆိုပါဖြစ်စဉ်များနှင့် အခြေအနေများကို အောက်ပါအပိုင်းများတွင် ဆက်လက်ဆွေးနွေးသွားပါမည်။

## ၆.၂ ပြန်လည်ရင်ကြားစေ့ရေး

အာဖရိက၊ အရှေ့ဥရောပနှင့် အရှေ့တောင်အာရှတို့တွင် ရှာဖွေတွေ့ရှိခဲ့သည့်အတိုင်း အာဏာရှင်အုပ်ချုပ်ရေးမှ ဒီမိုကရေစီအစိုးရများသို့ နိုင်ငံရေးအကူးအပြောင်းဖြစ်သည့် နောက်ခံအခြေအနေမျိုးတွင် ပြန်လည်ရင်ကြားစေ့

ရေးသည် ကျယ်ပြန့်စွာအသုံးပြုသော သဘောတရားတစ်ခုဖြစ်သည်။ အဆိုပါ နိုင်ငံရေး အပြောင်းအလဲကို မကြာခဏဆိုသလို အကူးအပြောင်းကာလတရားမျှတရေးကာလဟု ရည်ညွှန်းကြပြီး ပြန်လည်ရင်ကြားစေ့ရေးကို လက်နက်ကိုင်ဟောင်းများက ယခင်အစိုးရကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် ဖြစ်ပေါ်ရသည့် နာကျင်ဖွယ်ရာအတိတ်ကာလအားလက်ခံ၍ ပြည်ဖုံးကားချလိုက်နိုင်ခြင်းအဆင့်ဟု သတ်မှတ်သည်။

တောင်အာဖရိကနိုင်ငံကို ပြန်လည်ရင်ကြားစေ့ရေးအား အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဟု မှတ်ယူကြသည်။ ဗီဒီမာဗီ (VD Merwe (1999)) က ပြန်လည်ရင်ကြားစေ့ရေးလှုပ်ရှားမှု၏ ဗဟိုချက်ဖြစ်သည့် လုပ်ဆောင်ချက်လေးရပ်ကို တင်ပြထားသည်။ ပထမလုပ်ဆောင်ချက်တွင် (ကြီးမားသည့် လူ့အခွင့်အရေး ချိုးဖောက်သူများအပါအဝင်) ကျူးလွန်သူများနှင့် အထူးသဖြင့် ထိခိုက်နစ်နာသူများအပါအဝင် အုပ်စုများအားလုံးအတွက် လူသားဆန်မှုကို ပြန်လည်လက်ခံခြင်း ပါဝင်သည်။ ဤလုပ်ဆောင်ချက်တွင် လူ့အခွင့်အရေးနှင့် လူသားဆန်မှုကို ဦးစားပေးရမည်။ ဒုတိယအနေဖြင့် ပြန်လည်ရင်ကြားစေ့ရေးကို ကိုယ်ကျင့်တရားအစီအမံအသစ်တစ်ခုအား အသိအမှတ်ပြုရန် ကြိုးပမ်းမှုတစ်ခုအဖြစ် ရှုမြင်သည်။ ထို့ကြောင့် အနာဂတ်ကိုစီမံခန့်ခွဲရန် တန်ဖိုးအသစ်များအပေါ် အားလုံးသဘောတူညီခြင်းက အသုံးဝင်လိမ့်မည်။ တတိယလုပ်ဆောင်ချက်အနေဖြင့် လူတို့ကို အကြောက်တရား၊ ဒေါသ၊ လက်စားချေခြင်းနှင့် ပဋိပက္ခတစ်ခုကို ကာလရှည်ကြာစေသည့် ခံစားချက်များအားလုံးကို ကျော်လွှားနိုင်ရန် သဘောထားနှင့် ယုံကြည်မှုများ ပြောင်းလဲရန် လိုအပ်ပေလိမ့်မည်။ နောက်ဆုံးအနေဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိသော ဆက်ဆံရေး ထွက်ပေါ်လာစေရန် ရန်သူအုပ်စုနှင့် ဆက်သွယ်ဆက်ဆံပုံများအား ပြန်လည်စီစဉ်ရန်လိုအပ်သည်။ သို့ဖြစ်လေရာ ပဋိပက္ခဖြစ်နေသောအဖွဲ့များက သဘောတူညီချက်အသစ်ကို လက်ခံရန်နှင့် ယုံကြည်မှုရှိလာစေရန် စွန့်စားလိုစိတ်ဖြစ်ရမည်ဖြစ်သည်။

ပြန်လည်ရင်ကြားစေ့ရေး၏ ရှုပ်ထွေးမှုနှင့် ရှုထောင့်များကို ပြည့်ပြည့်စုံစုံနားလည်နိုင်ရန် ပြန်လည်ရင်ကြားစေ့ရေးနယ်ပယ်ကို ဦးစွာနားလည်ရန် လိုအပ်သည်။ ထို့နောက် ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်တွင် အတားအဆီးနှင့် ဒွိဟဖြစ်စေသည့်ကိစ္စရပ်ဖြစ်သော တရားမျှတမှုကိစ္စရပ်ကို ဆွေးနွေးအဖြေရှာရန် လိုအပ်သည်။ ထို့နောက် ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်တွင် အမြဲထွက်ပေါ်လာသည့် မိမိသာ ထိခိုက်အနစ်နာဆုံးသူဖြစ်သည်ဟူသည့် စိတ်ပညာပိုင်းဆိုင်ရာဖြစ်ရပ်ကိုလည်း အသိအမှတ်ပြုရန် လိုအပ်ပေလိမ့်မည်။ နောက်ဆုံးတွင် ပြန်လည်ရင်ကြားစေ့ရေးအတွက် လိုအပ်သည့် လုပ်ဆောင်ချက်များကို စဉ်းစားရမည်ဖြစ်သည်။

## ၆.၂.၁ ပြန်လည်ရင်ကြားစေ့ရေးနယ်ပယ်

ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်များကို ပံ့ပိုးကူညီပေးသည့် ပညာရပ်ဆိုင်ရာလေ့လာခြင်းများနှင့် လက်တွေ့အတွေ့အကြုံများက ပြန်လည်ရင်ကြားစေ့ရေးဟုသိရှိကြသော ကျယ်ပြန့်သည့်ဖြစ်စဉ် နယ်ပယ်တစ်ရပ်ကို ဖော်ထုတ်ခဲ့သည်။ လွန်ခဲ့သောနှစ်များအတွင်း ကျွမ်းကျင်သူများက အပြုအမူပြောင်းလဲခြင်း၊ ပြန်လည်ရင်ကြားစေ့ရေး၏ ရည်မှန်းချက်နှင့် ဇာတ်ကောင်များ ပါဝင်မှုတို့အပါအဝင် အဆိုပါနယ်ပယ်အတွင်း ရှုထောင့်မျိုးစုံမှ ပြန်လည်ရင်ကြားစေ့ရေးကို လေ့လာခဲ့သည်။

### (က) ပြန်လည်ရင်ကြားစေ့ရေးကို ဖြစ်စဉ်တစ်ခုအဖြစ်

ဘာတယ်လ် (Bar-Tal (Bar-Siman-Tov, 2004)) ၏ အဆိုအရ ပြန်လည်ရင်ကြားစေ့ရေးက ရည်မှန်းချက်များ၊ ဘဝရည်မှန်းချက်များ၊ ယုံကြည်မှုများ၊ သဘောထားများနှင့် စိတ်ခံစားချက်များ ပြောင်းလဲခြင်းအပါအဝင် စိတ်ပိုင်းဆိုင်ရာ အပြောင်းအလဲများပါဝင်သော ရှည်လျားပြီး စဉ်ဆက်မပြတ်လုပ်ဆောင်ရသည့် ဖြစ်စဉ်တစ်ရပ်ဖြစ်သည်။ အဆိုပါ စိတ်ပိုင်းဆိုင်ရာအပြောင်းအလဲဖြစ်စဉ်က အဓိကအခန်းကဏ္ဍမှပါဝင်ပြီး အဆိုပါအပြောင်းအလဲများကို ဖိအားပေးမလုပ်ဆောင်နိုင်သောကြောင့် ဖြစ်စဉ်ကို နှေးကွေးစေသည်။

လွန်းဂ်နှင့် ဘရိခ် (Long and Brecke (2003)) တို့၏ အဆိုအရ အောင်မြင်မှုက အချက်လေးချက်အပေါ် မူတည်သည်။

(၁) ရှုပ်ထွေးသောပဋိပက္ခများတွင် ဖြေရှင်းရန် နည်းလမ်းအသစ်ရှိခြင်း
(၂) ပရဟိတစိတ်ဓာတ်ဖြင့်လုပ်ဆောင်သည့် လုပ်ငန်းများပါဝင်သော ပရဟိတစိတ်ဓာတ်ရှိခြင်း
(၃) ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်က အလွဲသုံးစားပြုမှုအတွက် လွန်စွာထိလွယ်ခိုက်လွယ်ကြောင်း သိရှိနားလည်သည့် ထိလွယ်ခိုက်လွယ်မှုရှိခြင်း
(၄) ရရှိထားသော သဘောတူညီချက်များကို ပြင်ဆင်နိုင်သော်လည်း အမြဲထိန်းသိမ်းထားရမည်ဟူသည့် မပြောင်းလဲနိုင်မှု (သို့) အစားမထိုးမှုရှိခြင်း

အဆိုပါအချက်လေးချက် ခိုင်မာလေလေ ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်က ပို၍အောင်မြင်လေလေဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် ခရေဘီလ် (Kraybill (1995)) က တောင်အာဖရိကမှ သူ၏အတွေ့အကြုံများမှ ထုတ်နှုတ်ထားသည့် ပြန်လည်ရင်ကြားစေ့ရေးစက်ဝန်းကို အကြံပြုထားသည်။ သူက လူတို့သည် ပြန်လည်ရင်ကြားစေ့ရေးအပေါ် မှားယွင်းသောပုံရိပ်ရှိကြသည်ဟု ထင်သည်။ သူတို့က ယင်းကို ကာလရှည်ကြာစဉ်ဆက်မပြတ်လုပ်ဆောင်ရသည့်ဖြစ်စဉ်ဟု ရှုမြင်ရမည့်အစား မှောင်မိုက်သောအတိတ်ကို ပယ်ဖျက်ခြင်းဟုသာ ရှုမြင်ကြသည်။ ထို့ကြောင့် ခရေဘီလ်က ပြန်လည်ရင်ကြားစေ့ရေးစက်ဝန်းတွင် အဆင့် (၇) ဆင့်ကို အကြံပြုခဲ့သည် (အဆုံးသတ်တွင် ပြန်လည်ရင်ကြားစေ့ရေး မအောင်မြင်ခဲ့ပါက စက်ဝန်းကို တစ်ပတ်ပြန်လည် လုပ်ဆောင်ရမည်ဖြစ်သည်)

(၁) ပထမအဆင့်က ဆက်ဆံရေးအသစ်တစ်ခု တည်ဆောက်ရန်ဖြစ်သည်။ ပဋိပက္ခတစ်ခုအပြီးတွင် ယုံကြည်မှု မရှိတော့ပေ။ အဖွဲ့တစ်ဖွဲ့ချင်းစီက ဆက်ဆံရေးအသစ်များ တည်ဆောက်ရန် စွန့်စားရဲသည့် သတ္တိရှိရမည်။ အပြန်အလှန်ဖလှယ်ပြောဆိုမှုများနှင့် အချက်အလက်ဝေမျှခြင်းက အဖွဲ့နှစ်ဖွဲ့အကြား ယုံကြည်မှု တည်ဆောက်ရာတွင် အထောက်အကူပြုလိမ့်မည်။
(၂) ဒုတိယအဆင့်က ဒဏ်ရာအသစ်များ ထွက်ပေါ်လာခြင်းဖြစ်သည်။ အဖွဲ့နှစ်ဖွဲ့၏ မျှော်မှန်းချက်များ မပြည့်မီသည့်အခါ (သို့) တစ်ဖွဲ့က စော်ကားခံရသည်ဟု ခံစားရသည့်အခါ (သို့) တစ်ဖွဲ့က အခြားတစ်ဖွဲ့သည် ၎င်းတို့အား သစ္စာဖောက်သွားသည်ဟု ခံစားရသည့်အခါ စိတ်ဒဏ်ရာအသစ်များ ပေါ်ပေါက်လာသည်။

(၃) တတိယအဆင့်က ရုပ်ပိုင်းဆိုင်ရာ (သို့) စိတ်ပိုင်းဆိုင်ရာအရ နှုတ်ထွက်သည့်ပုံစံဖြစ်သော နှုတ်ထွက်ခြင်းအဆင့်ဖြစ်သည်။ ဤသည်က ဒဏ်ရာအသစ်ရရှိပြီးနောက်ပိုင်းတွင် ဖြစ်ပွားသည်။ အဖွဲ့တစ်ဖွဲ့ချင်းစီက ဖြစ်ရပ်များနှင့် အခြားအဖွဲ့အပေါ် ၎င်းတို့၏ခံစားချက်များကို အကဲဖြတ်သုံးသပ်သည်။ ယင်းကို ဖြေရှင်းရန် ချက်ချင်း (သို့) သင့်လျော်သော ကြိုးပမ်းမှုမရှိလျှင် (သို့) တောင်းပန်ခြင်းမရှိလျှင် ယုံကြည်မှု နောက်တစ်ကြိမ် ပျောက်ဆုံးသွားမည်ဖြစ်ပြီး အသစ်တည်ဆောက်ထားသည့် ဆက်ဆံရေးလည်း ပျက်စီးသွားလိမ့်မည်။

(၄) စတုတ္ထအဆင့်က ကိုယ်ပိုင်သရုပ်လက္ခဏာကို ပြန်လည်ရယူသည့်အဆင့်ဖြစ်သည်။ အကြမ်းဖက်သော ပဋိပက္ခတစ်ခုတွင် ပထမဆုံးဖျက်ဆီးခံရသည့်အစိတ်အပိုင်းမှာ လူသားတို့၏ ကိုယ်ပိုင်သရုပ်လက္ခဏာ ဖြစ်သည်။ ကိုယ်ပိုင်သရုပ်လက္ခဏာက ပြန်လည်ရင်ကြားစေ့ရေးတွင် အခြေခံကျသည်။ အဘယ်ကြောင့် ဆိုသော် ပဋိပက္ခက လူတို့ကို မိစ္ဆာများကဲ့သို့ ခံစားပြုမူစေသောကြောင့် ဖြစ်သည်။ ကိုယ်ပိုင် သရုပ်လက္ခဏာ ပြန်လည်ရယူခြင်းတွင် လူသားတစ်ဦးအဖြစ် မိမိကိုယ်မိမိ ပြန်လည်သတိပြုမိအောင် လုပ်ဆောင်ခြင်းနှင့် သူက အသိဉာဏ်ရှိပြီး ကောင်းစွာပြုမူတတ်သူတစ်ဦးဖြစ်ကြောင်း မိမိကိုယ်မိမိ သေချာအောင် သတိပေးခြင်းဖြစ်သည်။

(၅) ပဉ္စမအဆင့်က ပြန်လည်ရင်ကြားစေ့အောင် မိမိကိုယ်မိမိ သံန္နိဋ္ဌာန်ချမှတ်ခြင်းဖြစ်သည်။ ဤသည်မှာ နှုတ်ထွက်ခြင်းနှင့် ကိုယ်ပိုင်သရုပ်လက္ခဏာ ပြန်လည်ရယူခြင်းတို့အပြီး အလှည့်အပြောင်းတစ်ခုဖြစ်သည်။ အဖွဲ့နှစ်ဖွဲ့လုံးက ပြန်လည်ရင်ကြားစေ့ရေး၏အရေးပါမှုကို ကျိုးကြောင်းဆင်ခြင်မှုရှိရှိ သတိပြုမိလာကြ သည်။

(၆) ဆဋ္ဌမအဆင့်က ပြန်လည်စွန့်စားသည့်အဆင့်ဖြစ်သည်။ အတိတ်တွင် ထိခိုက်ခံစားရပြီး ဒဏ်ရာသစ်များ ပေါ်ထွက်လာပြီးနောက် အဖွဲ့များက ဆက်ဆံရေးများတိုးတက်စေရန် စွန့်စားဖို့သတ္တိရှိရမည်ဖြစ်သည်။ ထို့ကြောင့် စွန့်စားမှုကို ပြန်လည်လုပ်ဆောင်ရမည်။ အဘယ်ကြောင့်ဆိုသော် ယင်းက ပြန်လည် ရင်ကြားစေ့ရေးကို ဦးတည်မည့် အခြေခံအရင်းအမြစ်တစ်ခုဖြစ်သော ယုံကြည်မှုပြန်လည်ရရှိအောင် တည်ဆောက်နေခြင်းကို ပြသသောကြောင့်ဖြစ်သည်။

(၇) သတ္တမအဆင့်က လက်ရှိလိုလားချက်များကို ပြည့်မီအောင် ဆွေးနွေးညှိနှိုင်းသည့်အဆင့်ဖြစ်သည်။ လက်ရှိလိုအပ်ချက်များ ပြည့်မီအောင် နည်းလမ်းတစ်ခုရှာဖွေရန် အတိတ်က အသက်သေဆုံးမှုများ၊ စိတ်ဒဏ်ရာများနှင့် မတရားလုပ်ဆောင်မှုများကို ဆွေးနွေးရမည်ဖြစ်သည်။ လူတစ်ဦး၏ အသက်အကြောင်း ညှိနှိုင်းဆွေးနွေးခြင်းက မဖြစ်နိုင်သလောက်နီးပါးရှိပြီး ယင်းကို လျော်ကြေးပေးရန်မှာ ပို၍ပင် မဖြစ်နိုင်ပေ။ နှစ်ဖွဲ့လုံးက ဖိအားပေးမှုမှကင်းလွတ်မှသာလျှင် ညှိနှိုင်းဆွေးနွေးမှုများ အောင်မြင်မည် ဖြစ်သည်။ အလားတူပင် ပုဂ္ဂိုလ်များ/အဖွဲ့များအကြား ဆက်ဆံရေးများက အတန်အသင့် သာမန်အတိုင်း ရှိမှသာ ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ အဆင့် ခုနစ်ဆင့်ကို အောက်ပါ ပုံ ၆.၁ တွင် ပုံဖော်ထားသည်။

ပုံ ၆.၁။ ပြန်လည်ရင်ကြားစေ့ရေးစက်ဝန်း




Relationship - ဆက်ဆံရေးတည်ဆောက်ခြင်း

Injury - ဒဏ်ရာရခြင်း

Withdrawal - နှုတ်ထွက်ခြင်း

Reclaiming Identity - ကိုယ်ပိုင်သရုပ်လက္ခဏာ ပြန်လည်ရယူခြင်း

Internal commitment for Reconciliation - ပြန်လည်ရင်ကြားစေ့ရေးအတွက် မိမိကိုယ်မိမိသံန္နိဋ္ဌာန်ချခြင်း

Restoration of Risk - ပြန်လည်စွန့်စားခြင်း

Negotiation to meet present needs - လက်ရှိလိုအပ်ချက်များ ပြည့်မီရန် ညှိနှိုင်းဆွေးနွေးခြင်း

**မူရင်း။** Kraybill, 1995

**(ခ) ပြန်လည်ရင်ကြားစေ့ရေးကို ရည်မှန်းချက်တစ်ခုအဖြစ်**

လီဒရစ်ချ် (Lederach (1997)) က ပြန်လည်ရင်ကြားစေ့ရေးကို ရည်မှန်းချက်တစ်ခုအဖြစ် ရှုမြင်ပြီး ပြန်လည်ရင်ကြားစေ့ရေး၏ ရလဒ်လေးခုကို ထုတ်ဖော်ခဲ့သည်။ (၁) အတိတ်ဖြစ်ရပ်များကို ပွင့်လင်းစွာ ဖော်ပြသော *အမှန်တရား၊* (၂) ဆက်ဆံရေးအသစ်များ ပြန်လည်တည်ဆောက်ရန် ခွင့်လွှတ်ပေးသည့် *သနားညှာတာမှု၊* (၃) ကျူးလွန်သူများကို အပြစ်ပေးခြင်း (သို့) ထိခိုက်နစ်နာသူများကို လျော်ကြေးပေးခြင်းနှင့် လူမှုပြန်လည်တည်ဆောက်ခြင်းတို့ ပါဝင်သော *တရားမျှတမှု၊* (၄) အဖွဲ့အားလုံးအတွက် ဘုံအနာဂတ်၊ ချမ်းသာကြွယ်ဝမှုနှင့် လုံခြုံရေး ရရှိစေသော *ငြိမ်းချမ်းရေး* တို့ ဖြစ်ကြသည်။

အလားတူပင် တောင်အာဖရိကဦ လေ့လာမှုများစွာပြုလုပ်ခဲ့သော ခရီစ်ဘာ့ဂ် (Kriesberg (2007)) က ပြန်လည်ရင်ကြားစေ့ရေး၏ အဓိကအစိတ်အပိုင်းလေးခုကို ထောက်ပြခဲ့သည်။ (၁) အုပ်စုတစ်စု၏ အတိတ်မှ နာကျင်မှုများ (သို့) ဆုံးရှုံးမှုများကို တစ်ဖက်အဖွဲ့မှ အသိအမှတ်ပြုခြင်းဟူသည့် *အမှန်တရား၊* (၂) ဖိနှိပ်ခံရပြီး

ရက်စက်ကြမ်းကြုတ်မှုများကို ခံစားခဲ့ရသူများက ၎င်းတို့ ခံစားခဲ့ရသည်များအတွက် လျော်ကြေးပြန်လည်တောင်းဆိုသည့် *တရားမျှတမှု၊* (၃) ရက်စက်ကြမ်းကြုတ်ခြင်းများ အားလုံးအပြီးတွင် အဖွဲ့နှစ်ဖွဲ့လုံးက အပြန်အလှန်လေးစားမှုကို တောင်းဆိုသည့် *လေးစားမှု* နှင့် (၄) *လုံခြုံရေး၊* အဘယ်ကြောင့်ဆိုသော် လုံခြုံရေးနှင့် လုံခြုံသည်ဟုခံစားရခြင်းသည် အထူးသဖြင့် အတိတ်တွင်ထိခိုက်နစ်နာခဲ့သူများအတွက် လိုအပ်သောကြောင့် ဖြစ်သည်။ အကောင်းဆုံးအခြေအနေတွင် ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်အားလုံး၌ အစိတ်အပိုင်းလေးခုလုံး ပါဝင်သင့်သည်။ သို့ရာတွင် တစ်ခါတရံ အဖွဲ့များက အစိတ်အပိုင်းများအပေါ် အထူးသဖြင့် တရားမျှတမှု အစိတ်အပိုင်းအပေါ် ကွဲပြားစွာရှုမြင်ကြသောကြောင့် အစိတ်အပိုင်းများအကြား ဆန့်ကျင်ဖီလာမှုများ ဖြစ်ပေါ်နိုင်သည်။

ဝက်စ်ဆဲလ်နှင့် ဘရီသာတွန် (Wessells and Bretherton (2000)) တို့က ပြန်လည်ရင်ကြားစေ့ရေးကို ပဋိပက္ခဖြစ်ပွားသည့်နိုင်ငံ၏ နောက်ခံအခြေအနေအပေါ်လိုက်၍ ပြောင်းလဲမှုရှိသည့် ရည်မှန်းချက်တစ်ခုဟု ရှုမြင်ကြသည်။ ၎င်းတို့၏ ဥပမာဖြစ်သော ဩစတြေးလျနိုင်ငံ၏အခြေအနေကို အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

> *ပြန်လည်ရင်ကြားစေ့ရေးတွင် အတိတ်ကိုဖော်ထုတ်ခြင်းနှင့် လက်ခံနားလည်ခြင်း၊ အာဏာခွဲဝေခြင်းနှင့် မတရားမှုများကိုပြင်ဆင်ခြင်း၊ မိမိကိုယ်ကိုတန်ဖိုးထားမှုနှင့် မိမိကိုယ်ကို တစ်ဆင့်နိမ့်ကျသည်ဟု လက်ခံထားခြင်းများကို ကျော်လွှားခြင်း၊ ကိုလိုနီပြုခြင်းက ဖျက်ဆီးပစ်ရန် ကြိုးပမ်းခဲ့သည့် ယဉ်ကျေးမှုများအတွက် လေးစားမှုများပြန်လည်ရရှိအောင် လုပ်ဆောင်ခြင်းနှင့် ပူးပေါင်းမှုနှင့် အပြုသဘောဆောင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းကြောင်းများတည်ဆောက်ခြင်းတို့ ပါဝင်သည်။*

ထို့ကြောင့် ပြန်လည်ရင်ကြားစေ့ရေး၏ အခြေခံအစိတ်အပိုင်း အများအပြားသည် အတိတ်မှအမှန်တရားများကို ဖော်ထုတ်ခြင်း၊ တရားမျှတမှု၊ ခွင့်လွှတ်ခြင်းနှင့် လုံခြုံသောခံစားမှု စသဖြင့် မြင်သာသောရည်မှန်းချက်များ ဖြစ်သော်လည်း ပဋိပက္ခတစ်ခုချင်းစီက မတူညီသောဖိအားများကို ရင်ဆိုင်ရလိမ့်မည်ဖြစ်သည်။ အချို့သော ပြန်လည်ရင်ကြားစေ့ရေးများက ခွင့်လွှတ်ခြင်းကိုသာ အဓိကအာရုံစိုက်ကြမည်အချိန်တွင် အချို့က တရားမျှတမှုကို အရေးပါသော ရည်မှန်းချက်တစ်ခုအဖြစ် အာရုံစိုက်ပေလိမ့်မည်။

### (ဂ) ပါဝင်သည့်ဇာတ်ကောင်များ ရှုထောင့်မှ ပြန်လည်ရင်ကြားစေ့ရေး

ပြန်လည်ရင်ကြားစေ့ရေးသည် ယေဘုယျအားဖြင့် တရားဝင်လုပ်ဆောင်ရပြီး အစိုးရမူဝါဒဖြင့် ထောက်ပံ့ရသောကြောင့် အီလစ်နိုင်ငံရေးခေါင်းဆောင်မှု၏ အခန်းကဏ္ဍက ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်တွင် အဓိကကျသည်။ သို့ရာတွင် ဖြစ်စဉ်က ပြန်လည်ရင်ကြားစေ့ရေး၏ အလွတ်သဘောချဉ်းကပ်ပုံများကို အဓိကထားလုပ်ဆောင်သည့် အရပ်ဘက်အဖွဲ့အစည်းများ (သို့) အသိုင်းအဝိုင်းအုပ်စုများ၏ အခန်းကဏ္ဍကိုလည်း လစ်လျူရှုမထားသင့်ပေ။ အသုံးပြုသည့် ချဉ်းကပ်ပုံအပေါ်မူတည်ပြီး ဇာတ်ကောင်များပါဝင်မှုကို နိုင်ငံရေးခေါင်းဆောင်သူ အီလစ်များနှင့် တရားဝင်ဖြစ်စဉ်များမှ ပြည်သူလူထုအုပ်စုများ ပါဝင်မှုအထိ ကွဲပြားသောရှုထောင့်များမှ

လေ့လာနိုင်သည် (Baron, 2008)။ ထို့ကြောင့် ပြန်လည်ရင်ကြားစေ့ရေး ချဉ်းကပ်ပုံများကို အထက်မှအောက်၊ အောက်မှအထက် (သို့) ရပ်ရွာအခြေပြုဖြစ်စဉ်များဟူ၍ ခွဲခြားနိုင်သည်။

အထက်မှအောက် ပြန်လည်ရင်ကြားစေ့ရေးတွင် နိုင်ငံရေးအီလစ်များပါဝင်ပြီး နိုင်ငံတော်မူဝါဒများနှင့် တရားဝင်ဖြစ်စဉ်တို့ဖြင့် ပံ့ပိုးပေးထားသည်။ ဆန့်ကျင်ဘက်အားဖြင့် အောက်မှအထက် (သို့) ရပ်ရွာအခြေပြု ပြန်လည်ရင်ကြားစေ့ရေးက ပဋိပက္ခတွင် ထိခိုက်နစ်နာသူဖြစ်ခဲ့ကြသည့် ပြည်သူလူထု၏ပါဝင်မှုလည်း လိုအပ်သည်။ ထိုချဉ်းကပ်ပုံက ပို၍ အလွတ်သဘောဆန်သည် (သို့) ယဉ်ကျေးမှုနှင့်အညီ ပြောင်းလဲနိုင်သည်။ ထို့ကြောင့် နိုင်ငံတော်၏မူဝါဒဖြင့် တိုက်ရိုက်ပံ့ပိုးထားခြင်း မရှိပေ။

ရပ်ရွာအခြေပြုချဉ်းကပ်ပုံများက အခြေခံအားဖြင့် အထက်တွင်ဆွေးနွေးခဲ့သော ပြန်လည်ရင်ကြားစေ့ရေး နယ်ပယ်တစ်ခုလုံးကို လုပ်ဆောင်ထားကြသည်။ ပြန်လည်ရင်ကြားစေ့ရေးကို စိတ်ပိုင်းဆိုင်ရာ အပြောင်းအလဲ ဖြစ်စဉ်နှင့် ပဋိပက္ခမှဇာတ်ကောင်များအားလုံးပါဝင်သော ရည်မှန်းချက်တစ်ခုအဖြစ် ရှုမြင်ထားသည်။ စိတ်ပိုင်းဆိုင်ရာအပြောင်းအလဲများတွင် ရည်မှန်းချက်နှင့် ဆက်ဆံရေးများ၊ ဘဝမျှော်မှန်းချက်များ၊ ခံစားချက်များနှင့် ယုံကြည်မှုများ ပါဝင်သည်။ သို့ရာတွင် ရပ်ရွာအခြေပြု ပြန်လည်ရင်ကြားစေ့ရေးတွင် အရေးအပါဆုံး စိတ်ပိုင်းဆိုင်ရာအပြောင်းအလဲမှာ ခရေဘီလ်ဖော်ပြခဲ့သော ပါဝင်သည့် အဖွဲ့များအကြား ဆက်ဆံရေးနှင့် သက်ဆိုင်သည်။

ရပ်ရွာအခြေပြု ပြန်လည်ရင်ကြားစေ့ရေးက အဖွဲ့များအားလုံး၏ အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ လုံခြုံရေးအတွက် အပြန်အလှန်လေးစားခြင်းနှင့် ပြန်လည်ရင်ကြားစေ့ရေးကို အင်စတီကျူးရှင်းဖြင့် အခြေခိုင်အောင် လုပ်ဆောင်ခြင်းတို့ကို အာရုံစိုက်သည်။ တစ်ချိန်တည်းမှာပင် ဆန် (Sen (2009)) တင်ပြခဲ့သည့်အတိုင်း ဇာတ်ကောင်များ ဆက်သွယ်ဆက်ဆံရေး ရှုထောင့်မှကြည့်လျှင် ရပ်ရွာအခြေပြု ချဉ်းကပ်ပုံ က တိုက်ရိုက်ထိခိုက်နစ်နာသူများရော၊ ပဋိပက္ခဇာတ်ကောင်များပါ ဖြစ်နိုင်သည့် ရပ်ရွာအဆင့်မှ ဇာတ်ကောင်များ ရော၊ အလယ်ပိုင်းအဆင့်မှဇာတ်ကောင်များ၏ အခန်းကဏ္ဍများကိုပါ အဓိကထား အာရုံစိုက် သည်။

ပြန်လည်ရင်ကြားစေ့ရေး၏အောင်မြင်မှုနှင့် စပ်လျဉ်း၍ ရပ်ရွာအဆင့်၌ ဖြစ်နိုင်သည့် မကျေနပ်မှုအတိုင်းအတာ မှာ အထူးအံ့သြဖွယ်ရာကောင်းသည်။ ဤသည်ကို ဗန်ဒါမာဝီ (Van der Merwe (1999)) က တောင်အာဖရိကတွင် အောက်ပါအတိုင်း လေ့လာတွေ့ရှိခဲ့သည်။

> *အမှန်တရားနှင့် ပြန်လည်ရင်ကြားစေ့ရေး ကော်မရှင်၏ ရပ်ရွာအဆင့် ပြန်လည်ရင်ကြားစေ့ရေး ချဉ်းကပ်ပုံက အဓိကအားဖြင့် အထက်မှအောက်လုပ်ဆောင်သည့် ပုံစံမျိုးဖြစ်သည်။ ကျယ်ပြန့်သော လူအုပ်စုများအကြား ဆက်ဆံရေးများကို ပြောင်းလဲခြင်း၊ နိုင်ငံအဆင့် တန်ဖိုးစနစ်များအပေါ် သက်ရောက်မှုရှိခြင်းနှင့် နိုင်ငံတော်အဆင့် နိုင်ငံရေးပြုမူဆက်ဆံပုံများကို ပြောင်းလဲနိုင်ခြင်းတို့အတွက် အမြင့်ဆုံးသက်ရောက်မှုများ ရှိနိုင်ခြေရှိခဲ့သည်။ အဆိုပါ အပြောင်းအလဲများသည် ရပ်ရွာအဆင့်အထိ သက်ရောက်မှုရှိမည်ဟု ခံစားခဲ့ကြရသည်။*

*(လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ်) လူထုကြားနာပွဲများကျင်းပခြင်းဖြင့် ရပ်ရွာလူထုများက ဖြစ်စဉ်တွင် အတိုင်းအတာတစ်ခုအထိ ပါဝင်ရသည်ဟု ခံစားခဲ့ရသည်။ သို့သော် ရပ်ရွာအဆင့် ကြားနာပွဲများကို အမှန်တရားနှင့် ပြန်လည်ရင်ကြားစေ့ရေးကော်မရှင်၏ ပို၍ကြီးမားသော အစီအစဉ်များက လွှမ်းမိုးထားခဲ့သည်။ ၎င်းတို့က ဒေသခံ ပတ်သက်ဆက်နွှယ်သူအမျိုးမျိုး လိုအပ်ချက်များကို ထည့်သွင်းစဉ်းစား ဒီဇိုင်းရေးဆွဲခဲ့ခြင်း မရှိခဲ့ပေ။*

## ၆.၂.၂ ပြန်လည်ရင်ကြားစေ့ရေး လုပ်ဆောင်ချက်များ

အလုပ်တွင် အောင်မြင်ခဲ့သော ပြန်လည်ရင်ကြားစေ့ရေးလုပ်ဆောင်ချက်များကို မှတ်တမ်းတင်နေခဲ့စဉ် ဘာတယ်လ်နှင့် ဘန်းနစ်ခ် (Bar-Tal and Bennink (2004)) တို့က ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး အောင်မြင်ရေး မူဘောင်အတွင်းမှ ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ လုပ်ဆောင်ချက် (သို့) လုပ်ရပ် (၁၂) ခုကို ရှာဖွေဖော်ထုတ်ခဲ့သည်။ ရှင်းလင်းစေရန် လုပ်ဆောင်ချက် (၁၂) ခုကို အုပ်စုလေးစု ခွဲခြားနိုင်သည်။ (၁) အမှန်တရားဖော်ထုတ်ရေးနှင့် တရားမျှတမှုဆိုင်ရာလုပ်ဆောင်ချက်များ၊ (၂) ငြိမ်းချမ်းရေးပညာရေး၊ (၃) ငြိမ်းချမ်းရေးအတွက်ဖွံ့ဖြိုးရေးနှင့် (၄) ငြိမ်းချမ်းရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ လုပ်ဆောင်ချက်များ ဖြစ်ကြသည်။ ပထမအုပ်စုမှ လုပ်ဆောင်ချက်လေးရပ်မှာ တောင်းပန်ခြင်း၊ အမှန်တရားနှင့် ပြန်လည်ရင်ကြားစေ့ရေးကော်မရှင်များ၊ လူအများရှေ့တရားစီရင်ခြင်းများနှင့် လျော်ကြေးပေးခြင်းများ ဖြစ်သည်။ တောင်းပန်ခြင်းတွင် အတိတ်မှလုပ်ဆောင်ချက်များ အားလုံးအတွက် တာဝန်ယူပြီး တောင်းပန်မှု တောင်းခံခြင်းနှင့် ထိခိုက်နစ်နာသူများကို ခွင့်လွှတ်ရန် တောင်းပန်ခြင်းတို့ပါဝင်သည်။ ဥပမာတစ်ခုမှာ ယခင် တောင်အာဖရိကသမ္မတဟောင်း အက်ဖ်ဒဗလျူ ဒီ ကလာ့ခ် (FW de Klerk) က တောင်အာဖရိကအမျိုးသားပါတီ၏ ယခင်မူဝါဒများကြောင့် ဖြစ်ပွားခဲ့ရသည့် ထိခိုက်မှုများနှင့် နာကျင်မှုများအားလုံးအတွက် ၁၉၉၆ ခုနှစ် ဩဂုတ်လတွင် တောင်းပန်မှုတောင်းခံခဲ့ခြင်းဖြစ်သည်။ အတိတ်က အကြမ်းဖက်လုပ်ရပ်များ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် စပ်လျဉ်းပြီး အမှန်တရားဖော်ထုတ်ရန်နှင့် တရားမျှတမှုအတွက် ယန္တရားများအဖြစ် ရည်ရွယ်ပြီး အတိတ်မှပဋိပက္ခများကို ဖြေရှင်းရန် အမှန်တရားနှင့် ပြန်လည်ရင်ကြားစေ့ရေးကော်မရှင် (Truth and Reconciliation Commissions (TRC)) ကို တည်ထောင်ခဲ့သည်။

လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားမျိုးနွယ်စုအပေါ်ကျူးလွန်သော ရာဇဝတ်မှုများအတွက် အချို့သူများ ကို လူအများရှေ့မှောက် တရားစီရင်ခြင်းကလည်း အရေးကြီးသည်။ ထိုသို့သောဥပမာများထဲမှ တစ်ခုမှာ သည်ဟေ့ဂ်မြို့ စစ်ရာဇဝတ်မှုဆိုင်ရာတရားရုံးတွင် ဘော်လ်ကန်ပဋိပက္ခနှင့် လူမျိုးသုဉ်းသတ်ဖြတ်မှုများ ကျူးလွန်ခဲ့သူများကို ရုံးတင်စစ်ဆေးခြင်းဖြစ်သည်။ နောက်ဆုံးအနေဖြင့် လျော်ကြေးပေးရေးတွင် အပြစ်ကို အသိအမှတ်ပြုပြီး တာဝန်ယူသည့်အနေဖြင့် လျော်ကြေးပေးခြင်း ပါဝင်သည်။ ဥပမာ ၁၉၃၉-၁၉၄၅ ခုနှစ် ဂျာမန်များ သိမ်းပိုက်ထားစဉ်အတွင်း ခံစားခဲ့ရသည့် ထိခိုက်နစ်နာမှုများအတွက် ဂျာမန်အစိုးရက ချက်ကိုစလိုဗားကီးယားမှ ထိခိုက်နစ်နာသူများကို လျော်ကြေးပေးခဲ့ခြင်း ဖြစ်သည်။

ဒုတိယလုပ်ဆောင်ချက်အုပ်စု (ငြိမ်းချမ်းရေးပညာရေး) တွင် ပညာရေး၊ ဘုံသမိုင်းကြောင်းတစ်ခုရေးသားခြင်း၊ မီဒီယာထုတ်လွှင့်ချက်များနှင့် ပါဝင်သောအုပ်စုများမှ ကိုယ်စားလှယ်များအကြား အစည်းအဝေးများကို လူအများသိရှိအောင် လုပ်ဆောင်ခြင်းကဲ့သို့သော လုပ်ဆောင်ချက်များ ပါဝင်သည်။ ပြန်လည်ရင်ကြားစေ့ရေး စတင်ရန်အတွက် ပညာရေးက ထိရောက်သောနည်းလမ်းတစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့သော သင်ရိုးညွှန်းတမ်းများက ကျောင်းသားများကို ငြိမ်းချမ်းသောအခြေအနေတွင် နေထိုင်နိုင်အောင် ပြင်ဆင်ပေး သည်။ ဥပမာ မြောက်အိုင်ယာလန်တွင် ပညာရေးဖြစ်စဉ်မှတစ်ဆင့် ငြိမ်းချမ်းရေးယဉ်ကျေးမှုကို ထွက်ပေါ်စေခဲ့ သည်။ အဖွဲ့များက အတိတ်မှ အကြမ်းဖက်မှုသမိုင်းကြောင်းကို စုစည်းရန် အတူတကွလုပ်ဆောင်မှသာ ဘုံသမိုင်းကြောင်းတစ်ခု ရေးသားခြင်းက အသုံးဝင်သော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။ ဤသည်က ငြိမ်းချမ်းရေးကို ဦးတည်စေသည်။ ထိုလုပ်ဆောင်ချက်ကို ဂျာမနီနှင့် ချက်ရီပါ့ဘလစ်တို့တွင် အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်။ သို့သော် ဂျပန်၊ ကိုရီးယားနှင့် တရုတ်နိုင်ငံတို့တွင် နန်ကျင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု သမိုင်းကြောင်းကို ရေးသားရန် ကြိုးပမ်းခြင်းက မအောင်မြင်ခဲ့ပေ။ ပြန်လည်ရင်ကြားစေ့ရေးကို အားပေးရန်၊ ငြိမ်းချမ်းရေးအရေးပါမှုအတွက် အချက်အလက်များပေးရန် မီဒီယာက ထိရောက်သော ကြားခံတစ်ခုဖြစ်သည်။ အဆိုပါချဉ်းကပ်ပုံက အာချေးဒေသတွင် အောင်မြင်ခဲ့သည်။ သို့သော် အင်ဒိုနီးရှားနိုင်ငံ မာလူကူတွင် မအောင်မြင်ခဲ့ပေ။ နောက်ဆုံးအနေဖြင့် အဓိက ပဋိပက္ခခေါင်းဆောင်များက ပြန်လည်ရင်ကြားစေ့ရေး သင်္ကေတအဖြစ် လက်ဆွဲနှုတ်ဆက်ခြင်းဖြင့် ပုံဖော်သည့်အခါ အုပ်စုကိုယ်စားလှယ်များ အကြား အစည်းအဝေးများကို လူအများသိရှိအောင် လုပ်ဆောင်ခြင်းကိုလည်း တွေ့နိုင်သည်။ ထိုသို့သော ဥပမာတစ်ခုမှာ ဘန်ဂျမင် နေတန်ယာဟုနှင့် ယာဆာ အာရာဖတ် (Benjamin Netanyahu and Yasser Arafat) တို့ လက်ဆွဲနှုတ်ဆက်ခြင်းကို ဗီဒီယို ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။

တတိယလုပ်ဆောင်ချက်အုပ်စု (ငြိမ်းချမ်းရေးအတွက်ဖွံ့ဖြိုးရေး) တွင် လုပ်ဆောင်ချက်နှစ်ခုပါဝင်သည်။ NGO များ၏ လုပ်ဆောင်ချက်နှင့် ပူးတွဲစီမံကိန်းများ ဖြစ်သည်။ NGO များ (သို့) အစိုးရမဟုတ်သောအဖွဲ့အစည်းများက အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့က ပြန်လည်ရင်ကြားစေ့ရေးတွင် အဓိကအခန်းကဏ္ဍက ပါဝင်သောကြောင့် ဖြစ်သည်။ ယေဘုယျအားဖြင့် NGO များသည် ရပ်ရွာအခြေပြုအုပ်စုများနှင့် နီးကပ်ကြပြီး ပံ့ပိုးကူညီသူများ၊ ကြားဝင်ညှိနှိုင်းပေးသူများအဖြစ် လုပ်ဆောင်နိုင်ကြသည်။ ၎င်းတို့ လုပ်ဆောင်ချက် ဥပမာများတွင် အင်ဒိုနီးရှားနိုင်ငံ မာလူကူမှ ဘာကူဘဲ လှုပ်ရှားမှုနှင့် ဖိလစ်ပိုင်နိုင်ငံမှ IID တို့၏ လုပ်ဆောင်ချက်များ ပါဝင်သည်။ ပူးတွဲစီမံကိန်းများသည် အသိုင်းအဝိုင်းများ၊ အီလစ်များ (သို့) နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သည့် အသွင်များပင် ဖြစ်နိုင်သည်။ ဥပမာ ပြင်သစ်နှင့် ဂျာမနီတို့အကြား ပြန်လည် ရင်ကြားစေ့ရေးတွင် ၁၉၅၀-၁၉၆၂ ခုနှစ်အထိ အမြွှာမြို့များစီမံကိန်းကို လုပ်ဆောင်ခဲ့ပြီး ပြင်သစ်နှင့် ဂျာမနီရှိ နိုင်ငံပေါင်း ၁၂၅ နိုင်ငံအကြား မိတ်ဖက်ဖွဲ့ခြင်းများ လုပ်ဆောင်နိုင်ခဲ့သည်။ ထို့နောက် နိုင်ငံနှစ်နိုင်ငံအကြား တက္ကသိုလ်များ ပူးပေါင်းဆောင်ရွက်မှုလည်း လုပ်ဆောင်ခဲ့သည်။

စတုတ္ထအုပ်စုလုပ်ဆောင်ချက်များ (ငြိမ်းချမ်းရေးအတွက် အနုပညာနှင့် ယဉ်ကျေးမှု) တွင် ခရီးသွားခြင်းနှင့် ယဉ်ကျေးမှုဖလှယ်ခြင်းများက အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ အထူးသဖြင့် ခရီးသွားခြင်းက ပြန်လည်ရင်ကြားစေ့ရေးအတွက် အဓိကကျသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းက ပဋိပက္ခဖြစ်သည့်

အဖွဲ့များအကြား လူမှုစိတ်ပိုင်းဆိုင်ရာဆက်ဆံရေးများ တည်ဆောက်ပေးသောကြောင့် ဖြစ်သည်။ ခရီးသွားလာခြင်းမှတစ်ဆင့် အုပ်စုများက ယခင် ၎င်းတို့ပြိုင်ဘက်များ၏ ယဉ်ကျေးမှု၊ သမိုင်းကြောင်းနှင့် စီးပွားရေးတို့ကို သင်ယူနိုင်သည်။ အလားတူပင် စာအုပ်များဘာသာပြန်ခြင်း၊ အနုပညာရှင်များလာရောက် လည်ပတ်ခြင်း၊ ရုပ်ရှင်များနှင့် တီဗီအစီအစဉ်များ အတူတကွထုတ်လုပ်ခြင်းနှင့် ပန်းချီပြပွဲများကဲ့သို့သော ယဉ်ကျေးမှုဖလှယ်ခြင်းများက ဆက်ဆံရေးအသစ်များဖန်တီးရန် အရေးပါသည်။ အောင်မြင်သော ဥပမာ တစ်ခုမှာ အိန္ဒိယနှင့် ပါကစ္စတန်အကြား ယဉ်ကျေးမှုဖလှယ်ခြင်းများ ဖြစ်သည်။

## ၆.၂.၃ ပြန်လည်ရင်ကြားစေ့ရေးတွင် ထိခိုက်နစ်နာသူဖြစ်သည်ဟု အပြိုင်ခံစားရခြင်း

တစ်သီးပုဂ္ဂလသဘောသဘာဝရှိသော ထိခိုက်နစ်နာသူများအတွက် ခွင့်လွှတ်ခြင်းနှင့် တရားမျှတမှုတို့အပြင် ထိခိုက်နစ်နာသူများအကြား (သို့) ထိခိုက်နစ်နာသည့်အုပ်စုများ၏ ဆက်ဆံရေးများတွင် အခြား အရေးပါသည့် ကိစ္စရပ်တစ်ခုကို နောနှင့် လုပ်ဖော်ကိုင်ဖက်များ (Noor et al (2008)) က တင်ပြခဲ့သည်။ *ထိခိုက်နစ်နာသူဖြစ်သည်ဟု အပြိုင်ခံစားရခြင်း* တွင် အုပ်စုနှစ်စုမှ ထိခိုက်နစ်နာသူများက မိမိတို့သည် အခြားအုပ်စုထက် ပို၍ ထိခိုက်နစ်နာခဲ့သည်ဟု ပုဂ္ဂလိကအမြင်ဖြင့် အပြန်အလှန်အဆိုပြုကြခြင်း ဖြစ်သည်။ ထိုသို့သောအဆိုများက မည်သည့်အုပ်စုက အခြားအုပ်စု၏ မတရားဆက်ဆံမှု ခံစားရသည်ဟူသည်ကိုလည်း အပြိုင်ဆိုကြသေးသည်။ ထို့ကြောင့် ထိခိုက်နစ်နာသူဖြစ်သည်ဟု အပြိုင်ခံစားရခြင်းက ပဋိပက္ခဖြစ်နေသည့် အုပ်စုများအကြား ခွင့်လွှတ်မှုရရှိပေါ်တွင် အရေးပါသည့် ခန့်မှန်းနိုင်သည့် အချက်တစ်ချက်ဖြစ်သည်။ အခြား ခန့်မှန်းနိုင်သည့် အချက်များတွင် အုပ်စုတစ်စုအတွင်း တူညီသော ကိုယ်ပိုင်သရုပ်လက္ခဏာနှင့် စာနာမှုရှိခြင်းတို့ ဖြစ်ကြသည်။

မြောက်အိုင်ယာလန်နှင့် ချီလီမှ ပဋိပက္ခများကို လေ့လာခဲ့သည့် နောနှင့် လုပ်ဖော်ကိုင်ဖက်များ (Noor et al (2008)) က အဖွဲ့တစ်ဖွဲ့က နစ်နာသည်ဟုခံစားရခြင်း နည်းပါးခဲ့လျှင် အုပ်စုပြင်ပယုံကြည်မှုများ တိုးပွားလာပြီး အုပ်စုများအကြား ခွင့်လွှတ်နိုင်ခြေကို တိုးပွားလာစေသည်။ တစ်ဘက်တွင်မူ နစ်နာသည်ဟု အပြိုင်ခံစားရခြင်း တိုးပွားလာပါက အတိတ်မှအကြမ်းဖက်မှုများကို ပုဂ္ဂလအမြင်မှအကဲဖြတ်ခြင်း ပိုများလာပြီး အုပ်စုများအကြား ခွင့်လွှတ်ခြင်း အောင်မြင်နိုင်ခြေ နည်းပါးလာသည်။ အဆိုပါလေ့လာမှုက စာနာမှုရှိခြင်းနှင့် နစ်နာသည်ဟု အပြိုင်ခံစားရခြင်းတို့အကြား သိသာထင်ရှားဆက်ဆံရေး မရှိပေ။ သို့မဟုတ် စာနာမှုရှိခြင်းနှင့် အုပ်စုများအကြား ခွင့်လွှတ်မှုတို့အကြား သိသာထင်ရှားသည့် ဆက်ဆံရေး မရှိပေ။

အချုပ်အနေဖြင့် လေ့လာမှုက မည်သည့်အုပ်စုကမျှ အထိခိုက်အနစ်နာဆုံးဖြစ်သည်ဟု မခံစားရသင့်ဘဲ အားလုံးက ထိခိုက်ခံစားရမှုအဆင့်ချင်း ဆင်တူသည်ဟု စဉ်းစားသင့်သည်။ အဘယ်ကြောင့်ဆိုသော် အုပ်စုများအကြား ယုံကြည်မှုနှင့် စာနာမှု၏အခန်းကဏ္ဍတို့က အရေးပါသောကြောင့် ဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် ဒွန်း (Doorn (2008)) က ပြန်လည်ရင်ကြားစေ့ရေးက ခွင့်လွှတ်မှုမတိုင်ခင် မဖြစ်ပွားသင့်၊ အဘယ်ကြောင့်ဆိုသော် ထိခိုက်နစ်နာသူများနှင့် ကျူးလွန်သူများက မိမိတန်ဖိုးကို ရှာဖွေတွေ့ရှိပြီး အခြားအုပ်စုများတည်ရှိခြင်းကို အသိအမှတ်ပြုမှသာ ခွင့်လွှတ်ခြင်းအစစ်အမှန်ဖြစ်ပွားနိုင်မည် ဖြစ်သောကြောင့်

ဖြစ်သည်။ ထိုနည်းဖြင့်သာ ဆက်ဆံရေးအသစ်တည်ဆောက်ရန် ဖြစ်စဉ်အရှည်ကြီးကို အောင်မြင်နိုင်မည်ဖြစ်ပြီး ပြန်လည်ရင်ကြားစေ့ရေး ရရှိနိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် ထိခိုက်နစ်နာသူများက ၎င်းတို့ကိုယ် ၎င်းတို့ လေးစားပြီး လူတိုင်းက ပြောင်းလဲနိုင်သည်၊ ထို့ကြောင့် ယခင်အကြမ်းဖက်မှုကျူးလွန်သူများက တစ်နေ့တွင် မိတ်ဖက်များဖြစ်လာနိုင်သည်ဟု ယုံကြည်ရမည်ဖြစ်သည်။

ဘာတယ်လ် (Bartal (2004)) က အရေးအကြီးဆုံးနှင့် အခြေခံအကျဆုံး စိတ်ပိုင်းဆိုင်ရာအပြောင်းအလဲတွင် ယုံကြည်မှုအပြောင်းအလဲလိုအပ်သည်၊ အထူးသဖြင့် ပဋိပက္ခဖြစ်နေသောလူ့အဖွဲ့အစည်းများဆိုင်ရာ ယုံကြည်မှုများ (လူအဖွဲ့အစည်းဆိုင်ရာယုံကြည်မှုများ) ဖြစ်သည်။ ထို့ကြောင့်

> *စိတ်ပိုင်းဆိုင်ရာမှုဘောင်တွင် ပြန်လည်ရင်ကြားစေ့ရေးဆိုသည်မှာ လူ့အဖွဲ့အစည်း အဖွဲ့ဝင်အများစုပါဝင်သည့် လူ့အဖွဲ့ဆိုင်ရာ ယဉ်ကျေးမှုဖြစ်စဉ်တစ်ရပ်ကို ညွှန်းဆိုခြင်းဖြစ်သည်။ ယင်းအဖွဲ့ဝင်များက ယခင် ပြိုင်ဖက်ဖြစ်ခဲ့သူများ၊ ၎င်းတို့လူ့အဖွဲ့အစည်းနှင့် အုပ်စုနှစ်စုအကြား ဆက်ဆံရေးများနှင့် စပ်လျဉ်းပြီး ယုံကြည်မှုအသစ်များ ဖန်တီးကြသည်။ ဤသည်မှာ တရားဝင်ဖြစ်စဉ်တစ်ရပ်မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော ယင်းက လူ့အဖွဲ့အစည်းအတွင်း လူမှုယုံကြည်မှုများ ပြောင်းလဲရန်လိုအပ်သောကြောင့် ဖြစ်သည်။*

လူမှုယုံကြည်မှု အပြောင်းအလဲများက လူ့အဖွဲ့အစည်းအတွင်း ကျင့်ဝတ်အယူအဆများ ပြောင်းလဲခြင်း ဖြစ်ပေါ်စေသည်။ ဘာတယ်လ် (Bar-Tal) ၏ အဆိုအရ ပဋိပက္ခဆိုင်ရာ ကျင့်ဝတ်အယူအဆများမှ ယဉ်ကျေးမှုဆိုင်ရာ ကျင့်ဝတ်အယူအဆများ ပြောင်းလဲခြင်းက ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်၏ ဗဟိုချက်ဖြစ်သည်။ ယင်းတို့တွင် အသိုင်းအဝိုင်းများယှဉ်တွဲနေထိုင်ရန် ရည်မှန်းချက်အသစ်များ ရှိလာခြင်း၊ တစ်ဖက်အုပ်စုအပေါ် ပုံစံခွက်အမြင်များ ပြောင်းလဲလာပြီး ၎င်းတို့က သီးခြားစီဖြစ်သော လူသားများအဖြစ်ရှုမြင်လာခြင်း၊ ဆန့်ကျင်ဘက်အုပ်စုအပေါ် ဓမ္မဓိဋ္ဌာန်ကျကျရှုမြင်ခြင်း၊ ထိခိုက်နစ်နာသူဖြစ်သည်ဟူသည့် ခံစားချက်များ လျော့ကျခြင်းနှင့် အတူတူဝေမျှရှိနေသည့် သမိုင်းများကို ဝေဖန်ပိုင်းခြားသုံးသပ်လာနိုင်ခြင်းတို့ ပါဝင်သည်။ ထိုမှသာ ဆက်ဆံရေးအသစ်များ ဖန်တီးနိုင်ပြီး ငြိမ်းချမ်းရေး အခွန့်ရှည်မည်ဖြစ်သည်။

ဥပမာ အိုရန်နှင့် ဘာတယ်လ် (Oren and Bar-Tal (2006)) လုပ်ဆောင်ခဲ့သော လေ့လာချက်က အစ္စရေး လူ့အဖွဲ့အစည်းအကြား ပဋိပက္ခနှင့်ပတ်သက်၍ ကျင့်ဝတ်အယူအဆများပြောင်းလဲမှုကို ပြသခဲ့ပြီး ကျင့်ဝတ်အယူအဆ ပြောင်းလဲမှုများသည် လူတို့၏ယုံကြည်မှုများတွင် အဓိကကျပြီး ၎င်းတို့၏ လူမှုကိုယ်ပိုင်သရုပ်လက္ခဏာများကိုပါ ပြောင်းလဲနိုင်သည်။ ထို့ကြောင့် လူ့အဖွဲ့အစည်းအတွင်း ဝေမျှထားသော ယုံကြည်ချက်များက နေထိုင်ရာကမ္ဘာကြီးနှင့် ပတ်သက်သည့် ပုံရိပ်ကိုဖန်တီးထားပြီး အုပ်စုထဲတွင် ပိုင်ဆိုင်မှု ခံစားချက်နှင့် လူမှုအစေးကပ်မှုကို ပေါ်ထွက်စေသည်။ ထို့ပြင် လူမှုကိုယ်ပိုင်သရုပ်လက္ခဏာများ ပြောင်းလဲပါက ကျင့်ဝတ်အယူအဆများလည်း ပြောင်းလဲသည်။ အဘယ်ကြောင့်ဆိုသော် လူ့အဖွဲ့အစည်းက တသမတ်တည်း မဟုတ်ဘဲ အတွေ့အကြုံအသစ်များကြောင့် အပြောင်းအလဲများ ဖြစ်နိုင်သည်။ အစ္စရေးတွင် ငြိမ်းချမ်းရေး ဖြစ်စဉ်က လူ့အသိုင်းအဝိုင်း၏ ကျင့်ဝတ်အယူအဆများကို ပြောင်းလဲပစ်ခဲ့သည်ဟု အိုရန်နှင့် ဘာတယ်လ်တို့က

ရှာဖွေတွေ့ရှိခဲ့သည်။ အကျိုးဆက်အနေဖြင့် အစ္စရေးလူ့အဖွဲ့အစည်းက ယခုအခါ ၎င်းတို့၏ လူမှုသရုပ်လက္ခဏာ အသစ်ကို အခြေခံသော သင်္ကေတအသစ်များ၊ စုပေါင်းမှတ်ဉာဏ်အသစ်များ ရှိနေကြပြီဖြစ်သည်။

အထက်ပါဖော်ပြချက်ကို အခြေခံ၍ ကျွန်ုပ်တို့အနေဖြင့် ထိခိုက်နစ်နာသူတစ်ဦးတစ်ယောက်ချင်းစီရော၊ အုပ်စုများပါ ဦးစွာ မိမိကိုယ်မိမိ ငြိမ်းချမ်းအောင်ပြုလုပ်ဖို့ လိုအပ်သည်။ အကောင်းဆုံးအခြေအနေတွင် ထိခိုက် နစ်နာသူများက မိမိကိုယ်မိမိလေးစားမှုတိုးတက်စေရန်နှင့် အခြားအုပ်စုများတည်ရှိမှုအပေါ် လေးစားစေရန် ပဋိပက္ခဖြစ်ရပ်များအားလုံးကို ခြုံငုံသုံးသပ်သင့်ပြီး ပဋိပက္ခဖြစ်ရပ်များအားလုံးကို ဓမ္မဓိဋ္ဌာန်ကျကျ အကဲဖြတ် သုံးသပ်သင့်သည်။ ပဋိပက္ခဖြစ်နေသည့် အဖွဲ့နှစ်ဖွဲ့များသည် ငြိမ်းချမ်းစွာ အတူတကွ တဖန်ပြန်လည် နေထိုင်နိုင်မည်ဟူသည့် ယုံကြည်ချက်အသစ်ကိုလည်း လက်ခံရမည်ဖြစ်သည်။

## ၆.၃ တရားမျှတမှုနှင့် ငြိမ်းချမ်းရေး

တရားမျှတမှုသည် ငြိမ်းချမ်းရေးတွင် အလွန်အရေးပါသောအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ယာကော့ဗ် ဘာဆီမင်တော့ဗ် (Yaacov Bar-Siman-Tov (2010)) က တရားမျှတမှုကို ငြိမ်းချမ်းရေးအတွက် အခြေခံ (သို့) ပလက်ဖောင်းတစ်ခုအဖြစ် ရှုမြင်သည်။ ထို့ကြောင့် တရားမျှတမှုမရှိသည့် ငြိမ်းချမ်းရေးသည် ငြိမ်းချမ်းရေး မဟုတ်ဘဲ ပျက်သုဉ်းသွားနိုင်ခြေရှိသည်။ ၎င်း၏ အရေးပါမှုကြောင့် ငြိမ်းချမ်းရေးနှင့် ၎င်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်များ (သို့) ဒွိဟများကို ရှင်းရှင်းလင်းလင်း သတ်မှတ်ဖို့ လိုအပ်သည်။

ငြိမ်းချမ်းရေးနောက်ခံအခြေအနေတွင် တရားမျှတမှုကို ပြည့်ပြည့်စုံစုံနားလည်စေရန် ပါဝင်သည့် ဇာတ်ကောင် များနှင့် အဖွဲ့များကို ဦးစွာ ရှာဖွေဖော်ထုတ်ရမည်။ ဇာတ်ကောင်အုပ်စု သုံးစုရှိသည်။ (၁) (ပဋိပက္ခ/စစ်ပွဲအတွင်း မတရားမှုများနှင့် ရာဇဝတ်မှုကျူးလွန်သူများပါဝင်သော) ကျူးလွန်သူများအုပ်စု၊ (၂) (ပဋိပက္ခ/စစ်ပွဲအတွင်း ထိခိုက်နစ်နာသူများနှင့် ခံစားခဲ့ရသူများပါဝင်သော) ထိခိုက်နစ်နာသူအုပ်စုနှင့် (၃) (ပဋိပက္ခ/စစ်ပွဲအတွင်း သက်ရောက်မှုများနှင့် အဖျက်အဆီး၏ အကျိုးဆက်များနှစ်ခုလုံး ခံစားခဲ့ရသူများပါဝင်သော) သက်ရောက်မှု ခံရသူအုပ်စုတို့ ဖြစ်ကြသည်။

အချို့သောဇာတ်ကောင်များ၊ ပဋိပက္ခများအတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်သောဆက်ဆံရေးများနှင့် ပါဝင်ခဲ့သောဇာတ်ကောင်များ၏ အားသာချက်၊ အားနည်းချက်များအပေါ် အဓိကထားအာရုံစိုက်ခြင်းဖြင့် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးအခြေအနေတွင် တရားမျှတမှုဆိုင်ရာ အရေးပါသည့် အဓိပ္ပာယ်ဖွင့်ဆိုမှု နှစ်ရပ်ကို ဖော်ထုတ်နိုင်သည်။ *အပြစ်ပေးခြင်းဆိုင်ရာတရားမျှတမှုနှင့်* *ပြန်လည်ပြုပြင်တည်ဆောက်ခြင်းဆိုင်ရာ တရားမျှတမှု*တို့ ဖြစ်ကြသည် (Jeong, 2010; Rivera, 2009)။

*အပြစ်ပေးခြင်းဆိုင်ရာတရားမျှတမှု*တွင် အာရုံစိုက်မှုက အပြစ်ကျူးလွန်သူများအပေါ် အဓိကထားသည်။ ထို့ကြောင့် ၎င်းတို့၏ပြစ်မှုများနှင့် သက်ဆိုင်သည့်အပြစ်များကို အဓိကအာရုံစိုက်ကြသည်။ အပြစ်ပေးခြင်း ဆိုင်ရာ တရားမျှတမှုတွင် လက်တုံ့ပြန်ရန်ရည်ရွယ်ချက်နှင့် တတ်နိုင်သမျှ အပြင်းထန်ဆုံး အပြစ်ပေးနိုင်ရေးတို့ကို

မှန်ကန်သည်ဟု လက်ခံထားကြသည်။ ထို့ကြောင့် ပြစ်မှုများအတွက် အပြစ်ပေးခြင်းများတွင် "သင်က ကျွန်ုပ်တို့ကို နာကျင်အောင်လုပ်တယ်၊ ဒါကြောင့် ကျွန်ုပ်တို့ကလည်း သင့်ကို နာကျင်အောင်လုပ်မယ်၊ အသက်တစ်ချောင်းအတွက် အသက်တစ်ချောင်း၊ မျက်လုံးတစ်လုံးအတွက် မျက်လုံးတစ်လုံး" ဟူသည့် ကြွေးကြော်မှုကို ကျင့်သုံးကြသည်။ သို့ဖြစ်လေရာ ဥပဒေစည်းကြပ်ခြင်း (သို့) ပဋိပက္ခဖြေရှင်းခြင်းကို လူ့အခွင့်အရေးတရားရုံးယန္တရား (သို့) နိုင်ငံတကာအင်စတီကျူးရှင်းများ တည်ထောင်ထားသည့် နိုင်ငံတကာ တရားရုံးများမှတစ်ဆင့် လုပ်ဆောင်ကြသည်။

ဆန့်ကျင်ဘက်အနေဖြင့် *ပြန်လည်ပြုပြင်တည်ဆောက်ခြင်းဆိုင်ရာတရားမျှတမှုက* ထိခိုက်နစ်နာသူများကို ပို၍ အာရုံစိုက်ပြီး ထိခိုက်နစ်နာသူများ၊ ကျူးလွန်သူများနှင့် လူထုအကြား ဆက်ဆံရေးများကို ပြင်ဆင်ရန် အဓိကထားသည်။ အဆိုပါ ချဉ်းကပ်ပုံက ပဋိပက္ခအခြေအနေများကြောင့် ပြိုကွဲပြီး ပျက်စီးနေသည့် ဆက်ဆံရေးများနှင့် သက်ဆိုင်သည်။ ထို့ကြောင့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းဆိုင်ရာ တရားမျှတမှုက "ဒဏ်ရာရရှိပြီး ပြန်လည်ကုစားခြင်း"ကို အာရုံစိုက်ပြီး ထို့ကြောင့် ပြန်လည်ကုစားခြင်းဖြစ်စဉ်တစ်ခုဖြစ်သည်။ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းဆိုင်ရာ တရားမျှတမှုက တောင်းပန်ခြင်းနှင့် ခွင့်လွှတ်ခြင်းတို့ကို ဆွေးနွေးရန် အကောင်းဆုံးဖြစ်ပြီး ပြန်လည်ရင်ကြားစေ့ရေးနှင့် ပဋိပက္ခဖြေရှင်းရေးတို့အတွက် ကြီးကြီးမားမား အထောက်အကူ ပြုသည်။

ဟမ်ဘာ (Hamber (2009)) က ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်တွင် တရားမျှတမှု ပုံစံသုံးမျိုး ပါဝင်နိုင်သည်ဟု အဆိုပြုခဲ့သည်။ ရှေးဦးစွာ ဝေမျှခြင်းဆိုင်ရာတရားမျှတမှုတွင် ထိခိုက်နစ်နာသူများအတွက် ဆုံးဖြတ်ချက်များ (သို့) စဉ်းစားပေးမှုများကို သင့်လျော်စွာ (သို့) အချိုးကျစွာ လုပ်ဆောင်သည်။ ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်တွင် ထိခိုက်နစ်နာသူများက အမှန်တရားနှင့် ပြင်ဆင်မှုများကို လက်ခံရရှိပြီး အပြစ်ကျူးလွန်သူများကလည်း လွတ်ငြိမ်းချမ်းသာခွင့် ရရှိနိုင်သည်။ သို့သော် ကျူးလွန်သူများက လူမှုရေးအရ၊ နိုင်ငံရေးအရနှင့် စီးပွားရေးအရ လွန်စွာ အင်အားတောင့်သော အခြေအနေမျိုးတွင် ထိခိုက်နစ်နာသူများနှင့် ကျူးလွန်သူများအကြား အာဏာမညီမျှမှုကြောင့် ထိခိုက်နစ်နာသူများသည် တရားမျှတမှုမရှိဟု ခံစားရနိုင်သည်။

ဒုတိယတရားမျှတမှုပုံစံမှာ လုပ်ထုံးလုပ်နည်းနှင့် ဖြစ်စဉ်များကို ရိုးသားစွာနှင့် ပွင့်လင်းစွာ လုပ်ဆောင်သည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ တရားမျှတမှုဖြစ်သည်။ ဤတရားမျှတမှုတွင် ထိခိုက်နစ်နာသူများ၏အသံကို နားထောင်ရမည်ဖြစ်ပြီး ဖြည့်ဆည်းပေးရမည်။ လုပ်ထုံးလုပ်နည်းဆိုင်ရာတရားမျှတမှုဖြစ်စဉ်တွင် တစိုက်မတ်မတ်လုပ်ဆောင်ခြင်းနှင့် အကဲဆတ်ခြင်းတို့ လိုအပ်သည်။ အကျိုးဆက်အနေဖြင့် လုပ်ထုံးလုပ်နည်း ဆိုင်ရာတရားမျှတမှုကို ထိခိုက်နစ်နာသူ၏ မိမိကိုယ်မိမိ ကျေနပ်စိတ်ချမ်းသာမှုကို တိုးတက်စေရန် လုပ်ဆောင်ပေးသည်။

နောက်ဆုံးအနေဖြင့် ဆက်သွယ်ဖလှယ်ခြင်းဆိုင်ရာတရားမျှတမှုတွင် ဂုဏ်သိက္ခာနှင့် အပြန်အလှန်လေးစားမှုတို့ ကို လေးစားသည့် ဆုံးဖြတ်ချက်များနှင့် စဉ်းစားပေးချက်များ ပါဝင်သည်။ အဆိုပါတရားမျှတမှုက လူမှုဆက်ဆံရေးများနှင့် အုပ်စု၏ ကိုယ်ပိုင်သရုပ်လက္ခဏာအပေါ် လေးစားမှုတို့နှင့် ဆက်စပ်နေသည်။

မာတင်လူသာကင်း ဂျူနီယာ (Martin Luther King Jr) ပြောခဲ့သလို ငြိမ်းချမ်းရေးနှင့် တရားမျှတမှုတို့မှာ နီးစပ်စွာ ဆက်နွှယ်နေကြသည်။ ထို့ကြောင့် တရားမျှတမှု၏ အခြေအနေအမျိုးမျိုးနှင့် ဖြစ်စဉ်တွင်ပါဝင်သည့် ဇာတ်ကောင်များက ပဋိပက္ခများဖြေရှင်းရန်နှင့် ၎င်း၏ အကျိုးဆက်များအားလုံးအပေါ် ငြိမ်းချမ်းရေး ယူဆောင်လာနိုင်ရန် တရားမျှတမှုကို မည်သို့အကောင်အထည်ဖော်နိုင်မည့်အပေါ် ရှင်းလင်းသော လမ်းညွှန်မြေပုံ တစ်ခု ဖန်တီးပေးသည်။

## ၆.၃.၁ တရားမျှတမှု ဒွိဟ[2]

ထိခိုက်နစ်နာသူများနှင့် အကြမ်းဖက်မှုကျူးလွန်သူများကို အဓိကအာရုံစိုက်ခြင်းက ပဋိပက္ခကိုလေ့လာသည့် မည်သည့်လေ့လာမှုတွင်မဆို အမြဲတစေ အဓိကကျသည်။ တောင်အာရိကကဲ့သို့သော နိုင်ငံရေးပဋိပက္ခအချို့တွင် ထိခိုက်နစ်နာသူများနှင့် ကျူးလွန်သူများအကြား အကွဲအပြဲများက ရှင်းလင်းသည်။ သို့သော် ပဋိပက္ခ၏ အဓိက အကြောင်းရင်းခံက မြောက်အိုင်ယာလန် (သို့) မာလူကူ၊ အင်ဒိုနီရှားတွင်ကဲ့သို့ ဘာသာရေး ကိုယ်ပိုင် သရုပ်လက္ခဏာများ ကွဲပြားမှုကြောင့် ဖြစ်ရသောအခါ ထိခိုက်နစ်နာသူများနှင့် ကျူးလွန်သူများအကြား ခွဲခြားထားမှုက မှုန်ဝါးသွားသည်။

ဤသည်မှာ ကိုးလ်မန်း (Coleman (2006)) အဆိုပြုခဲ့သည့် *ကိုင်တွယ်ရန်ခက်ခဲသော ကိုယ်ပိုင်သရုပ်လက္ခဏာဆိုင်ရာပဋိပက္ခ*၏ လက္ခဏာရပ်တစ်ခုဖြစ်သည်။ ဤသို့သော ပဋိပက္ခအမျိုးအစားတွင် လူ့အဖွဲ့အစည်းအဆင့်များ အားလုံး ပါဝင်ကြသည်။ အားလုံးက ပဋိပက္ခတွင် ဇာတ်ကောင်များဖြစ်လေရာ အားလုံးက ထိခိုက်နစ်နာသူများ လည်း ဖြစ်နိုင်သည်။ ထို့ပြင် ထိခိုက်နစ်နာသူများက ပဋိပက္ခတွင် ကျူးလွန်သူများလည်း ဖြစ်နေနိုင်သည်။ ထိခိုက်နစ်နာသူတစ်ဦးချင်းစီအနေဖြင့် သူပါဝင်သောပဋိပက္ခကြောင့် လူတစ်ဦးက သူ၏မိသားစုကို ဆုံးရှုံးလိုက်ရခြင်းလည်း ရှိနိုင်သည်။ သို့သော် သူက အခြားအဖွဲ့ကိုလက်တုံ့ပြန်ရန် ပြန်လည်တိုက်ခိုက်လျှင် ထိခိုက်နစ်နာသူက ကျူးလွန်သူ ဖြစ်လာနိုင်လေသည်။

သို့ဖြစ်လေရာ ဝိရောဓိဖြစ်နေသည့် အခြေအနေနှစ်ရပ် ပေါ်ထွက်လာသည်။ ခွင့်လွှတ်ခြင်းနှင့် တရားမျှတမှုတို့ ဖြစ်သည်။ ခွင့်လွှတ်ခြင်းအတွက် တစ်ချိန်ချိန်တွင် ထိခိုက်နစ်နာသူများသည် ၎င်းတို့၏ခါးသီးမှုများကို ကျော်လွှား ရန် လိုအပ်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် အပျက်သဘောဆောင်သည့် ခံစားချက်များက အနာဂတ် အတွက် ပြန်လည်တည်ဆောက်ရန် လိုအပ်ချက်များနှင့် ဗီလာနေသောကြောင့် ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကျူးလွန်သူများကို အပြစ်ပေးရန်တာဝန် (အပြစ်ပေးခြင်းဆိုင်ရာ တရားမျှတမှု) က ထိခိုက်နစ်နာသူများ ပြန်လည်နလန်ထူလာရန် လိုအပ်ချက် (ပြန်လည်ပြုပြင်တည်ဆောက်ရေးဆိုင်ရာတရားမျှတမှု) နှင့်

[2] ယခုအပိုင်းကို GPPAC-SEA ၏ အစီအစဉ်ညှိနှိုင်းရေးမှူးနှင့် Initiatives for International Dialogue (IID) ၏ လက်ထောက်ဒါရိုက်တာဖြစ်သော Marc Batac က ပါဝင်ရေးသားထားသည်။

ဗီလာဆန့်ကျင်နေနိုင်သည်။ ထိုကိစ္စရပ်နှစ်ရပ်ကို ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်တွင် အောင်မြင်စွာ အတူတကွ မလုပ်ဆောင်နိုင်သေးပေ။

သို့ရာတွင် ဟမ်ဘာ (Hamber (2007)) က ပဋိပက္ခနှင့်စပ်လျဉ်းသည့် ခါးသီးမှုများကို ကျော်လွှားခြင်းက ထိခိုက်နစ်နာသူများအတွက် ပုံရိပ်ယောင်သာဖြစ်သည်ဟု ဆိုခဲ့သည်။ ဆိုလိုသည်မှာ ခွင့်လွှတ်ပြီး မေ့ပစ်ရန်မှာ ထိခိုက်နစ်နာသူများအတွက် မတရားပေ။ တစ်နည်းအားဖြင့်ဆိုသော် ဟမ်ဘာ မှတ်ချက်ပြုခဲ့သည့်အတိုင်း ထိုသို့ တိုက်တွန်းခြင်းက မှားယွင်းသော (သို့) အတုအယောင် ပြန်လည်ရင်ကြားစေ့ရေးကို ပေါ်ထွက်လာစေသည်။ ထို့ပြင် ဟမ်ဘာက အောက်ပါအတိုင်း ဆိုခဲ့သည်။

> *နိုင်ငံရေးအကြမ်းဖက်မှု၏ သားကောင်များက မကြာခဏဆိုသလို ခွင့်လွှတ်ခြင်းသဘောတရားကို ငြင်းပယ်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့က ယင်းကို အပြစ်မပေးဘဲ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းနှင့် ညီမျှခြင်းချသောကြောင့် ဖြစ်သည်။ တစ်ဘက်တွင်လည်း အခြားသူများက ခွင့်လွှတ်ခြင်းက မေ့ဖျောက်ပစ်ခြင်းဖြစ်သည်ဟု ယူဆကြသည်။ သူတို့ ထိခိုက်နစ်နာခဲ့ရသည်များအတွက် မေ့ဖျောက်ပစ်ရန် သူတို့က အသင့်ဖြစ်မနေကြပေ။*

ဘာသာရေး၊ အမျိုးသားအကျိုးစီးပွားနှင့် မညီမျှသောအင်အားအရှိန်အဟုန်တို့ကို နောက်ခံထား၍ ခွင့်လွှတ်ခြင်းကို အသေးစိတ်လေ့လာခဲ့ရာတွင် အောဘာ့ချ် (Auerbach (2004)) က မည်သူက ‘ထိခိုက်နစ်နာသူ’ ဖြစ်ပြီး မည်သူက ‘ကျူးလွန်သူ’ ဖြစ်သည်ကို မေးခွန်းထုတ်သည့် ခွင့်လွှတ်ခြင်းနှင့် အတိတ်မှမှတ်ဉာဏ်များနှင့် စပ်လျဉ်းပြီး အခြေခံကျသောဒွိဟတစ်ခုကို တွေ့ရှိခဲ့ကြသည်။ ထိုမေးခွန်းကို နှစ်ဖက်လုံးမှ ငြင်းခုံမှုပြုလုပ်နိုင်သည်။

ပြန်လည်ရင်ကြားစေ့ရေးတွင် ထိခိုက်နစ်နာသူ၏ အတိတ်မှ မှတ်ဉာဏ်များနှင့် ခွင့်လွှတ်ခြင်းတို့အကြား ဒွိဟ (သို့) ပဋိပက္ခနှင့်စပ်လျဉ်း၍ တရားမျှတမှုသဘောတရားက ပဋိပက္ခတွင် ထိခိုက်နစ်နာခဲ့ရသူများအတွက် သင့်တင့်သည့် ဆုံမှတ်တစ်ခုဖြစ်သည်။ သီအိုရီအရဆိုရလျှင် တရားမျှတမှုသည် အုပ်စုတစ်စုနှင့် တစ်စုအကြား အပြန်အလှန်လေးစားမှုကို ဖော်ပြခြင်းဟု ယူဆနိုင်သည်။ တရားမျှတမှုမရှိလျှင် လေးစားမှုမရှိနိုင်ပေ။ လေးစားမှုမရှိလျှင် တရားမျှတမှုမရှိနိုင်ပေ။ သို့ဖြစ်လေရာ တရားမျှတမှုသည် အခြားအုပ်စုများအပေါ် အပြန်အလှန်လေးစားခြင်းကို ဖော်ပြခြင်းဖြစ်ပြီး အကြမ်းဖက်သောပဋိပက္ခက အသက်ဆုံးရှုံးစေသော၊ ခွဲခြားဆက်ဆံသော၊ တွန်းထုတ်သော၊ ဖယ်ထုတ်သော လူသားဖြစ်မှုကိုခွာချသော မတရားမှုပုံစံတစ်ခုဖြစ်သည်။ ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်၏ အနှစ်သာရက လူသားတို့ကို လူသားဆန်စေရန် ပြန်လည်လုပ်ဆောင်ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေးဖန်တီးခြင်းကို တရားမျှတမှုနှင့် တာဝန်ယူ၊ တာဝန်ခံမှုတို့နှင့် တည်ပေးသည့် အငြင်းအခုံများက ငြိမ်းချမ်းရေးဖန်တီးသူများနှင့် တရားမျှတမှုကျင့်သုံးသူများအကြား တင်းမာမှုများကို ဖန်တီးပေးသည်။ မကြာခဏဆိုသလို အငြင်းအခုံက ငြိမ်းချမ်းရေး (သို့) တရားမျှတမှုကို အရင်လုပ်ဆောင်သင့်သလားနှင့်

လုပ်ဆောင်သင့်သည်ဆိုပါက အဘယ်ကြောင့်နည်းဟူသည့် မေးခွန်းကို ဗဟိုပြုသည်။ လူတစ်ဦးက အပြည့်အဝ တာဝန်ခံခြင်းကိုလိုလားပြီး အကြမ်းဖက်သူများကို ရာဇဝတ်မှုဖြင့် တရားစွဲဆိုလျှင် အနာဟောင်းကို ပြန်ဆွပေးသလိုဖြစ်ပြီး အကြမ်းဖက်မှုကို ပြန်လည်မီးမွှေးပေးသလို ဖြစ်နိုင်ပါသလား။ တစ်ဖက်တွင်လည်း နိုင်ငံရေးအရဆွေးနွေးထားသည့် သဘောတူညီချက်အရ တရားစွဲဆိုအပြစ်ပေးခြင်းအား ကင်းလွတ်ခွင့် တစ်မျိုးမျိုးပေးလိုက်လျှင် ဤသည်က ပြစ်ဒဏ်ကင်းလွတ်ခွင့်ရခြင်းယဉ်ကျေးမှုကို ဦးတည်သွားပြီး ရေရှည်တည်တံ့ခြင်းမရှိသည့် ငြိမ်းချမ်းရေးကို တဖန်ပြန်လည်ကျရောက်သွားစေနိုင်ပါသလား။

သို့ရာတွင် ငြိမ်းချမ်းရေးနှင့် တရားမျှတမှုတို့ကို ခွဲခြားထားခြင်းက သဘောတရားနှစ်ခုလုံးကို ကျဉ်းမြောင်းစွာ နားလည်ခြင်းအပေါ် အခြေခံသည်။ ရှေးဦးစွာ အငြင်းအခုံက ငြိမ်းချမ်းရေးသည် တိုက်ရိုက်အကြမ်းဖက်မှု ချက်ချင်းရပ်တန့်ခြင်းထက်ပိုပြီး ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အကြမ်းဖက်မှုပုံစံများလည်း ပါဝင်သည်ဟူသည့် အချက်ကို လစ်လျူရှုထားသည်။ ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့အောင်လုပ်ဆောင်ရမည့် ကာလရှည် ရည်မှန်းချက်ဟု နားလည်သဘောပေါက်သည့်အခါ ဤသည်က တိုက်ရိုက်အကြမ်းဖက်မှုကို ချက်ချင်း အဆုံးသတ်ခြင်းဟူသည့် ကျဉ်းမြောင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်ထက် ကျော်လွန်ပြီး ရေရှည်တည်တံ့ရေး အတွက် တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုကို အလေးထားသည်။ အထူးသဖြင့် နိုင်ငံတော် ဇာတ်ကောင်များက ပြဋ္ဌာန်းပြီး ကျူးလွန်ခဲ့သော အစုလိုက်၊ အပြုံလိုက်ရာဇဝတ်မှုများကို ဖြေရှင်းခြင်းမရှိသည့် အခါ (သို့) အသက်ရှင်ကျန်ရစ်သူ ထိခိုက်နစ်နာသူများ၏ တရားမျှတမှုတောင်းဆိုခြင်းများကို လစ်လျူရှုထား သည့်အခါ (သို့) ပဋိပက္ခဖြစ်ရသည့် အကြောင်းအရင်းခံများကို နားမလည်သည့်အခါ အကြမ်းဖက်မှုအန္တရာယ် ပြန်လည်ကျရောက်နိုင်ခြေ များနေမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ကျူးလွန်ခဲ့သူများကို အပြစ်ပေးရေးနှင့် ဥပဒေများ တိုးတက်စေရေးနှင့် အကောင်အထည်ဖော်ရေးတို့ကို အာရုံစိုက်သည့် တရားမျှတမှု၏ အပြစ်ပေးအရေးယူခြင်းနှင့် ဥပဒေဆိုင်ရာရှုထောင့်များက ကျူးလွန်သူများနှင့် ထိခိုက်နစ်နာသူများအကြား ဆက်ဆံရေးများကို အာရုံစိုက်သည့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းနှင့် ဆက်ဆံရေးဆိုင်ရာ တရားမျှတမှုနှင့် လူ့အဖွဲ့အစည်းတွင်းမှ ဇာတ်ကောင်များအကြား ပူးပေါင်းဆောင်ရွက်သည့် အပြုအမူ၊ သဘောတူညီချက်၊ ဆွေးနွေးညှိနှိုင်းခြင်း (သို့) ဆွေးနွေးပွဲများအား မြှင့်တင်ခြင်း (သို့) ပြန်လည်အသက်သွင်းခြင်းတို့ကို ထည့်သွင်းစဉ်းစားရန် ပျက်ကွက်ကြသည်။

ဒုတိယအနေဖြင့် အငြင်းအခုံက ပဋိပက္ခများအားလုံးသည် ထူးခြားသည်ဟူသောအချက်ကို လစ်လျူရှုထားသည်။ ထို့ကြောင့် အားလုံးအတွက် သင့်လျော်သည့်ချဉ်းကပ်ပုံတစ်ခု အသုံးပြုဖို့မဖြစ်နိုင်ပေ။ နောက်ဆုံးအနေဖြင့် ပဋိပက္ခများ၏ နောက်ခံအခြေအနေပေါ်မူတည်သည့် သဘောသဘာဝကြောင့် ထိုသို့သောအငြင်းအခုံများက တစ်ကိုယ်ရည်အတွေ့အကြုံများ၏ အရေးပါမှုကို လျစ်လျူရှုထားသည်။ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုတွင် ပါဝင်သည့်အရာများက လူတစ်ဦး၏အတွေ့အကြုံများမှ ဆင်းသက်လာခြင်းဖြစ်သည်။ ထို့ကြောင့် ဖိနှိပ်ခံထားရသူများနှင့် အသက်ရှင်ကျန်ရစ်သူ ထိခိုက်နစ်နာသူများ၏ ဆန္ဒများကို အပြင်လူများ၏ အမြင်များနှင့် စံနှုန်းများထက် ဦးစားပေးရမည်ဖြစ်သည်။ ဥပမာ တရားမျှတမှုဆိုင်ရာစကားဝိုင်းတစ်ခုသည် ဂျနီဗာတွင် အခြေစိုက်သော နိုင်ငံတကာအစိုးရများ ပူးပေါင်းဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခု၏ မည်သည့်ဖြေရှင်းချက် များကို လုပ်ဆောင်သင့်သည်ဟူသည့်အချက်အပါအဝင် လူ့အဖွဲ့အစည်းတစ်ခုတွင် မည်သည်က တရားမျှတ

သည်၊ မည်သည်က ကောင်းသည်ဟူသော သဘောထားအမြင်ပေါ်တွင် အခြေမခံသင့်ပေ။ ထိုအစား အုပ်စုများက ၎င်းတို့ဘာသာဖန်တီးသော အဖြေများထွက်ပေါ်လာစေရန် ထိုကဲ့သို့သော စကားဝိုင်းများသည် အသိုင်းအဝိုင်း အုပ်စုများတွင်ရှိနေသည့် စွမ်းဆောင်ရည်များအပေါ် အခြေခံသင့်သည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာအတွင်း ငြိမ်းချမ်းရေးနှင့် တရားမျှတမှုတို့အကြား အပြန်အလှန်ဆက်နွယ်မှုကို တစ်ခုနှင့်တစ်ခု သီးသန့်ဖြစ်နေသည်ဟု ရှုမြင်ခြင်းအစား အပြန်အလှန်အားကောင်းစေသည်ဟု နားလည် သဘောပေါက်မှု ပြောင်းလဲလာကြသည်။ ဤသည်မှာ ထိုသဘောတရားနှစ်ခုကို နိုင်ငံတကာတရားမျှတရေးနှင့် ငြိမ်းချမ်းရေးဖန်တီးရေး နယ်ပယ်များတွင် ပို၍နက်နက်ရှိုင်းရှိုင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက် လာကြသောကြောင့် ဖြစ်သည်။ ဥပမာ မကြာသေးမီက ငြိမ်းချမ်းရေးနှင့် တရားမျှတမှုတို့သည် အပြန်အလှန် အထောက်အကူပြုပြီး ဆက်စပ်နေကြသည်ဟု နိုင်ငံတကာအသိုင်းအဝိုင်း၏ နားလည်သဘောပေါက်လာမှုကို ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရည်မှန်းချက် (၁၆) တွင် တွေ့ရသည်။ ယင်းရည်မှန်းချက်က "ငြိမ်းချမ်းပြီး အားလုံးပါဝင်သော လူ့အဖွဲ့အစည်းများ"၊ "အားလုံးအတွက် တရားမျှတမှုလက်လှမ်းမီရေး" နှင့် "ထိရောက်သော၊ တာဝန်ယူတာဝန်ခံသော၊ အားလုံးပါဝင်သော အင်စတီကျူးရှင်းများ" ဟု ညွှန်းဆိုထားသည်။

လူ့အဖွဲ့အစည်းများပျက်သုဉ်းပြီး နိုင်ငံများက ဒေသခံများနှင့် အောက်ခြေပြည်သူက ဦးဆောင်သည့် ငြိမ်းချမ်းရေး တည်ဆောက်ရေးအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးလိုလားတောင်းဆိုသူများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်း ပေးရန် ပျက်ကွက်နိုင်သော်လည်း အထက်တွင်ဖော်ပြခဲ့သည့် သဘောတရားကို ရပ်ရွာလူထုက ကာလရှည်ကြာ နားလည်သဘောပေါက်ထားပြီးဖြစ်သည်။ အကြမ်းဖက်မှုနှင့် မတရားမှုများကို ခံစားခဲ့ရသူများက တရားမျှတ သော လူ့အဖွဲ့အစည်းများတည်ဆောက်ရန် အခက်အခဲများကို လက်တွေ့ကြုံတွေ့ခဲ့ကြရသည်။ ၎င်းတို့က ဖိနှိပ်သည့်ဆက်ဆံရေးများ ဆက်လက်ကျန်ရှိနေပြီး တရားမျှတမှုက အိပ်မက်သာဖြစ်နေသေးလျှင် ငြိမ်းချမ်းရေး က ရေရှည်တည်တံ့ခိုင်မြဲနိုင်ခြင်းမရှိဟုလည်း နားလည်ထားကြသည်။ သက်တမ်း (၃၃) နှစ်ရှိသော ဖိလစ်ပိုင်နိုင်ငံ အခြေစိုက် အရှေ့တောင်အာရှဒေသဆိုင်ရာ ချဉ်းကပ်အရေးဆိုရေး အင်စတီကျူးရှင်းတစ်ခုဖြစ်သည့် နိုင်ငံတကာ တွေ့ဆုံဆွေးနွေးရေး ကြိုးပမ်းမှု (Initiatives for International Dialogue (IID)) အဖွဲ့ကဲ့သို့သော ချဉ်းကပ်အရေးဆိုရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးအဖွဲ့အစည်းများ လုပ်ဆောင်ချက်များမှတစ်ဆင့် ငြိမ်းချမ်းရေးနှင့် တရားမျှတမှုရည်မှန်းချက်များကို ပေါင်းစပ်ခြင်းအား လုပ်ဆောင်ကြသည်။

အဆိုပါလုပ်ငန်း၏ ဗဟိုချက်မှာ ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် လူသားလုံခြုံရေးရှိလာစေရန် ရပ်ရွာအခြေပြု မဟာဗျူဟာများအတွက် ပြည်သူအချင်းချင်း စည်းလုံးရေးကို ကူညီထောက်ပံ့ရန်သာမက အရှေ့တောင်အာရှနှင့် ကမ္ဘာတစ်ဝန်းတွင် လူ့အခွင့်အရေးနှင့် လူနည်းစုအုပ်စုများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ကာကွယ်ခြင်းနှင့် မြှင့်တင်ခြင်းတို့အား ထောက်ပံ့ရန်ပါ ဖြစ်သည်။ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များ ရရှိရေးကို ကျော်လွန်ပြီး ကျွန်ုပ်တို့အနေဖြင့် ပို၍တရားမျှတသော လူ့အဖွဲ့အစည်းများကို မည်ကဲ့သို့ တည်ထောင်မည်ဟူသည့် ပို၍ ကြီးမားသော မေးခွန်းကို အဖြေရှာသင့်သည်ဟု IID က ယုံကြည်သည်။ တရားမျှတမှုကို ဥပဒေပြုရေး (သို့) တရားစီရင်ခြင်းသက်သက်ဖြင့်သာရရှိအောင် လုပ်ဆောင်နိုင်သည်မဟုတ်။ ထိုအစား တရားမျှတမှုကို လူ့အဖွဲ့အစည်း၏အလွှာအသီးသီး၌ အခွင့်အလမ်းများ၊ အပြုအမူများနှင့်

ဆက်ဆံရေးများ၏ အရည်အသွေးကို အပြုသဘော (သို့) အပျက်သဘော ခံစားရနိုင်ပြီး လူ့အဖွဲ့အစည်း၏ အောက်ခြေတွင်ရှိသူများ၏ အမြင်ဖြင့် တိုင်းတာနိုင်သည်။

ဥပမာ အချို့သော ဆက်ဆံရေးများနှင့် မူဝါဒများက အချို့သူများကို ဆုံးဖြတ်ချက်ချမှတ်ခြင်းမှ ဖယ်ထုတ်ထားပြီး အရင်းအမြစ်များကို လက်လှမ်းမမီအောင် လုပ်ဆောင်ထားသောကြောင့် လူ့အဖွဲ့အစည်းများ ပျက်သုဉ်းပြီး နိုင်ငံများက ငြိမ်းချမ်းရေးကို အောင်မြင်စွာရရှိနိုင်ဖို့ ပျက်ကွက်ကြသည်။ အခြေခံကျသည့်မေးခွန်းမှာ အာဏာနှင့် သက်ဆိုင်သည်။ အာဏာကို မည်သို့တည်ဆောက်၊ ဝေမျှ၊ ကျင့်သုံးပြီး မည်သည့်အတွက် အသုံးချသနည်း။ အာဏာကို ဖိနှိပ်ပြီး ခွဲခြားရန် အသုံးပြုပါသလား (သို့) လူ့အဖွဲ့အစည်း၏ အလွှာအသီးသီးအကြား ဂုဏ်သိက္ခာနှင့် ယုံကြည်မှုတည်ဆောက်ရန်အတွက် အသုံးပြုပါသလား။ IID အတွက် ဘေးဖယ်ခံအထားရဆုံးသူများနှင့် စကားပြောခြင်း၊ စည်းလုံးမှု၊ ပြောဆိုရေးသားမှုများ၊ မျှော်လင့်ချက်များ၊ အကြံဉာဏ်များ၊ အဖြေများနှင့် လုပ်ဆောင်ချက်များကို အားပေးခြင်းဖြင့် မတူညီသော အာဏာအမျိုးအစားကို တည်ဆောက်ပြီး ၎င်းတို့အား ကူညီပေးခြင်းတို့ဖြင့် အဖြေရှာခြင်းကို စတင်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ဤသည်က ပဋိပက္ခအခြေအနေများကို ပြောင်းလဲပြီး ငြိမ်းချမ်းရေးတည်ဆောက်ရေးကိုလည်း မြှင့်တင်ပေးရုံသာမက ငြိမ်းချမ်းရေးကိုလည်း ရေရှည်တည်တံ့စေရန် အထောက်အကူပြုသည်။

## ၆.၄ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး[3]

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့က တူညီသော ဒင်္ဂါးပြားတစ်ပြား၏ မျက်နှာပြင်နှစ်ဖက်သဖွယ် အပြန်အလှန်အကျိုးပြုကြသည်။ ဖွံ့ဖြိုးရေးမရှိဘဲ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးမရှိ။ ငြိမ်းချမ်းရေးပုံစံ တစ်မျိုးမျိုးမရှိဘဲ ဖွံ့ဖြိုးရေးက လုံးဝမဖြစ်နိုင်ပေ။ ပြန်လည်ရင်ကြားစေ့ရေး အရှိန်ရလာသည့်နှင့် စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် သဘောဝပတ်ဝန်းကျင် တည်ဆောက်ပုံများကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းမှုများအား အကောင်အထည်ဖော်သင့်သည်။

အဆိုပါခေါင်းစဉ်နှစ်ခု၏ အရေးပါပုံကို စီးပွားရေးနှင့် ငြိမ်းချမ်းရေးအင်စတီကျု၏ ကမ္ဘာ့ငြိမ်းချမ်းရေးညွှန်းကိန်းတွင် တွေ့ရှိနိုင်သည်။ ယင်းညွှန်းကိန်းက ကမ္ဘာပေါ်တွင် အဆင့်သတ်မှတ်ချက် အမြင့်ဆုံးနိုင်ငံများကို အိုက်စ်လန်နှင့် နယူးဇီလန် နိုင်ငံများအဖြစ် ကြေညာထားသည်။ အဆိုပါ နိုင်ငံနှစ်နိုင်ငံက ငြိမ်းချမ်းသော ပတ်ဝန်းကျင်ရှိကြပြီး ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာအကြမ်းဖက်မှု မရှိသလောက်နည်းပါးသည်။ လူမှုဖူလုံရေးကို ပြည်သူများအကြား ညီမျှစွာခွဲဝေပေးထားသည်။ ညွှန်းကိန်းစတင်ဖန်တီးချိန် ၂၀၀၈ ခုနှစ်မှစ၍ အိုက်စ်လန်နိုင်ငံက အမြဲတမ်း ဇယားထိပ်ဆုံးတွင် ရှိခဲ့သည်။ သို့ဖြစ်လေရာ ပိုမိုကောင်းမွန်သောအစိုးရမူဝါဒများ၊ ပို၍ကောင်းမွန်သော စီးပွားရေးအလေ့အကျင့်များနှင့် လူ့အခွင့်အရေးအရေးပါမှုတို့မှတစ်ဆင့် ဖန်တီးခြင်းဖြင့် တည်ဆောက်သော ငြိမ်းချမ်းရေး ရရှိရေးက အိုက်စ်လန်နိုင်ငံသားတို့အတွက် အဓိကအရေးပါလေသည်။ ဤသည်ကို နိုင်ငံတွင် ဖွဲ့စည်းလည်ပတ်ပုံနှင့် ယဉ်ကျေးမှုဆိုင်ရာအကြမ်းဖက်မှုများ တိုက်ဖျက်သည့်မူဝါဒတွင်

[3] ဤအပိုင်းကို Josephine Rosa Marieta Soeprapto, Indonesia Defense University က ပါဝင် ရေးသားပေးထားသည်။

လည်း ထင်ဟပ်နေသည်။ ထို့ပြင် အိုက်စ်လန်သည် အသက်သေစေနိုင်သောလက်နက်များ ဝယ်ယူစုဆောင်းသည့် ပြိုင်ပွဲတွင်လည်း မပါဝင်ရန် မူဝါဒချမှတ်ထားသည်။

အလားတူပင် နယူးဇီလန်နိုင်ငံသည်လည်း ၎င်း၏ မူလအခြေချနေထိုင်သူ မောဝ်ရီလူမျိုးများနှင့် အနောက်တိုင်းမှ လာရောက်အခြေချသူများအကြား ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်မှ အကျိုးကျေးဇူးများ ရရှိခဲ့သည်။ သို့ဖြစ်လေရာ အစိုးရက နယူးဇီလန်တွင် လူ့အုပ်စုများအားလုံး၏ ယဉ်ကျေးမှုကို အသိအမှတ်ပြုထားသည်။ ထို့ပြင် အစိုးရက အဖွဲ့များအားလုံးနှင့် ပွင့်လင်းစွာပူးပေါင်းဆောင်ရွက်ပြီး လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့အကြား သဟဇာတဖြစ်သည့်ဘက်ညီမှုကို မြှင့်တင်ကာ ဂေဟဗေဒဆိုင်ရာအကြမ်းဖက်မှုကို ရှောင်ရှားထားသည်။ အထက်တွင်ဖော်ပြထားသော လက္ခဏာရပ်များသည် ပဋိပက္ခလွန်ဒေသများတွင် ဖွံ့ဖြိုးရေးရရှိနိုင်ရန် အတွက် ညွှန်းကိန်းများဟုရှုမြင်နိုင်ပြီး ပဋိပက္ခသက်ရောက်မှုရှိသောဒေသများတွင် ရေရှည်ငြိမ်းချမ်းရေးရရှိစေရန် ပြန်လည်တည်ဆောက်ရေးအတွက် လမ်းညွှန်မြေပုံတစ်ခုဖြစ်သည်။

## ၆.၄.၁ ဖွံ့ဖြိုးရေးရှုထောင့်

ဖွံ့ဖြိုးရေးသည် မက်ခရို၊ မီဆိုနှင့် မိုက်ခရိုအဆင့်များ၌ ဖြစ်ပွားနိုင်သည်။ မက်ခရိုအဆင့်က အကျယ်ပြန့်ဆုံးအဆင့် လူ့အဖွဲ့အစည်း (နိုင်ငံများအကြား ဆက်သွယ်ဆက်ဆံရေး) နှင့် သက်ဆိုင်ပြီး ဒုတိယအဆင့်တွင် အုပ်စုများ (သို့) အသိုင်းအဝိုင်းအုပ်စုများ ပါဝင်သည်။ မိုက်ခရိုအဆင့်ဖွံ့ဖြိုးရေးက အုပ်စုငယ်များ (သို့) တစ်သီးပုဂ္ဂလအဆင့်အထိ အာရုံစိုက်နိုင်သည်။ ပဋိပက္ခတစ်ခုအပြီး လူ့အဖွဲ့အစည်းကို ပြန်လည်တည်ဆောက်ရန် အဆင်သင့်ဖြစ်သည့်အခါ အဆင့်သုံးဆင့်လုံးမှ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး ဖွံ့ဖြိုးရေးတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။ သို့ရာတွင် ဖွံ့ဖြိုးရေးကို ငြိမ်းချမ်းသောပတ်ဝန်းကျင်၌သာ လုပ်ဆောင်သင့်သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဖွံ့ဖြိုးရေးက အဆင့်သုံးဆင့်လုံး၌ ဖြစ်ပွားခဲ့ပြီး ထိုဖြစ်စဉ်များက ရေရှည်တည်တံ့သောငြိမ်းချမ်းရေးအတွက် မည်သို့အထောက်အကူပြုသည်ကို ပြသနိုင်ခဲ့သည်။

မက်ခရိုအဆင့်၌ ဖွံ့ဖြိုးရေးက လူ့အဖွဲ့အစည်းအတွင်း ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အပြောင်းအလဲများအတွက် အထောက်အကူပြုသည်။ ဥပမာ အင်ဒိုနီးရှားတွင် ၂၀၀၅ ခုနှစ် အာချေးငြိမ်းချမ်းရေးဖြစ်စဉ်၌ ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အပြောင်းအလဲများကို တွေ့နိုင်သည်။ ယင်းအပြောင်းအလဲများက *ဂျရီယာ* ဥပဒေ အကောင်အထည်ဖော်ရေးကို ဖြစ်ပွားစေခဲ့ပြီး အမ်ဘွန်တွင်လည်း ဒေသအဆင့်ပညာရေးစနစ်၌ ငြိမ်းချမ်းရေး သင်ရိုးညွှန်းတမ်းများထည့်သွင်းခြင်းများ လုပ်ဆောင်ခဲ့သည်။ ဖွံ့ဖြိုးရေးမှတစ်ဆင့် ငွေကြေးဆိုင်ရာ မက်လုံးပေးခြင်းများက အပြောင်းအလဲများ၏ အစိတ်အပိုင်းတစ်ခုဖြစ်သင့်ပြီး လူ့အသိုင်းအဝိုင်းအတွင်း ပြန်လည်ရင်ကြားစေရေးဖြစ်စဉ်ကို အားပေးသည်။

အမ်ဘွန်ဖြစ်ရပ်က မီဆိုအဆင့် ဝင်ရောက်စွက်ဖက်မှု၏ အရေးပါပုံကိုလည်း ဖော်ပြသည်။ ပဋိပက္ခဖြစ်နေသည့်အဖွဲ့များအကြား လူမှုအဆက်အသွယ်များနှင့် ဖလှယ်ဆက်ဆံရေးများက ပြန်လည်ရင်ကြားစေ့ရေးအတွက် အရေးပါပြီး အကွဲအပြဲဖြစ်နေသည့်အုပ်စုများက လုံခြုံပြီး အားပေးသောပတ်ဝန်းကျင်များတွင် တွေ့ဆုံခွင့်ရသင့်

သည်။ သို့ဖြစ်လေရာ (မူဆလင်နှင့် ခရစ်ယာန်အမျိုးသမီးများ အခြေခံလိုအပ်ချက်များကို ရောင်းဝယ်ဖလှယ်နိုင်သည့်) အမ်ဘွန်မှ ဘာကူဘဲဈေးကို ပြန်လည်တည်ဆောက်ခဲ့သည်။[4] စီးပွားရေးနှင့် လူမှုရေး ကိစ္စရပ်များကလည်း အစီအစဉ်အောင်မြင်မှုအတွက် အထောက်အကူဖြစ်သည်။

မိုက်ခရိုအဆင့်တွင် ပဋိပက္ခကိုစတင်သူများ (သို့) ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့ကို လူ့အသိုင်းအဝိုင်းတစ်ခုထံ ယူဆောင်လာသူများ၏ အခန်းကဏ္ဍကို နားလည်သဘောပေါက်ရန် အရေးကြီးသည်။ ဤသည်ကို အမ်ရိုဇီနှင့် အာလီဂူဖွန်တို့၏ ညီအငယ်ဆုံးဖြစ်ပြီး ၂၀၀၂ ခုနှစ်တွင် ဘာလီ၌ နိုက်ကလပ်အများအပြားကို ဗုံးခွဲခဲ့ခြင်းကြောင့် နာမည်ဆိုးဖြင့်ကျော်ကြားလာသည့် အာလီဖော်ဇီ မန်ဇီ (Ali Fauzi Manzi) ၏ ဖြစ်ရပ်က ရှင်းရှင်းလင်းလင်း ပြသနေသည်။ သူသည် ယခင်က လက်နက်ကိုင်တစ်ဦးဖြစ်ခဲ့ပြီး အာဖဂန်နစ္စတန်တွင် လေ့ကျင့်ပေးခြင်းခံခဲ့ရကာ အကြမ်းဖက်တိုက်ခိုက်မှုတစ်ခုကြောင့် ဖိလစ်ပိုင်တွင် ထောင်သုံးနှစ်ကျခဲ့သည်။ သို့ဖြစ်လေရာ သူသည် အစွန်းရောက်ပြီး အကြမ်းဖက်မှုယဉ်ကျေးမှုနှင့် အသားကျနေသူ ဖြစ်သည်။ သို့ရာတွင် အင်ဒိုနီးရှား ရဲတပ်ဖွဲ့၏ လူသားချင်းစာနာမှုချဉ်းကပ်ပုံအရ သူက အစွန်းရောက်ခြင်းမရှိတော့ဘဲ ငြိမ်းချမ်းရေးယဉ်ကျေးမှုကို လက်ခံလာခဲ့သည်။ ပညာရေးမှတစ်ဆင့် အာလီဖော်ဇီက အင်ဒိုနီးရှားမှ အကြမ်းဖက်သမားများနှင့် လက်နက်ကိုင်သူများ အပေါ် အမြင်သစ်တစ်ခုရှိလာပြီး သူ၏ရပ်တည်ချက်ကို ပြောင်းလဲခဲ့သည်။ ယခုအခါ အာလီဖော်ဇီနှင့် သူ၏ ငြိမ်းချမ်းရေးစက်ဝန်းဖောင်ဒေးရှင်းက အကြမ်းဖက်သမားဟောင်းများနှင့် တိုက်ခိုက်ရေးသမားဟောင်းများ ရာပေါင်းများစွာကို လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ရောက်နိုင်ရန် ပံ့ပိုးကူညီပေးခဲ့သည် (Evi, 2020)။

ပဋိပက္ခကြောင့် ပျက်စီးသွားသောဒေသများကို ပြန်လည်တည်ဆောက်ရန်နှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရည်မှန်းချက် ပြည့်မီစေရန် မက်ခရို၊ မီဆိုနှင့် မိုက်ခရိုအဆင့် ဖွံ့ဖြိုးရေးကို ပေါင်းစပ်အသုံးပြုသည့် ချဉ်းကပ်ပုံက အဓိကကျသည်။ ဖွံ့ဖြိုးရေးမရှိသည့်ငြိမ်းချမ်းရေးက ကြာရှည်ခံမည်မဟုတ်ဘဲ ငြိမ်းချမ်းရေးမရှိဘဲနှင့် ဖွံ့ဖြိုးရေး မရရှိနိုင်ပေ။ အထက်တွင်ဖော်ပြခဲ့သည့် ဥပမာသုံးခုက လူ့အဖွဲ့အစည်းအဆင့်များအားလုံး၌ ဖွံ့ဖြိုးရေး၏ အရေးပါပုံကို ရှင်းရှင်းလင်းလင်း ပြသခဲ့သည်။

## ၆.၄.၂ လမ်းညွှန်မြေပုံ

ပဋိပက္ခအပြီးတွင် မည်သည်တို့ကို တည်ဆောက်ပြီး ရရှိသင့်သနည်း။ လူ့အဖွဲ့အစည်း၏ စီးပွားရေးဖူလုံရေး တိုးတက်စေရန် အာရုံစိုက်သင့်ပါသလား။ သို့မဟုတ် (ပဋိပက္ခ၏ အဓိကအကြောင်းရင်းခံဖြစ်သော) နိုင်ငံရေး တရားမျှတမှုကိစ္စရပ်က ပို၍အရေးကြီးပါသလား။ သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဖျက်ဆီးခြင်းကဲ့သို့ အခြားသော ဘေးဖယ်ခံထားရသည့်ကိစ္စရပ်များကို ကိုင်တွယ်သင့်ပါသလား။ အမှန်တကယ် ဆုံးဖြတ်ချက်ချမှတ်ခြင်းက ပဋိပက္ခအပြီး မည်သူအာဏာရလာသည် ဟူသည့်အပေါ် မူတည်သည်။ ထို့ကြောင့် ပဋိပက္ခအလွန် ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်၏ အစိတ်အပိုင်းအဖြစ် အရေးပါသည့်ကိစ္စရပ်လေးရပ်ကို စဉ်းစားရမည်ဖြစ်သည်။ ယင်းတို့မှာ စီးပွားရေး၊ တရားမျှတမှု၊ သဘာဝပတ်ဝန်းကျင်နှင့် ခေါင်းဆောင်မှုတို့ ဖြစ်သည်။

---

[4] အခန်း (၅) မှ ဘာကူဘဲ ဖြစ်ရပ်လေ့လာမှုတွင် ရှုပါ။

ကာလရှည်ကြာ အကြမ်းဖက်သောပဋိပက္ခ ဖြစ်ပွားပြီး ပြန်လည်ချမ်းသာကြွယ်ဝလာရန်မှာ ပဋိပက္ခအလွန် လူ့အဖွဲ့အစည်းတိုင်း၏ အိပ်မက်ဖြစ်သည်။ ဤသို့ဖြစ်နိုင်ရန် ယခင်လက်နက်ကိုင်များက အလုပ်အကိုင် ပြန်လည် ရှာဖွေနိုင်ရန် လိုအပ်သည်။ ဥပမာ လယ်သမားများက လယ်ယာသို့ ပြန်သွားပြီး စက်ရုံအလုပ်သမားများက စက်ရုံများသို့ ပြန်ကြရမည်။ ထိုသို့သော လုပ်ဆောင်ချက်တွင် ညှိနှိုင်းမှုလိုအပ်သည်။ သို့ရာတွင် ပျက်စီးသွားသော (သို့) ဖျက်ဆီးခံရသော ဈေးကွက်များက တဖြည်းဖြည်းနှင့် ပြန်လည်စည်ကားလာပြီး ကာလရှည်ကြာ ရပ်တန့်နေသည့် စက်မှုလုပ်ငန်းများလည်း ပြန်လည်လည်ပတ်လာမည်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် တဖြည်းဖြည်း အပြောင်းအလဲ ဖြစ်ပွားနေစဉ် စီးပွားရေး ဆိုင်ရာ စည်းမျဉ်းများကို ငြိမ်းချမ်းရေးတည်ဆောက်ရေး ဖြစ်စဉ်တွင် ပေါင်းစပ်ကာ နောက်ခံအခြေအနေအသစ်နှင့်လိုက်ပြီး ပြောင်းလဲရန် လုပ်ဆောင်သင့်သည်။ ထိုသို့သော ပေါင်းစပ်ခြင်းက ပဋိပက္ခဇာတ်ကောင်များနှင့် ထိခိုက်နစ်နာသူများ၏ ပါဝင်မှု လိုအပ်သည်။

ငြိမ်းချမ်းရေးတည်ဆောက်နေစဉ်အတွင်း တရားမျှတမှုက အကဲဆတ်ဆုံးကိစ္စရပ်တစ်ခုဖြစ်ပြီး အစိုးရသစ်၊ နိုင်ငံရေးတည်ဆောက်ပုံအသစ်များနှင့် တိုက်ရိုက်ဆက်စပ်သည်။ ပြန်လည်တည်ဆောက်ရန် လိုအပ်သည့် အရာများတွင် လုံခြုံရေးကဏ္ဍနှင့် ပညာရေးအင်စတီကျူးရှင်းများလည်းပါဝင်ပြီး လူ့အခွင့်အရေးလေးစားမှုကို အားပေးသင့်သည်။ နိုင်ငံရေးတည်ဆောက်ပုံများကို ပြန်လည်တည်ဆောက်ပြုပြင်ခြင်းအား ဂရုတစိုက် လုပ်ဆောင်သင့်သည်။ ပဋိပက္ခလွန် လူ့အဖွဲ့အစည်းအများအပြားသည် ကြိုးကိုင်ချယ်လှယ်သည့် အာဏာ နိုင်ငံရေးထဲတွင် ပိတ်မိနေကြပြီး ဤသည်က ပြည်တွင်းပဋိပက္ခ ထပ်မံဖြစ်ပွားရန် ဆွပေးသည်။ လူ့အခွင့်ရေးကို အပြည့်အဝလေးစားလိုက်နာသည့် ဒီမိုကရေစီဆန်သော လူနေမှုဘဝသည် ပဋိပက္ခလွန် လူ့အဖွဲ့အစည်းတိုင်း၏ မျှော်လင့်ချက်ဖြစ်သည်။ သို့ရာတွင် တစ်ခါတရံ သီအိုရီမှာ သီအိုရီအတိုင်းသာ ရှိနေသည်။ အဘယ်ကြောင့်ဆို သော် အုပ်ချုပ်သူအသစ်များမှာ လျင်မြန်စွာပင် ဖိနှိပ်သူအသစ်များ ဖြစ်လာကြသောကြောင့် ဖြစ်သည်။ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍတို့ကို အာရုံစိုက်သင့်ပြီး ခွဲခြားဆက်ဆံခြင်းနှင့် ဖိနှိပ်ခြင်းတို့ကို ရှောင်ရှားသင့်သည်။

ငြိမ်းချမ်းရေးတည်ဆောက်ရေးကာလတွင် သဘာဝပတ်ဝန်းကျင်ကို များသောအားဖြင့် ဂရုစိုက်လေ့မရှိကြပေ။ အဘယ်ကြောင့်ဆိုသော် စီးပွားပြုပြင်ပြောင်းလဲရေးကို ပို၍အဓိကထားကြသောကြောင့်ဖြစ်သည်။ သဘာဝ ပတ်ဝန်းကျင်ညစ်ညမ်းခြင်း၊ အရင်းအမြစ်များ အလွန်အကျွံသုံးစွဲခြင်းနှင့် စက်ရုံများထံမှ အန္တရာယ်ရှိသည့် စွန့်ပစ်ပစ္စည်းများ ထုတ်လုပ်ခြင်းများအပါအဝင် ဆိုးရွားသည့်အကျိုးဆက်များ ရှိသည့်တိုင်အောင် ထိုအဆင့်တွင် ပတ်ဝန်းကျင်ကိုဖျက်ဆီးသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကိုပင် ခွင့်ပြုနိုင်ခြေရှိသည်။

ငြိမ်းချမ်းရေး ရေရှည်တည်တံ့စေရန် ခေါင်းဆောင်မှုက အရေးကြီးသည်။ တောင်အာဖရိကနိုင်ငံ၏ နယ်လ်ဆင် မန်ဒဲလားနှင့်သက်ဆိုင်သော အတွေ့အကြုံက အားကောင်းသောခေါင်းဆောင်မှုက ကာလရှည်ကြာငြိမ်းချမ်းရေး နှင့် တူညီကြောင်းကို သက်သေပြနေသည်။ ဖြစ်စဉ်က လွယ်ကူမည်မဟုတ်ပေ။ သို့ရာတွင် အားကောင်းသော၊ လေးစားအားကျဖွယ်ရာခေါင်းဆောင်က ဥပမာ အတိတ်ကာလမှ နာကျင်ဖွယ်ရာပဋိပက္ခများတွင် ပိတ်မိနေသူများ ကို ၎င်းတို့၏အနာဂတ်အား ကူညီတည်ဆောက်ရန်ဖိတ်ခေါ်ခြင်းဖြင့် ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့အောင်

အထောက်အကူပြုပေးနိုင်သည်။ ဆန့်ကျင်ဘက်အနေဖြင့် အတိတ်ကိုသာ အဓိကထား သည့် ခေါင်းဆောင်များက ငြိမ်းချမ်းရေးရရှိအောင် လုပ်ဆောင်ရာတွင် ပျက်ကွက်လေ့ ရှိကြသည်။

အဆိုပါ ရည်မှန်းချက်များအားလုံးကို အောင်မြင်ဖို့အခက်အခဲများကို အာချေးဒေသဖြစ်စဉ်က ပြသနိုင်သည် (အာချေးပဋိပက္ခ နောက်ခံအခြေအနေကို အခန်း (၄) တွင် ရှုပါ)။ အင်ဒိုနီးရှားနိုင်ငံ၏ ပြည်နယ်တစ်ခုဖြစ်သည့် အာချေးဒေသသည် အင်ဒိုနီးရှားအစိုးရနှင့် ကာလရှည်ကြာပဋိပက္ခဖြစ်နေသည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ဆူနာမီဒဏ်ခံခဲ့ရပြီး လူပေါင်း ၂ သိန်းနီးပါး အသက်ဆုံးရှုံးခဲ့ရကာ အခြေခံအဆောက်အအုံ ၆၀% နီးပါး ဖျက်ဆီးခံခဲ့ရသောအခါ အခြေအနေက ပိုဆိုးလာသည်။ အာချေးဒေသတွင် ပဋိပက္ခဖြစ်ရသည့် အဓိက အကြောင်းရင်းခံတစ်ခုမှာ ဆင်းရဲမွဲတေမှုနှင့် ဖွံ့ဖြိုးမှုနိမ့်ကျခြင်းဖြစ်သည်။ သဘာဝအရင်းအမြစ်များ ကြွယ်ဝသော်လည်း အာချေးဒေသ၏ ဆင်းရဲမွဲတေမှုနှုန်းထားက အင်ဒိုနီးရှားမှ အခြားပြည်နယ်များထက်ပို၍ မြင့်မားသည်။ ၂၀၀၂ ခုနှစ်တွင် ကမ္ဘာ့ဘဏ်က အာချေးဒေသ၏ ဆင်းရဲမွဲတေမှုနှုန်းထားကို ၂၉.၈% ရှိသည်ဟု ဆိုခဲ့ပြီး ယင်းမှာ အခြားမည်သည့်ပြည်နယ်များထက်မဆို ပို၍မြင့်သည် (The World Bank Office Jakarta, 2008)။

၂၀၀၅ ခုနှစ် ဩဂုတ်လ (၁၅) ရက်နေ့တွင် ဆယ်စုနှစ်သုံးစုနီးပါး ကြာမြင့်ခဲ့သည့်ပဋိပက္ခကို ဖင်လန်နိုင်ငံ၊ ဟယ်လ်ဆင်းကီးတွင် အစိုးရနှင့် အာချေးလွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့တို့အကြား ငြိမ်းချမ်းရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်းဖြင့် အဆုံးသတ်ခဲ့သည်။ သဘောတူစာချုပ်က ဟယ်လ်ဆင်းကီး MoU ဟု အမည်ရပြီး အောက်ပါတို့ကို ဖော်ပြထားသည်။ နှစ်ဘက်လုံးမှ လက်နက်ကိုင်အင်အားစုများကို လက်နက် ဖြုတ်သိမ်းရန်နှင့် တပ်ဖျက်သိမ်းရန်၊ ယခင်လက်နက်ကိုင်များ ပြန်လည်ပေါင်းစည်းရန်၊ နိုင်ငံရေးပါတီ ထူထောင်ခွင့် အပါအဝင် GAM က နိုင်ငံရေးအရ ပါဝင်မှုရရှိရန်၊ စစ်တပ်ကို အာချေးဒေသမှ အခြားနေရာများသို့ ပြန်လည်နေရာချထားရန်၊ လူ့အခွင့်အရေး လေးစားလိုက်နာရန်၊ နိုင်ငံရေးအကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်နှင့် အငြင်းပွားမှုဖြေရှင်းရေးယန္တရား တည်ဆောက်ရန်တို့ ဖြစ်ကြသည်။ ဖြစ်စဉ်ကို လေးစားလိုက်နာရန် အဖွဲ့နှစ်ဖွဲ့လုံးက ခိုင်မာသောနိုင်ငံရေးစိတ်ဆန္ဒကို ပြသခဲ့ကြသည်။ ငြိမ်းချမ်းရေး သဘောတူစာချုပ်အပြီးတွင် အာချေးဒေသ၌ ဆင်းရဲမွဲတေမှုနှုန်းလျော့ကျလာခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၁၇% အထိ ရောက်ရှိလာခဲ့သည်။ လူသားဖွံ့ဖြိုးမှု ညွှန်းကိန်းကလည်း ၂၀၀၅ ခုနှစ်တွင် ၆၉.၁ မှ ၂၀၁၃ ခုနှစ်တွင် ၇၃.၁ အထိ တိုးတက်လာခဲ့သည် (The World Bank Office Jakarta, 2008)။

နိုင်ငံရေးစိတ်ဆန္ဒနှင့် ပြည်သူများ၏ဖူလုံမှုကို တိုးတက်စေခြင်းဖြင့် ငြိမ်းချမ်းရေးကို မည်သို့ရေရှည်တည်တံ့ နိုင်ကြောင်း အာချေးဒေသက ဥပမာတစ်ခုအဖြစ်ပြသနေသည်။ အာချေးဒေသ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုလမ်းပြမြေပုံကို အာချေးဒေသအုပ်ချုပ်ရေးဥပဒေ (Law on Governing Aceh (LoGA)) တွင် အသေးစိတ်ဖော်ပြထားသည်။ ယင်းဥပဒေက ဟယ်လ်ဆင်းကီး သဘောတူစာချုပ်တွင် ပါဝင်သည့် အချက်များကို အကျယ်ချဲ့ထားခြင်း ဖြစ်သည်။ နိုင်ငံရေးရှုထောင့်တွင် GAM မှ ခေါင်းဆောင်များအပါအဝင် အာချေးခေါင်းဆောင်အများအပြားက နိုင်ငံရေးဖွံ့ဖြိုးရေးကို အာရုံစိုက်ထားပြီး ပြည်နယ်တွင်းခေါင်းဆောင်မှု အတွက် ကြိုးပမ်းခဲ့ကြသည်။ အမျိုးမျိုးသော ရပ်ရွာနှင့် နိုင်ငံအဆင့် ပါတီများကလည်း ယခင်ပြိုင်ဘက်များကို

နေရာပေးရန် ကြိုးပမ်းခဲ့ကြသည်။ ၂၀၀၅ ခုနှစ်မှစ၍ ရပ်ရွာအခြေပြုပါတီများက အာချေးဒေသတွင် နိုင်ငံရေးနှင့် ရာထူးများကို အဓိကလွှမ်းမိုးထားခဲ့ပြီး ယခင် GAM အဖွဲ့ဝင်များက မြို့တော်ဝင်များနှင့် GAM က ဖန်တီးခဲ့ပြီး ပြည်နယ်လွှတ်တော်ကို ထိန်းချုပ်သည့် *Partai Aceh (အာချေးပါတီ)* ဖြစ်လာကြသည်။ သို့ရာတွင် တိုးတက်မှုများအတွက် အတားအဆီးများလည်း ရှိခဲ့သည်။ ဒေသခံတာဝန်ရှိသူများ၏ စီမံခန့်ခွဲမှုအလွဲများနှင့် အကျင့်ပျက်ခြစားမှုများကြောင့် အာချေးဒေသ၏ စီးပွားရေးက မျှော်မှန်းထားသလောက် မတိုးတက်ခဲ့ပေ။ အချို့က အာချေးဒေသသည် အင်ဒိုနီးရှားတွင် အကျင့်ပျက် ခြစားမှု အများဆုံး ပြည်နယ်တစ်ခုပင် ဖြစ်လာပြီဟု ဆိုကြသည် (Laksamana, 2005)။ အာချေး၏ မြို့တော်ဝန်ဖြစ်လာသည့် ယခင် GAM ခေါင်းဆောင် အာဝန်ဒီယူဆက်ဖ် (Irwandi Yusuf) ကို လာဘ်စားမှုကြောင့် တရားရုံးက ပြစ်ဒဏ်ချမှတ်သည့်အခါ အဆိုပါ အာချေးအပေါ်အမြင်က ပို၍ဆိုးရွားလာသည် (Jakarta Post, 2019)။ အမျိုးသမီးများအပေါ် တင်းကြပ်ပြီး ခွဲခြားဆက်ဆံသည်ဟု မှတ်ယူထားကြသည့် *ရှရီယာ* ဥပဒေကို အကောင်အထည်ဖော်သည့်အတွက်လည်း အာချေးဒေသကို ဝေဖန်ခဲ့ကြသည် (Human Rights Watch, 2010)။

ဖွံ့ဖြိုးမှုအဆင့်များနှင့် ပတ်သက်၍လည်း အာချေးဒေသက အဆိုပါအဆင့်များ၌ ဝင်ရောက်စွက်ဖက်ရန် အရေးပါကြောင်း ပြသခဲ့သည်။ မိုက်ခရိုအဆင့်တွင် ပြန်လည်တည်ဆောက်ရေးဖြစ်စဉ်တွင် ပါဝင်လုပ်ဆောင်နိုင်သည့် ဇာတ်ကောင်များကို ရှာဖွေဖော်ထုတ်ခဲ့သည်။ ယခင် GAM ၏ လက်နက်ကိုင်များကို အာချေးဒေသ ပြန်လည်ပေါင်းစည်းရေးအဖွဲ့ (Body for Reintegration in Aceh (BRA)) နှင့် အခြားအေဂျင်စီများ၏ လုပ်ဆောင်ချက်များမှတစ်ဆင့် နိုင်ငံရေးနှင့် လူမှုရေးစနစ်များတွင် ပြန်လည်ပူးပေါင်းပါဝင်စေခဲ့သည်။ ဥပမာ "မဖြေရှင်းရသေးသောပြဿနာများအား ဖြေရှင်းရန်နှင့် ရပ်ရွာလူထုအတွင်း ပဋိပက္ခဖြစ်နေသည့်အဖွဲ့များကို ပြန်လည်ရင်ကြားစေ့ရန် *Pesijeuk*" ဟု သိကြသည့် ရပ်ရွာအခြေပြု ပြန်လည်ရင်ကြားစေ့ရေးနည်းလမ်းတစ်ခုကို အသုံးပြုခဲ့သည်။ ၎င်းတို့၏ ဒေသခံနှင့် တရားဝင်မဟုတ်သည့် ခေါင်းဆောင်များကို ယုံကြည်ခြင်းက လူထုအတွင်း အပြောင်းအလဲရရှိစေရန် လူမှုအရင်းအနှီးတစ်ခုဖြစ်သည်။ မက်ခရိုအဆင့်တွင် LoGA အသစ်ကို မိတ်ဆက်ခဲ့ပြီး အာချေးဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးတို့ကို မြှင့်တင်ရန် လမ်းညွှန်မြေပုံ၏ အစိတ်အပိုင်းတစ်ခုအဖြစ် အကောင်အထည်ဖော်ခဲ့သည်။ စိန်ခေါ်မှုအများအပြားရှိခဲ့သော်လည်း အနည်းဆုံးဖြစ်စဉ်ကို လမ်းပြရန် လမ်းညွှန်မြေပုံတစ်ခုကို ဖော်ထုတ်နိုင်ခဲ့သည်။ ၎င်း၏ အောင်မြင်မှု (သို့) ဆုံးရှုံးမှုက အာချေးပြည်သူများအပေါ်တွင်သာ လုံးလုံး မူတည်တော့သည်။

## ၆.၄.၃ ဘန်ဆာမိုရို ဖွံ့ဖြိုးရေးအေဂျင်စီ (Bangsamoro Development Agency (BDA))[5]

ဘန်ဆာမိုရို ဖွံ့ဖြိုးရေးအေဂျင်စီ (BDA) ကို ဖိလစ်ပိုင်နိုင်ငံအစိုးရနှင့် မိုရို အစ္စလာမ်မစ် လွတ်မြောက်ရေးတပ်ဦး (government of the Philippines and the Moro Islamic Liberation Front (GPH-MILF)) တို့က ၂၀၀၂ ခုနှစ် ငြိမ်းချမ်းရေးဆွေးနွေးပွဲများလုပ်ဆောင်စဉ် ဖန်တီးခဲ့ကြသည်။ BDA တည်ထောင်ခြင်းကို ၂၀၀၁ ခုနှစ် GRP-MILF ထရိုင်ပိုလီ ငြိမ်းချမ်းရေးသဘောတူစာချုပ်ဖြင့် တရားဝင်ဖြစ်စေခဲ့သည်။ ၂၀၀၂ ခုနှစ် မေလ (၂၂) ရက်နေ့တွင် အကောင်အထည်ဖော်ရေး စည်းမျဉ်းစည်းကမ်းများကို မလေးရှားနိုင်ငံ၊ ပူထရာဂျာယာတွင် လက်မှတ်ရေးထိုးခဲ့

[5] ယခုအပိုင်းကို Borneo Research Institute, Universiti Malaysia Sabah မှ Ayesah Abubakar က ကူညီရေးသားပေးထားသည်။

သည်။ အဖွဲ့များအကြား ယုံကြည်ချက်တည်ဆောက်ရေးလုပ်ဆောင်ချက် အစိတ်အပိုင်းတစ်ခုအနေဖြင့် MILF ကို ၎င်းကိုယ်ပိုင်ဖွံ့ဖြိုးရေးအဖွဲ့တည်ထောင်ရန် ခွင့်ပြုခဲ့သည်။ BDA ၏ တာဝန်မှာ ပဋိပက္ခဒေသများတွင် ရပ်ရွာလူထု အခြေပြု စီမံကိန်းများရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန် ဖြစ်သည်။ အဆိုပါ စီမံကိန်းများကို အစိုးရနှင့် အလှူရှင်အဖွဲ့များက ရန်ပုံငွေထောက်ပံ့ရန်ဖြစ်သည်။ သို့သော် BDA ကို အလွယ်တကူ မွေးဖွားနိုင်ခဲ့ခြင်းတော့ မဟုတ်ပေ။ ရှေးဦးစွာ ယင်းက တရားဝင်အဖွဲ့အစည်း (သို့) အစိုးရတစ်ရပ် မဟုတ်ပေ။ သို့ဖြစ်လေရာ ယင်းကို တိုက်ရိုက်ရန်ပုံငွေထောက်ပံ့ခြင်းနှင့် ဥပဒေဆိုင်ရာသဘောတူညီချက်များတွင် မပါဝင်နိုင်ပေ။ အကျိုးဆက်အနေဖြင့် BDA က ၎င်းတို့ ဒေသများတွင် အလိုအပ်ဆုံး ဖွံ့ဖြိုးရေးစီမံကိန်းအမျိုးအစားများကို ပြည်သူလူထုနှင့် ကြံစည် ဆွေးနွေးကြပြီး ယင်းစီမံကိန်းများကို ပဋိပက္ခသက်ရောက်ခြင်းခံရသည့် အုပ်စုများနှင့် မိတ်ဖက်ပြုကာ အကောင်အထည်ဖော်ရန် အစိုးရ (သို့) အလှူရှင်များက ကိုယ်စားလှယ်လွှဲထားသည့် NGO များနှင့် အတူလုပ်ဆောင်ကြသည်။ ထိုသို့လုပ်ဆောင်ရာတွင် BDA လုပ်ဆောင်ပုံက MILF နှင့် ပဋိပက္ခကြောင့် သက်ရောက်မှုခံရသည့် အဖွဲ့များအကြား ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် စပ်လျဉ်းပြီး ယုံကြည်မှုကို တိုးမြင့်နိုင်ခဲ့သည်။ တစ်နည်းအားဖြင့်ဆိုသော် BDA ၏ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးကို အဓိကထားသည့် လုပ်ငန်းများက ငြိမ်းချမ်းရေးဖန်တီးခြင်းဖြစ်ပွားနေစဉ်တွင် ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ် အစိတ်အပိုင်း တစ်ခုဖြစ်လာသည်။ ထို့ပြင် BDA တည်ရှိခြင်းက အဆိုနှစ်ခုကို သက်သေပြနိုင်ခဲ့သည်။ MILF က ဖွံ့ဖြိုးတိုးတက်ရေးကို ဆန့်ကျင်ခြင်းမရှိဟူသည့်အချက်နှင့် အစိုးရကဖွံ့ဖြိုးရေးကို ပုန်ကန်သူများအား တန်ပြန်သည့် မဟာဗျူဟာအတွက် အသုံးမပြုဟူသည့် အချက်များဖြစ်သည်။ ယင်းတို့နှစ်ခုလုံးမှာ ထိုကာလတွင် ပြည်သူများ၏ အမြင်များဖြစ်ကြသည်။

၂၀၀၅ ခုနှစ်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ သမ္မတအကြံပေးရုံး (Office of the Presidential Adviser on the Peace Process (OPAPP)) မှတစ်ဆင့် ကမ္ဘာ့ဘဏ်နှင့် BDA တို့က ပူးတွဲလိုအပ်ချက်ကောက်ခံခြင်း (Joint Needs Assessment (JNA)) ကို လုပ်ဆောင်ခဲ့ကြသည်။ အဆိုပါ JNA က မင်ဒါနောင်တွင် ပဋိပက္ခဖြစ်ပွားရသည့် အဓိက အကြောင်းအရင်းများကို ၎င်း၏ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဓိကပါဝင်လုပ်ဆောင်ပေးနိုင်သည့်အချက်အဖြစ် ဖော်ပြထားသည်။ ဆင်းရဲမွဲတေမှုမဟုတ်ဘဲ မတရားမှုကို နားလည်သဘောပေါက်ခြင်းက ပဋိပက္ခ၏ အဓိက အကြောင်းရင်းခံဖြစ်သည်။ ထို့ပြင် ၂၀၀၆ ခုနှစ်တွင် ဂျပန် နိုင်ငံတကာပူးပေါင်းရေးအေဂျင်စီ (Japan International Cooperation Agency (JICA)) က မလေးရှားနိုင်ငံ ပီနန်းမြို့တွင် ကျင်းပခဲ့သော ငြိမ်းချမ်းရေး အတွက် ပူးပေါင်းလုပ်ဆောင်ခြင်း (Consolidation for Peace (COP)) အစည်းအဝေးတွင် BDA နှင့် တွေ့ဆုံခဲ့သည်။ ထိုအစည်းအဝေးတွင် BDA က JICA ကို ၎င်းတို့နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ သမ္မတ အကြံပေးရုံးမှတဆင့် ပူးတွဲအလုပ်လုပ်ရန် အကြံပြုခဲ့သည်။ ထို့ကြောင့် ၂၀၀၈ ခုနှစ်တွင် JICA နှင့် BDA တို့က ပြန်လည်တည်ဆောက်ရေး ဂျပန်-ဘန်ဆာမိုရို လှုပ်ရှားမှု (Japan-Bangsamoro Initiatives for Reconstruction (J-BIRD)) အစီအစဉ်ကို စတင်ခဲ့သည်။ BDA ၏ အလှူရှင် အေဂျင်စီများနှင့် အစိုးရတို့နှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် BDA က ၎င်း၏ ကိုယ်ပိုင်လူမှုရေးပြင်ဆင်ရေးအစီအစဉ်ကိုလည်း ဖော်ထုတ် ကျင့်သုံးနိုင်ခဲ့သည်။ ဤသည်ကို "တန်ဖိုးများ အသွင်ပြောင်းလဲခြင်းဆိုင်ရာ သင်တန်း" ("Values Transformation Training (VTT)) အစီအစဉ်ဟု သိကြသည်။ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာနှင့်

အကောင်အထည်ဖော်ရာတွင် အတွေးအခေါ်နှင့် တန်ဖိုးစနစ်တစ်ခုအဖြစ်ကျင့်သုံးရန် VTT ကို BDA နှင့် သက်ဆိုင်သည့် လူထုအား သင်ကြားပို့ချပေးခဲ့သည်။

BDA အဆုံးသတ် ပါဝင်အထောက်အကူပြုခဲ့သော ကိစ္စရပ်မှာ ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့သည့် ဘန်ဆာမိုရို ဖွံ့ဖြိုးရေး အစီအစဉ် (Bangsamoro Development Plan (BDP)) မူကြမ်းရေးဆွဲခဲ့ခြင်း ဖြစ်သည်။ BDP က ရေရှည်တည်တံ့သော လူသားဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ချဉ်းကပ်ပုံများအား ဘန်ဆာမိုရိုတွင် ကာလရှည်ကြာသော ငြိမ်းချမ်းရေးရရှိရန် သော့ချက်အဖြစ် ပိုမိုအားကောင်းစေသည့် ဖွံ့ဖြိုးရေးမူဘောင် တစ်ခုအဖြစ် မိတ်ဆက်ခဲ့သည်။ ဤသည်ကို အဆိုပါအသိုင်းအဝိုင်းများတွင် ကာလရှည်ကြာ လက်နက်ကိုင် အကြမ်းဖက်မှုများနှင့် ပဋိပက္ခများ၏ သက်ရောက်မှုများကိုဖြေရှင်းရန် အရေးပါသောချဉ်းကပ်ပုံအဖြစ် လက်ခံခဲ့ကြသည်။ ရေရှည်တည်တံ့သော လူသားဖွံ့ဖြိုးမှုအစီအစဉ်များ၏ ချဉ်းကပ်ပုံကို အခြေခံပြီး မဟာဗျူဟာတွင် နယ်ပယ် (၆) ခု ပါဝင်ခဲ့သည်။ (၁) စီးပွားရေးနှင့် အသက်မွေးဝမ်းကြောင်း၊ (၂) လူမှုဝန်ဆောင်မှုများ - ပညာရေး၊ ကျန်းမာရေး၊ လူမှုအကာအကွယ်၊ နေအိမ်၊ သောက်သုံးရေနှင့် သန့်ရှင်းရေး၊ (၃) အခြေခံ အဆောက်အအုံ - စီးပွားရေး၊ လူမှုဝန်ဆောင်မှုများ၊ ယဉ်ကျေးမှုဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကူညီထောက်ပံ့ခြင်း၊ (၄) ယဉ်ကျေးမှုနှင့် ကိုယ်ပိုင်သရုပ်လက္ခဏာ၊ (၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ၊ (၆) အုပ်ချုပ်မှု - နိုင်ငံရေး၊ တရားမျှတမှု၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ ဖြစ်ကြသည်။ ထို့ပြင် ကျား၊မရေးရာ၊ ကလေးသူငယ်များ၊ ငြိမ်းချမ်းရေးနှင့် အစားအစာဖူလုံရေးတို့ကို ဖွံ့ဖြိုးရေးအစီအစဉ်အားလုံးတွင် ထည့်သွင်းရမည့် ကိစ္စရပ်များအဖြစ် သတ်မှတ်ခဲ့ကြသည်။

၂၀၁၉ ခုနှစ် မတ်လတွင် မူဆလင်မင်ဒါနောင်မှ ဘန်ဆာမိုရို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (Bangsamoro Autonomous Region in Muslim Mindanao (BARMM)) က အစိုးရသစ်အဖြစ် စတင်ခဲ့သည်။ BARMM က ပထမဆုံး တရားဝင်အစိုးရအနေဖြင့် ဖွံ့ဖြိုးရေးအစီအစဉ်များကို စတင်ခဲ့သော်လည်း ယင်းက ဘန်ဆာမိုရို ဖွံ့ဖြိုးရေး အစီအစဉ်ကို အဆိုပါဒေသအတွက် အရင်းအမြစ်နှင့် အစီအစဉ်အသစ်ဖန်တီးရာတွင် လမ်းညွှန်အဖြစ် အသုံးပြုခဲ့သည်။ ထို့ပြင် BDA ပါ ပါဝင်လုပ်ဆောင်ပေးမှုတစ်ခုဖြစ်သော VTT က ပို၍ဆွဲဆောင်မှုရှိသည့် လူမှုပြောင်းလဲရေးနည်းလမ်းတစ်ခုဖြစ်လာပြီး ဖွံ့ဖြိုးရေးအစီအစဉ်များ အကောင်အထည်ဖော်ရာတွင် BARMM နှင့် ၎င်း၏ မိတ်ဖက်များအားလုံးအတွက် ရွေးချယ်စရာဖြစ်လာသည်။ တစ်ဖက်တွင်လည်း BDA သည် BARMM ၏ အစိတ်အပိုင်းတစ်ခု ဖြစ်မလာသော်လည်း ဘန်ဆာမိုရို ငြိမ်းချမ်းရေးဖြစ်စဉ်၏ သဘောတူညီချက် နှောင်းပိုင်း ကာလတွင် ၎င်း၏ အေဂျင်စီများ၊ အလှူရှင်အဖွဲ့အစည်းများ၊ ပဋိပက္ခကြောင့်သက်ရောက်ခြင်းခံရသည့် အသိုင်းအဝိုင်းများနှင့် နီးကပ်စွာ အလုပ်လုပ်ခဲ့ကြသည်။ ဤသည်မှာ မင်ဒါနောင်တွင် ငြိမ်းချမ်းရေး ရေရှည်တည်တံ့ရေး ဖြစ်စဉ်အတွက် အရေးပါသည့် ပါဝင်လုပ်ဆောင်မှုတစ်ရပ် ဖြစ်သည်။

## ၆.၅ ဂျန်ဒါနှင့် ငြိမ်းချမ်းရေး

တိုက်ရိုက်လက်နက်ကိုင် အကြမ်းဖက်ပဋိပက္ခများတွင် အမျိုးသမီးများနှင့် မိန်းကလေးများအတွက် အစားအသောက်၊ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုဘဝများငြင်းပယ်ခံရခြင်းသည် ယခုထက်ထိ တွေ့မြင်နေရ

သည့် ဖြစ်ရပ်တစ်ခုဖြစ်သည် (Mazurana and McKay, 2001)။ အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့၏ အခြေခံအခွင့်အရေးများကိုလေးစားပြီး အသိအမှတ်ပြုခံရသင့်သည်။ သို့ဖြစ်လေရာ ကမ္ဘာ့အသိုင်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းတို့က အမျိုးသမီးများကို ထိခိုက်နစ်နာအောင်လုပ်ဆောင်သော မတရားလုပ်ဆောင်ခြင်းများ၊ တိုက်ရိုက်အကြမ်းဖက်မှုများ၊ ယဉ်ကျေးမှုဆိုင်ရာအကြမ်းဖက်မှုနှင့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ အကြမ်းဖက်မှုများကို ခိုင်မာစွာ ငြင်းပယ်ရမည်။

အကြမ်းဖက်သောပဋိပက္ခတစ်ခုတွင် အမျိုးသမီးများသည် ထိခိုက်နစ်နာသူများဖြစ်ရုံသာမက ကျူးလွန်သူများလည်း ဖြစ်နိုင်သည်။ ထို့ကြောင့် အမျိုးသမီးများ ငြိမ်းချမ်းရေးကြိုးပမ်းမှုများတွင် အကောင်းဆုံးပါဝင်နိုင်မှုက လွန်စွာအရေးပါပေသည်။ အမျိုးသမီးများနှင့် ကလေးများသည် လူ့အဖွဲ့အစည်းအတွင်းမှ အခြားသောအုပ်စုများ ထက်ပို၍ ထိခိုက်ခံစားရနိုင်ခြေများသော်လည်း လက်တွေ့တွင် အကြမ်းဖက်သောပဋိပက္ခသည် မည်သည့်အခါမှ ကျား၊ မ ဘက်မလိုက်သည့်ပုံစံ မရှိကြောင်း ပြသနေသည်။ စည်းမျဉ်းအားဖြင့် အဖွဲ့အစည်းများအားလုံးမှစ၍ အမျိုးသမီးများကို ဘေးဖယ်မထားရ၊ ၎င်းတို့၏ သဘောထားများနှင့် အခန်းကဏ္ဍများကို အသိအမှတ်ပြုရမည်ဟု သဘောတူထားရမည် ဖြစ်သည်။ သို့ဖြစ်လေရာ ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ်တွင် အမျိုးသားများနှင့် အမျိုးသမီးများ အပြည့်အဝပါဝင်ရန် တန်းတူနေရာရှိသင့်သည်။

မည်သို့ပင်ဆိုစေကာမူ အဖွဲ့များအားလုံးက ငြိမ်းချမ်းတည်ဆောက်ရေးတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို နေရာပေးလိုစိတ်ရှိရမည်ဖြစ်သည်။ အရေးပါသောဆုံးဖြတ်ချက်များကို အမျိုးသားများကသာ ချမှတ်အကောင်အထည်ဖော်သည့် ဖိုဝါဒကြီးစိုးသည့်ယဉ်ကျေးမှုတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍများကို ဘေးဖယ်ထားသော (သို့) ပယ်ဖျက်ထားသော ဖြစ်စဉ်တစ်ခု ရှိနေသည်။ ဤသည်မှာ အကျပ်အတည်းများ တည်ရှိနေဆဲဖြစ်သည့် ပဋိပက္ခလွန်အခြေအနေများတွင် အထူးသဖြင့် သိသာထင်ရှားသည်။ ထိုကဲ့သို့သော အခြေအနေမျိုးတွင် အကျပ်အတည်းမှအမြတ်ထုတ်နိုင်သူများမှာ များသောအားဖြင့် အမျိုးသားများဖြစ်ကြပြီး သူတို့က အခြေအနေကို အပြည့်အဝအခွင့်အရေးယူကြသည်။

ရေရှည်တည်တံ့သောငြိမ်းချမ်းရေးတွင် စိတ်ပါဝင်စားသောအဖွဲ့များအားလုံး အပြည့်အဝပါဝင်ခြင်းဖြင့် ၎င်းတို့၏ အခန်းကဏ္ဍကို ဖြည့်ဆည်းကြသည်။ အမျိုးသမီးများ အပြည့်အဝပါဝင်ခြင်းကို ပံ့ပိုးကူညီရန် ပထမအဆင့်မှာ အမျိုးသမီးများကို ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ်၏ အဆင့်များအားလုံး၌ ပါဝင်ခိုင်းခြင်းဖြင့် ကျား၊ မရေးရာကို ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ်တွင် စိမ့်ဝင်ပါဝင်စေခြင်းဖြစ်သည်။ ဒုတိယအဆင့်က ငြိမ်းချမ်းရေးတည်ဆောက်ရေး အကောင်အထည်ဖော်မှုတွင် ပို၍ပါဝင်နိုင်ရန် အမျိုးသမီးကွန်ရက်များ စုစည်းခြင်းနှင့် ထောက်ပံ့ခြင်းဖြစ်သည်။ နောက်ဆုံးအနေဖြင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် တိုက်ရိုက်ဆက်နွှယ်သည့် ကုလသမဂ္ဂဆုံးဖြတ်ချက်အမှတ် ၁၃၂၅ ကို ချဉ်းကပ်အရေးဆိုခြင်း ဖြစ်သည်။

## ၆.၅.၁ ကျား၊ မ ရေးရာကို စိမ့်ဝင်ပျံ့နှံ့အောင်လုပ်ဆောင်ခြင်း

တူညီသောအမှားများကို ထပ်ဖန်တလဲလဲကျူးလွန်ခြင်းအား ရှောင်ရှားနိုင်ရန် ငြိမ်းချမ်းရေးတည်ဆောက်ရေးတွင် အမျိုးသမီးများ၏ ပါဝင်မှု၊ အခန်းကဏ္ဍနှင့် သဘောထားဆိုင်ရာအမြင်များနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးဆိုင်ရာ သဘောတရားများတွင် အမျိုးသမီးများ၏ပါဝင်မှုတို့ကို လက်ခံသင့်သည်။ မန်ဆာဝ် ဖာကီ (Mansour Fakih (2013)) က "ဖွံ့ဖြိုးရေးမှ အမျိုးသမီးများ (women in development (or WID))" ဟူသည့် ပြဿနာရှိသည့် သဘောတရားတစ်ရပ်ကို သတိပေးခဲ့ကြသည်။ WID ကို နိုင်ငံတကာ ကုလသမဂ္ဂအေဂျင်စီများက ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးကြသော်လည်း NGO များက အမျိုးသမီးများကို အကူအညီမဲ့မှု စက်ဝန်းထဲသို့ ထပ်ဖန်တလဲလဲ ဆွဲချသည်။ "ကျား၊မ ရေးရာနှင့် ဖွံ့ဖြိုးရေး (gender and development (GAD))" ကမူ အမျိုးသမီးများကို စွမ်းဆောင်ရည်မြှင့်တင်ပေးပြီး အပြောင်းအလဲအတွက် ဦးဆောင်သူများပင် ဖြစ်လာစေသည် (Fakih, 2013)။

ဖွံ့ဖြိုးရေးမှ အမျိုးသမီးများအမြင်က အမျိုးသမီးပြဿနာများ၏ အကြောင်းရင်းခံမှာ ရရှိသည့်အရင်းအမြစ်များ အရည်အသွေးမပြည့်ဝခြင်းကြောင့် လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းရေးတည်ဆောက်သည့် ကြိုးပမ်းမှုများ အပါအဝင် အမျိုးသားများနှင့် ယှဉ်ပြိုင်နိုင်ခြင်းမရှိဟု ယူဆထားသည်။ သို့ဖြစ်လေရာ အမျိုးသမီးများ၏ ပညာရေးကို အတားအဆီးဖြစ်နေသည့် ခွဲခြားဆက်ဆံမှုများကိုဖယ်ရှားရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ ထိရောက်မှုရှိခြင်းနှင့် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးအတွက် အဆိုပါချဉ်းကပ်ပုံက စိမ့်ဝင်ပျံ့နှံ့နေသော်လည်း အမျိုးသမီးများကို ပညာပေးခြင်းနှင့် ခွဲခြားဆက်ဆံမှုတိုက်ဖျက်ရေးက အမျိုးသမီးများအတွက် မတရားမှုအား အဆုံးသတ်ရာတွင် အောင်မြင်ခြင်းမရှိဘဲ ရေတို၊ အသွင်ပြောင်းလဲခြင်းမရှိသည့် အပေါ်ယံအပြောင်းအလဲများသာ ထွက်ပေါ်လာစေသည်။

ကျား၊ မရေးရာနှင့် ဖွံ့ဖြိုးရေးအမြင်များက အမျိုးသမီးများကိုအာရုံစိုက်ရုံတင်မက အမျိုးသားများလည်း ပါဝင်စေသည်။ အဆိုပါချဉ်းကပ်ပုံက မတရားမှု၏သားကောင်များကို အပြစ်တင်ခြင်းမဟုတ်သလို အမျိုးသမီးများကိုသာ အလွန်အကျွံအာရုံစိုက်ခြင်းလည်း မဟုတ်ပေ။ ၎င်း၏ဗဟိုချက်က ဘုံသဘောတူနားလည်မှုဖြစ်သည်။ အမျိုးသမီးများ၏ပြဿနာက အမျိုးသားနှင့် အမျိုးသမီးများ လက်ခံကျင့်သုံးနေသည့် WID သဘောတရားတွင် အခြေခံသည်။ WID သည် မူဝါဒချမှတ်ရာတွင် လွှမ်းမိုးမှုရှိပြီး တဖြည်းဖြည်းနှင့် ကျား၊ မ အခြေပြုမျက်နှာသာပေးမှု (သို့) ကျား၊ မ ရေးရာကို လစ်လျူရှုထားခြင်းသို့ ရောက်ရှိသွားစေနိုင်သည်။ ကျား၊ မ အခြေပြုမျက်နှာသာပေးသည့် မူဝါဒများနှင့် ဖွံ့ဖြိုးရေးအရ ဖွံ့ဖြိုးရေးရလဒ် အများအပြားက အမျိုးသမီးများနှင့် အမျိုးသားများကို ကွဲပြားစွာ သက်ရောက်မှုရှိကြသည်။ တစ်ဖက်တွင်မူ GAD က ဥပမာ အသိုင်းအဝိုင်း၏ အလေ့အကျင့်များ၊ ဘာသာရေးယုံကြည်ချက်များနှင့် ဖွံ့ဖြိုးရေးစီမံကိန်းမူဝါဒများတွင် အမြစ်တွယ်ပြီး ကိန်းအောင်းနေသည့် ကျား၊ မရေးရာဆိုင်ရာ ယုံကြည်မှုများကြောင့် ဖြစ်ပွားရသည့် ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ မတရားမှုကို အာရုံစိုက်ထားသည့် ကျား၊ မရေးရာ အကဲဖြတ်သုံးသပ်မှုအား အပြည့်အဝအသုံးချသည်။ ယုံကြည်ချက်ကြောင့်ဖြစ်ပွားသည့် မတရားမှုကို ဖွံ့ဖြိုးရေးတွင် အမျိုးသမီးများအား ဘေးဖယ်ထားခြင်း၊ အမျိုးသမီးများကို တစ်ဆင့်နိမ့်သည်ဟုသတ်မှတ်ခြင်း၊ အမျိုးသမီးဂျန်ဒါကို ပုံစံခွက်အမြင်ရှိခြင်း၊ ကျား၊

မရေးရာအခြေပြုအကြမ်းဖက်ခြင်းနှင့် အမျိုးသမီးများအတွက် အလုပ်တာဝန်အလွန်အကျွံပေးခြင်းတို့အပါအဝင် အမျိုးမျိုးသောလုပ်ဆောင်ချက်များတွင် ကျင့်သုံးနေကြသည်။

ထို့ကြောင့် ကျား၊ မရေးရာ အကဲဖြတ်သုံးသပ်မှုက ငြိမ်းချမ်းရေးတည်ဆောက်ရေး၏ ကျား၊ မ ရေးရာ စိမ့်ဝင်ပျံ့နှံ့ရေးရှုထောင့်တစ်ခု ဖြစ်လာသည်။ ရှာ့ချ်နှင့် ဆီးဝက်ခ် (Schirch and Sewak (in Van Tongeren et al, 2005)) တို့၏ အဆိုအရ ကျား၊မရေးရာ စိမ့်ဝင်ပျံ့နှံ့ရေးဆိုသည်မှာ အမျိုးသမီးများကို ငြိမ်းချမ်းရေး တည်ဆောက်ရေး လုပ်ဆောင်ချက်များတွင် ပါဝင်စေခြင်းသာမကဘဲ အစိုးရများ၊ NGO များ၊ လုံခြုံရေး အင်အားစုများနှင့် နိုင်ငံတကာအဖွဲ့အစည်းများက အစီအစဉ်ချမှတ်ခြင်းဖြစ်စေ၊ အကောင်အထည်ဖော်ခြင်း ဖြစ်စေ၊ အကဲဖြတ်သုံးသပ်ခြင်းဖြစ်စေ ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ဆောင်ချက်များအားလုံးတွင် အောက်တွင်ဖော်ပြထားသည့်အတိုင်း ကျား၊ မ ရေးရာ အမြင်များကို အမြဲတစေအသုံးပြုရန်ကိုလည်း အဓိကထားသည်။

**ပုံ ၆.၂။ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းတွင် ကျား၊ မ ရေးရာ စိမ့်ဝင်ပျံ့နှံ့ရေးအတွက် အဓိကအဆင့်သုံးဆင့်**




**မူရင်း။** Schirch and Sewak, 2005

*ကျား၊ မ ရေးရာ အကဲဖြတ်သုံးသပ်ခြင်း။* ပဋိပက္ခတားဆီးရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းတို့၏ စီမံကိန်းရေးဆွဲခြင်းဖြစ်စဉ်မှစ၍ အကောင်အထည်ဖော်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း အဆင့်များအထိ အကဲဖြတ်သုံးသပ်ချက်များ လုပ်ဆောင်ရမည်။ အစောပိုင်းအစီအစဉ်ရေးဆွဲခြင်းများတွင် အမျိုးသားများနှင့် အမျိုးသမီးများ၏ သိသာထင်ရှားသည့် ကွာခြားချက်များကို တစ်ခါတရံ လစ်လျူရှုထားလေ့ ရှိကြသည်။ ကျား၊ မ ရေးရာ အကဲဖြတ်သုံးသပ်ခြင်းတွင် အမျိုးသားများနှင့် အမျိုးသမီးများအကြား တာဝန်များခွဲဝေယူခြင်းအပါအဝင် စစ်ပွဲနှင့် အကြမ်းဖက်သောပဋိပက္ခက အမျိုးသားနှင့် အမျိုးသမီးများကို မည်ကဲ့သို့ ကွဲပြားစွာသက်ရောက်မှု ရှိသည်နှင့် သက်ဆိုင်သည့် အချက်အလက်များ လိုအပ်သည်။ အမျိုးသမီးများသည် ငြိမ်းချမ်းရေးထိန်းသိမ်းရေး လုပ်ဆောင်ချက်များ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ ကြားဝင်ညှိနှိုင်းရေးနှင့် ရပ်ရွာအခြေပြု ပြန်လည်ရင်ကြားစေ့ရေးတို့တွင် အစမှစ၍ ပါဝင်ရမည်ဖြစ်သည်။

*ကျား၊ မ တန်းတူညီမျှမှု။* ကျား၊ မ တန်းတူညီမျှမှု၏ ရည်မှန်းချက်များကို ငြိမ်းချမ်းရေးဇာတ်ကောင်များအားလုံးက တန်ဖိုးထားရမည်။ ကျား၊ မ တန်းတူညီမျှရေးဆိုသည်မှာ အမျိုးသားများနှင့် အမျိုးသမီးများအကြား တန်းတူအခွင့်အရေးများ၊ အရင်းအမြစ်များနှင့် လေးစားမှုများကို ညွှန်းဆိုခြင်းဖြစ်သည်။ ဤသည်မှာ အမျိုးသမီးများသည် အမျိုးသားများအတိုင်း တူတူဖြစ်ရမည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ ၎င်းတို့သည် တူညီသော အခြေအနေများတွင် နေထိုင်၊ အလုပ်လုပ်သင့်သည်။ ကျား၊ မ တန်းတူညီရေးသည် အစီအစဉ်၏ အစိတ်အပိုင်းများအားလုံးတွင် အဓိကကျသည့် ရည်မှန်းချက်တစ်ခု ဖြစ်လာသည့်အခါ၊ အမျိုးသမီးများကို အချို့သော ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ပါဝင်ခိုင်းခြင်းမျှသာမဟုတ်သည့်အခါ ငြိမ်းချမ်းရေးတည်ဆောက်ရေး အစီအစဉ်က ကျား၊ မ တန်းတူညီရေးအတွက် အထောက်အကူပြုသည်။ အမျိုးသမီးများအတွက် တန်းတူလက်လှမ်းမီမှု၊ အခွင့်အရေးများနှင့် အရင်းအမြစ်များမပေးနိုင်သည့် အသိုင်းအဝိုင်းများသည် အဆိုပါ ရည်မှန်းချက်များ ပြည့်မီနိုင်ရန် ယာယီအထူးဦးစားပေးအစီအစဉ်များကို အသုံးပြုရမည်ဖြစ်သည်။

*ကျား၊ မ ကိုယ်စားပြုမှု။* ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်းများသည် အမျိုးသမီးများနှင့် အမျိုးသမီးအဖွဲ့အစည်းများကို ၎င်းတို့၏ လုပ်ဆောင်ချက်အဆင့်တိုင်း၌ အပြည့်အဝပါဝင်စေရမည်။ အမျိုးသမီးခေါင်းဆောင်များနှင့် ၎င်းတို့၏အဖွဲ့များက ၎င်းတို့၏အကဲဖြတ်သုံးသပ်ချက်များနှင့် အကြံဉာဏ်များကို တင်ပြရန်နှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ငန်းများတွင် ၎င်းတို့ စွမ်းအင်များ ထည့်သွင်းနိုင်ရန် ငြိမ်းချမ်းရေးတည်ဆောက်ရေးဆိုင်ရာ ဇာတ်ကောင်များအားလုံးကို လက်လှမ်းမီ ဆက်သွယ်နိုင်ရမည်ဖြစ်သည်။ မတူညီသောအဖွဲ့အစည်းများနှင့် လူမျိုးစုအုပ်စုများအကြား ဆက်ဆံရေးတည်ဆောက်ပေးခြင်း၊ အချက်အလက်များ စုဆောင်းခြင်းနှင့် အထူးသဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်သည့် ကိစ္စရပ်များကို ကိုင်တွယ်ရန် ဦးစားပေးမှုများနှင့် မဟာဗျူဟာများချမှတ်ရာတွင် အမျိုးသမီးများက လွန်စွာထိရောက်သည်။ သို့ဖြစ်လေရာ အမျိုးသမီးအုပ်စုများအကြားစည်းလုံးမှုက မြင့်မားသည်ဟု ကျွန်ုပ်တို့ ဝန်ခံကြရလိမ့်မည်။

## ၆.၅.၂ အမျိုးသမီးအုပ်စု ကွန်ရက်များ

အကြမ်းဖက်သောပဋိပက္ခ၏ ဖျက်ဆီးမှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး ကြိုးပမ်းမှုများ၏ ရှုပ်ထွေးမှုက အဖွဲ့များနှင့် အသိုင်းအဝိုင်းအုပ်စုများ နှစ်အုပ်စုလုံးကို ပဋိပက္ခများတွင် ကျူးလွန်သူများနှင့် ထိခိုက်နစ်နာသူများအဖြစ် ပါဝင်စေရန်လိုအပ်သည်။အမျိုးသမီးအုပ်စု ကွန်ရက်များက ရေရှည်တည်တံ့သောငြိမ်းချမ်းရေးရရှိစေရန် လိုအပ်သည့် အလားအလာရှိသော အုပ်စုများထဲမှ တစ်စုဖြစ်နိုင်သည်။ ရှာ့ချ်နှင့် ဆီးဝက်ခ် (Schirch and Sewak (2005)) တို့၏ အဆိုအရ အမျိုးသမီးအုပ်စုများသည် ပူးပေါင်းရန်နှင့် လက်တွဲလုပ်ဆောင်ရန် လွယ်ကူသည်။ တစ်ချိန်တည်းမှာပင် သူတို့က အထက်၊ အောက် ရာထူးများကို သိပ်ဂရုမစိုက်ကြဘဲ ပို၍ ဖန်တီးမှုရှိကြသည်။ ဖိအားများသောအခြေအနေများတွင် အလုပ်လုပ်နိုင်ကြသည်။ ဤသည်မှာ မာယိုပလာဇာမှ အာဂျင်တီးနား ဖွားဖွားများ၊ ငြိမ်းချမ်းရေးအတွက် လိုင်ဘေးရီးယမ်း အမျိုးသမီးများစုပေါင်းလှုပ်ရှားမှုနှင့် ဆိုမာလီ အမျိုးသမီးများနှင့် ကလေးငယ်များ ကူညီကယ်ဆယ်ရေးကဲ့သို့သော အမျိုးသမီးအုပ်စုအများအပြားကို ၎င်းတို့ လေ့လာဆန်းစစ်ခြင်းများအား အခြေခံထားသည်။

ဂျမ်မူးနှင့် ကက်ရှ်မီးယားဒေသမှ အမျိုးသမီးအုပ်စုများအကြောင်း အခြားစိတ်ဝင်စားဖွယ်ရာ တွေ့ရှိချက်တစ်ခုက (Gupta and Gopinath, in Van Tongeren et al (2005)) ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ်များတွင် အမျိုးသမီးများ၏ ရှေ့မတိုး၊ နောက်မဆုတ်သာ အခြေအနေများအား ဖြေရှင်းနိုင်သည့် စွမ်းဆောင်ရည်နှင့် သက်ဆိုင်သည်။ ဥပမာ ကက်ရှ်မီးယားတွင် မူဆလင်များ၊ ဟိန္ဒူများနှင့် ဆစ်ခ်ဘာသာ ကိုးကွယ်သူများအကြား သွေးစွန်းသောပဋိပက္ခများက ငြိမ်းချမ်းရေးအတွက် အခွင့်အလမ်းမရှိနိုင်တော့လောက်သည်အထိ မယုံကြည်မှု၊ မကျေနပ်မှုနှင့် စိတ်ဒဏ်ရာများကို ဖန်တီးခဲ့သည်။ ထိုသို့ဖြစ်လင့်ကစား ဆာမန်ဘယ်လ်မှ ဒုက္ခသည်စခန်းများတွင် အမျိုးသမီးအုပ်စုများ တွေ့ဆုံကြကာ ၎င်းတို့၏ မျှော်လင့်ချက်များ၊ ပျော်ရွှင်ခြင်းများနှင့် ဝမ်းနည်းမှုများကို ဝေမျှကြသည်။ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် အမှန်တရားက တစ်ခုတည်းမရှိဘဲ ငြိမ်းချမ်းရေး တည်ဆောက်ရေးဖြစ်စဉ်သည် အားလုံးဘုံသဘောတူညီသည့် အမှန်တရားများကို ရှာဖွေဖော်ထုတ်ရန်ဟူသည့် အချက်ကို အပြန်အလှန် နားလည်သဘောပေါက်လာကြသည်။

အကြမ်းဖက်သော ပဋိပက္ခများကြောင့် ဖြစ်ပွားရသည့် စိတ်ဒဏ်ရာများကို ကုစားခြင်းက ငြိမ်းချမ်းရေး တည်ဆောက်ရေးဖြစ်စဉ်တွင် အရေးအပါဆုံးလုပ်ဆောင်ချက်များထဲမှ တစ်ခုဖြစ်သည်။ များသောအားဖြင့် ထိုနယ်ပယ်တွင် အမျိုးသမီးအုပ်စုများက ဦးဆောင်ကြသည်။ အမျိုးသမီးများနှင့် ကလေးငယ်များအတွက် လူမှု စိတ်ပညာလုပ်ဆောင်ချက်များ၊ အခြေအနေတူအုပ်စုလိုက် ရင်ဖွင့်ဆွေးနွေးခြင်းများ၊ ဖျော်ဖြေရေးအစီအစဉ်များ အတူတကွလုပ်ဆောင်ခြင်း၊ သီချင်းဆိုခြင်း၊ အနုပညာအစီအစဉ်များတို့က အမျိုးသမီးအုပ်စုများ အဓိက လုပ်ဆောင်လေ့ရှိကြသော စိတ်ဒဏ်ရာကုစားရေးလုပ်ဆောင်ချက်များဖြစ်သည်။ အမျိုးသမီးအုပ်စုများက ထိုသို့သော စိတ်ဒဏ်ရာများနှင့်ပတ်သက်ပြီး သုတေသနများလည်းလုပ်ဆောင်ကြပြီး ပဋိပက္ခကြောင့် ထိခိုက်နစ်နာသူများ ပြန်လည်နလန်ထူလာစေရန် အစည်းအဝေးများကျင်းပခြင်း၊ ချဉ်းကပ်အရေးဆိုသည့် လုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကိုလည်း ဆောင်ရွက်ကြသည်။

အခြားသောလုပ်ဆောင်ချက်များက အသိုင်းအဝိုင်း၏ စီးပွားရေးနလန်ထူလာစေရေးဖြစ်သည်။ ဥပမာ အင်ဒိုနီးရှားနိုင်ငံ မာလူကူတွင် ဂရုစိုက်သောအမျိုးသမီးများလှုပ်ရှားမှုက ပဋိပက္ခဖြစ်နေသည့် မူဆလင်နှင့် ခရစ်ယာန်အုပ်စုများအတွက် ပူးတွဲဈေးရုံများ တည်ဆောက်ပေးခဲ့သည်။ ထိုအချိန်တွင် အသိုင်းအဝိုင်းများသည် ဘာသာရေးအပေါ်မူတည်ပြီး အုပ်စုများကွဲနေကြသည်။ မာလူကူတွင် အကြမ်းဖက်သည့် ဘာသာရေးအခြေပြု ပဋိပက္ခအပြီးတွင် ပူးတွဲဈေးရုံက ပဋိပက္ခဖြစ်နေသည့်အသိုင်းအဝိုင်းနှစ်ခုမှ ကုန်သည်များကို ပြန်လည်ရင်ကြားစေ့စေသည်။ တွေ့ဆုံဆွေးနွေးခြင်းများအရှိမြင့်လာသည်နှင့် ဈေးရုံက ဆက်လက်ကြီးထွားလာ ပြီး ပဋိပက္ခဖြစ်နေသည့် အဖွဲ့များအကြား ယုံကြည်မှုနှင့် စာနာမှုများ ထွက်ပေါ်လာစေသည်။

အထက်တွင်ဖော်ပြခဲ့သည့် ဥပမာက အမျိုးသမီးအုပ်စုများ၏ပါဝင်ကူညီမှုများက ငြိမ်းချမ်းရေးရေရှည်တည်တံ့ ရေး လုပ်ဆောင်ချက်များတွင် သိသာထင်ရှားကြသည်။ ထို့ကြောင့် ထိုသို့သောအုပ်စုများက ၎င်းတို့အခန်းကဏ္ဍ ပိုမိုကြီးထွားလာနိုင်ရန် အထောက်အပံ့လိုအပ်သည်။ မတူညီသောပဋိပက္ခအခြေအနေများမှ အကောင်းဆုံး အလေ့အကျင့်များနှင့် သင်ခန်းစာများကို ပြည်တွင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာတွင် ဝေမျှရန် အမျိုးမျိုးသော

အနာဂတ်အစည်းအဝေးများ အလျင်အမြန်လုပ်ဆောင်သင့်သည်။ ကုလသမဂ္ဂအေဂျင်စီများ၊ ဒေသဆိုင်ရာ အေဂျင်စီများ၊ အစိုးရများနှင့် NGO များက အမျိုးသမီးကွန်ရက်များကို ဆက်လက်ကူညီထောက်ပံ့ပေးရန် လိုအပ်သည်။ ထိုမှသာ ၎င်းတို့က ငြိမ်းချမ်းရေးတည်ဆောက်ရေး ကြိုးပမ်းမှုများအတွက် အသံပိုကျယ်ကျယ်ထွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပြီး ၎င်းတို့၏ခွန်အားကို စုစည်းနိုင်ကြမည်ဖြစ်သည်။

## ၆.၅.၃ ကုလသမဂ္ဂ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အတွက် ချဉ်းကပ်အရေးဆိုခြင်း

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ (UN Security Council Resolution 1325 (UNSCR 1325)) က ပဋိပက္ခတားဆီးရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး အစီအစဉ်များတွင် အမျိုးသမီးများနှင့် အမျိုးသမီးအုပ်စုများ၏ ပူးပေါင်းပါဝင်မှုကို အာမခံပေးထားသည်။ ကုလသမဂ္ဂက အချို့သောနယ်ပယ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို ချဲ့ထွင်ရန်နှင့် တံဆိပ်ကပ်အမြင်များကိုဖယ်ရှားရန် ကြိုးပမ်းမှုများပြုလုပ်ခဲ့သော်လည်း အဖွဲ့အများအပြားက ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ငြင်းပယ်နေဆဲဖြစ်သည်။ ယေဘုယျအားဖြင့် ငြိမ်းချမ်းရေးတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ အရေးပါမှုကို အသိအမှတ်ပြုမှု မရှိသေးပေ။ သို့ရာတွင် အဆိုပါအုပ်စုများ၏ ကြိုးစားမှုကြောင့်၊ အထူးသဖြင့် အဓိက ချဉ်းကပ်အရေးဆိုသော အင်အားစုဖြစ်သည့် အမျိုးသမီးများနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာအစည်းအရုံး၏ ကြိုးပမ်းမှုကြောင့် နောက်ဆုံးတွင် ၂၀၀၀ ခုနှစ် အောက်တိုဘာလ (၃၀) ရက်နေ့၌ UNSCR ၁၃၂၅ ကို ပြဋ္ဌာန်းနိုင်ခဲ့သည်။

UNSCR ၁၃၂၅ တွင် အဓိက ထောက်တိုင်လေးခုပါရှိသည်။ (၁) အမျိုးသမီးများပါဝင်မှု၊ (၂) အကာအကွယ်ပေးရေး၊ (၃) တားဆီးခြင်းနှင့် (၄) ထောက်ပံ့ကူညီခြင်းနှင့် ပြန်လည်နလန်ထူရေးတို့ ဖြစ်ကြသည်။ ပထမမဏ္ဍိုင်အတွက် ရည်မှန်းချက်မှာ ပြည်တွင်း ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်များ၏ ဆုံးဖြတ်ချက်ချမှတ်ရေး ကိစ္စရပ်များအားလုံး၌ အမျိုးသမီးများ၏ပါဝင်မှုကို တိုးမြှင့်ရန်နှင့် ပဋိပက္ခတားဆီးရေး၊ စီမံခန့်ခွဲရေးနှင့် ဖြေရှင်းရေးယန္တရားများတွင် ပါဝင်ရန်ဖြစ်သည်။ ထို့ပြင် ထိုသို့သောပါဝင်မှုကို ငြိမ်းချမ်းရေးဆွေးနွေးရေး၊ ငြိမ်းချမ်းရေးစစ်ဆင်ရေးများတွင်လည်း ထည့်သွင်းသင့်ပြီး ငြိမ်းချမ်းရေးစစ်ဆင်ရေးများတွင် အမျိုးသမီးများသည် စစ်သားများ၊ ရဲများနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ် အခန်းကဏ္ဍများကပင် ပါဝင်သင့်သည်။ ဒုတိယမဏ္ဍိုင်ဖြစ်သော ကာကွယ်ရေးမဏ္ဍိုင်က အမျိုးသမီးနှင့် ကလေးငယ်များကို ဒုက္ခသည်စခန်းများကဲ့သို့သော အရေးပေါ်အခြေအနေများအပါအဝင် လိင်အခြေပြု အကြမ်းဖက်မှုများနှင့် ကျား၊ မ အခြေပြုအကြမ်းဖက်မှုများမှ ကာကွယ်ပေးရန်ဖြစ်သည်။ တတိယမဏ္ဍိုင်ဖြစ်သည့် တားဆီးရေးက ချိုးဖောက်သူများ (သို့) (အကြမ်းဖက်မှုကိုယ်၌က နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည့်) ထိုသို့သော အကြမ်းဖက်မှုများဖြစ်ပွားမှုအတွက် တာဝန်ရှိသူများကို အပြစ်ပေးအရေးယူခြင်း အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိုတားဆီးရန် ဝင်ရောက်စွက်ဖက်ရေး မဟာဗျူဟာများအား တိုးတက်စေဖို့ ရည်ရွယ်ထားသည်။ တားဆီးခြင်းက ပြည်တွင်းဥပဒေများတွင် အမျိုးသမီးများ၏အခွင့်အရေးများကို ခိုင်မာစေရန်နှင့် အမျိုးသမီးများလုပ်ဆောင်သည့် ငြိမ်းချမ်းရေးလှုပ်ရှားမှုများနှင့် ပဋိပက္ခဖြေရှင်းရေးဖြစ်စဉ်များကို ကူညီထောက်ပံ့ရန်လည်း ကြိုးပမ်းသည်။ နောက်ဆုံးအနေဖြင့် ထောက်ပံ့ကူညီခြင်းနှင့် ပြန်လည်

နလန်ထူခြင်းက ကျား၊ မရေးရာ ရှုထောင့်များမှတစ်ဆင့် နိုင်ငံတကာအကျပ်အတည်းများကို ကျော်လွှားရန် လုပ်ဆောင်ချက်များအား မြှင့်တင်ရန်နှင့် အမျိုးသမီးများနှင့် ကလေးငယ်များ၏ လိုအပ်ချက်များကို ထည့်သွင်း စဉ်းစားထားသည့် ဒုက္ခသည်စခန်းများ ဒီဇိုင်းရေးဆွဲရန်လည်း ပါဝင်သည်။ တစ်နည်းအားဖြင့်ဆိုသော် အဆိုပါ မဏ္ဍိုင်၏ရည်မှန်းချက်မှာ စစ်ပွဲများဖြစ်ပွားစဉ် (သို့) ဒုက္ခသည်စခန်းများတွင်နေထိုင်ရစဉ် အမျိုးသမီးများနှင့် ကလေးငယ်များ၏ သက်တောင့်သက်သာရှိမှုနှင့် လုံခြုံရေးတို့ကို လုပ်ဆောင်ပေးနိုင်ရန်ဖြစ်သည်။

UNSCR ၁၃၂၅ က အမျိုးသားခေါင်းဆောင်များနှင့် လက်နက်ကိုင်များကို အထူးသဖြင့် အမျိုးသမီးများနှင့် ကျယ်ပြန့်သောအုပ်စုများ၏ သဘောထားများအား နားထောင်ပေးရန်နှင့် ပို၍အလေးစိုက်ရန် အားပေးနိုင်မည်ဟု မျှော်လင့်ရသည်။ အမျိုးသားများက မကြာခဏဆိုသလို တန်းတူညီမျှမှုမရှိခြင်းဆိုင်ရာ ဆွေးနွေးမှုများနှင့် အမျိုးသမီးများနှင့် အထူးသက်ဆိုင်သည့် ပဋိပက္ခ၏သက်ရောက်မှုများဆိုင်ရာ ဆွေးနွေးမှုများကို လစ်လျူရှု ထားသည်။ ငြိမ်းချမ်းရေးတည်ဆောက်ရေး အစီအစဉ်များက အမျိုးသမီးများနှင့် အမျိုးသားများ မည်ကဲ့သို့ လက်တွဲလုပ်ဆောင်ကာ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် အကောင်းဆုံး ပါဝင်ဆောင်ရွက်နိုင်မည်ကို အလေးစိုက်သင့်သည်။ UNSCR ၁၃၂၅ သည် ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကြိုးပမ်းမှုများတွင် အမျိုးသမီးများနှင့် ကလေးငယ်များ စနစ်တကျနှင့် ရေရှည်ပါဝင်နိုင်ရန် ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်တစ်ခုလည်း ဖြစ်သည်။ UNSCR ၁၃၂၅ ၏ ရည်မှန်းချက်များ အောင်မြင်စေရန် တစ်ကမ္ဘာလုံးလုပ်ဆောင်ဖို့ လိုအပ်သည်။ သို့ဖြစ်လေရာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးက ယခုအခါ ကုလသမဂ္ဂအဖွဲ့အတွင်း အမျိုးသမီးများက အကြီးတန်းခေါင်းဆောင်မှု အဆင့်များအားလုံးတွင် ပါဝင်နိုင်ရန် အာမခံချက်ပေးခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၇၂) နိုင်ငံက UNSCR ၁၃၂၅ ၏ တန်ဖိုးများကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံအဆင့် လုပ်ငန်းအစီအစဉ်များ ဖွဲ့စည်းရေးဆွဲထားကြသည်။

## ၆.၆ နိဂုံး

ယခုအခန်းတွင် ငြိမ်းချမ်းရေးရေရှည်တည်တံ့ရန် အရေးပါသည့် သဘောတရားနှင့် အခြေအနေအများအပြားကို တင်ပြခဲ့သည်။ အထူးသဖြင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးက ပြည့်စုံသော ပြန်လည်ရင်ကြားစေ့ရေး ဖြစ်စဉ်အပေါ် မူတည်သည်ဟူသည့် အချက်ဖြစ်သည်။ ထိခိုက်နစ်နာသူများနှင့် ကျူးလွန်သူများကို လူသားအဖြစ် ပြန်လည်ရှုမြင်လာစေရန် ကြိုးပမ်းမှုများနှင့် အကြမ်းဖက်မှုကိုဆန့်ကျင်သည့် တန်ဖိုးအသစ်များ ပေါ်ထွက်လာမှု တို့က ရေရှည်တည်တံ့သောငြိမ်းချမ်းရေးကို အာမခံပေးသည်။ သို့ရာတွင် မာလူကူ ငြိမ်းချမ်းရေးဖြစ်စဉ်က ပြသခဲ့သည့်အတိုင်း ထိခိုက်နစ်နာသူဖြစ်သည်ဟု အပြိုင်ခံစားရသည့်ပြဿနာက ရှိနေသေးသည် (Malik, 2017)။ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးအကြား ဆက်ဆံရေးများတွင် ထိရှလွယ်သည်များရှိပြီး လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက ပြန်လည်ပြုပြင်တည်ဆောက်ရေး တရားမျှတမှုက ကျူးလွန်သူများ/ အပြစ်ရှိသူများ အတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရရှိအောင်သာ လုပ်ဆောင်ပေးသည်ဟု သံသယဝင်ကြသည်။ သို့ဖြစ်လေရာ ၎င်းတို့က ကျူးလွန်သူများကို ၎င်းတို့ ကျူးလွန်ခဲ့သည့်ရာဇဝတ်မှုများအတွက် အပြစ်ပေးအရေးယူသင့်သည်ဟု ထောက်ပြကြသည်။

ပဋိပက္ခကြောင့် ဖျက်ဆီးခံရသည့် လူ့အဖွဲ့အစည်းများကို ပြန်လည်တည်ဆောက်ခြင်းက လွယ်ကူသည့်ကိစ္စရပ် မဟုတ်ပေ။ စီးပွားရေး၊ နိုင်ငံရေးစနစ်များနှင့် တည်ဆောက်ပုံများ၊ ငြိမ်းချမ်းရေးယဉ်ကျေးမှု မည်သည်ကို အရင်ဦးဆုံး ပြန်လည်တည်ဆောက်ရမည်နည်း။ ပဋိပက္ခဒေသအများအပြားတွင် စီးပွားရေးပြန်လည် မတည်ဆောက်မီ နိုင်ငံရေးစနစ်များကို ပြန်လည်တည်ဆောက်လေ့ရှိကြသော်လည်း ထိုသို့သောမဟာဗျူဟာများ က ပဋိပက္ခလွန်အသိုင်းအဝိုင်းများ၏ ဖူလုံကြွယ်ဝမှုကို တိုးတက်စေဖို့ ပျက်ကွက်လေသည်။ ထို့ပြင် ယခုအခန်းက ပဋိပက္ခလွန် ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေး ရရှိစေရေးတို့တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ကို အာရုံစိုက်ထားသည်။ သို့ဖြစ်လေရာ ငြိမ်းချမ်းရေးအစီအစဉ်ရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးတို့တွင် တန်းတူညီသော ပြည့်စုံကျယ်ပြန့်သည့် ပတ်သက်မှုနှင့် ပါဝင်မှု၊ အမျိုးသမီးများနှင့် အမျိုးသားများအကြား လက်လှမ်းမီမှုကို တိုးတက်စေခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများတွင် အမျိုးသမီးများ (သို့) အမျိုးသမီး အုပ်စုများ၏ ကိုယ်စားပြုမှုကိုလည်း တိုးတက်စေခြင်းတို့က အနာဂတ်တွင် အခြေခံကျသောစည်းမျဉ်းများ ဖြစ်သင့်သည်။

နောက်ဆုံးအနေဖြင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်းများနှင့် ကြိုးပမ်းမှုများကို မြှင့်တင်ရန် အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အခန်းကဏ္ဍက မရှိမဖြစ်လိုအပ်သည်။ စည်းလုံးညီညွတ်မှုမြှင့်တင်ခြင်းနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲများ အတွက် IID ကဲ့သို့သော အဖွဲ့အစည်းများ၏ကြိုးပမ်းမှုများက အရှေ့တီမော၊ မြန်မာနှင့် မင်ဒါနောင်တို့တွင် ပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုခဲ့ပြီး ယင်းတို့ကို ဆက်လက် ကူညီထောက်ပံ့သင့်သည်။ မင်ဒါနောင်တွင် BDA ၏ ကြိုးပမ်းမှုများနှင့် AWPR မှ တစ်ဆင့် WPS အစီအစဉ်အတွက် ASEAN-IPR ၏ ထောက်ပံ့မှုများကလည်း အလားတူပင်ဖြစ်သည်။ အရေးအကြီးဆုံးမှာ အဆိုပါ ကြိုးပမ်းမှုများအားလုံးအတွက် အဓိကအချက်သည် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းမှာ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် အဓိကသော့ချက်ပင် ဖြစ်သည်။

## ဆွေးနွေးရန် မေးခွန်းများ

၁။ အမျိုးမျိုးသောပဋိပက္ခဒေသများတွင် ပြန်လည်ရင်ကြားစေ့ရေးအတွက် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့သော်လည်း အဘယ်ကြောင့် အရှေ့တောင်အာရှနိုင်ငံများသည် လူမှုစီးပွားရေး ပဋိပက္ခများတွင် ထိခိုက်လွယ်ဆဲ ဖြစ်နေရသနည်း။

၂။ ပဋိပက္ခဖြေရှင်းရေးအပြီးတွင် ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့အောင် မည်သို့လုပ်ဆောင်မည်နည်း။

၃။ ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်တွင် အဘယ်ကြောင့် ဒေသခံလူထုပါဝင်မှုက အရေးပါသနည်း။

၄။ အဘယ်ကြောင့် တရားမျှတမှုကို တစ်ခါတရံ ငြိမ်းချမ်းရေးနှင့် လိုက်ဖက်ညီမှုမရှိဟု ရှုမြင်ကြသနည်း။ အရှေ့တောင်အာရှအတွက် မည်သည်က ပို၍ အရေးကြီးသနည်း။

၅။ ပြန်လည်ပြုပြင်တည်ဆောက်ရေးဆိုင်ရာ တရားမျှတမှုချဉ်းကပ်ပုံက ကာလရှည်ကြာပဋိပက္ခအတွက် မည်ကဲ့သို့အကျိုးပြုသနည်း။

၆။ ဒေသတွင်း ရေရှည်တည်တံ့သောငြိမ်းချမ်းရေးအတွက် အမျိုးသမီးများ၏လှုပ်ရှားမှုများက မည်ကဲ့သို့ အထောက်အကူဖြစ်သနည်း။

၇။ အရှေ့တောင်အာရှတွင် ဘာသာရေးနှင့် လူမျိုးစု ကွာခြားမှုများက ပဋိပက္ခ၏ အကြောင်းရင်းခံ ဖြစ်နေသေးပါသလား။

၈။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဖွံ့ဖြိုးရေးက အဘယ်ကြောင့် အရေးပါသော်လည်း ခက်ခဲသည့်အစိတ်အပိုင်း ဖြစ်ရသနည်း။

၉။ အရှေ့တောင်အာရှဒေသတွင် ရေရှည်တည်တံ့သောငြိမ်းချမ်းရေး ရရှိရန်အတွက် မည်သည်တို့ကို လုပ်ဆောင်နိုင်သနည်း။

## ဖတ်ရှုရန် အကြံပြုချက်များ


1. Bar-Siman-Tov, Y, *From Conflict Resolution To Reconciliation*, New York: Oxford University Press, 2004.
2. Christie, DJ, Wagner, RV, and Winter, DD, *Peace, Conflict, and Violence: Peace Psychology for the 21st Century*, Delhi: IA Books, 2001. Available at https://u.osu.edu/christie/about/peace-conflict-and-violence-peace-psychologyfor-the-21st-century/, accessed on 23 September 2021.
3. Malik, I, *Resolusi Konflik: Jembatan Perdamaian*, Jakarta: Penerbit Buku KOMPAS, 2017.
4. Montiel, CJ, and Noor, NM (eds), *Peace Psychology in Asia*, New York: Springer, 2009.
5. Van Tongeren, P, Brenk, M, Hellema, M, and Verhoeven, J (eds), *People Building Peace II:*

# အခန်း 7

## ငြိမ်းချမ်းရေးအတွက် ဒေသဆိုင်ရာမူဘောင်

# အခန်း (၇) ငြိမ်းချမ်းရေးအတွက် ဒေသဆိုင်ရာမူဘောင်

**အဘူဘာကာ အဘီ ဟာရာ (Abubakar Eby Hara)[1]**

## ၇.၁ မိတ်ဆက်

ယခုအခန်းက ငြိမ်းချမ်းရေးအတွက် ဒေသဆိုင်ရာမူဘောင်များ၊ အထူးသဖြင့် အရှေ့တောင်အာရှဒေသတွင် ပဋိပက္ခများဖြေရှင်းရာ၌ အာဆီယံ၏ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ချဉ်းကပ်ပုံနှင့်စပ်လျဉ်းပြီး ဆွေးနွေးသွားမည် ဖြစ်ပါသည်။ အာဆီယံ၏ချဉ်းကပ်ပုံက စစ်အေးကာလဖြစ်ရပ်များကဲ့သို့ စစ်ပွဲမရှိသောအခြေအနေတစ်ရပ်ကို လိုလားရာမှ နိုင်ငံလုံခြုံရေးထက် လူသားလုံခြုံရေးကိုပိုအာရုံစိုက်သည့် လူသားလုံခြုံရေးကဲ့သို့ ကျယ်ပြန့်သော ကိစ္စရပ်များပါဝင်သည့် ချဉ်းကပ်ပုံတစ်ခုအဖြစ် ပြောင်းလဲလာခဲ့သည်။ ၎င်း၏ အဖွဲ့ဝင်များထံမှ တောင်းဆိုချက်များအပြင် အာဆီယံထံ ပြင်ပခြိမ်းခြောက်မှုများကြောင့်လည်း အဆိုပါအပြောင်းအလဲ ဖြစ်ပွားလာခဲ့ရသည်။ အဖွဲ့တွင်းတွန်းအားများက အင်အားအလယ်အလတ်သာရှိသည့် နိုင်ငံများဖြစ်သည့် အလျောက် အာဆီယံနိုင်ငံများသည် ၎င်းတို့အကြားပြဿနာများနှင့် ၎င်းတို့နှင့် ပြင်ပနိုင်ငံများအကြား ပြဿနာများကိုကျော်လွှားရန် အတူတကွပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည့်အချက်နှင့် သက်ဆိုင်သည်။ ပူးပေါင်းဆောင်ရွက်ရေးက စီးပွားရေးအတွက် ဦးစားပေးဖြစ်သည့် ဥရောပသမဂ္ဂ (European Union (EU)) နှင့် ဆန့်ကျင်စွာပင် အရှေ့တောင်အာရှနိုင်ငံများ ပူးပေါင်းရသည့် အဓိကအကြောင်းအရင်းမှာ နိုင်ငံရေးနှင့် လုံခြုံရေးတို့နှင့် သက်ဆိုင်သည်။ ထိုနိုင်ငံများက ပြင်ပဝင်ရောက်စွက်ဖက်မှုများကင်းဝေးသည့် ငြိမ်းချမ်းသော ဒေသတစ်ခုကို တည်ထောင်လိုသည်။ ထိုမှသာ ၎င်းတို့အနေဖြင့် နိုင်ငံတွင်းနှင့် ဒေသတွင်းကြွခိုင်မှုကို အာရုံစိုက်နိုင်မည်ဖြစ်သည်။

အရှေ့တောင်အာရှ နိုင်ငံငါးနိုင်ငံဖြစ်သော အင်ဒိုနီးရှား၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့က အစပြု၍ အာဆီယံအဖွဲ့ကို ၁၉၆၇ ခုနှစ် ဩဂုတ်လ (၈) ရက်နေ့တွင် ဘန်ကောက်မြို့၌ ဦးစွာ စတင်ကြေညာခဲ့သည်။ တင်းမာပြီး သံသယဖြင့်ဆက်ဆံနေသော ဒေသတွင်းဆက်ဆံရေးများနှင့် ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်နိုင်ငံတို့အကြား ယှဉ်ပြိုင်မှုကြီးစိုးနေသည့် နိုင်ငံတကာအသိုင်းအဝိုင်းတွင် အာဆီယံ၏ မွေးဖွားမှုက မထင်မရှားသာ ရှိခဲ့သည်။ ထိုအချိန် ဒေသတွင်း၌လည်း ထိပ်တိုက်တွေ့ဆုံမှု (သို့မဟုတ် မလေးရှားဖက်ဒရေးရှင်း တည်ထောင်မှုကို အင်ဒိုနီးရှား၏ တုံ့ပြန်မှုကြောင့် ဖြစ်ပေါ်လာသော အကြမ်းဖက်ပဋိပက္ခ) ပြီးဆုံးခါစ အင်ဒိုနီးရှားနှင့် မလေးရှား ကဲ့သို့သော နိုင်ငံများအကြား မယုံကြည်မှုမှ ထွက်ပေါ်လာသည့် တင်းမာမှုများ ရှိနေသည်။ အလားတူပင် မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံများကလည်း ဘော်နီယိုကျွန်း မြောက်ပိုင်းဒေသဖြစ်သည့် ဆာဘားကျွန်းနှင့် ပတ်သက်၍ အငြင်းပွားမှုများရှိနေပြီး ထိုင်းနိုင်ငံကလည်း အင်ဒိုချိုင်းနားဒေသတွင် ကွန်မြူနစ်များ၏ လွှမ်းမိုးမှုအပေါ် ရတတ်မအေး ဖြစ်နေခဲ့သည်။

[1] ယခုအခန်းအတွက် မှတ်ချက်များနှင့် အကြံဉာဏ်များပေးခဲ့သော Yukiko Nishikawa, Kamarulzaman Askandar နှင့် Ayesah Abubakar တို့ကို စာရေးသူက ကျေးဇူးတင်ရှိပါသည်။

အစောပိုင်းတွင် ပူးပေါင်းမှုက အတော်လေးနှေးကွေးခဲ့သည်။ ၁၉၈၆ ခုနှစ်မှသာ အာဆီယံက ၎င်း၏ ပထမဆုံး ညီလာခံကိုကျင်းပခဲ့ပြီး အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးများအတွက် လမ်းညွှန်ချက်ပေးမည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပဋိညာဉ် (Treaty of Amity and Cooperation (TAC)) ကို ထုတ်ပြန်ခဲ့သည်။ ညီလာခံတွင် အာဆီယံက ပူးပေါင်းရေးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်၍ ယခင်ရှိခဲ့သော ယူဆချက်များ အားလုံးကို ထပ်မံအတည်ပြုသည့် ကြေညာချက်တစ်ရပ်အား ထုတ်ပြန်ခဲ့သည်။ အရေးအပါဆုံးမှာ ဝင်ရောက် မစွက်ဖက်ရေးမူဝါဒနှင့် ပဋိပက္ခများဖြေရှင်းရန် အင်အားသုံးခြင်းအား အဆုံးသတ်ရန် ဖြစ်သည်။ TAC ၏ အဓိက မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) *နိုင်ငံများအားလုံး၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာ၊ တန်းတူညီမှု၊ အချုပ်အခြာအာဏာ မပြိုကွဲရေးနှင့် အမျိုးသား ကိုယ်ပိုင်သရုပ်လက္ခဏာများကို အပြန်အလှန်လေးစားရန်*

(ခ) *နိုင်ငံများအားလုံးသည် ၎င်းတို့နိုင်ငံအား ပြင်ပဝင်ရောက်စွက်ဖက်မှုများ၊ သွေးခွဲမှုများ၊ ဖိအားပေးမှု များမှ ကင်းလွတ်စွာဖြင့် ဦးဆောင်ခွင့်ရရန်*

(ဂ) *တစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံများက ဝင်ရောက်မစွက်ဖက်ရန်*

(ဃ) *ကွဲပြားမှုများ (သို့) အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် အဖြေရှာရန်*

(င) *အင်အားသုံးရန် ခြိမ်းခြောက်မှု (သို့) အင်အားသုံးခြင်းကို စွန့်လွှတ်ရန်*

(စ) *အဖွဲ့ဝင်များအကြား ထိရောက်စွာပူးပေါင်းဆောင်ရွက်ရန် (ASEAN-AIPR, 1976)*

ညီလာခံနှင့် TAC တို့က အင်ဒိုချိုင်းနားကျွန်းဆွယ်တွင် အထူးသဖြင့် ဗီယက်နမ်တောင်ပိုင်း၊ လာအိုနှင့် ကမ္ဘောဒီးယားတို့၌ ကွန်မြူနစ်ဝါဒကျဆုံးပြီးနောက် စစ်ရေးအရတင်းမာမှုများ တိုးပွားလာခြင်းကိုတုံ့ပြန်ရန် ရည်ရွယ်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ ဗီယက်နမ်နိုင်ငံ၏ ကြားဝင်စွက်ဖက်မှုပြီးနောက် အာဆီယံအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံက အမျိုးမျိုးသော နိုင်ငံတကာဖိုရမ်များတွင် ကြားဝင်စွက်ဖက်မှုကို ဆန့်ကျင်ရန် သံတမန်ရေးကို တက်ကြွစွာအသုံးပြုခဲ့ကြသည်။ ၁၉၉၁ ခုနှစ် ပြီးပြည့်စုံသော ကမ္ဘောဒီးယား ငြိမ်းချမ်းရေး သဘောတူစာချုပ် မတိုင်မီအထိ အာဆီယံ၏လုပ်ဆောင်ချက်များက ကွန်မြူနစ်ခြိမ်းခြောက်မှုအား ကျော်လွှားရန် ကြိုးပမ်းမှုများကို အဓိကထားအာရုံစိုက်ခဲ့သည်။ ထို့ကြောင့် အစောပိုင်း အာဆီယံ၏အခန်းကဏ္ဍက အဖွဲ့ဝင်နိုင်ငံများအကြား အငြင်းပွားမှုများကို ဖြေရှင်းရန် (သို့) တင်းမာမှုကို လျှော့ချရန်သာ အဓိကထား အာရုံစိုက်ခဲ့သည်။ အပြည့်အဝမအောင်မြင်သော်လည်း အနည်းဆုံး အဆိုပါအခန်းကဏ္ဍက အာဆီယံနိုင်ငံများအကြား ပဋိပက္ခနှင့် စစ်ပွဲများ ပြောင်ပြောင်တင်းတင်းဖြစ်ပွားခြင်းကို တားဆီးနိုင်ခဲ့သည်။ ထို့ကြောင့် အာဆီယံအဖွဲ့က ၎င်း၏ ကိုယ်ပိုင်သရုပ်လက္ခဏာကို တည်ထောင်ရာနှင့် အငြင်းပွားမှုများကို ဖြေရှင်းရာတွင် *အာဆီယံနည်းလမ်း* ဖော်ထုတ်ရာ၌ အတိုင်းအတာတစ်ခုအထိ အောင်မြင်ခဲ့သည်ဟု ဆိုနိုင်သည်။

ကွန်မြူနစ်ခြိမ်းခြောက်မှုများကို ကိုင်တွယ်ခဲ့သည့်အတွေ့အကြုံက အာဆီယံကို ဒေသဆိုင်ရာ နိုင်ငံရေးနှင့် စီးပွားရေး ကိစ္စရပ်အများအပြားအား နှစ်စဉ်ဆွေးနွေးနိုင်ရန် အာဆီယံဝန်ကြီးများညီလာခံ ASEAN Post Ministerial Conference (PMC) နှင့် အာဆီယံဒေသဆိုင်ရာဖိုရမ် (ASEAN Regional Forum (ARF)) ကဲ့သို့သော ပူးပေါင်းဆောင်ရွက်ရေးနှင့် ဆွေးနွေးရေးဖိုရမ်များကို ထွက်ပေါ်လာစေခဲ့သည်။ အဆိုပါဖိုရမ်များတွင် အာဆီယံက

နိုင်ငံများအကြား ပဋိပက္ခများကိုဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်ရေးစံနှုန်းများကို အဓိကထားခဲ့သည်။ ဆက်လက်ပြီး ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် ရှေ့ခြေလှမ်းတစ်ရပ်အဖြစ် မှတ်ယူကြသည့် အာဆီယံပဋိညာဉ်ကို ဖန်တီးခြင်းဖြင့် အာဆီယံက ၎င်းတို့အဖွဲ့ကို ပို၍ခိုင်မာသော အင်စတီကျူးရှင်းတစ်ရပ် ဖြစ်လာစေရန် လုပ်ဆောင်ခဲ့သည်။ ပဋိညာဉ်သည် အာဆီယံကို ပို၍ အင်စတီကျူးရှင်းအရ ခိုင်မာသည့်အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန် စမှတ်တစ်ခုဖြစ်သောကြောင့် ယင်းမှာ အရေးပါသည်။ ဒေသတွင်း လူ့အခွင့်အရေး ကိစ္စရပ်များအပေါ် ၎င်း၏စိုးရိမ်ပူပန်မှုကိုပြသရန် လူ့အခွင့်အရေးဆိုင်ရာ အာဆီယံအစိုးရများကော်မရှင် (SEAN Inter-governmental Commission on Human Rights (AICHR)) ကို တည်ထောင်ခြင်းဖြင့် အာဆီယံက ပြည်သူများအတွက် ပို၍အသုံးဝင်သော အင်စတီကျူးရှင်းတစ်ခုဖြစ်လာရန် ၎င်း၏ မျှော်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ခဲ့သည်။

နောင်နှစ်များတွင် အဆိုပါဒေသဆိုင်ရာအဖွဲ့အစည်းက အာဆီယံလူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာပြီး ယခုအခါ နိုင်ငံအခြေပြုချဉ်းကပ်ပုံဖြင့် လည်ပတ်နေသည်။ အာဆီယံက သမာရိုးကျ လုံခြုံရေး ကဏ္ဍများသာမက သမာရိုးကျမဟုတ်သည့် လူသားလုံခြုံရေးကဏ္ဍတွင်ပါ အခန်းကဏ္ဍတစ်ခုလုပ်ဆောင်ရန် လိုအပ်သည်။ အဖွဲ့ဝင်နိုင်ငံများတွင်ဖြစ်ပွားသည့် ရွှေ့ပြောင်းလုပ်သားများ၊ လူကုန်ကူးခြင်း၊ ခိုးဝင်ခြင်း၊ စီးပွားရေး မညီမျှမှု၊ အကျင့်ပျက်ခြစားခြင်း၊ အစားအစာဖူလုံရေး အစရှိသည့် လူမှုပြဿနာများကို ကျော်လွှားရန်အပါအဝင် လူ့အဖွဲ့အစည်းအတွက် အမှန်တကယ်အထောက်အကူပြုရန် တာဝန်များကိုလည်း ပို၍ ပေးခံလာရသည် (Intal, Ruddy, Suhud, Setyadi, and Silka Hapsari, 2016)။ အဆိုပါ နောက်ခံအခြေအနေတွင် အာဆီယံက ထိုကိစ္စရပ်များကို ကျော်လွှားရန် ဥပမာ (၁) နိုင်ငံရေး-လုံခြုံရေးအသိုင်းအဝိုင်း၊ (၂) စီးပွားရေးအသိုင်းအဝိုင်းနှင့် (၃) လူမှုယဉ်ကျေးမှုအသိုင်းအဝိုင်းဟူ၍ အသိုင်းအဝိုင်း မဏ္ဍိုင်သုံးရပ်ကို တည်ထောင်ခဲ့သည်။ သို့ရာတွင် အဆိုပါအခန်းကဏ္ဍကို မကြာခဏဆိုသလို အချုပ်အခြာအာဏာနှင့် ဝင်ရောက်မစွက်ဖက်ရေးအား အဓိကထား သည့် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်ရေးစည်းမျဉ်းများက ကန့်သတ်ထားသည်။ မည်သို့ပင်ဆိုစေကာမူ အဓိကအားဖြင့် အမျိုးမျိုးသော အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ဖိအားများကြောင့် အဖွဲ့ဝင်နိုင်ငံများတွင် အဆိုပါပြဿနာများအား ကျော်လွှားရာ၌ ပိုမိုကြီးမားသောအခန်းကဏ္ဍမှပါဝင်ရန် ကြိုးပမ်းမှုများကို ဆက်လက်လုပ်ဆောင်ကြသည် (Abdulrahim and Almuttaqi, 2017)။

ယခုအခန်းတွင် ကျွန်ုပ်တို့က အာဆီယံ၏ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခစီမံခန့်ခွဲရေး ရှုထောင့်များနှင့် အဆိုပါရှုထောင့် ကို ဒေသတွင်းဖြစ်ပေါ်တိုးတက်မှုများက မည်ကဲ့သို့သက်ရောက်မှုရှိသည်ကို ဆွေးနွေးသွားပါမည်။ ပထမဦးစွာ အာဆီယံ၏ ငြိမ်းချမ်းရေးဆိုင်ရာသီအိုရီမူဘောင်များကို မိတ်ဆက်သွားပါမည်။ ထို့နောက် ပဋိပက္ခစီမံခန့်ခွဲရေး နှင့် ငြိမ်းချမ်းရေးမြှင့်တင်ရေးဆိုင်ရာ အာဆီယံမူဘောင်ဖော်ထုတ်ခြင်းကို လေ့လာသွားမည်။ တတိယအနေဖြင့် တည်ဆောက်ခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေးနှင့် ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေး သဘောတရားနှင့် အာဆီယံတွင် ယင်းသဘောတရား၏သင့်လျော်မှုကို လေ့လာဆန်းစစ်သွားပါမည်။ စတုတ္ထအနေဖြင့် ကျွန်ုပ်တို့က အာဆီယံ၏ တရားဝင်အဖွဲ့ခွဲများ (AICHR, AIPR, AHA Centre) ၏ အခန်းကဏ္ဍများကိုအဓိကထားသည့် အာဆီယံနည်းလမ်းကိုကျော်လွန်သော အာဆီယံ၏ ပဋိပက္ခစီမံခန့်ခွဲမှုကို ရှင်းပြသွားပါမည်။ ပဉ္စမအနေဖြင့် ဒေသတွင်းပဋိပက္ခများတွင် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ကြားဝင်ညှိနှိုင်းပေးသူနှင့် ကြားဝင်ဆွေးနွေးပေးသူ

အခန်းကဏ္ဍများကို ထပ်မံရှင်းလင်းပြသွားပါမည်။ ထို့နောက် အာဆီယံမှ နိုင်ငံတော် မဟုတ်သည့် ဇာတ်ကောင်များ၏ အခန်းကဏ္ဍနှင့် အာဆီယံနှင့် လူထုလုပ်ဆောင်ချက်ဖြစ်စဉ်များ မည်ကဲ့သို့ အတူတကွ လုပ်ဆောင်သွားနိုင်မည်ကို ဆွေးနွေးပြီး နိဂုံးချုပ်ပါမည်။

## ၇.၂ အာဆီယံတွင် ငြိမ်းချမ်းရေးဆိုင်ရာ သီအိုရီမူဘောင်

သီအိုရီအရ အာဆီယံ၏ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံတကာဆက်ဆံရေးအရ ရှုထောင့်သုံးခုမှ လေ့လာနိုင်သည်။ လက်တွေ့ဝါဒ၊ လစ်ဘရယ်ဝါဒနှင့် တည်ဆောက်ရေးဝါဒတို့ဖြစ်ကြပြီး ယင်းတို့အားလုံးက ကျွန်ုပ်တို့ အာဆီယံကို ပိုမိုနားလည်စေရန် အထောက်အကူပြုသည်။ အာဆီယံ၏ ပြင်ပနှင့် အတွင်း ပတ်ဝန်းကျင် ပြောင်းလဲလာပုံနှင့် ၎င်း၏ ရှုပ်ထွေးမှုတို့က အချို့သောကာလများတွင် ရှုထောင့်တစ်ခုက ပိုမိုသင့်လျော်ခဲ့ပြီး အချို့ကာလများတွင် အခြားရှုထောင့်များက ပိုမိုသင့်လျော်သည့် ရှုပ်ထွေးမှုကို ပြသနေသည်။ ဥပမာ လက်တွေ့ဝါဒရှုထောင့်က စစ်အေးကာလအတွင်း အာဆီယံထွက်ပေါ်လာမှုကို အခြားသောရှုထောင့်များထက် ပို၍ပြည့်စုံစွာရှင်းပြနိုင်သည်။ တစ်ချိန်တည်းမှာပင် လစ်ဘရယ်နှင့် တည်ဆောက်ရေးဝါဒချဉ်းကပ်ပုံများက အထူးသဖြင့် လူမှုရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေးနယ်ပယ်များတွင် ဒေသစည်းလုံးရေးအတွက် အာဆီယံ၏ပူးပေါင်းမှုများကို ရှင်းပြရာတွင် ပို၍သင့်လျော်မည်ဖြစ်သည်။

ရှုထောင့်သုံးခုလုံးက ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး မတူညီသောအမြင်များ ရှိကြသည်။ လက်တွေ့ဝါဒ၏ တွက်ချက်မှုများတွင် ငြိမ်းချမ်းရေးကို စစ်ပွဲမရှိသော၊ နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံအပေါ် ကြီးမားသော စစ်ရေး ခြိမ်းခြောက်မှုများမရှိသည့် ပတ်ဝန်းကျင်ဟု ပိုမိုရှုမြင်ကြသည်။ လစ်ဘရယ်ဝါဒတွင် ငြိမ်းချမ်းရေးကို ပို၍ ကျယ်ပြန့်စွာ ရှုမြင်ကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းက နိုင်ငံများအကြား အလုပ်ဖြစ်သည့် ပူးပေါင်းမှုများနှင့် သက်ဆိုင်သောကြောင့် ဖြစ်သည်။ အထူးသဖြင့် ငြိမ်းချမ်းရေးနှင့် ကုန်သွယ်ရေး နယ်ပယ်များ၌ အဆိုပါ ပူးပေါင်းရေးက အပြန်အလှန်မှီခိုခြင်းကို ဖန်တီးပြီး နိုင်ငံများအကြား ပဋိပက္ခများဖြစ်နိုင်ခြေကို တားဆီးပေးသည်။ တည်ဆောက်ရေးဝါဒရှုထောင့်မှကြည့်လျှင် ဇာတ်ကောင်များက အမျိုးမျိုးသော တွေ့ဆုံဆွေးနွေးရေး လုပ်ဆောင်ချက်များမှတစ်ဆင့် ကိုယ်ပိုင်သရုပ်လက္ခဏာနှင့် ပူးပေါင်းဆောင်ရွက်မှုစံနှုန်းများ တည်ဆောက်ရန် ကြိုးပမ်းခြင်းဟု ငြိမ်းချမ်းရေးကို ရှုမြင်ကြသည်။

သို့ရာတွင် ရှုထောင့်သုံးခုလုံးပါဝင်သော ငြိမ်းချမ်းရေးသဘောတရားတစ်ခု လိုအပ်သည်။ အာဆီယံတွင် ငြိမ်းချမ်းရေးဖြစ်ပေါ်ပြောင်းလဲမှုကို ဘောင်သွင်းနိုင်သည့် သဘောတရားတစ်ခုမှာ ဂျိုဟန်ဂယ်လ်တန်၏ တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသောငြိမ်းချမ်းရေးနှင့် ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေး သီအိုရီ ဖြစ်သည်။ ယေဘုယျအားဖြင့် ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေးဆိုသည်မှာ နိုင်ငံများအကြား စစ်ပွဲများနှင့် အကြမ်းဖက်မှုများ မရှိသည့် ပတ်ဝန်းကျင်ဖြစ်သည်။ ဆန့်ကျင်ဘက်အနေဖြင့် တည်ဆောက်ခြင်းအားဖြင့်ဖန်တီးသောငြိမ်းချမ်းရေးဆိုသည်မှာ ငြိမ်းချမ်းရေးကို ကျယ်ပြန့်သောပုံစံဖြင့် ထောက်ပံ့နိုင်ရန် အမျိုးမျိုးသော သဘောထားများ၊ အင်စတီကျူးရှင်းများနှင့် လုပ်ဆောင်ချက်များတည်ဆောက်ခြင်းနှင့် ပို၍ သက်ဆိုင်သည် (Galtung, 1964)။ အထက်တွင်ဖော်ပြခဲ့သော သီအိုရီဆိုင်ရာရှုထောင့်သုံးမျိုးကို အဆိုပါသီအိုရီ

ဖြင့် လွယ်ကူစွာအဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ သို့ဖြစ်လေရာ လက်တွေ့ဝါဒက ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးနှင့် ပို၍နီးစပ်ပြီး လစ်ဘရယ်ဝါဒနှင့် တည်ဆောက်ရေးဝါဒတို့က တည်ဆောက်ခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးနှင့် ပို၍ ဆင်တူသည်။

အာဆီယံ၏ ငြိမ်းချမ်းရေးအမြင်များ ပြောင်းလဲလာမှုကိုမဆွေးနွေးမီ ယခုအပိုင်းက အာဆီယံ၏ ဖြစ်ပေါ်တိုးတက်မှုများကို လက်တွေ့ဝါဒ၊ လစ်ဘရယ်ဝါဒနှင့် တည်ဆောက်ရေးဝါဒ ချဉ်းကပ်ပုံများမှတဆင့် ဦးစွာ လေ့လာသွားပါမည်။ လက်တွေ့ဝါဒ ချဉ်းကပ်ပုံက အာဆီယံ၏ အစောပိုင်း ဖြစ်ပေါ်တိုးတက်မှုများသည် စစ်ပွဲများ (သို့) စစ်ပွဲများ ပျံ့နှံ့မှုကို တားဆီးရန် အဓိကထားကြောင်း ရှင်းလင်းပြနိုင်သည်။ လစ်ဘရယ်နှင့် တည်ဆောက်ရေး ဝါဒ ချဉ်းကပ်ပုံများက ငြိမ်းချမ်းသောဆက်ဆံရေး စံနှုန်းများအတွက် ပို၍အလုပ်ဖြစ်သော ပူးပေါင်းရေးနှင့် ထောက်ပံ့ရေးများ ဖြစ်နိုင်ခြေကို ရှာဖွေခဲ့ကြသည်။

နိုင်ငံတကာဆက်ဆံရေး၏ သီအိုရီရှုထောင့်ကို ဆွေးနွေးထားခြင်းက စာမျက်နှာအခက်အခဲကြောင့် အပေါ်ယံမျှသာဖြစ်ကြောင်း ပြောလိုပါသည်။ အာဆီယံက ၎င်းကိုယ်၎င်း အသွင်ပြောင်းလဲခြင်းဖြင့် အချိန်ကာလအလိုက် စိန်ခေါ်မှုများကို မည်သို့တုံ့ပြန်သည်ကို အဓိကထားရှင်းပြသွားပါမည်။ အဆိုပါ အသွင်ပြောင်းလဲမှု ဖြစ်ပွားရခြင်းမှာ အစောပိုင်းတွင် အာဆီယံက ၎င်း၏အဖွဲ့ဝင်များအကြား ရပ်ဆိုင်းခြင်းဖြင့် ဖန်တီးသည့် ငြိမ်းချမ်းရေး (သို့) စစ်ပွဲမရှိသည့် ပတ်ဝန်းကျင်တစ်ခုကိုသာ စိတ်ကျေနပ်နေခဲ့သော်လည်း ဒေသတွင်း နောက်ခံအခြေအနေများ ပြောင်းလဲလာခြင်းက အချိန်နှင့်အမျှ ပြောင်းလဲလာသည့် သဘောတရားနှင့် တောင်းဆိုချက်များကို ဖြေရှင်းနိုင်ရန် အပြောင်းအလဲ လိုအပ်လာခြင်းကြောင့် ဖြစ်သည်။ ထို့နောက် အာဆီယံက ကျယ်ပြန့်သော လူမှုရေး၊ စီးပွားရေးနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ ကိစ္စရပ်အများအပြားတွင် ပူးပေါင်းရေးများ မြှင့်တင်ခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် ပို၍ အပြုသဘောဆောင်သော ထောက်ပံ့မှုများ ပြုလုပ်နိုင်ရန် ကြိုးပမ်းလာခဲ့သည်။ ဂယ်လ်တန်၏ ငြိမ်းချမ်းရေးသီအိုရီကို အခြေခံရလျှင် ယခင်က ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေးကိုသာ အာရုံစိုက်ခဲ့သော အာဆီယံတွင် သိသာထင်ရှားသည့် ဖြစ်ပေါ်ပြောင်းလဲမှုများသည် ယခုအခါ အာဆီယံကို တည်ဆောက်ခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေးဆီသို့ ပြောင်းလဲစေနိုင်ခဲ့သည်။

## ၇.၂.၁ လက်တွေ့ဝါဒရှုထောင့်

လက်တွေ့ဝါဒရှုထောင့်အရ ဒေသတွင်းအခြေအနေတစ်ရပ်သည် မည်မျှပင်တည်ငြိမ်စေကာမူ စစ်ရေးအရ ခြိမ်းခြောက်မှု ဖြစ်နိုင်ခြေက ရှိနေဆဲဖြစ်သည်။ နိုင်ငံများသည် မင်းမဲ့ကမ္ဘာလောကကြီးတွင် ၎င်းတို့ရှင်သန်ရေးကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည် (Lebow, 2016)။ ဤသည်မှာ ဘာဆီယံနိုင်ငံများအကြား ဆက်ဆံရေး သမိုင်း၏ မေ့ဖျောက်မရနိုင်သော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ထိုသို့သောတင်းမာမှုများ နောက်တစ်ကြိမ် ပြန်လည်ထွက်ပေါ်လာခြင်းမရှိဟု အာမမခံနိုင်ပေ။ သို့ရာတွင် ၎င်းတို့၏ အိမ်နီးချင်းများကို သံသယဝင်ခြင်းများ က သမိုင်းကြောင်းနှင့် ပထဝီနိုင်ငံရေး အခြေအနေများကြောင့် ဖြစ်သည်။ သမိုင်းကြောင်းဆိုင်ရာရှုထောင့်မှ ကြည့်လျှင် အင်ဒိုချိုင်းနားနိုင်ငံများသည် စစ်ပွဲများတစ်လှည့်၊ မိတ်ဖက်များတစ်လှည့် ဖြစ်ခဲ့ကြသည်။ ဥပမာ

ဗီယက်နမ်နှင့် ထိုင်းနိုင်ငံအကြား တည်ရှိသောကြောင့် ကမ္ဘောဒီးယားနှင့် လာအိုတို့သည် ထိုနိုင်ငံနှစ်နိုင်ငံ၏ လွှမ်းမိုးရန် ကြိုးပမ်းမှုများကို တွေ့ကြုံခဲ့ရသည်။ သို့ရာတွင် မကြာသေးမီကာလများအတွင်း ကမ္ဘောဒီးယားသည် ၎င်းကို ယာယီ စစ်ရေးအာမခံချက်များနှင့် စီးပွားရေးပူးပေါင်းမှုများပေးသည့် တရုတ်နိုင်ငံနှင့် မိတ်ဖက်ပြုရန် ပို၍ လိုလားလာသည်။ ပထဝီဝင်အနေအထားအရ စင်ကာပူကဲ့သို့သော ကျွန်းဆွယ်နိုင်ငံက မလေးလူမျိုးအများစု အိမ်နီးချင်းနိုင်ငံနှင့် စစ်ပွဲဖြစ်နိုင်ခြေကို ထည့်သွင်း၍ ၎င်းတို့၏ လုံခြုံရေးကို ဒီဇိုင်းရေးဆွဲထားသည်။

အာဆီယံသည် ၁၉၇၀ ပြည့်လွန်နှစ်များတွင် အင်ဒိုချိုင်းနားဒေသမှ ကွန်မြူနစ်ခြိမ်းခြောက်မှုများ ရင်ဆိုင်ခဲ့ရလေရာ လက်တွေ့ဝါဒရှုထောင့် တွက်ချက်မှုများကို အသုံးပြုခဲ့ကြသည်။ သို့ဖြစ်လေရာ အာဆီယံက ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဗီယက်နမ်၏ ကမ္ဘောဒီးယားနိုင်ငံအား ဝင်ရောက်ကျူးကျော်မှုကို ရင်ဆိုင်ရသည့်အခါ သံတမန်ရေးရာအားထုတ်မှုများ ပြုလုပ်ခဲ့ရသည်။ ထိုအချိန်တွင် အာဆီယံငါးနိုင်ငံက ဝင်ရောက်မစွက်ဖက်ရေးနှင့် ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းရေးတို့အား အာရုံစိုက်ခဲ့သည်။ ၎င်း၏ သံတမန်ရေးရာအားထုတ်မှုများကို အရှေ့တောင်အာရှတွင် ဗီယက်နမ်၏ ကွန်မြူနစ်ဝါဒလွှမ်းမိုးမှု ကျယ်ပြန့်လာခြင်းအား စိုးရိမ်နေသည့် အနောက်နိုင်ငံများက ထောက်ခံခဲ့ကြသည်။ နောက်ဆုံးတွင် အဆိုပါ သံတမန်ကြိုးပမ်းမှုများက ကုလသမဂ္ဂ၏ ထောက်ပံ့မှုရရှိခဲ့ပြီး ငြိမ်းချမ်းရေးသဘောတူစာချုပ်အရ ဗီယက်နမ်နိုင်ငံက ကမ္ဘောဒီးယားနိုင်ငံမှ ၎င်းတို့၏ တပ်များကို ရုတ်သိမ်းကာ ဒီမိုကရေစီနည်းလမ်းကျသည့် ရွေးကောက်ပွဲများ ချက်ချင်းကျင်းပခဲ့သည် (Mcgrew and Worden, 2017)။

တစ်ချိန်တည်းမှာပင် အာဆီယံက ကွန်မြူနစ်ဆန့်ကျင်သည့်ဘက်ကို ယိမ်းသော်လည်း တရားဝင်အားဖြင့် အနောက်နိုင်ငံအုပ်စု၏ အဖွဲ့ဝင်ဖြစ်မလာခဲ့ပေ။ သို့ဖြစ်လေရာ အာဆီယံက အာရှပစိဖိတ်ဒေသအတွင်း အခြားနိုင်ငံများနှင့် နီးကပ်သောဆက်ဆံရေးကို ထိန်းသိမ်းထားနိုင်ပြီး နိုင်ငံခြားဝင်ရောက်စွက်ဖက်မှုကို အားမပေးသည့် ၎င်း၏ရပ်တည်ချက်ကို ပြသနိုင်ခဲ့သည်။ အဆိုပါဥပမာကို ၁၉၇၁ ခုနှစ် နိုဝင်ဘာလ (၂၇) ရက်နေ့တွင် ကွာလာလမ်ပူ၌ အာဆီယံက ZOPFAN ကြေညာချက် (ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် ကြားနေဇုံ (Zone of Peace, Freedom, and Neutrality)) ကို ထုတ်ပြန်ခြင်းတွင် တွေ့နိုင်သည်။ ယင်းကြေညာချက်၏ ရည်မှန်းချက်မှာ ပြင်ပအင်အားစုများက ၎င်းတို့၏လွှမ်းမိုးမှုကို စမ်းသပ်ရာတွင် ဒေသကို အသုံးပြုခြင်းမှ တားဆီးရန်ဖြစ်သည်။ ZOPFAN နှင့် စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်များက အဓိက အင်အားကြီးယှဉ်ပြိုင်ဘက်များကို ဖိတ်ခေါ် မိခြင်းမှရှောင်ရှားနိုင်ရန် ဒေသတွင်း နိုင်ငံခြားစစ်အခြေစိုက်စခန်းများ တည်ရှိခြင်းကို ဆန့်ကျင်ခဲ့ကြသည်။ ဖိလစ်ပိုင်နိုင်ငံမှ ဆူဘစ်ဘေးနှင့် ကလာ့ခ်ဖီးလ်ဒ်ကဲ့သို့သော တည်ရှိနေဆဲ နိုင်ငံခြားအခြေစိုက်စခန်းများကို ယာယီဟု သတ်မှတ်ထားကြသည်။

ကနဦးတွင် ZOPFAN ကို ၁၉၇၁ ခုနှစ်တွင် အာဆီယံကိုစတင်တည်ထောင်ခဲ့သည့် အဖွဲ့ဝင် ငါးနိုင်ငံကသာ လက်မှတ်ရေးထိုးခဲ့သည်။ ထို့နောက် ZOPFAN အကောင်အထည်ဖော်ရန် အာဆီယံ ဆယ်နိုင်ငံလုံးက ၁၉၉၅ ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်နေ့တွင် အရှေ့တောင်အာရှ နျူကလီးယား လက်နက်ကင်းမဲ့ဇုန်ဆိုင်ရာပဋိညာဉ် (Southeast Asia Nuclear Weapon-Free Zone (SEANWFZ)) ကို လက်မှတ်ရေးထိုးခဲ့သည်။ SEANWFZ တွင် အာဆီယံက ကမ္ဘာတွင် လုံခြုံရေးနှင့် ငြိမ်းချမ်းရေးကိုမြှင့်တင်နိုင်ရန် နျူကလီးယားစစ်လက်နက်ဖျက်သိမ်းရေးကို

လုပ်ဆောင်ဖို့ ကြိုးပမ်းခဲ့သည်။ အဆိုပါရည်ရွယ်ချက်အတွက် အာဆီယံနိုင်ငံများက နျူကလီးယားလက်နက်ပိုင်ဆိုင်သည့် နိုင်ငံများကို အာဆီယံဒေသအား နျူကလီးယားလက်နက်ကင်းမဲ့ဇုန်အဖြစ် ထားရှိဖို့ ကတိကဝတ်ပြုရန် ဖျောင်းဖျခဲ့သည်။ ရုရှားနိုင်ငံမှလွဲ၍ အခြားသော အဓိက နျူကလီးယားအင်အားကြီးနိုင်ငံများ ဖြစ်သည့် တရုတ်၊ အမေရိကန်နှင့် ပြင်သစ်တို့က တူညီသောအကြောင်းပြချက်ကြောင့် SEANWFZ ကို ထောက်ခံရန် စိတ်အားမထက်သန်လှပေ။ ၎င်းတို့က သဘောတူညီချက်၏ ကန့်သတ်မှုကြောင့် အရှေ့တောင်အာရှရေပိုင်နက်တွင် လွတ်လပ်စွာ ရွေ့လျားသွားလာနိုင်မှု ဆုံးရှုံးမည်ကို စိုးရိမ်ကြသည်။

၁၉၆၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များအထိ အာဆီယံ၏ ဖြစ်ပေါ်ပြောင်းလဲမှုများက ဒေသတွင်း ပထဝီနိုင်ငံရေး တွက်ချက်မှုများကို ဖော်ပြနေပြီး ဒေသတွင်း အမျိုးမျိုးသော စစ်ရေးတင်းမာမှုများအလယ်၌ အဆိုပါ လွတ်လပ်ရေးရခါစနိုင်ငံများ မည်သည်တို့ကို လုပ်ဆောင်နိုင်သည်ကို ပြသနေသည်။ ထိုသို့သော အခြေအနေများတွင် လက်တွေ့ဝါဒတွက်ချက်မှုများကို မရှောင်ရှားနိုင်ပေ။ ယင်းသို့သော အခြေအနေတွင် ရှင်သန်ရေးရည်မှန်းချက်က ကွန်မြူနစ်ဝါဒနှင့် ပြင်ပခြိမ်းခြောက်မှုများအား ဆန့်ကျင်ရန် အာဆီယံအဖွဲ့ကို တည်ထောင်ခဲ့သည့် နိုင်ငံငါးနိုင်ငံကို စုစည်းပေးနိုင်ခဲ့သည်။ အဆိုပါရွေးချယ်မှုက ထိုအချိန်ကတည်ရှိနေသည့် ဖြစ်ပေါ်တိုးတက်မှုများကို ကျိုးကြောင်းဆီလျော်သော တွက်ချက်မှုများအပေါ် အခြေခံသည်။ ၎င်းတို့၏ ဝင်ရောက်စွက်ဖက်မှုအား ဆန့်ကျင်သည့်မူဝါဒနှင့် အချုပ်အခြာအာဏာဆိုင်ရာမူဝါဒတို့ကလည်း ဤသည်ကို အတော်လေးလွှမ်းမိုးခဲ့သည်။ ယင်းမှာ ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးအတွက် အရေးပါသော အခြေခံအုတ်မြစ်တစ်ခုဖြစ်လာပြီး အနာဂတ်တွင် အာဆီယံစံနှုန်းများနှင့် ကိုယ်ပိုင်သရုပ်လက္ခဏာအတွက် တည်ဆောက်ရေး ချဉ်းကပ်ပုံတွင် အရေးပါလာသည်။

## ၇.၂.၂ လစ်ဘရယ်ဝါဒရှုထောင့်

ကိုယ်ပိုင်အချုပ်အခြာအာဏာရှိကြသည့် နိုင်ငံများ၏အခြေအနေက မင်းမဲ့ဝါဒကို ထွက်ပေါ်စေနိုင်သည်။ သို့ရာတွင် လစ်ဘရယ်ရှုထောင့်မှကြည့်လျှင် အရှေ့တောင်အာရှ၌ အဆိုပါနိုင်ငံများသည် ဖြစ်လာနိုင်သည့် မင်းမဲ့အခြေအနေများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများကို အသိအမှတ်ပြုထားကြသည်။ အာဆီယံတည်ရှိမှုကိုယ်၌က လစ်ဘရယ်ဝါဒီတစ်ဦး၏ ရှုထောင့်မှကြည့်လျှင် နိုင်ငံရေး၊ လူ့အဖွဲ့အစည်း၊ စီးပွားရေးနှင့် ကုန်သွယ်ရေးတို့တွင် ဘုံအကျိုးစီးပွားများအတွက် ကြိုးပမ်းမှုသင်္ကေတတစ်ရပ်ပင် ဖြစ်သည်။

အာဆီယံကို အခြေအနေမျိုးစုံ၌ ဆန်းစစ်လေ့လာရာတွင် လစ်ဘရယ်ဝါဒချဉ်းကပ်ပုံက အသုံးဝင်နိုင်သည် (Dunne, 2016)။ ဥရောပသမဂ္ဂ၏အတွေ့အကြုံကို အကောင်းဆုံးဥပမာဟု ရှုမြင်နိုင်သည်။ ဥပမာ အာဆီယံ၏ ပူးပေါင်းဆောင်ရွက်မှုအဆင့်များကို ရှင်းလင်းပြရန် ဒေးဗစ်မစ်ထရာနီ (David Mitrany) ၏ အသုံးဝင်မှုနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသီအိုရီက ၁၉၇၀ ပြည့်လွန်နှစ်လယ်များတွင် ကိုးကားစရာတစ်ခုဖြစ်လာခဲ့သည် (Mitrany, 1948)။ လူမှုရေးနှင့် စီးပွားရေးနောက်ခံအခြေအနေများ ကွာခြားမှုကြောင့် အာဆီယံက EU နှင့် ကွဲပြားခြားနားစွာ ဖြစ်ပေါ်ပြောင်းလဲလာခဲ့သော်လည်း အာဆီယံစီးပွားရေးအသိုင်းအဝိုင်း ဖွဲ့စည်းရန် ပူးပေါင်းဆောင်ရွက်သည့် ကြိုးပမ်းမှုအများအပြားက EU ၏ အတွေ့အကြုံကို ထင်ဟပ်နေသည်။ အာဆီယံက

အာဆီယံအဖွဲ့ဝင်များနှင့် ၎င်းတို့၏ ဆွေးနွေးပွဲမိတ်ဖက်နိုင်ငံများအကြား အမျိုးမျိုးသော ကုန်သွယ်ရေး လွတ်လပ်ခွင့် သဘောတူစာချုပ်များချုပ်ဆိုပြီး စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှုကို ထည့်သွင်းရန် ကြိုးပမ်းခဲ့ကြသည်။

၁၉၈၉ ခုနှစ်တွင် စစ်အေးတိုက်ပွဲအဆုံးသတ်ခဲ့သည့်အခါ လေ့လာသူအများအပြားက အာဆီယံအနေဖြင့် ၎င်း၏ ပူးပေါင်းမှုများကို ချောမွေ့စွာ ဆက်လက်လုပ်ဆောင်နိုင်မည်လားဟု သံသယဝင်ခဲ့ကြသည် (Buszynski, 1992)။ ၎င်းတို့က မြောက်ပိုင်းမှ ကွန်မြူနစ်ခြိမ်းခြောက်မှုက အာဆီယံပူးပေါင်းမှု တည်ရှိနေရသည့် အကြောင်းအရင်းဟု ရှုမြင်ကြသည်။ သို့ရာတွင် အဆိုပါအမြင်မှာ အပြည့်အဝမမှန်ကန်ပေ။ လက်တွေ့တွင် အာဆီယံနိုင်ငံများက အင်ဒိုချိုင်းနားနိုင်ငံများနှင့် မြန်မာနိုင်ငံအပါအဝင် ၎င်းတို့၏အဖွဲ့ဝင်များကို တိုးမြှင့်ခဲ့လေသည်။ နိုင်ငံအားလုံးက အာဆီယံ TAC ကို သဘောတူညီခဲ့ကြသည်။ ဗီယက်နမ်နှင့် လာအိုကဲ့သို့သော ကွန်မြူနစ်နိုင်ငံများကပင် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်ရေးမူဝါဒများနှင့် ကိုက်ညီစေရန် ယခင် နိုင်ငံခြားရေးမူဝါဒ ရည်မှန်းချက်များကို စွန့်ပစ်ပြီး အရှေ့တောင်အာရှတွင် ကွန်မြူနစ်ဆန့်ကျင်ရေး လှုပ်ရှားမှုများအား တရားဝင်ထောက်ခံခဲ့ကြသည်။

ထို့ပြင် စစ်အေးကာလအဆုံးသတ်က စိန်ခေါ်မှုအသစ်များလည်း ယူဆောင်လာခဲ့သည်။ ယခင်က နိုင်ငံလုံခြုံရေး ဟုသာ အဓိပ္ပာယ်ဖွင့်ဆို သတ်မှတ်နိုင်သည့် လုံခြုံရေးသည် ယခုအခါ လူသားလုံခြုံရေးဟု အကျယ်ချဲ့သတ်မှတ်လာနိုင်ပြီဖြစ်သည်။ စိုးရိမ်ပူပန်ရမည့်ကိစ္စရပ်များတွင် ကျန်းမာရေး၊ ရွှေ့ပြောင်းလုပ်သားများ၏လုံခြုံရေး၊ လူကုန်ကူးခြင်း၊ တရားမဝင်နယ်စပ်ဖြတ်ကျော် ခိုးဝင်ခြင်း၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် တောမီးများကြောင့် မြူခိုးများပျံ့လွင့်ခြင်းတို့ ပါဝင်လာသည်။ လစ်ဘရယ်ရှုထောင့်မှကြည့်လျှင် အဆိုပါကိစ္စရပ်များကို ပို၍ အသက်ဝင်သော အာဆီယံ ပူးပေါင်းဆောင်ရွက်မှု၏ အစိတ်အပိုင်းဖြင့် ကိုင်တွယ်သင့်သည်။ သို့ဖြစ်လေရာ ဆွေးနွေးမှုပုံစံအမျိုးမျိုးဖြင့် နယ်စပ်ဖြတ်ကျော်ပြဿနာများကို ကျော်လွှားရန် အာဆီယံက ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ စီးပွားရေးနယ်ပယ်တွင် မိတ်ဖက်နိုင်ငံများနှင့် လွတ်လပ်သော အာဆီယံဒေသကုန်သွယ်မှု သဘောတူစာချုပ်များချုပ်ဆိုပြီး အဖွဲ့စုံ ပူးပေါင်းရေးပုံစံဖြင့် ပူးပေါင်းဆောင်ရွက်ရေးကို လုပ်ဆောင်ကြသည်။ ဤသည်က စီးပွားရေးအရပူးပေါင်းမှုကို စီးပွားရေးအရတသားတည်းဖြစ်အောင် လုပ်ဆောင်မှုအဖြစ် ချဲ့ထွင်ခဲ့သည့် အာဆီယံ၏ခြေလှမ်းများလည်း ဖြစ်သည်။

EU ၏ အတွေ့အကြုံများကို ထင်ဟပ်ရလျှင် စီးပွားရေးတသားတည်းဖြစ်မှုကို အားပေးရန် ဈေးကွက်တစ်ခုတည်း တည်ဆောက်ရေးအတွက် ကြိုးပမ်းမှုများပြုလုပ်ခဲ့သည်။ ဘာလာဆာ (Balassa) ၏ သီအိုရီမူဘောင်အရ စီးပွားရေးအရ တသားတည်းဖြစ်မှုတွင် အဆင့်ငါးဆင့် ပါဝင်သည်။ ယင်းတို့မှာ လွတ်လပ်စွာကုန်သွယ်မှု ဒေသများ၊ အကောက်ခွန်သမဂ္ဂများ၊ ဘုံဈေးကွက်များ၊ စီးပွားရေးပေါင်းစပ်မှုနှင့် စီးပွားရေးအရ အပြည့်အဝ တသားတည်းဖြစ်မှုတို့ ဖြစ်ကြသည်။ အဆိုပါမူဘောင်အရ အာဆီယံသည် *"ဒယိမ်းဒယိုင် လျှောက်လှမ်းနေရသော်လည်း ကျယ်ပြန့်သော ဈေးကွက်ဖန်တီးနေသည့်"* ပထမအဆင့်၌သာ ရှိနေသေးသည် (Balassa, 1994)။ ပထမအဆင့်သာ အောင်မြင်သေးသော်လည်း အနည်းဆုံး အာဆီယံသည် အတော်လေး ဖြစ်နိုင်သည့်ဈေးကွက် နှင့် ထုတ်လုပ်ရေးတစ်ခုအတွက် အခြေခံအုတ်မြစ်များချမှတ်ရာတွင် အောင်မြင်သည်ဟုဆိုနိုင်သည် (Sing, 2018)။

တသားတည်းဖြစ်စေရန် အာဆီယံက (၁) အာဆီယံ စီးပွားရေးအသိုက်အဝန်း၊ (၂) အာဆီယံ လုံခြုံရေး အသိုက်အဝန်းနှင့် (၃) အာဆီယံ နိုင်ငံရေးနှင့် လူမှုရေးအသိုက်အဝန်းဟူ၍ မဏ္ဍိုင်သုံးခုပါဝင်သော အာဆီယံ အသိုက်အဝန်းတည်ဆောက်ရန် ပစ်မှတ်တစ်ခုထားရှိထားသည် (ASEAN Secretariat, 2017)။ ပစ်မှတ်များ မပြည့်မီသေးသော်လည်း အဆိုပါကြိုးပမ်းမှုက အာဆီယံခေါင်းဆောင်များသည် ဝေဖန်မှုများကို အလေးအနက် ထားပြီး ပြည်သူများနှင့် ပို၍သက်ဆိုင်မှုရှိအောင် လုပ်ဆောင်နေကြောင်း ပြသနေသည် (Hill and Menon, 2010; Ravenhill, 2008)။ အထက်ပါအသိုက်အဝန်းများ တည်ထောင်ရန် အာဆီယံကို ပို၍ အင်စတီကျူးရှင်း အရ ခိုင်မာသောအဖွဲ့အစည်းအဖြစ် ရှုမြင်စေရန်အတွက် အာဆီယံပဋိညာဉ်ချမှတ်ခြင်းအပါအဝင် လုပ်ဆောင်ချက် အများအပြားကို လုပ်ဆောင်ခဲ့သည်။

အထက်တွင် ဖော်ပြခဲ့သော လစ်ဘရယ်ဝါဒ အကဲဖြတ်သုံးသပ်မှုက တည်ဆောက်ခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေး ချဉ်းကပ်ပုံနှင့် ကိုက်ညီသည်။ အာဆီယံက ငြိမ်းချမ်းရေးကို ခြိမ်းခြောက်သည့် ပြဿနာအမျိုးမျိုးကို ကျော်လွှားရန် ပို၍အလုပ်ဖြစ်သော အင်တီကျူးရှင်းများကို တည်ဆောက်ခဲ့သည်။ AICHR ကို တည်ထောင်ခြင်း အပြင် အာဆီယံက ငြိမ်းချမ်းရေးတည်ဆောက်ရာနှင့် ပဋိပက္ခများကိုကာကွယ်တားဆီးရာတွင် ၎င်းတို့၏ လုပ်ဆောင်နိုင်မှုများကို ပြသနိုင်ခဲ့သည့် AHA နှင့် AIPR တို့ကိုလည်း ဖန်တီးခဲ့သည်။ ဤသည်မှာ အာဆီယံ၏ ငြိမ်းချမ်းရေးအပေါ် သဘောထားသည် ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးတွင်သာ ကန့်သတ်မထား တော့ဘဲ အရေးပါသောအသွင်ပြောင်းလဲရေး ဖြစ်ပွားလာသည်ကို ပြသနေသည်။ အဆိုပါအဖွဲ့ခွဲများက လူကုန်ကူးခံရသည့် အမျိုးသမီးထိခိုက်နစ်နာသူများကို ကာကွယ်ပေးခြင်း၊ ကလေးသူငယ်များကို ကာကွယ် ပေးခြင်း၊ ဆင်းရဲမွဲတေမှုကိုကျော်လွှားခြင်းနှင့် ရွှေ့ပြောင်းလုပ်သားပြဿနာများဆိုင်ရာ ဆွေးနွေးမှုများ ဆက်လက်လုပ်ဆောင်ခြင်းကဲ့သို့သော ချဉ်းကပ်အရေးဆိုရေး လုပ်ဆောင်ချက်အမျိုးမျိုးကို လုပ်ဆောင်ရန် ကြိုးပမ်းခဲ့ကြသည်။ ထို့ကြောင့် ငြိမ်းချမ်းရေးကိုခြိမ်းခြောက်သည့် အကြမ်းဖက်မှုများသည် တိုက်ရိုက် အကြမ်းဖက်မှုများသာဖြစ်သည်ဟု မရှုမြင်တော့ဘဲ ယခုအခါ ဆင်းရဲမွဲတေမှု၊ ဆာလောင်မွတ်သိပ်မှု၊ ခွဲခြားဆက်ဆံခြင်းနှင့် လူမှုမညီမျှမှုများ ကဲ့သို့သော တိုက်ရိုက်မဟုတ်သည့် အကြမ်းဖက်မှုများလည်း ပါဝင်လာသည် (Galtung, 1969)။

## ၇.၂.၃ တည်ဆောက်ရေးဝါဒ ရှုထောင့်

တည်ဆောက်ရေးဝါဒရှုထောင့်က အာဆီယံ၏ ဖြစ်ပေါ်ပြောင်းလဲမှုကို အာဆီယံက ၎င်း၏ ကိုယ်ပိုင် သရုပ်လက္ခဏာနှင့် ပူးပေါင်းဆောင်ရွက်ရေး အလေ့အကျင့်စံနှုန်းများအား မည်ကဲ့သို့တည်ဆောက်သည်ကို အဓိကထားလေ့လာသည် (Acharya, 2014)။ TAC နှင့် အာဆီယံပဋိညာဉ်တွင် ဖော်ပြထားသည့် ဒေသတွင်း ပူးပေါင်းရေးမော်ဒယ်များတွင် အာဆီယံက ပူးပေါင်းဆောင်ရွက်ရေး အလေ့အကျင့်စံနှုန်းများကို ခိုင်မာအောင် ကြိုးပမ်းခဲ့သည်ကို တွေ့နိုင်သည်။ အဆိုပါ ချဉ်းကပ်ပုံက အာဆီယံအတွင်း အပြောင်းအလဲများအကြား ဆက်စပ်မှုကို လေ့လာခြင်းမဟုတ်ဘဲ အာဆီယံက ၎င်း၏ပတ်ဝန်းကျင်မှ တောင်းဆိုမှုအသစ်များကို ပြောင်းလဲကိုက်ညီအောင် လုပ်ဆောင်သည့်ဖြစ်စဉ်အား အဓိကထားခြင်းဖြစ်သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်

မှုအတွက် အလေ့အကျင့်စံနှုန်းများနှင့် စည်းမျဉ်းစည်းကမ်းများကို ချမှတ်ရာတွင် အာဆီယံသဘောတူညီချက်က အာဆီယံနိုင်ငံများအကြားတွင်သာမက အာရှပစိဖိတ်ဒေသတွင်းမှ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု တည်ဆောက်ရန် ၎င်း၏သန္နိဋ္ဌာန်ကို ပြသခဲ့သည်။ အဆိုပါအချက်များ ပါဝင်သည့် သဘောတူညီချက်အချို့မှာ အောက်ပါတို့ဖြစ်သည်။

> *အာဆီယံကြေညာစာတမ်း (ဘန်ကောက်၊ ၁၉၆၇)၊ ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် ကြားနေဇုံဆိုင်ရာကြေညာစာတမ်း (ကွာလာလမ်ပူ၊ ၁၉၇၁)၊ အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးပဋိညာဉ် (TAC) (ဘာလီ၊ ၁၉၇၆)၊ အရှေ့တောင်အာရှ နျူကလီးယားလက်နက် ကင်းစင်ရေးဇုန်ဆိုင်ရာပဋိညာဉ် (ဘန်ကောက်၊ ၁၉၉၅)၊ အာဆီယံသဘောတူညီချက် (၂) ကြေညာစာတမ်း (ဘာလီ၊ ၂၀၀၃)၊ အာဆီယံပဋိညာဉ် (စင်ကာပူ၊ ၂၀၀၇)၊ အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံဆိုင်ရာ ချအမ်း၊ ဟွာဟင်း ကြေညာစာတမ်း (၂၀၀၉-၂၀၁၅) နှင့် ကမ္ဘာ့နိုင်ငံများအသိုင်းအဝိုင်းတွင် အာဆီယံအသိုင်းအဝိုင်း (ဘာလီ သဘောတူညီချက် (၃)၊ ၂၀၁၁) (Kemlu, 2011)။*

တည်ဆောက်ရေးဝါဒရှုထောင့်အရ အာဆီယံအသိုက်အဝန်း၏ မဏ္ဍိုင်သုံးရပ်ကို မိတ်ဆက်ပေးခြင်းသည် အစောပိုင်းအဆင့်၌သာ ရှိသေးသော်လည်း အာဆီယံကိုယ်ပိုင်သရုပ်လက္ခဏာတစ်ရပ် လူ့အဖွဲ့အစည်းအတွင်း တည်ဆောက်ရာတွင် အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ပူးပေါင်းဆောင်ရွက်ရေးတွင် မောင်းနှင်သည့် အင်အားတစ်ခုဖြစ်လာနိုင်သည့် ဘုံအသိုက်အဝန်းတစ်ခု တည်ဆောက်ခြင်း၏ အရေးပါမှုကို နောက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက သဘောပေါက်နားလည် ကျင့်သုံးလာမည်ဟု မျှော်လင့်ရသည်။ စစ်အေးကာလ အပြီးတွင် လူသားလုံခြုံရေးစိန်ခေါ်မှုများကို ရင်ဆိုင်ရန် ပို၍သင့်လျော်သည့် အဖွဲ့အစည်းတစ်ခုတည်ထောင်နိုင်ရန် အာဆီယံအသိုက်အဝန်းက အရေးပါသည့်ခြေလှမ်းတစ်ရပ် ဖြစ်သည်။ ယင်းက *အာဆီယံ၏ ပြည်သူအခြေပြုသဘောတရား*ဟု သိရှိထားကြသည့် အာဆီယံတွင် ပြည်သူများ၏အရေးပါမှုကို ကျင့်သုံးလိုသော အာဆီယံ၏စိတ်ဆန္ဒနှင့်လည်း ကိုက်ညီသည်။ စစ်အေးကာလတွင် အာဆီယံက ၎င်းတို့၏ အချုပ်အခြာအာဏာကို ထိန်းသိမ်းရန် နိုင်ငံများအကြားပူးပေါင်းမှုကို အာရုံစိုက်ခဲ့ကြသည်။ အာဆီယံ၏ ပြည်သူအခြေပြုသဘောတရားကို အာဆီယံပဋိညာဉ်တွင် အောက်ပါအတိုင်း ရေးသားထားခဲ့သည်။ "*အရှေ့တောင်အာရှနိုင်ငံများအသင်း၏ အဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများ......*" ၁၉၆၇ ခုနှစ် ဘန်ကောက်၌ အာဆီယံ တည်ထောင်ခြင်းဆိုင်ရာ ကြေညာစာတမ်းတွင် အဆိုပါ သဘောတရားကို ထည့်သွင်းခဲ့ခြင်းမရှိလေရာ ဤသည်မှာ အရေးပါသည့် တိုးတက်မှုတစ်ခုဖြစ်သည် (Natalegawa, 2018)။

ထိုအခြေအနေတွင် တည်ဆောက်ရေးဝါဒီများက အာဆီယံတွင် ပူးပေါင်းဆောင်ရွက်ရေး စံနှုန်းအလေ့အကျင့်များ ဖြစ်ပေါ်တိုးတက်မှုက ခရီးရောက်နေပြီဟု ဆိုကြလိမ့်မည်။ အချုပ်အခြာအာဏာဆိုင်ရာ စံနှုန်းနှင့် ဝင်ရောက် စွက်ဖက်မှုမပြုရေး စံနှုန်းများကို အောင်မြင်စွာဖြန့်ဝေထားပြီး အဖွဲ့ဝင်များက လက်ခံကျင့်သုံးနေကြပြီး ဖြစ်သည်။ အင်ဒိုချိုင်းနားနိုင်ငံများနှင့် မြန်မာနိုင်ငံတို့ အာဆီယံအဖွဲ့ထဲသို့ ဝင်ရောက်လာခြင်းက ၎င်းတို့သည် အဆိုပါ ပူးပေါင်းဆောင်ရွက်ရေးစံနှုန်းများကို လက်ခံလိုကြောင်း ပြသနေသည်။ အဆိုပါနိုင်ငံများ အဖွဲ့ဝင်

ဖြစ်လာခြင်းနှင့်အတူ အာဆီယံတွင် အရှေ့တောင်အာရှတစ်ခုတည်းဖြစ်သည့် ရည်မှန်းချက်ကို အောင်မြင်လာစေနိုင်ခဲ့သည်။

တည်ဆောက်ရေးဝါဒီများက စုပေါင်းလုံခြုံရေးအတွက်မဟုတ်သော်လည်း အာဆီယံသည် လုံခြုံရေးအသိုက်အဝန်းတစ်ခုကိုလည်း တည်ဆောက်ထားပြီးဖြစ်သည်ဟု ဆိုကြသည်။ စုပေါင်းလုံခြုံရေးတွင် နိုင်ငံများအကြား စစ်ရေးအရပူးပေါင်းဆောင်ရွက်ရန် တရားဝင်သဘောတူစာချုပ်များရှိကြပြီး အဖွဲ့ဝင်တစ်နိုင်ငံကို အဖွဲ့ဝင်မဟုတ်သည့်နိုင်ငံတစ်နိုင်ငံက ဝင်ရောက်တိုက်ခိုက်လျှင် သဘောတူစာချုပ်ပါအဖွဲ့များအားလုံးက ကာကွယ်ပေးရန်တာဝန်ရှိသည် (Ganesan, 1995)။ အာဆီယံ၏ လုံခြုံရေးအသိုက်အဝန်းကို မတူညီသည့် ရှုထောင့်တစ်ခုမှရှုမြင်နိုင်ပြီး ယင်းက အခြားနိုင်ငံများ၏ပြည်တွင်းရေးတွင် ဝင်ရောက်မစွက်ဖက်ရေးမူနှင့် အငြင်းပွားမှုများကို လက်နက်သုံးမဖြေရှင်းရေးမူတို့အပေါ် အခြေခံထားသည်။ ဤသည်မှာ အားလုံးသဘောတူညီထားသည့် ငြိမ်းချမ်းရေးစံနှုန်းဖြစ်သည်။ ယခုချိန်အထိ ဒေသတွင်းတွင်စစ်ပွဲများ၊ စစ်ပွဲအတွက်စုစည်းပြင်ဆင်ခြင်းများ (သို့) စစ်ပွဲအတွက် အရေးပေါ်ပြင်ဆင်ခြင်းများ (သို့) လက်နက်ယှဉ်ပြိုင်မှုဖြစ်စေသည့် စစ်ရေးအရပြိုင်ဆိုင်မှုများ မရှိသေးပေ (Acharya, 2014)။

တည်ဆောက်ရေးဝါဒအရ အာဆီယံ၏ ဖြစ်ပေါ်တိုးတက်မှုများသည် လမ်းကြောင်းများပွင့်နေသေးပြီး အဖွဲ့ဝင်နိုင်ငံများက အဆိုပါအဖွဲ့အစည်းကို မည်ကဲ့သို့လုပ်ဆောင်မည်ဟူသည့်အပေါ် မူတည်နေသည်။ ဥပမာ လူ့အခွင့်အရေးကာကွယ်ရေးအတွက် ပူးပေါင်းဆောင်ရွက်သည့်အပြောင်းအလဲက နောင်တွင် အာဆီယံနိုင်ငံအများအပြား၌ကျင့်သုံးသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးသဘောတရားမှ ဆင်းသက်လာသည်။ အပြည့်အဝမအောင်မြင်သော်လည်း အနည်းဆုံး အာဆီယံက AICHR ဟုခေါ်သည့် အာဆီယံ လူ့အခွင့်အရေးကော်မရှင်ကို ဖွဲ့စည်းရန် သဘောတူညီခဲ့သည်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံကဲ့သို့သော မကြာသေးမီကာလများအတွင်း နိုင်ငံရေးစနစ်များတွင် ပြုပြင်ပြောင်းလဲမှုများ ဖြစ်ပွားထားသည့် အာဆီယံနိုင်ငံအများအပြား၏ သဘောထားဆန္ဒမှ AICHR ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် စစ်အေးကာလအပြီး၌ လူ့အခွင့်အရေးက အရေးပါသည့်ကိစ္စရပ်တစ်ခုဖြစ်လာပြီး အမေရိကန်နှင့် EU ကဲ့သို့သော အင်အားကြီးနိုင်ငံများ နှင့် သမဂ္ဂများထံမှ အာရုံစိုက်ခံလာရသောအခါ အာဆီယံအဖွဲ့ဝင်များက နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကို လိုက်နာကြောင်း ပြသလိုလာကြသည်။ အစီအစဉ်များအားလုံးက ချောချောမွေ့မွေ့မရှိဘဲ အကြံဉာဏ်အသစ်များအပေါ် ဆန့်ကျင်မှုအချို့လည်း ရှိခဲ့သည်။ သို့ရာတွင် သေချာသည့်အရာတစ်ခုမှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးနှင့် အမျိုးသမီးများအား ကာကွယ်ရေးကဲ့သို့သော ကမ္ဘာ့စံနှုန်းများကို စံနှုန်းမြှင့်တင်သူများက အာဆီယံနိုင်ငံများတွင်လည်း ပျံ့နှံ့အောင် လုပ်ဆောင်လာကြသည် (Finnemore and Sikkink, 1998)။

AICHR ကို လက်မှတ်ရေးထိုးခြင်းသည် ပဋိပက္ခများကျော်လွှားရေးတွင် အာဆီယံ၏ တိုးတက်ပြောင်းလဲမှုအစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ယခင်က နိုင်ငံများအကြား ပဋိပက္ခများဖြေရှင်းရေးကို အဓိကအာရုံစိုက်ခဲ့သော်လည်း AICHR ကို တည်ထောင်ခဲ့ခြင်းက ပြည်သူများရင်ဆိုင်နေရသည့် စိုးရိမ်ပူပန်မှုများကို ယခုအခါ ပိုမိုအလေးပေးလာကြောင်း ပြသနေသည်။ ယခင်က နိုင်ငံလုံခြုံရေးနှင့်သက်ဆိုင်သော ပဋိပက္ခဖြေရှင်းရေးမူဘောင်

ကို ၁၉၇၁ ခုနှစ် ZOPFAN ၊ ၁၉၇၆ ခုနှစ် အရှေ့တောင်အာရှ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးပဋိညာဉ် (TAC) နှင့် ၁၉၇၈ ခုနှစ် SEANWFZ ပဋိညာဉ်တို့ကဲ့သို့သော သဘောတူစာချုပ်များတွင် တွေ့ရသည်။ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များအား လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ် (၂၀၁၅)၊ အာဆီယံပဋိညာဉ်နှင့် ၂၀၁၁ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံး (AHA Centre) တည်ထောင်ရေးသဘောတူစာချုပ် တို့မှ စတင်ပြီး အမျိုးမျိုးသော လူ့အခွင့်အရေးကိစ္စရပ်များကို ကိုင်တွယ်သည့် သဘောတူစာချုပ်များ ထွက်ပေါ်လာခဲ့သည်။

## ၇.၃ ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးမှ တည်ဆောက်ခြင်းဖြင့် ဖန်တီးသောငြိမ်းချမ်းရေးဆီသို့

ချဉ်းကပ်ပုံသုံးခုတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခတို့သည် ဆွေးနွေးမှုများ၌ အရေးပါသောနေရာတွင် ရှိကြသည်။ ငြိမ်းချမ်းရေးကို ရှုမြင်ကြပုံများသာ ကွာခြားခြင်းဖြစ်သည်။ လက်တွေ့ဝါဒက ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးကို အဓိကအာရုံစိုက်သည်။ သို့ရာတွင် အာဆီယံစတင်ဖွဲ့စည်းချိန်မှစ၍ စစ်ပွဲများနှင့် တိုက်ရိုက် အကြမ်းဖက်မှုများ ကျော်လွှားရေးက အာဆီယံ၏ဖြစ်ပေါ်တိုးတက်မှုတွင် အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့သည် (Askandar, 1994)။ လက်ရှိအချိန်အထိ ယင်းမှာ အကျုံးဝင်နေဆဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံများအကြား စစ်ပွဲဖြစ်ပွားနိုင်ခြေက အာဆီယံနိုင်ငံများအကြား ဖြစ်နိုင်ဆဲဖြစ်သောကြောင့် ဖြစ်သည်။ ဥပမာ တောင်တရုတ်ပင်လယ်တွင်း ပဋိပက္ခများကြောင့် အခြားသောနိုင်ငံများမှ လာရောက်တိုက်ခိုက်နိုင်ခြေလည်း ရှိသည်။

အခန်း (၃) တွင် ဖော်ပြခဲ့သည့်အတိုင်း အာဆီယံတွင်း ပဋိပက္ခများသည် များသောအားဖြင့် ပြည်တွင်း၊ နိုင်ငံများ အကြားနှင့် အစွန်းရောက် အကြမ်းဖက်ကိစ္စရပ်များ ပါဝင်သည်။ သို့ရာတွင် ဆင်းရဲမွဲတေမှု၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဖျက်ဆီးခြင်း၊ အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် ရာဇဝတ်မှု ကျူးလွန်ခြင်း ကဲ့သို့သော အကြမ်းဖက်မှုနှင့် လုံခြုံမှုမရှိခြင်းဆိုင်ရာ သွယ်ဝိုက်သော ခြိမ်းခြောက်မှုများလည်း ရှိသည်။ စစ်အေးကာလတွင် ထိုကိစ္စရပ်များမှာ အာဆီယံအတွက် ဦးစားပေးမဟုတ်ခဲ့ပေ။ တစ်နည်းအားဖြင့် ဆိုသော် ထိုကာလ၌ အာဆီယံသည် ဂယ်လ်တန်၏ ငြိမ်းချမ်းရေးအဓိပ္ပာယ်ဖွင့်ဆိုပုံအရဆိုရသော် အရှေ့တောင်အာရှနိုင်ငံများအကြား လက်နက်ကိုင်ပဋိပက္ခများကို ကာကွယ်တားဆီးရန်နှင့် အင်အားကြီး နိုင်ငံများ၏ ဝင်ရောက်စွက်ဖက်နိုင်ခြေကို ကာကွယ်တားဆီးရန် ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေး ကိုသာ အဓိကအာရုံစိုက်နေခဲ့သည်။ စစ်အေးကာလအဆုံးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို လူမှုရေး၊ လူ့အခွင့်အရေးနှင့် စီးပွားရေးပြဿနာများအား ဖြေရှင်းရန် တောင်းဆိုချက်များ မြင့်တက်လာခဲ့သည်။ အဆိုပါ လူသားလုံခြုံရေး လိုအပ်ချက်များနှင့် သက်ဆိုင်သည့် လုံခြုံရေးခြိမ်းခြောက်မှုများကို အာဆီယံအဖွဲ့များက ကြိုတင်မျှော်လင့်ထားခဲ့ကြသည်။ တစ်နည်းအားဖြင့်ဆိုသော် အာဆီယံအသိုက်အဝန်းများတွင် အကြမ်းဖက်မှု များ ပေါ်ထွက်လာနိုင်ခြေကို တားဆီးရန် အာဆီယံအနေဖြင့် တည်ဆောက်ခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့အောင် ဆက်လက်လုပ်ဆောင်ရမည် ဖြစ်သည်။

ပဋိပက္ခကိုစီမံခန့်ခွဲရန် အာဆီယံက ဝင်ရောက်စွက်ဖက်မှုမပြုရေး၊ ပြည်ထောင်စုမပြိုကွဲရေးနှင့် ပဋိပက္ခများကို ငြိမ်းချမ်းစွာအဖြေရှာရေးမူကဲ့သို့သော နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ဆင်တူသည့် ကျင့်ဝတ်စည်းမျဉ်းများကို အခြေခံသည့် *အာဆီယံနည်းလမ်း*ကို အသုံးပြုခဲ့သည် (အာဆီယံနည်းလမ်းအကြောင်း ဆွေးနွေးမှုကို အခန်း (၃) တွင် ရှုပါ)။ ပဋိပက္ခစီမံခန့်ခွဲရေးမူကို အတွေ့အကြုံများနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တွေ့ဆုံဆွေးနွေးရေးများဖြင့် နားလည်လက်ခံလာအောင် လုပ်ဆောင်ထားသည်။ ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်ရေး အရေးပါမှုကို ထိန်းသိမ်းရန် အာဆီယံအဖွဲ့ဝင်များသည် အဖွဲ့ဝင်များအားလုံးကို ကျေနပ်စေမည့် အားလုံးသဘောတူညီချက် တစ်ခု ထွက်ပေါ်ရန် တစ်ခါတရံ အချိန်ကြာပြီး ရှုပ်ထွေးသော တွေ့ဆုံဆွေးနွေးရေးများလုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ပြသကြသည်။ အဆိုပါဖြစ်ပေါ်တိုးတက်မှုတွင် အာဆီယံနိုင်ငံများအတွက် ထိုသို့သော ယန္တရား တစ်ရပ် အသုံးပြုခြင်းက မည်သည့်မူဝါဒချမှတ်မှုအတွက်မဆို လိုအပ်သည်။

အာဆီယံနည်းလမ်းဆိုင်ရာမူများကို ၎င်း၏အဖွဲ့ဝင်များအားလုံးက လွန်စွာတန်ဖိုးထားကြသည်။ တွေ့ဆုံဆွေးနွေးရေးယန္တရားများ တည်ဆောက်ထားခြင်းဖြင့် အဖွဲ့ဝင်များအကြား ကောင်းမွန်သောဆက်ဆံရေးကို ပို၍ အာရုံစိုက်ထားပြီး အငြင်းပွားမှုများအရှိန်မြင့်ခြင်းကို ကာကွယ်တားဆီးရန် ယင်းမူများကို အသုံးပြုကြသည်။ အာဆီယံနည်းလမ်းက နိုင်ငံတကာမှ ဝင်ရောက်စွက်ဖက်ခြင်း ဖြစ်စေနိုင်သောကြောင့် ဖြစ်ပွားနေသည့် ပဋိပက္ခများကို နိုင်ငံတကာထိ ပျံ့နှံ့မသွားအောင်လည်း တားဆီးရန် ရည်ရွယ်သည်။ အာဆီယံခေါင်းဆောင်များ၊ အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံ၏အမြင်တွင် နိုင်ငံခြားမှ ဝင်ရောက်စွက်ဖက်မှုများက အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားသကဲ့သို့ ဒေသတွင်းပဋိပက္ခများပြည့်နှက်သွားစေလိမ့်မည်။ ၎င်းတို့က ပြည်တွင်းအင်အားကို မြှင့်တင်ခြင်းက ဒေသတွင်းအင်အားကို မြှင့်တင်နိုင်ပြီး ၎င်းတို့အကြား မတည်မငြိမ်ဖြစ်စေမည့်ပဋိပက္ခကို ရှောင်ရှားနိုင်သည်ဟုလည်း ယုံကြည်ကြသည်။

ဥပမာ စာရေးသူအများအပြားက အာဆီယံမပေါ်ပေါက်မီ ထိပ်တိုက်တွေ့မှု *(Konfrontasi)* ဟု သိကြသော ဆူကာနို၏ မူဝါဒများကြောင့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံအကြား တင်းမာမှုများတွင် တွေ့ရသကဲ့သို့ အရှေ့တောင်အာရှသည် အကျပ်အတည်းနှင့် ပဋိပက္ခအခြေအနေ ကျရောက်နေသည်ဟု ဖော်ပြကြသည် (Crozier, 1965; Mackie, 1974)။ အခြားဥပမာတစ်ခုမှာ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့၏ ဆာဘားဒေသ ပဋိပက္ခဖြစ်သည်။ ၁၉၆၅ ခုနှစ်တွင် *Konfrontasi* ပြီးဆုံးသွားချိန်၌ ဒေသတွင်းမှနိုင်ငံများက အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန်နှင့် ဆက်ဆံရေးအကန့်သတ်များ ထားရှိရန်လိုအပ်ကြောင်း သိလာကြသည်။ ဒေသတွင်း ပိုနေမြဲ၊ ကျားနေမြဲ အခြေအနေများကိုဆန့်ကျင်ရန် ကြိုးပမ်းခြင်းက တင်းမာမှုနှင့် ပဋိပက္ခသို့ ဦးတည်သွားကြောင်း အတွေ့အကြုံရခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံက ၁၉၆၆ ခုနှစ်တွင် ဆူကာနိုမှ ဆူဟာတို အစိုးရသို့ ပြောင်းလဲပြီးနောက်တွင် ၎င်း၏ နိုင်ငံရေးလမ်းကြောင်းလဲ ပြောင်းလဲလာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံက အိမ်နီးချင်းနိုင်ငံများနှင့် ထိပ်တိုက်တွေ့သည့် နိုင်ငံရေးကိုရှောင်ရှားကာ အရှေ့တောင်အာရှဒေသတွင်း စုစည်းရန် ဆွဲဆောင်ခြင်းနှင့် တွေ့ဆုံဆွေးနွေးခြင်းကို အဓိကထားလာသည် (Weinstein, 1969)။ အကျိုးဆက်အနေဖြင့် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်ဟူသည့် အရှေ့တောင်အာရှ ငါးနိုင်ငံက ၁၉၆၇ ခုနှစ်တွင် အာဆီယံအဖွဲ့ကို ဖွဲ့စည်းရန် သဘောတူညီခဲ့ကြသည်။

၁၉၆၇ ခုနှစ် ဘန်ကောက်ကြေညာစာတမ်းအပြီး အဖွဲ့ဝင်များအကြား ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေရန် အချိန်အနည်းငယ်ကြာခဲ့သည်။ ယင်းမှာ ၁၉၄၆ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ လွတ်လပ်ရေးရလာပြီး ၁၉၇၉ ခုနှစ်အထိ ကမ္ဘောဒီးယားနိုင်ငံကို ဝင်ရောက်ကျူးကျော်ခဲ့သည့် အင်ဒိုချိုင်းနားစစ်ပွဲ၏ ခြိမ်းခြောက်မှုကြောင့် ဖြစ်သည်။ အင်ဒိုချိုင်းနားစစ်ပွဲကို ဗီယက်နမ်နှင့် ပြင်သစ်နိုင်ငံတို့အကြား လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သည့် ပထမအင်ဒိုချိုင်းနားစစ်ပွဲ (၁၉၄၆-၁၉၅၄) နှင့် တောင်ဗီယက်နမ်မှ ဗီယက်ကွန်အဖွဲ့ကို မြောက်ဗီယက်နမ်က ထောက်ပံ့ပေးပြီး တောင်ဗီယက်နမ်ကို သိမ်းပိုက်ရန် တိုက်ပွဲဝင်ခဲ့သည့် ဗီယက်နမ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေး တိုက်ပွဲဖြစ်သော ဒုတိယအင်ဒိုချိုင်းနားစစ်ပွဲ (၁၉၅၄-၁၉၇၃) ဟူ၍ နှစ်ပိုင်းခွဲထားသည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် အမေရိကန်တပ်များ ဆုတ်ခွာသွားမှုနှင့်အတူ တောင်၊ မြောက် ဗီယက်နမ် ပြန်လည်ပေါင်းစည်းပြီး စစ်ပွဲအဆုံးသတ်ခဲ့သည်။ အဆိုပါစစ်ပွဲနှစ်ခုတွင် ဗီယက်နမ်နှင့် နယ်စပ်ချင်းကပ်နေသည့် လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့လည်း ပါဝင်ခဲ့သည်။ ဗီယက်နမ်က ကမ္ဘောဒီးယားနိုင်ငံကို ဝင်ရောက်ကျူးကျော်သည့်အခါ တတိယ (သို့) နောက်ဆုံး အင်ဒိုချိုင်းနားစစ်ပွဲ ဖြစ်ပွားခဲ့လေသည် (၁၉၇၈-၁၉၉၁)။ ဗီယက်နမ်က ကမ္ဘောဒီးယားနိုင်ငံ၏ ပေါလ်ပေါ့တ် (Pol Pot) အစိုးရလက်အောက်မှ ရက်စက်ကြမ်းကြုတ်သည့် ခမာနီများကိုဖြုတ်ချပြီး ကမ်ပူးချားပြည်သူ့သမ္မတအစိုးရ (People's Republic of Kampuchea (PRK)) ဟု အမည်ရသည့် ဗီယက်နမ်အစိုးရလိုလားသည့် အစိုးရတစ်ရပ်ကို တည်ထောင်ပေးခဲ့သည်။ အဆိုပါဝင်ရောက်စွက်ဖက်မှုက အာဆီယံနိုင်ငံများထံမှ ဆန့်ကျင်မှုများကို ကြုံတွေ့ခဲ့ရပြီး အာဆီယံက ဗီယက်နမ်ကို ကမ္ဘောဒီးယားနိုင်ငံမှ ဆုတ်ခွာရန်နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် သံတမန်ရေးဖိအားများ ပေးခဲ့သည်။ ဗီယက်နမ်က ၁၉၇၉ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ ဆုတ်ခွာသွားသည့်အခါ အနောက်နိုင်ငံများကလည်း ထောက်ခံခဲ့သည့် အာဆီယံ၏ ကြိုးပမ်းမှုက နောက်ဆုံးတွင် အရာထင်လာခဲ့သည်။ အထက်ပါပဋိပက္ခများပြီးဆုံးချိန် ၁၉၉၀ ပြည့်လွန်နှစ်များတွင် အာဆီယံ၏ အဖွဲ့ဝင်အရေအတွက်ကို ချဲ့ထွင်ခဲ့လေသည်။

ထိုကဲ့သို့သော နောက်ခံအခြေအနေက စီးပွားရေးနယ်ပယ်တွင် အသွင်ပြောင်းလဲရန်နှင့် အလုပ်ဖြစ်ရန် ဖွဲ့စည်းခဲ့သော ဥရောပသမဂ္ဂပူးပေါင်းရေးနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ အာဆီယံနိုင်ငံများ၏ စီးပွားရေးသည် ယှဉ်ပြိုင်ဘက်ဖြစ်နေသည့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ဆင်တူသော စိုက်ပျိုးရေးကဏ္ဍကို အခြေခံထားလေရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုက အာဆီယံ၏ ကနဦးရည်မှန်းချက် မဟုတ်ခဲ့ပေ။ ထိုစဉ်က ပြင်ပကိစ္စရပ်များနှင့် ပြည်တွင်းလုံခြုံရေးကိစ္စရပ်များကို နိုင်ငံခြားတိုင်းပြည်များ၏ ဝင်ရောက်စွက်ဖက်မှုကင်းကင်းဖြင့် ဖြေရှင်းရန် လိုအပ်ခြင်းက များစွာပို၍ အရေးပါခဲ့သည်။ ထို့နောက် ဒေသတွင်း ကွန်မြူနစ် လွှမ်းမိုးမှု ကျယ်ပြန့်လာခဲ့သည်။ ထို့နောက် အာဆီယံက ၁၉၇၁ ခုနှစ် ZOPFAN သဘောတူစာချုပ်တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ငြိမ်းချမ်းပြီး ကြားနေဖြစ်သည့် ဒေသတစ်ခုဖြစ်လာစေရန် သဘောတူညီခဲ့ကြသည် (Yamakage, 2017)။ အဖွဲ့အစည်းအသစ်တစ်ခုအနေဖြင့် အဆိုပါ ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်ပြောင်းလဲမှုများက အတော်လေး နှေးကွေးသည်။ အဘယ်ကြောင့်ဆိုသော် အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းက ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန်နားလည်မှုတို့ကို လေ့လာဆန်းစစ်နေရဆဲ ဖြစ်သောကြောင့်ပင်။ ထိုစဉ်က အဆိုပါနိုင်ငံများအတွက် အရေးတကြီး အာရုံစိုက်စရာဖြစ်ခဲ့သည့် တူညီသော ပြင်ပခြိမ်းခြောက်မှုများကြောင့် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေခဲ့သည်။

စာရွက်ပေါ်တွင် အကောင်းဆုံးအခြေအနေကို ရေးသားထားသော်လည်း အာဆီယံနိုင်ငံများသည် အဆိုပါ အကောင်းဆုံးအခြေအနေများကို ကျင့်သုံးနိုင်ရန် လုံလောက်သောစစ်အင်အား မရှိကြပေ။ ထို့ကြောင့် အဆိုပါ မူများကို ဖိုရမ်အမျိုးမျိုးတွင်တင်ပြရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။ ၁၉၇၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ကမ္ဘောဒီးယားနိုင်ငံအား ကျူးကျော်မှုကို အာဆီယံက ကြုံတွေ့ခဲ့ရသည့်အခါ အဆိုပါမူက လွန်စွာအသုံးတည့် လာသည်။ ဝင်ရောက်ကျူးကျော်မှုက TAC တွင် ပြဋ္ဌာန်းထားသော အာဆီယံ၏ ဝင်ရောက်စွက်ဖက်မှုမပြုရေးနှင့် အချုပ်အခြာအာဏာကို လေးစားရေးမူများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေလေသည်။ သို့ဖြစ်လေရာ အာဆီယံက အဆိုပါဝင်ရောက်ကျူးကျော်မှုကို ဆန့်ကျင်ခဲ့ပြီး စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုအား ဆန့်ကျင်ရန် သံတမန်ရေးအရ စုစည်းတောင်းဆိုမှုများ ပြုလုပ်ခဲ့သည်။ ပဋိပက္ခအားဖြေရှင်းရန် အမျိုးမျိုးသော သံတမန်ရေး အစည်းအဝေးများကို ကျင်းပခဲ့သည်။ ဥပမာ ဗီယက်နမ်ကို ကမ္ဘောဒီးယားမှ ၎င်းတို့၏ စစ်တပ်များကို ရုတ်သိမ်းရန် တွန်းအားပေးဖို့အတွက် ဂျကာတာတွင် ဂျကာတာ အလွတ်တန်းအစည်းအဝေးများ (Jakarta Informal Meetings (JIM)) ဟု အမည်ရသည့် အစည်းအဝေးများကို ကျင်းပခဲ့ကြသည်။ JIM ကို ၁၉၈၇ ခုနှစ် ဇူလိုင်လတွင် JIM I၊ ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလတွင် JIM ii နှင့် ဂျကာတာနိုင်ငံတွင် ၁၉၉၀ ပြည့်နှစ်၌ JIM III တို့ကို သုံးကြိမ်တိုင်တိုင် ကျင်းပခဲ့သည်။ JIM I က ပဋိပက္ခဖြစ်နေသည့် နိုင်ငံနှစ်နိုင်ငံကို ပထမဆုံးအကြိမ် ခေါ်ယူ မျက်နှာချင်းဆိုင်စေပြီး အပစ်အခတ်ရပ်စဲရေး ရရှိစေခဲ့သည်။ ယင်းနောက် ဗီယက်နမ်က ကမ္ဘောဒီးယားမှ ၎င်းတို့၏တပ်ဖွဲ့များကို ပြန်လည်ရုတ်သိမ်းပြီး ကုလသမဂ္ဂက ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့များကို နယ်စပ်ဒေသသို့ စေလွှတ်စေခဲ့သည် (Sudrajat et al, 2020)။ JIM III တွင် ခမာနီအဖွဲ့မှလွဲ၍ ဒီမိုကရက်တစ် ကမ်ပူးချားညွန့်ပေါင်းအစိုးရ (Coalition Government of Democratic Kampuchea (CGDK)) တွင် ပါဝင်သည့် တော်လှန်ရေးအုပ်စုများက အမြင့်ဆုံး အမျိုးသားကောင်စီ (Supreme National Council (SNC)) ဟု အမည်ရသည့် ပူးတွဲအစိုးရတစ်ရပ်ဖန်တီးရန် PRK နှင့် သဘောတူညီမှုရခဲ့သည်။ ကမ္ဘောဒီးယားဆိုင်ရာ ကုလသမဂ္ဂအသွင်ကူးပြောင်းရေးအာဏာပိုင်များ (United Nations Transitional Authority in Cambodia (UNTAC)) က ကြီးမှူးပေးသော ရွေးကောက်ပွဲရလဒ်များအရ အစိုးရအသစ်တစ်ရပ် မပေါ်ပေါက်လာမီအထိ SNC က နိုင်ငံရပ်ခြားတွင် ကမ္ဘောဒီးယားအစိုးရ၏ ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ အဆိုပါ အချိန်ကြာဆွေးနွေးမှုများက ၁၉၉၁ ခုနှစ် အောက်တိုဘာလ (၂၃) ရက်နေ့တွင် နိုင်ငံပေါင်း ၁၉ နိုင်ငံ လက်မှတ်ရေးထိုးခဲ့သည့် ပဲရစ် ငြိမ်းချမ်းရေးသဘောတူစာချုပ်အဖြစ် ငြိမ်းချမ်းစွာအဆုံးသတ်သွားခဲ့သည် (Sudrajat et al, 2020)။

အာဆီယံအဖွဲ့ဝင်များနှင့် အာဆီယံအဖွဲ့ဝင်ဖြစ်မလာသေးသည့် အင်ဒိုချိုင်းနားနိုင်ငံများအကြား ထိုကဲ့သို့ ပြင်းထန်သောဆွေးနွေးမှုများ ပြုလုပ်ခြင်းမှတစ်ဆင့် TAC မူများကို ဖြန့်ဝေနိုင်ခဲ့သည်။ အာဆီယံနိုင်ငံများအတွက် ယင်းတို့က ဒေသတွင်းနိုင်ငံများ ပဋိပက္ခဖြေရှင်းရာတွင် လမ်းညွှန်ပေးသည့် မူများနှင့် စံနှုန်းများ ဖြစ်လာသည်။ နောင်တွင် ဗီယက်နမ်က ကမ္ဘောဒီးယားနိုင်ငံမှ တပ်များစွန့်ခွာပြီး ယခင်က အခြားနိုင်ငံများမှ ကွန်မြူနစ်လှုပ်ရှားမှု များကို အားပေးထောက်ခံသည့် ၎င်း၏ နိုင်ငံခြားရေးမူဝါဒကို ပြောင်းလဲလိုက်သည့်အခါ အာဆီယံက ဗီယက်နမ် သည် TAC မူများ၏ အရေးပါမှုကို စတင်နားလည်သဘောပေါက်လာပြီဟု ထင်မြင်ယူဆသည်။ *ဒွိမိုင် (Du Moi)* ဟု သိကြသည့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်ဖြင့် ဗီယက်နမ်က ယခင်က ၎င်း၏ သီးခြားရပ်တည်ရေး နိုင်ငံခြားရေးမူဝါဒကို တရားဝင်အစားထိုးပစ်ခဲ့ပြီး ၎င်း၏အကျိုးစီးပွားအတွက် အထောက်အကူဖြစ်မည့်

မည်သည့်နိုင်ငံနှင့်မဆို ကောင်းမွန်သောဆက်ဆံရေး တည်ဆောက်ရန် နိုင်ငံစုံဆက်ဆံရေး နိုင်ငံခြားရေးမူဝါဒကို ချမှတ်ခဲ့သည် (Chapman, 2017)။ ထိုနိုင်ငံကို ၁၉၉၄ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်အဖြစ် လက်ခံခဲ့သည်။ ထို့နောက် အခြားအင်ဒိုချိုင်းနားနိုင်ငံများဖြစ်သည့် လာအိုနှင့် ကမ္ဘောဒီးယား တို့ကိုလည်း လက်ခံခဲ့ကြသည်။ ဗီယက်နမ်နှင့် ဆက်ဆံရာတွင် အာဆီယံက TAC ကို တစိုက်မတ်မတ် အကောင်အထည်ဖော်ခဲ့ခြင်းက ဒေသတွင်းနိုင်ငံများ အတွက် အာဆီယံသည် အခြားနိုင်ငံများကို ခြိမ်းခြောက်သည့်၊ တည်ဆဲအခြေအနေကို ဆန့်ကျင်သော ရန်လိုသည့် နိုင်ငံရေးကို သည်းခံလိမ့်မည်မဟုတ်ဟူသည့် သင်ခန်းစာတစ်ခု ရရှိစေခဲ့သည်။

ထိုဖြစ်စဉ်က အာဆီယံနည်းလမ်းကို ပုံသွင်းခဲ့သည့် ဖြစ်စဉ်တစ်ခုဖြစ်ပြီး အာဆီယံနိုင်ငံများ၏ အီလစ်များအကြား သင်ယူရေးဖြစ်စဉ်တစ်ခု ဖြစ်ခဲ့သည်။ ဒေသတွင်းနိုင်ငံများအားလုံးက ပဋိပက္ခများကို တွေ့ကြုံခံစားရပြီး ရလဒ်အနေဖြင့် ဆိုးရွားသောအကျိုးဆက်များ ခံစားခဲ့ကြရသည်။ ဥပမာ *Konfrontasi* ၏ အကျိုးဆက်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံက ရန်လိုသောနိုင်ငံရေးသည် နိုင်ငံခြားအင်အားစုများထံမှ ဝင်ရောက်စွက်ဖက်မှုကို ကြုံတွေ့နိုင်ကြောင်း သင်ယူရရှိခဲ့သည်။ ဆူကာနို၏ ခေါင်းဆောင်မှုနှင့် နယ်မြေဆိုင်ရာရည်မှန်းချက်များကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းကြား မကောင်းသည့်ပုံရိပ်များ ရရှိခဲ့သည်။ သို့ဖြစ်လေရာ ၁၉၆၆ ခုနှစ်တွင် ဆူကာနိုကို အစားထိုးသည့် ဆူဟာတိုက နိုင်ငံ၏မူဝါဒများကို ပြောင်းလဲပစ်ကာ အိမ်နီးချင်းနိုင်ငံများနှင့် နားလည်မှု တည်ဆောက်ရန် ကြိုးပမ်းခဲ့သည်။ အဆိုပါ သဘောထားပြောင်းလဲမှုက အင်ဒိုနီးရှားနိုင်ငံအပေါ် အိမ်နီးချင်းနိုင်ငံများ၏ အမြင်ကိုလည်း ပြောင်းလဲနိုင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံနည်းတူ ဒေသတွင်းအခြားနိုင်ငံများကလည်း တည်ငြိမ်ပြီး အေးချမ်းသည့် ဒေသတစ်ခုဖြစ်ရန် လိုလားလာကြသည်။

ဒေသက အတန်အသင့်ငြိမ်းချမ်းပြီး နိုင်ငံများအကြား သဟဇာတဖြစ်သည့်ဆက်ဆံရေးများ ရှိလာသည့်အခါ အရှေ့တောင်အာရှကို အစီအစဉ်တကျစီမံခန့်ခွဲရန် သင်ယူရေးဖြစ်စဉ်က ရလဒ်များပြသနိုင်ခဲ့သည်။ အကျိုးဆက် အနေဖြင့် ထိုနိုင်ငံများသည် မည်သည့်နိုင်ငံကမှ အခြားနိုင်ငံအပေါ်ကြီးမားသည့် နိုင်ငံရေးခြိမ်းခြောက်မှု မပြုလုပ် ဘဲ အပြန်အလှန်နားလည်မှုများ ရရှိလာခဲ့ကြသည်။ ဂယ်လ်တန်၏ ရှုထောင့်အရဆိုရလျှင် အာဆီယံသည် တည်ဆောက်ခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေး စိတ်ဓာတ်ကို တည်ဆောက်နိုင်ခဲ့သည်။ တည်ဆောက်ခြင်းဖြင့် ဖန်တီးသောငြိမ်းချမ်းရေးက ငြိမ်းချမ်းစွာပြဿနာဖြေရှင်းခြင်းကို လက်ခံထားပြီး လက်နက်များအသုံးပြုမှုကို ပယ်ဖျက်ထားသည်။ အကျိုးဆက်အနေဖြင့် အာဆီယံက အာဆီယံယန္တရားများမှတစ်ဆင့် ဒေသတွင်းပဋိပက္ခ များကို ဖြေရှင်းရန် ကြိုးပမ်းခဲ့သည်။ ဥပမာ အာဆီယံက ၂၀၁၁ ခုနှစ်တွင် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံအကြား ပဋိပက္ခကို ကြားဝင်ညှိနှိုင်း တွေ့ဆုံဆွေးနွေးပွဲတစ်ခု ပံ့ပိုးကူညီပေးခဲ့သည်။ ယင်းမတိုင်မီ အင်ဒိုနီးရှားနိုင်ငံကလည်း ဆီပါဒန်နှင့် လစ်ဂီတန်ကျွန်းများနှင့် စပ်လျဉ်းပြီး မလေးရှားနိုင်ငံနှင့် နယ်မြေအငြင်းပွားမှုကို TAC ယန္တရားများမှ တစ်ဆင့်ဖြေရှင်းရန် ကြိုးပမ်းခဲ့သည်။ TAC ၏ အပိုဒ် ၁၄ က ပဋိပက္ခများကို အာဆီယံ အမြင့်ဆုံးကောင်စီမှ တစ်ဆင့် ဖြေရှင်းနိုင်သည်ဟု ပါရှိသည် (ASEAN Secretariat, 1976)။ သို့ရာတွင် မလေးရှားနိုင်ငံက ထိုအဆိုကို ငြင်းပယ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မလေးရှားနိုင်ငံက စင်ကာပူနိုင်ငံနှင့် နယ်မြေဆိုင်ရာ အငြင်းပွားမှုရှိခဲ့ပြီး နောက်ဆုံးတွင် ယင်းကို နိုင်ငံတကာတရားရုံး (International Court of Justice (ICJ)) မှတစ်ဆင့် ဖြေရှင်းခဲ့ သည်။ နောက်ဆုံးတွင် နှစ်နိုင်ငံက အာဆီယံ၏ အမြင့်ဆုံးကောင်စီယန္တရားအား အသုံးမပြုတော့ဘဲ အမှုကို ICJ သို့ တင်ပြရန် သဘောတူညီခဲ့သည် (Irewati, 2016)။ ICJ တွင် တရားသူကြီး ၁၇ ဦးအနက် ၁၆ ဦးက

မလေးရှားနိုင်ငံကို အနိုင်ပေးခဲ့ပြီး မလေးရှားကို ကျွန်းများအားပိုင်ဆိုင်မှု ပေးခဲ့သည် (Singh, 2019)။ အလားတူပင် ဘာတူပူတီအာနှင့် ပီဒရာ ဘလန်ကာ ကျွန်းများနှင့် စပ်လျဉ်းသည့် စင်ကာပူနှင့် မလေးရှားနိုင်ငံတို့၏ ပဋိပက္ခကို ICJ သို့ တင်ပြခဲ့ပြီး ကျွန်းတစ်ကျွန်း (ပီဒရာ ဘလန်ကာ) ကို စင်ကာပူနိုင်ငံအားပေးကာ အခြားကျွန်း (မစ်ဒယ်ရော့ခ်) ကို မလေးရှားနိုင်ငံသို့ ပေးအပ်ခဲ့သည်။ ပြည်တွင်း၌ ဆန့်ကျင်မှုများရှိခဲ့သော်လည်း နိုင်ငံနှစ်နိုင်ငံလုံး၏ အစိုးရများက နယ်မြေပိုင်ဆိုင်မှုအငြင်းပွားခြင်းကို ဖြေရှင်းရန် ICJ ၏ ဆုံးဖြတ်ချက်ရလဒ်များကို လက်ခံရန် ကတိကဝတ်ပြုခဲ့သည်။

TAC ၏ ငြိမ်းချမ်းစွာပြဿနာဖြေရှင်းရေးမူအတွက် ခက်ခဲသည့်စမ်းသပ်ချက်တစ်ခုမှာ ပီရာဗီဟီရာ ဘုရားကျောင်းနှင့် ဘုရားကျောင်းပတ်ဝန်းကျင်ဒေသများအား ပိုင်ဆိုင်မှုအပေါ် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ပဋိပက္ခဖြစ်သည် (ထိုင်း-ကမ္ဘောဒီးယား ပဋိပက္ခအကြောင်း အသေးစိတ်ကို အခန်း (၃) စာသေတ္တာ ၃.၆ တွင် ရှုပါ)။ ICG ၏ အစီရင်ခံစာအရ အာဆီယံနည်းလမ်းက ပဋိပက္ခဖြစ်ပွားလာနိုင်ခြေကို မခန့်မှန်းနိုင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ထိုဒေသတွင် ပဋိပက္ခဖြစ်နိုင်ခြေမှာ ကာလရှည်ကြာရှိနေခဲ့သောကြောင့် ဖြစ်သည် (ICG, 2011)။ သို့ရာတွင် အဆိုပါအမြင်မှာ အပြည့်အဝမမှန်ကန်ပေ။ ကမ္ဘောဒီးယားနိုင်ငံက ထိုင်းနိုင်ငံ၏ ပို၍ အားကောင်းပြီး၊ ပို၍စုစည်းမှုရှိသော စစ်တပ်အပေါ် စိုးရိမ်ပူပန်ပြီး ပြဿနာကို ချက်ချင်းဖြေရှင်းလိုခဲ့သည်။ ထို့ကြောင့် ဖြစ်စဉ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီထံ တင်ပြခဲ့သည်။ သို့ရာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြဿနာကို အာဆီယံကဖြေရှင်းနိုင်သည်ဟု ယူဆခဲ့သည်။ အထူးသဖြင့် ထိုစဉ်က အာဆီယံဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံက နိုင်ငံနှစ်နိုင်ငံတွေ့ဆုံစကားပြောနိုင်ရန် လွန်းပျံသံတမန်ရေးကို စတင်ထားပြီးဖြစ်သောကြောင့် ဖြစ်သည် (Farida, 2014)။ အင်ဒိုနီးရှားနိုင်ငံ၏ ကြားဝင်ညှိနှိုင်းပေးသော ရှုပ်ထွေးသည့်ဖြစ်စဉ်မှတစ်ဆင့် ပြဿနာကို ဖြေရှင်းနိုင်ခဲ့သည်။ အငြင်းပွားမှုကို အာဆီယံ၏ အစည်းအဝေးများနှင့် တွေ့ဆုံဆွေးနွေးမှုများမှ ဖြေရှင်းနိုင်ခဲ့သော်လည်း အာဆီယံနည်းလမ်းယန္တရားက ပြဿနာကိုဖြေရှင်းရာတွင် နှောင့်နှေးခဲ့ပြီး ပြဿနာကို တစ်ပတ်ပြန်လည်လာစေသည် (ICG, 2011)။ ဤသည်က TAC ပါ ငြိမ်းချမ်းစွာအဖြေရှာရေးစံနှုန်းများ လက်ခံမှုသည် ကျိန်းသေပေါက်ဖြစ်လိမ့်မည်ဟု ယူဆထား၍မရဘဲ နိုင်ငံတစ်နိုင်ငံချင်းစီကို နားသွင်း၍ လက်ခံလာစေရန် ဖြစ်စဉ်တစ်ခု ဆက်လက်လုပ်ဆောင်ရမည်ဟု ပြသနေသည်။

ဒေသတွင်းနိုင်ငံများအကြား မဖြေရှင်းရသေးသည့်ပဋိပက္ခများနှင့် အာဆီယံပြည်သူများ၏ အကျိုးစီးပွားများ ပါရှိသည့် ပဋိပက္ခများကြောင့် စစ်အေးကာလအပြီး၌ အာဆီယံက အာရုံစိုက်ခံလာရသည်။ တစ်နည်းအားဖြင့် ဆိုသော် အာဆီယံနည်းလမ်းသည် ဒေသတွင်းဖြစ်လာနိုင်သည့် ပဋိပက္ခများအားလုံးကို ကျော်လွှားရန် လုံလောက်သည့်ယန္တရားတစ်ခု မဖြစ်နိုင်ဟု ထင်မြင်လာကြသည်။ သို့ဖြစ်လေရာ အာဆီယံနိုင်ငံများမှ ပြည်သူများက အဖွဲ့အစည်းကို လူ့အခွင့်အရေး၊ ရွှေ့ပြောင်းလုပ်သားများ၊ အမျိုးသမီးများ၏ အခန်းကဏ္ဍ၊ အမျိုးသမီးနှင့် ကလေးငယ်များကို တရားမဝင် နယ်စပ်ဖြတ်ကျော်ခိုးဝင်စေခြင်း၊ ကိုယ်ရေးကိုယ်တာလုံခြုံမှု၊ အကြမ်းဖက်မှုနှင့် အခြားသော နယ်စပ်ဖြတ်ကျော်ပြဿနာရပ်များကဲ့သို့ အခြားသောပြဿနာများကို ဖြေရှင်းရာတွင် ပို၍ကြီးမားသောအခန်းကဏ္ဍမှ ပါဝင်ရန် စတင်တောင်းဆိုလာကြသည် (Hara, 2007)။

အဆိုပါပြဿနာကိုကိုင်တွယ်ရန် ဝင်ရောက်စွက်ဖက်မှုမပြုရေးနှင့် အားလုံးသဘောတူရေးမူများ ကဲ့သို့သော အာဆီယံနည်းလမ်းမှ အစိတ်အပိုင်းအများအပြားသည် ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရသည်။ ဥပမာ အချို့က အာဆီယံသည် ၎င်း၏အဖွဲ့ဝင်နိုင်ငံများကို အရေးကြီးကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်နိုင်ရန် အပြုသဘောဆောင်ပြီး ပျော့ပျောင်းသောဆက်ဆံမှုများ ပြုလုပ်သင့်သည်ဟု ဆိုကြသည်။ ထို့ကြောင့် အချို့က ဝင်ရောက်စွက်ဖက်မှုမပြုရေးမူကို တင်းတင်းကြပ်ကြပ် အဓိပ္ပာယ်မပြန်ဆိုသင့်တော့ဟု ဆိုကြသည်။ အာဆီယံက အာဆီယံပြည်သူများကို ၎င်း၏လုပ်ဆောင်ချက်များတွင် ပါဝင်ခိုင်းသည့် ၎င်း၏ပြည်သူဗဟိုပြုသဘောတရားမှ တစ်ဆင့် ပြည်သူများ၏ဆန္ဒများကို ဖြည့်ဆည်းပေးရန် ကြိုးပမ်းခဲ့သည်။ အာဆီယံက ပဋိညာဉ်တစ်ခုကို မိတ်ဆက်ပေးခြင်းဖြင့်လည်း ပူးပေါင်းဆောင်ရွက်ရေးကို အင်စတီကျူးရှင်း အခြေကျရန် ကြိုးပမ်းခဲ့သည်။ သို့ဖြစ်လေရာ အာဆီယံက ပို၍အလုပ်ဖြစ်လာပြီး လွတ်လပ်စွာကုန်သွယ်ရေး၊ လူ့အခွင့်အရေးကာကွယ်ရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့တွင် သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့သည်။ ဤအချက်များအားလုံးက ဝင်ရောက်စွက်ဖက်မှုမပြုရေးစည်းမျဉ်းကို ပြောင်းလဲ၍မရဟု နားလည်ထားနိုင်ခြင်း မရှိတော့ဟု ပြသနေသည်။ သို့ရာတွင် နိုင်ငံများအကြားဆက်ဆံရေးများ၊ ပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံများနှင့် အကောင်းဆုံးအလေ့အကျင့်များ ရှာဖွေခြင်းတို့က လက်ရှိတည်ရှိနေသည့် ပူးပေါင်းဆောင်ရွက်ရေးယန္တရားများကို တိုးတက်လာစေသော်လည်း ပူးပေါင်းဆောင်ရွက်ရေး ယန္တရားအသစ်များကို အပြည့်အဝ ပုံမဖော်ရသေးပေ။ အလားတူပင် AICHR, AHA နှင့် AIPR ကဲ့သို့သော အာဆီယံအဖွဲ့ခွဲများသည် လည်း ရန်ပုံငွေနှင့် အာဏာကန့်သတ်ချက်များ ရှိလင့်ကစား ၎င်းတို့၏ သက်ဆိုင်ရာ တာဝန်များကို ထမ်းဆောင်နေကြသည်။

သို့ရာတွင် အဆိုပါ အသစ်ဖွဲ့စည်းထားသည့် အင်စတီကျူးရှင်းများ၏ ထိရောက်မှုကို ကောင်းစွာမစမ်းသပ်ရသေးပေ။ အဘယ်ကြောင့်ဆိုသော် အာဆီယံက ၎င်းတို့၏ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းစစ်များနှင့် ရုန်းကန်နေရသောကြောင့် ဖြစ်သည်။ ဥပမာ မြန်မာနိုင်ငံမှ ရိုဟင်ဂျာပြဿနာကိုဖြေရှင်းရန် အာဆီယံက လုပ်ဆောင်နိုင်ခြင်းမရှိပေ။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာအစိုးရ၏ ရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများအား ရှုတ်ချကြသော်လည်း အာဆီယံအဖွဲ့ခွဲများက ဝင်ရောက်မစွက်ဖက်ရေးမူကြောင့် ပြဿနာကိုဖြေရှင်းရန် တိုက်ရိုက်အားထုတ်မှုမရှိကြပေ။ ၎င်းတို့နေထိုင်ရာဒေသကို စွန့်ခွာထွက်ပြေးရသည့် ထိခိုက်နစ်နာသူများကိုကူညီရန် လူသားချင်းစာနာမှုဆိုင်ရာ လုပ်ဆောင်ချက်များသာ အာဆီယံက လုပ်ဆောင်နိုင်ခဲ့သည်။ အလားတူပင် အာဆီယံသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အောင်ဆန်းစုကြည်၏ တရားဝင်အစိုးရကို စစ်တပ်က အာဏာသိမ်းဖြုတ်ချခဲ့သည့်အပေါ် ဆန့်ကျင်ဆန္ဒပြသည့် မြန်မာနိုင်ငံမှ ဒီမိုကရေစီလှုပ်ရှားမှုများအား ကူညီပေးရန် လုပ်ဆောင်နိုင်ခဲ့ခြင်း မရှိပေ။

သို့ရာတွင် အာဆီယံက နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုပြဿနာကို ဖြေရှင်းရန် ကြိုးပမ်းမှုများ ပြုလုပ်ခဲ့သည်။ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများဟု ခေါ်ရခြင်းမှာ ယင်းတို့က နိုင်ငံတစ်နိုင်ငံ၏ နယ်စပ်နယ်နိမိတ်ကို ကျော်လွန်လုပ်ဆောင်သောကြောင့် ဖြစ်သည်။ ရာဇဝတ်မှုတစ်ခုအတွက် ပြင်ဆင်ခြင်းကို နိုင်ငံတစ်နိုင်ငံ၏ ဌာနချုပ်တွင် လုပ်ဆောင်သော်လည်း ရာဇဝတ်မှုများကိုယ်၌ကို အခြားနိုင်ငံအများအပြားတွင် ကျူးလွန်ဆောင်ရွက်နိုင်သည်။ ထိုသို့သော ရာဇဝတ်မှုများတွင် နိုင်ငံတစ်နိုင်ငံထက်ပို၍ စုစည်းထားသည့် ရာဇဝတ်ဂိုဏ်းများလည်း ပါဝင်နိုင်

သည်။ အာဆီယံကိုခြိမ်းခြောက်နေသည့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများမှာ အကြမ်းဖက်မှု၊ ပင်လယ်ဓားပြမှု၊ မူးယစ်ဆေးဝါးသယ်ယူပို့ဆောင်ခြင်း၊ ငွေကြေးခဝါချခြင်း၊ လူကုန်ကူးခြင်း၊ တရားမဝင် လက်နက်ကုန်ကူးခြင်း၊ နိုင်ငံတကာ စီးပွားရေးရာဇဝတ်မှုများနှင့် ဆိုက်ဘာရာဇဝတ်မှုများ ဖြစ်ကြသည် (Sovannasam, 2011)။ အဆိုပါ ပြဿနာကိုကျော်လွှားရန် ကြိုးပမ်းမှုများအတွက် ရဲများ၏ ပူးပေါင်းပါဝင်ခြင်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ဥပဒေများပြင်ဆင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ဆောင်ချက်များကို ပို၍ထိရောက်စေရန် နယ်စပ်ဖြတ်ကျော် ဥပဒေရေးရာအထောက်အပံ့များပေးခြင်းတို့ လိုအပ်သည်။ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများ သည် နိုင်ငံ၏အချုပ်အခြာအာဏာနှင့် မပြိုကွဲရေးကိုလည်း သက်ရောက်မှုရှိနိုင်သည်။ အဆိုပါအကြောင်းပြချက် ကြောင့် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများကို အာဆီယံဝန်ကြီးများအစည်းအဝေး (ASEAN Ministerial Meeting (AMM)) တွင် ပါဝင်သည့် နိုင်ငံရေးနှင့် လုံခြုံရေး ခေါင်းစဉ်အောက်မှ ဆွေးနွေးရန်လိုအပ်သည်။ ထိုပြဿနာကို ကြီးလေးသည်ဟု ရှုမြင်ထားကြရာ အာဆီယံက အကြမ်းဖက်မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ (Working Group on Counter Terrorism (WG on CT))၊ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ (Working Group on Trafficking in Persons (WG on TIP)) နှင့် ဆိုက်ဘာရာဇဝတ်မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ (Working Group on Cybercrime (WG on CC)) အပါအဝင် လုပ်ငန်းအဖွဲ့အများအပြားကို ဖန်တီးထားသည်။ ထို့ပြင် အာဆီယံက ပြည်သူများကို တရားမဝင်မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ရန် အာဆီယံလုပ်ငန်းအစီအစဉ် ၂၀၁၆-၂၀၂၅ မှတစ်ဆင့် တရားမဝင်မူးယစ်ဆေးပြဿနာကို ဖြေရှင်းရန်ကြိုးပမ်းခဲ့သည်။ ထို့ပြင် အာဆီယံက အကြမ်းဖက်မှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ် (ASEAN Convention on Counter Terrorism (ACCT)) နှင့် အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များအား လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူ စာချုပ် (ASEAN Convention Against Trafficking in Persons, Especially Women and Children (ACTIP)) တို့ကို သဘောတူညီမှုရရှိထားသည်။ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုများကို တိုက်ဖျက်ရန် နိုင်ငံဖြတ်ကျော်ရာဇဝတ်မှု များဆိုင်ရာ အာဆီယံဝန်ကြီးများအစည်းအဝေး (ASEAN Ministerial Meeting on Transnational Crime (AMMTC)) အပြင် အာဆီယံက အာဆီယံဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး (ASEAN Finance Ministers Meeting (AFMM))၊ အာဆီယံရဲချုပ်များအစည်းအဝေး (ASEAN Chiefs of National Police Meeting (ASEANAPOL)) နှင့် မူးယစ်ဆေးဝါးဆိုင်ရာ အာဆီယံ အကြီးတန်းကိုယ်စားလှယ်များအစည်းအဝေး (ASEAN Senior Officials on Drugs Matters (ASOD)) တို့ကို မိတ်ဆက်ထားခဲ့သည်။ ထို့ပြင် အာဆီယံက အဆိုပါယန္တရားများမှတစ်ဆင့် အခြားသောနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်သည်။

ဒေသတွင်း အချို့သောပဋိပက္ခများသည် ရေပိုင်နက်သတ်မှတ်ရေး၊ ကျွန်းများပိုင်ဆိုင်မှုနှင့် နယ်မြေအငြင်းပွားမှု ကဲ့သို့သော နယ်စပ်နှင့် နယ်နိမိတ်ဆိုင်ရာပြဿနာများနှင့် သက်ဆိုင်သည်။ ရေပိုင်နက်ဆိုင်ရာပဋိပက္ခများသည် စီးပွားရေးဇုန်များ၏ နယ်နိမိတ်များထပ်နေခြင်းကြောင့် ဖြစ်လေ့ရှိပြီး နှစ်ဖက်သဘောတူထားသည့် နယ်နိမိတ်များ လိုအပ်ပေသည်။ ထိုသို့သောအခြေအနေမျိုးတွင် ကျွန်းဆွယ်နိုင်ငံများနှင့် ရေပိုင်နက်ရှိကြသည့် နိုင်ငံများကို အများဆုံးသက်ရောက်မှုရှိသည်။ အထူးသဖြင့် အင်ဒိုနီးရှားကဲ့သို့သောနိုင်ငံများက ရေပိုင်နက် သတ်မှတ်ရန် ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်ဖို့ ဦးစားပေးကြသည်။

အာဆီယံအဖွဲ့ဝင်များအကြား ရေပိုင်နက်များကို ဆွေးနွေးညှိနှိုင်းနိုင်သော်လည်း တရုတ်နိုင်ငံပါဝင်သည့် တောင်တရုတ်ပင်လယ်မှ စပါ့တ်တလီကျွန်းစုများ၊ ပါရာဆယ်လ်ကျွန်းစုများနှင့် စကာဘိုရို ရေပိုင်နက်ဆိုင်ရာ ပိုင်နက်အငြင်းပွားမှုများကတော့ ထိုကဲ့သို့မဟုတ်ပေ။ ကနဦးတွင် အာဆီယံနိုင်ငံများက တရုတ်နိုင်ငံ၏အဆိုကို အတူတကွရင်ဆိုင်ရန် သဘောတူခဲ့ကြသော်လည်း တရုတ်နိုင်ငံ၏ အကွက်ရွှေ့မှုများကြောင့် မညီမညွတ် ဖြစ်လာကြသည်။ ဥပမာ ကမ္ဘောဒီးယားနိုင်ငံက တောင်တရုတ်ပင်လယ်ရှိ ကျွန်းများနှင့်ပတ်သက်သည့် တရုတ်နိုင်ငံ၏အဆိုကို ထောက်ခံလိုသည် (Thul, 2015)။ တရုတ်နိုင်ငံ၏အဆိုကို ငြင်းပယ်ခဲ့သော ဖိလစ်ပိုင် အနောက်ပင်လယ်မှ ဒေသများနှင့်စပ်လျဉ်းသည့် ICJ ၏ ဆုံးဖြတ်ချက်ကိုတုံ့ပြန်ရန် ကမ္ဘောဒီယားနိုင်ငံက ကန့်ကွက်နေသောကြောင့် အာဆီယံအဖွဲ့တွင် အားလုံးသဘောတူညီမှု မရရှိခဲ့ပေ။ သို့ရာတွင် ကမ္ဘောဒီးယား နိုင်ငံက အချိန်အတိုင်းအတာတစ်ခုအထိ တရုတ်နိုင်ငံထံမှ စီးပွားရေးနှင့် စစ်ရေးအကူအညီများ ရရှိနေပြီး ဖြစ်သည်။ ထို့ကြောင့် အာဆီယံသည် နိုင်ငံတကာဥပဒေအဆုံးအဖြတ်များ မပြုလုပ်နိုင်၊ ထို့ကြောင့် ထိုအရေးကိစ္စတွင် မပါဝင်သင့်ဟု ကမ္ဘောဒီးယားနိုင်ငံကဆိုခြင်းမှာ အံ့ဩစရာတော့မဟုတ်ပေ (Thul, 2015)။

တောင်တရုတ်ပင်လယ်ပဋိပက္ခကို ကိုင်တွယ်ရန် အာဆီယံ၏ယန္တရားက ကြီးမားသောစိန်ခေါ်မှုကို ရင်ဆိုင်နေရ သည်။ တရုတ်နိုင်ငံ၏ဒေသကို ထိန်းချုပ်ရန်မျှော်မှန်းချက်နှင့် ရင်ဆိုင်ရသည့်အခါ အာဆီယံနည်းလမ်းကဲ့သို့သော ယန္တရားများက မျှော်လင့်ထားသလို အလုပ်မဖြစ်ပေ။ တရုတ်နိုင်ငံက သူလက်ခံထားသည့် မိရိုးဖလာ ငါးဖမ်းသည့် ဒေသများဖြစ်သော လိုင်းကိုးလိုင်းနယ်နိမိတ်ကို သူပိုင်ဆိုင်သည်ဟု သိသိသာသာပြသခဲ့သည်။ ထိုစဉ် အာဆီယံနိုင်ငံများက လိုင်းကိုးလိုင်းသည် ၎င်းတို့၏ရေပိုင်နက်များကို ချိုးဖောက်သည်ဟု ရှုမြင်ကြသည်။ ဤသည်က အင်ဒိုနီးရှားစစ်သင်္ဘောများနှင့် တရုတ်ကမ်းခြေစောင့်သင်္ဘောများအကြား ထိတွေ့မှုများကို ဖြစ်ပွားစေခဲ့သည်။ အင်ဒိုနီးရှားက ၎င်း၏ နာတူနာ ကျွန်းစုများအနီး အင်ဒိုနီးရှားနိုင်ငံ၏ ရေပိုင်နက်ထဲသို့ တရုတ်ငါးဖမ်းလှေများ ဝင်ရောက်လာခြင်းကို ဖယ်ရှားရန်လည်း ကြိုးပမ်းခဲ့သည်။ ၎င်း၏ သဘောထားကို အားကောင်းစေရန် အင်ဒိုနီးရှားနိုင်ငံက ကျွန်းစုများ၏ မြောက်ဘက်ရှိ ပင်လယ်၏ အမည်ကို တောင်တရုတ်ပင်လယ်မှ မြောက်နာတူနာပင်လယ်ဟု အမည်ပြောင်းလဲခေါ်ဆိုခဲ့သည်။

အာဆီယံနိုင်ငံများသည် ပဋိပက္ခများဖြေရှင်းရန် သံတမန်ရေးကို အားကိုးကြသည်။ အင်အားအသင့်အတင့် ရှိသော နိုင်ငံများဖြစ်လေရာ နိုင်ငံခြားဝင်ရောက်စွက်ဖက်မှုကို ရှောင်ရှားရန် သံတမန်ရေးက ရှောင်လွှဲမရသည့် ရွေးချယ်မှုတစ်ခု ဖြစ်သည်။ ထို့ကြောင့် သူတို့က ဖြစ်နိုင်သည့်အတိုင်းအတာအထိ တောင်တရုတ်ပင်လယ်ကို စစ်မြေပြင်ဖြစ်သွားစေနိုင်သည့် စစ်အင်အားတိုးမြှင့်မှုကို ရှောင်ရှားကြသည်။ ဥပမာ အာဆီယံက အမေရိကန်နိုင်ငံ နှင့် တရုတ်နိုင်ငံတို့အကြား တင်းမာမှုကိုလျှော့ချရန် အင်ဒိုပစိဖိတ်အမြင်ကို ထုတ်ပြန်ခဲ့သည်။ သို့ဖြစ်လေရာ အဆိုပါ ဖြစ်ပေါ်ပြောင်းလဲမှုများကို ရင်ဆိုင်ရာတွင် အာဆီယံ၏သဘောထားက အတန်အသင့် ကြားနေပုံစံရှိပြီး တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံ နှစ်နိုင်ငံလုံးကို ပါဝင်အောင်လုပ်ဆောင်ထားသည်။ အာဆီယံက လုပ်ဆောင်မှု များကို ၎င်း၏မူများနှင့်ကိုက်ညီဖို့ အာရုံစိုက်ထားလေရာ စစ်ရေးချဉ်းကပ်ပုံများကို အကျယ်မချဲ့ဘဲ အားလုံး သဘောတူညီမှု၊ စံနှုန်းများနှင့် သံတမန်ရေးတည်ဆောက်ရေးကို ပို၍ အာရုံစိုက်ထားသည် (Acharya, 2019)။ ဤသည်နှင့် ကိုက်ညီစွာပင် အာဆီယံက ယခင်က တောင်တရုတ်ပင်လယ်ကိစ္စရပ်ကို ပူးတွဲကိုင်တွယ်ရန်

ကျင့်ဝတ်စည်းမျဉ်းများကို ထုတ်ပြန်ခဲ့ဖူးသည်။ သို့ရာတွင် ထိုကြိုးပမ်းမှုများက ထိရောက်မှုမရှိဟု ဆုံးဖြတ်ခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံက အဆိုပါပြဿနာကို ICJ သို့ တင်ပြခဲ့လေသည် (Buszynski, 2015)။

ထို့ကြောင့် တောင်တရုတ်ပင်လယ်မှပဋိပက္ခသည် အာဆီယံ၏ ပဋိပက္ခဖြေရှင်းရေး ချဉ်းကပ်ပုံနှင့် ယန္တရားများ တွင် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်ခဲ့သည်။ ယင်းတို့တွင် အရှေ့တောင်အာရှတွင်သာမကဘဲ အာရှပစိဖိတ် (ယခုအခါ အင်ဒိုပစိဖိတ်) ဒေသမှ အမျိုးမျိုးသော လုံခြုံရေးကိစ္စရပ်များကိုပါ ဆွေးနွေးသည့် ARF၊ ASEAN PMC နှင့် ASEM ဖိုရမ်များ ထွက်ပေါ်မှုလည်း ပါဝင်ခဲ့သည်။ ယင်းဖိုရမ်များက အရေးပါသောကိစ္စရပ်များ ဆွေးနွေးရန် ဒေသတွင်းနိုင်ငံများကို အတူစုစည်းပေးရာတွင် အတော်လေးထိရောက်သည်။ ဥပမာ ARF က ဒေသတွင်းနိုင်ငံများကို အမျိုးမျိုးသော အချိန်မီလုပ်ဆောင်ရမည့် ကိစ္စရပ်များကိုဆွေးနွေးရန် တွေ့ဆုံဆွေးနွေးမှုများ ပံ့ပိုးကျင်းပပေးသည်။ ချက်ချင်း ရလဒ်များထွက်ပေါ်ရန် မမျှော်လင့်ထားသော်လည်း အဆိုပါဖိုရမ်က နိုင်ငံများအနေဖြင့် ပြဿနာများကို ဆွေးနွေးရန်နှင့် နိုင်ငံစုံပါဝင်သော ဆွေးနွေးမှုများမှတစ်ဆင့် တင်းမာမှုများ လျှော့ချဖို့ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန်၊ အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရန်နှင့် ပဋိပက္ခများကို ကာကွယ်တားဆီးရန် နေရာတစ်ခုဖြစ်လာသည် (Haacke, 2009)။ ARF တက်ရောက်သူများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် အာဆီယံ၏ တွေ့ဆုံဆွေးနွေးရေး မိတ်ဖက်နိုင်ငံ ဆယ်နိုင်ငံ (အမေရိကန်၊ ကနေဒါ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ ရုရှား၊ နယူးဇီလန်နှင့် ဥရောပသမဂ္ဂ) နှင့် ပါပူအာနယူးဂီနာ၊ မွန်ဂိုးလီးယား၊ မြောက်ကိုရီးယား၊ ပါကစ္စတန်၊ တီမောလက်စတေးနှင့် ဘင်္ဂလားဒေ့ရှ် ကဲ့သို့သော ဒေသတွင်း အခြားနိုင်ငံများလည်း ပါဝင်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း နိုင်ငံအချင်းချင်းပဋိပက္ခများအတွက် ဤဖိုရမ်များက အလုပ်ဖြစ်ကောင်း ဖြစ်လိမ့်မည်။ သို့ရာတွင် မတူညီသောအခြေအနေများနှင့် မဟာဗျူဟာမြောက်ယှဉ်ကျေးမှုများ ရှိကြသည့် အာဆီယံပြင်ပနိုင်ငံများအတွက် ယင်းတို့က ထိရောက်မှုမရှိလှပေ။ ဥပမာ တောင်တရုတ်ပင်လယ်နှင့် သက်ဆိုင်သည့်အဖွဲ့များ၏ လုပ်ဆောင်ချက်များဆိုင်ရာ ကြေညာစာတမ်း (Declaration on the Conduct of Parties in the South China Sea (DOC)) နှင့် တောင်တရုတ်ပင်လယ်အငြင်းပွားမှုကို ဖြေရှင်းရန် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား ကျင့်ဝတ်စည်းမျဉ်းများအား ထုတ်ပြန်ခဲ့ပြီး DOC အတွက် သဘောတူစာချုပ်ကို ၂၀၀၂ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော်လည်း သဘောတူစာချုပ်က ယုံကြည်မှုတည်ဆောက်ရန်နှင့် နိုင်ငံများအကြား တင်းမာမှုကိုလျှော့ရန် ၎င်း၏တာဝန်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိပေ။ သို့ရာတွင် ကျင့်ဝတ်စည်းမျဉ်းများ (Code of Conduct (COC)) တွင် ပို၍ တရားဝင်ဖြစ်သော သဘောတူချက်များကို ဆွေးနွေးရာ၌ DOC က စမှတ်တစ်ခု ဖြစ်ခဲ့သည် (Li, 2014)။ COC ကို အကောင်အထည်ဖော်ရန် ခက်ခဲရသည့် အကြောင်းအရင်းတစ်ခုမှာ အာဆီယံ၏ ပြီးပြည့်စုံပြီး နိုင်ငံစုံပါဝင်သော ဖြေရှင်းမှုနည်းလမ်းနှင့် ဆန့်ကျင်ပြီး တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်အငြင်းပွားမှုများကို နှစ်နိုင်ငံအကြား ဆွေးနွေးမှုများဖြင့် ဖြေရှင်းလိုသော ကြောင့် ဖြစ်သည်။ နောင်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သဘောထားကွဲလွဲမှု ထွက်ပေါ်လာသည်။ ယခင်က ဖော်ပြခဲ့သည့်အတိုင်း (အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်) ကမ္ဘောဒီးယားနိုင်ငံက တရုတ်နိုင်ငံ၏ အဆိုနှင့် သက်ဆိုင်ရာနိုင်ငံများနှင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးအဖြေရှာရန် လိုလားခြင်းကို ထောက်ခံခဲ့သည်။ ထိုစဉ် ရှေ့မတိုး၊

နောက်မဆုတ်သာအခြေအနေသို့ ရောက်ရှိနေပြီဟု ခံစားရသည့် ဖိလစ်ပိုင်နိုင်ငံက အငြင်းပွားမှုကို ICJ ထံ တင်ပြခဲ့သည် (Buszynski, 2015)။

## ၇.၄ အာဆီယံနည်းလမ်းကို ကျော်လွန်ခြင်း၊ တရားဝင်အဖွဲ့ခွဲများတွင် အာဆီယံ၏ အခန်းကဏ္ဍ

အာဆီယံနိုင်ငံများတွင်ရော ၎င်းတို့၏ ပြင်ပပတ်ဝန်းကျင်တွင်ပါ အခြေအနေများ ဖြစ်ပေါ်တိုးတက်မှုက အာဆီယံကို ၎င်း၏အရေးပါမှုအား ပုံမှန်ပြသရန် လိုအပ်လာစေခဲ့သည်။ လုံခြုံရေးခြိမ်းခြောက်မှုများကို နိုင်ငံ့လုံခြုံရေးကိစ္စရပ်များအဖြစ်သာ မသတ်မှတ်တော့ဘဲ အစောပိုင်းတွင် အာဆီယံ၏ အဓိကအာရုံစိုက်မှု ဖြစ်ခဲ့သည့် နိုင်ငံများအကြား သဟဇာတဖြစ်သော ဆက်ဆံရေးများက ယခုအခါ လူသားလုံခြုံရေးပါ ပါဝင်လာခဲ့သည်။ လူသားလုံခြုံရေးတွင် ဆင်းရဲမွဲတေမှု၊ လူ့အခွင့်အရေးချိုးဖောက်ခြင်းနှင့် အမျိုးမျိုးသော နယ်စပ်ဖြတ်ကျော်ကိစ္စရပ်များကဲ့သို့ ရှုပ်ထွေးသည့်ကိစ္စအမျိုးမျိုးပါ ပါဝင်သည်။

၁၉၈၀ ပြည့်လွန်နှစ် နှောင်းပိုင်းများတွင် အချို့နိုင်ငံများ၌ အပြောင်းအလဲများက ပွင့်လင်းမှုနှင့် ဒီမိုကရေစီကို ဦးတည်လာခဲ့ပြီး ဤသည်က အာဆီယံအပေါ်လည်း သက်ရောက်မှုများရှိသည်။ အင်ဒိုနီးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံများအားလုံးက ပို၍ ဒီမိုကရေစီနည်းလမ်းကျသည့် စနစ်များကို တည်ဆောက်ရန် မျှော်မှန်းခဲ့သည်။ ထိုအချိန်တွင် မလေးရှားနိုင်ငံ၌ နိုင်ငံရေးအရ ပို၍ပွင့်လင်းလာသည်ကို တွေ့ရသည်။ အာဆီယံသည် ပြည်သူများကို ပို၍အခြေခံလာပြီး လူတို့က ပို၍အလုပ်ဖြစ်သော အာဆီယံကို လိုလားလာကြသည်။ ထိုသို့သော တောင်းဆိုချက်များကို အာဆီယံအတွင်း လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ကာကွယ်ပေးခြင်း အပါအဝင် လူသားလုံခြုံရေးကိစ္စရပ်များအား ဖြေရှင်းရန် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ပို၍တက်ကြွစွာ တောင်းဆိုလာခြင်းကိုကြည့်လျှင် သိနိုင်သည်။ ထို့ပြင် စစ်ရေးအရ ခြိမ်းခြောက်မှုများမရှိတော့သည့် နိုင်ငံတကာ ပတ်ဝန်းကျင်က လူသားမျိုးနွယ်စုအပေါ် အခြားခြိမ်းခြောက်မှုများအား ပို၍အာရုံစိုက်လာပြီး အာဆီယံအနေဖြင့် ပို၍ထင်ရှားသည့် အခန်းကဏ္ဍများလုပ်ဆောင်ရန် လိုအပ်လာခဲ့သည်။

အာဆီယံခေါင်းဆောင်များက အဆိုပါအပြောင်းအလဲများကို သတိထားမိခဲ့ကြပြီး အာဆီယံ ပြည်သူ့အခြေပြု သဘောတရားကဲ့သို့သော အရေးပါသည့် လုပ်ဆောင်ချက်အများအပြားကို လုပ်ဆောင်ခဲ့သည်။ ထိုသို့ ပါရာဒိုင်း အရွေ့က အာဆီယံ၏ပြည်သူများအပေါ် လက်ရှိစိုးရိမ်ပူပန်မှုများကို ပြနေသည် (Sani and Hara, 2013)။ ထိုသို့သော နောက်ခံအခြေအနေတွင် အာဆီယံက ၂၀၁၅ ခုနှစ်၌ အာဆီယံအသိုက်အဝန်းအတွက် နိုင်ငံရေး-လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်းနှင့် လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဟူ၍ မဏ္ဍိုင်သုံးရပ်ကို ချမှတ်ခဲ့သည်။ အာဆီယံအသိုက်အဝန်းက နှေးကွေးစွာ ဖြစ်ပေါ်ပြောင်းလဲနေသော်လည်း ယခုအခါ ယင်းတို့က အောက်ခြေပြည်သူများအတွက် ပို၍အလုပ်ဖြစ်ပြီး သင့်လျော်သည့် ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်အမျိုးမျိုး ပါဝင်သည့် မူဘောင်တစ်ခုကို ပိုင်ဆိုင်နေပြီဖြစ်သည်။ ဤသည်က အာဆီယံကို အီလစ်များအကြား ပုံမှန် အစည်းအဝေးများကျင်းပသည့် အဖွဲ့အစည်းတစ်ရပ်အဖြစ်မှ ပို၍ အင်စတီကျူးရှင်းအရ အခြေခိုင်သည့် ဖိုရမ်တစ်ခုအဖြစ် ပြောင်းလဲပေးနိုင်ခဲ့သည်။

အာဆီယံအသိုက်အဝန်း ဆောင်ရွက်ချက်ကို လုံခြုံရေးတိုးတက်ရန် ယန္တရားများနှင့်သက်ဆိုင်သည့် အခြား အာဆီယံအင်စတီကျူးရှင်းများကလည်း ပါဝင်လုပ်ဆောင်လာခဲ့သည်။ အောက်ပါတို့မှာ အာဆီယံနည်းလမ်းမှ ဖယ်ခွာသည်ဟုဆိုနိုင်သည့် အာဆီယံအဖွဲ့ခွဲလေးခုဖြစ်သည်။ ဖယ်ခွာသည်ဟုဆိုရခြင်းမှာ ယင်းအဖွဲ့ခွဲများ၌ ပူးပေါင်းဆောင်ရွက်ခြင်းက ထိရောက်စေရန် နိုင်ငံများအကြား ဝင်ရောက်စွက်ဖက်မှု အတိုင်းအတာတစ်ခုအထိ လိုသောကြောင့် ဖြစ်သည်။ ဤသည်က အာဆီယံသည် အာဆီယံနည်းလမ်းကို လုံးဝ စွန့်ပစ်လိုက်ပြီဟု မဆိုလိုပေ။ အဘယ်ကြောင့်ဆိုသော် ရှုထောင့်အများအပြားတွင် ဤသည်က အာဆီယံနိုင်ငံများ၏ အီလစ်အချို့အတွက် လွှမ်းမိုးသည့် ပြောဆိုရေးသားမှုတစ်ခု ဖြစ်နေဆဲ ဖြစ်သောကြောင့်ဖြစ်သည်။

## ၇.၄.၁ အာဆီယံ ပဋိညာဉ်

အာဆီယံသည် နှစ်ပေါင်းလေးဆယ်အထိ ပဋိညာဉ်မရှိဘဲ လည်ပတ်လာခဲ့သည်။ ဒေသဆိုင်ရာအဖွဲ့တစ်ခု အနေဖြင့် အတော်လေးချောမွေ့စွာ လည်ပတ်နိုင်ခဲ့သော်လည်း ယင်းက ပြီးပြည့်စုံခြင်းမရှိခဲ့ပေ။ ၁၉၇၆ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးပဋိညာဉ်က အင်စတီကျူးရှင်းအရ အခြေတကျရှိသည့် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ရန် မလုံလောက်ဟုဆိုနိုင်သည်။ ၂၀၀၇ ခုနှစ် နိုဝင်ဘာလ တွင် အာဆီယံခေါင်းဆောင်များ၏ ကိုယ်စားလှယ်များက ပဋိညာဉ်ကိုအတည်ပြုပြီး လက်မှတ်ရေးထိုးသော အခါမှသာ အာဆီယံက ကောင်းစွာ အင်စတီကျူးရှင်းအရ အခြေကျပြီး အဖွဲ့အစည်းတစ်ခုအဖြစ်သို့ တက်လှမ်း နိုင်ခဲ့သည်။

အာဆီယံပဋိညာဉ်ဖန်တီးသည့် ဖြစ်စဉ်က အတော်လေးရှုပ်ထွေးခဲ့သည်။ ထို့ပြင် အားလုံးသဘောတူညီမှု ယူရသည့် ဖြစ်စဉ်က အချိန်ကြာစေခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် ကွာလာလမ်ပူ၌ ကျင်းပခဲ့သည့် (၁၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၌ အာဆီယံခေါင်းဆောင်များက အမျှော်အမြင်ရှိပြီး အဆင့်မြင့်သည့် ပဋိညာဉ် တစ်ခု ရေးဆွဲနိုင်ရန်အာဆီယံနိုင်ငံများအားလုံးမှ လူသိများသည့် ပုဂ္ဂိုလ်များပါဝင်သော အရေးပါသောပုဂ္ဂိုလ်များ အုပ်စု (Eminent Persons Group (EPG)) ကို ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ (၁၂) ရက်နေ့တွင် စီဘူး၌ EPG အစီရင်ခံစာကို တင်ပြခဲ့သည်။ ထို့နောက် အာဆီယံက နောင်လာမည့် ၂၀၀၈ ခုနှစ် စင်ကာပူ ထိပ်သီးညီလာခံတွင် လက်မှတ်ရေးထိုးရန် ပဋိညာဉ်တစ်ခုပြင်ဆင်ဖို့ အာဆီယံနိုင်ငံများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သံအမတ်များပါဝင်သည့် အဆင့်မြင့်တာဝန်အင်အားစု (High-Level Task Force (HLTF)) ကို ဖွဲ့စည်းခဲ့သည် (Koh, Manalo, and Woon, 2009)။

ပဋိညာဉ်ရေးဆွဲရေးဖြစ်စဉ်မှာ လွန်စွာရှုပ်ထွေးခဲ့ပြီး ပဋိညာဉ်၏ ကျယ်ပြန့်သည့် အာဏာနှင့်ပတ်သက်၍ ရှေးရိုးစွဲ အာဆီယံအဖွဲ့ဝင်များနှင့် အပြောင်းအလဲလိုလားသည့် အဖွဲ့ဝင်များအကြား တင်းမာမှုများ ဖြစ်စေခဲ့သည်။ ဥပမာ အာဆီယံလူ့အခွင့်အရေးအဖွဲ့တည်ထောင်ရန် အကြံပြုမှုနှင့် စပ်လျဉ်း၍ CLMV နိုင်ငံများ (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်) တို့က အစောပိုင်းတွင် ထိုသို့သောအဖွဲ့များမလိုအပ်ဟု၍ ကန့်ကွက်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ယင်းအဖွဲ့မျိုးက ၎င်းတို့နိုင်ငံများမှ လူ့အခွင့်အရေးကိစ္စရပ်များကို ဝင်ရောက်စွက်ဖက်

နိုင်သောကြောင့် ဖြစ်သည်။ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့က ပို၍ အပြောင်းအလဲလိုလားခဲ့ပြီး လူ့အခွင့်အရေးကာကွယ်ရန် အာဏာအလုံအလောက်ရှိသည့် လူ့အခွင့်အရေးအဖွဲ့တစ်ခုကို ဖန်တီးလိုကြသည်။ မလေးရှား၊ စင်ကာပူနှင့် ဘရူနိုင်းကဲ့သို့သော နိုင်ငံများက ထိုအုပ်စုနှစ်စုအကြား ကြားနေဖြစ်နေခဲ့သည်။ နောင်တွင် အာဆီယံက လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့ကို အတည်ပြုခဲ့သော်လည်း ၎င်း၏အခြေအနေက လွန်စွာ အားနည်းခဲ့သည် (Hara, 2018)။

ဥရောပသမဂ္ဂကဲ့သို့သော အဖွဲ့အစည်းများနှင့် ဆင်တူသည့် အပိုဒ်အချို့ကို ထည့်သွင်းထားမှုကြောင့်လည်း ပဋိညာဉ်ကို ဝေဖန်ခဲ့ကြသည်။ သို့ရာတွင် ပြဋ္ဌာန်းချက်များက အချုပ်အခြာအာဏာနှင့် အားကောင်းသည့် ဝင်ရောက်စွက်ဖက်မှုမပြုရေးမူတို့ကို အဓိကထားဖော်ပြထားသည်။ ဝေဖန်မှုများ ဘေးဖယ်ထားလိုက်လျှင် အာဆီယံ၏ ဆုံးဖြတ်ချက်ချမှတ်သူများက ယင်းကို လက်ခံနိုင်သည့် အလျှော့အတင်း ညှိနှိုင်းမှုတစ်ခုအဖြစ် ရှုမြင်ပြီး ပဋိညာဉ်နှင့်ပတ်သက်၍ အတော်လေးစိတ်ကျေနပ်ခဲ့သည်။ ပဋိညာဉ်သည် အာဆီယံလုပ်ငန်းများ အားလုံးအတွက် ကိုးကားစရာတစ်ခုဖြစ်လာလေရာ HLTF အဖွဲ့ဝင်တစ်ဦးဖြစ်သူ တန်ဆရီ အာမက်ဖူဇီ ဘင်အက်ဘ်ဒူရာဇက် (Tan Sri Ahmad Fuzi bin Abdul Razak) အတွက် ယင်းမှာ ဂုဏ်ယူဖွယ်ရာဖြစ်ခဲ့သည် (Koh, Manalo, Woon, and Razak, 2009)။ ပဋိညာဉ်နှင့်အတူ ပို၍ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုကို ထောက်ပံ့ရန် အာဆီယံ၏ကြိုးပမ်းမှုများကလည်း ယခင်ကထက်ပို၍ အားကောင်းလာသည်။ ဥပမာ ပဋိညာဉ်က သင့်လျော်ပြီး ထိရောက်သော ပဋိပက္ခဖြေရှင်းရေးယန္တရားတစ်ရပ်ကို တည်ထောင်ရန် မျှော်မှန်းခဲ့ပြီး အာဆီယံကို ဆုံးဖြတ်ချက်များက ဥပဒေအရစည်းနှောင်မှုရှိကာ လိုက်နာရမည့် စည်းမျဉ်းအခြေပြု ပတ်ဝန်းကျင်တစ်ခုအဖြစ် ဖန်တီးရန် မျှော်မှန်းခဲ့သည် (Koh, Manalo, Woon, and Gonzalez-Manalo, 2009)။ အာဆီယံပဋိညာဉ် အနှစ်ချုပ်ကို အောက်ပါ စာသေတ္တာ ၇.၁ တွင် ရှုပါ။

**စာသေတ္တာ ၇.၁။ အာဆီယံပဋိညာဉ်**

| နောက်ခံ | စိန်ခေါ်မှုများ | ဖြေရှင်းချက် |
|---|---|---|
| စတင်တည်ထောင်ချိန်မှစ၍ အာဆီယံသည် နိုင်ငံတကာ အဖွဲ့အစည်းများတွင် ရှိလေ့ရှိသော ပဋိညာဉ် မရှိခဲ့ပေ။ နှစ်ပေါင်း ၄၀ နီးပါး ကြာမှသာ ၎င်း၏ ခေါင်းဆောင်များက ပဋိညာဉ်တစ်ခု လိုအပ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ ပဋိညာဉ်သည် ယခုအချိန် အထိ အသုံးပြုလာခဲ့သည့် | အာဆီယံ ရင်ဆိုင်ခဲ့ရသည့် အရေးအပါဆုံးကိစ္စရပ်မှာ ၎င်း၏ တည်ရှိမှုအား ပြည်သူများကို တိုက်ရိုက်ပြသရန် လိုအပ်ချက် ဖြစ်သည်။ အဆိုပါ တောင်းဆိုချက်အား ဖြည့်ဆည်း ရန်အချက်ကို အချို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများ ခိုင်မြဲစွာ ကိုင်ဆွဲထားသည့် အချုပ်အခြာအာဏာနှင့် ဝင်ရောက်စွက်ဖက်မှုမပြုရေး မူများနှင့် လွန်ဆွဲခဲ့ရသည်။ | အာဆီယံပဋိညာဉ်ကို အငြင်းပွားမှုများဖြေရှင်းရန် ယန္တရားတစ်ခုအဖြစ် စမ်းသပ်ကြည့်ရန် လိုအပ်သည်။ ဥပမာ ထိုင်းနှင့် ကမ္ဘောဒီးယား နိုင်ငံတို့အကြား ဖြစ်ပွားသည့် ပီယာဗဟီယာ အငြင်းပွားမှုတွင် ပဋိညာဉ်ကို ကိုးကားစရာ စာရွက်စာတမ်းတစ်ခုအဖြစ် အသုံးမပြုခဲ့ပေ။ သို့ရာတွင် ယင်းက အလုပ်ဖြစ်သည့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန် အခြေခံတစ်ခု ဖြစ်သည်။ ပဋိညာဉ်က လုပ်ဆောင်ပေးသည့် အသိသာဆုံး ဆောင်ရွက်ချက်များတွင် အောက်ပါတို့ ပါဝင်သည်။ |

| နောက်ခံ | စိန်ခေါ်မှုများ | ဖြေရှင်းချက် |
|---|---|---|
| သဘောတူစာချုပ်များ၊ မူများနှင့် စံနှုန်းများကို စုစည်းထားခြင်း ဖြစ်သည်။ ပဋိညာဉ်ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာလ (၂၀) ရက်နေ့တွင် စင်ကာပူနိုင်ငံ၌ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ခေါင်းဆောင် (၁၀) ဦးက အတည်ပြုခဲ့သည်။ | အဆိုပါပြဿနာကို ဖြေရှင်းရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအတွက် စိတ်အားထက်သန်သည့် မျှော်မှန်းချက်မရှိခြင်းကြောင့် ပဋိညာဉ်သည် မကြာခဏဆိုသလို ဝေဖန်ခံခဲ့ရသည်။ ပဋိညာဉ်က ပို၍အလုပ်ဖြစ်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်စဉ်တစ်ခုအတွက် အုတ်မြစ်ချပေးနိုင်ခဲ့သလားဟူသည့် အရေးပါသော မေးခွန်းမှာ နောင်လာမည့် နှစ်များစွာအထိ ရှိနေမည် ဖြစ်သည်။ | • ပို၍ အင်စတီကျူးရှင်းအရ ခိုင်မာသည့် မူဘောင်တစ်ခုဖြစ်သည်။<br>• အာဆီယံစံနှုန်းများ၊ စည်းမျဉ်းများနှင့် တန်ဖိုးများကို သတ်မှတ်ပေးသည်။ ယင်းတို့က<br>  • အဖွဲ့ဝင်နိုင်ငံများ၏ လုပ်ရပ်များကို လမ်းညွှန်ပေးသည်။<br>  • သင့်လျော်ပြီး ထိရောက်သော အငြင်းပွားမှု ဖြေရှင်းရေး ယန္တရားတစ်ရပ်ကို တည်ထောင်ပေးသည်။ ဆုံးဖြတ်ချက်များက ဥပဒေအရ စည်းနှောင်မှုရှိပြီး လိုက်နာရမည့် စည်းမျဉ်းအခြေပြု ပတ်ဝန်းကျင်တစ်ခုသို့ အာဆီယံကို ထိန်းကျောင်းလမ်းပြသည်။<br>  • အာဆီယံအင်စတီကျူးရှင်းများကို ပို၍ ထိထိရောက်ရောက်၊ မြန်မြန်ဆန်ဆန် လုပ်ဆောင်စေနိုင်သည်။<br>  • အာဆီယံဥက္ကဋ္ဌ၊ အထွေထွေ အတွင်းရေးမှူးနှင့် အတွင်းရေးမှူးများအဖွဲ့၏ အခန်းကဏ္ဍနှင့် တာဝန်များကို မြှင့်တင်ပေးသည်။<br>  • အာဆီယံ ကိုယ်ပိုင်သရုပ်လက္ခဏာကို မြှင့်တင်ပေးပြီး ၎င်း၏ နိုင်ငံသားများအကြား စည်းလုံးမှုကို ဖန်တီးပေးသည်။<br>  • အာဆီယံအသိုက်အဝန်းအတွက် အခြေခံတစ်ခု ဖြစ်စေသည်။ |

**မူရင်း။** Koh, Manalo, Woon, and Gonzalez-Manalo, 2009

## ၇.၄.၂ လူ့အခွင့်အရေးဆိုင်ရာ အာဆီယံအစိုးရများကော်မရှင် (ASEAN Intergovernmental Commission on Human Rights (AICHR))

အခြားအဓိကကျသည့် အဖွဲ့ခွဲတစ်ခုမှာ ၂၀၀၉ ခုနှစ် အောက်တိုဘာလ (၂၃) ရက်နေ့တွင် ဖွဲ့စည်းခဲ့သော လူ့အခွင့်အရေးဆိုင်ရာ အာဆီယံအစိုးရများကော်မရှင် (AICHR) ဖြစ်သည်။ ကော်မရှင်၏ လုပ်ပိုင်ခွင့်အာဏာနှင့် ပတ်သက်ပြီး အဖွဲ့ဝင်နိုင်ငံအများအပြားက ကန့်ကွက်ခဲ့ခြင်းကြောင့် အဆိုပါအဖွဲ့ခွဲကို ဖွဲ့စည်းရသည့်ဖြစ်စဉ်မှာလည်း ရှုပ်ထွေးခဲ့သည်။ အဖွဲ့၏လုပ်ပိုင်ခွင့်အာဏာက အကန့်အသတ်ရှိသော်လည်း အဆိုပါအင်စတီကျူးရှင်းက အာဆီယံ၏ အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး ခေါင်းဆောင်များက အဖွဲ့ဝင်နိုင်ငံများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စတင်ဆွေးနွေးနိုင်သည့် နေရာတစ်ရပ်ဖြစ်လာခဲ့သည်။ ကိုးကားရန်စည်းမျဉ်းများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း AICHR ၏ ရည်မှန်းချက်များမှာ အာဆီယံပြည်သူများ၏ လူ့အခွင့်အရေးနှင့်

အခြေခံကျသော လွတ်လပ်ခွင့်များကို မြှင့်တင်ရန်နှင့် ကာကွယ်ပေးရန်ဟူသည့် အခြေခံသာရှိခဲ့သည်။ ယင်းက နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကို လေးစားရန်လည်း ကြေညာထားသည်။ ထိုသို့ကြေညာခြင်းက အရေးပါသော စမှတ်တစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းက လူသားတို့၏ ဂုဏ်သိက္ခာကို အသိအမှတ်ပြု လက်ခံခြင်းဖြစ်သည်။ သို့ရာတွင် AICHR က လူ့အခွင့်အရေး အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်ပြီး ပြည်တွင်းနှင့် ဒေသတွင်းအခြေအနေများအား ထည့်သွင်းစဉ်းစားရန် မှတ်ချက်ပြုထားသည် (ASEAN Secretariat, 2009)။

AICHR ဖွဲ့စည်းပြီးနောက် အာဆီယံက ၂၀၁၂ ခုနှစ်တွင် အာဆီယံ လူ့အခွင့်အရေးကြေညာစာတမ်း (ASEAN Human Rights Declaration (AHRD)) ကို သဘောတူညီမှုရခဲ့သည်။ AHRD သည် လူ့အခွင့်အရေး တန်ဖိုးများနှင့် စံနှုန်းများကို ဆွေးနွေး၊ ဖော်ထုတ်၊ အကြံဉာဏ်ယူရာတွင် အခြေခံတစ်ရပ်ဖြစ်ခဲ့သည်။ AHRD မှတစ်ဆင့် AICHR က ခိုင်မာသော အခြေခံတစ်ခု ရလာခဲ့သည်။ AICHR ၏ အဓိကတာဝန်များမှာ လူ့အခွင့်အရေး မှုများ၊ အထူးသဖြင့် ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်၊ HIV ကာကွယ်ရေး၊ စောင့်ရှောက်ရေးနှင့် အသိုင်းအဝိုင်းအတွက် ထောက်ပံ့ရေး ဝန်ဆောင်မှုများ၊ လိင်နှင့် မျိုးပွားခြင်းဆိုင်ရာ ကျန်းမာရေး၊ မိသားစု စီမံကိန်း၊ မိခင်နှင့် ကလေးကျန်းမာရေး၊ ဥပဒေရှေ့မှောက်တွင် ညီညီမျှမျှဆက်ဆံခံရရန် အစရှိသည့် လူမှုရေးနှင့် စီးပွားရေးအခွင့်အရေးများကို အာဆီယံအသိုင်းအဝိုင်းတွင် စီးဝင်ပျံ့နှံ့စေရန်ဖြစ်သည်။ လူကုန်ကူးမှု တိုက်ဖျက်ရေး ကမ်ပိန်းများတွင်လည်း AICHR က တက်ကြွခဲ့သည်။ အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ လူကုန်ကူးခြင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များအား လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အာဆီယံသဘောတူစာချုပ် (ASEAN Convention against Trafficking in Persons, especially Women and Children (ACTIP).) ကဲ့သို့သော အာဆီယံသဘောတူစာချုပ်အများအပြား တည်ရှိပြီးဖြစ်သည်။ အာဆီယံ အသိုက်အဝန်းတွင် မသန်စွမ်းသူများအခွင့်အရေးကို ပျံ့နှံ့စေရန် အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေး အများအပြားလည်း လုပ်ဆောင်ခဲ့သည်။ လုပ်ဆောင်ချက်အကန့်အသတ်များ ရှိလင့်ကစား AICHR တည်ထောင်မှု က ဒေသတွင်း လူ့အခွင့်အရေးမြှင့်တင်ရန် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ လူ့အခွင့်အရေး ကာကွယ်ရေးနှင့် လိုက်နာစေရေးတို့ကို နောက်ထပ်ခြေလှမ်းတစ်ရပ်အဖြစ် လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ထား ကြသည် (Hara, 2019)။

အာဆီယံတွင် အမျိုးသမီးများနှင့် ကလေးငယ်များ၏ လူ့အခွင့်အရေးနှင့် အခြေခံအခွင့်အရေးများကို မြှင့်တင်ပေးရန်နှင့် ကာကွယ်ပေးရန် ၂၀၁၀ ပြည့်နှစ်က ဖွဲ့စည်းခဲ့သည့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အခွင့်အရေးကို မြှင့်တင်ရန်နှင့် ကာကွယ်ပေးရန်ကော်မရှင် (Promotion and Protection of the Rights of Women and Children (ACWC)) လည်းရှိသည်။ အာဆီယံက အာဆီယံအမျိုးသမီးများအစီအစဉ် (ASEAN Women’s Program (AWP)) ကျင်းပခြင်းဖြင့်လည်း အမျိုးသမီးများ အကာအကွယ်ပေးရေးဆိုင်ရာ ကိစ္စရပ်အပေါ် အကဲဆတ်မှုအား ပြသခဲ့သည်။ အစီအစဉ်တွင် အမျိုးသမီးများဆိုင်ရာ အချက်အလက်များ ကောက်ယူခြင်း၊ လေ့လာဆန်းစစ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ဖြန့်ဝေခြင်းတို့ ပါဝင်သည်။ အာဆီယံတွင် အမျိုးသမီးများအား အကာအကွယ်ပေးရန် မူဝါဒများကို ချမှတ်နိုင်ရန်နှင့် ACWC ၏ ဆုံးဖြတ်ချက်များနှင့် ACW အစီရင်ခံစာများမှ ဆုံးဖြတ်ချက်များကို ထောက်ပံ့ပေးရန် ၂၀၀၂ ခုနှစ်မှစ၍ အမျိုးသမီးဆိုင်ရာ အာဆီယံ

ဝန်ကြီးများ အစည်းအဝေးကိုလည်း တရားဝင် ကျင်းပခဲ့သည်။ AICHR အကြောင်း အနှစ်ချုပ်ကို အောက်ပါ စာသေတ္တာ ၇.၂ တွင် ရှုပါ။

**စာသေတ္တာ ၇.၂။ လူ့အခွင့်အရေးဆိုင်ရာ အာဆီယံ အစိုးရများ ကော်မရှင် (AICHR)**

| နောက်ခံ | စိန်ခေါ်မှုများ | ဖြေရှင်းချက် |
|---|---|---|
| လူ့အခွင့်အရေးဆိုင်ရာ အာဆီယံ အစိုးရများ ကော်မရှင် (AICHR) ကို ၂၀၀၉ ခုနှစ် အောက်တိုဘာလ (၂၃) ရက်နေ့ ထိုင်းနိုင်ငံ ဟွာဟင်းမြို့တွင် ကျင်းပသော ၁၅ ကြိမ်မြောက် အာဆီယံ ထိပ်သီးညီလာခံ၌ စတင် ဖွဲ့စည်းခဲ့သည်။ အာဆီယံသည် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် စပ်လျဉ်းပြီး ပြဿနာ အမျိုးမျိုးကို ကာလရှည်ကြာ ရင်ဆိုင်ခဲ့ရသည်။ သို့ရာတွင် လူ့အခွင့်အရေး ကိစ္စရပ်များကို အဖွဲ့အစည်းအဆင့်တွင် ဆွေးနွေးရန်မှာ တားမြစ်ထားသည့် ကိစ္စရပ်သဖွယ် ဖြစ်နေခဲ့သည်။ အာဆီယံ နိုင်ငံများအတွက် လူ့အခွင့်အရေး အဖွဲ့တစ်ခု တည်ထောင်ရန် ဆုံးဖြတ်ချက်သည် အကဲဆတ်ပြီး ခက်ခဲသော ကိစ္စရပ်တစ်ခု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းက အခြား အာဆီယံနိုင်ငံများ၏ ဂုဏ်သိက္ခာနှင့် ဝင်ရောက်စွက်ဖက်မှု များ ပါဝင်နေသောကြောင့် ဖြစ်သည်။ သို့ရာတွင် ပြည်တွင်းနှင့် နိုင်ငံတကာ အဆင့်များတွင် အဖွဲ့အစည်း၏ အကျိုးဝင်မှုနှင့် အကဲဆတ်မှုကို ဖော်ပြရန် နောက်ဆုံးတွင် AICHR ကို သဘောတူညီခဲ့ကြသည်။ | AICHR ၏ အဓိကပြဿနာမှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေး ပြဿနာများအား ဖြေရှင်းရန် လုပ်ဆောင်ချက်များ လုပ်ဆောင်ဖို့ ၎င်း၏ ကိုယ်စားလှယ်များအား ပေးအပ်သည့် အခွင့်အာဏာ ဖြစ်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းက ရိုဟင်ဂျာ၊ ပတ်ထာနီနှင့် မိုရို၊ ပါပူအာတို့တွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေး ကိစ္စရပ်များကို မကြာခဏ ဆိုသလို အာရုံစိုက်ကြသည်။ ဥပဒေပြင်ပ သတ်ဖြတ်မှုများနှင့် နိုင်ငံတော်က လက်စဖျောက်ခြင်းများ အပါအဝင် တက်ကြွလှုပ်ရှားသူများ ရင်ဆိုင်ရသည့် ပြဿနာများလည်း များပြားလာသည်။ အဆိုပါ ပြဿနာများအပြင် အမျိုးမျိုးသော နိုင်ငံရေးစနစ်များ ရှိကြသည့် အာဆီယံနိုင်ငံအများအပြားတွင် နိုင်ငံရေးလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် တို့ကလည်း မီးမောင်းထိုးပြစရာ ဖြစ်ခဲ့သည်။ | AICHR က ၎င်း၏ အကန့်အသတ်ရှိသော လုပ်ပိုင်ခွင့်ဖြင့် လူ့အခွင့်အရေး ပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းခဲ့သည်။ AICHR က အမျိုးသမီးများ၊ ကလေးငယ်များ၊ ရွှေ့ပြောင်းလုပ်သားများ၊ အလုပ်သမားများနှင့် လူကုန်ကူးခြင်းနှင့် သက်ဆိုင်သော ပြဿနာများအပါအဝင် လူကုန်ကူးခြင်းအား ထိန်းချုပ်ရန် ကဲ့သို့သော လူမှုအခွင့်အရေးများအပေါ် အာရုံစိုက်ထားခဲ့သည်။ သို့ဖြစ်လေရာ AICHR ၏ အကန့်အသတ်ရှိသော အခွင့်အာဏာက ၎င်းကို အထက်ပါ ပြဿနာများနှင့် စပ်လျဉ်းပြီး မြှင့်တင်ရေး၊ ပျံ့ပွားစေရေးနှင့် စွမ်းရည်မြှင့်တင်ရေးတို့တွင် ပို၍ အာရုံစိုက်စေသည်။ ယခုချိန်အထိ AICHR သည် လူ့အခွင့်အရေး အကောင်အထည်ဖော်ခြင်း၊ ကာကွယ်ခြင်း (သို့) လိုက်နာစေခြင်း အဆင့်များသို့ မရောက်ရှိနိုင်သေးပေ။ |

**မူရင်း။** Hara, 2019

## ၇.၄.၃ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ အာဆီယံအင်စတီကျူ (ASEAN Institute for Peace and Reconciliation (ASEAN-IPR))

၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် အာဆီယံက ၎င်း အဖွဲ့ဝင်နိုင်ငံများတွင် ပဋိပက္ခစီမံခန့်ခွဲရေး၊ ပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များကိုဆွေးနွေးရန် ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ အာဆီယံအင်စတီကျူ (ASEAN-IPR) ဟု အမည်ရသည့် အဖွဲ့ခွဲတစ်ခုကို ဖွဲ့စည်းခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ပီယာဗီဟီယာဘုရားကျောင်းနှင့် စပ်လျဉ်းပြီး ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၏ နယ်စပ်ပဋိပက္ခ ကဲ့သို့သော လက်နက်ကိုင်ပဋိပက္ခများ ဖြစ်လာနိုင်ခြေကြောင့် ထိုအဖွဲ့ကိုဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ နိုင်ငံများအကြား ပဋိပက္ခများကို စစ်အင်အားသုံးဖြေရှင်းရန် အာဆီယံကပယ်ချမည်ကို သိလင့်ကစား ထိုသို့သောပဋိပက္ခများမှ စိုးရိမ်ဖွယ်ရာကောင်းသည်။ ထို့ပြင် ပြန်လည်ရင်ကြားစေ့ရေးက အရေးပါပြီး ငြိမ်းချမ်းရေးနှင့် ခွဲခြားထား၍ မရပေ။ အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့က မတည်မငြိမ်ဖြစ်စေသည့် ပြည်တွင်းပဋိပက္ခများတွင် ပါဝင်နေကြသော်လည်း အချို့မှာ ပဋိပက္ခများအဆုံးသတ်ပြီး ပြန်လည်ရင်ကြားစေ့ရေးနှင့် ပဋိပက္ခလွန် ငြိမ်းချမ်းရေးဖြစ်စဉ်များ စတင်နေကြပြီဖြစ်ရာ အဆိုပါ အရေးပါသည့်လုပ်ဆောင်ချက်များကို ထောက်ပံ့ကူညီပေးရန် အဖွဲ့အစည်းတစ်ခု လိုအပ်လာသည်။ ဤသည်တို့မှာ ASEAN-IPR တည်ထောင်ရသည့် အကြောင်းပြချက်များ ဖြစ်သည်။

ASEAN-IPR သည် အာဆီယံအတွင်း ဖြစ်လာနိုင်ခြေရှိသည့် ပဋိပက္ခများကို စောင့်ကြည့်ပြီး ရှာဖွေဖော်ထုတ်သည့် အင်စတီကျူးရှင်းတစ်ခုအဖြစ်လည်း ရည်ရွယ်သည်။ ၎င်း၏ ရည်မှန်းချက်တစ်ခုမှာ အငြင်းပွားမှုများနှင့် ပဋိပက္ခများ ထွက်ပေါ်မလာမီနှင့် ဒေသတည်ငြိမ်မှုကို အန္တရာယ်မကျရောက်မီ မဟာဗျူဟာများ ရှာဖွေဖော်ထုတ်မည့် ၂၀၀၉ ခုနှစ် နိုင်ငံရေး-လုံခြုံရေး အသိုက်အဝန်းမြေပုံကို အကောင်အထည်ဖော်ရန် ဖြစ်သည်။ ထိုကိစ္စနှင့်စပ်လျဉ်းပြီး အင်စတီကျူက ငြိမ်းချမ်းရေး၊ ပဋိပက္ခစီမံခန့်ခွဲရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ လုပ်ဆောင်သည်။ သို့ဖြစ်လေရာ ယင်းက ပတ်သက်ဆက်နွှယ်သူများအတွက် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ပြီး ဒေသတွင်း သုတေသနအင်စတီကျူးရှင်းများအကြား ကွန်ရက်ချိတ်ဆက်ရန် ဗဟိုချက်တစ်ခုဖြစ်လာသည်။ တစ်ချိန်တည်းမှာပင် ထိုအင်စတီကျူးရှင်းက ဒေသတွင်းနှင့် ဒေသကိုကျော်လွန်သော ငြိမ်းချမ်းရေးယဉ်ကျေးမှုတစ်ရပ် တည်ထောင်ရန် မျှော်မှန်းထားသည်။ သို့ဖြစ်လေရာ ASEAN-IPR က အာဆီယံဒေသတွင်း ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး နယ်ပယ်တွင် ပြီးပြည့်စုံသောအဖြေများအတွက် အကြံပြုချက်များပေးနိုင်ရန် မျှော်မှန်းထားသည်။

ထို့ပြင် ASEAN-IPR က ဒေသတွင်း ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ဖန်တီးရေးဖြစ်စဉ်တွင် အမျိုးသမီးများ၏ ပါဝင်မှုနှင့် အကျိုးပြုမှုကို တိုးမြှင့်နိုင်ရန် အာဆီယံ အမျိုးသမီး ငြိမ်းချမ်းရေးမှတ်တမ်းအဖွဲ့ (ASEAN Women Peace Registry (AWPR)) အဖွဲ့ကို တည်ထောင်ခဲ့သည်။ AWPR က အဓိကအားဖြင့် ပဋိပက္ခကာကွယ်တားဆီးရေး မဟာဗျူဟာများတွင် ကျား၊ မရေးရာ အမြင်များ ထည့်သွင်းခြင်းအပါအဝင် အာဆီယံ၏ ရည်မှန်းချက်ကို ပြည့်မီစေရန် လုပ်ဆောင်ပေးသည်။ အာဆီယံက ၂၀၁၇ ခုနှစ် နိုဝင်ဘာလ (၁၃) ရက်နေ့ (၃၁)

ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် အာဆီယံ၌ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး မြှင့်တင်ရေး ဆိုင်ရာ ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။[2]

AIPR ၏ ဖွဲ့စည်းပုံတွင် အုပ်ချုပ်ရေးကောင်စီသည် ASEAN-IPR ၏ အမြင့်ဆုံး ဆုံးဖြတ်ချက်ချမှတ်ရေး အဖွဲ့တစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းစီမှ ကိုယ်စားလှယ်များနှင့် (ရာထူးတာဝန်အရ ထည့်သွင်းထားသည့်) အာဆီယံ၏ အထွေထွေအတွင်းရေးမှူးနှင့် အမှုဆောင်ဒါရိုက်တာတို့ ပါဝင်သည်။ ဘုတ်အဖွဲ့၏တာဝန်များတွင် လုပ်ငန်းများအတွက် လမ်းညွှန်ချက်များနှင့် လုပ်ထုံးလုပ်နည်းများ၊ အင်စတီကျူးရှင်း၏ ရန်ပုံငွေနှင့် ဘတ်ဂျက်များ ရေးဆွဲခြင်းတို့ ပါဝင်သည်။ ကောင်စီကို အင်စတီကျူ၏ သုတေသနဦးစားပေးမှုများအတွက် တာဝန်ရှိသော အကြံပြုဘုတ်အဖွဲ့က ထောက်ပံ့ကူညီပေးသည်။ ဘုတ်အဖွဲ့တွင် အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းစီမှ ကိုယ်စားလှယ်များပါဝင်ပြီး ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးနယ်ပယ်မှ ထင်ရှားသည့် ပုဂ္ဂိုလ်များလည်း ပါဝင်သည်။ ASEAN-IPR ၏ အမှုဆောင် ဒါရိုက်တာက ရာထူးတာဝန်အရ ပါဝင်ရသည့် အဖွဲ့ဝင်အဖြစ် ပါဝင်သည်။ လက်ရှိ အကြံပြုဘုတ်အဖွဲ့ဝင်များတွင် စင်ကာပူနိုင်ငံ နန်ယမ်းနည်းပညာတက္ကသိုလ် (Nanyang Technological University (NTU)) ပါမောက္ခ ဂျိုးဇက်လျို (Prof Joseph Liow) နှင့် မလေးရှားနိုင်ငံ စိန်းတက္ကသိုလ် (Universiti Sains Malaysia (USM)) ပါမောက္ခ ကာမာရူဇာမန် အက်စ်ကန်ဒါ (Prof Kamarulzaman Askandar) ကဲ့သို့သော ငြိမ်းချမ်းရေးအတွက် တက်ကြွစွာ သုတေသနပြု ချဉ်းကပ်အရေးဆိုသည့် ထင်ရှားသောပညာရှင်များလည်း ပါဝင်သည်။ ASEAN-IPR အကြောင်း အကျဉ်းချုပ်ကို အောက်ပါ စာသေတ္တာ ၇.၃ တွင် ရှုပါ။

**စာသေတ္တာ ၇.၃။ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ အာဆီယံအင်စတီကျူ (ASEAN-AIPR)**

| နောက်ခံ | စိန်ခေါ်မှုများ | ဖြေရှင်းချက် |
|---|---|---|
| ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး အင်စတီကျူ (AIPR) ကို ၂၀၁၁ ခုနှစ် မေလ (၈) ရက်နေ့တွင် ဂျကာတာ အာဆီယံ ထိပ်သီးညီလာခံ၌ စတင်ဖွဲ့စည်းခဲ့သည်။ အာဆီယံက ပဋိပက္ခများကို တွေ့ဆုံ ဆွေးနွေးရေး ဖိုရမ်များမှတစ်ဆင့် ဖြေရှင်း သည့် ယန္တရားရှိပြီး ဖြစ်သော်လည်း ဒေသတွင်း ပဋိပက္ခများကို ရှာဖွေ ဖော်ထုတ်နိုင်သည့် အင်စတီကျူးရှင်း တစ်ခု မရှိသေးပေ။ ဒေသတွင်း ပြဿနာ အများအပြားကို အစက ကိုင်တွယ်ခြင်း မပြုလျှင် ၎င်းတို့က ချိန်ကိုက်ဗုံးသဖွယ် | အာဆီယံဒေသတွင် အမျိုးမျိုးသော တည်ဆဲနှင့် ဖြစ်လာနိုင်ခြေရှိသော ပဋိပက္ခများ ရှိသည်။ ယင်းတို့က နယ်မြေ အငြင်းပွားမှုများ၊ ပုန်ကန် ထကြွမှုများ၊ ခွဲထွက်ရေး လှုပ်ရှားမှုများ၊ အကြမ်းဖက် အစွန်းရောက်မှုများသာမက လူသားလုံခြုံရေး ကိစ္စရပ် များနှင့် သက်ဆိုင်သည့် ပဋိပက္ခများလည်း ပါဝင်သည်။ | ငြိမ်းချမ်းရေး၊ ပဋိပက္ခစီမံခန့်ခွဲရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးတို့ကို အသေးစိတ်လေ့လာခြင်းဖြင့် အဆိုပါ စိန်ခေါ်မှုများကို ကိုင်တွယ်ရန် AIPR ကို ဖန်တီးခဲ့သည်။ အဆိုပါ အင်စတီကျူးရှင်းက အာဆီယံ နိုင်ငံရေး-လုံခြုံရေး အသိုက်အဝန်း လမ်းပြမြေပုံတွင် ဖော်ပြထားသည့် လုပ်ဆောင်ချက်များနှင့် အခြား အာဆီယံအဖွဲ့ဝင်နိုင်ငံများ သဘော တူညီထားသည့် လုပ်ဆောင်ချက်များ ကိုလည်း မြှင့်တင်ပေးခဲ့သည်။ အဆိုပါ |

[2] AWPR အကြောင်းကို ယခုစာအုပ် အခန်း (၆) တွင် ရှုပါ။

| | | |
|---|---|---|
| ဖြစ်လာနိုင်သည်။ ထို့ပြင် ပတ်ထာနီ၊ မိုရိုနှင့် ပါပူအာတို့မှ အုပ်စုများ၏ တောင်းဆိုချက်များကဲ့သို့သော တည်ဆဲပဋိပက္ခများကို ကျော်လွှားရန် (သို့) အရှိန်လျှော့ချရန် စဉ်ဆက်မပြတ် အာရုံစိုက်ပြီး အဖြေရှာရန် လိုအပ်နေသည်။ နိုင်ငံရေးပူးပေါင်းဆောင်ရွက်ရေးမဏ္ဍိုင်ကို ထောက်ပံ့ရန်နှင့် အာဆီယံအတွင်း ပို၍မြင့်သော အဆင့်များ၌ ငြိမ်းချမ်းရေးကိုမြှင့်တင်ရန် ASEAN-IPR ကို ဖန်တီးခဲ့သည်။ APSC တွင် လုပ်ဆောင်ချက် (၁၀) ခုရှိပြီး ASEAN-IPR က အကောင်အထည်ဖော်သည့် အဖွဲ့အစိတ်အပိုင်းဖြစ်ခဲ့သည်။ | အာဆီယံက အဆိုပါ ပဋိပက္ခများကို ရှာဖွေဖော်ထုတ်၊ ကြိုတင်ခန့်မှန်း၍ အဖြေရှာနိုင်ပါမည်လား။ ဤသည်မှာ အာဆီယံအတွက် အရေးပါသည့် စိန်ခေါ်မှု တစ်ရပ် ဖြစ်သည်။ | ရည်ရွယ်ချက်အတွက် AIPR က အာဆီယံဒေသအတွင်း သုတေသနနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်မှုများတွင် သုတေသန၊ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ကျွမ်းကျင်သူအုပ်စုများဖန်တီးခြင်း၊ အာဆီယံကဏ္ဍဆိုင်ရာအဖွဲ့များကို ထောက်ပံ့ခြင်း၊ ဒေသတွင်း ငြိမ်းချမ်းရေး၊ ပဋိပက္ခစီမံခန့်ခွဲရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးတို့နှင့် သက်ဆိုင်သည့် အချက်အလက်များ ဝေမျှခြင်းတို့ ပါဝင်သည်။ |

**မူရင်း**။ အာဆီယံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေး အင်စတီကျု

## ၇.၄.၄ အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးအပ်ရေးစင်တာ (ASEAN Centre for Humanitarian Assistance (AHA Centre))

အာဆီယံတွင် တည်ဆောက်ခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေးကို ထောက်ပံ့သည့် အခြားအင်စတီကျူးရှင်းတစ်ခုမှာ အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးအပ်ရေးနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးစင်တာ (ASEAN Centre for Humanitarian Assistance and disaster management (AHA Centre)) ဖြစ်သည်။ AHA Centre ၏ အဓိကမျှော်မှန်းချက်မှာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် အာဆီယံဒေသအတွင်း အရေးပေါ်အကူအညီများပေးရေးတို့တွင် ပူးပေါင်းရေးနှင့် ညှိနှိုင်းဆောင်ရွက်ရေးကို ထောက်ပံ့ကူညီရန်ဖြစ်သည်။ ထို့ပြင် AHA Centre က နိုင်ငံတကာအဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍ၊ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုကဲ့သို့သော အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် အရေးပေါ်အခြေအနေ တုံ့ပြန်ရေးဆိုင်ရာ အာဆီယံ သဘောတူစာချုပ် (ASEAN Agreement on Disaster Management and Emergency Response (AADMER)) မိတ်ဖက်အဖွဲ့များနှင့်လည်း ပူးပေါင်းလုပ်ဆောင်သည်။

AHA Centre တွင် ဦးတည်ချက် (၃) ရပ် ရှိသည်။ အထူးသဖြင့် အာဆီယံဒေသအတွက် သဘာဝဘေးအန္တရာယ်သိပ္ပံနှင့် နည်းပညာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ထိုစင်တာအတွက် အဓိကအချက်) နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲခြင်းတို့ ဖြစ်ကြသည်။ AHA Centre က သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်နှင့် သတင်းများစုစည်းပြီး ၎င်းတို့ကို သင့်တော်ရာအဖွဲ့များထံ ဖြန့်ဝေသည်။ တစ်ချိန်တည်းမှာပင် AHA Centre က အချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာစင်တာ၊ သဘာဝဘေးအန္တရာယ်စောင့်ကြည့်ရေး၊ အသင့်ပြင်ရေးနှင့် တုံ့ပြန်ရေး၊ မဟာဗျူဟာတည်ဆောက်ရေးတို့အပါအဝင် အခြားသော အဓိကနယ်ပယ်များ

ကိုလည်း ကိုင်တွယ်သည်။ ဆက်ဆံရေးတည်ဆောက်ရန် ကြိုးပမ်းသည့်အနေဖြင့် သြစတြေးလျ၊ ဂျပန်၊ နယူးဇီလန်၊ အမေရိကန်နှင့် ဥရောပသမဂ္ဂ ကဲ့သို့သော နိုင်ငံအများအပြားက မိတ်ဖက်များ ဖြစ်လာသည်။

ဘေးအန္တရာယ်ဖြစ်ရပ်များအတွက် သတင်းအချက်အလက်စင်တာတစ်ခုအနေဖြင့် AHA Centre က အထောက်အပံ့များကို တစ်နေရာတည်း စုပုံမထားဘဲ ကျယ်ပြန့်ပြီး ညှိနှိုင်းဆောင်ရွက်သော အထောက်အပံ့များ ဖြန့်ဝေပေးနိုင်သည်။ ထို့ပြင် AHA Centre က အာဆီယံအတွင်း ဘေးအန္တရာယ်ကြုံတွေ့ရသော ဒေသများသို့ အထောက်အပံ့များ ပေးပို့လိုသည့် အဖွဲ့များအတွက် အတားအဆီးများကို ဖယ်ရှားပေးနိုင်သည်။ ထို့ပြင် AHA Centre လုပ်ဆောင်ချက်များတွင် သဘာဝဘေးအန္တရာယ်များနှင့် အကြမ်းဖက်မှုများကြောင့် ထိခိုက်နစ်နာသူများကိုကူညီရန် ကြိုးပမ်းမှုများ ပါဝင်သည်။ ဥပမာ AHA Centre က ဖိလစ်ပိုင်နိုင်ငံတွင် တိုင်ဖွန်း ဟိုင်ရန် (၂၀၁၃) ကြောင့် ထိခိုက်နစ်နာသူများကို ကူညီရာတွင် ပါဝင်ခဲ့သည်။ ထို့ပြင် AHA Centre က အရင်းအမြစ်များ ပိုမိုရရှိစေရန် နိုင်ငံအများအပြား၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပြီး အာဆီယံ ခေါင်းဆောင်များ၊ ကမ္ဘာတစ်ဝန်းမှ မိတ်ဖက်များနှင့်လည်း ညှိနှိုင်းဆောင်ရွက်သည်။

သို့ရာတွင် မြန်မာနိုင်ငံမှ ရိုဟင်ဂျာပဋိပက္ခနှင့် စပ်လျဉ်း၍မူ အာဆီယံက ၎င်း၏ ကြားဝင်စွက်ဖက်မှုမပြုရေး မူဝါဒကြောင့် တိုက်ရိုက်ပါဝင်ရန် လက်တွန့်နေသည်။ ထိုသို့ဖြစ်လင့်ကစား ပဋိပက္ခ၏အတိုင်းအတာက အာဆီယံ၏ပုံရိပ်ကို ကျဆင်းစေလေရာ အာဆီယံနိုင်ငံအများအပြားက ပဋိပက္ခအား မြန်မာနိုင်ငံ၏ကိုင်တွယ်မှုကို စိတ်ပျက်ကြောင်း ပြသခဲ့ကြသည်။ အချို့သောအာဆီယံနိုင်ငံများက တစ်နိုင်ငံချင်းစီသီးသန့် ရိုဟင်ဂျာ ဒုက္ခသည်များထံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးအပ်ရန် ကြိုးပမ်းခဲ့ကြသည်။ အင်ဒိုနီးရှားက ၎င်း၏ နိုင်ငံခြားရေးဝန်ကြီး ရတ်နို မာဆူဒီ (Retno Marsudi) ကို မြန်မာ့ခေါင်းဆောင် အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရန် စေလွှတ်ပြီးပင် ချဉ်းကပ်ခဲ့သေးသည်။ ထို့ပြင် AHA Centre က ရိုဟင်ဂျာအများစုနေထိုင်သည့် ပဋိပက္ခဖြစ်ပွားရာ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်သို့ လူသားချင်းစာနာမှုအကူအညီများ ပေးခြင်းဖြင့် ကူညီပေးခဲ့သည်။ ထို့ကြောင့် မြန်မာနိုင်ငံက လက်ခံထားသည့် အင်စတီကျူးရှင်းတစ်ခုအနေဖြင့် အခြားသော နိုင်ငံအများအပြား၏ အကူအညီများ ငြင်းပယ်ခံနေရချိန်တွင် ၎င်းက ရိုဟင်ဂျာဒုက္ခသည်များကို ကူညီနိုင်ခဲ့သည်။ AHA Centre က ရိုဟင်ဂျာဒုက္ခသည်များ ရခိုင်ပြည်နယ်သို့ နေရပ်ပြန်ရေးဖြစ်စဉ်တွင်ပင် ကူညီခဲ့သေးသည်။ ထိုသို့လုပ်ဆောင်ရန် အာဆီယံက AHA Centre ၏ ကနဦးလိုအပ်ချက် အကဲဖြတ်သုံးသပ်ရေးအဖွဲ့ (Preliminary Needs Assessment Team (PNA)) အစီရင်ခံစာကို အကောင်အထည်ဖော်ရန် အထူးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အဆိုပါလုပ်ငန်းအဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဆက်ဘဇားမှ ရိုဟင်ဂျာဒုက္ခသည်များ ရခိုင်ပြည်နယ်သို့ နေရပ်ပြန်ရေးဖြစ်စဉ်အား အရှိန်မြှင့်ရန် လုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ခဲ့သည်။ အာဆီယံဆိုင်ရာ မြန်မာသံအမတ် ဦးမင်းလွင်က အာဆီယံ အထွေထွေအတွင်းရေးမှူး၏ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းရန် ကြိုးပမ်းမှုများကို ၎င်းတို့က ကြိုဆိုသည်ဟုဆိုခဲ့သည် (Setnas ASEAN, 2019)။ AHA Centre ၏ ရည်မှန်းချက်များနှင့် လုပ်ဆောင်ချက်များကို အောက်ပါ စာသေတ္တာ ၇.၄ တွင် ရှုပါ။

**စာသေတ္တာ ၇.၄။ အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးအပ်ရေးစင်တာ (AHA Centre)**

| နောက်ခံ | စိန်ခေါ်မှုများ | ဖြေရှင်းချက် |
|---|---|---|
| ဘေးအန္တရာယ်စီမံခန့်ခွဲရေးအတွက် အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးအပ်ရေးစင်တာ (AHA Centre) ကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလ (၁၇) ရက်နေ့တွင် အာဆီယံ နိုင်ငံခြားရေး ဝန်ကြီးများက လက်မှတ်ရေးထိုး ခဲ့သည်။ လိုအပ်နေသည့် အာဆီယံ ဒေသများတွင် လူသားချင်းစာနာမှု ဆိုင်ရာ အထောက်အပံ့များ ညှိနှိုင်း ဆောင်ရွက်ရန် ရည်မှန်းချက်ဖြင့် AHA Centre ကို ဖွဲ့စည်းခဲ့သည်။ အဆိုပါအကူအညီများသည် သဘာဝ ဘေးအန္တရာယ်များ (သို့) ပြည်သူ များကို နေရပ်စွန့်ခွာ ထွက်ပြေးစေသည့် ပဋိပက္ခများ နှစ်မျိုးလုံးအတွက် ဖြစ်နိုင်သည်။ AHA Centre ကို မဖွဲ့စည်းမီက ထိုသို့သော အကူအညီများသည် ကြိုကြား၊ ကြိုကြားသာ ရှိပြီး တိုက်ရိုက်ပေးအပ်ခြင်းမရှိသလို ညှိနှိုင်းလုပ်ဆောင်ခြင်းလည်း မရှိခဲ့ပေ။ AHA Centre က ၎င်း၏ လုပ်ဆောင်ချက်များတွင် အဖွဲ့ဝင် နိုင်ငံများ၏ ယဉ်ကျေးမှုနှင့် အချုပ်အခြာအာဏာကို လေးစား သည့် အာဆီယံနည်းလမ်းကို အသုံးပြုသည်။ AHA Centre က ဥပမာ ရိုဟင်ဂျာဒုက္ခသည်များကို မြန်မာနိုင်ငံသို့ ပြန်ပို့ရေးတွင် အဆိုပါ ချဉ်းကပ်ပုံကို အသုံးပြုခဲ့သည်။ | အရှေ့တောင်အာရှ အပါအဝင် နိုင်ငံအများအပြား တွင် သဘာဝဘေးအန္တရာယ် များ ကြုံတွေ့ရလေ့ရှိသည်။ ဘေးအန္တရာယ်ကျရောက်ချိန် များတွင် ထိခိုက်ခံစားရသည့် နိုင်ငံများက မကြာခဏ ဆိုသလို အဆိုပါ ပြဿနာ များကို တစ်ဦးတည်း မဖြေရှင်းနိုင်ပေ။ ထို့ကြောင့် AHA Centre က နိုင်ငံ အများအပြား၊ အခြားသော နိုင်ငံတကာအဖွဲ့အစည်း များနှင့် ပူးပေါင်းဆောင်ရွက် ကြသည်။ AHA Centre က သင့်လျော်သော စွမ်းဆောင်ရည် တည်ဆောက်ရန်နှင့် အခြားသောအေဂျင်စီများနှင့် လုပ်ငန်းများ ညှိနှိုင်း ဆောင်ရွက်ရန်လည်း ကြိုးပမ်းသည်။ | AHA Centre က ကြက်ခြေနီနှင့် လခြမ်းနီ လှုပ်ရှားမှု၊ ကုလသမဂ္ဂ၊ AADMER မိတ်ဖက် အဖွဲ့ ကဲ့သို့သော အဖွဲ့အစည်းအမျိုးမျိုးနှင့် ပူးပေါင်းဆောင်ရွက်သည်။ ယင်းက အာဆီယံ တွေ့ဆုံဆွေးနွေးရေး မိတ်ဖက်နိုင်ငံများနှင့် လည်း ပူးပေါင်းဆောင်ရွက်သည်။ ဖိလစ်ပိုင် နိုင်ငံမှ တိုင်ဖွန်း ဟိုင်ရန် (၂၀၁၃) ကဲ့သို့သော ကြီးမားသည့် သဘာဝဘေးအန္တရာယ်များတွင် AHA Centre က အရင်းအမြစ်များ ပိုမို ရရှိရန်နှင့် အာဆီယံခေါင်းဆောင်များနှင့် ကမ္ဘာ တစ်ဝန်းမှ မိတ်ဖက်များနှင့် ညှိနှိုင်းဆောင်ရွက် ရန် အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ ညှိနှိုင်းရေးမှူး တာဝန်ယူ ထားသည့် အာဆီယံ အထွေထွေအတွင်းရေးမှူး နှင့် လက်တွဲလုပ်ဆောင်ခဲ့သည်။ အလားတူပင် မြန်မာနိုင်ငံမှ ရိုဟင်ဂျာဒုက္ခသည်များ ရခိုင် ပြည်နယ်သို့ နေရပ်ပြန်နိုင်ရေးအတွက် AHA Centre က အလားတူပင် လုပ်ဆောင်ခဲ့သည်။ ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် အရေးပေါ် တုံ့ပြန်ရေးနယ်ပယ်တွင် AHA Centre အခန်းကဏ္ဍကို အာဆီယံ၏ အဓိက ဒေသ ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့အဖြစ် ပို၍အားကောင်းစေရန် အဆင့်မြင့် ကတိကဝတ် နှစ်ခုကိုလည်း လုပ်ဆောင်ခဲ့သည်။ ယင်းတို့မှာ (၁) တစ်ဖွဲ့တည်းသော အာဆီယံ၊ တစ်ခုတည်းသော တုံ့ပြန်မှုဆိုင်ရာ အာဆီယံ ကြေညာချက်၊ ဒေသတွင်းနှင့် ဒေသပြင်ပ ဘေးအန္တရာယ်များကို တစ်စုတစ်စည်းတည်း တုံ့ပြန်ခြင်းနှင့် (၂) ဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ အာဆီယံမျှော်မှန်းချက် ၂၀၂၅ တို့ ဖြစ်ကြသည်။ |

**မူရင်း။** အာဆီယံ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးအပ်ရေးစင်တာ

## ၇.၅ ပဋိပက္ခဖြေရှင်းရေးတွင် နိုင်ငံတစ်နိုင်ငံချင်းစီ၏ အခန်းကဏ္ဍများ

ပုန်ကန်မှုများ၊ တော်လှန်ရေးများနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုင်ရာ ပဋိပက္ခအမျိုးအစားများသည် အချို့သော အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် ဆက်လက်ရှိနေဆဲဖြစ်သည်။ ဝင်ရောက်စွက်ဖက်မှုမပြုရေးမူဝါဒကြောင့် အဖွဲ့အစည်းက ထိုပဋိပက္ခများကိုချဉ်းကပ်ရန် သတ်မှတ်ထားသည့်ပုံစံတစ်ခု ရှိမနေသေးပေ။[3] သို့ရာတွင် အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းစီအလိုက်က အဆိုပါပဋိပက္ခများ ဖြစ်ပွားနေသည့် နိုင်ငံများကို အထောက်အကူ ပေးရန် လုပ်ဆောင်ပေးနိုင်သည်။ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားသည့်နိုင်ငံက တောင်းဆိုလာသည့်အခါမျိုးတွင် ဖြစ်သည်။

ဒေသတွင်း ကာလအရှည်ကြာဆုံး ပဋိပက္ခများထဲမှ တစ်ခုမှာ ဖိလစ်ပိုင်အစိုးရ (GPH) နှင့် မိုရိုအမျိုးသား လွတ်မြောက်ရေးတပ်ဦး (MNLF) နှင့် မိုရို အစ္စလာမ်မစ် လွတ်မြောက်ရေးတပ်ဦး (MILF) တို့ ကိုယ်စားပြုသည့် ဘန်ဆာမိုရို ပြည်သူများပါဝင်သည့် မင်ဒါနောင် ပဋိပက္ခဖြစ်သည်။[4] ဘန်ဆာမိုရိုပြည်နယ်က တစ်ချိန်က GPH ထံမှ လွတ်လပ်ရေးကို တောင်းဆိုခဲ့သည်။ သို့သော် ယခုအခါ ၎င်းတို့ဒေသအတွက် ကျယ်ပြန့်သော ကိုယ်ပိုင် အုပ်ချုပ်ခွင့်ဖြင့် ကျေအေးရန် လက်ခံလိုက်ပြီဖြစ်သည်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ကူညီပေးခဲ့သည့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှာ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံများဖြစ်သည်။ ပထမဆုံးအကြိမ် အဆိုပါနှစ်နိုင်ငံက OIC (အစ္စလာမ်မစ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့အစည်း (Organization of Islamic Cooperation) မဖြစ်လာမီ အစ္စလာမ်မစ်ညီလာခံအဖွဲ့အစည်း (Organization of Islamic Conference)) နှင့်အတူ ဖိလစ်ပိုင်အစိုးရနှင့် နောင်တွင် MNLF က ကိုယ်စားပြုပြီး နာမီဆူဝါရီ (Nur Misuwari) က ဦးဆောင်သည့် ဘန်ဆာမိုရိုတို့အကြား ထရစ်ပိုလီ သဘောတူစာချုပ် ချုပ်ဆိုဖြစ်အောင် အောင်မြင်စွာ တွန်းအားပေးနိုင်ခဲ့သည်။ ၁၉၇၆ ခုနှစ် ဒီဇင်ဘာလ (၂၃) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော ထရစ်ပိုလီ သဘောတူစာချုပ်တွင် ဖိလစ်ပိုင် နိုင်ငံတောင်ပိုင်း၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့် အစိုးရတစ်ရပ် တည်ထောင်မည့်အကြောင်း ပါဝင်သည်။ မူဆလင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဘာဆီလန်၊ ဆူးလူး၊ တာဝီ-တာဝီ၊ ဇမ်ဘိုအန်ဂါ ဒယ်လ်ဆာ၊ ဆူလ်တန်ကူဒါရက်၊ လာနောင်းဒယ်လ်နော့တ်၊ လာနောင်းဒယ်လ်ဆူး၊ ဒါဗာအို ဒယ်လ်ဆူး၊ ကိုတာဘာတို တောင်ပိုင်းနှင့် ပါလာဝမ် ဒေသများ ပါဝင်သည်။

၂၀၀၁ ခုနှစ်မှစ၍ မလေးရှားနိုင်ငံက ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပံ့ပိုးကူညီပေးသူအဖြစ် ပါဝင်ခဲ့သည်။ သမ္မတ ဂျိုးဇက် အက်စ်ထရာဒါ (Joseph Estrada) (၁၉၉၈-၂၀၀၁) လက်ထက်တွင် ဖိလစ်ပိုင်အစိုးရက ဘန်ဆာမိုရိုအပေါ် စစ်ပွဲဆင်နွှဲခဲ့ပြီး အကျပ်အတည်းကြီး ပေါ်ပေါက်ခဲ့ပြီးနောက် အဆိုပါဖြစ်စဉ် စတင်ခဲ့သည်။ အက်စ်ထရာဒါကို အကျင့်ပျက်ခြစားမှု၊ လုယက်မှုတို့ဖြင့် စွဲချက်တင်ပြီး သမ္မတရာထူးမှ ဖြုတ်ချခဲ့ပြီးနောက် သမ္မတအသစ် ဂလော်ရီယာ မာကာပါဂယ် အာရိုယို (Gloria Macapagal Arroyo) က GPH နှင့် MILF တို့အကြား ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထောက်ပံ့ကူညီပေးရန် မလေးရှားနိုင်ငံအား ဖိတ်ကြားခဲ့သည်။ အဖွဲ့နှစ်ဖွဲ့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို စောင့်ကြည့်ရန် ၂၀၀၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော နိုင်ငံတကာ

[3] အရှေ့တောင်အာရှမှ ပြည်တွင်းပဋိပက္ခ ဥပမာများနှင့် ဖြစ်ပွားရသည့် အကြောင်းအရင်းများကို အခန်း (၃)၊ (၄) နှင့် (၅) တို့တွင် ရှုပါ။
[4] မင်ဒါနောင် ပဋိပက္ခနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တို့ကို အခန်း (၄) နှင့် (၅) တွင်လည်း ဆွေးနွေးထားသည်။

စောင့်ကြည့်လေ့လာရေးအဖွဲ့ (International Monitoring Team (IMT)) ကိုလည်း မလေးရှားနိုင်ငံက ဦးဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ဘန်ဆာမိုရိုအတွက် သဘောတူညီချက်မူဘောင် (Framework Agreement for the Bangsamoro (FAB)) နှင့် ၂၀၁၄ ခုနှစ်တွင် ဘန်ဆာမိုရိုအတွက် သဘောတူညီချက် အပြည့်အစုံ (Comprehensive Agreement for the Bangsamoro (CAB)) တို့ အောင်မြင်စွာ ထွက်ပေါ်လာခြင်းတွင်လည်း မလေးရှားနိုင်ငံက သိသာထင်ရှားသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ လက်ရှိတွင် အဖွဲ့များက ဘန်ဆာမိုရို MILF နှင့် ဘန်ဆာမိုရိုလူထုမှ အဓိကခေါင်းဆောင်များ အများစုနှင့် ဖွဲ့စည်းထားသည့် အသွင်ကူးပြောင်းရေး အာဏာပိုင်အဖွဲ့ (Bangsamoro Transition Authority (BTA)) ၏ ခေါင်းဆောင်မှုအောက်တွင် သဘောတူညီချက်များကို အကောင်အထည်ဖော်နေသည်။

ထိုင်းနိုင်ငံတောင်ပိုင်းမှ ပဋိပက္ခများနှင့် စပ်လျဉ်း၍ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့က ပြဿနာအတွက် အဖြေရှာရာတွင် ပံ့ပိုးကူညီသူများအဖြစ် တက်ကြွစွာပါဝင်ခဲ့ကြသည်။ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရန် လန်ကာဝီတွင် ယခင်ဝန်ကြီးချုပ် မဟာသီယာမိုဟာမက် (Mahathir Mohamad) နှင့် ဘိုဂေါ်တွင် ဒုသမ္မတ ဂျူးဆက်ကယ်လ်လာ (Jusuf Kalla) တို့က အစပြုပေးခဲ့သည်။ ထို့ပြင် အာဆီယံပြင်ပမှနိုင်ငံများ၊ ဂျနီဗာနှင့် ဖင်လန်မှ အဖွဲ့အစည်းအများအပြားကလည်း ကြိုးပမ်းမှုများပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် ယခင်ကြိုးပမ်းမှု အားလုံးမှာ မအောင်မြင်ခဲ့ပေ။ တစ်ဖက်တွင်မူ မလေးရှားနိုင်ငံက ထိုင်းအစိုးရနှင့် BRN (အမျိုးသားတော်လှန်ရေး တပ်ဦး (National Revolutionary Front)) ကိုယ်စားလှယ်များအား ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကွာလာလမ်ပူမြို့၌ တွေ့ဆုံဆွေးနွေးရန် စုစည်းပေးနိုင်ခဲ့ပြီး “အထွေထွေသဘောတူညီချက်စာတမ်း” ကို လက်မှတ်ရေးထိုးစေနိုင်ခဲ့သည်။ အဆိုပါသဘောတူညီချက်က ပဋိပက္ခဖြေရှင်းခြင်းနှင့် အလှမ်းဝေးနေသေး သော်လည်း အနည်းဆုံးတော့ ကောင်းမွန်သည့်စမှတ်တစ်ခု ဖြစ်ခဲ့သည်။ ထိုင်းအစိုးရဘက်မှလည်းကောင်း၊ ပတ်ထာနီလူပ်ရှားမှုဘက်မှလည်းကောင်း ရှင်းလင်းသည့် ရပ်တည်ချက် (သို့) အဖြေအတွက် ကမ်းလှမ်းခြင်းများ မရှိသော်လည်း မလေးရှားနိုင်ငံက အဆိုပါတွေ့ဆုံဆွေးနွေးရေးကို ဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းခဲ့သည်။ အာဆီယံအဖွဲ့ဝင်နှင့် OIC ကိုယ်စားလှယ်အဖြစ် မလေးရှားနိုင်ငံက ငြိမ်းချမ်းရေးဖန်တီးရေးတွင် ပို၍ အားကောင်းသောအခန်းကဏ္ဍမှ ပါဝင်ရန်ကြိုးပမ်းပြီး ပွဲစားလုပ်ပေးသူမဟုတ်ဘဲ ကြားဝင်ညှိနှိုင်းပေးသူ အခန်းကဏ္ဍကို ရရှိရန် ရည်ရွယ်ခဲ့သည် (Mccargo, 2014)။

မည်သူမှပိုင်ဆိုင်သော မြေမဟုတ်ဟု လက်ခံထားကြသည့် ပီယာဗဟီယာဘုရားကျောင်း ပတ်ဝန်းကျင်မြေနေရာ များနှင့် ပတ်သက်သည့် ထိုင်းနှင့် ကမ္ဘောဒီးယားကြား ပဋိပက္ခများကိုဖြေရှင်းရန် အင်ဒိုနီးရှားနိုင်ငံက ကြိုးပမ်းခဲ့ သည်။[5] ကမ္ဘောဒီးယားက ဖြစ်စဉ်ကို ၁၉၆၂ ခုနှစ်တွင် ဘုရားကျောင်းအား ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်ခဲ့သည့် ICJ သို့ တိုင်ကြားခဲ့သည်။ သို့ရာတွင် ဆုံးဖြတ်ချက်တွင် ဘုရားကျောင်းပတ်ဝန်းကျင်ဒေသ မပါဟု လက်ခံထားသည့် ထိုင်းနိုင်ငံက ၂၀၀၈ ခုနှစ်တွင် ထပ်မံပြဿနာရှာခဲ့ပြန်သည်။ ထိုစဉ်က ထိုင်းနိုင်ငံမှ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများက ထိုဒေသပိုင်ဆိုင်သည်ဟု တောင်းဆိုခြင်းများ တင်းမာလာခြင်းကို

[5] ထိုပဋိပက္ခအကြောင်း အသေးစိတ်ကို အခန်း (၃) စာသေတ္တာ ၃.၁ တွင် ရှုပါ။

လွှမ်းမိုးခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ဒါဇင်နှင့်ချီ ထိခိုက်သေဆုံးမှုများ ဖြစ်ပေါ်စေခဲ့သည့် စစ်ရေးအရ ထိပ်တိုက်တွေ့ဆုံမှုများ ဖြစ်ပွားပြီးနောက် နှစ်နိုင်ငံကြားတင်းမာမှုများ အမြင့်ဆုံး ရောက်ရှိခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံက ၂၀၀၈ ခုနှစ်တွင် အာဆီယံ၏ ဝင်ရောက်ဖြန်ဖြေမှုကို တောင်းဆိုခဲ့သော်လည်း ကနဦးတွင် ထိုင်းနိုင်ငံက ပဋိပက္ခဖြေရှင်းရာတွင် အာဆီယံကို မပါဝင်စေချင်ခဲ့ပေ။ တင်းမာမှုများက အရှိန်မြင့်တက်သေးလေရာ ၂၀၀၈ ခုနှစ် စင်ကာပူခေါင်းဆောင်မှုအောက်တွင်ရှိသည့် အာဆီယံက နိုင်ငံနှစ်နိုင်ငံကို ၎င်းတို့၏ ပြဿနာအား နှစ်နိုင်ငံအကြားဖြေရှင်းရန် တောင်းဆိုခဲ့သည်။ ၂၀၁၁ ခုနှစ် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားပြီး ကမ္ဘောဒီယားနိုင်ငံက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ တိုင်ကြားပြီးမှသာ အာဆီယံက ပဋိပက္ခအား ကြားဝင်ညှိနှိုင်းပေးရန် ပါဝင်လာခဲ့သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဝင်ရောက်စွက်ဖက်မှုကို ရှောင်ရှားရန် ၂၀၁၁ ခုနှစ် အာဆီယံဥက္ကဋ္ဌ အင်ဒိုနီးရှားနိုင်ငံက ပဋိပက္ခကို ကြားဝင်ညှိနှိုင်းရာတွင် တက်ကြွသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မာတီနာတာလာဂါဝါ (Marty Natalegawa) က ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးများကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဘန်ကောက်နှင့် နယူးယောက်ခ်မြို့များသို့ လာရောက်ရန် လွှန်းပျံသံတမန်ရေးကို လုပ်ဆောင်ခဲ့ရသည်။ ၂၀၁၁ ခုနှစ် မေလ ဂျကာတာတွင် ကျင်းပခဲ့သော အာဆီယံ ထိပ်သီးစည်းဝေးပွဲ၌ အင်ဒိုနီးရှားသမ္မတ ဆူဆီလို ဘမ်ဘန်း ယူဒိုဟိုနို (Susilo Bambang Yudhoyono) က ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်များကို ထိုကိစ္စရပ်အားဆွေးနွေးရန် အတူစုစည်းနိုင်ခဲ့သည်။ အင်ဒိုနီးရှားက ဘုရားကျောင်းအနီးတဝိုက် ပဋိပက္ခဒေသများကို လေ့လာစောင့်ကြည့်သူအဖြစ် စောင့်ကြည့်ရန် အဆိုပြုခဲ့ပြီး အဖွဲ့နှစ်ဖွဲ့ကို နှစ်စဉ် အထွေထွေ နယ်စပ်ရေးရာကော်မတီ (General Border Committee (GBC)) အစည်းအဝေး ကျင်းပရန် အားပေးခဲ့သည်။

၂၀၁၁ ခုနှစ် ဇူလိုင်လ (၁၈) ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံက နယ်စပ်စည်းမျဉ်းများ ချိုးဖောက်ကြောင်း တိုင်ကြားပြီးနောက် ICJ က ထိုင်းနှင့် ကမ္ဘောဒီယားနိုင်ငံများကို အငြင်းပွားနေသည့် နယ်စပ်ဒေသမှာ ၎င်းတို့၏ တပ်များကို ရုတ်သိမ်းရန် အမိန့်ပေးခဲ့သည်။ ICJ က အပစ်အခတ်ရပ်စဲမှုကို စောင့်ကြည့်ရန် ကုလသမဂ္ဂ စောင့်ကြည့်ရေးအဖွဲ့ကို စေလွှတ်မည်ဟုလည်း ဆိုခဲ့သည် (BBC News, 2011)။ ဤဖြစ်ရပ်များအပြီး ထိုင်းအစိုးရ အပြောင်းအလဲဖြစ်ပြီးနောက် နိုင်ငံနှစ်နိုင်ငံအကြား တင်းမာမှုများ လျော့ကျသွားသည်။ နယ်စပ်အငြင်းပွားမှုကို ဖြေရှင်းခြင်းမရှိဘဲ စီးပွားရေးနှင့် လုံခြုံရေးကဏ္ဍများအပါအဝင် နယ်စပ်ဒေသ၌ ပူးပေါင်းရေးအတွက် အထွေထွေ နယ်စပ်ရေးရာ ကော်မတီ အစည်းအဝေးကို နှစ်စဉ်ကျင်းပခဲ့သည်။

## ၇.၆ အာဆီယံတွင် ငြိမ်းချမ်းရေးမြှင့်တင်ရေးအတွက် နိုင်ငံတော်မဟုတ်သည့် ဇာတ်ကောင်များ၏ အခန်းကဏ္ဍများ

အာဆီယံတွင် ငြိမ်းချမ်းရေးအတွက် အခြေအနေများဖန်တီးရာတွင် ကူညီပေးသည့် NGO များ၏ အခန်းကဏ္ဍသည်လည်း ပို၍အရေးပါလာသည်။ NGO များက အာဆီယံလုပ်ဆောင်ချက်များကို အထောက်အကူပြုသည့်

မိတ်ဖက်များအဖြစ်လည်းကောင်း၊ အာဆီယံ လုပ်ဆောင်ချက်များကို ဝေဖန်သည့် ဇာတ်ကောင်များအဖြစ်လည်းကောင်း ပါဝင်ကြသည်။ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အာရှဖိုရမ် (Asian Forum for Human Rights and Development (Forum-Asia)) ၏ အဖွဲ့ဝင်ဖြစ်ကြသော NGO အများအပြားက AICHR လုပ်ငန်းများကို အကဲဖြတ်သုံးသပ်ခြင်းများ လုပ်ဆောင်ကြသည် (Hanara, Cornelis, Judhistari, Ginbar, and Majumdar, 2019)။ အာဆီယံက NGO များနှင့် တရားဝင်ပူးပေါင်းရန်လည်း လုပ်ဆောင်သည်။ ထို့ပြင် NGO များကို နယ်ပယ်အများအပြားတွင်၊ အထူးသဖြင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သိပ္ပံပညာကဲ့သို့သော နယ်ပယ်များတွင် အာဆီယံ၏ ပူးပေါင်းဆောင်ရွက်ရေး အောင်မြင်ရန် ကူညီပေးသည်ဟု ရှုမြင်ကြသည် (Aviel, 1999)။ NGO များသည် အာဆီယံက စီးပွားရေးနှင့် လူမှုရေး ပူးပေါင်းဆောင်ရွက်မှုများကို မည်ကဲ့သို့ လုပ်ဆောင်သင့်သည်ဟူသည့်အပေါ် အမြင်များထုတ်ပေါ်သည့် ပညာဗေဒအသိုင်းအဝိုင်း၏ အစိတ်အပိုင်း ဖြစ်သည်ဟုလည်း လက်ခံထားကြသည်။

ဥပမာ လူ့အခွင့်အရေး လုပ်ငန်းအဖွဲ့ (Human Rights Working Group (HRWG)) ၏ အဖွဲ့ဝင်ဖြစ်သည့် အချို့သော NGO များက အာဆီယံလူ့အခွင့်အရေးအဖွဲ့ ဖွဲ့စည်းရန် တွန်းအားပေးရာ၌ လွန်စွာတက်ကြွကြပြီး ၂၀၀၀ ပြည့်လွန်နှစ်များတွင် ၎င်း၏ TOR ရေးသားခြင်းကို စောင့်ကြည့်လေ့လာခဲ့ကြသည်။ ထို့ပြင် မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဆိုင်ရာ အာဆီယံအင်စတီကျု (ASEAN Institute for Strategic and International Studies (ASEAN-ISIS)) က လုံခြုံရေးကိစ္စရပ်များအတွက် ဆွေးနွေးရန် ဉာဏလေ့လာရေး အဖွဲ့များ (think-tanks) ကို စုစည်းခဲ့သည်။ ၎င်းတို့၏အမြင်များကို အာဆီယံ အကြီးတန်းတာဝန်ခံများ အစည်းအဝေး (ASEAN Senior Officials Meeting (SOM)) တွင် တင်ပြခဲ့ပြီး (အာရှပစိဖိတ်ဒေသတွင် လုံခြုံရေးနှင့် နိုင်ငံရေးကိစ္စရပ်များကို ဆွေးနွေးရန်) လမ်းကြောင်း (၂) သံတမန်ရေးဟု ယူဆခဲ့ကြသည်။ ASEAN-ISIS ၏ အဖွဲ့ဝင်ဖြစ်ကြသည့် ဉာဏလေ့လာရေးအဖွဲ့များက အာဆီယံဒေသဆိုင်ရာဖိုရမ် (ASEAN Regional Forum (ARF)) အတွက် အချက်အလက်များစွာပေးသည့် အာရှပစိဖိတ် လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကောင်စီ (Council for Security and Cooperation in Asia-Pacific (CSCAP)) ကိုလည်း ဖွဲ့စည်းခဲ့သည်။

AICHR ဖွဲ့စည်းရာတွင် NGO များ၏ပါဝင်မှုက ၎င်းတို့၏ ပါဝင်ဆွေးနွေးမှုများကို အာဆီယံ အီလစ်များက နှစ်ခြိုက်ခြင်း ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အာဆီယံတွင် လူထုပါဝင်နိုင်သည့် ဥပမာတစ်ရပ်ကို ပြသနေသည်။ AICHR ကို ထင်ရှားသော ပုဂ္ဂိုလ်များအုပ်စုမှ အဖွဲ့ဝင်များဖြစ်သည့် အရေးပါသော အာဆီယံမှ ထင်ရှားကျော်ကြားသူ အများအပြား၏ ကြိုးပမ်းလုပ်ဆောင်မှုဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။ အဆိုပါ အုပ်စုက အာဆီယံ လူ့အခွင့်အရေးအဖွဲ့နှင့် စပ်လျဉ်းသော ၎င်း၏ အကြံပြုချက်များကို NGO များ၊ ပညာရှင်များနှင့် မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဆိုင်ရာ အာဆီယံအင်စတီကျု၏ လူ့အခွင့်အရေးညီလာခံ (ASEAN Institutes of Strategic and International Studies Colloquium on Human Rights (AICOHR)) မှ အစိုးရ တာဝန်ရှိသူများ ကိုယ်စားပြုသည့် အာဆီယံ လူ့အခွင့်အရေးယန္တရား လုပ်ငန်းအဖွဲ့ (Working Group on the ASEAN Human Rights Mechanism (WG-AHRM)) သို့ ပေးပို့ခဲ့သည်။ ၎င်းတို့က အာဆီယံ ခေါင်းဆောင်များကို အားကောင်းသော လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန် တိုက်တွန်းခဲ့ကြသည်။ ထို့ပြင် ၎င်းတို့က AICHR ပဋိညာဉ်နှင့် TOR မူကြမ်းများကိုလည်း ရေးဆွဲခဲ့ကြသည်။ ၎င်းတို့၏ ကြိုးပမ်းမှုများကို

အပြည့်အဝ ထည့်သွင်းခြင်းမရှိသော်လည်း ၎င်းတို့၏ အဆိုပြုချက်အစိတ်အပိုင်းအချို့က AICHR ဖွဲ့စည်းရန် လမ်းဖောက်ပေးနိုင်ခဲ့သည်။

အဆိုပါ NGO များအပြင် အာဆီယံမိတ်ဖက်ပြင်ပမှ NGO များကလည်း AICHR လုပ်ငန်းများနှင့် ပတ်သက်၍ အစီရင်ခံစာများ၊ ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။ ဥပမာ NGO အများအပြားပါဝင်သည့် ဖိုရမ်အေးရှား အဖွဲ့က AICHR ၏ တိုးတက်မှုအစီရင်ခံစာကို ထုတ်ပြန်ခဲ့ပြီး ၎င်း၏ ကျဆုံးမှုအများအပြားကို ဖော်ပြခဲ့သည်။ လူ့အခွင့်အရေးမြှင့်တင်ရန်နှင့် အာဆီယံအစိုးရများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဝေဖန်ရာတွင် ထို NGO များက အမြဲတစေပါဝင်ခဲ့သည်။ ဖိုရမ်၏အဖွဲ့ဝင်များတွင် AICHR ကို ဆန့်ကျင်သည့် အင်ဒိုနီးရှားမှ CSO အဖွဲ့ဖြစ်သော ကွန်ထရာ (Kontras) အဖွဲ့လည်း ပါဝင်ခဲ့သည်။ ဥပမာ ယခင်ကွန်ထရာ၏ ဥက္ကဋ္ဌ ဟာရစ်(စ်) အက်ဇ်ဟာ (Haris Azhar) AICHR နှင့်ပတ်သက်ပြီး အဆိုးမြင်မှုနှင့် စိတ်ပျက်မှုတို့ကို ဖော်ပြခဲ့သည်။ သူက AICHR ကောင်းကောင်းမွန်မွန်လည်ပတ်ရန် နှစ်ပေါင်း (၃၀) လောက်ကြာလိမ့်မည်ဟု မှတ်ချက်ပြုခဲ့သည်။ အာဆီယံအစိုးရများကို လော်ဘီလုပ်မည့်အစား ကွန်ထရာနှင့် အခြားသော လူ့အခွင့်အရေးအဖွဲ့များက အာဆီယံနိုင်ငံများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်ရန် NGO များအကြား စည်းလုံးမှုကို မြှင့်တင်ပေးမည့် လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေးဖိုရမ် (ဖိုရမ်အေးရှား) အဖွဲ့သို့ ဝင်ရောက်ခဲ့သည်။ သို့ဖြစ်လေရာ သူတို့က အာဆီယံအစိုးရ စက်ဝန်းပြင်ပတွင် ဆန့်ကျင်သည့်အုပ်စုများ ဖြစ်လာသည်။

အာဆီယံအစီအစဉ်အသစ်များ ဆွေးနွေးခဲ့သော ၂၀၀၀ ပြည့်လွန်နှစ် အစောပိုင်းကာလများတွင် အာဆီယံမှ ပြည်သူများ နက်ရှိုင်းစွာပါဝင်ခဲ့သည်ကိုလည်း သတိပြုသင့်သည်။ အဆိုပါအဖွဲ့အစည်းက ပို၍အလုပ်ဖြစ်လိမ့်မည်ဟု မျှော်လင့်ခဲ့ကြသည်။ သို့ဖြစ်လေရာ NGO အမျိုးမျိုး၏ အဖွဲ့ဝင်များနှင့် ဉာဏလေ့လာရေးအဖွဲ့များက ၎င်းတို့ကိုယ်၎င်းတို့ အာဆီယံ ပြည်သူ့အစည်းအရုံး (ASEAN People's Assembly (APA)) ဟု အမည်ပေးပြီး စင်ကာပူတွင် ကျင်းပသည့် (၄) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့်အတူ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ ၂၄-၂၅ ရက်နေ့များတွင် အင်ဒိုနီးရှားနိုင်ငံ ဘန်တမ်၌ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ အစည်းအဝေးကို NGO ကိုယ်စားလှယ်များ၊ ရပ်ရွာအခြေပြုခေါင်းဆောင်များ၊ တက်ကြွလှုပ်ရှားသူများ၊ ဉာဏလေ့လာရေးအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ် (၃၀၀) ခန့် တက်ရောက်ခဲ့ကြသည်။ ဖိုရမ်အေးရှားနှင့် Focus on the Global South ကဲ့သို့သော ဒေသတွင်း ဦးဆောင် NGO များကလည်း အစည်းအဝေးကို တက်ရောက်ခဲ့ကြသည်။ အဘ်ဒူရာမန် ဝါဟစ်၊ အာလီအလာတက်စ်၊ (ယခင်ဖိလစ်ပိုင် အမျိုးသားလုံခြုံရေးအကြံပေး) ဟိုဆေး အယ်လ်မွန်တီ (Abdurrahman Wahid, Ali Alatas, Jose Almonte) နှင့် အာဆီယံ အထွေထွေအတွင်းရေးမှူး ရိုဒိုလ်ဖို ဆာဗီရီနို (Rodolfo Severino) တို့ အပါအဝင် အစိုးရတာဝန်ရှိသူအများအပြားလည်း ပထမ အစည်းအဝေးကို တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးက အာဆီယံပြည်သူများက အာဆီယံအသစ် လိုလားကြောင်းကို ထင်ဟပ်နေပြီး အာဆီယံ လုပ်ဆောင်သင့်သည့် အစီအစဉ်အများအပြားကို ဖော်ပြခဲ့သည်။ ယင်းတို့အနက် အာဆီယံအစီအစဉ်များ ချမှတ်ရာတွင် လူထု၏အခန်းကဏ္ဍ၊ ဂလိုဘယ်လ်လိုက်ဇေးရှင်း၏ သက်ရောက်မှု၊ အမျိုးသမီးများ၏ အင်အားနှင့် စွမ်းရည်မြှင့်ပေးခြင်း၊ မီဒီယာ၏အခန်းကဏ္ဍ၊ ဖြစ်နိုင်သည့် ဒေသဆိုင်ရာလူ့အခွင့်အရေးယန္တရားများ၊

အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ ဆင်းရဲမွဲတေမှုကျော်လွှားရန် ကြိုးပမ်းမှုများ၊ သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲရေး အကန့်အသတ်များနှင့် အခွင့်အရေးများ၊ မြန်မာနှင့် အရှေ့တီမောမှုဖြစ်ရပ်များ၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး မူဝါဒများနှင့် ဒေသလူထုဖွံ့ဖြိုးရေးတွင် အာဆီယံ၏ အခန်းကဏ္ဍတို့အပါအဝင် လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးကိစ္စအမျိုးမျိုး ပါဝင်သည်။

ထို့ပြင် APA က အမှတ်ပေးစနစ်ဖြင့် ဒေသတွင်း လူသားလုံခြုံမှုကိစ္စရပ်များကို ကိုင်တွယ်သည့် APA လုပ်ငန်း အစီအစဉ်ကိုလည်း ချမှတ်ခဲ့သည်။ လုပ်ငန်းအစီအစဉ်က အရပ်ဘက်အဖွဲ့အစည်းများ ပို၍အရေးစိုက်ရန်၊ အသေးစိတ်စောင့်ကြည့်ရန်နှင့် လုပ်ဆောင်ချက်များလုပ်ဆောင်ရန် လိုအပ်သည့် နယ်ပယ်ခုနစ်ခုကို ဖော်ထုတ်ခဲ့ သည် (Aviel, 1999)။ လုပ်ငန်းအစီအစဉ်က လူ့အခွင့်အရေးအစီအစဉ်များ အကောင်အထည်ဖော်ဖို့ အမှတ်ပေးစနစ်ဖန်တီးရန်၊ ကျား၊ မတန်းတူညီမှု မြှင့်တင်ရေးအား စောင့်ကြည့်ရန်၊ ဒီမိုကရေစီတိုးတက်မှုကို အကဲဖြတ်ရန်၊ CSO များအတွက် ကျင့်ဝတ်စည်းမျဉ်းများသတ်မှတ်ရန်၊ HIV/AIDS တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန်၊ အရှေ့တောင်အာရှအတွက် လူသားတိုးတက်မှုအစီရင်ခံစာ (human development report for Southeast Asia (SEAHDR)) ထုတ်ပြန်ရန် အစီအစဉ်များပါဝင်သော လွှန်စွာကျယ်ပြန့်သည့်အစီအစဉ်ကို ချမှတ်ခဲ့သည်။

APA ၏ လုပ်ငန်းများကို ချီးမွမ်းခဲ့ကြပြီး အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးတွင် အကျိုးရှိစေခဲ့သည်ဟု ရှုမြင်ခဲ့ကြသည်။ အထူးသဖြင့် ဉာဏလေ့လာရေးအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်း ထောက်ခံသူများ၊ အာဆီယံ၏အသွင်ပြောင်းလဲမှုကို အရှေ့တောင်အာရှရှိ အမျိုးမျိုးသောအသိုင်းအဝိုင်းများမှ ပြည်သူများ၏ အသံများ၊ မျှော်မှန်းချက်များနှင့် တန်ဖိုးများကို တုံ့ပြန်နိုင်သော ပြည်သူအခြေပြုအဖွဲ့အစည်းတစ်ခု ပိုမိုဖြစ်လာ စေလိုသည့် မူဝါဒချမှတ်သူများအတွက် ကွန်ရက်တစ်ခုဖန်တီးပေးခြင်းဖြင့် ယင်းက ဒေသတွင်း လမ်းကြောင်း (၁)၊ (၂) နှင့် (၃) ၏ ကဏ္ဍအမျိုးမျိုးမှ ကိုယ်စားလှယ်များအတွက် စုစည်းရန်နေရာတစ်ခု ဖြစ်စေခဲ့သည်။ APA စီမံခန့်ခွဲရေးတွင် အဓိကမောင်းနှင်သူမှာ ASEAN-ISIS ကွန်ရက်တွင်ပါဝင်သည့် ဉာဏလေ့လာရေး အဖွဲ့အစည်းများဖြစ်ကြသည်။ ၎င်းတို့က ၂၀၀၀ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း အာဆီယံညီလာခံမကျင်းပမီ အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ သို့ရာတွင် အချို့သော CSO များက ဒေသနှင့်ပတ်သက်ပြီး မတူညီသောအမြင်များ ရှိကြသောကြောင့် ASEAN-ISIS က ဆွေးနွေးရန်ခေါင်းစဉ်များ ချမှတ်သည့်ပုံစံကို မကျေနပ်ကြပေ။ ဤသည်က အာဆီယံပြည်သူများ ချဉ်းကပ်အရေးဆိုရေးစုစည်းမှု (Solidarity for Asian People's Advocacy (SAPA)) ကွန်ရက်ပါ NGO များ စုစည်းကျင်းပသည့် အာဆီယံ အရပ်ဘက်အဖွဲ့အစည်း ညီလာခံ (ASEAN Civil Society Conference (ACSC)) နှင့် အာဆီယံ ပြည်သူ့ဖိုရမ် (ASEAN Peoples Forum (APF)) တို့ကို ထွက်ပေါ်လာစေခဲ့သည်။ ACSC/APF က စတင်ဖွဲ့စည်းချိန် ၂၀၀၅ ခုနှစ်မှစ၍ အာဆီယံထိပ်သီးညီလာခံမတိုင်မီ တွေ့ဆုံခြင်းများ ဆက်လက်လုပ်ဆောင်ခဲ့ကြသည် (Gerard, 2013)။

အထက်တွင်ဖော်ပြခဲ့သော ဖွံ့ဖြိုးတိုးတက်မှုများက အာဆီယံသည် နိုင်ငံများအကြားပဋိပက္ခများကိုသာ ကိုင်တွယ်ရသည့် အဖွဲ့အစည်းတစ်ခုမဟုတ်တော့ကြောင်းကို ပြသနေသည်။ ယခုအခါ အာဆီယံက အာဆီယံ အသိုက်အဝန်းတွင် ရှိနေသည့် ပဋိပက္ခများကိုလေ့လာပြီး တည်ဆောက်ခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးကို

တည်ဆောက်ရန်ပါ ကြိုးပမ်းနေပြီဖြစ်သည်။ လူသားလုံခြုံမှုခေါင်းစဉ်အောက်မှ အမျိုးမျိုးသော လူမှုကိစ္စရပ်များ ကလည်း အရေးပါလာပြီး ယခုအခါ အာဆီယံပူးပေါင်းမှုတွင် အဓိကစိုးရိမ်စရာ အကြောင်းအရာများ ဖြစ်လာသည်။ ယင်းတို့တွင် လူ့အခွင့်အရေးကိုတည်ဆောက်ရန်နှင့် ပိုမိုသတိပြုလာမိစေရန် ကြိုးပမ်းမှုများ၊ ထိုသို့သော အခွင့်အရေးများကို ကျယ်ပြန့်သည့် နောက်ခံအခြေအနေတွင် ကာကွယ်ခြင်းများ ပါဝင်သည်။

## ၇.၇ နိဂုံး

အရှေ့တောင်အာရှဒေသတွင် ငြိမ်းချမ်းရေးထိန်းသိမ်းရန် ၎င်း၏ရည်မှန်းချက်အောင်မြင်ဖို့ အာဆီယံက ၎င်း၏ ပတ်ဝန်းကျင်မှ အပြောင်းအလဲများနှင့် တောင်းဆိုမှုများကိုတုံ့ပြန်ရန် တိုးတက်ပြောင်းလဲမှုများ လုပ်ဆောင်ခဲ့သည်။ အဆိုပါတိုးတက်ပြောင်းလဲမှုက ပဋိပက္ခဖြေရှင်းရန်နှင့် ကာကွယ်ရန်ဟူသည့် ၎င်း၏ မူလရည်မှန်းချက်မှာ ဖယ်ခွာလာခဲ့ခြင်း ဖြစ်သည်။ ကနဦးတွင် အာဆီယံသည် စစ်ပွဲမဖြစ်ပွားရေးအခြေအနေကို ထိန်းသိမ်းရန် ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးအား ထည့်သွင်းစဉ်းစားခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်။ တစ်ချိန်က နိုင်ငံနှင့် အီလစ်အခြေပြု အဖွဲ့အစည်းတစ်ခုဖြစ်ခဲ့သော အာဆီယံသည် နောက်ပိုင်းတွင် ပြည်သူများနှင့် နီးစပ်သော အေဂျင်စီများဖန်တီးရန် ကြိုးပမ်းခဲ့သည်။ ဤသည်ကို ထိုင်း-ကမ္ဘောဒီးယား ပဋိပက္ခနှင့် တောင်တရုတ်ပင်လယ် ပိုင်နက်အငြင်းပွားမှုကဲ့သို့သော ယခင်က ငုပ်လျှိုးနေသော်လည်း နောက်ပိုင်း ထွက်ပေါ်လာခဲ့သည့် (သို့) ဆက်လက်တည်ရှိနေသည့် ဖြစ်ရပ်အများအပြားတွင် တွေ့နိုင်သည်။ ထို့ကြောင့် အာဆီယံက အာဆီယံနည်းလမ်းမှုများကို အခြေခံပြီး အဖွဲ့ဝင်နိုင်ငံများအကြား အငြင်းပွားမှုများကို စီမံခန့်ခွဲရန် ပလက်ဖောင်းတစ်ခု တည်ဆောက်ခဲ့သည်။ ယန္တရားများနှင့် မူများသည် အမြဲတစေဝေဖန်ခံခဲ့ရသော်လည်း အာဆီယံက PMC၊ ASEM နှင့် ARF ကဲ့သို့သော ယန္တရားများမှတစ်ဆင့် ကာကွယ်တားဆီးရေး သံတမန်ရေးကို ကျင့်သုံးကာ ငြိမ်းချမ်းရေးမြှင့်တင်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ဆက်လက်ပါဝင်နိုင်ခဲ့သည်။

ပြောင်းလဲရန်နှင့် အာဆီယံကို ပြည်သူများအတွက်အကျိုးဝင်ရန် လုပ်ဆောင်ဖို့ တောင်းဆိုချက်များအား တုံ့ပြန်သည့်အနေဖြင့် လူ့အခွင့်အရေး၊ ဒုက္ခသည်များ၊ လူသားချင်းစာနာမှုဆိုင်ရာ စိုးရိမ်ပူပန်မှုများ၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးကဲ့သို့သော ကိစ္စရပ်များကိုကိုင်တွယ်ရန် အာဆီယံက AICHR၊ AHA နှင့် AIPR ကဲ့သို့သော အဖွဲ့အမျိုးမျိုးကို ဖွဲ့စည်းခဲ့သည်။ အာဆီယံက အမျိုးသမီးများနှင့် ကလေးသူငယ်များ ကာကွယ်ရေးတွင် ပို၍အကျိုးဝင်စေရန် သံန္နိဋ္ဌာန်ကိုပြသသည့်အနေဖြင့် အမျိုးသမီးဆိုင်ရာ ACW ကိုလည်း ပြဋ္ဌာန်းခဲ့သည်။ ထို့ကြောင့် ပဋိပက္ခများဖြေရှင်းရာတွင် နိုင်ငံအခြေပြုမှ ပြည်သူအခြေပြု (သို့) ပြည်သူအခြေပြု အာဆီယံအဖြစ် အာဆီယံ၏အမြင်များ ပြောင်းလဲလာခဲ့သည်။ ဤသည်က နှေးကွေးစွာဖြစ်ပေါ်ပြောင်းလဲခြင်း ဖြစ်သော်လည်း ဖြစ်စဉ်မှတစ်ဆင့် လူသားလုံခြုံရေးကိစ္စရပ်များကို ကိုင်တွယ်ရန် အာဆီယံ၏လက်ခံလာမှုက အရှေ့တောင်အာရှဒေသတွင် တည်ဆောက်ခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ် ဖြစ်လာခဲ့သည်။ ဤသည်က အာဆီယံအဖွဲ့အစည်းဆိုင်ရာ ယန္တရားများအတွက် မော်ဒယ်တစ်ခု လည်း ဖြစ်လာသည်။

အာဆီယံ ငြိမ်းချမ်းရေးဖန်တီးရေးဖြစ်စဉ်တွင် တိုးတက်မှုများကို ဥပဒေအရ စည်းနှောင်မှုရှိသော (သို့) သီအိုရီဆိုင်ရာ ရှုထောင့်များမှ တိုင်းတာ၍မရပေ။ အာဆီယံသည် မကြာခဏဆိုသလို အကောင်အထည်ဖော်ရန် ခက်ခဲသော သဘောတူစာချုပ်များနှင့် စတင်လေ့မရှိဘဲ တဖြည်းဖြည်းလုပ်ဆောင်သွားရန် ရွေးချယ်လေ့ရှိသည်။ အဖွဲ့ဝင်များကို ၎င်းတို့လက်ခံရန်ဆန္ဒမရှိသည့် ဆုံးဖြတ်ချက်များကို အတင်းအကြပ် (သို့) ဖိအားလက်ခံခိုင်းခြင်း မရှိသောကြောင့် အဆိုပါချဉ်းကပ်ပုံက ကောင်းမွန်သောရလဒ်များ ထွက်ပေါ်လာစေသည်။ ယခုအခန်းက ထိုသို့သောယန္တရားများက အထူးသဖြင့် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခကိစ္စရပ်များ ကိုင်တွယ်ရာတွင် အလုပ်ဖြစ်ခဲ့သည့် ဖြစ်ရပ်များကို တင်ပြထားသည်။ နှစ်ပေါင်းများစွာအတွင်း အာဆီယံပြည်သူများ ဖြေရှင်းရန် တောင်းဆိုသည့် ကိစ္စရပ်များကိုဖြေရှင်းရန်နှင့် အာဆီယံမူဘောင်အတွင်း အငြင်းပွားမှုဖြေရှင်းရေးအတွက် တည်ဆဲယန္တရားများအား အထောက်အကူပြုစေရန်အတွက် အဖွဲ့အစည်းအသစ်များနှင့် အင်စတီကျူးရှင်းအသစ်များကို မိတ်ဆက်ခဲ့သည်။ အဆိုပါအဖွဲ့များနှင့် အင်စတီကျူးရှင်းများက ပြဿနာများကို ညှိနှိုင်းမှုများ၊ တွေ့ဆုံဆွေးနွေးမှုများ၊ အားလုံးသဘောတူညီမှုများမှတစ်ဆင့် ဖြေရှင်းသည့် အလေ့အကျင့်တစ်ခု ပေါ်ထွက်လာစေခဲ့သည်။ ဤဖြစ်ပေါ်ပြောင်းလဲမှုက အမျိုးမျိုးသော နိုင်ငံဖြတ်ကျော်ပြဿနာများ ရှာဖွေဖော်ထုတ်ရာနှင့် ကျော်လွှားရာတွင် အာဆီယံသည် ပြန်လည်သုံးသပ်ပြီး အရပ်ဘက်အဖွဲ့အစည်းများကို ပါဝင်လာစေကြောင်း ပြသနေသည်။ တစ်နည်းအားဖြင့်ဆိုသော် အနာဂတ်တွင် တည်ဆောက်ခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေး ဖြစ်ပေါ်တိုးတက်မှုက ပို၍ပင်ခိုင်မာလာမည်ဟု မျှော်လင့်ရပေသည်။

## ဆွေးနွေးရန် မေးခွန်းများ

၁။ အာဆီယံအဖွဲ့ဝင်နိုင်ငံများက ငြိမ်းချမ်းရေးကို မည်ကဲ့သို့ရှုမြင်သနည်း။

၂။ အာဆီယံဖွဲ့စည်းရသည့် အဓိကရည်ရွယ်ချက်များက အဘယ်နည်း။

၃။ ၁၉၆၇ နှင့် ၁၉၇၆ ခုနှစ်အကြားကာလကို အာဆီယံဖွဲ့စည်းခါစကာလဟု အဘယ်ကြောင့် ရှုမြင်ခဲ့ကြသနည်း။

၄။ ပဋိပက္ခစီမံခန့်ခွဲရေးတွင် အာဆီယံ၏ချဉ်းကပ်ပုံက မည်သို့ထူးခြားသနည်း။

၅။ အာဆီယံအတွက် "ဝင်ရောက်စွက်ဖက်မှုမပြုရေး" အလေ့အကျင့်က မည်သို့အရေးပါသနည်း။

၆။ အာဆီယံ၏ ကာကွယ်တားဆီးရေး သံတမန်ရေးချဉ်းကပ်ပုံက ဒေသတွင်းပဋိပက္ခများ စီမံခန့်ခွဲရာတွင် မည်သို့ အကျိုးပြုခဲ့သနည်း။

၇။ အာဆီယံတွင် ဒေသဆိုင်ရာအဖွဲ့ခွဲများ၏ တာဝန်များက အဘယ်နည်း။ ၎င်းတို့က ထိရောက်ပါသလား။

၈။ အာဆီယံ၏ ပဋိပက္ခစီမံခန့်ခွဲရေးချဉ်းကပ်ပုံအတွက် အဓိကစိန်ခေါ်မှုများက အဘယ်နည်း။

၉။ အာဆီယံနည်းလမ်းဆိုသည်မှာ အဘယ်နည်း။ ဤသည်က ဒေသတွင်းပဋိပက္ခကိစ္စရပ်များ ကိုင်တွယ်ရာတွင် မည်မျှ ထိရောက်သနည်း။

၁၀။ အငြင်းပွားမှုများဖြေရှင်းရန် အဆင့်မြင့်ကောင်စီတည်ထောင်ရေး ပြဋ္ဌာန်းချက်ကဲ့သို့သော အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ အဖွဲ့တွင်းယန္တရားများကို အဘယ်ကြောင့် မည်သည့်အခါကမျှ အကောင်အထည်မဖော်နိုင်ခဲ့သနည်း။

## ဖတ်ရှုရန် အကြံပြုချက်များ


1. Acharya, A, *Constructing a Security Community in Southeast Asia: ASEAN and the Problem of Regional Order*, Routledge, 2001.
2. Baviera, A, and Maramis, L, 'Building ASEAN Community: Political-security and socio-cultural reflections, Vol 4' Economic Research Institute for ASEAN and East Asia, 2017, available at https://www.eria.org/ASEAN_at_50_Vol_4_Full_Report.pdf, accessed on 23 September 2021.
3. Galtung, J, 'Violence, peace, and peace research' *Journal of Peace Research*, 1969, Vol 6, No 3, pp 167-191.
4. Koh, T, Manalo, RG, and Woon, W (eds), *The Making of the ASEAN Charter*, Singapore: NUS and Institute of Policy Studies, 2009.
5. Natalegawa, M (ed), *Does ASEAN Matter?: A View from Within*, ISEAS-Yusof Ishak Institute, 2018.

# အခန်း 8

# အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေး - အရှေ့တောင်အာရှတွင် ငြိမ်းချမ်းသောယဉ်ကျေးမှုဆီသို့

# အခန်း (၈) အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေး တည်ဆောက်ရေး - အရှေ့တောင်အာရှတွင် ငြိမ်းချမ်းသော ယဉ်ကျေးမှုဆီသို့

**ကာမာရူးလ်ဇာမန် အက်စ်ကန်ဒါ (Kamarulzaman Askandar)**

## ၈.၁ မိတ်ဆက်

ယခုစာအုပ်ကို ဒေသတွင်းဖြစ်ရပ်လေ့လာမှုများအား အသုံးပြုပြီး ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေးဆိုင်ရာ ဆွေးနွေးမှုများအားတင်ပြခြင်းဖြင့် စတင်ခဲ့သည်။ ထိုနယ်ပယ်တွင် ရေးသားတင်ပြမှုအများအပြားရှိပြီးဖြစ်သော်လည်း ရှိပြီးသားချဉ်းကပ်ပုံများကို ဒေသဆိုင်ရာဥပမာများနှင့် ပေါင်းစပ်ခြင်း၊ အထူးသဖြင့် ထိုကိစ္စရပ်များတွင် ပါဝင်လုပ်ဆောင်ခဲ့ပြီး စိန်ခေါ်မှုများကို နားလည်သည့် ပညာရှင်များနှင့် လက်တွေ့လုပ်ဆောင်သူများက ပါဝင်ရေးသားခြင်းက အရှေ့တောင်အာရှမှ ကျောင်းသားများအတွက် အသုံးဝင်လိမ့်မည်ဟု ယူဆရပါသည်။ ထို့ကြောင့် ယခုစာအုပ်တွင် ရေးသားသူများနှင့် ပူးပေါင်းပါဝင်သူများအားလုံးသည် *ပညာရှင်-လက်တွေ့လုပ်ဆောင်သူများ* ဖြစ်ကြသည်။ ဆိုလိုသည်မှာ ငြိမ်းချမ်းရေးအကြောင်း ရေးသားသင်ကြားသူများဖြစ်ကြသလို ၎င်းတို့၏ဗဟုသုတများအား မြေပြင်တွင် လက်တွေ့ကျင့်သုံး အကောင်အထည်ဖော်နေကြသူများလည်း ဖြစ်ကြသည်။ အချို့မှာ လီဒရစ်ချ် (Lederach) ၏ ငြိမ်းချမ်းရေးတည်ဆောက်ရေးမူဘောင်အရ ဆိုရလျှင် ပဋိပက္ခဖြစ်ပွားရာမြေပြင်မှသူများ ဖြစ်ကြသည်။ အချို့မှာ အတွင်းမှ အသွင်းပြောင်းလဲရေး ငြိမ်းချမ်းရေးတည်ဆောက်ရေး အခန်းကဏ္ဍတွင် ပါဝင်နေကြသည့် *ကြားဝင်ညှိနှိုင်းပေးသူ အတွင်းလူများ (သို့) ငြိမ်းချမ်းရေး တည်ဆောက်သူများ* ဖြစ်ကြသည်။ (ပဋိပက္ခဖြစ်ပွားရာဒေသများ) အတွင်းတွင် လုပ်ဆောင်နေကြသူများ မဟုတ်သူများကလည်း အပြင်မှ ထိုလုပ်ဆောင်ချက်များကို ပံ့ပိုးပေးနေသူများ ဖြစ်ကြသည်။ သို့ရာတွင် ဤနေရာ၌ ၎င်းတို့၏အခန်းကဏ္ဍမှာ ရှင်းလင်းသည်။ ၎င်းတို့၏ သဘောတရားများနှင့် ချဉ်းကပ်ပုံများကို နားလည်မှုမှတစ်ဆင့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအဓိပ္ပာယ်များ (စီမံခန့်ခွဲရေး၊ ဖြေရှင်းရေး၊ အသွင်ပြောင်းလဲရေး) ဆိုင်ရာ ပြဋ္ဌာန်းစာအုပ်ကို ရေးသားရုံသာမက အဆိုပါနယ်ပယ်တွင် ဗဟုသုတများ ကျယ်ပြန့်လာမှုကို အားပေးရန်နှင့် ဒေသတွင်း ပညာရှင်-လက်တွေ့လုပ်ဆောင်သူများနှင့် ကြားဝင်ညှိနှိုင်းပေးသူ အတွင်းလူများ/ငြိမ်းချမ်းရေးတည်ဆောက်သူများ ပို၍ဖန်တီးနိုင်ရန်လည်း ရည်ရွယ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏မျှော်မှန်းချက်လည်း ဖြစ်သည်။ ဒေသတွင်းငြိမ်းချမ်းရေးနှင့် အလုံးစုံသောငြိမ်းချမ်းရေး ယဉ်ကျေးမှုအတွက် ပါဝင်ကူညီပေးနိုင်ရန်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရန် နည်းလမ်းများစွာရှိသော်လည်း ပါဝင်ရေးသားသူများသည် ပညာပေးသူများဖြစ်ကြလေရာ ၎င်းတို့က အဆိုပါရည်မှန်းချက်အတွက် ငြိမ်းချမ်းရေးပညာရေးလမ်းကြောင်းကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အန္တိမရည်မှန်းချက်မှာ အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေး ချဉ်းကပ်ပုံနှင့် ဖြစ်စဉ်များမှတစ်ဆင့် *ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသည့် ငြိမ်းချမ်းရေး*ကို နောက်ဆုံးရလဒ်အဖြစ် မြှင့်တင်ရန်ဖြစ်သည်။ သို့ဖြစ်လေရာ ယခုနောက်ဆုံးအခန်းက အဆိုပါ ပညာရှင်-လက်တွေ့ကျင့်သုံးသူများ နှစ်ပေါင်းများစွာလုပ်ဆောင်ခဲ့သည့် ဒေသတွင်းပဋိပက္ခများကို ဖြေရှင်းခြင်း၊

အသွင်ပြောင်းလဲခြင်းနှင့် ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ခြင်းတို့မှ သင်ယူရရှိခဲ့သော ကိစ္စရပ်များ၊ ဖြစ်စဉ်များနှင့် သင်ခန်းစာများအကြောင်း နောက်ဆုံးတွေ့ရှိချက်အချို့ကို တင်ပြသွားပါမည်။

## ၈.၂ ငြိမ်းချမ်းရေးလေ့လာရေးကို အဓိကထားခြင်း

ငြိမ်းချမ်းရေးလေ့လာရေးကို အဘယ်ကြောင့်လုပ်ဆောင်ရသနည်း။ ပို၍သင့်လျော်သည့် မေးခွန်းမှာ အဘယ်ကြောင့် မလုပ်ဆောင်ရမည်နည်းဟူသည့် မေးခွန်းဖြစ်သည်။ ဤသည်မှာ ယခုစာအုပ်တွင် ပထမဆုံး မေးထားသည့် မေးခွန်းများထဲမှ တစ်ခုဖြစ်သည်။ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးတို့က ဒေသတွင်းတွင် အတော်အသင့် အသစ်ဖြစ်နေသေးသည့် နယ်ပယ်တစ်ရပ်ဖြစ်ပြီး ငြိမ်းချမ်းရေး၊ လူမှုရေးနှင့် လူ့အခွင့်အရေး ကိစ္စရပ်များကို အဓိကထားသည့် အစီအစဉ်များမှ ဆင့်ပွားပုံ့နှံ့လာခြင်းဖြစ်သည်။ ယင်းက ငြိမ်းချမ်းရေး ယဉ်ကျေးမှုတစ်ရပ်အတွက် ငြိမ်းချမ်းရေးပညာရေးကို တွန်းအားပေးခြင်းကြောင့်လည်း အကျိုးကျေးဇူးများ ရရှိသည် (အထောက်အကူလည်း ပြုနိုင်ခဲ့သည်)။

UNICEF က ငြိမ်းချမ်းရေးပညာရေးကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

> *ပုဂ္ဂလိကအဆင့်၌ဖြစ်စေ၊ အုပ်စုများအကြားဖြစ်စေ၊ ပြည်တွင်း၌ဖြစ်စေ၊ နိုင်ငံတကာအဆင့်၌ ဖြစ်စေ ကလေးငယ်များ၊ လူငယ်များနှင့် လူကြီးများကို သိသာသော၊ ဖွဲ့စည်းလည်ပတ်ပုံဆိုင်ရာ ပဋိပက္ခနှင့် အကြမ်းဖက်မှုများအား ကာကွယ်တားဆီးရန်၊ ပဋိပက္ခများကို ငြိမ်းချမ်းစွာ ဖြေရှင်းရန်နှင့် ငြိမ်းချမ်းရေးအတွက် အထောက်အကူပြုသည့် အခြေအနေများဖန်တီးရန် အပြုအမူအပြောင်းအလဲများ ထွက်ပေါ်လာစေဖို့ ဗဟုသုတ၊ စွမ်းဆောင်ရည်၊ သဘောထား အမြင်များနှင့် တန်ဖိုးများအား မြှင့်တင်သည့် ဖြစ်စဉ်တစ်ရပ်ဖြစ်သည် (UNICEF, 2016)။*

ထို့ကြောင့် ငြိမ်းချမ်းရေးပညာရေးသည် ငြိမ်းချမ်းသော ဆက်ဆံရေးများ၊ အခြေအနေများနှင့် တည်ဆောက်မှု များကို ဦးတည်စေနိုင်သည့် သတိပြုမိမှုများ၊ အလေးထားမှုများနှင့် အပြုအမူများကို မွေးထုတ်ပေးသော ရှုထောင့်စုံ၊ ကဏ္ဍစုံ၊ အသွင်ပြောင်းလဲသည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ တပြိုင်နက်တည်းမှာပင် ယင်းက အကြမ်းဖက်သောပဋိပက္ခက ဖန်တီးခဲ့သော (သို့) ပိုဆိုးစေခဲ့သော လူတို့၏ အတွေးများ၊ သဘောထားအမြင်များ၊ တန်ဖိုးများနှင့် အပြုအမူများကို အသွင်ပြောင်းလဲရန်နှင့် ပြောင်းလဲပစ်ရန် ကြိုးပမ်းသည်။ ထို့ပြင် ငြိမ်းချမ်းရေး ပညာရေးက ဖွဲ့စည်းလည်ပတ်ပုံနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှုများကို ထွက်ပေါ်စေခဲ့သည့် လူမှုအခြေအနေများကို ဖြိုခွဲပစ်ရာတွင် အထောက်အကူပြုသည်။ သို့ဖြစ်လေရာ ယင်းတွင် လူမှုရေးနှင့် နိုင်ငံရေး ရည်မှန်းချက် ရှိသည်။ ထို့ပြင် ငြိမ်းချမ်းရေးပညာရေးက ငြိမ်းချမ်းရေးယဉ်ကျေးမှုကို အထောက်အကူပြုပြီး မတူကွဲပြားမှုအား လက်သင့်ခံခြင်း၊ အမျိုးစုံလင်ကွဲပြားမှုနှင့် စွမ်းရည်မြှင့်တင်ပေးခြင်းတို့ကို အားပေးသည်။ နောက်ဆုံးအနေဖြင့် ငြိမ်းချမ်းရေးပညာရေးက ငြိမ်းချမ်းသောအပြောင်းအလဲအတွက် ပို၍ တက်ကြွသော ကြိုးပမ်းဆောင်ရွက်သူများ ဖန်တီးပေးခြင်းဖြင့် တစ်ဦးချင်းစီနှင့် လူမှုတာဝန်များကို အားပေးသည်။

ငြိမ်းချမ်းရေးပညာရေးသည် ငြိမ်းချမ်းရေးလေ့လာခြင်းနှင့် ဆင်တူသည်။ ဥပမာ အဆင့်မြင့်ပညာရေး၌ ငြိမ်းချမ်းရေးလေ့လာရေး အစီအစဉ်များကို ရေးဆွဲရာနှင့် မိတ်ဆက်ရာတွင် ငြိမ်းချမ်းရေးပညာရေး၌ မေးမြန်းသည့် သင်ကြားရေး ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များနှင့် စပ်လျဉ်းသော မေးခွန်းများကိုပင် ပြန်လည်အသုံးပြုကြသည်။ ယင်းတို့တွင် ကျောင်းသားများ မည်သည်တို့ကို သိသင့်သနည်း၊ ၎င်းတို့အား မည်သည်တို့ကို သတိထားမိအောင် လုပ်သင့်သနည်းဟူသည့် မေးခွန်းများပါဝင်သည်။ အထူးသဖြင့် ကျောင်းသားများသည် ပဋိပက္ခ၏သဘောသဘာဝ၊ ယင်းတို့ မည်သို့စတင်သည်၊ မဖြည့်ဆည်းနိုင်သော လိုအပ်ချက်များက ပဋိပက္ခသို့ မည်သို့ဦးတည်သွားနိုင်သည်နှင့် မည်သည့်အချက်များက ပဋိပက္ခစက်ဝန်းကို သက်ဆိုးရှည်နေစေနိုင်သည်တို့ကို နားလည်ရန်လိုအပ်သည်။ တစ်သီးပုဂ္ဂလအဆင့်၌ ငြိမ်းချမ်းရေးလေ့လာခြင်းက တစ်ကိုယ်ရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုသည်။ ကျောင်းသားများကို မကြာခဏ ဆိုသလို ပဋိပက္ခအခြေအနေများတွင် ပါဝင်သည့် ခက်ခဲနက်နဲသော စိတ်ခံစားချက်များကို ခွဲခြမ်းစိတ်ဖြာမှုမပြုမီ၊ ၎င်းတို့ကို မည်သို့လေ့လာသုံးသပ်ရမည်ကို မသင်ကြားမီ တစ်သီးပုဂ္ဂလအဆင့်၌ ပဋိပက္ခများဖြေရှင်းရာတွင် ၎င်းတို့ အသုံးပြုသည့် ကိုယ်ပိုင်ပုံစံကို အကဲဖြတ်လေ့လာခိုင်းကြသည်။ ထို့ပြင် ငြိမ်းချမ်းသောအဖြေရှာရေးကို လျင်မြန်စေမည့် လိုအပ်သော အရည်အချင်းများ၊ စွမ်းဆောင်ရည်များနှင့် လုပ်ဆောင်နိုင်စွမ်းများ မည်သို့ ရယူရမည် (သို့) တိုးတက်အောင် လုပ်နိုင်မည်နှင့် လူတစ်ဦး၏ ရပ်တည်ချက်များ၊ သဘောထားများနှင့် ယုံကြည်ချက်များက ဖြစ်စဉ်ကို အထောက်အကူပြုသည် (သို့) အဟန့်အတားဖြစ်စေသည် ကိုလည်း လေ့လာကြရသည်။ ထိရောက်သော နူတ်နှင့် အပြုအမူပိုင်းဆိုင်ရာ ဆက်ဆံရေးစွမ်းဆောင်ရည်များ၊ ဆွေးနွေးညှိနှိုင်းရေး၊ ခွဲခြမ်းစိတ်ဖြာရေးနှင့် ပြဿနာဖြေရှင်းရေး စွမ်းဆောင်ရည်များအားလုံးက ပဋိပက္ခကိုကိုင်တွယ်သည့် စွမ်းဆောင်ရည်ကို မြှင့်တင်ရာတွင် အရေးပါပြီး ငြိမ်းချမ်းရေးလေ့လာရေး၏ အသွင်ပြောင်းလဲရေးနှင့် ပြဿနာဖြေရှင်းရေး သဘောသဘာဝ၏ အဓိကအစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။

ယခုစာအုပ်၏ အခန်း (၁) တွင် ငြိမ်းချမ်းရေးလေ့လာရေးကို ငြိမ်းချမ်းရေးယဉ်ကျေးမှုအတွက် အထောက်အကူ ပြုရန် လိုအပ်သော ဗဟုသုတ၊ ယဉ်ကျေးမှုနှင့် သဘောထားများအား မြှင့်တင်ပေးသော အသွင်ပြောင်းလဲရေး ဖြစ်စဉ်တစ်ခုအဖြစ် အကျဉ်းချုပ်တင်ပြထားသည်။ မည်သို့ပင်ဆိုစေကာမူ အဆိုပါနယ်ပယ်သည် တိုးတက် ပြောင်းလဲနေဆဲဖြစ်ပြီး အထူးသဖြင့် ပဋိပက္ခဖြေရှင်းရေးနှင့် အသွင်ပြောင်းလဲရေး စွမ်းဆောင်ရည်များကို တရားဝင်နှင့် အလွတ်သဘော ပညာရေးများတွင် ထည့်သွင်းရန်ကြိုးပမ်းမှုများ ပို၍လိုအပ်နေသည်။ သင်ကြားရေး၏ အနုပညာနှင့် သိပ္ပံဖြစ်သည့် သင်ကြားရေးနည်းလမ်းများကလည်း ဘာသာရပ်ကို မည်သို့ သင်ကြားသည်၊ ရရှိထားသော ဗဟုသုတကို မည်သို့အသုံးချသည်တို့အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ ငြိမ်းချမ်းရေးသင်ကြားရေး နည်းလမ်းများသည် အရေးပါသလို အသွင်ပြောင်းလဲနိုင်သည်။ သို့ဖြစ်လေရာ ငြိမ်းချမ်းရေးသင်ကြားခြင်းသည် ဖန်တီးနိုင်စွမ်း မြင့်နိုင်သမျှ မြင့်ရမည်။ ဗဟုသုတများဝေမျှခြင်း နှင့် ကျောင်းသားများ၏ အတွေးများ ဖြန့်ကျက်နိုင်စေရန်ကိုသာ အာရုံမစိုက်ဘဲ အနာဂတ်တွင် တာဝန်ယူတတ် သော ခေါင်းဆောင်များဖြစ်လာစေရန် ၎င်းတို့၏ သဘောထားများနှင့် ကမ္ဘာ့အမြင်များအပေါ်လည်း သက်ရောက်နိုင်ရန် ကြိုးပမ်းရမည်။ သီအိုရီ၊ အတွေ့အကြုံ (သို့မဟုတ် အကောင်အထည်ဖော်ခြင်း) နှင့် ပြန်လည်သုံးသပ်ခြင်းတို့အကြား အပြန်အလှန်ဆက်စပ်မှုကို အဓိကထားသည့် ငြိမ်းချမ်းရေးသုတေသန (လက်တွေ့လုပ်ဆောင်သော သုတေသနဟုလည်း ဖော်ပြကြသည်) သည်လည်း အလားတူပင်ဖြစ်သည်။

ပြန်လည်သုံးသပ်ခြင်းကို သုတေသနဖြစ်ရပ်တောက်လျှောက် လုပ်ဆောင်သွားသင့်သည်။ အဆိုပါ သင်ယူရေးဆိုင်ရာ ပြည့်စုံသောချဉ်းကပ်ပုံကြောင့် ငြိမ်းချမ်းရေးလေ့လာခြင်းက ကျောင်းသားများကို ဒေသတွင်းရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသည့်ငြိမ်းချမ်းရေး ရရှိရန် အထောက်အကူပြုသည့် ပလက်ဖောင်းနှင့် မူဘောင်တစ်ခု ပေးနိုင်မည်ဟု မျှော်လင့်ရသည်။

## ၈.၃ ပဋိပက္ခကို နားလည်သဘောပေါက်ခြင်း

အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်သည် ပဋိပက္ခ၏သဘောသဘာဝကို နားလည်ခြင်းဖြင့် စတင်သည်။ *ပဋိပက္ခဟူသည်မှာ အဘယ်နည်း။* အခန်း (၁) နှင့် (၂) က ပဋိပက္ခကို အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ သဘောတရားများအား နားလည်ရုံတင်မက အမျိုးမျိုးသော အမြင်များ၊ ရှုထောင့်များ၊ နောက်ခံအခြေအနေများနှင့် ဖြစ်စဉ်များအား လေ့လာသုံးသပ်ခြင်းဖြင့် နားလည်နိုင်သည်ဟု ထောက်ပြခဲ့သည်။ ဝင်ရောက်စွက်ဖက်မှုမပြုမီ (ETH ဇူးရစ်မှ ဆိုင်မွန်မန်ဆင် (Simon Mason) တင်ပြခဲ့သော) ပဋိပက္ခ ပုံဖော်ရေးဆွဲခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းဆိုင်ရာ နည်းလမ်းများက ဇာတ်ကောင်များ၊ ပါဝင်သည့်အချက်များ၊ နောက်ခံအခြေအနေနှင့် ဖြစ်စဉ်ဟူသည့် အစိတ်အပိုင်းလေးခုကို ရှာဖွေခြင်းမှ ထွက်ပေါ်လာသည်။ ဇာတ်ကောင်များဆိုသည်မှာ တိုက်ရိုက်နှင့် တစ်ဆင့်ခံ ပတ်သက်နေသည့်အဖွဲ့များ (နှင့် တတိယအုပ်စုများ) ကို ဆိုလိုသည်။ ပါဝင်သည့်အချက်များတွင် အဖွဲ့များအကြား အတိုက်အခံဖြစ်လာစေသည့် ပဋိပက္ခ၏ နောက်ခံကိစ္စရပ်များ၊ လိုအပ်ချက်များ (သို့) ရည်မှန်းချက်များ ပါဝင်သည်။ နောက်ခံအခြေအနေဆိုသည်မှာ ပဋိပက္ခဖြစ်ပွားနေရသည့် ပတ်ဝန်းကျင် (သို့) ပဋိပက္ခကို သက်ရောက်မှုရှိသည့် အချက်များဖြစ်သည်။ ဖြစ်စဉ်တွင် ပဋိပက္ခတစ်ခု၏ အရှိန်မြင့်လာသည့်ဖြစ်စဉ်နှင့် ငြိမ်းချမ်းရေးအတွက် ကာလနှင့် ဖြစ်စဉ်များအပါအဝင် အစိတ်အပိုင်းများ၊ သမိုင်းနှင့် အချိန်ကာလများ ပါဝင်သည်။

အခြားအရေးပါသည့် ပဋိပက္ခပုံဖော်ရေးဆွဲခြင်းနှင့် လေ့လာသုံးသပ်ခြင်း ချဉ်းကပ်ပုံကို ဒူဂန် (Dugan) ၏ အဆင့်ဆင့် ပဋိပက္ခမော်ဒယ်မှ ယူထားသည်။ ယင်းမော်ဒယ်က ပဋိပက္ခအခြေအနေများတွင်ရှိသော ကိစ္စရပ်များ (ရည်မှန်းချက်များနှင့် မကိုက်ညီမှုများ)၊ ဆက်ဆံရေးများ (အဖွဲ့များအကြား ဆက်ဆံရေး သဘောသဘာဝနှင့် တည်ဆောက်ပုံ) နှင့် စနစ်ခွဲများနှင့် စနစ်များ (၎င်းတို့၏ နောက်ခံအခြေအနေ၊ ဖြစ်စဉ်နှင့် ပတ်ဝန်းကျင်) အကြား ဆက်စပ်ပြောင်းလဲမှုများကို လေ့လာသည်။ ထို့ကြောင့် ပဋိပက္ခသည် စနစ်တစ်ခု၏အစိတ်အပိုင်းဖြစ်ပြီး ထိုကဲ့သို့ (အခန်း (၄) တွင် ရိုပါနှင့် အက်ဘ်ဘူဘာကာ (Ropers and Abubakar) တို့ တင်ပြခဲ့သော စနစ်ဆိုင်ရာ ဆန်းစစ်လေ့လာခြင်းကဲ့သို့) နားလည်သဘောပေါက်ထားသင့်သည်။ ပဋိပက္ခတစ်ခုကို မည်ကဲ့သို့ရှုမြင်သည်က ယင်းကို မည်ကဲ့သို့ကိုင်တွယ်သည့်အပေါ် သက်ရောက်မှုရှိသည်။ ဆိုလိုသည်မှာ ဥပမာ အမြစ်လိုမှုနှင့် ဝင်ရောက်စွက်ဖက်သူ၏ စွမ်းဆောင်ရည်အပေါ်မူတည်ပြီး သင့်တော်သည့် ချဉ်းကပ်ပုံ ပြောင်းလဲလုပ်ဆောင်ရန် လိုအပ်သည်။ ထိုသို့သောကိစ္စရပ်များနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး ချဉ်းကပ်ပုံအတွက် အချိန်ကာလတို့ပေါင်းစပ်ခြင်းက မည်သည့်အချိန်တွင် မည်သည့်လုပ်ဆောင်ချက်အား အဓိကထားရမည်ကို ဆုံးဖြတ်ပေးသည်။ ယင်းကို ယခုစာအုပ်၏ အခန်း (၃)၊ (၄) နှင့် (၅) တို့တွင် အသေးစိတ်ဆွေးနွေးထားခဲ့သည်။ အဆိုပါချဉ်းကပ်ပုံက ပဋိပက္ခအသွင်ပြောင်းလဲရေးမူဘောင်တွင် အခြေအနေကိုလိုက်၍ တုံ့ပြန်သည့်ပုံစံနှင့် လိုက်လျောညီထွေ

ရှိသည်များကို ရောစပ်အသုံးပြုသည့်ပုံစံတို့၏ အရေးပါမှုကို ထောက်ပြနေသည်။ ယင်းတို့မှာ ကိစ္စရပ်များ၏ သဘောသဘာဝ၊ ဆက်ဆံရေးတည်ဆောက်ပုံ၊ စနစ်နှင့် ဖြစ်စဉ်၏နောက်ခံအခြေအနေနှင့် အတွင်းလူ (သို့) အပြင်လူ ဖြစ်သော ဝင်ရောက်စွက်ဖက်သူများ၏ စွမ်းဆောင်ရည်အပေါ် မူတည်နေသည်။ အဆိုပါကိစ္စရပ်များ အားလုံးက လိုက်လျောညီထွေ ရှိနေရမည်ဖြစ်ပြီး အခြေအနေကိုဖြေရှင်းရန် အတူတကွလုပ်ဆောင်ရမည် ဖြစ်သည်။

ပဋိပက္ခကို နားလည်သဘောပေါက်ခြင်းက အခန်း (၁) နှင့် (၂) တို့တွင် ဖော်ပြခဲ့သည့်အတိုင်း ဂယ်လ်တန်၊ မစ်ချယ်လ်နှင့် အခြားသူများဆွေးနွေးခဲ့သော *ပဋိပက္ခတြိဂံ*၏ အစိတ်အပိုင်းများကို အာရုံစိုက်ပြီး အခြေအနေကို နက်ရှိုင်းစွာ နားလည်သဘောပေါက်ရန် လုပ်ဆောင်ခြင်းဖြစ်သည်။ ပဋိပက္ခ၏ ABC ဟုလည်းသိကြသော အဆိုပါ နည်းလမ်းက သဘောထား၊ အပြုအမူနှင့် ဖိလာမှု အစိတ်အပိုင်းများအကြား အပြန်အလှန် ဆက်စပ်ပြောင်းလဲမှု ကို ဖော်ပြသည်။ ယင်းတို့တစ်ခုချင်းစီက ပဋိပက္ခတစ်ခု အရှိန်မြင့် (သို့) အရှိန်လျော့သွားနိုင်သည့် ဖြစ်ရပ်များကို ဖော်ပြနိုင်သည်။ ဥပမာ ပဋိပက္ခဇာတ်ကောင်များ၏ သဘောထားများအပေါ် သက်ရောက်မှုရှိနိုင်သော သဘောထားအမြင်များ၊ ရှုထောင့်များနှင့် ပုံသေကားချပ်အမြင်များ၊ ပဋိပက္ခ (သို့) ငြိမ်းချမ်းရေးကို ဦးတည်စေနိုင်သည့် အပြုသဘောဆောင်သော (သို့) အပျက်သဘောဆောင်သော အပြုအမူများနှင့် ဇာတ်ကောင်များ၏ အမျိုးမျိုးသောသဘောထားများနှင့် အပြုအမူများကို ထွက်ပေါ်လာစေသည့် ဖိလာဆန့်ကျင်မှုများ (သို့) ပြဿနာများ ဖြစ်ကြသည်။ အစိတ်အပိုင်းများက တစ်ခုနှင့် တစ်ခု အပြန်အလှန်ဆက်စပ်နေကြပြီး သက်ရောက်မှု တစ်ခု ပြုလုပ်နိုင်ရန် ယင်းကိစ္စရပ်များအားလုံးကို အတူတကွကိုင်တွယ်ရမည် ဖြစ်သည်။ မည်သည့်အချိန်တွင် မည်သို့လုပ်ဆောင်ရမည်ဟူသည်မှာ အခြေအနေ၏ နောက်ခံနှင့် အမြန်လိုမှုအပေါ် မူတည်သည်။ ဤသည်ကို *ရေခဲတုံးထိပ်ဖျားနှင့် နှိုင်းယှဉ်ခြင်း*တွင် တွေ့နိုင်သည်။ ပဋိပက္ခ၏ အချို့သောအစိတ်အပိုင်းများသည် မြင်သာသော်လည်း အချို့မှာ အောက်တွင်ပုန်းကွယ်နေသည်။ ထို့ကြောင့် လူတစ်ဦးသည် ဇာတ်ကောင်များ၏ အပြုအမူများကို တွေ့နိုင်သည်။ သို့သော် ၎င်းတို့၏ သဘောထားများနှင့် အမြင်များ၊ ပဋိပက္ခဖြစ်လာစေနိုင်သည့် အကြောင်းရင်းခံများက ပုန်းကွယ်နေနိုင်သည်။ ပဋိပက္ခများအတွက် အဆိုပါ ပို၍ ကျယ်ပြန့်သော အခြေခံ (သို့) ပလက်ဖောင်းကို လစ်လျူရှုထား၍ မရပေ။

အခန်း (၁) နှင့် (၂) တို့က အကြမ်းဖက်မှု သဘောတရားကိုလည်း လေ့လာခဲ့သည်။ အကြမ်းဖက်မှုဆိုသည်မှာ ပဋိပက္ခအခြေအနေတွင် ဇာတ်ကောင်များက အခြားသူများအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရည်ရွယ်ချက်ဖြင့် ကျူးလွန်သော အကြမ်းဖက်သည့် လုပ်ရပ်များဖြစ်သည်။ သို့ရာတွင် အသုံးအနှုန်းတွင် အဆိုပါ လုပ်ဆောင်ချက်များ (သို့မဟုတ် မလုပ်ဆောင်ချက်များ) ၏ အကျိုးဆက်များ (သို့) သက်ရောက်မှုများလည်း ပါဝင်သည်။ ဆိုလိုသည်မှာ အကြမ်းဖက်မှုကို ဖွဲ့စည်းလည်ပတ်ပုံနှင့် ယဉ်ကျေးမှုဆိုင်ရာ အကြမ်းဖက်မှု ရှုထောင့်များမှလည်း ကြည့်ရမည်ဖြစ်သည်။ အကြမ်းဖက်မှုသည် လူ့အဖွဲ့အစည်းတည်ဆောက်ပုံတွင် ထည့်သွင်းထား (သို့) ထင်ဟပ်နေပြီး အကျိုးဆက်အနေဖြင့် ဘေးဖယ်ထုတ်ထားခြင်း၊ ခွဲခြားဆက်ဆံခြင်းနှင့် လိုအပ်ချက်များနှင့် ကိုယ်ပိုင်သရုပ်လက္ခဏာများကို ဖိနှိပ်ထားခြင်း (ဖွဲ့စည်းလည်ပတ်ပုံ) များ ဖြစ်စေနိုင်သည်။ ယင်းအလေ့အကျင့်များက ဘဝအတွက် ဖြစ်ရိုးဖြစ်စဉ် လက်ခံစရာများအဖြစ် ရှုမြင်လာနိုင်သည်အထိ ပြောင်းလဲလာနိုင်သည် (ယဉ်ကျေးမှုဆိုင်ရာ)။

ငြိမ်းချမ်းရေးက အောင်မြင်ရန်ခက်ခဲသည့်ဒေသတွင် ငြိမ်းချမ်းရေးလေ့လာခြင်းအား အာရုံစိုက်ခြင်းက အရေးပါရုံတင်မက လိုအပ်သည်။ အရှေ့တောင်အာရှတွင် ထိုကဲ့သို့သော အတွေ့အကြုံများနှင့် ပဋိပက္ခသမိုင်းများ ရှိသည်။ များသောအားဖြင့် အနောက်နိုင်ငံများက ကာလရှည်ကြာ ကိုလိုနီပြုခြင်း၊ စစ်အေးကာလအတွင်း အာဏာအတွက် ကမ္ဘာ့ယှဉ်ပြိုင်မှုတွင် ပါဝင်ခဲ့ရခြင်းနှင့် သက်ရောက်မှုခံခဲ့ရခြင်း၊ ကိုလိုနီကာလအလွန်တွင် အသိအမှတ်ပြုရန်၊ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ဒီမိုကရေစီနှင့် အာဏာခွဲဝေရေး တောင်းဆိုခြင်းများကို ရင်ဆိုင်ရခြင်း အပါအဝင် နိုင်ငံတည်ဆောက်ရေးအခက်အခဲများ ရင်ဆိုင်ခဲ့ရခြင်း၊ ကောင်းမွန်သောအုပ်ချုပ်ရေး၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူ့အခွင့်အရေးကာကွယ်ရေး၊ တရားမျှတမှု၊ ပြန်လည်ရင်ကြားစေ့ရေးကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ခြင်းနှင့် လူသားလုံခြုံရေးကဲ့သို့ ဆက်စပ်နေသော ကိစ္စရပ်များကို ကိုင်တွယ်ခြင်း တို့ကို တွေ့ကြုံခဲ့ရသည်။ ဒေသတွင်း (လူသားလုံခြုံရေးကို ခြိမ်းခြောက်မှုများအပါအဝင်) သမာရိုးကျနှင့် သမာရိုးကျမဟုတ်သော လုံခြုံရေးခြိမ်းခြောက်မှုများလည်း ရှိနေပြီး နိုင်ငံတော် (နှင့် လူတို့) ၏ အာရုံစိုက်မှုကို လိုအပ်နေသည်။ အရှေ့တောင်အာရှနိုင်ငံများက အဆိုပါကိစ္စရပ်များကို ၎င်းတို့ကိုယ်ပိုင် နည်းလမ်းများနှင့် ကိုင်တွယ်ရန် ကြိုးပမ်းကြပြီး ကွဲပြားသော အောင်မြင်မှုအတိုင်းအတာများ ရရှိကြသည်။

အခန်းအများအပြား၊ အထူးသဖြင့် အခန်း (၃) နှင့် (၇) က အဆိုပါခြိမ်းခြောက်မှုများကို ဒေသတွင်းစီမံခန့်ခွဲပုံအား လေ့လာခဲ့သည်။ ဒေသဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် အာရုံစိုက်မှုများသည် အချိန်လိုအပ်ချက်အပေါ် မူတည်ပြီး ကွာခြားသွားသည်။ ဥပမာ စစ်အေးတိုက်ပွဲကာလဖြစ်ခြင်းနှင့် နိုင်ငံအများအပြားက နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စရပ်များကို ၎င်းတို့ကိုယ်ပိုင် နိုင်ငံတည်ဆောက်ရေးဖြစ်စဉ်များနှင့် ချိန်ညှိရန်ကြိုးပမ်းနေရသည့် လွတ်လပ်ရေးရခါစနိုင်ငံများ ဖြစ်ကြသောကြောင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် အာရုံစိုက်မှုများသည် ၁၉၅၀ ပြည့်လွန်နှစ်များမှ ၁၉၇၀ ပြည့်လွန်နှစ်များအထိ မြင့်တက်ခဲ့သည်။ ယင်းတို့တွင် ၎င်းတို့ကိုယ်ပိုင်နိုင်ငံများအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ကို အားကောင်းအောင် လုပ်ဆောင်ခြင်း ပါဝင်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့က နယ်မြေသစ်များကို တည်ဆောက်ခြင်း၊ ဒေသဆိုင်ရာကိစ္စရပ်များကို ကိုင်တွယ်ရန် နည်းလမ်းအသစ်များစမ်းသပ်ခြင်း၊ နိုင်ငံအသစ်များအနေဖြင့် နိုင်ငံတကာဆက်ဆံရေးများ တည်ဆောက်ခြင်းတို့ ကို လုပ်ဆောင်နေကြသည်။ ၁၉၆၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဖွဲ့စည်းခဲ့ခြင်းနှင့် ထိုအချိန်မှစ၍ ၎င်း၏ ဖြစ်ပေါ်တိုးတက်မှုများက အကြမ်းဖက်မှုကိုဆန့်ကျင်ပြီး အင်အားကြီးနိုင်ငံများအကြား ယှဉ်ပြိုင်မှုတွင်ပါဝင်ခြင်း ကို ရှောင်ရှားလိုကာ ပြင်ပမှ ကြားဝင်စွက်ဖက်ခြင်း (သို့) ဝင်ရောက်စွက်ဖက်ခြင်း မရှိဘဲ နိုင်ငံတစ်နိုင်ငံချင်းစီက ပြည်တွင်းရေးပြဿနာများကို ဖြေရှင်းလိုခြင်းအား ပြသနေသည်။ တွေးခေါ်မှုပုံစံမှာ ငြိမ်းချမ်းသော၊ တည်ငြိမ်သော၊ လုံခြုံသော၊ ကြံ့ကြံ့ခံနိုင်သော နိုင်ငံများ ဖန်တီးခြင်းဖြင့် ဒေသသည်လည်း ငြိမ်းချမ်း၊ တည်ငြိမ်၊ လုံခြုံ၊ ကြံ့ကြံ့ခံနိုင်လာမည်ဟု ယူဆခြင်းဖြစ်သည်။ ထိုသို့သောသဘောတရားက အာဆီယံ၏ လမ်းညွှန်မူဝါဒများ ဖြစ်ပြီး အခန်း (၃) နှင့် (၇) တို့တွင် ဆွေးနွေးခဲ့သည့်အတိုင်း ဒေသတွင်းပဋိပက္ခစီမံခန့်ခွဲရေး၏ အခြေခံလည်း ဖြစ်သည်။ ထို့ကြောင့် ပဋိပက္ခစီမံခန့်ခွဲရေးသည် အရှေ့တောင်အာရှအတွင်း ဖြစ်ပေါ်တိုးတက်ပြောင်းလဲနေသည်။

ဒေသဆိုင်ရာ ပဋိပက္ခစီမံခန့်ခွဲရေးချဉ်းကပ်ပုံ ပြောင်းလဲလာခြင်းက အားလုံးသဘောတူညီချက် ရရှိရန်အတွက် အားလုံးသဘောတူညီမှု ရယူသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်ကို ထင်ဟပ်နေသည်။ အဆိုပါ အာဆီယံ

နည်းလမ်းကို ပဋိပက္ခဆိုင်ရာ R သုံးလုံးချဉ်းကပ်ပုံဖြင့် ရှင်းပြနိုင်သည်။ အဖွဲ့များအကြား ဆက်ဆံရေးများအပေါ် ဆိုးရွားသော သက်ရောက်မှုများရှိနိုင်သည့် ဆုံးဖြတ်ချက်များကို ရှောင်ရှားရန်၊ တတ်နိုင်သမျှ တာဝန်ယူရန်နှင့် မိမိကိုယ်ကိုကန့်သတ်ခြင်း အပါအဝင် အခြားသောနိုင်ငံများအပေါ် လေးစားရန်ဖြစ်သည် (Askandar, 1996)။ ထိုသို့သော လေးစားမှုနှင့် စည်းလုံးမှု မရှိပါက ရှောင်ရှားခြင်းနှင့် တာဝန်ယူခြင်းတို့ ဖြစ်လာနိုင်မည်မဟုတ်ပေ။ R သုံးလုံး ချဉ်းကပ်ပုံက နိုင်ငံတကာသံတမန်ရေးတွင် အခြေခံဖြစ်သော်လည်း ထိုသို့သောမူဝါဒများကို အာဆီယံအဖွဲ့ဝင်များက နိုင်ငံများအကြားဆက်ဆံရေးအတွက် အခြေခံနှင့် ၎င်းတို့၏ ပဋိပက္ခစီမံခန့်ခွဲရေး ချဉ်းကပ်ပုံ၏ အုတ်မြစ်အဖြစ် အဓိကထားတင်ပြထားသည်။

တစ်ချိန်တည်းမှာပင် နောက်ခံအခြေအနေကလည်း ပြောင်းလဲလာခဲ့သည်။ ၁၉၇၀ နှင့် ၁၉၈၀ ပြည့်လွန်နှစ်များတွင် ဒေသ၏ အင်ဒိုချိုင်းနားအပိုင်းတွင် ဖြစ်ပေါ်ပြောင်းလဲမှုများက ပဋိပက္ခစီမံခန့်ခွဲရာတွင် အာဆီယံနည်းလမ်းကို အင်စတီကျူးရှင်းအခြေခိုင်မာစေပြီး အဖွဲ့ဝင်များအကြား သဘောတူလက်ခံလာစေခဲ့သည်။ ယင်းကို ထိုစဉ်မှစ၍ မိတ်ဆက်ခဲ့သည့် သဘောတူစာချုပ်အမျိုးမျိုးတွင် တွေ့နိုင်သည်။ ၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်း စစ်အေးကာလအဆုံးတွင် အခြေအနေက တဖန်ပြောင်းလဲလာခဲ့ပြန်သည်။ ကမ္ဘာ့အစီအမံအသစ်က ဒေသအခြေပြုခြင်းနှင့် ကိုက်ညီခဲ့ပြီး ဒေသဆိုင်ရာပဋိပက္ခများကို စီမံခန့်ခွဲရာတွင် ဒေသဆိုင်ရာဇာတ်ကောင်များ၏ အခန်းကဏ္ဍက ကြီးမားလာခဲ့သည်။ သို့ရာတွင် အခြေအနေအပြောင်းအလဲက အကြမ်းဖက်မှုနှင့် အစွန်းရောက်အကြမ်းဖက်မှုကဲ့သို့သော စိန်ခေါ်မှုအသစ်များလည်း ထွက်ပေါ်လာစေပြီး ပြည်တွင်းနှင့် နိုင်ငံတကာနယ်နိမိတ်များကို ဝေဝါးသွားစေကာ ဒေသအတွက် ခက်ခဲသောစိန်ခေါ်မှုအသစ်များ ယူဆောင်လာခဲ့သည်။ သို့ဖြစ်လေရာ နိုင်ငံများရင်ဆိုင်ရသည့် ခြိမ်းခြောက်မှုများတွင် သမာရိုးကျမဟုတ်သည့် ခြိမ်းခြောက်မှုများလည်း ပါဝင်လာလေရာ ပဋိပက္ခဆိုင်ရာချဉ်းကပ်ပုံများအား ပြန်လည်ပြင်ဆင်ရန်မှာ လွန်စွာအရေးပါလာသည်။ ဒေသတွင်းမှ ပြည်သူများအတွက် ဤသည်မှာ အသစ်အဆန်းမဟုတ်ပေ။ ယေဘုယျ မဖြည့်ဆည်းပေးနိုင်သော လိုအပ်ချက်များအပြင် နိုင်ငံတည်ဆောက်ရေးဖြစ်စဉ်ကို ကူညီထောက်ပံ့ခြင်းက လိုအပ်သည့်ကိစ္စရပ်ဟု ရှုမြင်ကြသော်လည်း နိုင်ငံတည်ဆောက်ရေးဖြစ်စဉ်က ကာလရှည်ကြာတည်ရှိခဲ့သော (သို့) ကိုလိုနီကာလမှ အမွေဆက်ခံခဲ့သော ကိစ္စရပ်များနှင့် ပဋိပက္ခဖြစ်နေသည့်အပေါ် ပြည်သူများက မကျေမနပ်ဖြစ်နေကြသည်။

ငြိမ်းချမ်းရေးနှင့် ပဋိပက္ခစီမံခန့်ခွဲရေးအတွက် အထက်မှစတင်သည့် ချဉ်းကပ်ပုံကို ဒေသတွင်းမှ အမျိုးမျိုးသော အစိုးရမဟုတ်သည့် (လက်နက်ကိုင်နှင့် လက်နက်မကိုင်သော) ဇာတ်ကောင်များနှင့် သက်ရောက်မှုခံရသော ပြည်သူများက စိန်ခေါ်လာကြသည်။ အထူးသဖြင့် သမိုင်းကြောင်းအရ မကျေနပ်မှုရှိသူများနှင့် ခေတ်ပေါ် လိုအပ်ချက်များရှိသူများက စိန်ခေါ်လာကြသည်။ ဤသည်က ပြည်တွင်းပြဿနာများ ပို၍ထွက်ပေါ်လာစေသည်။ ယင်းအချက်များအားလုံးကြောင့် ထိုသို့သောပဋိပက္ခများကို ဖြေရှင်းရန် မဟာဗျူဟာများနှင့် ယန္တရားများ ကျယ်ပြန့်လာလေရာ ချဉ်းကပ်ပုံ၏ အဓိကအာရုံစိုက်မှုလည်း ပြောင်းလဲလာသည်။ ထို့ကြောင့် ပို၍ကျယ်ပြန့်သော ပဋိပက္ခအသွင်ပြောင်းလဲရေး မဟာဗျူဟာများနှင့် ချဉ်းကပ်ပုံများက ပို၍ထင်ရှားလာပြီး ကျယ်ကျယ်ပြန့်ပြန့် လက်ခံလာကြသည်။ အကျိုးဆက်အနေဖြင့် ယခုအခါ ငြိမ်းချမ်းရေးတည်ဆောက်ရေး ကြိုးပမ်းမှုများတွင် ဇာတ်ကောင်များ၊ နောက်ခံအခြေအနေ၊ တစ်သီးပုဂ္ဂလနှင့် အုပ်စုနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ပြောင်းလဲခြင်းနှင့် အင်စတီကျူးရှင်းအသစ်များဖန်တီးရန် ဖြစ်စဉ်များ၊ ဆက်ဆံရေးများကို

အားကောင်းအောင် လုပ်ဆောင်ခြင်း၊ ရေရှည် တည်ဆောက်ခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးအတွက် ပလက်ဖောင်းအသစ်များ တည်ဆောက်ခြင်းတို့ပါ ပါဝင်လာသည်။ အမျိုးမျိုးသောလမ်းကြောင်းများမှ အခြားသောဇာတ်ကောင်များသည်လည်း ပို၍တက်ကြွစွာ ပါဝင်လာကြသည်။ သို့ရာတွင် ဤသည်က ဒေသတွင်း ငြိမ်းချမ်းရေးအတွက် ကသိကအောင့်ဖြစ်သော ဒွိဟတစ်ခုဖြစ်သည်။ နိုင်ငံများကိစ္စရပ်များကို ဖြေရှင်းရန်နှင့် ကိုင်တွယ်ရန် မဟာဗျူဟာများသည် ပြည်တွင်းပဋိပက္ခများကို ကိုင်တွယ်သည့် ဖြစ်စဉ်များနှင့် မကိုက်ညီဘဲ ရှိနေနိုင်သည်။ ဤသည်က အာဆီယံသည် အဖွဲ့ဝင်နိုင်ငံများ၏ အကျိုးစီးပွားများကိုသာ ကာကွယ်ပြီး ဒေသတွင်း ပြည်သူများကို ကာကွယ်မှုမပေးသည့် အီလစ်အဖွဲ့အစည်းတစ်ခုဖြစ်သည်ဟု အာဆီယံအပေါ်ဝေဖန်မှုများ ထွက်ပေါ်လာစေသည်။ အဆိုပါ နောက်ခံအခြေအနေတွင် ယခုစာအုပ်က ပဋိပက္ခများကိုကိုင်တွယ်သည့် ကိစ္စရပ်အား ချဉ်းကပ်ထားသည်။ ပဋိပက္ခကိစ္စရပ်များကို ကိုင်တွယ်ရန် ချဉ်းကပ်ပုံအမျိုးမျိုးအပြား ရှိသော်လည်း အထူးသဖြင့် ဒေသတွင်း၌ ပြည်တွင်းပဋိပက္ခများကို ကိုင်တွယ်ရာတွင် အဓိကမဟာဗျူဟာမှာ အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေးသို့ တဖြည်းဖြည်းပြောင်းလဲရန် ဖြစ်သည်။

## ၈.၄ ပဋိပက္ခအသွင်ပြောင်းလဲခြင်းနှင့် အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေး တည်ဆောက်ခြင်း

ယခုစာအုပ်က ပဋိပက္ခအသွင်ပြောင်းလဲရေး သဘောထားကို ထောက်ခံထားသည်။ ယနေ့ခေတ်ပဋိပက္ခများသည် ပြဿနာများနှင့် ပဋိပက္ခဖြစ်နေသောအဖွဲ့များ၏ အပြုအမူများကို စီမံခန့်ခွဲခြင်းထက် ပိုမိုလိုအပ်သည်။ သို့မဟုတ် နှစ်ဦးနှစ်ဖက်ညှိနှိုင်းသော ကျေအေးမှုတစ်ခုရရှိရန်အတွက် ရပ်တည်ချက်များ ပြောင်းလဲခြင်းထက် ပို၍ လိုအပ်သည်။ ထိုအစား ပဋိပက္ခအဖြေရှာရေးမှတစ်ဆင့် နှစ်ဖက်လုံးအနိုင်ရရှိမည့် အဖြေတစ်ခုရှာဖွေနိုင်ရန် ပြဿနာ၏ အရင်းအမြစ်အကြောင်းရင်းခံများကို နက်နက်ရှိုင်းရှိုင်းတူးဖော်ရန် လိုအပ်သည်။ ပဋိပက္ခများက ပဋိပက္ခဖြစ်ပွားရာဒေသကို ကျော်လွန်သည့် ဆက်ဆံရေးပုံစံ တည်ဆောက်မှုတွင်လည်း အခြေခံနေလေရာ ပဋိပက္ခအသွင်ပြောင်းလဲရေးက အကြမ်းဖက်သည့်အပြုအမူများ ဆက်လက်ဖြစ်ပွားခြင်းကို ထောက်ပံ့သော ဆက်ဆံရေးများ၊ အကျိုးစီးပွားများ၊ ပြောဆိုရေးသားမှုများနှင့် တည်ဆောက်ပုံများကို ထည့်သွင်းစဉ်းစားပြီး အသွင်ပြောင်းလဲသည့် ဖြစ်စဉ်တစ်ရပ်ဖြစ်သည်။ အဆိုပါရှုထောင့်အရ ပဋိပက္ခများသည် အသွင်ပြောင်းလဲရေး ဖြစ်စဉ်အတွက် စမှတ်တစ်ခုဖြစ်လာနိုင်လေရာ ၎င်းတို့မှာ အပြုသဘောဆောင်ပြီး အပြောင်းအလဲအတွက် လှုံ့ဆော်ပေးသည့် အရာဟုပင် ထင်မြင်ယူဆနိုင်သည်။

အခန်း (၁)၊ (၄) နှင့် (၅) တို့တွင် ဖော်ပြခဲ့သည့်အတိုင်း ပဋိပက္ခအသွင်ပြောင်းလဲရေးသည် အကြမ်းဖက်သော ဖွဲ့စည်းလည်ပတ်ပုံ၊ အဖွဲ့များအကြားဆက်ဆံရေးများ၊ ပါဝင်သူများ၏ သဘောထားများနှင့် အမြင်များကို ပြောင်းလဲရန် လုပ်ဆောင်သည့် ရေရှည်ဖြစ်စဉ်တစ်ခုဖြစ်သည်။ ထို့ကြောင့် ပဋိပက္ခအသွင်ပြောင်းလဲရေးက ရေရှည် ငြိမ်းချမ်းရေးတည်ဆောက်ရေးဖြစ်စဉ်တွင် ကဏ္ဍအားလုံးမှ ပါဝင်ဆောင်ရွက်မှု လိုအပ်သည်။ နောက်ဆုံး အနေဖြင့် ပဋိပက္ခဖြစ်ပွားရာအရပ်/ဒေသပြင်ပမှ ဇာတ်ကောင်များသည်ပင် ပဋိပက္ခကိုဖြေရှင်းရန် လုပ်ဆောင် ပေးနိုင်ပြီး အကျိုးပြုသောအခန်းကဏ္ဍမှ ပါဝင်နိုင်သည့်တိုင် အဆိုပါချဉ်းကပ်ပုံက တာဝန်များနှင့် ကြိုးပမ်းမှု

အများစုသည် *ပဋိပက္ခပေါက်ဖွားရာမြေမှ၊* အတွင်းမှ လာရမည်ဟု ဆိုထားသည်။ ဖြစ်စဉ်ကို မောင်းနှင်ရာနှင့် ရေရှည်တည်တံ့အောင် လုပ်ဆောင်ရာတွင် ထိုပုဂ္ဂိုလ်များက မောင်းနှင်သူအဖြစ် ရှိရမည်ဖြစ်သည်။

ပဋိပက္ခကိုချဉ်းကပ်သည့် ရှုထောင့်အပေါ်မူတည်၍ အရှေ့တောင်အာရှတွင် အမျိုးမျိုးသော ပြောဆိုရေးသားမှုများ ပေါ်ထွက်လာသည်။ ထိုသို့သော ပြောဆိုရေးသားမှုများက နောက်ခံအခြေအနေ၊ ဇာတ်ကောင်များ၊ ပဋိပက္ခအမျိုးအစားများနှင့် အတိုင်းအတာကဲ့သို့ အခြားသော ကိန်းရှင်များအပေါ်လည်း မူတည်နေသည်။ ပဋိပက္ခအသွင်ပြောင်းလဲရေး ချဉ်းကပ်ပုံဆိုင်ရာ ပြောဆိုရေးသားမှုများကို ယခုစာအုပ်တွင် ရွေးချယ်ရခြင်းမှာ ယင်းချဉ်းကပ်ပုံ၏ ကျယ်ပြန့်ပြည့်စုံမှုနှင့် ဒေသတွင်း ပဋိပက္ခအသွင်ပြောင်းလဲရေးဖြစ်စဉ် အများအပြား၏ ဖြစ်ပွားနေဆဲ သဘောသဘာဝကြောင့် ဖြစ်သည်။ အဆိုပါချဉ်းကပ်ပုံက ငြိမ်းချမ်းရေးတည်ဆောက်ရေးမူဘောင်၏ အသွင်ပြောင်းလဲရေးရှုထောင့်များကို အဓိကအာရုံစိုက်ပြီး ယင်းကို *အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေး*ဟု အမည်တွင်စေသည်။ အဆိုပါချဉ်းကပ်ပုံက ၎င်း၏ ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသည့်ငြိမ်းချမ်းရေး မူဘောင်အစိတ်အပိုင်းအဖြစ် ပဋိပက္ခ၏ အစိတ်အပိုင်းအမျိုးမျိုးကို ပြောင်းလဲပစ်ရန် ကြိုးပမ်းသည်။

အဆိုပါအသုံးအနှုန်းကို ဆိုင်မွန်ဖစ်ရှာနှင့် လာဒါဇီမီနာ (Simon Fisher and Lada Zimina (2009)) တို့ကလည်း ပဋိပက္ခအခြေအနေများကို ကိုင်တွယ်ရန် အခြေခံကျသော နိုင်ငံရေးနှင့် လူမှုရေး အပြောင်းအလဲများပြုလုပ်ရန် ကြိုးပမ်းသည့် ပြင်ပမှ ငြိမ်းချမ်းရေးတည်ဆောက်သူများ၏ အသွင်ပြောင်းလဲရေးလုပ်ငန်းများကို ဖော်ပြရန် အသုံးပြုခဲ့သည်။ ဤသည်မှာ *"နက်ရှိုင်းသော နောက်ခံအခြေအနေကို ပြောင်းလဲခြင်းမရှိဘဲ ကိစ္စရပ်တစ်ခုတွင် လက်တွေ့ကျသော အပြောင်းအလဲတစ်ခုပြုလုပ်ရန် ရည်ရွယ်သည့် တစ်ဆင့်ချင်းလုပ်ဆောင်သော လုပ်ဆောင်ချက်များ"* ဟု ၎င်းတို့ ဖော်ပြသည့် "နည်းပညာပိုင်းအရ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း" နှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ ဖစ်ရှာနှင့် ဇီမီနာတို့က ရည်ရွယ်ချက်များ၊ မဟာဗျူဟာများ၊ တန်ဖိုးများနှင့် ဖြစ်စဉ်ကို လေ့လာသုံးသပ်ခြင်း ရှုထောင့်များမှ အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေးကို လေ့လာသည်။ ၎င်းတို့၏ အဓိကအာရုံစိုက်မှုမှာ ငြိမ်းချမ်းရေးတည်ဆောက်သည့် ဇာတ်ကောင်များ၊ အထူးသဖြင့် ထိုသို့သော လုပ်ငန်းများအတွက် တာဝန်ပေးခံရပြီး ပါဝင်ဆောင်ရွက်သည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ (အထူးသဖြင့် ပြင်ပဇာတ်ကောင်များ) ဖြစ်သော်လည်း ယခုစာအုပ်က ထိုသို့သော အမြင်များ၊ လုပ်ဆောင်ချက်များနှင့် တာဝန်များသည် ဒေသတွင်း ပဋိပက္ခဖြစ်ပွားရာနေရာများတွင် ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် လုပ်ဆောင်နေကြသူများကိုလည်း ထင်ဟပ်ပြနေသည်ဟု ဆိုနိုင်သည်။ ဒေသတွင်း အတွေ့အကြုံများအရ နိုင်ငံတကာဇာတ်ကောင်များ၏ ပါဝင်ဆောင်ရွက်မှုကို ထည့်သွင်းစဉ်းစားသည့် စနစ်ပိုင်းဆိုင်ရာ နောက်ခံအခြေအနေက အရေးပါသော်လည်း အသွင်းပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေး၏ ဗဟိုချက်မှာ ဒေသတွင်း၊ အထူးသဖြင့် ပဋိပက္ခပေါက်ဖွားရာမြေမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ထိုနေရာသည် ပဋိပက္ခစတင်ရာနေရာဖြစ်သလို အဆုံးသတ်ရာနေရာလည်းဖြစ်သည်။

ပဋိပက္ခနှင့် အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်သည့် ပြည်တွင်း/ဒေသတွင်း ငြိမ်းချမ်းရေးတည်ဆောက်သူများ၊ နိုင်ငံတော်နှင့် နိုင်ငံတော်မဟုတ်သူ ဇာတ်ကောင်များ၏ ရှုထောင့်များမှတစ်ဆင့် ဒေသတွင်း

အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေးကြိုးပမ်းမှု အတွေ့အကြုံများကို အသုံးပြုကာ အထက်ပါ လေ့လာသုံးသပ်ချက်ကို အောက်ပါ ဇယား ၈.၁ တွင် အနှစ်ချုပ်ထားသည်။

### ဇယား ၈.၁။ အရှေ့တောင်အာရှ အတွေ့အကြုံများကို အခြေခံထားသည့် အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေး တည်ဆောက်ခြင်း

| | | |
|---|---|---|
| **ရည်မှန်းချက်များ** | *ခြုံငုံရည်မှန်းချက်* | *ပဋိပက္ခကို အဆုံးသတ်ရန် (ရပ်ဆိုင်းခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေး ရရှိရန်) နှင့် ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေး ရရှိရန် အချက်တစ်ခုအနေဖြင့် တည်ဆောက်ပုံများ (ဆက်ဆံရေးများ၊ အင်စတီကျူးရှင်းများနှင့် ယဉ်ကျေးမှု) ကို ပြောင်းလဲပစ်ရန်။ ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသည့် ငြိမ်းချမ်းရေးကို ပြည်တွင်း/ဒေသတွင်း ပုံစံ/အကြောင်းအရာများနှင့် ရရှိစေရန်။* |
| | *အစီအစဉ်* | *ဖြစ်စဉ်၏ ခြုံငုံရည်မှန်းချက်ကို အောင်မြင်ရန် ချမှတ်ထားသည်။ အစိုးရများ၊ CSO များ၏ ခေါင်းဆောင်များနှင့် အခြား NSG များအပါအဝင် အဓိကဇာတ်ကောင်များ၏ မျှော်မှန်းချက်နှင့် လမ်းညွှန်မှုများ၊ ထိခိုက်ခံစားရသည့် အသိုင်းအဝိုင်းများ ပါဝင်ပြီး ချမှတ်ထားသည့် အစီအစဉ်။* |
| | *ရည်မှန်းချက်များ* | *အမျိုးသားရည်မှန်းချက်များ အောင်မြင်ရန်၊ NSG ၏ ရည်မှန်းချက်များ အောင်မြင်ရန်၊ ထိခိုက်ခံစားရသည့် အသိုင်းအဝိုင်းများအတွက် လူသားလုံခြုံရေး ရည်မှန်းချက်များ အောင်မြင်ရန်။* |
| | *ဦးစားပေးမှု* | *အဓိကဇာတ်ကောင်များအကြား အကြမ်းဖက်မှုလျှော့ချရန်နှင့် ဆက်ဆံရေး တည်ဆောက်ပုံအား အသွင်ပြောင်းလဲရန်၊ ငြိမ်းချမ်းရေး၊ ကြွယ်ဝချမ်းသာရေးနှင့် လုံခြုံရေးတို့ကို မြှင့်တင်ပေးဖို့ နောက်ခံအခြေအနေ၊ ကိစ္စရပ်များ၊ ဇာတ်ကောင်များနှင့် အုပ်စုများကို အသွင်ပြောင်းလဲရန်။* |
| **မဟာဗျူဟာ** | *အဓိက အာရုံစိုက်မှု* | *ကျယ်ပြန့်သော အပြောင်းအလဲအတွက် အစိတ်အပိုင်းများကို လုပ်ဆောင်ချက်တစ်ခု၊ ဥပမာ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ထည့်သွင်းခြင်း။ အသွင်ပြောင်းလဲခြင်းကို ငြိမ်းချမ်းရေး၏ ရေရှည်အစီအစဉ်များတွင် ထည့်သွင်းခြင်း၊ အသွင်ပြောင်းလဲခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ငြိမ်းချမ်းရေးအရ ကြားဝင်ညှိနှိုင်းပေးရေး ဖြစ်စဉ်များနှင့် ဆက်စပ်ခြင်း၊ ဆက်ဆံရေးတည်ဆောက်ပုံများကို အသွင် ပြောင်းလဲခြင်း၊ ဖြစ်စဉ်အတွက် ကောင်းမွန်သည့် အရှိန်အဟုန်ရှိအောင် လုပ်ပေးခြင်း။* |
| | *အကဲဖြတ် သုံးသပ်ခြင်း* | *ထိရောက်ခြင်းနှင့် ပို၍ကြီးမားသော သက်ရောက်မှု။ မတူညီသောကာလနှင့် အဆင့်များတွင် တိုးတက်မှုကို ပုံမှန်ဆန်းစစ်ခြင်း။* |
| | *သင်ယူခြင်း* | *အရှုံးကို စမှတ်အဖြစ်ယူခြင်း၊ ပြန်လည်ထင်ဟပ်ခြင်းနှင့် လုပ်ဆောင်ချက်များမှ တစ်ဆင့် သင်ယူခြင်းတို့အား ထည့်သွင်းခြင်း။ တီထွင်မှုအသစ်များနှင့် အလေ့အကျင့် အသစ်များ ဖော်ထုတ်ခြင်း၊ ဖြစ်စဉ်ကိုတိုးတက်စေရန်အတွက် အတားအဆီးများနှင့် စိန်ခေါ်မှုများကို ကောင်းမွန်စွာ တုံ့ပြန်ခြင်း။* |
| | *ကိစ္စရပ်များ* | *အငြင်းပွားနေသည့် အကြောင်းအရာများကို ချဲ့ထွင်စဉ်းစားခြင်း၊ ပြောင်းလဲပစ်ခြင်းနှင့် ကျော်လွန်စဉ်းစားခြင်း။ ဘုံစိုးရိမ်ပူပန်စရာများကို ရှာဖွေခြင်း၊ အကျိုးစီးပွားများအပေါ် တန်ဖိုးထားမှုများကို ပြောင်းလဲပစ်ခြင်း၊ အလျှော့ပေးဆွေးနွေးနိုင်ခြင်း မရှိသည့် အရာများကို ဆွေးနွေးနိုင်သည့်အရာများအဖြစ် ပြောင်းလဲပစ်ရန်နည်းလမ်းများ ရှာဖွေခြင်း။* |
| | *အပြောင်းအလဲ သီအိုရီ* | *အကဲဖြတ်သုံးသပ်ခြင်းနှင့် စနစ်များတွေးခေါ် ခြင်းတို့နှင့် ဆက်စပ်ပြီး ဖော်ထုတ်ခြင်း။ ထောက်ခံသူများ၊ ပတ်သက်ဆက်နွယ်သူများနှင့် ဆွေးနွေးတိုင်ပင်ပြီး မိတ်ဖက်များ၏* |

| | | |
|---|---|---|
| | | *ပံ့ပိုးမှုဖြင့် လုပ်ဆောင်ခြင်း၊ အကဲဖြတ်သုံးသပ်ခြင်းနှင့် သင်ယူခြင်းတို့ကို အဓိကထား၍ ပုံမှန်ပြန်လည်သုံးသပ်ခြင်း။* |
| | *အကျယ်* | *အဆင့်စုံ၊ ပြည်တွင်း-နိုင်ငံတကာ၊ ကဏ္ဍစုံနှင့် မိတ်ဖက်ပြုခြင်း၊ ပါဝင်ကူညီပေးမည့်သူများကို ရှာဖွေဖော်ထုတ်ခြင်း၊ အတွင်းလူများအား အာရုံစိုက်ခြင်း၊ အခြေအနေကို လိုက်၍ တုံ့ပြန်သည့် ချဉ်းကပ်ပုံနှင့် လိုက်လျောညီထွေ ရှိသည်များကို ရောစပ် အသုံးပြုသည့် ချဉ်းကပ်ပုံတို့၏ အခြေခံများကို သတ်မှတ်ခြင်း။* |
| | *အချိန်ကာလ* | *ရေတို၊ ရေလတ်နှင့် ရေရှည် စိုးရိမ်ပူပန်မှုများနှင့် အဓိကထားရမည့် အချက်များကို ပေါင်းစပ်ခြင်း၊ ၎င်းတို့အား လုပ်ဆောင်ရမည့် ကိစ္စရပ်အကျယ်နှင့် ဆက်စပ်ခြင်း။* |
| **တန်ဖိုးများ** | *တာဝန်ယူ၊ တာဝန်ခံခြင်း* | *ရှာဖွေဖော်ထုတ်ထားသည့် မိတ်ဖက်များ/လူထု၊ ထောက်ခံအားပေးသူများနှင့် ပတ်သက်ဆက်နွှယ်သူများအားလုံးအပေါ် တာဝန်ယူ၊ တာဝန်ခံခြင်း။* |
| | *မည်သူ၏ ငြိမ်းချမ်းရေးလဲ။* | *အားလုံးအတွက်ဖြစ်သည်။ အဖွဲ့များအားလုံးနှင့် အသိုင်းအဝိုင်းများအားလုံးအတွက် သင့်လျော်သော မျှခြေတစ်ခုနှင့် လက်အခံနိုင်ဆုံး အခြေအနေတစ်ရပ်ကို ရှာဖွေရန် လိုအပ်သည်။ လူထုအသိုင်းအဝိုင်းများသည့် ဒေသအဆင့်မှ ရပ်ရွာအဆင့်အထိ အဆင့်အမျိုးမျိုးတွင် ရှိနိုင်သည်။ လမ်းကြောင်းအမျိုးမျိုးမှ လုပ်ဆောင်ချက်များအဖြစ် ပြောင်းလဲပစ်နိုင်သည်။* |
| | *ကိုယ်ပိုင်ပုံရိပ်* | *ငြိမ်းချမ်းရေးဖန်တီးသူများ၊ ငြိမ်းချမ်းရေးတည်ဆောက်သူများ၊ အပြောင်းအလဲ လုပ်ဆောင်သူများ၊ အပြောင်းအလဲနှင့် အသွင်ပြောင်းလဲမှု၏ ကိုယ်စားလှယ်များ။* |
| **အကဲဖြတ်သုံးသပ်ခြင်း** | *နောက်ခံအခြေအနေ* | *ဖြစ်ပွားနေသည့် အခြေအနေကို လေ့လာသုံးသပ်ပြီး အနာဂတ်ဖြစ်လာနိုင်သည့် အခြေအနေများကို အစီအစဉ်ရေးဆွဲခြင်း၊ ထိုလုပ်ဆောင်ချက်များအားလုံးကို ပြည်သူနှင့် ဆွေးနွေးတိုင်ပင်ကာ လုပ်ဆောင်ခြင်း။ အဆင့်များအားလုံးတွင် နောက်ခံအခြေအနေကို ပုံမှန်ပြန်လည်သုံးသပ်ခြင်း။* |
| | *ဇာတ်ကောင်များ* | *သင့်လျော်သော ဇာတ်ကောင်များကို ရှာဖွေဖော်ထုတ်ခြင်း။ ၎င်းတို့အကြား ကောင်းမွန်သော လုပ်ငန်းဆက်ဆံရေးရှိအောင် လုပ်ဆောင်ပေးခြင်း။ ပါဝင်ခြင်းကို ရည်မှန်းချက်တစ်ခုအဖြစ်ထားရှိပြီး ကိုယ်စားပြုမှုရှိအောင် လုပ်ဆောင်ပေးခြင်း။ အဓိကဇာတ်ကောင်များအား သဘောထားအမြင်များ၊ ရည်မှန်းချက်များ၊ နှလုံးသားများ၊ စိတ်ဆန္ဒများနှင့် အားလုံးပါဝင်သော ကိုယ်ပိုင်သရုပ်လက္ခဏာများ ထွက်ပေါ်လာစေရန် အသွင်ပြောင်းလဲပေးခြင်း။* |
| | *အကြမ်းဖက်မှုအပေါ် အမြင်* | *လူမျိုး၊ ဂျန်ဒါနှင့် အဆင့်အတန်းတို့အပေါ် အခြေခံသည့် ကိုယ်ပိုင်သရုပ်လက္ခဏာသည် အကြမ်းဖက်မှုအတွက် အဓိကကျသော အစိတ်အပိုင်းများ ဖြစ်သည်ကို နားလည်ခြင်း။ ဇာတ်ကောင်များနှင့် ထိခိုက်ခံရသည့်အုပ်စုများက မျှော်လင့်ချက်မဲ့လာပြီး အခြား ရွေးချယ်စရာမရှိတော့ဟု ရှုမြင်လာသည့်အခါ အကြမ်းဖက်မှုဖြစ်ပေါ်လာသည်။ အခြား ရွေးချယ်စရာများ၊ အခြားဖြစ်နိုင်ခြေများ လိုအပ်သည်။ စွမ်းအင်ကို အပြုသဘောဆောင်သော ရလဒ်များအဖြစ် ပြောင်းလဲရန် လိုအပ်သည်။ အကြမ်းမဖက်သော ချဉ်းကပ်ပုံများကို တက်တက်ကြွကြွ မြှင့်တင်ပေးရန် လိုအပ်သည်။* |
| | *ပဋိပက္ခအပေါ် အမြင်* | *ရှောင်လွှဲ၍မရသော ဖွံ့ဖြိုးတိုးတက်မှုနှင့် အပြောင်းအလဲအတွက် အခွင့်အလမ်းတစ်ခု ဖြစ်သည်။ လုပ်ဆောင်ချက်များ၊ ရွေးချယ်စရာများနှင့် လုပ်ဆောင်ချက်များ၏ သက်ရောက်မှုများကို ထိခိုက်မှုနှင့် အကျိုးကျေးဇူးအဖြစ် ခွဲခြမ်းစိတ်ဖြာ လေ့လာရန်။* |

**မူရင်း။** ပြင်ပငြိမ်းချမ်းရေးတည်ဆောက်သူများ၏ ငြိမ်းချမ်းရေးတည်ဆောက်ရေးတွင် အသွင်ပြောင်းလဲရေး ချဉ်းကပ်ပုံများအတွက် ဖစ်ရှာနှင့် ဇီမီနာတို့၏ စံနှုန်းများအား အခြေခံထားသည် (2009)။

အထက်ဖော်ပြပါ ဇယား ၈.၁ တွင် တင်ပြထားသည့်အတိုင်း အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေး တည်ဆောက်ခြင်း၏ ခြုံငုံရည်မှန်းချက်မှာ ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသည့် ငြိမ်းချမ်းရေး ရရှိရန်ဖြစ်သည်။ ထိုချဉ်းကပ်ပုံက ပဋိပက္ခသည် ရှောင်လွှဲ၍မရဘဲ ပြောင်းလဲရန်အခွင့်အလမ်းဟု ယုံကြည်ထားသည်။ ငြိမ်းချမ်းရေးအတွက် အသွင်ပြောင်းလဲရေးဖြစ်စဉ်တွင် အဓိကဇာတ်ကောင်များက ရှင်းလင်းသော အာရုံစိုက်မှုများ၊ အစီအစဉ်များနှင့် အပြောင်းအလဲအတွက် ကိုယ်စားလှယ်များအဖြစ် လုပ်ဆောင်နေကြမည်ဖြစ်သည်။ အခြေအနေကိုလိုက်၍ တုံ့ပြန်သည့် ချဉ်းကပ်ပုံနှင့် လိုက်လျောညီထွေ ရှိသည်များကို ရောစပ်အသုံးပြုသည့် ချဉ်းကပ်ပုံစည်းမျဉ်းများအရ အဆင့်များအားလုံးတွင် သက်ဆိုင်ရာ မဟာဗျူဟာများကို အသုံးချရမည်။ အဆုံးသတ်တွင် အသွင်ပြောင်းလဲခြင်းက ဇာတ်ကောင်များအားလုံး မဖြစ်နိုင်လျှင် ဇာတ်ကောင်အများစုထံမှ ပါဝင်လုပ်ဆောင်ခြင်းကို ခွင့်ပြုရမည်ဖြစ်ပြီး အားလုံးအတွက် အကျိုးရှိရမည် ဖြစ်သည်။ ဖြစ်စဉ်တောက်လျှောက်တွင် ပုံမှန်အကဲဖြတ်သုံးသပ်ခြင်းများ လုပ်ဆောင်ရမည်ဖြစ်ပြီး ယင်းသုံးသပ်မှုများကိုလိုက်၍ ဖြစ်စဉ်တိုးတက်စေရန် လုပ်ဆောင်ရမည်ဖြစ်သည်။ အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေးကို ထိုသို့ဖော်ပြခြင်းက စိတ်ကူးယဉ်ဆန်သော်လည်း ၎င်း၏ ရည်ရွယ်ချက်က ဒေသတွင်း ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး အခြေအနေတွင် လုပ်ဆောင်ရမည့် အရေးပါသောအဆင့်များကို တင်ပြထားသည်။

လာမည့်အပိုင်းတွင် ဒေသတွင်း ငြိမ်းချမ်းရေးကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်များမှ သင်ခန်းစာများကို လေ့လာသွားပါမည်။ ယခုအပိုင်းတွင်ဖော်ပြထားသည့် အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေးဆိုင်ရာ အချက်တချို့ကိုလည်း ပြန်လည်တင်ပြပြီး ဆွေးနွေးသွားပါမည်။

## ၈.၅ ငြိမ်းချမ်းရေးအတွက် အခြေခံသတ်မှတ်ချက်များ၊ ဒေသဆိုင်ရာ ငြိမ်းချမ်းရေးဖြစ်စဉ်များ (အထူးသဖြင့် အာချေး၊ မင်ဒါနော်နှင့် ထိုင်းနိုင်ငံတောင်ပိုင်း အတွေ့အကြုံများ) မှ သင်ခန်းစာများ

ယခုစာအုပ်၏ ဆွေးနွေးမှုအများစုက စစ်ပွဲများမရှိခြင်းသည် ငြိမ်းချမ်းရေးနှင့် မတူညီဟူသည့် သဘောတရား အပေါ်အခြေခံထားသည်။ ဒေသသည် ပြည်တွင်းအဆင့်၌ အုပ်စုများအကြား အကြမ်းဖက်မှုမရှိသော ကာလများ ကို ရှည်လျားစွာဖြတ်သန်းခဲ့ရပြီး နိုင်ငံများအကြား အကြမ်းဖက်မှုမရှိသည့်ကာလများမှာ ပို၍ပင် ကြာရှည်သေး သည်။ သို့ရာတွင် ဤသည်က ငြိမ်းချမ်းရေးရှိသည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ဤသည်က ဒေသတွင်းပဋိပက္ခများ ကို ကောင်းစွာ စီမံခန့်ခွဲထားနိုင်ပြီး အကြမ်းဖက်မှုအထိ အရှိန်မြင့်တက်ခြင်းမရှိဟုသာ ဆိုလိုသည်။ ထို့ကြောင့် ယခုစာအုပ်က ပဋိပက္ခများစီမံခန့်ခွဲခြင်းနှင့် အဆုံးသတ်ခြင်းဖြစ်စဉ်ကိုလည်း လေ့လာဆန်းစစ်ခဲ့သည်။ ပဋိပက္ခကို အဆုံးသတ်သည့် ဖြစ်စဉ်က ပဋိပက္ခစတင်ထွက်ပေါ်လာချိန်မှ စတင်နိုင် (စတင်သင့်) သော်လည်း လက်တွေ့တွင် လုပ်ဆောင်ချက်များကို နောက်ပိုင်းအဆင့်များမှသာ လုပ်ဆောင်လာကြသည်။ ဒေသဆိုင်ရာအတွေ့အကြုံများ အရ ထိုသို့သောကြိုးပမ်းမှုများသည် *အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်း* ခေါင်းစဉ်အောက် တွင် ကျရောက်နိုင်သည်ကို တွေ့ရသည်။ အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေးသည်

ရေရှည်ဖြစ်စဉ်တစ်ခုဖြစ်သော်လည်း ဖြစ်စဉ်တွင်း အာရုံစိုက်မှုအချို့နှင့် လုပ်ဆောင်ချက်ကာလအချို့ကိုသာ လေ့လာခြင်းက အသုံးဝင်နိုင်သည်။ ထိုသို့ အာရုံစိုက်မှုအချို့ထဲမှ တစ်ခုမှာ ယခုစာအုပ်၏ အခန်း (၅) တွင် ဆွေးနွေးခဲ့သည့် ပဋိပက္ခများအဆုံးသတ်ရေးဖြစ်သည်။

အခန်း (၅) က ဒေသတွင်းပဋိပက္ခများ အဆုံးသတ်ရန် ငြိမ်းချမ်းရေး ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်အား မည်သို့ အသုံးပြုသည်ကို လေ့လာထားသည်။ အခန်း (၄) နှင့် (၅) တွင် အာချေး (အင်ဒိုနီးရှား)၊ မင်ဒါနောင် (ဖိလစ်ပိုင်) နှင့် ထိုင်းနိုင်ငံတောင်ပိုင်းတို့အပါအဝင် ပဋိပက္ခအခြေအနေအများအပြားကို ဖော်ပြထားသည်။ ဇာတ်ကောင်များ အားလုံး၊ တတိယအုပ်စုများနှင့် ဖြစ်စဉ်၏အခြားလမ်းကြောင်းများမှပုဂ္ဂိုလ်များ လုပ်ဆောင်သည့် အခန်းကဏ္ဍ များအပါအဝင် ငြိမ်းချမ်းရေး ကြားဝင်ညှိနှိုင်းရေးဖြစ်စဉ်ကို အသေးစိတ်ဆွေးနွေးထားသည်။ မတူညီသော ပံ့ပိုးကူညီသူများ၊ ကြားဝင်ညှိနှိုင်းပေးသူများနှင့် တတိယအုပ်စုများကို မတူညီသောတာဝန်များ ပေးထားပြီး ရလဒ်အမျိုးမျိုး ထွက်ပေါ်စေသည်။ ယင်းတို့အားလုံး စုပေါင်းလိုက်သောအခါ အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် တန်ဖိုးရှိသည့် သင်ခန်းစာအများအပြားကို အဆိုပါ ကြိုးပမ်းမှုများမှ သင်ယူရရှိနိုင်ပြီး ၎င်းတို့အနက်မှအချို့ကို အောက်တွင် အနှစ်ချုပ်ထားသည်။

(၁) ***ငြိမ်းချမ်းစွာဖြေရှင်းရန်နှင့် တွေ့ဆုံဖလှယ်ကြရန် အဖွဲ့များ/လက်နက်ကိုင်များ၏ စိတ်ရင်းနှင့် စိတ်ဆန္ဒ။*** ဤသည်မှာ မည်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အစဦးမဆို အမြဲတစေ အရေးအပါဆုံး အချက်တစ်ချက် ဖြစ်သည်။ စိတ်ရင်းမရှိဘဲ ရှေ့ဆက်ရန် နိုင်ငံရေးစိတ်ဆန္ဒလည်း ရှိလာမည် မဟုတ်ပေ။ ဥပမာ ဖြစ်စဉ်တွင်ပါဝင်ခြင်းက မတူညီသောအစီအစဉ်၏ အစိတ်အပိုင်းတစ်ခု ဖြစ်နေနိုင် သည် (သို့) အဖွဲ့များက ၎င်းတို့ကို ထောက်ခံသူများ (သို့) အခြားသူများ၏ တောင်းဆိုချက်များကို စိတ်ကျေနပ်စေရန် ဟန်ပြလုပ်ဆောင်ခြင်းလည်း ဖြစ်နိုင်သည်။ စိတ်ရင်းရှိခြင်းသည် အကြောင်းအရင်း ပေါင်းများစွာကြောင့် ဖြစ်နိုင်ပြီး ပုံစံအမျိုးမျိုးဖြင့် မြင်ရနိုင်သည်။ အထူးသဖြင့် စိတ်ရင်းရှိခြင်းက မင်ဒါနောင်နှင့် အာချေးဖြစ်ရပ်များကဲ့သို့ ဇာတ်ကောင်နှင့်/သို့မဟုတ် အုပ်စု အသွင်ပြောင်းလဲသည့် ဖြစ်စဉ်မှ ထွက်ပေါ်လာနိုင်သည်။ မိုရိုအစ္စလာမ်မစ် လွတ်မြောက်ရေးတပ်ဦး (MILF) ၏ ဥက္ကဋ္ဌ ဆလာမတ်က ဖိလစ်ပိုင် အစိုးရ (GPH) နှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လာသည်။ နှစ်ပေါင်းများစွာ လက်နက်ကိုင်တော်လှန်ရေးကို ဦးဆောင်ခဲ့ပြီး သူက ဘန်ဆာမိုရို ကိစ္စရပ်ကို နိုင်ငံရေးအရ အဖြေရှာနိုင်သည်ဟု လက်ခံလာသည်။ ထို့ကြောင့် သူက ယင်းကို အောင်မြင်ရန် တစ်ခုတည်းသော နည်းလမ်းမှာ GPH နှင့် တွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်ဟု ယုံကြည်လာခဲ့သည်။ သို့ဖြစ်လေရာ GPH က တရားဝင် တွေ့ဆုံဆွေးနွေးရေးကို အဆိုပြုသည့်အခါ သူက သဘောတူညီခဲ့ပြီး MILF ကို ကမ်းလှမ်းချက်အားလက်ခံရန် ဖျောင်းဖျနိုင်ခဲ့သည်။ အဆိုပါ အသွင်ပြောင်းလဲရေးက ၁၉၉၇ ခုနှစ်တွင် GPH-MILF ငြိမ်းချမ်းရေး ဖြစ်စဉ်တွင် လမ်းကြောင်း ပွင့်လာစေသည်။

အာချေးနှင့် စပ်လျဉ်း၍မူ အင်ဒိုနီးရှားအာဏာပိုင်များက ရက်စက်ကြမ်းကြုတ်စွာ နှစ်ပေါင်းများစွာ ဖိနှိပ်ထားပြီးနောက် အာချေးဒေသ လွတ်မြောက်ရေးလှုပ်ရှားမှု (GAM) အဖွဲ့နှင့် ၂၀၀၀ ပြည့်နှစ်တွင် စတင်ခဲ့သည့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဂက်စ်ဒါ (Gus Dur) ဟု လူသိများသည့် သမ္မတ

အဘ်ဒူရာမန်ဝါဟစ် (Abdurrahman Wahid) က အဓိကကျခဲ့သည်။ ဂက်စ်ဒါက ဖြစ်စဉ်ကို စိတ်ရင်းအမှန်ဖြင့်စတင်ခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံအခြေစိုက် (နောင်တွင် Centre for Humanitarian Dialogue ဟု အမည်ပြောင်းခဲ့သော) ဟန်နရီဒူးနန့်စင်တာ (HDC) ကို ပံ့ပိုးကူညီပေးသူအဖြစ် လုပ်ဆောင်ခွင့်ပြုခဲ့ခြင်းအပါအဝင် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်နေသည့် လက်နက်ကိုင်ပဋိပက္ခ အတွက် အဖြေတစ်ခုရှာဖွေရန် စိတ်အားထက်သန်ခဲ့သည်။ HDC ပံ့ပိုးကူညီခဲ့သောဖြစ်စဉ်က မအောင်မြင်ခဲ့သော်လည်း ယင်းကြိုးပမ်းမှုက နောင်နှစ်အနည်းငယ်အကြာ ၂၀၀၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အကျပ်အတည်းစီမံခန့်ခွဲရေးကြိုးပမ်းမှု (CMI) ဖြင့် အနာဂတ်ငြိမ်းချမ်းရေးဖြစ်စဉ်များ အတွက် ပလက်ဖောင်းတစ်ခုတည်ထောင်ရာတွင် အထောက်အကူပြုခဲ့သည်။

ကံမကောင်းအကြောင်းမလှစွာပင် ထိုင်းနိုင်ငံတောင်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်က ထိုသို့မဟုတ်ပေ။ အဖွဲ့များက ဖြစ်စဉ် တရားဝင်စတင်သည့် ၂၀၁၃ ခုနှစ်မှစ၍ ဖြစ်စဉ်ကို ရှေ့ဆက်နိုင်ရန် ကြိုးပမ်းခဲ့ကြ ရသည်။ ယင်းသို့ဖြစ်ရခြင်းမှာ နှစ်ဘက်လုံးက စိတ်ရင်းအမှန်ဖြင့် ဆွေးနွေးညှိနှိုင်းရန် စိတ်ဆန္ဒမရှိသော ကြောင့် ဖြစ်သည်။

(၂) ***ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုစတင်ရန် ဖြစ်နိုင်ခြေ။*** ဖြစ်စဉ်တစ်ခုစတင်ရန် စိတ်ရင်းနှင့် စိတ်ဆန္ဒရှိခြင်း က ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုတွင် အရေးပါသည့် အထောက်အကူများဖြစ်သည်။ သို့ရာတွင် အခြားသောအချက်များ၌ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဇာတ်ကောင်များနှင့် အုပ်စုများ အသွင်ကူးပြောင်းခြင်း၊ ပြဿနာများ၊ နောက်ခံအခြေအနေများနှင့် ဆက်ဆံရေးတည်ဆောက်ပုံများ အသွင်ပြောင်းလဲရေးတို့ ပါဝင်သည်။ အခန်း (၅) တွင် ဖော်ပြထားသည့် အခြားအချက်တစ်ချက်မှာ အခြေအနေက အဖြေရှာရန် "ရင့်မှည့်" နေပြီလား ဟူသည့်အချက် ဖြစ်သည်။ ယင်းအချက်မှာ အငြင်းပွားဖွယ်ရာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းက ကာလရှည်ကြာ ပဋိပက္ခအခြေအနေ များနှင့် မြေပြင်တွင် နှစ်ပေါင်းများစွာတိုက်ခိုက်ပြီး ထိခိုက်ခံစားရသော အသာမရသည့် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေတစ်ရပ်ကို ညွှန်ပြနေသည်။ သို့ရာတွင် ဤသည်က အဖွဲ့များကို ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လာအောင် ဆွဲဆောင်နိုင်ရန်ထိခိုက်မှုနှင့် အကျိုးကျေးဇူးများအား အာရုံစိုက်ထားသည့် အသုံးဝင်သော ဆွေးနွေးရန်အချက်တစ်ချက်ကို တင်ပြထားသည်။

CMI ထောက်ပံ့ကူညီခဲ့သော အာချေးဖြစ်စဉ်က ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၅ ခုနှစ်အကြား ဖြစ်ပွားခဲ့သော ဇာတ်ကောင်များ၊ နောက်ခံအခြေအနေများနှင့် ကိစ္စရပ်အပြောင်းအလဲများကြောင့် အကျိုးရှိခဲ့သည်။ အလားတူပင် ၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ ဆူနာမီက ကိစ္စရပ်များ ရှေ့တိုးလာစေရန် တွန်းအား ပေးနိုင်ခဲ့သည်။ ယင်းက အခြေအနေ၏နောက်ခံကိုလည်း အသွင်ပြောင်းလဲနိုင်ခဲ့သည်။ သို့ရာတွင် ဤသည်က ပလက်ဖောင်းတစ်ခု လိုအပ်သည်။ ယင်းပလက်ဖောင်းကို ဆူနာမီမတိုင်မီ နှစ်ဖက်အဖွဲ့များ အကြား နောက်ကွယ်မှတွေ့ဆုံမှုများနှင့် အလွတ်သဘောဆွေးနွေးမှုများမှတစ်ဆင့် ဖန်တီးခဲ့သည်။

ဆန့်ကျင်ဘက်အနေဖြင့် ထိုင်းနိုင်ငံတောင်ပိုင်း အခြေအနေက ၂၀၀၄ ခုနှစ် အစောပိုင်းမှစ၍ အရှိန်ပြင်းလာခဲ့သည်။ ဤသည်က တော်လှန်ရေးအုပ်စုများက အခြေအနေ ရင့်မှည့်လာစေရန် အရှိန်မြှင့်ခြင်းဖြစ်ပြီး နိုင်ငံတော်မဟုတ်သည့် ဇာတ်ကောင်များအားလုံးကို ဆွေးနွေးညှိနှိုင်းရေး စားပွဲဝိုင်း၌ နေရာတစ်ခုပေးကာ တရားဝင်အဖွဲ့များအဖြစ် ရှုမြင်မည့် တရားဝင် ဆွေးနွေးညှိနှိုင်းရေးသို့ တွန်းအားပေးနိုင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်ဟု ရှုမြင်ကြသည်။ တစ်ချိန်တည်းမှာပင် တောင်ပိုင်းမှ လှုပ်ရှားမှုများနှင့် စပ်လျဉ်းပြီး ထိုင်းအစိုးရက စစ်ရေးလုပ်ဆောင်ချက်များ လုပ်ဆောင်ခြင်းနှင့် တွေ့ဆုံဆွေးနွေးရေးဖြစ်စဉ် စတင်ခြင်းတို့အကြား အားနည်းချက်နှင့် အားသာချက်များကို ယှဉ်ထိုး စဉ်းစားနေခဲ့သည်။ ယင်းအချက်များအားလုံးက ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခု စတင်နိုင်ခြေသည် ဆိုးရွားသည့် အခြေအနေမှ ထွက်ပေါက်ရှာခြင်းဖြစ်ကြောင်းကို ပြသနေသည်။

(၃) ***နိုင်ငံတော်အဆင့်ဖြစ်စဉ်။*** ဒေသတွင်းအတွေ့အကြုံများအရ ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသည့် ငြိမ်းချမ်းရေးအတွက် လမ်းကြောင်းများအားလုံးနှင့် ဇာတ်ကောင် များအားလုံး၏ အခန်းကဏ္ဍက အရေးပါသည်။ သို့ရာတွင် ငြိမ်းချမ်းရေးဖန်တီးရေး ဖြစ်စဉ်တွင် အဓိက ပဋိပက္ခဖြစ်နေသော/လက်နက်ကိုင် ဇာတ်ကောင်များအားလုံး ပါဝင်ခြင်းက အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့က ပဋိပက္ခဖြစ်စဉ်များအတွက် ကျေအေးရန်နှင့် အဖြေရှာရန် လမ်းကြောင်းကို ဦးဆောင်နိုင်သောကြောင့် ဖြစ်သည်။ အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေး တည်ဆောက်ရေးဖြစ်စဉ်တွင် ပလက်ဖောင်းတစ်ခု ပြင်ဆင်ရန်နှင့် ခိုင်မာစေရန် ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းနှင့် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ အပါအဝင် လမ်းကြောင်း (၂) နှင့် (၃) ၏ ပါဝင်မှုက အရေးပါသည်။ အတူတကွလုပ်ဆောင်ခြင်းဖြင့် ၎င်းတို့က လမ်းကြောင်း (၁) ဇာတ်ကောင်များ၏ လုပ်ဆောင်ချက်များကို အကျိုးပြုနိုင်သည်။ ငြိမ်းချမ်းရေးဖြစ်စဉ် အရှိန်နှေးကွေး နေချိန် (သို့) ရပ်တန့်နေချိန်များတွင် အခြားသော လမ်းကြောင်းများက အရှိန်မပျက်အောင် ဆက်လက် ထိန်းသိမ်းပေးထားနိုင်သည်။ သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးချိန်မှစ၍ သဘောတူညီချက်ပါ အချက်များကို သိရှိနားလည်လာစေရန်၊ အင်စတီကျူးရှင်း အခြေကျလာစေရန်နှင့် အကောင်အထည် ဖော်ရန် အဖွဲ့များက ၎င်းတို့ကို ထောက်ခံသူများနှင့် အခြားသော ပြည်တွင်းဇာတ်ကောင်များအကြား ထောက်ခံမှုများ စုစည်းကြသည်။ လမ်းကြောင်းများအားလုံးမှ ဇာတ်ကောင်များအားလုံးသည် ပဋိပက္ခအသွင်ပြောင်းလဲရာနှင့် ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသောငြိမ်းချမ်းရေး တည်ဆောက်ရာတွင် အတူတကွ အခန်းကဏ္ဍတစ်ခုမှ ပါဝင်နိုင်ကြသည်။ သို့ရာတွင် နိုင်ငံရေးအီလစ်များက ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များအတွက် ထောက်ခံမှုကိုချဲ့ထွင်ရန် နည်းလမ်းများ ရှာဖွေရမည်ဖြစ်သည်။ အားလုံးက တူညီသော နားလည်သဘောပေါက်မှုရှိမှသာ ဖြစ်စဉ်က အလုပ်ဖြစ်မည်ဖြစ်သည်။

(၄) ***ငြိမ်းချမ်းရေးဖြစ်စဉ်သည် အားလုံးပါဝင်သင့်သည်။*** ငြိမ်းချမ်းရေးဖြစ်စဉ်တွင် စစ်သွေးကြွအုပ်စုများ အပါအဝင် လိုအပ်သည့် ဇာတ်ကောင်များအားလုံး ပါဝင်သင့်သည်။ ဤသည်မှာ ရိုးရှင်းသော အချက်ဖြစ်သော်လည်း တစ်ခါတရံ အစိုးရများအတွက် ပုန်ကန်သူများကို တွေ့ဆုံဆွေးနွေးရေး

စားပွဲဝိုင်းတွင် လက်ခံရန်၊ ဖိတ်ခေါ်ရန် (သို့) စားပွဲတစ်ဝိုင်းတည်းထိုင်ရန်ပင် ခက်ခဲတတ်သည်။ များသောအားဖြင့် ဤသည်မှာ အစိုးရများက တရားမဝင်ဖြစ်သည်၊ အစိုးရကိုထိခိုက်စေသည်၊ နိုင်ငံ့လုံခြုံရေးခြိမ်းခြောက်သည်ဟု မှတ်ယူထားကြသော အဆိုပါအုပ်စုများကို တရားဝင်မှုပေးရန် တုံ့ဆိုင်းခြင်းကြောင့် ဖြစ်သည်။ နိုင်ငံအများစုက ပုန်ကန်ခြင်းနှင့် လက်နက်ကိုင်တိုက်ပွဲဝင်ခြင်းများကို လုံခြုံရေးကိစ္စရပ်များအဖြစ် ရှုမြင်လေရာ ၎င်းတို့က အဆိုပါအုပ်စုများကို စစ်အုပ်ချုပ်ရေး ကြေညာခြင်း၊ စစ်တပ်များနှင့် လုံခြုံရေးအုပ်စုများ စေလွှတ်ခြင်း၊ ပြည်သူများရင်ဆိုင်နေရသည့် စီးပွားရေး ပြဿနာများနှင့် အခြားပြဿနာများကို ဖြေရှင်းနိုင်ရန် နည်းလမ်းတစ်ခုအနေဖြင့် ရန်ပုံငွေများချထားပေးခြင်းကဲ့သို့သော တစ်ဖက်သတ် မဟာဗျူဟာများ အသုံးပြုခြင်းဖြင့်သာ ကိုင်တွယ်လိုကြသည်။ အစိုးရများက သူပုန်များ (သို့) စစ်သွေးကြွအုပ်စုများကို တွေ့ဆုံဆွေးနွေးခြင်းအား နောက်ဆုံးရွေးချယ်စရာအဖြစ်သာ အသုံးပြုလိုကြသည်။ ငြိမ်းချမ်းရေး ဆွေးနွေး ညှိနှိုင်းသည့် ဖြစ်စဉ်အတွင်း ခေါင်းဆောင်များ၏ အဓိကတာဝန်မှာ ၎င်းတို့ကိုထောက်ခံသူများအား ဖြစ်စဉ်နှင့် ၎င်းတို့၏ဆုံးဖြတ်ချက်များကို ထောက်ခံအောင် ဆွဲဆောင်ခြင်းဖြစ်သည်။ သို့ရာတွင် တရားဝင်ငြိမ်းချမ်းရေးဖြစ်စဉ်၌ ပါဝင်စေခြင်းက ပြဿနာများ ထွက်ပေါ်လာစေနိုင်သည်။

အဓိကပြဿနာတစ်ခုမှာ မည်သူကပါဝင်သင့်သည်ဟူသည့် အချက်ဖြစ်သည်။ တစ်ဖွဲ့ထက်ပိုသော အဖွဲ့များက ပြည်သူများကို ကိုယ်စားပြုသည်ဟု ဆိုသောအခါ ထိုအချက်က အထူးသဖြင့် ခက်ခဲသည်။ ဤအချက်နှင့်ဆက်စပ်သည့် ကိစ္စရပ်မှာ ကိုယ်စားပြုမှုဖြစ်သည်။ ထိုအုပ်စုက မြေပြင်မှ ပြည်သူများကို အမှန်တကယ်ကိုယ်စားပြုမှု ရှိ၊ မရှိကို ကျွန်ုပ်တို့ မည်သို့အတည်ပြုမည်နည်း။ ထိုင်းနိုင်ငံတောင်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ဤဖြစ်ရပ် ဖြစ်ပွားခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် BRN ၏ ကိုယ်စားလှယ်တစ်ဦးကို တွေ့ဆုံဆွေးနွေးပွဲသို့ဖိတ်ကြားခဲ့ပြီး ၂၀၁၃ ခုနှစ် အထွေထွေသဘောတူညီချက် ထွက်ပေါ်လာခဲ့သည်။ ထို့နောက် ဖြစ်စဉ်ကို အသစ်ဖွဲ့စည်းထားသည့် လျှော့ရဲသော မဟာမိတ်ဖြစ်သည့် တွေ့ဆုံဆွေးနွေးရန်အတွက်ဖန်တီးခဲ့သော အုပ်စုဖြစ်သည့် MARA ပတ်ထာနီနှင့် ဆက်လက်လုပ်ဆောင်ခဲ့သည်။ သို့ရာတွင် MARA ပတ်ထာနီသည် ပတ်ထာနီပြည်သူများ၏ မျှော်မှန်းချက်များကို အမှန်တကယ်ကိုယ်စားပြုခြင်းမရှိဘဲ မြေပြင်တွင် လက်ရှိဖြစ်ပွားနေသော ပဋိပက္ခ၌ အဓိကအဖွဲ့ မဟုတ်ဟု ဝေဖန်ခံခဲ့ရသည်။ ထို့နောက် မြေပြင်တွင် အဓိကဇာတ်ကောင်ဖြစ်သော BRN အဖွဲ့ကို ဆွေးနွေးညှိနှိုင်းမှုများတွင် ထည့်သွင်းသင့်သည်ဟူသည့် ဝေဖန်မှုများကြောင့် ထိုင်းအစိုးရက သီးသန့်လမ်းကြောင်းတစ်ခုဖြင့် BRN အဖွဲ့ကို ထည့်သွင်းခဲ့သည်။

နောက်ဆုံးအနေဖြင့် အချို့နေရာများတွင် ပါဝင်မှုဆိုသည်မှာ ဆွေးနွေးညှိနှိုင်းရေး ခန်းမအပြင်ဘက်တွင် ရှိပြီး ဆုံးဖြတ်ချက်များကြောင့် သက်ရောက်ခံရသူများ၏ ပါဝင်မှုကို ညွှန်းဆိုခြင်းဖြစ်သည်။ ဥပမာ ၂၀၀၈ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ တရားရုံးချုပ်က ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြုလုပ်ခဲ့သော ဆုံးဖြတ်ချက်များကြောင့် သက်ရောက်မှုခံရမည့် ဒေသခံများနှင့် ဆွေးနွေးမှုမပြုလုပ်ခဲ့သောကြောင့် မင်ဒါနောင် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ရပ်တန့်စေခဲ့သည်။ ယင်းကို ကျော်လွှားရန် နှစ်ဘက်လုံး အထူးသဖြင့် MILF က မြေပြင်တွင် ဆွေးနွေးအကြံယူရေး လုပ်ဆောင်ချက်အများအပြား လုပ်ဆောင်ခဲ့သည်။ လက်မှတ်

ရေးထိုးခဲ့သော သဘောတူညီချက်များကိုလည်း ဆန္ဒခံယူပွဲမကျင်းပမီ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး အဖွဲ့များက ပြန်လည်သုံးသပ်ခဲ့ကြသည်။ အဆုံးတွင် ပဋိပက္ခကြောင့် သက်ရောက်ခံရသည့် လူ့အဖွဲ့အစည်း၏ အရေးပါသောအစိတ်အပိုင်းများအားလုံးကို ဆွေးနွေးအကြံယူပြီး ဖြစ်စဉ်တွင် ပါဝင်စေခဲ့သည်ဟု လက်ခံခဲ့သည်။

(၅) ***အကြမ်းဖက်မှုမရှိခြင်းက ကြိုတင်လိုအပ်ချက်မဟုတ်ပေ။*** ဆွေးနွေးညှိနှိုင်းမှုများက ကြိုတင်လိုအပ်ချက်ဖြစ်သည်။ အောင်မြင်သော ငြိမ်းချမ်းရေးဆွေးနွေးရေးများသည် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနိုင်ခြေပြဿနာကို မျှော်လင့်ထားပြီး ကိုင်တွယ်နိုင်ရမည်။ အုပ်စုများအကြား အပစ်အခတ်ရပ်စဲရေးက ငြိမ်းချမ်းရေးဖြစ်စဉ် စတင်ရာတွင် အဓိကအချက်တစ်ချက် ဖြစ်သော်လည်း ဤသည်က ဆွေးနွေးညှိနှိုင်းမှုများအတွက် အပစ်အခတ်ရပ်စဲရေး အရင်လုပ်ဆောင်ရမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ဒေသတွင်း ဥပမာများအားလုံးက ဇာတ်ကောင်များသည် မြေပြင်တွင် ၎င်းတို့ လုပ်ဆောင်ချက်များကို ဆက်လက်ဆောင်ရွက်နေစဉ်အတွင်း ဆွေးနွေးညှိနှိုင်းမှုများကို လုပ်ဆောင် နေကြကြောင်း ပြသနေသည်။ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲများနှင့် အခြားသော လုံခြုံရေး ကိစ္စရပ်များကို ဖြစ်စဉ်အစောပိုင်းတွင် လုပ်ဆောင်သင့်သော်လည်း ၎င်းတို့မှာ မည်သည့်အခါကမျှ တွေ့ဆုံဆွေးနွေးရန်အတွက် ကြိုတင်လိုအပ်ချက်မဟုတ်ပေ။ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် သက်ရောက်မှုရှိနိုင်သည့် အကြမ်းဖက်လုပ်ရပ်များကို တားဆီးနိုင်ရန် တစ်ခါတရံ အဖွဲ့များဖွဲ့စည်းကြ သည်။ ဥပမာ မင်ဒါနောင်မှ ပဋိပက္ခဖြစ်ပွားသောဒေသများတွင် ရာဇဝတ်လုပ်ရပ်များကို စောင့်ကြည့်ရန်နှင့် ထိန်းချုပ်ရန် GPH နှင့် MILF တို့က ရှောင်တခင် ပူးပေါင်းဆောင်ရွက်ရေးအုပ်စုများ (Ad Hoc Joint Action Groups (ADJAG)) ဟု အမည်ရသည့် အဖွဲ့တစ်ခုကို ဖန်တီးခဲ့သည်။ ထိုမှသာ ယင်းလုပ်ရပ်များက ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆိုးရွားစွာ သက်ရောက်မှု မပြုနိုင်မည်ဖြစ်သည်။

(၆) ***အောင်မြင်သော ငြိမ်းချမ်းရေးဖြစ်စဉ်သည် မူရင်းဖြစ်ပြီး တိုးပွားနိုင်သည်။*** မူရင်းဖြစ်သည်ဆိုသည် မှာ ဖြစ်စဉ်သည် ပဋိပက္ခပေါက်ဖွားရာမြေပြင်တွင် အခြေခံသည်။ ဖြစ်စဉ်က ပဋိပက္ခဒေသများတွင် အခြေတည်သူများကိုလည်း ပါဝင်စေသည်။ အချို့အုပ်စုများ၏ ခေါင်းဆောင်များသည် ဒေသအပြင်ဘက်တွင် နေထိုင်ကြသော်လည်း ၎င်းတို့က ပဋိပက္ခဒေသတွင် နေထိုင်သူများနှင့် အဆက်အသွယ်ရှိကြသည်။ ငြိမ်းချမ်းရေးကြိုးပမ်းမှုတွင် ထိုအုပ်စုများပါဝင်ရန် အရေးကြီးသည်။ ဆက်ဆံရေးများအပါအဝင် ငြိမ်းချမ်းရေးအတွက် အခြေခံအဆောက်အဦများသည် ငြိမ်းချမ်းရေး အတွက် ပလက်ဖောင်းများအဖြစ် အတွင်းမှ တည်ဆောက်ရသည်။ ထို့ကြောင့် အတွင်းဖြစ်စဉ်ကို ဖန်တီးခြင်းနှင့် ကူညီထောက်ပံ့ခြင်းက အရေးကြီးသည်။ ဥပမာ ငြိမ်းချမ်းရေးတည်ဆောက်ရေး ဖြစ်စဉ်တွင် ပါဝင်ကူညီနိုင်ရန် အရပ်ဘက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များကို တိုးမြှင့်အောင် လုပ်ဆောင်ပေးခြင်းအား မင်ဒါနောင်၊ အာချေး၊ ထိုင်းနိုင်ငံတောင်ပိုင်းနှင့် ဒေသတွင်း အခြားသော ပဋိပက္ခဖြစ်ပွားရာနေရာများတွင် တွေ့နိုင်သည်။ အဆိုပါအုပ်စုများအား စွမ်းရည်မြှင့်ပေးခြင်းက ဆွေးနွေးမှုအရည်အသွေး၊ ကြိုးပမ်းမှုများနှင့် ဖြစ်စဉ်အပေါ် သံန္နိဋ္ဌာန်များကို တိုးတက်လာစေသည်။ သို့ရာတွင် အရှိန်ပျက်မသွားစေရန် အဖွဲ့များက ဖြစ်စဉ်တွင် စိတ်ဝင်တစား ပါဝင်မြှုပ်နှံထားရန်လည်း

လိုအပ်သည်။ နောက်ဆုံးအနေဖြင့် ထိုကဲ့သို့သော ပါဝင်မြုပ်နှံမှုနှင့် သံန္နိဋ္ဌာန်တို့က ချမှတ်သော ဆုံးဖြတ်ချက်များ ပို၍ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရန် အထောက်အကူပြုသည်။ ဖြစ်စဉ်က တိုးပွားလာနိုင်သည်ကိုလည်း သတိပြုသင့်သည်။ ဆိုလိုသည်မှာ မည်သည့်အဆင့်၊ မည်သည့်အချိန်၌မဆို လုပ်ဆောင်သည့် ကြိုးပမ်းမှုများက ဖြစ်စဉ်တစ်ခုလုံးအတွက် အကျိုးရှိနိုင်သည်။

တစ်ခါတရံ အစပိုင်း၌ အထနှေးတတ်သော်လည်း အဖွဲ့များက လေးလေးနက်နက်ရှိပါက ဖြစ်စဉ်ရှေ့ဆက်နိုင်ရန် စောစီးစွာ ကြိုးပမ်းမှုများ ပြုလုပ်နိုင်သည်။ အောင်မြင်မှုသည် အမြဲတစေ အကောင်းဆုံးဖြစ်သော်လည်း မအောင်မြင်သောကြိုးပမ်းမှုများသည် အရေးပါသောသင်ခန်းစာများ ဖြစ်ပြီး အနာဂတ် ငြိမ်းချမ်းရေးဖြစ်စဉ်များ တည်ဆောက်ရာနှင့် ခိုင်မာစေရန်တွင် များစွာ အထောက်အကူပြုသည်။ ဥပမာ HDC ပံ့ပိုးကူညီခဲ့သော မအောင်မြင်သည့်ဖြစ်စဉ်က အာချေး ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် CMI ကို အောင်မြင်စေရန် အထောက်အကူပြုခဲ့သည်။ အလားတူပင် GPH-MNLF ဖြစ်စဉ်မှ သင်ခန်းစာများက GPH-MILF ဖြစ်စဉ်တွင် အထောက်အကူပြုခဲ့သည်။ ထိုဖြစ်စဉ်က ငြိမ်းချမ်းရေးဖြစ်စဉ်များ တိုးပွားနိုင်ခြင်းအတွက် ဥပမာကောင်းတစ်ရပ်ဖြစ်သည်။ အတားအဆီးရှိသည့် အချိန်တိုင်းတွင် အဖွဲ့များက စိန်ခေါ်မှုများနှင့် ရင်ဆိုင်ပြီး ပို၍အားကောင်းစွာ တဖန်ပြန်လာသည်။ ထို့ပြင် အခန်း (၄) နှင့် (၅) တွင် ဖော်ပြခဲ့သည့်အတိုင်း ဖြစ်စဉ်ကို ထောက်ပံ့ရန်နှင့် တိုးတက်စေရန် မြေပြင်တွင် လုံခြုံရေးကိစ္စရပ်များကို စောင့်ကြည့်သော နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့ (International Monitoring Team (IMT))၊ ဆွေးနွေးမှုများတွင် လေ့လာသူနှင့် အာမခံပေးသူများအဖြစ် လုပ်ဆောင်သည့် နိုင်ငံတကာ ထိတွေ့ဆက်ဆံရေးအုပ်စု (ICG) ကဲ့သို့သော တီထွင်မှုအသစ်များနှင့် လမ်းကြောင်း (၂) နှင့် (၃) မှ အရပ်ဘက်အဖွဲ့အစည်းများ၏ တီထွင်မှုအမျိုးမျိုးကို မိတ်ဆက်ခဲ့သည်။

(၇) ***ငြိမ်းချမ်းရေးဖြစ်စဉ်များသည် အလျှော့အတင်းလိုအပ်သည့် သဘောတူညီချက်များဖြစ်သည်။***
ငြိမ်းချမ်းရေးဖြစ်စဉ်များမှ ဆုံးဖြတ်ချက်များနှင့် သဘောတူညီမှုများသည် ဆွေးနွေးသည့် အဖွဲ့များအကြား အလျှော့အတင်းလုပ်ခြင်း၏ ရလဒ်များဖြစ်သည်ဟု လက်ခံထားကြသည်။ သို့ဖြစ်လေရာ အဖွဲ့များက ၎င်းတို့၏ရပ်တည်ချက်များကို တရားသေဆွဲကိုင်ထားပြီး အလျှော့အတင်း မပြုလုပ်လိုလျှင် အောင်မြင်မှုရရှိမည်မဟုတ်ပေ။ ဥပမာ GAM သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဟူသော ခေါင်းစဉ်အောက်တွင် လွတ်လပ်ခွင့်ပေးသည့်အခါ ၎င်း၏ လွတ်လပ်ရေးတောင်းဆိုမှုကို ဘေးဖယ်ထားရန် သဘောတူညီခဲ့သည်။ အင်ဒိုနီးရှားအစိုးရကလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်အစီအမံကို သဘောတူခဲ့ပြီး GAM ကို ပြည်နယ်အခြေပြု နိုင်ငံရေးပါတီတစ်ခုအဖြစ် အသွင်ပြောင်းခွင့်ပေးခဲ့ကာ ထိုသို့ လုပ်ဆောင်နိုင်ရန် အင်ဒိုနီးရှားဥပဒေကို လိုအပ်သလို အပြောင်းအလဲများ လုပ်ပေးခဲ့သည်။ GPH-MILF ငြိမ်းချမ်းရေးဖြစ်စဉ်တွင်လည်း အလားတူဖြစ်ပွားခဲ့သည်။ ဘန်ဆာမိုရို၏ လွတ်လပ်ခွင့်သည် မည်သည့်အခါကမျှ ပြဿနာမဖြစ်ခဲ့သော်လည်း ဖိလစ်ပိုင်အစိုးရနှင့် မညီမျှသည့် ဆက်ဆံရေး တည်ဆောက်မှု ရှိနေသည့် အတိုင်းအတာတွင် ဘန်ဆာမိုရို ပြည်သူများကို မိမိကိုယ်မိမိ အုပ်ချုပ်ရန်

လွတ်လပ်ခွင့်ပေးနိုင်ဖို့ မူဆလင်မင်ဒါနောင်အတွက် ဘန်ဆာမိုရို လွတ်လပ်ခွင့်ရဒေသ (Bangsamoro Autonomous Region of Muslim Mindanao (BARMM)) ကို ဖန်တီးပေးခဲ့သည်။

(၈) ***ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခုသည် ငြိမ်းချမ်းရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးလိုက်ခြင်းဖြင့် အဆုံးမသတ်ပေ။*** ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသည့် ငြိမ်းချမ်းရေး ရရှိစေရန် စိန်ခေါ်မှုအရှိဆုံး လုပ်ငန်းတစ်ရပ်မှာ အရှိန်မပျက်စေဘဲ သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။ သဘောတူစာချုပ်နှောင်းပိုင်းကာလက အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ဤသည်မှာ အလုပ်အများစု လုပ်ဆောင်သည့် ကာလဖြစ်သောကြောင့် ဖြစ်သည်။ မင်ဒါနောင်တွင် မူလအခြေအနေ ပြန်လည်ရောက်ရှိရေးဖြစ်စဉ်ကို ဖော်ပြရန် ဒေသတွင်း အမျိုးမျိုးသော အသုံးအနှုန်းများကို အသုံးပြုကြသည်။ အာချေးဒေသတွင်မူ ပို၍ သာမန်အသုံးအနှုန်းများဖြစ်သော *လက်နက်ဖြုတ်သိမ်းခြင်း၊ တပ်ဖျက်သိမ်းခြင်းနှင့် ပြန်လည်ပေါင်းစည်းခြင်း* (DDR) ဟူသော အသုံးအနှုန်းကို အသုံးပြုသည်။ ပဋိပက္ခဖြစ်ပွားသောဒေသများတွင် နဂိုမူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် ကြိုးပမ်းမှုများ ပြုလုပ်ရမည်။ အစောပိုင်း အဓိကအာရုံစိုက်ရမည့်အချက်မှာ အကြမ်းဖက်နိုင်စွမ်းကို လျှော့ချရန်ဖြစ်ပြီး သဘောတူညီချက်အလွန်တွင် လက်နက်ကိုင်များအား လက်နက်ဖြုတ်သိမ်းခြင်းနှင့် တပ်ဖျက်သိမ်းခြင်းဖြင့် စတင်လေ့ရှိသည်။ ထို့နောက် လက်နက်များကို စနစ်တကျလျှော့ချခြင်း၊ လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဖြစ်စဉ်မှတစ်ဆင့် လုံခြုံရေးမူဝါဒများနှင့် ကိစ္စရပ်များကို ပြန်လည်သုံးသပ်ခြင်းတို့အား လုပ်ဆောင်ကြသည်။ တစ်ချိန်တည်းမှာပင် ငြိမ်းချမ်းရေး သဘောတူညီချက်ကို လိုက်နာလျှင် တရားမဝင်လက်နက်ကိုင်အဖွဲ့များအပါအဝင် လက်နက်ကိုင် အုပ်စုများ၏အဖွဲ့ဝင်များ ပြန်လည်ပေါင်းစည်းရေးအတွက် လုပ်ဆောင်ချက်များ လိုအပ်သည်။ ထိုလုပ်ငန်းသည် ယခင်လက်နက်ကိုင်များအား နစ်နာကြေးနှင့် လျော်ကြေးများ ပေးရုံသာမကဘဲ ၎င်းတို့၏ ရေရှည်ပြန်လည်ထူထောင်ရေးကိုပါ လုပ်ဆောင်ပေးရသောကြောင့် အာချေးနှင့် မင်ဒါနောင်မှ အတွေ့အကြုံများက ထိုလုပ်ငန်း၏ခက်ခဲမှုကို ပြသနေသည်။ ထို့ပြင် ထိုသို့သောလုပ်ဆောင်ချက်များကို လက်နက်ကိုင်များအတွက် ဆုပေးသော အစီအစဉ်တစ်ခုအဖြစ် ရှုမြင်မလာစေရန် အကြမ်းဖက်ခံရသူများ၏ ထိခိုက်နစ်နာမှုများအား လျှော့ချပေးရန် အကူအညီများပေးသည့် လုပ်ဆောင်ချက်များနှင့် ပူးတွဲလုပ်ဆောင်သင့်သည်။ ထို့ကြောင့် သဘောတူညီချက် နှောင်းပိုင်းကာလတွင် ငြိမ်းချမ်းရေးရေရှည်တည်တံ့ရေးအတွက် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ ကြိုးပမ်းမှုများ လိုအပ်သည်။

တစ်ချိန်တည်းမှာပင် ငြိမ်းချမ်းရေးအတွက်လိုအပ်ချက်တွင် အမှန်တရားနှင့် တရားမျှတမှု ရှာဖွေခြင်းတို့ ပါဝင်သည်ကို အသိအမှတ်ပြုထားကြသော်လည်း အဖွဲ့များက ငြိမ်းချမ်းရေးကို အပြစ်ပေးသော နည်းလမ်းဖြင့် ရှာဖွေရန် လက်တွန့်ကြသည်။ ကမ္ဘောဒီးယား၊ အာချေးနှင့် မင်ဒါနောင်မှ အတွေ့အကြုံများက ငြိမ်းချမ်းရေးနှင့် တရားမျှတမှုတို့သည် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြဲတစေ ကိုက်ညီမှုမရှိသည်ကို ပြသနေသည်။ ထိုအစား အမှန်တရားလိုအပ်ချက်ကို ယခင်ရန်သူများအကြား ပြန်လည်ရင်ကြားစေ့ရေးနှင့် ပေါင်းစည်းထားသည့် အကူးအပြောင်းကာလတရားမျှတမှုက

ပိုမိုလိုလားဖွယ်ရာ ချဉ်းကပ်ပုံတစ်ခုဖြစ်သည်။ အကျိုးဆက်အနေဖြင့် အဖွဲ့များက ငြိမ်းချမ်းရေးအတွက် တရားမျှတမှုသဘောတရားကို ဘေးဖယ်ထားလိုကြသည်။ ထို့ပြင် ငြိမ်းချမ်းရေးသည် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်တစ်ခုလည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိခိုက်နစ်နာသော အသိုင်းအဝိုင်းများက ငြိမ်းချမ်းရေးဖြစ်စဉ်မှ အသီးအပွင့်များကို မျက်မြင်တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေးအဖြေရှာခြင်းက အရေးပါသော်လည်း ငြိမ်းချမ်းရေး ရေရှည်တည်တံ့ရန်အတွက် အသိုင်းအဝိုင်းများ၏ လူမှုရေးနှင့် အထူးသဖြင့် ငြိမ်းချမ်းရေးအခြေအနေများ တိုးတက်ခြင်းကို ကြုံတွေ့နိုင်ရမည်ဖြစ်သည်။

(၉) ***နိုင်ငံတကာမှ 'အကောင်းဆုံးအလေ့အကျင့်များ' ထက် မကြာခဏဆိုသလို ပြည်တွင်းဌာနေ လူမျိုးတို့၏ အငြင်းပွားမှုဖြေရှင်းရေးနည်းလမ်းများက ပို၍သင့်လျော်သည်။*** စိတ်ဝင်စားဖွယ် အဆိုတစ်ခုဖြစ်သော်လည်း အဆိုပါအဆိုက မေးခွန်းအချို့ကို ထွက်ပေါ်လာစေသည်။ ယင်းတို့အနက်မှ တစ်ခုမှာ ဖော်ပြထားသည့် ဌာနေလူမျိုးတို့၏ ချဉ်းကပ်ပုံသဘောသဘာဝဖြစ်သည်။ အခြားမေးခွန်းမှာ နိုင်ငံတကာ အကောင်းဆုံးအလေ့အကျင့်များ ရှိရောရှိပါရဲ့လားဟူသည့် မေးခွန်းဖြစ်သည်။ သို့ဖြစ်လေရာ ဒေသတွင်း ပဋိပက္ခစီမံခန့်ခွဲရေး၊ ဖြေရှင်းရေးနှင့် အသွင်ကူးပြောင်းရေး တို့အတွက် ပြည်တွင်းဗဟုသုတနှင့် အလေ့အကျင့်များကို ပို၍လေ့လာရန် လိုအပ်သည်။ ပြဋ္ဌာန်းစာအုပ်များက များသောအားဖြင့် ပဋိပက္ခများသည် သဘောသဘာဝအားဖြင့် ဆင်တူသည်ဟု ယူဆလေရာ ပဋိပက္ခ၏ သဘောသဘာဝ၊ အမျိုးအစားများ၊ ကိစ္စရပ်များနှင့် ပါဝင်သောဇာတ်ကောင်များအပေါ် မူတည်၍ ငြိမ်းချမ်းရေးဖြစ်စဉ်များက တူညီသည့် ချဉ်းကပ်ပုံနှင့် မူဘောင်များကို အသုံးပြုကြသည်။ သို့ရာတွင် အချို့သောဖြစ်ရပ်များတွင် ပဋိပက္ခကိစ္စရပ်မှာအကြောင်း အချက်အလက်ရရှိရန်နှင့် ကိုင်တွယ်ရန် ဌာနေချဉ်းကပ်ပုံများကို အသုံးပြုကြသည်။ ယင်းတို့ကို အမှန်တကယ်လည်း အသုံးပြုသင့်ပါသည်။ ထိုသို့သောဥပမာတစ်ခုမှာ အင်ဒိုနီးရှားနိုင်ငံ၏ အမ်ဘွန်ပဋိပက္ခတွင် ပြန်လည်ရင်ကြားစေ့ရေးအတွက် အသုံးပြုခဲ့သည့် *ဘာကူဘဲ* ချဉ်းကပ်ပုံဖြစ်သည်။ အခြားဌာနေချဉ်းကပ်ပုံ ဥပမာတစ်ခုမှာ အားလုံးနှင့်သက်ဆိုင်သော မူဝါဒများနှင့် တန်ဖိုးများကို အဓိကထားသည့် အင်ဒိုနီးရှားနိုင်ငံ၏ *Pancasila* နှင့် မလေးရှားနိုင်ငံ၏ *Rukun Negara* ကဲ့သို့သော ပြည်တွင်းတွင် လက်ခံထားသည့် အယူဝါဒများကို အသုံးပြုခြင်းဖြစ်သည်။ အခြားဥပမာတစ်ခုမှာ လွန်စွာခက်ခဲသော ပြည်တွင်းစစ်နှင့် ပြည်သူများ၏ ထိခိုက်နစ်နာမှုများအပြီး သနားကြင်နာမှုနှင့် ငြိမ်းချမ်းရေးတို့ကို အဓိကထားသည့် ကမ္ဘောဒီးယားနိုင်ငံ၏ ပြန်လည်ရင်ကြားစေ့ရေးဖြစ်စဉ်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ငြိမ်းချမ်းရေးဖန်တီးရေးတွင် ဌာနေလူမျိုးတို့၏ ချဉ်းကပ်ပုံများကို လေ့လာပြီး အသုံးချသင့်သည်။

ဒေသအဆင့်တွင် ဆုံးဖြတ်ချက်ချမှတ်ခြင်း ဖြစ်စဉ်များနှင့် အငြင်းပွားမှုများစီမံခန့်ခွဲရာတွင် အငြင်းပွားမှုဖြေရှင်းရေးအတွက် အာဆီယံနည်းလမ်းသတ်မှတ်ရာတွင် ပါဝင်သည့် *musyawarah* (အားလုံး သဘောတူညီမှုရရှိအောင် ကြိုးပမ်းခြင်း) နှင့် *muafakat* (အားလုံး သဘောတူညီမှု) ကဲ့သို့သော ဒေသတွင်း အလေ့အကျင့်အချို့ကြောင့် အကျိုးရှိသည်ကို တွေ့ရသည်။ ယင်းတို့က

အာဆီယံ၏ *ကြိုတင်ကာကွယ်သော သံတမန်ရေးချဉ်းကပ်ပုံ* တွင် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်သည်။ အခြား 'ဌာနေ' ချဉ်းကပ်ပုံများတွင် အုပ်စုများအား အတူတကွစုစည်းရေးအတွက် (ဘာသာရေးနှင့် ပြည်တွင်းဓလေ့ထုံးတမ်းများအပါအဝင်) တန်ဖိုးများ၏ အရေးပါမှုကို အလေးထား တင်ပြခြင်း၊ အသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး ဖြစ်စဉ်များတွင် ထိခိုက်နစ်နာသူ အသိုင်းအဝိုင်းများနှင့် အုပ်စုများကို ပါဝင်စေခြင်းနှင့် ထိခိုက်နစ်နာသည့် အသိုင်းအဝိုင်းများက ပြဿနာများကို ဖြေရှင်းပေးရန် တောင်းဆိုလာသည့်အခါ အထူးသဖြင့် အစိုးရကအသုံးပြုသည့် ပဋိပက္ခစီမံခန့်ခွဲရေးအတွက် (လူကြိုက်မများလှသော) ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးချဉ်းကပ်ပုံတို့ ပါဝင်သည်။ ထိုချဉ်းကပ်ပုံများသည် တစ်ကမ္ဘာလုံးတွင် တွေ့ရပြီး ဤဒေသအတွက် သီးသန့်မဟုတ်ဟု ထောက်ပြလာနိုင်သောကြောင့် အဆိုပါ ကိစ္စရပ်များနှင့် ပတ်သက်၍ ထပ်မံလေ့လာရန် လိုအပ်သည်။

(၁၀) ***အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်း။*** နောက်ဆုံးအနေဖြင့် ယခုစာအုပ် တလျှောက်ဖော်ပြခဲ့သည့်အတိုင်း အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေးသည် ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသည့် ငြိမ်းချမ်းရေး ရရှိရန်အတွက် အရေးပါသည်။ အချို့သော အစိတ်အပိုင်းများကို တရားဝင်ငြိမ်းချမ်းရေးဖြစ်စဉ်မစမီပင် ပြောင်းလဲသင့်သည်။ ထိုသို့သောဖြစ်စဉ်က ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အသွင်ပြောင်းလဲမှုများ ပို၍ ပေါ်ထွက်လာစေ နိုင်သည်။ ထိုင်းနိုင်ငံတောင်ပိုင်းကဲ့သို့ ငြိမ်းချမ်းရေးဖြစ်စဉ်က အပြုသဘောဆောင်သည့် ရလဒ်များ မထွက်ပေါ်စေနိုင်သေးသည့် ဖြစ်ရပ်များတွင် ကိစ္စရပ်များ၊ နောက်ခံအခြေအနေများ၊ တည်ဆောက်ပုံ များနှင့် အတိုင်းအတာတစ်ခုအထိ ဇာတ်ကောင်များသည် အပြည့်အဝအသွင်ပြောင်းလဲမှု မရှိသေး သောကြောင့် ဖြစ်သည်။ အာချေးဒေသနှင့် အထူးသဖြင့် မင်ဒါနောင် ဥပမာများက အသွင်ပြောင်းလဲ သော ငြိမ်းချမ်းရေးတည်ဆောက်မှုက ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် မည်သို့သက်ရောက်မှုရှိသည်နှင့် ကာလရှည်ပဋိပက္ခအခြေအနေများတွင် ငြိမ်းချမ်းရေး မည်သို့ရရှိနိုင် သည်ကို ပြသနေသည်။

ယခင်ဖော်ပြခဲ့သည့်အတိုင်း အခြေအနေကိုလိုက်၍ တုံ့ပြန်သည့် ချဉ်းကပ်ပုံနှင့် လိုက်လျောညီထွေ ရှိသည်များကို ရောစပ်အသုံးပြုသည့် ချဉ်းကပ်ပုံများသည် အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် အရေးပါသောအစိတ်အပိုင်းများ ဖြစ်သည်။ ဤသည်က မည်သည့် အခြေအနေအတွက်မဆို အသင့်ဖြစ်ရန်နှင့် ဖြစ်စဉ်ကိုထောက်ပံ့ရန်အတွက် မတူညီသောဇာတ်ကောင် များကို အတူတကွ လက်တွဲလုပ်ဆောင်ပြီး တစ်ဦးနှင့်တစ်ဦး အထောက်အကူပြုရန် လိုအပ်ချက်ကို ထောက်ပြနေသည်။ ဤသည်မှာ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အသုံးဝင်နိုင်သည့် လုပ်ဆောင်ချက်များ၊ ဇာတ်ကောင်များနှင့် အင်စတီကျူးရှင်းများကို အဓိကထား သည့် *မဟာဗျူဟာမြောက် ငြိမ်းချမ်းရေးတည်ဆောက်ရေး* ၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။ အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေးက အဆိုပါအစိတ်အပိုင်းများအား အသွင်ပြောင်းလဲရန်ကို အာရုံစိုက်သင့်သည်။ ထိုမှသာ ၎င်းတို့က ငြိမ်းချမ်းရေးဖြစ်စဉ်ကို မဟာဗျူဟာ ကျကျ သက်ရောက်မှုရှိနိုင်မည်ဖြစ်သည်။ လီဒရစ်ချ် (Lederach (1997)) က အောက်ပါအတိုင်း ဆိုခဲ့သည်။

*ငြိမ်းချမ်းရေးတည်ဆောက်သည့် ဖြစ်စဉ်သည် ရေရှည်တည်တံ့သော အသွင်ပြောင်းလဲရေးက သတ်မှတ်ထားသည့် မူဘောင်ကို မှီခိုပြီး လည်ပတ်ရမည် ဖြစ်သည်။ ရေရှည်တည်တံ့သော အသွင်ပြောင်းလဲရေး ချဉ်းကပ်ပုံအရ ပါဝင်သောအဖွဲ့များ၏ ဆက်ဆံရေးများက အဓိကသော့ချက်ဖြစ်ပြီး ယင်းတွင် စိတ်ပိုင်းဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ အဆင့်များ ပါဝင်သည်။*

ဤသည်မှာ အရှေ့တောင်အာရှဒေသရှိ လုပ်ဆောင်ချက်များအတွက် အထူးတလည် မှန်ကန်နေသည်။ သူက ထိုကဲ့သို့သော ကြိုးပမ်းမှုများက ငြိမ်းချမ်းရေးတည်ဆောက်ရေးအတွက် အခြေခံအဆောက်အဦ တစ်ခုကို ဖန်တီးရန် ရည်ရွယ်သည်ဟု ဆိုသည်။ ဆိုလိုသည်မှာ

*ကျွန်ုပ်တို့သည် မလိုလားသည့်အရာများကို အဆုံးသတ်ရန်ကိုသာ စိတ်ဝင်စားကြရမည် မဟုတ်ပေ။ ကျွန်ုပ်တို့က ပုံစံအသစ်များ၊ ဖြစ်စဉ်အသစ်များနှင့် တည်ဆောက်ပုံအသစ်များ ပေါ်ထွက်လာစေနိုင်သည့် ဆက်ဆံရေးများ တည်ဆောက်ရန်လည်း ကြိုးပမ်းကြရမည်။*

ဒေသတွင်း ငြိမ်းချမ်းရေးရရှိစေရန်အတွက် အသစ်တစ်ခုတည်ဆောက်ရမည်ဟူသည့် အဆိုပါ သဘောတရားသည် အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ရေး ဖြစ်စဉ်အတွက် အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။

နိဂုံးချုပ်ရသော် ဤအပိုင်းနှင့် ယခင်အခန်းများတွင် ဆွေးနွေးခဲ့သည့် ဒေသတွင်း ငြိမ်းချမ်းရေးဖြစ်စဉ်များမှ သင်ယူရရှိသည့် သင်ခန်းစာများကို ငြိမ်းချမ်းရေးအရင်းအမြစ် ပူးပေါင်းရေး (Peace Resource Collaborative (PRC)) အဖွဲ့မှ နောဘတ်ရိုပါ (Norbert Ropers (2021)) က အသေးစိတ်ကျသော ငြိမ်းချမ်းရေးဖြစ်စဉ်အဆင့်ဆင့်ဇယားပုံဖြင့် အကျဉ်းချုပ်ထားပြီး အောက်တွင်ဖော်ပြထားပါသည်။ ယင်းပုံက ငြိမ်းချမ်းရေးဖြစ်စဉ်တစ်ခု လုပ်ဆောင်ရာတွင် အစိတ်အပိုင်းများနှင့် အဆင့်များ များစွာပါဝင်ပြီး ယင်းတို့မှာ အချင်းချင်း ဆက်စပ်နေကာ ဇာတ်ကောင်အများအပြားလည်း ပါဝင်သည်ကို ဖော်ပြနေသည်။ အောင်မြင်မှု ရရှိစေရန် အဆိုပါ ဇာတ်ကောင်များ တစ်ဖွဲ့နှင့်တစ်ဖွဲ့ လိုက်လျောညီထွေ ရှိရန် အရေးပါသည်။

သရုပ်ပြပုံ ၈.၁။ ငြိမ်းချမ်းရေးဖြစ်စဉ် အဆင့်ဆင့်ဇယားပုံ



## ၈.၆ နိဂုံး

ယခုအခန်းက ယခုစာအုပ်တွင်သင်ယူရရှိခဲ့သည့် သင်ခန်းစာများကို အနှစ်ချုပ်ထားပြီး ဒေသတွင်းပဋိပက္ခများကို အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေးတည်ဆောက်ခြင်းမှတစ်ဆင့် ချဉ်းကပ်သင့်သည်ဟု ဆိုထားသည်။ ပြည်တွင်းနှင့် နိုင်ငံများအကြား ပဋိပက္ခများကို ကိုင်တွယ်ရန် ချဉ်းကပ်ပုံများအကြား ကွာခြားမှုများရှိသော်လည်း အသွင်ပြောင်းလဲခြင်းဆိုင်ရာ ရှုထောင့်များက အဆိုပါနည်းလမ်းများ၏ အဆင့်အမျိုးမျိုးတွင် သိသာထင်ရှားနေဆဲ ဖြစ်သည်။ သို့ရာတွင် အခန်း (၅) တွင် အဓိကထားရှင်းပြခဲ့သည့်အတိုင်း အခြားသောကိန်းရှင်များပေါ် မူတည်ပြီး ရလဒ်များကွဲပြားနိုင်သည်။ အဆုံးတွင် ကြိုးပမ်းမှုမှာ ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့် ဖန်တီးသည့် ငြိမ်းချမ်းရေး ရရှိရန်၊ ငြိမ်းချမ်းရေးအတွက် ရေရှည်အခြေခံအဆောက်အဦများ ဖန်တီးခြင်းနှင့် ဒေသတွင်း ငြိမ်းချမ်းရေးယဉ်ကျေးမှုတို့ကို မြှင့်တင်ခြင်းဖြစ်သည်။ အဆိုပါချဉ်းကပ်ပုံ အကောင်အထည်ဖော်ခြင်းဆိုင်ရာ ဥပမာကောင်းများရှိသော်လည်း ကျော်လွှားရမည့် စိန်ခေါ်မှုအများအပြား ရှိနေသေးသည်။ ယခင်က ဖော်ပြခဲ့သည့်အတိုင်း အဆိုပါမူဘောင်ကိုလေ့လာရန် အကောင်းဆုံးနည်းလမ်းမှာ ယင်းကို ဖြစ်ပေါ်တိုးတက်နေဆဲ ကိစ္စရပ်ဟု ရှုမြင်ခြင်းဖြစ်သည်။

ယခုစာအုပ်ကို ရေးသားနေစဉ်တွင် ကမ္ဘာကြီးသည် ကိုဗစ်-၁၉ ကပ်ရောဂါက ယူဆောင်လာသည့် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နေရသည်။ ဒေသတွင်းနိုင်ငံများအားလုံးသည် ကပ်ရောဂါကြောင့် ဆိုးရွားစွာ ထိခိုက်ခံနေကြရသည်။ ရောဂါပျံ့နှံ့မှုကို ထိန်းချုပ်ခြင်းနှင့် ကပ်ရောဂါ၏ စီးပွားရေးနှင့် လူနေမှုဘဝများအပေါ် သက်ရောက်မှုများကို စီမံခန့်ခွဲခြင်းကဲ့သို့သော သိသာထင်ရှားသည့် စိန်ခေါ်မှုများအပြင် ကပ်ရောဂါက ဒေသတွင်းနိုင်ငံများရှိ ကိုယ်ပိုင်သရုပ်လက္ခဏာ၊ ယဉ်ကျေးမှုနှင့် စီးပွားရေးအုပ်စုများအကြား ကွာခြားမှုများကို သိသာစေပြီး စည်းများကို ပို၍ထင်ရှားလာစေခဲ့သည်။ ဤသည်မှာ အကျပ်အတည်းကို ကနဦးတုံ့ပြန်ပုံဟု ရှုမြင်နိုင်သည်။ ကံကောင်းထောက်မစွာပင် ကိုဗစ်-၁၉ အခြေအနေက လွန်စွာစိုးရိမ်ဖွယ်ရာ ကောင်းနေသည့်တိုင် ကပ်ရောဂါကို ကိုင်တွယ်ပုံက တိုးတက်လာခဲ့သည်။ ထိုကဲ့သို့သော လူတိုင်းအပေါ် သက်ရောက်မှုရှိသော အခြေအနေမျိုးကို ကိုင်တွယ်ရန် လူတိုင်း၏ ပူးပေါင်းကြိုးပမ်းမှု လိုအပ်သည်။ ဒေသကို လှုပ်ခတ်စေခဲ့သည့် အခြားသော ကိစ္စရပ်တစ်ခုမှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့၌ မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော စစ်အာဏာသိမ်းမှု ဖြစ်သည်။ ဒီမိုကရေစီနည်းလမ်းကျ ရွေးကောက်တင်မြှောက်ခံထားရသော ခေါင်းဆောင်များကို ဖမ်းဆီးခြင်းနှင့် ဒီမိုကရေစီကို အဆုံးသတ်လိုက်ခြင်းက မြန်မာနိုင်ငံ၏ လမ်းများပေါ်တွင် လူပေါင်းရာပေါင်းများစွာ အသက်ဆုံးရှုံးစေသည့် ပြင်းထန်သော အကျပ်အတည်းအခြေအနေတစ်ရပ်ကို ကျရောက်စေခဲ့သည်။ အရပ်သား ဒီမိုကရေစီ လှုပ်ရှားသူများ ဦးဆောင်သည့် နေ့စဉ်ဆန္ဒပြပွဲများက စစ်တပ်ကို ၎င်းတို့၏ သဘောထားအား ပြောင်းလဲသွားစေရန် မစွမ်းသာခဲ့ပေ။ စစ်အာဏာသိမ်းမှုကို နိုင်ငံတကာက ကန့်ကွက်ရှုတ်ချခဲ့သော်လည်း ဤသည်က စစ်တပ်အပေါ် သက်ရောက်မှု များစွာ မရှိခဲ့ပေ။ အခြေအနေက အာဆီယံ၏ ပဋိပက္ခ စီမံခန့်ခွဲရေး နည်းလမ်းအပေါ် စိန်ခေါ်မှုတစ်ခု ဖြစ်စေခဲ့သည်။ အခြေအနေကို မည်ကဲ့သို့ ချဉ်းကပ်ရမည်ဟူသည့်အပေါ် အမြင်များ ကွဲပြားနေကြပြီး အပြုသဘောဆောင်သည့် ရလဒ်များ ထွက်ပေါ်လာအောင် မစွမ်းဆောင်နိုင်သေးဘဲ ယခုအချိန်အထိ အာဆီယံက အထောက်အကူ မဖြစ်လှသေးပေ။

ဒေသတွင်း အခြေအနေများတွင် အားရစရာမရှိလှသော်လည်း ယခုစာအုပ်တွင်တင်ပြခဲ့သည့် အပြုသဘော ဆောင်သည့် ဥပမာများက အရှေ့တောင်အာရှမှ ပြဿနာများကို ဖြေရှင်းရန် အသွင်ပြောင်းလဲသော ငြိမ်းချမ်းရေး တည်ဆောက်ရေးအတွက် အမျိုးမျိုးသော ချဉ်းကပ်ပုံများနှင့် မူဘောင်များကို ပြသနေသည်။ ယင်းဥပမာများက ကျွန်ုပ်တို့သည် လမ်းကြောင်းမှန်ပေါ် ရှိနေသည်ကိုလည်း ပြသနေသည်။ ယခင်က အကြိမ်ပေါင်းများစွာ ဖော်ပြခဲ့သည့်အတိုင်း အဆိုပါမဟာဗျူဟာများမှာ လက်ရှိအချိန်အထိ ဖြစ်ပေါ်တိုးတက်နေဆဲ လုပ်ငန်းတစ်ရပ် ဖြစ်ပြီး ဒေသတွင်း ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသည့် ငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေး ယဉ်ကျေးမှု ပေါ်ထွန်းလာရန် ယင်းမဟာဗျူဟာများကို တိုးတက်အောင် လုပ်ဆောင်နိုင်ပါသေးသည်။

## ဆွေးနွေးရန် မေးခွန်းများ

၁။ အဘယ်ကြောင့် အရှေ့တောင်အာရှတွင် ငြိမ်းချမ်းရေးကို ဖြစ်ပေါ်တိုးတက်နေဆဲလုပ်ငန်းဟု ဖော်ပြရသနည်း။

၂။ ဒေသတွင်း ရေရှည်တည်တံ့သော တည်ဆောက်ခြင်းဖြင့်ဖန်တီးသည့်ငြိမ်းချမ်းရေးရရှိရန် အဓိကစိန်ခေါ်မှု များမှာ အဘယ်နည်း။

၃။ အာဆီယံ၏ ပဋိပက္ခစီမံခန့်ခွဲရေး မူဘောင်ကို မည်သို့တိုးတက်အောင် လုပ်ဆောင်နိုင်သနည်း။

၄။ ဒေသအပေါ်သက်ရောက်မှုရှိသော အရေးပါဆုံး ပဋိပက္ခဆိုင်ရာကိစ္စရပ်များမှာ အဘယ်နည်း။

၅။ အရှေ့တောင်အာရှမှ ပဋိပက္ခများသည် အပြုသဘောဆောင်ပြီး အသွင်ပြောင်းလဲစေနိုင်သည်ဟူသည့် အဆိုမှာ မည်မျှအထိ မှန်ကန်သနည်း။

၆။ ပဋိပက္ခများစီမံခန့်ခွဲရာနှင့် အသွင်ပြောင်းလဲရာတွင် ဌာနေလူမျိုးများ၏ ချဉ်းကပ်ပုံနှင့် ဗဟုသုတများ၏ အခန်းကဏ္ဍက မည်သို့ရှိသနည်း။

၇။ ငြိမ်းချမ်းရေး ရေရှည်တည်တံ့ရေးတွင် ဖွံ့ဖြိုးရေး၏အခန်းကဏ္ဍက အဘယ်နည်း။ ငြိမ်းချမ်းရေး ရရှိရန်အတွက် မည်သို့သော ဖွံ့ဖြိုးရေးမျိုးကို ရွေးချယ်သင့်သနည်း။

၈။ ပုန်ကန်သူများနှင့် တော်လှန်သူများကို လက်နက်ချပြီး ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်အောင် ဆွဲဆောင်ဖျောင်းဖျနိုင်ပါသလား။ ဖျောင်းဖျနိုင်သည်ဟုဆိုပါက မည်သို့ လုပ်ဆောင်ရမည်နည်း။

## ဖတ်ရှုရန် အကြံပြုချက်များ


1. Austin, B, Fischer, M, and Giessmann, HJ (eds), *Advancing Conflict Resolution: The Berghof Handbook II*, Berlin: Berghof Conflict Research, 2011.
2. Askandar, K, and Abubakar, A, 'Mindanao' in Ozerdam, A, and MacGinty, R (eds), *Comparing Peace Processes*, London: Routledge, 2019.
3. Askandar, K (ed), *Building Peace: Reflections from Southeast Asia*, Penang: SEACSN, 2007.
4. Fisher, S, and Zimina, L, 'Just wasting our time? Provocative thoughts for peacebuilders' in Fischer, M, Schmelzle, B, and Fischer, M (eds), 'Peacebuilding at a crossroads: Dilemmas and paths for another generation' Berghof Handbook Dialogue, Series No 7, Berghof Foundation,

2009, available at https://berghof-foundation.org/library/peacebuilding-at-acrossroads-dilemmas-and-paths-for-another-generation, accessed on 23 September 2021.

5. Lederach, JP, *Building Peace: Sustainable Reconciliation in Divided Societies,* Washington DC: US Institute of Peace Press, 1997.
6. Lederach, JP, *The Little Book of Conflict Transformation*, Intercourse, PA: Good Books, 2003.
7. Gasser, R, Federer, JP, Siegfried, M, and Fitze, E (eds), *Letters to a Young Mediator*, Switzerland: Swisspeace and Ministry of Foreign Affairs, 2015.

# ကျမ်းကိုးစာရင်း


Abreu, L. (2005). The Bangsamoro Ancestral Domain: The Bangsamoro Continuing Past Anchored. In Askandar, K. & Abubakar, A. (eds.), "*Customary Adat and Islamic Thinking" The Mindanao Conflict*. Penang: SEACSN.

Abubakar, A. U. (2004). Keeping the Peace-The International Monitoring Team (IMT) in Mindanao. In Askandar, K. & Abubakar, A. (eds.), *The Mindanao Conflict*. Penang: SEACSN.

Abubakar, A. U. (2005). *Keeping the Peace: The International Monitoring Team (IMT) Mission in Mindanao.* Available at: ayesah@seacsn.net. Accessed August 25, 2021.

bubakar, A. (2007). Challenges of Peacebuilding in the GRP-MILF Peace Process. In Askandar, K. & Abubakar, A. (eds.). *Building Peace: Reflections from Southeast Asia*. Penang: SEACSN.

Abubakar, A. U. (2008). In the Neighborhood: Telltales on BDA. Kablalan Peace Monitor, 3(11), 2 & 7. Cotabato City: KAS & IAG. Available at: https://studylib.net/doc/8325698/november-2008---konrad-adenauer. Accessed August 20, 2021.

Abubakar, A. U. (2019). *Peacebuilding and Sustainable Human Development, The Pursuit of the Bangsamoro Right to Self-Determination*. Switzerland: Springer Nature.

Abubakar, A. U. & Askandar, K. (2019). Mindanao. In Ozerdem, A. & Mac Ginty, R. (eds.), *Comparing Peace Processes*. Oxon: Routledge.

Abunales, D. (2016). Peace Journalism: preparing aspiring journalists to value culture of peace. *Asia Pacific Mediator Educator*, *26*(2). Available at: https://journals.sagepub.com/doi/abs/10.1177/1326365X16666851.

Abu-Nimer, M. & Naser, I. (2017). Building Peace Education in the Islamic Educational Context. *International Review of Education*, *63*(2). Available at: https://www.jstor.org/stable/44980089.

Abuza, Z. (2016). *Forging Peace in Southeast Asia: Insurgencies Peace Processes and Reconciliation*. Lanham: Rowman& Littlefield.

Abuza, Z. (2009). *Conspiracy of silence: The insurgency in Southern Thailand.* Washington, DC: United States Institute of Peace Press.

Acar, E. (2019). *The Roles, Functions and Effectiveness of the Third Party Mediation in Peace Processes*. Sosyal Bilimler Enstitüsü.

Acharya, A. (2014). *Constructing a security community in Southeast Asia: ASEAN and the problem of regional order*. Routledge.

Acharya, A. (2019). *Why ASEAN's Indo-Pacific outlook matters*. East Asia Forum. Available at: https://www.eastasiaforum.org/2019/08/11/why-aseans-indo-pacific-outlookmatters/. August 25, 2021.

Acharya, A., & Boutin, J. D. K. (1998). The Southeast Asia Nuclear Weapon-Free Zone Treaty. *Security Dialogue*, *29*(2), 219–230. Available at: https://doi.org/10.1177/096701069802 9002010.

Ackerman, P. & Kruegler, C. (1994). *Strategic Nonviolent Conflict: The Dynamics of People Power in the Twentieth Century*. Greenwood.

Agnon, D.G. (2010). Between Human Rights and Hope: What Israelis might learn from the truth and reconciliation process in South Africa. *Journal International Review of Victimology. 17*, 31-48.

AHA Centre - AHA Centre. (n.d.). Available at: https://ahacentre.org/.

AICHR. (2017). *The ASEAN Intergovernmental Commission on Human Rights (AICHR) Annual Report 2018*. Available at: https://aichr.org/wp-content/uploads/2018/10/Adopted_AICHR_Annual_Report_2018_31072018.pdf.

Alejo, A. (2005). Mapping Identity, Conflict and Solidarity Research and Reflection on the Lumads of Mindanao. In Askandar, K. & Abubakar, A. (eds.). *The Mindanao Conflict*. Penang: SEACSN.

Alexander, J. C. (2012). *Trauma: A social theory* (reprinted). Cambridge : UK ; Malden : MA : Polity, 2012.

AMAN News Agency Facebook Page Anderson, Mary B. (1999). *Do No Harm: How Aid Can Support Peace – Or War*. Boulder, CO: Lynne Rienner Publishers.

Anderson, Mary B. (1999). Do No Harm: How Aid Can Support Peace – Or War. Boulder, CO: Lynne Rienner Publishers.

Aning, K., Brown, M. A., Boege, V. & Hunt, C. T. (2018). *Exploring Peace Formation: Security and Justice in Post-Colonial States*. Abingdon, Oxon & New York: Routledge.

Appiah, M. & Jackson, E. (2015). *Corporate Social responsibility and Human Security in Fragile States - Private Sector Engagement in Peacebuilding*. The Hague Institute for Global Justice.

Arrow, R. (2020). *Gene Sharp: How to Start a Revolution*. United Kingdom: Big Indy Ltd.

ASEAN. (2019). *ASEAN Integration Report 2019*. Jakarta: ASEAN Secretariat.

ASEAN-AIPR. (1976). *Treaty of Amity and Cooperation in Southeast Asia (TAC) – ASEAN-IPR*. Available at: https://asean-aipr.org/resources/treaty-of-amity-and-cooperation-insoutheast-asia-tac/. Accessed February 16, 2021.

ASEAN CSR Network. (2020). *CSR Policy Statement*. Available at: https://www.asean-csr-network.org/c/news-a-resources/csr-policy-statement. Accessed August 21, 2021.

ASEAN Secretariat. (2017). *Overview - ASEAN | ONE VISION ONE IDENTITY ONE COMMUNITY*. Available at: https://asean.org/asean/about-asean/overview/. Accessed April 5, 2021.

ASEAN Secretariat. (2009). *ASEAN Intergovernmental Commission On Human Rights (Terms of Reference) One Vision, One Identity, One Community*. Available at: https://www.asean.org/storage/images/archive/publications/TOR-of-AICHR.pdf.

ASEAN Secretariat. (1976). *Treaty of Amity and Cooperation in Southeast Asia Indonesia*, 24 February 1976. Available at: https://asean.org/treaty-amity-cooperation-southeastasia-indonesia-24-february-1976/. Accessed December 7, 2020.

Ashcraft, M. H., et. al., (2014): *Cognition*. (5th edition). Essex: Pearson Education Limited.

Asia News Channel. (2012). *Aquino: "Bangsamoro", a new entity will replace the ARMM*. Available at: https://youtu.be/ADh7p4SIo_4. Accessed June 24, 2021.

Askandar, K. (1994). ASEAN and Conflict Management: The formative years of 1967–1976. *Pacifica Review: Peace, Security & Global Change*, ***6***(2), 57–69. Available at: https://doi.org/10.1080/14781159408412783.

Askandar, K. (2005). *Peacebuilding in Southeast Asia: Overview, Observations and the Way Forward*, in SEACSN Bulletin, January-June. Penang: Southeast Asian Conflict Studies Network.

Askandar, K. (Ed.). (2005). *Understanding and Managing Militant Movements in Southeast Asia.* Penang: SEACSN.

Askandar, K. (2006), *Budaya Perdamaian Budaya Kita / Our Culture of Peace*. Penang: SEACSN.

Askandar, K. (ed.). (2007). *Building Peace: Reflections from Southeast Asia*. Penang: SEACSN, 2007.

Askandar, K. (2011). Peacetalk: Transforming the Facilitation in the Mindanao Peace Process. Mindanews, February 15, 2011. Available at: https://www.mindanews.com/mindaviews/2010/11/peacetalk-transforming-the-facilitation-in-the-mindanao-peaceprocess-by-kamarulzaman-zam-askandar/. Accessed August 25, 2021.

Askandar, K. & Abubakar, A. (eds.), (2005). *The Mindanao Conflict*. Penang: SEACSN, 2005.

Askandar, K., & Abubakar, A. (2009). *Peace for Mindanao*. Penang: Unit of Research and Education for Peace, Universiti Sains Malaysia and Southeast Asian Conflict Studies Network.

Askandar, K. & Abubakar, A. (eds.). (2009). *Promoting the Peace Dream: Creating and Supporting the Dreamkeepers of Southern Thailand Part 1 & 2*. Penang: SEACSN.

Askandar, K. & Abubakar, A. (2019), Mindanao, in Alpaslan Ozerdam and Roger MacGinty (eds.). *Comparing Peace Processes*. London: Routledge.

Askandar, K. & Ang Ming Chee (eds.). (2005). *Peacebuilding in Aceh: Lessons Learnt from Sri Lanka and Northern Ireland.* Bangkok: Forum Asia.

Askandar, K., Bercovitch, J. & Oishi, M. (2002). "The ASEAN Way of Conflict Management: Old Patterns and New Trends", *Asian Journal of Political Science, 10*(2), 21-42.

Asran Jalal, A. (2019*). Politik Desentralisasi di Indonesia: Pertarungan Kepentingan dalam Proses Perumusan Undang-Undang Nomor 11 Tahun 2006 tentang Pemerintahan Aceh*. Penerbit Penjuru Ilmu.

Auerbach, Y. (2004) The Role of Forgiveness in Reconciliation *In* Bar-Siman- Tov, Y. (2004). *From Conflict Resolution to Reconciliation.* New York: Oxford University Press.

Austin, A., Fischer, M. & Ropers, N. (eds.). (2004). *Transforming Ethnopolitical Conflict. The Berghof Handbook*. Berlin: Berghof Centre for Constructive Conflict Management. Available at: http://www.berghof-handbook.net.

Austin, B., Fischer, M. & Giessmann, H. J. (eds.). (2011). *Advancing Conflict Resolution: The Berghof Handbook II*. Berlin: Berghof.

Aviel, J. F. (1999). The Growing Role of NGOs in ASEAN. *Asia-Pacific Review*, *6*(2), 78–92. Available at: https://doi.org/10.1080/13439009908720018.

Avruch, K. (1998). *Culture & Conflict Resolution*. Washington DC: US Institute of Peace Press.

AWPR. (2020). *Message from the ASEAN Women Peace Registry on the Impact of Covid-19 Pandemic on ASEAN*. Available at: https://asean-aipr.org/resources/message-from-theasean-women-for-peace-registry-awpr-on-the-impact-of-the-covid-19-pandemic-inasean/. Accessed August 19, 2021

Azar, E. E. (1990). *The Management of Protracted Social Conflict: Theory and Cases*. England & USA: Dartmouth Publishing Company.

Azar, E. E. & Burton, J. W. (1986) *International Conflict Resolution: Theory and Practice*. Boulder, CO: Lynne Rienner.

Bacani, B. (2004). *Bridging theory and practice in peace education: The Notre Dame University peace education experience*. Conflict Resolution Quarterly.

Bajpaee, C. (2017, August 10). Growing Extremism as Source of Strategic Instability in Asia. *The Interpreter.* Available at: https://www.lowyinstitute.org/the-interpreter/growingextremism-source-strategic-instability-asia. Accessed October 25, 2021.

Balassa, B. (1994). The Theory of Economic Integration: An Introduction. In *The European Union*. Macmillan Education UK. Available at: https://doi.org/10.1007/978-1-349-23984-9_15.

Bangsamoro Conflict Monitoring System (the Philippines). Available at: https://conflictalert.info/ Barash, D. & Webel, C. (2018). *Peace and Conflict Studies.* Thousand Oaks, California: SAGE.

Barron, P. & Burke, A. (2008). Supporting Peace in Aceh: Development Agencies and International Involvement. *Institute of Southeast Asian. 47.*

Barter, S. J. (2011). Strong State, Smothered Society: Explaining Terrorist Violence in Thailand´s Deep South. *Terrorism and Political Violence, 23*, 213–232.

Baron, R.M. (2008) *Reconciliation, Trust, and Cooperation: Using bottom-up and top-down strategies to achieve peace in the Israeli-Palestinian conflict.* In Nadler, A., Malloy, T., Jeffrey, D.F. (eds.) (2008). New York: Oxford University Press.

Bar-Siman-Tov, Y. (ed.). (2010). *Barriers to Peace: In the Israeli-Palestinian Conflict.* Jerusalem: Jerusalem Institute for Israel Studies.

Bar-Siman-Tov, Y. (2004). *From Conflict Resolution to Reconciliation.* New York: Oxford University Press.

Bar-Tal, D. et al. (2009). A Sense of Self-perceived Collective Victimhood in Intractable Conflicts. *International Review of the Red Cross, 91*(874), 229-258.

Bar-Tal, D. (2009). Reconciliation as a Foundation of Culture of Peace. In de Rivera, J (ed.), *Handbook on Building Cultures of Peace.* Springer Science & Business Media.

Bar-Tal, D. & Bennink, G. H. (2004). The Nature of Reconciliation as Outcome and as a Process. In Bar-Siman-Tov, Y, *From Conflict Resolution to Reconciliation* (pp. 11-38). New York:Oxford University Press.

Bar-Tal, D. (2001). Why Does Fear Override Hope in Societies Engulfed by Intractable Conflict, as it Does in the Israeli Society? *Political Psychology, 22*(3), 601-627.

Bar-Tal, D. (2000). From Intractable Conflict through Conflict Resolution to Reconciliation: Psychological Analysis. *Political Psychology*, *21*(2), 351-363.

Basyar, M. H. (2008). *Aceh Baru: Tantangan Perdamaian dan Reintegrasi*. P2P-Lipi.

Baumeister, R. F. (2001). *Evil: Inside Human Violence and Cruelty*. New York: Owl Book.

Baviera, A., & Maramis, L. (2017). Building ASEAN Community: Political-Security and Socio-cultural Reflections. *Economic Research Institute for ASEAN and East Asia*, *50*(4). Available at: https://www.eria.org/publications/asean-50-volume-4-building-asean-communitypolitical-security-and-socio-cultural-reflections/. Accessed August 25, 2021.

Baylis, J., Smith, S. & Owens, P. (eds.). (2011). *The Globalization of World Politics: An Introduction to International Relations*. Oxford University Press.

BBC News. (2011, July 18). PBB: Tarik pasukan Thailand dan Kamboja. *BBC News*. Available at: https://www.bbc.com/indonesia/dunia/2011/07/110718_thailandcambodiatemple. Accessed August 25, 2021.

BBC (2012). *Philippines and Muslim rebels agree on peace deal*. Available at: https://www.bbc.com/news/world-asia-19860907. Accessed March 11, 2021.

Beck, A. T. (2000). *Prisoners of Hate: The Cognitive Basis of Anger, Hostility, and Violence*. New York & London: Harper Collins Publishers.

Bercovitch J. & Langley, J. (1993). The Nature of the Dispute and the Effectiveness of International Mediation. *Journal of Conflict Resolution, 37*(4), 670-691.

Berdal, M. & Mousavizadeh, N. (2010). Investing for Peace: The Private Sector and the Challenges of Peacebuilding. *Survival Global Politics and Strategy*, (52), 37-58.

Berghof Foundation. (2012). *Berghof Foundation Handbook on Conflict Transformation*. Available at: https://berghof-foundation.org/library/berghof-handbook-for-conflicttransformation. Accessed August 19, 2021.

Berghof Research Center for Constructive Conflict Research: http://www.berghof-center.org/ english.htm.

Bernarding, N. & Austin, B. (2019). *Transforming Conflict, Berghof Glossary on Conflict Transformation and Peacebuilding: 20 essays on Theory and Practice*. Berlin: Berghof Foundation Operations GmbH.

Bloomfield, D., Fischer, M., & Schmelzle, B. (eds.) (2006). *Social change and conflict Transformation*.

Berghof Handbook Dialogue Series, No. 5, Berghof Research Center for Constructive Conflict Management. Available at: http://www.berghof-handbook.net. Accessed August 25, 2021.

Bloomfield, D. (1997). *Peacemaking Strategies in Northern Ireland: Building Complementarity in Conflict Management Theory*. Basingtoke: Palgrave McMillan.

Bloomfield, D. and Reilly, B. (1998) The changing nature of conflict and conflict management. In: Harris, Peter and Reilly, Ben, (eds.) *Democracy and deep-rooted conflict: options for negotiators.* Stockholm: Sweden International IDEA.

Bosetti, L. & Von Einsiedet, S. (2015). *Intrastate-based Armed Conflicts: Overview of Global and Regional Trends (1990-2013)*. United Nations University: Centre for Policy Research.

Boulding, E. K. (1990). Future Directions in Conflict and Peace Studies. In Burton, J. & Dukes, F. (eds.). (1990). *Conflict: Readings in Management and Resolution* (pp.35-47). The MacMillan Press.

Boutros-Ghali, B. (1992) *Agenda for Peace: Preventive Diplomacy, Peacemaking and Peacekeeping.* Report of the UN Secretary-General.

BPA. (2021). *Who we are*. The Business for Peace Alliance. Available at: http://www.bpa-srilanka.com/who-we-are.html. Accessed August 26, 2021.

Braithwaite, J. *et al.* (2010). *Anomie and Violence: Non-Truth and Reconciliation in Indonesian Peacebuilding*. Canberra: ANU E. Press.

Braud, P. A. & Grevi, G. (2005). The EU Mission in Aceh: Implementing peace*. European Union Institute for Security Studies Paris*, *61*.

Brigg, M. (2008). *The New Politics of Conflict Resolution: Responding to Difference.* New York: Palgrave Macmillan.

Brown, M. A. & Aning, K. (2018). Introduction: Seeking Peace in West Africa and the Pacific Island Region - New Direction. In Volkar *et al.* (Eds), *Exploring Peace Formation: Security and Justice in Post-Colonial States in Boege*. London and New York: Routledge.

Brown, M. E., *et al.* (Ed.). (1998). *Theories of War and Peace: An International Security Reader.* MIT Press.

Burgat, R. (trans. Hutchinson, P.). (2008). *Islamism in the Shadow of Al-Qaeda,* Austin: University of Texas Press.

Burton, J. (1990). *Conflict: Resolution and Prevention*, London: Macmillan Business for Peace Alliance website. Available at: http://www.bpa-srilanka.com.

Buszynski, L. (1992). Southeast Asia in the Post-Cold War Era: Regionalism and Security. *Asian Survey, 32*(9), 830–847. Available at: https://doi.org/10.2307/2645074.

Buszynski, L. (2015). Law and Realpolitik The Arbitral Tribunal's Ruling and the South China Sea. In S. Lee, H. Eun Lee, & L. Bautista (eds.), *Asian Yearbook of International Law (Vol. 21)*. Brill. Available at: https://doi.org/10.1163/j.ctvbqs7d3.10.

Caballero-Anthony, M. (2002). Partnership for Peace in Asia: ASEAN, the ARF, and the United Nations. *Contemporary Southeast Asia*, *24*(3), 528-48.

Caballero-Anthony, M. (1998). Mechanisms of Dispute Settlement: the ASEAN Experience. *Contemporary Southeast Asia*, *20* (1): 38-66.

Cabrera, F. B. (2019). More than P1 million package awaits every decommissioned MILF combatant. *Mindanews.* Available at: https://www.mindanews.com/top-stories/2019/08/morethan-p1-million-package-awaits-every-decommissioned-milf-combatant/. Accessed August 20. 2021.

Cairns, E., & Roe, M. D. (2003*). The Role of Memory in Ethnic Conflict.* New York: Palgrave MacMillan.

Canuday, J. F. (2008, August 14). Church leaders, cabinet officials debate on MOA-AD. *MindaNews*. Available at: http://www.mindanews.com/index.php?option=com_ content&task=view&id=4940. Last Accessed November 10, 2009.

Carment, D. & Schnabel, A. (ed.). (2003). *Conflict Prevention: Path to Peace or Grand Illusion?* Tokyo: United Nations University.

Carnegie Commission on Preventing Deadly Conflict. (1997). *Preventing Deadly Conflict*. Washington DC: Carnegie Corporation of New York.

Carreira S. A., *et al.* (2014). *Mainstreaming Peace Education Methodologies, Approaches and Visions. A Practitioner's Manual. European Intercultural Forum e. V. Germany*. Available at: http://unoy.org/wp-content/uploads/Mainstreaming-Peace-Education.pdf. Accessed August 22, 2021.

CDA Collaborative. (2021). *Conflict Sensitivity and Do No Harm*. Available at: https://www.cdacollaborative.org/what-we-do/conflict-sensitivity/. Accessed August 25, 2021.

Chaijaroenwatana, B., *et al*. *The initiative of the inside Peacebuilders platform in the context of the southern Thailand/Patani peace process*. Hat Yai: Prince of Songkla University Press.

Chandra, A. C., Abdulrahim, R., & Ibrahim Almuttaqi, A. (2017). Non-state Actors' Engagement with ASEAN: Current State of Play and Way Forward. In Baviera, A. & Maramis, L. (Ed.), *Building ASEAN Community: Political-Security and Socio-cultural Reflections*. Economic Research Institute for ASEAN and East Asia.

Chapman, N. (2017). Mechanisms of Vietnam's Multidirectional Foreign Policy. *Journal of Current Southeast Asian Affairs*, *36*(2), 31–69. Available at: https://doi.org/10.1177/186810341703600202.

Chernov-Hwang, J. & Schulze, K. E. (2018). Why They join: Pathways into Indonesian Jihadi Organisations. *Terrorism and Political Violence*, *30*(6), 911-932.

Chigas, D. & Woodrow, P. (2009). Envisioning and Pursuing Peace Writ Large. In Schmelzle, B. & Fischer, M. (eds.). (2009). *Peacebuilding at a crossroads? dilemmas and paths for another generation.* Berlin: Berghof Research Center.

Christie, D. J., Wagner, R. V. & Winter, D. D. (2001). *Peace, Conflict, and Violence*. Peace Psychology 21st Century. Library of Congress Cataloguing.

Clements, K. (2004). *Towards conflict transformation and a just peace*. Berghof Research Center for Constructive Conflict Management. Available at: http://www.berghof-handbook.net.

Coleman, P. T. (2011). *The five percent: finding solutions to seemingly impossible conflicts.* New York: Public Affairs.

Coleman, P. (2006). Conflict, Complexity and Change: A meta-framework for addressing protracted, intractable conflicts—III*. Peace and Conflict: Journal of Peace Psychology*, *12*(4), 325-348.

Conciliation Resources (2008). Delivering peace for Aceh: An interview with Martti Ahtisaari*. Accord, 20*, 22. Available at: https://www.c-r.org/accord/aceh-indonesia/deliveringpeace-aceh-interview-president-martti-ahtisaari. Accessed August 29, 2021.

Conflict Research Consortium (CRC). International Online Training Program on Intractable Conflict, Glossary, University of Colorado: http://www.beyondintractability.org

Conflict Resolution Education: www.CREducation.org.

Collier, P. & Hoeffler, A. (2002). On the incidence of civil war in Africa. *Journal of Conflict Resolution*, 46(1), 13-28.

Collins, A. (ed.). (2019). *Contemporary Security Studies (5th edition)*. Oxford & New York: Oxford University Press.

Cozolino, L. (2010). *The Neuroscience of Psychotherapy: Healing the Social Brain (2nd Edition)*. New York: WW Norton & Company.

Crozier, B. (1965). *South-east Asia in Turmoil*. Baltimore: Penguin Books.

Cunliffe, S. *et al*. (2009). *Country case study: Indonesia Negotiating Peace in Indonesia Prospects for Building Peace and Upholding Justice in Maluku and Aceh*. International Center for Transitional Justice (ICTJ).

Curle, A. (1971). *Making Peace*. London: Tavistock.

Curle, A. (1986). *In the Middle: Non-Official Mediation in Violent Situations.* Oxford: Berg.

Curle, A. (1995). *Another Way: Positive Response to Contemporary Conflict.* Oxford: John Carpenter.

Daly, E., & Sarkin, J. (2007). *Reconciliation in Divided Societies: Finding Common Ground.* Philadelphia, PA: University of Pennsylvania Press.

Darmansyah, R., Abubakar, A. & Askandar, K. (2014). *Brief report on the Bangsamoro study trip to Aceh*. Unpublished Report. Penang: REPUSM and JICA.

Daud, M. (2007). Peace Education in the Prospect of Peacebuilding in Aceh, Indonesia. In Askandar, K. (Ed.), *Building Peace: Reflections from Southeast Asia*. Penang: SEACSN.

De Coning, C. (2016). Implications of Complexity for Peacebuilding Policies and Practices. In Brusset, E. & Hughes, B. (ed.), *Complexity Thinking for Peacebuilding Practice and Evaluation*. London: Palgrave Macmillan. Deep South Watch Database (Thailand): https://deepsouthwatch.org/th/dsid/.

Demmer, J. & Ropers, N. (2019). *Averting Humiliation: Dignity, Justice, Trust*. Berlin: Berghof Foundation Operations GmbH.

Deutsch, M. (1987). A theoretical perspective on conflict and conflict resolution. In Dennis J. D. Sandole & Sandole-Staroste, I. (eds.), *Conflict Management and Problem Solving: Interpersonal to International Applications.* New York: New York University Press.

Dispute Resolution in Higher Education Website: www.campus-adr.org.

DM&E for peace website, www.dmeforpeace.org.

Doorn, N. (2008). Forgiveness and Reconciliation in Transitional Justice Practices. *Journal Ethical Perspective*, *15*(3), 381-398.

Dudouet, V. & Schmelzle, B. (eds.). (2010). *Human Rights and Conflict Transformation: The Challenges of Just Peace*. Berghof Handbook Dialogue Series No. 9. Available at: http://www.berghof-handbook.net.

Dozier, R. W. (2003). *Why we hate: Understanding, curbing, and eliminating hate in ourselves and our world*. Chicago, Ill.: McGraw-Hill/Contemporary Books.

Druckman, D. (1986). Stages, Turning Points, and Crises: Negotiating Military Base Rights, Spain and the United States. *Journal of Conflict Resolution*, 30(2), 327–360. Available at: https://doi.org/10.1177/0022002786030002006.

Dudouet, V., Giessman, H. J. & Planta, K. (2012). *From Combatants to Peacebuilders: A Case for Inclusive, Participatory and Holistic Security Transitions*. Policy report, Berlin: Berghof Foundation.

Dunne, T. (2016). 7. Liberalism. In J. Baylis, S. Smith, & P. Owens (Ed.), *The Globalization of World Politics* (7th ed.). Oxford: Oxford University Press. Available at: https://doi.org/10.1093/hepl/9780198739852.003.0007.

Eemeli, I. & Suvi, T. (2013). *From Pre-talks to Implementation: Lessons Learned from Mediation Processes*. Crisis Management Initiative (CMI).

Ellesoe, M. (2017). Child Soldiers Reloaded: The Privatisation of War. *Al Jazeera*. Available at: https://www.aljazeera.com/program/featured-documentaries/2017/5/1/childsoldiers-reloaded-the-privatisation-of-war. Accessed August 21, 2021.

Englander, E. K. (2012). *Understanding violence*. (3rd Edition). New York: Psychology Press.

Engvall, A. *et al*. (ed.) (2020). *Southern Thailand/Patani Understanding the Dimensions of Conflict and Peace*. Bangkok: Peace Resource Collaborative.

Escola de Cultura de Pau. (2018). *Peace Talks Focus 2018. Report on Trends and Scenarios*. UAB: Ulzama.

Facal, G. (2019). Islamic Defenders Front Militia (Front Pembela Islam) and its Impact on Growing Religious Intolerance in Indonesia. *TRaNS Trans-Regional and -National Studies of Southeast Asia*, *8*(1): 1-22.

Faffenholz, T. (2004). *Designing transformation and intervention processes*. Berghof Research Center for Constructive Conflict Management. Available at: http://www.berghofhandbook.net.

Fakih, M. (2013). *Runtuhnya Teori Pembangunan dan Globalisasi*. Jogjakarta: Insist Press.

Farida, E. (2014). Penyelesaian Sengketa Perbatasan Antara Thailand Dan Kamboja Melalui Mekanisme Asean. *Masalah-Masalah Hukum*, *43*(1), 57–66. Available at: https://doi.org/10.14710/mmh.43.1.2014.57-66.

Fearon, J. D. & Laitin, D. D. (2002). Ethnicity, Insurgency, and Civil War. *The American Political Science Review*, *97*(1), 75-90.

Finnemore, M., & Sikkink, K. (1998). Norm Dynamics International and Political Change, *52*(4), 887–917.

Francis, D. (2010). *From Pacification to Peacebuilding: A Call to Global Transformation*. New York: Pluto Press.

Fisher, R. J. & Keashly, L. (1991). The potential complementarity of mediation and consultation within a contingency model of third-party intervention. *Journal of Peace Research*, *28*(1), 29-42.

Fisher, S. *et al*. (2000). *Working with Conflict: Skills & Strategies for Action*. London, UK: Zed Books Ltd.

Fisher, S. *et al.* (2005). *Working with conflict skills and strategies for action*. 3rd Edition. London: Zed Books.

Fisher, S. & Zimina, L. (2009). Just Wasting Our Time? Provocative Thoughts for Peacebuilders. In Fischer, M. & Schmelzle, B., (eds.), *Peacebuilding at a Crossroads: Dilemmas and Paths for Another Generation*. Berghof Handbook Dialogue, Series No. 7. Available at: http://www.berghof-handbook.net.

Freire, P. (1986). *Pedagogy of the Oppressed*. New York: Praeger.

Fuenfgeld, H. (2006). *Integrating Proactive Conflict Transformation into Development Practice: An Introduction to Theories and Practices.* Sri Lanka: SPARK.

Galtung, J. (1964). An Editorial. *Journal of Peace Research*, *1*(1), 1–4. Available at: https://doi.org/10.1177/002234336400100101.

Galtung, J. (1969). Violence, Peace, and Peace Research. *Journal of Peace Research*, *6*(3), 167-191. Available at: https://doi.org/10.1177/002234336900600301.

Galtung, J. (1996). *Peace by Peaceful Means: Peace and Conflict, Development and Civilization*. Oslo: International Peace Research Institute.

Galtung, J. (2004). *Transcend and Transform: An Introduction to Conflict Work*. London: Pluto Press.

Galtung, J. (2015). *World Politics of Peace and War: Geopolitics in Another Key: Geography and Civilizaton*. Hampton Press.

Galtung, J. & Ruge, M. H. (1965). The Structure of Foreign News. *Journal of Peace Research*, *2*(1), 64-91. Available at: http://www.jstor.org/stable/423011.

Ganesan, N. & Amer, R. (2010). *International Relations in Southeast Asia: Between Bilateralism and Multilateralism.* Singapore: Institute of Southeast Asian Studies.

Ganesan, N. (1995). Rethinking ASEAN as a Security Community in Southeast Asia. *Asian Affairs*, *21*(4), 210–226. Available at: http://www.jstor.org/stable/30172234.

Garred, M. (2018). *Weaving Peace in Mindanao: Strong Advocacy through Collective Action.* CDA and Humanity United. Available at: https://www.cdacollaborative.org/wp-content/uploads/2018/11/Mindanao-Final.pdf. Accessed December 10, 2021.

Gerard, K. (2013). From the ASEAN People's Assembly to the ASEAN Civil Society Conference: the boundaries of civil society advocacy. *Contemporary Politics*, *19*. Available at: https://doi.org/10.1080/13569775.2013.835113.

Ghali, B. (1992). *An Agenda for Peace: Preventive Diplomacy, Peacemaking, Peace-keeping: Report of the Secretary-General pursuant to the statement adopted by the Summit Meeting of the Security Council on 31 January 1992*. New York: UN.

Gimeno, J. C. & Monreal, P. (ed.). (1999). *La controversia del desarrollo. Criticas desde la Antropología*. Madrid: Los libros de la Catarata.

Global Partnership for the Prevention of Armed Conflict: Available at: http://www.gppac.net/index.html.

Gobodo-Madikizela, P. (2002). Remorse, Forgiveness, And Rehumanization: Stories from South Africa. *Journal of Humanistic Psychology, 42*(1), 7-32.

GPPAC (2021). Global Partnership for the Prevention of Armed Conflict (GPPAC) Hand-outs for the Gender Training Online [Powerpoint slides]. Personal communication May 6, 2021.

Grace Rebollos (2004). *Launching Statement of Mindanao Peaceweavers* [Speech Transcipt]. Cotabato City.

Graf, A., Schroter, S. & Wieringa, E. (2010). Aceh: History, Politics and Culture. *Institute of Southeast Asian Studies, 390.*

Gunaratna, R. (2007). Terrorism in Southeast Asia: Threat and Response. In Chaliand, G. & Blin, A. (eds.), *The History of Terrorism: From Antiquity to Al Qaeda* (pp. 420-434). Berkeley: University of California Press.

Gurr, T. (1970). *Why Men Rebel.* Princeton: NJ: Princeton University Press.

Gurr, T. (1993). *Minorities at Risk: A Global View of Ethnopolitical Conflict*. Washington DC: USIP.

Gurr, T. (2000). *People Versus States: Minorities at Risk in the New Century.* Washington DC: USIP.

Haacke, J. (2009). The ASEAN Regional Forum: From Dialogue to Practical Security Cooperation? *Cambridge Review of International Affairs, 22*(3), 427–449. Available at: https://doi.org/10.1080/09557570903104057.

Hamber. B. (2009). *Transforming Societies After Political Violence*. New York: Springer.

Hamber, B. (2007). Forgiveness and Reconciliation: Paradise lost or pragmatism. *Peace And Conflict, Journal of Peace Psychology. 13*(1), 115-125.

Hanara, D., *et al*. (2019). *A DECADE IN REVIEW: Assessing the Performance of the AICHR to Uphold the Protection Mandates*. Available at: https://www.forum-asia.org/uploads/wp/2019/06/AFreviewdecadeFAR1-1.pdf. Accessed August 20, 2021.

Hara, A. E. (2019). The struggle to uphold a regional human rights regime: the winding role of ASEAN Intergovernmental Commission on Human Rights (AICHR). *Revista Brasileira de Política Internacional, 62*(1). Available at: https://doi.org/10.1590/0034-7329201900111.

Hara, A. E. (2018). The Concerns and Sustainability of ASEAN Intergovernmental Commission on Human Rights (AICHR). Sustainable Future for Human Security, pp. 49–59. Available at: https://doi.org/10.1007/978-981-10-5433-4_4.

Hara, A. E. (2007). Transnational threats to ASEAN security: A plea to renew the spirit of cooperation. *Journal of International Studies, 3*, 16–42.

Harris, I. (2004). Peace education theory. *Journal of Peace Education*, *1*(1), 5-20. DOI:10.1080/174 0020032000178276.

Hayton, B. (2014). *The South China Sea: The Struggle for Power in Asia,* London: Yale University Press.

HDN, UNDP & NZAID (2005). *Philippines Human Development Report: Peace Human Security and Human Development in the Philippines*. Quezon City: HDN, UNDP & NZAID.

Healey, J. (ed.). (2017). *Countering Terrorism and Violent Extremism.* Australia: Spinney Press.

Heidelberg Institute for International Conflict Research (HIIC). (2020). *Conflict Barometer 2019.* Heidelberg: HIIK.

Hernandez, A. & Hernandez, B. (2010). *Building Capacity on Conflict Management and Peace Building for the Military*. Available at: https://balaymindanaw.org/main/programsand-strategies-bmfi/building-capacity-on-conflict-management-and-peace-buildingfor-the-military/. Accessed June 24, 2021.

Hill, H. & Menon, J. (2010). *ASEAN Economic Integration: Features, Fulfillments, Failures and the Future (No. 69)*. Asian Development Bank. Available at: https://think-asia.org/handle/11540/1581.

Hiscock, D. & Dumasy, T. (2012). *From Conflict Analysis to Peacebuilding Impact: Lessons from the People´s Peacemaking Perspectives Project*. London: Conciliation Resources, Saferworld.

Hoang, A. T. (1996). ASEAN Dispute Management: Implications for Vietnam and an Expanded ASEAN. *Contemporary Southeast Asia*, *18*(1), 61-80.

Homepage - ASEAN-IPR. (n.d.). Retrieved December 16, 2020, from https://asean-aipr.org/ICG. (2011). *Waging Peace: ASEAN and the Thai-Cambodian Border Conflict | Crisis Group*. Brussells. Available at: https://www.crisisgroup.org/asia/south-east-asia/thailand/waging-peace-asean-and-thai-cambodian-border-conflict.

Homer-Dixon, T. (1994). Environmental Scarcities and Violent Conflict: Evidence from Cases. *International Security*, *16*(1), 4-40.

Honer, Stanley M., *et al* (2006). *Invitation to Philosophy: Issues and Options* (10th Edition). Wadsworth: Thomson Learning Inc.

Hoyner, P. (2011). *Unspeakable Truths: Transitional Justice and the Challenges of Truth Commissions.* Auflage, New York, NY and Abington: Routledge.

Huemer, M. (ed.). (2002). *Epistemology: Contemporary Readings*. London & New York: Routledge.

Hughes, C. (2003). *The Political Economy of Cambodia's Transition, 1991-2001*. London & New York: RoutledgeCurzon.

Huyse, L. (2003). *Reconciliation after Violent Conflict: A Handbook*. International IDEA.

Iqbal,M. (2018). *Negotiating Peace, An Insider's Perspective on the Bangsamoros' Struggle for Self-Determination*. Siem Riep: The Centre for Peace and Conflict Studies.

Ingram, H. J., Whiteside, G. & Winter, C. (2020). *The ISIS Reader: Milestone Texts of the Islamic State Movement.* New York: Oxford University Press.

Institute of Autonomy and Governance. (2008). *Enhancing the Role of the Military in Building Peace: A Special Report on Peacebuilding Training Program for the Philippine Marine Corps.* Cotabato City: IAG, BMFI, AUSAID & Philippine Marine Corps. Available at: www.iag.org.ph. Accessed August 25, 2021.

Institute of Autonomy and Governance, www.iag.org.ph.

Intal, P. *et al.* (2016). Voices of ASEAN: What Does ASEAN Mean to ASEAN people? In Baviera, A. & Maramis, L. (Ed.). ERIA. Available at: https://www.eria.org/ASEAN_at_50_2.1_Integrative_final.pdf. Accessed August 25, 2021.

International Crisis Group (ICG). (2017). *Jihadism in Southern Thailand: A Phantom Menace. Asia Report No 291*, 8 November. Belgium: International Crisis Group.

International Conflict Research: http://www.incore.ulst.ac.uk/.

International Institute on Sustained Dialogue (Sustained Dialogue Campus network): http://www.sustaineddialogue.org/.

Irewati, A. (2016). Meninjau Mekanisme Penyelesaian Sengketa Perbatasan Di Asean Reviewing The Mechanism Of Border Disputes Settlement in ASEAN. *Jurnal Penelitian Politik*, *11*. Available at: https://doi.org/10.14203/JPP.V11I1.190.

Irwin, C. (2002). *The People's Peace Process in Northern Ireland*. Hampshire & New York: Palgrave Macmillan.

Ishikawa. S., & Quilala, D. (2018). The Protracted Crisis in Mindanao: Japan's Cooperation and Human Security. In *Human Security and Cross-Border Cooperation in East Asia*. Cham: Palgrave Macmillan.

Ishikawa, S. (2017). *A New Perspective on Conflict Resolution in Asia: Integration of Peace and Development for the Philippines*. JICA Research Institute Working Paper Series. June. No.155.

Jackson, L. M. (2013). *The Psychology of Prejudice: From Attitudes to Social Action*. (2nd Printing). London, American Psychological Association.

Jake, L. (2015). Peace journalism: Theoretical and methodological developments. *Global Media and Communication*, *11*(3), 193-199.

Janoff-Bulman, R. & Werther, A. (2008). The Social Psychology of Respect: Implications for Deligitimization and Reconciliation. In Nadler, A., Malloy, T. E. & Jeffrey, D. F. (2008). *The Social Psychology of Intergroup Reconciliation*. New York: Oxford University Press.

Jarstad, A. K. & Timothy D. S., (eds.). (2008). From War to Democracy: Dilemmas of Peacebuilding. *Journal of Peace Research,* *47*(4): 514–515. Available at: https://doi.org/10.1177/00223433100470041112.

Jeong, H. W. (2010). *Conflict Management and Resolution*. New York: Routledge.

Jory, P. (ed.). (2013). *Ghosts of the Past in Southern Thailand-Essays on the History and Historiography of Patani*. Singapore: NUS Press.

Jubair, S. (2007). *The Long Road to Peace: Inside the GRP-MILF Peace Process*. Davao City, Philippines: Institute of Bangsamoro Studies.

Kaldor, M. (2006). *New & Old Wars: Organized Violence in a Global Era*, 2nd Edition. Cambridge: Polity.

Kant, I. (2003). *To Perpetual Peace: A Philosophical Sketch*. Indianapolis: Hackett Publishing Company.

Käufer, S., & Chemero, A. (2015). *Phenomenology: An Introduction*. Cambridge & New York: Polity Press.

Kelman, H. C. (1999). Experiences from 30 Years of Action Research on the Israeli-Palestinian Conflict. In Spillman, K. P. & Wenger, *A. Zerteschit lichehinter grundeaflueller konflikte VII: Zurcher Beitragezur Sichenheitspolitik und Konflikt for Schung 1999. No. 54.* (pp.173-97).

Kelman, H. C. (1999) The Interdependence of Israeli and Palestinian National Identities: The Role of the Other in Existential Conflicts. *Journal of Social Issues, 55*(3).

Kemlu. (2011). *ASEAN Community in a Global Community of Nations" Bali Declaration on ASEAN Community In A Global Community of Nations.* BALI CONCORD III.

Kingsbury, D. (2005). A Mechanism to end conflict in Aceh. *Security Challenges, 1*(1), 73-88.

Kingsbury, D. (2006). *Peace in Aceh: A personal Account of the Helsinki Peace Process.* Jakarta: Equinox Publishing.

Kingsbury, D. (2010). The Aceh Peace Process. In Arndt G. et al, *Aceh: History, Politics and Culture.* ISEAS-Yusof Ishak Institute.

Kivimaki, T. (2012). Southeast Asia and conflict prevention. Is ASEAN running out of steam? *The Pacific Review*, *25*(4), 403-427.

Koh, T., Manalo, R. G., & Woon, W. (2009). *The Making of the ASEAN Charter*. Co-Published with NUS & Institute of Policy Studies, Singapore. Available at: https://doi.org/10.1142/6978.

Koh, T., Manalo, R. G. & Woon, W. (2009). Drafting ASEAN's Tomorrow: The Eminent Persons Group and the ASEAN Charter. In Koh, T., Manalo, R. G. & Woon, W, *The Making of the ASEAN Charter,* (pp. 37–46). Co-Published with NUS & Institute of Policy Studies, Singapore. Available at: https://doi.org/10.1142/9789812833914_0004.

Koh, T*., et al*. (2009). Facing Unfair Criticisms. In In Koh, T., Manalo, R. G. & Woon, W, *The Making of the ASEAN Charter*, (pp. 17–26). Co-Published with NUS & Institute of Policy Studies, Singapore. Available at: https://doi.org/10.1142/9789812833914_0002.

Körppen, D., Schmelzle, B. & Wils, O. (2008), *A Systemic Approach to Conflict Transformation: Exploring Strengths and Weaknesses*. Berlin: Berghof Foundation. Available at: https://berghof-foundation.org/library/a-systemic-approach-to-conflict-transformationexploring-strengths-and-limitations. Accessed August 25, 2021.

Korppen, D., Schmelzle, B., Wils, O. (eds.). (2008). *A Systemic Approach to Conflict Transformation: Explaining Strengths and Limitations*. Berghof Handbook Dialogue Series, No. 6, Berghof Research Center for Constructive Conflict Management. Available at: http://www.berghof-handbook.net

Kraybill, R. (1995). The Cycle of Reconciliation. *Conciliation Quaterly. 14*(3), 7-8.

Kriesberg, L. (2007). Reconciliation: Aspects, Growth, and Sequences. *International Journal of Peace Studies, 12*(1), 1-21.

Kulat, I. (2021). Interview with local activist in Mindanao, unpublished.

Kurniawan, R.A. (2016). Peran Crisis Management Initiative (CMI) Dalam Resolusi Konflik Antara Gerakan Aceh Merdeka (GAM) dan Pemerintah Indonesia Tahun 2005-2012*. Global dan Policy, 4*(1).

Kusago, T. (2005). Post-conflict pro-poor private-sector development: The case of Timor-Leste. *Development in Practice*, *15*(3-4), 502-513.

Laue, J. & Cormick, G. (1978). The Ethics of Intervention in Community Disputes. In Bermant, Kelman, & Warwick (Ed.), *The Ethics of Social Intervention*. Washington: Halsted Press.

Leach, M. & Kingsbury, D. (eds.). (2013). *The Politics of Timor Leste: Democratic Consolidation after Intervention*. Southeast Asia Program Publications.

Lebow, R. N. (2016). 2. Classical Realism. In T. Dunne, M. Kurki, & S. Smith (Ed.), *International Relations Theories* (4th Edition). Oxford: Oxford University Press. Available at: https://doi.org/10.1093/hepl/9780198707561.003.0003.

Lederach, J. P. (1995). Conflict transformation in protracted internal conflicts: The case for a comprehensive framework. In Rupesinghe, K. (ed.), *Conflict Transformation.* London: St. Martin's Press.

Lederach, J. P. (1995). *Preparing for Peace: Conflict Transformation Across Culture.* NY: Syracuse University Press.

Lederach, J. P. (1997). *Building Peace: Sustainable Reconciliation in Divided Societies*. Washington: United States Institute for Peace.

Lederach, J. P. (1999). *The Journey Toward Reconciliation*. Scottdale, PA: Herald Press.

Lederach, J. P. (2003). *The Little Book of Conflict Transformation.* Intercourse, PA: Good Books.

Lederach, J. P. (2010). *The Moral Imagination: The Art and Soul of Building Peace*. Oxford: Oxford University Press.

Lederach, J. P., & Lederach, A. J. (2010). *When Blood and Bones Cry Out.* Journeys through the Soundscape of Healing & Reconciliation. New York: Oxford University Press.

Lederach, J. P. (2013). *Building peace: Sustainable reconciliation in divided societies* (10$^{th}$ printing). Washington DC: USIP

Lederach, J. P. (2014). *Reconcile: Conflict transformation for ordinary Christians*. Harrisonburg, VA: Herald Press.

Leifer, M. (1973). Continuity and Change in Indonesian Foreign Policy. *Asian Affairs*, *4*(2), 173–180. Available at: https://doi.org/10.1080/03068377308729666.

*Letters to a Young Mediator* (2015), Swisspeace and Ministry of Foreign Affairs, Switzerland.

Levinger, M. (2013). *Conflict Analysis: Understanding Causes, Unlocking Solution*. Washington DC: United States Institute of Peace.

Li, M. (2014). Managing Security in the South China Sea: From DOC to COC | Kyoto Review of Southeast Asia. *Kyoto Review of Southeast Asia*, *15*. Available at: https://kyotoreview.org/issue-15/managing-security-in-the-south-china-sea-from-doc-to-coc/.

Licklider, Roy. (2001). Obstacles to Peace Settlements. In Crocker, C., Hampson, F. O., Aall, P. (2002) Turbulent Peace: The Challenges of Managing International Conflict. Washington DC: USIP. Available at: DOI:10.4337/9781848448421.00026.

Lingga, A. S. M. (2007). *The Aceh peace process and lessons for Mindanao*. Cotabato City: Institute for Autonomy and Governance.

Long, W.J. & Brecke, P. (2003). *War and Reconciliation, Reason and Emotion in Conflict Resolution*. Massachusetts: The MIT Press.

LSE-University of Sydney. (2019). in the Website of WPS National Action Plans. Available at: https://www.wpsnaps.org/report/. Accessed August 24, 2021.

Lubis, T.I. (2003). *Laporan Evaluasi Baku Bae*. Jakarta. Oxfam.

Lynch, J. (2015). Peace Journalism: Theoretical and Methodological Developments. *Global Media and Communication, 11*(3), 193–199. Available at: https://doi.org/10.1177/1742766515606297.

Lynch, J. & McGoldrick, A. (2005). *Peace Journalism*. Stroud, Gloucestershire: Hawthorn Press.

Mac Ginty, R. (2011). *International Peacebuilding and Local Resistance: Hybrid forms of peace*. Basingstoke: Palgrave.

Mackie, J. A. C. (1974). *Konfrontasi : the Indonesia-Malaysia dispute, 1963-1966*. Kuala Lumpur: Oxford University Press.

Macy, M. (ed.). (1987). *Solutions for a Troubled World*. Boulder, CO: Earthview Press. Cárdenas, M. L. & Olivius, E. (2021) Building Peace in the Shadow of War: Women-to-Women Diplomacy as Alternative Peacebuilding Practice in Myanmar, Journal of Intervention and Statebuilding, 15:3, 347-366,

Majumdar, M. (2015). The ASEAN Way of Conflict Management in the South China Sea. *Strategic Analysis*, *39*(1), 73-87.

Malik, I. (2017). *Resolusi Konflik: Jembatan Perdamaian*. Jakarta: Penerbit Kompas.

Martin, B. (1989). Gene Sharp's Theory of Power. *Journal of Peace Research*, *26*(2), 213-222.

Martínez Guzmán, V. (2001). *Filosofía para hacer las paces*. Barcelona: Icaria editorial.

Mason S., Siegfried M. (2007). *Mediation and Facilitation in Today's Peace Process: Centrality of Commitment, Coordination and Context*. Presentation of Ambassador Thomas Greminger, OIF mediation retreat 15-17 Feb. 2007.

Mastura, M. D. (2012). *Bangsamoro Quest: The Birth of the Moro Islamic Liberation Front.* Penang: SEACSN.

McCants, W. (2015) *The ISIS Apocalypse: The History, Strategy, and Doomsday Vision of the Islamic State.* New York: St. Martin Press.

McCargo, D. (2014). *Southern Thailand: from conflict to negotiations.* Lowy Institute. Available at: https://www.lowyinstitute.org/publications/southern-thailand-conflict-negotiations. Accessed August 20, 2021.

McCargo, D. (2012). *Mapping National Anxieties: Thailand's Southern Conflict*. Copenhagen: NIAS Press.

McGrew, L. & Worden, S. (2017). *Lessons from Cambodia's Paris Peace Accords for Political Unrest Today.* US Institute of Peace.

Miall, H. (2004). *Conflict transformation: A Multi-Dimensional Task*. Berghof Research Center for Constructive Conflict Management. http://www.berghof-handbook.net.

Miall, H. (1992) *The Peacemakers: Peaceful Settlement of Disputes since 1945*. New York: St Martin's Press.

Millhouse, H. (2009). The Place to Peace. Peace Prints. *South Asian Journal of Peacebuilding, 2*(1), 39-63.

Mitchell, Christopher R. 2003. Mediation and the Ending of Conflicts, in: John Darby and Roger Mac Ginty (eds.). *Contemporary Peacemaking: Conflict, Violence and Peace Processes*. Basingstoke: Palgrave Macmillan, 77-87.

Mitchell, C. R. (1981). *The Structure of International Conflict*. New York: St. Martin's Press.

Mitchell, C. R. (1995). *Cutting Loses: Reflections on Appropriate Timing.* Fairfax, VA: George Mason University.

Mitrany, D. (1948). The Functional Approach to World Organization. *International Affairs, 24*(3), 350–363. Available at: https://doi.org/10.2307/3018652.

MOFA. (2007). Everlasting Friendship and Far-reaching Partnership: Towards a Common Future. Joint Statement in Conjunction with the 50th Anniversary of Japan-Malaysia Diplomatic Relations. Available at: http://www.mofa.go.jp/region/asia-paci/pmv0708/joint-4.html. Accessed 24 June, 2021.

MOFA. (2006). Japan Takes a More Active Role in the Mindanao Peace Process: Dispatch of Japanese Personnel to the International Monitoring Team. Available at: http://www.mofa.go.jp/region/asia-paci/philippine/meet0607.html. Accessed 23 June, 2021.

Mohamedou, M. O. (2007). *Understanding Al Qaeda: The Transformation of War*. London: Pluto Press.

Molnar, A. K. (2009). *Timor Leste: Politics History and Culture*. London: Routledge.

Montesano, J. M. & Jory, P. (ed.). (2008). *Thai South and Malay North: Ethnic Interactions on a Plural Peninsula*. Singapore: NUS Press.

Montiel, C. J. & Noor, N. M. (eds.). (2009). *Peace Psychology in Asia*. Springer. New York: Peace University Press.

Morfit, M. (2012). Managing Risk: Aceh the Helsinki Accords and Indonesia's democratic development. *In Daly, P., Feener, R.M., Reid, A. (2012).* From the Ground Up: Perspectives from Post-Tsunami and Post-Conflict Aceh. Singapore: ISEAS.

MPI (2021). *A history of MPI*. Available at: https://www.mpiasia.net/aboutus/a-history-of-mpi.html. Accessed June 24, 2021.

Mujiburrahman, M. (2018). Roles of the Crisis Management Initiative (CMI) in Aceh's Reconciliation to Strengthen Indonesia's National Integration After Tsunami in 2005*. Journal of Maritime Studies and National Integration, 2*(2), 101-107.

Muluk, H. & Malik, I. (2009). Peace Psychology of Grassroots Reconciliation: Lesson Learned from the "Baku Bae" Peace Movement. In Montiel, C. J. & Noor, N. M. (Ed.), *Peace Psychology in Asia* (pp.85-104). New York: Peace University Press.

Muluk, H. (2004). *Ingatan Kolektif dan Rekonsiliasi.* Dissertation was not published. Universitas Indonesia.

Murad, E. (2012). *Speech of the Chairman of the MILF during the Signing of the Framework Agreement on the Bangsamoro*. Available at: https://www.officialgazette.gov.ph/2012/10/15/speech-of-the-chairman-of-the-milf-during-the-signing-of-theframework-agreement-on-the-bangsamoro-october-15-2012/. Accessed March 11, 2021.

Nabila, A. R. & Sulisyo, W. D. (2020). *Penyelesaian Konflik Aceh pada Masa Pemerintahan Susilo Bambang Yudhoyono-Jusuf Kalla.*

Natalegawa, M. (Ed.). (2018). From State-centric to People-centred ASEAN. In *Does ASEAN Matter?: A View from Within* (pp. 164–227). ISEAS–Yusof Ishak Institute.

National Violence Monitoring System (Indonesia): http://snpk.kemenkopmk.go.id/.

Navarro-Castro, L. (2020). Peace Education in the Philippines: My Journey as a Peace Educator and Some Lessons Learned. *The Journal of Social Encounters*, *4*(2), 90-95. Available at: https://digitalcommons.csbsju.edu/social_encounters/vol4/iss2/8.

Nilsen, M. (2012). *Negotiating Thainess: Religious and National Identities in Thailand's Southern Conflict*. Lund: Media-tryck, Lund University.

Noor, M., Brown, R. & Prentice, G. (2008). Prospect for Intergroup Reconciliation: Social-Psychological Predictors of Intergroup Forgiveness and Reparation in Northern Ireland and Chile. In Nadler *et al.* (eds.), *The Social Psychology of Intergroup Reconciliation (*pp. 97-116). New York: Oxford University Press.

Ochiai, N. (2020). *Peace and Development in Mindanao: The Long Road to Peace Through Trust*. Tokyo: JICA Ogata Sadako Research Institute for Peace and Development.

O'Dea, J. (2005). *Social healing: Herald of a shift in human consciousness. Consciousness and Healing: Integral Approaches to Body-Mind Medicine*. Missouri: Elsevier Churchill Livingstone.

OECD. (2009). *Preventing Violence, War and State Collapse: The Future of Conflict Early Warning and Response.* Paris: OECD/DAC.

Oren, N. & Bar-Tal. D. (2006). Ethos and Identity: Expressions and changes in the Israeli Jewish society. *Estudios de Psicologia*, *27*(3), 1-24.

Parameswaran, P. (2020). What's next for the Philippines Communist Insurgency under Duterte? *The Diplomat*, March 31, 2020. Available at: https://thediplomat.com/2020/03/whatsnext-for-the-philippines-communist-insurgency-under-duterte/. Accessed August 29, 2021.

Parameswaran, P. (2018). What's in the New Thailand-Cambodia Border Checkpoint? *The Diplomat*. Available at: https://thediplomat.com/2018/04/whats-in-the-new-thailandcambodia-border-checkpoint/. April 3. Accessed October 26, 2021.

Paris, R & Timothy, D. S. (2009). *The Dilemmas of Statebuilding: Confronting The Contradictions of Postwar Peace Operations*. London & New York: Routledge.

PCOO, (2018). President Duterte leads groundbreaking of new military camp in Marawi. Available at: https://pcoo.gov.ph/news_releases/president-duterte-leads-groundbreaking-newmilitary-camp-. Accessed August 20, 2021.

Peace Survey Network. (2019). *7 Policy Recommendations for the Deep South/Patani: Policy recommendations for political parties concerning the Southern Border Provinces*. European Union and Sasakawa Peace Foundation.

Pérez, J. (2009). *Lessons of Peace in Aceh: Administrative Decentralization and Political Freedom as a Strategy of Pacification in Aceh*. International Catalan Institute for Peace, Working Paper, 2009 (2009/9).

Perez, J. (2007). Lessons an Indigenous Culture Brings: A Peaceful Conflict Resolution Experience of the Talaandig Tribe in Southern Philippines. In Askandar, K., *Building Peace Reflections from Southeast Asia*. Penang: SEACSN.

Peter, S. (2006). *The Fifth Discipline. The Art & Practice of the Learning Organization*. New York: Bantam Doubleday.

Philpott, D. (2012). *Just and Unjust peace: An Ethic of Political Reconciliation*. Oxford University Press.

Pindavanija, E. (2018). *"Conflict and Violent Conflict Prevention Theories". Principle of Conflict Management by Peaceful Means* (pp. 2-17). Bangkok: King Prajadhipok's Institute.

Pindavanija, E., *et al*. (2017). Social Healing Factors and Process that Lead to Reconciliation and Forgiveness: The Studies of Thailand Socio-political Violence Conflict over a Decade. In Proceedings of the 13th International Conference on Thai Studies *"Globalized Thailand?" Connectivity, Conflict, and Conundrums of Thai Studies* (pp. 1220-1237).

Pindavanija, E. & Ouaprachanon, R. (2018). Handout for Conflict Transformation and Conflict Analysis. (Unpublished Material).

Pirozzi, N. & Helly, D. (2012). *Aceh Monitoring Mission: A New Challenge for ESDP*.

Pratiwi, E. A. (2019). Campur Tangan Asing di Indonesia: Crisis Management Initiative dalam Penyelesaian Konflik Aceh (2005-2012). *Historia: Jurnal Pendidik dan Peneliti Sejarah, 2*(2), 83-90.

Ramsbotham, O. (2010). *Transforming Violent Conflict: Radical Disagreement, Dialogue and Survival.* London: Routledge.

Ramsbotham, O., and Woodhouse, T. (1996) *Humanitarian Intervention in Contemporary Conflict*. Cambridge: Polity Ramsbotham, O., Woodhouse, T., & Miall, H. (2011). *Contemporary Conflict Resolution.* (3rd Edition). Cambridge, Mass: Polity Press.

Ramsbotham, O., Woodhouse, T. & Miall, H. (2015). *The Contemporary Conflict Resolution Reader*. London: Polity Press.

Ramsbotham, O., T. Woodhouse & Miall, H. (2016). *Contemporary Conflict Resolution.* (4th edition). London: Polity Press.

Ramcharan, B. & Ramcharan, R. (2020). *Conflict Prevention in the UN's Agenda 2030: Development, Peace, Justice and Human Rights.* Switzerland: Springer.

Rebollos, G. (2004). Launching Statement of Mindanao Peaceweavers [Speech Transcript]. Cotabato City, October 4, 2004.

Reimann, C. (2004). Assessing the state-of-the-art in conflict transformation. Berghof Research Center for Constructive Conflict Management. Available at: http://www.berghofhandbook.net.

Rapoport, A. (1989). *The Origins of Violence*. New York: Paragon House.

Rappler (2015). *Timeline: Mamasapano Massacre*. Available at: https://www.rappler.com/nation/timeline-mamasapano-clash. Accessed August 19, 2021.

Ravenhill, J. (2008). Fighting irrelevance: an economic community 'with ASEAN characteristics.' *The Pacific Review, 21*(4), 469–488. Available at: https://doi.org/10.1080/09512740802294697.

Reardon, B. & Snauwaert, D. (2015). In Betty A. R., *Key Text in Gender and Peace*. Springer.

Reimann, C. (2004). Assessing the state-of-the-art in conflict transformation. Berghof Research Center for Constructive Conflict Management. Available at: http://www.berghofhandbook.net.

Research Center for Peacebuilding. (2009). *Community in the Time of Conflict: Dynamic of Development*. Bangkok: Samlada.

Reyes, C. H. (2015). Philippines Polling the Peace Process. The Asia Foundation Website. Available at: https://asiafoundation.org/2015/09/09/philippines-polling-the-peaceprocess/. Accessed May 12, 2021.

Richmond, O. P. (2011). *A Post-Liberal Peace*. Abingdon: Routledge.

Richmond, O. P. (2012). Beyond Local Ownership and Participation in the Architecture of International Peacebuilding, *Ethnopolitics*. *11*(4).

Richmond, O. P. (2013). Failed statebuilding versus peace formation. *Cooperation and Conflict, 48*(3), 378–400. Available at: https://doi.org/10.1177/0010836713482816.

Richmond, O. P. (2016). *Peace formation and political order in conflict affected societies*. Oxford & New York: Oxford University Press.

Richmond, O. P. & Mitchell, A. (2012). *Hybrid Forms of Peace from Everyday Agency to Post-Liberalism*. Houndmills: Palgrave Macmillan.

Richmond, O. P. & Mitchell, A., (2016). *Hybrid Forms of Peace*. New York: Palgrave and MacMillan.

Richardson, L. F. (1960). *Arms and insecurity: A mathematical study of the causes and origins of war*. Boxwood Press.

Ricigliano, R. (2003). Networks of Effective Action: Implementing an Integrated Approach to Peacebuilding. *Security Dialogue, 34*(4).

Ridley-Duff, R. & Bennett, A. (2011). Towards Mediation: Developing a Theoretical framework to Understand alternative dispute resolution. I*ndustrial Relations Journal, 42*(2). Available at: https://doi.org/10.1111/j.1468-2338.2011.00614.x.

Rivera, J.D. (2009). *Handbook on Building Cultures of Peace*. USA. Springer.

Rojas, M. *et al*. (2004) *The Roots of Behaviour: Understanding and Preventing IHL Violation*. Geneve: ICRC.

Rood, S. (2005). *Forging Sustainable Peace in Mindanao: The Role of Civil Society*. Hawaii: East West Centre.

Ropers, N. (2008). *Systemic Conflict Transformation: Reflections on the Conflict and Peace Process in Sri Lanka in Berghof Handbook Dialogue Series No.6*. Available at : https://berghof-foundation.org/library/systemic-conflict-transformation-reflections-on-theconflict-and-peace-process-in-sri-lanka. Accessed August 25, 2021.

Ropers, N. & Anuvatudom, M. (2014). A Joint Learning Process for Stakeholders and Insider Peacebuilders: A Case Study from Southern Thailand. *Asian Journal of Peacebuilding*, *2*(2), 277-296.

Ropers, N. (2021). The Peace Process Flowchart. Unpublished Diagram.

Roque, E. (2019). BARMM 'realization' of Moro Dreams and End Armed Struggle: PRRD. (February 22). *Philippines News Agency.* Available at : https://www.pna.gov.ph/articles/1062747. Accessed August 29, 2021.

Rupesinghe, K. (1996). *General Principles of Multi-track Diplomacy*. London : MacMillan.

Ryan, S. (2013). The Evolution of Peacebuilding. In Roger, M. C. (ed.), *Handbook of Peacebuilding*. London & New York: Routledge.

Sani, M. A. M. & Hara, A. E. (2013). ASEAN Paradigm Shift from a State to People-Oriented Organization: A Neo-Communitarian Perspective. *Japanese Journal of Political Science, 14*(3). Available at: https://doi.org/10.1017/S1468109913000157.

Santos, S. M. Jr. (2003). *Malaysia's Role in the Peace Negotiations Between the Philippine Government and the Moro Islamic Liberation Front*. Peace and Conflict Research Report No. 2. Penang: SEACSN & SIDA.

Santoso, A. F. & Khisbiyah, Y. (2021). Islam Based Peace Education: Values, Program and Implications. *Indonesian Journal of Islam and Muslim Societies, 11*(1), 185-207. doi: 10.18326/ijims.v11i1. 185-207.

Santoso, A. (2005). A Crucial Element in the Aceh Peace Talks. *The Jakarta Post*.

Sauvy, A. (1952). Trois mondes, une planète. *L'Observateur politique, économique et littéraire, 118*, 14.

Schiff, A. (2013). On Success in Peace Processes: Readiness Theory and the Aceh Peace Process. *Peace and Conflict Studies, 20*(1), 27-57.

Schirch, L. (2013). *Conflict Assessment and Peacebuilding Planning: Toward a Participatory Approach to Human Security*. Boulder, CO: Kumarian Press.

Schmelzle, B. & Fischer, M. (eds.) (2009). *Peacebuilding at a Crossroads: Dilemmas and Paths for Another Generation*. Berghof Handbook Dialogue, Series No. 7. Available at: http://www.berghof-handbook.net.

Schulze, K. E. (2009). *The Aceh Monitoring Mission*. European Security and Defence Policy.

Sen, A. (2007). *Identity and Violence: The Illusion of Destiny*. Penguin Books India.

Sen, V. (2009). *Trust and Conflict Transformation an Analysis of the Baku Bae Movement in Indonesia*. Costa Rica: University for Peace.

Septiari, D. (2019). Indonesia, Vietnam Speed Up EEZ Delimitation. *The Jakarta Post.* June 24 Setnas ASEAN. (2019, November 15*). Myanmar Dukung Inisiatif ASEAN Percepat Proses Repatriasi Rohingya.* Available at: http://setnas-asean.id/news/read/myanmar-dukung-inisiatifasean-percepat-proses-repatriasi-rohingya-tapi. Accessed December 10, 2020.

Sharp, G. (2012). *From Dictatorship to Democracy: A Conceptual Framework for Liberation*. The New Press.

Sing, C. C. (2018). *A Resilient and Future-Ready ASEAN*. ASEAN Economic Integration Brief No. 04.

Singh, D. S. R. (2019). *The Indonesia-Malaysia Dispute Concerning Sovereignty over Sipadan and Ligitan Islands: Historical Antecedents and the International Court of Justice Judgment*. Available at: https://www.cambridge.org/core/product/DFEF2762E27F1E4F2485C8E62CAF31DC

Smith, D. (2004). Trends and Causes of Armed Conflict. Berghof Research Center for Constructive Conflict Management. Available at: http://www.berghof-handbook.net.

Smith, A. L., & Smock, D. R. (2008). *Managing a Mediation Process*. Washington D.C.: United States Institute for Peace.

Social Weather Station (SWS), www.sws.org.ph.

Sovannasam, U. (2011). ASEAN efforts in dealing with transnational crime. In Y. Y. Lee (ed.), *ASEAN Matters!: Reflecting on the Association of Southeast Asian Nations* (pp. 77–84). World Scientific Publishing Co. Available at: https://doi.org/10.1142/9789814335072_0013.

Sridharan, K. (2008). *Regional Organizations and Conflict Management: Comparing ASEAN and SAARC*. Crisis States Working Papers Series 2. London: LSE.

Steckman, L. (2015). Myanmar at the Crossroads: The Shadow of Jihadist Extremism. *Counter Terrorist Trends and Analyses, 7*(4), 10-16.

Stedman, S. J. (1991). Peacemaking in Civil War: International Mediation in Zimbabwe, 1974-1980. Boulder, CO: Lynne Rienner.

Stroh, P. D. (2015). *System Thinking for Social Change*. Chelsea: Green Publishing.

Stutzman Amstutz, L. (2009). *The Little book of Victim Offender Conferencing: Bringing Victims and Offender Together in Dialogue*. Estados Unidos: Good Books.

Subedi, D. B. (2020). De-mystifying Buddhist Religious Extremism in Myanmar: Confrontation and Contestation around Religion, Development and State-building. *Conflict, Security and Development, 20*(2), 223-246.

Sudrajat, A. *et al.* (2020). The Role of Indonesia in Creating Peace in Cambodia: 1979-1992. *Journal of Critical Reviews*, *7*(2). Available at: https://doi.org/10.31838/jcr.07.02.129

Tan, S. S. (2017). Not Quite Beyond the "ASEAN Way"? Southeast Asia's Evolution to Rules-based Management of Intra-ASEAN Differences. In Baviera, A. & Maramis, L. (Ed.), *ASEAN@ 50 Volume 4: Building ASEAN Community: Political-Security and Socio-cultural Reflections*. ERIA. Available at: https://www.eria.org/publications/asean-50-volume-4-building-asean-community-political-security-and-socio-cultural-reflections/. Accessed August 20, 2021.

Tengah, S. (2007). *Mengawal Demokrasi: Pengalaman Jaringan Demokrasi Aceh dan RUUPA*. Yappika.

The Business for Peace Alliance (2010). *The BPA, Partnering for Progress: Sri Lanka's Regional Chamber of Commerce Network for Conflict Transformation, Reconciliation, Regional Empowerment and Corporate Social Responsibility*. Available at: https://slidetodoc.com/the-bpa-partnering-for-progress-sri-lankas-regional/. Accessed August 25, 2021.

The Conflict Resolution Information Source: www.CRinfo.org.

United Nations. (2012). *The United Nations Guidance for Effective Mediation*. *Strengthening the role of mediation in the peaceful settlement of disputes, conflict prevention and resolution* (A/66/811, 25 June 2012). Available at: https://peacemaker.un.org/sites/peacemaker.un.org/files/GuidanceEffectiveMediation_UNDPA2012%28english%29_0.pdf. Accessed August 25, 2021.

The World Bank. (2020). *Small and Medium Enterprises (SMEs) Finance*. Available at: https://www.worldbank.org/en/topic/smefinance. Accessed August 21, 2021.

Thonon, C. B. *et al.* (2007). *Applied Peacebuilding. Guidelines for Incorporating a Peacebuilding Perspective into International Intervention in Zones of Armed Conflict and/or Tension.* Escoba de Cultura (School for Peace). Available at: www.escolapau.org

Thul, P. C. (2015, May 7). Cambodia Says Asean Should Stay Out of South China Sea Fracas. *Jakarta Globe*. Available at: https://jakartaglobe.id/news/cambodia-says-asean-staysouth-china-sea-fracas/.

Tipping, C. (2010). *Radical Forgiveness: A Revolutionary Five-Stage Process to: Heal Relationships-Let Go of Anger and Blame-Find Peace in Any Situation*. Sounds True.

Toh, Swee-Hin, *et al.* (1992). *Building a Peace Education Program: Critical Reflections on the Notre Dame University Experience in the Philippines.* Peace Education Miniprints, 38 (Malmo: School of Education). Available at: https://files.eric.ed.gov/fulltext/ED355162.pdf.

Toh, Swee-Hin & Cawagas, V. (2010). Peace Education, ESD and the Earth Charter Interconnections and Synergies. *Journal of Education for Sustainable Development, 4*(167) DOI:10.1177/097340821000400203.

Toh Swee-Hin, Cawagas, V. & Galace, J. N. (eds.). (2017). *Three Decades of Peace Education in the Philippines: Stories of Hope and Challenges*. Manila: Center for Peace & Education, Miriam College.

Tomacruz, Sofia. (2019). Duterte creates group to study creation of a new military camp in Marawi. *Rappler.* Available at: https://www.rappler.com/nation/duterte-creates-group-studymilitary-camp-marawi. Accessed August 25, 2021.

Torres, T. & Bordadora, N. (2008). SC: Moro land deal is illegal. *Philippine Daily Inquirer*.

Truong, T. D. & K. Karim. (2016). *The South China Sea and Asian Regionalism: A Critical Realist Perspective*. Switzerland: Springer.

Tutu, D. (2004). God Has a Dream: A vision of hope for our future. In Van der Merwe, H. (1999). *The Truth and Reconciliation Commission and Comunity Reconciliation: An analysis of competing strategies and conceptualizations*. Dissertation was not published. Fairfax, Virginia: George Mason University.

Uesugi, Y. *et al.* (ed.). (2021). *Operationalisation of Hybrid Peacebuilding in Asia: From Theory to Practice*. Available at: https://link.springer.com/book/10.1007%2F978-3-030-67758-9.

Uesugi, Y. (2015). Coordination between Diplomacy and Development in the Mindanao Peace Process: A Study of the Use of 'Peace Dividends' and Roles of International Monitoring Team. In *A Short History of Japan's Policy and Practice on International Peace Cooperation* (pp. 1-19). Tokyo: Waseda University.

UNDP (2019). *A Global Handbook: Parliamentarians as Partners Supporting Women, Peace and Security Agenda*. Oslo: UNDP. Available at: https://www.undp.org/publications/parliament-partners-supporting-women-peace-and-security-agenda. Accessed August 20, 2021.

UNDP (2010). *UN Human Development Report, The Real Wealth of Nations: Pathways to Human Development*. New York: UNDP.

UNDP/BCPR. (2008). *Post-conflict economic recovery: enabling local ingenuity.* Available at: <http://www.undp.org.cpr/we_do/eco_recovery.shtml>.

UN Global Compact: www.unglobalcompact.org.

United States Institute of Peace: www.usip.org.

University for Peace. (2009). *Peace Education: Islamic Perspectives, Curriculum/Teaching Module.* University for Peace, Asia and the Pacific Programme.

Van der Merwe, H. (1999). *The Truth and Reconciliation Commission and Comunity Reconciliation: An Analysis of Competing Strategies and Conceptualizations.* Unpublished Dissertation. Fairfax, Virginia: George Mason University.

Van Tongeren, P. (ed.). (2005*). People Building Peace II, Successful Stories of Civil Society*. London: Lynne Rienner Publisher.

Varynen, R. (ed.) (1991). New Directions in Conflict Theory: Conflict Resolution and Conflict Transformation. London: SAGE.

Vines. (1998). The Business of Peace: "Tiny" Rowland, Financial Incentives, and the Mozambican Settlement. In Conciliation Resources. *Accord- The Mozambique Peace Process in Perspective, Issue 3 (1998)*. Available at: https://rc-services-assets.s3.eu-west-1. amazonaws.com/s3fs-public/The_Mozambican_Peace_Process_in_Perspective_ Accord_Issue_3.pdf. Accessed August 25, 2021.

Wallensteen, P. (1988) (ed.) *Peace Research: Achievements and Challenges*. Boulder, CO: Westview Press.

Wallensteen, P. (2019). *Understanding Conflict Resolution (5th Edition)*. London: SAGE.

Walzer, M. (2006). *Just and Unjust Wars: A Moral Argument with Historical Illustrations*. New York & London: Basic books.

Weeks, J. L. (2014). *Dictators at War and Peace*. Ithaca, New York & London: Cornell University Press.

Wehr, P. (1979) *Conflict Regulation*. Boulder, CO: Westview Press.

Weinstein, F. B. (1969). *Indonesia Abandons Confrontation: An Inquiry Into the Function on Indonesian Foreign Policy*. Ithaca, New York: Cornell University.

Wennmann, A. (2011). *The Political Economy of Peacemaking*. Abingdon, Oxon: Routledge.

Wessells, M.G. & Bretherton, D. (2000). Psychological Reconciliation: National and International Perspectives. *Australian Psychologist, 35*(2), 100-108.

Westerman, A. (2017). *How Big a Threat is Extremism in Southeast Asia? NPR*. Available at: <https://www.npr.org>. Accessed July 3, 2020.

Wibke, H., Ramsbotham, O. & Woodhouse, T. (2004). *Hawks and Doves: Peacekeeping and Conflict Resolution*. Berghof Research Center for Constructive Conflict Management. Available at: http://http.www.berghof-handbook.net.

Woodhouse, T. (1991) (ed.) *Peacemaking in a Troubled World*. Oxford: Berg Woodhouse, T. and Ramsbotham, O. (2000) (Eds.) *Peacekeeping and Conflict Resolution*, London: Frank Cass.

World Bank. (2020). *Small and Medium Enterprises (SMEs) Finance*. Available at: https://www.worldbank.org/en/topic/smefinance. August 25, 2021. Available at: https://www.worldbank.org/en/topic/smefinance. Accessed August 21, 2021.

World Bank (2005). *Joint Needs Assessment for Reconstruction and Development of Conflict Affected Areas in Mindanao*, Local Governance Institutions Report Vol 5. Pasig City: The World Bank.

World Development Report. (2011). *Conflict, Security and Development*. Washington DC: The World Bank.

Wright, Q. (1965). *A Study of War (2nd edition.)*. Chicago: University of Chicago Press.

Yamakage, S. (2017). Evolving ASEAN and Changing Roles of the TAC. In Baviera, A. & Maramis, L. (eds.), *ASEAN @ 50 Volume 4: Building ASEAN Community: Political-Security and Sociocultural Reflections*. Jakarta: ERIA. Available at: https://www.eria.org/publications/ asean-50-volume-4-building-asean-community-political-security-and-socio-culturalreflections/. August 20, 2021.

Yanuarti. S, *et al*. (2003). *Konflik di Maluku Tengah: Penyebab, Karakteristik, dan Penyelesaian Jangka Panjang.* Jakarta: Lembaga Ilmu Pengetahuan Indonesia (LIPI).

Yoder, C. (2005). *The Little Book of Trauma Healing. When Violence Strikes and Community Security is Threatened*. Pennsylvania: Good Books.

Zainal, S. (2016). Transformasi Konflik Aceh dan Relasi Sosial-Politik di Era Desentralisasi. *MASYARAKAT: Jurnal Sosiologi*, *21*(1), 81-108.

Zainal, S. (2015). Nota Kesepahaman Helsinki untuk Mengakhiri Konflik Aceh: Telaah Sosiologi Politik dan Histori. Konfrontasi. *Jurnal Kultural, Ekonomi Dan Perubahan Sosial, 2*(1), 5-19.

Zamrose, M. Z. (2017). *Memoirs of the Head of Mission of IMT-M 11*. Unpublished Table Book.

Zartman, I. W. (1995). *Collapsed states: the disintegration and restoration of legitimate authority.* Boulder: L. Rienner Publishers.

Zartman, I. W. (2008) *Negotiation and Conflict Management: Essays on Theory and Practice.* London: Routledge.

Zawacki, B. (2013). Defining Myanmar's "Rohingya Problem. *Human Rights Brief, 20*(3), 18-25.

Ziselberger, G. (2007). Implications of the Science Spirituality for Inter-Religious Dialogue and its Contributions to Peace Building and Conflict Prevention/Resolution in Southeast Asia. In Askandar, K. (Ed.), *Building Peace: Reflections from Southeast Asia*. Penang: SEACSN.

# စာရေးသူများနှင့် ပါဝင်ကူညီသူများ စာရင်း

မလေးရှားနိုင်ငံ အမျိုးသားကာကွယ်ရေးတက္ကသိုလ် (National Defence University of Malaysia (NDUM)) တွင် တာဝန်မယူမီ အငြိမ်းစားဒုဗိုလ်မှူးကြီး **အက်ဘ်ဒူရာမန် အယ်လ်လာဗီ (Abdul Rahman Alavi)** သည် မလေးရှားစစ်တပ်တွင် ကြည်းတပ်အရာရှိအဖြစ် ၃၈ နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် သူက ၁၉၉၃ ခုနှစ်တွင် မိုဇမ်ဘိဆိုင်ရာ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းရေး စစ်ဆင်ရေး (ONUMOZ) နှင့် ၂၀၀၄ ခုနှစ်တွင် မင်ဒါနောင် နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့တို့တွင် ပါဝင်ခဲ့သည်။ သူက ၂၀၀၉-၂၀၁၂ ခုနှစ်အထိ ကုလသမဂ္ဂရုံးချုပ်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းရေးဌာန၏ စစ်ရေးမဟာဗျူဟာ အစီအစဉ်ချမှတ်သူ အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ် မေလမှစ၍ သူက NDUM ဝန်ဆောင်မှု၊ စက်မှုလက်မှု ဆက်ဆံရေးနှင့် စီးပွားရေး ရေးရာဌာနဆိုင်ရာ လက်ထောက်အဓိပတိရုံးတွင် အကြီးတန်းဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်နေသည်။

**အဘ်ဟိုဆာရိလင်ဂါ (Abhoud Syed Lingga)**၊ Ph.D. သည် ၂၀၁၁ ခုနှစ်မှစ၍ မိုရို အစ္စလာမ် လွတ်မြောက်ရေး တပ်ဦး၏ ငြိမ်းချမ်းရေးအဖွဲ့ဝင်တစ်ဦးဖြစ်သည်။ သူက ၁၉၉၈ ခုနှစ်တွင် ဘန်ဆာမိုရိုလေ့လာရေး အင်စတီကျု (Institute of Bangsamoro Studies (IBS)) ကို တည်ထောင်ခဲ့သည်။ ကာကာအဘ်ဟို (Kaka Abhoud) ဟု လူသိများပြီး ဖိလစ်ပိုင်အစိုးရနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် မိုရိုအစ္စလာမ်မစ် လွတ်မြောက်ရေး တပ်ဦး (MILF) ၏ ရပ်တည်ချက်အပေါ် ပြည်သူများ၏ သဘောတူညီချက်အား ပြသရန် သူက ၁၉၉၆ ခုနှစ်တွင် ဘန်ဆာမိုရို ပြည်သူ့ဆွေးနွေးရေးအဖွဲ့ (Bangsamoro People's Consultative Assembly) ကို စတင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။ ဘန်ဆာမိုရို အဖွဲ့က MILF ကို ထောက်ပံ့ရန် ဆင်မှုအေ၊ ဆူလ်တန်ကူဒါရက်မှ ပြည်သူပေါင်း တစ်သန်းကျော်၏ ထွက်ဆိုချက်များကို စုစည်းပေးနိုင်ခဲ့သည်။ အဘ်ဟိုက ဖိလစ်ပိုင်တက္ကသိုလ်မှ အစ္စလာမ်လေ့လာရေး မဟာဘွဲ့ကို ရရှိထားသည်။ MILF ဥက္ကဋ္ဌနှင့် တည်ထောင်သူ အူဆလာမက်ဟာရှင်း (Ust Salamat Hashim) ၏ ဘဝနှင့် နိုင်ငံရေးအတွေးအခေါ်အကြောင်း စာတမ်းမှာ သူ၏ရေးသားမှုများထဲမှ အရေးအပါဆုံးရေးသားမှုတစ်ခု ဖြစ်ခဲ့သည်။ မင်ဒါနောင်တွင် ငြိမ်းချမ်းရေးနှင့် လူမှုအသွင်ပြောင်းလဲရေး တိုးတက်မှုများအတွက် စံထားရသည့် ပါဝင်လုပ်ဆောင်မှုများကို အသိအမှတ်ပြု လေးစားသည့်အနေဖြင့် သူ့ကို ကိုတာဘာတိုမြို့ နော်ထရာဒမ် တက္ကသိုလ်မှ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ချီးမြှင့်ခဲ့သည်။

**အဘ်ဒူဘာကာ အီဘီ ဟာရာ (Abubakar Eby Hara)** Ph.D. သည် အင်ဒိုနီးရှားနိုင်ငံ၊ အရှေ့ဂျာဗား၊ ဂျမ်ဘာတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးဌာနမှ တွဲဘက်ပါမောက္ခတစ်ဦးဖြစ်သည်။ အရှေ့တောင်အာရှ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာ ကထိကတစ်ဦးဖြစ်သည့်အပြင် သူက အစ္စလာမ်နှင့် ဗဟုဝါဒဆိုင်ရာ နိုင်ငံတကာစင်တာမှတစ်ဆင့် ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် သတင်းသမားများအကြား လူမျိုးရေးနှင့် ဘာသာရေး ကွဲပြားမှုများအား လေးစားရန် အရေးပါကြောင်း ရေးသားမှုများတွင် နှစ်ပေါင်းများစွာ ပါဝင်ခဲ့သည်။ သူက အကြမ်းဖက်မှုစစ်ပွဲကာလတွင် လူ့အခွင့်အရေးကာကွယ်ခြင်းအကြောင်း လေ့လာရန် ဝါရှင်တန်ဒီစီ East-West Center တွင် လေ့လာသူပညာရှင်တစ်ဦးအဖြစ်လည်း လုပ်ဆောင်ခဲ့သေးသည်။ သူ၏ လက်ရှိသုတေသန

မှာ ဒီမိုကရေစီအားကောင်းလာစေရန် လူ့အခွင့်အရေးနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ကြိုးပမ်းမှုများကို ဖွံ့ဖြိုးစေရေးတွင် AICHR ၏ အခန်းကဏ္ဍအကြောင်းဖြစ်သည်။ သူသည် ဩစတြေးလျ အမျိုးသားတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးဌာန၊ RSPAS မှ ပါရဂူဘွဲ့ရရှိထားသည်။ သူ့ကို “eby-hara.fisip@unej.ac.id” “eby-hara.fisip@unej.ac.id” အီးမေးလ်များမှ ဆက်သွယ်နိုင်သည်။

**အာဖရီဇယ်လ်ဟိုအက်ထရာ (Afrizal Tjoetra)** M.Si, Ph.D. သည် ဆီရာကူအာလာတက္ကသိုလ် သင်ကြားရေးနှင့် ပညာရေးတက္ကသိုလ်မှ ဘွဲ့ကြိုရရှိခဲ့ပြီး အင်ဒိုနီးရှားတက္ကသိုလ် လူမှုရေးနှင့် နိုင်ငံရေး လေ့လာရေးဌာနမှ မဟာဘွဲ့ ရရှိခဲ့သည်။ သူက ၂၀၁၇ ခုနှစ်တွင် မလေးရှားနိုင်ငံ စိန်းတက္ကသိုလ်၊ လူမှုရေးသိပ္ပံကျောင်းမှ ပါရဂူဘွဲ့ကို ရရှိခဲ့သည်။ သူက ၂၀၀၇ ခုနှစ်မှစ၍ အာချေးဒေသ၊ တူကူအူမာတက္ကသိုလ်၊ လူမှုရေးနှင့် နိုင်ငံရေးဌာန၊ လူမှုရေးရာအစီအစဉ်တွင် ကထိကတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေသည်။ ၁၉၉၇ ခုနှစ်မှစ၍ သူက အာချေးဒေသမှ အရပ်ဘက်အဖွဲ့အစည်းအမျိုးမျိုးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်အမျိုးမျိုးတွင် ပါဝင်ခဲ့သည်။ သူသည် ဖိုရမ် LSM အာချေးတွင် အမှုဆောင်အတွင်းရေးမှူး (၁၉၉၇-၁၉၉၉) အဖြစ်လည်းကောင်း၊ ယာပီကာ-ဂျကာတာတွင် ချဉ်းကပ်အရေးဆိုရေးနှင့် ကွန်ရက်အစီအစဉ်မန်နေဂျာ (၂၀၀၀-၂၀၀၄) အဖြစ်လည်းကောင်း၊ အာချေးဖွံ့ဖြိုးရေး ရန်ပုံငွေအဖွဲ့၏ အမှုဆောင်ဒါရိုက်တာ (၂၀၀၅-၂၀၁၂) အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ယာယာဆန်-ဂျကာတာအတွက် NGO များအစုအဖွဲ့၏ ညှိနှိုင်းရေးမှူး (၂၀၀၁-၂၀၀၂) နှင့် ဂျာကာတာ ပါဝင်ရေး မူဝါဒအတွက် အစုအဖွဲ့ညှိနှိုင်းရေးမှူး (၂၀၀၂-၂၀၀၄) အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သေးသည်။

**အေဆာအူအဘ်ဒူဘာကာ (Ayesah Uy Abubakar)** Ph.D. သည် ဆာဘားပြည်နယ် မလေးရှားတက္ကသိုလ်၊ မူလအခြေချနေထိုင်သူများ လေ့လာရေးဆိုင်ရာ ဘော်နီရိုအင်စတီကျူမှ လူမျိုးစုရေးရာနှင့် ဖွံ့ဖြိုးရေး သုတေသနဌာန ဦးဆောင်သူတစ်ဦးဖြစ်သည်။ သူမသည် ထိုတက္ကသိုလ် လူမှုရေးသိပ္ပံဌာနမှ နိုင်ငံတကာဆက်ဆံရေး အစီအစဉ်၏ အကြီးတန်းကထိကတစ်ဦးလည်းဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် အေဆာက *ငြိမ်းချမ်းရေး တည်ဆောက်ရေးနှင့် ရေရှည်တည်တံ့သော လူသားဖွံ့ဖြိုးမှု၊ ဘန်ဆာမိုရိုတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှာဖွေခြင်း (Peacebuilding and Sustainable Human Development: The Pursuit of the Bangsamoro Right to Self Determination)* ဟူသည့် စာအုပ်ကို ထုတ်ဝေခဲ့သည် (Springer and UMS Press)။ အရှေ့တောင်အာရှ ငြိမ်းချမ်းရေးတည်ဆောက်ရေးတွင် သူမ၏ပါဝင်မှုကြောင့် ၂၀၁၄ ခုနှစ်တွင် သူမက ဂျပန်နိုင်ငံတကာ ပူးပေါင်းရေး အေဂျင်စီ (JICA) ဥက္ကဋ္ဌ ဂုဏ်ပြုဆုကို လက်ခံရရှိခဲ့သည်။ အေဆာသည် အာဆီယံ အမျိုးသမီး ငြိမ်းချမ်းရေး မှတ်တမ်းအဖွဲ့ (AWPR) အဖွဲ့ဝင်ဖြစ်ပြီး ၂၀၁၈ ခုနှစ်မှစ၍ မလေးရှားနိုင်ငံကို ကိုယ်စားပြု ပါဝင်နေသည်။

**ကယ်ရိုလင်း အို အာဂူလက်စ် (Carolyn O. Arguillas)** သည် ၂၀၀၁ ခုနှစ် စတင်ဖန်တီးချိန်မှစ၍ မင်ဒါနောင် သတင်းပညာအင်စတီကျူ၏ သတင်းဝန်ဆောင်မှုပေးသော မင်ဒါသတင်းဌာန၏ အယ်ဒီတာချုပ်ဖြစ်သည်။ ကယ်ရိုးလ်က မင်ဒါနောင်၏ မျက်နှာများနှင့် အစိတ်အပိုင်းများ၊ ပဋိပက္ခများနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်များကို ကျယ်ပြန့်စွာ တင်ပြခဲ့သည်။ သူမက အကောင်းဆုံးသတင်းတင်ပြမှုအတွက် ကက်သလစ် မီဒီယာဆု၊ စူးစမ်းလေ့လာသော သတင်းရေးသားမှုအတွက် ဂျေမီ ဗွီ အွန်ပင် (Jaime V Ongpin) ဆုနှင့် တစ်တက်စ် ဘရမ်းစ်မာ ဖိလစ်ပိုင် (Titus Brandsma-Philippines) မှ ထူးချွန်သော သတင်းသမားဆု အပါအဝင်

ပြည်တွင်းတွင် ဆုပေါင်းများစွာ ရရှိခဲ့သည်။ မကြာသေးမီက ဖိလစ်ပိုင်ကောလိပ်တက္ကသိုလ် ပြည်သူ့ဆက်သွယ်ရေး ကျောင်းသားဟောင်းများအဖွဲ့မှ သတင်းပညာဂုဏ်ထူးဆောင်ဆုကို ရရှိခဲ့သည်။ ကယ်ရိုးလ်က သူမ၏ သတင်းပညာဘွဲ့ကို ဖိလစ်ပိုင်တက္ကသိုလ် ပြည်သူ့ဆက်သွယ်ရေး အင်စတီကျု (ယခုအခါ ကောလိပ်) မှ ရရှိခဲ့ပြီး သတင်းပညာမဟာဘွဲ့ကို အာတီနီယို ဒါ မနီလာ တက္ကသိုလ်မှ ရရှိခဲ့သည်။

**စင်သီယာ ပက်ထရိ (Cynthia Petrigh)** သည် လွန်ခဲ့သော ၂၅ နှစ်အတွင်း ငြိမ်းချမ်းရေးအကြံပေးအဖြစ် လုပ်ဆောင်ခဲ့သူဖြစ်ပြီး ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် အကူးအပြောင်းကာလ လူ့အဖွဲ့အစည်းများကို ကူညီထောက်ပံ့ရာတွင် အဓိကအခန်းကဏ္ဍများမှ ပါဝင်ခဲ့သည်။ မင်ဒါနောင်တွင် ငြိမ်းချမ်းရေးအတွက် နိုင်ငံတကာအဆက်အသွယ်အုပ်စုအဖွဲ့ဝင်၊ ယီမင်အမျိုးသားတွေ့ဆုံဆွေးနွေးရေး အကြံပေးနှင့် ကမ်မရွန်းနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကျွမ်းကျင်သူတစ်ဦးအနေဖြင့် သူမက ငြိမ်းချမ်းရေးအတွက် ပြည်တွင်းအုပ်စုများအား စွမ်းဆောင်ရည်မြှင့်တင်ရန် လုပ်ဆောင်ပေးခဲ့သည်။ လက်နက်ကိုင်တပ်ဖွဲ့များကို IHL နှင့် လိင်အကြမ်းဖက်မှုတားဆီးခြင်းအပါအဝင် နိုင်ငံတကာစံနှုန်းများ သင်တန်းပေးခြင်းနှင့် အကြံပေးခြင်းများ လုပ်ဆောင်သည့် Beyond Peace (http://www.beyondpeace.fr) အဖွဲ့၏ ဒါရိုက်တာတစ်ဦးအနေဖြင့် သူမက လက်နက်ကိုင်တပ်ဖွဲ့များ (သို့) အုပ်စုများ လိုက်နာမှုတိုးပွားစေရန် ရည်ရွယ်သည့် ကျယ်ပြန့်ပြီး ပစ်မှတ်ထားသော နည်းဗျူဟာများကို ဖန်တီးခဲ့သည်။ သူမက စစ်ရေးပညာရှင်များ (Srivenham, San Remo, Port Dickson) နှင့် စစ်ဆင်ရေးဒေသများ (CAR, မာလီ) တွင် စကားပြောဆိုခဲ့ပြီး UK PSVI နှင့် ပဋိပက္ခဖြေရှင်းရေး ကျွမ်းကျင်သူအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရေးပါသည့်အချိန်တွင် သူမက မင်ဒါနောင် နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့တွင် IHL နှင့် လူ့အခွင့်အရေး ကျွမ်းကျင်သူတစ်ဦးအဖြစ် EU ကို ကိုယ်စားပြု၍ ပါဝင်ခဲ့သည်။ ယခုအခါ စင်သီယာ ပက်ထရိသည် ကုလသမဂ္ဂ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး အကြံပေးအဖြစ် ဂီနီယာတွင် အလုပ်လုပ်ကိုင်နေသည်။

**အက်ပန့် ပင်ဒါဗာနီဂျာ (Eakpant Pindavanija)** PhD သည် ၂၀၀၆-၂၀၂၀ ခုနှစ်အထိ မဟီဒေါတက္ကသိုလ် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလေ့လာရေး အင်စတီကျုတွင် ကထိကတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၄-၂၀၂၀ ခုနှစ်အထိ အင်စတီကျု၏ ဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။ သူသည် ငြိမ်းချမ်းရေးသုတေသန၊ ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခသီအိုရီတို့တွင် ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ သူက ငြိမ်းချမ်းရေး၊ ပဋိပက္ခနှင့် ဒီမိုကရေစီဆိုင်ရာ ဒဿနိကဗေဒပါရဂူဘွဲ့ကို ရရှိထားပြီး စပိန်နိုင်ငံ Universitat Jaume I, Castellon မှ ငြိမ်းချမ်းရေး၊ ပဋိပက္ခနှင့် ဖွံ့ဖြိုးရေး ဥရောပ ပါရဂူဘွဲ့ကို ရရှိထားသည်။ သူသည် ထိုင်းနိုင်ငံနှင့် ထိုင်းနိုင်ငံတောင်ပိုင်းပြည်နယ်များတွင် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခကိစ္စရပ်များ သင်ကြားရေးနှင့် သုတေသနပြုရေးတို့တွင် ပါဝင်ခဲ့သည်။ သူသည် အင်စတီကျုတွင် ဘွဲ့ကြိုနှင့် ဘွဲ့လွန်အစီအစဉ်များအတွက် ကထိကအဖြစ် ဆယ်စုနှစ်တစ်စုကျော် တာဝန်ထမ်းဆောင်ခဲ့သည်။ သူ၏ သုတေသနစီမံကိန်းများတွင် ပဋိပက္ခဖြစ်ပွားချိန်များ၌ လူထုအခြေပြု ဖွံ့ဖြိုးမှုများ၊ ပဋိပက္ခလျှော့ချရန် ဒေသခံလူထုအကြား ဆက်သွယ်ရေးယန္တရားများ၊ ထိုင်းနိုင်ငံတောင်ပိုင်းပြည်နယ်များတွင် ကာလရှည်လူမှုပဋိပက္ခများ၊ ယဉ်ကျေးမှုအကြမ်းဖက်မှု ဖြစ်ပွားစေသည့် တောင်ပိုင်းပြည်နယ်သုံးခုတွင် လူငယ်များအကြား သိမှုဖြစ်စဉ်များ၊ ပြန်လည်ရင်ကြားစေ့ရေးနှင့် ခွင့်လွှတ်မှုတို့အတွက် လူမှုကုစားရေးကိစ္စရပ်များနှင့် ဖြစ်စဉ်များ လေ့လာခြင်းတို့ ပါဝင်သည်။

**အယ်လီနိုရာအမ်ကစ် (Eleonora Emkic)**၊ PhD သည် ယူကရိန်းနိုင်ငံအရှေ့ပိုင်း OSCE အထူးစောင့်ကြည့်ရေး မစ်ရှင်၌ စောင့်ကြည့်ရေးအရာရှိနှင့် ဂျန်ဒါတာဝန်ရှိသူအဖြစ် တာဝန်ယူထားသူတစ်ဦးဖြစ်သည်။ သူမသည် ဘော်လ်ကန်ဒေသရှိ NGO အမျိုးမျိုးတို့၌ ငြိမ်းချမ်းရေးတည်ဆောက်ရေး အတွေ့အကြုံ (၁၅) နှစ်ကျော် ရှိသူ တစ်ဦးဖြစ်သည်။ သူမက ဂရန်နိုဘယ်လ် စီးပွားရေးဘွဲ့လွန်ကျောင်းမှာ နိုင်ငံတကာ စီးပွားရေး စီမံခန့်ခွဲရေးဆိုင်ရာ မဟာဘွဲ့နှင့် မလေးရှားနိုင်ငံ စိန်းတက္ကသိုလ်၊ လူမှုရေးသိပ္ပံကျောင်းမှ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေး ပါရဂူဘွဲ့ ရရှိထားသူတစ်ဦးဖြစ်သည်။

**ဖူူမဟာဒ်တီလာ (Fuad Mardhatillah)** PhD သည် အင်ဒိုနီးရှားနိုင်ငံ ဘန်ဒါအာချေးရှိ အစ္စလာမ်ပြည်ထောင်စု တက္ကသိုလ်တွင် ဒဿနိကဗေဒ ကထိကတစ်ဦးဖြစ်သည်။ သူက ကနေဒါနိုင်ငံ မက်ဂေးလ်တက္ကသိုလ်မှ မဟာဘွဲ့ရရှိခဲ့ပြီး ဘန်ဒါအာချေးရှိ အစ္စလာမ်ပြည်ထောင်စုတက္ကသိုလ်မှ ပါရဂူဘွဲ့ရရှိထားသည်။ သူသည် ပြည်တွင်းနှင့် ပြည်ပတို့တွင် အမျိုးမျိုးသော ဘာသာရပ်နယ်ပယ်များ၌ အလွတ်သဘော လေ့ကျင့်သင်ကြား ထားသူလည်း ဖြစ်သည်။ သူက ခေါင်းစဉ်အမျိုးမျိုးနှင့် ပတ်သက်၍ စာရေးသားပြီး အထူးသဖြင့် ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် ပဋိပက္ခဖြေရှင်းရေးကဲ့သို့သော လူထုတည်ဆောက်ရေးနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ဆောင်ချက်များတွင် ပါဝင်သည့် တက်ကြွလှုပ်ရှားသူတစ်ဦးလည်း ဖြစ်သည်။

**ဂရေ့စ်ဂျင်မီနိုရီဘိုလို (Grace Jimeno-Rebollos**) PhD သည် ဇမ်ဘိုအမ်ဂါ-ဘာဆီလန် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့ (Zamboanga-Basilan Integrated Development Alliance (ZABIDA)) နှင့် Reach Out to Others Foundation (ROOF) အဖွဲ့တို့၏ ဥက္ကဋ္ဌဖြစ်သည်။ သူမသည် အနောက်မင်ဒါနောင်ပြည်နယ်တက္ကသိုလ် ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ခြင်းအပါအဝင် ပညာရေးနောက်ခံ (၃၅) နှစ်ခန့် ရှိခဲ့သည်။ သူမသည် အငြိမ်းစားပါမောက္ခတစ်ဦးဖြစ်သော်လည်း အရပ်ဘက်အဖွဲ့အစည်းများကို ကိုယ်စားပြုပြီး ဇမ်ဘိုအမ်ဂါမြို့တော် ဖွံ့ဖြိုးရေးကောင်စီ၏ ဒုဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နေဆဲဖြစ်သည်။ ဂရေ့စ်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးတွင်ပါဝင်မှုက သူမကို ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် ကုလသမဂ္ဂဦးဆောင်သည့် အထောက်အပံ့နှင့် အင်ဒိုနီးရှားနိုင်ငံ အနောက်တီမောမှ ဒုက္ခသည်များကို ထောက်ပံ့ကူညီရန်အတွက် နိုင်ငံတကာရွှေ့ပြောင်း နေထိုင်မှုဆိုင်ရာအဖွဲ့တွင် တာဝန်ထမ်းဆောင်စေခဲ့သည်။ သူမက မိုရိုအစ္စလာမ်မစ် လွတ်မြောက်ရေးတပ်ဦးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ဖိလစ်ပိုင်နိုင်ငံအစိုးရ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တွင်လည်း ခေတ္တပါဝင်ခဲ့ သေးသည်။ အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြထားသော WikiPeaceWomen ဝက်ဘ်ဆိုက်တွင် တင်ပြသည့် ဖိလစ်ပိုင် အမျိုးသမီး (၂၃) ဦးစာရင်းတွင် သူမပါဝင်သည်။

**ဂီအာမယ်လ် အာလင်မ် (Guiamel Alim)** သည် ကဒ်တွန်တာရာ ဖောင်ဒေးရှင်းနှင့် ဘန်ဆာမိုရို အရပ်ဘက် အဖွဲ့အစည်းအစုအဖွဲ့ (Consortium of Bangsamoro Civil Society (CBCS)) ၏ တည်ထောင်သူဖြစ်သည်။ ကဒ်တွန်တာရာ ဖောင်ဒေးရှင်းသည် ၁၉၈၉ ခုနှစ်မှစ၍ ဘန်ဆာမိုရိုပဋိပက္ခဒေသများတွင် လူထုအခြေပြု ဖွံ့ဖြိုးရေးကို အောင်မြင်စွာလုပ်ဆောင်ခဲ့သော ပထမဦးဆုံး NGO များထဲမှ တစ်ဖွဲ့ဖြစ်သည်။ ၎င်း၏လုပ်ငန်းက ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် ကောင်းမွန်သောအုပ်ချုပ်ရေး နယ်ပယ်များသို့

ပြောင်းလဲလာခဲ့သည်။ နောက်ပိုင်းတွင် သူက ညီညွတ်သောအသံနှင့် အစိုးရနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပတ်သက်ဆက်နွှယ်သူအဖြစ် ပါဝင်နိုင်ရန် မင်ဒါနောင်ဒေသတစ်ဝန်းမှ ဘန်ဆာမိုရို NGO များကို စုစည်းကာ CBCS အား တည်ထောင်ခဲ့သည်။ ဂီအာမယ်လ်သည် ယခင် လွတ်လပ်သော မူဆလင်မင်ဒါနောင်ဒေသနှင့် ယခုအခါ မူဆလင်မင်ဒါနောင်မှ လွတ်လပ်သော ဘန်ဆာမိုရိုဒေသတို့တွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေး ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး အကြံပေးအဖြစ် မကြာခဏ ချဉ်းကပ်ခံရသူတစ်ဦးဖြစ်သည်။

**အစ်ချ်ဆန်မာလစ် (Ichsan Malik)** Ph.D. သည် အင်ဒိုနီးရှား ကာကွယ်ရေးတက္ကသိုလ်၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ ဖြေရှင်းရေးအစီအစဉ်တွင် ကထိကတစ်ဦးဖြစ်သည်။ သူသည် အင်ဒိုနီးရှားတက္ကသိုလ်၊ စိတ်ပညာဌာနမှ ငြိမ်းချမ်းရေးစိတ်ပညာအထူးပြု ပါရဂူဘွဲ့ရရှိထားသူတစ်ဦးဖြစ်သည်။ သူသည် အရှေ့တောင်အာရှတွင် ငြိမ်းချမ်းရေးအတွက် သင်တန်းများ၊ ချဉ်းကပ်အရေးဆိုမှုနှင့် အစည်းအဝေးများကျင်းပသူ ငြိမ်းချမ်းရေး တက်ကြွလှုပ်ရှားသူတစ်ဦးလည်းဖြစ်သည်။ သူက မာလူကူ ဘယ်ဘယ်လှုပ်ရှားမှုမှတစ်ဆင့် မာလူကူ ပဋိပက္ခ အတွက် ငြိမ်းချမ်းရေးဖြစ်စဉ် (၂၀၀၀-၂၀၀၃) ကို စတင်သူနှင့် ပံ့ပိုးကူညီသူတစ်ဦးလည်း ဖြစ်သည်။ အင်ဒိုနီးရှား နိုင်ငံတွင် ငြိမ်းချမ်းရေးလုပ်ငန်းများအတွက် ပညာပေးရေးနှင့် ပံ့ပိုးကူညီပေးရေးတို့အတွက် ၂၀၀၃ ခုနှစ်တွင် သူက Titian Perdamaian Institute (တီတီရန် ငြိမ်းချမ်းရေး အင်စတီကျု) ကို တည်ထောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် သူ့ကို အာဖဂန်နစ္စတန်တွင် ငြိမ်းချမ်းရေးဖြစ်စဉ်စတင်နိုင်ရန် အင်ဒိုနီးရှားမှ နာဒါတူလ် အူလ်မာ (Nahdatul Ulama) ၏ ပံ့ပိုးကူညီပေးသူတစ်ဦးအဖြစ် ခန့်အပ်ခဲ့သည်။ ၂၀၀၄ ခုနှစ်မှ ယခုချိန်အထိ သူက အရှေ့တောင်အာရှ တွင် လက်နက်ကိုင်ပဋိပက္ခ ကာကွယ်တားဆီးရေးဆိုင်ရာ ကမ္ဘာ့မိတ်ဖက်အဖွဲ့ (Global Partnership for the Prevention of Armed Conflict (GPPAC) အင်ဒိုနီးရှားနိုင်ငံ ကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေသည်။ ၂၀၁၆ ခုနှစ်မှစ၍ သူသည် အင်ဒိုနီးရှားနိုင်ငံတွင် အကြမ်းဖက်မှုတိုက်ဖျက်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော အကြမ်းဖက်သောပဋိပက္ခဆန့်ကျင်သည့် အရပ်ဘက်အဖွဲ့အစည်း (Civil Society Against Violent Conflict/CSAVE) တွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည်။ သူသည် ညှိနှိုင်းဆွေးနွေးရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ အစ်ချ်ဆန်မာလစ်စင်တာ၏ ဥက္ကဋ္ဌလည်းဖြစ်သည်။ အစ်ချ်ဆန်မာလစ်ကို ichsanmalik@gmail.com မှတစ်ဆင့် ဆက်သွယ်နိုင်ပါသည်။

**အစ္စမယ်လ်ဂျီကူလတ် (Ismael G. Kulat)** သည် မင်ဒါနောင်နှင့် ဘန်ဆာမိုရို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လှုပ်ရှားနေသည့် ဘန်ဆာမိုရို NGO များနှင့် ပြည်သူ့အဖွဲ့အစည်းများ ရာနှင့်ချီ ပါဝင်သော ကွန်ရက်အဖွဲ့အစည်း တစ်ခုဖြစ်သည့် ဘန်ဆာမိုရိုအရပ်ဘက်အဖွဲ့အစည်းများ အင်အားစုတွင် အကြီးတန်း အစီအစဉ်အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေသည်။ သူ့ကို ကူရာမိုက်ခ်ဟု လူသိများကြသည်။ သူက ဖွံ့ဖြိုးရေး၊ ချဉ်းကပ်အရေးဆိုရေး၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့တွင် လုပ်ငန်းအတွေ့အကြုံ နှစ်လေးဆယ်ကျော် ရှိခဲ့သည်။ သူက ပဋိပက္ခအခြေအနေတွင် အလုပ်လုပ်ကိုင်ခြင်းနှင့် ဖိလစ်ပိုင်အစိုးရနှင့် မိုရိုအမျိုးသား လွတ်မြောက်ရေး တပ်ဦးနှင့် မိုရိုအစ္စလာမ်မစ် လွတ်မြောက်ရေးတပ်ဦးတို့အကြား ငြိမ်းချမ်းရေးဖြစ်စဉ်တောက်လျှောက် ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် ပတ်သက်၍ လက်တွေ့အတွေ့အကြုံရှိသည်။ သူက ဖိလစ်ပိုင်နိုင်ငံ မြောက်ကိုတာဘာတိုရှိ မင်ဒါနောင်တောင်ပိုင်းတက္ကသိုလ်မှ ဖွံ့ဖြိုးရေးစီမံခန့်ခွဲရေး မဟာဘွဲ့ ရရှိထားသည်။

SHAPE-SEA ၏ အစီအစဉ်ဒါရိုက်တာဖြစ်သော **ဂျိုဝယ်လ်မာ့ခ်ဘေဆာဘာရီဒို (Joel Mark Baysa-Barredo)** သည် အရှေ့တောင်အာရှမှ လိင်တူချစ်သူ အမျိုးသမီးရေးရာ တက်ကြွလှုပ်ရှားသောပညာရှင်၊ တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည်။ သူက မဟီဒေါတက္ကသိုလ် (ထိုင်းနိုင်ငံ)၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး လေ့လာရေးအင်စတီကျူမှ လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ မဟာဘွဲ့ကို ရရှိထားသည်။ သူက အာဆီယံ လူငယ်ဖိုရမ် (ASEAN Youth Forum (AYF)) တွင် ဒေသဆိုင်ရာ ဉာဏလေ့လာရေးအဖွဲ့ဝင်အဖြစ် လုပ်ဆောင်ခဲ့သည်။ ဂျိုဝယ်လ်က ကိုယ်ပိုင်လိင်စိတ်တိမ်းညွတ်မှုကို လက်ခံလာစေရန်၊ လူငယ်ဦးဆောင်သော၊ အခွင့်အရေးအခြေခံသော လူ့အဖွဲ့အစည်းများတွင် နိုင်ငံတကာနှင့် ဒေသဆိုင်ရာ ချဉ်းကပ်လေ့လာရေးနှင့် ပညာရေးဆိုင်ရာ လုပ်ဆောင်ချက်အများအပြားတွင် တက်ကြွစွာပါဝင်ခဲ့သည်။ မကြာသေးမီက ဂျိုဝယ်လ်က *အရှေ့တောင်အာရှ ကူးစက်ခံပြီး နှောင့်ယှက်ခံရခြင်း၊ ကိုဗစ်-၁၉ ကာလအတွင်း လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး ဆိုင်ရာ အရေးပါသောအသံများကို မြှင့်တင်ခြင်း (Southeast Asia, Infected and Interrupted: Elevating Critical Voices on the State of Human Rights and Peace in the Time of COVID-19)* ဟု အမည်ရသည့် SHAPE-SEA ၏ စာအုပ် ထုတ်ဝေရေးကို ဦးဆောင်ခဲ့သည်။

**ဂျိုဆက်ဖင်း ရိုဆာ မာရီတာ ဆိုပရာတို (Josephine Rosa Marieta Soeprapto)** သည် အင်ဒိုနီးရှား တက္ကသိုလ် စိတ်ပညာဌာနမှ လူမှုဝင်ရောက်စွက်ဖက်ခြင်းဆိုင်ရာ မဟာဘွဲ့ကို ရရှိထားသည်။ သူမက အထူးသဖြင့် အင်ဒိုနီးရှားတွင် ပဋိပက္ခနှင့် ဖြေရှင်းရေး၊ ဘေးအန္တရာယ်နယ်ပယ်များတွင် အဓိကလုပ်ဆောင်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်ချိန်တွင် စိတ်ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့နှင့် ပဋိပက္ခတို့အကြား ချိတ်ဆက်မှုများကို သူမကစိတ်ဝင်စားသည်။ သူမက အင်ဒိုနီးရှားနိုင်ငံ၏ အမျိုးသား ကိုဗစ်-၁၉ တုံ့ပြန်မှု အရှိန်မြှင့်တင်ရေး လုပ်ငန်းအဖွဲ့တွင် ပါဝင်သည်။

**ဂျူအန်ဒါဂျာမယ်လ် (Juanda Djamal)** သည် အာချေးတွင် တည်ဆောက်ခြင်းဖြင့်ဖန်တီးသော ငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးတည်ဆောက်ရန်အတွက် အကြံအစည်များ ဖော်ထုတ်၊ အကောင်အထည်ဖော်ရန် ဖန်တီးထားသည့် ဉာဏလေ့လာရေးအဖွဲ့အစည်းတစ်ခုဖြစ်သော *အာချေးဒေသသစ် အစုအဖွဲ့*၏ အထွေထွေအတွင်းရေးမှူး ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံနှင့် အာချေးဒေသကို ပြုပြင်ပြောင်းလဲရန် ကျောင်းသားလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ၁၉၉၇ ခုနှစ်မှစ၍ သူသည် ငြိမ်းချမ်းရေးမြှင့်တင်ရာတွင် တက်ကြွလှုပ်ရှားခဲ့သည်။ ထို့နောက် သူက ၁၉၉၀ ပြည့်လွန်နှစ် နှောင်းပိုင်းများမှ ၂၀၀၀ ပြည့်လွန်နှစ် အစောပိုင်း အထိ အာချေးဒေသတွင် လက်နက်ကိုင်ပဋိပက္ခများ အရှိန်မြင့်တင်လာချိန်၌ နေရပ်စွန့်ခွာထွက်ပြေးရသူပေါင်း ၂၅၀၀၀ ခန့်ကို လူသားချင်းစာနာမှု အထောက်အပံ့များပေးရန် ဖွဲ့စည်းခဲ့သည့် ပြည်သူ့အကျပ်အတည်းစင်တာ၏ ညှိနှိုင်းရေးမှူးဖြစ်လာခဲ့သည်။ သူက ၂၀၀၁ ခုနှစ်တွင် ဝါရှင်တန်ဒီစီမှ အမေရိကန်တက္ကသိုလ်၌ အာချေးမှ ပြောင်းရွှေ့အခြေချသူများဆိုင်ရာညီလာခံကို တက်ရောက်ခဲ့ပြီး အာချေး အရပ်ဘက်အဖွဲ့အစည်းလုပ်ငန်းအဖွဲ့ (Acehnese Civil Society Task Force (ACSTF)) ၏ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ACSTF သည် ငြိမ်းချမ်းရေးနှင့် အာချေးဒေသအုပ်ချုပ်ရေးဆိုင်ရာဥပဒေ အကောင်အထည်ဖော်ရေးတို့တွင် တက်ကြွစွာ ချဉ်းကပ်လှုပ်ရှားမှုများ ဆောင်ရွက်နေဆဲဖြစ်သည်။ သူ့ကို juandadjamal@gmail.com မှတစ်ဆင့် ဆက်သွယ်နိုင်ပါသည်။

**ကာမာရူးလ်ဇာမန် အက်စ်ကန်ဒါ (Kamarulzaman Askandar)** Ph.D. သည် စိန်းတက္ကသိုလ်မလေးရှား၏ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခလေ့လာရေးပါမောက္ခနှင့် ငြိမ်းချမ်းရေးဆိုင်ရာ သုတေသနနှင့် ပညာရေး (REPUSM) ညှိနှိုင်းရေးမှူး ဖြစ်သည်။ သူသည် အရှေ့တောင်အာရှဒေသ၊ အထူးသဖြင့် အာချေး၊ မင်ဒါနောင်နှင့် ထိုင်းနိုင်ငံတောင်ပိုင်းကဲ့သို့သော နေရာများတွင် ပဋိပက္ခအသွင်ပြောင်းလဲရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်းများတွင် နှစ်ပေါင်းများစွာ ပါဝင်ခဲ့သည်။ သူက အထူးသဖြင့် ငြိမ်းချမ်းရေးပညာရေးမှတစ်ဆင့် ပဋိပက္ခအသွင်ပြောင်းလဲရေးကို တက်ကြွစွာ ထောက်ခံခဲ့သူတစ်ဦးဖြစ်သည်။ သူသည် ၂၀၀၁ ခုနှစ်မှစ၍ အရှေ့တောင်အာရှ ပဋိပက္ခလေ့လာရေးကွန်ရက် (Southeast Asian Conflict Studies Network (SEACSN)) တွင် ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်နေပြီး ထိုကဲ့သို့သော အဖွဲ့အစည်းများမှတစ်ဆင့် ပဋိပက္ခ အသွင်ပြောင်းလဲရေးကို လုပ်ဆောင်ခဲ့သည်။ သူသည် အာဆီယံ/အရှေ့တောင်အာရှတွင် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ သင်ကြားပို့ချမှုများနှင့် သုတေသနများ မြှင့်တင်ရေးဆိုင်ရာအစီအစဉ် (Strengthening Human Rights and Peace Education and Research in ASEAN/Southeast Asia (SHAPE SEA)) ၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် လုပ်ဆောင်နေသည်။ သူသည် ငြိမ်းချမ်းရေးနှင့် ပြန်လည်ရင်ကြားစေ့ရေးဆိုင်ရာ အာဆီယံအင်စတီကျု၏ အကြံပေးဘုတ်အဖွဲ့တွင် မလေးရှားနိုင်ငံကိုယ်စားပြု အဖြစ်လည်း တာဝန်ထမ်းဆောင်နေသည်။ သူက ဗြိတိန်နိုင်ငံ၊ ဘရက်ဒ်ဖို့ဒ်တက္ကသိုလ် ငြိမ်းချမ်းရေးလေ့လာရေး ဌာနမှ ပါရဂူဘွဲ့ရရှိထားသည်။ သူသည် မလေးရှားနိုင်ငံ ပီနန်းနှင့် ကိုတာကင်နာဘာလူတို့တွင် နေထိုင်သည်။ သူ့ကို zam@usm.my မှတစ်ဆင့် ဆက်သွယ်နိုင်သည်။

**မာ့ခ်ဘာတက်ခ် (Marc Batac)** သည် ဖိလစ်ပိုင်နိုင်ငံ၊ မင်ဒါနောင် အခြေစိုက် ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် ချဉ်းကပ်အရေးဆိုမှုဆိုင်ရာ အင်စတီကျူးရှင်းတစ်ခုဖြစ်သော နိုင်ငံတကာတွေ့ဆုံဆွေးနွေးရေး ကြိုးပမ်းမှုများ (Initiatives for International Dialogue (IID)) အဖွဲ့၏ အစီအစဉ်မန်နေဂျာတစ်ဦးဖြစ်သည်။ မကြာသေးမီ နှစ်များအတွင်း မင်ဒါနောင်တွင် ငြိမ်းချမ်းရေးနှင့် မူလအခြေအနေပြန်လည်ရောက်ရှိရေးဖြစ်စဉ်နှင့် ဖိလစ်ပိုင် အစိုးရနှင့် ကွန်မြူနစ် လက်နက်ကိုင်လှုပ်ရှားမှုတို့အကြား ငြိမ်းချမ်းရေးဖြစ်စဉ်တို့၌ IID က လူနည်းစုနှင့် မူလအခြေချနေထိုင်သူ လူထုများထဲမှ ၎င်းတို့၏ မိတ်ဖက်များနှင့် အတူပူးပေါင်းဆောင်ရွက်ခဲ့သည်။ တစ်ချိန်တည်းမှာပင် သူက အရှေ့တောင်အာရှ လက်နက်ကိုင်ပဋိပက္ခ ကာကွယ်တားဆီးရေးဆိုင်ရာ ကမ္ဘာ့မိတ်ဖက်အဖွဲ့ (Global Partnership for the Prevention of Armed Conflict (GPPAC)) တွင် ဒေသဆိုင်ရာ ညှိနှိုင်းရေးအရာရှိအဖြစ် လုပ်ဆောင်ခဲ့သည်။ သူက ငြိမ်းချမ်းရေးမျိုးဆက် လူငယ်ကွန်ရက်အဖွဲ့၊ လုံခြုံရေးမူဝါဒကွန်ရက်၊ ငြိမ်းချမ်းရေးတိုက်ရိုက်အဖွဲ့ ကမ္ဘာ့အကြံပေးကောင်စီနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေး ဗျူရို၏ ကမ္ဘာ့ကောင်စီတို့တွင်လည်း ပါဝင်ခဲ့သည်။

**မေရီအန်း အမ် အာနာဒို (Mary Ann M. Arnado)** သည် မူလအခြေချနေထိုင်သူများနှင့် မြေယာအခွင့်အရေး၊ အမျိုးသမီးရေးရာဥပဒေ ချဉ်းကပ်အရေးဆိုရေး၊ လူ့အခွင့်အရေးကာကွယ်သူများကို အကာအကွယ်ပေးရေး တို့အား အထူးပြုသည့် ဥပဒေပညာရှင်တစ်ဦးဖြစ်သည်။ သူက လက်ရှိတွင် ဘန်ဆာမိုရို ငြိမ်းချမ်းရေးဖြစ်စဉ်၊ ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် လူ့အခွင့်အရေးကြိုးပမ်းမှုများတွင် ဦးဆောင်နေသည့် မူလအခြေချနေထိုင်သူ

များ၊ ဘန်ဆာမိုရိုနှင့် ခရစ်ယာန်အခြေချနေထိုင်သူများဆိုင်ရာ လူထုအခြေပြုကွန်ရက်အဖွဲ့ ဖြစ်သော မင်ဒါနောင်လူထုအဖွဲ့အစည်း (Mindanao Peoples Caucus (MPC)) ၏ အထွေထွေအတွင်းရေးမှူး အဖြစ် တာဝန်ထမ်းဆောင်နေသည်။ အာနာဒိုသည် World Vision နိုင်ငံတကာ ငြိမ်းချမ်းရေးဆု၏ ၂၀၀၉ ခုနှစ် ငြိမ်းချမ်းရေးဖန်တီးရေးဆုနှင့် ဂုဏ်သိက္ခာကြီးမားသော ပြည်သူ့ဝန်ဆောင်မှုဆိုင်ရာ ဘန်နီညီအကိုနိုဆု လက်ခံရရှိသူတစ်ဦးလည်းဖြစ်သည်။ သူမက ဆန်ဒီရေဂို တက္ကသိုလ်၌ ငြိမ်းချမ်းရေးနှင့် တရားမျှတရေး အင်စတီကျု၏ အမျိုးသမီး ငြိမ်းချမ်းရေးဖန်တီးသူများ အစီအစဉ်တွင်လည်း ပါဝင်ခဲ့သည်။

**နောဘတ်ရိုပါစ် (Norbert Ropers)** Ph.D. သည် ဘန်ကောက် (ချူလာလောင်ကွန်းတက္ကသိုလ်၊ နိုင်ငံရေး သိပ္ပံဌာန) မှ ငြိမ်းချမ်းရေးအရင်းအမြစ် ပူးပေါင်းဆောင်ရွက်ရေး (Peace Resource Collaborative (PRC)) အဖွဲ့၏ ဒါရိုက်တာဖြစ်သည်။ ၁၉၉၃ ခုနှစ်မှစ၍ သူသည် ဘာလင်မြို့ ဘာ့ဂ်အော့ဖ် ဖောင်ဒေးရှင်းတွင် ဒါရိုက်တာဟောင်းတစ်ဦးဖြစ်လာပြီး လက်ရှိတွင် အကြီးတန်းအကြံပေးတာဝန်ကို ယူထားသည်။ ၂၀၀၁ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ သူက သီရိလင်္ကာတွင် ပဋိပက္ခလေ့လာရေးနှင့် အသွင်ပြောင်းလဲရေး အရင်းအမြစ် ကွန်ရက် (Resource Network for Conflict Studies and Transformation (RNCST)) ၏ လုပ်ငန်းများကို ဦးဆောင်ခဲ့သည်။ ယခင်က သူသည် ဒူအစ်ဘာ့ဂ်တက္ကသိုလ်၏ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချင်းရေး အင်တီကျု (Institute for Development and Peace (INEF)) ၏ အမှုဆောင်ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံတကာရေးရာဆိုင်ရာ တော်ဝင်အင်စတီကျု (ချာသမ်ဟောက်စ်၊ လန်ဒန်) နှင့် ငြိမ်းချမ်းရေးသုတေသန အင်စတီကျု၊ ဖရန့်ခ်ဖော့တ်/မိန်း (Peace Research Institute Frankfurt / Main (PRIF)) တို့တွင်လည်း အလုပ်လုပ်ခဲ့သည်။ လက်ရှိတွင် သူ၏ လက်တွေ့နှင့် ပညာရေးဆိုင်ရာလုပ်ငန်းတို့က ငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် ပဋိပက္ခအသွင်ပြောင်းလဲရေးကို ထောက်ပံ့ပြီး နှီးနှောဖလှယ်ရေးလေ့လာခြင်းများ လုပ်ဆောင်သည်။ နောဘတ်သည် လူမှုဗေဒနှင့် နိုင်ငံရေးသိပ္ပံတို့ဖြင့် ဘွဲ့ရရှိခဲ့ပြီး ဖရန့်ခ်ဖော့တ်/မိန်းရှိ ဂျိုဟန်ဝုဖ်ဂန်ဂိုသဲတက္ကသိုလ်မှ မဟာဘွဲ့ ရရှိထားသည်။

**အိုလီဗာရမ်စ်ဘော့သမ် (Oliver Ramsbotham)** Ph.D. သည် ဗြိတန်နိုင်ငံ ဘရက်ဒ်ဖို့တက္ကသိုလ်တွင် ပဋိပက္ခ ဖြေရှင်းရေးဆိုင်ရာ အငြိမ်းစားပါမောက္ခတစ်ဦးဖြစ်ပြီး ထိုတက္ကသိုလ်၌ပင် ၁၉၉၉ မှ ၂၀၀၂ ခုနှစ်အထိ ငြိမ်းချမ်းရေးလေ့လာရေးဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် လူသိများထင်ရှားသော စာရေးဆရာတစ်ဦးဖြစ်ပြီး ထိုနယ်ပယ်တွင် ကျယ်ပြန့်စွာ ရေးသားခဲ့သည်။ သူ၏ စာအုပ်အချို့တွင် တွမ်ဝုဒ်ဟောက်စ်နှင့် ဟျူးမီရယ်လ် (Tom Woodhouse and Hugh Miall) တို့နှင့်ရေးသားသော *ခေတ်ပေါ် ပဋိပက္ခဖြေရှင်းရေး (Contemporary Conflict Resolution)* (2016, 4th Edition) *Transforming Violent Conflict* (2010) နှင့် ပဋိပက္ခဖြေရှင်းရေး အလုပ်မဖြစ်သောအခါ *(When Conflict Resolution Fails)* (2016) တို့ပါဝင်သည်။ ပါမောက္ခရမ်စ်ဘော့သမ်သည် ပဋိပက္ခသုတေသနအဖွဲ့အစည်း အုပ်ချုပ်ရေးကောင်စီ၏ ဥက္ကဋ္ဌဖြစ်ပြီး အောက်စ်ဖို့ဒ်သုတေသနအုပ်စု ဘဏ္ဍာထိန်းဘုတ်အဖွဲ့၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။

**ဆာချီကို အီရှီကာဝါ (Sachiko Ishikawa)** PhD သည် ဂျပန်နိုင်ငံ၊ ရစ်စုမဲကန် တက္ကသိုလ်၊ နိုင်ငံတကာ ဆက်ဆံရေးဌာန၏ ပါမောက္ခတစ်ဦးဖြစ်သည်။ သူမက ဖိလစ်ပိုင်နိုင်ငံ အာတီနီရိုဒါမနီလာတက္ကသိုလ်

အာရှငြိမ်းချမ်းရေးတည်ဆောက်သူများ အစီအစဉ်တွင် ဧည့်သည်ပါမောက္ခအဖြစ်လည်း လုပ်ဆောင်ခဲ့သေးသည်။ သူမ၏ သုတေသနနယ်ပယ်မှာ ပဋိပက္ခ/ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးတို့နှင့် သက်ဆိုင်သည်။ ဒေါက်တာအီရှီကာဝါသည် လက်ရှိအလုပ်မလုပ်ကိုင်မီ ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံး (United Nations High Commissioner for Refugees (UNHCR))၊ ဆာဆာကာဝါ ငြိမ်းချမ်းရေးဖောင်ဒေးရှင်းနှင့် ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ဒေါက်တာအီရှီကာဝါသည် *Human Security and Cross-Border Cooperation in East Asia* ဂျာနယ်တွင် 'မင်ဒါနောင်၏ ကာလရှည်ကြာပဋိပက္ခ၊ ဂျပန်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် လူသားလုံခြုံရေး' (The protracted crisis in Mindanao: Japan's cooperation and human security') ဆောင်းပါး ((co-authored 2018)) အပါအဝင် မင်ဒါနောင် ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် အာဆီယံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် သက်ဆိုင်သည့် ဆောင်းပါးများတွင်လည်း ပါဝင်ရေးသားခဲ့သည်။

**ဆရီပရာဖာ ပတ်ချာရာမီဆရီ (Sriprapha Petcharamesree)** Ph.D. သည် နိုင်ငံတကာတွင် လေးစားရသည့် လူ့အခွင့်အရေးပညာရှင်တစ်ဦးဖြစ်သည်။ သူမသည် အမျိုးမျိုးသော ပညာရေးနှင့် ချဉ်းကပ်အရေးဆိုရေးအဖွဲ့များတွင် ပါဝင်ပြီး ဒေသတွင်း လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းလေ့လာရေး မြှင့်တင်ရာတွင် အရေးပါသော ကဏ္ဍမှပါဝင်ခဲ့သည်။ သူမသည် မဟီဒေါတက္ကသိုလ် လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးလေ့လာရေးအင်စတီကျူ၏ ဒါရိုက်တာဟောင်းတစ်ဦးလည်းဖြစ်သည်။ သူမသည် အရှေ့တောင်အာရှ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးကွန်ရက် (Southeast Asian Human Rights and Peace Network (SEAHRN)) နှင့် အာဆီယံ/အရှေ့တောင်အာရှတွင် လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးဆိုင်ရာ သင်ကြားပို့ချမှုများနှင့် သုတေသနများ မြှင့်တင်ရေးဆိုင်ရာ အစီအစဉ် (Strengthening Human Rights and Peace Education and Research in ASEAN/Southeast Asia (SHAPE SEA)) များ ပေါ်ပေါက်လာစေရန်တွင်လည်း အဓိကကျခဲ့သည်။ သူမက လူ့အခွင့်အရေးဆိုင်ရာ အာဆီယံအစိုးရများကော်မရှင် (ASEAN Intergovernmental Commission on Human Rights (AICHR)) တွင်လည်း ထိုင်းနိုင်ငံကို ကိုယ်စားလှယ်တစ်ဦးဖြစ်သည်။ လက်ရှိတွင် သူမသည် အာဆီယံ တက္ကသိုလ်များကွန်ရက် (ASEAN University Network (AUN-HRE)) တွင် လူ့အခွင့်အရေးပညာရေးအစီအစဉ်ကို ဦးစီးနေသည်။

**ဆူအာဒီဇာအီနယ် (Suadi Zainal)** PhD သည် ၂၀၁၅ ခုနှစ်တွင် မလေးရှားနိုင်ငံ စိန်းတက္ကသိုလ်မှ ပဋိပက္ခနှင့် ငြိမ်းချမ်းရေးပါရဂူဘွဲ့ကိုရရှိခဲ့သည်။ သူသည် အင်ဒိုနီးရှားနိုင်ငံ၊ အာချေးဒေသ၊ မာလီကူဆာလာတက္ကသိုလ်၊ လူမှုဗေဒဌာနတွင် အလုပ်လုပ်ကိုင်လျက်ရှိသည်။ သူ၏ လတ်တလော စာတမ်းများတွင် 'အရှေ့အာချေးဒေသတွင် ယခင် GAM နှင့် ပဋိပက္ခ ခံစားခဲ့ရသူများကို အုန်းဆီစိုက်ပျိုးရေး အကူအညီအစီအစဉ်များမှတစ်ဆင့် စီးပွားရေးမြှင့်တင်ပေးရေး' (2015)၊ 'လျောင်အပြီး ယာယီအမိုးအကာ အထောက်အပံ့များဆိုင်ရာ ပဋိပက္ခများဖြေရှင်းရာတွင် ရပ်ရွာခေါင်းဆောင်များ၏ လုံခြုံရေးကြပ်မတ်သည့် အခန်းကဏ္ဍ' (2020)၊ 'ငြိမ်းချမ်းရေးပညာရေး၏ တိုက်ရိုက်ပေါင်းစည်းရေးနှင့် ကျောင်းသားများ ငြိမ်းချမ်းရေးကို နားလည်သဘောပေါက်မှုအပေါ် ၎င်း၏ အကျိုးသက်ရောက်မှုများ' (2020) နှင့် 'အာချေးဒေသ အင်ဒိုနီးရှား၏ လက်နက်ကိုင်ပဋိပက္ခအလွန်

ကာလတွင် အလယ်တန်းကျောင်းများ၌ ငြိမ်းချမ်းရေးပညာရေး အကောင်အထည်ဖော်မှုအပေါ် ဒေသအစိုးရ၏ မူဝါဒ' (2021) တို့ ပါဝင်သည်။

**ဆူဝစ်လောင်ဟာဆီရီဝန် (Suwit Laohasiriwong)** PhD သည် ခွန်ကင်းတက္ကသိုလ်မှ အပင်သိပ္ပံဆိုင်ရာ အငြိမ်းစားတွဲဖက်ပါမောက္ခတစ်ဦးဖြစ်သည်။ သူသည် ယခင်က နာခွန်ဖနွမ်တက္ကသိုလ်ဥက္ကဋ္ဌ၊ ယခုအခါ ဒေသဆိုင်ရာ အင်စတီကျုတစ်ခုဖြစ်သော မဲခေါင်အင်စတီကျု တည်ထောင်သူ လက်ထောက်ဒါရိုက်တာနှင့် ခွန်ကင်းတက္ကသိုလ် အငြင်းပွားမှုဖြေရှင်းရေး အင်စတီကျု၏ တည်ထောင်သူလက်ထောက်ဒါရိုက်တာတစ်ဦး အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူသည် အရှေ့တောင်အာရှ ပဋိပက္ခလေ့လာရေးကွန်ရက် (outheast Asian Conflict Studies Network (SEACSN)) ၏ ပြည်တွင်းညှိနှိုင်းရေးမှူးနှင့် လက်ထောက် ဒေသတွင်း ညှိနှိုင်းရေးမှူးလည်း ဖြစ်သည်။ ခွန်ကင်းတက္ကသိုလ်မှ ဝန်ထမ်းများကို ကနေဒါနိုင်ငံ ဗစ်တိုးရီးယားတက္ကသိုလ်တွင် သင်တန်းတိုတစ်ခု စီစဉ်ပေးရာတွင် ဦးဆောင်ခဲ့ခြင်းမှ မမျှော်လင့်ဘဲ သူ၏ ပဋိပက္ခဖြေရှင်းရေးတွင် ပါဝင်မှု စတင်ခဲ့သည်။ သူ၏ အဓိကစိတ်ပါဝင်စားမှုမှာ ပြည်သူ့ရေးရာမူဝါဒနှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ ပဋိပက္ခ ဖြစ်သည်။

**တာမာရာနီအာ (Tamara Nair)** PhD သည် နန်ယန်းနည်းပညာတက္ကသိုလ်၊ အက်စ် ရာဂျာရက်နမ် နိုင်ငံတကာ လေ့လာရေးကျောင်း (S. Rajaratnam School of International Studies (RSIS)) တွင် သုတေသီအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်သည်။ ဒေါက်တာနီအာ၏ လက်ရှိသုတေသနက အာဏာနှင့် ဇီဝနိုင်ငံရေး ကိစ္စရပ်များ၊ ဒေသတွင်း အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး (Women, Peace and Security (WPS)) အစီအစဉ် ကိစ္စရပ်များကို အာရုံစိုက်ထားသည်။ သူမက ဖွံ့ဖြိုးရေးလေ့လာရေး ဂျာနယ်များတွင် ဘေးဖယ်ခံထားရသော အသိုင်းအဝိုင်းများနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေး၊ ဂျန်ဒါ၊ အာဏာနှင့် ဇာတ်ကောင်ဖန်တီးခြင်း ကိစ္စရပ်များကို ရေးသားထုတ်ဝေခဲ့သည်။ သူမသည် အာဆီယံ အမျိုးသမီး ငြိမ်းချမ်းရေး မှတ်တမ်းအဖွဲ့ (ASEAN Women Peace Registry (AWPR)) တွင် စင်ကာပူနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် တစ်ဦးလည်း ဖြစ်သည်။

**တွမ်ဝုဒ်ဟောက်စ် (Tom Woodhouse)** PhD သည် ဗြိတိန်နိုင်ငံ၊ ဘရက်ဒ်ဖို့ဒ်တက္ကသိုလ်၌ ငြိမ်းချမ်းရေး လေ့လာရေးနှင့် ပဋိပက္ခဖြေရှင်းရေး အငြိမ်းစားပေါ်မောက္ခတစ်ဦးဖြစ်သည်။ သူသည် ၁၉၉၀ ပြည့်နှစ်တွင် ဘရက်ဒ်ဖို့ဒ်တက္ကသိုလ် ပဋိပက္ခဖြေရှင်းရေးစင်တာတည်ထောင်သူ ပါမောက္ခတစ်ဦးဖြစ်ပြီး ၂၀၁၂ ခုနှစ်အထိ ယင်းစင်တာတွင် ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ အာဒမ်ကားလ် ဥက္ကဋ္ဌရာထူးကို ရယူထားခဲ့သည်။ သူသည် အိုလီဗာ ရမ်စ်ဘော့သမ်၊ ဟျူးမီးရယ်လ်တို့နှင့်အတူ (ယခုအခါ စတုတ္ထအကြိမ် ပြန်လည်ထုတ်ဝေထားသည့်) *ခေတ်ပေါ် ပဋိပက္ခဖြေရှင်းရေး* စာအုပ်ကို ပူးတွဲရေးသားခဲ့သည်။ သူက အိုလီဗာရမ်စ်ဘော့သမ်နှင့်အတူ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေရှင်းရေး လေ့လာရေး ရုလက်ဒ်ချ် စာအုပ်တွဲတွင် အထွေထွေအယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။

**ယိုကိုဖူဂျီမူရာ (Yoko Fujimura)** သည် စစ်ပွဲအလွန်အခြေအနေတွင် ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် လူမှုစီးပွားရေး ပြန်လည်ကောင်းမွန်ရေး ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။ သူမက ကန်ဆိုင်းတက္ကသိုလ်နှင့်

အဘာဒင်းတက္ကသိုလ်တို့မှ နိုင်ငံတကာဥပဒေများဆိုင်ရာ ဘွဲ့ကြိုနှင့် ဘွဲ့လွန်များ ရရှိထားသည်။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအပေါ် စိတ်အားထက်သန်မှုကြောင့် သူမက လူ့အခွင့်အရေး၊ DDR၊ အကြမ်းဖက်အစွန်းရောက်မှုနှင့် အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းမှ နေရပ်ရွှေ့ပြောင်းရသူများအတွက် ရေရှည်အဖြေရှာရေးတို့တွင် ပါဝင်ဆောင်ရွက်ခဲ့သည်။ သူမသည် လက်ရှိတွင် မလေးရှားနိုင်ငံ စိန်းတက္ကသိုလ်၊ လူမှုရေးသိပ္ပံကျောင်း၊ ငြိမ်းချမ်းရေးသုတေသနနှင့် ပညာရေးဌာန၌ ပါရဂူဘွဲ့ တက်ရောက်လျက်ရှိပြီး ပဋိပက္ခလွန် အခြေအနေတွင် ငြိမ်းချမ်းရေးတည်ဆောက်ရေး၌ ပုဂ္ဂလိကကဏ္ဍ၏ အခန်းကဏ္ဍကို လေ့လာလျက် ရှိသည်။ လက်ရှိတွင် သူမသည် ရွှေ့ပြောင်းအခြေချခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ (International Organization for Migration (IOM)) တွင် ရေရှည်အဖြေရှာရေးအတွက် အကြီးတန်းညှိနှိုင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။

**ယူကီကိုနီရှီကာဝါ (Yukiko Nishikawa)** Ph.D သည် ကျိုတို၊ ဒိုရှီရှာတက္ကသိုလ်၊ ကမ္ဘာ့လေ့လာရေး ဘွဲ့လွန်ကျောင်းတွင် ပါမောက္ခတစ်ဦးဖြစ်သည်။ နီရှီကာဝါက ဗြိတိန်နိုင်ငံ ဘရက်ဒ်ဖို့ဒ်တက္ကသိုလ်မှ ငြိမ်းချမ်းရေး လေ့လာရေး ပါရဂူဘွဲ့ကို ရရှိခဲ့သည်။ သူမ၏ အဓိကရေးသားထုတ်ဝေမှုများတွင် "ရိုဟင်ဂျာများကို ကာကွယ်ပေးခြင်း၏ လက်တွေ့အခြေအနေ၊ ကာကွယ်ပေးရန်တာဝန်၏ အကန့်အသတ်များ" (*Asian Security*, 2020)၊ ဂျပန်နိုင်ငံ ပစိဖိတ်ဝါဒ၏ နိုင်ငံရေးလူမှုဗေဒ (Routledge, 2018)၊ အရှေ့တောင်အာရှ လူသားလုံခြုံရေး (Routledge, 2010)၊ "အရှေ့တောင်အာရှ လူသားလုံခြုံရေး၊ ဖြစ်နိုင်သောအဖြေလား၊ အပေါ်ယံ ကြွေးကြော်မှုလား" (*Security Dialogue*, 2009)၊ လူသားချင်းစာနာမှုအကျပ်အတည်းတွင် ဂျပန်နိုင်ငံ၏ ပြောင်းလဲလာသော အခန်းကဏ္ဍ (Routledge, 2005) တို့ ပါဝင်သည်။ သူမ၏ သုတေသန စိတ်ပါဝင်စားမှုများမှာ အရှေ့တောင်အာရှ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ၊ အင်ဒိုပစိဖိတ်ဒေသ လုံခြုံရေးနှင့် နိုင်ငံတကာဆက်ဆံရေးတို့ ဖြစ်ကြသည်။

Strengthening Human Rights and Peace Research
and Education in ASEAN/Southeast Asia (SHAPE-SEA)

Institute of Human Rights and Peace Studies (IHRP)
Panyaphiphat Building, Mahidol University
999 Phuttamonthon Sai 4 Road, Salaya Nakhon Pathom
73170, Thailand

SHAPE-SEA program is supported by:
Sweden Sverige

This translation was supported by the SHAPE-SEA project, with funding from SIDA.